အာသီဝိသောပမသုတ်

တရားတော်

သဒ္ဓာယတနဝဂ္ဂသံယုတ် စာမျက်နှာ–၃၈၁ လာ

အာသီဝိသောပမသုတ် တရားတော်

မာတိကာ

၁။ ဥပမာပိုင်း

(၁၃၂၈–ကဆုန်လကွယ်နေ့ ဟောကြားတော်မူသည်။)

ဒုက္ခလက္ခဏာထင်တဲ့ ဝိပဿနာညူပုဂ္ဂိုလ်အတွက် ဟောခြင်း

တရားအားထုတ်ရန် ရဟန်းပြုခြင်း

အခုကာလ ရဟန်းပြုရန်လွယ်ကူခြင်း

ရှေးတုန်းက ရဟန်းပြုရန် မလွယ်ကူ

ပုဂ္ဂိုလ်အားလုံးအတွက်

ဥပမာကစ၍ ဟောခြင်း

မြွေကြီး ၄–ကောင်

အသက်ရှင်ပြီး ချမ်းသာချင်သူ

မြွေထိန်းအဖြစ် အပ်နှင်း

ရှေးမင်းမျိုး မြွေမွေးထားခြင်း အကြောင်း

ဥပမာဆိုတာ နားလည်အောင် ပြောခြင်း

မြွေထိန်းယောက်ျားကို မိတ်ဆွေပြောကြား

မြွေထိန်းယောက်ျား ပြေးခြင်း

မြွေကြီးတွေ အနံ့ခံလိုက်ခြင်း

ရန်သူ ငါးယောက် နောက်ကလိုက်ခြင်း

ငယ်ပေါင်းမိတ်ဆွေဖြစ်သည့် ရန်သူလိုက်ခြင်း

မြွေထိန်းယောက်ျား ရွာပျက်ကုန်းရောက်ခြင်း

ဒမြ ၆–ယောက် ဝင်လာခြင်း

ဘေးရန်ပေါယယ် မြစ်ပင်လယ်ရောက်

ဖောင်ဖွဲ့ကူး တဖက်ကမ်းရောက်

မြေကြီး ၄–ကောင် စာတ်ကြီး ၄–ပါး

ဆောင်ပုခက်လက်ာ

စာတ်ကြီး ၄–ဖြာ သာယာလျှင် ဆင်းရဲမှာ

စာတ်ကြီး ၄–ဖြာ မသာယာနဲ့

စာတ်ကြီး ၄–ဖြာကလွတ်အောင် တရားအားထုတ်

၂။ ဥပမေယျပိုင်း

(၁၃၂၈–ခု၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသည်)

စာတ်ကြီး၄–ပါး

မြေကြီး ၄–ကောင် စာတ်ကြီး ၄–စင်း

နေရာတကာ စာတ်ကြီး ၄–ပါးရှိခြင်း

ရှေ့ (၈)ပါးတွဲဖြစ်

ပထဝီစာတ်(၂၀)

လက္ခဏာ ၂–မျိုး

လက္ခဏာ စသည်

ပထဝီစာတ် ရှုမှတ်သိ

အာပေါစာတ် ရှုမှတ်သိ

တေဇောစာတ် ရှုမှတ်သိ

တေဇောစာတ် ၄–မျိုး

တရားအားထုတ်ကြောင်း ငါးပါး

ဝါယောစာတ် ရှုမှတ်သိ

ဘိက္ခုမည်ပုံ

ကိုယ်ပိုင်အိမ်ကြီး

ခြေတလှမ်းမှာ စာတ်ကြီး ၄–ပါး ထင်ရှား

တည်ရာအားဖြင့် စာတ်ကြီး ၄–ပါး မြေကြီး ၄–ကောင်နှင့်တူပုံ

ဖောက်ပြန်ခြင်းအားဖြင့် မြေနှင့်တူပုံ

ကဋ္ဌမှုခမြေနှင့် ပထဝီဓာတ်

ပုတိမှုခမြေနှင့် အာပေါဓာတ်

အဂ္ဂိမှုခမြေနှင့် တေဇောဓာတ်

သတ္ထမှုခမြေနှင့် ဝါယောဓာတ်

မြေအမျိုးမျိုး

ဓာတ်ကြီး ၄–ပါးဖြစ်ကြောင်း ၄–ပါး

ဓာတ်ကြီး ၄–ပါး ဖောက်ပြန်လို့သေခြင်း

၃။ ဓာတ်ကြီး ၄–ပါး ရှုမှတ်သိ

(၁၃၂၈–ခု၊ နယုန်လကွယ်နေ့ ဟောကြားတော်မူသည်)

မြေကြီး ၄–ကောင်နှင့် ဓာတ်ကြီး ၄–စင်းစသည်

ဝါယောဓာတ် ၆–ပါး

ပထဝီဓာတ်

ပထဝီဓာတ် ရှုမှတ်သိ

ဘင်္ဂဉာဏ်ရောက်မှ အထည်ဒြပ်ပျောက်

ဉာဏ်ထက်လျှင် သစ်ါရ မြန်မြန်သိခြင်း

တချို့က ကိုယ်တိုင်မသိပဲ ဟောကြရေးကြ

ပထဝီဓာတ်ထင်ပုံ

အာပေါဓာတ်ထင်ပုံ

တေဇောဓာတ်ထင်ပုံ

ဝါယောဓာတ်ထင်ပုံ

မြေဖမ်းခြင်း၌ အကျိုးမဲ့ငါးပါး

ဘဝ, ဓာတ် ၄–ပါး သာယာမှု၌ အကျိုးမဲ့ငါးပါး

ပဋိသန္ဓေကလာတဲ့ အနာ

ဓာတ်ကြီး ၄–ပါးကို ပြုစုနိုင်ခဲခြင်း

ဓာတ်ကြီး ၄–ပါးကို ချဉ်းကပ်နိုင်ခဲခြင်း

ကျေးဇူးမသိတတ်တဲ့ ဝေဠုကမ္မြေ

အထူးမပြု မခွဲခြားတဲ့ ဓာတ်ကြီး ၄–ပါး

အပြစ်ဘေးရန် မျှားစေတဲ့ ဓာတ်ကြီး ၄–ပါး

ဓာတ်ကြီး ၄–ပါးက လွတ်အောင် တရားအားထုတ်

ဖြစ်ပျက်ခိုက်လိုက်ရှု နိဗ္ဗာန်ရောက်နိုင်

၄။ ဥပါဒါနက္ခန္ဓာ ၅–ပါး

(၁၃၂၈–ခု၊ ပထမဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်)

ရန်သူငါးယောက် ဥပါဒါနက္ခန္ဓာ ငါးပါး

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

ရူပ်ဥပါဒါနက္ခန္ဓာ

ဥပါဒါန်

ဥပါဒါန် ၄–ပါး

ကာမုပါဒါန်

တဏှာနှင့် ဥပါဒါန်မတူ

အတ္တဝါဒုပါဒါန်

အတ္တအစွဲပျောက်ခဲ

သီလဗွတုပါဒါန်

ဒိဋ္ဌိဥပါဒါန်

ဥပါဒါန် ၂–မျိုး

ဥပါဒါနက္ခန္ဓာ

သူသတ်ပမာ ငါးခန္ဓာ

ကိုယ့်ဘဝကိုယ်သာယာ

ခန္ဓာငါးဖြာသာယာနေကြခြင်း

ခန္ဓာရှိလို့သေရခြင်း

ရှုပ်ရှိလို့ သေရခြင်း

ရှုပ်နာမ်ရှိလို့ သေရတာ

ကြောက်ယင် တရားအားထုတ်ကြ

ရှုပ်တရားထင်ရှားရာ ၆–ခု

မြင်စိတ်စသည်ဖြစ်

မြင်ရာမှာခန္ဓာငါးပါး

ဝိပဿနာ မရှယင် ဥပါဒါန်ဖြစ်

မြင်တိုင်း ဝိပဿနာရှု

ဒွါရ ၆–ပါးမှာရှိတဲ့ ရှုပ်နာမ်ခန္ဓာရှု

မြင်ဆဲရှုပ်နာမ်ရှု

ဥပါဒါနက္ခန္ဓာရှုပါ

ပေါ်လာတဲ့အခါ လောကီခန္ဓာရှု

တွေ့ဆဲ ရှုပ်နာမ်ရှု

၅။ ခန္ဓာငါးပါး၌ ဝိပဿနာရှုပုံ

(၁၃၂၈–ခု၊ ပထမဝါဆိုလကွယ်နေ့ ဟောကြားတော်မူသည်)

ဥပါဒါန်

ဥပါဒါနက္ခန္ဓာ

ဝိပဿနာမရှုရတဲ့ တရား

အရိယာမှာ သက္ကာယဒိဋ္ဌိကင်းပုံ

ဖြစ်ပျက်သိယင် မစွဲလမ်း

စွဲလမ်းမှုမဖြစ်အောင် ဝိပဿနာရှု

ခန္ဓာငါးပါးမှ လွတ်အောင်တရားအားထုတ်

ဘင်္ဂဉာဏ်ရောက်မှလွတ်တာ

အတွေ့ ၃–မျိုး

ကွေးဆဲ၌ ဝိပဿနာရှုပုံ

နာမရူပ ပရိစ္ဆေဒညာဏ်ဖြစ်ပုံ

ပစ္စယပရိဂ္ဂဟညာဏ်ဖြစ်ပုံ

အာရုံမရှိယင် အသိစိတ်မဖြစ်နိုင်

သမ္မသနညာဏ်

ဥဒယဗ္ဗယညာဏ်

ဘင်္ဂညာဏ်

သေမင်းလွတ်အောင် တရားအားထုတ်

စန္ဒာဝါးပါးသေမင်း

လောကဆိုတာ

ဝဇီရာသုတ်

မာရ်နတ်နှင့် ဝဇီရာရဟန်းမ

ရထားပမာသတ္တဝါ

ဒုက္ခဖြစ်တည်ပျက်

၆။ အတွင်းရန်သူ နန္ဒီရာဂ

(၁၃၂၈–ခု၊ ဒုတိယဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်)

စန္ဒာရှိလို့သေရတာ

ငယ်ပေါင်းမိတ်ဆွေဖြစ်တဲ့ ရန်သူလို့ခေါ်

နန္ဒီရာဂ

မြင်ရာမှ စိတ်အစဉ်ဖြစ်ပုံ

ဘဝင်စိတ်ဖြစ်

ပဋ္ဌာန်ရာဝဇ္ဇန်းစသည်ဖြစ်

မသွားတတ်သေးဘူး

သဘောကျမနေနဲ့ မှတ်လို့ကင်းဦး

ဂေါတြဘူထိအောင် သာယာတဲ့ နန္ဒီရာဂ

ရှာပျက်ပမာ ခြောက်ခွါရာ

ဒမြပမာ ခြောက်ဖြာအာရုံ

ဒီဘက်ကမ်းပမာ သက္ကယာ

နန္ဒီရာဂ

သောဏကူဋိကဏ္ဏမထေရ်အကြောင်း

ပြိတ္တာမြို့ရောက်

နေ့ခံ ညစံ

နေ့ခံ ညစံ ပြိတ္တာရဲ့ဇာတ်ကြောင်း

ကင်းခြေကြီးမှား စားခံရတဲ့ ပြိတ္တာ

နတ်သမီးနှင့် ပြိတ္တာ ၄–ယောက်

နတ်သမီးနှင့် ပြိတ္တာ ၄–ဦးတို့၏ ဇာတ်ကြောင်း

သံယာ့ဂုဏ်အာရုံပြု

ဘုရားအစစ်ကို ရှိခိုးတာ

ခင်ပွန်းပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

သားပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ချွေးမပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ကျွန်မပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ပုဏ္ဏားမနတ်သမီး၏ အတိတ်ဇာတ်ကြောင်း

ကျွန်ပုဏ္ဏ၏နန္ဒီရာဂ

ဆုတောင်းမှားလို့ ပြိတ္တာမ ဖြစ်ရ

သောဏရဟန္တာဖြစ်

ကာမဂုဏ်မရယင် ပျက်စီးသွားနိုင်

ကာမဂုဏ်ဆိုတာ ဘေးရန်အန္တရာယ်

သောဏရဟန်း ဆုငါးပါးတောင်းသဖြင့် ဘုရားရှင် ခွင့်ပြုတော်မူခြင်း

၇။ ရှာပျက်ပမာ ခြောက်ဖြာဒွါရရှုမြင်ကြ

(၁၃၂၈–ခု၊ ဒုတိယ ဝါဆို လပြည့်ကျော် ၈–ရက်နေ့ ဟောကြားတော်မူသည်။)

ရှာပျက်ကုန်းပမာ ၆–ဖြာ၌ရ

စာတ်ကြီး ၄–ပါးကြောက်လို့ တရားအားထုတ်ခြင်း

စန္ဒာငါးပါး သူသတ်သမား

သူသတ်သမား စန္ဒာကလွတ်အောင် တရားအားထုတ်

နန္ဒီရာဂမှ လွတ်အောင် တရားအားထုတ်

ရှာပျက်ပမာ ၆–ဖြာ၌ရ

မြင်မှုဖြစ်ကြောင်း

မျက်လုံး အသုံးမကျ အနှစ်မရှိ

မျက်စိကို ရှုမှတ်သိ

ရုပ်ကနှိပ်စက်ပုံ

ရုပ်၌အစိုးမရခြင်း

မြင်မှုက သိနိုင်ခဲ

ဘဝ်ဉာဏ်ရောက်ခဲ

တရားထူးရပြီလို့ ထင်နေကြ

ဝေဒနာပျောက်ယင် သောတာပန်လို့ ဟောကြ

အသုဘထင်လျှင် သကဒါဂါမ်လို့ ဟောကြ

သမာဓိအာရုံနိုမိတ်

ဘဝ်ဉာဏ်ရောက်ယင် ပုံသဏ္ဌာန် တည်နေမှုမရှိ

နား ရုပ်၌ရှုမှတ်သိ

နှာခေါင်း ရုပ်၌ရှုမှတ်သိ

လျှာ၌ ရှုမှတ်သိ

ကိုယ်ရုပ်၌ ရှုမှတ်သိ

ရမ်းသန်းပြီးဟောကြ

ဒုက္ခဝေဒနာလဲ ရှုရမယ်

ဘုရားကို ပူတ်ခတ်ရာရောက်ခြင်း

စိတ်ကို ရှုမှတ်သိ

ဒွါရ ၆–ဖြာ အသုံးမကျအချည်းနှီးသာ

မြင်ဆဲစသည်၌ ဝိပဿနာရှု

သမ္မသနဉာဏ်စသည်ဖြစ်

အာဒီနဝဉာဏ်ဖြစ်ပုံ

တချို့ ဥပမာက ဥပမေယျထက်ခက်

အာရုံချုပ်ဆုံးရုံဟာ နိဗ္ဗာန်မဟုတ်

သောတာပန်စသည်ဖြစ်တယ်လို့ မပြော

ကိလေသာကင်းမှ အရိယာ

ဉာဏ်စဉ်ဖြစ်ရန် အရေးကြီး

ဉာဏ်ထဲဖြစ်ပျက်မြင်အောင်ရှု

အနိစ္စဝိပဿနာစသည်

ဒွါရ ၆–ပါး နိဗ္ဗာန်ရောက်ကြောင်းတရား

၈။ ဤဘက်ကမ်းစ သက္ကာယ

ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း

ဘေးရန်မသန်း ဟိုဘက်ကမ်း

ဘေးရန်မသန်း နိဗ္ဗာန်ဟိုဘက်ကမ်း

သက္ကာယ ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာကို ဝိပဿနာရှု

ဒိဋ္ဌိရှနှင့် ဝိပဿနာရှု

အမှန်အတိုင်းရှု

ဖြစ်တိုင်း မှတ်ရှု

ရှုပ်နာမ်ရှယင်းနဲ့ နိဗ္ဗာန်ရောက်

သက္ကာယနှင့် သက္ကာယဒိဋ္ဌိ

အတ္တစွဲအမျိုးမျိုး

သက္ကာယဒိဋ္ဌကင်းရန် အရေးကြီး

နိဗ္ဗာန်ကို ရှေ့လို့မရ

ကိုယ့်ဘာသာဉာဏ်စဉ်တက်ကြ

မဂ်ဖိုလ်မှနိဗ္ဗာန်ကို နှလုံးသွင်းနိုင်

အဝတ်လျှော်ခြင်း ပမာ ဝိပဿနာရှုပါ

ပါရမီဆုတောင်းနဲ့လာခြင်း

သက္ကာယခေါ် ရှုပ်နာမ်ကို ဝိပဿာရှုကြ

၉။ ရှစ်တန်မဂ္ဂင် ဖောင်ဖွဲ့ဆင်

တေးရန်ထူပြွမ်း ဒီဘက်ကမ်း

ယုံကြည်မှုသဒ္ဓါ အရေးကြီး

ဖြစ်တိုင်း လိုက်ရှု မြင်သိမယ်

သညာပြောင်းလိုက်ရုံပဲ

ဖြစ်တိုင်းရှုရုံသာရှုပါ

သမ္မာဒိဋ္ဌိဖြစ်ပုံ

မဂ္ဂ, နိဗ္ဗာနသစ္စာရေအောင် အားထုတ်ကြ

ဒုက္ခနှင့် သမุဒယကိုရှု

ဖြစ်ပျက် အမြဲနှိပ်စက်

ဖြစ်တိုင်းလိုက်ရှုနေ

သတ္တဝါအကျိုးအတွက် ဘုရားပွင့်လာ

သဒ္ဓါသီလဝိရိယရှိဖို့လို

စကိုကသမာဓိ

ပုထုဇဉ်နိဗ္ဗာန်ကို အာရုံပြုတဲ့အချိန်

ဒုက္ခသစ္စာရှု

အနိစ္စာနုပဿနာဉာဏ်

သမ္မာဒိဋ္ဌိဖြစ်ယင် ကျန်မဂ္ဂင် ခုနစ်ပါးလဲဖြစ်

ပြတင်းပေါက်က လူပမာ ဝိတက္ကာ

ရှတိုင်း မဂ္ဂင်ရှစ်ပါး ဖောင်ဖွဲ့

အမှန်အတိုင်းမြင်

တခါရှမှတ်ယင် လက္ခဏာ ၃–ပါး တခုချင်းသိ

ဘင်္ဂဉာဏ်ရောက်ယင် ပုံသဏ္ဌာန်မရှိ

နိရောဓသစ္စာသိခြင်း

သိမှုကိစ္စပြီး

သမ္မာသင်္ကပ္ပ

သင်္ကပ္ပ ၃–မျိုး

နေက္ခမ္မသင်္ကပ္ပ

အဗျာပါဒသင်္ကပ္ပ

အဝိဟံ သသင်္ကပ္ပ

သမ္မာဝါစာ

ဖရှသဝါစာရှောင်ဖို့ အရေးကြီး

သမ္မာကမ္မန္တ

သမ္မာအာဇီဝ

၁၀။ သုံးတန်သမာဓိမဂ္ဂင်၊ ဖောင်ဖွဲ့ဆင်

မဂ္ဂင်ဖောင်

နည်းကောင်း လမ်းကောင်း

အပါယ်ဒုက္ခ

နိဗ္ဗာန်ရဖို့ ဝိပဿနာအားထုတ်တာ

သမ္မာဝါယာမ

အကုသိုလ်မဖြစ်အောင် အားထုတ်

ဖြစ်ပြီး အကုသိုလ် ပယ်နိုင်အောင်အားထုတ်

မမြင်ရယင် ကိလေသာငြိမ်းတယ်

မြင်ယင်ကိုလေသာဖြစ်

ကုသိုလ်ဖြစ်အောင် အားထုတ်

ဖြစ်ပြီးကုသိုလ် တိုးပွါးအောင်လုပ်

သီလပြည့်စုံရုံမျှ စိတ်ချပြီးမနေနဲ့

ဗဟုသုတပြည့်စုံရုံမျှ စိတ်ချမနေနဲ့

ဈာန်ရရုံမျှ စိတ်ချပြီး မနေနဲ့

ဆိတ်ငြိမ်ရာနေနိုင်ရုံမျှ စိတ်ချပြီး မနေနဲ့

အနာဂါမ်ဖြစ်ရုံမျှ စိတ်ချပြီး မနေနဲ့

သမ္မာသတိမဂ္ဂင်

ရုပ်သဘောတရား မိအောင်ရှု

ရုပ်ကြမ်း ရုပ်နုဝါဒ

သတိပဋ္ဌာန်နည်းနဲ့ကြည့်

ဝိရိယလက်နက်ဆောင်

သတိနှင့်ဉာဏ်

ကာယာနုပဿနာ

ရုပ်၌ ရှုရကျိုး

ဝေဒနာနုပဿနာ

ဒုက္ခ ၃–မျိုး

စိတ္တာနုပဿနာ

ဓမ္မာနုပဿနာ

သမ္မာသမာဓိ

အာနာပါန အားထုတ်

ဈာန်မပါပဲ ဝိပဿနာရှုလို့ မဖြစ်

ဥပစာရသမာဓိဖြင့် ဝိပဿနာရှုယင်ဖြစ်ပုံ

၁၁။ မဂ္ဂင်ဖောင်ကြီးစီးလို့ကူး

သီလမဂ္ဂင်

သမာဓိမဂ္ဂင်

ပန်းခူးသူပမာ

ပညာမဂ္ဂင်

အသိညာဏ်နှင့် ပညာအစစ်

သမ္မာဒိဋ္ဌိ ၅–ပါး

စျာနသမ္မာဒိဋ္ဌိ

ဝိပဿနာသမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ

ရှမ့တ်တို့၏ သီလ, သမာဓိ, ပညာဖြစ်

မဂ္ဂင်ဖောင်နှင့် ကူးရာ ဝိရိယအရေးကြီး

အသက်မွေးမှုလေးခု

လုံ့လအကျိုး ခံစားရသူ

ကံအကျိုးခံစားရသူ

လုံ့လနှင့် ကံအကျိုးခံစားရသူ

လုံ့လနှင့် အကျိုး မခံစားရသူ

လုံ့လအရေးကြီး

တရားအားထုတ်ကြ

နိဗ္ဗာန်မြင်

သောတာပန်၏ ဂုဏ်များ

သောတာပတ္တိမဂ်ပယ်တဲ့ သံယောဇဉ် ၃–ပါး

သက္ကာယဒိဋ္ဌိ

ဝိစိကိစ္ဆာ

ဘုရားဌာ်ယုံမှား

တရားဌာ်ယုံမှား

သံယာ၌ ယုံမှား

အကျင့်သိက္ခာ၌ ယုံမှား

သီလဗဒ္ဓတပရာမာသ

ဆရာများတဲ့ ပုထုဇဉ်

နည်းမှန်ကျင့်မှန်

သံယောဇဉ် ၃–ပါး ကင်းရကျိုး

တံခါးတိုင်ပုံဟန် သောတာပန်

သံယောဇဉ် ၇–ပါးကျန်သေး

သကဒါဂါမိမဂ်ရောက်

ဝါဒအမျိုးမျိုး

အနာဂါမိမဂ်ရောက်

သြရမ္ဘာဂိယသံယောဇဉ်

ရဟန္တာဖြစ်၊ ဟိုဘက်ကမ်းရောက်

ဥဒ္ဓံဘာဂိယသံယောဇဉ်

ထန်းငုတ်ပမာ ရဟန္တာကိုယ်ခန္ဓာ

ရဟန္တာမှာ ဝါသနာရှိသေး

မဟာယာနဝါဒ

ရဟန္တာ၏ဂုဏ်များ

ရှေးဦးစကားလက်ဆောင်

ကျွန်ုပ်တို့ ကျောင်းသားဘဝ လွန်ခဲ့သောအနှစ် (၅၀) ကျော်က သတင်းစာဆောင်းပါးတခုတွင် "သိပ္ပံပညာရှင်များ၏ ယူဆချက်အရ ရှေးနှစ်ပေါင်းများစွာက အသံလှိုင်းများသည် စကြဝဋ္ဌာအတွင်း ပျံ့နှံ့လျက် ရှိနိုင်သည်ဖြစ်ရာ ၎င်းအသံလှိုင်းများကို ပြန်လည်ဖမ်းယူ နားထောင်နိုင်ရန် အကြောင်းရှိသည် ဟူသော မှန်းမျှော်ယူဆချက် တွေ့ရှိဖတ်ရှုခဲ့ရသည်ကို မှတ်မိပေသည်၊ ထိုစဉ်က မိမိတို့စိတ်တွင် ဖြစ်ပေါ်ခဲ့သည်မှာ ဤယူဆချက်အရ ဖြစ်မြောက်အောင်မြင်လျှင် အနန္တကျေးဇူးတော်ရှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောကြားမြွက်ဟတော်မူခဲ့သော တရားဓမ္မတော်များ၊ လက်ဝဲရံ–လက်ယာရံ သာဝကကြီးများ၏ တရားအသံတော်များ ပြန်လည်ကြားနာရလျှင် ကောင်းလေစွဟု အောက်မေ့မိခဲ့ပါသည်။

ယခုအချိန်အထိ အဆိုပါမျှော်မှန်းချက် အောင်မြင်သည်ကို မတွေ့ရသေးသော်လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖြစ်ထွန်းပေါ်ပေါက်လျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် နှစ်ပေါင်းများစွာ ဟောကြားတော်မူခဲ့သော တရားတော်များကို နာကြားရသည့်အခါ နှစ်ထောင်းအားရ နှစ်သိမ့်ခြင်း ပီတိများ တဖွားဖွား ဖြစ်ပေါ်ရပေသည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ရောက်ရှိပြီး တရားတော်များဟောကြားချီးမြှင့်တော်မူခဲ့သော်လည်း ၁၃၂၄–ခု၊ တော်သလင်းလမှစ၍ ကရုဏာကြီးမားစွာဖြင့် နောင်လာနောက်သားများ ကြားနာကြည်ညိုနိုင်ရန်ဟူသော မြွက်ဟချက်ဖြင့် ဓမ္မစက္ကပဝတ္တနသုတ်တရားတော်ကြီးမှစ၍ အစဉ်အတိုင်း များစွာသော သုတ်တရားတော်များကို ဟောကြားတော်မူခဲ့ပေသည်၊ ဤစာရေးသူနှင့် ထိုစဉ်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသိန်းအောင်၊ ကျောင်းဒါယကာဦးကြင်ပို့ တို့ပါဝင်သော ဥပါသကာများ၊ အန္တေဝါသိက တပည့်ကြီးများက ရီကော်ဒါများဖြင့် အသံဖမ်းယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကြည်လင် ပြတ်သားသော အသံတော်များဖြင့် အပိုအလိုမရှိ တိတိကျကျ ဟောကြားတော်မူလျက် ဝိပဿနာအလုပ်ဖြင့် အမြဲတမ်း တန်ဆာဆင် ဟောကြားတော်မူသည့် တရားတော်များ၏ အဖိုးအနဂ္ဃထိုက်တန်ပုံကို ထိုစဉ်က သဘောပေါက်တော်မူခဲ့သော မဟာစည် နာယကအဖွဲ့ကြီး၏အဖွဲ့ဝင်နှင့် ယခု ဖျာပုံမြို့ သာသနာ့ရိပ်သာ နာယကဆရာတော် ဦးဝဏ္ဏိတ အရှင်သူမြတ်သည် ၎င်း၏တပည့်များ အကူအညီဖြင့် တိတ်ကြိုးခွေများမှ အသံထုတ်လျက် စာမူများပြုစုထားခဲ့ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဤစာရေးသူနှင့် ဦးသိန်းအောင်တို့သည် မိမိတို့ထံရှိ စာမူများကို ဆရာတော်ဘုရားကြီးထံတင်ပြ၍ ကျမ်းစာအုပ်များအဖြစ် ရောက်ရှိနိုင်ရန် လျှောက်ထားခဲ့သည့်အတိုင်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တည်းဖြတ်သုတ်သင်ခြင်းဖြင့် စာမူချောများအဖြစ် ရောက်ရှိခဲ့ပြီး ဓမ္မစကြာတရားတော်ကြီး အစရှိသော ကျမ်းစာအုပ်များ အဆက်မပြတ် ထွက်ပေါ်ခဲ့ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ မနားမနေ ဆောင်ရွက်နေရသည့် ကြားမှပင် ကျမ်းစာအုပ်များ ရေးသားပြုစုတော်မူခဲ့ပေရာ သင်္ခါရတရားတို့၏ သဘောတရားအရ ဇရာတရားသည်လည်း တဖြည်းဖြည်း ဆရာတော်ဘုရားကြီးအား လွှမ်းမိုးခဲ့ပေသည်၊ သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး၏ နှုတ်တော်မှ အခါအားလျော်စွာ ကျမ်းစာရေးခြင်းနှင့်ပတ်သက်၍ မိန့်မြွက်တော်မူသည်မှာ "တော်လောက်ပါပြီ၊ ဘုန်းကြီးဟောကြား ရေးသားခဲ့တာတွေ ပြည့်စုံပါပြီ၊" ဟူသော စကားတော်များပင် ဖြစ်ပါသည်။

မှန်ပါသည် ဤကဲ့သို့သော အခြေအနေတွင် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးအား မိမိထံတွင် ကျန်ရှိနေသော "အာသီဝိသောပမသုတ်" တရားတော်စာမူကြီးနှင့် အခြားစာမူနှစ်ခုကို တင်ပြ လျှောက်ထားလျှင် အထာမသိသော တပည့်တဦး အဖြစ်ရောက်ရှိပေတော့မည်၊ သို့ဖြစ်ရာ နောင်အကြောင်းအားလျော်စွာ အခြေအနေကြည့်၍ အသုံးပြုရပေတော့မည်ဟု ဆုံးဖြတ်ခဲ့ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး နောက်ဆုံးတည်းဖြတ်တော်မူခဲ့သော အဘိဓမ္မာ တရားတော်၏ နိဒါန်းစာမူကို ဝက်လက်ဆရာတော် မစိုးရိမ်ဦးတိဿထံမှရရှိပြီး ဤစာရေးသူပင် ကိုယ်တိုင် ဆရာတော်ဘုရားကြီးအား ဆက်ကပ်ခဲ့ပါသည်၊ ဆရာတော်ဘုရားကြီးသည် အဘိဓမ္မာတရားတော်ကြီး စာအုပ်အဖြစ်သို့ မရောက်မီ ၁၃၄၄–ခု ဒုတိယ ဝါဆိုလဆုတ် (၁၀) ရက်နေ့တွင် သင်္ခါရတရားအားလျော်စွာ ရုပ်နာမ်ခန္ဓာကို စွန့်ခွာတော်မူခဲ့လေပြီ၊ အဘိဓမ္မာတရားတော် စာအုပ်ကြီးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပြုစုရေးသား သွားတော်မူသော တရားတော်ကြီးအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီး ဤစာရေးသူထံတွင် စာမူကြီးသုံးခုမှာ တပွေ့တပိုက် ကျန်ရစ်လျက်ရှိရာ ယခု ဩဝါဒါစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ တင်ပြလျက် ကျမ်းစာအုပ်အဖြစ်သို့ ရိုက်နှိပ်နိုင်ရန် ခွင့်ပန်လျှောက်ထားပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ အမှုဆောင်အစည်းအဝေးတွင် တင်ပြခွင့်ပန်ရရှိခဲ့ပါသည်၊ ဩဝါဒါစရိယ ဆရာတော်ဘုရားကလည်း မိမိ၏တပည့်များအား ကြည့်ရှုစေပြီး ခွင့်ပြုခဲ့သဖြင့် စက်တင်ပုံနှိပ်ရန် စီစဉ်ခဲ့ရပါသည်၊ ထိုကဲ့သို့ စီစဉ်ခဲ့သည့်အတိုင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော နက်နဲသိမ်မွေ့သည့် မြတ်စွာဘုရားတရားတော်များ အနက် ဤအာသီဝိသောပမသုတ် တရားတော်ကြီးမှာ ဆရာတော်ဘုရားကြီး၏ နှုတ်တော်မှ မြွက်ဟတော်မူခဲ့သည့်အတိုင်း

တလုံးတပါဒမကျန် (တည်းဖြတ်သုတ်သင်တော်မူခြင်း မခံရသော) ပထမဦးဆုံး ကျမ်းစာ, စာအုပ်ကြီးဟုဆိုလျှင် မှားအံ့မထင်ပေ။

အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ကျွတ်ထိုက်သသူ သတ္တဝါတို့အား ဟောကြား ချေချွတ်တော်မူရာတွင် မည်မျှဆန်းဆန်းကြယ်ကြယ် ဥပမာဥပမေယျတို့ဖြင့် ဟောကြားတော်မူပုံ၊ ထိုကဲ့သို့ လေးနက်ဆန်းကြယ်သော တရားတော်များကို ယခုခေတ်လူများပင် နားလည်သဘောပေါက်၍ သံဝေဂယူနိုင်စေရန် စေ့စေ့စုံစုံ အကျယ်တဝင့် ကရုဏာကြီးမားစွာဖြင့် တဖန်ပြန်လည်ဟောကြားတော်မူခဲ့သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ဂုဏ်တော်တို့ကိုအာရုံပြုလျက် ဆရာတော်ဘုရားကြီး ဟောကြားတော်မူစဉ်က အသံတော်တို့ကို ကြားယောင်ရှိပြီး သတ္တဝါဝေနေယျအပေါင်း ကျန်းမာချမ်းသာစေကြောင်းနှင့် သူတော်ကောင်းတရားသည် ဤကမ္ဘာကြီးနှင့် စကြာဝဠာတသောင်းတိုက်အား လွှမ်းမိုးရစ်ပတ်ပါစေသောဟု ဆုမွန်တောင်းလျက် နိဂုံးချုပ်အပ်ပါသည်။

အားလုံး သတ္တဝါတွေ ချမ်းသာကြပါစေ

ဦးသိန်းဟန်
ဘီ–အေ–ဘီ–အယ်လ်
မဟာစည်ယောဂီ၊ ရန်ကုန်မြို့။
၁၈–၃–၈၅

သဋ္ဌာယတနဝဂ္ဂသံယုတ် စာမျက်နှာ–၃၈၁ လာ

အာသီဝိသောပမသုတ်

တရားတော်

၁၃၂၈–ခု၊ ကဆုန်လကွယ်နေ့ ဟောကြားတော်မူသည်။

ဥပမာပို့ဆောင်း

ဒီကနေ့တော့ သံယုတ္တနိကာယ်က သဋ္ဌာယတနဝဂ္ဂသံယုတ် အာသီဝိသဝဂ္ဂ၊ အာသီဝိသော ပမသုတ္တန်ကြီးဆိုတာ ဟောရမယ်၊ အာသီဝိသောပမသုတ္တန်ကြီး ဆိုတာကတော့ ဘုန်းကြီးဟောခဲ့တာ အကြိမ်ပေါင်းများလှပါပြီ၊ပထမစပြီး ကမ္မဋ္ဌာန်းတရား ဟောခဲ့ကတည်းက သူ့ကို ဟောလာတာကြာလှပြီ၊ အရပ်ရပ်အနယ်နယ် နှံ့နှံ့ပြားပြား ဟောဖူးပါပြီ၊ ဒီသာသနာ့ရိပ်သာမှာကိုပဲ အယင်က ၂–ကြိမ်လောက်တော့ ဟောဖူးပြီလို့ ထင်တာပဲ၊ ဒါပေမယ့်လို့ ရှေးတုန်းကတော့ အခုလို အသံဖမ်းရတာက မရှိသေးဘူး၊ အခုတော့ တရားအသံ ဖမ်းထားတော့ နောက်လဲပဲ အလိုရှိတဲ့ပုဂ္ဂိုလ်တွေ နာကြားရအောင် ပြည့်ပြည့်စုံစုံပဲ ဟောရမယ်၊ အယင်က ဘုန်းကြီးများ သုတ္တန်တရားတွေ ဟောပေမယ်လို့ နားလည်လွယ်တဲ့နည်းနဲ့ အတိုချုံးပြီးတော့ ဟောတယ်။

ဒီတခါတော့ ပါဠိတော်ထဲမှာ ရှိတဲ့အတိုင်း အကုန်လုံးဟောမှ ဖြစ်မှာ၊ အကျယ်ပဲဟောရမယ်။ သူ့ပါဠိကလဲပဲ သိပ်မကျယ်ပါဘူး ဒီသုတ်ကတော့ ခပ်ကျဉ်းကျဉ်းပါပဲ၊ သုတ်ထဲက တိုက်ရိုက်ကတော့ ကျဉ်းကျဉ်းပဲ၊ အဲဒီဥစ္စာကို နားလည်အောင် ချဲ့ပြီးတော့ ဟောရမယ်၊ သူ့သုတ်ထဲမှာ ပါတဲ့အတိုင်း ဖြည်းဖြည်းချင်းပေါ့၊ ကုန်ချင်တဲ့ အခါတော့ ကုန်သွားမှာပေါ့၊ သူက ဟောလို့လဲ မကုန်နိုင်ဘူး၊ ဒီတော့ ဘုရားဟောတော်မူတဲ့ အစဉ်အတိုင်း ပြည့်ပြည့်စုံစုံ ဒီတခါ ဟောရမယ်။

ဒုက္ခလက္ခဏာထင်တဲ့ ဝိပဋ္ဌိတညူပုဂ္ဂိုလ်အတွက် ဟောခြင်း

ဒီသုတ်က ဒုက္ခလက္ခဏာနဲ့ ဟောတဲ့သုတ်ပဲ၊ အဌကထာ စိစစ်ဝေဖန်ပြီး ပြထားပါတယ်၊ ဒုက္ခလက္ခဏာနဲ့ သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီမှာလဲပဲ ဥဿဒ္ဓိတညူပုဂ္ဂိုလ်၊ ဝိပဋ္ဌိတညူပုဂ္ဂိုလ်တွေများအတွက် ဟောတယ်တဲ့။

အဲဒီအခါတုန်းက တရားနာမယ့် ရဟန်းတော်တွေဟာ တပါးချင်းနေတဲ့ ပုဂ္ဂိုလ်တွေလဲရှိတယ်၊ ၂–ပါး၊ ၃–ပါး၊ ၄–ပါး၊ ၅–ပါး စသည် သဘောတူတာတွေ စုပေါင်းပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်တွေလဲရှိကြတယ်၊ အားလုံးသော ရဟန်းတော်တွေဟာ တရားအားထုတ်နေကြတဲ့ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တွေပဲတဲ့၊ အခုသာသနာ့ရိပ်သာမှာ တရားအားထုတ်နေကြတဲ့ ရဟန်းတော်တွေလိုပေါ့လေ။

တရားအားထုတ်ရန် ရဟန်းပြုခြင်း

မြတ်စွာဘုရားလက်ထက်တုန်းကတော့ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုတယ် ဆိုက တည်းက တရားအားထုတ်ဖို့ရာ ဝင်လာကြတာပဲ၊ မြတ်စွာ ဘုရားဟောတော်မူတဲ့ တရားတွေ ကြားနာရတော့ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေနဲ့ တို့တွေ့ နေရတယ်၊ တဘဝပြီး တဘဝ အသစ်သစ်ဖြစ်၊ ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ၊ စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေနဲ့တွေ့ရ၊ ဒုက္ခတွေရောက်နေတယ်၊ အဲဒီဒုက္ခတွေက ဘယ်လို လုပ်ပြီး လွတ်မြောက်ပါ့မလဲလို့ ဆင်ခြင်စဉ်းစား ကြည့်တဲ့အခါ မြတ်စွာဘုရားဟောတဲ့တရားတွေ ကြားရနာရတော့ ဒီတရား အတိုင်းအားထုတ်မှပဲ လွတ်မြောက်မယ် ဆိုတာတွေ ယုံကြည်ရတယ်၊ ဒါပြင်နည်းနဲ့တော့ လွတ်မြောက်ဖို့ရာမရှိဘူး၊ မြတ်စွာဘုရား ဟောကြားတဲ့ အတိုင်းပဲ၊ သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ကောင်းကောင်းကျင့်မှပဲ ပြည့်ပြည့်စုံစုံကျင့်မှပဲ၊ ဒီ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်မယ်ဆိုတာ ယုံကြည်ပြီးတော့ သဒ္ဓါတရားနဲ့ သာသနာဘောင်ဝင်ပြီးတော့ ရဟန်းပြုကြတယ်၊ တချို့ သဒ္ဓေးသားတွေ မင်းသားတွေ အဲဒီလို ပုဂ္ဂိုလ်တွေပါ။ အင်မတန်ကို ချမ်းချမ်းသာသာနေရတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒါလောက် ချမ်းသာပြီးတော့ နေတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား သာသနာဘောင်ဝင်ပြီးတော့ ရဟန်းပြုကြတယ်။

အခုကာလ ရဟန်းပြုရန်လွယ်ကူခြင်း

ဟိုတုန်းက ရဟန်းပြုရတယ် ဆိုတာလဲပဲ လွယ်တဲ့ဥစ္စာမဟုတ်ဘူး၊ အခုကာလ ရဟန်းပြုတာ အလွယ်ချည်းဟာပဲ၊ အခုကာလ ရဟန်းပြုတာက သင်္ကန်းကလေး ပရိက္ခရာကလေးတွေ သွားဝယ်ပြီးတော့ သင်္ကန်းဝတ်၊ သင်္ကန်းဝတ်ပြီးတော့လဲပဲ နေစရာထိုင်စရာ ကျောင်းကလဲ အသင့်ရှိနေတာ၊ စားစရာကလဲပဲ မိမိတို့ဆိုင်ရာကနေ ပြီးတော့ ဆွမ်းတွေလှူတော့ စားစရာလဲ အဆင်သင့်ရှိနေတာ၊ ဝတ်စရာသင်္ကန်းဆိုလဲပဲ ဘာမှကြောင့်ကြစရာ မရှိဘူး၊ ကိုယ့် ဆွေမျိုး သားချင်းထဲကပဲ မလှူနဲ့အုံးတော့ ဆွမ်းခံသွားလိုက်မယ်ဆိုယင်လဲ ဆွမ်းက လွယ်လွယ်ကူကူရတာပဲ၊ သင်္ကန်းတို့လဲ သူ့အချိန်အခါနဲ့သူ ပြည့်စုံနေတာပါပဲ၊ ဒီတော့ အခုနေအခါကာလ သင်္ကန်း ဝတ်ရတယ်ဆိုတာ အလွယ်ကြီးလို့ ဆိုရမှာပဲ။

ရှေးတုန်းက ရဟန်းပြုရန်မလွယ်ကူ

ဘုရားလက်ထက်တုန်းက ဒီလိုမဟုတ်ဘူး၊ သာသနာစခါစကဆိုယင် လှူဖွယ်တွေဆိုတာ ဘယ်ဒကာ ဒကာမကမှ လာလှူလိမ့်မယ် မဟုတ်ဘူး၊ ဆွမ်းခံသွားရတယ်၊ ဆွမ်းခံသွားပြန်လဲ သာသနာပထမ စခါစက ဆိုလို့ရှိယင် ကြည်ညိုတဲ့ ပုဂ္ဂိုလ်က သိပ်ရှိသေးတာ မဟုတ်သေးဘူး၊ ဆွမ်းလောင်းမယ့်ပုဂ္ဂိုလ်လဲ သိပ်များများ ရှိတာမဟုတ်သေးဘူး၊ ရချင်မှရတယ် သိပ်မသေချာဘူး၊ အဲဒီလို နေရတာ၊ ဝတ်စရာသင်္ကန်းဆိုလို့ရှိယင်လဲ အခုလို သင်္ကန်းဆိုင်တွေနဲ့ အခုလို သင်္ကန်းဝယ်ပြီးတော့ လှူတာ ဘယ်ရှိလိမ့်မှာတုံး မရှိသေးဘူး၊ ပံ့သကူသင်္ကန်းတွေ ရှာပြီးတော့ ဝတ်ရတယ်၊ အဲဒီလို နေရတာပါ၊ ရဟန်းဝတ်လိုက်တဲ့ အချိန်ကစပြီးတော့ အမိမရှိ အဘမရှိ၊ ဆွေမျိုးမရှိ၊ သပိတ်သင်္ကန်းပဲ ရှိတာပဲ၊ သပိတ်တလုံး သင်္ကန်း သုံးထည်နဲ့ပဲ၊ ဒါနဲ့ပဲ အသက်ရှင်ပြီးတော့ နေရတာ၊ အဲဒီတော့ တော်တော်ကို မလွယ်ပါဘူး၊ ဟိုတုန်းက တော်ရုံတန်ရုံ သဒ္ဓါ တရားနဲ့ သင်္ကန်း မဝတ်နိုင်ဘူး၊ အဲဒီလို ဝတ်ပြီးတော့လဲ စားခါအိပ်ခါနဲ့ နေဖို့မဟုတ်ဘူး၊ တကယ်တရားအားထုတ်ဖို့ရာ ရဟန်းဝတ်ကာ၊ ဝတ်ပြီးတော့လဲ တကယ်တရားအားထုတ်ကြတာပဲ၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့ တရားတွေကို အားထုတ်ကြတယ်။

ဒါကြောင့် အဲဒီအာသီဝိသောပမသုတ္တန်ကို ဟောစဉ် အခါကလာတုန်းက တပါးချင်း တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲရှိတယ်၊ ၃–ပါး ၄–ပါး စသည် အတူတကွနေပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဒုက္ခလက္ခဏာ အထင်များနေတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေအတွက် မြတ်စွာဘုရားက ဒီအာသီဝိသောပမသုတ္တန်တရားကို ဟောတော်မူတယ်လို့ အဌကထာဆရာက ဝေဖန်ပြပါတယ်။

ပုဂ္ဂိုလ်အားလုံးအတွက်

ဒါဖြင့်ယင် ဒီသုတ်ဟာ ဒုက္ခလက္ခဏာနဲ့ သင့်တဲ့ပုဂ္ဂိုလ်များဟာ ထိုက်တန်ပါသလားလို့ဆိုယင် ဒီလိုတော့မဟုတ်ပါဘူးတဲ့၊ ဒီပြင် ပုဂ္ဂိုလ်တွေနဲ့လဲပဲ ဒီတရားဟာ အကျိုးများပါတယ်တဲ့၊ ဝိပဋ္ဌိတညူ ပုဂ္ဂိုလ်နဲ့သာ ထိုက်တန်ပါသလားဆိုယင် ဒီလိုလဲ မဟုတ်ပါဘူးတဲ့၊ အကုန်လုံးပဲ အကျိုးများပါတယ်တဲ့၊ ဥဂ္ဃဋ္ဌိတညူ ပုဂ္ဂိုလ်တွေဆိုယင် အကျဉ်းဟောတာ ကြားရုံမျှနဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို ရသွားပါလိမ့်မယ်တဲ့၊ ဝိပဋ္ဌိတညူတော့ အထူးပြောစရာမလိုဘူး၊ နေယျပုဂ္ဂိုလ်ဆိုလို့ ရှိယင်လဲ ဒီသုတ်က ဟောကြားထားတဲ့ အနက်အဓိပ္ပါယ်တွေကို မှတ်သား, ရွတ်ဖတ်သရဇ္ဈာယ် နှလုံးသွင်းအား ထုတ်ပြီးတော့ မဂ်ဖိုလ်တရားတွေကို ရောက်သွားပါလိမ့်မယ်တဲ့၊ ပဒပရမပုဂ္ဂိုလ်ဖြစ်အုံးတော့တဲ့၊ ဒီတရားကို လေ့လာမှတ်သား ပြီးတော့ စွမ်းနိုင်သမှု ကျင့်သုံးသောအားဖြင့် ပါရမီကုသိုလ် ဖြစ်ပါလိမ့်မယ်တဲ့၊ နောင်တချိန်ကျလို့ ရှိယင်ဖြင့် မဂ်ဖိုလ်တရားထူး ရခြင်း ရောက်ခြင်းပါပဲတဲ့၊ ဒါကြောင့် ဒီသုတ်ဟာ ဥဂ္ဃဋ္ဌိတညူပုဂ္ဂိုလ်အတွက်လဲ ကျေးဇူးများတယ်၊ ဝိပဋ္ဌိတညူအတွက် ဟောတာဆိုတော့ အထူးပြောစရာမလိုတော့ပါဘူး၊ နေယျပုဂ္ဂိုလ် ပဒပရမပုဂ္ဂိုလ်အတွက်လဲ ကျေးဇူးများပါတယ်တဲ့၊အဌကထာ ဆရာက ဝေဖန်ပြီးတော့ ပြထားပါတယ်၊ ဒီတော့ ဒီသုတ်တရားဟာ ဒုက္ခလက္ခဏာနဲ့ ဝိပဋ္ဌိတညူပုဂ္ဂိုလ်တွေ ဟောတယ်ဆိုပေမယ်လို့ ဒိပြင်ပုဂ္ဂိုလ်တွေလဲပဲ ကျေးဇူးများတယ်လို့ မှတ်ရမယ်။

ဥပမာကစ၍ ဟောခြင်း

ပထမရှေးဦးစွာ မြတ်စွာဘုရားက ဥပမာက စပြီးတော့ဟောပါတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေမှာ တချို့ တချို့ သုတ်တရားတွေက အနက်အဓိပ္ပါယ်က စပြီးတော့ဟောတယ်၊ အခုတော့ ဥပမာပြီးတော့မှ အနက်အဓိပ္ပါယ်နဲ့ ပြန်ပြီးတော့ နိဂုံးချုပ်တယ်၊ တချို့တချို့ သုတ်တရားတော်တွေကျတော့ ဥပမာကစပြီးတော့ ဟောတယ်၊ ဥပမာပြီးတော့ အနက်အဓိပ္ပါယ်နဲ့ နှီးနှောပြီးတော့ ပြတယ်၊ ဒီသုတ်မှာ ဥပမာက စပြီးတော့ ဟောပါတယ်။

မြွေကြီး ၄–ကောင်

သေယျထာပိ ဘိက္ခဝေ စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာ။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဥဂ္ဂတေဇာ၊ ထက်သောတန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတ္တာရော အာသီဝိသာ၊ လေးကောင်သော မြွေကြီးတို့သည်။ သိယျုံ၊ ရှိကုန်ရာ၏။

ဥပမာအားဖြင့် မြွေကြီး ၄–ကောင် ရှိတယ်ဆိုပါတော့၊ မြွေကြီး ၄–ကောင်၊ မြွေဆိုတာ ကြောက်စရာကောင်းတယ်၊ တချို့ မြွေက မြင်ရုံနဲ့တောင် ကြောက်စရာကောင်းတယ်၊ ရွံ့စရာလဲ ကောင်းတဲ့ ကောင်ကြီးတွေပဲ၊ သူဟာ လူနဲ့မတူပဲဟာကိုး၊ အနေအထိုင်ကိုက တမျိုးဖြစ်နေတယ်၊ မြွေဆိုတာ ခြေထောက်မရှိ၊ လက်မရှိ၊ ရှည်ရှည်ကြီး၊ တော်တော်ကြောက်စရာကောင်းတဲ့ ကောင်တွေပါ၊ သူက မြေကြီးထဲ လိုမ့်ပြီးတော့သွားနေတော့ နေရာတကာ အညစ်အကြေးတွေ သူ့ကိုယ်ကြီးနဲ့ တိုက်ပြီးတော့သွားနေတာ ရွံ့စရာ အင်မတန်ကောင်းတဲ့ အကောင်တွေပါပဲ၊ မြွေဆိုတာ အဲဒါ မြွေကြီး ၄–ကောင် ရှိပါတယ်တဲ့၊ဘယ်လို မြွေကြီးတွေတုန်းဆိုလို့ရှိယင် ဥဂ္ဂတေဇာ–ထက်မြက်သော တန်ခိုးရှိတယ်တဲ့၊ တန်ခိုးရှိတယ်ဆိုတာ အဆိပ်တွေပါပဲ၊အဆိပ်တွေ အဆိပ်တန်ခိုး ရှိနေတဲ့ မြွေကြီးတွေ၊ အဆိပ်မရှိတဲ့ လင်းမြွေတို့လို မဟုတ်ဘူး၊ ဒါကတော့ အဆိပ်ရှိတဲ့မြွေကြီး။ ဃောရဝိသာ–ကြမ်းတမ်းသော အဆိပ်ရှိသည်တဲ့။ ဒီမြွေကြီးတွေက တယ်ကြောက်စရာကောင်းတယ်တဲ့။ ကိုက်လိုက်လို့ ရှိယင် ဆေးကုလို့ မရတော့တဲ့ မြွေကြီးတွေပဲ၊ အဲဒါ မြွေကြီး ၄–ကောင် ရှိပါသည်တဲ့၊ ဥပမာ ဒီပါဠိကတော့ ဒါလောက်ပဲ ရှိသေးတယ် နောက်မှ အကုန် စုပြောရမယ်။

အသက်ရှင်ပြီး ချမ်းသာချင်သူ

အထ ပုရိသော အာဂစ္ဆေယျ ဧဝံတုကာမော အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိ
ကူလော။

အထ၊ ထိုအခါကာလ၌။ ဧဝံတုကာမော၊ အသက်ရှင်ခြင်းငှါ အလိုရှိသော။ အမရိတုကာမော၊ သေခြင်းငှါ အလိုမရှိ သော။ သုခကာမော၊ ချမ်းသာကို အလိုရှိသော။ ဒုက္ခပ္ပဋိကူလော၊ ဆင်းရဲကို ရွံ့မုန်းစက်ဆုပ်သော။ ပုရိသော၊ တစုံတယောက် သော ယောကျ်ားသည်။ အာဂစ္ဆေယျ၊ ရောက်လာရာ၏။

အဲဒီ မြွေကြီး ၄–ကောင် ရှိနေတဲ့နေရာမှာ လူတယောက် ရောက်လာတယ် ဆိုပါတော့တဲ့၊ ဘယ်လိုလူတုံးတဲ့၊ အဲဒီ လူက မသေချင်တဲ့လူ၊ အသက်ရှည်ချင်တဲ့လူ၊ သေချင်တဲ့လူဆိုလို့ရှိယင်တော့ တချို့က သေဖို့ရာ ရှာနေတာကိုး၊ တချို့ စိတ် ညစ်နေတော့ သေချင်နေတော့ တချို့ ရေထဲ ခုန်ချသေတာရှိတယ်၊ ကြိုးဆွဲချသေတာ ရှိတယ်၊ အဆိပ်စားသေတာ ရှိတယ်၊ ပြီးတော့ မြွေကို အကိုက်ခံသေတာတွေလဲ ရှိတာပဲ၊ အဲဒီလို လူမဟုတ်ဖူးတဲ့၊ ဒီဥစ္စာကတော့ ဒီလူက မသေချင်တဲ့လူ၊ အသက် ရှင်ချင်တဲ့လူပဲ၊ ပြီးတော့ ချမ်းသာချင်တဲ့လူ၊ ဆင်းရဲ မတွေ့ချင်တဲ့လူ၊ ဆင်းရဲကို ရွံ့မုန်းစက်ဆုပ်ပြီး ဆင်းရဲကို မမြင်မကြား ချင်၊ မတွေ့ချင်လို့ ချမ်းသာနဲ့ တွေ့ချင်တဲ့လူ၊ ချမ်းသာကို မျှော်လင့်နေတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒီ ပုဂ္ဂိုလ်က အဲဒီ လူတယောက် ရောက်လာပါတယ်တဲ့။

မြွေထိန်းအဖြစ် အပ်နှင်း

တမေနံ ဧဝံ ဝဒေယျုံ ဣမေ တေ အမ္ဘောပုရိသ စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ
ဃောရဝိသာ၊ ကာလေန ကာလံ ဝုဋ္ဌာပေတဗ္ဗာ၊ ကာလေန ကာလံ နှာပေတဗ္ဗာ၊ ကာလေန
ကာလံ ဘောဇေတဗ္ဗာ၊ ကာလေန ကာလံ သံဝေသေတဗ္ဗာ။

တမေနံ၊ ထိုအသက်ရှင်ချင်သော မသေချင်သော။ ဆင်းရဲကိုရွံမုန်းကြောက်သော ချမ်းသာကိုအလိုရှိသော ယောကျ်ား ကို။ ဧဝံ၊ ဤသို့။ ဝဒေယျုံ၊ ပြောကြားကြလေကုန်ရာ၏။

ဘယ်သူက ပြောကြားတယ်လို့တော့ မပါဘူး၊ တော်တော်ကြာမှ ရှင်းပြီးတော့ ပြောရမယ်။

အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ ဥဂ္ဂတေဇာ၊ ထက်မြက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ ဣမေ စတ္တာရော အာသီဝိသာ၊ ဤလေးကောင်သော မြွေကြီးတို့ကို။ ကာလေန ကာလံ၊ သင့်လျော်သော အခါ သင့်လျော်သောအခါ၌။ ဝုဋ္ဌပေတဗ္ဗာ၊ အိပ်ရာမှ ထစေအပ်ကုန်၏။ ကာလေန ကာလံ၊ သင့်လျော်သောအခါ သင့်လျော်

သောအခါ၌။ နှာပေတဗ္ဗာ၊ ရေချိုးပေးအပ်ကုန်၏။ ကာလေန ကာလံ၊ သင့်လျော်သောအခါ သင့်လျော်သောအခါ၌။ သံဝေသေ တဗ္ဗာ၊ အိပ်ရာကို သွင်းထား၍ အိပ်စေအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒေယျုံ၊ ပြောဆိုကုန်ရာ၏။

အဲဒီ ဆင်းရဲကြောက်ပြီးတော့ ချမ်းသာချင်တဲ့ပုဂ္ဂိုလ်၊ အသက်ရှင်ပြီး မသေချင်တဲ့ ပုဂ္ဂိုလ်၊ အဲဒီ ယောကျာ်းကို မြွေကြီး ၄–ကောင် အပ်နှင်းတယ်တဲ့။ အမောင်ယောကျာ်း ဟောဒီမှာ မြွေကြီး ၄–ကောင်တဲ့၊ ထိန်းသိမ်းရမယ်၊ ဒီမြွေကြီးတွေဟာ သာမန်မြွေကြီးတွေ မဟုတ်ဘူး၊ အင်မတန် အဆိပ်ထက်တဲ့ အင်မတန် အဆိပ်ပြင်းတဲ့ အင်မတန် အဆိပ်ကြမ်းတဲ့ မြွေကြီးတွေ၊ အဲဒီ မြွေကြီး ၄–ကောင် မင်းထိန်းသိမ်းရမယ်၊ ဒီ မြွေကြီးတွေကို သူ့အချိန်အခါကာလမှာ အိပ်ရာကလဲ နှိုးပြီးတော့ပေးရမယ်၊ ကလေးထိန်းများလိုပေါ့လေ၊ ကလေးကို နှိုးတန်တဲ့အခါ နှိုးရတယ်၊ သူ့အချိန်အခါကာလ အားလျော်စွာ ရေများလဲ ချိုးပေးရမယ်၊ သူ့အချိန်အခါ ကာလအားလျော်စွာ အစာလဲ ကျွေးရမယ်တဲ့၊ ဒီမြွေကြီးတွေကို အိပ်ချိန်တန်တဲ့ အခါကာလကျယင် ဒီမြွေကြီးတွေ အိပ်ရာထဲ သိပ်ရမယ်တဲ့၊ ကလေးလေးများကို လုပ်ရတဲ့အနေမျိုးပါပဲ၊ မြွေထိန်းက မြွေနဲ့စပ်ပြီးတော့ နှိုးတန်နှိုး၊ ရေချိုးပေးတန် ရေချိုးပေး၊ အစာကျွေးတန်ယင်ကျွေး သိပ်တန်ယင်သိပ်၊ ဒိပြင်လဲ အလုပ်တွေ ရှိရအုံးမှာပေါ့လေ၊ မြွေကြီးတွေ ညောင်းနေတော့ လမ်းကလေး ဘာကလေးလဲ လျှောက်ရအောင်လို့၊ ဒါလဲ လုပ်ရအုံးမှာပဲ၊ လုပ်စရာတွေကတော့ ရှိပါသေးတယ်၊ မြွေကို အဲဒီလို ယုယုယယ ထိန်းသိမ်းရမယ်လို့ မြွေထိန်းအဖြစ်နဲ့ အပ်နှင်းပါတယ်၊ ဒါက ဘုရားဟော၊ ပါဠိတော်ကတော့ ဒီလို ခပ်ကျဉ်းကျဉ်းပဲ၊ ဒါလောက်ပဲ ပါတာပဲ၊ အဌကထာက အများနားလည်အောင်လို့ အသင့်ယုတ္တိနဲ့ ပြတယ်၊ အဲဒါလေးလဲ ပြောအုံးမှဖြစ်မှာ။

ရှေးမင်းများ မြွေ–မွေးထားခြင်း အကြောင်း

မင်းတဦးက မြွေကြီးတွေမွေးထားတယ်တဲ့၊ မြွေကြီး ၄–ကောင် မွေးထားတယ်၊ မင်းတဦးက ရှေးတုန်းက မင်းများဟာ မြွေကြီးတွေ သူ့နေရာနဲ့သူ အသုံးချဖို့ရာ မွေးထားတယ်လို့ ဆိုတယ်၊ ဘေးရန် အန္တရာယ်တွေ ပေါ်ပေါက်လာတဲ့အခါ ကာလကျလို့ရှိယင် အဲဒီ မြွေကြီးတွေကို ရန်သူဘက်ကို မြွေကြီးတွေလွှတ်ဖို့ရာ ဒီလို အသုံးချဖို့ရာ မွေးထားတာလဲ ရှိတယ်တဲ့၊ ရန်သူတွေ ဝိုင်းထားလို့ ဘယ်မှ မပြေးနိုင်တော့ဘူးဆိုတဲ့ အခါကာလကျလို့ ရှိယင်လဲပဲ အဲဒီမြွေကြီးတွေ အကိုက်ခံပြီးတော့ သေဖို့ မင်းဆိုတော့ သူများလက်ထဲမှာ သူများ အနှိပ်စက်ခံပြီးတော့ သေရမယ့်အနေ တော့ မကောင်းဘူး၊ ဒီတော့ မင်းဆိုတာ အင်မတန်စိတ်ထက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ သူများ အောက်တန်းတော့ မကျချင်တဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့က ဒီတော့ မြွေကိုက်ခံပြီးတော့ သေဖို့ပဲ၊ ဒီလိုသေဖူးတာတွေလဲ ရှိတယ်၊ အဆိပ်စားပြီး သေတာလဲရှိတယ်၊ တချို့ ကိုယ့်လက်နက်နဲ့ ကိုယ် သတ်ဖြတ်ပြီး သေတာလဲရှိတယ်၊ မင်းတွေဟာ တခါ တခါတဲ့ ရန်သူတွေက ဝိုင်းထားလို့ ဘယ်မှ မပြေးနိုင်တော့ဘူးဆိုတဲ့ အခါကာလကျယင် သူများလက်အောက်တော့ အညံ့မခံဘူး၊ ဒီလို အသေခံတာတွေ ရှေးကရာဇဝင်တွေမှာ အများကြီးရှိပါတယ်၊ သူတို့ထွက်ကိန်းနဲ့ဆိုယင်လဲ လမ်းမှန်ကျတယ်လို့ ဆိုရမှာပါပဲ၊ ရန်သူ့တွေရဲ့လက်အောက်မှာ အနှိပ်စက်ခံပြီးမှ တော်တော်ကြာသေရမှာ၊ ဒီတော့ စောစောစီးစီး သေလိုက်တာက ဟုတ်သလိုလို ရှိတယ်၊ ချမ်းသာသလိုလိုတော့ရှိတယ်၊ ဒါကြောင့်မို့လို့ အဆိပ်သောက်ပြီး သေတာရှိတယ်၊ ကိုယ့်လက်နက်နဲ့ ကိုယ့်ဟာကိုယ် သတ်ဖြတ်သေတာတွေရှိတယ်၊ အဲဒီလို မြွေကိုက်ခံပြီး သေတာလဲ ရှိတယ်၊ ဒါကြောင့်မို့ မြွေအသုံးကျလို့ရှိယင် ရအောင်လို့ မွေးထားတယ်တဲ့၊ မြွေကြီးတွေ၊ အဲဒီလို မွေးထားတဲ့ မြွေကြီးတွေဟာ နောက်တနည်းအားဖြင့် ဆိုလို့ရှိယင်တော့ မိမိတိုင်းနိုင်ငံက လူဆိုး သူဆိုးတွေ အဲဒီပုဂ္ဂိုလ်တွေကို မြွေအထိန်းအသိမ်း ခိုင်းပြီးတော့ ဒုက္ခရောက်အောင်လို့ ညှဉ်းဆဲဖို့ မြွေကိုက်ပြီးတော့လဲပဲ သေအောင်လို့ပေါ့လေ၊ အဲဒီလိုလဲပဲ ရည်ရွယ်ချက်နဲ့ မွေးထားတယ်တဲ့။

အခုတော့ လူတယောက်က တိုင်းနိုင်ငံမှာ ဆိုးသွမ်းနေတယ်တဲ့ (အာဂုစာရီ) လျှို့ဝှက်ပြီးတော့ မကောင်းမှုတွေပြုတယ်တဲ့၊ တိုင်းသူပြည်သားတွေ အကျိုးမဲ့ မင်း၏အကျိုးမဲ့ဖြစ်အောင်ဟာ သူလုပ်တယ်တဲ့၊ ဒီလူဟာ ဒါပေမယ်လို့ သူက သက်သေသက္ကာယနဲ့လဲ ရှာလို့မရဘူး၊ ရုံးတင်ပြီး တရားစွဲလို့လဲ မဖြစ်ဘူးတဲ့၊ သူက သက်သေမရှိဘူးတဲ့၊ လိမ်မာပါးနပ်ပြီးတော့ လျှို့ဝှက်ပြီးတော့ ရာဇဝတ်မှုတွေ ကျူးလွန်ထားတော့ သူကျူးလွန်တာလဲ သိလဲသိတယ်၊ ဒါပေမယ့်လို့ သက်သေမရှိတော့ တရားရုံးတော်က တရားစွဲပြီးတော့ သူ့ကို အပြစ်ပေးဖို့ ရာလဲ မဖြစ်ဘူးတဲ့၊ ဒီလူကမဖြစ်တော့ ဒီလူကို တနည်းနည်းနဲ့ ရာဇဝတ် အပြစ်ဒဏ်သင့်တယ်ဆိုလို့ရှိယင် ဘေးက ကဲ့ရဲ့စရာဖြစ်နေတယ်။

အဲဒီတော့ ကဲ့ရဲ့စရာလဲ မဖြစ်အောင်လို့ အဲဒီလူဆိုးကို ခေါ်ပြီးသကာလ သူမွေးထားတဲ့ မြွေကြီး ၄–ကောင်ကို မင်းက အပ်တယ်တဲ့၊ မောင်မင်း အစိုးရ အမှုထမ်းအဖြစ်၊ မင်းမှုထမ်းအဖြစ် မင်းကိုခန့်တယ်၊ မင်းလုပ်ရမယ့် အလုပ်ကတော့ ဘာတုန်းဆိုတော့ ဟောဒီငါ့မှာ မြွေကြီးတွေ မွေးထားတာရှိတယ်၊ အဲဒီ မြွေကြီးတွေ မင်းထိန်းသိမ်းရမယ်၊ ထိန်းကျောင်းရမယ်၊ ဒီမြွေကြီးတွေ၊ ထိန်းကျောင်းခ မင်းကို လခရိက္ခာတွေလဲပဲ စားလောက် သောက်လောက်အောင် ပေးမယ်၊ အဲဒီ မြွေကြီးတွေ ရိုရိုသေသေထိန်းသိမ်းရမယ်၊ ဒီမြွေကြီးတွေ အိပ်ရာက နှိုးတန်ယင်နှိုးရမယ်၊ ရေချိုးပေးတန်ပေးရမယ်၊ အစာကျွေးချိန်တန် ကျွေးရမယ်၊ သိပ်ချိန်တန်သိပ်ရမယ်၊ မြွေကြီးတွေ ကျန်းမာရေးတွေလဲပဲ ပြည့်စုံအောင်လို့ လေ့ကျင့်ရမယ်၊မင်း ရိုရိုသေသေထိန်းသိမ်းရမယ်၊ မြွေထိန်းအဖြစ်နဲ့ သူ့ကိုခန့်တယ်။

မြွေထိန်းအဖြစ်နဲ့ခန့်ပြီးတော့ မြွေကြီးတွေလဲပဲ အဲဒီမင်းက ပြောကြားလိုက်တယ်တဲ့၊ မြွေကြီးတို့၊ မင်းတို့အလုပ် အကျွေးပေါ်လာပြီ၊ ဟောဒီလူဟာ မင်းတို့ကို လုပ်ကျွေးမယ့် စောင့်ရှောက်မယ့် ပုဂ္ဂိုလ်ပဲ၊ မင်းတို့ ချမ်းချမ်းသာသာနေရအောင် ဟောဒီမြွေထိန်းယောကျ်ားက ကြည့်ပြီး စောင့်ရှောက်လိမ့်မယ်၊ မင်းတို့ သဘောကျသလို ကြည့်ပြီးတော့သာပဲ၊ ဒီမှာ မြွေထိန်း ယောကျ်ားနဲ့ နေကြပေတော့ဆိုပြီးတော့ ပြောလိုက်တယ်၊ မြွေကြီးတွေကလဲပဲ စကားနားလည်ပြီးတော့ တို့အလိုရှိသလို ရပြီဆို ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အဲဒီလူအပေါ်ကို တက်ကြတယ်ဆိုတာကိုး။

ဥပမာဆို့တာ နားလည်အောင်ပြောခြင်း

ဒါက ဥပမာကိုး၊ ဥပမာဆိုတာကတော့ နောင်ဟောမယ့် တရားတွေရဲ့ အနက်အဓိပ္ပါယ် နားလည်အောင်လို့ ပြောတာကိုး။ ဒီလို မြွေကြီးတွေရှိနိုင်ပါ့မလား၊ ဒီလိုလူကပြောလို့ မြွေကြီးတွေက နားလည်ပါ့မလား ဒီလိုဖြစ်နိုင်ပါ့မလားလို့ ဒီလိုတော့ စဉ်းစားနေစရာမလိုဘူး၊ ဒါက ဥပမာပဲ၊ ဥပမာဆိုတာကတော့ နားလည်အောင်လို့ ပြောတာ၊ တကယ်ရှိရှိ, မရှိရှိ, ဟုတ်ဟုတ်, မဟုတ်ဟုတ်, ဖြစ်ဖြစ်, မဖြစ်ဖြစ်, ဥပမာဖြစ်နဲ့ နားလည်ဖို့ရာပဲ ဟောတာပဲ၊ ဥပမာဟာ ဥပမာပဲ၊ ဥပမာဆိုတာ ဖြစ်ဖူးတဲ့ ဥပမာလဲရှိတယ်၊ မဖြစ်ပဲနဲ့ နားလည်အောင်လို့ ကြံပြီးတော့ပြောတဲ့ ဥပမာလဲရှိတယ်၊ အခုဒီမှာကတော့ ကြံပြောတာ ပါ၊ တကယ်အားဖြင့်တော့ အခုပြောတဲ့အတိုင်း မြွေကြီးတွေ နားလည်အောင်ဆိုတာ မလွယ်ပါဘူး၊ ဒါကတော့ ဒါလောက် အကုန်လုံး နားလည်ဖို့တော့ မလွယ်ဘူး၊ ဒါကတော့ ဥပမာအဖြစ်နဲ့ အနက်အဓိပ္ပါယ် နားလည်ဖို့ ပြောပါတယ်၊ ဒီဥပမာ မှာတော့ ယုတ္တိရှိ၊ မရှိတွေ စဉ်းစားဝေဘန်ဘို့ရာ မလိုဘူး ဒါတွေစဉ်းစားဝေဖန်နေရင်တော့ လိုရင်းတရား ရောက်မှာ မဟုတ်ဘူး။

လိုရင်းတရားဟောမယ်လို့ အဲဒီတော့ မြွေကြီးတွေက တို့အလိုရှိတာ ရပြီဆိုပြီးတော့ မြွေကြီးတကောင်က မြွေထိန်း ယောကျ်ားရဲ့ ညာဘက်ခြေကနေပြီး တက်ပြီးတော့ ညာဘက်လက်မောင်း လက်ကောက်ဝတ်ကနေပြီးတော့ အရွေအရွေ ရစ်ပြီး တော့ လက်မောင်းရင်းပခုံး, ပခုံးကနေပြီးတော့ နပန်းစွန်းနားမှာ သွားပြီးတော့ ခေါင်းတင်ပြီးတော့ အိပ်နေတယ်တဲ့၊ နောက် မြွေကြီးတကောင်ကလဲပဲ ဗယ်ဘက်ကနေပြီး တက်လာတော့ ဗယ်ဘက် လက်ရစ်ပတ်ပြီးတော့ ဗယ်ဘက်နားမှာ အိပ်နေတယ်၊ နောက် တတိယဖြစ်တဲ့ မြွေကလဲပဲ ရှေ့ကတက်လာပြီးတော့ လိုက်ရစ်ပတ်ပြီးတော့ လည်းပင်းမှာ ခေါင်းတင်ပြီးသကာလ အိပ်နေတယ်၊ နောက်ဆုံး မြွေကြီးတစ်ကောင်က ကျောကနေ တက်ပြီးတော့ လည်းပင်းရစ်ပတ်ပြီးတော့ ခေါင်းပေါ်မှာ ပါးပျဉ်း အုပ်ပြီးတော့ အိပ်နေတယ် ဆိုတာကိုး၊ မြွေကြီး ၄–ကောင် အိပ်နေတယ်။

ဒါကတော့ အတော်အတန် တူအောင်လို့ပြတာ၊ မြွေကြီးတွေ ကိုယ်ထဲရောက်နေတယ်ဆိုတာ သိအောင်လို့ အဌကထာ က အတော်အတန်တူအောင်လို့ ပြတာ၊ စင်စစ်ကတော့ မြွေကြီးတွေ လက်တွင် ဘယ်ဟုတ်လို့မ်မှာတုံး တကိုယ်လုံးမှာ မြွေကြီး တွေ ပြည့်နေတာ၊ တော်ကြာတော့သိမှာ၊ သေသေချာချာ စဉ်းစားကြည့်လို့ရှိယင် တကိုယ်လုံးမှာ နေရာတကာမှာ မြွေကြီးတွေ ရှိနေတာပဲ၊ ကိုယ်ထဲမှာ ကြောက်စရာ အင်မတန်ကောင်းတယ်။

မြွေထိန်းယောကျ်ားကို မိတ်ဆွေပြောကြား

အဲဒီလိုဖြစ်နေတဲ့ အခါကာလမယ်၊ အဲဒီ မြွေထိန်း ယောကျ်ားရဲ့ အကျိုးစီးပွား အလိုရှိတဲ့ပုဂ္ဂိုလ်တွေက လာပြောကြ တယ်တဲ့။

> ယဒါ စ ခေါ တေ အမ္ဘောပုရိသ ဣမေသံ စတုန္နံ အာသီဝိသာနံ ဥဂ္ဂတေဇာနံ ဃောရ ဝိသာနံ အညတရောဝါ အညတရောဝါ ကုပ္ပိဿတိ၊ တတော တွံ အမ္ဘော ပုရိသ မရဏံ ဝါ နိဂစ္ဆသိ၊ မရဏမတ္တံ ဝါ ဒုက္ခံ။

အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ ယဒါ၊ အကြင်အခါကာလ၌။ ဣမေသံ စတုန္နံ အာသီဝိသာနံ၊ ၄–ကောင်သော မြွေကြီးတို့တွင်။ ဥဂ္ဂတေဇာနံ၊ ထက်မြက်သော တန်ခိုးရှိသော။ ဃောရဝိသာနံ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ အညတရော ဝါ အညတရော ဝါ၊ တကောင်ကောင်သည်။ တေ၊ သင့်အား။ ကုပ္ပိဿတိ၊ အမျက်ထွက်၍ စိတ်ဆိုးလတ္တံ့။ အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ တတော၊ ထိုအခါကာလ၌။ တွံ၊ သင်သည်။ မရဏံဝါ၊ သေခြင်း သို့သော်လည်း။ နိဂစ္ဆသိ၊ ရောက်ရလိမ့်မည်။ မရဏမတ္တံ ဝါ ဒုက္ခံ၊ သေလောက်တဲ့ ဆင်းရဲကိုသော်လည်း။ နိဂစ္ဆသိ၊ ရောက်ရလိမ့်မည်။

ဟောဒီမြွေကြီး ၄–ကောင်ထဲက တစ်ကောင်ကောင်က စိတ်ဆိုးခဲ့လို့ရှိယင် မင်းတော့ သေဖို့ရာပဲ၊ မသေတောင် သေလုမျောပါး ဒုက္ခရောက်မယ်၊ မြွေဆိုးကြီးတွေ ကိုက်လိမ့်မယ်လို့ ပြောတယ်တဲ့၊ မြွေထိန်းယောကျ်ားက မြွေကြီးတွေရလာ တော့ အဌကထာကတော့ သရုပ်ပေါ်အောင်လို့ပြတယ်၊ မြွေကြီးတွေရလာတော့ မိတ်ဆွေနဲ့တွေ့တယ်၊ ဟေ့မင်းတော့ ဘာတွေ တုံးကွ ပြောစမ်းပါအုံး၊ အယင်ကလို မဟုတ်ပါဘူး၊ ဘယ့်နှယ်ဘာကြီးတွေ ဖြစ်နေတာလဲဟာ ငါ့ကို မင်းကြီးက မြွေထိန်းခန့်

လိုက်တယ်၊ ရာထူးရလာတယ်၊ ကြည့်ပါလားကွ ဒီမှာ မြွေကြီးတွေ လက်ကောက်တို့ လက်ကြပ်တို့များ ဝတ်ထားသလို မလှဘူးလား၊ နေရာကျတယ်၊ ဗိုက်မှာပတ်ထားတာကလဲ ရွှေကြိုး ငွေကြိုးများ ပတ်ထားသလိုပဲ၊ လည်ပင်းမှာလဲပဲ ပုလဲကုံးများ ရစ်ထားသလို၊ ခေါင်းပေါ်မှာလဲပဲ အင်မတန်ကောင်းတဲ့ အဆင်းတန်ဆာလိုပဲ၊ မြွေပါးပျဉ်းကြီးက ငါ့မှာ အင်မတန်လှနေတာ နေရာကျတာပဲ၊ မြွေထိန်းယောကျ်ားက သူ့မြွေတွေနဲ့ သူသဘောကျပြီးတော့ နေပါတယ်တဲ့၊ ဒါကလဲ အခုပြောမယ့် အနက် အဓိပ္ပါယ်နဲ့တော့ တော့်တော့်ကို ဆီလျော်ပါတယ်၊ သူက သဘောကျနေတယ်၊ ဝမ်းမြောက် ဝမ်းသာဖြစ်နေတယ်။

အဲဒီတော့ အကျိုးစီးပွါးအလိုရှိတဲ့ ပုဂ္ဂိုလ်ကပြောတယ်တဲ့၊ မိတ်ဆွေ မင်းတယ်မိုက်တာပဲ၊ ဒီမြွေဆိုးကြီးတွေပဲ၊ မင်းဆိုသလို ကောင်းတဲ့ ဥစ္စာတွေမဟုတ်ဘူး၊ မြွေဆိုးကြီးတွေပဲ၊ မင်းလဲပဲ လူကောင်းတယောက် မဟုတ်ဘူး၊ တိုင်းပြည်မှာ မင်းလျှို့ဝှက်ပြီးတော့ မတော်မသင့်တဲ့အမှုတွေ မင်းပြုနေလို့ ရာဇဝတ်အပြစ်ဒဏ်တွေရှိနေလို့ မင်းကို ထင်ထင်ရှားရှားနဲ့ အပြစ်ဒဏ်ပေးလို့မတော်လို့ မင်းကို ဒီမြွေတွေပေးထားတာ၊ မင်းကို ပေးထားတာ အကောင်းမဟုတ်ဘူး၊ ဒီမြွေတွေ ပြုစုနေရသဖြင့်လဲ မင်းဒုက္ခရောက်မယ်၊ မြွေကြီးတွေ စိတ်ဆိုးတဲ့အခါကျလို့ ရှိယင်လဲ မင်းကို မြွေကိုက်ပြီးသေအောင်လို့ မင်းကပေးထားတာ။

ဒီမြွေကြီးတွေ တနေ့ကျတော့ မင်းကိုကိုက်လိမ့်မယ်၊ မြွေကြီး ၄–ကောင်ပဲ၊ မြွေကြီးတစ်ကောင်က အိပ်ချင်တဲ့အခါ၊ မြွေကြီးတစ်ကောင် ထချင်နေမှာ၊ မြွေကြီးတစ်ကောင်က ရေချိုးချင်တဲ့အခါမှာ မြွေကြီးတစ်ကောင်က အိပ်ချင်တယ်, စားချင်တယ်, ဒီလိုဖြစ်မှာ၊ အဲဒီတော့ မြွေကြီး ၄–ကောင်လုံး တပြိုင်ထဲ အိပ်ရာက ထချင်တယ်, တပြိုင်နက် ရေချိုးချင်တယ်, တပြိုင်နက် စားချင်တယ်, တပြိုင်နက် အိပ်ချင်တယ် ဒီလိုရှိမှာမဟုတ်၊ (တကောင်တချိုး[၂]) ဖြစ်မှာ အဲဒီတော့ (တကောင်တချိုး[၂]) မင်းလိုက်ပြီးတော့ ပြုစုရလို့ရှိယင် ဒီမြွေကြီးတွေ သဘောမကျတဲ့အခါ မင်းကို ကိုက်လိမ့်မယ်၊ ကိုက်တဲ့အခါကျတော့ သေမှာ၊ မရဏံ ဝါ နိဂစ္ဆသိ–သေလိမ့်မယ်၊ မသေတောင်မှလဲပဲ သေလုမျောပါးဖြစ်တော့မယ်၊ လူစဉ်မမီ ဖြစ်တော့မှာ။

ယံ တေ အမ္ဘော ပုရိသ ကရဏီယံ၊ တံ ကရောဟိ တိ။

အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ ယံ၊ အကြင်အမှုကို။ ကရဏီယံ၊ ပြုသင့်ပြုထိုက်၏။ တံ၊ ထိုပြုသင့်ပြုထိုက်သော အမှုကို။ ကရောဟိ၊ စောစောစီးစီးက ကြိုတင်ပြုလော့။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုကုန်ရာ၏။

အကျိုးစီးပွား လိုလားတဲ့ပုဂ္ဂိုလ်က ညွှန်ကြားတယ်၊ အမောင် မြွေထိန်းယောကျ်ား၊ ပြုသင့်ပြုထိုက်တဲ့အမှုကို စောစောကတည်းက သေးရန်ကင်းအောင် ပြုပေတော့လို့ ညွှန်ကြားပါတယ်၊ ဘယ်လိုလုပ်ရမတုံးဆိုတော့ မင်း–မင်းချင်းယောကျ်ားတွေ သတိလစ်နေတဲ့အခါ မြွေကြီးတွေကလဲပဲ သတိလစ်နေတဲ့အခါ၊ မင်း တိတ်တိတ်သာ ထွက်ပြေးပေတော့ ဟိုကညွှန်ကြားတယ်။

မြွေထိန်းယောကျ်ား ခန့်ထားတယ်ဆိုပြီးတော့ ပစ်ထားတာမဟုတ်ဘူး၊ ကောင်းကောင်းထိန်းသလား မထိန်းသလားလို့ အစောင့်အရှောက်က ရှိသေးတယ်၊ မင်းချင်းယောကျ်ားတွေ အစောင့်အရှောက်က ရှိသေးတယ်၊ မင်းချင်း ယောကျ်ားတွေ အစောင့်အရှောက်တွေ၊ အဲဒီ အစောင့်အရှောက်တွေ အမှတ်တမဲ့ လစ်နေတဲ့အခါ ဒီမြွေကြီးတွေလဲပဲ အမှတ်တမဲ့အိပ်ပြီး လစ်နေတဲ့အခါ အဲဒီလိုအခါမှာ မင်း လွတ်ရာလွတ်ကြောင်းသာ ပြေးပေတော့ဆိုပြီးတော့ အကျိုးစီးပွားကို လိုလားတဲ့ ပုဂ္ဂိုလ်က ပြောပါတယ်တဲ့။

မြွေထိန်းယောကျ်ား ပြေးခြင်း

အဲဒီတော့ မြွေထိန်းယောကျ်ားက ဟုတ်တယ်၊ ငါလဲပဲ မင်း၏ မသင့်မတော်တဲ့အမှုတွေ အကျိုးမဲ့တွေ ငါပြုနေတာပဲ ငါ့အပြစ်တွေလဲ ရှိနေတာပဲ၊ ဒီတော့ ငါ့ကို ထင်ထင်ရှားရှားနဲ့ အပြစ်ဒဏ်ပေးလို့ မဖြစ်လို့ မြွေကြီးတွေ ကိုက်ပြီးတော့ သေအောင်လို့ ငါ့ကို မြွေထိန်းခန့်တာပဲ မိတ်ဆွေပြောတဲ့အတိုင်း ဟုတ်မယ်၊ ငါ့ကို တနေ့ကျတော့ ဒီမြွေကြီးတွေ ကိုက်လိမ့်မယ်၊ အင်မတန် ကြောက်စရာကောင်းတဲ့ မြွေကြီးတွေကို ပြေးမှာပဲဆိုပြီးတော့ မင်းချင်းယောကျ်ားတွေ အလစ်မှာ သူတို့လဲ အမှတ်တမဲ့နေတုန်းမှာ မြွေဆိုတာ အိပ်တဲ့အကောင်မျိုးပဲ၊ အိပ်မောကျနေတဲ့အခါမှာ အဲဒီမှာ အသာကလေး မြွေကြီးတွေကို လက်နဲ့သပ်သလို ချော့သလိုလိုနဲ့ အသာလေး (အဲ ဖြေးဖြေးချင်း[၂]) တကောင်ချင်းချီပြီးတော့ အိပ်ရေးမပျက်အောင် အသာကလေးချတယ်၊ အဲဒီလို တစ်ကောင်ပြီး တစ်ကောင်းချပြီး အကုန်လုံး ၄–ကောင်းလုံး ပြုတ်တဲ့အခါကျတော့ တခါတည်း ပြေးရတာကိုး။

အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘိတော စတုန္နံ အာသီဝိသာနံ ဥဂ္ဂတေဇာနံ ယောရဝိသာနံ ယေန ဝါ တေန ဝါ ပလာယေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ အထ ခေါ၊ ထိုအခါ၌။ သော ပုရိသော၊ ထိုမြွေထိန်း ယောကျ်ားသည်။ ဥဂ္ဂတေဇာနံ၊ထက်မြက်သော တန်ခိုးရှိကုန်သော။ ယောရဝိသာနံ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတုန္နံ အာသီဝိသာနံ၊ လေးကောင်သော

မြွေကြီးတို့မှ (၀၊) လေးကောင်သော မြွေကြီးတို့ကို။ ဘီတော၊ ကြောက်လန့်သည်ဖြစ်၍။ ယေန ၀၊, တေန ၀၊ အမှတ်မရှိသော တပါးပါးသော အရပ်ဖြင့်။ ၀၊ ခြေဦးတည့်ရာအရပ်ဖြင့်။ ပလာယေထ၊ ပြေးလေရာ၏။

မြွေကြီးကို အသာလေးချပြီးတော့ မြွေကြီးတွေ ကြောက်တာနဲ့ ယေနဝါ တေနဝါ–ဘယ်အရပ်ရယ်လို့ မဟုတ်ဘူး ဦးတန်းမိရာ သွားရတော့မှာ၊ ရှေ့က လမ်းသာရာကို ထွက်ရတော့မှာပဲ၊ ဘယ်အရပ်သွားယင် ကောင်းမယ် မကောင်းမယ် ရွေးနေလို့ မဖြစ်ဘူး၊ အဲဒါ ဦးတန်းမိရာကို အတင်းပြေးရတယ်တဲ့။

အဲဒီလို အတင်းပြေးတော့ ခုနက ဘုရင်မင်းမြတ်က ကြားတယ်၊ မြွေထိန်းယောကျ်ားတော့ဖြင့် ထွက်ပြေးပြီးလို့ သတင်းကြားတော့ အောင်မယ် ငါ့အမိန့်သြဇာကို နာမခံဘူး၊ အာဏာဖီဆန်မှု လွန်ကျူးပြီး ရှေးတုန်းကတော့ အပြစ်မရှိသေးဘူး၊ ဒီတခါတော့ အပြစ်ရှိသွားပြီး၊ ရှေးတုန်းကတော့ သူပြုထားတဲ့အမှု အပြစ်တွေ ရှိပေမယ်လို့ ဘယ်မှုကို ဘယ်နေ့က ဘယ်အချိန်က ကျူးလွန်ပါတယ်လို့ သက်သေသက္ခာယ မရှိဘူး၊ အခုတော့ သူ့ကို မြွေထိန်းယောကျ်ား ခန့်ထားတာကို ခန့်ထားတဲ့အတိုင်း မလုပ်ပဲနဲ့ ထွက်ပြေးသွားတာ၊ ထွက်ပြေးတော့ သူအာဏာဖီဆန်မှု ဖြစ်မှာပေါ့၊ ဒီကောင် အပြစ်ရှိပြီ။

မြွေကြီးတွေ အနုံ့ခံလို့ကိုခြင်း

အဲဒီတော့ ဒီကောင်ကို မြွေကြီးတွေကအနုံ့ခံပြီးတော့ နောက်ကလိုက်တယ်၊ ဟ–ငါတို့ အလုပ်အကျွေးဖြစ်တဲ့ မြွေထိန်းယောကျ်ားတော့ ပြေးပြီဆိုပြီးတော့ နောက်က အနုံ့ခံပြီးတော့လိုက်တယ်၊ တွေ့ရာမှာ ကိုက်မယ်လို့ လိုက်ကြတယ်၊ ဒါပေမယ်လို့ မြွေကြီးတွေကို အစကတည်းက ကြောက်စရာကောင်းမှန်းသိနေတော့ မြွေကြီးတွေ မမီအောင် ပြေးတယ်။

ရန်သူငါးယောက် နောက်က လိုက်ခြင်း

မြွေနဲ့တော့ မဖြစ်သေးဘူး၊ ဒီလိုကို လိုက်ပြီးတော့သတ်နိုင်တဲ့ လူစွမ်းကောင်းတွေ ရှာအုံးမှပဲ ဆိုပြီးတော့ တိုင်းပြည်မှာ မောင်းကြေးနင်းခတ်တာပေါ့လေ၊ မြွေထိန်းယောကျ်ားဟာ မင်း၏အာဏာကို ဖီဆန်ပြီး ထွက်ပြေးတယ်၊ အဲဒီယောကျ်ားကို သတ်နိုင်တဲ့ပုဂ္ဂိုလ်ပေါ်လို့ရှိယင် ဆုငွေတစ်ထောင် ပေးမယ်ဆိုတော့ အဲဒီ မြွေထိန်းယောကျ်ားနဲ့ အစကတည်းက မတည့်နေတဲ့ ရန်သူကြီးတွေက ငါးယောက်ရှိတယ် ဆိုတာကိုး၊ မတည့်ကြဘူး၊ တစ်ယောက်နဲ့ တစ်ယောက် တခါတည်း အခွင့်သာလို့ရှိယင် တစ်ယောက်နဲ့ တစ်ယောက် သတ်ဖို့ရာသာ ကြံစည်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ ငါးယောက်၊ အဲဒီ လူတွေဟာလဲ လူဆိုးကြီးတွေ ငါးယောက်ပဲ၊ အဲဒီ ရန်သူကြီး ငါးယောက်က ထွက်လာပြီး၊ "ကျွန်တော်မျိုးတို့ ဒီမြွေထိန်း ယောကျ်ားကို တွေ့ရာမှာ လိုက်ပြီးတော့ သတ်ပါမယ်" သူတို့က ဆုမရတောင် သတ်မယ့်လူတွေပဲ၊ အစကတည်းက မုန်းနေကြတာ၊ မတဲ့နေကြတာ၊ အဲဒီတော့ ဘုရင်မင်းမြတ်ကလဲ သတ်စေဆိုပြီး အမိန့်ချတော့ သူတို့ကလဲ မြွေထိန်းယောကျ်ားနောက်ကို လိုက်ကြတာကိုး။

> တမေနံ ဧ၀ံ ၀ဒေယျုံ "ဣမေ ခေါ အမ္ဘော ပုရိသ ပဋ္ဌ ၀ဓကာ ပစ္စတ္ထိကာ ပိဋ္ဌိတော အနုဗန္ဓာ 'ယတ္ထေ၀ နံ ပသိဿာမ၊ တတ္ထေ၀ ဧ၀ိတာ ဝေါရောပေဿာမာ'တိ၊ ယံ တေ အမ္ဘော ပုရိသ ကရဏီယံ၊ တံ ကရောတိ" တိ။

အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ တမေနံ၊ ထိုသို့ မြွေကြီးတွေကိုကြောက်၍ ထွက်ပြေးလေသော မြွေထိန်းယောကျ်ားကို။ ဧ၀ံ၊ ဤသို့။ ၀ဒေယျုံ၊ ပြောကြားကြလေကုန်၏။ အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ ပဋ္ဌ၊ ငါးယောက်ကုန်သော။ ပစ္စတ္ထိကာ၊ သင်၏ ရန်သူဖြစ်ကုန်သော။ ဣမေ ၀ဓကာ၊ ဤသူသတ်သမားကြီးတို့သည်။ တေ၊ သင်၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓာ၊ အစဉ်လိုက်၍ လာကြကုန်ပြီ။ ယတ္ထေ၀၊ အကြင်အရပ်၌ သာလျှင်။ နံ၊ ထိုမြွေထိန်းယောကျ်ားကို။ ပသိဿာမ၊ တွေ့ကုန်အံ့။ တတ္ထေ၀၊ ထိုအရပ်၌သာလျှင်။ ဧ၀ိတာ၊ အသက်မှ။ ဝေါရောပေဿာမိ၊ ချကုန်အံ့။ ဣတိ၊ ဤသို့ ရည်ရွယ်ချက်ဖြင့်။ အနုဗန္ဓာ၊ နောက်မှ အစဉ်လိုက်၍ လာကြကုန်၏။ အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ ယံ၊ အကြင်အမှုကို။ တေ၊ သင်သည်။ ကရဏီယံ၊ စောစောစီးစီးက ကြိုတင်၍ ပြုသင့် ပြုထိုက်၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ ပြုလေလော့။ ဣတိ၊ ဤသို့။ ၀ဒေယျုံ၊ ပြောကြားလာလေကုန်၏။

အဲဒီလို မြွေကြီးတော့ ကြောက်လို့ ပြေးနေရတဲ့ အထဲမှာ နောက်ကရန်သူကြီး ငါးဦးကလဲ သတ်ဖို့ရာ လက်နက်တွေနဲ့ လိုက်လာတယ်ဆိုတဲ့ အကြောင်းကို အကျိုးစီးပွားလိုလားတဲ့ ပုဂ္ဂိုလ်တွေက ပြောပါတယ်တဲ့၊ အခု မြွေကြီးတွေတွင် မကဘူး မင်း မြွေကြီး ၄–ကောင်ကလဲ နောက်က အနုံ့ခံပြီး လိုက်လာနေကြတယ်၊ ဒါတွေမကဘူး မင်းနဲ့ ရှေးတုန်းကမတည့်တဲ့ တကယ် ရန်သူကြီးတွေငါးဦးကလဲ ဘုရင်မင်းမြတ်အမိန့်တော်နဲ့ အခု တွေ့ရာသမျှင်းသတ်ဖို့ရာ နောက်က လိုက်လာနေကြတယ်၊ ဒီတော့ မင်း စောစောစီးစီးက ပြုသင့်ပြုထိုက်တဲ့အမှုကို ကြိုတင်ပြီး ပြုပေတော့လို့ သတိပေးစကား လာပြီးတော့ ပြောပါတယ်တဲ့။

အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘီတော စတုန္နံ အာသီဝိသာနံ ဥဂ္ဂတေဇာနံ ဃောရဝိသာနံ ဘီတော ပဉ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ ယေန ဝါ တေန ဝါ၊ ပလာယေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ အထေ ခေါ၊ ထိုအခါကာလ၌။ (ဝါ) အထ ခေါ၊ ထိုသို့ အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်က ရန်သူကြီး ငါးဦး လိုက်လာကြောင်းကို ပြောကြားသော ထိုအခါကာလ၌။ သော ပုရိသော၊ ထိုမြွေထိန်း ယောကျ်ားသည်။ ဥဂ္ဂတေဇာနံ၊ ထက်မြက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာနံ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတုန္နံ အာသီဝိသာနံ၊ လေးကောင်သော မြွေကြီးတို့မှ။ ဝါ–မြွေကြီးတို့ကို။ ဘီတော၊ ကြောက်လန့်သည် ဖြစ်၍။ ပစ္စတ္ထိကာနံ၊ ရန်သူဖြစ်ကုန်သော။ ပဉ္စန္နံ ဝဓကာနံ၊ ငါးဦးသော သူသတ်သမားကြီးတို့ကို။ ဘီတော၊ ကြောက်လန့်သည်ဖြစ်၍။ ယေန ဝါ တေန ဝါ၊ အမှတ်မရှိ တပါးပါးသော အရပ်ဖြင့်လည်း။ ပလာယေထ၊ ပြေးသွားလေရာ၏။

အဲဒီ မြွေကြီးတွေက နောက်က လိုက်လာတော့ မြွေကြီးတွေလဲ ကြောက်ရတယ်၊ ရန်သူကြီးငါးဦးကလဲပဲ မင်းအမိန့်နဲ့ ဆိုတော့ အမိန့်ရ သူသတ်သမားကြီးတွေ ကြောက်ရတာကိုး။ သူက အမိန့်မရတောင်မှ ငါးဦးဆိုတော့ ငါးဦးနဲ့ တယောက်နဲ့ ပြိုင်ဖြစ်လို့တော့ မဖြစ်ပေဘူး၊ ငါးဦးတောင် လိုက်လာတာတဲ့၊ သူတို့က လက်နက်ကိုယ်စီနဲ့ လိုက်လာတာ၊ သူ့တို့လဲ ကြောက်ရတယ်၊ ဒီတော့ ကြောက်တော့ ခြေဦးတန်းရာ ထိုထိုအရပ်ဒေသတွေကို ပြေးရတယ်တဲ့၊ နောက်က မြွေတွေကလဲ မမီလာအောင်၊ ရန်သူကြီးတွေလဲ မမီလာအောင် အမျိုးမျိုး လှည့်စားပြီး ပြေးနေရတာ။

အဲဒီလို ပြေးနေတယ်ဆိုတဲ့ သတင်းကို ဘုရင်မင်းမြတ်က ကြားပြန်တော့ မူးမတ်တွေနဲ့ တိုင်ပင်တယ်၊ တိုင်ပင်တော့ ဒီလိုတော့ မဖြစ်သေးဘူး၊ မြွေကြီးတွေဆိုတာလဲ ကိုက်တတ်မှန်းသိတယ်၊ အဆိပ်ပြင်းထန်တဲ့ အကောင်ကြီးတွေပဲ၊ ဒါကြီးတွေ ကြောက်တော့ သူ့မြွေကြီးတွေမမီအောင် လှည့်စားပြီးတော့ သူပြေးနေတယ်၊ ရန်သူကြီး ငါးဦးဆိုတာလဲ အစကတည်းက သူနဲ့ မတည့်တဲ့ လူကြီးတွေ၊ ဒီလူကြီးတွေလဲပဲ သူ ဒီလူကြီးတွေအကြောင်းလဲ သိပြီးနေတော့ သူဟာ ဒီလူကြီးတွေလဲ မမီအောင်လို့ သူလှည့်စားပြီးတော့ သူပြေးနေတယ်၊ ဒီတော့ ဒီလိုတော့ မဖြစ်သေးဘူး၊ အတွင်းသား ရင်းနှီးတဲ့ ပုဂ္ဂိုလ်ထဲက ဖြားယောင်ပြီး ချော့သတ်မယ့်လူ ရှာအုံးမှပဲ။ ဘုရင်မင်းမြတ်ကြီးက အဲဒီလို ယူဆပြီးတော့ တိုင်းပြည်မှာ မောင်းကြေးနင်းခတ်တယ်။

ငယ်ပေါင်း မိတ်ဆွေဖြစ်သည့် ရန်သူလိုက်ခြင်း

မောင်းကြေးနင်းခတ်တော့ သူနဲ့ ငယ်ငယ်ကတည်းက ကစားဖော် ကစားဘက် ပြောမနာဆိုမနာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေက ထွက်လာတယ် ဆိုတာကိုး၊ မိတ်ဆွေဆိုတာလဲ ဒီလိုပါပဲ၊ ကိုယ့်ကျိုး ကိုယ့်စီးပွားအတွက်ကျတော့ ဒီလိုလုပ်ကြ ရတာပဲ၊ စစ်သူကြီးဌာနန္တရကို ပေးမယ်ဆိုပြီးတော့ ဒီလူကို သတ်နိုင်လို့ရှိယင် စစ်သူကြီးဌာနန္တရ ပေးမယ်ဆိုပြီး ဘုရင်မင်းမြတ်က အမိန့်ထုတ်ထားလိုက်တော့ အဲဒီသူ မိတ်ဆွေအရင်းအချာကနေပြီးတော့ ထွက်လာတယ်၊ ထွက်လာတော့ ဘုရင်မင်းမြတ်က သူ့ကိုခန့်လိုက်တယ်၊ ခန့်လိုက်တော့ သူကလဲ နောက်ကဓားထမ်းပြီး သကာလ လိုက်သွားတယ်တဲ့၊ အဲဒါကို–

တမေနံ ဧဝံ ဝဒေယျုံ အယံ တေ အမ္ဘော ပုရိသ ဆဒ္ဒော အန္တရ စရော ဝဓကော ဥက္ခိတ္တာသိကော ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓော "ယတ္ထေ၀ နံ ပဿိဿာမိ၊ တတ္ထေ၀ သိရော ပါတေဿာမီ" တိ။

တမေနံ၊ ထိုမြွေကြီးလေးကောင်နဲ့ ရန်သူကြီးငါးယောက်ကို ကြောက်၍ ပြေးသွားလေသော မြွေထိန်းယောကျ်ားကို။ အတ္ထသာဓကာ၊ အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်တို့သည်။ ဧဝံ၊ ဤသို့။ ဝဒေယျုံ၊ ပြောကြားလာကုန်၏။ အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ တေ၊ သင်၏။ အန္တရစရော၊ အတွင်းသား ဖြစ်သော။ ဆဒ္ဒော၊ ခြောက်ခုမြောက်ဖြစ်သော။ အယံဝဓကော၊ ဤသူသတ်သမားတယောက်သည်။ ဥက္ခိတ္တာသိကော၊ ချီမိုးအပ်သော သန်လျက်ဓားရှိသည် ဖြစ်၍။ ဝါ၊ ဓားကိုထမ်းလျက်။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓော၊ အစဉ်လိုက်၍ လာခဲ့၏။ ယတ္ထေ၀၊ အကြင် အရပ်၌သာလျှင်။ နံ၊ ထိုမြွေထိန်း ယောကျ်ားကို။ ပဿိဿာမိ၊ တွေ့မြင်ရ၏။ တတ္ထေ၀၊ ထိုအရပ်၌သာလျှင်။ သိရော၊ ဦးခေါင်းကို။ ပါတေဿာမိ၊ ချစေအံ့။ ဝါပါတေဿာမိ၊ ကျစေအံ့။ ဣတိ၊ ဤသို့။ အနုဗန္ဓော၊ အစဉ်လိုက်၍ လာ၏။ အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ ယံ၊ အကြင်အမှုကို။ တေ–သင်သည်၊ ကရဏီယံ၊ ပြုသင့်ပြုထိုက်၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ ပြုလေလော့။ ဣတိ၊ ဤသို့။ ဝဒေယျုံ၊ ပြောကြားလာကုန်၏။

အကျိုးစီးပွါး လိုလားတဲ့ ပုဂ္ဂိုလ်ကလာပြီးတော့ ပြောတယ်၊ မြွေထိန်းယောကျ်ား၊ မြွေကြီးလေးကောင်ကလဲ နောက်ကလိုက်တယ်၊ ရန်သူကြီး ငါးယောက်ကလဲ နောက်ကလိုက်တယ်၊ ဒီအထဲမှာ မင်းငယ်ငယ်ကတည်းက အင်မတန် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံပြီးတော့လာတဲ့ မိတ်ဆွေအရင်းအချာဖြစ်တဲ့ အတွင်းသားပုဂ္ဂိုလ်ကလဲ ဘုရင်မင်းမြတ်က ချီးမြှောက်ခဲ့ ဆုလာဘ်လာဘကို မြှော်လင့်ပြီးတော့ တွေ့ရာသင်ချိုင်းသတ်ဖို့ရာ ဓားထမ်းပြီးတော့ လိုက်လာတယ်၊ မင်းစောစောစီးစီးက ပြုသင့်ပြုထိုက်တာကို ပြုပေတော့လို့ လာပြီးတော့ ပြောတယ်။

အဲဒီမှာ မိတ်ဆွေဖြစ်တဲ့ အတွင်းသား ပုဂ္ဂိုလ်ကလဲပဲ အဝေးကနေပြီးတော့ သတင်းပို့ အော်ပြီးတော့ ပြောတယ်၊ "မင်းပြေးမနေနဲ့၊ မင်းအထင်မလွဲနဲ့၊ ငါဟာ မင်းနဲ့ ငယ်ငယ်ကတည်းက အင်မတန်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်ပဲကွာ၊ မင်းအကျိုး ငါလိုလားပါတယ်၊ ငါ့အကျိုးလဲ မင်းလိုလားပါတယ်၊ ငါ့အကြောင်းလဲ မင်းသိ၊ မင်းအကြောင်းလဲ ငါသိနေတာပဲ၊ တစ်ဦးနှင့် တစ်ဦး မယုံသင်္ကာဖြစ်စရာမရှိပါဘူး၊ မင်း ဒီလိုပြေးနေလို့ မဖြစ်ဘူး၊ မင်းလဲ ဒုက္ခရောက်တယ်၊ သားမယားတွေလဲ ဒုက္ခရောက်တယ်၊ မင်းဘေးဥပဒ်အန္တရာယ် မဖြစ်စေရအောင် ငါတာဝန်ယူပါတယ် ပြန်သာလာခဲ့ပေတော့"လို့ ဒီလို လိုက်ပြီးတော့ ဖြားယောင်းတယ်ဆိုတာကိုး။

ဒါပေမယ့်လို့ ဟိုက အကျိုးစီးပွါးလိုလားတဲ့ ပုဂ္ဂိုလ်က ပြောထားတော့ အနားကိုအကပ်မခံဘူး၊ သာပြီးတောင် ပြေးရတယ်၊ မြွေကြီး လေးကောင်ကလဲလိုက်၊ ရန်သူကြီး ငါးဦးကလဲ လိုက်၊ ကိုယ့်မိတ်ဆွေ အရင်းအချာဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ ရန်သူကြီးဖြစ်ပြီးတော့ သူကလဲ တွေ့ရာသင်္ချိုင်း သတ်ဖို့ရာ လိုက်လာတော့ကို ပြေးရတယ်။

မြွေထိန်းယောက်ျား ရွာပျက်ကုန်းရောက်ခြင်း

> အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘီတော စတုန္နံ အာသီ ဝိသာနံ ဥဂ္ဂတေဇာနံ ယောရဝိသာနံ, ဘီတော ပဉ္စန္နံ ဝမာကာနံ ပစ္စတ္ထိ ကာနံ, ဘီတော ဆဋ္ဌသ အန္တရစရသ ဝဓကသ ဥက္ခိတ္တာသိကသ ယေန ဝါ တေန ဝါ ပလာယေထ၊ သော ပသေယျ သုညံ ဂါမံ၊ ယည ဒေဝ ဃရံ ပဝိသေယျ၊ ရိတ္တကညေဝ ပဝိသေယျ၊ တုစ္ဆကညေဝ ပဝိ သေယျ၊ သုညကညေဝ ပဝိသေယျ၊ ယည ဒေဝ ဘာဇနံ ပရိမသေယျ၊ ရိတ္တကညေဝ ပရိမသေယျ၊ တုစ္ဆကညေဝ ပရိမသေယျ၊ သုညကညေဝ ပရိမသေယျ။

ဘိက္ခဝေ၊ ရဟန်းတို့။ သောပုရိသော၊ ထိုမြွေထိန်းယောကျ်ားသည်။ ဥဂ္ဂတေဇာနံ၊ ထက်သော တန်ခိုးရှိကုန်သော။ ယောရဝိသာနံ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတုန္နံ၊ လေးကောင်ကုန်သော။ အာသီဝိသာနံ၊ မြွေကြီးတို့ကို။ ဘီတော၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ ပဉ္စန္နံ၊ ငါးဦးကုန်သော။ ပစ္စတ္ထိကာနံ ဝဓကာနံ၊ ရန်သူဖြစ်သော သူသတ်သမားကြီးတို့ကို။ ဘီတော၊ ကြောက်သည်ဖြစ်၍လည်းကောင်း။ ဆဋ္ဌသ၊ ခြောက်ခုမြောက် ဖြစ်သော။ အန္တရစရသ၊ အတွင်းသားဖြစ်သော။ ဥက္ခိတ္တာသိကသ ဝဓကသ၊ ဓားမိုး၍ လိုက်လာသော သူသတ်သမားကို။ ဘီတော၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ ယေန ဝါ တေန ဝါ၊ အမှတ်မရှိ တစ်ပါးပါးသော ဦးတန်းမိရာ အရပ်ဖြင့်။ ပလာယေထ၊ ပြေးလာရာ၏။ သော၊ ထိုသို့ ဦးတန်းမိရာ ပြေးသွားသော ယောကျ်ားသည်။ သုညံဂါမံ၊ လူတို့မှ ဆိတ်သော ရွာပျက်ကုန်းကို။ ပသေယျ၊ တွေ့မြင်လေရာ၏။

အဲဒီလိုပြေးတော့ တိုင်းစွန်ပြည်နား လူတွေဘာတွေ မနေနိုင်လို့ ပျက်နေတဲ့ ရွာပျက်ကုန်း ရောက်သွားတယ်၊ ရွာပျက်ကုန်းဆိုတာ ရွာတော့ ရွာပါပဲ၊ ဒါပေမယ်လို့ လူမရှိတော့ဘူး၊ လူမနေနိုင်တော့ဘူး၊ လူတွေ ဘေးရန်ကြောင့် မနေနိုင်တော့ဘူး၊ ရွာကအိမ်ကလေးတွေသာရှိတယ်၊ အိမ်ကလေး ၆-ခု ရှိတယ်တဲ့၊ အဌကထာက ထည့်တယ်၊ နောက်အနက်အဓိပ္ပါယ်က ၆-ခု လာရမှာမို့လို့ ထည့်ထားရတယ်၊ အိမ်ကလေး ၆–ခု ရှိတယ်၊ အဲဒီရွာ ရောက်သွားတော့ မောမောပန်းပန်းနဲ့ ရွာတရွာတော့ ရောက်လာပြီး ဒီရွာထဲမှာ စားစရာလေး သောက်စရာလေးများ ရကောင်းပါတယ်ဆိုပြီး ဒီရွာထဲဝင်သွားတာကိုး။

ယည‌ဒေဝ ဃရံ၊ အကြင် အကြင်အိမ်သို့သာလျှင်။ ပဝိသေယျ၊ ဝင်ရာ၏။ ရိတ္တကညေဝ၊ စားဖွယ်သောက်ဖွယ် သုံးဖွယ်မှကင်း၍ သာလျှင်။ ပဝိသေယျ၊ ဝင်ရောက်လေရာ၏။ တုစ္ဆကညေဝ၊ အချည်းအနှီးဖြစ်သော အိမ်ကို သာလျှင်။ ပဝိသေယျ၊ ဝင်မိလေရာ၏။ သုညကညေဝ၊ စားဖွယ်သုံးဖွယ်လူမှ ဆိတ်သော အိမ်သို့သာလျှင်။ ပဝိသေယျ၊ ဝင်မိလေရာ၏။

အိမ်လေး ၆–ခု တစ်အိမ်ပြီး တစ်အိမ်လိုက်ပြီးတော့ ဝင်တယ်၊ ဒီအိမ်မှာ စားစရာ သောက်စရာများ ရှိမလား အကူအညီများရမလားလို့ ဝင်လိုက်တာ အိမ်ထဲကျတော့ ဘာမှမရှိဘူး၊ စားစရာလဲ မရှိဘူး၊ သောက်စရာလဲ မရှိဘူး၊ ရေတောင်မရှိဘူး၊ ဘာမှအသုံးကျတဲ့ ပစ္စည်းမရှိဘူး၊ ဒီအိမ်ကမရှိ ဟိုအိမ် ဟိုအိမ်ကမရှိ ဟိုအိမ်ရောက်ပြီးတော့ အိမ် ၆–ခု တခါတည်းဝင်ပြီးတော့ရှာလိုက်တာ ဘယ်အိမ်မှ မရှိဘူး။

ယည‌ဒေဝ ဘာဇနံ၊ အကြင် အကြင် အိုးခွက်ကိုသာလျှင်။ ပရိမသေယျ စမ်းသပ်ရှာဖွေရာ၏။ စားဖွယ်သောက်ဖွယ် ဘာမှမရှိဘူးတဲ့။

ရိတ္တကညေဝ၊ စားဖွယ်သောက်ဖွယ်မှ ကင်း၍သာလျှင်။ ပရိမသေယျ၊ သုံးသပ်မိလေရာ၏၊ သုညကညေဝ၊ စားဖွယ်သုံးဖွယ်မှ ဆိတ်သည်ဖြစ်၍ သာလျှင် ပရိမသေယျ၊ သုံးသပ်မိလေရာ၏။

ဟို အိုးလေးဖွင့်ကြည့်လိုက် လက်နဲ့နှိုက်ကြည့်လိုက် အိုးထဲမှာ ဘာမှ မရှိဘူး၊ ရေတောင်မရှိဘူး၊ ဒီအိုးလေးတွေလဲ ဖွင့်ကြည့်လိုက် နှိုက်ကြည့်လိုက် ဘာမှမရှိဘူး၊ အိုးတိုင်း ခွက်တိုင်း အသုံးကျတဲ့ ပစ္စည်းဆိုတာ ဘာမှ မရှိဘူးတဲ့။ ဒီအထဲမှာ အဲဒါတွေကို တွေ့ပါတယ်တဲ့။

> တမေနံ ဧဝံ ဝဒေယျုံ "ကွဒါနိ အမ္ဘော ပုရိသ ကွမံ သုညံ ဂါမ်စောရာ ဂါမဃာတ တာ ပဝိသန္တိ၊ ယံ တေ အမ္ဘော ပုရိသ ကရဏီယံ တံ ကရောဟီ"တိ။

တမေနံ၊ ထိုရွာပျက်ကုန်းသို့ ရောက်နေသော မြွေထိန်းယောကျ်ားကို (အတ္တသာဓကာ) အကျိုးစီပွါးကို လိုလားသော ပုဂ္ဂိုလ်တို့သည်။ ဧဝံ၊ ဤသို့ ဝဒေယျုံ၊ ပြောကြားလေကုန်ရာ၏။ အမ္ဘောပုရိသ၊ အမောင်ယောကျ်ား ကွဒါနိ၊ ယခုအခါကာလ၌။ ကွမံ သုညံ ဂါမံ၊ ဤရွာပျက်ကုန်းကို။ စောရာဂါမဃာတကာ၊ ရွာကို ဖျက်ဆီးတတ်ကုန်သော။ စောရာ၊ သူခိုး ဒမြတို့သည်။ ပဝိသန္တိ ဝင်ရောက်လာကြလေကုန်၏။ အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ ယံ၊ အကြင် အမှုကို။ တေ၊ သင်သည်။ ကရဏီယံ၊ ပြုသင့် ပြုထိုက်၏။ တံ၊ ထိုပြုသင့် ပြုထိုက်သော အမှုကို။ ကရောဟိ၊ ပြုလေလော့။ ကွတိ၊ ဤသို့။ ဝဒေယျုံ၊ ပြောကြားလေကုန်ရာ၏။

ဒမြ ၆–ယောက် ဝင်လာခြင်း

ဒီတော့ အဲဒီ မြွေထိန်းယောကျ်ားက ဒီရွာထဲမှာတော့ဖြင့် အိမ်တိုင်း အိမ်တိုင်းတော့ ငါနှံ့ပြီ၊ ဘာမှလဲ စားစရာမရှိဘူး၊ သုံးစရာလဲ မရှိဘူး၊ ရေတောင် သောက်စရာ မရှိဘူး၊ အိုးထဲ ခွက်ထဲမှာလဲ ဘာမှမရှိဘူး၊ ဒီတော့ လမ်းကလာခဲ့တာလဲ မောပန်းလှပြီ၊ အမောအပန်းကလေးတော့ ဖြေအုံးမှပဲဆိုပြီးတော့ ရွာအလယ်ကောင်မှာ သစ်ပင်တခုရှိတယ်၊ အရိပ်ကလေး ကောင်းကောင်းနဲ့၊ အဌကထာက ထည့်ထားတယ်၊ ပါဋ္ဌိတော်မှာတော့ မပါဘူး၊ ဒီလိုတော့ ဖြစ်ရမှာပဲ၊ စားစရာမရှိယင် ခဏတဖြုတ်တော့ နားရအုံးမှာ၊ အရိပ်ကလေးလဲ ကောင်းကောင်းနဲ့ လေကလေးကလဲ တိုက်လို့ စားစရာမရှိယင်၊ လေညင်းကလေး ခံနေအုံးမှပဲလို့ဆိုပြီး ကုလားထိုင်ကလေးမှာ ထိုင်ပြီးတော့၊ အဲဒီလို ထိုင်ပြီးတော့နေတုန်း အကျိုးစီးပွါးကို လိုလားတဲ့ ပုဂ္ဂိုလ်တွေက လာပြောတယ်တဲ့၊ အမောင် မြွေထိန်းယောကျ်ား၊ ဒီလို အေးအေးဆေးဆေး ထိုင်မနေနဲ့၊ အခု ဒီရွာကို ဒမြတွေ ၆–ယောက် ဝင်လာပြီ၊ ဒီရွာထဲမှာ ပစ္စည်းမရှိယင် ယူမယ်၊ လူတွေ့လဲ သတ်မယ်ဆိုပြီးတော့ လူဆိုးတွေ ဒမြတွေ ဝင်လာကြပြီ၊ စောစောစီးစီးက ပြုသင့်ပြုထိုက်တာ ပြုတော့ဆိုပြီးတော့ ပြောတယ်၊ ပြောတော့ အဲဒီမှာ ထိုင်မနေဝံ့ပြန်ဘူးပေါ့လေ၊ ထွက်ပြေး ရပြန်တယ်။

> အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘီတော စတုန္နံ အာသီဝိသာ နံ ဥဂ္ဂတေဇာနံ ဃောရဝိသာနံ ဘီတော ပဥ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ ဘီတော ဆဋ္ဌဿ အန္တရစရဿ ဝဓကဿ ဥက္ခိတ္တာ သိကဿ, ဘီတော စောရာနံ ဂါမဃာတကာနံ ယေန ဝါ တေန ဝါ ပလာယေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ အထ ခေါ၊ ထိုသို့ အကျိုးစီးပွါးကို လိုလားသော ပုဂ္ဂိုလ်တို့က ရွာပျက်ကုန်းသို့ ရွာဖျက်ဒမြများ ဝင်ရောက်လာကြပြီဟု ပြောကြားသော အခါကာလ၌။ သော ပုရိသော၊ ထိုမြွေထိန်းယောကျ်ားသည်။ ဥဂ္ဂတေဇာနံ၊ ထက်သော တန်ခိုးရှိသော။ ဃောရဝိသာနံ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတုန္နံ အာသီဝိသာနံ၊ လေးကောင်သော မြွေကြီးတို့ကို။ ဘီတော၊ ကြောက်ရွံ့သည် ဖြစ်၍ လည်းကောင်း။ ပဥ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ၊ ရန်သူဖြစ်သော သူသတ်သမား ကြီးငါးယောက်တို့ကို။ ဘိတော၊ ကြောက်လန့်သည် ဖြစ်၍လည်းကောင်း။ ဆဋ္ဌဿ အန္တရစရဿ ဝဓကဿ ဥက္ခိတ္တာသိကဿ၊ ဓားမိုးလျက်လိုက်လာသော မိမိ၏ အတွင်းသားလူယုံဖြစ်သော မိတ်ဆွေရန်သူကို။ ဘီတော၊ ကြောက်သည်ဖြစ်၍လည်းကောင်း။ ဂါမဃာတကာနံ စောရာနံ၊ ရွက်ဖျက်ဒမြတို့ကို။ ဘီတော၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ ယေန ဝါ တေန ဝါ၊ အမှတ်မရှိ တပါးပါး ဦးတန်းမိရာအရပ်ဖြင့်။ ပလာယေထ၊ ပြေးသွားလေရာ၏။

ဘေးရန်ပေါယယ် မြစ်ပင်လယ်ရောက်

ရွာထဲက ထွက်ပြီးတော့ ကတိုက်ကရိုက် ပြေးသွားရှာတယ်။

သော ပဿေယျ မဟန္တံ ဥဒကဏ္ဏဝံ ဩရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယံ၊ ပါရိမံ တီရံ ခေမံ အပ္ပဋိဘယံ။ နစ ဿ နာဝါသန္တာရဏီ ဥတ္တရ သေတု ဝါ အပါရာ ပါရံ ဂမနာယ။

သော၊ ထိုယောက်ျားသည်။ မဟန္တံ၊ ကြီးကျယ်စွာသော။ ဥဒကဏ္ဏဝံ၊ ရေအိုင်ကြီး မြစ်ကြီးကို။ ပဿေယျ၊ တွေ့မြင်လေရာ၏။

အဲဒီလို ပြေးတော့ အင်မတန် ကြီးကျယ်တဲ့ ရေအိုင်ကြီး သို့မဟုတ် မြစ်ကြီးပေါ့၊ သို့မဟုတ် ပင်လယ်ကွေ့ ပေါ့၊ အဲဒီ ရောက်တယ်၊ ဥဒကအဏ္ဏဝ၊ အဏ္ဏဝဆိုတာ သမုဒ္ဒရာတို့ ဘာတို့ကို ခေါ်တယ်၊ ဒီမှာတော့ သမုဒ္ဒရာ ပင်လယ်တွေလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ အဲဒီကိုရောက်တယ်၊ ဒါမှမဟုတ်ယင် အင်းကြီးအိုင်ကြီးတွေဆိုတာ ရှိတယ်၊ ဒါလဲ ရပါတယ်၊ ဒါမှမဟုတ်ယင်လဲ အင်မတန်ကြီးကျယ်တဲ့ မြစ်ကြီးတွေဆိုလဲ ရပါတယ်၊ ကျယ်လဲ ကျယ်တယ်၊ နက်လဲ နက်တယ်ဆိုယင် ဥဒကဏ္ဏဝံ–နက်ကျယ်တဲ့ ရေပြင်ကျယ်၊ နက်ကျယ်တဲ့ ရေအိုင်ကြီး, အင်းကြီး, မြစ်ကြီး သို့မဟုတ် ပင်လယ်ကွေ့ကြီးကို ရောက်သွားပါတယ်တဲ့။

အဿ၊ ထိုနက်ကျယ်သော ရေအိုင်ကြီး၏။ အပါရာ၊ ဤမှာဘက်မှ။ ပါရံဂမနာယ၊ ဟိုမှာဘက်သို့ သွားခြင်းငှါ။ သန္တာရဏီ၊ ကူးမြောက်စေတတ် ပို့ဆောင်တတ်သော။ နာဝါဝါ၊ လှေသည်မူလည်း။ နအဿ၊ မရှိရာ။ ဥတ္တရသေတု ဝါ၊ တံတားသည်မူလည်း။ နအဿ၊ မရှိရာ။

အဲဒီ အင်းအိုင်ကြီး ရေပြင်ကျယ်ကြီးမှာ ကူးဖို့ရာ လှေလဲ မရှိဘူးတဲ့၊ တံတားလဲ မရှိဘူးတဲ့၊ ဒီဘက်က ဟိုဘက်ကို အဲဒီ အင်းအိုင် ရေပြင်ကျယ်ကြီးကို ဟိုဘက်ကို လွန်သွားမှ ဘေးအန္တရာယ်တွေက လွတ်မှာ၊ ရန်သူတွေက လိုက်လာတယ်။

ဩရိမံတီရိ၊ ဤမှာဘက်ကမ်းသည်။ သာသင်္ကံ၊ စိုးရိမ်ရွံ့ရှာဖွယ်ရှိ၏။ သပ္ပဋိဘယံ၊ ကြောက်မက်ဖွယ် ဘေးကျမ်းရှိ၏။ ပါရိမံတီရံ၊ ဟိုမှာဘက်ကမ်းသည်။ ခေမံ၊ ဘေးငြိမ်း၏။ အပ္ပဋိဘယံ ကြောက်မက်ဖွယ် ဘေးကျမ်း မရှိ။

အဲဒီ ရေအိုင်ကြီး ဒီဘက်ကမ်းက ဆိုလို့ရှိယင်တော့ စိတ်မချရဘူးတဲ့၊ နောက်ကမြွေကြီးတွေလဲ လိုက်ယင်မီလာမှာပဲ၊ ရန်သူကြီး ငါးဦးကလဲ မီလာမှာပဲ၊ ကိုယ့်မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ မှီလာမှာပဲ၊ ဒမြကြီးတွေလဲ ရွာထဲကနေပြီးတော့ ဒမြတွေက ရွာပျက်ကုန်းဝင်လာတော့ သူထွက်ပြေးလာတော့ နောက်ကလိုက်ဟ လိုက်ဟဆိုပြီး လိုက်လာယင် သူတို့လဲ မီလာမှာပဲ၊ ဒီဘက်ကမ်းတွင် နေလို့ရှိယင်တော့ ဘေးရန်မကင်းဘူးတဲ့၊ ဟိုဘက်ကမ်းရောက်မှပဲ ဘေးရန်ကင်းမယ်တဲ့၊ ဟိုဘက်ကမ်းဆိုလို့ရှိယင်တော့ဖြင့် မြွေကြီးတွေလဲ မလိုက်နိုင်ဘူး ရေပြင်ကလဲ အကျယ်ကြီး။

ဒီတော့ ဥပမာအရအားဖြင့် မြွေကြီးတွေက ဒီဘက်ကမ်းတွင်ပဲ နေဖို့ရာ မင်းရဲ့အာဏာရှိတယ်၊ ဟိုဘက်ကမ်းမှာ မရှိဘူး၊ လူဆိုးကြီးတွေကလဲ မလိုက်နိုင်ဘူး၊ သူ့မိတ်ဆွေ ရန်သူကလဲ မလိုက်နိုင်ဘူး၊ ရွာပျက်ကုန်း ဒမြတွေကလဲ မလိုက်နိုင်ဘူး၊ ဟိုဘက်ကမ်းဆိုယင်တော့ ဘေးရန်အန္တရာယ် ကင်းတယ်တဲ့၊ ဒါပေမယ့်လို့ အဲဒီမှာဘေးရန်အန္တရာယ်ကင်းဖို့ ဟိုဘက်ကမ်းကူးဖို့ရာ လှေကလဲ မရှိဘူး၊ တံတားကလဲ မရှိဘူး။

အပါရာ၊ ဤမှာဘက်မှ။ ပါရံ၊ ဟိုမှာဘက်သို့။ ဂမနာယ၊ သွားခြင်းငှါ။ သန္တာရဏီ၊ ကူးမြောက်စေတတ် ပို့ဆောင်တတ်သော။ နာဝါ ဝါ၊ လှေသည်မူလည်း။ နအဿ၊ မရှိရာ။ ဥတ္တရသေတု ဝါ၊ တံတားသည်မူလည်း။ နစ အဿ၊ မရှိရာ။

လှေလဲ မရှိဘူး၊ တံတားလဲ မရှိဘူး၊ အဲဒီတော့ မြွေထိန်းယောက်ျားက စဉ်းစားတယ်တဲ့၊ စဉ်းစားပုံကို မြတ်စွာဘုရား ဟောထားပါတယ်။

အထ ခေါ ဘိက္ခဝေ တဿ ပုရိသဿ ဧဝမဿ "အယံ ခေါ မဟာ ဥဒကဏ္ဏဝေါ ဩရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယံ၊ ပါရိမံ တီရိ ခေမံ အပ္ပဋိဘယံ။ နတ္ထိ စ နာဝါ သန္တာရဏီ ဥတ္တရ သေတု ဝါ အပါရာ ပါရံ ဂမနာယ။ ယံ နူနာဟံ တိဏကဋ္ဌ သာခါ ပလာသံ သံကမိုတွာ ကုလ္လံ ဗန္ဓိတွာ တံ ကုလ္လံ နိဿာယ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယမမာနော သောတ္ထိနာ ပါရံ ဂစ္ဆေယျ" နွှိ။ (နှာ–၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ အထခေါ၊ ထိုအခါ၌။ တသ၊ ထိုမြွေထိန်းယောကျ်ားအား။ ဧဝံ၊ ဤသို့သောအကြံသည်။ အသ၊ ဖြစ်ရာ၏။ အယံ ဥဒကဏ္ဍဝေါ၊ ဤအင်းအိုင်မြစ်ကြီးသည်။ မဟာ၊ ကြီးကျယ်လှပါ၏။ အပါရာပါနံ ဂမနာယ၊ ဤမှာဘက်မှ ဟိုမှာဘက်ကမ်းသို့ သွားခြင်းငှါ။ သန္တာရဏီ၊ ကူးမြောက်စေတတ်သော။ နဝါ ဝါ၊ လှေသည်မူလည်း။ နတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဥတ္တရ သေတုဝါ၊ တံတားသည်လည်း။ နတ္ထိ၊ မရှိသည်သာလျှင်တည်း။

ဖောင်မဲ့ကူး တဘက်ကမ်းရောက်

ဒီအင်းအိုင်ကြီးဟာလဲ အကျယ်ကြီးပဲ၊ ဤမှာဘက်ကမ်းကလဲ ဘေးအန္တရာယ်တွေက မကင်းဘူး၊ ဟိုဘက်ကမ်းမှာတော့ ဘေးအန္တရာယ်ကင်းတယ်၊ ဟိုဘက်ကူးဖို့ရာ လှေတို့ တံတားတို့က မရှိဘူး၊ မရှိတော့ ဘာလုပ်ရမလဲဆိုလို့ရှိယင်–

အဟံ၊ ငါသည်။ တိဏကဋ္ဌ သာခါ ပလာသံ၊ မြက်သစ်သား သစ်ရွက်ဟောင်းကို။ သံကမိုတ္တာ၊ စုရုံး၍။ကုလ္လံဗန္ဓိတ္တာ၊ ဖောင်ဖွဲ့၍။ တံကုလ္လံနိဿာယ၊ ထိုဖောင်ကို အမှီပြု၍။ ဟတ္ထေဟိစ၊ လက်တို့ဖြင့်လည်းကောင်း။ ပါဒေဟိစ၊ ခြေတို့ဖြင့်လည်းကောင်း။ ဝါယမမာနော၊ အားထုတ်လျက်။ သောတ္ထိနာ၊ ချမ်းသာစွာ။ ပါရံ၊ ဟိုဘက်ကမ်းသို့။ ဂစ္ဆေယျံ၊ သွားရပါမူကား။ အဟံ၊ ငါသည်။ ယံနူန၊ ကောင်းလေစွာ။ ဣတိ၊ ဤသို့သော အကြံအစည်သည်။ အသ၊ ဖြစ်ရာ၏။

ဒီတော့ တံတားမရှိ လှေမရှိတော့ ရှိသမျှမြက်တို့ သစ်ခက်သစ်ရွက်တို့ အဲဒါလေးတွေ စုပေါင်းပြီးတော့ လူတကိုယ်ခိုင်လောက်တဲ့ ဖောင်ကလေးလုပ်မှပဲ၊ ဖောင်ကလေးဖွဲ့မှပဲ၊ လူအဲဒီ အပေါ်မှာ ဝမ်းလျားမှောက်ပြီးတော့ နေလို့ရှိယင် မမြှုပ်နိုင်လောက်တဲ့ မြက်တွေစု၊ ဒိုက်တွေတာတွေစုရတာပေါ့၊ သစ်သားတွေလဲ အဲဒီ ရတတ်သ၍ ဒီအထဲမှာထည့်၊ သစ်ရွက်တွေလဲ ထည့်၊ လူခိုင်ရုံကလေး လူတကိုယ်ခိုင်ရုံလေး ဖောင်လေးဖွဲ့၊ ဖွဲ့ပြီးတော့ အဲဒီမှာ လက်နဲ့ ခြေနဲ့ အားထုတ်ယက်ပြီးမှ ဟိုဘက်ကမ်းကူးမှ နေရာကျတော့မှာပဲလို့ အကြံအစည် ဖြစ်လာပါတယ်တဲ့။

> အထ ခေါ သော ဘိက္ခဝေ ပုရိသော တိဏကဋ္ဌ သာခါ ပလာသံ သံခမိုတ္တာ ကုလ္လံ ဗန္ဓိတ္တာ တံ ကုလ္လံ နိဿာယ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယမမာနော သောတ္ထိနာ ပါရံ ဂစ္ဆေယျ၊ တိဏ္ဏော ပါရင်္ဂတော ထလေ တိट्ठति ब्राह्मणो။
>
> (သံ၊ ၂– နာ ၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ အထခေါ၊ ထိုအခါ၌။ သောပုရိသော၊ ထိုမြွေထိန်း ယောကျ်ားသည်။ တိဏကဋ္ဌသာခါပလာသံ၊ သစ်ရွက်သစ်ခက် မြက်သစ်ခက် သစ်ရွက်အမှိုက်အပေါင်းကို။ သံကမိုတ္တာ၊ စုရုံး၍။ ကုလ္လံဗန္ဓိတ္တာ၊ ဖောင်ဖွဲ့၍။ တံကုလ္လံနိဿာယ၊ ထိုဖောင်ကို အမှီပြု၍။ ဟတ္ထေဟိစ၊ လက်တို့ဖြင့်လည်းကောင်း။ ပါဒေဟိ စ၊ ခြေတို့ဖြင့်လည်းကောင်း။ ဝါယမမာနော၊ အားထုတ်လျက်။ သောတ္ထိနာ၊ ချမ်းသာစွာဖြင့်။ ပါရံ၊ ဟိုဘက်ကမ်းသို့။ ဂစ္ဆေယျ။ ကူးသွားလေတော့၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ္ဏော၊ ကူးမြောက်ပြီးလတ်သော်။ ပါရင်္ဂတော၊ တဘက်ကမ်းသို့ ရောက်လာသော။ ब्राह्मणो၊ မကောင်းမှုကို အပယ်ပြုပြီးသော စင်ကြယ်သော အပြစ်ကင်းသော ပုဂ္ဂိုလ်သည်။ ဟုတ္တာ၊ ဖြစ်၍။ ထလေ၊ တဘက်ကမ်း၌။ တိट्ठति၊ တည်လေတော့၏။

အဲဒီလို သူစိတ်ကူးရှိတဲ့အတိုင်း မြက်တွေ, သစ်ခက်တွေ, သစ်ရွက်တွေ အဲဒါတွေ စုပေါင်းပြီးတော့ တကိုယ်လုံးခိုင်ရုံကလေးလုပ်၊ ဖောင်လေးလုပ်ပြီးတော့ အဲဒီ ဖောင်ကလေးပေါ် ဝမ်းလျားမှောက် ရေထဲမမြှုပ်ရုံ၊ အဲဒီမှာ လက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကတိုက်ကရိုက် လုပ်ရမှာ၊ ဟိုမှာနောက်မှာ ဖြည်းဖြည်း နှေးနှေး လုပ်နေလို့တော့ မဖြစ်ဘူး၊ နောက်ကမြွေကြီးတွေ မီလာမှာ စိုးရတယ်၊ ရန်သူကြီးတွေ မီလာမှာစိုးရတယ်၊ ကိုယ့်မိတ်ဆွေရန်သူကလဲ မီလာမှာ စိုးရိမ်ရတယ်၊ ရွာဖျက်ဒမြတွေကလဲ အဲဒီမှာလိုက်လာတော့ အဲဒါတွေကလဲ မီလာမှာ စိုးရိမ်ရတယ်၊ ရွာဖျက်ဒမြတွေကလဲ အဲဒီမှာလိုက်လာတော့ အဲဒါတွေကလဲ မီလာမှာ စိုးရိမ်ရတယ်၊ သူတို့မလာသေးခင် ကိုယ်က ရေထဲအယင်ကူးရမှာ၊ အဲဒီလို ရေပြင်ကျယ်ကြီးဟိုဘက်ရောက်ယင်တော့ ဘေးရန်အန္တရာယ် ကင်းမှာပဲ၊ ဒီအထဲမှာ မြှုပ်ပြီးတော့ သေယင်လဲ မတတ်နိုင်ဘူး၊ စွန့်စားပြီးတော့ လုပ်ရမှာဘဲ။

ဘေးရန် အန္တရာယ်က နောက်ကလိုက်လာတော့ အဲဒီလို ဖောင်ကလေး တကိုယ်ခိုင်ရုံကလေး လုပ်ပြီးတော့ လက်နဲ့ ခြေနဲ့ယက်ပြီး ကူးသွားတော့ ဟိုဘက်ကမ်းရောက်သွားပါတယ်တဲ့၊ ဟိုဘက်ကမ်း ရောက်သွားတဲ့အခါ ဘာဖြစ်တုံးဆိုတော့–

> တိဏ္ဏော ပါရင်္ဂတော ထလေ တိट्ठति ब्राह्मणो။

ဗြာဟ္မဏာဆိုတာ အခု အိန္ဒိယမှာခေါ်နေတဲ့ ဗြာဟ္မဏတွေကတော့ ဇာတ်က ဖြစ်လာတာ၊ အခု မြေထိန်းယောဂျားက တော့ ဇာတ်ကဖြစ်လာတာ မဟုတ်တော့ ဗြာဟ္မဏတော့ မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့ မြတ်စွာဘုရားက ဥပမာပေးတယ်၊ ဒီမှာတော့ အပြစ်ကင်းတဲ့ ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့။

တိဏ္ဍော၊ ဟိုဘက်ကမ်းသို့ ကူးမြောက်ပြီးသည်ရှိသော။ ပါရဂံတော၊ တဘက်ကမ်းသို့ ရောက်လာသော။ဗြာဟ္မဏော၊ အပြစ်ကင်းသော လူကောင်းသူကောင်းသည်။ ဟုတ္တော၊ ဖြစ်၍။ ထလေ၊ တဘက်ကမ်း ကုန်းမြေထက်၌။ တိဋ္ဌတိ၊ တည်လေ တော့၏ ။

ဟိုဘက်ကမ်းလဲရောက်ရော သူ့မှာ ဘာမှ အပြစ်မရှိတော့ဘူး၊ ဒီဘက်ကမ်း ဆိုလို့ရှိယင်တော့ မင်းပြစ် မင်းဒဏ်တွေ ရှိတယ်၊ နောက်ကလိုက်လာတဲ့ မြွေကြီးတွေလဲ အကိုက်ခံရဖို့ရာ ရှိတယ်၊ ရန်သူကြီးငါးဦးလဲပဲ တွေ့ယင် အသတ်ခံရဖို့ရာရှိ တယ်၊ သူ့မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲပဲ တွေ့ယင်သတ်မှာပဲ၊ အသတ်ခံရဖို့ရာ ရှိတယ်၊ ရွာဖျက် ဒမြကြီးတွေက နောက်က လိုက်လာတော့ အဲဒါတွေ့ယင်လဲ အသက်ခံရဖို့ရာ ရှိတယ်၊ ဒီဘက်မှာ နေလို့ရှိယင်တော့ သူ့မှာ ဘေးရန်အန္တရာယ်တွေ အင်မတန်များနေတယ်၊ ဟိုဘက်ရောက်တဲ့ အခါကာလကျတော့ ဟိုဘက်က ပထမ မြွေထိန်းခန့်တဲ့ မင်းရဲ့ ပိုင်နက်မဟုတ် တော့ နိုင်ငံတနိုင်ငံရောက်သွားယင် အပြစ်ရှိတဲ့ပုဂ္ဂိုလ်က အပြစ်မရှိပဲနဲ့ ဖြစ်သွားတာပဲ၊ အဲဒီမှာဘာမှ အပြစ်မရှိဘူးတဲ့၊ လူကောင်း သူကောင်းတယောက် ဖြစ်နေပြီတဲ့။

နောက်က မြွေကြီးတွေလဲပဲ မလိုက်နိုင်ဘူး၊ မြွေကြီးတွေကလဲ သူ့နယ်ပယ် ဒီတွင်မဆုံးတော့ သူတို့မလိုက်နိုင်ဘူး၊ ရန်သူကြီးငါးဦးကလဲပဲ နယ်ပယ်ဆုံးတော့ မလိုက်နိုင်ဘူး၊ မလိုက်နိုင်ဘူး၊ သူ့မိတ်ဆွေ ရန်သူလဲ မလိုက်နိုင်ဘူး၊ ဒမြကြီး ငါးဦးကလဲပဲ အဲဒီ နိုင်ငံထဲက ဟိုဘက်ကို မလိုက်နိုင်ဘူး၊ မလိုက်နိုင်ရုံတွင် မဟုတ်ဘူး၊ နောက်လဲပဲ သူတို့ မပြန်နိုင်ဘူးတဲ့၊ သူတို့လဲပဲ ဘုရင်းမင်းမြတ်ကနေပြီး ဒီလူကို သေအောင် လိုက်ပြီးတော့ သတ်ရမယ်ဆိုတာ သူတို့ မသတ်နိုင်တော့ ပဋ္ဌာဉ် ဝန်ခံချက် ချွတ်ယွင်းပြီးတော့ နေတော့ နောက်လဲ မပြန်နိုင်ဘူး၊ ဒီတွင်ပဲ နေပြီးတော့ မြွေကြီးတွေလဲပဲ တရှူးရှူးနဲ့ စိတ်ဆိုး မာန်ဆိုးဖြစ်ပြီး ဒီတွင်ပဲ သေကုန်ကြတယ်၊ ရန်သူကြီးတွေလဲပဲ ရှေ့လဲ မတိုးနိုင် နောက်လဲ မဆုတ်နိုင်၊ ဒီတွင်ပဲ အစာငတ် ရေငတ်ဖြစ်ပြီးတော့ ငတ်ပြတ်ပြီးတော့ သေကုန်တယ်တဲ့၊ သူ့မိတ်ဆွေ ရန်သူလဲ ဒီမှာသေ၊ ရွာဖျက်ရန်သူကြီး ၆–ဦးလဲ ဒီမှာပဲ အကုန်လုံး သေကြေပျက်စီးကုန်ကြတယ်တဲ့၊ ဒါက ဥပမာကိုး၊ ဒီဥပမာကတော့ ဥပမာပဲ၊ ဥပမာထဲမှာ ဥပမာသက်သက်နဲ့တော့ တရားက နားမလည်ဘူး၊ အင်မတန် ကောင်းတဲ့ ဥပမာပဲ။

ဥပမာ ခေါ် မျာယံ ဘိက္ခဝေ ကတာ အတ္ထသ ဝိညာပနာယ၊ အယံ စေတ္ထ အတ္ထော။

ဘိက္ခဝေ၊ ရဟန်းတို့။ မေ–မယာ၊ ငါသည်။ အတ္ထသ ဝိညာပနာယ၊ လိုရင်းအနက်ကို နားလည်စေခြင်းအကျိုးငှါ။ ဥပမာ၊ ဥပမာကို။ ကတာ၊ ပြုအပ်၏ ။

ဟောမယ့် အနက်အဓိပ္ပါယ်ကလေး နားလည်အောင်လို့ ဥပမာကလေးပြတာတဲ့၊ ဥပမာက လိုရင်း မဟုတ်သေးဘူး။

အယံ၊ ဤဆိုလတ္တံ့ သည်ကား။ အတ္ထော၊ သိစေလိုအပ်သော လိုရင်းအနက်ပေတည်း။

မြွေကြီး ၄–ကောင်၊ ဓာတ်ကြီး ၄–ပါး

အခုပြောမှာကတော့ သိဖို့ရာ လိုရင်း အနက်ပါပဲတဲ့။

> စတ္တာရော အာသီဝိသော ဥဂ္ဂတေဇာ ဃောရဝိသာတိ ခေါ ဘိက္ခဝေ၊ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ၊ ပထဝီဓာတုယာ အာပေါ ဓာတုယာ တေဇောဓာတုယာ ဝါယော ဓာတုယာ။ (နှာ–၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဂ္ဂတေဇာ၊ ထက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန် သော။ စတ္တာရောအာသီဝိသာတိဇတံ၊ မြွေကြီးလေးကောင်တို့ဟူသော ဤအမည်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာ ဘူတာနံ၊ မဟာဘုတ်တို့၏ ။ အဓိဝစနံ၊ အမည်တည်း။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏ လည်းကောင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်၏ လည်းကောင်း တေဇောဓာတုယာ၊ တေဇောဓာတ်၏ လည်းကောင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၏ လည်း ကောင်း။ အဓိဝစနံ၊ အမည်ပေးတည်း။

မြွေကြီးလေးကောင်ဆိုတာ တခြားမဟုတ်ဘူး၊ ဓာတ်ကြီးလေးပါးရဲ့ အမည်တဲ့၊ လူတိုင်းလူတိုင်းမှာ ဓာတ်ကြီးလေးပါ ချည်း တည်ဆောက်ထားတာ၊ ခန္ဓာအိမ်ကြီးက မြွေထိန်းယောကျ်ားဆိုတာ သူများတွေ မဟုတ်ဘူး၊ အခုတရားဟာ တရားနာ နေတဲ့ ပုဂ္ဂိုလ်တွေပဲ၊ ရုပ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဓာတ်ကြီး လေးပါး အကုန်လုံး ရှိနေတာ၊ ဓာတ်ကြီး လေးပါးက တကိုယ်လုံးမှာ နေရာတိုင်းမှာ ရှိနေတယ်၊ အပ်ဖျားလေး တထောက်လောက် နေရာမှာကို ဓာတ်ကြီး လေးပါးရှိနေတာပဲ၊ နေရာတကာမှာ ရှိနေ တယ်။

သေသေချာချာ စဉ်းစားကြည့်ယင် ကြောက်စရာ တော်တော်ကောင်းတယ်၊ ဒီဓာတ်ကြီးလေးပါး ဖောက်ပြန်လို့ ရှိယင် လူတွေ ဒုက္ခရောက်တာပဲ၊ အခုဆေးရုံတွေမှာ သွားကြည့်ယင် လူနာတွေ တွေ့တယ်၊ အဲဒီ လူနာတွေဟာ ဓာတ်ကြီး ၄–ပါး ဖောက်ပြန်လို့ ဓာတ်ကြီး ၄–ပါးကနေပြီးတော့ မြွေကြီး ၄–ကောင် လိုက်လာလို့ ဒုက္ခရောက်နေတာ။

အပြင်က မြွေကိုက်တာတော့ လူတွေကအသိသား၊ အတွင်းက မြွေကိုက်တာ မသိလို့ ခက်နေတယ်၊ ဆေးရုံများ သွား ကြည့်ယင် လူမမာတွေ အများကြီးတွေ့ရတယ်၊ ရောဂါတွေ အမျိုးမျိုးပဲ၊ ရိုးရိုးတန်းတန်း ဖျားတဲ့ရောဂါလဲ ရှိတယ်၊ အကျိုးအပ့် တွေလဲ ရှိတယ်၊ အနာအမျိုးမျိုးတွေရှိတယ်၊ အခုကာလမှာ သွေးတိုးတို့ စတဲ့ ရောဂါတွေလဲ ရှိတယ်၊ မျက်စိနဲ့ ပတ်သက်တဲ့ ရောဂါရှိတယ်၊ နားနဲ့ပတ်သက်တဲ့ ရောဂါရှိတယ်၊ နှာခေါင်းနဲ့ ပတ်သက်တဲ့ရောဂါရှိတယ်၊ နှလုံးနဲ့ ပတ်သက်တဲ့ ရောဂါရှိ တယ်၊ အကြောအခြင်းတွေနဲ့ ပတ်သက်တဲ့ ရောဂါရှိတယ်၊ အဲဒီ ရောဂါတွေဟာ အမျိုးမျိုးတွေ၊ ဟိုမှာ သွားပြီးတော့ ကြည့်လို့ ရှိယင် တွေ့ရတယ်။

အဲဒါတွေ ဘာတွေတုံးဆိုလို့ရှိယင် ဒီမြွေကြီးလေးကောင်ကိုက်လို့ မြွေကြီးလေးကောင်ကြောင့် ဖြစ်နေတာ၊ပထဝီဓာတ် မြွေကြီးကြောင့်, တချို့လဲ အာပေါဓာတ်မြွေကြီးကြောင့်, တချို့လဲ တေဇောဓာတ်မြွေကြီးကြောင့်, တချို့လဲ ဝါယောဓာတ် မြွေကြီးကြောင့် သူများလို မဟုတ်ပဲနဲ့ ဒုက္ခတွေရောက်ပြီးတော့ နေကြတာ၊ အကြောင်းညီညွတ်နေတဲ့အခါတော့ ကျန်းမာရဲ့ နေကောင်းရဲ့၊ ပေါ့ပေါ့ပါးပါးရှိရဲ့၊ သွားလို့ကောင်းရဲ့၊ စားလို့သောက်လို့ကောင်းရဲ့ စသည်ဖြင့် ကိုယ့်ကိုယ်လေး ကိုယ်သာယာ ကြရတာပေါ့လေ။

ပထမကပြောတဲ့ ဥပမာလိုပဲ မြွေထိန်းယောကျ်ား ပထမက မြွေတွေရလာတော့ လက်မောင်း ရစ်ပတ်ထားတာများ လက်ကောက်ကို တယ်လှတယ် ဆိုတာကိုး၊ မြွေကြီးတွေကို သာယာနေကြတာကိုး။ သာယာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်မြွေနဲ့ ကိုယ် သာယာနေကြတာပဲ၊ လက်ကလေး ကြည့်လိုက်လို့ ရှိယင်လဲပဲ လက်ထဲမှာ ဓာတ်ကြီးလေးပါပဲ၊ မြွေကြီးလေးကောင်ပဲ၊ ပထဝီဓာတ် ခက်မာကြမ်းတမ်း တာရှိတယ်၊ အာပေါဓာတ် အရေသဘောရှိတယ်၊ တေဇောဓာတ် အခိုးအငွေ့ သဘောရှိတယ်၊ ဝါယောဓာတ် တောင့်တင်းလှုပ်ရှားတဲ့သဘော တွန်းကန်တဲ့သဘောရှိတယ်၊ လက်ထဲမှာ အဲဒီလေးခုဟာ မြွေကြီး လေးကောင် တွေပဲ၊ အဲဒါတွေကို သဘောကျနေတာ။

ပထဝီဓာတ်သဘောနဲ့ ခက်မာကြမ်းတမ်းတဲ့ သဘောဆိုတာ အသားတို့ပေါ့လေ၊ လက်ထဲမှာ အသားတို့ အရိုးတို့ မာတောင့်နေတဲ့ သဘောလေးတွေ ဒါတွေ သာယာနေရတာကိုး။ လက်ထဲက မာတောင့်နေတဲ့ ဟာလေးလဲပဲ ငါပဲ၊ ငါ့လက်ပဲ ဆိုပြီးတော့ သာယာနေတာ၊ ဒီထဲကနေပြီး စိုစိုစိုစိုနဲ့ ဖြစ်ပြီးတော့ နေတာလေး အာပေါဓာတ်ရှိတယ်၊ စိုစိုပြေပြေနဲ့ ခြောက်သွေ့ မနေဘူး၊ စိုပြီးတော့ နေတာ၊ စိုပြီးတော့ နေတာလေးကလဲ စိုစိုပြေပြေ ဖြစ်ပြီးတော့ နေတာ၊ ဒါလေးကလဲ သာယာကြတယ်၊ တေဇောဓာတ်အနေနဲ့ ဒီအထဲမှာ အပူကလေးတွေ မျှပြီးတောပ့ နေတာရှိတယ်၊ ပူသင့်သလောက် ပူလို့ အခိုးအငွေ့ကလေးတွေ မျှပြီးတော့ နေတယ်၊ အဲဒါလဲပဲ သာယာပြီးတော့ နေတာ၊ ကျန်းမာရေးရတယ် ဆိုပြီးတော့ ဝါယောဓာတ်အနေနဲ့ တောင့်တဲ့ သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားနိုင်တဲ့သဘော၊ ကွေးနိုင်ဆန့်နိုင်တဲ့သဘော၊ လက်ကလေး မြှောက်လိုက် ပေါ့ပေါ့ပါးပါး ကြွလိုက်၊ ပေါ့ပေါ့ပါးပါးလှုပ်လိုက်၊ ပေါ့ပေါ့ပါးပါး တစုံတခု အလုပ်တွေလုပ်နိုင်တာ၊ အဲဒါလေးတွေ သာယာနေတာ သဘော ကျနေတာကိုး။

ဒီဥစ္စာ မြွေတွေပဲ၊ ဒါလက်ထဲကရှိသေးတယ်၊ ခြေထဲကလဲရှိတယ်၊ ခေါင်းထဲကလဲရှိ ကိုယ်ထဲကလဲ ရှိတယ်၊ နေရာ တကာမှာရှိတယ်၊ မြွေတွေပြည့်လို့၊ ကိုယ်ထဲမှာ အဲဒါတွေကို မြတ်စွာဘုရားက ဟောတာ၊ သေသေချာချာ စဉ်းစားကြည့်လို့ရှိ ယင် ခုနက ကိုယ်ပေါ်မှာ မြွေကြီးလေးကောင် တက်နေပုံ စာကပြတာ၊ နားလည်အောင်လို့ ပြတာ၊ အမှန်ကတော့ လူတကိုယ် မှာ မြွေတွေပြည့်လို့၊ ဓာတ် ၄–ပါး မြွေကြီးတွေပြည့်လို့၊ အဲဒါတွေကို မြတ်စွာဘုရားဟောတဲ့အတိုင်း နားလည်ဖို့ရာ လိုတယ်၊ သေသေချာချာ စဉ်းစားကြည့်တော့ နားလည်စရာလဲ တော်တော်ကောင်းပါတယ်၊ မြွေကြီးတွေပဲ၊ ဒါကြီးတွေ ဖောက်ပြန်တဲ့ အခါကျတော့ သေတာပဲ၊ လူတိုင်းလူတိုင်းဟာ တနေ့ကျတော့ သေတာပဲ၊ ရိုးရိုးတန်းတန်း သေတယ်ဆိုလို့ရှိယင် ဒီမြွေကြီး လေးပါးထဲက ဖောက်ပြန်ပြီး သေကြတာပဲ၊ မကျန်းမမာ တနည်းနည်းဖြစ်ပြီးတော့ အသက်ငယ်ငယ်နဲ့ သေတာလဲရှိတယ်၊ အလတ်စားလောက် သေတာလဲရှိတယ်၊ တချို့လဲ အဘိုးကြီး အဘွားကြီးတွေဖြစ်မှ ၇၀, ၈၀–ရှိမှ သေတာတွေလဲရှိတယ်၊ ရိုးရိုးတန်းတန်း ရောဂါဝေဒနာတခုခုနဲ့ သေတယ်လို့ဆိုလို့ရှိယင် ဒီဓာတ်ကြီးလေးပါး ဖောက်ပြန်ပြီးသေတာပဲ၊ အဲဒီဟာ

မြွေကြီးလေးကောင်ကိုက်ပြီး သေတာချည်းပဲ၊ မြွေကြီးလေးကောင်က လွတ်တဲ့ ပုဂ္ဂိုလ်တော့ မရှိဘူး၊ ဒီလို တွေ့နေကြတယ်၊ နားလည်အောင်လို့ မြတ်စွာဘုရားက ဥပမာပေးထားတယ်။

ဆောင်ပုဒ်လက်စ

ဆောင်ပုဒ်ကလေး ဆိုရမယ်။

> မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံဟု၊သုံးစုံဒမြ၊ ဝင်လာကြ၍၊ သြဃာလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ထိုဘက် အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာ ညွှန်ကြား၊ ကယ်သူကား ဘုရားမြတ် ပေတည်း။

ဓာတ်ကြီး ၄–ဖြာ သာယာလျှင် ဆင်းရဲမှာ

အဲဒါ အာသီဝိသောပမ၊ ဥပမာဥပမေယျတွေ တွဲပြီးတော့ အကျဉ်းချုပ်မှတ်ရအောင် ခေါင်းစဉ်စဉ်ထားတယ်၊ အခု ဟာတော့ ဥပမာပဲ ရှိတယ်၊ ဥပမေယျ မရောက်သေးဘူး၊ ဒီနေ့တော့ မရောက်သေးပါဘူး၊ မြွေလေးကောင်ကား လေးပါးဘုတ် ဓာတ်ဆိုတဲ့ အစတော့ ရောက်ပါပြီ၊ မြွေလေးကောင်ဆိုတာ ဘယ်သူတုံးဆိုတာ ဘူတရုပ် ၄ –ပါးပဲ၊ ပထဝီဓာတ်, အာပေါ ဓာတ်, တေဇောဓာတ်, ဝါယောဓာတ် အဲဒါတွေကိုလဲ နားလည်အောင် တော်တော် ပြောရအုံးမယ်၊ ကိုယ့်ကိုယ်ထဲ ရှိနေတာတွေ တခြားမှာ ရှိတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ထဲမှာ ရှိတဲ့တားတွေ ကိုယ်နားမလည်လို့ ခက်နေတာ၊ ဒီဥစ္စာတွေ ခုနက မြွေထိန်း ယောကျ်ား အဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေ ကိုယ်ပေါ်တက်နေတာကိုပဲ သာယာ သဘောကျနေသလိုပဲ၊ ဓာတ်ကြီး ၄–ပါး ကိုယ်ထဲရထားတာတွေကို သဘောကျနေကြတာ၊ ကိုယ့်ကိုယ်လဲ ကိုယ်သာယာလို့ သူများကိုယ်တွေလဲ သာယာလို့ သဘော ကျနေကြတာ မြွေကြီးတွေ၊ ဒါတွေဒုက္ခပေးနိုင်တဲ့ တရားဆိုးကြီးတွေပဲ၊ အဲဒါတွေကို သာယာနှစ်သက် ပြီးတော့နေကြတယ်။

အဲဒါတွေ မသာယာဖို့ရာ မြတ်စွာဘုရားကဟောတယ်၊ ပထဝီဓာတ်ကို သာယာနေလို့ ရှိယင် ဆင်းရဲကို သာယာနေ တာပဲ၊ ဆင်းရဲကို လက်ခံနေတာပဲ၊ ပထဝီဓာတ်ဆိုတာဘာတုံး၊ ကိုယ်ထဲမှာ ခက်မာကြမ်းတမ်းတဲ့သဘော အထည်ဝတ္ထုသဘော အနေအားဖြင့် တွေ့ရတဲ့ဟာတွေဟာ ပထဝီဓာတ်တွေပဲ၊ နေရာတကာက စမ်းသပ်ကြည့်၊ မာမာကလေး ကြမ်းကြမ်းကလေး နုနုကလေး အသားအနေအားဖြင့် အရိုးအနေအားဖြင့် တောင့်တောင့် တင်းတင်းကလေး၊ အဲဒါကလေးတွေ တွေ့ရတယ်၊ အဲဒါ ကလေးတွေလဲ သဘောကျနေတာပဲ၊ သူ့အစိတ်အပိုင်းနဲ့သူ မျက်နှာမှာစမ်းကြည့် မျက်နှာမှာလဲ အတူတူပဲ မာမာ၊ ကလေးတွေ အသားကလေးတွေ အဲဒါကလေး တွေ့ရတယ်၊ အဲဒါ ပထဝီဓာတ်တွေပဲ၊ အဲဒါတွေသဘောကျနေကြတယ်၊ ပါးစပ်ထဲကနေပြီး သွားဘို့ဆိုတာတော့ အထူးပြောနေဖို့ရာမလိုဘူး၊ အဲဒါတွေဟာ ပထဝီဓာတ်တွေ၊ အဲဒါတွေ သဘောကျပြီးတော့ နေကြတယ်၊ အဲဒါပထဝီဓာတ်ကို သဘောကျနေလို့ရှိယင် ဒုက္ခဆင်းရဲ သဘောကျပြီး လက်ခံနေတာပါပဲ၊ အဲဒီ ပုဂ္ဂိုလ်ဆင်းရဲက မလွတ်နိုင်ဘူး၊ ပထဝီဓာတ်သဘောကျနေသမျှ ကာလပတ်လုံး ဆင်းရဲက မလွတ်နိုင်ဘူး။

အာပေါဓာတ်ကိုယ်ထဲမှာ အရေသဘော, စိုထိုင်းနေတဲ့သဘော, စိုပြေနေတဲ့သဘော, အဲဒါလေးတွေကို အာပေါဓာတ် လို့ခေါ်တယ်၊ အဲဒါလေးတွေကို သဘောကျနေလို့ရှိယင်လဲပဲ ဆင်းရဲကို လက်ခံသဘောကျနေတာ၊ ဒီဆင်းရဲက မလွတ်နိုင်ဘူး၊ ဒါတွေ နောက်ဘဝဆက်တိုင်း ဒီလိုဟာတွေ ဖြစ်နေမှာပဲ၊ ဒီဘဝကနေပြီး သေသွားယင် နောက်ဘဝကျတော့လဲ ဒီလိုဟာရမှာပဲ၊ နောက်ဘဝလဲ ဒီလိုဟာရမှာ၊ နောက်ဘဝလဲ ဒီလိုဟာရမှာ၊ ဒါတွေ သာယာနေသမျှ ကာလပတ်လုံး သံသရာဝဋ္ဋဆင်းရဲက မလွတ်မြောက်နိုင်ဘူး။

တေဇောဓာတ် ကိုယ်ထဲက အခိုးအငွေ့လေးတွေ သဘောကျနေတယ်၊ ကိုယ်ထဲမှာ အခိုးအငွေ့ကလေးတွေ ညီမျှပြီး တော့ နေတာတွေ၊ ပူသင့်တဲ့ နေရာပူလို့၊ အေးသင့်တဲ့ နေရာအေးလို့၊ ဒါလေးတွေသဘောကျနေတယ်၊ အဆင်သင့်ဖြစ်နေတာ တွေ သဘောကျနေတယ်၊ အဲဒါလဲပဲ ဝဋ္ဋဆင်းရဲက မလွတ်နိုင်ဘူး၊ ဆင်းရဲတွေ လက်ခံနေတယ်။

ဝါယောဓာတ် တောင့်တဲ့သဘော, တင်းတဲ့သဘော, လှုပ်ရှားတဲ့သဘော, တွန်းကန်တဲ့သဘော, ကြွနိုင်တဲ့သဘော, တက်ကြွနိုင်တဲ့သဘော, မ-နိုင်တဲ့ သဘော, ချနိုင်တဲ့သဘော, ပေါ့ပေါ့ပါးပါး ထနိုင်တယ်, ထိုင်နိုင်တယ်, လှုပ်ရှားနိုင်တယ်, အားအင်ကောင်းတယ်, အင်အားပြည့်စုံတယ်, ဒါလေးတွေဟာ ဝါယောဓာတ်တွေပဲ၊ အဲဒါတွေ သာယာနှစ်သက်နေသမျှ ကာလ ပတ်လုံး ဆင်းရဲကို သာယာနှစ်သက်နေတာပဲတဲ့၊ သံသရာဝဋ္ဋဆင်းရဲက မလွတ်မြောက်နိုင်ဘူးတဲ့။

ဓာတ်ကြီး ၄–ဖြာ မသာယာနဲ့

အဲဒီ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ် ၄–ပါးကို မသာယာ မနှစ်သက်မှ၊ သာယာနှစ်သက်ဖို့ မဟုတ်ဘူး၊ ဒီတရားတွေဟာ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ဖြစ်စေတတ်တဲ့ တရား သဘောတွေပဲလို့ အပြစ်မြင်ပြီး ရှုမှန်းစက်ဆုပ်မှ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်နိုင်တယ်လို့ မြတ်စွာဘုရားကဟောတယ်၊ အဲဒါဟာ ခုနက မြွေထိန်းယောဂျားကို မြွေကြီးတွေကို မတပ်မက်ဖို့၊ မသာယာဖို့ မြွေကြီးတွေရဲ့ အပြစ်ကိုမြင်ဖို့၊ မြွေကြီးတွေ ရဲ့အပြစ်ကို မြင်ပြီးတော့ မြွေကြီးတွေမှ လွတ်မြောက်ရာ ထွက်ပြေးဖို့ပြေတာနဲ့ တူပါတယ်တဲ့၊ မြတ်စွာဘုရားက ဓာတ်ကြီး ၄–ပါးကို မသာယာဖို့၊ ဓာတ်ကြီး ၄–ပါးကို ရှုမှန်းစက်ဆုပ်အောင်လို့ အားထုတ်ဖို့၊ ဓာတ်ကြီး ၄–ပါးကို မတွယ်တာဖို့၊ ဓာတ်ကြီး ၄–ပါးရဲ့ သဘောမှန်တွေကို သိအောင်ရှုဖို့ မြတ်စွာဘုရားက ညွှန်ကြားတယ်။

ဓာတ်ကြီး ၄–ဖြာကလွတ်အောင် တရားအားထုတ်

အဲဒီအတိုင်း ညွှန်ကြားပြီးတော့ ဓာတ်ကြီး ၄–ပါးက လွတ်မြောက်အောင်လို့ အားထုတ်တာဟာ မြွေကြီး ၄–ကောင်က လွတ်မြောက်အောင် ထွက်ပြေးတာနဲ့တူပါတယ်တဲ့၊ တရားအား မထုတ်ပဲနဲ့ ဒီအတိုင်း နေတဲ့ပုဂ္ဂိုလ်က မြွေကြီးတွေကို လက်ခံသိမ်းပိုက်ထားတယ်လို့ မည်တာပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မြွေကြီးတွေက လွတ်မြောက်အောင်လို့ ပြေးနေတယ်မည်တာပဲ၊ တခါရှယင် မြွေကြီးနဲ့လွတ်မြောက်တဲ့ လမ်းတလမ်း ပြေးတာ နဲ့တူပါတယ်၊ ၁၀–ခါရှယင် ၁၀–လှမ်း ပြေးတာနဲ့တူပါတယ်၊ အခါ ၁၀၀–ရှယင် ခြေလှမ်းတရားပြေးတာနဲ့ တူပါတယ်၊ ရှုတိုင်း ရှုတိုင်းဟာ မြွေကြီးတွေက လွတ်မြောက်အောင် ဒီပုဂ္ဂိုလ် ပြေးနေတာပဲ။

ဒီတော့ အခုသာသနာ့ရိပ်သာမှာရောက်ပြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီမြွေကြီးတွေက လွတ်မြောက်အောင်လို့ အခုပြေးနေကြတာ၊ နောက်ဆုံးတနေ့ကျယင် ဒါလွတ်မြောက်သွားမှာပဲ၊ မလွတ်မြောက်သေးလို့ရှိယင်တော့ တနေ့ကျတော့ ဒီမြွေကြီးတွေက ကိုက်ပြီးသေရမှာပဲ၊ ဒီဘဝသာ မဟုတ်ဘူး၊ နောက်ဘဝတွေလဲ ဒီလိုသေသေပြီးတော့ ပျောက်နေမှာ၊ အဲဒီ မြွေကြီးတွေက လွတ်မြောက်အောင်လို့ပြေးဖို့ရာ ကနေ့တော့အစပဲ ရှိပါသေးတယ်၊ ကနေ့ဓာတ်ကြီး ၄–ပါးရှုပုံ၊ ဓာတ်ကြီး ၄–ပါးသဘောတွေကို တော်တော် ဟောရအုံးမှာပါ၊ မြွေလေးကောင်က လေးပါး ဘုတ်ဓာတ်၊ မြွေ ၄–ကောင်ဟာ ဘူတရုပ် ၄–ပါးပဲဆိုတဲ့အပိုင်း၊ ဒီတွင်ပဲ ကမ္မဋ္ဌာန်းတခုပဲ၊ ဒါကို ပိုင်ပိုင်နိုင်နိုင် သိသွားလို့ ရှိယင်လဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်နိုင်တယ်။

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ် ငါးဖြာ၊ ငါးခန္ဓာတည်း"

ရန်သူကြီးငါးဦးဆိုတာ ခန္ဓာငါးပါးပဲ၊ ဒီခန္ဓာငါးပါးသိအောင်ရှုလို့ ပိုင်နိုင်သွားလို့ရှိယင်လဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်၊ သူလဲ ဆင်းရဲခပ်သိမ်းငြိမ်းတာပဲ၊ သူလဲ ကမ္မဋ္ဌာန်းတခုပဲ။

"မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်"

နန္ဒီရာဂ–လို့ ဆိုတဲ့ တပ်မက်သာယာနေတဲ့ သဘောလေ၊ အဲဒါလေးကလဲပဲ ဒါလေးလဲပဲ အမှန်အတိုင်း သိလို့ရှိယင် သူလဲ ရဟန္တာဖြစ်နိုင်တာပဲ။

"ရွာပျက်သုည၊ ခြောက်ဒွါရသို့"

ရွာပျက်ကုန်း ရောက်သွားတယ်၊ ရွာပျက်ကုန်းဆိုတာလဲ ဒွါရခြောက်ပါးပဲတဲ့၊ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါး၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဒွါရ ၆–ပါး၊ အဲဒီဒွါရ ၆–ပါးရဲ့ အဖြစ်အပျက်မှန်း သိယင်လဲပဲ ရဟန္တာဖြစ်နိုင်တာပဲ၊ ဆင်းရဲခပ်သိမ်း ငြိမ်းနိုင်တာပဲ။

"ရောက်ကတဖုံး၊ ခြောက်အာရုံဟု၊ သုံးစုံဒမြ၊ ဝင်လာကြ၍"

ဒမြသုံးစုံဆိုတာ ၆–ယောက်ပေါ့၊ အာရုံ ၆–ပါးပဲ၊ ဗာဟိရာယတန ၆–ပါး၊ ရူပါယတန, သဒ္ဒါယတန အစရှိသော အာရုံ ၆–ပါး တရားတွေ အဲဒီတရားတွေ အမှန်အတိုင်း သိလို့ရှိယင်လဲပဲ ရဟန္တာဖြစ်နိုင်တာပဲ၊ အခု မြင်တိုင်း ကြားတိုင်း မှတ်နေရတာ၊ ဒါတွေ မှတ်နေရတာပဲ၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆–ပါးက ထင်ပေါ်လာတဲ့ အာရုံ ၆–ပါးတရားတွေ ဒမြ ၆–ယောက်တွေ မှတ်နေရတယ်။

"သြဃလေးသွယ်၊ မြစ်ပင်လယ်၏"

သြဃလေးပါး၊ မြစ်ကြီးဆိုတာ သြဃလေးပါးတရားတွေ၊ အဲဒါတွေလဲပဲ သြဃလေးပါးတရားတွေ မဖြစ်အောင်လို့ အားထုတ်ရမှာ၊ သူလဲ ကမ္မဋ္ဌာန်းတခုပဲ။

"ဤဝယ်ကမ်းစ၊ သက္ကာယမှ"

ဒီဘက်ကမ်းဆိုတာဟာ သက္ကာယ ခေါ်တဲ့ ခန္ဓာငါးပါး တရားတွေပဲတဲ့၊ ဒါလဲ ကမ္မဋ္ဌာန်းတခုပဲ။

"ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့"

ခေမနိဗ္ဗာန်၊ ဟိုကမ်းဆိုတာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ကတော့ နိဗ္ဗာန်ကို ညွှတ်ပြီး အားထုတ်ရတော့ သူကတော့ ကမ္မဋ္ဌာန်းတခု လုပ်လို့ မဖြစ်ဘူး။

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍"

မဂ္ဂင်ရှစ်ပါးတရားနဲ့ နိဗ္ဗာန်ရောက်အောင် သွားရမယ်တဲ့၊ ဒီမဂ္ဂင်ရှစ်ပါးတရားကတော့ ရှုတိုင်းရှုတိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ ပွါးနေတာပါပဲ။

"အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"

မှတ်တိုင်းမှတ်တိုင်း အားထုတ်မှု ရှုမှတ်မှုဖြစ်အောင်လို့ အားထုတ်ပြီးတော့ ပေးနေတာ၊ ဝီရိယတရားလေးရှိတယ်၊ လက်နဲ့ခြေနဲ့ ကူးယက်နေတာနဲ့ တူတယ်တဲ့၊ ဒါကြောင့်--

"ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း"

အဲဒါ ဟိုဘက်ရောက်သွားတာ ရဟန္တာပဲ၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ကြရမှာပေါ့။

"ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေမည်း"

မြွေထိန်းယောကျ်ားကို ဒီမြွေတွေကနေ ကိုက်ယင်သေလိမ့်မယ်၊ စောစောကတည်းက ပြုသင့်ပြုထိုက်တာ ပြုနှင့်ပေတော့လို့ ညွှန်ကြားတယ်၊ အဲဒါ ဘယ်သူတုံး မြတ်စွာဘုရားပဲတဲ့၊ ဓာတ်ကြီးလေးပါးရဲ့ အပြစ်တွေကို ဟောပြီးတော့ ဓာတ်ကြီး ၄-ပါး အမှန်အတိုင်းမြင်အောင်လို့ ရှုဖို့ညွှန်ကြားတာ မြတ်စွာဘုရား၊ ရန်သူကြီးငါးဦးနဲ့တူတဲ့ ခန္ဓာ ၅-ပါး တရားတွေကို ရှုဖို့ ဟောတာ မြတ်စွာဘုရား၊ အတွင်းရန်သူနဲ့တူတဲ့ နန္ဒီရာဂကို အမှန်အတိုင်း သိအောင်ရှုဖို့ ဟောတာ မြတ်စွာဘုရား၊ ရွာပျက်ကုန်းနဲ့ တူတဲ့ ဒွါရ ၆-ပါး အဒ္ဓတ္တိကာယတန ၆-ပါးသော တရားတွေ သိအောင်ရှုဖို့ရာဟောတာ မြတ်စွာဘုရား၊ ဒမြြကြီး ၆-ယောက်နဲ့တူတဲ့ ဗာဟိရာယတန ၆-ပါး တရားတွေသိအောင် ရှုဖို့ညွှန်ကြားတာဟာ မြတ်စွာဘုရား၊ နောက် သြဃ လေးသွယ် မြစ်ပင်လယ်ကြီးကို ကူးမြောက်ဖို့ရာ ဟောကြားတာ မြတ်စွာဘုရား၊ အဲဒါကြောင့် အရာရာတိုင်းမှာ အကျိုးစီးပွါးဖြစ်အောင်လို့ လိုက်ပြီး ညွှန်ကြားပေးတာဟာ တခြား ပုဂ္ဂိုလ်မဟုတ်ဘူး၊ မြတ်စွာဘုရားပဲလို့ နောက်ဆုံးကျတော့ကို ဟောပါလိမ့်မယ်၊ ဒါကြောင့် ဒီမှာဆောင်ပုဒ်က ခေါင်းစဉ်ကလေး စဉ်ထားတယ်၊ နောက်သတင်းကျမှ ဆက်ပြီးတော့ ဟောရမယ်။

> မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ် ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာ ရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံ ဟု၊ သုံးစုံဒမြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

အာသီဝိသောပမသုတ္တန် တရားတော်ကြီးကို ယနေ့စ၍ ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာ၏ အစွမ်းအာနုဘော်ကြောင့် ဤတရားဒေသနာတော်၌ ညွှန်ကြားသည့်အတိုင်း ကျင့်ကြံပွါးများ အားထုတ်နိုင်ကြ၍ ဝိပဿနာ

ဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသည်။

ဥပမေယျပိုင်း

စာတ်ကြီး ၄–မါး

ကနေ့ နယုန်လပြည့်နေ့ဆိုတော့ မြတ်စွာဘုရား မဟာသမယသုတ်ကို ဟောတော်မူတဲ့နေ့ ဖြစ်တဲ့အတွက်ကြောင့် မဟာသမယနေ့လို့ အသိအမှတ်ပြုပြီးတော့ အရပ်ရပ် ဌာနပေါင်းများစွာတွေမှာ မဟာသမယသုတ်ကို ရွတ်ဖတ်ကြ ပူဇော်ကြတယ်၊ ဒါတွေဟာလဲပဲ ကောင်းတဲ့ ဥစ္စာတွေပါပဲ၊ မဟာသမယသုတ် ရွတ်ဖတ်ပြီးတော့ ပူဇော်ကြတယ်၊ မြတ်စွာဘုရားနှင့်တကွ အဲဒီ အချိန်အခါတုန်းက ရဟန္တာ ၅၀၀၊ ရဟန္တာ ၅၀၀ ကလဲ သာကီဝင်မျိုးထဲကဖြစ်တဲ့ မင်းသားတွေက ဖြစ်လာတဲ့ ရဟန်းတော်တွေပဲ၊ ထိုနေ့ချင်းမှာပဲ ကိလေသာအာသဝေါ ကုန်ပြီးတော့ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ၅၀၀–နဲ့ မြတ်စွာဘုရားနဲ့ စည်းဝေးမိတဲ့အခါကာလ နတ်တွေဗြဟ္မာတွေ ကမ္ဘာအရပ်ရပ်က လာပြီးတော့ ဖူးမြော်ကြ ကန့်တော့ကြတယ်၊ အဲဒီ အချိန်အခါကာလမှာ နတ်ဗြဟ္မာအစည်းအဝေးကြီးကို မြတ်စွာဘုရားက မဟာသမယသုတ် ဟောပြီးတော့ ထားပါတယ်၊ အဲဒီ မဟာသမယသုတ် ရွတ်ဖတ်သောအားဖြင့် မြတ်စွာဘုရားနဲ့တကွ ရဟန္တာဖြစ်ခါစ ကိလေသာစင်ကြယ်ပြီးတော့နေတဲ့ ရဟန္တာ ၅၀၀၊ ရဟန္တာသံဃာတွေလဲ အာရုံပြုပြီးတော့ ပူဇော်ခြင်းဖြစ်ပါတယ်၊ ဘုန်းကြီးက ဒီကနေ့ ဟောရမယ့် တရားကတော့ တနေ့က တရားအစဉ်ဟောရမယ်၊ စဉ်ထားပြီးသား ရှိနေတယ်၊ တနေ့က ဟောခဲ့တာ အာသီဝိသောပမ သုတ္တန် တရားက တော်တော်နဲ့မကုန်ပါဘူး၊ တပိုင်းချင်း တပိုင်းချင်း ဟောရမယ်၊ ဒီတခါ တော်တော် စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့်ဟောရမယ်၊ ဒီတော့ ခေါင်းစဉ်ကလေး ဆိုကြအုံးစို့။

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊
သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဘက်၊
တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊
ရောက်ကတဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဒမြ၊
ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊
ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊
ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊
အတွင်းကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊
ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊
ကောင်းစွာညွှန်ကြား၊ ကယ်သူကား ဘုရားမြတ်ပေတည်း။

တနေ့က ဟောခဲ့တဲ့အတိုင်း ခေါင်းစဉ်ကလေး အကုန်လုံး အစုံပါပါတယ်၊ ဒါတော့ တဖြေးဖြေး ဟောရမယ်။

မြွေကြီး ၄–ကောင် ဓာတ်ကြီး ၄–စင်း

မြွေလေးကောင်ကား လေးပါးဘုတ်ဓာတ်တဲ့၊ မြွေကြီး ၄–ကောင် အင်မတန် အဆိပ် ပြင်းထန်တဲ့ မြွေဆိုးကြီး ၄–ကောင်၊ မြွေထိန်းယောကျ်ားကို အပ်နှင်းထားတယ်၊ မြွေထိန်းယောကျ်ားက ထွက်ပြီးတော့ပြေးတော့ မြွေကြီး ၄–ကောင်က လိုက်တယ်၊ နောက်က သူ့ရန်သူကြီး ၅–ဦးကလဲ ဘုရင့်အမိန့်အရနဲ့ တွေ့ရာသရဲ့ချင်း သတ်ဖို့ လိုက်တယ်၊ နောက်တခါ သူ့မိတ်ဆွေဖြစ်တဲ့ ငယ်ပေါင်းကြီးဖော် သူနဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေကလဲပဲ ဘုရင်မင်းမြတ်ထံကနေပြီး ကတိသစ္စာခံပြီးတော့ တွေ့ရာသတ်ဖို့ရာ သူကလဲပဲ ချီမိုးအပ်သော သန်လျက်ချီ၍ ဆိုတာကိုး၊ ဓားထမ်းပြီးတော့လိုက်တယ်၊ အဲဒီလို လိုက်လို့ ကြောက်လို့ ပြေးနေယင်း ရွာပျက်ကုန်းကို ရောက်တယ်၊ ရွာထဲဝင်ပြီးတော့ နေရာက ဒမြ ၆–ယောက် ဝင်လာတယ် ဆိုတာနဲ့ ထွက်ပြီးပြေးတော့ ရေပြင်ကျယ်မြစ်ကြီး၊ သို့မဟုတ်လျှင်လဲပဲ ပယ်လယ်ကွေ့ကြီးပေါ့လေ၊ အဲဒီ ရောက်တော့ ကူးစရာမရှိလို့ ဖြစ်သမျှနဲ့ နွယ်တို့, မြက်တို့, သစ်ခက်တို့ စသည် စုရုံးပြီးတော့ ဖောင်ကလေးလုပ်၊ ဖောင်ကလေးလုပ်ပြီးတော့ လက်နဲ့ ခြေနဲ့ ယက်ပြီးတော့ ကူးသွားတော့ ဟိုဘက်ကမ်းရောက်တယ်၊ ဟိုဘက်ကမ်းရောက်တော့ အကုန်လုံး ဘေးရန် အန္တရာယ်တွေ လွတ်ကင်းပြီးတော့ သွားတယ်၊ အဲဒါကို ဥပမာပြုပြီးတော့ မြတ်စွာဘုရားက ပြတယ်။

ဥပမာ ခေါ် မျာယံ ဘိက္ခဝေ ကတာ အတ္ထသ ဝိညာပနာယ၊ အယံ စေတ္ထ အတ္ထော။

(နှာ ၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့၊ အတ္ထသ ဝိညာပနာယ၊ သိလိုအပ်သော အနက်ကို သိစေခြင်းအကျိုးငှါ။ ဥပမာ၊ ဥပမာကို။ ဝါ–ဥပမာ၊ ဆိုခဲ့ပြီးသော မြွေကြီး ၄–ကောင် ဥပမာကို။ မေ မယာ၊ ငါသည်။ ကတာ၊ ပြုအပ်လေပြီ။ စ၊ စင်စစ်အားဖြင့်သော်ကား။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဥပမာစကားရပ်၌။ အတ္ထော၊ ဆိုလိုရင်းအနက်ပင် ဖြစ်တော့သည်။

ဥပမာပြတာကတော့ ဟောချင်တဲ့အနက် သိစေလိုတဲ့အနက်ကို နားလည်းလွယ်အောင် ဥပမာပေးတာပါပဲတဲ့၊ အခုပြောမယ့် အနက်အဓိပ္ပါယ်သည်သာလျှင် လိုရင်းပါပဲလို့ မြတ်စွာဘုရားက အနက်အဓိပ္ပါယ်ကို ဟောတယ်။

စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာတိ ခေါ် ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ။

(သံ၊ ၂။ နှာ ၃၈၂။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဂ္ဂတေဇာ၊ ထက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတ္တာရော အာသီဝိသာတိ ဧတံ၊ မြွေကြီး ၄–ကောင်တို့ ဟူသော ဤအမည်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ် ရုပ်တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ ပထဝီဓာတုယာယာ၊ ပထဝီဓာတ်၏ လည်းကောင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်၏ လည်းကောင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်၏ လည်းကောင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၏ လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။

အဆိပ်ထန်တဲ့ မြွေကြီး ၄–ကောင်ဆိုတာ တခြား မဟုတ်ဘူး၊ လူတိုင်း လူတိုင်း, ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာရှိပြီးတော့နေတဲ့ ဓာတ်ကြီး ၄–ပါးရဲ့ အမည်ပဲ၊ ဓာတ်ကြီး ၄–ပါး ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ် ဝါယောဓာတ်တဲ့၊ ဗမာပြည်မှာ တရားဝါသနာပါတဲ့ ပုဂ္ဂိုလ်ဟာ ဓာတ်ကြီး ၄–ပါး နာမည်လောက်ကတော့ သိနေကြတာပါပဲ၊ မသိတဲ့ ပုဂ္ဂိုလ်ရှိမယ် မဟုတ်ဘူးနဲ့ တူပါတယ်၊ သိမှာပါပဲ၊ တရား ဝါသနာပါတဲ့ ပုဂ္ဂိုလ်ဆို သိကြတယ်၊ အဲဒီ ဓာတ်ကြီး ၄–ပါးပဲ၊ မြွေကြီး ၄–ကောင်နဲ့ ဥပမာပြုထားတယ်။

မြွေကြီးတွေ ပထမက မြွေထိန်းယောကျ်ားခန့်လိုက်တဲ့အခါ ကာလကျတော့ မြွေကြီးတွေက ကိုယ်ပေါ်တက်နေပုံ၊ တနေ့က ပြောခဲ့တယ်၊ လက်မောင်းရစ်ပတ်ပြီးတော့ နားနားမှာ ပါးပျဉ်းထားပြီးတော့ အိပ်နေပုံ၊ လက်ဝဲဘက်ကလဲ ထို့အတူပဲ၊ ရှေ့ကနေပြီးတော့ ဖိုက်ပတ်ပြီးတော့ လည်ပင်းမှာ ခေါင်းထားပြီးတော့ အိပ်နေပုံ၊ တကောင်က ကျောကတက်ပြီးတော့ လည်ပင်းပတ်ပြီးတော့ ခေါင်းပေါ်မှာ ပါးပျဉ်းထားပြီးတော့ အိပ်နေပုံ၊ မြွေကြီးတွေ အဲဒီလိုပဲ ကိုယ်ထဲ မြွေကြီးတွေ ရောက်နေတယ်၊ ဒီမြွေကြီးတွေဟာ အဆင်မသင့်လို့ရှိယင် ကိုက်တော့မှာ၊ ကိုယ်ထဲမှာ မြွေကြီးတွေ ရောက်နေတယ်။

ဒါပေမယ်လို့ မြွေထိန်းယောကျ်ားက ဒီမြွေကြီးတွေ သူ့အပေါ် တက်နေတာကိုပဲ သူက သဘောကျနေတယ်၊ မြွေကြီးတွေတယ်လှတယ်၊ လက်ကောက်များ ဝတ်ထားသလိုပဲ၊ လက်ကြပ်များ ဝတ်ထားသလို၊ လည်းပင်ခွေပတ်နေတာများ လည်ဆွဲ

တန်ဆာများ ဝတ်ဆင်ထားသလိုပဲ တယ်လှတယ်၊ မြွေအဆင် တန်ဆာကြီးတွေ ငါရလာတာပဲ ဆိုပြီးတော့ သာယာနေတယ်လို့ ပြောတယ်၊ ဒါက ဥပမာပဲ၊ ဥပမေယျမှာ ဓာတ်ကြီး ၄–ပါးပဲတဲ့။

နေရာတကာ ဓာတ်ကြီး ၄–မျိုးရှိခြင်း

မြွေကြီး ၄–ကောင်ဆိုတာ တကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တက်နေတယ်၊ ဒီမြွေတွေဟာ ခုနကဥပမာက ပြထားတာ တောင်မှ ဥပမေယျလိုရင်းအနက်က လက်လောက်, ကိုယ်လောက်, ခေါင်းလောက်တွင် မဟုတ် ဘူးတဲ့၊ သူက အကုန်လုံးပဲ တကိုယ်လုံး အတွင်း–အပြင် အနှံ့အပြားပဲ၊ ဓာတ်ကြီး ၄–ပါးဆိုတာ နေရာတကာမှာ ရှိတာပဲ၊ တကိုယ်လုံး ဘယ်နေရာမှ ဓာတ်ကြီး ၄–ပါး လွတ်တဲ့နေရာ မရှိဘူး၊ အပ်ဖျားကလေး တထောက်လောက်မှာလဲပဲ ဓာတ်ကြီး ၄–ပါး အပြည့်အစုံရှိတာပဲ၊ ကလာပ်ကလေး တစီးဆိုယင် ဓာတ်ကြီး ၄–ပါး ပါတာပဲ၊ ဓာတ်ကြီး ၄–ပါး မပါပဲနဲ့ ဓာတ်ကြီး ၄–ပါးက မဖြစ်ကို မဖြစ်နိုင်ဘူး။

အခု ဓာတ်တွေ ခွဲစိတ်စမ်းသပ်တဲ့ ပုဂ္ဂိုလ်တွေက တဖြည်းဖြည်း တိုးတက်ပြီးတော့ လာတာ၊ အဲဒီ ဓာတ်ကြီး ၄–ပါး တွေလဲ သူတို့တွေ့တယ်၊ နောက်ဆုံးဓာတ်ကြီး ၄–ပါးသဘောတွေ တွေ့တယ်၊ အက်တွန်တို့, ဖရိတွန်တို့ ဆိုတာတွေ၊ ဒါတွေ တွေ့လာတယ်၊ သူတို့ လှုပ်ရှားနေတဲ့ ဓာတ်နဲ့ အဲဒီ လှုပ်ရှားနေတဲ့ဓာတ် တခြားကို မပြေးနိုင်အောင်လို့ ထိန်းထားတဲ့ ဓာတ်နဲ့၊ ပြီးတော့ ဒါပြင် နယူတွန်တို့ နယူဖရယ်တို့ဆိုတဲ့ ဓာတ်တွေ တွေ့လာတယ်၊ ဓာတ်ကြီး ၄–ပါး၊ ဒီက ဓာတ်ကြီး ၄–ပါးနဲ့ တူပါ တယ်၊ ဓာတ်ကြီး ၄–ပါးတဲ့ တသဘောတည်းပါပဲ၊ သူတို့တွေ့ထားတာ အသေးစိတ်လိုက်တော့ နောက်ဆုံး ဒါတွေ့တာပဲ။

ဒီဥစ္စာတွေ့တဲ့အခါမှာလဲ သူတို့ ဘယ်လိုလုပ်ကြည့်သလဲ မသိဘူး၊ အင်မတန် လင်းသွားလို့ရှိယင်လဲ ဗျောက်သွား တယ်တဲ့၊ ဒီဥစ္စာတွေဟာ အင်မတန် သိမ်မွေ့နေတာ၊ အလင်းများလို့လဲ မရဘူး၊ မလင်းယင်လဲ မှောင်နေလို့ ကြည့်လို့ မဖြစ် ဘူး၊ ဒါတွေဟာ အင်မတန် ခက်တယ်ဆိုတာကို နောက်ဆုံးအသေးစိတ်ရောက်တဲ့အခါ အစိုင်အခဲ မရှိဘူးတဲ့၊ သဘောကလေး တွေပဲတဲ့၊ လှုပ်ရှားယင် လှုပ်ရှားတဲ့ သဘော၊ ဓာတ်မှန်ကလဲ ဓာတ်မှန်သဘောပဲတဲ့၊ သူ့ဟာနဲ့သူ တွဲနေတယ်၊ ဓာတ် ၄–ပါး၊ အဲဒါ နေရာတိုင်း နေရာတိုင်းမှာ ဒီဓာတ် ၄–ပါး ပါတယ်။

ရှုပ် ၈–မျိုး တွဲဖြစ်

ကလာပ် တစီး တစီးဆိုယင် ဒီဓာတ်ကြီး ၄–ပါးက ပါတော့တာပဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီး ၄–ပါး၊ အဲဒီ ဓာတ်ကြီး ၄–ပါးကို မှီပြီးတော့ ဖြစ်နေတဲ့ ဥပါဒါန်ရုပ်က ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ–ဆိုတဲ့ ဒီ ၄–ပါးကလဲပဲ ကိန်းသေပါတော့တာပဲ၊ အားလုံး ရုပ် ၈–ရုပ်၊ ရုပ် ၈–ခုထက် နည်းပြီးတော့ မဖြစ်ဘူး၊ အခု ဓာတ်ခွဲတဲ့ ပုဂ္ဂိုလ်တွေ မြင်ရ တယ်ဆိုတာလဲပဲ ဝဏ္ဏဆိုတဲ့ အဆင်းကလေးရှိလို့ မြင်တာ၊ အဆင်းကလေး မရှိယင် မမြင်နိုင်ဘူး၊ ဒီအဆင်းရုပ်ကလေးရှိလို့ ဝဏ္ဏ, ဂန္ဓ, ရသတို့ဆိုတာတွေကလဲပဲ အဲဒီအထဲမှာ ရှိတာပဲ၊ ဒါကတော့ စမ်းသပ်တဲ့ ပုဂ္ဂိုလ်တွေ တွေ့တော့တွေ့မှာပါပဲ၊ သူက လဲ အများချည်း တွေ့ပါတယ်၊ တဖြည်းဖြည်းနဲ့ သူတို့ ဓာတ်တွေ တခါတည်း တခုနဲ့တခု မတူတာတွေ ခွဲခြားထားတာ၊ ၁၀၀ တောင် ကျော်နေပြီထင်တယ်၊ သူတို့ အမျိုးအမည်တွေ ခွဲထားတာ၊ အဲဒီ အနည်းဆုံးဟာ သူက ရုပ် ၈–ပါးတွဲပြီးတော့ ဖြစ်ပါ တယ်၊ ဓာတ်ကြီး ၄–ပါး အရင်းခံက ပါရတယ်။

ပထဝီဓာတ်

ပထဝီဓာတ်တဲ့၊ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, ပထဝီဓာတ်ဆိုတာက ဘာတုံးဆိုတော့ ခက်မာ ကြမ်းတမ်းတဲ့ သဘောပဲတဲ့၊ ပထဝီဓာတ်ဆိုတာ မာမာကြမ်းကြမ်း သဘောတွေဟာ ပထဝီဓာတ်ပဲ၊ အခု အစိုင်အခဲအနေအား ဖြင့် အထည်ဝတ္ထုအနေအားဖြင့် တွေ့ရတဲ့ဟာတွေ သူတို့ ပထဝီဓာတ်တွေပဲ၊ ပထဝီဓာတ် အားကောင်းလေလေ အစိုင်အခဲအနေ အားဖြင့် ထင်ရှားလေလေပဲ၊ ခက်မာကြမ်းတမ်းတဲ့ သဘောအရင်းခံကတော့ ခက်မာကြမ်းတမ်းတာပဲ၊ ဒါပေမယ့်လို့ သူ့ထက် ကြမ်းတာနဲ့ ထောက်ဆလိုက်လို့ရှိယင် နူးညံ့တဲ့ သဘောလဲရှိတာပဲ၊ ခက်မာတဲ့ ကြမ်းတမ်းတဲ့ သဘော၊ နူးညံ့တဲ့သဘော၊ အခု ကိုယ်ထဲမှာ စမ်းသပ်ကြည့်မယ်ဆိုယင် မာကြမ်းတဲ့ သဘောတွေလဲ ရှိတယ်၊ နူးညံ့တဲ့ သဘောတွေလဲ ရှိတယ်၊ ဘယ်လိုပဲ နူးညံ့တယ်ဆိုစေကာမူ ဒါပြင်ဓာတ်တွေနဲ့ နှိုင်းစာကြည့်မယ်ဆိုယင် သူကတော့ ကြမ်းတမ်းတဲ့ သဘောတော့ ရှိတာပဲ၊ ဥပမာ အားဖြင့် မျက်လုံးထဲက ရုပ်ဆိုတာ အင်မတန် နူးညံ့တာပေါ့၊ ဒါပေမယ်လို့ သူ့အထဲမှာ ဒါပြင်ရုပ်တွေနဲ့ နှိုင်းစာကြည့်မယ်ဆို ယင် အစိုင်အခဲအနေအားဖြင့် သူကြမ်းနေတာတွေက အခိုးအငွေ့ ဖြစ်နေတာကိုး၊ သိမ်မွေ့နေတယ်။

အာပေါဓာတ်က အရေသဘော ဖြစ်နေတယ်၊ ဝါယောဓာတ်ကလဲပဲ လေသဘောကလေး ဖြစ်နေတာလဲ ဒါတွေနဲ့နှိုင်း စာလို့ရှိယင်တော့ ပထဝီက မျက်လုံးသားထဲက နူးညံ့ပါတယ်ဆိုတဲ့ အသားကလေးကလဲ ကြမ်းသေးတာပဲ၊ ဒါပြင်နေရာမှာ

တွေ့ထိမယ်ဆိုလို့ရှိယင် ဝါဂွမ်းတို့ဆိုတာ အင်မတန်နူးညံ့တာ၊ အဲဒါ ပထဝီဓာတ်တွေ၊ ဒါပေမယ်လို့ အဲဒီ နူးညံ့တဲ့အစိတ် အပိုင်းကို မျက်လုံးနဲ့ သွားထိမယ်ဆိုယင်တော့ ဒီဝါဂွမ်းကလဲ အကြမ်းကြီးပဲ မခံနိုင်ဘူး၊ သူ့ဟာ အတွေ့အထိမခံနိုင်ဘူး၊ သူ့ ထက်နူးညံ့နေတဲ့ရုပ် သွားထိတော့ မခံနိုင်ဘူး၊ အဲဒါကြောင့် ခက်မာကြမ်းတမ်းတာ နူးညံ့တာက ပထဝီဓာတ်၊ ခက်မာကြမ်း တမ်းတာတွေ၊ နူးညံ့တာတွေဟူသမျှ ကိုယ်ထဲမှာတွေ့တာ ပထဝီဓာတ်တွေကို တွေ့တယ်။

ပထဝီဓာတ် ၂၀

အဲဒီ ပထဝီဓာတ်တွေကို အကြမ်းစားအားဖြင့် မြတ်စွာဘုရား ခွဲပြထားတာ အမျိုးအမည် ၂၀–ရှိပါတယ်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊
ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရိသံ၊ မတ္ထလုင်္ဂံ။

အဲဒီတရားတွေဟာ ဦးနှောက်တိုင်အောင် အားလုံး ၂၀–ရှိတယ်၊ တချို့လဲ ဒီဥစ္စာတွေ ရနေမှာပါ၊ ဗမာလိုဆိုယင် ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ ဒါက ၅–ခု၊ ဆံပင် မွေးညင်းဆိုတာ တကိုယ်လုံးပေါက်နေတဲ့ အမွေး တွေ၊ ခြေးသည်းလက်သည်း ဆိုတာလဲပဲ ခြေဖျားလက်ဖျားမှာ ရှိတယ်၊ သွားဆိုတာလဲ ပါးစပ်ထဲမှာ ရှိတယ်၊ အရေ ၅–ခု။

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့ ငါးခုရတယ်၊ အသားဆိုတာကတော့ တကိုယ်လုံးမှာပဲ၊ အရိုးတွေဆို တာလဲပဲ အတွင်းကနေပြီး အမာခံပေါ့လေ၊ ဒီအရိုးတွေမရှိယင်လဲ ဒီကိုယ်ကြီး ထောင်မနေနိုင်ဘူး အကုန်လုံးပြားကျသွားမှာ ဝပ်သွားမှာ၊ အရိုးတွေ အကြောင်းအားလျော်စွာ ရောဂါဝေဒနာရှိလို့ တချို့ အရိုးတွေထုတ်ပစ် ရလို့ အရိုးမရှိတဲ့လူတွေ ဆေးရုံ မှာရှိတယ်၊ နံရိုးတွေထုတ်လို့ ဒီအတိုင်းဆိုလို့ရှိယင် ဝပ်ပြီးတော့ ပြားပြားနေမှာ အောက်ကစပရိန်နဲ့ ခံထားရတယ်၊ အဲဒါ အရိုး တွေရှိနေလို့ ထူထူထောင်ထောင် ဖြစ်နေတာ၊ တကိုယ်လုံးမှာ အရိုးတွေကလဲရှိတယ်၊ အရိုးတွေမှာ အရိုးကြမ်းရှိတယ်၊ အနုရှိ တယ်၊ အသား၊ အကြော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၏ အသား၊ အကြော၊ အကြောတွေလဲ တကိုယ်လုံးမှာ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတဲ့၊ အညှို့တဲ့၊ အညှို့ဆိုတာ ဒါကတော့ ဝမ်းထဲမှာ ဗိုက်ထဲမှာ သိပ်မထင်ရှားပါဘူး၊ မထင်ရှားသော်လဲ များသောအားဖြင့်တော့ နှလုံးသွင်းရတယ်။

ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ။ ပပ္ဖါသံ၊ ဟဒယံ၊ နှလုံး၊ ယကနံ၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ်၊ နှလုံးဆိုတာလဲပဲ တော်တော်တော့ ထင်ရှားပါတယ်၊ အသည်းလဲ ထင်ရှားတာပဲ၊ အမြှေးကတော့ အပေါ်မြှေးလေးဆိုတော့ ဒါတွေက သိပ်မထင်ရှားဘူး၊ အတွင်းမှာရှိတယ်၊ အဖျင်း၊ အဖျင်းဆိုတာလဲ ထင်ရှားတယ်၊ အဆုပ်ဆိုတာလဲ ထင်ရှားတယ်၊ အဆုပ်ဆိုတာ ညာဘက်၊ ဗယ်ဘက်မှာ အကြီးကြီးပါပဲ၊ အဆုပ်ကြီး အကြီးကြီး အစိုင်အခဲသဘောရှိတဲ့ ပထဝီဓာတ်တွေ။

အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရိသံ, မတ္ထလုင်္ဂံ။ အန္တံ၊ အူမ၊ အန္တဂုဏံ၊ အူသိမ်၊ အူတွေ တခုနဲ့တခု တွဲထားတဲ့ အူသေး ကလေးတွေပေါ့၊ အစာသစ်၊ အစာသစ် ဆိုတာကတော့ နေ့တိုင်း နေ့တိုင်း စားနေတဲ့ မသေခင်အတွင်း အစာသစ်ဖြစ်တယ်၊ အစာဟောင်းတဲ့၊ အစာကြေညက်သွားတဲ့အခါ ကျင်ကြီးဖြစ်သွား၊ ဦးနှောက်တဲ့၊ ဦးနှောက်ဆိုတာက ခေါင်းထဲမှာရှိတယ်၊ အဲဒီဟာတွေက အမျိုးအမည် ၂၀–ရှိတယ်၊ ဒါက အမာခံ အကြမ်းသဘောဖြစ်နေလို့ ဒါပထဝီဓာတ်ပဲလို့ ပထဝီဓာတ်လွန်ကဲနေ တာ။

အဲဒီအထဲမှာ အနူးအညံ့တွေလဲပါတယ်၊ ဦးနှောက်တို့ဆိုတာ နုနေတာပဲ၊ အတွင်းက အသည်းတို့ နှလုံးတို့ အမြှေးတို့ ဒါလေးတွေဟာ နုနေပါတယ်၊ ဒါပေမယ်လို့လဲ ဒီပြင်ဓာတ်တွေနဲ့ နှိုင်းစာလို့ ရှိယင် သူတို့ ကြမ်းနေသေးတာပဲ၊ ဒါကြောင့် "ကြမ်းတမ်းမာခက်၊ ချောညက်တမည်" ကြမ်းတမ်းသည်၊ ခက်မာသည်၊ ချောသည်၊ ညက်သည်၊ နူးညံ့သည်၊ အဲဒါဟာ ပထဝီဓာတ်ရဲ့ လက္ခဏာပဲတဲ့၊ ပထဝီဓာတ် တွေ့လို့ရှိယင် အဲဒီအတိုင်းတွေ့တယ်၊ ကြမ်းတမ်းတယ်၊ နူးညံ့နေတယ်၊ ခက်မာ တယ်၊ ချောသည်၊ ညက်သည်၊ နူးညံ့သည်၊ အဲဒါဟာ ပထဝီဓာတ်ရဲ့ လက္ခဏာပဲတဲ့၊ ပထဝီဓာတ်တွေ့လို့ရှိယင် အဲဒီအတိုင်း တွေ့တယ်၊ ကြမ်းတမ်းတယ်၊ ခက်မာတယ်၊ အတုံးအခဲအနေအားဖြင့်လဲ တွေ့တယ်၊ ချောနေတယ်၊ ညက်နေတယ်၊ နူးညံ့နေ တယ်၊ ဒီလို အနေအားဖြင့်လဲ တွေ့တယ်၊ ကိုယ်ထဲမှာ အတွေ့အထိတွေကို လိုက်ပြီးတော့ မှတ်တော့ ထိတယ် ထိတယ်ဆိုလို့ ရှိယင် ကြမ်းတမ်းတဲ့ သဘောတွေတွေ့ရတယ်၊ ခက်မာတဲ့သဘောတွေ တွေ့ရတယ်၊ အစိုင်အခဲသဘောတွေ အတုံးအခဲသဘော တွေတွေ့ရတယ်၊ နူးညံ့ချောညက်နေတဲ့ သဘောတွေတွေ့ရတယ်၊ ဒါပထဝီဓာတ်တွေ တွေ့နေတာပဲ၊ တည်ရာကိစ္စ သူကပြု သည်" တဲ့၊ တည်ရာကိစ္စ ပရမတ္ထ သဘောတရားတွေ တွေ့လို့ ရှိယင် လက္ခဏာနဲ့ ရသနဲ့၊ ပစ္စုပဋ္ဌာန်နဲ့ တွေ့တယ်၊ လက္ခဏာ နဲ့ ယင်လဲ တွေ့တယ်၊ ရသနဲ့ ယင်လဲ တွေ့တယ်၊ ပစ္စုပဋ္ဌာန်နဲ့ ယင်လဲ တွေ့ရတယ်။

လက္ခဏာ ၂–မျိုး

လက္ခဏာဆိုတာ ၂–မျိုးရှိတယ်၊ သဘာဝလက္ခဏာတဲ့ သာမညလက္ခဏာတဲ့ ၂–မျိုး ရှိတယ်၊ သာမည လက္ခဏာ ဆိုတာကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အတ္တမဟုတ်တဲ့သဘော၊ အဲဒီဟာက သာမည လက္ခဏာ၊ ရုပ်တိုင်းနာမ်တိုင်း အကုန်လုံးနဲ့ ဆက်ဆံနေလို့ သာမညလက္ခဏာ ခေါ်တယ်၊ အားလုံးသော တရားတွေမှာ အနိစ္စလက္ခဏာ၊ မမြဲတဲ့သဘောရှိတယ်၊ ဒုက္ခလက္ခဏာ ဆင်းရဲတဲ့သဘောရှိတယ်၊ အနတ္တလက္ခဏာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ တရားသဘောအနေအားဖြင့် ရှိတယ်၊ အဲဒါကြောင့် အားလုံးသော လက္ခဏာတွေနဲ့ ဆက်ဆံနေတဲ့ အတွက်ကြောင့် သာမည လက္ခဏာ ခေါ်တယ်။

သဘာဝလက္ခဏာ ဆိုတာကတော့ ကိုယ် သဘောတရား တခုတခုရဲ့ ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ၊ ရုပ်တရား နာမ်တရား တခုတခုရဲ့ အထည်ကိုယ်လို့ ခေါ်ရတဲ့ ပင်ကိုရင်းသဘောပဲတဲ့၊ အဲဒါကို သဘာဝလက္ခဏာ ခေါ်ပါတယ်။

လက္ခဏာစသည်

ဝိပဿနာ ရှုတယ်ဆိုလို့ ရှီယင် အဲဒီလက္ခဏာတို့၊ ရသတို့၊ ပစ္စုပဋ္ဌာန်တို့၊ ပဒဋ္ဌာန်တို့ ဒါတွေနဲ့ ရှုရတယ်၊ ဒီလို လက္ခဏာတွေနဲ့ သိရတယ်၊ အတွေ့အထိတွေကို မှတ်လို့ရှိယင် ထိတယ်–ထိတယ် မှတ်ယင် ပထဝီဓာတ် တွေ့ယင် အဲဒီ လက္ခဏာနဲ့ ကက္ခဋ္ဌလက္ခဏာ၊ ခက်မာသည်၏ အဖြစ်လျှင် သူ့လက္ခဏာပါပဲတဲ့၊ အရင်းခံကလေး ဆိုထားတယ်၊ ကက္ခဋ္ဌတ္တ လက္ခဏာ၊ ခက်မာသည်၏အဖြစ်၊ ခက်မာကြမ်းတမ်းတယ်ဆိုတာ သူ့လောက် မကြမ်းတာတွေကျတော့ နူးညံ့တယ်၊ ချောညက်တယ်လို့ ခေါ်ရတော့တာပေါ့၊ ဒါကြောင့် "ကြမ်းတမ်းမာခက်၊ ချောညက်တမည်" ဒီက ဆောင်ပုဒ်ကလေး စီးထား တယ်။

ပတိဋ္ဌာနရသာ၊ တည်ရာကိစ္စရှိတယ်တဲ့။ တည်ရာကိစ္စရှိတယ် အခုမြေကြီးများဟာ အရာဝတ္ထုတွေ သူ့အပေါ်တည်ရ တာပဲ၊ လူတွေလဲ မြေကြီးပေါ် တည်နေရာတာပဲ၊ မြေကြီးကခံနေလို့ မခံလို့ရှိယင် ကျွံကျသွားမယ်၊ အလုံးစုံသော အရာဝတ္ထု တွေ အဆောက်အအုံတွေရော အကုန်လုံး မြေကြီးပေါ် တည်နေရတယ်၊ မြေကြီးမရှိယင် ထောက်ရာတည်ရာ မရှိဘူး၊ အကယ် ၍သာ ဟင်းလင်းပြင်ကြီးသာ ဖြစ်နေမယ်ဆိုယင် အကုန်လုံး အောက်ပြုတ်ကျကုန်မှာပေါ့။ အခုတော့ မြေကြီးကခံထားတယ်၊ ခံထားတော့ ဒီမှာတည်နေတယ်၊ အဲဒီတော့ အမာခံဓာတ်က ခံထားလို့ တည်နေတယ်တဲ့၊ ပတိဋ္ဌာနရသာ၊ တည်ရာသဘော သူကရှိတယ်တဲ့။

သမ္ပဋ္ဌိစ္ဆနပစ္စုပဋ္ဌာနာ–ခံလင့်ခြင်း၊ လက်ခံထားခြင်း၊ လက်ခံထားသည့်အနေအားဖြင့် ထင်ရှားတယ်တဲ့၊ တည်ရာဆို တော့ လက်ခံထားတာပေါ့၊ တည်ရာနဲ့ လက်ခံတာနဲ့က တဆက်တည်းပါပဲ၊ တည်ရာသဘောက သူ့အတွင်းမှာ ပကတိ ပင်ကို ရင်းအားဖြင့် တည်ရာသဘောရှိတယ်၊ တည်ရာသဘောရှိတော့ သူက ခံပြီးတော့ ထားတယ်၊ တောင့်ခံပြီးတော့ ထားတယ်၊ မြေကြီးပေါ်နင်းလိုက်ယင် မြေကြီးကကျွံကျမသွားအောင် နင်းတဲ့ခြေထောက်ကလဲပဲ အဲဒီမှာ ခြေထောက်ကနေပြီး မြေကြီးကို ခံထားတယ်၊ အထဲကိုဝင်မလာအောင် သူကလဲ ခံထားတယ်၊ ၂–ခုလုံး ၂–ဘက်လုံး ပထဝီဓာတ် ၂–ခု ခံထားတယ်၊ အောက်ခံ ကလဲ ပထဝီဓာတ်နဲ့ အထက်ကနင်းတာကလဲ ပထဝီဓာတ်နဲ့ (အမာခံဓာတ်ချင်း အမာခံဓာတ်ချင်း တိုက်ပြီးတော့ ရပ်နေတယ်၊ အဲဒါဟာ ပတိဋ္ဌာနကိစ္စ ရှိတယ်တဲ့၊ တည်ရာကိစ္စ ရှိတယ်၊ တည်ရာကိစ္စရှိလို့ ခံလင့်ထားတဲ့ သဘောရှိတယ်။

ပြီးတော့ ဓမ္မသင်္ဂဏီကျမ်းမှာ ပါတယ်၊ အဲဒီ အစိုင်အခဲ အမာခံသဘောတွေ ဟူသမျှဟာ လေးသောသဘော ထင်ရှား တယ်တဲ့၊ အခု ကိုင်ပြကြည့်၊ မ, ပြကြည့်ယင် လေးတာတွေ တွေ့ရတယ်၊ တခုနဲ့တခုနဲ့ ထောက်ဆကြည့်ယင် ဒါကပေါတယ်၊ ဒါက လေးတယ်၊ ဒီဟာက လေးတယ်၊ ဒီဟာက ပေါ့တယ် စသည်ဖြင့် ခေါ်ရတယ်၊ အဲဒီတော့ အဲဒီဟာလဲပဲ ပထဝီဓာတ်ပဲတဲ့၊ ဂရုကံတို့ လဟုကံတို့ဆိုတာ ဓမ္မသင်္ဂဏီမှာ ဟောတယ်၊ အဲဒါကြောင့် "ခံလင့်ဆောင်ရေးပေါ့, လေး ထင်သည်"လို့ ဘုန်းကြီး က ဆောင်ပုဒ်ကလေး ဆိုထားပါတယ်။

ပထဝီဓာတ်ရဲ့ လက္ခဏာ၊ "ပထဝီဓာတ်၊ သိမှတ် မြတ်ယောဂီ"တဲ့၊ ပထဝီဓာတ်၊ ပထမလက္ခဏာ ဆိုတာဟာဘာလဲဆို ယင် ရုပ်နာမ်တရားတို့၏ အထည်ကိုယ်လို့ဆိုထိုက်တဲ့ ပင်ကိုရင်းသဘောဖြစ်သည်၊ သဘာဝလက္ခဏာဟူသည်မှာ ရုပ်နာမ် တရားတို့၏ အထည်ကိုယ်ဟုခေါ်ထိုက်တဲ့ ပင်ကိုရင်းသဘောပင် ဖြစ်သည်၊ ရုပ်နာမ်တရားရဲ့ အထည်ကိုယ်လက္ခဏာ ဆိုတာ ရုပ်နာမ်တရား၊ ဒိပြင်မရှိဘူးသူပဲ၊ ရုပ်နာမ်တရား ဥပမာ–အိမ်ဆိုတာဟာ အထည်ကိုယ်ရှာမယ်ဆိုယင် သစ်သားနဲ့ဆောက်ထား တဲ့အိမ်ဆိုယင် သစ်သားအစုအပေါင်းကို ဆိုတယ်၊ တိုင်ရယ်, ထုပ်လျောက်, ဒိုင်းမြား, အဲဒါတွေ အကုန်လုံးပေါင်းလိုက်လို့ရှိ ယင် နံရံတွေရော, အမိုးတွေရော, အခင်းတွေရော, အဲဒါတွေဟာ အိမ်ရဲ့အထည်ကိုယ်ပဲ၊ အထည်ကိုယ်ဆိုတာ သူပဲ၊ ဒါတွေ တခုချင်း တခုချင်း နုတ်ကြည့်ယင် အိမ်မရှိဘူး၊ ဘာမှ အိမ်မရှိတော့ဘူး၊ အဲဒါလိုပဲ ရုပ်နာမ်တရားတို့ရဲ့ အထည်ကိုယ်ဆိုတာ

ရုပ်နာမ်တရားပါပဲ၊ လက္ခဏာဆိုတာ ရုပ်နာမ်တရားပဲတဲ့၊ ရုပ်နာမ်တရားကို ဒါကြောင့် လက္ခဏာနဲ့သိရတယ်ဆိုယင် ရုပ်တရား နာမ်တရားရဲ့ အထည်ကိုယ်ကလေး သိရတယ်၊ ပကတိအရင်းခံဖြစ်တဲ့ သဘောတရားကလေး သိရတယ်၊ ပထဝီဓာတ်မှာဆိုယင် ကက္ခဋ္ဌတ္တလက္ခဏာ ရှိတယ်တဲ့၊ ခက်မာကြမ်းတမ်းတဲ့ သဘောဟာ သူ့လက္ခဏာပဲတဲ့၊ အထည်ကိုယ်ပဲတဲ့၊ ပထဝီဆိုတာ ကြမ်းတမ်းတဲ့ သဘောလေးပဲတဲ့၊ ခက်မာတဲ့ သဘောလေးပဲတဲ့၊ ကြမ်းတမ်းတော့ နူးညံ့တာလဲ သူပဲတဲ့၊ သူ့ထက် ကြမ်းတမ်းတာနဲ့ ထောက်ဆလိုက်လို့ရှိယင် နူးညံ့တာလဲ ရှိတယ်၊ နူးညံ့တာ သူပဲ။

"ကြမ်းတမ်းမာခက်၊ ချောညက် တမည်၊ တည်ရာကိစ္စ၊ သူက ပြုသည်" မာနေတော့ကို တည်ရာဌာန ဖြစ်နေတော့တာပေါ့၊ "ခံလင့်ဆောင်ရေး၊ ပေါ့, လေး ထင်သည်"၊ ခံလင့်တဲ့သဘော၊ ပေါ့တဲ့သဘော လေးတဲ့သဘော ရှုတဲ့ပုဂ္ဂိုလ် ယောဂီရဲ့ ဉာဏ်ထဲမှာ ထင်လာတယ်တဲ့၊ ပေါ့တယ်ဆိုတာလဲ သူပဲ၊ လေးတယ်ဆိုတာလဲ သူပဲ၊ ခံထားတယ် ဆိုတာလဲ သူပဲတဲ့၊ ဒီလို ထင်ပါတယ်၊ ဆောင်ပုဒ်ကလေး ပေးထားပါတယ်။

အဲဒါက အကြမ်းနဲ့ရော အနုနဲ့ရော သိရအောင်၊ အကြမ်းနဲ့ဆိုယင် ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်,အစာသစ်, အစာဟောင်း, ဦးနှောက်ဆိုတဲ့ အမျိုးအမည် ၂၀–ရှိတယ်၊ အဲဒါက အကြမ်းဖျင်းအားဖြင့် မှတ်သားထားဖို့၊ လက္ခဏာနဲ့ဆိုလို့ ရှိယင်တော့ ကက္ခဋ္ဌတ္တလက္ခဏာရှိတယ်၊ ခက်မာကြမ်းတမ်းသော သဘောရှိတယ်၊ ပတိဌာနရသာ တည်ရာကိစ္စရှိတယ်၊ သမ္ပဋ္ဌိစ္ဆနရသာ ခံလင့်ခြင်း ခံလင့်နေသောအားဖြင့် ယောဂီရဲ့ဉာဏ်ထဲမှာ ထင်တယ်တဲ့၊ ခံလင့်နေသောအားဖြင့် တနေရာနဲ့ တနေရာ တိုက်ခံနေတဲ့သဘောပေါ့၊ ဟိုဘက် ဒီဘက် တိုက်ခံနေတဲ့သဘောဟာ ပထဝီဓာတ်ပဲတဲ့၊ ဒီလိုဆိုပါတယ်။

ပထဝီဓာတ် ရှုမှတ်သိ

ဆောင်ပုဒ်ကလေးတော့ ဆိုကြအုံးမှ ဖြစ်မယ်၊ ပြောစရာတွေ အများကြီး ရှိတယ်၊ ပြောစရာတွေက တော်တော်နဲ့ကို ကုန်မှာ မဟုတ်ဘူး။

ကြမ်းတမ်းမာခက်၊ ချောညက်တမည်။
တည်ရာကိစ္စ၊ သူကပြုသည်။
ခံလင့်ဆောင်ရေး၊ ပေါ့,လေး ထင်သည်။
ပထဝီဓာတ် သိမှတ် မြတ်ယောဂီ။

ပထဝီဓာတ် ရှုမှတ်မိလို့ရှိယင် အဲဒီအတိုင်း သိရမယ်တဲ့၊ ကြမ်းတမ်းတဲ့ သဘော၊ မာခက် ခက်မာတဲ့သဘော၊ ချောညက်တဲ့သဘော၊ နူးညံ့တဲ့သဘောအနေအားဖြင့် တွေ့ရလိမ့်မယ်တဲ့၊ တနေရာရာက တွေ့ထိတာလေးမှတ်လို့ရှိယင် ထိတယ်–ထိတယ်ဆိုယင် အဲဒါ ကြမ်းတဲ့တဲ့အနေအားဖြင့်ယင်လဲ တွေ့မှာပဲ၊ နူးညံ့တဲ့ အနေအထားအားဖြင့်ယင်လဲ တွေ့မှာပဲ၊အလုံးအခဲအစိုင်အခဲအနေအားဖြင့်ယင်လဲ တွေ့မှာပဲ၊ အဲဒါတွေဟာ ပထဝီဓာတ်ကို တွေ့တာ၊ ပထဝီဓာတ်မာယင် မာတာ၊ ကြမ်းယင် ကြမ်းတာ၊ နူးညံ့ယင် နူးညံ့တာ၊ ချောယင် ချောတာ၊ အဲဒါ ပထဝီဓာတ်ပဲ၊ လက်တခုနဲ့ တခုနဲ့ ထိတာကိုထိတယ်–ထိတယ်နဲ့ မှတ်လိုက်ယင်၊ ထိခါမျှလေး လက်မရှိဘူး၊ ကိုယ့်လက်ကို ထိတယ်၊ လက်ရယ်လို့ မရှိဘူး၊ ထိတာ ထိတာပဲ၊ မာယင်လဲ မာမှာပဲ၊ ကြမ်းယင်လဲ ကြမ်းမှာပဲ၊ နူးညံ့ယင်လဲ နူးညံ့မှာပဲ၊ ဒါပဲ ရှိတယ်၊ ခေါင်းက ဆံပင်ကို ထိတယ်ဆိုယင် မာမာတောင့်တောင့် ကြမ်းကြမ်းယင်လဲ တွေ့မှာပေါ့၊ ဒါမှ မဟုတ်ယင်လဲ ချောညက်နေတာယင်လဲ တွေ့မယ် ဒါပဲ၊ ထိတာကတော့ ဒါလောက်ပဲ တွေ့တယ်၊ ဆံပင်မွေးညင်းတွေ ထိယင်လဲ ဒီလိုပါပဲ၊ ခြေသည်း လက်သည်းတွေ စမ်းကြည့်လဲပဲ ဝိပဿနာနဲ့ဆိုယင် ထိတယ် ထိတာမှတ်ယင် မာတဲ့သဘော ကြမ်းတဲ့သဘော ဒါပဲ တွေ့တယ်၊ အခုဟာက သိပြီးသားဖြစ်နေတော့ ထိလိုက်တာနဲ့ လက်သည်းပဲဟ, ခြေသည်းပဲဟ ဒီလို သိကုန်တာကိုး။

အဲဒါတွေက ပကတိအသိတွေက အယင်ကျကုန်လို့ ယောဂီပုဂ္ဂိုလ်ရဲ့ အသိဆိုယင် ထိခါမျှလေးနဲ့ ဒီတွင် ရပ်ရမှာကိုး၊ မုတေ မုတမတ္တံ ဘဝိဿတိ။ မုတေ၊ ရောက်ခါမျှ၌။ မုတမတ္တံ၊ ရောက်ခါမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ထိယင် ထိခါမျှလေး ရပ်ရမှာ ထိတယ် ထိတယ်ဆိုတော့ ထိခါမျှသဘောမှာ ဆိုယင် လက်သည်းထဲက ကြမ်းတမ်းတဲ့သဘော, ခြေသည်းထဲက ကြမ်းတမ်းတဲ့သဘော၊ ဒါပဲ သိမှာပဲ။

သွားဆိုယင်လဲ သွားဟာ လျှာနဲ့ ထိတဲ့အခါကျတော့ သွားဟာ ပကတိ ပုဂ္ဂိုလ်က ထိလိုက်တယ်ဆိုယင်ပဲ လျှာနဲ့ သွားနဲ့ ထိလိုက်တယ်ဆိုတာ တခါတည်း စောစောက သိသွားပြီ၊ ဒါက ပကတိ အသိတွေကိုး။ ယောဂီပုဂ္ဂိုလ်အနေအားဖြင့် ဆိုယင် ထိတာနဲ့ ထိတယ်မှတ်လိုက်ယင် သွားထိယင် ကြမ်းကြမ်းကလေးတွေ့ယင် တွေ့မယ်၊ နူးညံ့တာတွေကယင် တွေ့မယ်၊ ချောနေတာတွေ့ယင်လဲ တွေ့မယ်၊ အဲဒါ ပထဝီဓာတ် တွေ့နေတာပဲ။

ဒါပြင်လဲ ဒီအတိုင်းချည်းပဲ၊ အရေတို့, အသားတို့ လျှောက်ပြီးတော့ထိယင် ဒီအတိုင်းပဲ၊ ကိုယ်ထဲက အမျိုးအမည် မခွဲနိုင်ပဲနဲ့ တွေ့နေတာတွေ ရှိတယ်၊ ကြမ်းတမ်းတဲ့သဘော, နူးညံ့တဲ့သဘော, တွေ့ထိနေတာတွေ၊ အဲဒါတွေ ပထဝီဓာတ်တွေ တွေ့နေတာပဲ၊ ထိတဲ့ အထိကလေးသာ စူးစိုက်ပြီးတော့ သိတယ်၊ ထိတယ်ဆိုယင်ဖြင့် အဲဒီမှာ ထိတဲ့သဘောပဲရှိတယ်၊လက်လဲ မရှိဘူး, ကိုယ်လဲမရှိဘူး, ခေါင်းလဲမရှိဘူး, မိန်းမယောကျ်ားလို့ ခေါ်စရာတွေလဲ ဘယ်ရှိလိမ့်မှာတုန်း၊ ထိခါမျှလေးပဲ၊ အဲဒီ အထဲမှာ ထိဘော့ကို ကြမ်းကြမ်းတမ်းတမ်း အနေအားဖြင့်လဲ တွေ့ရတယ်၊ နူးညံ့တဲ့အနေအားဖြင့်လဲ တွေ့ရတယ်၊အမျိုးအမည်ကို မခွဲနိုင်ဘူး၊ ဒါက အသားနဲ့ ထိတာပဲ, အရေနဲ့ ထိတာပဲ, အရိုးနဲ့ ထိတာပဲ, အကြောနဲ့ ထိတာပဲလို့ မပြောနိုင်ဘူး၊ ကိုယ်ထဲမှာ အတွေ့အထိတွေ အတွင်းကလျှောက်ပြီး တွေ့ထိသွားတာတွေ၊ အဲဒါ ကြမ်းတမ်းတဲ့သဘော, နူးညံ့တဲ့ သဘောအနေအားဖြင့် ထင်ရှားတယ်၊ ဒီတခါထိတာ ကြမ်းတယ်, ဒီတခါထိတာ နူးညံ့တယ်၊ ဒီလို သိရတယ်၊ အဲဒါတွေဟာ ပထဝီဓာတ်တွေ တွေ့နေတာပဲ၊ အဲဒါဟာ အရင်းခံကို ရှေးဦးစွာ သိရအောင်လို့ ပြောရတာ ပထဝီဓာတ်။

အာပေါဓာတ် ရှုမှတ်သိ

အာပေါဓာတ် ပြောကြအုံးစို့၊ ဓာတ် ၄–ပါးစုံအောင် ရှေးဦးစွာ ဖြေအုံးမှ၊ ဒါမှ မြွေနဲ့တူမှာ၊ အာပေါ ဓာတ်ဆိုတော့ ပဋ္ဌရဏလက္ခဏာ–ယိုစီးခြင်း လက္ခဏာရှိတယ်၊ ဒြဝလက္ခဏာ–အရေသဘောရှိတယ်တဲ့၊ "အရေတနည်း၊ ယိုစီး တမည်" အရေသဘောလဲရှိတယ်၊ ယိုစီးတတ်တဲ့ သဘောလဲရှိတယ်၊ အရေဆိုယင် ယိုစီးတော့တာပေါ့လေ၊ အဆီးအတားမရှိယင် သူကတော့ စီးကျသွားတော့တာပဲ၊ ကိုယ်ထဲကနေပြီးတော့ အရေသဘောတွေ တံတွေးတို့နှပ်တို့ ယိုစီးကျနေတာတွေ ပြည့်လို့ပဲ၊ ချွေးတွေကလဲ ယိုစီးကျနေတာပဲ၊ အထိန်းအသိမ်းမရှိယင် တခါတည်း ယိုထွက်နေတာပဲ၊ ယိုစီးကျနေတာ အဲဒါအရေတွေ၊ အရေတနည်းယိုစီးတမည်၊ အရေးဆိုလို့ရှိယင်လဲ ယိုစီးတာပဲ၊ ယိုစီးလို့ရှိယင်လဲ အရေပါပဲ၊ (အာပေါဓာတ်၏ လက္ခဏာ စသည်ကို ဓမ္မဒေသနာဆောင်ပုဒ်ကျမ်း ၉၇–မှာ ကြည့်ပါ။) အဲဒါ အာပေါဓာတ်ရဲ့ လက္ခဏာပဲတဲ့၊ အာပေါဓာတ်ရဲ့ အထည်ကိုယ်ရင်းပဲတဲ့။

သူရဲ့ရသကတော့ သူ့ကိစ္စက ဘာလုပ်သလဲဆိုလို့ ရှိယင် "စိုထိုင်း ဖွဲ့ထွား တိုးဖွားစေသည်" ဗြူဟာနရသရှိတယ်၊ ပွားစေခြင်းဟာ သူ့ကိစ္စပဲ၊ ပွါးစေတတ်တယ်၊ အရေဆိုတာ အရေနဲ့ထိတဲ့ ဥစ္စာတွေ ပွပြီးတော့ ပွားသွားတယ်၊ ခြောက်နေတဲ့ အရာဝတ္ထုတခုပေမယ်လို့လဲ ရေနဲ့ထိသွားလို့ရှိယင် ပွသွားတယ်၊ ကြီးလာတယ်၊ တချို့ တော်တော်သွေ့ခြောက်နေလို့ ရေနဲ့စိမ်လိုက်တဲ့အခါကျတော့ ပွပြီးတော့ အကြီးကြီး ဖြစ်လာတယ်၊ ဒါကြောင့် အရေဓာတ်က "စိုထိုင်းဖွဲ့ထား၊ တိုးပွါးစေသည်" တဲ့၊ စိုထိုင်းစေတတ်တယ်တဲ့ ဖွဲ့ပြီးတော့ ကြီးလာစေတတ်တယ်တဲ့၊ ထွားကြိုင်းလာစေတတ်တယ် တိုးပွါးလာစေတတ်သည်တဲ့၊ စိုထိုင်းဖွဲ့ထွား၊ တိုးပွါးစေသည်တဲ့။

သင်ဟာပစ္စုပ္ပန္နာနာ၊ ပေါင်းစည်းပေးခြင်းဟာ ပေါင်းစည်းပေးသော အနေအားဖြင့် ထင်တယ်၊ အရေဆိုတာက ပူးတွဲစေတတ်တယ်၊ ဥပမာ ဆန်မှုန့်တွေဆိုယင် သင့်တော်လောက်တဲ့ရေနဲ့ရောယင် တခုနဲ့တခုနဲ့ ပူးတွဲပြီးတော့ အလုံးအခဲဖြစ်စေတတ်တယ်၊ အဲဒါအရေကနေပြီးတော့ အားလုံးသော ရုပ်တွေကို လုံးထားလို့ အရေကသာမလုံးလို့ ရှိယင် ရုပ်တွေ တမှုန့်စီလွင့်ပြီး တခြားစီသွားကုန်မှာ၊ အစိုင်အခဲရယ်လို့ ရှိမှာမဟုတ်ဘူး၊ အခုတော့ အရေကနေပြီး တွဲထားလိုက်လို့ အလုံးအခဲတွေဖြစ်နေတာ၊ လက်ပုံသဏ္ဌာန်, ခြေပုံသဏ္ဌာန် ခေါင်းပုံသဏ္ဌာန်ဖြစ်ပြီးတော့ ရုပ်တွေစုဝေးပြီး တည်နေတာလဲ အရေကနေတွဲထားလို့ အရေကမတွဲလို့ ရှိယင်ဖြင့် အစိတ်စိတ်အမွှာမွှာ ကြဲပြီးတော့ လွင့်ကုန်မယ်၊ အခု သွေ့ခြောက်ပြီးတော့နေတဲ့ နေရာဌာနတွေမှာ ဖုံတွေဟာ လေလာယင် လွင့်ကုန်သလိုပဲ၊ အဲဒီလို ကိုယ်ထဲက ရုပ်တွေဟာလဲ ဟိုတခု, ဒီတခု ဖရိုဖရဲပြန့်ကြဲပြီး လွင့်ကုန်မှာ၊ အဲဒီလို လွင့်မကုန်ရအောင်လို့ ရေကတွဲထားတယ်၊ "စိုထိုင်း ဖွဲ့ထား၊ တိုးပွါးစေသည်၊ စေကပ်ပူးတွဲ၊ လုံးခဲထင်သည်၊ "စေးကပ်တဲ့ သဘောပဲတဲ့၊ ပူးတွဲထားတဲ့ သဘောပဲတဲ့၊ အလုံးအခဲ ဖြစ်နေတဲ့ သဘောပဲလို့ ထင်ရတယ်တဲ့၊ ဒါက ပစ္စုပ္ပန္နာန်။

ယောဂီပုဂ္ဂိုလ် မှတ်လိုက်တော့ အာပေါဓာတ်ဆိုတာ ထိတော့ မထိကောင်းဘူး၊ မထိကောင်းပေမယ်လို့ ထိကောင်းတဲ့ ပထဝီအတွေ့, တေဇောအတွေ့, ဝါယောအတွေ့တွေကို ထောက်ဆပြီးတော့ အာပေါကိုသိရတယ်၊ မထိပဲနဲ့ကတော့ မသိနိုင်ဘူး၊ အရေပဲဆိုတာ ဒီအတိုင်းတော့ မသိနိုင်ပါဘူး၊ မျက်စိနဲ့ မြင်ရုံမျှနဲ့ မသေချာပါဘူး၊ တချို့က အရေထင်ပေမယ်လို့ အခဲဖြစ်ချင်ဖြစ်နေတာ၊ တချို့ကလဲ အခဲထင်ပြီးတော့ အရေဖြစ်ချင်ဖြစ်နေတာ မသေချာပါဘူး၊ မျက်စိနဲ့ မြင်တာကတော့ လက်နဲ့ စမ်းသပ်ကြည့်လိုက်တဲ့ အခါကျတော့ ဒါကတော့ အရေပဲ၊ ဒါကတော့ ခဲနေတာပဲ သိရတယ်။

အဲဒါ အာပေါဓာတ်ကိုတော့ လက်နဲ့ စမ်းလို့ တွေ့တာမဟုတ်ဘူး၊ အာပေါဓာတ်နဲ့ တပေါင်းတည်း ဖြစ်နေတဲ့ ပထဝီရဲ့ထူးခြားပုံကို တွေ့ရတယ်၊ ခက်မာကြမ်းတမ်းတဲ့သဘောဟာ ရေနဲ့ရောနေတဲ့အခါမှာ သူကတမျိုးကို၊ ရေထဲမှာလဲ ပထဝီဓာတ်တွေရှိတာပဲ၊ အဲဒါတွေတွေ့တယ်၊ ရေထဲမှာ လက်နဲ့နှိုက်ကြည့်လိုက်ယင် မာမာကြမ်းကြမ်း နူးညံ့တဲ့သဘောတွေတွေ့ရတယ်၊ ပူတဲ့သဘောအေးတဲ့သဘော နွေးတဲ့သဘောတွေ တွေ့ရတယ်၊ ပူတာ အေးတာ နွေးတာက တေဇောဓာတ်၊ တောင့်နေတဲ့ သဘော၊ တွန်းကန်တဲ့သဘော လျှပ်ရှားတဲ့သဘောတွေက ဝါယောဓာတ်တွေ ရေထဲမှာတွေ့ရတယ်၊ အဲဒီဥစ္စာတွေ ထူးခြားတာ ထောက်ဆပြီးတော့ ဒါအရေပဲဆိုပြီးတော့ သိရတယ်၊ ပူးတွဲနေတာပဲ၊ လုံးခဲနေတဲ့ သဘောပဲဆိုတာ သိရတယ်။

နောက်ပြီးတော့ အဌကထာ ဋီကာများမှာ ပြထားပြန်တယ်၊ အာပေါဓာတ် ဆိုတာဟာတဲ့ လေးသော သဘောရှိတယ်တဲ့၊ ဂရုတရသဘာဝ သာပြီးတော့ လေးတယ်၊ ပထဝီဓာတ်ထက်ပိုပြီးတော့ လေးတယ်လို့ ဆိုတယ်၊ ပထဝီဓာတ်ကတော့ ခုနကပြောခဲ့တဲ့အတိုင်း အလုံးအခဲကလေးတွေ စမ်းကြည့်တဲ့အခါမှာ လေးတယ်ဆိုယင် ပထဝီဓာတ်၊ မ–ထားရတာလေးနေတယ်ဆိုယင် ဒါဟာ ပထဝီဓာတ်၊ ပေါ့သွားပြန်ပြီဆိုယင်လဲ ဒါလဲ ပထဝီဓာတ်၊ လေးတာနဲ့ ထောက်ဆပြီးတော့ ကြည့်တော့ ပေါ့တယ်လို့ဆိုရတယ်၊ ပေါ့တာနဲ့ ထောက်ဆကြည့်ယင် လေးတယ်လို့ဆိုရမယ်၊ အခုလေးတာကတော့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေဟာ လေးပြီးတော့ ကျသွားတဲ့အခါတွေမှာ သွားနေတဲ့ အခါတွေမှာ ခြေလှမ်းလိုက်တယ်ဆိုယင်ဖြင့် ခြေလှမ်းတဲ့အခါမှာ ခြေလှမ်းအောက်ကို ကျသွားတဲ့အခါမှာ လေးပြီးတော့ ကျသွားလို့ရှိယင်၊ အဲဒီအခါမှာ အာပေါဓာတ် လွန်ကဲတယ်တဲ့၊ အဌကထာ ဋီကာတွေက ပြောတယ်၊ အာပေါဓာတ် လွန်ကဲတယ်တဲ့၊ အာပေါဓာတ်လွန်ကဲလို့ လေးပြီးတော့ကျတယ်၊ လေးတဲ့ သဘော ထင်ရှားတယ်။

ယောဂီပုဂ္ဂိုလ်မှာ ကြွတယ်, လှမ်းတယ်, ချတယ်, မှတ်တဲ့အခါ အဲဒီမှာ လေးလေးပြီး ကျသွားတာ ထင်ရှားတယ်၊ လက်တွေလဲ ဒီလိုကြွတယ်, လှမ်းတယ်, ချတယ်, မတယ် စသည်ဖြင့် ခေါင်းမော့တယ်, ငုံ့တယ်မှတ်တဲ့အခါ အဲဒီ လေးတဲ့ သဘောလေး ထင်ရှားတယ်၊ အဲဒါ အာပေါဓာတ် လွန်ကဲတဲ့ ဂရုတရသဘာဝ လေးသောသဘောရှိသည်တဲ့၊ အဲဒါကြောင့် "လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်" လို့ တပုဒ်ထပ်ပြီးတော့ ထည့်ထားတယ်၊ အစကတော့ ၄–ပုဒ်ပဲ၊ ဆောင်ပုဒ်ကငါးပိုဒ်တော့ ဖြစ်သွားပြီ၊ ဒါပေမယ့် ယောဂီပုဂ္ဂိုလ်တွေမှာ အသုံးကျလို့ ဒီဥစ္စာထည့်ထားရတယ်၊ လေးလျက်ကျသွား ဉာဏ်အားထင်သည်၊ ဉာဏ်ထဲမှာကိုသိတာ၊ ယောဂီပုဂ္ဂိုလ်က ရှုမှတ်နေတာကိုး၊ ကြွတယ်, လှမ်းတယ်, ချတယ်, ကြွတယ်, လှမ်းတယ်, ချတယ်၊ ကိုယ်တွေကို ထိုင်တယ်, ထိုင်တယ်, စသည်ဖြင့် ထိုင်ချတဲ့အခါ အဲဒီလို လှုပ်ရှားပြုပြင်တဲ့အခါ ကာလတွေမှာ အောက်ကိုလေးလေး၊ လေးလေးကျသွားတာတွေကို တွေ့တာဟာ ဘာတွေ့တာတုံးဆိုတော့ အာပေါဓာတ်ကိုတွေ့တာတဲ့၊ အဲဒါ လေးလဲ မှတ်ရအောင်လို့ ဆောင်ပုဒ်ထဲတခုတိုး ထည့်ထားတယ် ဆိုရမယ်။

အရေတနည်း၊ ယိုစီးတမည်။
စိုထိုင်းဖွဲ့ထွား၊ တိုးပွါးစေသည်။
စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်။
လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်။
အာပေါဓာတ်– သိမှတ်မြတ်ယောဂီ။

လက္ခဏာက အရေတနည်း၊ ယိုစီးတမည်–အရေအနေအားဖြင့် ထင်တယ်၊ ယိုစီးတဲ့အနေအားဖြင့် ထင်တယ်ဆိုယင် ဒါ လက္ခဏာသိတာပဲ၊ ကိုယ်ထဲမှာ တွေ့ထိရာကနေပြီး ထိတယ် ထိတယ် စသည်ဖြင့်မှတ်တော့ အရေသဘောနဲ့ ထင်ရှားတယ်၊ ယိုစီးတဲ့သဘောနဲ့ဆို ဥပမာ နှာရေတွေ ကျလာတယ်ဆိုယင် သိနေတာပဲ၊ အဲဒီဥစ္စာကို သိတယ်လို့ မှတ်ချင်လဲမှတ်၊ ကျတယ်လို့ မှတ်ချင်လဲမှတ်၊ သိတယ်လို့ မှတ်ချင်လဲ မှတ်ရမှာပဲ၊ မမှတ်ပဲတော့ မဖြစ်ဘူး၊ မျက်ရေတို့ ကျလာတယ်၊ တံတွေးတွေမျိုချတာတို့၊ အဲဒီ တံတွေးတွေ ကျလာတာတို့၊ အဲဒီနေရာမှာ တနည်းနည်းနဲ့၊ ရှုရမှတ်ရတာကိုး၊ ကောင်းကောင်း အမှတ်နိုင်နေတဲ့ပုဂ္ဂိုလ်က ဘယ်ကပဲဖြစ်ဖြစ် ထင်ရှားလာလို့ရှိယင် အထူးနာမည်မပေးပဲနဲ့လဲ အသိကလေးတွေ ပါနေတာပဲ၊ အရေသဘောတွေ ယိုစီးတဲ့သဘောတွေ စီးကျတဲ့သဘောတွေ သူ့မှာထင်နေတယ်၊ အဲဒါ လက္ခဏာနဲ့သိတာ။

"အရေတနည်း၊ ယိုစီးတမည်၊ စိုထိုင်းဖွဲ့ထွား၊ တိုးပွါးစေသည်" ဆိုတော့ ရှုယင်း ရှုယင်းနဲ့ ထိတာလေးလျှောက်ပြီးတော့ မှတ်တော့ စိုနေတယ်၊ ထိုင်းနေတယ်၊ ပွလာတဲ့သဘောပဲ စသည်ဖြင့် အဲဒီလိုသိရတာက အာပေါဓာတ်ရဲ့ ကိစ္စရသကို သိတာတဲ့။

နောက်တခုက "စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်"တဲ့၊ စေးကပ်နေတယ်၊ အလုံးအခဲဖြစ်ပြီးတော့ နေတယ်၊ တခုစီတခုစီ မကွဲပဲနဲ့ လုံးခဲပြီးတော့ နေတယ်၊ တွဲပြီးတော့နေတယ်၊ ကပ်ပြီးတော့နေတယ် စသည်ဖြင့် ထင်တယ်၊ အဲဒီလို ထင်တဲ့ဟာက အာပေါဓာတ်ရဲ့ ပစ္စုပ္ဌာန် ဉာဏ်ထဲမှာ ထင်လာတာတဲ့။

နောက်တခု ထည့်လိုက်တာက ဘာတုံးဆိုတော့ "လေးလျက် ကျသွားဉာဏ်အားထင်သည်၊" အဲဒါကတော့ ကိုယ့်အမူအရာတွေပြုပြင်တဲ့အခါ အောက်ကို လေးကျသွားတာတွေကိုသိတာက အာပေါဓာတ်ကိုသိတာပဲတဲ့၊ ဂရုတရသဘာဝ လေးသောသဘောရှိသည်တဲ့၊ အဌကထာ ဋီကာတွေက ဆိုတယ်၊ အဌကထာက ခြေထောက်ကို လွှတ်ချလိုက်တဲ့ အခါကာလမှာ အာပေါဓာတ်ကလွန်ကဲပြီး ရှေ့ဆောင်တယ်၊ ပထဝီဓာတ်က နောက်ကလိုက်တယ်၊ အာပေါက ရှေ့သွားပဲ၊ အာပေါလွန်ကဲတယ်၊ အဲဒီတော့ အဲဒီနင်းချလိုက်တဲ့အခါကာလမှာ ခြေထောက်ကျသွားတာလေး၊ လေးလေးပြီးတော့ ကျသွားတာလေးသိတာဟာ လေးတဲ့သဘောတွေဟာ အာပေါဓာတ်ပဲ၊ မတ်တပ်ရပ် နေရာက ထိုင်ချင်တဲ့အခါ ယောဂီပုဂ္ဂိုလ်က ထိုင်ချင်တယ်–ထိုင်ချင်တယ် မှတ်ပြီးတော့ ထိုင်တဲ့အခါကျတော့ ထိုင်တယ်–ထိုင်တယ်နဲ့ ကိုယ်ထဲစိတ်စိုက်ပြီးတော့မှ ကိုယ်ကြီးက လေးလေး–လေးလေးပြီးတော့ ကျကျသွားတယ်၊ ထိန်းနိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဖြည်းဖြည်းပဲ၊ မထိန်နိုင်တဲ့ ပုဂ္ဂိုလ်တွေတော့ ဗြိုးကနဲတောင် ကျသွား

တတ်သေးတယ်၊ အဲဒီမှာ လေးကျသွားတာ၊ အဲဒီမှာ လေးလေးပြီးတော့ ကျသွားတဲ့သဘော ထင်တာဟာ ဘာတုံးဆိုလို့ရှိယင် ဒါလဲ အာပေါဓာတ် ထင်တာတဲ့။

ယခု ယောဂီပုဂ္ဂိုလ်တွေ မှတ်ရတာ အကုန်လုံးဓာတ်ကြီး ၄–ပါးသိနေတာ၊ ကိုယ်အမူအရာတွေ မှတ်နေလို့ရှိယင် ဓာတ်ကြီး ၄–ပါးတွေ တော်တော်ကြာမှ အကုန်လုံး ရှင်းပြီးတော့ ပြောရမယ်၊ တခုချင်း, တခုချင်း ပြောရမယ်၊ အဲဒါကြောင့် အဲဒီအာပေါဓာတ်ဟာ သူ့လက္ခဏာရသ ပစ္စုပ္ပဋ္ဌာန်နဲ့ အကြမ်းဖျင်းအားဖြင့် ဆိုယင် အာပေါဓာတ်က ၃၂–ကောဋ္ဌာသထဲမှာ ၁၂–ခုသာ အာပေါဓာတ် ပါတယ်။

ပိတ္တံ, သေမှံ, ပုပ္ပေါ, လောဟိတံ, သေဒေါ, မေဒေါ, အဿု, ဝသာ, ခေဠော, သိဃာနိကာ, လသိကာ, မုတ္တံ ၁၂–ခုရှိတယ်၊ ဒါတွေ တချို့ကလဲ ရနေကြပါတယ်၊ ပိတ္တံ–တဲ့၊ သည်းခြေ ဆိုတာ ဒါကတော့ သည်းခြေအိတ်ကလေးနဲ့ သူ နေနေတာ ထင်ရှားပါတယ်၊ ဒိပြင်ဟာက တယ်မထင်ရှားဘူး၊ ဒိပြင် နေရာမှာလဲ တကိုယ်လုံးပြန့်နေတဲ့ သည်းခြေရှိတယ်၊ အရေထူနဲ့ အရေပါးခြားမှာ သည်းခြေရှိတယ်၊ အဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေခေါ်တယ်၊ ဗဒ္ဓသည်းခြေကတော့ သူ့သားရေအိတ်ကလေးနဲ့နေတာ၊ ဒါကတော့ သည်းခြေဆိုတာ ကြက်တွေ ခွဲစိပ်နေတဲ့ ပုဂ္ဂိုလ်တွေ ခဏခဏ တွေ့နေမှာပေါ့လေ သည်းခြေဆိုတာ။

သလိပ်–တဲ့ သလိပ်ကလဲ ထင်ရှားတယ်၊ သလိပ်ကတော့ အခုလို စကားပြောနေယင်းလဲ လည်ချောင်းကတ်လာလို့ ခဏခဏ ဟပ်ထုတ်ရ ထွေးထုတ်ရ၊ သလိပ်က ထင်ရှာတယ်၊ ပြည်–တဲ့၊ အနာတွေဖြစ်တဲ့အခါ ထင်ရှားတယ်။

သွေး–တဲ့၊ ဒါကထင်ရှားတယ်၊ ချွေး–တဲ့၊ ဒါကလဲ ထင်ရှားတာပဲ၊ အဆီခဲ၊ အဆီခဲကတော့ ကိုယ် အသားထူတဲ့ နေရာတွေမှာရှိတယ်၊ ဒါလဲ ထင်ရှားတာပဲ၊ မျက်ရေ–တဲ့၊ ဒါကလဲထင်ရှားတာပဲ၊ ဆီကြည်–တဲ့၊ ဆီကြည်ဆိုတာကတော့ တခါတရံမှ သူကထင်ရှားတယ်၊ ခေဠော တံတွေး၊ နှပ်၊ တံတွေးတို့ နှပ်တို့ ထင်ရှားတာတွေချည်းပဲ၊ အစေး–ဆိုတာကတော့ အဲဒါက အရိုးဆက်တွေ ခြားထဲမှာ ရှိတာယ်၊ ဒါကတော့ မမြင်ရဘူး၊ ဒါလဲအစေးဆိုတာ သူလဲ တမျိုးပဲ၊ ကျင်ငယ်–တဲ့၊ ဒါကလဲ ထင်ရှားတာပဲ။

အဲဒီတော့ ဒီအာပေါဓာတ် ၁၂–ခုဟာ ထင်ရှားတာပဲ များပါတယ်၊ မထင်ရှားတာက နည်းနည်းပဲ၊ မထင်ရှားတာက တခုနှစ်ခုလောက်ပဲ ရှိပါတယ်၊ ဒိပြင်ဟာတွေ အကုန်လုံးထင်ရှားတယ်၊ အဲဒါတွေ အထူးထင်ရှားတာတွေကတော့ အခုချွေးတွေ ဆိုတာ ထင်ရှားတယ်၊ မျက်ရေထင်ရှားတယ်၊ တံတွေး ထင်ရှားတယ်၊ နှပ် ထင်ရှားတယ်၊ သလိပ် ထင်ရှားတယ်၊ ကျင်ငယ်ရေ ဆိုတာ အဲဒါ ထင်ရှားတယ်၊ ဒါတွေဟာ အင်မတန် ထင်ရှားတာတွေပဲ၊ ဒါတွေလဲ တွေ့ထိရာကနေပြီး သူတို့ကို ရှုရတာပဲ၊ နှာရေတွေယိုလာယင် ရှုရတယ်၊ မျက်ရည်တွေ ကျလာယင် ရှုရတယ်၊ ချွေးတွေထွက်လာယင် ရှုရတယ်၊ သလိပ်တွေ လည်ချောင်းထဲက ပါးစပ်ထဲရောက်လာယင် ရှုရတယ်၊ နှပ်တွေရှုရတယ်၊ အဲဒီဟာတွေ အရေသဘောနဲ့သူတို့က ထင်ရှားတယ်၊ စီးကျတဲ့သဘောနဲ့ ထင်ရှားပါတယ်၊ စိုထိုင်းနေတဲ့သဘောနဲ့ ချွေးတွေက စိုထိုင်းနေတဲ့သဘောနဲ့ ထင်ရှားတယ်၊ စိုထိုင်းနေတဲ့ သဘောနဲ့ ချွေးတွေက စိုထိုင်းနေတဲ့ သဘောနဲ့ ထင်ရှားတယ်၊ ပြီးတော့ တခုနဲ့ တခုနဲ့ စေးကပ်တဲ့သဘောနဲ့လဲ ထင်ရှားတယ်၊ အဲဒီလေးကျလာတဲ့ အခါ ကာလကျတော့ သူက လေးကျတဲ့သဘောနဲ့လဲ ထင်ရှားတယ်၊ အဲဒါ အာပေါဓာတ်တွေတဲ့။

တေဇောဓာတ် ရှုမှတ်သိ

တေဇောဓာတ် ဥဏှတ္တလက္ခဏာ–ပူသည်၏ အဖြစ်လျှင် လက္ခဏာပဲတဲ့၊ ပူတာဟာ သူ့လက္ခဏာပဲတဲ့၊ တေဇော ဆိုတာ မီး, အခိုးအငွေ့, ပူတဲ့သဘောပဲ၊ ဒါပေမယ့်လို့လဲ သူ့ထက်ပူတာနဲ့ စာကြည့်လို့ရှိယင် တဖြည်းဖြည်း လျော့လျော့ပြီးတော့ အေးအေးသွားတာလဲရှိတယ်၊ အေးတဲ့သဘော ပူတဲ့သဘော၊ အေးတဲ့သဘောဆိုတာ အဆင့်ဆင့် ထောက်ဆပြီးတော့ သိရတယ်၊ ရေရိုးရိုးဟာ အေးတယ်လို့ ထင်ရတာပဲ၊ ဒါပေမယ်လို့ သောက်ရေအိုးထဲမှာရှိတဲ့ ရေနဲ့တော့ မတူဘူး၊ ရိုးရိုးရေက ခပ်နွေးနွေးပဲ၊ အိုးထဲကရေက နွေးနွေးပဲရှိတာ၊ သောက်ရေအိုးထဲကရေက ပိုပြီးတော့အေးတယ်၊ သောက်ရေအိုးထဲက ရေဟာ လဲပဲ ရေခဲရေနဲ့ နှိုင်းစာကြည့်မယ်ဆိုယင် သူလဲပဲ ခပ်နွေးနွေးပဲ၊ ဒါကြောင့် အပူအအေးအနွေးဆိုတာ အဆင့်ဆင့် အေးတာလဲ တေဇောဓာတ်ပါပဲတဲ့၊ အားနည်း သွားတဲ့တေဇောပေါ့၊ ပူတာက အားကြီးတဲ့တေဇော၊ ဒါကြောင့် အပူအအေး အနွေးတမည်၊ ပူတယ်လို့ သိရတာလဲပဲ တေဇောဓာတ်ပဲ၊ နွေးတယ်လို့သိရတာလဲပဲ တေဇောဓာတ်ပဲ၊ အေးတယ်လို့ သိရတာလဲပဲ တေဇောဓာတ်ပဲ၊ အပူ, အအေး, အနွေးတမည်၊ ပူငွေ့ပေးလျက် ရင့်ကျက်စေသည်။

ပရိပါစနရသာ–ရင့်ကျက်စေတယ်၊ အပူဓာတ်ဆိုတာ သူနဲ့ထိတဲ့ဥစ္စာတွေကို ကျက်သွားစေတတ်တယ်၊ ပူတယ်ဆိုကတည်းက ကျက်စေတတ်တဲ့ သဘောပဲ ဆိုတာ ပေါ်နေတယ်။

မဒ္ဒဝါနုပ္ပဒါနပစ္စုပ္ပဋ္ဌာနာ၊ နူးညံ့သည်အဖြစ်ကို ပေးတတ်သည်၊ "နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းထင်သည်"၊ နူးညံ့ပျော့ပျောင်း နေတဲ့သဘော၊ ပူလို့ ရှိယင် အပူနဲ့ထိယင် ဖယောင်းများ အရေပျော်ပြီးတော့ ပျော့သွားသလိုပဲ၊ အပူဟာ သူနဲ့ထိ

တဲ့ဥစ္စာတွေကို နူးညံ့ပျော့ပျောင်းစေတယ်၊ "နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းထင်သည်" ပျော့ပျောင်းတဲ့သဘောကို ဆင့်လောင်းဆိုတာ ပေးတာပေါ့လေ။

တေဇောဓာတ်ဟာ တက်ကြွခြင်း သဘောရှိတယ်တဲ့၊ ခြေထောက်ကြွလိုက်၊ လှမ်းလိုက်တဲ့အခါတွေ၊ ခြေထောက်ကြွတဲ့အခါတွေမှာ ပေါ့ပြီးတော့တက်လာတာဟာ တေဇောဓာတ်ရဲ့ သဘောပဲတဲ့၊ တေဇောဓာတ်က ရှေ့သွားပြီးတော့ ဝါယောဓာတ်က နောက်လိုက်နေတယ်လို့ အဋ္ဌကထာကဆိုတယ်၊ မြှောက်လိုက်တဲ့ အခါကာလတွေမှာလဲ ဒီအတိုင်းပဲ၊ တေဇောဓာတ်က ဥဒ္ဓံဂဒ္ဒိက အထက်သို့ တက်သွားခြင်း သဘောရှိတယ်၊ ဝါယောဓာတ်ကတော့ အေးသွားတယ်၊ ဝါယောဓာတ် လေကလဲပဲ နောက်ကလိုက်ပြီးတော့ အားပေတယ်၊ တေဇောဓာတ်က အခိုးအငွေ့ဖြစ်ပြီး တက်လာတာကိုး၊ မီးများထွန်းထားတဲ့ အခါကာလတွေ မီးဖိုထဲမှာ မီးတွေဟာ လုလုပြီး အထက်ကိုချည်း တက်နေတာပဲ၊ မီးငွေ့တွေဆိုတာ အောက်မသွားဘူး၊ အထက်ချည်းတက်တာပဲ၊ သူကတော့ ပေါ့တဲ့သဘောရှိတယ်၊ အခိုးအငွေ့ဖြစ်သွားလို့ရှိယင် အထက်တက်သွားတာချည်းပဲ၊ အဲဒါထက်ကိုယ်ထဲက ရုပ်တွေကလဲ ဒီအတိုင်းပဲ၊ ပေါ့ပြီးတော့ တက်တဲ့သဘောဟာဖြင့်ယင် တေဇောဓာတ်ပဲ၊ ဒါကြောင့် "ပေါ့လျက် ပေါ့လျက်၊ ကြွတက်ထင်သည်"၊ ပေါ့ပေါ့ပြီးတော့ ကြွတက်သွားတယ်၊ ယောဂီပုဂ္ဂိုလ်မှာ ထင်ရတယ်၊ လက်ကို ကြွတဲ့အခါ ကြွတယ်, ကြွတယ်, မှတ်လို့ရှိယင် ပေါ့ပေါ့ပြီး ထွက်သွားတာလေး သိရတယ်၊ ထိုင်ရာက ထတဲ့အခါ ကာလတွေမှာ ထတယ်, ထတယ်, မှတ်တော့ ပေါ့ပေါ့ပြီးတော့ တက်လာတဲ့ တေဇောဓာတ်သိတယ်၊ ခြေထောက်ကြွလာတာ မှတ်တဲ့အခါမှာ ကြွတယ် မှတ်လိုက်တဲ့အခါမှာ ကြွပြီးတော့ တက်လာတာသိရတယ်၊ ပေါ့ပြီးတော့ တက်လာတာသိရတယ်၊ အဲဒါဟာ တေဇောဓာတ်ကို သိတာပဲတဲ့၊ အဋ္ဌကထာ ဋီကာတွေက ဆိုထားပါတယ်။

ဒီဆောင်ပုဒ်ကလေးဆိုရမယ်၊ "အပူအနွေး၊ အအေးတမည်"၊ ပူရာကနေ နွေးလာတယ်၊ နွေးရာကနေ အေးလာတယ်။

အပူအနွေး၊ အအေးတမည်။
ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်။
နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းပေးသည်။
ပေါ့လျက်ပေါ့လျက်၊ ကြွတက်ထင်သည်။
တေဇောဓာတ်– သိမှတ်မြတ်ယောဂီ။

အဲဒါကတေဇောဓာတ်ရဲ့ လက္ခဏာနဲ့ ရသနဲ့ ပစ္စုပ္ပဋ္ဌာန်နဲ့ သိသွားတာ၊ ပူတယ်၊ နွေးတယ်၊ အေးတယ်သိတာက လက္ခဏာနဲ့သိတာ၊ ပူငွေ့ပေးလျက် ရင့်ကျက်စေသည်ဆိုတော့ ရင့်ကျက်စေတဲ့ သဘောပဲလို့ ရှုယင်းရှုယင်း သဘောကျသွားတာ၊ အဲဒါက တေဇောဓာတ်ရဲ့ ကိစ္စရသကို သိတာ၊ နူးညံ့ ပျော့ပျောင်းစေတဲ့ သဘောပဲ၊ နူးညံ့သွားစေတဲ့ သဘောပဲလို့ ဉာဏ်ထဲမှာ ထင်လာတာက ပစ္စုပ္ပဋ္ဌာန်သိတယ်၊ အခုထည့်လိုက်တာကတော့ "ပေါ့လျက်ပေါ့လျက်၊ ကြွတက်ထင်သည်" လက်ကြွတဲ့အခါ၊ ခြေကြွတဲ့အခါ ကိုယ်တွေထိုင်ရာကနေပြီး ထတဲ့အခါတွေ ပေါ့ပေါ့သွားတယ်၊ ပေါ့ပေါ့ပြီး အထက်တက်လာတယ်လို့ ထင်တဲ့ ဥစ္စာတွေက အဲဒါတွေဟာ ပစ္စုပဋ္ဌာန်တွေပဲ၊ ဒါ တေဇောဓာတ်ကို ပစ္စုပဋ္ဌာန် နဲ့ နေပြီးတော့သိတယ်။

တေဇောဓာတ် ၄–မျိုး

အကြမ်းဖျင်းအားဖြင့် တေဇောဓာတ်ကို ၄–မျိုးခွဲပြီး မြတ်စွာဘုရားက ခွဲဟောထားတယ်တဲ့၊ သန္တာန်ပန တေဇော ပကတိကိုယ်ငွေ့ထက် ပူလောင်ပြီးတော့လာတဲ့ အပူငွေ့ကိုခေါ်တယ်၊ အဖျားတက်တယ်၊ အပူအအေးတိုင်းတဲ့ မီတာနဲ့ တိုင်းကြည့်လို့ရှိယင်ဖြင့် အများအားဖြင့် ၉၈–နဲ့ ဒဿမ ၄–ဆိုပြီးတော့ အသိအမှတ် ပြုထားတယ်၊ အဲဒီကနေ ပိုပြီးလာလို့ရှိယင်တော့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ တယ်မညီဘူး၊ တချို့ ပုဂ္ဂိုလ်တွေက အပူချိန်နည်းနေတာရှိတယ်၊ တချို့ကလဲ ဖျားနေတာရှိတယ်၊ အဲဒါအများအားဖြင့်ပေါ့လေ၊ အဲဒီ ၉၈–နဲ့ ဒဿမ ၄–က နေပြီးတော့ ပိုတက်လာတယ်၊ ၉၉–တို့ရောက်လာပြီ၊ ၁၀၀–ဆီ ရောက်လာပြီဆိုယင် အပူတွေများလာတယ်၊ သန္တာန်ပနတေဇော–အဖျားရှိလို့ အပူတွေရောက်လာတယ်၊ သန္တာန်ပန–ပြင်းစွာ ပူလောင်သော သဘောရှိသည်တဲ့၊ ပကတိအပူမျိုး မဟုတ်ဘူး။

ဓိရဏတေဇော–အိုရင့်စေတဲ့ သဘောရှိသည်တဲ့၊ ဒါကတော့ ပကတိကိုယ်ငွေ့လိုယူမှပဲ၊ ပကတိအပူငွေ့ ရှိနေတာနဲ့ တဖြည်းဖြည်း ရင့်လာတာပဲ၊ ပကတိအပူအငွေ့ အကြောင်းပြုပြီးတော့ တဖြည်းဖြည်းလူဟာ ကလေးဘဝကနေပြီး တဖြည်းဖြည်း လူလတ်ပိုင်းဖြစ်လာတယ်၊ လူလတ်ပိုင်းကနေပြီးတော့ လူကြီးပိုင်း အဖိုကြီးတို့၊ အဖွားကြီးတော့ ဖြစ်လာတယ်၊ ဆံပင်တွေအစက မဲနေတာတွေ ဖြူလာတယ်၊ သွားတွေကျိုးကုန်တယ်၊ အရေတွေတွန့်ကုန်တယ်၊ တဖြည်းဖြည်း ရင့်ကုန်တယ်၊ အဲဒါကိုယ်ထဲမှာ ဒီတေဇောကြောင့် တဖြည်းဖြည်းရင့်လာတယ်၊ အပြင်ဘက်နေပူလှမ်းထားလို့ ရှိယင်ဖြင့် နေပူလှမ်းထားတဲ့ ပုဂ္ဂိုလ်ဟာ ပထမတုန်းက အတိုင်းမဟုတ်ဘူး၊ ရင့်ကျက်သွားတယ်၊ အိုရင့်တဲ့ သဘောဖြစ်သွားတယ်၊ အဲဒါလိုပဲ ကိုယ်ထဲကတေဇောကလဲ တဖြည်းဖြည်း အပူငွေ့တွေပေးပြီး ရင့်ကျက်လာတယ်၊ ဒါကြောင့် အိုမင်းရင့်ရော်တဲ့ သဘောတွေဖြစ်စေတက်သည်တဲ့၊ ဓိရဏတေဇော။

ဒဟာတေဇောဆိုတာ အလွန်အကဲပူတာတဲ့၊ ပူလှချည့်ရဲ့ဆိုပြီး ညည်းနေရအောင်ပူတာ၊ ဒါကတော့ ဒီဂရီအတိုင်းအတာနဲ့ ပြောမယ်ဆိုယင်ဖြင့် ၁၀၃–တို့ ၁၀၄–တို့၊ ၁၀၅–တို့နဲ့တူပါတယ်၊ ဒီလိုဆိုရမှာပဲ၊ စာထဲကတော့ မပါဘူး၊ ဒီအပူက အင်မတန် မခံမရပ်နိုင်အောင် ပူတာပဲ၊ ပြီးတော့ အနာရှိန်တွေ ပူတာလဲပဲ ရှိတတ်တယ်၊ တချို့ ဗိုက်ထဲကပူလို့ ပူလှချည့်ရဲ့ ပူလှချည့်လို့ ညည်းရတယ်၊ အဲဒီလို အပူတွေပေါ့လေ၊ လွန်လွန်ကဲကဲပူနေတာတွေ၊ မခံမရပ်နိုင်အောင် ပူနေတဲ့ဥစ္စာတွေ၊ ဒါတွေဟာ ဒဟာတေဇောတဲ့၊ (တော်တော်ကြာတော့ မြွေကြီး ၄–ကောင် ဖြစ်ပုံနဲ့လဲ ပြောရမှာ။)

ပါစကတေဇော–အစာကို ကြေညက်စေတတ်တယ်၊ သူကကံကြောင့် ဖြစ်တာတဲ့၊ အစာအိမ်မှာ အစာကို ကြေညက်စေတတ်တဲ့ တေဇောအပူရှိန်ရှိတယ်၊ သူက အရေးကြီးပါတယ်၊ တကိုယ်လုံး ပျံ့ပြီးတော့ ပူလာတာလဲပဲ သူ့ဆီကနေပြီးတော့ ပျံ့လာတာ၊ တော်တော်တော့ ဆန်းကြယ်တယ်၊ အပြင်ဘက်က ဘယ်လိုအေးနေနေ အထဲမှာတော့ဖြင့်ယင် နေကောင်းထိုင်ကောင်းတဲ့ပုဂ္ဂိုလ်ဆိုယင် အထဲမှာနွေးနေသလိုပဲ ရှိနေတာပဲ၊ အစာအိမ်က ပါစကတေဇောကနေပြီးတော့ တကိုယ်လုံး အပူတွေ ပျံ့ပြီးတော့ တည်နေတာ၊ ခြေဖျားတိုင်အောင်၊ ခေါင်းတိုင်အောင်၊ အသားအရေကောင်းတဲ့ နေရာတွေမှာလဲ အကုန်လုံးပျံ့လို့ အပူငွေ့တွေ ပြန်ပြီးတော့တည်နေတယ်၊ အုံ့သြစရာ တော်တော်ကောင်းတယ်၊ အပြင်ဘက်မှာ အင်မတန် မိုးတွေရွာလို့ အေးနေတယ်၊ နှင်းတွေကျလို့ အေးနေတယ်၊ ဓာတ်တွေ မရှိယင်လဲပဲ သေဖို့ရာသာရှိတော့တာပဲ၊ မရှိယင်လဲသေတယ်၊ သူက အဲဒါ ဘယ်ကလာတုန်းဆိုယင် ပါစက တေဇောက လာတယ်တဲ့၊ အစာအိမ်က နေပြီးတော့ ရင့်ကျက်စေတဲ့ တေဇောကလေး ရှိတယ်၊ ပါစက တေဇောက ဒီပါစက တေဇောကလဲပဲ "သမဝေပါကိနိယဂဟနိယာ" ဆိုပြီးတော့ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အညီအမျှ ရင့်ကျက်စေတယ်၊ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေ အထူးအားဖြင့် ဘုရားအလောင်းတော်တွေပေါ့လေ၊ ဘုရားအလောင်းတော် မဟုတ်သော်လဲပဲ ဘုန်းကံကြီးတဲ့ပုဂ္ဂိုလ်တွေ ကံရှိတဲ့ပုဂ္ဂိုလ်တွေ ကျန်းမာရေးနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေမှာ ဒီအစာအိမ်က ကောင်းနေတယ်၊ သူက အစာအိမ်ပါစကဓာတ်မီးက ကောင်းနေတယ်၊ စားလိုက်တဲ့အစာတွေ ဘာစားစား သူအစာကြေတာပဲ၊ အစာမကြေလို့ ဆေးဝါးနဲ့ ကုရတယ် မရှိဘူး၊ ဗိုက်ထဲမှာ တောင့်နေတယ်, တင်းနေတယ် မရှိဘူး၊ ပါစကဓာတ် ကောင်းနေလို့ရှိယင် ပါစကဓာတ်မီးက အရေးကြီးတယ်၊ ကျန်းမာရေးမှာ သူက အရေးကြီးတယ်။

တရားအားထုတ်ကြောင်း ၅–မျိုး

တရားအားထုတ်တဲ့ နေရာမှာ ပြင်းပြင်းထန်ထန် တရားအားထုတ် နေနိုင်တဲ့ဟာ ၅–ခု သတ်မှတ်ထားတယ်။ မြတ်စွာဘုရားက–

၁။ သဒ္ဓါတရား ပြည့်စုံရမယ်တဲ့၊
၂။ ကျန်းမာရမယ်တဲ့၊
၃။ ဖြောင့်စင်းရမယ်တဲ့၊
၄။ ကောင်းကောင်းလဲ အားထုတ်ရမယ်တဲ့၊
၅။ ဥဒယဗ္ဗယ အဖြစ်အပျက်ကိုလဲ သိရမယ်တဲ့။

၅–ခု ရှိပါတယ်၊ "ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင် အားထုတ်ကြောင်း" ဆိုပြီးတော့ ဘုန်းကြီးက လက်ီကလေး စီထားတယ်၊ ပဓာနိယင်ငါးပါးတဲ့၊ ဒီအင်ငါးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကတော့ တရားအားထုတ်လိုက်မယ်ဆိုယင် အရဟတ္တမဂ်ဖိုလ်ကိုလဲ ရောက်နိုင်တယ်၊ အင်ငါးပါးနဲ့ မပြည့်စုံလို့ရှိယင် တရားအားထုတ်လို့ မရဘူးလားလို့ ဒီလိုမေးစရာရှိတယ်၊ ဒါကတော့ ရတာလဲ ရှိတာပေါ့လေ၊ မရတာလဲ ရှိတယ်၊ ကောင်းတဲ့ဥစ္စာကို ပြောတာ၊ တချို့မကျန်းမာယင်းနဲ့ သေခါနီးမှာပဲ တရားအားထုတ်လိုက်လို့ ရဟန္တာဖြစ်ပြီးသွားတာလဲ ရှိပါတယ်၊ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ တရားအားထုတ်ယင် မဖြစ်ဘူးလို့ မဆိုနိုင်ပါဘူး၊ သို့သော်လဲ ပြင်းပြင်းထန်ထန် အားထုတ်ရမယ်ဆိုယင်တော့ ဒီအင်ငါးပါးနဲ့ ပြည့်စုံရမယ်။

ယုံကြည်ရမယ်တဲ့၊ သဒ္ဓါတရားက အရေးကြီးတယ်၊ ဘုရား ယုံကြည်ရမယ်၊ တရား ယုံကြည်ရမယ်၊ သံဃာ ယုံကြည်ရမယ်၊ ဆရာသမား ယုံကြည်ရမယ်၊ ကမ္မဋ္ဌာန်းနည်းကို ယုံကြည်ရမယ်တဲ့၊ ဒါမယုံကြည်လို့ရှိယင်တော့ အားထုတ်လို့ မဖြစ်ဘူး၊ ဘုရား, တရား, သံဃာ မယုံကြည်လို့ရှိယင် တရားအားထုတ်ဖို့ ဝေးပါတယ်၊ ဒီဥစ္စာကတော့ ကျောင်းကန်ဘုရား လာကိုမလာတော့ဘူး၊ တရားနာတောင် မလာတော့ဘူး၊ ဘုရား တရား သံဃာတော့ ယုံကြည်ပါရဲ့ ဒါပေမယ်လို့ ကမ္မဋ္ဌာန်းဆရာနဲ့ ကမ္မဋ္ဌာန်းနည်း မယုံကြည်ဘူး ဆိုယင် ဒါလဲ တရားအားမထုတ်ဘူး၊ သူက ယုံမှမယုံပဲဟာကိုး၊ အဲဒီ ဘုရား တရား သံဃာ ရတနာသုံးပါး ယုံကြည်ရမယ်၊ ကမ္မဋ္ဌာန်းဆရာ ကမ္မဋ္ဌာန်းနည်း ယုံကြည်ရမယ်၊ ယုံယုံကြည်ကြည်နဲ့အားထုတ်ရမှာ အရေးကြီးပါတယ်။

အခု သာသနာ့ရိပ်သာမှာ လာပြီးအားထုတ်ကြတဲ့ ရဟန်း ယောဂီတွေလဲရှိတယ်၊ လူယောဂီတွေလဲရှိတယ်၊ ဒါတွေဟာ သူတို့ ယုံကြည်လို့ လာကြတာတွေပဲ၊ ယုံယုံကြည်ကြည်နဲ့ ဒါမှမဟုတ်လို့ရှိယင် ကိုယ့်အိမ်တွင် ကိုယ်နေ၊ ကိုယ့်အရပ်တွင်

ကိုယ်နေ၊ ကိုယ့်ကျောင်းတွင် ကိုယ်နေ၊ သူဟာ ချမ်းသာနေတာပဲ၊ ဒီမှာယုံကြည်လို့ ဒီမှာလာပြီး အားထုတ်လိုက်လို့ ရှိယင်ဖြင့် မဂ်တရား ဖိုလ်တရား ၈ကန်ရမှာပဲလို့ ယုံကြည်လို့ လာပြီး အားထုတ်ကြတာ၊ ဒါပေမယ်လို့ ဒီအထဲမှာ နည်းနည်းပါးပါး ရောနှောပြီးတော့ မစင်ကြယ်တာတော့လဲ တဦးတလေပါတတ်တယ်၊ မယုံကြည်ပဲနဲ့လာတာလဲ ရှိတယ်၊ မယုံတယုံနဲ့ လာပေမယ်လို့ ဒီက ဟောပြောပေးတာနဲ့ တချို့လဲပဲ နောက်ယုံကြည်ပြီး အားထုတ်သွားလို့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လဲ ရှိပါတယ်၊ အစက သဒ္ဓါတရားနဲ့ ပြည့်စုံပေမယ်လို့ သဒ္ဓါတရားက ပျက်လာတယ်၊ ဒီမှာ လုံးလုံး မယုံတဲ့ ပုဂ္ဂိုလ်တောင်မှ ရှိသေးတာပဲ၊ အဲဒီတော့ ယုံကြည်မှုက အရေးကြီးတယ်၊ အဲဒါကြောင့် ယုံကြည်ရမယ်တဲ့။

ကျန်းမာရမယ်တဲ့၊ ပါစကဓာတ်မီး သမဝေပါကိနီ–တဲ့၊ အညီအမျှ ကြေညက်စေနိုင်တဲ့ ပါစကဓာတ်မီးတဲ့၊ ဘာပဲ စားစား သူကတော့ အစာကြေတာပဲတဲ့၊ နည်းနည်းစားယင်လဲ နည်းနည်းနဲ့နေနိုင်တယ်၊ မျှတနေနိုင်တယ်၊ သူများလိုနည်းတဲ့ အတွက် ဆာလောင်မှုတွေ သူက သိပ်မဖြစ်ဘူး၊ များများစားလို့ ရှိယင်လဲ ဗိုက်ပြည့်ပြီး အင့်ပြီးတော့ အစာမကြေ မဖြစ်ဘူး၊ အဲဒါ ပါစကာဓာတ်မီး ကောင်းတဲ့ပုဂ္ဂိုလ်က အညီအမျှ ကြေညက်စေတတ်တယ်၊ တချို့တော့ ပါစက ဓာတ်မီး ညံ့နေတယ်၊ ဟိုဟာလေးစားလိုက် အစာမကြေ၊ ဒီဟာလေးစားလိုက် အစာမကြေ၊ အစာကြေဆေး ကူညီနေရတယ်၊ တချို့ စားကို မစားဝံ့ဘူး၊ အစာမကြေပဲနေလို့ အဲဒါ ရှိတယ်၊ တချို့တော့လဲ ပါစကဓာတ်မီးက လွန်ပြီးတော့ နေတယ်၊ စားတိုင်း စားတိုင်းတွေ အစာကြေလွန်းလို့ ခဏ ခဏ ဆာမွတ်ပြီး ဗိုက်ထဲမှာ ပူလောင်နေတာ၊ ဒီလိုလူလဲ ရှိတယ်၊ အဲဒါတွေဟာ နေရာမကျတာတွေ၊ အခုဟာက အညီအမျှကြေညက်စေတတ်တဲ့ ပါစကဓာတ်မီးတဲ့၊ အဲဒါက အရေးကြီးပါတယ်၊ အဲဒါနဲ့ ပြည့်စုံလို့ရှိယင် ကျန်းမာရေးပြည့်စုံပြီး ညီနေတယ်၊ ကျန်းမာရေး အအေးခံနိုင်တယ်၊ အပူခံနိုင်တယ်၊ အပင်ပန်းခံနိုင်တယ်၊ ဒါကြောင့် "ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား" တဲ့။

စိတ်ထားဖြောင့်မတ်ရမယ်တဲ့၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဟုတ်ယင် ဟုတ်တဲ့အတိုင်း၊ တွေ့ယင် တွေ့တဲ့အတိုင်း၊ သိယင် သိတဲ့အတိုင်း ပြောရတယ်၊ မသိတဲ့ဥစ္စာတွေ သူများတွေလိုက်ပြီး အတုခိုးပြီး မပြောရဘူး၊ မဟုတ်တာလဲ မပြောရဘူး၊ အားမထုတ်ပဲနဲ့ အားထုတ်ချင်ယောင် မလုပ်ရဘူး၊ သမာဓိ မတက်ပဲနဲ့ တက်ချင်ယောင်၊ ကိုယ်က မမှတ်နိုင်ပဲနဲ့ မှတ်နိုင်ယောင်၊ သူများက တနာရီ ထိုင်နိုင်တယ်ဆိုလို့ ကိုယ်ကလဲပဲ တနာရီထိုင်နိုင်တယ် စသည်ဖြင့် မဟုတ်တာတွေ မလုပ်ရဘူး၊ မှန်မှန်ကန်ကန် ပြောရတယ်၊ ဘာနဲ့တူသလဲဆိုယင် ဆေးဆရာနဲ့ လူမမာနဲ့ တူတယ်၊ ဆေးဆရာဆိုတာဟာ လူမမာ ပြောတာကို နားထောင်ပြီးတော့ စဉ်းစားရတာကိုး၊ ဘာဖြစ်နေတာပဲ၊ ဒီရောဂါဟာ တိုးနေတယ်၊ လျော့နေတယ်ဆိုတာ သိရတယ်၊ လူမမာက မှန်အောင်ပြောမှ လူမမာက နေမကောင်းနေပါတဲ့ဥစ္စာ နေကောင်းပါပြီပြောယင် ဆေးမပေးဘူး၊ ဘယ်ရောဂါ ပျောက်တော့မလဲ၊ လူမမာက ရောဂါဝေဒနာတွေ သက်သာနေတဲ့ဟာ တိုးနေပါတယ် ပြောလို့ရှိယင်လဲပဲ ဒါဖြင့် ဒီဆေးနဲ့ မရသေးဘူး၊ ဒီထက် စွမ်းတဲ့ဆေး ပေးလိုက်အုံးမှပဲ ဆိုပြီး ပေးလိုက်လို့ ရှိယင် ဒုက္ခဖြစ်မယ်၊ ဒီတော့ လူမမာက မှန်မှန်ကန်ကန် ပြောတတ်ဖို့ရာ လိုတယ်၊ အဲဒါလိုပဲ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က မှန်မှန်ကန်ကန်ပြောဖို့ရာ လိုပါတယ်၊ ဖြောင့်မတ်ရမယ်တဲ့။

"အသတော အမာယာဝီ ဥဇုဇာတိက" ဖြစ်ရမယ်တဲ့၊ အသဒ္ဓေါ၊ မစဉ်းလဲ မကောက်ကျစ်ရဘူးတဲ့၊ ကိုယ့်မှာရှိတဲ့ဂုဏ်တွေနဲ့ မဟုတ်မဟတ်တွေ ကြွားဝါပြီး မပြောချင်ရဘူးတဲ့၊ အမာယာဝီတဲ့၊ ကိုယ့်မှာရှိတဲ့ အပြစ်တွေကို ဖုံးကွယ်ပြီးတော့ မပြောရဘူးတဲ့၊ ကိုယ်က အအိပ်များနေလို့ရှိယင်ဖြင့် ကမ္မဋ္ဌာန်းဆရာတွေ အပြစ်တင်မှာစိုးလို့ အဲဒီ အိပ်တဲ့အချိန်တွေကို မသိအောင်လို့ ဖုံးကွယ်ပြီး ဒီလိုမလုပ်ရဘူး၊ တရားအထိုင်နည်းနေလို့ရှိယင် ဆရာသမား အပြစ်တင်မှာစိုးလို့ အဲဒီ အိပ်တဲ့ အချိန်တွေကို မသိအောင်လို့ ဖုံးကွယ်ပြီး ဒီလို မလုပ်ရဘူး၊ တရား အထိုင်နည်းနေလို့ ရှိယင် ဆရာသမား အပြစ်တင် ပြောမယ်ဆိုပြီး အဲဒါတွေကို ဖုံးကွယ်၊ ဒီလို မလုပ်ရဘူး၊ ကိုယ်ချွတ်ယွင်းတာလေးတွေ ဝန်ခံနိုင်ရမယ်တဲ့၊ ဖြောင့်မတ်ရမယ်၊ တရားတိုးတက်ယင်လဲ တိုးတက်တာ ပြောရမယ်၊ မတိုးတက်ယင်လဲ မတိုးတက်တာ ပြောရမယ်၊ မှန်မှန်ကန်ကန် ပြောရမယ်။

"ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်"တဲ့၊ ဝီရိယနဲ့ မဖြစ်မနေဘူး၊ ဒီတရား မရမချင်းသာဖြင့်ယင် မပြတ်အားထုတ်မယ်ဆိုတဲ့ လုံ့လဝီရိယနဲ့ ဇွဲကောင်းကောင်းနဲ့ အားထုတ်ရမယ်။

အပြစ်အပျက် ဥဒယဗ္ဗယညာဏ်ကိုလဲ မြင်ရမယ်တဲ့၊ ဒါကတော့ အားထုတ်မှ ဖြစ်ပါတယ်၊ စခါစကတော့ မဖြစ်သေးဘူး၊ တော်တော်လေး အားထုတ်မိတဲ့ အခါတော့ တချို့ ပုဂ္ဂိုလ်ဆိုယင် ၃–ရက် ၄–ရက်လောက်ကို တွေ့တတ်ပါတယ်၊ တချို့လဲ ၅–ရက် ၆–ရက်၊ တချို့လဲ ၇–ရက် ၈–ရက်၊ တချို့လဲ ၁၀–ရက် ၁၅–ရက်လောက်မှ ဖြစ်ပါတယ်၊ အမျိုးမျိုး ရှိပါတယ်၊ အဲဒီ အင်္ဂါငါးပါးဟာ ပဓာနိယင်္ဂ ငါးပါးလို့ ခေါ်တယ်၊ ဒါလေးကလဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အသုံးကျပါတယ်၊ အခုတော့ ဘုန်းကြီးက ပါစက ဓာတ်မီးရောက်တာနဲ့ ဒါလေး သတိရပြီး ဒါလေး ထည့်ပြီးတော့ ပြောတယ်။ ကိုင်း ဆိုရမယ်။

ယုံကြည်, ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင်
အားထုတ်ကြောင်း။

၁။ ယုံကြည်ရမယ်၊ ၂။ ကျန်းမာရမယ်၊ ၃။ ဖြောင့်စွာစိတ်ထားရမယ်၊ ၄။ ကြိုးစားတွင်တွင် နောက်မဆုတ်ပဲနဲ့ တင်းတင်းရင်းရင်း အားထုတ်ရမယ်၊ အဲဒီ အင်္ဂါ ၄–ပါးက လိုရင်းပါပဲ၊ အဲဒီ အင်္ဂါ ၄–ပါးနဲ့ ညီညွှတ်လို့ ရှိယင် အဖြစ်အပျက်မြင်တဲ့ ဥဒယဗ္ဗယညာဏ် ရောက်တယ်၊ အဲဒါဆိုယင် သေချာပြီ၊ ဒီပုဂ္ဂိုလ် ရှေ့ဆက်အားထုတ်ယင် မကြာခင်ပဲ သူဝိပဿနာညာဏ် အစဉ်အတိုင်းတက်ပြီးတော့ အရိယမဂ်ဖိုလ်တရားတွေ ရတော့မှာပဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာထိအောင် သူဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ပဲ၊ ဒီအင်္ဂါ၄ပါး လိုတယ်တဲ့။

အဲဒီထဲမှာ အခုပြောတဲ့ ပါစကဓာတ်မီး၊ ဒါတေဇောဓာတ်ကို ပြောတာ၊ ပါစကဓာတ်မီး, တေဇောဓာတ်ဘယ်နှစ်ပါး ရသွားတုန်းဆိုယင် ၄–ပါး ရှိသွားပြီ၊ သန္တပ္ပနတေဇော–အဖျားရှိန်အပူဒွေ့၊ ဓိရဏတေဇော–ပကတိအပူဒွေ့၊ ဒဟနတေဇော–ပြင်းပြင်းထန်ထန် အလွန်အကျွံပူတဲ့ အပူဒွေ့၊ မခံမရပ်နိုင်အောင် ပူတဲ့ အပူဒွေ့၊ ပါစကတေဇော–အစာကို ကြေညက်စေတဲ့ အပူဒွေ့ ၄–ခု။

အဲဒီ ၄–ခုဟာလဲ ကိုယ်ထဲမှာ ပူတဲ့အခါတွေ ထင်ရှားတာပဲ၊ ပူတဲ့အခါကာလ အခု ထိုင်နေတယ်ဆိုယင်လဲ ပူတာရှိတာပဲ၊ ပူယင် အောက်ကနေ ပူတယ်၊ ပူတယ်မှတ်ရမယ်၊ ဗိုက်ထဲက ပူလို့ရှိယင်လဲ ပူတယ် ပူတယ် မှတ်ရမယ်၊ တနေရာရာက ပူလာလို့ရှိယင် ပူတာကလေးစိုက်ပြီး ပူတယ် ပူတယ် မှတ်ရတယ်၊ တေဇောဓာတ်တွေပဲ၊ ရိုးရိုးပူတဲ့ ဥစ္စာကလေးဆိုယင်ဖြင့် ဓိရဏတေဇောပေါ့၊ အဖျားရှိန်နဲ့ ပူလာလို့ရှိယင် ဒါကတော့ သိပ်ထင်ရှားပါတယ်၊ တကိုယ်လုံး တခါတည်း ပူစပ် ပူလောင်ဖြစ်ပြီးတော့ ပူလာတယ်၊ အဲဒါတွေ မှတ်ရတယ်၊ ဒါက နေမကောင်းတဲ့အခါ အလွန်အကဲကြီး ပူလာတဲ့အခါကာလတွေလဲ ဒါလဲ မှတ်ရမှာပဲ၊ ဒါက ဒဟနတေဇော၊ အစာအိမ်ကနေပြီး ပူတာကတော့ ဒါကတော့ သိပ်ပြီးတော့ မထင်ရှားဘူး၊ ဒါတွေကတော့ အစာအိမ်အတွေ့နဲ့ သာမည်လောက် ထင်ရှားမှာပဲ၊ တခါတခါ ဆာလောင်မွတ်သိပ်နေတဲ့အခါတွေတော့ အစာအိမ်ထဲကနေပြီးတော့ ပူတာတွေလဲ ထင်ရှားတယ်၊ အဲဒါ မှတ်ရတယ်၊ အဲဒါက တေဇောဓာတ်တွေတဲ့။

ဝါယောဓာတ် ရှုမှတ်သိ

ဝါယောဓာတ် ရောက်လာပြီ၊ ဝါယောဓာတ်ကတော့ ခဏခဏ ပြောနေကျမို့ သူကတော့ရှင်းတယ်၊ လက်ဟာကလဲပဲ ခဏခဏ ဟောတိုင်းဟောတိုင်း ဝါယောဓာတ်ကတော့ လက်ဟာချပေးနေတာ၊ ဝါယောဓာတ်ဆိုတာ ဝိတ္ထမ္ဘန လက္ခဏာ–ထောက်ကန်တောင့်တင်းတဲ့ လက္ခဏာပဲတဲ့၊ "ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်"၊ တောင့်တယ် တင်းတယ်ဆိုတာ လျော့တာလဲ ပါတာပေါ့၊ သူ့လောက် မတောင့်ယင် လျော့တယ်ခေါ်ရတာပဲ၊ ထောက်ကန်တောင့်တင်း၊လျော့ခြင်း တမည်။

သမုဒီရဏရသာ၊ ရွှေ့လျားခြင်း ရွှေ့စေခြင်း သဘောရှိသည်တဲ့၊ လှုပ်ရှားခြင်း လှုပ်ရှားစေခြင်း သဘောရှိတယ်တဲ့၊ ဒီမှာတော့ကို လှုပ်ရှားခြင်း သဘောကို ပဓာနပြုပြီးတော့ လှုပ်ရှားခြင်းကပဲ ထင်ရှားတယ်၊ ထင်ရှားစေတယ်ဆိုတာကတော့ ယောဂီပုဂ္ဂိုလ်အနေနဲ့ သိပ်ပြီးတော့ မထင်ရှားဘူး၊ လှုပ်ရှားခြင်းက ထင်ရှားတယ်၊ ဒါကြောင့် "ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတတ်သည်"တဲ့၊ ယိမ်းတယ်, ယိုင်တယ်, လှုပ်ရှားတယ်, ရွှေ့တယ်, သွားတယ်, ယိမ်းယိုင်လှုပ်ရှား ရွှေ့သွားတတ်သည်။

"သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်"၊ ဝါယောဟာ ဦးတန်းမိရာ အလိုရှိရာဘက်ကို တွန်းဆောင်သွားတယ်လို့ ထင်ရတယ်တဲ့၊ ဒါကတော့ အထူးအမှတ်ကောင်းတဲ့အခါ ကာလတွေမှာ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုယင် ခြေထောက်ကို တွန်းတွန်းပို့နေသလို အဲဒီလို ထင်ရပါတယ်၊ အဲဒါက အဘိနိဟာရပစ္စုပ္ပဋ္ဌာန၊ အဘိနိဟာရ–ရှေ့ရှုဆောင်ခြင်း၊ ရှေ့ရှုဆောင်နေသောအားဖြင့် ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ထင်ရှားတယ်တဲ့၊ ဒါကတော့ ဆိုနေကျပါပဲ၊ လက်ဟာကလေး၊ ဆိုကြအုံးစို့။

ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်။
ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတက်သည်။
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်။
ဝါယောဓာတ်– သိမှတ်မြတ်ယောဂီ။

ထောက်ကန်တယ်၊ တောင့်တင်းတယ်၊ ဒါတွေမှတ်ရတာ များပါတယ်၊ သတိပဋ္ဌာန်သုတ်အဖွင့် အဋ္ဌကထာမှာလဲ ကာယာနုပဿနာပိုင်းမှာ ဒီဝါယောဓာတ် သိပုံတွေကိုပဲ ပဓာနပြုပြီးတော့ ဖွင့်ထားပါတယ်၊ ဒါပြင် ဓာတ်တွေကိုတော့ များများ မဖွင့်ဘူး နည်းနည်းပါးပါးပဲ ဖွင့်တယ်။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။

အဲဒီလို ဣရိယာပထပဗ္ဗ မှာ မြတ်စွာဘုရား ဟောထားတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လဲ။ ပရံ၊ တပါးသော သိပုံကား။ ဘိက္ခု၊ ရဟန်းသည်။ ဝါ–ဘိက္ခု၊ သံသရာဘေးကို ရှုမြင်သော ပုဂ္ဂိုလ်သည်။

ဘိက္ခုမည်ပုံ

ဘိက္ခုဆိုတာ ဝိနည်းအရနဲ့ သာသနာတော်ဝင်ပြီး ရဟန်းပြုထားတဲ့ ရဟန်း၊ ဒီလိုဟာလဲ ဟောပါတယ်၊ ဘိက္ခုလို ပဋ္ဌိပတ်အကျင့် ကျင့်နေလို့ရှိယင်လဲ ဘိက္ခုပါပဲတဲ့။

သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။

သံသာရေ၊ သံသရာ၌။ ဘယံ၊ ဘေးကို။ ဣက္ခတိ၊ ရှုမြင်တတ်၏။

သံသရာဘေး ရှုမြင်တတ်တယ်၊ အိုရတယ်, နာရတယ်, သေရတယ်, စိုးရိမ်ပူဆွေးရတယ်, ငိုကြွေးရတယ်, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ အမျိုးမျိုးတွေ့ရတယ်၊ ရှားမှီးရတယ်၊ နောက်ဆုံး တနေ့ကျသေရတယ်၊ ဘဝတိုင်းဘဝတိုင်း ဒီဥစ္စာတွေ တွေ့နေတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ရှိယင် အပါယ်လေးပါး ကျရတယ်၊ ငရဲကျရတယ်၊ အနှစ်ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာ၊ သိန်းပေါင်းများစွာ ဒုက္ခရောက်ပြီးတော့ နေရတယ်၊ ပြိတ္တာတွေဖြစ်ရတယ်၊ တိရစ္ဆာန်တွေဖြစ်ရတယ်၊ ဒုက္ခတွေ မရေမတွက်နိုင်အောင် ဒုက္ခတွေခံစားရတယ်၊ အဲဒီ သံသရာဘေးတွေကို မြင်တယ်တဲ့၊ ဒီအတိုင်း မမြင်ပဲ နေလို့ရှိယင် ဒီအပါယ်လေးပါးလဲပဲ ကျနိုင်တာပဲ၊ အပါယ်လေးပါးနဲ့ ဆွေပြတ်မျိုးပြတ် မဖြစ်သေးဘူးပေါ့၊ အပါယ်လေးပါးနဲ့ သံယောဇဉ် ဖြစ်နေတယ်၊ အပါယ်လေးပါးနဲ့လဲ ဆိုင်နေတာပဲ။

ကိုယ်ပိုင်အိမ်ကြီး

အပါယ်လေးပါးက "သကဂေဟ သဒိသမေဝ" မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတဲ့ပုဂ္ဂိုလ်များ အပါယ်လေးပါးဟာ ကိုယ့်အိမ်ကြီးနဲ့တူတယ်တဲ့။

ပမတ္တသ နာမ စတ္တာရော အပါယေ သကဂေဟသဒိသာ။

ပမတ္တသနာမ၊ မေ့လျော့သောသူအားမည်သည်။ ဝါ၊ မေ့လျော့နေသော သူအားမည်သည်။ စတ္တာရောအပါယေ၊ ၄–ပါးသော အပါယ်ဘုံတို့သည်။ သကဂေဟသဒိသာ၊ မိမိကိုယ်ပိုင်အိမ်ကြီးများနဲ့ တူကြလေကုန်တော့၏။

အခုလူတွေ ဘယ်မှာနေကြတုံးဆိုယင် ကိုယ့်အိမ်ကိုယ်နေတာပဲ၊ ဘုန်းကြီးတွေလဲ ကိုယ့်ကျောင်းကိုယ်နေပဲ၊ တခါတရံ အကြောင်းရှိတဲ့အခါကျတော့ ဟိုအိမ်ဒီအိမ်သွားရတယ်၊ ဟိုရွာဒီရွာ ဟိုမြို့ဒီမြို့ သွားရတယ်၊ ခဏပါပဲ၊ ဟိုမှာကိစ္စပြီးယင် ကိုယ့်အိမ်ကို ပြန်လာရတယ်၊ ကိုယ့်အိမ်မှာပဲ အမြဲတမ်းနေရတယ်၊ အဲဒါလိုပဲတဲ့ မေ့မေ့လျော့လျော့နေတဲ့ ပုဂ္ဂိုလ်တွေမှာ အပါယ်လေးပါးက အမြဲတမ်းနေရာ ကိုယ့်အိမ်ကြီးပဲတဲ့၊ တခါတရံ ကုသိုလ်ကောင်းမှု ကလေးကပို့လို့ လူဖြစ်, နတ်ဖြစ်, ဗြဟ္မာဖြစ် ဒါခဏအလည်သွားတာနဲ့ တူတယ်တဲ့၊ အမြဲတမ်းနေကြတာကတော့ အပါယ်လေးပါးဟာ သူ့အိမ်ပဲတဲ့၊ အဲဒီတော့ အပါယ်လေးဘုံလဲ ခဏခဏကျနိုင်တယ်၊ လူရယ်နတ်ရယ်လို့ ဖြစ်ပြန်ယင်လဲ ပဋ္ဌိသန္ဓေနေရ, အိုရ, နာရ, သေရ, ပူဆွေးရ, ငိုကြွေးရ, လွတ်မြောက်အောင် တရားအားထုတ်အုံးမှပဲလို့ အားထုတ်လိုတဲ့စိတ်တွေဖြစ်ပြီး အားထုတ်ကြတာကိုး။

အဲဒါ သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။ သံသာရေ၊ သံသရာ၌။ ဘယံ၊ ဘေးကို။ ဣက္ခတိ၊ ရှု၏။

သံသရာဘေးကိုမြင်တဲ့ ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်တာပဲ၊ အခုဒီမှာလာပြီး တရားနာတဲ့ပုဂ္ဂိုလ်တွေ သံသရာဘေး မြင်လို့ပဲ၊ သံသရာဘေးမမြင်တဲ့ ပုဂ္ဂိုလ်တွေက တရားအားထုတ်ဖို့ရာလဲ ဝေးပါတယ်၊ တရားနာဖို့ရာတောင် သိပ်ပြီးမလာနိုင်ဘူး၊ တချို့လုံးလုံးကို မလာနိုင်ပါဘူး၊ တရားနာယင်လဲ အလကားပဲဆိုပြီး သူတို့က ထင်နေတယ်၊ အဲဒီတော့ အခုလိုတရားနာပြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက သံသရာဘေးမြင်တဲ့ ပုဂ္ဂိုလ်တွေ ဘိက္ခုပဲတဲ့။

သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်တလဲ။ အပရံ၊ တပါးသော ရှုပုံကား။ ဘိက္ခု၊ သံသရာဘေးကို ရှုသောပုဂ္ဂိုလ်သည်၊ ဝါ၊ သံသရာဘေးကို ရှုမြင်၍ တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ တရားလဲ အားထုတ်ရမှာကို အားမထုတ်ပဲ

နဲ့နေလို့တော့ မဖြစ်ဘူး။ ဂစ္ဆန္တောဝါ၊ သွားသည်ရှိသော်လည်း။ ဂစ္ဆာမီတိ၊ သွားသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ သွားသည်ရှိသော် သွားသည် ဟူ၍သိ၏။

ဌိတောဝါ၊ ရပ်သည်ရှိသော်လည်း။ ဌိတောမှီတိ+ဌိတောအမှီတိ၊ ရပ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ နိသိန္နောဝါ၊ ထိုင်သည်ရှိသော်လည်း။ နိသန္နော အမှီတိ၊ ထိုင်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဘယာနောဝ၊ လဲလျောင်းသော်လဲ။ သယာနောမှီတိ၊ လဲလျောင်းအိပ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဣရိယာပုထ် ၄-ပါးကို ဟောထားတယ်၊ လူတွေဟာ ဒီဣရိယာပုထ် ၄-ပါး တခုခုနဲ့ နေရတာပဲ၊ ဣရိယာပုထ် ၄-ပါးကလွတ်ပြီးတော့ နေဖို့တော့ ရိုးရိုးတန်းတန်း နေဖို့တော့ မရှိဘူး၊ တခါတရံထိုင်နေတယ်၊ တခါတရံလဲပဲ ရပ်နေတယ်၊ တခါတရံလဲ သွားနေတယ်၊ တခါတရံလဲ လဲလျောင်းပြီးအိပ်နေတယ်၊ ၄-မျိုးထဲက တမျိုးမျိုးနေရမှာပဲ၊ ဒီ ၄-မျိုးထဲကလွတ်အောင်ကတော့ ကမြင်းတဲ့လူ ဆော့တဲ့လူတွေလောက်ပဲ ဂျွမ်းစိုက်နေမှပဲ။ ဒါလောက်ပဲ ရှိမယ်၊ ဒီ ၄-မျိုးကလွတ်အောင်နေလို့ မဖြစ်ဘူး။

အဲဒီတော့ အဲဒီ ၄-မျိုးနဲ့ မြတ်စွာဘုရားကဖမ်းပြီး ဟောထားပါတယ်၊ အဖျားနားလည်တဲ့ ဥစ္စာ ဒီ ၄-မျိုး၊ ထိုင်ယင်လဲ ထိုင်တာကိုသိပါတဲ့၊ ထိုင်တယ်ထိုင်တယ် ထိုင်တာကိုသိပါတဲ့၊ ရပ်ယင်လဲ ရပ်တာကိုသိပါ၊ သွားယင်လဲ သွားတာကိုသိပါ၊ လဲလျောင်းယင်လဲ လဲလျောင်းတာကို သိပါတဲ့။

အဲဒီမှာ သွားတာကစပြီး ဟောတယ်၊ သွားယင် (သွားတယ်-သွားတယ်) မှတ်တော့ ဘာသိသတ္တုဆိုလို့ရှိယင် သွားချင်တဲ့စိတ်နဲ့ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ သွားရုပ်ကိုသိတယ်လို့ အဋ္ဌကထာကဖွင့်ပါတယ်၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ သွားတယ်လို့ရှုတဲ့ဥစ္စာ ဘာမှမထူးဘူးလို့ထင်ရတယ်၊ ဒါကြောင့် အဋ္ဌကထာဆရာက နောင်လာနောက်သားတွေ မြတ်စွာဘုရား၏ ဒေသနာတော်ကို အထင်အမြင်သေးပြီးတော့ မရှိမသေပြောမှာစိုးလို့ သူတို့ပြောမယ့် စကားလုံးတွေယူပြီးတော့ အဋ္ဌကထာဆရာတွေက ပြထားပါတယ်။

သွားတယ်ဆိုတာဟာတဲ့ ခွေးတွေတောင်မှ သိတာပဲတဲ့၊ မြေးခွေးတွေလဲ သိတာပဲ ဘာထူးသလဲ ဒီလိုစောဒကတက်ပြီး ပြတော့ မှန်တယ်တဲ့၊ သွားတယ် သိတာမှန်တယ်တဲ့၊ ခွေး, မြေခွေးသာမဟုတ်ဘူးတဲ့၊ ခွေး, မြေခွေးတောင်မှ သိသေးတာ လူဆိုပြောစရာမရှိဘူး၊ ခွေး, မြေခွေးရော လူတွေရော သာမန်ပုဂ္ဂိုလ်တွေ အတူတူပါပဲ၊ မထူးကြဘူး၊ အတူတူဖြစ်ကြတာပဲ၊ တို့ကပိုပြီးတော့ သိတယ်လို့ တချို့က အောက်မေ့တယ် မဟုတ်ပါဘူး၊ တရားအားမထုတ်ယင် ဒါလောက်သိတာပါပဲ၊ မထူးပါဘူး။

အဲဒါက ရိုးရိုးသိတာက ကမ္မဋ္ဌာန်းသိ သိတာမှမဟုတ်ပဲ ကလေးလေးတွေ သိတဲ့အသိနဲ့ သိတာပဲ၊ မိရိုးဖလာအသိနဲ့ သိတာပဲ၊ သွားတဲ့အခါကာလမှာ တခါတရံ သတိရမှာပေါ့၊ ငါသွားနေတယ်ဆိုတာ အဲဒီဟာက ငါအနေနဲ့ပဲသိတယ်၊ ငါသွားသင့်တယ်လို့ပဲ သိတယ်၊ ဒါလဲ သတိရတဲ့အခါမှ ရမှာပါ၊ ရဖို့ရာ အဝေးကြီးနေမှာပါပဲ၊ များသောအားဖြင့်ဆိုယင် ကိုယ်အလိုရှိအပ်တဲ့အာရုံကိစ္စတွေ စိတ်ကူးပြီးသွားနေကြတာပဲ၊ သွားယင်းသွားယင်းပဲ မအားဘူး အလုပ်တွေသိပ်များတယ်၊ စိတ်ကူးနေရတာပဲ၊ ဟိုစိတ်ကူး ဒီစိတ်ကူးနဲ့ သွားယင်လဲပဲ စိတ်ကူးနဲ့ပဲ သွားနေတယ်၊ ဟိုရောက်လို့ လူတယောက်နဲ့တွေ့မှသာ နှုတ်သာဆက်ရော ကိုယ့်စိတ်ကူးကတော့ မဆုံးသေးဘူး မကုန်သေးဘူး ဟိုမှာ စိတ်ကူးရတုန်းရှိသေးတယ်၊ အဲဒီလို စိတ်ကူးတွေနဲ့ပဲ သွားနေတယ်၊ ဟိုမှာ စိတ်ကူးရတုန်းရှိသေးတယ်၊ အဲဒီလိုစိတ်ကူးတွေနဲ့ပဲ သွားနေတာ ကိုယ့်ကိုယ်ကို ခြေထောက်ကြွနေမှန်းလဲမသိ၊ လှမ်းနေမှန်းလဲမသိ၊ ချနေမှန်းလဲမသိ၊ ရွှေ့နေမှန်းလဲ မသိပါဘူး၊ မသိတာတွေများပါတယ်၊ သိတဲ့အခါဟာလဲပဲ ငါ့အနေအားဖြင့်သိတယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် သိတယ်၊ အဲဒီအသိမျိုးမဟုတ်ပါဘူးတဲ့၊ အဋ္ဌကထာဆရာက အခုသိတာတော့ ယောဂီပုဂ္ဂိုလ်အသိကတော့ သွားမယ်ဆိုယင် မသွားခင် ကတည်းက သွားချင်တဲ့ စိတ်ကလေးကို သိပြီး-

ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ။

ဂစ္ဆာမီတိစိတ္တံ၊ သွားမယ်ဟု ကြံသော စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ သွားမယ်လို့ ကြံတဲ့ စိတ်ကလေးဖြစ်တယ်၊ အဲဒါလေး ရှေးဦးစွာသိတယ်တဲ့ အခု ပကတိပုဂ္ဂိုလ်တွေ ဘယ်သိလိမ့်မှာတုံး၊ မယုံယင်စမ်းကြည့် ယောဂီပုဂ္ဂိုလ်တွေကတော့ တရားအားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေမို့ ပြောစရာမလိုဘူး။ တခြားသော ပုဂ္ဂိုလ်တွေများကျလို့ ရှိယင် သူတို့ကို စမ်းကြည့်ခိုင်း၊ လက်ညှိုးကလေးတခုကို လှုပ်ကြည့် လှုပ်ချင်တဲ့စိတ်ကလေး ဘယ်အနားကဖြစ်တုံးဆို ရှာကြည့်မတွေ့ဘူး၊ ခဏခဏ လှုပ်နေတာပဲ၊ စိတ်တော့ရှိရမှာပေါ့၊ အလိုလိုတော့ ဘယ်လှုပ်မလဲ အသေကောင်ဆိုယင်မလှုပ်ဘူး အိပ်ပျော်နေတဲ့ အခါဆိုယင် မလှုပ်ချင်တဲ့ စိတ်မပေါ်တဲ့ အခါဆို မလှုပ်ဘူး လှုပ်ချင်တဲ့ စိတ်ရှိလို့ လှုပ်တာပဲ၊ ဒါပေမယ့် လှုပ်ချင်တဲ့စိတ် လက်ညှိုးကလေး နောက်တခါလှုပ်ကြည့် နောက်တခါလှုပ်ကြည့် လှုပ်ချင်တဲ့စိတ် ဘယ်အနားကနေဖြစ်တုန်း ဘယ်နယ်ဖြစ်တုန်းဆိုယင် ရှာလို့ မရပါဘူး ပကတိပုဂ္ဂိုလ်မှာ ဘယ့်နယ်မှ ရှာလို့မရဘူး ယောဂီပုဂ္ဂိုလ်မှာရတယ်၊ ယောဂီပုဂ္ဂိုလ်မှာ လှုပ်ချင်တဲ့ စိတ်ကလေးက ရှေးဦးစွာ ပေါ်လာတယ်၊ ကွေးမယ်, ဆန့်မယ်, ထိုင်မယ်, ထမယ်, သွားမယ်, ကြံတဲ့စိတ်ကလေး ရှေးဦးစွာ ပေါ်လာတယ်။

ဂစ္ဆမီတိစိတ္တံ၊ သွားမယ်လို့ ကြံသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တံ၊ ထိုသွားမယ်ကြံသောစိတ်က။ ဝါယံ၊ တောင့်တင်း လှုပ်ရှားသောဝါယောဓာတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။

အဲဒီစိတ်က တောင့်တင်း လှုပ်ရှားတဲ့ ဝါယောဓာတ်ကို ဖြစ်စေတယ်တဲ့၊ အဲဒီ ဝါယောဓာတ်တွေ တကိုယ်လုံး ပျံ့နှံ့ခြင်းကြောင့် ဘာလုံးကလေးများ လေထိုးလိုက်တော့ တင်းပြီးတော့သွားလို့ တကိုယ်လုံးမှာ တကိုယ်လုံးဆိုတော့ အထူးအားဖြင့်တော့ကို လှုပ်ရှားတဲ့ အစိတ်အပိုင်းတွေပေါ်လေ၊ ခြေထောက်အစရှိတဲ့ အစိတ်အပိုင်းတွေမှာ ဝါယောဓာတ်တွေ ပျံ့နှံ့ပြီးတော့ သွားတယ်၊ အဲဒီ ဝါယောဓာတ်ကနေ တရွေ့ချင်း တရွေ့ချင်း ရွေ့သွားတယ်၊ လှမ်းလှမ်းပြီး ရွေ့ရွေ့ပြီးတော့ သွားတယ်၊ ရွေ့သွားတယ်ဆိုတာလဲ တခြားမဟုတ်ဖူး ရုပ်တွေ အသစ်တွေဖြစ်သွားတာ။

မီးများလောင်သွားသလိုပဲ၊ အမှိုက်တွေရှိနေတဲ့ နေရာ တနေရာရာကနေ မီးရှို့လိုက်၊ မီးရှို့လိုက်တော့ အမှိုက်တွေတခုပြီးတခု ကူးစက်ပြီးတော့ လောင်သွားတယ်၊ ပကတိပုဂ္ဂိုလ် အနေကတော့ ပထမမီးရှို့လိုက်တဲ့ မီးကလေးကပဲ တရွေ့တရွေ့ လောင်သွားတယ်၊ ဒီလိုအောက်မေ့ရတယ်၊ ဘယ်ဟုတ်မှာလဲ ပထမရှို့တာက ပထမနေရာတွင် လောင်ပြီးတော့ ငြိမ်းသွားတာပဲ နောက်အသစ်ဖြစ်ပြီး မီးတွေအသစ်အသစ် လောင်သွားတာ၊ ရွေ့ရွေ့သွားတာ၊ ပထမမီးခြစ်ဆံက မီးဟာ မီးခြစ်ဆံတွင်ငြိမ်းသွားတာပဲ၊ အဲဒီကမီးကနေပြီး ဓာတ်ရပြီးတော့ကို သစ်ရွက်တွေ အမှိုက်တွေကူးသွားတယ်၊ အမှိုက်တခုက အမှိုက်တခုကူးပြီးတော့ အသစ်အသစ်တွေလောင်သွားတာ၊ လောင်ပြီးသား မီးတွေက အထက် ဟုတ်ခနဲ ဟုတ်ခနဲ အထက်ကိုတက်တက်ပြီး အကုန်အခိုးအငွေ့ ဖြစ်ဖြစ်ပြီး သေသေသွေးတာ၊ အဲဒီတော့ ဒီလိုလောင်လာတဲ့မီးဟာ အမှိုက်တွေတဆက်တည်း ရှိလို့ရှိယင် တမိုင်လောက်လဲ လောင်သွားနိုင်တာပဲ၊ ၅-မိုင် ၁၀-မိုင်လဲ လောင်သွားနိုင်တာပဲ၊ မိုင် ၁၀၀-လောက်လဲ လောင်သွားနိုင်တာပဲ၊ ဒီမီးတွေပဲ သွားတယ်လို့ အောက်မေ့ရတယ်၊ ဘယ်ဟုတ်မှာလဲ မီးတွေက အသစ်အသစ် ဖြစ်နေတာ။

အဲဒါလိုပဲ သွားတဲ့အခါကာလ သွားချင်တဲ့ စိတ်ကြောင့် သွားရပ်ကလေးတွေ ဖြစ်သည်၊ သွားချင်တဲ့စိတ် သွားမယ်ကြံတဲ့စိတ်က အကြောင်းတရား သွားတာက ရွှေ့ရှားတာကရုပ် ဝါယောဓာတ်ပဲ၊ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် "ဝါယောဓာတုဝိဇ္ဇာရေန" ဝါယောဓာတ် တကိုယ်လုံးပျံ့နှံ့လို့တဲ့ တရွေ့တရွေ့ချင်း အသစ်အသစ် ဖြစ်သွားတယ်၊ အဲဒါကြောင့် သတိပဋ္ဌာန် ဒေသနာတော်မှာ ဝါယောဓာတ်ကိုချည်း ပဓာနပြုပြီး အဋ္ဌကထာဆရာက ဖွင့်ထားပါတယ်။

ခြေတလှမ်းမှာ ဓာတ်ကြီး ၄-ပါး ထင်ရှား

ဒါပေမယ်လို့ အဲဒီလိုသွားတဲ့ အခါမှာတော့ သူက ခြေထောက်ကြွလိုက်တာနဲ့ လှမ်းလိုက်တာနဲ့ ချလိုက်တာနဲ့ နင်းလိုက်တာနဲ့ ဒီ ၄-ခုဟာ သူကဓာတ် ၄-ပါး အသီးအသီး ခွဲခြားတယ်။

ကြွတဲ့အခါကာလကျတော့ ပေါ့တက်လာတဲ့ တေဇောဓာတ်က ရှေ့ဆောင်တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်တယ်တဲ့၊ ဝါယောဓာတ်က နောက်ကနေပြီး အားပေးတယ်။ ဝါယောဓာတ်ကို ပေါ့တက်တာက အခိုးအငွေ့က တေဇောဓာတ်တဲ့၊ ခုနက "ပေါ့လျက် ပေါ့လျက် ကြွတက်ထင်သည်" တဲ့ ခုနတုန်းက ဆောင်ပုဒ်ပေးတာ ဒါလေးတွေ မှတ်ရအောင်လို့၊ ပေါ့ပေါ့ပြီး ကြွကြွတက်လာတာဟာ တေဇောဓာတ်ပဲ၊ အဲဒီမှာ တေဇောဓာတ် လွန်ကဲတယ်တဲ့၊ ပေါ့ပေါ့ပြီး ကြွကြွတက်လာတယ်တဲ့၊ ဒါ တေဇောဓာတ်ကို ထိတာပဲ၊ အဲဒါ ခြေတလှမ်းကြွလိုက်တဲ့ အတွင်းလေးသိတာ။

ပြီးတော့ လှမ်းလိုက်တဲ့အခါကျတော့ ဝါယောဓာတ်က ရှေ့ဆောင်တယ်တဲ့၊ တေဇောဓာတ်က နောက်လိုက်တယ်တဲ့၊ လှမ်းလိုက်တဲ့အခါ။

တိရိယ ဂတိကာတိ ဝါယောဓာတု။

ဝါယောဓာတု၊ ဝါယောဓာတ်သည်။ တိရိယဂတိကာ၊ ဖီလာ သွားတတ်တယ်တဲ့။ ဘေးသွားတဲ့အခါကျတော့ ဝါယောဓာတ်က အားကောင်းတယ်၊ တေဇောဓာတ်က နောက်ကလိုက်ပြီး အားပေးတယ်၊ အဲဒီတော့ လှမ်းတယ်၊ ရွှေ့တယ် စသည်ဖြင့် ဘေးကို ရွှေ့သွားတာတွေ သိတိုင်း သိတိုင်းဟာ ဝါယောဓာတ်ကို ပဓာနပြုပြီး သိတာ။

ခြေထောက်အရှိန်လွတ်လိုက်တဲ့ အခါကျတော့ လေးကျသွားတာ ရှိတယ်၊ အဲဒီအခါကျတော့ အာပေါဓာတ်က ရှေ့ဆောင်တယ်တဲ့၊ ပထဝီဓာတ်က နောက်လိုက်တယ်တဲ့၊ ပထဝီဓာတ်လဲ လေးတာပဲ၊ ဒါပေမယ်လို့ အာပေါဓာတ်က ဂရုတရ သဘာဝ သာပြီးတော့လေးတဲ့သဘော ရှိတယ်တဲ့၊ ဒါကြောင့် ခုနက အာပေါဓာတ်ဆောင်ပုဒ်ထဲ ဘုန်းကြီးက နောက်ကထည့်တာ၊ ဘာတုံးဆိုတော့ "လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်" တဲ့၊ လေးလေးပြီးတော့ ကျသွားတယ်လို့ ဉာဏ်ထဲထင်တာဟာ အာပေါဓာတ်တဲ့၊ ခြေထောက် လှမ်းလိုက်တဲ့အခါမှာ အရှိန်လွန်ပြီးတော့ လေးကျသွားတာလေး ထင်လို့ရှိယင် အဲဒါ အာပေါဓာတ်။

လက်တွေဘာတွေမှာလဲ ဒီလိုပဲ၊ လက်ကို ဒီလို မ–လိုက်လို့ ကြွတက်လာတာထင်ယင် ဒါတေဇောဓာတ် ထင်ရှားတယ်၊ ဘေးတွေ ရွှေ့လိုက်တာ ရမ်းလိုက်တာတွေ ထင်ရှားလို့ရှိယင် ရွှေ့ရွှေ့သွားတာ ထင်လို့ရှိယင် ဝါယောဓာတ် ထင်ရှားတယ်၊ အဲဒီက လက်ကိုအောက်ချတော့ လေးကျလာတာကို ထင်ရှားလို့ရှိယင် အာပေါဓာတ် ထင်ရှားတယ်၊ ခေါင်းမော့လိုက်တဲ့အခါမှာ ပေါ့တက်လာတာထင်ရှားယင် တေဇောဓာတ် ထင်ရှားတယ်၊ ခေါင်းဘေးကို ရမ်းလိုက်ငဲ့လိုက်ဆိုလို့ရှိယင် ဝါယောဓာတ် ထင်တယ်၊ ငုံ့လိုက်တဲ့အခါ လေးကျလာတယ် ထင်လို့ရှိယင် အာပေါဓာတ် ထင်ရှားတယ်၊ အဲဒီလို မှတ်ရမယ်။

ပြီးတော့ မြေကြီးပေါ် ကြမ်းပြင်ပေါ် ခြေထောက်ချလိုက်တဲ့အခါ ထိပြီးတော့ ခံနေတယ်၊ ဖိပြီးတော့ နင်းလိုက်တဲ့အခါမှာ ထိပြီးတော့ ခံနေတယ်၊ ပထဝီဓာတ် ထင်ရှားတယ်၊ အောက်က ပထဝီဓာတ်လဲ ထင်ရှားတယ်၊ အောက်က မြေကြီးတို့ ကြမ်းပြင်က ရှိပြီးတော့နေတဲ့ အမာတို့ဟာ အမာခံ ပထဝီဓာတ်လဲ ထင်ရှားတယ်၊ အထက်က နင်းချလိုက်တဲ့ ခြေထောက်ကလဲပဲ တိုက်ပြီးတော့ ခံနေတာကို။

သံပဋ္ဌိစ္ဆနတို့, ပဋ္ဌိဌာနတို့ အဲဒါဟာ သူ့ကိစ္စတွေ၊ အဲဒါကြောင့် ပထဝီဓာတ် ထင်ရှားတယ်တဲ့၊ ခြေတလှမ်းမှာ ဓာတ် ၄–ပါး ထင်ရှားပုံ ကြွတတ်လာတဲ့အခါ တေဇောဓာတ် ထင်ရှားသည်၊ လှမ်းလိုက်တဲ့အခါ ဝါယောဓာတ် ထင်ရှားသည်၊ ခြေထောက်လေးကျသွားတဲ့အခါ အာပေါဓာတ် ထင်ရှားသည်၊ ချတဲ့အခါ နင်းတဲ့အခါ ပထဝီဓာတ် ထင်ရှားသည်၊ ခြေတလှမ်းအတွင်းမှာ ဓာတ် ၄–ပါးကို ပါနေတယ်၊ ဓာတ် ၄–ပါးကို သိပြီးသား ဖြစ်နေတယ်၊ ဒါကြောင့်မို့လဲ ဒီတရားဟာ ပြည့်စုံတာပဲ၊ ကိုင်း ဆိုရမယ်။

ခြေထောက်ကြွဆဲ၌ ပေါ့တက်လာသော တေဇောဓာတ် ထင်ရှားသည်။
လှမ်းဆဲ၌ ရွှေ့ရှားသော ဝါယောဓာတ် ထင်ရှားသည်။
ခြေထောက် လေးကျဆဲ၌ လေးကျသွားသော အာပေါဓာတ် ထင်ရှားသည်။
ခြေထောက်ချဆဲ, နင်းဆဲ၌ ခံလင့်သော ပထဝီဓာတ် ထင်ရှားသည်။

ခံပြီးတော့ ထားတာကိုး၊ ခြေထောက်ကို အောက်ကို ကျွံကျမသွားအောင် အထက်ကနေပြီးတော့ အောက်က ကြွတက်မလာအောင် အမာခံအနေနဲ့ထင်ရှားတာ မာတာလဲထင်ရှားပါတယ်၊ ခံလင့်တယ်ဆိုတာကတော့ ပိုနားလည်လွယ်လို့ ပြောတာ၊ မာနေတဲ့ ဥစ္စာတခု တိုက်ခံတာပဲ၊ ပျော့နေတာဆိုယင် ကျွံကျသွားတာပဲ၊ အဲဒါ ဓာတ် ၄–ပါး ခြေတလှမ်းအတွင်းမှာ ဓာတ် ၄–ပါး သိပုံ။

လက် တကွေး တဆန့်အတွင်းမှာ ဓာတ် ၄–ပါး သိပုံအတူတူပဲ၊ လက်တကွေး တဆန့်အတွင်းမှာလဲပဲ လက်ကြွတက်လာတာသိယင် တေဇောဓာတ် ထင်ရှားတာပဲ၊ ကွေးလိုက်, ဆန့်လိုက်တဲ့အခါ လှုပ်ရှားတာသိယင် လှုပ်ရှားတာကတော့ သိရတော့မှာ၊ ဒါက ဝါယောဓာတ် ထင်ရှားတာ၊ အောက်လေးကျသွားတာ သိလို့ရှိယင် အာပေါဓာတ် ထင်ရှားတယ်၊ တနေရာရာ တိုက်ပြီးတော့ ခံနေတာတော့ ရှိရမှာပဲ၊ လက်က ချလိုက်ယင် တနေရာရာကတော့ တိုက်နေမှာ တိုက်ခံနေတာ၊ ထိနေတာက ပထဝီဓာတ် ထင်ရှားသည်၊ အဲဒါဓာတ် ၄–ပါးလုံး ထင်ရှားသိတယ်။

အဲဒါက ယောဂီပုဂ္ဂိုလ်တွေမှာ တို့အားထုတ်နေတာတွေဟာ ဓာတ် ၄–ပါးတွေ ရှုမှတ်နေတာပဲ သိနေတာပဲဆိုတာ သဘောပေါက်အောင်လို့ ဘုန်းကြီးက ထည့်ပြောပါတယ်။

တည်ရာအားဖြင့် ဓာတ်ကြီး ၄–ပါး မြွေကြီး ၄–ကောင်နှင့်တူပုံ

အခုမြွေကြီး ၄–ကောင်နဲ့တူပုံကို ပြောရမယ်၊ မြွေကြီး ၄–ကောင်ဆိုတာ ဘယ်လိုတုံးဆိုလို့ရှိယင် (အာသယ) တည်ရာအားဖြင့်လဲ မြွေ ၄–ကောင်နဲ့ တူပါတယ်၊ မြွေဟာ ဘယ်မှာတည် နေတုံးဆိုယင် မြွေဆိုတာ တောင်ပို့ထဲနေတာပဲ၊ အဲဒါလိုပဲတဲ့ ဓာတ်ကြီး ၄–ပါးဟာလဲ ကိုယ်တည်းဟူသော တောင်ပို့ထဲမှာနေ တယ်တဲ့၊ ဝမ္မိကသုတ်မှာ တောင်ပို့ကြီးနဲ့တူတဲ့ အကြောင်း ဝမ္မိကသုတ်တရားတော်လဲ ဘုန်းကြီးက စာအုပ်နဲ့ ရိုက်ထားတော့ ကြည့်ဖူးတဲ့ ပုဂ္ဂိုလ်တွေများမှာပါပဲ၊ ကိုယ်ကြီးဟာလဲ တောင်ပို့ကြီးနဲ့ တူတယ်၊ အဲဒီ တကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တည်နေ တာ တောင်ပို့ကြီးထဲမှာ မြွေတွေဝင်နေသလိုပဲ၊ ကိုယ်တည်းဟူသော တောင်ပို့ကြီးမှာ ဓာတ်ကြီး ၄–ပါးတွေဟာ ခြေဖျားကနေ ပြီးတော့ ဆံဖျားရောက်တယ်၊ ဆံဖျားကနေပြီး ခြေဖဝါးရောက်တယ်၊ ဘေးပတ်ဝန်းကျင်ဆိုယင်လဲ ကိုယ်အရေတိုင်အောင် အမွေးအမျှင်ကလေးတွေ အဖျားတိုင်အောင် နေရာတကာမှာ သူခက်မာ ကြမ်းတမ်းတဲ့ ပထဝီဓာတ်တွေ ပျံ့နှံ့ပြီး တည်နေတယ်၊ အရေသဘော, ဖွဲ့စည်းတဲ့သဘော, စေးကပ်တဲ့သဘော, အာပေါဓာတ်တွေတည်နေတယ်၊ တောင့်တဲ့သဘော, တင်းတဲ့သဘော, တည်ငြိမ်တဲ့သဘော, လှုပ်ရှားတဲ့သဘော, ဝါယောဓာတ်တွေ တကိုယ်လုံးမှာပျံ့နှံ့ပြီး တကိုယ်လုံးမှာ တည်နေတယ်၊ နေရာ တိုင်းနေရာတိုင်းမှာ ဒီဓာတ် ၄–ပါးဟာ အကုန်လုံးရှိတယ်၊ အဲဒါ မြွေကြီး ၄–ကောင် တောင်ပို့ထဲ ဝင်နေတာနဲ့ တူတယ်တဲ့။

နောက်တခုက မြွေဆိုတာ တောင်ပို့ထဲသာ နေတာမဟုတ်ဘူး၊ သစ်ခေါင်းထဲလဲ နေတာပဲ၊ မြက်တို့ ရှုပ်ထွေးတဲ့ နေရာလေးတွေမှာလဲ နေတာပဲ၊ အမှိုက်ပုံ၊ ထဲလဲနေတတ်တယ်တဲ့၊ မြွေဟာ အဲဒါလိုပဲ ဒီဓာတ်ကြီး ၄–ပါးဟာလဲ ကိုယ်တည်းဟူသော သစ်ခေါင်းထဲမှာ တည်နေတယ်တဲ့၊ ကိုယ်ဟာလဲပဲ သစ်ပင် အခေါင်းကြီးနဲ့တူပါတယ်တဲ့၊ ကိုယ်တည်းဟူသော အမှိုက်ရှုပ်ထဲမှာ နေနေတယ်၊ အမှိုက်ရှုပ်ဆိုတာ ဘာတုံးဆိုတော့ ခုနကပြောခဲ့တဲ့ ၃၂–ကောဋ္ဌာသ၊ ၃၂–ကောဋ္ဌာသတွေဟာ အမှိုက်တွေပဲ၊ အဲဒီ အမှိုက်ရှုပ်တွေထဲမှာ အမှိုက်ထဲမှာ အရှုပ်တွေထဲမှာ မြွေနေသလိုပဲ၊ အဲဒီ အမှိုက်ပုံထဲများမှာ နေသလိုပဲတဲ့။

အဲဒီ ၃၂–ကောဋ္ဌာသတွေဟာ အသုံးမကျတဲ့ ဥစ္စာတွေပဲတဲ့၊ သေသေချာချာဆိုလို့ရှိယင်ဖြင့် ဆံပင်ဆိုတာ ခေါင်းမှာ သူ့ဟာသူနေယင် တော်တယ်၊ ခေါင်းက ကျွတ်ကျသွားယင် ဒီဆံပင်ဆိုတာ တယ်နေရာမကျဘူး၊ ဆံပင်တွေဟာ တကတည်း အမျှင်အမျှင်တွေ အလုံးအထွေးတွေဆိုလို့ရှိယင် အမှိုက်ပဲ၊ အပြင်ဘက် ပစ်ရတယ်၊ ဆံပင်မွေးညင်း၊ ခြေသည်းလက်သည်းတို့ အကုန်လုံးပါပဲ၊ ဒါတွေဟာ ကိုယ်ထဲက ပြုတ်ကျသွားလို့ရှိယင် အလေးအမြတ် မပြုရဘူး၊ သွားများလဲ ထင်ရှားတာပဲ၊ ပြုတ်ကျသွားလို့ရှိယင် ဘယ်အလေးအမြတ် ပြုလိမ့်မှာတုံး၊ ဒီအထဲမှာ ရွံစရာကောင်းတဲ့ အစိတ်အပိုင်းကတော့သာပြီး ထင်ရှားတာပေါ့လေ၊ ပြုတ်ကျသွားယင် စွန့်ပစ်ရတာချည်းပဲ၊ ဒါကြောင့် အမှိုက်ပုံးကြီး များလိုပဲတဲ့။

ကိုယ်ကြီးတခုလုံးဟာ သေသေချာချာ စဉ်းစားယင် ဘာမှအသုံးမကျဘူး၊ အမှိုက်ပုံထဲ မြွေဝင်နေသလိုပဲ၊ ဒီအထဲမှာ ၃၂–ကောဋ္ဌာသ၊ ၃၂–ကောဋ္ဌာသ အမှိုက်အစုအဝေးတွေထဲမှာ အသုံးမကျတဲ့ အစုအဝေးထဲမှာ ဓာတ်ကြီး ၄–ပါးက ဒီထဲပါဝင်နေတာကိုး၊ ဓာတ် ၄–ပါးက နေရာတကာမှာ မြွေတွေ အကောင်တွေ မနည်းဘူး၊ သူက ရှိနေတာ၊ အဲဒါကြောင့် တည်ရာအားဖြင့်လဲပဲ မြွေများနေတာနဲ့ တည်ရာချင်းလဲတူပါတယ်တဲ့၊ ဒါကြောင့်မို့လို့လဲပဲ ဓာတ်ကြီး ၄–ပါးကို မြွေဟူ၍ ခေါ်သည်။

ဖောက်ပြန်ခြင်းအားဖြင့် မြွေနှင့်တူပုံ

"ဝိသဝေဝိကာရတော" ဝိသဝေဝ အဆိပ်အဟုန် ဖောက်ပြန်ခြင်းအားဖြင့်လဲ မြွေနဲ့ တူတယ်တဲ့။

မြွေ ၄–မျိုး

မြွေဆိုတာဟာ အမျိုးအမည်အားဖြင့် အရင်းခံက ၄–ခု ရှိတယ်၊ ကဋ္ဌမုခမြွေ, ပူတိမုခမြွေ, အဂ္ဂိမုခမြွေ, သတ္ထမုခမြွေရယ်လို့ ၄–ခုရှိပါတယ်၊ ကဋ္ဌ–ဆိုတာ သစ်တုံးပေါ့၊ သစ်တုံးကဲ့သို့ ဖြစ်စေတဲ့ မြွေတဲ့၊ ဒီမြွေကိုက်ယင် သစ်တုံးလိုဖြစ်သွားတတ်တယ်တဲ့၊ တောင့်ပြီးတော့ သေတတ်တယ်တဲ့၊ ပုတိမုခမြွေ၊ ဒီမြွေကိုက်လို့ရှိယင်ဖြင့် ပုပ်ပြီးတော့ အရိုအရွဲတွေကျပြီးတော့ သေတတ်တယ်။ အဂ္ဂိမုခမြွေ၊ ဒီမြွေကိုက်လို့ရှိယင် မီးလောင်သလိုပဲတဲ့ ပူလောင်ပြီးတော့ သေတတ်တယ်။ သတ္ထမုခမြွေ၊ ဓားနဲ့ထိုးဖြတ်သလိုပဲတဲ့ ဒီမြွေကိုက်လို့ရှိယင်ဖြင့် ကိုယ်ထဲမှာ အဆစ်အရင်းတွေ အကြောတွေ တခုနဲ့တခုနဲ့ အဆက်တွေပြတ်ပြီးတော့ သေတတ်တယ်တဲ့၊ အဲဒါကြောင့် မြွေက အမျိုးအမည် အရင်းခံအားဖြင့် ၄–မျိုး ရှိတယ်တဲ့။

ကဋ္ဌမုခမြွေနှင့် ပထဝီဓာတ်

အဲဒီ ၄–မျိုးထဲမှာ ကဋ္ဌမုခမြွေနဲ့ ပထဝီဓာတ်နဲ့ တူသည်တဲ့၊ ဤကဋ္ဌမုခ မြွေသစ်တုံး ဖြစ်စေတတ်တဲ့ မြွေပေါ့လေ၊ အဲဒီ မြွေကိုက်လို့ရှိယင် သစ်တုံးဖြစ်သလိုပါပဲတဲ့၊ ပထဝီဓာတ် ဖောက်ပြန်သွားလို့ရှိယင်ဖြင့် ကိုယ်ကြီးဟာ တောင့်တင်းပြီးတော့ ကွေးလို့ မရ, ဆန့်လို့မရ, လှုပ်လို့မရ, အဲဒီလို ဖြစ်ပြီးတော့ သေတတ်တယ်တဲ့။

ပတ္တဒ္ဓေါ ဘဝတိ ကာယော၊
ဒဠ္ဟော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတု ပကောပေန၊
ဟောတိ ကဋ္ဌမုခေ သော။

သဠာယတနသံယုတ်–၅၈ မျက်နှာမှာ အဋ္ဌကထာဆရာတွေက ဂါထာကလေး စီပြီးတော့ ပြတယ်။

ကဋ္ဌမုခေန–ကဋ္ဌမုခမြွေသည်၊ ဝါ–သစ်တုံးဖြစ်စေတတ်တဲ့ မြွေသည်၊ ဝါ–သစ်တုံးဖြစ်စေတတ်သော အဆိပ်ရှိသော မြွေသည်။ ဒဠ္ဟော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ ပတ္တဒ္ဓေါ၊ ခက်မာတောင့်တင်းသည်။ ဘဝတိ=ဝ၊ ဖြစ်သကဲ့သို့။ ပထဝီဓာတုပကောပေန၊ ပထဝီဓာတ်၏ ပျက်စီးခြင်းကြောင့်။ သောကာယော၊ ထိုကိုယ်ကာယသည်။ ကဋ္ဌမုခေ=ကဋ္ဌမုခေ=ကဋ္ဌမုခမြွေ၏ ပါးစပ်၌ ကျရောက်သကဲ့သို့။ ဝါ၊ ကဋ္ဌမုခမြွေ အကိုက်ခံရသကဲ့သို့။ ပတ္တဒ္ဓေါ၊ ခက်မာတောင့်တင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏ ။

ကဋ္ဌမုခမြွေ၊ ခက်မာတောင့်တင်းစေတတ်တဲ့ အဆိပ်ရှိတဲ့ မြွေ၊ အဲဒီမြွေ ကိုက်လို့ရှိယင် ကိုယ်ကြီးတောင့်တင်းပြီးတော့ သွားသလိုပါပဲတဲ့။ ပထဝီဓာတ်ဆိုတာ ကဋ္ဌမုခမြွေနဲ့တူတယ်တဲ့၊ ပထဝီဓာတ် ဖောက်ပြန်ခဲ့လို့ရှိယင် ဒီကိုယ်ကြီးဟာ တောင့်တင်းပြီးတော့ သံချောင်းများ ထိုးလျှိုထားသလိုပဲတဲ့ ကွေးလို့မရ, ဆန့်လို့ မရ, လှုပ်လို့မရ, ယှက်လို့မရ, အဲဒီလိုဖြစ်ပြီး သေတတ်တယ်တဲ့၊ တူပါတယ်၊ အဲဒီတော့ အခုလူတွေမှာ ရောဂါဝေဒနာတွေ ဖြစ်တာရှိတယ်၊ အဲဒီဟာတွေဟာ တချို့ဒီလိုပဲ တောင့်တင်းပြီးတော့ မလှုပ်နိုင်မယှက်နိုင်ဖြစ်ပြီးတော့ သေတာပဲ၊ ပထဝီဓာတ်တည်းဟူသော မြွေကြီးကိုက်သွားတယ်လို့ ဆိုရမှာပေါ့၊ ဒီပထဝီဓာတ် ဘယ်အပိုင်းက ကိုက်လို့တုံးဆိုယင် တချို့လဲပဲ ညာဘက် ခြေထောက်ကိုက်သွားတာလဲပဲ ရှိတယ်၊ ခြေထောက်ကြီးတန်းနေတယ်၊ ဗယ်ဘက်ခြေထောက်ကို ကိုက်သွားလို့ရှိယင် ဗယ်ဘက်ခြေထောက်က တန်းနေတယ်၊ တချို့လဲ ခါးကိုကိုက်သွားလို့ ခါးတန်းနေတယ်၊ လက်မောင်းကို ကိုက်သွားလို့ လက်မောင်းတန်းနေပေါ့လေ၊ ဖြစ်တဲ့ အစိတ်အပိုင်းက နေပြီးတော့ တချို့နေရာတကာကနေပြီးတော့ ကိုက်လိုက်တော့ တကိုယ်လုံးတောင့်ပြီးတော့ သေရော၊ ဒါပထဝီဓာတ် ဖောက်ပြန်တာ၊ ဒါကတော့ ဆေးရုံတွေသွားကြည့်မှ သိမှာ၊ ဟိုမှာ ရောဂါဝေဒနာတွေ အစုံရှိတာကိုး၊ ဒီလိုတောင့်ပြီးတော့ နေတာတွေလဲ ရှိတယ်၊ ဒါပြင် ဟာတွေလဲ ရှိတယ်၊ ကိုယ့်မှာရောဂါဝေဒနာတွေ ဖြစ်လာယင်လဲ ဒီလိုပဲ၊ ပထဝီဓာတ် ဖောက်ပြန်လို့ရှိယင် တောင့်ပြီးတော့ ဖြစ်လာလို့ရှိယင် ငါ့ ကဋ္ဌမုခမြွေကိုက်ပြီ၊ ပထဝီဓာတ်မြွေကိုက်တယ်၊ နည်းနည်းပါးပါးကိုက်လို့ရှိယင် ဆေးကုလို့ရတယ်၊ များများကြီး ကိုက်လို့ ရှိယင် ဆေးကုလို့ မရဘူး၊ များများကြီး ကိုက်ယင်သေတယ်၊ နည်းနည်းပါးပါးဆိုလို့ ရှိယင်တော့ ပြုပြင်လို့ရှိယင် ရတတ်ပါသေးတယ်၊ အဲဒါကြောင့် ပထဝီဓာတ်ဟာ ကဋ္ဌမုခ မြွေနဲ့တူတယ်တဲ့၊ ခက်မာတောင့်တင်းပြီးတော့ သေစေတတ်တဲ့ အဆိပ်ရှိတဲ့ မြွေနဲ့တူတယ်တဲ့။

ပူတိမုခမြွေနှင့် အာပေါဓာတ်

ပြီးတော့ အာပေါဓာတ်က ပုတိမုခမြွေနဲ့ တူတယ်တဲ့၊ သူ ကိုက်လို့ရှိယင်ဖြင့် တကိုယ်လုံး ပုပ်ရိပြီးတော့ အရေတွေ တတွေတွေ စီးကျပြီးတော့ သေတတ်တယ်တဲ့၊ တချို့ အဲဒီလို အာပေါဓာတ် ဖောက်ပြန်ပျက်စီးတာနဲ့ အရိအရွဲတွေဖြစ် ဓာတ်တွေသွား ဝမ်းသွေးတွေသွားလို့ ဝမ်းသွေးလွန်ပြီး သေတာတွေ ရှိတာပေါ့လေ၊ တချို့လဲ အရိအရွဲတွေ ကျတဲ့အနာတွေ ဖြစ်ပြီးတော့ အနာရေတွေ တသွင်သွင်စီးပြီးတော့ ဒီလို သေတာတွေ ရှိတာပဲ၊ အပုပ်ရေတွေ တကိုယ်လုံးက ယိုကျပြီးတော့သေတာပဲ၊ အခု အနာတွေအမျိုးမျိုးပေါက်ပြီး အရိအရွဲတွေထွက်ပြီး သေတာ ဝမ်းသွေးသွန်ပြီးတော့ ဝမ်းတွေ သိပ်လျောပြီးတော့ သေတာတွေဟာ အဲဒါတွေဟာ အာပေါဓာတ် ပျက်တယ်လို့ ဆိုရမှာပဲ၊ ဆရာတွေအဆိုကတော့ ပထဝီပျက်တယ်ဆိုပြီးတော့ ဒီလိုလဲ ပြောကြတယ်၊ ဘာပြုလို့လဲဆိုယင် အစာဟောင်းဆိုတာ ပထဝီဓာတ်ကိုး၊ အဲဒါကြောင့် ဒီလိုလဲ ပြောကြတယ်၊ ဒါပေမယ့်လို့ အခု ဒေသနာအရတော့ အာပေါဓာတ်ပဲလို့ ဆိုရမှာပဲ၊ ရေတွေယိုကျတာကိုး၊ အာပေါဓာတ်ပျက် တယ်လို့ ဆိုရမှာပဲ။

အဂ္ဂိမုခမြွေနှင့် တေဇောဓာတ်

တေဇောဓာတ်ကတော့ ဘာနဲ့တူသတုံးဆိုတော့ အဂ္ဂိမုခမြွေနဲ့ တူတယ်၊ အဂ္ဂိဆိုတာ မီးပဲ၊ မီးကဲ့သို့ အဆိပ်ရှိတဲ့မြွေ၊ မီးလောင်သကဲ့သို့ပဲတဲ့၊ သူ့အဆိပ်တက်လို့ရှိယင် တကိုယ်လုံးမှာ မီးလောင်သလိုပဲ ပူလောင်ပြီး သကာလ သေတတ်တယ်၊ အခု အဖျားကြီးတွေ အကြီးအကျယ်ဖျားပြီး သေတာလိုနေမှာပေါ့၊ တိုက်ဖွိုက်တို့ အကြီးအကျယ် ဖျားတာတွေရှိတယ်၊ အဲဒါတွေနေမှာပေါ့၊ တေဇောဓာတ်တွေ လွန်ကဲပူလောင်ပြီးတော့ အသည်းတွေ အရေဖြစ် ကျွမ်းပြီးတော့ သေတာပဲ၊ သူ အဲဒါ တေဇောဓာတ် လွန်ကဲပြီး ဆာဇောဓာတ်ပျက်ပြီးသကာလ သေတယ်၊ ဒီလို တေဇောဓာတ်ဆိုတဲ့ အဂ္ဂိမုခ မြွေကြီးကိုက်တာပေါ့၊ တေဇောဓာတ်ကိုက်သွားပြီးလို့ ဆိုရမယ်။

သတ္တမုခမြွေနှင့် ဝါယောဓာတ်

ဝါယောဓာတ်ကတော့ သတ္တမုခမြွေနဲ့ တူတယ်တဲ့၊ သတ္တ, ကဓားကိုး၊ သားလှီးဓားများလို ထက်မြက်တဲ့ ဓားနဲ့ အဆစ်အရင်း အကြောလေးတွေလိုက်ပြီး လှီးဖြတ်သလိုပဲ၊ အဆက်တွေ တခါတည်း သူဖောက်ပြန်လာလို့ရှိယင် ဝါယောဓာတ် ဖောက်ပြန်သွားပြီဆိုလို့ရှိယင် အဆစ်အရင်းတွေ ပြတ်ပြီးတော့ လေသင်ခုန်းလို လေဖြတ်တယ်၊ လေသင် ခုန်းဖြတ်တယ် စသည်ဖြင့် ပြောကြပါတယ်၊ ဆရာဝန်တော့ သွေးကြောပြတ်တယ်လို့လဲပဲ ပြောကြတယ်၊ ဘာပဲပြတ်ပြတ်ပေါ့လေ၊ အဲဒီလို အဆစ်အရင်းတွေ ပြတ်သွားလို့ ရှိယင်တော့ ဒါဝါယောဓာတ်ကနေပြီး ဖြစ်တာပဲ၊ အရုပ်ကြီးပြတ် ဖြစ်ပြီးတော့ သူကနည်းနည်း လောက် ဖြစ်လို့ ရှိယင်တော့ ဆေးကုလို့ ရတယ်၊ နည်းနည်းနည်းနည်း ရောဂါဝေဒနာလေးတွေ ရှိကြတယ်၊ ဝါယောဓာတ် သတ္တမုခမြွေကိုက်တာနဲ့တူတယ်၊ ဒါကနည်းနည်း ကိုက်သွားတာနဲ့တူတယ်၊ များများကိုက်သွားယင် ခက်မယ်၊ အခုတော့ တော်တော်လေးရောက်သွားပြီး နည်းနည်းပဲကျန်တော့တယ်၊ ကောင်းကောင်း မပျောက်တတ်သေးဘူး၊ အဲဒါ ဆေးမကုနိုင် အောင် လွန်လွန်ကဲကဲ ကိုက်လိုက်လို့ရှိယင် မခံနိုင်ဘူး၊ ဒါက ဘုန်းကြီးကို လက်မောင်းထဲကနေပြီး ကိုက်တာ၊ ဒီပြင် နေရာကိုက်လဲ ဖြစ်မှာပဲ၊ ဒူးဆစ်ကနေပြီး ကိုက်ယင် ကွေးမရ၊ ဆန့်မရနဲ့ ဒုက္ခဖြစ်မယ်၊ တချို့လဲ ခါးကနေပြီးကိုက် တချို့လဲ ခေါင်းကနေပြီး ကိုက် ဒီလိုပါပဲ၊ အားလုံး ရောဂါဝေဒနာတွေ ဖြစ်သမျှတွေဟာ ဓာတ် ၄–ပါးနဲ့ ဆိုင်တာပဲ။

ဆရာဝန်တွေ အနေအားဖြင့်တော့ ပိုးတွေဆိုတာ ရှိပါတယ်၊ ဒါပေမယ်လို့ ဓာတ် ၄–ပါးက မဖောက်ပြန်ပဲနဲ့ ပိုးတွေ ကတော့ ရောဂါမဖြစ်နိုင်ဘူး ဘာဖြစ်လို့လဲဆိုယင် ဓာတ် ၄–ပါး ဖောက်ပြန်လို့ ပထဝီဓာတ်ဆိုတဲ့ ကဋ္ဌမုခမြွေ၊ အဲဒါ အကြောင်းပြုပြီး တောင့်တင်းပြီးတော့ မလှုပ်နိုင်မယှက်နိုင်ဖြစ်ပြီးတော့ သေတတ်သည်၊ အာပေါဓာတ်ဆိုတဲ့ ပုတိမုခမြွေကိုက် ပြီးတော့ အရိအရွဲတွေထွက်၊ အနာပုပ်တွေ ပြည်ပုပ်တွေ သွေးပုပ်တွေ အနာဆိုးကြီးတွေ ဖြစ်ပြီးတော့ သေတတ်တယ်၊ အဂ္ဂိမုခ လို့ခေါ်တဲ့ တေဇောဓာတ် ဖောက်ပြန်တဲ့အခါမှာ တကိုယ်လုံး ပူလောင်ပြီးတော့ မခံမရပ်နိုင်ဖြစ်ပြီးတော့ သေတတ်သည်၊ သတ္တ မုခလို့ခေါ်တဲ့ ဝါယောဓာတ် ဖောက်ပြန်တဲ့အခါကာလမှာ အဆစ်အရင်းတွေ အကြောတွေပြတ်ပြီးသကာလ မလှုပ်နိုင် မယှက်နိုင်ဖြစ်ပြီး သေတတ်သည်၊ မြွေကြီး ၄–မျိုးနဲ့ အမျိုးအစားအားဖြင့် တူတယ်တဲ့၊ ဒီဓာတ်ကြီး ၄–ပါးဟာ ဒါကြောင့်မို့လဲ ပဲ မြွေကြီး ၄–ကောင်လို့ ဆိုထားပါတယ်တဲ့။

မြွေအမျိုးမျိုး

နောက်ပြီးတော့ မြွေကြီးတွေကို အမျိုးအမည်တပ်ပြီးတော့ ခွဲမယ်ဆိုယင် မြွေတမျိုးတမျိုးမှာ ကိုက်လို့သေတဲ့ မြွေ ရှိတယ်တဲ့၊ ဒဋ္ဌဝိသမြွေလို့ ခေါ်တယ်၊ မျက်စောင်းထိုးရုံနဲ့ မြင်ရုံနဲ့ အဆိပ်ဖြစ်ပြီး သေတတ်တဲ့ မြွေရှိတယ်တဲ့၊ ဒါကတော့ စာထဲပေထဲမှာတော့ တွေ့တယ်၊ ဒီပြင်နေရာမှာတော့ မတွေ့ဖူးဘူး၊ စာထဲပေထဲမှာတော့ နဂါးများ မျက်စောင်းထိုးလိုက်လို့ ရှိယင် ပြာကျသွားတယ်လို့ ဆိုတာကိုး၊ အဲဒါက ဒဋ္ဌဝိသမြွေတဲ့။

ပြီးတော့ တွေ့ထိပြီးတော့ သေစေတတ်တဲ့ မြွေ၊ ဖုဋ္ဌဝိသမြွေ၊ ဒဋ္ဌကိုက်ပြီးတော့လဲ သေတတ်တယ်၊ မျက်စောင်းထိုးပြီး တော့လဲ သေတတ်တယ်၊ ဖုဋ္ဌ၊ တွေ့ထိပြီးတော့လဲ သေတတ်တယ်၊ လေနဲ့ မှုတ်ပြီးလဲ သေတတ်တယ်။

ဓာတ်ကြီး ၄–ပါးဖြစ်ကြောင်း ၄–ပါး

အဲဒါလိုပဲ ဓာတ်ကြီး ၄–ခုမှာလဲပဲ အမျိုးအမည်တွေ ခွဲလို့ရှိယင် သူတို့လဲပဲ ကံ ကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄–ပါး ရှိတယ်တဲ့၊ စိတ်ကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄–ပါးရှိတယ်၊ ဥတုကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄–ပါး ရှိတယ်၊ အာဟာရကြောင့် ဖြစ်တဲ့ ဓာတ်ကြီး ၄–ပါး ရှိတယ်၊ ဒီအထဲမှာ အမျိုးအမည်က ၄–ခု ရှိတယ်တဲ့၊ အဲဒါနေရာတိုင်း နေရာတိုင်းမှာပဲ ရှိတယ်၊ ခြေထောက်ကစပြီးတော့ ခြေဝါးကစပြီး ဆံဖျားတိုင်အောင်၊ ဆံဖျားကစပြီး ခြေဝါးတိုင်အောင် အသားအရေတွေ နေရာ တကာမှာ ပျံ့နှံ့ပြီးတော့ ဒီဓာတ်ကြီး ၄–ပါးတွေ တည်နေတာဟာ မြွေကြီး ၄–ကောင်များ တည်နေတာနဲ့တူပါတယ်တဲ့၊ ဓာတ်ကြီး ၄–ပါး တခုခုပျက်လိုက်လို့ရှိယင် မြွေကြီး ၄–ကောင်ကနေပြီး စိတ်ဆိုးလို့ ကိုက်တာနဲ့ တူပါတယ်တဲ့။

တနေ့က ဥပမာထဲမှာ ပါခဲ့ပြီ၊ မြွေထိန်းယောကျ်ား မင်းပေါ့မနေနဲ့ ဒီမြွေကြီးတွေဟာ မြွေဆိုးကြီးတွေပဲ၊ မင်းကို တနေ့ကျယင် မြွေကြီး တကောင်ကောင်က စိတ်ဆိုးပြီးတော့ အမျက်ထွက်လို့ရှိယင် ကိုက်လိမ့်မယ်၊ ကိုက်လို့ရှိယင် မင်းသေ လိမ့်မယ်လို့ အကျိုးစီးပွါး အလိုရှိတဲ့ပုဂ္ဂိုလ်က သတိပေးသလိုပဲ အခု မြတ်စွာဘုရားက သတိပေးထားတယ်၊ လူတိုင်းလူတိုင်း, ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း, ရုပ်ရှိတဲ့ ပုဂ္ဂိုလ်ဆိုယင် ဓာတ်ကြီး ၄–ပါးက ရှိနေတာကိုး၊ ဓာတ်ကြီး ၄–ပါး လူတိုင်း လူတိုင်းရှိတာ လူကြီး–လူငယ် အကုန်လုံး ရှိတာပဲ၊ ငါ ငယ်ပါသေးတယ်လို့ မဟုတ်ဘူး၊ ငယ်တဲ့ ပုဂ္ဂိုလ်လဲ ဒီဓာတ်ကြီး ၄–ပါးက ဖောက်ပြန်လို့ ရှိယင် မတတ်နိုင်ဘူး၊ ဖောက်ပြန်ပြီးတော့ ငယ်ငယ်နဲ့ သေသွားတာ တွေလဲရှိတာပဲ၊ ဓာတ်ကြီး ၄–ပါးက ကိုယ် ထဲမှာ အနှံ့အပြား ရှိတယ်။

ဓာတ်ကြီး ၄–ပါး ဖောက်ပြန်လို့ သေခြင်း

ဓာတ်ကြီး ၄–ပါး အဲဒီ ဓာတ်ကြီး ၄–ပါးထဲက တခုခု ပျက်လို့ ဖောက်ပြန်လို့ သေခြင်းရှိယင်ဖြင့် ဒါသေနိုင်တာ ချည်းပဲ၊ ဒါကြောင့်မို့–

စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာတိ ခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးကောင်ကုန်သော။ ဥဂ္ဂတေဇာ၊ ထက်သော တန်ခိုးရှိကုန်သော၊ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ အာသီဝိသာတိခေါဧတံ၊ မြွေဆိုးဟူသော ဤအမည်သည်။ စတုန္နံ၊ လေးပါးကုန်သော၊ မဟာဘူတာနံ၊ မဟာဘုတ်တို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏လည်းကောင်း။ အာပေါ ဓာတုယာ၊ အာပေါဓာတ်၏လည်းကောင်း၊ တေဇောဓာတုယာ၊ တေဇောဓာတ်၏ လည်းကောင်း။ ဝါယောဓာတုယာ၊ ဝါယော ဓာတ်၏လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။

ဓာတ်ကြီး ၄–ပါးရဲ့ အမည်ပဲတဲ့၊ အင်မတန် အဆိပ်ပြင်းထန်ပြီးတော့နေတဲ့ မြွေကြီး ၄–ကောင်ဆိုတာဟာ ဒီဓာတ်ကြီး ၄–ပါးအမည်ပဲ၊ မြွေကြီး ၄–ကောင်ကို မြွေထိန်းယောကျ်ားက ကိုယ်ပေါ်ရောက်နေတဲ့ အခါမှာ ပထမပိုင်းက သာယာသဘော ကျနေသလိုပဲ၊ ဒီဓာတ်ကြီး ၄–ပါးကို သာယာနေကြတယ်၊ သူသူငါငါ သာယာတယ်၊ ဆံပင်ဆိုယင်တော့ သာယာနေတာပဲ၊ ကိုယ်မှာပေါက်တဲ့ မျက်ခုံးမွေးတို့ သာယာနေတာပဲ၊ ခြေသည်း လက်သည်း ကလေးတွေလဲ သာယာနေတာပဲ။ သာယာနေလို့ သူပြုပြင်တယ်၊ သွားတွေဆိုယင်လဲပဲ သာယာတာပဲ၊ တချို့ ရွေတောင်ကွပ်ထားလိုက်သေးရဲ့၊ သာယာလို့ အရေခွံမှာလဲ အသားလေး ဖြူဖြူစင်စင်၊ စင်စင်ကြယ်ကြယ်ဆိုယင် အလွန်သာယာတာပဲ၊ အသားမဲတဲ့လူလဲ မဲတဲ့အလိုက် သူ့ဟာသူ သာယာတာပါပဲ၊ စာထဲများ ချီးမွမ်းထားတယ်၊ အသားလေးညိုတဲ့ ပုဂ္ဂိုလ်က သူသာယာပုံကလေး မြညိုကလေးများလိုပဲ ဆိုတာကိုး၊ အသားကလေးက ညိုပြီးတော့နေတာ၊ ဒါလေးကလဲ သူသာယာတာပဲ၊ အသားတွေ အရိုးတွေ အကြောတွေ ဒါတွေ အကုန်လုံး သာယာနေတာပဲ၊ သာယာမှုတွေရှိတယ်။

စောစောပိုင်းက သာယာနေတယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ သာယာနေတာပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ် တွေကတော့ အဲဒီဟာတွေ အပြစ်ကလေးတွေ မြင်လာတဲ့အခါ သာယာမှု သက်သာလာပါတယ်၊ အဲဒါကြောင့် မြတ်စွာဘုရား က မြွေကြီး ၄–ကောင်နဲ့ တူတယ်တဲ့၊ မြွေကြီး ၄–ကောင်ဟာ ကြောက်စရာကောင်းသလိုပဲ၊ ဒီဓာတ်ကြီး ၄–ပါးက တခုခု ဖောက်ပြန်လို့ ရှိယင် သေနိုင်တယ်၊ ရောဂါ ဝေဒနာဖြစ်ပြီး ရိုးရိုး သေသွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄–ပါး ဖောက်ပြန်တာပဲ၊ ဒိပြင် ရေနစ်လို့ သေတာတွေကတော့ ထားပါတော့၊ သူတို့ကတော့ မီးလောင်လို့ သေတယ်ဆိုယင် ဒါ အပြင်ဘက်ကအကြောင်းတွေ ရှိတယ်၊ အပြင်ဘက်က အကြောင်း မရှိပဲနဲ့ ကိုယ်ထဲက ရောဂါဝေဒနာဖြစ်ပြီး ရိုးရိုး တန်းတန်း သေတယ်ဆိုလို့ရှိယင် အဲဒီပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄–ပါး တခုခုက ဖောက်ပြန်ပြီးတော့ သေတယ်၊ အသက်အရွယ်ကြီးလို့ လူကြီးရောဂါနဲ့ သေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄–ပါးထဲက တခုခုဖောက်ပြန်တာပဲ၊ ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ် တွေလဲ အပြင်းဖျားပြီးတော့ သေတယ်ဆိုတာ ဒီဓာတ်ကြီး ၄–ပါးထဲက ဖောက်ပြန်ပြီးတော့ သေတာပဲ၊ အဲဒီတော့ အခု နေမကောင်း ထိုင်မသာရှိတဲ့ ပုဂ္ဂိုလ်တွေ သွားကြည့်ယင် ဓာတ်ကြီး ၄–ပါး တခုခု ဖောက်ပြန်တာ၊ တချို့လဲ ၂–ခု၊ ၃–ခု ဖောက်ပြန်နေတာလဲ ရှိတယ်၊ ဆေးရုံမှာ သွားပြီးတော့ ကြည့်မယ်ဆိုယင် ရောဂါဝေဒနာ အမျိုးမျိုးတွေ ဖြစ်နေတာတွေဟာ ဓာတ်ကြီး ၄–ပါး ဖောက်ပြန်လို့ပဲ၊ ရောဂါဝေဒနာဖြစ်နေတာပဲ။

အဲဒါ မြွေတွေမဟုတ်လား၊ ကိုယ်ထဲမှာ ရှိတဲ့ မြွေတွေ၊ တကိုယ်လုံး ပြည့်နေတဲ့ မြွေတွေ၊ ကြောက်စရာကောင်းတယ်၊ အဲဒီ မြွေတွေကြောက်စရာ ကောင်းတယ်ဆိုတာ အစဉ်ထာဝရ မဖြစ်နဲ့အုံးတော့ ခဏလောက်ကလေး စိတ်ထဲမှာ ထင်သွားယင် ကို ကျေးဇူးများလှပါပြီ၊ အခုလို တရားနာနေတဲ့ အတွင်းပဲ ဖြစ်ဖြစ် ဆင်ခြင်ကြည့်လိုက်တဲ့ အခါ၊ သြော်–ငါရဲ့သဏ္ဌာန်မှာရှိတဲ့ ဓာတ်ကြီး ၄–ပါးတွေဟာ မြွေကြီး ၄–ကောင်လိုပဲ၊ အဆိပ်ပြင်းထန်တဲ့ မြွေကြီး ၄–ကောင် ကိုယ်ပေါ်မှာ တင်ထားသလိုပဲ၊ ကိုယ်ထဲရောက်နေသလိုပဲ၊ ကိုယ်ထဲမှာ အနှံ့အပြား ရှိနေသလိုပဲ၊ ဓာတ်ကြီး ၄–ပါးတွေဟာ ကိုယ်တကိုယ်လုံး နေရာအနှံ့ အပြား ရှိနေတယ်၊ ဒီ ၄–ခုထဲက တခုခုဖော်ပြန်လို့ ရှိယင်ဖြင့် ရောဂါဝေဒနာ တမျိုးမျိုးဖြစ်ပြီး သကာလ သေနိုင်တယ်တဲ့၊ ကြောက်စရာကောင်းတဲ့ ဓာတ်ကြီးတွေပဲ၊ မြွေကြီးတွေနဲ့တူတဲ့ ဓာတ်ကြီးတွေပဲဆိုတာ စိတ်ထဲဉာဏ်ထဲမှာ တခဏလောက်က လေး ထင်မြင်သွားလို့ရှိယင်ကို ကျေးဇူးများပါပြီ၊ ကိုယ်ထဲထင်ဖို့ရာ အရေးကြီးတယ်၊ အပြင်ဘက်က ဥပမာတွေ အဲဒီ သွားပြီး စိတ်ကူးနေလို့ မဖြစ်ဘူး၊ ကိုယ်ထဲမှာကို မြွေကြီးတွေ တကယ်ရောက်နေသလို ထင်သွားဖို့ရာ အရေးကြီးပါတယ်၊ နောက် မြွေကြီး ၄–ကောင်နဲ့ တူပုံ အခုအမျိုးအမည် အဆိပ်နဲ့ စပ်ပြီးတော့ အမျိုးအမည် ၂–ခုပြီးသွားပြီ၊ နောက် ၆–ခုကျန်သေးတယ်။

"အနတဂ္ဂဟဏတော" မြွေကို ဖမ်းတဲ့ ပုဂ္ဂိုလ် အကျိုးမဲ့တွေကို ရတယ်၊ အဲဒါလိုပဲ အကျိုးမဲ့တွေကို ရပုံ ဟောစရာတွေ ကျန်နေသေးတယ်။

"ဒုရုပဒ္ဒာနတော" မြွေကို မွေးမြူပြုစုရခက်သလိုပဲ၊ ဓာတ်ကြီး ၄–ပါး ပြုစုခက်တယ်တဲ့။

"ဒုရာသဒတော" မြွေနားကို သွားဖို့ရာ ချဉ်းကပ်ဖို့ရာ ကြောက်စရာ ကောင်းသလိုပဲတဲ့ ဓာတ်ကြီး ၄–ပါးလဲ တကယ်ဆိုတော့ ကြောက်စရာ ကောင်းတယ်တဲ့၊ ချဉ်းကပ်ဖို့ရာ ဒါတွေလဲ ဟောရအုံးမယ်၊ ဒီတိုင်းဆိုတော့ ဓာတ်ကြီး ၄–ပါးကိုပဲ ချဉ်းကပ်ဖို့ရာ လွယ်နေတယ်လို့ အောက်မေ့နေတယ်၊ ချဉ်းကပ်ဖို့ရာ ကြောက်စရာကောင်းတယ်တဲ့။

"အကတညုတတော" မသိတတ်ဘူးတဲ့။

"အဝိသေသကာရိတော" ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပဲဆိုပြီးတော့ ထူးတဲ့ပုဂ္ဂိုလ်လို့လဲ သူကအထူးမပြုဘူး၊ ညံ့တဲ့ပုဂ္ဂိုလ်ပဲရယ်လို့လဲ အထူးမပြုဘူး၊ အထက်တန်းစား အောက်တန်းစား မခွဲဘူးတဲ့၊ ဓာတ်ကြီး ၄–ပါးက သတ္တဝါတိုင်း, သတ္တဝါတိုင်း, ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်းကို သူက နှိပ်စက်တတ်တယ်တဲ့၊ မြွေကြီး ၄–ကောင်ဟာ အမျိုးအမည် မရွေးပဲနဲ့ ကိုက်ယင် သေတတ်တာလိုပေါ့လေ။

"အနန္တ ဒေါသုပဒ္ဒဝတော" အဆုံးအပိုင်းအခြား မရှိတဲ့ အပြစ်ဒေါသတွေ ဘေးရန်အန္တရာယ်တွေ ရှိတယ်တဲ့၊ မြွေကြီးတွေမှာ ထို့အတူ ဓာတ်ကြီးတွေမှာလဲ အပြစ်ရှိတယ်၊ ၆–ပါး ကျန်သေးတယ်။

၆–ပါးနဲ့ ဟောပြီးတော့ ဓာတ်ကြီး ၄–ပါးနဲ့ နာမ်ရုပ်ခွဲပြီး နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ စသည် ဝိပဿနာဉာဏ်တွေ တက်ပြီးတော့ ဓာတ်ကြီး ၄–ပါး သိယင်း သိယင်းနဲ့ပဲ သွားယင် သွားတာမှတ်, ရပ်ယင် ရပ်တာမှတ်, ထိုင်ယင် ထိုင်တာမှတ်, ကွေးရင် ကွေးတာမှတ်, ဆန့်ယင် ဆန့်တာမှတ်, ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်, အဲဒီလို ရှုတိုင်း ရှုတိုင်းမှာ မှတ်ရတဲ့ အာရုံရုပ်တွေဟာ များသောအားဖြင့် ဝါယောဓာတ်တွေပဲ၊ လှုပ်ရှားနေယင် တွန်းကန်တဲ့ လှုပ်ရှားတဲ့ ဝါယောဓာတ်ပဲ၊ ဒါပဲများပါတယ်။

ဒီအထဲမှာ ပေါ့တက်လာတာ ထင်ရှားလို့ရှိယင် တေဇောဓာတ်ပဲ၊ အောက်လေးကျသွားတာ ထင်ရှားလို့ရှိယင် အာပေါဓာတ်၊ ပြီးတော့ တိုက်ခံနေတာတွေ အစိုင်အခဲတွေ အခိုင်အမာတွေ အနေအားဖြင့် ထင်ရှားလို့ရှိယင် ပထဝီဓာတ်ပဲ၊ ဓာတ်ကြီး ၄–ပါး၊ အဲဒါတွေကို ရှုတိုင်းရှုတိုင်းဟာ ရှုရတဲ့အာရုံကရုပ်၊ ရှုသိနေတာက နာမ်၊ ရုပ်နဲ့ နာမ်ကလေးကတော့ သမာဓိဉာဏ်အားကောင်းနေတော့ မှတ်တိုင်း မှတ်တိုင်း ဖောင်းတာကတခြား၊ လှုပ်ရှားတာကတခြား သိနေတာကလေးကတခြား တခြားစီကွဲနေတယ်။

ကွေးလိုက်လို့ရှိယင် တောင့်တင်းလှုပ်ရှားတာကတခြား၊ သိတာကတခြား၊ ဒါပဲရှိတယ်၊ ဒီပြင်ကွေးအောင် ဆန့်အောင် လှုပ်ရှားအောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး၊ ရှုတိုင်း ရှုတိုင်းဟာ ရှုရတဲ့ အာရုံရုပ်နဲ့ ရှုသိရတဲ့ နာမ်ကလေး၊ ဒါလေး ၂–ခုရှိတယ်၊ စာသိမဟုတ်ပဲနဲ့ပေါ့လေ၊ ရှုယင်း ရှုယင်းကို တခါတည်း ၂–ခုကွဲသွားတယ်၊ ခဲနဲ့ ပစ်တော့ ခဲကတခြား ခဲမှန်တဲ့ နံရံကတခြား၊ သစ်ပင် မှန်ယင် သစ်ပင်ကတခြားပေါ့လေ၊ မှန်ရာဌာနကတခြား၊ ခဲကတခြား ကွဲနေသလို မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်ကလေး ကွဲနေတဲ့ စိတ်ကလေး ဖြစ်လာတာ နာမရူပပရိစ္ဆေဒဉာဏ်။

အဲဒီကနေပြီးတော့ ဝိပဿနာအစဉ်အတိုင်း ရှုလို့ရှိယင် ရှုယင်း ရှုယင်းနဲ့ မှတ်ယင်း မှတ်ယင်း ပျောက်ပျောက်သွားတာလေးတွေ ဖြစ်လိုက်ပျောက်လိုက် ဖြစ်လိုက်ပျောက်လိုက် အနိစ္စမမြဲတဲ့ သဘောသိလာပုံ၊ ဒုက္ခ–ဆင်းရဲတဲ့ သဘောသိလာပုံ။ အနတ္တ–ပုဂ္ဂိုလ်သတ္တဝါမဟုတ် သိလာပုံတွေ အစဉ်အတိုင်းတက်ပြီးတော့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်သွားနိုင်တယ်တဲ့။ ဘယ်ထိအောင် ရောက်သွားနိုင်သလဲဆိုတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ထိအောင် ရောက်နိုင်တယ်တဲ့၊ လမ်းလျှောက်နေယင်း သွားနေယင်းလဲ ရောက်နိုင်တယ်၊ လဲအိပ်နေယင်းလဲ ရောက်နိုင်တယ်၊ ကွေးယင်း ဆန့်ယင်းလဲ ရောက်နိုင်တယ်၊ ကိုယ်အမူအရာ တစုံတခုပြုယင်း ပြုယင်းနဲ့ မှတ်ယင်း မှတ်ယင်းနဲ့လဲ အရိယမဂ်ဖိုလ် တရားတွေကို ရောက်ပြီးတော့ သွားနိုင်ပါတယ်၊ အဲဒါလေးကို နောက်တပတ်သီတင်းကျမှ ပြည့်ပြည့်စုံစုံ ဟောရအုံးမယ်။

> မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ် ငါးဖြာ၊ ငါးခန္ဓာနှင့် မိတ်ညာ
> ရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သည်၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံ
> ဟု၊ သုံးစုံဒမြ၊ ဝင်လာ ကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊
> ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင် ကူးယက်၊ အားထုတ်
> ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူ
> ကား၊ ဘုရားမြတ်ပေတည်း။

လွတ်မြောက်အောင် အားထုတ်ကြရမယ်၊ ဤသို့အားထုတ်သဖြင့် ဝိပဿနာဉာဏ်အစဉ်အတိုင်း တိုးတက်၍ အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ နယုန်လကွယ်နေ့ ဟောကြားတော်မူသည်။

ဓာတ်ကြီး ၄–ပါး ရှုမှတ်သိ

အာသီဝိသောပမ သုတ္တန်တရားတော် ကဆုန်လကွယ်နေ့က စဟောတယ်၊ ပြီးခဲ့တာ ၂–သီတင်းရှိသွားပြီ၊ ဒီနေ့ တတိယအကြိမ်မြောက်မြွေကြီး ၄–ကောင်နဲ့ မဟာဘုတ် ၄–ပါးတူတဲ့အကြောင်း တနေ့ကပြောဟောခဲ့တာ တော်တော်ပြီးသွားပါပြီ။

မြွေကြီး ၄–ကောင်နှင့် ဓာတ်ကြီး ၄–စင်းစသည်

"မြွေလေးကောင်ကား၊ လေးပါး ဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာ နှင့်၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်" မြွေ ၄–ကောင်နဲ့တူတဲ့ မဟာဘုတ် ၄–ပါးကြောင့်လဲပဲ ထွက်ပြေးရတယ်၊ ကြောက် ပြီးတော့ ထွက်ပြေးရတယ်၊ သူသတ်ငါးယောက်နဲ့ တူတဲ့ ခန္ဓာ ငါးပါးကို ကြောက်ပြီးတော့လဲ ထွက်ပြေးရတယ်၊ ဒါကြောင့် "သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" သူသတ်ငါးယောက်နဲ့တူတဲ့ ငါးခန္ဓာနှင့်တကွ ဆိုတယ်၊ "မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်" မိမိချစ်ကျွမ်းဝင်ပြီးတော့နေတဲ့ ငယ်သူငယ်ချင်း၊ ရန်သူကြီး၊ အဲဒီလူကိုလဲပဲ ကြောက်လို့၊ မြွေ ၄–ကောင်ကို ကြောက် လို့၊ ရန်သူငါးဦးကို ကြောက်လို့၊ မိမိငယ်သူငယ်ချင်းဖြစ်တဲ့ ရန်သူကြီးကိုလဲ ကြောက်လို့၊ ကြောက်ရတဲ့ ဘေးရန်အန္တရာယ် ၃–မျိုးကြောင့် ထွက်ပြေးတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်အောင်လို့ လင်္ကာကစီထားတယ်၊ နှင့်–လေးက အပိုထည့်ထားတာမဟုတ် ဘူး၊ အသုံးကျလို့ ထည့်ထားတာ၊ "မြွေ ၄–ကောင်ကား၊ ၄–ပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်"လို့ ဒီလို ဆိုထားတယ်၊ မြွေ ၄–ကောင်နှင့်တူတဲ့ ဓာတ်ကြီး ၄–ပါးကိုလဲ ကြောက်လို့၊ ရန်သူ ငါးယောက်နဲ့ တူတဲ့ ခန္ဓာငါးပါးကိုလဲ ကြောက်လို့၊ မိမိငယ်သူငယ်ချင်း မိတ်ဆွေညာနဲ့တူတဲ့ ရန်သူကိုလဲ ကြောက်လို့၊ ဒီ ၃–ဌာနကြောင့် ထွက်ပြေးတယ်တဲ့။

လွတ်ပြေးတော့ ဘယ်ရောက်တုံးဆိုတော့ "မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့" ရွာပျက်ကုန်း၊ ပါဠိကတော့ သုညဂါမ–လို့ ခေါ်တယ်၊ ရွာပျက်သုည–ရွာပျက်ကုန်း ရောက်သွား တယ်တဲ့၊ "ရွာပျက်သုည၊ ခြောက်ဒွါရသို့၊" ရွာပျက်ကုန်းဆိုတာ ဒွါရ ၆–ပါး နောက်မှ ဟောရမယ်။

"ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ သုံးစုံဒမြ၊ ဝင်လာကြ၍"၊ အဲဒီမှာလဲပဲ ရွာထဲရောက်လို့ ဘာမှမစားရ မသောက်ရ မသုံးရဘူး၊ သုံးစုံဒမြ ဝင်လာကြ၍၊ ဒမြခြောက်ယောက် ဝင်လာတယ်တဲ့၊ "သြဃလေးသွယ် မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ" အဲဒီရောက်လာတော့ "ရောက်ကတဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဒမြ"၊ အာရုံ ၆–ပါးတည်းဟူသော သုံးစုံးဒမြ၊ ဒမြ ၆–ယောက်ဝင်လာတော့ ပြေးရတာ ဒါကတဆင့်။

ဘယ်ရောက်သွားတုံးဆိုတော့ "သြဃလေးသွယ်၊ မြစ်ပင်လယ်" မြစ်ပင်လယ်ကြီး ရောက်သွားတယ်။

"ဤဝယ်ကမ်းစ၊ သက္ကာယမှ"၊ ဒီဘက်ကမ်းဆိုတာ သက္ကာယ။

"ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့"၊ ဘေးအန္တရာယ် ကင်းတဲ့ ဌာနဆိုတာကတော့ ဟိုဘက်ကမ်းပဲတဲ့။

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"၊ ဝိရိယနဲ့ အားထုတ်ပြီးတော့။

"ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း"၊ ဟိုဘက်အရောက် ကူးယင်ဖြင့် ရဟန္တာဖြစ်ပြီတဲ့။

"ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း" ကောင်းစွာညွှန်ကြားတဲ့၊ မြွေဆိုးကြီးတွေဟာ တနေ့ ကိုက်လိမ့်မယ်၊ မင်းအခွင့်သာတဲ့အခါထွက်ပြေး စသည်ဖြင့် သတိပေးညွှန်ကြားတာက တခြားမဟုတ်ဘူး၊ မြတ်စွာဘုရားပဲတဲ့၊ "ကောင်းစွာညွှန်ကြား ကယ်သူကား၊ ဘုရားမြတ်ပေတည်း"၊ ဒါလေး ဆိုကြအုံးစို့။

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဒမြ၊ ဝင်လာ ကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင် ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

တနေ့က ဓာတ်ကြီး ၄–ပါး "မြွေ ၄–ကောင်ကား၊ ၄–ပါး ဘုတ်ဓာတ်"၊ မြွေကြီး ၄–ကောင်က မဟာဘုတ်ကြီး ၄–ပါးနဲ့တူတယ်တဲ့၊ မြွေကြီး ၄–ကောင်ဆိုတာ မဟာဘုတ် ၄–ပါးကို ခေါ်တယ်လို့ မြတ်စွာဘုရားက လိုအပ်တဲ့အနက်ကို ဖော်ပြပါတယ်။

စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာတိ ခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ၊ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဂ္ဂတေဇာ၊ ထက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတ္တာရော အာသီဝိသာတိ ဧတံ၊ မြွေကြီး ၄–ကောင်တို့ဟူသော ဤအမည်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ရုပ်တရားတို့၏။ အဓိဝစနံ၊ အမည်တည်း။ ဣမံ၊ ဤလေးပါးသော မဟာဘုတ်ဟူသည်။ သေယျထိဒံ၊ အဘယ်နည်းဟူမူကား။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏လည်းကောင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်၏လည်းကောင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်၏လည်းကောင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၏လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။

အင်မတန် အဆိပ်ပြင်းထန်တဲ့ မြွေကြီး ၄–ကောင်ဆိုတာ တခြားမဟုတ်ဘူး၊ မိမိတို့သန္တာန်မှာ ရှိပြီးတော့နေတဲ့ ဓာတ်ကြီး ၄–ပါးရဲ့ အမည်ပဲ၊ ဓာတ်ကြီး ၄–ပါး မိမိတို့သန္တာန်မှာရှိတဲ့ ရုပ်ရှိပုဂ္ဂိုလ်ဆို ဓာတ်ကြီး ၄–ပါး ရှိတာပဲ၊ ရုပ်မရှိတဲ့ အရူပဘုံဆိုယင်တော့ ဓာတ်ကြီး ၄–ပါး မရှိဘူး၊ အဲဒီဘုံက ရုပ်မရှိဘူး၊ စိတ်ချည်းပဲ၊ နာမ်တရားချည်းပဲ ဖြစ်နေတယ်၊ အရူပ ၄–ဘုံ ရှိတယ်၊ အဲဒီဘုံတွေတော့ဖြင့် ဓာတ်ကြီးလေးပါး မရှိဘူး၊ အဲဒီက အောက်မှာ ဆိုယင်တော့ ကာမဘုံ ၁၁–ဘုံ ရှိတယ်၊ ရူပါဝစရဘုံက ၉–ခုနဲ့ ၇–ခုနဲ့ ပေါင်းတော့ ၁၆–ခု ရှိတယ်၊ ၁၁ နဲ့ ၁၆ ပေါင်းလိုက်လို့ ရှိယင် ၂၇–ဘုံမှာ မဟာဘုတ် ၄–ပါးရှိတာပဲ၊ အဲဒီ မဟာဘုတ် ၄–ပါးဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေနဲ့တူတယ်တဲ့၊ တူပုံကလဲ အာသယတူပုံအားဖြင့်လဲ တူပါတယ်တဲ့၊ တနေ့ကပြောခဲ့ပြီ၊ ဓာတ်ကြီး ၄–ပါးရဲ့ လက္ခဏာ ရသ ပစ္စုပ္ဌာန်တွေနဲ့ တနေ့က ဟောခဲ့ပြီ၊ ဓာတ် ၄–ပါး အကျယ်အားဖြင့် ၃၂–ကောဋ္ဌာသ ဒါတွေလဲပဲ တနေ့က ပြောခဲ့ပြီ။

ဝါယောဓာတ် ၆–ပါး

အဲဒီ အထဲမှာ ဝါယောဓာတ် ၆–ပါးတော့ဖြင့် ခွဲပြီး မဟောခဲ့ရသေးဘူး၊ အကျဉ်းပဲ ဟောသွားတယ်၊ အယင်ကလဲ ဟောဖူးနေပါပြီ၊ ဝါယောဓာတ် ၆–ပါးကတော့ သူကလဲ လွယ်လွယ်ပါပဲ၊ ဥဒ္ဓဂ်မဝါယော၊ အထက်ကိုတက်တဲ့ လေတွေ ပျို့လိုက် အန်လိုက် ကြို့ထိုးလိုက် စသည်ဖြင့်ပေါ့လေ၊ အထက်ကို တက်တဲ့လေ၊ သူက လေတမျိုးဆိုပြီး သူ့ကို အမည်ပေးထားတယ်၊ အဓောဂမလေတွေ အောက်ဆင်းတဲ့လေတွေ အောက်သက်သက်ဆင်းတာလဲရှိတယ်၊ ကျင်ကြီး ကျင်ငယ်တွေ တွန်းကန်ပြီး ဆင်းသွားတာလဲရှိတယ်၊ ကုစ္ဆိသယလေတဲ့၊ ဝမ်းထဲမှာ အူအပြင်က ဝမ်းဗိုက်ထဲမှာ နေတဲ့လေ၊ အဲဒီလေတွေက တခါတခါ ဗိုက်ထဲမှာ တင်းပြည့်ပြီးလဲ နေတတ်တယ်၊ တွန်းကန်ပြီးတော့၊ ကောဋ္ဌာသယလေတွေတဲ့၊ အူထဲမှာနေတဲ့လေ၊ ဝမ်းထဲကနေတဲ့ လေက ၂–မျိုး ရှိတယ်၊ အူအထဲက လေကတမျိုး၊ အူအပြင်ကနေတဲ့ လေကတမျိုး ၂–မျိုး ရှိတယ်၊ အင်္ဂမင်္ဂါနုသာရိ လေတဲ့၊ အင်္ဂါကြီးငယ် လျှောက်တဲ့လေတဲ့၊ ကိုယ်အင်္ဂါတွေ လှုပ်ရှားနိုင်တာတွေဟာ ဒီလေကြောင့် လှုပ်ရှားနိုင်တာ၊ လက် ကလေးကွေးလိုက်၊ ခြေကလေးကွေးလိုက်၊ မျက်စိဖွင့်လိုက်၊ မှိတ်လိုက်၊ ပါးစပ်ဖွင့်လိုက်၊ ပိတ်လိုက်၊ လျှာလှုပ်လိုက်၊ ခြေ ထောက်တွေလှုပ်လိုက်၊ ကိုယ်ယိမ်းလိုက်၊ ယိုင်လိုက်စသည်ဖြင့် ကိုယ်အမူအယာတွေ ပြုတာတွေဟာ အင်္ဂမင်္ဂါနုသာရိလေ၊ အင်္ဂါကြီးငယ်တွေ လှုပ်ရှားတဲ့လေ၊ ယောဂီပုဂ္ဂိုလ်တွေ အခုတရား အားထုတ်ရတာ၊ အခု အဲဒီလေတွေပဲ မှတ်ရတာများပါတယ်၊ ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ လှုပ်ရှားလိုက်၊ သွားလိုက် လာလိုက်၊ ဒါတွေမှတ်ရတာက များပါတယ်၊ အဿာသပဿာသလေ ထွက်သက်ဝင်သက်လေ၊ ဒါလဲပဲ နှာခေါင်းဝက ဝင်လိုက် ထွက်လိုက် ထင်ရှားနေတာပါပဲ။

ဒီလေတွေကတော့ တော်တော်လေး ထင်ရှားပါတယ်၊ အထက်တတ်တဲ့လေလဲ ထင်ရှားတာပဲ၊ အောက်ဆင်းတဲ့လေလဲထင်ရှားတာပဲ၊ အူထဲကလေဆိုတာလဲ ဒါလဲ ထင်ရှားတာပဲ၊ အူထဲမှာ တခါတခါ တင်းတင်းနေတာရှိတယ်၊ ဝမ်းတွင်းကလေတွေလဲ အတော်တော့ ထင်ရှားပါတယ်၊ အင်္ဂမင်္ဂါနုသာရိလေ၊ အင်္ဂါကြီးငယ်လျှောက်နေတဲ့ လေကတော့ ယောဂီပုဂ္ဂိုလ်တွေ

တရားအားထုတ်ရာမှာ ထင်ရှားတယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒါလေမှန်းမသိဘူး၊ ဒါကို ဘာဖြစ်နေတုံးဆိုတော့ ငါပဲအောက်မေ့နေတယ်၊ ငါပဲ ထွက်သက် ဝင်သက်လေဆိုတာလဲပဲ အာနာပါနကမ္မဋ္ဌာန်းရှုတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ဒီထွက်သက် ဝင်သက်လေကို ရှုနေရတာပဲ။

အခု ဗိုက်ကဖောင်းတာ ပိန်တာ ရှုတဲ့ ပုဂ္ဂိုလ်ကလဲပဲ ထွက်သက် ဝင်သက်ကို တိုက်ရိုက်ရှုတာတော့ မဟုတ်ဘူး၊ ဒါပေမယ့်လို့ ထွက်သက်ဝင်သက်နဲ့ တွဲနေတယ်၊ တဆက်တည်း ဖြစ်နေတယ်၊ ဖောင်းတာမှတ်လိုက်၊ ပိန်တာမှတ်လိုက်၊ ထွက်သက် ဝင်သက်ကလဲပဲ ထင်ရှားနေတယ်၊ ထွက်သက်ဝင်သက်ရဲ့ အကျိုးဆက်လို ဖြစ်နေတယ်၊ အဲဒါတွေကိုရှုရတယ်၊အဲဒါလေး ၆–ခုပဲ၊ ဒါလောက်ပဲ ကျန်ပါတယ်၊ ဒါတွေ စုံသွားပါပြီ။

ပထဝီဓာတ်

ပထဝီဓာတ်ဆိုတာ ခက်မာကြမ်းတမ်းတာ နူးညံ့တာတဲ့၊ အများသိလွယ်တာကတော့ ပတိဋ္ဌာနရသတို့၊ သမ္ပဋ္ဌိစ္ဆန ပစ္စုပဋ္ဌာနာတို့ အဲဒါတွေနဲ့ပဲ သိရတယ်၊ ခြေထောက်နင်းချလိုက်တဲ့ အခါကာလကျတော့ တိုက်ပြီးတော့ အောက်က ကြမ်းပြင်က ဖြစ်စေ၊ မြေပြင်ကဖြစ်စေ၊ ပထဝီဓာတ်က တိုက်ခံထားတာ၊ အောက်ကျွံကျမသွားဖို့ ခြေထောက်ကရှိနေတဲ့ ပထဝီဓာတ်ကလဲပဲ အထက်ကို မြေကြီးတွေတက်မလာရဘူး၊ ခံပြီးတော့ နေရတယ်၊ ခြေထောက်ထဲက ပထဝီလဲပဲ ခံထားတယ်၊ ခြေထောက်ထဲမှာလဲ အဆင်သင့် ရှိတယ်၊ ခြေထောက်ထဲမှာ အထက်အထက်က ပထဝီကလဲပဲ အောက်အောက်ပထဝီကို ကန့်ထားတယ်၊ ဒါကြောင့် ကိုယ်ကြီးကထောင်ပြီးတော့ ဒီအတိုင်းနေနေတာ၊ နို့မို့ယင် အောက်ကဟာတွေက အထက်ကို ကျွံတက်လာမှာ၊ အထက်ကဟာတွေကလဲ အောက်ကျွံကျသွားမှာ၊ တိုက်တိုက်ပြီးတော့ခံထားတဲ့ သဘောလေးဟာ ပထဝီဓာတ် သဘောလေး၊ ခက်မာကြမ်းတမ်းတာ၊ နူးညံ့တာ၊ တိုက်ခံတာက ပထဝီဓာတ်၊ ဒီလိုမှတ်ရမှာ။

ပထဝီဓာတ် ရှုမှတ်သိ

ဒီမှာအကုန်လုံး ယောဂီပုဂ္ဂိုလ်တွေ ရှုပုံတွေ အကုန်လုံးစုံသွားမယ်၊ ခက်မာတယ်၊ မာမာကြမ်းကြမ်း တွေ့ရတယ်၊ ကြမ်းကြမ်းတွေ့ယင် နူးညံ့တာလဲ တွေ့တော့တာပဲ၊ ကြမ်းတမ်းတာ, နူးညံ့တာ, တိုက်ခံနေတာ, တနေရာ တနေရာမှာ ထိလိုက်တဲ့ အခါမှာ ဟိုဘက်ကလဲ တိုက်ခံ၊ ဒီဘက်ကလဲတိုက်ခံ၊ ပထဝီဓာတ် ၂–ခုတိုက်ခံနေတယ်၊ ပန်းပဲ ဆရာများမယ်၊ ပန်းပဲဆရာတွေများ အောက်ကပေခေါ်တဲ့ သံတုံးပေါ် တစုံတခု သံချောင်းတို့တင်ပြီးသကာလ တူကြီးနဲ့ထုလိုက်တော့ အောက်က ပေကလဲပဲ ပထဝီဓာတ်အားကောင်းတော့ တိုက်ပြီးတော့ ခံတယ်၊ အထက်ကလဲပဲ တူကြီးကလဲပဲ တိုက်ပြီးတော့ ခံထားတယ်၊ အလယ်ကသံချောင်းကလဲပဲ သူ့အထဲမှာ ပထဝီဓာတ်တွေ ရှိတယ်၊ သူလဲ တိုက်ခံတာပဲ၊ အထက်ဘက်ရော အောက်ဘက်ရော သူက တိုက်ခံတာ၊ သူက အားနည်းတော့ ပြားပြီးသွားရတယ်၊ ပြားအောင်လို့လဲ ထုတာပဲ၊ တိုက်ခံတဲ့ သဘောကလဲ ပထဝီဓာတ်တဲ့။

တရားအားထုတ်တဲ့ အခါကာလမှာ တစုံတခု လက်နဲ့ စမ်းသပ်လို့ ဖြစ်စေ၊ အလိုလို တိုက်ခိုက်သွားလို့ ဖြစ်စေ၊ တိုက်တဲ့အခါကာလမှာ ကြမ်းတမ်းတဲ့ သဘော၊ ခက်မာတဲ့သဘောတွေ့ရတယ်၊ ပထဝီဓာတ်တွေ့တာပဲ၊ အဲဒီမှာထိတယ်လို့ မှတ်လိုက်ယင် ပထဝီတွေ့တာပဲ၊ ဒါလက်ပဲ, ခြေပဲ, ကိုယ်ပဲ, ခေါင်းပဲ, ဆိုပြီးသိတဲ့ ပကတိပုဂ္ဂိုလ်တွေကတော့ မရှုလို့၊ မမှတ်လို့။

ရှုလို့ရှိယင် သမာဓိဉာဏ်ကအားကောင်းနေတဲ့ အခါဆိုယင် ထိယင်ထိတဲ့ သဘောလေးတွေရမှာ၊ မာယင်မာတာလေး၊ ကြမ်းယင် ကြမ်းတာလေးပဲ သိရမယ်။

ပထမစပြီးရှုခါစတော့ ပညတ်တွေနဲ့ အထည်ဝတ္ထုနဲ့ တွဲပြီးသိတာပါပဲ၊ တချို့ကပြောကြတယ်၊ ပညတ်မပါပဲနဲ့ ပရမတ်သက်သက်ကလေး ရှုရမယ်၊ ပထဝီဓာတ်ရဲ့ လက္ခဏာလေး ရှုရမယ်လို့ ပြောကြတယ်၊ ဒါက သူ့ဟာ စာစကားမို့လို့ ပြောတာ၊ ပြောတဲ့ပုဂ္ဂိုလ်တွေဟာ သူကိုယ်တိုင်ပဲ အားထုတ်ကြည့်ယင် ပထဝီဓာတ်ခက်မာတဲ့ သဘောကလေးတွင် ရပ်ပြီးတော့ သိလို့ မဖြစ်ဘူး၊ သူစာစကားပြောတာ၊ စာတွေတချို့ ရေးထုတ်တယ်၊ ဒါလဲသူ့ဟာ စာစကားနဲ့ သူ့ဟာရေးတာ။

ဘင်္ဂဉာဏ်ရောက်မှ အထည်ဒြပ်ပျောက်

တကယ်လို့ဆိုယင် အားထုတ်ခါစပုဂ္ဂိုလ်မှာ ပထဝီဓာတ် သက်သက်ကလေးတွင် ကွက်ပြီးသိဖို့ရာ မဖြစ်နိုင်ဘူး၊ ပညတ်သဏ္ဌာန်တွေပါ တွဲပြီးတော့သိတာပါပဲ၊ အားထုတ်ခါစတော့ ဉာဏ်ရင့်လာတဲ့အခါကျတော့ လက္ခဏာ ကလေးတွေနဲ့ သိပါတယ်၊ ဘယ်လောက်ရင့်မှာတုံးဆိုယင် သေသေချာချာဆိုယင် ဘင်္ဂဉာဏ်ဆီကျမှပဲ ရှင်းပါတယ်၊ နာမရှုပပရိစ္ဆေဒဉာဏ်က နာမ်နဲ့ရုပ် သိတယ်ဆိုပေမယ်လို့ အကြမ်းဖျင်းသိတာ၊ ဒါနဲ့ တချို့က နာမရှုပပရိစ္ဆေဒ ဆိုယင်ကိုပဲ၊ ပညတ်သဏ္ဌာန်တွေ အကုန်ပျောက်ရမယ်လို့ တချို့ကဟောတယ်၊ ဒါလဲ စာသဘောနဲ့ ဟောနေတာ၊သူကိုယ်တိုင် အားထုတ်ကြည့်ယင် မဖြစ်တဲ့ ဥစ္စာတွေ မဖြစ်နိုင်ဘူး၊ သူ့ဟာ ကျမ်းဂန်သဘောကတော့ သူက ဟောလို့တော့ ဖြစ်တာပဲ၊ သေသေချာချာ ဝိပဿနာဉာဏ်ကို ဆုံးဖြတ်ပြတဲ့အခါကာလကျတော့ ဘင်္ဂဉာဏ်ကျမှပဲ ပုံသဏ္ဌာန်အထည်ဒြပ် ပျောက်တဲ့ဟာ တွေကို ဟောတာပါပဲ။

ဉာဏ်ထက်လျှင် သခ်ါရမြန်မြန်သိခြင်း

ဉာဏေ တိက္ခေ ဝဟန္တေ သခ်ါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပာဒံဝါ ဌိတိံ ဝါ ပဝတ္တံဝါ၊ နိမိတ္တံ ဝါ နသမ္မာပုဏာတိ။ ခယဝယဘေဒနိရောဓေ ယေဝ သတိ သန္တိဋ္ဌတိ။

(ဝိသုဒ္ဓိ၊ ၄၊ ၂။ ၂၇၇)

ဉာဏေ၊ ဝိပဿနာဉာဏ်သည်။ တိက္ခေ၊ ထက်မျက်သည်ဖြစ်၍။ ဝဟန္တေ၊ သူ့အလိုလိုပင် ဆောင်သွားသကဲ့သို့ ဖြစ်လတ်သော်။

ဉာဏ်ကထက်သန်ပြီးတော့ သူ့အရှိန်နဲ့သူ ဆွဲဆောင်သွားသလိုပဲ အသိတွေ လျင်လျင်မြန်မြန် ဖြစ်လာတဲ့ အခါမှာ။

သခ်ါရေသု၊ သခ်ါရတရားတို့သည်။ လဟုံ၊ လျင်မြန်စွာ။ ဥပဋ္ဌဟန္တေသု၊ ကောင်းစွာ ထင်ပေါ်ကုန်လတ်သော်။

သခ်ါရတရားတွေကလဲ လျင်လျင်မြန်မြန်ပေါ်တယ်၊ အဲဒီအခါမှာ သခ်ါရတရားမှာတော့ ကြောင့်ကြဗျာပါရမရှိပါ၊ ဒီပုဂ္ဂိုလ်ကတော့ ဝိပဿနာဉာဏ်နုသေးတယ်လို့ ဖြည်းဖြည်းချင်းပေါ်မှပဲ၊ သခ်ါရတရားတွေမှာ ဒီလိုကြောင့် ကြဗျာပါရမရှိဘူး၊ ဒီပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်တွေ ရင့်နေပြီ၊ တို့မြန်မြန် ပေါ်ပေးမှပဲလို့ ဒီလိုပဲ ကြောင့်ကြဗျာပါရ မရှိပါဘူး၊ ဒါပေမယ်လို့ ကျမ်းဂန်က ဆိုထားတာကတော့ သခ်ါရတရားတွေက ဉာဏ်ရင့်လို့ မြန်မြန်ပေါ်ပေးသလိုလို ဒီလိုဖြစ်နေတယ်၊ ဒါတင်စားပြီး တော့ ဟောတာ၊ တင်စားပြီး ပြောထားပါတယ်၊ နားလည် လွယ်အောင်လို့ ပြောထားပါတယ်။

ဉာဏေ၊ ဝိပဿနာဉာဏ်သည်။ တိက္ခေ၊ ထက်မျက်သည်ဖြစ်၍။ ဝဟန္တေ၊ သူ့အလိုလိုဆောင်ရွက် သွားသကဲ့သို့ ဖြစ်လတ်သော်။ သခ်ါရေသု၊ သခ်ါရတရားတို့သည်။ လဟုံ၊ လျင်မြန်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ပေါ် ကုန်လသော်။

ဉာဏ်ထက်မြက်တော့ သခ်ါရတရားတွေက လျင်လျင်မြန်မြန် ပေါ်သည်၊ လိုရင်းကတော့ ဉာဏ်ထက်မြက်လို့ သခ်ါရ တရားတွေ လျင်လျင် မြန်မြန် သိသွားတာ ပြောတာပါပဲ။

ဉာဏ်က ပထမကတော့ ရှုသင့်ရှုထိုက်တာတွေ ရှုမိအောင်လို့ အင်မတန်ကြောင့်ကြစိုက်ရပါတယ်၊ စပြီးရှုခါစ လွယ် လွယ်ကလေး ဖောင်းတယ် ပိန်တယ်၊ ၂–ခုထဲ ရှုပါဆိုတာတောင်မှ ဒါတောင် အရှိန်ရအောင် မရှုနိုင်ဘူး၊ ဖောင်းတာ ပိန်တယ်၊ ဒါလေး ၂–ခုကို နေရာကျအောင် ရှုနိုင်တာမဟုတ်ဘူး၊ မရှုနိုင်လို့ စိတ်ကူးတွေ တခြားရောက်နေတာ အများကြီးရှိတယ်၊ အဲဒီတော့ စပြီးအားထုတ်ခါစမှာ ပရမတ်သဘော လက္ခဏာလေးတွင် ကွက်ပြီးရှုရမယ်ဆိုတာ ဒါ မဖြစ်နိုင်တဲ့ ဥစ္စာပါပဲ၊ ဉာဏ်ရင့်လာတဲ့အခါ ကာလကျတော့ ဉာဏ်က မြန်လာတယ်၊ အလေ့အကျင့် ရလာတာပါပဲ။

ဘယ်အရာမဆိုပဲ အလုပ်တခုစပြီးလုပ်လို့ရှိယင် အလုပ်လုပ်ခါစတော့ ခပ်နှေးနှေးပဲ၊ မမြန်သေးဘူး၊ နောက်ကျင့်သား ရလာတဲ့အခါကျတော့ မြန်လာတယ်၊ စိတ်အလုပ်ပဲဖြစ်ဖြစ်၊ လက်ကလုပ်တဲ့ အလုပ်ပဲဖြစ်ဖြစ်၊ နှုတ်ကပြောတဲ့ အပြောပဲဖြစ် ဖြစ်၊ ကြာတော့ အလေ့အကျင့်ရလာတော့ မြန်လာတယ်၊ အခုဟာကလဲ စိတ်အကျင့်ရလာတော့ မြန်လာတယ်၊ အသိမြန်လာ တော့ အာရုံတွေလဲ မြန်မြန်ထင်သလို ဖြစ်နေတာပေါ့၊ အာရုံတွေကလဲပဲ တခုပြီးတခု လှစ်ခနဲ လှစ်ခနဲ ပေါ်နေတယ်။

သခ်ါရေသု၊ သခ်ါရတရားတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်လတ်သော်။ ဥပ္ပါဒံ ဝါဌိတိံ ဝါ နိမိတ္တံ ဝါ နသမ္မာပုဏာတိ။

ဥပွါဒ်ဝါ၊ အစဖြစ်ပေါ်မှုကိုလဲ မရောက်တော့ဘူး။ အစက ဥဒယဗ္ဗယဉာဏ်က ဥဒယဗ္ဗယဉာဏ်ရဲ့ အထက်ကို တက်ပုံကို ဟောပြနေတာ၊ ဝိသုဒ္ဓိမဂ်က အစတုန်းက အစလေး ဖြစ်ပေါ်တာလေးထင်တယ်၊ အခုအစ ဖြစ်ပေါ်တာ မတွေ့ဘူးတဲ့။

ဌိတိ'ဝါ၊ အလယ်ပိုင်းတည်မှုကိုလဲ။ နသမ္ဘာ ပုဏ္ဏာတိ၊ မရောက်။ အလယ်ပိုင်းတွေကလဲ အစတုန်းက ထင်ခဲ့တယ်၊ အခုမထင်ဘူး။

နိမိတ္တံ'ဝါ ပဝတ္တံ'ဝါ၊ မပြတ်စပ်လျက်ဖြစ်သော ရုပ်နာမ် အလျင်ကိုလဲ။ နသမ္ဘာပုဏ္ဏာတိ၊ မရောက်။

အစတုန်းကဆိုယင် ရုပ်နာမ်တွေဟာ တခုပြီးတခု တစပ်တည်းအပြတ် အခြားမရှိပဲနဲ့ တဆက်တည်းလို ဖြစ်ပြီးတော့ ထင်နေတာ ရှိတယ်တဲ့၊ အဲဒီဟာလဲ မပေါ်တော့ဘူးတဲ့။

နိမိတ္တံ ဝါ၊ ပုံသဏ္ဌာန်နိမိတ်ကိုလဲ။ နသမ္ဘာပုဏ္ဏာတိ၊ မရောက်။

အစတုန်းကတော့ လက်ပုံသဏ္ဌာန် ခြေပုံသဏ္ဌာန်၊ အဲဒီ ပုံသဏ္ဌာန် နိမိတ်တွေပါတယ်၊ ဖောင်းတယ် ပိန်တယ် မှတ်တယ်၊ အစတုန်းက ဗိုက်ပုံသဏ္ဌာန်နဲ့ အလုံးလိုက်ကြီး တက်လာလိုက် ကျသွားလိုက်၊ ကွေးတယ် ဆန့်တယ် မှတ်လို့ရှိယင်လဲပဲ ကွေးတဲ့လက်ကြီး ဆန့်တဲ့လက်ကြီး ပုံသဏ္ဌာန်အတိုင်းပဲ၊ ခေါင်းငုံ့ယင် ငုံ့သွား၊ ခေါင်းပုံသဏ္ဌာန်အတိုင်းပဲ၊ သွားယင်လဲပဲ ကြွတယ်, လှမ်းတယ်, ချတယ် ခြေပုံသဏ္ဌာန်အတိုင်းပဲ၊ ထိုင်တယ် မှတ်ယင်လဲပဲ ထိုင်တဲ့ကိုယ်ကြီး အကောင်အထည် အလိုက် ဒီလိုထင်နေမှာပဲ၊ အစ အားထုတ်ခါစတုန်းက အဲဒီလို ပုံသဏ္ဌာန်နိမိတ်တွေလဲ မရောက်တော့ဘူး၊ ဒါတွေလဲ မထင်တော့ပါဘူးတဲ့။ နို့ဘာထင်တုန်းဆိုတော့–

ခယ ဝယ နိရောဓေ ယေဝ၊ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟုဆိုအပ်သော ချုပ်ခြင်းသဘောဌ်သာလျှင်။ သံတိဋ္ဌတိ၊ ကောင်းစွာ တည်လေတော့၏။

ကုန်သွားတဲ့သဘော၊ ပျောက်သွားတဲ့သဘော ပျက်သွားတဲ့သဘော အဲဒါဟာ ချုပ်တာပဲ ချုပ်တယ်လို့ဆိုတယ်၊သခ်ါရတွေ လုံးလုံးမရှိတဲ့ ဘာမှမရှိပဲနဲ့ ရုပ်နာမ်တွေ အကုန်လုံး ချုပ်ငြိမ်းသွားတာက နိဗ္ဗာန်ကိုး၊ အဲဒီ နိဗ္ဗာန်အချုပ်တော့ မဟုတ်ဘူး၊ ဒါက ဖြစ်ပြီးသား ရုပ်နာမ်တွေ ချုပ်သွားတာ၊ ခယ–ကုန်သွားတာပါပဲတဲ့၊ ဖြစ်ပြီးသားလေး ကုန်သွားတာ ဆုံးသွားတာ၊ ကုန်သွားတာကိုပဲ ပျောက်တယ်လို့လဲ ခေါ်ရတယ်တဲ့၊ ပျက်တယ်လို့လဲ ခေါ်ရတယ်တဲ့၊ ရုပ်တရား နာမ်တရားတွေ ပျက်တယ်ဆိုတာဟာ လောကမှာ ပန်းကန်များ ကွဲသွားသလို အိုးများ ကွဲသွားသလို အိမ်တို့ ကျောင်းတို့ ပြိုပျက်ကျသွားသလို၊ အဲဒါမျိုး မဟုတ်ဘူး၊ ဒီပျက်တာက သူ့ဟာ ရှိပြီးသားလေး ပျောက်သွားတာပဲ၊ လျှပ်စီးလက်လိုက်တာလေး၊ အဲဒီ လက်လိုက်တာလေး ပျောက်သွားတာကိုပဲ ပျက်တယ်လို့ ပြောတယ်။

ဒါကြောင့် ကုန်သွားတာ ဆုံးသွားတာ ပျောက်သွားတာသည်ပင်လျှင် ပျက်သွားတာပဲ၊ ပျက်သွားတာလေးတွေပဲ ချုပ်သွားတာပဲ၊ အဲဒီ ကုန်သွားတဲ့သဘော, ပျောက်သွားတဲ့သဘော, ပျက်သွားတဲ့သဘော၊ အဲဒီသဘောဟာ ချုပ်တဲ့သဘောပဲ၊ အဲဒီသဘောမှာပဲ စိတ်ကလေးတည်နေတယ်တဲ့၊ ဉာဏ်ကလေးတည်နေတယ်၊ မှတ်တိုင်း မှတ်တိုင်းဟာဖြင့်ယင် ဖောင်းတာမှတ်လဲ ဖောင်းတဲ့သဘောလေး တရိပ်ရိပ်နဲ့ ကုန်ကုန် ပျောက်ပျောက် ပျက်ပျက်သွားတဲ့သဘောပဲ တွေ့ရတယ်၊ ဗိုက်ပုံသဏ္ဌာန် မတွေ့ရဘူး၊ ကွေးတယ် ဆန့်တယ် မှတ်လို့ရှိယင်လဲ တရွေ့ချင်း တရွေ့ချင်း ရွှေ့လိုက် ပျောက်လိုက် ရွှေ့လိုက် ပျောက်လိုက် ပျောက်ပျောက်လိုက်နေတာ၊ ဟိုနေရာကရွှေ့ ဟိုနေရာတွင်ပျောက်၊ ဒီနေရာကရွှေ့ယင် ဒီနေရာတွင်ပျောက်၊ ရွှေ့တဲ့သဘော တွန်းကန်တဲ့သဘော လှုပ်ရှားတဲ့ သဘောလေးတွေဟာ သူ့နေရာတွင် သူပျောက်သွားတာပဲတဲ့၊ ပုံသဏ္ဌာန် အထည်ဒြဗ် မတွေ့ရဘူးတဲ့၊ လက်ပုံသဏ္ဌာန် အစကတွေ့နေတာ၊ အခု မတွေ့ဘူးတဲ့။

ဒါကြောင့် ဒီဉာဏ်ရောက်တဲ့အခါ ယောဂီဟာ ဘာမှ မရှိတော့ဘူးလို့ ပြောတာ၊ ဘာမှ မရှိတော့ဘူး ပျောက်နေတာ ချည်းပဲ တွေ့နေတာ၊ ဘာမှ မရှိတော့ဘူးဆိုပြီး မှတ်လို့တောင် တယ်မကောင်းပဲ ဖြစ်လာတတ်သေးတယ်၊ အမှန်စင်စစ်ကတော့ အဲဒီ ဘင်ဉာဏ်ရောက်မှပဲ ပုံသဏ္ဌာန် နိမိတ်ပညတ်တွေဆိုတာ ကောင်းကောင်း ပျောက်ပါတယ်၊ အမှတ်ကောင်းနေတဲ့အခါမှာ ကောင်းကောင်းပျောက်တယ်။

တချို့က ကိုယ်တိုင်မသိပဲ ဟောကြ ရေးကြ

အဲဒါ စစချင်းက ပျောက်ရမယ်လို့ တချို့က ဟောနေ ပြောနေကြတယ်၊ စာတွေရေးတယ်၊ အဲဒါ သူစာသဘောနဲ့ ရေးတာပဲ၊ သူကိုယ်တိုင်သိလို့ ရေးတာမဟုတ်ဘူး၊ သူလဲ မသိဘူး၊ ဘုန်းကြီးကတော့ အဲဒီလို စာလေးတွေတွေ့ယင် ဒီ စာရေးတဲ့ ပုဂ္ဂိုလ်ဟာ သူကလဲပဲ ဒီဉာဏ်ကလေးတွေ သူမရောက်သေးလို့ သူမတွေ့သေးလို့ သူရေးတာပဲ၊ ဘုန်းကြီးက ဒီလို အောက်မေ့တယ်၊ တချို့ ထင်ထင်ရှားရှား ပုဂ္ဂိုလ်ကြီးတွေပါပဲ၊ တချို့ ကျမ်းပြုပြီးရေးထားတယ်၊ တကယ်အဖြစ်အပျက် ရှပ်နာမ်ကလေးတွေ သူမတွေ့သေးဘူး၊ စာသဘောနဲ့ သူလျှောက်ရေးထားတာကိုးလို့ ဘုန်းကြီးက အောက်မေ့တယ်။

ပထဝီဓာတ် ထင်ပုံ

အဲဒါကြောင့် အခု ပထဝီဓာတ်သိတယ်ဆိုလို့ရှိယင် ခက်မာတာ ကြမ်းတမ်းတာ နူးညံ့တာ တိုက်ပြီးတော့ ခံနေတာ ဒါတွေ တွေ့ရမှာ၊ ဒါပေမယ့် မှတ်တိုင်း မှတ်တိုင်း ဒါတွေ အကုန်တွေ့ရမှာ မဟုတ်ဘူး၊ တခါတခါ ခက်မာတာ, တခါတခါ ကြမ်းနေတဲ့သဘော, တခါတရံကျတော့ နူးညံ့တဲ့ သဘော, တခါ တခါကျတော့ တိုက်ပြီး ခံနေတဲ့သဘော, နင်းလိုက်တဲ့အခါ ထိလိုက်တဲ့အခါတွေမှာ ဟိုဘက်ကလဲ တိုက်ခံတဲ့ သဘော, ဒီဘက်ကလဲ တိုက်ခံတဲ့ သဘော၊ အဲဒါ ပထဝီ ဓာတ်တွေ့တာ။

ပထဝီဓာတ် ထင်ပုံကလေး ဆိုရမယ်။

ခက်မာကြမ်းတမ်းတာ နူးညံ့တာ တိုက်ခံတာက ပထဝီဓာတ်။

အဲဒီ ပထဝီဓာတ် ခက်မာကြမ်းတမ်းတာ တွေ့လို့ရှိယင်လဲ ပထဝီဓာတ် တွေ့တာပဲ၊ နူးညံ့တာ တွေ့ယင်လဲ ပထဝီ ဓာတ်တွေ့တာပဲ၊ ချောညက်တာကို စကားလုံးတွေ များမှာစိုးလို့ မထည့်ဘူး၊ နောက် ခြေထောက်ကို နင်းချလိုက်တဲ့အခါ လက်တွေ ချလိုက်တဲ့အခါ တနေရာရာက တိုက်ပြီးတော့ ဟိုဘက်ကလဲ တိုက်ခံနေတယ်၊ ဒီဘက်ကလဲ တိုက်ခံနေတယ်ဆိုယင် ပထဝီဓာတ်က ပေါ်လွင် ထင်ရှားတယ်၊ ဒါ ပထဝီဓာတ်တဲ့။

တိုက်ခံတာက ဘာတုံးဆိုတော့ ပတိဋ္ဌာနရသ–တည်ရာကိစ္စ ရှိတယ်တဲ့။

သမ္ဘဝ်ဏ်ဆန ပစ္စုပဋ္ဌာနာ–ခံလင်းခြင်း၊ တိုက်ပြီးတော့ ခံနေခြင်းဟာ သူရဲ့ ပစ္စုပဋ္ဌာန်ပဲတဲ့၊ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ထင်ပေါ်တတ်တဲ့ အရာပဲတဲ့၊ ဒီလိုပဲ ထင်တတ်တယ်တဲ့၊ အဲဒါ ပထဝီဓာတ်။

အာပေါဓာတ် ထင်ပုံ

အာပေါဓာတ်ကျတော့ ယိုစီးတာ, ဖွဲ့စီးတာ၊ ယိုးစီးတယ်ဆိုယင် အရေသဘောပေါ့၊ အရေသဘော အဲဒီ ယိုစီးတဲ့ သဘောထင်လို့ရှိယင် အဲဒါက အာပေါဓာတ်၊ မျက်ရေတွေ ကျလာတယ် နှာခေါင်းက နှာရေတွေ ကျလာတယ်၊ ပါးစပ်က အာခေါင်ကနေ အရေတွေ၊ ကျလာတယ်၊ လျှာရင်းတို့ အာခေါင်တို့ အဲဒီမှာ အရေလေးတွေ၊ ဒါလေးတွေ ကျတာတယ်၊ ရှယင်း မှတ်ယင်းဆိုတော့ ဒါလေးတွေ တွေ့တယ်၊ အဲဒီမှာ အရေသဘော ယိုစီးတဲ့သဘော တွေ့ရတယ်၊ ပြီးတော့ တနေရာရာ ထိတဲ့အခါကာလကျယင် အလုံးအခဲအနေ ဖွဲ့စီးနေတဲ့ သဘောအနေလဲ တွေ့တတ်တယ်၊ ယိုစီးတာ ဖွဲ့စီးတာလေးကျတာတဲ့၊ မနေ့ကပြောခဲ့ပြီ၊ ခြေထောက်ကို နင်းချလိုက်တဲ့အခါမှာ ခြေထောက်က လှမ်းရာကနေပြီး အောက်နင်းချလိုက်လို့ကျသွားတာ လေးပြီးတော့ကျသွားတာ အာပေါဓာတ် ခေါင်းဆောင်တယ်တဲ့၊ လေးတဲ့သဘောက အာပေါဓာတ်ပဲတဲ့၊ ဋ္ဌီကာ ဆရာတွေက ဖွင့်ထားတယ်။

အဲဒီအခါမှာ ပထဝီဓာတ်က နောက်လိုက်ပဲတဲ့၊ ခက်မာကြမ်းတမ်းတဲ့ သဘောက နောက်လိုက်တဲ့၊ အာပေါလေးတဲ့ သဘောက သူက ရှေ့ဆောင်ပဲတဲ့၊ ဒီတော့ လေးကျသွားတာ လက်တွေ မြောက်ရာကနေ အောက်ချလိုက်တဲ့အခါမှာ လေးကျ သွားတာ၊ ထိုင်တဲ့အခါကာလမှာလဲ ထိုင်တယ် ထိုင်တယ်လို့ စိုက်ပြီး မှတ်တော့ ကိုယ်ကြီးက တရွေ့ရွေ့ချင်း ရွေ့ရွေ့ပြီးတော့ ကျသွားတာ အာပေါဓာတ်သဘော ထင်ရှားတယ်၊ ဘယ်နေရာမဆိုပဲ ဒီ လေး လေးကျသွားတဲ့သဘော ထင်ရှားလို့ရှိယင် ဒါ အာပေါဓာတ် ထင်ရှားတာပဲ၊ ခြေတလှမ်းအတွင်းမှာ လေးကျသွားတယ်လို့ ထင်တိုင်း ထင်တိုင်းဟာ သူ အာပေါဓာတ် တွေ့နေတယ်၊ ဒါကြောင့် အဲဒါကိုလဲပဲ မှတ်ရအောင်လို့ ယိုစီးတာ ဖွဲ့စီးတာ လေးကျသွားတာက အာပေါဓာတ် ဆိုရမယ်။

ယိုစီးတာ၊ ဖွဲ့စီးတာ၊ လေးကျသွားတာက အာပေါဓာတ်။

ဒါယောဂီပုဂ္ဂိုလ်တွေ ရှုမှတ်တဲ့အခါမှာ တွေ့တာ အထူးတွေ့နေတာ။

တေဇောဓာတ်ထင်ပုံ

တေဇောဓာတ်ဆိုတာ ဥဏှတ္တလက္ခဏာ ပူတယ် ပူတယ် ဆိုယင်တော့ နွေးတာလဲရှိတာပေါ့၊ နွေးတယ်ဆိုယင် သူ့လောက် မနွေးတဲ့ဟာကျတော့ အေးတယ်လို့ ခေါ်ရတာပဲ၊ ပူတာ, နွေးတာ, အေးတာ, ပြီးတော့ ပေါ့တက်တဲ့ သဘောလဲ ရှိတယ်တဲ့၊ ခြေထောက်ကြွလိုက်တဲ့ အခါကာလမှာ ပေါ့ပြီးတက်လာတဲ့ဟာ တေဇောဓာတ်က ခေါင်းဆောင်တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်ပဲတဲ့၊ အထက်ပေါ်က လုပြီးတက်တာ မှန်သမျှဟာ ဝါယောဓာတ်လဲ အကူအညီတော့ပါတယ်၊ ဒါပေမယ့် တေဇောကခေါင်းဆောင်တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်ပဲတဲ့၊ အခိုးအငွေ့သဘော အထက်တက်တယ်၊ ဝါယောကနေပြီး သူ့ကို အကူအညီနောက်လိုက်ပဲတဲ့၊ ခြေထောက်ကြွလိုက်တဲ့အခါမှာ ခြေထောက်ဟာ ကြွတဲ့ဘက်က နေပြီး ပေါ့ပြီး တက်လာတဲ့သဘောလေး ရှိတယ်၊ တေဇောဓာတ် ထင်ရှားတာတဲ့၊ ထိုင်ရာကနေပြီး ထလိုက်တဲ့အခါတွေမှာ ထတယ်, ထတယ်လို့ ကိုယ်ထဲမှာ စိုက်ပြီးတော့ မှတ်တော့ ပေါ့ပေါ့ပြီးတော့ တက်လာတာရှိတယ်၊ အဲဒါလဲပဲ တေဇောဓာတ် ထင်ရှားနေတာ၊ ဘယ်အရာမဆို အပေါ်ကြွတက်လာတဲ့ အနေအားဖြင့် ထင်ရှားလို့ ရှိယင် တေဇောဓာတ် ထင်ရှားနေတာ၊ ဘယ်အရာမဆို အပေါ်ကြွတက်လာတဲ့ အနေအားဖြင့် ထင်ရှားလို့ ရှိယင် တေဇောဓာတ်ပဲ၊ ကိုယ်ထဲမှာ ပူနေတာ တခါတခါ ပူနေတဲ့ အနေအားဖြင့်လဲ ထင်ရှားတယ်၊ ဒါလဲ တေဇောဓာတ်ပဲ၊ နွေးနွေးအနေအားဖြင့် ထင်ရှားလဲ တေဇောဓာတ်ပဲ၊ အေးစက်နေတဲ့အနေအားဖြင့် ထင်ရှားလဲ တေဇောဓာတ်ပဲ၊ အဲဒါ ပူတာ, နွေးတာ, အေးတာ, ပေါ့တက်တာ တေဇောဓာတ်၊ ယောဂီ ပုဂ္ဂိုလ်တွေမှာ အမြဲတွေ့နေတာ၊ ကိုယ့်ဟာကို ရှုမှတ်နေတာ ဘာတွေလဲဆိုတာ သိရအောင်လို့ ဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်၊ ဆိုရမယ်။

ပူတာ၊ နွေးတာ၊ အေးတာ၊ ပေါ့တက်တာက တေဇောဓာတ်။

ဝါယောဓာတ်ထင်ပုံ

ဝါယောဓာတ်ကတော့ သိပ်မထူးပါဘူး၊ ခါတိုင်းလိုပဲ၊ ဝါယောဓာတ်ကလဲ တောင့်တင်း လှုပ်ရှားတာ၊ ထောက်ကန် တောင့်တင်းလျော့ခြင်းတမည် ဆိုတာတွေဟာ သူ့လက်ထဲ စုံနေပါပြီ၊ ဝါယောဓာတ်ကတော့ အထူးပြောစရာမလိုဘူး၊ သူက ထောင့်ကန် တောင့်တင်းတာ၊ လှုပ်ရှားတာ ဝါယောဓာတ်၊ ဆောင်ပုဒ်အတိုင်းပါပဲ၊ ထောက်ကန်ဆိုတာက စာဆို၊ တောင့်တင်း တယ်ဆိုတာကတော့ အရပ်ထဲက အသုံး၊ တွန်တာကန်တာတွေလဲ ဒီထဲမှာ ပါတယ်၊ လှုပ်ရှားတာထဲမှာ တွန်းတာ ကန်တာ ပါတယ်၊ ထောက်ကန်တောင့်တင်းတာ၊ ထည့်လိုက်ပါအုံးတော၊ တွန်းကန်တာ၊ လှုပ်ရှားတာပါသွားအောင် ထောက်ခံတာ, တောင့်တင်းတာ, တွန်းကန်တာ, လှုပ်ရှားတာတွေက ဝါယောဓာတ်၊ တစုံတရာ ကိုယ်တွင်းက တွန်းလိုက်တဲ့ အခါကာလ တွေမှာ ခြေထောက်တွေမှာလဲပဲ လှမ်းတယ်ဆိုတဲ့ အခါကာလမှာ အဲဒီမှာ တွန်းသလို တခါတခါပေါ်တယ်၊ ဘေးကို တွန်းတွန်း ပို့နေတဲ့ သဘောပေါ်နေတယ်၊ လက်တွေ ခြေတွေ ကွေးတဲ့ ဆန့်တဲ့ လှုပ်ရှားတဲ့ အခါကာလတွေမှာ တနေရာက တနေရာ တွန်းတွန်းပို့သလိုပဲ ထင်ရှားတယ်၊ အဲဒါ တွန်းကန်သဘော ဆိုရမယ်။

ထောက်ကန် တောင့်တင်းတာ တွန်းကန်တာ လှုပ်ရှားတာက ဝါယောဓာတ်။

ဓာတ်ကြီးလေးပါး စုံသွားပါပြီ၊ ဒါက အကျဉ်းချုပ် ဆောင်ပုဒ်။

တနေ့ကတော့ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊ အကြမ်းဖျင်းပြောမယ် ဆိုလို့ရှိယင် ပထဝီဓာတ်က ၂၀၊ ဆံပင်မွေးညင်း စသည် အာပေါဓာတ်က ၁၂၊ သည်းခြေသလိပ် စသည် တေဇောဓာတ်က ၄-ခု၊ သန္တာပန၊ ပြင်းစွာ ပူလောင်တာတို့။ ဓိရဏ၊ အိုမင်းရင့်ရော်တာတို့။ ဒါက အပြင်းအထန် အလွန်အကဲ ပူလောင်တာ။ ပါစက၊ အစာကို ကြေကျွေကျက်စေတာ၊ ဒါတေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ်ကတော့ ခုနက ပြောခဲ့တဲ့ ဥဒ္ဓင်္ဂမစသည် ၆-ပါး၊ အကြမ်းဖျင်း ဓာတ် ၄-ပါးကို အထည်ဝတ္ထုအနေနဲ့ ခွဲပြတယ်။

လက္ခဏာနဲ့ဆိုယင်တော့ ခုနကပြောခဲ့တဲ့ ဥစ္စာတွေပဲ၊ ပထဝီဓာတ်ဆိုယင်ဖြင့် ခက်မာကြမ်းတမ်းတာ၊ နူးညံ့တာ၊ တိုက်ခံပြီးတော့နေတာ၊ အဲဒါ ပထဝီဓာတ်၊ အာပေါဓာတ်ဆိုယင် ယိုစီးတာ၊ ဖွဲ့စည်းတာ၊ လေးကျသွားတာ၊ ဒါက အာပေါ ဓာတ်၊ တေဇောဓာတ်ဆိုယင် ပူတာ နွေးတာ အေးတာ၊ ပေါ့တက်လာတာ၊ ဒါက တေဇောဓာတ်၊ ဝါယောဓာတ်ကတော့ ထောက်ကန်တာ၊ တောင့်တင်းတာ၊ တွန်းကန်တာ၊ လှုပ်ရှားတာ၊ ဒါက ဝါယောဓာတ်၊ ဒါက လက္ခဏာသဘော၊ လက္ခဏာ သဘောတရားလေးတွေ၊ ဒါက အထည်ဝတ္ထုမပါဘူး၊ ခုနက ဆံပင်မွေးညင်းစသည် အဲဒါတွေကတော့ အထည်ဝတ္ထုနဲ့ နားလည်အောင်လို့ ပြောရတယ်။

အဲဒီ ဓာတ်ကြီး ၄-ပါးဟာ လူတိုင်းလူတိုင်း သန္တာန်မှာရှိနေတာပဲ၊ ဒါ ကိုယ်ထဲမှာ မြွေကြီး ၄-ကောင်တွေ့တဲ့၊ ၄-ခု တွေ နေရာတကာမှာရှိတယ်၊ အပ်ဖျားကလေးလောက် ရှိတဲ့နေရာလေး ကိုယ်ထဲမှာ ဘယ်နေရာဖြစ်ဖြစ် ထောက်ကြည့်လို့ရှိယင်

အဲဒီမှာ ဓာတ်ကြီး ၄–ပါး၊ မြွေ ၄–ကောင် တစုံရှိတယ်၊ မြွေတွေအများကြီးရှိတယ်၊ ကိုယ်ထဲမှာ မြွေတွေ တကိုယ်လုံး ပြည့်နေတယ်၊ အဲဒီမြွေတွေဟာ အာသယအားဖြင့်လဲ တူတယ်တဲ့၊ မနေ့က ပြောခဲ့ပြီ၊ ဝိသဝေဂ ဝိကာရတော၊ အဆိပ်အဟုန်နဲ့ ဖောက်ပြန်စေခြင်းအားဖြင့် တူတယ်တဲ့၊ တနေ့က ပြောခဲ့ပြီ။

မြွေဖမ်းခြင်း၌ အကျိုးမဲ့ ငါးပါး

ဒီတော့ အနတ္ထဂဟဏတောအားဖြင့်လဲ တူတယ်တဲ့၊ မြွေကို ဖမ်းယူတဲ့ပုဂ္ဂိုလ်ဟာ အကျိုးမဲ့ ငါးပါးကို ယူရာရောက်တယ်တဲ့၊ ဘာတွေတုံးဆိုတော့–

အသုစိ

မစင်ကြယ်တာကို ဖမ်းရာရောက်သည်တဲ့၊ မြွေဖမ်းလို့ရှိယင် မြွေဆိုတာဟာ မြေကြီးလျှောက်ပြီး ကိုယ်နဲ့ လွန်လက်ပြီးသွားနေတာ၊ ဒီတော့ မြေကြီးမှာ အညစ်အကြေးတွေပေါ့လေ၊ လွန်လက်သွားနေတာ၊ မစင်တွေထဲလဲ သူလွန်လက်ပြီးသွားခဲ့တာပဲ၊ ရွံစရာတွေထဲမှာ သူလွန်လက်ပြီးတော့ သွားနေတယ်၊ သူ့ကိုယ်ကနေပြီး အညစ်အကြေးတွေ ပါတယ်၊ မြွေကို ဖမ်းယင် အဲဒီ အညစ်အကြေးတွေကို ဖမ်းယူရာရောက်ပါတယ်တဲ့၊ ရွံစရာ ကောင်းတယ်တဲ့၊ ဒုဂ္ဂန္ဓ–မကောင်း သောအနံ့ကိုလဲပဲ လက်ခံရ ယူရာရောက်သည်၊ မြွေမှာ ညီစော်နံတယ်၊ မကောင်းဘူး၊ အညစ်အကြေးတွေထဲ တွေ့ရာတွေ လျှောက်သွားနေတော့ သူဟာ ကောင်းသောအနံ့ ဘယ်ရှိနိုင်မလဲ၊ မကောင်းသော အနံ့ရှိတယ်။

ဒုဂ္ဂန္ဓံ

မကောင်းသော အနံ့ကိုလဲ ယူရာ လက်ခံရာရောက်သည်တဲ့၊ အသုစိ မစင်ကြယ်တာကိုလဲပဲ ယူရာ ရောက်သည်တဲ့၊ မြွေဆိုတာ ခုနက မစင်ကြယ်တာတွေထဲ လျှောက်သွားနေတာ၊ စင်ကြယ်တဲ့ဟာ မဟုတ်ဘူးပေါ့၊ မစင်ကြယ်ဘူး။

ဗျာဓိ

အနာကိုလဲပဲ ယူရာရောက်တယ်တဲ့၊ အနာဆိုတော့ မြွေဆိုတော့ ကိုက်တတ်တဲ့ အကောင်ကိုး၊ မြွေကိုက်လို့ရှိယင် အနာဖြစ်တော့မယ်၊ မြွေကိုက်လိုက်ယင် အဆိပ်ထန်တဲ့မြွေသွားဖမ်းယင် ကိုက်လိုက်လို့ရှိယင် အနာဖြစ်တော့မှာပဲ၊ ဆေးနဲ့ တောင်ကုယူရမယ်၊ သေလောက်တဲ့ အဆိပ်ရှိတဲ့မြွေ ကိုက်လိုက်ယင် သေမှာပဲ၊ မသေလောက်လို့ရှိယင်လဲ သေလုမျောပါး ဒုက္ခ ခံရမယ်၊ အနာကိုလဲ ဖမ်းရာရောက်တယ်တဲ့၊ အနာလက်ခံရာ ရောက်တယ်။

ဝိသံ

အဆိပ်မြွေဟာ အဆိပ်ရှိတဲ့ အကောင်ဆိုတော့ အဆိပ်ကို ယူရာရောက်တယ်၊ အဆိပ်ဆိုတာ ကြောက်ရတာပဲ၊ အခု သတိပေးထားကြတယ်၊ နေရာတကာမှာ သေတယ်တဲ့၊ နေရာတွေမှာဆိုယင် အဆိပ်ဆိုပြီးတော့ ရေးထားကြတယ်၊ ဆေးများမှာ အထူးအားဖြင့် သေတတ်ပါတယ်၊ ဆေးများမှာ အဆိပ်ဆိုပြီး ရေးထားတယ်၊ အခု မြွေကို ဖမ်းယူတဲ့ ပုဂ္ဂိုလ်ဟာ အဆိပ်ကို ယူရာ ရောက်တယ်တဲ့၊ ကိုယ်သေဖို့ရာ ကိုယ့်ဟာကို အဆိပ်ကို ဖမ်းယူရာ ရောက်တယ်။

မရဏံ

သေခြင်းဆိုတဲ့ အကျိုးကိုလဲ ယူရာရောက်တယ်တဲ့၊ ၅–ခုတဲ့။

(၁) မစင်ကြယ်တာက အသုစိ၊ (၂) ဒုဂ္ဂန္ဓ–မကောင်းသော အနံ့ကို ယူရာရောက်တယ်၊ (၃) ဗျာဓိ–ရောဂါဝေဒနာ အနာကိုလဲ ယူရာ ရောက်တယ်တဲ့၊ (၄) ဝိသံ–အဆိပ်ကိုလဲ ယူရာ ရောက်တယ်တဲ့၊ (၅) မရဏ–ပဋ္ဌမသေခြင်းလျှင် ၅–ခု မြောက်ပဲတဲ့၊ ထို့အတူပဲတဲ့၊ ဓာတ် ၄–ပါးကို နှစ်သက်သာယာတဲ့ ပုဂ္ဂိုလ်တွေ။

ဇ၀ မေဝံ အကုသလာ၊ အန္ဓဗာလ ပုထုဇ္ဇနာ။
ပဠ္ဍဂဏ္ဍ ၂နတ္ထာနိ၊ ဘဝေဇာတာဘိနန္ဒိနော။
ဒုဂ္ဂန္ဓံ အသုစိ ဗျာဓိ၊ ဇရံ မရဏပဠ္ဍမံ။
အနတ္ထာ ဟောန္တိ ပဠ္ဍေတေ၊ မိဠ္ဍလိတ္ထေ၀ ပန္ဇဂေ။

(သဠာယတန သံယုတ်အဋ္ဌကထာ၊ နာ–၅၉)

ဇ၀မေဝံ၊ ဤအတူသာလျှင်။ အကုသလာ၊ တရားအရာ၌ မကျွမ်းကျင် မလိမ္မာကုန်သော။ ဗာလပုထုဇ္ဇနာ၊ မိုက်ကန်းသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။ ဘဝေ၊ ဘ၀၌။ ဇာတာဘိနန္ဒိနော၊ ဖြစ်သော နှစ်သက်ခြင်း ရှိကုန်သည် ဖြစ်၍။ (၀ါ) တပ်မက်နှစ်သက်ခြင်း ရှိကုန်သော။ အန္ဓဗာလပုထုဇ္ဇနာ၊ မိုက်ကန်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ပဠ္ဍ၊ ငါးပါးကုန်သော။ အနတ္ထာနိ၊ အကျိုးမဲ့တို့ကို။ ဂဏ္ဍာ၊ ယူကြလေကုန်၏။

ဘ၀, ဓာတ် ၄–ပါး သာယာမှုခ္ခ် အကျိုးမဲ့ ငါးပါး

ဘ၀၌ နှစ်သက်လက်ခံ သဘောကျပြီးနေတဲ့ ပုဂ္ဂိုလ်တွေ ဘ၀ ရလာလို့ ရှိယင် ဒီဓာတ် ၄–ပါးဟာ ပါတော့မှာကိုး၊ ဒီတော့ ဓာတ် ၄–ပါးကို လက်ခံပြီးတော့ ယူရာရောက်တယ်၊ ဓာတ် ၄–ပါး လက်ခံ လို့ရှိယင်ဖြင့် ၅–ပါးသော အကျိုးမဲ့တွေ၊ ပဠ္ဍ၊ ငါးပါးကုန်သော။ အနတ္ထာနိ၊ အကျိုးမဲ့တို့ကို။ ဂဏ္ဍာ၊ လက်ခံယူကြလေကုန် ၏။

ငါးပါးသောအကျိုးတွေက ဘာတွေတုံးဆိုလို့ ရှိယင် ခုနက ဟာတွေလိုပါပဲ၊ ဒုဂ္ဂန္ဓံ, အသုစိ, ဗျာဓိ, ဇရံ, မရဏံ။

ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ကိုလဲပဲ လက်ခံယူရာရောက်သည်။

ဓာတ်လေးပါးရှိတဲ့ ကိုယ်ကာယကြီးရထားတော့ ဒီကိုယ်ကာယကြီးက မကောင်းသောအနံ့ တွေရှိနေတာပဲ၊ အင်မတန်သုတ်သင်နိုင်လွန်းလို့ မနက်အိပ်ရာထယင် မျက်နှာသစ်ရတယ်၊ မျက်စိထဲကနေပြီးတော့ မျက်ဝတ်တွေ၊ မျက်ချေးတွေ၊ ဒါတွေ စင်ကြယ်အောင် မျက်နှာသစ်ရတယ်၊ ပါးစပ်တွေလဲပဲ သွားတွေတိုက်ပွတ်ပြီးသကာလ ဆေးရတယ်၊ မဆေးယင် ပါးစပ်ကလဲ နံနေတာပဲ၊ တချို့ ဆေးလျက်သားနဲ့တောင်မှ နံနေတာ ရှိသေးတာပဲ၊ အဲဒီတော့ မကောင်းသောအနံ့ တွေဆိုတာ ရှိတာပဲ၊ အမြဲကိုယ်ထဲမှာ ရေချိုး၊ ဆပ်ပြာနဲ့ဆေးပြီးတော့ လုပ်နေလို့၊ အဲဒါ ကိုယ်ထဲက မကောင်းတဲ့အနံ့ တွေရှိနေတယ်၊ ဒါလဲပဲ မကောင်းတဲ့အနံ့တွေက စင်ကြယ်တယ်မဟုတ်ပါဘူး၊ ရှိနေတာပါပဲ၊ ကျန်းကျန်းမာမာ ရှိနေတဲ့အခါဆို တော်သေးရဲ့၊မကျန်းမာတဲ့အခါဆိုယင် ပိုပြီးတော့ နံလာတယ်၊ ဓာတ် ၄–ပါး မှီပြီးတော့နေတဲ့ ရုပ်ကိုယ်ကြီးက အင်မတန်နံတယ်တဲ့၊ နံလွန်းစော်လွန်းလို့ အဲဒီအနံ့အစော်တွေ ပျောက်အောင်လို့ မိန်းကလေးတွေဆိုယင် နံ့သာတွေလိမ်းရတာကိုး၊ အနံ့တွေကာကွယ်ထားရတယ်၊ အနံ့လူမသိအောင်လို့ လုပ်ထားရတာ အတော်မကောင်းတဲ့ ဥစ္စာတွေပါပဲ၊ ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ကိုလဲ လက်ခံရာရောက်သည်။

အသုစိ၊ မစင်ကြယ်တာကိုလဲ လက်ခံရာရောက်သည်။ ကိုယ်ခန္ဓာကြီးက မစင်ကြယ်တဲ့ အညစ်အကြေးတွေ ထွက်နေတာပဲ၊ အဲဒါ ဓာတ်လေးပါးတွေပဲ၊ ပထဝီဓာတ် ၂၀–ထဲမှာပါတဲ့ ကျင်ကြီးတို့ ကျင်ငယ်တို့ဆိုတာတွေဟာ အဲဒါတွေဟာ မကောင်းတဲ့ အနံ့တွေပဲ၊ မကောင်းတဲ့ မစင်ကြယ်တဲ့ ဥစ္စာတွေပဲ၊ ချွေးတို့ တံတွေးတို့ သလိပ်တို့ ဒါတွေလဲပဲ အာပေါဓာတ်ထဲက မကောင်းတဲ့ ဥစ္စာတွေလဲပဲ မျက်ရေတို့၊ မကောင်းတဲ့ဥစ္စာတွေ ပြည်တို့၊ သွေးတို့၊ မကောင်းတာတွေ၊ မကောင်းတဲ့ မစင်ကြယ်တဲ့ အရာ၀တ္ထုတွေကို လက်ခံရာ ရောက်သည်တဲ့၊ အနံ့မကောင်းတာ၊ မစင်ကြယ်တာ ၂–ခု။

ဗျာဓိ တဲ့၊ အနာရောဂါတွေလဲ လက်ခံရာရောက်တယ်တဲ့၊ လူတွေ အနာရောဂါဖြစ်တာ ဘယ်ကလာတုံး၊ ဒီဓာတ်ကြီး ၄–ပါးရှိလို့ အနာရောဂါဖြစ်တာပဲ၊ ဓာတ်ကြီး ၄–ပါး မရှိယင် ရုပ်မရှိဘူး၊ ရုပ်ဆိုတာထဲမှာ ရုပ် ၂၈–ခု ရှိတယ်၊ ဒါပေမယ်လို့ ဓာတ်ကြီး ၄–ပါးကအရင်းခံပဲ၊ ဓာတ်ကြီး ၄–ပါးကို မှီပြီးတော့ ဒိပြင်ရုပ်ကလေးတွေ အသေးကလေးတွေ ဓာတ်ကြီး ၄–ပါး မှီပြီး ဝဏ္ဏ၊ အဆင်းရုပ်တွေ။ မြင်ရတဲ့ ရုပ်ကလေးက ဓာတ်ကြီး ၄–ပါးရှိမှပဲ အရိပ်အရောင်ပေါ်တယ်၊ သူက ဓာတ်ကြီး ၄–ပါး မှီပြီး အဆင်းရုပ်လဲ ရှိတယ်၊ အနံ့ရုပ်လဲ ရှိတယ်၊ အရသာရုပ်ကလဲ ရှိတယ်၊ နောက်မျက်စိ အကြည်တို့၊ နားအကြည်တို့ စသည်ဖြစ်နေတာ၊ ဓာတ်ကြီး ၄–ပါးက မကောင်းယင် ဒီဓာတ်ကြီး ၄–ပါးပဲ၊ ဒါကြောင့် ဒီရုပ်ကိုယ်ကြီးကို အမှီပြုပြီးတော့ ရောဂါ၀ေဒနာ အမျိုးမျိုးဖြစ်တယ်၊ အနာအမျိုးမျိုးတွေ ဖြစ်တယ်၊ အဲဒီ အနာအမျိုးမျိုး တွေဟာ ဒီဓာတ်ကြီး ၄–ပါးကို မှီပြီးတော့ ဖြစ်တာပဲ။

ဒါကြောင့် ခုနက မြွေဖမ်းတဲ့ပုဂ္ဂိုလ် မြွေကိုက်လို့အနာရသလိုပဲ၊ ဒီဓာတ်ကြီး ၄–ပါးမှီပြီးတော့ ရောဂါ၀ေဒနာ အနာတွေ ရတယ်၊ အနာရောဂါတွေက တယ်များကြတယ်၊ အင်မတန်ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေမှ တော်တော်လေး ကျန်းကျန်းမာမာ

ရှိတာပဲ၊ ဒါလဲပဲ တော်တော်အရွယ်ကြီးလာလို့ရှိယင် အကုန်လုံးကျန်းမာပါတယ်လို့ ဝန်မခံနိုင်ဘူး၊ ရောဂါဝေဒနာတခုတခုက တော့ နည်းနည်းတော့ရှိနေတာ မကြီးကျယ်လို့သာ၊ တချို့ပုဂ္ဂိုလ်တွေကျတော့ သိပ်ကြီးကျယ်တာ၊ ရောဂါဝေဒနာတွေကို တခါ တည်းဖြစ်လိုက်တာ မပြောနဲ့တော့ တခုပြီးတခုဖြစ်နေတာ အင်မတန် ဆင်းရဲပါတယ်။

ပဋ္ဌိသန္ဓေကရလာတဲ့အနာ

အဲဒါတွေ ဘယ်ကလာတုံးဆိုယင် ဒီဓာတ်ကြီး ၄–ပါးက သူကရလာလို့၊ ဘယ်ကရလာသလဲ၊ ပဋ္ဌိသန္ဓေကရလာတာ၊ ဒီတော့ လောကအနေအားဖြင့် ကြည့်လိုက်တော့ လူဖြစ်ယင်ဖြင့် ကောင်းတယ်၊ ဒီလို ထင်ကြတာကိုး၊ ထင်ကြတာကိုး၊ လူဖြစ်ယင် အမှန်အားဖြင့် အမျိုးအားဖြင့် မြင့်မြတ်တဲ့အမျိုး၊ ပစ္စည်းဥစ္စာ ဘောဂဗလတွေနဲ့ ပြည့်စုံတဲ့အကျိုး၊ အဆင်း လှပတင့်တယ်တဲ့ အမျိုးဆိုယင် ကောင်းတယ်လို့ ယူဆပါတယ်၊ နောက်နောက်သော ဘဝတွေ ဒီလိုလှပတဲ့ ရုပ်အဆင်း အင်္ဂါနဲ့ ပြည့်စုံတဲ့ ယောကျ်ားဖြစ်ရပါလို့၏၊ မိန်းမဖြစ်ရပါလို့၏ စသည်ဖြင့် ထင်ထင်ရှားရှား နှုတ်ကထုတ်ပြီးတော့ လူသိ သူသိ ဆုမတောင်းဝံ့တောင်ပဲ စိတ်ထဲကတော့ အဲဒီလို အလိုကလေးတွေကတော့ ရှိကြတယ်၊ နိဗ္ဗာန်ရပါလို့၏ ဆိုတာကတော့ ဒါကတော့ ကြားကောင်းနာသာလို့ ဆုတောင်းလိုက်ရတာကိုး၊ စိတ်ကတော့ နိဗ္ဗာန် ဒါလောက်တောင် မဟုတ်လှဘူး၊အဲဒါတွေ သဘောကျနေတာ၊ အဲဒီတော့ အဲဒီလို သဘောကျလို့ ဆုတောင်းတိုင်း ဆုတောင်းတိုင်း ဒီရုပ်တွေကရမှာ၊ ဒီဓာတ်ကြီး ၄–ပါး ရမှာ၊ ရတိုင်းရတိုင်းလဲ အဲဒီ ရရာဘဝမှာ အနာရောဂါဝေဒနာတွေ ဖြစ်မှာ၊ အနာကိုလဲ လက်ခံရာရောက်သည်တဲ့။

ဇရံ၊ အိုခြင်းတည်းဟူသော ဘေးဆိုးကြီးလဲ လက်ခံရာ ရောက်တယ်တဲ့၊ အိုမင်းရင့်ရော်ခြင်း၊ ဒါလဲ သေသေချာချာ စဉ်းစားကြည့်လို့ရှိယင် တော်တော်မကောင်းပါဘူး၊ ငယ်ငယ်ရွယ်ရွယ်ကလေးတွေ တချို့ ငယ်ငယ်ကတည်းကနေပြီး ဓာတ်ပုံ ရိုက်ထား၊ ကလေး ကလေး အဝတ်တောင် ကောင်းကောင်း မဝတ်တတ်သေးဘူး၊ ကလေးအရွယ်လေး နုနုနယ်နယ်ကလေး၊ တော်တော်ကြာတော့ ဒီထက်ကြီးတဲ့ အရွယ်ကလေးတွေ ရိုက်ထားတယ်၊ ၁၀–နှစ် ၁၂–နှစ် ကျောင်းသားအရွယ် အမျိုးသား အမျိုးသမီးကလေးတွေ အရွယ် ရိုက်ထားတယ်၊ တော်တော်ကြီးတဲ့ အခါကျတော့ ၁၅–နှစ် ၁၆–နှစ် အနှစ် ၂၀–အဲဒီ အရွယ်မှာ ပျိုပျိုရွယ်ရွယ် ပြင်လို့ ဆင်လို့ တချို့လဲပဲ လောကထုံးတမ်းစဉ်လာ အတိုင်း ဓမ္မတာအတိုင်းဟာ မင်္ဂလာဆောင် ကျတော့ မင်္ဂလာဆောင်မှာ သတိုးသား သတိုးသမီးအဖြစ်နဲ့ ရိုက်ထားပြန်တယ်၊ အကောင်းဆုံးပုံတွေပေါ့၊ ဟိုမှာ ရိုက်ထားတာ အလှ အပတွေ ပြင်ဆင်ပြီးတော့ ရိုက်ထားတာ။

နောက် အရွယ်ကြီးလာတဲ့အခါကျတော့ ကြီးတဲ့ရုပ်တွေ ဓာတ်ပုံရိုက်ထားတယ်၊ သေခါနီးမှာ ရိုက်ထားတာ ရှိတယ်၊ နောက်သေတဲ့အခါကာလမှာ အလောင်းကို ရိုက်ထားတာလဲ ရှိတယ်၊ ဒါတွေက တခုစီ ကြည့်လိုက်လို့ရှိယင် ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အစကတော့ ဟုတ်သလိုတော့ အရှိသားပဲ၊ ငယ်ငယ်ရွယ်ရွယ်ကတော့ ကြည့်လို့အကောင်းသား၊ ကြီး သွားတော့ နေရာမကျဘူး၊ နောက်ဆုံးကျတော့ သေတဲ့ အလောင်းကြီး ရောက်သွားတာကိုး၊ တော်တော် နေရာမကျဘူး၊ မသေခင်လဲပဲ တချို့ အသက်ရှင်လျက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အသက် ၈၀–၈၀ ကျော် ရောက်လာလို့ ရှိယင် များသောအားဖြင့် သပ်သပ်ရုပ်ရုပ်တယ်မရှိပါဘူး၊ တချို့ ကံကောင်းထောက်မတဲ့ ပုဂ္ဂိုလ်တွေကတော့ တော်တော်လေး သပ်သပ်ရုပ်ရုပ် ရှိသေးရဲ့၊ လူထဲ ပရိသတ်ထဲမှာ ဝင်လို့ထွက်လို့ တော်ပါသေးရဲ့၊ တချို့တော့ လူထဲ ပရိသတ်ထဲ ဝင်လို့ကို နေရာမကျဘူး၊ တော်တော်ကို အိုမင်းရင့်ရော်မှုနဲ့ မလျောက်ပတ် မတင့်တယ်တဲ့ အခြေအနေတွေ ရောက်နေတာကိုး။

ငယ်ငယ်ရွယ်ရွယ်ကဆိုလို့ရှိယင် အဝတ်ကောင်း အစားကောင်းကလေးတွေဝတ်လို့ တသသနဲ့နေတဲ့ ရုပ်ကိုယ်ကြီး ပေါ့၊ အိုမင်းရင့်ရော်လာတဲ့အခါကျတော့ ဘာမှ အသုံးချလို့မရဘူး၊ ဘာမှ နှစ်သက်သာယာစရာ မကောင်းဘူး၊ ကိုယ့်ဟာကိုယ် တောင် နှစ်သက်စရာ မကောင်းဘူး၊ သူများကိုလဲ နှစ်သက်စရာ မကောင်းသူများ မုန်းစရာတွေ ဖြစ်နေတယ်၊ အဲဒါတွေဟာ ဘယ်ကလာတုန်းဆိုယင် ပဋ္ဌိသန္ဓေက လာတာတဲ့။

ပဋ္ဌိသန္ဓေကနေပြီးတော့ ဒီဓာတ်ကြီး ၄–ပါးလက်ခံမိလို့ ဘယ်လိုပုဂ္ဂိုလ်တွေက လက်ခံတုန်းဆိုယင် ပုထုဇဉ်ပုဂ္ဂိုလ် တွေပေါ့လေ၊ အရိယာတွေလဲ သောတာပန်တို့ သကဒါဂါမ်တို့ ဒီလိုလဲ လက်ခံတာတွေ ရှိပါသေးတယ်၊ အနာဂါမ်လဲပဲ ဗြဟ္မာ ရုပ် ဗြဟ္မာလောကရုပ်တွေ လက်ခံတာ ရှိပါသေးတယ်၊ ဒါပေမယ်လို့ အများအားဖြင့် ပုထုဇဉ်က လက်ခံတာ ဒီမှာ ပုထုဇဉ်ကို ဟောထားတယ်။

အကုသလာ၊ တရားရေးရာ၌ မကျွမ်းကျင် မလိမ္မာကြကုန်သော။ ဘဝေ၊ ဘဝ၌။ ဝါ–ဘဝေ၊ ကာမဘဝ ရူပဘဝ၌။ ဇာတာဘိနန္ဒိနော၊ ဖြစ်သော နှစ်သက်ခြင်း လက်ခံခြင်း သဘောကျခြင်း ရှိကြကုန်သော။ အန္ဓဗာလပုထုဇ္ဇနာ၊ မိုက်ကန်းသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။ ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ကိုလည်းကောင်း။ အသုစိံ၊ မစင်ကြယ်သည်ကိုလည်းကောင်း။ ဗျာမိံ၊ မကျန်းမမာ နာဖျားခြင်းကိုလည်းကောင်း။ ဇရာ၊ အိုမင်းရင့်ရော်ခြင်း ကိုလည်းကောင်း။ မရဏာပဋ္ဌမံ၊ သေခြင်းလျှင် ငါးခု မြောက်ရှိသော အကျိုးမဲ့ကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ပဋ္ဌ၊ ငါးပါးကုန်သော။ အနတ္တာနိ၊ အကျိုးမဲ့တို့ကို။ ဂဏှန္တိ၊ လက်ခံ သည် ရယူသည် မည်ကြကုန်၏။

နောက်ဆုံးကျယင် သေခြင်းတရား ရောက်သွားတာပဲတဲ့။

လူ့ဘဝဖြစ်ရပါလို၏ဆိုယင် လူ့ဘဝဆိုတဲ့ ဓာတ်ကြီး ၄–ပါး မှီပြီးတော့ မကောင်းသော အနုံ့တွေရှိရမယ်၊ ဒါတွေ အင်မတန် သုတ်သင်ရတယ်၊ သန့်ရှင်း စင်ကြယ်အောင် မစင်ကြယ်တာတွေ ကိုယ်ကနေပြီး ထွက်နေတာတွေ၊ အဲဒါတွေ သုတ်သင်ရမယ်၊ မကျန်းမမာ နာဖျားမှုတွေ တွေ့ရမယ်၊ တနေ့ကျယင် အိုမင်းရင့်ရော်ခြင်းနဲ့ တွေ့ရမယ်၊ နောက်ဆုံးတနေ့ကျယင် သေရမယ်, မသာဖြစ်ရမယ်၊ မြေကြီးထဲ မြှုပ်ရမလား, မီးရှို့ရမလား, ရေမျှောရမလား တခုခုနဲ့တော့ ဖျောက်တော့ပစ်ရတော့မှာပဲ၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေက ဒီဥစ္စာကြီးတော့ မထားနိုင်ဘူး၊ အဲဒီ ရောက်ရမယ်တဲ့။

ဓာတ်ကြီး ၄–ပါးလက်ခံမိလို့ ဓာတ်ကြီး ၄–ပါးကို အန္ဓဗာလပုထုဇ္ဇနာ မသိမလိမ္မာတဲ့ တရားရေးရာမှာ မကျွမ်းကျင်တဲ့ ပုထုဇဉ်တွေတဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေက သဘောကျကြတယ်၊ လူ့ဘောင်ဘဝ ဖြစ်ရပါလို၏၊ ယောကျ်ားကောင်း စင်စစ် ဖြစ်ရပါလို၏၊ မိန်းမကောင်းစင်စစ် ဖြစ်ရပါလို၏၊ ဘယ်လိုအမျိုး ဖြစ်ရပါလို၏၊ နတ်သား ဖြစ်ရပါလို၏၊ နတ်သမီး ဖြစ်ရပါလို၏၊ နတ်မင်းကြီး ဖြစ်ရပါလို၏၊ နတ်မိဖုရားကြီး ဖြစ်ရပါလို၏၊ နှုတ်က ရဲရဲကြီး ဆုမတောင်းဝံ့သော်လဲ စိတ်ထဲကတော့ ဒီလို တောင့်တမှုတွေ ရှိနေကြတာတွေ၊ အဲဒါတွေ ရှိနေသမျှ ဒီဟာတွေ ကုသိုလ်ကံတွေက အကျိုးပေးမှာ၊ အဲဒါတွေ မကောင်းတာတွေတဲ့၊ အကျိုးမဲ့တွေ ရသွားတယ်။

သို့သော်လဲ တခုတော့ ရှိပါရဲ့၊ အပါယ် ၄–ပါးက ဓာတ်ကြီး ၄–ပါး လောက်တော့ မဆိုးဘူး၊ အဲဒီ မရောက်ယင်တော့ နည်းနည်းတော့ တော်သေးတယ်လို့ ဆိုရမှာပေါ့၊ သူကတော့ တရားဘက်ကနေပြီးကြည့်ယင် ဘယ်ဟာမှ မကောင်းဘူးဆိုတာကို ကဲ့ရဲ့ပြတယ်၊ အပါယ် ၄–ပါးနဲ့ စာယင်တော့ နည်းနည်းတော့ တော်သေးတယ်၊ လူ့ဘဝ နတ်ဘဝ နည်းနည်းတော့တော်တယ်။

အဲဒီတော့ မြွေကြီး ၄–ကောင်၊ ဓာတ်ကြီး ၄–ပါးနဲ့ မြွေကြီး ၄–ကောင် တူတယ်၊ မြွေကြီး ၄–ကောင် ဖမ်းလိုက်လို့ ရှိယင်ဖြင့် အကျိုးမဲ့ ၅–ပါးရသလိုပဲ၊ ဓာတ်ကြီး ၄–ပါးလက်ခံတဲ့ ပုဂ္ဂိုလ်တွေ ဘဝတိုင်း ဘဝတိုင်း မကောင်းသော အနုံ့တွေကို ရတယ်၊ ဒါတွေပဲ စင်ကြယ်အောင် လုပ်နေရတယ်၊ မစင်ကြယ်တာတွေကို ရတယ်၊ ဆေးကြောသုတ်သင်ပြီးတော့ နေရတယ်၊ အမြဲတမ်းပဲ မကျန်းမမာ နာဖျားမှုတွေကို ရတယ်၊ အိုမင်းမှုတွေကို ရတယ်၊ နောက်ဆုံးကျတော့ သေရသည့်အကျိုး ၅–ပါး ရတယ်၊ ဘာကောင်းသတုံး၊ အကျိုးမဲ့တွေပဲတဲ့၊ ဒါတွေ။

အဲဒါကြောင့် ဓာတ်ကြီး ၄–ပါးဟာ မြွေကြီး ၄–ကောင်နဲ့ တူပါတယ်တဲ့၊ မြွေကြီး ၄–ကောင် ဖမ်းယူတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးမဲ့ ၅–ပါးကို မကောင်းတဲ့ အကျိုး မရှိတာတွေ ပျက်စီးရာ ပျက်စီးကြောင်းတွေကို လိုက်ပြီးတော့ ဖမ်းတာနဲ့ တူတယ်၊ အဲဒါလိုပဲတဲ့။

ဓာတ်ကြီး ၄–ပါးနဲ့ တူတဲ့လူအဖြစ်၊ နတ်အဖြစ်တွေကို အလိုရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ အကျိုးမဲ့ ၅–ပါးကို လက်ခံရာ ရှာဖွေရာ ရောက်တယ်၊ ဒါတွေကို ကုသိုလ်ကောင်းမှုတွေကို ပြုပြီးတော့လဲ ဝယ်ယူတာနဲ့လဲ တူတာပေါ့လေ၊ ခုနကပြောခဲ့တဲ့ အပါယ် ၄–ပါး မကျယင်တော့ တော်သေးတယ်လို့ အောက်မေ့ရတယ်၊ ဒါပေမယ့် ဒါလေးတွေ သာယာနေလို့ မဖြစ်သေး၊ ဒါလေးတွေ သာယာနေယင် မကောင်းတဲ့ အကျိုးမဲ့တွေ ရတာပဲ၊ မြွေကြီး ၄–ကောင်လို အဲဒါက အကျိုးမဲ့ကို ယူခြင်းအားဖြင့် မြွေကြီး ၄–ကောင်နဲ့ တူတဲ့ အကြောင်းကို အဌကထာဆရာက ပြတယ်။

ဓာတ်ကြီး ၄–ပါးကို ပြုစုနိုင်ခဲခြင်း

နောက်တခုက ဒုရုပဌာနတော၊ မြွေကြီး ၄–ကောင်ဟာ ပြုစုနိုင်ခဲတယ်၊ အစ ကတည်းက ပြောခဲ့ပါပြီ၊ မြွေကြီး ၄–ကောင်ဟာ တကောင်က အိပ်ချင်နေတယ်၊ တကောင်က ထချင်နေတယ်၊ တကောင်က ရေချိုးချင်တယ်၊ တကောင်က အစာစားချင်တယ်၊ တကောင်က လမ်းလျှောက်ချင်တယ်၊ အကောင် ၄–ကောင်ကို ပြုစုရတယ် ဆိုတော့ မလွယ်ဘူးတဲ့၊ တပြိုင်နက် အလိုချင်းမတူဘူး၊ ပြုစုဖို့ရာ အကုန်လုံး မြွေကြီး ၄–ကောင်လုံး သဘောကျအောင် မြွေထိန်း ယောကျ်ားက ပြုစုဖို့ရာ မလွယ်ကူဘူး၊ အဲဒါလိုပဲတဲ့။

ဒီကိုယ်ခန္ဓာထဲမှာ ရှိတဲ့ ဓာတ်ကြီး ၄–ပါးကလဲ ပြုစုဖို့ရာမလွယ်ပါဘူးတဲ့၊ ဓာတ်ကြီးတပါးပျက်လို့ရှိယင် ပထဝီဓာတ်ပျက်လို့ ပထဝီဓာတ်ဆေးကုယင် အာပေါ, တေဇော, ဝါယောက ဖောက်ပြန်ချင် ဖောက်ပြန်တာပဲတဲ့၊ ဒါကတော့ ဆေးဆရာတွေမှ ပိုသိတယ်၊ ဆေးဆရာတွေကတော့ ရောဂါဝေဒနာတွေ တဘက်က လွန်နေတယ်ဆိုပြီး ဒီဥစ္စာကျသွားအောင် လုပ်တုန်းဟိုဟာကတက်တယ်၊ အထူးအားဖြင့် ထင်ရှားတာကတော့ သွေးတိုးတို့ သွေးအားလျော့တာတွေကတော့ ဖြစ်တာ သိပ်ထင်ရှားတယ်၊ တချို့ သွေးအားနည်းတယ်ဆိုပြီးတော့ သွေးအားများအောင် လုပ်လိုက်တာနဲ့ သွေးတိုးရောဂါဖြစ်တယ်၊ တချို့သွေးတွေ တိုးလွန်းအားကြီးလို့ လျော့ချလိုက်တာ သွေးတွေ မတတ်ပဲ နေလို့ သေရော၊ အဲဒါတွေကတော့ သူ့ဟာ ထင်ရှားတဲ့ ဥစ္စာတွေ၊

အဲဒါ တခုခုကလွန်နေလို့ ဒီလွန်နေတာလျော့လိုက်လို့ အလျော့လွန်သွားလို့ ရှိယင်လဲ ဒုက္ခဖြစ်တာပဲ၊ တခုခုကို ပျက်အောင်လို့ ဖျက်လိုက်တာ၊ အပျက်လွန်သွားယင် ဒုက္ခရောက်တယ်၊ တဘက်က နေပြီးတော့ ဆေးကုနေလို့ ရှိယင် တဘက်က နေပြီးတော့ ပထဝီဓာတ် ဆေးကုနေယင်း အာပေါဓာတ်ကနေပျက်, အာပေါဓာတ်ဆေးကုနေယင်း တေဇောဓာတ်ကနေပျက်, တေဇောဓာတ်က ဆေးကုနေယင်း ဝါယောဓာတ်ကနေပျက်, ဓာတ်ကြီး ၄–ခုဟာ သူတို့ တညီတညွှတ်တည်း ပြုစုဖို့ရာ မလွယ်ကူဘူးတဲ့၊ အင်မတန် ခဲယဉ်းပါတယ်တဲ့။

မကျန်းမာတဲ့အခါမှာ ထင်ရှားတယ်၊ ကျန်းမာနေတဲ့အခါတော့ သူ့ဟာ ဟန်ကျသားပဲ၊ ကျန်းမာနေတဲ့အခါတော့ ဘာမှမဖြစ်ဘူး၊ နေကောင်းထိုင်ကောင်း သွားကောင်းလာကောင်း စားကောင်းသောက်ကောင်း ဟန်ကျနေတယ်၊ နေမကောင်းလာပြီးဆိုတဲ့ အခါကျတော့ ပြုပြင်လို့ အတော်ခဲယဉ်းတာပဲ၊ နေမကောင်းလို့ ရောဂါတခုခု ပြင်းပြင်းထန်ထန် ဖြစ်လာပြီဆိုလို့ ရှိယင် ဆေးကုဖို့ရာ တော်တော်နဲ့ မပျောက်နိုင်ဘူး၊ ပြင်းပြင်းထန်ထန် တကယ် ဖြစ်လာလို့ရှိယင် ဘယ်ဟာမှ ဆေးကုလို့ မလွယ်ဘူး၊ ပျောက်ခဲတဲ့ ဥစ္စာတွေ၊ အဲဒါကြောင့် ဓာတ်ကြီး ၄–ပါးဟာ မြွေကြီး ၄–ကောင်ကို ပြုစုရခက်သလိုပါပဲတဲ့၊ ဓာတ်ကြီး ၄–ပါးကို ညီညွှတ်အောင် မျှတအောင် ပြုစုဖို့ရာ ခက်ပါတယ်တဲ့။

အဲဒါကြောင့် ဓာတ်ကြီး ၄–ပါးက မြွေကြီး ၄–ကောင်နဲ့တူတယ်၊ မြွေကြီး ၄–ကောင်ကိုယ်ထဲ တင်းထားရတာနဲ့တူတယ်၊ ဓာတ်ကြီး ၄–ပါးကိုယ်ထဲမှာ ရှိနေတာ၊ ဓာတ်ကြီး ၄–ပါးကို ညီညွှတ်အောင်ပြုစုဖို့ရာ ခက်တယ်တဲ့၊ ပြုစုယင်း ပြုစုယင်းနဲ့ ဖောက်ပြန်ပြီးတော့ သေတတ်တယ်တဲ့။

ဓာတ်ကြီး ၄–ပါးကို ချဉ်းကပ်နိုင်ခဲခြင်း

နောက်တခုက ဒုရာသဒတော၊ ချဉ်းကပ် နိုင်ခဲတယ်၊ မြွေဆိုတာ သူများကြောက်တယ်၊ အဆိပ်ရှိနေတဲ့ မြွေကို ကြောက်ရတယ်၊ အဆိပ်မရှိတဲ့ မြွေဆိုယင်တော့ သိပ်ကြောက်စရာမရှိဘူး၊ ဒါပေမယ့် တချို့တော့ မြွေဆိုယင် ကြောက်တော့တာပဲ၊ အဆိပ်မရှိတဲ့ မြွေဆိုလဲ အနားကို မကပ်ဝံ့ဘူး၊ မြွေမြင်ယင် ကြောက်တာနဲ့ ပြေးတော့တာပဲ၊ ကြောက်တတ်တဲ့ ပုဂ္ဂိုလ်က အဆိပ်ရှိတဲ့ မြွေဆိုတော့ ကြောက်ရတယ်၊ မြွေ–မြွေ ဆိုယင် ကြောက်တတ်တဲ့ ပုဂ္ဂိုလ်က အိမ်ရှေ့ဘက်က မြွေဆိုယင် အိမ်နောက်ဘက်ကိုပြေး အဲဒီလို ရှောင်ရတယ်၊ မြွေဆိုလို့ရှိယင် ကြောက်ရတယ်၊ မြွေအနားကို ချဉ်းကပ်ဖို့ရာ မလွယ်ဘူးတဲ့၊ အဲဒါလိုပဲ။

ဓာတ်ကြီး ၄–ပါးကလဲ ချဉ်းကပ်ဖို့ရာ မလွယ်ပါဘူးတဲ့၊ ဓာတ်ကြီး ၄–ပါးဟာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာရှိနေတဲ့ ဓာတ်ကြီး ၄–ပါးတွေ၊ ကျန်းမာနေတဲ့ အခါတော့ တော်တာပေါ့လေ၊ ကျန်းမာနေတဲ့ အခါတော့ ချဉ်းကပ်ဖို့ရာ လွယ်ပါတယ်၊ တယ်မခက်လှဘူး၊ မကျန်းမာတဲ့အခါမှ ခက်ထာ၊ တချို့ ဓာတ်ကြီး ၄–ပါး ဖောက်ပြန်ပြီးတော့နေလို့ ပျက်စီးနေလို့ ကုဋ္ဌနူနာ ဆိုတာဖြစ်နေတယ်၊ အဲဒီပုဂ္ဂိုလ် ကြောက်စရာကောင်းတယ်၊ ရွံစရာ သိပ်ကောင်းတယ်၊ ကိုယ့်မိတ်ဆွေဖြစ်တဲ့ ပုဂ္ဂိုလ်တွေပေမယ့် မလာစေချင်ဘူး၊ ကိုယ့်လဲကူးမှာ ကြောက်ရတယ်၊ ဒီပြင် ပုဂ္ဂိုလ်တွေလဲ ကူးမှာ ကြောက်ရတယ်၊ မလာစေချင်ဘူး၊ ကိုယ့်တပည့်ပဲဖြစ်ဖြစ်၊ အင်မတန်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အဝေးကနေပြီးတော့ အသုံးလိုလို့ ပစ္စည်းတခုတောင်းလိုက်ယင် ပေးဖို့ဝန်မလေးဘူး၊ ဒါပေမယ့် ကိုယ့်ဆီတော့ တယ်မလာစေချင်ဘူး၊ အဲဒီလို အနာရောဂါရှိတဲ့ ပုဂ္ဂိုလ်များ ဘာပြုလို့တုန်းဆိုတော့ ကိုယ့်ကိုယ်တိုင်လဲ ကူးမှာကြောက်ရတယ်၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ အများပုဂ္ဂိုလ်တွေလဲ ကူးမှာကြောက်ရတယ်၊ တော်တော်ကို ရွံစရာ ကောင်းတာပဲ၊ အဲဒါ ကုဋ္ဌနူနာတဲ့၊ ဒီပြင်လဲပဲ ရွံစရာကောင်းတဲ့ အနာတွေ ကူးစက်တတ်တဲ့ အနာတွေရှိတယ်၊ အဲဒီအနာရောဂါတွေ၊ ချောင်းဆိုးသွေးပါတို့ ဆိုတာတွေ ရှိပါတယ်၊ အဲဒီတော့ ကိုယ်ထဲမှာ ရွံစရာကောင်းတဲ့ ရောဂါ ဝေဒနာတွေ ဖြစ်လာပြီဆိုတဲ့ အခါကျတော့ အဲဒီ ပုဂ္ဂိုလ်ထံ မချဉ်းကပ်ချင်ကြဘူး၊ အဲဒါဟာ ခုနက မြွေကြီး ၄–ကောင်၊ မြွေကြီးတွေ ကြောက်စရာကောင်းလို့ အနားကို မကပ်ဝံ့တာနဲ့ တူပါတယ်တဲ့။

ကျန်းကျန်းမာမာ ရှိနေတဲ့အခါတော့ တယောက်နဲ့ တယောက် နီးနီးကပ်ကပ် ရောရောနှောနှော နေလို့ရတာပဲ၊ တကယ်ရောဂါတွေ အကြီးအကျယ်ဖြစ်လာတော့ အနားကပ်ဖို့ ခက်တယ်၊ တကယ်ဖြစ်လာလို့ရှိယင် ခက်ပါတယ်၊ ပူးပူး ကပ်ကပ်နေဖို့ရာ အနားလာဖို့ရာ အင်မတန် ခက်ပါတယ်၊ ဒါကြောင့်မို့ ဒီဓာတ်ကြီး ၄–ပါးဟာ မြွေကြီး ၄–ကောင် အနီးအပါးကပ်ဖို့ခဲယဉ်းသလိုပဲတဲ့၊ ကြောက်စရာကောင်းသလိုပဲတဲ့၊ ဓာတ်ကြီး ၄–ပါးတွေဟာ ဖောက်ပြန်လို့ ရှိယင်လဲပဲ အနီးကပ်ဖို့ရာ ကြောက်စရာကောင်းပါတယ်တဲ့၊ ဒါကြောင့် ဒုရာသဒတော ချဉ်းကပ်နိုင်ခဲသောကြောင့်လဲပဲ မြွေကြီး ၄–ကောင်နဲ့ တူ၏။

အကတညုတတော– မြွေကြီး ၄–ကောင်ဆိုတာ သူများကျေးဇူးကို မသိတတ်ဘူးတဲ့၊ မြွေဆိုတာဟာ ဘယ်လိုပဲ ယုယုယယနဲ့ ပြုပြင်ထားပေမယ်လို့ မြွေဆိုတာ ကျေးဇူး မသိတတ်ဘူးတဲ့၊ အဲဒါကတော့ ဇာတ်နိပါတ်ထဲမှာ ပါတယ်၊ ဝေဠုကဇာတ်။

ကျေးဇူးမသိတတ်တဲ့ ဝေဠုကမ္မြေ

ဘုရားအလောင်းတော်ဟာ တခုသောဘဝမှာ ဗာရာဏသီပြည်မှာ ပစ္စည်းဥစ္စာ ဘောဂဗလနဲ့ပြည့်စုံတဲ့ သူဌေးမျိုးမှာ ဖြစ်ပြီး ကြီးပြင်းလာတဲ့အခါကျတော့ သံဝေဂ–ရလို့ တောထွက်တယ်၊ တောထွက်ပြီးတော့ ရသေ့ ပြုပြီးတော့နေတယ်။

တပည့်ပရိသတ်တွေ အမြောက်အမြားနဲ့ ဈာန်အဘိညာဉ်လဲ ပြည့်စုံပြီးတော့ အဲဒီထဲမှာ ရသေ့ကြီးက သူ့သခင်မ်း ကျောင်းဆီကို မြွေလေး တကောင်ရောက်လာတယ်။ မြွေအငယ်ကလေးကို သူကချစ်ပြီးတော့ မွေးထားတယ်၊ ဒီရသေ့က အစကတည်းက အလမ္ဘာယ်ဆရာနဲ့ တူပါတယ်၊ ဒါပြင် ပုဂ္ဂိုလ်ဆိုယင် မြွေဘယ်သူမှ မမွေးမှာ မဟုတ်ဘူး၊ မြွေမွေးတယ်ဆိုတော့ မြွေကိုင်နေကျ ဖမ်းနေကျ ပုဂ္ဂိုလ်မို့ မကြောက်လို့ နေမှာ၊ ဒါပြင် ပုဂ္ဂိုလ်ဆိုယင် မြွေဘယ်မွေးမလဲ၊ ရှားရှားကလဲပဲ မြွေအလမ္ဘာယ်ဆရာ၊ ဒီဘဝမှာလဲ ရသေ့ မလုပ်ခင်က အလမ္ဘာယ် ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်မို့ သူကိုင်ဝံ့တာ မြွေကို၊ မြွေဆိုတာ အဆိပ်ရှိတဲ့မြွေဆိုယင် မကိုင်ဝံ့ဘူး၊ သူက အဲဒီမြွေကလေးကိုချစ်လို့ သားဟူသောအမှတ်နဲ့ မွေးထားတယ်၊ သူ့စိတ်ထဲမှာ ဒီမြွေကလေးကို သူကသားလို့ စိတ်ထဲ အောက်မေ့ပြီးတော့ထားတယ်၊ သူက မေတ္တာရှိတော့ မြွေကလဲ သူ့ကို အာရုံတော့ ပြုပုံရတယ်၊ ဝါးဆစ်ကလေးထဲ ထည့်ထားတယ်၊ ဝါးကျည်တောက်ထဲထည့်ထားတယ်၊ ဒါကြောင့်မို့ ဝေဠု၊ ဝေဠုဆိုတာဝါးကိုး၊ ဝေဠုကလို့နာမည်ပေးထားတယ်၊ ဝေဠုကကို သားအဖြစ်နဲ့ သူကမွေးထားတော့ အဲဒီရသေ့ကိုလဲ ဝေဠုကပိတာ၊ ဝေဠုကရဲ့ အဖေပေါ့လေ၊ မြွေလေးကို မောင်ဝါးပေါ့လေ၊ မောင်ဝါးရဲ့အဖေဆိုပြီး ရသေ့ကြီးကို နာမည်ပေးထားတယ်။

ဒါပြင်ရသေ့တွေက သူ့ကို နာမည်ခေါ်ကြတယ်၊ မောင်ဝါးအဖေ၊ ဟေ့ မောင်ဝါးအဖေ၊ ဘယ်မှာနေသလဲ။ ဘယ်သွားသလဲ စသည်ဖြင့် ပြောကြမှာပေါ့လေ၊ မြွေမွေးတယ်၊ အဲဒါ သတင်းကြားတာနဲ့ ဘုရားအလောင်းဆရာ ရသေ့ကြီးက အဲဒီမြွေမွေးထားတဲ့ ဖောင်ဝါးအဖေကို တနေ့ ခေါ်ပြီးတော့ မေးတယ်၊ ဒီလို သတင်းကြားတယ်၊ သင်ဟာ မြွေကို မွေးထားတယ်လို့ ကြားတယ်၊ ဟုတ်ပါတယ်၊ ဘာပြုလို့ မွေးသလဲလို့ မေးတယ်၊ အဆိပ်ရှိတဲ့မြွေ ကိုက်တတ်တယ်၊ သေလိမ့်မယ်၊ မမွေးနဲ့။

ဆရာကြီး ဒီမြွေက တခြားမြွေ မဟုတ်ဘူး၊ ကျွန်တော့သား ဖြစ်တယ်၊ ဟာ–လူနဲ့ မြွေနဲ့ ဘယ်ကသားဟုတ်ရမှာလဲ၊ တနေ့ကျယင် ဒီမြွေကိုက်ပြီး သေလိမ့်မယ်လို့ ရသေ့ကြီးက ဆုံးမတယ်၊ ဆုံးမပေမယ်လို့ သူက သံယောဇဉ်ဖြစ်နေတယ်၊ ဒီမြွေကလေးနဲ့ အစကတည်းက မြွေတွေ့ကတည်းက မွေးချင်နေတာ၊ အလမ္ဘာယ်ဆရာနဲ့ တူတာပါပဲ။

ဒါနဲ့ သူသံယောဇဉ်ဖြစ်တော့ မြွေနဲ့ခွဲဖို့ရာ မတတ်နိုင်တော့ ဆရာကြီးရဲ့ စကားကို သူနားမထောင်ဘူး၊ နားမထောင်တော့ ဆရာကြီးကပြောတယ်၊ သင် တနေ့ကျတော့ ဒီမြွေကိုက်ပြီး သေလိမ့်မယ်လို့ ပြောတယ်၊ ဒါလဲ ဒီမြွေလေးကို မစွန့်ဘူး၊ မြွေလေးကို အမြဲမွေးထားတယ်၊ တချိန်ကျတော့ ရသေ့တွေက သစ်သီးသစ်ဥတွေ လိုက်ရှာကြတော့ ဒီနေရာမှာ သစ်သီးသစ်ဥတွေ ဘယ်လွယ်လွယ်ကူကူ ရမလဲ၊ ၂–ရက် ၃–ရက် ကြာသွားတယ်၊ အဲဒီ ဝေဠုကဆိုတဲ့ မောင်ဝါးရဲ့အဖေ ရသေ့ကြီးလဲပါတာပေါ့၊ သူလဲပဲ အတူတူပဲ။

၂–ရက် ၃–ရက်ကြာတော့ ပြန်လာတော့ ပထမ သူသွားကတည်းက မြွေကလေးကို ကျည်ထောက်ထဲ ထည့်ပြီးတော့ သိပ်ထားခဲ့တာကိုး၊ ၂–ရက် ၃–ရက် မြွေက အစာမစားရတော့ စိတ်ဆိုးနေတယ်၊ အဲဒီမှာ သူကသတိရတော့ သြော် ငါ့သား ၂–ရက် ၃–ရက် ရှိပြီတဲ့၊ အစာ မစားရတာ အစာကျွေးအုံးမှပဲ ဆိုပြီး ဝါးကျည်ထောက်ဖွင့်ပြီးတော့ ငါ့သား မင်းအစာတွေ သိပ်ဆာမှာပေါ့လေဆိုပြီး ကဲလာလာလာဆိုပြီးတော့ လက်မောင်းတန်းပေးလိုက်တယ်၊ လက်မောင်းပေါ်လျှောက်ပြီးတော့ တက်လာဟန် တူပါတယ်၊ လက်ဆန့်ပေးတော့ မြွေက စိတ်ဆိုးနေတာ ၂–ရက် ၃–ရက် အစာမစားရပဲ နေရမလားဆိုပြီး ထွက်ကတည်းကစိတ်ဆိုးလာပြီး တခါတည်း လက်ကိုကိုက်လိုက်တော့ သေပါရောတဲ့၊ ဒီမှာ မြွေကိုက်လို့ သေတော့ ဘုရားလောင်းရသေ့ကြီးကို ရသေ့တွေက ပြောတယ်၊ ဝေဠုက အဖေတော့ သေရာပြီ၊ ဒီလို ဖြစ်ရမှာပဲ။

ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊ သြဝဇ္ဇမာနော၊ နကရော တိ သာသနံ။ ဇဝံ
သော နိဟတော သေတိ၊ ဝေဠုကဿ ယထာ ပိတာ။

ဇာတ်တော် ပထမတွဲမှာ ဟောထားတယ်၊ စာမျက်နှာ ၁၁၊ ၎င်းအဋ္ဌကထာ နှာ–၂၆၃။

ဝေဠုကဿ၊ ဝေဠုကမည်သော မြွေငယ်၏။ ပိတာ၊ အဖဟူ၍ ခေါ်ရသော ရသေ့သည်။ အတ္ထကာမဿ၊ အကျိုးစီးပွားကို အလိုရှိသော။ ဟိတာနုကမ္ပိနော၊ အစီးအပွားဖြင့် အစဉ်စောင့်ရှောက်လျက်ရှိသော ဆရာသမား၏။ သြဝဇ္ဇမာနော၊ ဆိုဆုံးမသည် ရှိသော်။ သာသနံ၊ ဆုံးမသြဝါဒကို။ နကရောတိ၊ မပြုသည်ဖြစ်၍။ နိဟတော၊ မြွေသည် ကိုက်သတ်အပ်သည်ဖြစ်၍။ သေတိယထာ၊ စဉ်းစဉ်းကြီး သေရလေသကဲ့သို့။ ဇဝံ၊ ဤအတူ။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သြဝဇ္ဇမာနော၊ ဆိုဆုံးမအပ်သည်ရှိသော်။ အတ္ထကာမဿ၊ အကျိုးစီးပွားကို အလိုရှိသော။ ဟိတာနုကမ္ပိနော၊ အကျိုးစီးပွါးဖြင့် အစဉ် စောင့်ရှောက်လျက်

ရှိသော ကလျာဏမိတ္တဖြစ်သော ပုဂ္ဂိုလ်၏။ သာသနံ၊ အဆုံးအမသြဝါဒကို။ နိ ကရောတိ၊ မလိုက်နာသော ထိုသူသည်။ နိဟတော၊ ဆန့်ကျင်ဘက် ရန်သူသည် သတ်အပ်သည်ဖြစ်၍။ သေတိ၊ စဉ်းစဉ်းကြီး သေလျက် နေရလေတော့၏။

ဆုံးမသြဝါဒပေးတယ်၊ ဝေဠုက အဖေလိုပဲ ဆုံးမသြဝါဒ အကျိုးစီးပွါးကို အလိုရှိပြီးတော့ ဆရာသမားက ဖြစ်စေ, မိတ်ကောင်း ဆွေကောင်းတွေက ဖြစ်စေ, သွန်သင်ဆုံးမတဲ့ဥစ္စာ နားမထောင်ပဲ နေလို့ရှိယင် အဲဒီ ဝေဠုမည်တဲ့ မြွေကို မွေးတဲ့ ရသေ့လိုပဲ တနေ့ကျယင် အကျိုးမဲ့ ဖြစ်ပြီး သေတတ်တယ်ဆိုပြီး ဆုံးမသြဝါဒ ပေးတယ်။

အဲဒီမြွေဟာ စောစောက ယုယုယယနဲ့ မွေးထားတယ်၊ သားအဖြစ်နဲ့ တကယ့်ကို ယုယုယယနဲ့ မွေးထားတာကိုး၊ အလမ္ဘာယ်ဆရာကို စီးပွါးဖြစ်မွေးထားတာမဟုတ်ဘူး၊ ချစ်ခင်လေးမြတ်ပြီး အစတုန်းကတော့ မြွေနဲ့ရသေ့နဲ့ တော်တော်ယဉ်းပါးနေပုံ ပေါ်ပါတယ်၊ အအဲဒါ ရှေးတုန်းက။

ဒီတော့ ဓာတ်ကြီး ၄–ပါးကို ဓာတ်ကြီး ၄–ပါး ရုပ်ကိုယ်ကြီး အမြဲတမ်း ပြုစုရတယ်၊ အိပ်ရာက ထကတည်းက မျက်နှာသစ်ရတယ်, ရေချိုးရတယ်, ဆပ်ပြာတွေနဲ့ တိုက်ပြီးတော့ ဆေးကြောပေးရတယ်၊ အမျိုးမျိုး ပြုစုရတယ်၊ ဘယ်လို ပြုစုပေမယ်လို့ ဓာတ်ကြီး ၄–ပါးကတော့ ကျေးဇူးမသိတတ်ဘူး၊ ဒီလူဟာ ငါ့ကို ပြုစုပါတယ်ဆိုပြီး ကျေးဇူးမသိတတ်ဘူးတဲ့၊ ဖောက်ပြန်မြဲ ဖောက်ပြန်နေတာပဲ၊ ဓာတ်ကြီး ၄–ပါး ဘယ်လိုပြုစုပေမယ်လို့ ကျေးဇူး တင်ရမှန်း မသိဘူး၊ ဒါကြောင့် မြွေဟာ လဲဒီလိုပဲ၊ ရသေ့ကြီးက စောင့်ရှောက်ပေမယ်လို့ ကျေးဇူးတင်ရမှန်း မသိသလိုပဲ၊ ဓာတ်ကြီး ၄–ပါးကလဲ ကျေးဇူးတင်ရမှန်း မသိခြင်းကြောင့် ဒါကြောင့်မို့လို့လဲပဲ ဓာတ်ကြီး ၄–ပါးကို မြွေကြီး ၄–ကောင်နဲ့ဥပမာပြုပြီးတော့ မြတ်စွာဘုရားက ဟောတယ်တဲ့။

ဒီဓာတ်ကြီး ၄–ပါးဟာ မြွေကြီး ၄–ကောင်ဟာ ကျေးဇူး မသိတာလို ရွံ့စရာ မုန်းစရာ ကြောက်စရာ ကောင်းတာလိုပဲ မိမိတို့သန္တာန်မှာ ရှိတဲ့ ဓာတ်ကြီး ၄–ပါးဟာလဲ ကျေးဇူး မသိတတ်တဲ့ အကြောင်း ဟောတယ်၊ အဲဒီ ဓာတ်ကြီး ၄–ပါးဟာ ကြောက်စရာ ရွံ့စရာကောင်းတယ်၊ ဒီဓာတ်ကြီး ၄–ပါးက လွတ်မြောက်အောင်လို့ အားထုတ်စရာ ကောင်းလှပြီလို့ ဆိုပါတယ်၊ ဒီဓာတ်ကြီး ၄–ပါးကို ပြုစုယုယပြီးတော့ လာတာလဲ မျှားလှပြီ၊ ဒီဘဝသာမဟုတ်ဘူး၊ ဟိုဘဝ ဟိုဘဝတွေကလဲ အဲဒီလို ယုယလာရတာပဲ၊ ဘဝတိုင်း ဘဝတိုင်းဟာလဲ ဒီဓာတ်ကြီး ၄–ပါးဟာ ကျေးဇူးတင်ပြီးတော့ စောင့်ရှောက်ရတာ မဟုတ်ဘူး၊ တနေ့ကျလို့ရှိယင် ဖောက်ပြန်ပျက်စီးပြီးတော့ သေလိမ့်မယ်၊ ဒီတော့ ဒီဓာတ်ကြီး ၄–ပါးဟာ ရွံ့စရာ မုန်းစရာကောင်းလှပြီလို့ မြတ်စွာဘုရားက ဟောပါတယ်။

အထူးမပြု မခွဲခြားတဲ့ ဓာတ်ကြီး ၄–ပါး

အဝိသေသကာရိတော၊ ဝိသေသကာရိ၊ အထူးမပြုတတ်ဘူး။ လောကမှာ ပုဂ္ဂိုလ် ထူးဆိုတာ ရှိတယ်၊ ပုဂ္ဂိုလ်အထူးကို အထူးမှန်းမသိပဲနဲ့ ဂရုမစိုက်လို့ရှိယင် အဲဒီပုဂ္ဂိုလ်တွေ၊ အဲဒီ လူစုတွေမှာ အကျိုးမဲ့တွေဖြစ် တတ်တယ်၊ ပုဂ္ဂိုလ်အထူးကို၊ ပုဂ္ဂိုလ်ထူးမှန်းသိပြီးတော့ တရိတသေ ပြုစုစောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်တဦးတယောက်ဖြစ်စေ၊ အများကြီးဖြစ်စေ၊ အဲဒီ ပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူးတွေ ဖြစ်ပေါ်လာပါတယ်၊ ဒီပုဂ္ဂိုလ်ကတော့ စိတ်ကောင်း နှလုံးကောင်း ရှိတယ်၊ အများအတွက် ရွက်ဆောင်တတ်တယ်ဆိုယင် အဲဒီလိုပုဂ္ဂိုလ် ရွေးချယ်ရတယ်၊ ဂရုစိုက်ရတယ်၊ ဂရုစိုက်ယင် ဒါပြင်လူ တွေလဲပဲ ရှိတာပဲ၊ ငါက အထူးဆောင်ရွက်နေပေမယ်လို့ ငါ့လဲ ဘယ်သူမှ ကျေးဇူးတင်တာ မဟုတ်ဘူးဆိုပြီး အဲဒီ ပုဂ္ဂိုလ် ရှောင်သွားလို့ ရှိယင် ရသင့်ရထိုက်တဲ့ အကျိုးတွေ ဆုတ်ကုန်တတ်တယ်။

အဲဒါ ရပ်ကွက်နဲ့ ဖြစ်စေ, ရွာနဲ့ဖြစ်စေ, မြို့နဲ့ ဖြစ်စေ ရဟန်းသံဃာတွေလဲ ဒီလိုပဲ၊ ရဟန်း သံဃာတွေထဲမှာလဲပဲ ဂုဏ်ထူးရှိတဲ့ ပုဂ္ဂိုလ်ကနေပြီး ပြောဆိုယင် အရိုအသေ အလေးအစားလုပ်ရတယ်၊ အရိုအသေ အလေးအစားမလုပ်ယင် ဒီ ပုဂ္ဂိုလ်တွေ တယ်နေရာမကျပါဘူးဆိုပြီးတော့ မဆောင်ရွက်ပဲနေယင် အကျိုးကျေးဇူး ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်ထူးဟာ တခြား ရောက်သွားယင် ရသင့်တဲ့ အကျိုးတွေမရပဲ ဖြစ်လိမ့်မယ်၊ ပုဂ္ဂိုလ်ထူးကို သိရတယ်။

ထို့အတူ ကြောက်စရာကောင်းတဲ့ ပုဂ္ဂိုလ်ဆိုတာလဲ သိရတာပဲ၊ ကြောက်စရာ ကောင်းတဲ့ ပုဂ္ဂိုလ်၊ ဘေးရန် အန္တရာယ် ပြုတတ်တဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ကိုလဲ သိရတယ်၊ စာပေကျမ်းဂန်တွေအရာမှာ အင်မတန် ကြုပ်တည်းစွာ သြဝါဒ ပေးထားတဲ့ ဝိနည်းကိုတောင်မှ လူပုဂ္ဂိုလ်တွေဆိုလို့ရှိယင် ပစ္စည်းတွေ မပေးရဘူးတဲ့၊ ကုလဒူသန ခေါ်တယ်၊ အမျိုးတို့ သဒ္ဓါတရားကို ဖျက်ဆီးတတ်သည်တဲ့၊ မိမိ၏ ဒကာဒကာမတွေက သဒ္ဓါတရားရှိလို့ သံသာရဝဋ္ဋဒုက္ခတော မောစ နတ္ထာယ–သံသာရဝဋ်ဆင်းရဲမှ ထွက်မြောက်ရခြင်းအကျိုးငှါ ဆိုပြီး ပစ္စည်းတွေ လှူထားတယ်။

အခု မြွေကြီးတွေဟာ ပုဂ္ဂလဝိသေသ ဘာသိသလဲဆို ဘာမှ မသိဘူး၊ ဒီမြွေကြီးတွေက ဒီပုဂ္ဂိုလ်ကတော့ဖြင့် ခတ္တိယ မင်းမျိုး, ဗြာဟ္မဏာပုဏ္ဏားမျိုးပဲ၊ အထက်တန်းကျတယ်၊ အမျိုးဇာတ် မြတ်တယ်ဆိုပြီးတော့ ဒီမြွေကြီးတွေဟာ သိရဲလား

ဆိုတော့ မသိပါဘူး၊ ဒီပုဂ္ဂိုလ်ကတော့ သီတင်းသီလနဲ့ ပြည့်စုံတဲ့ သူတော်ကောင်းပဲ သိသလားဆို မသိပါဘူး၊ ဒီပုဂ္ဂိုလ်က လူမိုက်ကြီးပဲဆို သိသလား မသိဘူးတဲ့၊ သူကတော့ သူ့မျက်မှောက် ရောက်လာလို့ သူ့စိတ်ဆိုးအောင် လုပ်ယင် မြွေကြီးက ကိုက်မှာပဲတဲ့၊ ဘသူ့ဖြစ်ဖြစ် ကိုယ်မှာပဲတဲ့ ဒီမြွေကတော့။

ဓာတ်ကြီး ၄-ပါးကလဲပဲ ပုဂ္ဂလဝိသေသပုဂ္ဂိုလ်ထူးပဲ ဆိုပြီးတော့ ဘာမှ မသိဘူးတဲ့၊ ဒီပုဂ္ဂိုလ်ကတော့ ခတ္တိယမင်းမျိုးပဲဆိုပြီးတော့ ချမ်းသာပေးမလားဆိုယင် မပေးပါဘူးတဲ့၊ ဖောက်ပြန်စရာရှိယင် ဓာတ်ကြီး ၄-ပါးက ဖောက်ပြန်တာပဲတဲ့၊ ဒီပုဂ္ဂိုလ်ဟာ ဗြာဟ္မဏမျိုးဇာတ်အားဖြင့် စင်ကြယ်တယ်၊ ဗြာဟ္မဏတွေက သူတို့က မဟာဗြဟ္မာကြီးက မွေးလို့ အမြတ်ဆုံးဆိုတာပဲ၊ သူတို့ သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါးကတော့ အမြတ်ဆုံး ပုဂ္ဂိုလ်ရယ်လို့ ဘာမှ မညှာပါဘူး၊ သူတို့လဲပဲ ဓာတ်ကြီး ၄-ပါးက ဖောက်ပြန်ယင် အနာရောဂါဖြစ်ပြီးသေတာပဲ၊ သေတတ်တယ်၊ ရဟန်းသူမြတ်တွေရယ်လို့လဲ သူမသိဘူးတဲ့၊ ဒီပုဂ္ဂိုလ်ကတော့ သီလတွေ ရိုရိုသေသေ စောင့်ရှောက်နေတာပဲ၊ ခုတင်အကျင့်တွေကို ကျင့်နေတာပဲ၊ သမထဝိပဿနာ ဘာဝနာတွေ ပွါးနေတာပဲ၊ အဲဒီလို ဓာတ်ကြီး ၄-ပါးက သိပ့်မလား၊ သိမှ မသိပဲ၊ မသိဘူးတဲ့၊ ရောဂါဝေဒနာတွေ ဖြစ်စရာရှိယင် ဖြစ်တာပဲ တဲ့။

တခုတော့ရှိတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်က ဗောဇ္ဈင်တရားတွေပွါးနေတော့ ကျန်းမာတော့ကျန်းမာတတ်တယ်၊ တရားက တော်တော်ကောင်းတယ်၊ ဘုန်းကြီးများ တရားအားထုတ်တုန်းက သထုံမှာ ၄-လ နေခဲ့တယ်၊ တရားအားထုတ်နေတဲ့ အခါကာလမှာ သမထဝိပဿနာ ဘာဝနာတရားတွေက စင်ကြယ်တဲ့တရားတွေဖြစ်တော့ စင်ကြယ်တဲ့တရားတွေ အကြောင်းပြုပြီးတော့ ကျန်းမာပါတယ်၊ ရောဂါဝေဒနာတွေလဲ ပျောက်တတ်ပါတယ်၊ အဲဒါတော့ ရှိပါတယ်။

ဒါပေမယ်လို့ ဓာတ်ကြီး ၄-ပါးက သိလို့ မဟုတ်ဘူး၊ သူတော်ကောင်းတရားတွေရဲ့ အစွမ်းကြောင့် ရောဂါဝေဒနာတွေ မဖြစ်ပဲနဲ့ သက်သာနေတာ ရှိတယ်၊ ပျောက်ပြီးတော့ သွားတာလဲ ရှိပါတယ်၊ ဓာတ်ကြီး ၄-ပါးကတော့ မသိပါဘူး၊ ဒါ သူတော်ကောင်းပဲလို့ ဘယ်သိလိမ့်မှာလဲ၊ မသိဘူး၊ မသိတော့ ဓာတ်ကြီး ၄-ပါး အမှီပြုပြီးတော့ ဖောက်ပြန်ပြီး တနေ့တော့ သေကြေပျက်စီးတာပဲ၊ မြတ်စွာဘုရား၏ သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါး ကလဲ ဖောက်ပြန်တာပဲ၊ ဖောက်ပြန်တော့ နောက်ဆုံးကျတော့ ပရိနိဗ္ဗာန်ပြုသွားရတယ်။

ဓာတ်ကြီး ၄-ပါးဟာ ပုဂ္ဂလဝိသေသ မသိဘူး၊ ထူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ မသိဘူး၊ ကြောက်စရာတွေလဲ သူမသိဘူးတဲ့၊ ကြောက်စရာမင်းရယ်လို့လဲ သူမသိဘူး၊ ဒီဥစ္စာကဒမြင်ကြီးပဲ၊ ဒီလိုလဲမသိဘူး၊ ကြောက်မယ်ဆိုယင် ကြောက်စရာကောင်းတယ်၊ စာပေကျမ်းဂန်အရကတော့ သာသနာတော်မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ရတာ၊ အရှင်ဒေဝဒတ်တို့ ဘုရားတောင်မှ သူက သေကြောင်းကြံသေးတာပဲ၊ ကြောက်မယ်ဆို သိပ်ကြောက်စရာကောင်းတာ၊ ဓာတ်ကြီး ၄-ပါးက ပုဂ္ဂလဝိသေသ မသိတတ်ဘူးတဲ့၊ ဒီပုဂ္ဂိုလ်က ပုဂ္ဂိုလ်ထူးတယ်လို့လဲ မသိတတ်ဘူး၊ ကောင်းတယ်လို့လဲ မသိတတ်ဘူး၊ ဒီပုဂ္ဂိုလ်ကတော့ ကြောက်စရာကောင်းတယ်၊ မိုက်တယ်လို့လဲ မသိတတ်ဘူး၊ ဒီပုဂ္ဂိုလ်ကတော့ ကြောက်စရာကောင်းမှန်းလဲ မသိဘူး၊ အားလုံးသော ပုဂ္ဂိုလ်တွေမှာ ဖောက်ပြန်စရာရှိယင် ဖောက်ပြန်ပြီးတော့ နှိပ်စက်တာပဲတဲ့။

ဒါကြောင့်မို့ မြွေကြီး ၄-ကောင်ဟာ သူ့ကျေးဇူး မသိတတ်ပဲနဲ့ သူ အစိုးတရပုဂ္ဂိုလ်ကို ကိုက်ပြီးတော့ သတ်တတ်သလိုပဲ ဓာတ်ကြီး ၄-ပါးဟာလဲ သူ့ကျေးဇူး ပုဂ္ဂိုလ်ထူးကို မသိတတ်ပဲနဲ့ ဖောက်ပြန်ပြီးတော့ ကိုက်သတ်တတ်တယ်၊ နှိပ်စက်တတ်တယ်၊ ဒါကြောင့်မို့ ဓာတ်ကြီး ၄-ပါးဟာ မြွေကြီး ၄-ကောင်နဲ့ တူကြောင်း ဟောပါတယ်။

မြွေကြီး ၄-ကောင်နဲ့ ပူးပေါင်းပြီးနေတာ ကြာလှပြီ၊ အခုမှ မဟုတ်ဘူး၊ ဘဝတိုင်း ဘဝတိုင်း ကြောက်စရာကောင်းတာချည်းတွေ၊ ဒါချည်းတွေ ကိုယ့်ကိုယ်ထဲက သာယာလို့ ကိုယ့်ကိုယ်ထဲတွင် ဘယ်က, လိမ့်မှာတုံး၊ သူများကိုယ်တွေရော လျှောက်ပြီးတော့ သာယာနှစ်သက်နေတာတွေ ဓာတ်ကြီး ၄-ပါးတွေ သဘောကျနေတယ်၊ ကြောက်စရာတွေ၊ ကြောက်မယ်ဆိုယင် ကြောက်စရာကောင်းလှပြီ၊ အဲဒါကို သဘောပေါက်အောင်လို့ မြတ်စွာဘုရားက ဟောထားပါတယ်။

အပြစ်ဘေးရန် မျှားစေတဲ့ ဓာတ်ကြီး ၄–ပါး

အနန္တ ဒေါသုပဒ္ဒဝတော အဆုံးအပိုင်းအခြား မရှိတဲ့ အပြစ်ဒေါသတွေကိုလဲ ဖြစ်စေတတ်သည်၊ မြွေဆိုတာဟာ သူကိုက်လို့ရှိယင် ကျိုးယင်လဲ ကျိုးတတ်တယ်၊ ကန်းယင်လဲ ကန်းတတ်တယ်၊ လူစဉ် မမှီပဲယင်လဲ ဖြစ်တတ်တယ်၊ သေယင်လဲ သေတတ်တယ်၊ အဲဒီလို အကျိုးမဲ့တွေ ဖြစ်တတ်တယ်၊ မြွေကိုက်လို့ တချို့ ခြေထောက်တွေ ဖြတ်ပစ်လိုက်ရတာ တွေရှိပါတယ်၊ မျက်စိတွေပျက်သွားတာ ရှိတယ်၊ ကိုယ်တွေ၊ အသားအရေတွေ ပျက်စီးပြီး တော့နေတာတွေ ရှိတယ်၊ တချို့လဲ အင်အားတွေ နည်းပြီးနေတာတွေ ရှိတယ်၊ များသောအားဖြင့် သေတတ်ပါတယ်၊ သေတာ က များတာပါပဲ၊ အဲဒါလိုပဲတဲ့။

ဓာတ်ကြီး ၄–ပါးကလဲပဲ လောကမှာ အကျိုးမဲ့တွေဟူသမျှ ဓာတ်ကြီး ၄–ပါးက အကြောင်းပြုပြီးတော့ ဖြစ်နေတာတဲ့၊ လူတွေဟာ ကျိုးတယ်ဆိုယင်လဲ ဓာတ်ကြီး ၄–ပါးပဲတဲ့၊ ဓာတ်ကြီး ၄–ပါး မရှိယင် အကျိုးမရှိနိုင်ဘူး၊ ဓာတ်ကြီး ၄–ပါးရှိတော့ ကျိုးရတယ်၊ ဓာတ်ကြီး ၄–ပါးက ကျိုးနေတာပဲ၊ မျက်စိကွယ်ရတယ်၊ ကြောက်စရာကောင်းတယ်၊ မျက်စိကွယ်တာများ အကျိုးမဲ့တွေ၊ ဒါလဲ ဓာတ်ကြီး ၄–ပါးက ဖောက်ပြန်တာပဲ၊ နားထိုင်းရတယ်၊ ဒါဓာတ်ကြီး ၄–ပါးကြောင့်ပဲ၊ သေရတာပဲ၊ ဒီတော့ မြွေကြီးတွေဟာ ကိုက်ပြီးတော့ အကျိုးမဲ့တွေ များစွာ ပြုတတ်သလိုပဲတဲ့၊ ဓာတ်ကြီး ၄–ပါးတွေဟာ လောကမှာ ရှိသမျှအကျိုးမဲ့တွေ သူတို့ပြုတာပါပဲတဲ့၊ ဓာတ်ကြီး ၄–ပါးတွေဟာ လောကမှာ ရှိသမျှ အကျိုးမဲ့တွေ သူတို့ပြုတာပါပဲတဲ့၊ ဓာတ်ကြီး ၄–ပါး မှီပြီးတော့ အကျိုးမဲ့တွေ ဖြစ်တာတဲ့၊ အကျိုးမဲ့တွေဟူသမျှဟာ ဓာတ်ကြီး ၄–ပါးနဲ့ ဆိုင်တယ်၊ ဓာတ်ကြီး ၄–ပါးနဲ့ မကင်းဘူးတဲ့။

ဒီတော့ မြွေကြီး ၄–ကောင်ဟာ အကျိုးမဲ့တွေ အစအဆုံးမရှိ ပြုတတ်တာလို ဓာတ်ကြီး ၄–ပါးတွေဟာလဲ အကျိုးမဲ့ အစအဆုံးမရှိ ပြုတတ်လို့ ကြောက်စရာ ကောင်းသည်တဲ့၊ ကြောက်စရာကောင်းတဲ့ ဓာတ်ကြီး ၄–ပါးက လွတ်မြောက်အောင် သူတော်ကောင်းတရားတွေ ပွါးများသင့်ထိုက်လှပြီလို့ ဒီလို အဓိပ္ပါယ် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဂ္ဂတေဇာ၊ ထက်သော တန်ခိုးရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ စတ္တာရော အာသီဝိသာတိဇေတံ၊ မြွေကြီး ၄–ကောင်တို့ဟူသော ဤအမည်သည်။ စတုန္နံ၊ ၄–ပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ရုပ်ကြီးတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။ ကွဒ၊ ဤ ၄–ပါးသော မဟာဘုတ်ဟူသည်။ သေယျထာကတမံ၊ အဘယ်သည်တို့ နည်းဟူမူကား။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၏ လည်းကောင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်၏လည်းကောင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်၏ လည်းကောင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်၏လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။

ဓာတ်ကြီးလေးပါးက လွတ်အောင် တရားအားထုတ်

ဓာတ်ကြီး ၄–ပါးအမည်တဲ့၊ ဓာတ်ကြီး ၄–ပါးကို အခုယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်ရာမှာ ဒါတွေရှုနေရတာပါပဲ၊ မြွေကြီး ၄–ကောင်ကို ကြောက်သောအားဖြင့် မြွေကြီး ၄–ကောင်မှလွတ်အောင် ပြေးနေတာ၊ အားထုတ်တဲ့ ပုဂ္ဂိုလ်က ပြေးနေတာ၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ မပြေးဘူး၊ မပြေးတဲ့အပြင် သဘောတောင်ကျနေသေးတယ်၊ မြွေကြီးတွေ ယုယနေတုန်းရှိသေးတယ်၊ သဘောကျလက်ခံနေတယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေတော့ ဒီမြွေကြီးတွေက လွတ်အောင် လို့ပြေးနေတာ၊ တခါမှတ်လိုက်ယင်း ခြေတလှမ်းပြေးတာ၊ တခါမှတ်လိုက်ယင်း ခြေတလှမ်းပြေးတာ၊ မှတ်တိုင်းမှတ်တိုင်းဟာ မြွေကြီး ၄–ကောင်က လွတ်အောင်, ဓာတ်ကြီး ၄–ပါးက လွတ်မြောက်သွား အောင် တရားကျင့်သုံး အားထုတ်နေတာ၊ ကိုင်းဆိုရမယ်။

> မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဒမြ၊ ဝင်လာ ကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင် ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

အဲဒီဓာတ်ကြီး ၄–ပါးနဲ့လဲ နိဗ္ဗာန်ရောက်နိုင်ပါတယ်တဲ့၊ အရိယမဂ်ဖိုလ်တွေရော အကုန်လုံးရနိုင်ပါတယ်၊ ဓာတ်ကြီး ၄–ပါးမှ သိရုံနဲ့လဲပဲ ရဟန္တာ ဖြစ်နိုင်တယ်တဲ့၊ သတိပဋ္ဌာန်ဒေသနာတော်အရ ဝါယောဓာတ်ကို ပဓာနပြုပြီး တော့ ဓာတ်ကြီး ၄–ပါးကို ရှုမှတ်နေရတယ်၊ အဲဒါနဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

သွားယင်သွားတာကိုမှတ်၊ ရပ်ယင် ရပ်တာကိုမှတ်၊ ထိုင်ယင် ထိုင်တာကိုမှတ်၊ လဲလျောင်းယင်လဲ လျောင်းတာကို မှတ်၊ ကိုယ်အမူအရာတွေပြုတိုင်းပြုတိုင်းမှတ်၊ ကျရိယာပုထ် ၄–ပါးနဲ့ရှုရတယ်၊ ရှေ့ကိုသွားယင် ရှေ့ကိုသွားတာကိုမှတ်၊ နောက်ကိုဆုတ်ယင် နောက်ကိုဆုတ်တာကိုမှတ်၊ လက်ခြေတွေကွေးလို့ရှိယင် ကွေးတာကိုမှတ်၊ တည့်တည့်ကြည့်ယင်မမှတ်၊ တစောင်းကြည့်ယင်မှတ်၊ တစုံတခုကို ကိုင်တွယ်ယင်မှတ် စသည်ဖြင့် ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း ရှုမှတ်နေရမယ်၊ အဲဒါဟာ ဝါယောဓာတ်ကို ပဓာနပြုပြီးတော့ ရှုမှတ်နေတာပဲ၊ အဲဒီကိုယ်အမူအရာတွေ ပြုတိုင်း ပြုတိုင်းဟာ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောဓာတ်ကို တောင့်တင်းလှုပ်ရှားတယ်၊ တွန်းကန်တယ်၊ ဝါယောဓာတ်၊ အဲဒီဝါယောဓာတ်တွေကို ရှုမှတ်နေရ တာပဲ။

ဖောင်းတယ် မှတ်ယင် ဖောင်းတာဟာ ဖောင်းတာထဲမှာ တောင့်တဲ့သဘောပါတယ်၊ တင်းတဲ့ သဘောပါတယ်၊ တွန်းကန်တဲ့ သဘောပါတယ်၊ လှုပ်ရှားတဲ့ သဘောပါတယ်၊ တရံတခါကို တောင့်တာသိမယ်၊ တရံတခါ တင်းတာသိမယ်၊ တရံတခါတင်းတယ်ဆိုတော့ လျော့တာလဲပါတယ်၊ တရံတခါကို တွန်းကန်နေတာသိမယ်၊ တရံတခါကို တရွေ့ရွေ့နဲ့ လှုပ်ရှား နေတာကို သိလိမ့်မယ်၊ အဲဒါဘာသိသိ ဝါယောဓာတ်သိတာပဲ။

အဲဒီဝါယောဓာတ်သိနေလို့ရှိယင် ဖောင်းတယ် မှတ်တိုင်း ဝါယောဓာတ်သိတယ်၊ ပိန်တာမှတ်တိုင်း ဝါယောဓာတ်သိ တယ်၊ ဝါယောဓာတ်ကဘာတုံး၊ ရုပ်တရားပဲ၊ မှတ်သိတာကဘာတုံး နာမ်တရားပဲ၊ ဖောင်းတယ် မှတ်လိုက်တော့ တောင့်တင်း တင်းတာ လှုပ်ရှားတာကရုပ်၊ ဒါတွေကို မှတ်သိတာကနာမ်၊ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ် ၂–ခု ရှိတာပဲ၊ ဒါက စာသဘော အားဖြင့် ဒီလိုသဘောကျပြီး သိနိုင်ပါတယ်။

ဒါပေမယ့် စာသဘောကတော့ သညာသိခေါ်တယ်၊ စာနဲ့ကျမ်းဝန်အရနဲ့ မှတ်သားပြီးတော့သိတာ၊ ကိုယ်တိုင်သိ မဟုတ်သေးဘူး၊ အခု ယောဂီပုဂ္ဂိုလ်တွေမှာ ဖောင်းတိုင်း ပိန်တိုင်းမှတ်တော့ မှတ်တိုင်း မှတ်တိုင်း ဖောင်းတာကလေး ပိန်တာ ကလေး၊ ဖောင်းတာကလေးတခု၊ မှတ်တာကလေးတခု၊ ပိန်တာကလေးကတခု၊ မှတ်တာကလေးကတခု၊ မှတ်တိုင်း မှတ်တိုင်း ဟာ ဖောင်းတာကတခြား မှတ်သိတာကတခြား၊ ပိန်တာကတခြား မှတ်သိတာကတခြား၊ ဒီလိုကွဲလာတာကိုး၊ စိတ်ကူးစဉ်းစား ယူရတာ မဟုတ်ဘူး၊ မှတ်ယင်း မှတ်ယင်းကို သူက တခါမှတ်လိုက်ယင် ဟိုက အာရုံနဲ့အသိနဲ့ တွဲကပ်ပြီးတော့ အတွဲလိုက် အတွဲလိုက် တစုံတစုံဖြစ်နေတာ။

နံရံကို ခဲနဲ့ပေါက်လိုက်တော့ ခဲကတခြား နံရံကတခြား၊ ခဲမှန်တဲ့နံရံကတခြား၊ ထိမှန်တဲ့ခဲကတခြား၊ ဒီလို အသိက ကွဲနေတယ်၊ ဖောင်းတယ် မှတ်လိုက်ယင် ဖောင်းတက်လာတဲ့ ရုပ်ကတခြား၊ မှတ်သိလိုက်တာကတခြား၊ တခြားစီ ကွဲနေတယ်၊ ရုပ်နာမ်မကွဲသေးခင်ကတော့ ဖောင်းတယ် ပိန်တယ် မှတ်ရမယ်ဆိုလို့သာ မှတ်နေတာ၊ ဖောင်းတာလဲ ငါပဲ၊ ပိန်တာလဲ ငါပဲ၊ မှတ်သိနေတာလဲ ငါပဲ၊ ဘာဖြစ်ဖြစ် ငါချည်းပဲ တယောက်ထဲဖြစ်နေတာ၊ အဲဒီနာမ်နဲ့ရုပ်နဲ့ ကွဲပြီးတဲ့အခါကျတော့ မှတ်တိုင်း မှတ်တိုင်းဟာ မှတ်ရတဲ့ အာရုံကတခြား၊ မှတ်သိနေတဲ့ အသိကလေးက တခြား၊ မှတ်ရတဲ့ အာရုံကရုပ်၊ ပထမရှုခါစ မှတ်ခါစ မှာ ရုပ်ပဲ မှတ်ရတယ်၊ မှတ်ရတဲ့အာရုံ ရုပ်က၊ မှတ်သိနေတာကနာမ်။

(ရှုနည်းကျမ်း ဒုတွဲ ၁၆–မှာကြည့်ပါ)

ယထာ ယထာ ဟိသ ရူပံ သုဝိက္ခာလိကံ ဟောတိ။

အသ၊ ထိုယောဂီအား။ ဝါ၊ ထိုယောဂီသည်။ ယထာကထာ၊ အကြင်အကြင် ရှုမှတ်သော အခြင်းအရာဖြင့်။ ရူပံ၊ ရုပ်သည်၊ သုဝိက္ခာလိတံ၊ ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ဟာ အရှုပ်အထွေးမဖြစ်ဖူးတဲ့၊ ရှင်းရှင်းလင်းလင်း သိတယ်တဲ့။ သတိတွေဟာ အထူးစင်ကြယ်နေတယ်၊ အရှုပ်အထွေးမရှိဘူး၊ ဖောင်းတက်လာတာလေးလဲ သေသေချာချာသိတယ်။ ပိန်ကျသွားတာလဲ သေသေချာချာသိတယ်၊ ကွေး တာလဲ သေသေချာချာသိတယ်၊ ဆန့်တာလဲ သေသေချာချာသိတယ်၊ ကိုယ်အမူအရာတွေ ပြုတိုင်း ပြုတိုင်း အမှတ်ကလေးတွေ တခြားတပါး မရောက်ပဲနဲ့ ပြုပြင်တဲ့အမူအရာ ကလေးတွေအပေါ်မှာ တည်ပြီးတော့ သိနေတယ်တဲ့၊ ရုပ်အမူအရာ ရုပ်ကိုပိုင်း ပိုင်းခြားခြား သိတယ်၊ တောင့်ယင် တောင့်တာ၊ တင်းယင်တင်းတာ၊ လှုပ်ရှားယင် လှုပ်ရှားတာ၊ အဲဒီသဘောကို ပိုင်းပိုင်း ခြားခြား သိတယ်။

တထာ တထာ၊ ထိုထိုအခြင်းအရာအားဖြင့်။ တဒါရမ္မဏံ၊ ထိုရုပ်လျှင် အာရုံရှိကုန်သော။ ဝါ၊ ထိုရုပ်ကို မှတ်သိကုန် သော။ အရှုပဓမ္မာ၊ နာမ်တရားတို့သည်။ ဧဝမေဝ၊ မိမိအလိုလိုသာလျှင်။ ပါကဋာ ဟောန္တိ၊ ထင်ရှားကြ လေကုန်တော့၏။

အဲဒီရုပ်တွေကို မှတ်တိုင်း မှတ်တိုင်း မှတ်စရာ သိစရာရုပ် အာရုံထင်ထင်ရှားရှား သိရတယ်၊ ထင်ထင်ရှားရှားသိတဲ့ နာမ်တရားတွေ ပေါ်လာတယ်၊ အသိကလေးက ပေါ်လာတယ်၊ အာရုံပေါ်ယင် အသိပေါ်တော့မှာပေါ့၊ အတွဲလိုက်ဖြစ်နေတာ ကိုး။

ဖောင်းတာကလေးကို ပိုင်းပိုင်းခြားခြားသိယင် ဖောင်းတာသိတဲ့ နာမ်တရားကလေးလဲ ပိုင်းပိုင်းခြားခြား ပေါ်လာ တယ်၊ ဖောင်းတာကတခြား၊ သိတာက တခြား ကွဲနေတယ်။

ပိန်တာကလေး ပိုင်းပိုင်းခြားခြားသိယင် ပိန်တာကတခြား သိတာကတခြား၊ ကွေးတာကို ပိုင်းပိုင်းခြားခြားသိယင် ကွေးတာက တခြား၊ သိတာက တခြား၊ ဆန့်တာ ပိုင်းပိုင်းခြားခြားသိယင် ဆန့်တာကတခြား၊ သိတာကတခြား။

ရုပ်အမူအရာတွေ ရှုတိုင်း ရှုတိုင်း ရုပ်အမူအရာလေး တောင့်တက်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော ဝါယောဓာတ်ကလေးကတခြား၊ အကယ်၍ အာပေါဓာတ်ထင်လာလို့ရှိယင် ကျသွားတာကတခြား၊တေဇော ဓာတ်ထင်လာယင် ပေါ့တက်သွားတာကတခြား၊ ပထဝီဓာတ် ထင်လာလို့ရှိယင် ခက်မာကြမ်းတမ်းတဲ့ သဘောတိုက်ပြီးတော့ ခံနေတဲ့သဘော၊ အဲဒါလေးကတခု၊ မှတ်သိနေတဲ့ အသိကလေးကတခြား၊ အာရုံနဲ့အသိနဲ့၊ အာရုံနဲ့အသိနဲ့ အတွဲလိုက် အတွဲ လိုက်ကလေးတွေ ပိုင်းခြားပြီးတော့ သိတာက နာမရူပပရိစ္ဆေဒဉာဏ်၊ အဲဒါနာမ်ရုပ်ပိုင်းခြားသိတာ။

အခုပြောတာလဲ စာသဘောနဲ့ဆိုယင်တော့ မသိပါဘူး၊ ဒီလိုပဲ မှတ်နေမှ၊ ဒါလဲ ရိုရိုသေသေမှတ်မှ၊ တောက်တီး တောက်တဲ့ ပေါ့ပေါ့ဆဆမှတ်ယင် မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ် ကွဲပြီးသိတာတော့ မဟုတ်ဘူး၊ ပြောတော့ ပြောတတ်ပါ တယ်၊ ဟောတော့ ဟောတတ်ပါတယ်၊ ပြောတတ်ဟောတတ်ပေမယ့် သိအုံးမှ၊ မှတ်ယင်း မှတ်ယင်းကို တခါတည်း အာရုံနဲ့ အသိနဲ့ပ၊ အာရုံနဲ့ အသိနဲ့ တွဲတွဲပြီးတော့ ဖြစ်နေတာ၊ တစုံ တစုံစီ။

အဲဒါလေးသိရတော့ ဒီကိုယ်ထဲမှာ ရုပ်နဲ့နာမ်၊ ရုပ်နဲ့နာမ် ၂–မျိုးထဲသာ ရှိတာပါကလားလို့ ခုနကဓာတ်ကြီး ၄–ပါးကို သိတယ်၊ တောင့်တင်းလှုပ်ရှားတာ သိတာက ဝါယောဓာတ်သိတဲ့ နာမ်ကနာမ်တရား၊ ဝါယောဓာတ်ကိုသိတာ၊ နောက်ပူတာတို့ နွေးတာတို့ အေးတာတို့ မှတ်မိနေတဲ့အခါ အဲဒါ တေဇောဓာတ်။ သိတာက နာမ်တရား၊ အရေယိုစီးတာတွေ မှတ်မိနေတဲ့အခါ ယိုစီးတယ်၊ ဖွဲ့စီးတယ်၊ လေးကျသွားတဲ့အခါ လေးကျသွားတယ်၊ အဲဒီလို သိရတဲ့အခါကာလမှာ ယိုစီးတာ၊ ဖွဲ့စီးတာ၊လေးကျ သွားတာက အာပေါဓာတ်၊ သိတာက နာမ်၊ ပထဝီဓာတ် မှတ်မိတဲ့အခါကျတော့ ခက်မာတယ်၊ ကြမ်းတမ်းတယ်၊ နူးညံ့တယ်၊ တိုက်ခံပြီးတော့နေတယ်၊ အဲဒီလို သိရတဲ့အခါ သိရတဲ့ အာရုံကလေးတွေက ရုပ်တရား၊ သိတာက နာမ်တရား၊ ဓာတ်ကြီး ၄– ပါးကရုပ်၊ မှတ်သိနေတာက နာမ်၊ မှတ်တိုင်း မှတ်တိုင်းဟာ မှတ်ရတဲ့ အာရုံဓာတ်ကြီး ၄–ပါးက တခြား၊ မှတ်သိတာက နာမ်တရား၊ ဒါပဲ ရှိတာပဲ၊ ဒီရုပ်နဲ့ ဒီနာမ်တရား ဒါပဲ ရှိတာပဲ။

ဒီရုပ်နဲ့ ဒီနာမ်ရှိတာ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးလို့ ပိုင်းခြားပြီးတော့သိတာ နာမရူပပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ အဲဒါလေး အချိုးကျဖို့ရာလိုတယ်၊ ဒါလေး အချိုးကျသွားလို့ရှိယင် နောက်ဝိပဿနာ ဉာဏ်တွေက ဆက်ဖြစ်လာတယ်၊ အဲဒါ အကြောင်း ရှိလို့ အကျိုးလေးတွေ ဖြစ်ရတယ်ဆိုတာ သဘောကျလာတယ်၊ ကိုယ့်ဉာဏ်မီ သလောက်ပေါ့လေ။

စာပေကျမ်းဂန်အရ အတိုင်းကတော့ အကုန်လုံးဘယ်သိမလဲ၊ ကိုယ့်ဉာဏ်မီသလောက် အကြောင်းရှိလို့ အကျိုးလေး တွေ ဖြစ်ရတယ်ဆိုတာသိတယ်၊ အကြောင်းမရှိယင် အကျိုးမရှိဘူး၊ ရှုတိုင်း ရှုတိုင်းဟာ ဖောင်းတာ ပိန်တာဖြစ်ဖြစ်၊ ကွေးတာ ဆန့်တာဖြစ်ဖြစ်၊ ကြွတာ လှမ်းတာဖြစ်ဖြစ်၊ ကိုယ်အမူအရာကလေးတွေ သူဖြစ်သရွေ့ လျှောက်မှတ်ယင် မှတ်သိတဲ့စိတ် ကလေးတွေဟာလဲ သိပြီး ပျောက်သွားတယ်။

မှတ်ယင်းမှတ်ယင်းနဲ့ တခါတည်း မှတ်ရတဲ့အာရုံရော၊ မှတ်သိတဲ့စိတ်ရော၊ တခါမှတ်လိုက် တခါပျောက်၊ တခါမှတ် လိုက် တခါပျောက်၊ အဲဒီလိုသိတော့ အနိစ္စ မမြဲတဲ့တရားလေးပဲ၊ ပေါ်ပြီးပျောက်သွားလို့ ဆင်းရဲဒုက္ခတရားလေးပဲ၊ သူ့သဘော အတိုင်း သူဖြစ်ပျက်နေလို့ အနတ္တ–ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သဘောတရားလေးပဲ၊ ရှုယင်းရှုယင်း ပြီးတော့ သိတာပဲ၊ ဆရာ သမားတွေ ပြောလို့မဟုတ်ဘူး၊ သူ့ဟာသူ ရှုနေယင်းကို သဘောကျလာတာ၊ ဖြစ်ပြီး ပျောက်သွားတာတွေချည်းပဲ၊ တွေ့တော့ မမြဲတဲ့တရားတွေပါကလား၊ တို့အရင်က မသိလို့ပဲ၊ သူ့ဟာသူဖြစ် သူ့ဟာသူပျက်၊ မမြဲတဲ့ တရားတွေချည်းပဲလို့ သဘောကျ သွားတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားတွေ ဖြစ်ချည်ပျက်ချည်နဲ့ ဒီထဲ ဘာမျှ အားကိုးစရာမရှိဘူးတဲ့၊ သာယာစရာ နှစ်သက်စရာမရှိဘူး၊ ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူး၊ မကောင်းတဲ့ တရားတွေချည်းပဲ၊ ဆင်းရဲတွေချည်းပဲ၊ သူ့သဘော အတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားတွေချည်းပဲ၊ တို့အရင်တုန်းကတော့ အသက်ရှင်နေတဲ့ အကောင်ကလေး ရှိတယ်မှတ် တယ်၊ အခုတော့ သူ့ဟာသူဖြစ်ပြီး သူ့ဟာသူပျက်နေတဲ့တရားတွေ ခဏမစဲ ဖြစ်ပျက်နေတဲ့သဘောတရားတွေ၊ အနတ္တတရား ချည်းတည်းပဲ၊ ရှုယင်းရှုယင်း သဘောကျတယ်၊ အနတ္တတရားတွေပဲ၊ အဲဒါက အရေးကြီးတယ်။

ဝိပဿနာရှုတဲ့နေရာမှာ ဒီအနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ရှုယင်း ရှုယင်း သိလာတယ်၊ ဒီလိုသိအောင် လို့လဲပဲ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ရှုမှတ်နေရတာ၊ ဖြစ်တိုင်းဖြစ်တိုင်း မမှတ်ယင် ဒီအသိမရောက်ပါဘူး၊ စာသဘောအတိုင်း ပြောနေတာပါ၊ အဲဒါကတော့ အပေါ်ယံတွင်ပါပဲ၊ တရားကိုယ်သဘောတရား မရောက်ပါဘူး။

ဖြစ်ပျက်ခိုက်လိုက်ရှု နိဗ္ဗာန်ရောက်နိုင်

အခု ဖြစ်ခိုက်ပျက်ခိုက်ကလေးတွေ လိုက်ပြီးတော့ရှုမှတ်တော့ ရုပ်ကိုလဲ ဖြစ်ဆဲဖြစ်ဆဲသိတယ်၊ နာမ်ကိုလဲ ဖြစ်ဆဲ ဖြစ်ဆဲမှတ်ယင်းသိတယ်၊ ဒီတရားတွေဟာ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပေါ်ပြီး ပျောက်သွားတာကို ပိုင်းခြားပြီး သိတယ်၊ အဲဒီလို သိလာတော့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေပဲလို့ ရှုယင်း ရှုယင်း သဘောကျလာတာဟာ အဲဒါ ဝိပဿနာ ဉာဏ်တွေပဲ။

အဲဒီကနေပြီး အဆင့်ဆင့်တက်ပြီး ဥဒယဗ္ဗယဉာဏ်, ဘင်္ဂ, အာဒီနဝတွေ အကုန်လုံးသွားတာပါပဲ။ ဒီတိုင်း ဆက်ပြီး ရှုသွားယင် သခ်ါရုပေက္ခာ ရောက်တယ်။

အဲဒီ ဓာတ်ကြီး ၄–ပါး ဖောင်းတာ ပိန်တာမှစပြီး ကွေးတာ ဆန့်တာ ထိုင်တာ ထတာ ကိုယ်အမူအရာတွေ မှတ်တိုင်း မှတ်တိုင်းဟာ ဒီတရားတွေ အဖြစ်အပျက်တွေ သိယင်း သိယင်းနဲ့ နောက်ဆုံးကျတော့ ဒီဖြစ်ပျက်တဲ့ တရားတွေ အကုန်လုံး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန် ရောက်သွားနိုင်တယ်၊ ဖောင်းတာလဲ မရှိဘူး၊ ပိန်တာလဲ မရှိဘူး၊ ကွေးတာလဲ မရှိဘူး၊ ဆန့်တာလဲ မရှိဘူး၊ ရှုတဲ့စိတ်လဲ မရှိဘူး၊ မှတ်တဲ့စိတ်လည်း မရှိဘူး၊ မှတ်စရာအာရုံတွေရော မှတ်သိတဲ့စိတ်တွေရော အကုန်လုံး ဖြစ်ပျက်တတ်တဲ့ တရားတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်ပြီးတော့ သွားတယ်၊ ပထမ ရှေးဦးစွာရတဲ့ သောတာပတ္တိမဂ်ဉာဏ်တဲ့၊ နိဗ္ဗာန်ကို မြင်သွားတာဟာ ဒဿနခေါ်တယ်တဲ့၊ ဒါပထမ နိဗ္ဗာန်မြင်တာပဲတဲ့။

နောက် ထပ်ခါထပ်ခါရှုလို့ နောက်အကြိမ်တွေကျတော့ ဘာဝနာခေါ်တယ်၊ ထပ်ခါထပ်ခါ မြင်သွားတာတွေ၊ သက ဒါဂါမိမဂ်နဲ့ ထပ်ပြီးတော့ မြင်တယ်၊ အနာဂါမိမဂ်နဲ့ ထပ်မြင်တယ်၊ အရဟတ္တမဂ်နဲ့ ထပ်မြင်တယ်၊ ပြီးရော၊ အဲဒီ အရဟတ္တမဂ်နဲ့ မြင်တဲ့အခါကာလကျယင် ကိလေသာခပ်သိမ်းတွေငြိမ်းပြီး ရဟန္တာဖြစ်တယ်၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်တယ်တဲ့။

အဲဒီလို ဓာတ်ကြီး ၄–ပါးကို မြွေကြီး ၄–ကောင်ကဲ့သို့ ကြောက်ရွံ့ပြီး ဒီဓာတ်ကြီး ၄–ပါးက လွတ်မြောက်အောင် နိဗ္ဗာန်ရောက်တဲ့ အခါကျတော့ ဓာတ်ကြီး ၄–ပါးက လွတ်ကင်းရတယ်၊ ဒါကြောင့် လွတ်မြောက်ရအောင် ဒီဓာတ်ကြီး ၄–ပါး ကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးသကာလ ရှုနေတာဟာ မြွေကြီး ၄–ကောင်က လွတ်မြောက်အောင်လို့ ပြေးနေတာနဲ့တူပါတယ်တဲ့၊ နောက်ဆုံးကျလို့ရှိယင် ခုနကပြောတဲ့ ဟိုဘက်အရောက် ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ဒီထိအောင်သွားရမှာကိုး၊ အဲဒီ ရောက်အောင် အားထုတ်ဖို့တဲ့၊ ဓာတ်ကြီး ၄–ပါး ရှုရုံနဲ့ ရဟန္တာဖြစ်နိုင်ပါတယ်တဲ့။

ဒါလဲ အဲဒီ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတခုပဲလို့ ဒီဥစ္စာ မြွေကြီး ၄–ကောင်နဲ့ ဓာတ်ကြီး ၄–ပါး တူတယ်လို့ ဟောလိုက်တဲ့အချိန်အခါ နိဗ္ဗာန်ရောက်ကြောင်းတရားတခု ဓာတ်ကြီး ၄–ပါး ရှုတယ်၊ သွားတိုင်း သွားတိုင်းရှု၊ ရပ်တိုင်း, ထိုင်းတိုင်း, လဲလျောင်းတိုင်း, ဣရိယာပုထ်တိုင်း ဒါတွေရှု၊ ဒါဟာ ဓာတ်ကြီး ၄–ပါး ရှုနေတာပဲ၊ အရင်းခံတော့ ဒီဓာတ်ကြီး ၄–ပါး ရှုရတာပါပဲ၊ ဒါကြောင့် အခုရှုနေတာဟာ ဓာတ်ကြီး ၄–ပါးက လွတ်မြောက်အောင် ပြေးနေတာတဲ့၊ အခုဒီမှာ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဆိုယင် တချို့လဲ တော်တော် အရင့်ပိုင်းရောက်နေပြီ၊ တချို့လဲ စခါစ၊ ဒါကြိုးစားပြီး အားထုတ်ကြရမယ်။

ဤအာသီဝိသောပမသုတ္တန်၌ရှိသော မြွေကြီး ၄–ကောင်နှင့် အလားတူတဲ့ စက်ဆုပ်စရာကောင်းသော ရွံစရာကောင်းသော မုန်းစရာကောင်းသော ငြီးငွေ့စရာကောင်းသော ဓာတ်ကြီး ၄–ပါးတို့မှ လွတ်မြောက်အောင်ကို ဓာတ်ကြီး ၄–ပါးတို့၏ သဘောသဘာဝကိုလည်းကောင်း, ဓာတ်ကြီး ၄–ပါးတို့၏ အဖြစ်အပျက်ကိုလည်းကောင်း, ထိုဓာတ်ကြီး ၄–ပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောကိုလည်းကောင်း အမှန်အတိုင်း သိမြင်အောင် ရှုနိုင် မှတ်နိုင် အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

အာသီဝိသောပမသုတ်တရားတော်

၁၃၂၈–ခု၊ ပထမဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်။

ဥပါဒါနက္ခန္ဓာ ၅–ပါး

အာသီဝိသောပမသုတ္တန်တရားတော်၊ တနေ့က မြွေကြီး ၄–ကောင် အကြောင်းကတော့ ပြီးသွားပါပြီ၊ မြွေထိန်းယောကျ်ား မြွေကြီး ၄–ကောင် ကြောက်တာနဲ့ ထွက်ပြီးတော့ ပြေးတာ၊ နောက်ထပ် သူ့ရဲ့ရန်သူဖြစ်တဲ့ သူသတ်ယောကျ်ား ၅–ဦးကို ဘုရင်မင်းမြတ်က အမိန့်နဲ့စေလွှတ်လိုက်လို့ တွေ့ရာသခ်ျိုင်းသတ်ဖို့ရာ လိုက်ပြီးတော့လာကြတယ်၊ အဲဒါကို ကြောက်လို့ပြေးတယ်၊ အဲဒီလို ပြေးနေရာကတခါ သူ့ရဲ့ငယ်ပေါင်းကြီးဖော် အလွန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းကို ဆုအထူးပေးပြီး သကာလ တွေ့ရာသတ်ဖို့ရာ လွှတ်လိုက်လို့လဲပဲ အဲဒီ မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ နောက်ကလိုက်လာလို့ ပြေးနေရတယ်၊ ရွာပျက်ကုန်း ရောက်သွားပြီတဲ့။

"မြွေလေးကောင်ကား (လ) တပ်စွဲချက်ကြောင့်" မြွေ ၄–ကောင်ဆိုတာ မဟာဘုတ် ၄–ပါး၊ မိမိတို့၏ သန္တာန်မှာ ရှိပြီးတော့နေတဲ့ မဟာဘုတ်ရုပ်ကြီး ၄–ပါး၊ တကိုယ်လုံးမှာ အနှံ့အပြား နေရာတိုင်း အစိတ်အပိုင်းတိုင်းမှာ မဟာဘုတ် ၄–ပါး ရှိတယ်၊ အဲဒါတွေဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေပဲလို့၊ ဒီဓာတ်ကြီး ၄–ပါးတွေ ဖောက်ပြန်ပြီး တမျိုးမျိုး ဒုက္ခရောက်နိုင်တယ်၊ သေနိုင်တယ်။

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" ခန္ဓာငါးပါးဟာ သူသတ်ယောကျ်ားကြီး ငါးယောက်နဲ့ တူတယ်တဲ့၊ "မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်" အဲဒီ မြွေလေးကောင်နဲ့ သူသတ်ငါးယောက်၊ သူတို့ ၂–မျိုး ရဲ့အပြင် မိတ်ညာ–မူလရင်းက မိတ်ဆွေဖြစ်ဖူးခဲ့တဲ့လူ၊ အခုတော့ ရန်သူဖြစ်ပြီးတော့နေလို့ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ သုံးစုံးဒမြ၊ ဝင်လာကြ၍"၊ ရွာပျက်ရောက်တဲ့အခါမှာ ဒမြသုံးစုံ၊ ဒမြ ၆–ဦးက ဝင်လာကြတယ်၊ "သုံးစုံဒမြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏"၊ အဲဒီရောက်တော့ "ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့"၊ ဟိုဘက်ကမ်းကို ကူးဖို့ "ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊အားထုတ်ချက်ဖြင့်"၊ "ဟိုဘက်ကမ်းရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကပ်သူကား ဘုရားမြတ်ပေတည်း–ဆိုတဲ့ ဆောင်ပုဒ်အရ ဆိုကြအုံးစို့။

မြွေလေးကောင်ကား (လ) ဘုရားမြတ်ပေတည်း။

အဲဒါ တနေ့ကစပြီးခဲ့တဲ့ သီတင်းနေ့က မြွေ ၄–ကောင် အကြောင်းကတော့ စုံပါပြီ၊ မြွေ ၄–ကောင်ဆိုတာ မဟာဘုတ်ရုပ်ကြီး ၄–ပါးတဲ့၊ ဒါကတော့ ပြီးသွားပြီ။

ရန်သူငါးယောက် ဥပါဒါနက္ခန္ဓာငါးပါး

ရန်သူကြီး ၅–ယောက်ဆိုတာက ဘယ်ဟာပါလဲလို့ ဆိုတော့ မြတ်စွာဘုရားက–

> "ပဠေ ဝဓကာ ပစ္စတ္ထိကာ"တိ ခေါ ဘိက္ခဝေ ပဠေနေတံ ဥပါဒါ နက္ခန္ဓာနံ အဓိဝစနံ။ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓသ ဝေဒနုပါဒါ နက္ခန္ဓသ သညုပါဒါနက္ခန္ဓသ သခ်ါရုပါ ဒါနက္ခန္ဓသ ဝိညာဏုပါဒါ နက္ခန္ဓသ။
>
> (သံယုတ်၊ ၃–တွဲ၊ နှာ–၃၈၃။)

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စတ္ထိကာ၊ ရန်သူဖြစ်ကုန်သော။ ပဠေဝဓကာတိ ခေါ ဧတံ၊ ငါးယောက်သော သူသတ်ကြီးတို့ဟူသော ဤအမည်သည်။ ဝါ၊ သူသတ် ယောကျ်ားကြီး ငါးယောက်ဟူသော ဤအမည်သည်။ ပဠေနံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတရားတို့၏။ (ဝါ) ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့၏။ (ဝါ) ဥပါဒါနက္ခန္ဓာနံ၊ ငါ ငဲ့ဥစ္စာစသည်ဖြင့် စွဲလမ်းနိုင်သော ခန္ဓာငါးပါးတရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ရန်သူဖြစ်တဲ့ သူသတ်ယောကျ်ား ၅–ဦးဟာ ဘာလဲဆိုယင် ဥပါဒါနက္ခန္ဓာ ငါးပါးတရားပါပဲတဲ့၊ မြွေထိန်းယောကျ်ားရဲ့ ရန်သူကြီးတွေ၊ စောစောကတည်းက လူချင်း မတည့်တဲ့ ရန်သူ ရန်ဘက်ပုဂ္ဂိုလ်ကြီးတွေပေါ့၊ လူဆိုးတွေ သူဆိုးတွေဆိုတာက

တဦးနဲ့တဦး အခွင့်ရလို့ရှိယင်ဖြင့် သတ်ဖို့ရာ ကြံနေတာပဲ၊ အခုခေတ်ကာလမှာတော့ သတင်းစာထဲ တော်တော်တွေ့ရတယ်၊ တချို့ လူဆိုးတွေဟာ တော်တော်မိုက်တာပဲ၊ နည်းနည်းမိုက်တာ မဟုတ်ဘူး၊ သူများကို သတ်ဖို့ရာပဲ ကြံနေတယ်။

အဲဒီလိုပဲ အခု ရန်သူကြီး ငါးယောက်တဲ့၊ ရှေးကတည်းက မြွေထိန်းယောက်ျားနဲ့ မတည့်ကြဘူး၊ တစုံတခုသော အကြောင်းရှိလို့ မကျေမချမ်း ဖြစ်နေတယ်၊ အခွင့်ရလို့ရှိယင် သတ်မယ်လို့ တကဲကဲနဲ့ ကြံနေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ၅–ဦးလို့ ဆိုလိုပါတယ်၊ ဥပမာက လောကထဲမှာလဲ ဒီလိုဟာတွေ ရှိတယ်၊ စီးပွါးရေးကြောင့်ပဲဖြစ်ဖြစ်၊ ဒိဋ္ဌိပြင် အရေးတခုကြောင့်ပဲဖြစ်ဖြစ်၊ အပြောအဆို နေရာမကျလို့ပဲဖြစ်ဖြစ်၊ တစုံတခုသောအကြောင်းကြောင့် မကျေနပ်နေတာ၊ သူ့ကိုယ်ကျိုးစီးပွါးကို ဖျက်ဆီးဖူးလို့ဖြစ်ဖြစ်၊ သူနဲ့ချစ်ခင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ကို ညှဉ်းဆဲနှိပ်စက်ဖူးလို့ဖြစ်ဖြစ်၊ နောင်တချိန်ကျလို့ ရှိယင်ဖြင့် ရန်တုန့်မှုမယ်၊ ရန်တွေချေပမယ်လို့ ဒီလိုညိုးထားတဲ့ ရန်သူတွေဆိုတာ ရှိကြတယ်၊ အထူးအားဖြင့်တော့ လူမိုက်လူမိုက်ချင်း ရှိတာပါပဲ၊ လူကောင်းမှာတော့ ရှိခဲပါတယ်။

ဒီဥစ္စာကတော့ အဲဒီလို ရန်ညိုးထားတဲ့ ရန်သူကြီး ၅–ဦးတဲ့၊ စောစောကတော့ အခွင့်မရလို့ သူတို့သတ်ဖို့ရာ သူတို့အားမထုတ်နိုင်ဘူး၊ အခုတော့ မြွေထိန်းယောက်ျားက ဘုရင်မင်းအမိန့်ကို နားမထောင်ပဲနဲ့ သူထိန်းရမယ့် မြွေတွေကို စွန့်ပစ်ပြီးတော့ ပြေးတယ်ဆိုတော့ မင်းရဲ့ အာဏာဖီဆန်မှု ရှိထားတဲ့အတွက် မင်းက မြွေကြီး ၄–ကောင် လိုက်ပြီးတော့ ကိုက်ဖို့ရာလဲ မဖြစ်နိုင်ဘူးဆိုတော့ ဒီလူကို သတ်မယ့်လူတွေ ရှာအုံးမှပဲလို့ ရှေးတုန်းကတော့ မောင်းကြေးနင်းခတ်ဘယ်ဆိုတာကိုး၊ မောင်းကြေးနင်းခတ်လိုက်တဲ့အခါမှာ အခုနေအခါမှာဆိုလို့ရှိယင်တော့ အမိန့်ထုတ်လိုက်ရမှာပေါ့လေ၊ ရေဒီယို သတင်းစာတွေကနေပြီးတော့ အမိန့်ထုတ်လိုက်မယ်ဆိုယင် လူတွေပေါ်လာကြမှာ၊ အဲဒီမှာ ဘုရင်မင်းမြတ်က အမိန့်ထုတ်လိုက်တဲ့အခါကာလမှာ ရှေးက သူ့ကို သတ်ချင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အခွင့်မရလို့ မသတ်ရတဲ့ ရန်သူကြီး ၅–ဦးက ထွက်လာကြတယ်တဲ့။

ကျွန်တော်မျိုးတို့ သတ်ပါမယ်၊ ရှေးတုန်းကတော့ သတ်လို့ရှိယင် ရာဇဝတ်မှုတွေ ရောက်အုံးမှာ၊ အခုတော့ သတ်လို့ရှိယင် ဆုငွေတောင် ရအုံးမှာကိုး၊ ဘာမှ ရာဇဝတ်မှုလဲ မရောက်ဘူး၊ တရားဝင် သတ်ရမှာ၊ လူမိုက်ကြီးတွေဆိုတော့ကို သတ်ချင်နေတဲ့ပုဂ္ဂိုလ်၊ ဒီလိုတရားဝင်သတ်ရမယ်ဆိုယင် အင်မတန်ဝမ်းသာမှာပေါ့၊ အဲဒီတော့ အဲဒီ ရန်သူကြီး ၅–ဦးက ဘုရင်မင်းမြတ်ထံကို သူတို့သတ်ဖို့ရာ တာဝန်ခံပြီးတော့ ဘုရင်မင်းမြတ်ကလဲပဲ သူတို့ကို သူသတ်သမားအဖြစ်နဲ့ တခါတည်း ခန့်ပြီးတော့ လွှတ်လိုက်တော့ လက်နက်ကိုယ်စီ ကိုင်ပြီးတော့ နောက်က လိုက်ကြတယ်။

မြွေထိန်းယောက်ျားကလဲပဲ မြွေကြီးတွေကြောက်လို့ ပြေးနေယင်း အကျိုးစီးပွါးကို အလိုရှိတဲ့ပုဂ္ဂိုလ်က လာပြီး အကြောင်းကြားတယ်တဲ့၊ အမောင် မြွေထိန်းယောက်ျား၊ မင်းရဲ့ မြွေကြီး ၄–ကောင်ကလဲ နောက်ကလိုက်ပြီးတော့ လာနေတယ်၊ တွေ့ရာကိုက်မယ်လို့၊ ဒါတွင်မကသေးဘူး၊ အယင်က နင့်ကိုသတ်ဖို့ရာ ရည်ရွယ်နေတဲ့ သူသတ်ယောက်ျားကြီး ၅–ဦးကလဲပဲ အခု ဘုရင်မင်းမြတ်အမိန့်နဲ့ သူတို့တရားဝင်သတ်ဖို့ရာ လက်နက်ကိုယ်စီနဲ့ စွဲကိုင်ပြီးတော့ လိုက်လာကြပြီ၊ မင်းအခုနေအခါကာလမယ် ပြုသင့်ပြုထိုက်တာ ပြုပေတော့လို့ လာပြီးတော့ သတိပေးတယ်တဲ့။

ပထမက မြွေကြီးတွေ ကြောက်ရတဲ့အထဲမှာ အခု သူသတ်သမားကြီး ၅–ယောက်ဆိုတော့ သာကြောက်စရာဖြစ်တယ်၊ ရန်သူတွေကိုးခုဖြစ်လာတယ်၊ မနည်းဘူး၊ အဲဒါကြောက်လို့ ပြေးရတယ်တဲ့။

အဲဒီ ရန်သူကြီး ၅–ယောက်ဆိုတာ ဘယ်သူတွေမှတ်သတုံးလို့ ဆိုလို့ရယင် မိမိတို့သန္တာန်မှာ ရှိပြီးတော့နေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေပါပဲတဲ့၊ အနက်အဓိပ္ပါယ်ကို ပေါ်ပေါ်လွင်လွင် ဟောရအောင်လို့ ဥပမာပြုပြီးပေးထားတာ၊ ရန်သူကြီး ၅–ယောက်ဆိုတာ တခြားမှာ ရှိတာမဟုတ်ဘူး၊ မိမိတို့၏သန္တာန်မှာ အသီးအသီး ရှိပြီးတော့နေကြတဲ့ ဥပါဒါနက္ခန္ဓာ ၅–ပါး တရားတွေ ဥပါဒါနက္ခန္ဓာငါးပါး တရားတွေဟာ ဘယ်ဟာတွေတုံးဆိုယင်

သေယျထိဒံ၊ အဘယ်တရားတို့နည်းယူမူကား။ ဝါ၊ သေယျထိဒံ၊ ဥပါဒါန နက္ခန္ဓာငါးပါးတို့သည် အဘယ်တရားတို့ နည်းဟူမူကား။ ရူပဥပါဒါနက္ခန္ဓာ၏။ ရူပ်ဥပါဒါနက္ခန္ဓာ၏။ ဝေဒနုပါဒါနက္ခန္ဓသ၊ ဝေဒနာဥပါဒါနက္ခန္ဓသ၊သညုပါဒါနက္ခန္ဓသ၊ သညာဥပါဒါနက္ခန္ဓာ၏။ သခ်ါရုပါဒါနက္ခန္ဓသ၊ သခ်ါရဥပါဒါနက္ခန္ဓာ၏။ ဝိညာဏုပါဒါနက္ခန္ဓသ၊ ဝိညာဉ်ဥပါဒါနက္ခန္ဓာ၏။ အဓိဝစနံ၊ အမည်ပေတည်း။

ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာငါးပါး၊ အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးရဲ့အမည်တဲ့၊ ခန္ဓာငါးပါးဆိုယင်လဲပဲ အတူတူလို့ပဲ ဖြစ်နေပါတယ်၊ ဒါပေမယ်လို့ ခန္ဓာငါးပါးနဲ့ ဥပါဒါနက္ခန္ဓာ ၅–ပါး ထူးတာလေးတွေရှိတယ်၊ ခန္ဓာငါးပါးဆိုယင်တော့ ခန္ဓာမည်တဲ့တရားတွေ အကုန်လုံးပဲ၊ လောကီရော၊ လောကုတ္တရာရော အကုန်လုံးပဲ၊ မဂ်စိတ္တုပ္ပါဒ်မှာပါတဲ့ နာမ်ခန္ဓာတွေလဲပဲ ခန္ဓာမည်တာပဲ၊ ဖိုလ်စိတ္တုပ္ပါဒ်မှာပါတဲ့ ခန္ဓာတွေလဲ ခန္ဓာမည်တာပဲ၊ လောကုတ္တရတရားလဲပဲ ခန္ဓာဆိုယင် သူတို့လဲပါသွားတယ်။

ဥပါဒါနက္ခန္ဓာဆိုယင်တော့ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ခန္ဓာ၊ ဒါကတော့ လောကုတ္တရာတရားမပါဘူး၊ သူက မဂ်စိတ္တုပ္ပါဒ် မှာပါတဲ့ခန္ဓာ၊ ခန္ဓာ ၄–ပါး၊ ဥပါဒါန်၏ အာရုံမဟုတ်လို့ ခန္ဓာသာမည်တယ်၊ ဥပါဒါနက္ခန္ဓာမမည်ဘူး၊ ဖိုလ်စိတ္တုပ္ပါဒ် မှာပါတဲ့ နာမက္ခန္ဓာတရား ၄–ပါးတွေရှိတယ်၊ ဒါတွေကလဲ ဥပါဒါန်ရဲ့ အာရုံမဟုတ်လို့၊ ဥပါဒါနက္ခန္ဓာမမည်ဘူး၊ ခန္ဓာသာမည်တယ်။

ဒီတော့ အခုဒီမှာ လိုချင်တာက လောကုတ္တရာတရားတွေကို မလိုချင်ဘူး၊ လောကီတရားသက်သက်ပဲ လိုချင်တယ်၊ ဒါကြောင့် ဥပါဒါနဆိုတဲ့ ဝိသေသနပုဒ်ကလေးနဲ့မ, ထားတယ်၊ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာတဲ့၊ ဥပါဒါန်ရဲ့ အာရုံမဟုတ်တဲ့ ခန္ဓာတွေကတော့ သူသတ်ယောက်ျားတွေ မဟုတ်ဘူးတဲ့၊ ဒီလိုဆိုလိုပါတယ်။

ဥပါဒါန်ရဲ့ အာရုံမဟုတ်တဲ့ လောကုတ္တရာခန္ဓာတွေက ဘဝသံသရာမှာ သေဖို့ရာမဟုတ်ဘူး၊ အသေလွတ်ဖို့ရာ တရားတွေ၊ သူတို့ကတော့ မဂ်တရားဖိုလ်တရားတွေ ရသွားတဲ့ပုဂ္ဂိုလ်တွေဟာ မသေဖို့ရာတွေပဲ၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ် ရသွားပြီဆိုယင် ၇–ဘဝထက် ပိုလွန်ပြီးတော့ သေရမယ့်ဘဝတွေ အကုန်ငြိမ်းသွားတယ်တဲ့၊ အပါယ် ၄–ပါးမှာဖြစ်ပြီး သေရမယ့် ဘဝတွေ အကုန်ငြိမ်းတယ်တဲ့၊ ဒီတော့ သောတာပတ္တိမဂ်ဖိုလ်ထဲပါတဲ့ ခန္ဓာ ၄–ပါး တရားရှိတယ်၊ သောတာပတ္တိမဂ်စိတ္တုပ္ပါဒ်ထဲမှာပါတဲ့ ခန္ဓာ ၄–ပါး၊ ဖိုလ်စိတ္တုပ္ပါဒ်ထဲမှာပါတဲ့ ခန္ဓာ ၄–ပါးရှိတယ်၊ နာမက္ခန္ဓာတရားတွေ၊ နာမ်ခန္ဓာတရားတွေ၊ အဲဒီတရားတွေက သေဖို့ရာတရားတွေ မဟုတ်ဘူး၊ အသေကင်းဖို့ရာ တရားတွေ၊ သောတာပတ္တိမဂ်ဖိုလ် ခန္ဓာတွေရသွားလို့ရှိယင် အဲဒီပုဂ္ဂိုလ်ဟာ အပါယ် ၄–ပါးကျရောက်ပြီးတော့ သေခြင်းတွေ မဖြစ်နိုင်တော့ဘူး၊ ငရဲကျပြီး မသေနိုင်ဘူး၊ တိရစ္ဆာန်ဖြစ်ပြီး မသေနိုင်ဘူး၊ ငရဲကတော့ မမြင်ရလို့ ဒါကတော့ လူတိုင်းလူတိုင်း သိပ်ပြီးတော့ သဘောမပေါက်ဘူး၊ တိရစ္ဆာန်ကတော့ မြင်နေရတာပဲ၊ တိရစ္ဆာန်တွေဆိုတာ အင်မတန်ထင်ထင်ရှားရှားတွေ့ရတယ်၊ နွားတွေဖြစ်ပြီးတော့ သေရတာတွေ၊ ကျွဲတွေဖြစ်ပြီးသေရတာတွေ၊ ဝက်ဖြစ်ပြီး သေရတာတွေ၊ ကြက်ဖြစ်ပြီး သေရတာတွေ၊ အဲဒီအသေမျိုးတွေ မဖြစ်ရဘူး၊ သောတာပတ္တိမဂ်ဖိုလ် ရောက်သွားလို့ရှိယင် အပါယ် ၄–ဘုံကျရောက်ပြီး သေတဲ့အသေမျိုးတွေ မဖြစ်ရဘူး။

ဒါကြောင့် အခု အောက်ထစ်ဆုံးအားဖြင့် အဲဒီလို အကျိုးတွေရအောင်လို့ လူတွေ တရားတွေ အားထုတ်နေရတာ၊ ဝိပဿနာတရားတွေ အားထုတ်ပြီး ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်လို့ ပြည့်စုံသွားပြီး သောတာပတ္တိမဂ်ဖိုလ် ရောက်သွား၊ သောတာပန်ဖြစ်သွားပြီဆိုယင် အဲဒီ သောတာပတ္တိ မဂ်ဖိုလ်ထဲ ပါဝင်တဲ့ နာမ်ခန္ဓာတရား ၄–ပါးတွေ ရှိတယ်၊ အဲဒီ နာမ်ခန္ဓာ ၄–ပါးတရားတွေက အပါယ် ၄–ဘုံကျရောက်ပြီးတော့ သေရမယ့် သေခြင်းမျိုးတွေ ကင်းတယ်တဲ့၊ ဒီအသေမျိုး အသေဆိုးတွေ မရှိတော့ဘူး။

နောက်ဒါတွင်ပဲလားဆို ဒါတွင်မကဘူး၊ သုဂတိဘုံတွေမှာလဲပဲ လူ့ဘဝနတ်ဘဝမှာ ကိလေသာ မကင်းသေးတော့ ဖြစ်အုံးမှာ၊ သူက သောတာပန်က လူ့ဘဝနတ်ဘဝဖြစ်လဲပဲ၊ ၇–ဘဝထက်ပိုလွန်ပြီး သေရမယ့်အသေမျိုးတွေမှ ကင်းတတ်တယ်တဲ့၊ ၇–ဘဝထက် ပိုလွန်ပြီးသကာလ မသေစေနိုင်ဘူး၊ အဲဒီလို အစွမ်းသတ္တိရှိပါတယ်၊ ဒါကြောင့် သောတာပတ္တိမဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်မှာပါဝင်တဲ့ ခန္ဓာငါးပါးတရားတွေကတော့ သူသတ်ယောက်ျားတွေ မဟုတ်ဘူး၊ သူက သေစေတဲ့ တရားတွေ မဟုတ်ဘူး၊ အသေကင်းအောင်လို့ လုံးလုံးမကင်းတောင် အသေနည်းအောင်လို့ ကယ်တင်တတ်တဲ့တရားတွေတဲ့။

ဒါကြောင့်မို့ အဲဒီ လောကုတ္တရာ ခန္ဓာတွေ မပါစေချင်လို့ ဥပါဒါန ဥပါဒါန်၏ အာရုံလို့ ဝိသေသေနမ, ထားတယ်၊ အဓိပ္ပါယ်အများချည်း ရှိတယ်။

သကဒါဂါမိမဂ်ဖိုလ်မှာ ပါဝင်တဲ့ ခန္ဓာတွေက ၂–ဘဝထက် ပိုလွန်ပြီးတော့ သေရမယ့်အသေမျိုးတွေ ကင်းစေတယ်တဲ့၊ အနာဂါမိမဂ်ဖိုလ်စိတ္တုပ္ပါဒ်မှာပါဝင်တဲ့ နာမ်ခန္ဓာတွေကတော့ ကာမဘဝမှာဖြစ်ပြီးတော့ သေရမယ့် အသေမျိုးတွေကင်းစေတတ်တဲ့၊ ရူပဘဝ၊ အရူပဘဝတို့မှာလဲပဲ တဘဝတည်း တမျိုးတည်းသာဖြစ်တယ်၊ ၂–မျိုး ပြောင်းပြီးသကာလ မဖြစ်ဘူး၊ ဒါကြောင့် တဘဝထက်ပိုလွန်ပြီးတော့ သေရမယ့်အသေမျိုးတွေ ကင်းစေတတ်တယ်တဲ့၊ အရဟတ္တမဂ်ဖိုလ် စိတ္တုပ္ပါဒ်မှာပါဝင်တဲ့ နာမ်ခန္ဓာတွေကတော့ သေခြင်းတရားတွေ လုံးဝကင်းစေတတ်တယ်တဲ့၊ နောက်ဆုံးပရိနိဗ္ဗာန်စံပြီးကတည်းက နောက်ထပ်ဘဝအသစ်မဖြစ်၊ မသေတော့ဘူး၊ ဒါကြောင့် မဂ်ဖိုလ်စိတ္တုပ္ပါဒ်တွေမှာ ပါဝင်တဲ့ ဝေဒနာ ခန္ဓာ ၄–ပါးသော တရားတွေဟာ သေစေတတ်တဲ့တရားတွေ မဟုတ်ဘူး၊ သေခြင်းကင်းစေတတ်တဲ့ တရားတွေတဲ့။

ဒါကြောင့်မို့ အဲဒီသေခြင်းကင်းစေတတ်တဲ့ တရားတွေကို ဒီထဲမှာ "သူသတ် ငါးဖြာ၊ ငါးခန္ဓာတည်း" ဆိုတာထဲမှာ မပါဘူး၊ သူသတ်မဟုတ်ဘူးတဲ့၊ သူတို့ကတော့ ကိုမသေအောင်လို့ ကယ်တင်တတ်တဲ့ တရားတွေတဲ့၊ အသေလွတ်ရာလွတ်ကြောင်း ကယ်တင်တဲ့ပုဂ္ဂိုလ်ကြီးတွေပေါ့၊ သူတို့ကတော့ကို ဒီလိုအဓိပ္ပါယ်ရှိတယ်၊ ဒါကြောင့် အဲဒါကိုမပါအောင် မြတ်စွာဘုရားက–

ပစ္စတ္ထိကာ၊ ရန်သူကြီးဖြစ်ကုန်သော။ ပဥ္စဝဓကာတိခေါဧတံ၊ ငါးဦးသော သူသတ်ယောကျ်ားတို့ဟူသော ဤအမည်သည်။ ပဥ္စန္ဒံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်၏ အာရုံဖြစ်သော လောကီခန္ဓာ တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဥပါဒါန်ရဲ့ အာရုံဖြစ်တယ်၊ လောကီခန္ဓာတွေမည်တယ်၊ လောကုတ္တရာခန္ဓာတွေကို ဥပါဒါန်က အာရုံမပြုနိုင်ဘူး၊ ဥပါဒါန်ရဲ့ အာရုံမဟုတ်ဘူး၊ ဥပါဒါန်ရဲ့ နယ်ပယ်မဟုတ်ဘူး၊ လောကီခန္ဓာတွေကတော့ ဥပါဒါန်ရဲ့ အာရုံဖြစ်လို့ လောကီခန္ဓာတွေ အဲဒီခန္ဓာငါးပါးတရားတွေ သူတို့ကသတ်သတ်တာ။

ရုပ်ဥပါဒါနက္ခန္ဓာ

ရုပ်ဆိုယင်တော့ အကုန်လုံးပါပဲ၊ ခန္ဓာငါးပါးထဲမှာ ရုပ်ခန္ဓာ၊ ရုပ်ဥပါဒါနက္ခန္ဓာ၊ အတူတူပဲ ဘာမှမထူးဘူး၊ ရုပ်ခန္ဓာဆိုယင်ပဲ လောကီတရားပဲရှိတာ၊ လောကုတ္တရာရုပ်မရှိဘူး၊ ရုပ်ဥပါဒါနက္ခန္ဓာဆိုယင်လဲ ဒီတရားပဲ၊ ရုပ်ကတော့ ဘယ်သူ့သန္တာန်မှာပဲရှိရှိ ရုပ်ဆိုတာဟာ သူလောကီတရားပဲ၊ သာမန်ပုဂ္ဂိုလ်တွေ သန္တာန်က ရုပ်ကလဲ လောကီတရားပဲ၊ အရိယာပုဂ္ဂိုလ်တို့ရဲ့ သန္တာန်က ရုပ်လဲလောကီတရားပဲ၊ ဘုရား ရဟန္တာတို့ရဲ့ သန္တာန်ကရုပ်လဲ လောကီတရားပဲ၊ ဘယ်သူ့သန္တာန်မှာပဲရှိရှိ၊ ရုပ်ဆိုလို့ရှိယင်ဖြင့် လောကီတရားပဲ၊ လောကုတ္တရာတရားမရှိဘူး။

ဝေဒနာခန္ဓာ၊ သညာခန္ဓာ၊ သင်္ခါရခန္ဓာ၊ ဝိညာဉ်ခန္ဓာ၊ နာမ်ခန္ဓာ ၄–ပါးကတော့ ဥပါဒါန်ရဲ့အာရုံမဟုတ်တဲ့ လောကုတ္တရာခန္ဓာက တမျိုးရှိတယ်၊ ဥပါဒါန်၏အာရုံဖြစ်တဲ့ လောကီခန္ဓာက တမျိုးရှိတယ်၊ ဒါကြောင့် အခု ဒီမှာတော့ လောကုတ္တရာခန္ဓာကို အလိုမရှိဘူး၊ လောကီခန္ဓာတွေကို ဆိုလိုတယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာဆိုတာ ဘယ်လိုဟာတုန်းဆိုလို့ရှိယင် ဥပါဒါန်တို့ရဲ့ အာရုံဖြစ်တဲ့ခန္ဓာပဲ။

ဥပါဒါန်

ဥပါဒါန်ဆိုတာ ဗမာက ဥပါဒါန်အားကြီးတယ်၊ အစွဲအလမ်းကြီးတယ်၊ ပြောနေကြတာကိုး၊ ဗမာစကားလို ဖြစ်နေပါပြီ၊ ဥပါဒါန်ဆိုယင် စွဲလမ်းတာပဲ၊ လူတွေက သိနေတယ်၊ ဩော်–ဒီလူကြီးနှယ် ဥပါဒါန်အားကြီးလိုက်တာ၊ ဒီလို ပြောတာကိုး၊ ကလေးတွေကလဲ ပြောတယ်၊ ဒီမိန်းမကြီးဟာ ဥပါဒါန်အားကြီးတယ် ပြောကြတယ်၊ ဥပါဒါန်ဆိုလို့ရှိယင် စွဲလမ်းတယ်တဲ့၊ ဒီလိုအဓိပ္ပါယ်ရပါတယ်၊ ပါဋိကဥပါဒါန်တဲ့၊ ဗမာက ဥပါဒါန်လို့ စွဲလမ်းတယ်ဆိုတဲ့ အဓိပ္ပါယ်၊ အဲဒါကို ဗမာစကားတွေက ပြောနေကြတော့ ဥပါဒါန်ဆိုယင် စွဲလမ်းတယ်ဆိုတာ နားလည်နေကြပါပြီ၊ စွဲလမ်းတာ စွဲလမ်းတယ် ဆိုကတည်းက မြဲကြံစွာစွဲလမ်းတာပဲ။

ဥပါဒါန် ၄–ပါး

အဲဒီဥပါဒါန်က ၄–ပါး ရှိတယ်၊ ကာမုပါဒါန်တဲ့၊ ကာမဥပါဒါန်၊ ကာမဂုဏ်အာရုံတွေ လိုချင်နှစ်သက် စရာတွေကို စွဲလမ်းတာက ကာမဥပါဒါန်တဲ့၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိဥပါဒါန်၊ အဲဒါကတော့ အယူမှားတော့ စွဲလမ်းတာ၊ မှားတဲ့ အယူတွေကို စွဲလမ်းတာက ဒိဋ္ဌိဥပါဒါန်၊ သီလဗ္ဗတဥပါဒါန်၊ သီလဗ္ဗတု ပါဒါန်၊ သီလဗ္ဗတသီလဝတ၊ အလေ့အကျင့်မှုဖြင့် သံသရာက စင်ကြယ်သွားတယ်လို့ ယုံကြည်ယူဆစွဲလမ်းတာက သီလဗ္ဗတဥပါဒါန်ခေါ်တယ်၊ ဒါကတော့ သံသရာမှာ ကောင်းစားရာ ကောင်းစားကြောင်းနဲ့စပ်ပြီးတော့ စွဲလမ်းတာတွေ၊ ဘာသာရေးတရားတွေပါ၊ အဲဒီဥစ္စာတွေက သီလဗ္ဗတ ဥပါဒါန်လို့ခေါ်တယ်၊ မဟုတ်လို့ ရှိယင် သီလဗ္ဗတဥပါဒါန် ဖြစ်တော့တာပဲ၊ အတ္တဝါဒုပါဒါန်တဲ့၊ အတ္တလို့ဆိုပြီးတော့ စွဲလမ်းတာ၊ အတ္တလို့ဆိုတဲ့ ဝါဒအရနဲ့စွဲလမ်းတာ၊ အတ္တကောင်ပဲလို့ စွဲတာကို အတ္တဝါဒုပါဒါန်လို့ ခေါ်တယ်။

ကာမုပါဒါန်

အဲဒီ ဥပါဒါန်က ၄–မျိုး၊ ၄–မျိုးထဲမှာ တရားကိုယ်နဲ့ ကောက်လိုက်လို့ရှိယင်တော့ ကာမုပါဒါန်ဆိုတာက နှစ်သက်စရာတွေကို သာယာစွဲလမ်းတာ တဏှာပဲ၊ ကျန်တဲ့ ဒိဋ္ဌဥပါဒါန်တို့ သီလဗ္ဗတ ဥပါဒါန်တို့ အတ္တဝါဒုပါဒါန်တို့ ဒီ ဥပါဒါန် ၃–ပါးကတော့ အကုန်လုံး ဒိဋ္ဌချည်းပါပဲ၊ ဒိဋ္ဌ ၃–မျိုး ခွဲထားတယ်၊ အဲဒါ စွဲလမ်းတတ်တဲ့တရားတွေ၊ အဲဒီတော့ စွဲလမ်းတတ်တဲ့ တရားလေးတွေလဲ မှတ်ရအောင် ဆိုရအုံးမယ်။

လိုချင်နှစ်သက်စရာ၊ အာရုံဝတ္ထုတို့ကို
သာယာစွဲလမ်းတာက၊ ကာမုပါဒါန်။

လိုချင်စရာ နှစ်သက်စရာတွေဆိုတော့ ဒါကတော့ အထူးအဓိပ္ပါယ်ပြောစရာ မလိုဘူး၊ ကာမဆိုလို့ရှိယင် ပါဠိဆိုတော့ သိပ်မသိသေးဘူး၊ ကာမဂုဏ်ဆိုလို့ရှိယင်လဲပဲ တော်သင့်ရုံသာသိတယ်၊ ဒါလဲသိရုံလောက်ပဲ၊ သဘော သိပ်မပေါက်သေးဘူး၊ လိုချင်စရာတွေဆိုတော့ ကုန်ရော၊ လိုချင်စရာတွေဆိုမှတော့ လိုချင်စရာ နှစ်သက်စရာတွေဆိုယင် လူတိုင်း နားလည်တယ်၊ ဒါကလေးလဲ နားလည်တယ်၊ လူကြီးလဲ နားလည်တယ်၊ စာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ လိုချင်နှစ်သက်စရာတွေ ဆိုယင် ပြီးရောပဲ၊ လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေတဲ့၊ ကိုယ်တွင်း ကိုယ်ပ၊ ကိုယ်တွင်းကလဲ လိုချင်နှစ်သက်စရာတွေ ရှိတယ်၊ ကိုယ့်ကိုယ်ထဲမှာ ရုပ်အဆင်းလှပတာတွေ၊ အသံကောင်းတာတွေ၊ ကျန်းမာတာတွေ စသည်ဖြင့် ပေါ့လေ၊ ကိုယ်ထဲက အလိုရှိအပ်တဲ့ ဥစ္စာတွေဟာ ကိုယ်ထဲက ကာမလိုချင်စရာ နှစ်သက်စရာတွေပဲ၊ အပြင်ပက သက်ရှိ သက်မဲ့ အာရုံဝတ္ထုတွေ၊ အသက်မဲ့ဆိုတော့ သုံးဆောင်စရာ အမျိုးမျိုးပေါ့လေ၊ အဝတ်အထည်က စပြီးတော့၊ အသက်ရှိ ဆိုတော့ကို အိမ်သူ အိမ်သား၊ သားတို့ သမီးတို့ အဆွေအမျိုးတို့ ဒီဥစ္စာတွေ အကုန်လုံးပေါ့လေ။

အဲဒီတော့ အပြင်ပက သက်ရှိသက်မဲ့ လိုချင်စရာ နှစ်သက်စရာ အာရုံဝတ္ထုတွေ ကိုယ်တွင်း ကိုယ်ပ လိုချင်နှစ်သက်စရာကောင်းတဲ့ အာရုံဝတ္ထုတွေကို သာယာပြီး သဘောကျပြီး စွဲလမ်းနေတာ ကာမုပါဒါန် ခေါ်တယ်တဲ့။

တဏှာနှင့် ဥပါဒါန်မတူ

သာယာရုံမျှ နှစ်သက်ရုံမျှကို တဏှာ၊ ခိုင်ခိုင်မြဲမြဲ စွဲလမ်းတာက ဥပါဒါန်၊ တဏှာနဲ့ ဥပါဒါန်၊ ဒီလိုကွာတယ်၊ တဏှာ ဆိုတာက နှစ်သက်သာယာခါမျှ တောင့်တခါမျှ ဥပါဒါန်ဆိုတာက ခိုင်ခိုင်မြဲမြဲ စွဲလမ်းတာတဲ့၊ ဥပမာအားဖြင့် ဘယ်လို မှတ်ရ မလဲဆိုလို့ရှိယင် သူခိုးများ ပစ္စည်းတခုကို ယူတော့မယ်လို့ ခိုးတော့မယ်လို့ လက်လှမ်းလိုက်တယ်တဲ့၊ ပစ္စည်းဆီ မရောက် သေးဘူး၊ လက်လှမ်းရုံ၊ အဲဒါက တဏှာနဲ့ တူတယ်တဲ့၊ လက်ထဲ ဆုပ်ကိုင်မိပြီး ဆုပ်ကိုင်မိလို့ လက်ထဲကို ရောက်နေပြီ၊ အဲဒါက ဥပါဒါန်နဲ့ တူတယ်တဲ့၊ ကိုင်မိတာနဲ့ မလွတ်တော့ဘူး၊ လိုချင်တဲ့ အာရုံတခု တခုကို စောစောစီးစီးက တောင့်တ နေတယ်၊ မရသေးဘူး၊ တဏှာ သဘောဖြစ်တယ်၊ ရပြီးလို့ ဒီဥစ္စာတော့ ငါမလွတ်တော့ဘူးဆိုပြီး ဆုပ်ကိုင်ထားတဲ့ သဘောနဲ့ သိမ်းပိုက်ထားတာက ဥပါဒါန်၊ ဒါက ဥပမာ။

မရတဲ့ဥစ္စာတွေ အကုန်လုံး ဥပါဒါန် မဖြစ်ဘူးလို့ မှတ်ရမလားလို့ဆိုတော့ ဒါက ဥပမာပြောတာ၊ တကယ် ဒီလိုတော့ မဟုတ်ဘူး၊ မရတဲ့ဥစ္စာတွေလဲ စွဲလမ်းနေယင် ဥပါဒါန်ပဲ၊ ပထမသာယာခါမျှ နှစ်သက်ခါမျှလေး စွဲလမ်းမှု သိပ်မဖြစ်သေးဘူး ဆိုယင်တော့ ဒါ တဏှာလောက်ပဲ ရှိသေးတယ်၊ ဒီဥစ္စာဖြင့်ယင်ရမှပဲလို့ အင်မတန်ရချင်နေတဲ့စိတ်တွေ စွဲစွဲမြဲမြဲတွေ ဖြစ်နေ တယ်ဆိုယင် ဒါကတော့ ဥပါဒါန်ဖြစ်ပြီ၊ ဥပါဒါန်ဖြစ်လို့ ရှိယင်ဖြင့် မည့်ဘူး။

ဥပါဒါန် ဖြစ်လို့ရှိယင် ဥပါဒါနပစ္စယာဘဝေါ ဆိုပြီးတော့ သူ တခုခုပြတော့မှာ၊ နှစ်သက်သာယာတဲ့ စွဲလမ်းတဲ့ အာရုံဝတ္ထုတွေ မရရအောင် အားထုတ်တော့မှာ၊ တနည်းနည်းနဲ့၊ ဥပါဒါနပစ္စယာဘဝေါ ဖြစ်မယ်၊ ဘဝပစ္စယာက ဘယ်သွား မတုံးဆိုလို့ ရှိယင် ဇာတိ–ဘဝအသစ် ဖြစ်ရလိမ့်မယ်၊ ဘဝအသစ်က ဘယ်ဖြစ်မှာတုံးဆိုယင် အကုသိုလ်ဘဝက လာခဲ့လို့ ရှိယင် အပါယ် ၄–ပါးဘဝဖြစ်မှာပေါ့၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာဖြစ်၊ ကုသိုလ်က လာခဲ့လို့ရှိယင် လူ့ဘဝနတ်ဘဝတွေ ဖြစ်မှာ ပေါ့၊ ဖြစ်လို့ရှိယင် ဘာဖြစ်ရမလဲဆိုလို့ရှိယင် ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ ဖြစ်ရာဘဝမှာ အိုရ, သေရလိမ့် မယ်တဲ့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသတွေ ဖြစ်ရလိမ့်မယ်တဲ့၊ ဖြစ်ရာဘဝမှာ အဲဒီကို သွားမှာ။

ဒီဥပါဒါန်က အင်မတန် အရေးကြီးတဲ့ တရားပါ၊ ဥပါဒါန်ဆိုတာ စွဲလမ်းမိမှတော့ကို တစုံတခု ကုသိုလ် အကုသိုလ် ကံမြောက်၊ အဲဒီ ကံက အကျိုးပေးပြီးတော့ ဘဝဖြစ်၊ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရ, စိုးရိမ်ပူဆွေးရ အစရှိသည်တွေ အကုန်ဖြစ်ရတယ်၊ ဆင်းရဲတွေ တသီတတန်းကြီး ဖြစ်တော့မှာ၊ ဥပါဒါန်ဟာ တယ်ကြောက်စရာ ကောင်းတယ်။

ကာမုပါဒါန်ဆိုတာ လိုချင်နှစ်သက်စရာ အာရုံဝတ္ထုအမျိုးမျိုးကို သာယာတပ်မက်တာ၊ စွဲလမ်းတာတဲ့၊ သာယာစွဲလမ်းတာက ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်ဆိုတာကတော့ နောက်ဆုံးချန်ပြောမှ ဖြစ်မယ်၊ သူက ကျန်တဲ့ဒိဋ္ဌိတွေ အကုန်သိမ်းပြီး သီလဗ္ဗတနဲ့ အတ္တဝါဒ၊ ရှေးဦးစွာပြောမှ သဘောပေါက်မယ်။

အတ္တဝါဒုပါဒါန်

အတ္တဝါဒက ရှေးဦးစွာပြောမှ အတ္တဝါဒက အရေးကြီးတယ်၊ အတ္တဝါဒုပါဒါန်တဲ့၊ အတ္တဝါဒုပါဒါန် ဆိုတာ အတ္တဒိဋ္ဌိ၊ အတ္တ–အသက်ရှင်နေတဲ့ သတ္တဝါအကောင်ပဲလို့ ယုံကြည်ယူဆတဲ့ ဥစ္စာကို အတ္တဝါဒဥပါဒါန်၊ အတ္တဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီ အတ္တဒိဋ္ဌိက စွဲစွဲမြဲမြဲဖြစ်နေယင် အတ္တဝါဒုပါဒါန်ပါပဲ၊ အတ္တဝါဒုပါဒါန်၊ အတ္တဒိဋ္ဌိဆိုတာ ကင်းခဲတယ်၊ သက္ကာယဒိဋ္ဌိလဲ ခေါ်တယ်၊ ကင်းခဲတယ်၊ လုံးလုံး ကင်းတာကတော့ အရိယမဂ်ရတဲ့ ပုဂ္ဂိုလ်မှကင်းတော့တာပဲ၊ အရိယမဂ်မရတဲ့ ပုဂ္ဂိုလ်ဆိုယင် အနည်းနဲ့အများ ဒီဒိဋ္ဌိကရှိနေတယ်၊ ဟိုဘဝ၊ ဒီဘဝ အသက်ရှင်နေတဲ့အကောင်းကလေး တကယ်ရှိတယ်လို့ ယူဆထားလို့ရှိယင် ဒါ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဖြစ်နေတာပဲ၊ အသက်ရှင်နေတဲ့ အကောင်ကလေး အနေအားဖြင့် စွဲလမ်းလို့ရှိယင် အတ္တဒိဋ္ဌိ ဖြစ်တယ်၊ ရုပ်တရားနာမ်တရားတွေအကြောင်းကို အမှန်အကန် မသိတဲ့ပုဂ္ဂိုလ်တွေ ဒီလိုအစွဲအလမ်းရှိပါတယ်၊ ဒီလိုစွဲလမ်းနေကြတာပဲ။

ပရိယတ္တိအနေအားဖြင့် စာပေကျမ်းဂန် ဗဟုသုတနဲ့ နှလုံးသွင်းတဲ့အခါမှာ သက်သာရာရသင့်သလောက် ရပါတယ်၊ ရုပ်တရားနဲ့ နာမ်တရားပဲ ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါလို့ခေါ်သာခေါ်ရတယ်၊ ရုပ်နဲ့နာမ်ပဲရှိတယ်၊ ခန္ဓာငါးပါးတရားပဲ ရှိတယ်၊ ဖြစ်ပျက်နေတဲ့ တရားပဲရှိတယ်၊ အဲဒီလို စာပေကျမ်းဂန်အရနဲ့ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုနှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း အဲဒီအချိန်ကာလမှာ ဒီအတ္တဒိဋ္ဌိအစွဲအလမ်းဟာ ကင်းပြီးတော့နေပါတယ်၊ ဒါပေမယ့် လုံးလုံးတော့မကင်းဘူး၊ စာပေကျမ်းဂန်အရ ဗဟုသုတနဲ့ သဘောကျတာက တမျိုးပဲ၊ စိတ်ကစွဲလမ်းတာက တမျိုးပဲ။

အတ္တအစွဲပျောက်ခဲ

စာပေကျမ်းဂန်အရနဲ့ ရုပ်တွေနာမ်တွေ အဖြစ်အပျက်တွေ ဒီလိုသဘောကျနေတယ်ဆိုပေမယ်လို့ ကိုယ့်သန္တာန်မှာ တကယ်ဖြစ်နေတဲ့ တရားတွေကျတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စွဲနေသေးတာပဲ၊ ရုပ်တွေ, နာမ်တွေ ရုပ်နဲ့နာမ်ပဲရှိတယ်၊ ခန္ဓာငါးပါးပဲရှိတယ်လို့ ဗဟုသုတအနေအားဖြင့် မှတ်သားထားတဲ့ပုဂ္ဂိုလ်တွေ၊ စာပေကျမ်းဂန်အနေနဲ့ တတ်သိနားလည် နေတဲ့ ပုဂ္ဂိုလ်တွေ၊ နားလည်ရုံတွင်မကဘူး၊ သူများဟောပြောနေတာ ရှိပါတယ်၊ ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်စေကာမူ မိမိတို့၏ လက်တွေ့ကျတော့ ဒီအတ္တအစွဲကလေးက ပျောက်ခဲတယ်။

အဲဒီပုဂ္ဂိုလ်ကို မေးမယ်ဆိုလို့ရှိယင် ရိုးရိုးသားသားနဲ့ဖြေမယ်ဆိုယင် တော်တော်ကိုပျောက်ခဲပါတယ်၊ မြင်တာကလေးကို ဘယ့်နှယ်အောက်မေ့တုံး၊ မြင်တာကလေး ငါပဲလို့ အောက်မေ့တာပဲ၊ ငါက မြင်တယ်၊ ဒီလိုအောက်မေ့တယ်၊ ကြားတာလေး ဘယ့်နှယ်အောက်မေ့တုံး၊ ငါကကြားတယ်၊ ဒီလိုပဲ အောက်မေ့တယ်၊ နံတာတို့၊ စားတာတို့ အတူတူပါပဲ၊ ထိတာလေးကော ဘယ့်နှယ်အောက်မေ့တုံး၊ ငါပဲတွေ့ထိရာမှာ၊ ကွေးတာတွေ၊ ဆန့်တာတွေ ထိုင်တာ၊ ထတာ သွားတာ၊ လာတာ၊ အကုန်ပါတယ်၊ လက်ကလေးကွေးလိုက်တာက ဘာတုံး၊ ဆန့်လိုက်တာက ဘာတုံး၊ ခြေလှမ်းလိုက်တာက ဘာတုံး၊ ထလိုက်တာက၊ ဘာတုံး၊ ထိုင်လိုက်တာက ဘာတုံး၊ ငါကလုပ်နေတယ်၊ ငါပဲ၊ ဒီလိုစွဲလမ်းနေတယ်၊ ပကတိပုဂ္ဂိုလ်တွေ ဒီအတိုင်းစွဲလမ်းနေတယ်၊ စိတ်ကူးစဉ်းစား ကြံစည်နေတာက ဘာတုံး၊ ငါပဲ၊ ဒီလိုစွဲလမ်းနေတယ်။

အခုတရားသဘောအရနဲ့ ပြောယင်သာ ရှင်းနေတာ၊ ပကတိ စိတ်အနေအထားကတော့ ဒီလိုပဲ စွဲလမ်းနေတာပဲ၊ အဲဒီ အစွဲအလမ်း တော်တော်ကင်းခဲပါတယ်၊ အဲဒီတရားအားထုတ်တဲ့အခါကျမှ နည်းနည်းနေရာကျတယ်၊ တရားအားထုတ်တဲ့အခါမှာ ရုပ်တွေ နာမ်တွေ ဒါတွေကတော့ တော်တော်ကြာမှ ဒါတွေ ပြောရအုံးမယ်၊ ဒါကအရေးကြီးတယ်၊ ရုပ်နာမ်ကလေးတွေ သဘောပေါက်ပြီးတော့ သိလာတဲ့အခါကျတော့ ခုနတုန်းက တို့ စွဲထားတာမဟုတ်ဘူး၊ ရုပ်နာမ်ကလေးမျှပဲ၊ ကိုယ်တွေ့သိတယ်၊ အဲဒီကျမှ ဒီအတ္တဒိဋ္ဌိက တော်တော်လေးကွာသွားတာ၊ ဒါပေမယ့် လုံးလုံးတော့ မကင်းသေးဘူးပေါ့လေ၊ လုံးလုံးကင်းတာကတော့ အရိယမဂ်ဖိုလ်ရောက်မှပဲ ကင်းပါတယ်၊ အဲဒီတော့ ရုပ်နာမ်တရားတွေကို ငါကောင်, သတ္တဝါကောင်, အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်မှတ်ယင် အဲဒါ အတ္တဝါဒဥပါဒါန်၊ ဆိုကြဦးစို့–

ရုပ်နာမ်တရားကိုပင် အသက်ရှင်နေသော ငါကောင်ဟု ထင်မှတ် စွဲလမ်းတာက၊
အတ္တဝါဒဥပါဒါန်။

ရုပ်နာမ်တရား ကိုပင်–ဆိုတာ၊ စာထဲက ရုပ်နာမ်တရား မဟုတ်ဘူးနော်၊ အခုမြင်နေတာ ကြားနေတာတွေ ပြောနေတာ၊ မြင်တာဟာ ရုပ်နာမ်တရားပဲ၊ ကြားတာရုပ်နာမ်တရား၊ တော်တော်ကြာမှ ရှင်းပြောရအုံးမယ်၊ မြင်တာက ရုပ်နာမ်တရား၊

ကြားတာက ရုပ်နာမ်တရား၊ နံတာ စားတာ၊ တွေ့ထိတာ၊ ရုပ်နာမ်တရား၊ အခုယောဂီပုဂ္ဂိုလ်တွေ မှတ်နေရတာတွေ ရုပ်နာမ်တရားတွေ မှတ်နေရတာ၊ ကွေးတာ ဆန့်တာရုပ်နာမ်တရား၊ ထိုင်တာ၊ ထတာ ရုပ်နာမ်တရား၊ ညာလှမ်းတာ ဗယ်လှမ်းတာ ရုပ်နာမ်တရား၊ အကုန်လုံး ရုပ်နာမ်တရားတွေ၊ စိတ်ကူးစဉ်းစားကြံစည်တာ ရုပ်နာမ်တရား၊ ရှုမှတ်နေတာလဲ ရုပ်နာမ်တရားပဲ၊ အဲဒီရုပ်နာမ်တရားတွေကို ငါပဲ အသက်ရှင်နေတဲ့ အကောင်းလေးပဲလို့ ဒီလိုထင်နေတာဟာ အတ္တဒိဋ္ဌိပဲတဲ့၊ အဲဒီ ထင်မှတ်တဲ့ အတိုင်း ခိုင်ခိုင်မြဲမြဲ စွဲလမ်းနေလို့ရှိယင် ဒါ အတ္တဝါဒဥပါဒါန်ခေါ်တယ်။

အတ္တဝါဒဥပါဒါန် တော်တော်ကြာမှ နှင်းပြောရအုံးမယ်၊ အဲဒါ တရားအားထုတ်လို့ ရုပ်နာမ်တရားလေးတွေ သဘောလေးတွေ တကယ်တွေ့လာတဲ့ အခါကျတော့ အတ္တဝါဒဥပါဒါန်ဟာ တော်တော်လေး ကွာသွားတယ်၊ ဝိကွမ္ဘနပဟာန်ခေါ်တယ်၊ လုံးလုံးကင်းတာတော့ မဟုတ်သေးဘူး၊ အရိယမဂ် ရောက်တဲ့အခါကျတော့ လုံးလုံးကင်းတယ်၊ တော်တော်ကြာမှာ ပြောရအုံးမယ်။

ဥပါဒါန် ၂-ခုပြီးသွားပြီ၊ ကာမဥပါဒါန်၊ ကာမုပါဒါန်ရယ်၊ ကာမဥပါဒါန်၊ ကာမုပါဒါန်၊ သူကခေါ်လို့လွယ်ပါတယ်၊ အတ္တဝါဒဥပါဒါန် အတ္တဝါဒုပါဒါန်ဆိုတော့ ဒါက နည်းနည်းဆိုရခက်တယ်၊ သူက ခွဲထားတာကောင်းတယ်၊အတ္တဝါဒဥပါဒါန်။

သီလဗ္ဗတ္ဇုပါဒါန်

နောက်ပြီးတော့ သီလဗ္ဗတုပါဒါန်၊ သီလဗ္ဗတဥပါဒါန်၊ သီလဗ္ဗတ–သီလဆိုတာက ကိုယ်ကျင့်တရားပေါ့လေ၊ ဘာသာပြန်တော့ အလေ့လိုပြန်ထားတယ်၊ ဝတ–က အကျင့်လို့ပြန်တယ်၊ သိဋ္ဌဝတ–သီလဆိုတာ အခု ဆောက်တည်နေတဲ့ သီလမျိုးတွေပါပဲ၊ ခဲခဲယဉ်းယဉ်းကျင့်တဲ့ ဥစ္စာမျိုးတွေကိုတော့ ဝတ–လို့ခေါ်တယ်၊ ကိုယ်ကျင့်တရားအနေနဲ့ ကျင့်တဲ့ဥစ္စာတွေက သီလ၊ ခဲခဲယဉ်းယဉ်း ဆောက်တည်ပြီးတော့ ကျင့်တဲ့ ဥစ္စာတွေကတော့ ဝတခေါ်တယ်၊ အကျင့်တွေ၊ ဒါကြောင့် သီလ အလေ့အကျင့်ဆိုပြီးတော့ ရှေးကပြန်ထားတယ်၊ အလေ့အကျင့်လို့ အလေ့အကျင့်မျှဖြင့် ကောင်းသောအလေ့အကျင့်၊ ကောင်းသောအလေ့၊ ခက်ခက်ခဲခဲ ကျင့်ကြံမှုမျှဖြင့် သံသရာဝဋ္ဋဆင်းရဲက စင်ကြယ်သွားတယ်လို့ ယူဆတဲ့ ဥစ္စာ၊ သီလဗ္ဗတဥပါဒါန်လို့ ခေါ်တယ်။

အဲဒါ မြတ်စွာဘုရားဟောကြားတော်မူတဲ့ အရိယမဂ္ဂင် (၈)ပါး တည်းဟူသော အကျင့်မပါပဲနဲ့ သာမန်သီလမျှ အလေ့အကျင့်မျှနဲ့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်သွားတယ်၊ အိုခြင်း, နာခြင်း, သေခြင်း ကင်းသွားတယ်လို့ ယုံကြည်ယူဆမှုတွေဟူသမျှဟာ သီလဗ္ဗတဥပါဒါန် သီလဗ္ဗတုပါဒါန်လို့ ခေါ်တယ်၊ ဗုဒ္ဓဘာသာ အပြင်ဘက်ကနေပြီးတော့ ယုံကြည်ယူဆထားတဲ့ အကျင့်တွေဟူသမျှဟာ သီလဗ္ဗတဥပါဒါန်တွေပဲ။

ဘာသာတရားတိုင်း ဘာသာတရားတိုင်းမှာ သူတို့ရဲ့ သံသရာက လွတ်မြောက်ရေးတွေ ဆိုတာရှိတယ်၊ ဗုဒ္ဓဘာသာတရားတွေက တရားကျင့်သုံးလို့ရှိယင် နိရောဃစ္စာ မျက်မှောက်ပြုပြီး နိဗ္ဗာန်သိသွားတယ်၊ နိဗ္ဗာန်ဟာ သံသရာက လွတ်မြောက်တဲ့တရားပဲ၊ နိဗ္ဗာန်ရဖို့ တရားဟောတယ်၊ ဗုဒ္ဓဘာသာ တရားကဟောတယ်၊ ဒီပြင်ဘာသာ တွေလဲ သူတို့ဘာသာတွေလဲရှိတာပဲ၊ သူတို့ ဘာသာတွေလဲ သူတို့ သံသရာလမ်းဆုံး မအို, မနာ, မသေဘူး၊ အမြဲတမ်း ချမ်းသာတယ်လို့ ဒီလိုယူဆထားတာရှိတယ်၊ ဘာသာတရားတိုင်းမှာ ရှိတယ်၊ စနစ်တကျဖွဲ့စည်းထားတဲ့ ဘာသာတွေဆိုယင် ပြည့်တော့ ပြည့်စုံတာပေါ့၊ သူ့ဥစ္စာနဲ့သူတော့ တော်ရုံတန်ရုံတော့ ပြည့်စုံတာပဲ၊ အဲဒီ သူတို့လမ်းဆုံးဖြစ်တဲ့ နိဗ္ဗာန်၊ မအို, မနာ, မသေ, အမြဲတမ်းနေရတဲ့ နိဗ္ဗာန်ကိုရောက်အောင် ဘယ်လိုကျင့်ရမလဲဆိုတဲ့ လမ်းစဉ်ကလေးတော့ သူတို့ ရှိတယ်၊ အဲဒီ လမ်းစဉ်ကလေးအတိုင်း ကျင့်လို့ရှိယင် မအို, မနာ, မသေပဲနဲ့ အမြဲတမ်းချမ်းသာတယ်၊ ဒီလို ယုံကြည်ယူဆတာကိုး၊ အဲဒီဥစ္စာသီလဗ္ဗတတွေ ခေါ်တာပဲ။

မြတ်စွာဘုရား လက်ထက်တော်တုန်းက ဂေါသီလဂေါဝတ၊ ကုက္ကုရသီလ ကုက္ကုရဝတဒီလိုရှိတယ်၊ နွားတို့၏ အလေ့အကျင့်တဲ့၊ ခွေးတို့၏ အလေ့အကျင့်တဲ့၊ ဒီလိုကျင့်ရုံနဲ့လဲ သံသရာကလွတ်မြောက်သွားတယ်လို့ ယုံကြည်ယူဆတယ်၊ ဘုရားလက်ထက်တော်တုန်းကရှိတယ်၊ အခုလဲပဲ အိန္ဒိယမှာရှိသေးတယ်လို့တော့ သတင်းကြားတာပဲ၊ သို့သော်လဲ သေသေချာချာတော့ မပြောတတ်ဘူး၊ အဲဒီလို ဘုရားလက်ထက်တုန်းက နွားလိုကျင့်ယင် သံသရာက လွတ်မြောက်တယ်လို့ ဒီလိုယူဆပြီး လူတယောက်က နွားလိုကျင့်တယ်၊ လူတယောက်က ခွေးလိုကျင့်လို့ရှိယင် သံသရာက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆပြီး ခွေးလိုကျင့်တယ်။

နွားလိုကျင့်တယ်ဆိုတော့ နွားလိုလုပ်ရတာပေါ့လေ၊ နွားပုံစံအတိုင်း နွားလေးဘက်သွားသလို လေးဘက်ထောက်သွားတယ်၊ နွားမှာအမြီးရှိတော့ အမြီးလေးလဲ တပ်ရသေးတယ်ဆိုတာကိုး၊ ချိုရှိတော့ ချိုကလေးလဲ တပ်ရသေးတယ်၊ သွားလို့ ရှိယင် လူလို မတ်တတ်ရပ်မသွားဘူး၊ မသွားဘူး၊ နွားလိုပဲ လေးဘက်သွားရတယ်၊ နွားနွားချင်း တွေ့လို့ရှိယင် တကောင်နဲ့ တကောင် ဟိန်းလိုက်၊ ဟောက်လိုက်၊ စောင်လိုက်၊ အဲဒါတွေလဲ လုပ်ရသေးတယ်ဆိုတာကို၊ နွားလိုပဲ အိပ်ရတယ်၊ နွားလိုပဲ

စားရတယ်၊ အဲဒီလိုကျင့်ရတယ်၊ ဒီလိုကျင့်လို့ အောင်မြင်လို့ရှိယင် သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်တယ်လို့ ဒီလိုယူဆတယ်။

ခွေးလိုလဲကျင့်တယ်၊ ခွေးကလဲပဲ လေးဘက်သွားတာပဲ၊ သူလဲ အမြီးရှိတာပဲ၊ ခွေးကလဲပဲ အိပ်လို့ရှိယင် ပြာပုံတို့မှာ အိပ်ရတယ်၊ အိပ်ခါနီးကျလို့ ရှိယင် တပတ်နှစ်ပတ် လှည့်လိုက်ရသေးတယ်၊ ဒီလိုအတိုင်း မအိပ်သေးဘူး၊ အဲဒါတွေ အကုန်လုံး အတုအပလုပ်ရတယ်၊ စားတဲ့အခါကျတော့လဲပဲ မြေကြီးမှာ ပုံပြီးတော့ထားတဲ့ဥစ္စာကို ပါးစပ်နဲ့ဝပ်စားရတာ၊ လက်နဲ့ကိုင်စားရတာ မဟုတ်ဘူး၊ အဲဒီလိုအကျင့်တွေ အကုန်ကျင့်ရတယ်၊ ကျင်ကြီးကျင်ငယ်စွန့်တာ ကစပြီးတော့ပေါ့လေ၊ ခွေးအတုအပတွေ အကုန်လုပ်ရတယ်၊ အဲဒီလို အပြည့်အစုံကျင့်နိုင်လို့ရှိယင် ခွေးအကျင့် အောင်မြင်သွားတာပေါ့။

အဝတ်မဝတ်ပဲနဲ့နေတာတွေလဲပဲ နွားအကျင့်၊ ခွေးအကျင့်တွေပါပဲ၊ နွားတွေ၊ ခွေးတွေ အဝတ်မှမဝတ်ပဲကိုး၊ အဲဒီလိုအကျင့်တွေ ကျင့်ရုံမျှနဲ့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်တယ်လို့လဲ ဒီလိုယူဆတဲ့ဥစ္စာ သီလဗွတဥပါဒါန်တဲ့။

ဘုရားလက်ထက်တုန်းက အဲဒီလိုပဲ နွားအကျင့် ခွေးအကျင့် တကယ်ကျင့်တဲ့ ပုဂ္ဂိုလ်အကြောင်း စာပေကျမ်းဂန်ထဲမှာ တိုက်ရိုက်ပါတယ်၊ ဒါသာမဟုတ်ဘူး၊ ဒိပြင်ကိုးကွယ်မှုအကျင့်တွေလဲ ရှိတယ်၊ ဝါသုဒေဝနတ် ကိုးကွယ်လို့၊ ဘယ်နတ်ကိုးကွယ်လို့၊ ဒီလိုစသည်ဖြင့် ကိုးကွယ်တဲ့အကျင့်တွေလဲ ရှိတယ်၊ တချို့လဲ နွားကိုးကွယ်လို့၊ ဆင်ကိုးကွယ်လို့၊ သစ်ပင်ကိုးကွယ်လို့၊ တောကိုးကွယ်လို့၊ တောင်ကိုးကွယ်လို့၊ ပူဇော်ပသလို့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်သွားတယ်လို့ ယုံကြည်ယူဆပြီးတော့ ဒီလိုကိုးကွယ်မှုတွေလဲပဲ သီလဗွတထဲမှာ ပါတယ်။

အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး တရားမကျင့်ပဲနဲ့ တစုံတခုသော လေ့ကျင့်မှုနဲ့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆမှု၊ စွဲလမ်းမှုတွေဟာ သီလဗွတဥပါဒါန်၊ ဗုဒ္ဓဘာသာအပြင်ဘက်က အဲဒီဟာတွေပဲ။

အဲဒီဥစ္စာကို အဲဒီလိုဟောထားတဲ့ ဘာသာတရားတွေအရနဲ့ လေ့ကျင့်ရတယ်၊ ကောင်းကင်ဘုံကဘုရားကို ကိုးကွယ်ရမယ်၊ ဘုရားစကားတော်ကို နားထောင်ရမယ်၊ ဘုရားစကားကို ယုံကြည်ရမယ်၊ ဘုရားကို အကြွင်းမဲ့ယုံကြည်ပြီးတော့ ကိုးကွယ်လို့ရှိယင် အလုံးစုံသောအပြစ်တွေဟူသမျှ ပယောက်တယ်၊ သေတဲ့အခါကာလ ကျလို့ရှိယင်၊ ဘုရားသခင်ထံရောက်တယ်၊ **မအို, မနာ, မသေနေ**ရတယ်လို့ ဒီလိုယုံကြည်တာကိုး၊ အဲဒီလိုယုံကြည်လို့ အဲဒီလို ဘာသာတွေမှာ သူတို့လိုက်နာပြီးတော့ ကျင့်နေကြတာပဲ၊ အဲဒီလိုယုံကြည်တာဟာ ဘာခေါ်တုံးဆိုတော့ သီလဗွတပရာမာသခေါ်တယ်၊ ဒါသီလဗွတဥပါဒါန်၊ အလေ့အကျင့်မျှနဲ့။

ဒီအထဲ မဂ္ဂင်ရှစ်ပါးတရားမပါဘူး၊ သစ္စာ ၄–ပါးတရားသိမြင်တဲ့ သမ္မာဒိဋ္ဌိမပါဘူး၊ သစ္စာ ၄–ပါးတရားအမှန်အတိုင်းကြံစည်မိတာမပါဘူး၊ သမ္မာသတိမှန်စွာအမှတ်ရတဲ့ သတိမပါဘူး၊ သမ္မာဝါယာမ–မှန်စွာအားထုတ်ရတာမပါဘူး၊ သမ္မာသမာဓိ–အမှန်အတိုင်း စူးစိုက်တည်ကြည်တဲ့ သမာဓိမပါဘူး၊ သမ္မာဝါစာ–မှန်စွာပြောဆိုခြင်း မပါဘူး၊ သမ္မာကမ္မန္တ–မှန်စွာပြုလုပ်ခြင်း၊ မကောင်းမှုကာယကံတွေမှ ကြဉ်ရှောင်ခြင်း၊ သမ္မာအာဇီဝ–မှန်စွာအသက်မွေးခြင်း၊ မတရားအသက်မွေးမှုမှ ကြဉ်ရှောင်ခြင်းဆိုတဲ့ အဲဒီသီလမဂ္ဂင်တွေလဲ သူ့ထဲမှာမပါဘူး၊ ဘာမှမပါဘူး၊ မဂ္ဂင် ၈–ပါးတရားတွေမပါပဲနဲ့ အလေ့အကျင့်လေးလုပ်ရုံနဲ့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆထားတာ၊ ဗုဒ္ဓဘာသာအပြင်ဘက်ကနေပြီး သံသရာလွတ်မြောက်ရေးဖြစ်တဲ့ ဘာသာရေးတရားတွေ ယုံကြည်ယူဆတာတွေဟာ သီလဗွတတွေချည်းပဲ၊ အဲဒီသီလဗွတဥပါဒါန်၊ မဂ္ဂင်ရှစ်ပါးမပါပဲနဲ့၊ မဂ္ဂင် ၈–ပါးမပါပဲ သာမန်အလေ့အကျင့်မျှဖြင့် သံသရာက လွတ်မြောက်သည်ဟု ယုံကြည်ယူဆစွဲလမ်းတာက သီလဗွတဥပါဒါန်ဆိုရမယ်။

> မဂ္ဂင်ရှစ်ပါးမပါပဲ သာမန်အလေ့အကျင့်မျှဖြင့် သံသရာမှလွတ်မြောက်ပြီဟု ယုံကြည်ယူဆစွဲလမ်းတာက သီလဗွတဥပါဒါန်။

အဲဒီ မဂ္ဂင် ၈–ပါး မပါပဲ ဆိုတာကလေးကတော့ ယုံကြည်တဲ့ ယူဆတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ကူးထဲမှာ ဒီလိုတော့မပါဘူးပေါ့၊ မဂ္ဂင် ၈–ပါးမပါပဲနဲ့ သံသရာက လွတ်မြောက်တယ်လို့ ဒီလိုအပြောအဆိုတော့ မပါဘူး၊ ဒီလို စဉ်းစားမှုတော့ မပါပါဘူး၊ ဒါပေမယ့် အဲဒါလေးက သဘောပေါက်အောင်လို့ ထည့်ရတာ၊ သာမန်အလေ့အကျင့် မျှဖြင့်ဆိုတာ အလေ့အကျင့်ဆိုတာက မဂ္ဂင် ၈–ပါးပါတဲ့၊ အလေ့အကျင့်တွေလဲရှိတယ်၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးမပါတဲ့ အလေ့အကျင့်ပေါ်အောင်လို့ ဒါလေးဝိသေသနထည့်ရတာ။

သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည် ယူဆတာတွေ၊ အဲဒီလိုဟာမျိုးတွေကို သီလဗွတဥပါဒါန်တဲ့။

ဒိဋ္ဌဥပါဒါန်

အဲဒီတော့ ဥပါဒါန် ၃–ခုပြီးသွားပြီ၊ ဒိဋ္ဌဥပါဒါန်တခု ကျန်တယ်၊ ခုနက အတ္တဝါဒဥပါဒါန်ကလဲ ဒိဋ္ဌပဲ၊ သီလဗ္ဗတ ကတော့ သံသရာလွတ်မြောက်ရေး ဘာသာရေးတရားနဲ့ စပ်ပြီးတော့ ယုံကြည်ပြီး စွဲလမ်းတာကိုး၊ သူလဲဒိဋ္ဌတမျိုးပဲ၊ သံသရာ လွတ်မြောက်ရေးမဟုတ်ပဲနဲ့ သံသရာက လွတ်တယ်လို့ ယုံကြည်ယူဆတာ၊ ကျန်တဲ့ ဒိဋ္ဌတွေ ဟူသမျှ အကုန်လုံး ဒိဋ္ဌဥပါဒါန် ခေါ်တယ်၊ ဒိဋ္ဌဥပါဒန်၊ သူ့ကိုတော့ ဘယ်ဥစ္စာရယ်လို့ မယ်မယ်ရရပြောဖို့ရာတော့ မရှိဘူး၊ ဒိဋ္ဌဟူသမျှတွေ အတ္တဝါဒ၊ အတ္တ အစွဲအလမ်းမှတပါး ဒါပြင်းဒိဋ္ဌတွေဟူသမျှ အကုန်လုံးပဲ၊ ကုသိုလ်ကံမရှိ၊ အကုသိုလ်ကံမရှိ နောင်တမလွန် ဘဝမရှိ စသည်ဖြင့် ယုံကြည်ယူဆတဲ့ ဒိဋ္ဌတွေလဲ ရှိတယ်၊ ဟိုဘဝ၊ ဒီဘဝ အမြဲတမ်း မပျောက်မပျက်ပဲနဲ့ တည်မြဲပြီးတော့နေတဲ့ အတ္တကောင် ရှိတယ်လို့ ဒီလိုယူဆတဲ့ သဿကဒိဋ္ဌလဲ ရှိတယ်၊ သေပြီးတဲ့အခါ ဘာမှမရှိတော့ဘူး၊ ပျောက်သွားတာပဲလို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌလဲ ရှိတယ်၊ အဲဒီ မှားယွင်းသော ဒိဋ္ဌအစွဲအလမ်းတွေဟူသမျှဟာ ဒိဋ္ဌဥပါဒါန်၊ ဒီဥစ္စာက သူတော့ လွယ်လွယ်ပဲ လုပ်ရမယ်၊ ဟိုဟာတွေ နုတ်လိုက်လို့ရှိယင် လွယ်ပါတယ်၊ သက္ကာယဒိဋ္ဌအနေဖြင့် စွဲလမ်းတာကို နုတ်လိုက်၊ ဘာသာရေး တရားအနေနဲ့ စွဲလမ်းတာကိုနုတ်လိုက်၊ ကျန်တဲ့ မှားယွင်းသော အယူအဆအစွဲအလမ်းတွေ ဟူသမျှဟာ ဒိဋ္ဌဥပါဒါန်ဆိုရမယ်။

အတ္တဒိဋ္ဌ၊ သီလဗ္ဗတဒိဋ္ဌမှတပါး၊ မှားယွင်းသောအယူအဆ၊ စွဲလမ်းမှု ဟူသမျှက ဒိဋ္ဌဥပါဒါန်၊ ဒီလို ဥပါဒါန်တရား ၄–ပါးစုံသွားပါပြီ။

ဥပါဒါန် ၂–မျိုး

အဲဒါ အကျဉ်းချုပ်လိုက်ယင် ကာမုပါဒါန်ဆိုတာက တဏှာသာယာနှစ်သက်မှု၊ သာယာပြီး စွဲလမ်းတာ၊ ဒိဋ္ဌဥပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတာက အကျဉ်းချုပ်လိုက်ယင် ဒိဋ္ဌချည်းတည်းပဲ၊ အထင်လွဲပြီး အယူမှားပြီး စွဲလမ်းတာ၊ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ အထင်လွဲပြီးတော့ စွဲလမ်းတာနဲ့ သာယာပြီးတော့ စွဲလမ်းတာ ၂–မျိုး ဥပါဒါန်ဟူ၍ခေါ်သည်၊ အထင်လွဲပြီး စွဲလမ်းတာက ဒိဋ္ဌဥပါဒါန်၊ ခုနက ဒိဋ္ဌ ၃–မျိုးပေါ့၊ သာယာနှစ်သက်ပြီး စွဲလမ်းတာက ကာမဥပါဒါန်၊ အဲဒီ ဥပါဒါန် ၂–မျိုးကို ခုနက ဒိဋ္ဌ ဥပါဒါန် ၂–ပါးကို တိုတိုမှတ်ရအောင်လို့ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်" လို့ ဆောင်ပုဒ်ပေးထားတယ် ဆိုရမယ်။

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

ထင်လွဲပြီးတော့ စွဲလမ်းတာက ဒိဋ္ဌဥပါဒါန်၊ သာယာနှစ်သက်ပြီး စွဲလမ်းတာက ကာမဥပါဒါန်၊ အကျဉ်းချုပ်တော့ ဒါ ၂–ခုပါပဲ။

ဥပါဒါနက္ခန္ဓာ

အဲဒီလို စွဲလမ်းနိုင်တဲ့ တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဥပါဒါန်၏ အာရုံဖြစ်တယ်၊ စွဲလမ်းမှုရဲ့ အာရုံဖြစ်လို့ စွဲလမ်းမှု လက်လှမ်းမိတဲ့ တရားတွေပါပဲ၊ "ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ်ပေးထားတယ်၊ ဥပါဒါ နက္ခန္ဓာဆိုတာ ဘာတုံးလို့ဆိုယင် အဲဒီလို ငါဆိုပြီး စွဲလမ်းနိုင်တာ၊ ငါဆိုပြီး စွဲလမ်းတာဟာ ဒိဋ္ဌဥပါဒါနက္ခန္ဓာပဲ၊ အတ္တဝါဒ ဥပါဒါန်ထဲကပဲ၊ သူက အရင်းခံပါပဲ၊ အတ္တဝါဒဥပါဒါန် ရှိယင် သီလဗ္ဗတဥပါဒါန်လဲ ဖြစ်နိုင်တယ်၊ အတ္တဒိဋ္ဌဥပါဒါန်တွေ အကုန်လုံးဖြစ်နိုင်တယ်၊ သူကအရင်းခံပဲ၊ သက္ကာယဒိဋ္ဌ၊ ဒါကြောင့် အရင်းခံကိုယူပြီးတော့ ဒီမှာ ဆောင်ပုဒ်ပေးထားတယ်၊ ငါ ငါ့ဥစ္စာ၊ ငါဟူ၍ စွဲလမ်းနိုင်တဲ့တရားတွေ၊ ငါ့ဥစ္စာဟူ၍ စွဲလမ်းနိုင်တဲ့ တရားတွေ၊ အဲဒါတွေဟာ ဥပါဒါနက္ခန္ဓာဟူ၍ခေါ်သည်၊ ဆိုရမယ်။

ငါ ငါ့ဥစ္စာ၊ စွဲကိုင်တာ၊ ဥပါဒါနက္ခန်။

ငါအနေအားဖြင့် စွဲနေတာလဲ ဥပါဒါနက္ခန္ဓာပဲတဲ့၊ ငါ့ဥစ္စာအနေအားဖြင့် သာပြီးစွဲနိုင်တာ၊ ဥပါဒါနက္ခန္ဓာ၊ ငါအနေအား ဖြင့် စွဲတယ်ဆိုတာ ဒိဋ္ဌနဲ့ စွဲလမ်းတာပဲ၊ ငါ့ဥစ္စာအနေအားဖြင့် စွဲလမ်းတယ်ဆိုတာ တဏှာနဲ့ သာယာပြီးတော့ စွဲလမ်းတာ၊ အဲဒီလို စွဲလမ်းနိုင်တဲ့ တရားတွေဟူသမျှ စွဲလမ်းမှု၏ လက်လှမ်းမီတဲ့ တရားတွေဟူသမျှဟာ ဥပါဒါန်ရဲ့ အာရုံတွေပဲ၊ ဥပါဒါ နက္ခန္ဓာတွေ၊ အဲဒါတွေဟာ ဘာတွေတုံးဆိုတော့ "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်" ဥပါဒါနက္ခန္ဓာတရားတွေက ဘယ်နှစ်ခု ရှိတုံးဆိုတော့ ငါးခုရှိတယ်၊ ငါးခုက ဘာလဲဆိုယင် "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်" ဆိုရမယ်။

ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

ရုပ်ဆိုတာ ရူပက္ခန္ဓာ၊ ပါဠိလိုက ရူပက္ခန္ဓ၊ ဗမာလို ရူပက္ခန္ဓာလို့ ခန္ဓကို ခန္ဓာလို့ ဒါလောက်ကလေး ပြင်ပြီးတော့ ပြောတယ်၊ ဒါတွေက ဘာလဲ၊ ရုပ်တရားရဲ့ ရုပ်ခန္ဓာက တပါး၊ ဝေဒနာကို ဝေဒနာက္ခန္ဓာက တပါး၊ သညာတဲ့၊ သညာက္ခန္ဓာက တပါး၊ သင်္ခါရာ–သင်္ခါရက္ခန္ဓာက တပါး၊ သင်္ခါရတရားတွေ၊ သင်္ခါရပေမယ့် ဒီသင်္ခါရက တမျိုး၊ သဗ္ဗေသင်္ခါရာ မဟုတ်ဘူး၊ ဒီသင်္ခါရက ဒါက ပြုပြင်တတ်တဲ့သင်္ခါရတွေ၊ ဟိုက သဗ္ဗေသင်္ခါရကတော့ ပြုပြင်အပ်တဲ့သင်္ခါရတွေ၊ ဒီသင်္ခါရက ပြုပြင်တတ်တဲ့ သင်္ခါရ၊ ဝိညာတဲ့၊ ဝိညာက ဝိညာဉ်၊ ဝိညာဏဆိုအောင် မထည့်နိုင်တော့ ဗမာလက််လဲ ချောအောင် ဆိုတော့ ဝိညာတွင် ရပ်ထားရတယ်၊ ဝိညာဏ–ဝိညာဏ်ခေါ်တဲ့ ဝိညာဉ်ဆိုတာ စိတ်ပါပဲ၊ တနေ့က ပြောခဲ့ပြီ၊ သူက တပါးပေါ့၊ အဲဒီ ခန္ဓာငါးပါး၊ "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်" ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ ဒီတရားတွေပဲ။

သူသတ်ပမာ ငါးခန္ဓာ

ဒီတရားတွေဟာ ငါဟူ၍လဲ စွဲလမ်းနိုင်တယ်၊ ငါ၏ ဥစ္စာအနေအားဖြင့်လဲ သာယာပြီးတော့ အဲဒီလို စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေဟာ သူသတ်ယောကျ်ားကြီး ၅–ယောက်ပဲတဲ့၊ ဒါ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ အသီးအသီး ဒီခန္ဓာငါးပါးတရားတွေ ရှိနေကြတယ်၊ သူသတ်ယောကျ်ားကြီးတွေတဲ့၊ ကိုယ်ထဲမှာ သူသတ် သမားတွေ လက်ခံထားကြတယ်၊ သူသတ်သမားကြီးငါးဦး ကိုယ့်ကိုယ်ထဲ ရောက်နေတယ်၊ တကယ့်ရန်သူကြီးတွေ၊ ကိုယ့်ကိုယ်ထဲ ရောက်နေတာ ရောက်မှန်း မသိဘူး၊ မိတ်ဆွေတွေ အောက်မေ့ပြီး လက်ခံထားတာ။

ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုယင် လူတယောက်ဟာ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်ကို သတ်ဖို့ရာကြံစည်တယ်တဲ့၊ ဒါပေမယ် လို့ အဲဒီ သူမုန်းတဲ့ပုဂ္ဂိုလ်က အခြွေအရံတွေနဲ့ အစောင့်အရှောက်တွေနဲ့ အစစအရာရာပြည့်စုံနေတော့ သတ်ဖို့ရာမလွယ်ဘူးတဲ့၊ ထင်ထင်ရှားရှားသတ်ဖို့ရာ မလွယ်ဘူး၊ ပူးပေါင်းပြီး သတ်မှပဲလို့ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်က အဲဒီ ပုဂ္ဂိုလ်ထံသွားပြီးတော့ ခစား တယ်တဲ့၊ အသင့်ထံမှာဝတ်ကြီး ဝတ်ငယ် ပြုချင်ပါတယ်ဆိုပြီး ရင်းရင်းနှီးနှီးဖြစ်အောင်လို့ အမှုကိစ္စတွေမှာ ဆောင်ရွက်ဖို့ရာ သူ့ဆီသွားပြီး အခွင့်တောင်းတယ်၊ အခုကာလမှာဆိုယင် သူ့ဆီမှာသွားပြီး အလုပ်တောင်းတယ်၊ ဘာပဲပေးပေး ပေးတဲ့အလုပ် ကျွန်တော်လုပ်ချင်ပါတယ်၊ ခင်ဗျားမှီပြီးသကာလ အသက်မွေးချင်ပါတယ် ဆရာကြီး၊ ကျွန်တော့်ကို အလုပ်ကလေး ပေးပါအုံး ဆိုပြီးတော့ ရင်းရင်းနှီးနှီး တခါတည်း ဆောင်ရွက်ရအောင်လို့ အဲဒီမှာ အပြောကောင်းကောင်းနဲ့ ချိုချိုသာသာနဲ့ပြောတော့ လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်က လူကောင်းပဲမှတ်ပြီးတော့ သူ့ကို ရင်းရင်းနှီးနှီးအလုပ်တွေပေးတယ်၊ တာဝန်တွေပေးတယ်၊ အလုပ်တွေ တာဝန်တွေပေးတော့ သူကလဲပဲ ကျေကျေပွန်ပွန်ဆောင်ရွက်တယ်၊ ကျေနပ်အောင်လို့ လုပ်ရတာပေါ့လေ၊ အခွင့်ရအောင် ရိုးရိုး သားသားနဲ့ ဖြောင့်ဖြောင့်မတ်မတ်နဲ့ မခိုမကပ် မျက်မှောက်ရောမျက်ကွယ်ရော သူ့အမှုကိစ္စတွေကို ပြီးပြတ်အောင်လို့ ပြည့်စုံ အောင်လို့ ကောင်းကောင်းဆောင်ရွက်ပြီး ပေးတယ်တဲ့၊ ကောင်းကောင်းဆောင်ရွက်ပေးတော့ လူကြီးဖြစ်တဲ့ ပုဂ္ဂိုလ်က ဘယ့်နှယ်အောက်မေ့လဲဆိုတော့ ညော်–ဒီလူတော့ လူကောင်းပဲ၊ ငါ့မိတ်ဆွေပဲ၊ အင်မတန် ကောင်းတဲ့မိတ်ဆွေပဲ၊ ငါ့အကျိုး စီးပွားတွေ လိုလားတဲ့မိတ်ဆွေပဲဆိုပြီး အင်မတန် ရင်းရင်းနှီးနှီး အာရုံပြုတယ်တဲ့၊ ချီးမြှောက်လဲ ထားတယ်တဲ့။

နောက်တနေ့ တချိန်ကျတဲ့အခါကျတော့ ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်က ဒီအချိန် ဒီအခါကာလတော့ဖြင့်ယင် သတ်နိုင်တဲ့ အချိန်ပဲဆိုပြီးတော့ အဲဒီပုဂ္ဂိုလ်ကို တောစခန်းမှာဖြစ်စေ၊ သင့်တော်တဲ့ တနေရာမှာဖြစ်စေ၊ အိမ်တခုထဲ တနေရာထဲမှာ အတူတူ ၂–ယောက်ထဲနေရတဲ့ အခါအခွင့်ရတာပေါ့လေ၊ အဲဒီလိုနေရာမှာ တခြားသောပုဂ္ဂိုလ်တွေ ကူညီမယ့်ပုဂ္ဂိုလ်မရှိဘူး၊ သက်သေ သက္ခာယလဲမရှိဘူး၊ ဒီလူတော့ဖြင့် ငါသတ်မှတော်မှာပဲဆိုပြီးတော့ အိပ်ပျော်နေတုန်းပဲ ဖြစ်ဖြစ်ပေါ့လေ၊ အမှုမဲ့အမှတ်မဲ့ နေတုန်းပဲ ဖြစ်ဖြစ် သတ်လိုက်ပါတယ်တဲ့၊ သတ်လိုက်တော့ သေရတာပေါ့။

အဲဒီလို အသတ်ခံရတဲ့ပုဂ္ဂိုလ်နဲ့ သတ်တဲ့ပုဂ္ဂိုလ် ၂–ဦးရှိတယ်၊ အသတ်ခံရတဲ့ ပုဂ္ဂိုလ်က လူကောင်း၊ သတ်တဲ့ပုဂ္ဂိုလ်က လူဆိုး၊ အသတ်ခံရတဲ့ပုဂ္ဂိုလ်က သတ်တဲ့လူဆိုးကို စောစောက သူလက်ခံတယ်၊ ရင်းရင်းနှီးနှီးနဲ့ ခင်ခင်မင်မင်နဲ့ လက်ခံတယ်၊ သူကလဲပဲ အသတ်ခံရတဲ့ပုဂ္ဂိုလ်ရဲ့ အကျိုးကိစ္စတွေကို သူဆောင်ရွက်ခဲ့တယ်၊ အဲဒီလို ရင်းရင်းနှီးနှီးနဲ့ ဆောင်ရွက်ပြီးတော့ နေတုန်းကလဲပဲ ရန်သူပါပဲတဲ့၊ သူသတ်သမားပဲ၊ အချိန်မကျသေးလို့ မသတ်တာပဲ၊ သတ်ဖို့ရာ တမင်တကာလာတာကို၊ စောစောက အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေအဖြစ်နဲ့ အာရုံပြုပြီးတော့ စောင့်ရှောက်ကျွေးမွေးပြုစုပြီး ထားပြန်တုန်းကလဲပဲ ဒီလူ ဟာ လူဆိုးပဲတဲ့၊ လူသတ်သမားပါတဲ့၊ နောက်အခွင့်ရလို့ သတ်လိုက်တဲ့ အချိန်ကာလကလဲ သူသတ်သမားပဲတဲ့၊ အတူတူပါပဲ တဲ့။

ကိုယ့်ဘဝ ကိုယ်သာယာ

အဲဒါလိုပါပဲ၊ အခု ပုဂ္ဂိုလ်တိုင်း၏သန္တာန်မှာ အသီးအသီးရှိပြီးတော့ နေကြတဲ့ ခန္ဓာငါးပါးတရားတွေဟာ သူသတ်သမားတွေတဲ့၊ ဒါတွေဟာ ဇဋိသန္ဓေရကတည်းကစပြီးတော့ ခန္ဓာငါးပါး စပြီးရလာကြတယ်၊ ပဋိသန္ဓေတုန်းကတော့ မသိသေးဘူးပေါ့လေ၊ ဒါပေမယ့် မသိပေမယ့် သာယာမှုတွေ ရှိတယ်၊ ကိုယ့်ကိုယ်ကိုတော့ သာယာတယ်၊ ကျမ်းဂန်တွေအနေအားဖြင့် ပြောရမယ်ဆိုလို့ရှိယင် ပထမဆုံး စဉ်းစားစိတ်ကူး စဉ်ကတည်းက ကိုယ့်ကိုယ်ကို သာယာတဲ့ စိတ်ကလေးက စဖြစ်တယ်၊ ဘဝနိကန္တိကလောဘဇောလဲ ခေါ်တယ်။

ရှေးဘဝက ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ယခု ဘဝ အသစ် ပဋိသန္ဓေစိတ်ကလေး ဖြစ်လာတယ်၊ ရှေးက ပြုခဲ့တဲ့ ကံကိုအာရုံပြုပြီး ဂတိနိမိတ်ကို အာရုံပြု၍ဖြစ်စေ၊ ရှေးဦးစွာ စိတ်ကလေး ဖြစ်တယ်၊ အဲဒါ ပဋိသန္ဓေစိတ် ခေါ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ် ပြီးတော့လဲပဲ အလားတူစိတ်တွေ ဆက်ပြီးတော့ ဖြစ်တယ်၊ ဘဝင်စိတ်တွေခေါ်တယ်၊ ဒါတွေကတော့ စဉ်းစားတဲ့ ကြံစည်တဲ့ စိတ်တွေမဟုတ်သေးဘူး၊ ဒါကတော့ အိပ်ပျော်နေတဲ့ အခါဖြစ်တဲ့ စိတ်မျိုးနဲ့ တူတယ်၊ အိပ်မောကျပြီးတော့ ကောင်းကောင်းမွန်မွန် အိပ်ပျော်နေတဲ့အခါ ဘာမှမသိဘူး၊ အဲဒီစိတ်မျိုးတွေကို ဘဝင်စိတ်တွေခေါ်တယ်၊ နောက်အဲဒီဘဝင်စိတ်တွေက တဆယ့်ခြောက်ကြိမ်ဖြစ်ပြီးတော့ ဒီဘဝင်စိတ်ပြတ်သွားတယ်ဆိုယင် ရှေးဦးစွာစဉ်းစားတဲ့စိတ် ဖြစ်လာတယ်၊ စဉ်းစားတော့ ဘယ်လိုစဉ်းစားတုံး၊ ကိုယ့်ကိုယ်လေးစဉ်းစားတယ်၊ မနောဒွါရဝဇ္ဇန်းနဲ့ မနောဒွါရထဲမှာ စိတ်ကူးစိတ်ကလေး ကိုယ့်ကိုယ်ကို စဉ်းစားတယ်၊ ဘယ်ရောက်နေပါလိမ့်၊ ဘာပါလိမ့်၊ ကိုယ့်ကိုယ်ကို တခါတည်းစဉ်းစားတဲ့ စိတ်ကလေး၊ ပနောဒွါရဝဇ္ဇန်း စိတ်ကလေးဖြစ်ပြီးတာနဲ့ ကိုယ့်ကိုယ်ကို သာယာတဲ့စိတ်ကလေးဖြစ်တယ်၊ ဘဝနိကန္တိကလောဘဇော ၇–ကြိမ်ဖြစ်တယ်တဲ့၊ ပြီးတော့ တဒါရုံ ၂–ကြိမ် ဖြစ်တယ်၊ ပြီးတော့ကို ဘဝင်ကျသွားတယ်၊ အဲဒီကစပြီး ကိုယ့်ကိုယ်ကိုသာယာလာတာ၊ ပထမဦးစွာ ကိုယ့်ကိုယ်ကို သာယာတာဘယ်ဘဝပဲဖြစ်ဖြစ်၊ ဒီလိုချည်းထဲပဲ။

အပါယ် ၄–ဘုံဖြစ်လဲ ကိုယ့်ဘဝကလေးနဲ့ကိုယ် သာယာတာပဲ၊ ငရဲကျယင် ငရဲမှန်းဘာမှန်း ဘယ်သိလိမ့်မှာတုံး၊ ဖြစ်ခါစကတော့ ကိုယ့်ကိုယ်ကလေးတော့ သာယာတာပဲ၊ ပဋိသန္ဓေလဲ သာယာတာပဲ၊ ပြိတ္တာဖြစ်လဲ သာယာတာပဲ၊ ကိုယ့်ဟာနဲ့ ကိုယ် လူဖြစ်တဲ့အခါလဲ သာယာတာပဲ၊ နတ်ဖြစ်တဲ့အခါလဲ သာယာတာပဲ၊ ဗြဟ္မာဖြစ်တဲ့အခါလဲ ဗြဟ္မာဘဝတွေကို သာယာတာပဲ၊ အဲဒီလို မသာယာတဲ့ ဘဝတခုပဲရှိတယ်၊ အသညသတ်ဘုံဆိုတာ စိတ်မရှိလို့ သူတခုပဲ သာယာစရာမရှိဘူး၊ ဘဝနိကန္တိကလောဘဇော မတွေ့ရဘူး၊ ဒိပြင် ဘုံဘဝတွေမှာလဲ ဖြစ်တိုင်း ဖြစ်တိုင်း ကိုယ့်ဘဝကလေးနဲ့ကိုယ် စစချင်းသာယာတာ၊ နောက်လဲ သာယာတာပဲ၊ ကိုယ့်ကိုယ်ကလေးနဲ့ ကိုယ်ကတော့ သာယာနေတာပဲ၊ အဲဒီတော့ ကိုယ့်ဘဝကိုယ်ခန္ဓာကလေးတွေနဲ့ စောစောကတည်းက သာယာနေတာတွေ ခုနက ရန်သူကို လက်ခံပြီးတော့ သာယာနေတာနဲ့တူတယ်တဲ့။

အထူးအားဖြင့်တော့ တော်တော်လေး သိတတ်လာတဲ့ အခါကျတော့မှ နှစ်သက်သာယာမှုများလာပါတယ်၊ တော်တော်လေးကြီးပြင်းလာလို့ တော်တော်သိတတ်လာပြီဆိုတဲ့အခါမှာ အဲဒီအခါမှာ သာယာမှုများတယ်၊ ပျိုပျိုရွယ်ရွယ်ဖြစ်လာတဲ့အခါကျတော့ ပိုပြီးသာယာတာပေါ့လေ၊ ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ ကိုယ့်ရုပ်အဆင်းကလေးကြည့်ပြီးတော့လဲ သာယာလိုက်၊ ကိုယ့်အသံကလေးသာယာလိုက်၊ ကိုယ့်ကိုယ်ရဲ့အခြေအနေကလေးကြည့်ပြီး သာယာလိုက်၊ အသားအရေကလေးတွေ စမ်းသပ်ပြီးတော့လဲ သာယာတာ။

ပထဝီဓာတ်တွေ ခက်မာကြမ်းတမ်းတဲ့ သဘော နူးညံ့တဲ့ သဘောတွေ၊ ချောညက်တဲ့သဘောတွေ သာယာတာ ရှိတာပေါ့လေ၊ လက်ထဲကဖြစ်ဖြစ်၊ ခြေထဲကဖြစ်ဖြစ်၊ ကိုယ်ထဲကဖြစ်ဖြစ် သာယာနေတာပဲ၊ စိုစိုပြေပြေဖြစ်ပြီးတော့ နေတဲ့သဘောတွေ၊ အာပေါဓာတ်တွေ၊ အာပေါဓာတ်တွေ စိုစိုပြေပြေဖြစ်ပြီးတော့ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေတာတွေကို သာယာနေတယ်၊ ဝါယောဓာတ်တွေ တောင့်တောင့်တင်းတင်းနဲ့ ကွေးလိုက်ဆန့်လိုက်၊ ထိုင်လိုက်ထလိုက်၊ သွားလိုက်လာလိုက်၊ လှုပ်ရှားလိုက်၊ ဒါတွေကို သာယာနေတယ်၊ တေဇောဓာတ်တွေ ကိုယ်ထဲက အခိုးအငွေ့ကလေးတွေ အဲဒါကလေးတွေ ကောင်းတာလေးတွေ သာယာနေတယ်၊ ပေါ့ပေါ့ပါးပါးဖြစ်နေတာတွေ သာယာတယ်၊ မျက်စိကြည်ကြည်လင်လင်ရှိလို့ သာယာတယ်၊နားကြည်ကြည်လင်လင်ကောင်းလို့ သာယာတယ်၊ နှာခေါင်းကောင်းလို့ သာယာတယ်၊ လျှာကောင်းလို့ သာယာတယ်၊ ကိုယ်ကလဲပဲ အသားအတွေ့တွေကောင်းလို့ သာယာတယ်၊ စိတ်ကူးစဉ်းစားကြံစည်ပြီးတော့နေတဲ့ အသိတွေလဲသာယာတယ်၊ အကုန်လုံးလျှောက် သာယာနေတာ၊ ခန္ဓာငါးပါးတွေ ကိုယ့်သန္တာန်မှာရှိတဲ့ တရားတွေကို သာယာနေကြတာပဲ၊ အကုန်လုံးသာယာနေတာ၊ ဘေးက ပုဂ္ဂိုလ်အနေအားဖြင့် ရွံစရာစက်ဆုတ်စရာဖြစ်နေပေမယ့် သူ့ကိုယ်သူကတော့ သာယာနေတာပဲ၊ သာယာစရာတွေဖြစ်နေတယ်၊ အဲဒါ ခန္ဓာငါးပါး သူသတ်တရားတွေကို မိတ်ဆွေမှတ်ပြီးတော့ လက်ခံနေကြ၊ သာယာနေကြတာတဲ့။

ခန္ဓာငါးဖြာသာယာနေကြခြင်း

တနေ့က မြွေကြီး ၄-ကောင်တုန်းကလဲပဲ မြွေကြီးတွေကို အကောင်းမှတ်ပြီးတော့ သာယာနေတာကို အခုခန္ဓာငါးပါး တရားတွေလဲပဲ သာယာနေကြတာ၊ ခန္ဓာငါးပါးတရားတွေ ရုပ်ကိုယ်ကြီးတခုလုံး၊ ကိုယ့်ကိုယ်ထဲမှာ ရှိတဲ့ ရုပ်ကိုယ်ကြီး တခုလုံးဟာ ဘယ်အစိတ်အပိုင်းဖြစ်ဖြစ် သူဟာ အသုံးကျတာလေးတွေပဲ၊ ကိုယ်ထဲမှာ ဖြစ်နေတဲ့အခါမှာ အသုံးကျတယ်၊ ကိုယ်မှာပေါက်နေတဲ့ အမွေးအမျှင်ကလေး တခုပဲဖြစ်ဖြစ် အသုံးကျနေတာပဲ၊ သူများက နုတ်ပြီးယူသွားမယ်ဆိုယင် တယ်ပြီး မကြိုက်ပေဘူး၊ လက်မခံနိုင်ပေဘူး၊ မျက်ခုံးမွေးပဲဖြစ်ဖြစ်၊ နှုတ်ခမ်းမွေးဖြစ်ဖြစ်၊ အမွေးအမျှင်ကလေးတခုပေမယ်လို့ သူများက နုတ်ယူမယ်ဆိုယင် မကြိုက်ဘူး၊ သူများက ဒါတွေ မီးနဲ့ရှို့မယ်ဆိုယင် ဘယ်ကြိုက်လိမ့်မှာတုန်း၊ သာယာနေတယ်၊ သဘောကျ နေတယ်၊ ကိုယ့်ကိုယ်ထဲက ရုပ်တွေ အကုန်လုံး သာယာတယ်။

နာမ်တရားတွေတဲ့၊ ဝေဒနာခံစားမှုတွေ သာယာတယ်၊ သညာ မှတ်သားမှုတွေ သာယာတယ်၊ ဝိညာဉ်သိမှုတွေ သာယာတယ်၊ သခ်ါရခေါ်တဲ့ ပြုပြင်အားထုတ်မှုတွေ၊ ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာ အောင်, မြင်အောင်, ကြားအောင် စသည်ဖြင့် ပြုပြင်အားထုတ်မှုတွေ၊ အဲဒါတွေ သခ်ါရတရားတွေခေါ်တယ်၊ အဲဒါတွေကို သာယာနေတယ်၊ အဲဒါတွေ အချိုးအစား ကျနေတဲ့အခါကာလဆိုယင် ဒါလေးတွေဟာ ကိုယ်မိတ်ဆွေလေးအနေအားဖြင့်ပဲ အားကိုးကြတယ်၊ ကိုယ့်သန္တာန်က ရုပ်ကြီးလဲ အားကိုးရတယ်၊ ဒီရုပ်ရှိလို့ပဲ၊ ဒီရုပ်ရှိတဲ့အတွက်ပဲ၊ ဒီလို အာရုံကလေးတွေ ခံစားရတယ်၊ မျက်စိကလေးရှိလို့ ကြည့်ချင်တာတွေ ကြည့်ရတယ်၊ နားရှိလို့ ကြားချင်တာလေးတွေ ကြားရတယ် စသည်ဖြင့် ကိုယ့်သန္တာန်က ရုပ်တွေအကုန်လုံး သူ့အစိတ်အပိုင်းနဲ့သူ အသုံးကျပြီး မိတ်ဆွေတွေဖြစ်နေတယ်၊ အင်မတန် ရင်းရင်းနှီးနှီးဖြစ် နေတယ်၊ ဒါတွေကို အင်မတန်သာယာပြီး သဘောကျပြီးတော့ နေတယ်။

ခုနက ရန်သူ သူသတ်သမားကိုယ့်အိမ်ရောက်လာတာကို မိတ်ဆွေမှတ်ပြီးတော့ လက်ခံထားတာနဲ့ တူတယ်၊ နေရာ ကောင်းတွေထား၊ အကောင်းအမွန်တွေ ကျွေးပြီးတော့ စောင့်ရှောက်ထားတာနဲ့တူတယ်၊ အဲဒါ ဥပါဒါနက္ခန္ဓာငါးပါး တရားတွေ ကို ငါ၏ဥစ္စာအနေအားဖြင့်လဲ သာယာတယ်တဲ့၊ ငါကောင်အနေအားဖြင့်လဲပဲ ထင်မှတ်စွဲလမ်းပြီးတော့နေတယ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေဟာ လူသတ်သမားကြီးတွေ။

ခန္ဓာရှိလို့သေရခြင်း

တနေ့ကျတော့ သေလို့ရှိယင် ဘယ်သူ့ကြောင့် သေတုံး၊ ခန္ဓာငါးပါးရှိလို့ သေရတယ်၊ ခန္ဓာငါးပါးရှိလို့သေတာ၊ လောကမှာ အကြောင်းဆိုတာတော့ ရှိတာပေါ့လေ၊ ဒီလိုဆိုလို့ရှိယင် သေတယ်ဆိုလို့ရှိယင်တော့ တစုံတယောက်က သတ်လို့ သေလို့ရှိယင် ဘယ်သူသတ်လို့ သေရတယ်ဆိုတာကတော့ ရှိတာပေါ့၊ ရန်သူက သတ်လို့သေတယ်၊ မြွေကိုက်လို့ သေတယ် စသည်ဖြင့် အကြောင်းကတော့ လောကမှာ ပြောစရာရှိတယ်၊ ရေနစ်လို့ သေတယ်၊ သစ်ပင်ပေါ်ကကျသေတယ်၊ မီးလောင်ပြီး သေတယ် စသည်ဖြင့် ပုဂ္ဂိုလ်မဟုတ်ပဲနဲ့ အလွတ်အကြောင်းတွေလဲ ရှိတယ်၊ ဒါပေမယ်လို့ ဘာကြောင့်ပဲဖြစ်ဖြစ် သေတတ်တဲ့ ခန္ဓာငါးပါးတရားရှိလို့ သေတာပါပဲတဲ့၊ သေတတ်တဲ့ ခန္ဓာငါးပါးမရှိယင် မသေဘူး၊ ရောဂါဝေဒနာ အမျိုးမျိုးဖြစ် ပြီးတော့ သေတယ်၊ သေတတ်တဲ့ ခန္ဓာငါးပါးထဲမှာလဲ အထူးအားဖြင့်တော့ ရုပ်ခန္ဓာတွေက အရေးကြီးတယ်။

အဋ္ဌကထာများမှာ ပြထားတာကတော့ ခန္ဓာငါးပါးတရားတွေဟာ ရုပ်ခန္ဓာကလဲပဲ နာမ်ခန္ဓာတွေသတ်တယ်တဲ့၊ နာမ် ခန္ဓာကလဲ ရုပ်ခန္ဓာတွေသတ်တယ်တဲ့၊ ခန္ဓာငါးပါးအချင်းချင်းလဲပဲ တခုတခု သတ်တတ်တယ်တဲ့၊ အဲဒီလိုပြတယ်၊ ဒါကတော့ သိဖို့ရာတယ်မလွယ်ဘူး။

ရူပ်ရှိလို့သေရခြင်း

အများသိလွယ်တာကတော့ ရုပ်ခန္ဓာက သူက အထင်ရှားဆုံး၊ ဒီရုပ်ခန္ဓာ ရုပ်ရှိလို့ သေမှုတွေ ထင်ရှားတာ၊ နာမ်ကတော့ နာမ်တရားသက်သက်ကတော့ သူက မထင်ရှားဘူး၊ နာမ်တရားသက်သက်လဲ အရူပဘုံတွေမှာ အသက်တမ်းကုန်တဲ့အခါ သေတော့သေတာပဲ၊ ဒါပေမယ့် သူတို့က သိပ်မထင်ရှားဘူး၊ ရုပ်ခန္ဓာတွေကတော့ ထင်ရှားတယ်။

လူတဦးတယောက်ကနေပြီးတော့ ဓားနဲ့ထိုးလို့သေရတယ်၊ တုတ်နဲ့ရိုက်လို့ သေရတယ်၊ လှံနဲ့ထိုးလို့ သေရတယ်၊ သေနတ်နဲ့ပစ်လို့ သေရတယ်စသည်ဖြင့်ပေါ့လေ၊ လက်နက်နဲ့သေအောင်လုပ်လို့ သေရတယ်ဆိုတာကတော့ ဘယ်သူ့ကြောင့်တုံး၊ ရုပ်ရှိလို့ပဲ၊ ရုပ်ရှိလို့ပဲ၊ ရုပ်မရှိလို့ရှိယင် ဓားနဲ့ခုတ်လို့လဲ မခုတ်နိုင်ဘူး၊ စိတ်နာမ်တရားချည်းပဲ ရှိနေတယ်ဆိုပါတော့၊ စိတ်နာမ်တရားချည်းပဲ ရှိနေတဲ့ပုဂ္ဂိုလ်ကို ဓားနဲ့လဲမခုတ်နိုင်ဘူး၊ တုတ်နဲ့လဲ မရိုက်နိုင်ဘူး၊ လှံနဲ့လဲ မထိုးနိုင်ဘူး၊ သေနတ်နဲ့လဲ မပစ်နိုင်ဘူး၊ အခုကာလပေါ်နေတဲ့ ဗုံးတွေနဲ့ ဘာမှမလုပ်နိုင်ဘူး၊ အခု အင်မတန်ကောင်းတဲ့ ညူကလီးယားလက်နက်တို့ ဘာမှမလုပ်နိုင်ဘူး၊ ဒါတွေလဲပဲ မလောင်ကျွမ်းစေနိုင်ဘူး၊ မပျက်စေနိုင်ဘူး၊ ဘယ့်နှယ်မှမတတ်နိုင်၊ စိတ်သက်သက်ကိုး။

အခုရုပ်ရှိလို့ ရုပ်ခန္ဓာရှိတော့ကို ရုပ်ခန္ဓာကို ပျက်စီးစေတတ်တဲ့ လက်နက်နဲ့ ဖျက်ဆီးရတယ်၊ ရောဂါဝေဒနာတွေ ဖြစ်တယ်ဆိုတာလဲပဲ ရောဂါဝေဒနာ အထူးအဆန်းတွေ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည်ဖြင့် ပေါ့လေ၊ တခြားရောဂါတွေ လဲရှိပါတယ်၊ အဲဒီရောဂါတွေဟာလဲ ရုပ်မှီဖြစ်တာပဲ၊ စိတ်သက်သက်နဲ့ဆိုယင် မဖြစ်နိုင်ဘူး၊ စိတ်သက်သက်ဆိုယင် ရောဂါ မဖြစ်နိုင်ဘူး၊ ရောဂါပိုးတွေဆိုတာ ရှိသေးတယ်၊ ရောဂါပိုးတွေဆိုတာလဲပဲ စိတ်သက်သက်ဆို ဒီရောဂါပိုးတွေ ဘယ့်နှယ်မှ မဖြစ်နိုင်ဘူး၊ ရောဂါဖြစ်ပြီးတော့လဲ မသေနိုင်ဘူး၊ အခု သတ္တဝါတွေသေနေတာဟာ ရုပ်ခန္ဓာကြီးရှိလို့ ရုပ်ခန္ဓာက ဆန့်ကျင်ဘက်တရားတွေနဲ့ တွေ့ပြီးတော့ သေရတယ်၊ ရေနစ်ပြီးတော့ သေရတယ်၊ မီးလောင်ပြီးတော့ သေရတယ် စသည်ဖြင့် ဒီလိုဟာတွေလဲပဲ ရုပ်ခန္ဓာရှိလို့ပဲ၊ စိတ်နာမ်တရား သက်သက်တော့မသေနိုင်ဘူး၊ ဒီတော့ ရုပ်ခန္ဓာတရားဟာ သတ္တဝါတွေကို သတ်တယ်ဆိုတာ အင်မတန်ထင်ရှားပါတယ်။

ရူပ်နာမ်ရှိလို့ သေရတာ

ဒီတော့ ရုပ်သက်သက်သာလားဆိုတော့ နာမ်မရှိယင်လဲပဲ ဒါကအရေးမကြီးဘူး၊ ရုပ်သက်သက်ဆိုယင် နာမ်ကလေးကလဲပဲ ရှိတယ်၊ ရုပ်သက်သက်တွေဆိုယင် ကျောက်ခဲတလုံး ဆိုပါတော့၊ ကျောက်ခဲတလုံး တူနဲ့ထုလိုက်လို့ ကွဲသွားလဲ မသေသေးဘူးဆိုရမယ်၊ နာမ်မှမရှိပဲဟာကိုး၊ နာမှန်းကျင်မှန်းလဲ မသိဘူး၊ ဝေဒနာမရှိလို့ နာခြင်းကျင်ခြင်းမရှိဘူး၊ မီးနဲ့ ဖုတ်လိုက်၊ ဘာမှမဖြစ်ဘူး၊ သစ်တုံးတခုမီးနဲ့ ဖုတ်လိုက် ပြာကျသွားယင် ဘာမှမဖြစ်ဘူး၊ ပူခြင်းမရှိဘူး၊ နာခြင်းမရှိဘူး၊ ဓားနဲ့ ခုတ်လိုက်၊ လှံနဲ့ထိုးလိုက် ဘာမှမဖြစ်ဘူး၊ ဘာပြုလို့တုံးဆိုတော့ သူ့မှာ နာမ်တရားမရှိဘူး၊ သိတတ်တဲ့ စိတ်မရှိ၊ ခံစားတတ်တဲ့နာခြင်း၊ ကျင်ခြင်း၊ ပူခြင်း၊ အခံရခက်ခြင်းသဘော ဝေဒနာ သူ့မှာမရှိဘူး၊ အဲဒီဖြစ်ပေါ်လာသမျှ သူ့မှာ မှတ်သားတဲ့ သညာလဲမရှိဘူး၊ တစုံတရာဖြစ်အောင် ပြုလုပ်တတ်တဲ့သခ်ါရလဲ မရှိဘူး၊ အဲဒီနာမ်တရားတွေ မရှိတဲ့အတွက်ကြောင့် ကျောက်ခဲတို့၊ တုံးတို့၊ တိုင်တို့၊ ဒီလိုဟာတွေဟာ ဘယ်လိုပဲ ဖျက်ဆီးပေမယ်လို့ ဘာမှမဖြစ်ဘူး၊ သေတယ်လို့ မဆိုရဘူး။

အဲဒီတော့ အခုလူပုဂ္ဂိုလ်တွေမှာ သတ္တဝါတွေမှာတော့ ရုပ်လဲရှိတယ်၊ နာမ်လဲရှိတယ်၊ ရုပ်ပျက်ယင်လဲ နာမ်ပျက်၊ နာမ်ပျက်ယင်လဲ ရုပ်ပျက်တယ်၊ များသောအားဖြင့်တော့ ရုပ်ပျက်လို့ နာမ်ပျက်တာပဲများပါတယ်၊ ဒါပေမယ့် နာမ်ပျက်လို့ ရုပ်ပျက်တာလဲရှိတယ်၊ နာမ်ပျက်လို့ ရုပ်ပျက်တာက စိတ္တဇရောဂါတွေဆိုတာ နာမ်ကပျက်တာ၊ ရုပ်ကမပျက်ဘူး၊ သူတို့ရုပ်က အကျန်းမာကြီး၊ အကောင်းချည်းပဲ၊ စိတ္တဇရောဂါစိတ်က ပူလောင်တာကိုး၊ သားသမီး ဆွေမျိုးတွေ အင်မတန် ချစ်ခင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေ မရှုမလှပျက်စီးသွားတာတွေ မြင်ရလို့ စိတ်မချမ်းမသာဖြစ်ပြီး တချို့ ရူးသွပ်သွားပြီ၊ ဒီလိုလဲသေတယ်၊ အဖိုးတန်ပစ္စည်းတွေ၊ အလေးအမြတ်ပြုနေတဲ့ ပစ္စည်းတွေ သူများယူသွားလို့ မီးလောင်သွားလို့ ပျက်စီးတယ်စသည်ဖြင့် အဲဒီလိုဟာအကြောင်းပြုပြီးတော့ စိတ်ထဲမှာ သောကပူဆွေးပြီးတော့ တချို့ သေတယ်၊ အဲဒါ နာမ်ပျက်လို့ ရုပ်ပျက်တာ။

အဲဒီတော့ ရုပ်ခန္ဓာပျက်လို့ သေတာလဲရှိတယ်၊ နာမ်ခန္ဓာပျက်လို့ သေတာလဲရှိတယ်၊ ဘေးကပုဂ္ဂိုလ်တွေက ဘယ်လိုပဲ သတ်ဖြတ်ဖျက်ဆီးစေကာမူ သေတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေမရှိယင် မသေနိုင်ဘူး၊ သေတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေ ရှိလို့သေရတယ်တဲ့၊ ဒါကြောင့် ဘဝတိုင်း ဘဝတိုင်း သတ္တဝါတွေသေနေတာဟာ ဘယ်သူ့ကြောင့်တုံးဆို လက်သယ်အရင်းခံက ဒီရုပ်တရား နာမ်တရား သေတတ်တဲ့ တရားတွေရှိလို့ သေရတာတဲ့။

ဒီတော့ သေသေချာချာ စာရင်းတွက်ကြည့်လိုက်တယ် ဆိုလို့ရှိယင် ရုပ်နာမ်ခန္ဓာတွေဟာ သူသတ်သမားတွေပဲ၊ သူတို့ သတ်နေတာ၊ ဘဝတိုင်း ဘဝတိုင်း ဘဝအသစ်ဖြစ်ရာဘဝမှာ သေရတယ်တဲ့၊ သူတို့ သတ်နေတာပဲ၊ ဒါကြောင့်–

ဘိက္ခဝေ၊ ရဟန်းတို့။ ပစ္စတ္တိကာ၊ ရန်သူကြီးတို့ဖြစ်ကုန်သော။ ပဋ္ဌဝဓကောတိခေါ ဧတံ၊ ငါးဦးသော သူသတ်သမား တို့ဟူသော ဤအမည်သည်။ ပဋ္ဌန်၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

သူသတ်ကြီး ငါးယောက်ဆိုတာ တခြားမဟုတ် သတ္တဝါတွေသန္တာန်မှာ အသီးသီးရှိပြီးတော့နေကြတဲ့ ဥပါဒါနက္ခန္ဓာ လို့ခေါ်တဲ့ ခန္ဓာငါးပါးတရားတွေပဲ၊ အကျဉ်းချုပ်လိုက်လို့ရှိယင် ရုပ်နာမ်တရားတွေပေါ့၊ ရုပ်ခန္ဓာကတမျိုး၊ နာမ်ခန္ဓာက ၄-မျိုး ရှိတယ်၊ ၄-မျိုးကို နာမ်အဖြစ်နဲ့ ပေါင်းလိုက်ယင် နာမ်တရား ရုပ်တရား ၂-ခုပါပဲ၊ ရုပ်နာမ်ခန္ဓာတွေ အဲဒီ ရုပ်နာမ်ခန္ဓာတရား တွေ ရှိနေလို့သေရတယ်၊ ရုပ်နာမ် ခန္ဓာတရားတွေဟာ သတ္တဝါတွေကို သတ်နေတာ၊ ၃၁-ဘုံမှာရှိသမျှ သတ္တဝါတွေဟာ တနေ့ ကျတော့ သေရတယ်၊ ဘယ်သူ့ကြောင့်သေရတုန်း၊ သူတို့ သန္တာန်မှာသေတတ်တဲ့ ရုပ်နာမ်တွေ ရှိနေလို့သေရတယ်၊ အကယ်၍ သာ မသေတတ်တဲ့ရုပ်နာမ်တွေ မရှိလို့ရှိယင် မသေဘူး၊ သေတတ်တဲ့ ရုပ်နာမ်တွေရှိလို့ တနေ့ကျတော့ သေရတယ်၊ ဒီတော့ သတ္တဝါတွေသေရတာဟာ ဘယ်သူကသတ်သလဲဆိုယင် ရုပ်နာမ်ခန္ဓာတွေက သတ်သည်၊ ရုပ်နာမ်ခန္ဓာတရားတွေဟာ သူသတ် ကြီးငါးယောက်။

အဲဒီ သူသတ်ကြီး ငါးယောက်ကဲ့သို့ မိမိတို့သန္တာန်မှာရှိတဲ့ ရုပ်နာမ်ခန္ဓာတွေကိုမြင်ရမှာ၊ မြင်ဖို့ကတော့ တယ်မလွယ် လှဘူး၊ ရုပ်နာမ်ခန္ဓာတွေပဲ အားကိုးနေရတာ၊ ခုနက မိတ်ဆွေယောင်ဆောင်ပြီးတော့လာတဲ့ ရန်သူကို အိမ်ထဲမှာသွင်းပြီးတော့ နေရာကောင်းတွေပေး၊ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြီးတော့ ချီးမြှောက်ထားတာနဲ့ တူနေတယ်၊ ဒီခန္ဓာငါးပါး တရားတွေ ကို ကိုယ့်ကိုယ်ထဲကဟာ ကိုယ်မြှောက်စားထားရတာ၊ သူ့ကို ယုယုယယနဲ့ ပြုစုရတယ်၊ စောင့်ရှောက်ရတယ်၊နေ့တိုင်းနေ့တိုင်း တခါတည်း အိပ်ရာကနိုးကတည်းက ညောင်းညာနေလို့ရှိယင် ဇက်ကလေးတွေ ကွေးတာကလေးတွေ ဆန့်လိုက်၊ ဆန့်တာ လေးတွေ ကွေးလိုက်၊ ဟိုဘက်လှည့် ဒီဘက်စောင်း၊ ဒီလို လုပ်ရတယ်၊ သက်သာခွင့်ရအောင်လို့ လုပ်ရတယ်၊ ပြုစုရတယ်၊ ရန်သူကြီးတွေကို မိတ်ဆွေအနေနဲ့ ပြုစုနေရတာ၊ မပြုစုယင်လဲသေမှာ၊ မြန်မြန်သတ်မယ်၊ ဒင်းတို့ရန်သူတွေ ငါမပြုစုပါဘူးဆို ပြီးနေယင် သူတို့သတ်လို့ မြန်မြန်သေလိမ့်မယ်၊ သတ်မယ်သူက၊ ကြောက်စရာတော့ကောင်းတယ်။

အဲဒါ အိပ်ရာကထတော့ မျက်နှာလေးသစ်ရ၊ ရေတို့ချိုးရ၊ အစားကောင်း အသောက်ကောင်းလေးတွေ ကျွေးရတယ်၊ အစစအရာရာ နေသာထိုင်သာရှိအောင်လို့ အမြဲတမ်းပြုစုနေရတယ်၊ ဒီရုပ်နာမ်ခန္ဓာတွေကို ရန်သူကြီးတွေပဲ၊ ငါမပြုစုပါဘူးဆို ပြီး ပစ်ထားယင်လဲ မြန်မြန်သေမှာပဲ၊ ပြုစုအုံးမှဖြစ်မှာ မပြုစုပဲထားလဲပဲ နေရာတော့ မကျဘူး၊ အဲဒီတော့ ရန်သူကြီးတွေပဲ၊ ဒီ ရန်သူကြီးတွေ ပြုစုပြီးတော့နေတာ တနေ့ကျလို့ရှိယင် ဒီရန်သူကြီးတွေ ဖောက်ပြန်ပျက်စီးပြီးသကာလ သေကုန်ကြမယ်၊ သေတဲ့အခါကာလကျတော့ လူတွေ ပျက်စီးသွားပြီ၊ သေသွားပြီးလို့ပြောရတယ်။

အဲဒါ လူသတ်သမားကြီး ငါးယောက်၊ အကျဉ်းအားဖြင့်တော့ရုပ် သူသတ်သမားကတယောက်၊ နာမ်သူသတ်သမား တယောက် ၂-ယောက်ဆိုယင်လဲပဲ ဖြစ်နိုင်ပါတယ်၊ ရုပ်နာမ် ၂-ပါး၊ အဲဒီ ရုပ်နာမ် ၂-ပါး ခန္ဓာငါးပါး တရားတည်းဟူသော သူသတ်သမားတွေက လွတ်မြောက်အောင်လို့ ပြေးရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားထားတယ်။

ကြောက်ယင် တရားအားထုတ်ကြ

တနေ့ကပြောခဲ့တဲ့ မြွေကြီး ၄-ကောင် ကြောက်လို့လဲပြေးရမယ်၊ ခန္ဓာငါးပါးတည်းဟူ သော သူသတ်သမားတွေ ကြောက်လို့လဲ ပြေးရမယ်၊ ပြေးတယ်ဆိုတာ ဘာတုန်း၊ ဝိပဿနာတရားတွေ အားထုတ်နေတာပဲ၊ ဝိပဿနာတရား အားထုတ်လို့ရှိယင် ဒါပြေးတာပဲ၊ ရှုတိုင်းရှုတိုင်းဟာ ခြေတလှမ်း တလှမ်းပြေးတာနဲ့တူတယ်။

မရှုပဲနဲ့နေတဲ့ ပုဂ္ဂိုလ်တွေ မပြေးဘူး၊ ဒါကတော့ သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပေါ့လေ၊ ဘာမှတရားအား မထုတ်ဖူးဘူး၊ မြွေကြီး ၄-ကောင်လဲ သူမကြောက်ဘူး၊ ရန်သူကြီးငါးဦး သူသတ်သမားတွေလဲ သူမကြောက်ဘူး၊ လာခဲ့ကြ၊ ငါကကိစ္စမရှိဘူး၊ ငါကြာလှပြီ၊ ဘဝတိုင်း ဘဝတိုင်းက ငါအသတ်ခံလာတာ၊ မြွေကြီး ၄-ကောင်ကိုက်လို့ သေခဲ့တာလဲများလှ ပြီ၊ ခန္ဓာငါးပါး သူသတ်ယောကျ်ားကြီးတွေ သတ်လို့သေခဲ့တာလဲ များလှပြီ၊ ငါ မင်းတို့ကို မကြောက်ဘူး၊ လာကြခဲ့ဆိုပြီး တော့ လက်ခံနေတာနဲ့ တူတယ်။

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ အားထုတ်ရတယ်၊ ကြောက်တဲ့ပုဂ္ဂိုလ်တွေ အားထုတ်ရတယ်၊ သံသာရ ဘီရုက ပုဂ္ဂိုလ်တဲ့၊ သံသရာကို ကြောက်တဲ့ ပုဂ္ဂိုလ်၊ အဲ ဟိုပုဂ္ဂိုလ်တွေက သံသရာကို မကြောက်တဲ့ ပုဂ္ဂိုလ်တွေ၊ သံသရာ မကြောက်တဲ့ပုဂ္ဂိုလ်တွေဟာ နောက်ဆုံးကျတော့ ဘာဖြစ်တတ်သလဲဆိုတော့ တချို့ ပုဂ္ဂိုလ်တွေက ကျမ်းဂန်တွေကဆိုထားတာ ပဲ၊ သံသာရခါဏုက-သံသရာ့သစ်ငုတ်တို ဖြစ်တတ်တယ်၊ သံသရာထဲက မလွတ်မြောက်ပဲနဲ့ နေတတ်တယ်လို့ ပြောတယ်၊ ဒါက ပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ပါဘူး၊ အစွဲအလမ်းကြီးတဲ့ ပုဂ္ဂိုလ်။

အဲဒီတော့ မြတ်စွာဘုရား ဆုံးမတဲ့အတိုင်း ဝိပဿနာရှုပြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မြွေကြီး ၄–ကောင် ကြောက်လို့ ပြေးနေတာ မည်တယ်၊ ခန္ဓာငါးပါး သူသတ်တရားတွေဆိုတာ ဘယ်ဟာတွေတုံး ဆိုယင် တခြားမဟုတ်ဘူး၊ မိမိတို့သန္တာန်မှာ ရှိတယ်၊ မိမိတို့သန္တာန်မှာ ကိုယ်ကြီး တကိုယ်လုံးဟာ ရုပ်တရား၊ ရုပ်ခန္ဓာတွေပဲ၊ အလွယ်တကူပြောရမယ်ဆိုယင် ရုပ်ကိုယ်ကြီးတခုလုံး ခေါင်းနဲ့ လက်နဲ့ ကိုယ်နဲ့ ခြေထောက်နဲ့ မျက်စိနဲ့လဲ မြင်ရတယ်၊ စမ်းသပ်ကြည့်မယ်ဆိုယင်လဲ တွေ့ရတယ်၊ ကိုယ့်ကိုယ်လဲ တွေ့ရတယ်၊ သူများကိုယ်လဲ တွေ့ရတယ်၊ အဲဒီ အကောင်အထည်ကြီး လိုက်တည်ရှိပြီးတော့ နေတာဟာ ရုပ်တရားတွေပဲ၊ ရုပ်တွေ အများကြီး စုပေါင်းပြီးတော့ ဖြစ်နေတဲ့ ရုပ်တရား။

ရှုပ်တရား ထင်ရှားရာ ၆–ခု

ဒါပေမယ်လို့ ဒီရုပ်တရားတွေဟာ ဘယ်မှာ ထင်ရှားသလဲဆိုယင် ဒွါရ ၆–ပါးမှာ ထင်ရှားတယ်၊ မျက်စိက မြင်ရတဲ့အခါမှာ ထင်ရှားတယ်၊ နားကကြားရတဲ့အခါမှာ ထင်ရှားတယ်၊ နှာခေါင်းက နံရတဲ့အခါမှာ ထင်ရှားတယ်၊ လျှာက အရသာတွေ့တဲ့အခါမှာ ထင်ရှားတယ်၊ ကိုယ်က တွေ့ထိတဲ့အခါမှာ ထင်ရှားတယ်၊ စိတ်ကူးစဉ်စားတဲ့အခါမှာ ထင်ရှားတယ်၊ ၆–ဌာနကနေပြီး ထင်ရှားတယ်။

အဲဒီ ၆–ဌာန မရှိလို့ရှိယင် မထင်ရှားဘူး၊ မျက်စိမရှိယင် ကိုယ်မြင်ရတဲ့ အဆင်းတွေ မမြင်ရဘူး၊ မြင်ရတဲ့အဆင်းတွေ အကုန်လုံးမြင်ရတဲ့ ရုပ်တွေ လုံးလုံးမထင်ရှားတော့ဘူး၊ ပြောလို့လဲ မဖြစ်ဘူး၊ ပဋ္ဌိသန္ဓေကတည်းက စပြီးတော့ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ်ကို အဆင်းအကြောင်းပြောလို့ ဘာမှနားမလည်ဘူး၊ အခု လူတွေပြောလိုက်လို့ရှိယင် မျက်စိနဲ့မြင်ရတာ အဆင်းရုပ်ခေါ်ဆိုယင် မြင်ဘူးတဲ့ ပုဂ္ဂိုလ်တွေ မျက်စိရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ လွယ်လွယ်နဲ့ သိတာပေါ့၊ အခု မမြင်တောင်မှ ရှေးက မြင်တာနဲ့ နားလည်သေးတယ်ဆိုတာ သိသွားတယ်။

ပဋ္ဌိသန္ဓေကတည်းကစပြီးတော့ မသိတဲ့ပုဂ္ဂိုလ်များ ဘာမှနားမလည်ဘူး၊ အဌကထာက ဥပမာတခု ပုံစံကလေးတခု ပြောတာ ကြားဘူးတယ်၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က သူ့မိတ်ဆွေတွေ မေးမယ်၊ ဟေး–မင်းတို့ ဘာတွေများ စားသောက်လာကြသလဲ၊ နွားနို့ သောက်လာတယ်။ နွားနို့ဟာ ဘယ့်နယ်နေတုံးကွ၊ နွားနို့က ဖြူဖြူပါပဲ၊ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ် နွားနို့ကိုလဲ သူကမသိတော့ နွားနို့ဟာ ဘယ့်နယ်နေတုံးလို့ မေးတော့ ဖြူဖြူပါပဲတဲ့ ပြောတယ်၊ မျက်စိမမြင်တဲ့လူက နားမလည်ဘူး၊ ဖြူဖြူဆိုတော့ ဘယ့်နယ်နေတုံးကွ၊ ဖြူဖြူဆိုတာ ထုံးလိုပါပဲကွာ၊ ထုံးလဲ သူက မြင်ဘူးတာ မဟုတ်ဘူး။ မျက်စိမမြင်တဲ့လူက ထုံးဟာ ဘယ့်နယ်နေတုံး၊ ထုံးဟာ ဗျိုင်းလိုပါပဲကွာ၊ ဖြူနေတာပါပဲ၊ ဗျိုင်းလိုပေါ့၊ ဗျိုင်းလဲ သူက မြင်ဘူးတာ မဟုတ်တော့ ဗျိုင်းက ဘယ့်နယ်နေတုံးကွမေးတယ်၊ အဲဒီတော့ အနားနားမှာ ကောက်ဆွလေး ရှိတယ်ဆိုတာကိုး၊ ကောက်ဆွလေးက အဖျားပိုင်းကလေးက ဗျိုင်းခေါင်းနဲ့ နည်းနည်းတူတယ်၊ ဗျိုင်းဆိုတာ ဟောဒီ ကောက်ဆွကလေးလိုပါပဲ၊ ဗျိုင်းခေါင်းဟာ ကောက်ကောက်ကလေးကွာလို့ ဆိုတော့ မျက်စိမမြင်တဲ့ လူက စမ်းကြည့်တယ်၊ စမ်းကြည့်တော့ အော်–နွားနို့ဆိုတာ ဒီလို ကောက်ကောက်ကလေးကိုးလို့ အောက်မေ့တယ်တဲ့၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် အဆင်းအကြောင်း သွားပြောလို့ ဥပမာပေးတော့ လွဲကုန်တာ မသိနိုင်ဘူး၊ မျက်စိမမြင်တဲ့ ပုဂ္ဂိုလ် အဆင်းအကြောင်း မသိနိုင်ဘူး။

နားမကြားတဲ့ ပုဂ္ဂိုလ်၊ ဒါကတော့ ပြောလို့မဖြစ်ဘူး၊ သူကတော့ ကြပ်တယ်၊ နားမကြာမှတော့ အသံအကြောင်း သူမသိနိုင်ဘူး။

နှာခေါင်း မရှိတဲ့ပုဂ္ဂိုလ်ဆိုယင်လဲပဲ အနံ့အကြောင်း သူမသိနိုင်ဘူး၊ နှာခေါင်း မရှိတဲ့ပုဂ္ဂိုလ်ကလဲ ရှားတယ်၊ဒါပေမယ့် တဦးတလေတော့ ရှိတယ်၊ ဘုန်းကြီးများ ခပ်ငယ်ငယ်တုန်းက ကိုယ်တော်တပါး တွေ့ဘူးတယ်၊ သူ့မှာ ဘာမှအနံ့မရဘူး၊ မွှေးတဲ့အနံ့လဲ မရဘူး၊ ပုပ်တဲ့အနံ့လဲ မရဘူး၊ ဒါငယ်ငယ်ကတည်းက စပြီးတော့ အနံ့မရဘူး၊ ရေမွှေးတွေ ခေါင်းအုံးပေါ် ဖြန်းထားလို့လဲ သူမှာ မမွှေးဘူး၊ ဘာမှ မဖြစ်ဘူးတဲ့၊ ပုပ်တဲ့အနံ့လဲ မရဘူး၊ ဘာနံ့မှ မရဘူး၊ ဘယ်လိုမှ မရဘူး၊ အဲဒီ ပုဂ္ဂိုလ် အနံ့အကြောင်းပြောယင် မသိနိုင်ဘူး၊ အရသာအကြောင်းကတော့ လျှာမရှိတဲ့ပုဂ္ဂိုလ်ကတော့ မရှိပါဘူး၊ လျှာမရှိယင် သေရုံရှိတော့တာပဲ၊ လျှာကတော့ ရှိရတယ်၊ ကိုယ်အတွေ့ အထိကလဲပဲ မသိတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိနိုင်ဘူး၊ ဒါကတော့ အတွေ့အထိ မသိယင်လဲ သေရုံရှိတာပဲ။

အဲဒီတော့ ဒီရုပ်တရားတွေဟာ တကိုယ်လုံးရှိနေသော်လဲပဲ ထင်ရှားတဲ့အခါကာလမှာ မျက်စိကမြင်ရာကနေပြီး ထင်ရှားတယ်၊ ကြားရာက, နံရာက, စားရာက, တွေ့ထိရာက, စိတ်ကူး စဉ်းစား ကြံစည်ရာက ထင်ရှားတယ်၊ ၆–ဌာနက ထင်ရှားတယ်။

နာမ်တရားတွေကတော့ သူက ဒွါရ ၆–ပါးမှာပဲ ဖြစ်တယ်၊ ရုပ်တရားတွေလို အမြဲတမ်း ရှိမနေဘူး၊ ရုပ်တရားကတော့ သိချင်သိ၊ မသိချင်နေ၊ ကိုယ်ကြီး တကိုယ်လုံးက အမြဲတမ်း ရှိနေတာပဲ၊ ပဋ္ဌိသန္ဓေ ကတည်းက စပြီးတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ ခဏတိုင်း ခဏတိုင်း ဖြစ်နေတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲ စိတ်တိုင်း ဖြစ်နေတယ်၊ ဥတုကြောင့် ဖြစ်တဲ့

ရုပ်တွေလဲ ခဏတိုင်း ခဏတိုင်း ဖြစ်နေတယ်၊ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်တွေကလဲပဲ အာဟာရ စားသည်က စပြီးတော့ ခဏတိုင်း ခဏတိုင်း မပြတ်ဖြစ်နေတယ်၊ တကိုယ်လုံးမှာ ရုပ်တွေဟာ အသစ်အသစ် ဖြစ်နေတယ်၊ အဟောင်းတွေက ပျက်သွား အသစ်တွေက ဖြစ်နေတယ်၊ တကိုယ်လုံးမှာ ရုပ်တွေ အမြဲတမ်း ရှိနေတယ်။

နာမ်တရားတွေကတော့ တကိုယ်လုံး နေရာတကာမှာ ရှိနေတာ မဟုတ်ဘူး၊ နာမ်တရားဆိုတာကတော့ ဒွါရ ၆-ပါးက ပေါ်ခိုက်ပေါ်ခိုက် ရှိတယ်၊ အမြဲတမ်းအားဖြင့် ဘဝင်ဆိုတာက အဋ္ဌကထာဆရာတွေ ပြတဲ့အထဲမှာ ဟဒယဝတ္ထုမှာ ဟဒယဝတ္ထုရုပ်ကလေးမှီပြီးတော့ နေတယ်၊ နှလုံးရုပ်ထဲက နှလုံးသွေးထဲမှာ တည်နေတယ်၊ စိတ်၏တည်ရာ မှီရာဖြစ်တဲ့ ရုပ်ကလေးတခု ရှိတယ်၊ အဲဒီရုပ်ကလေးကို မှီပြီးတော့ ဘဝင်ဆိုတဲ့စိတ်တွေ ဖြစ်နေတယ်၊ ဒီဘဝင်စိတ်တွေက ဘာကို အာရုံပြုနေတုန်းဆိုတော့ ခုနက ပြောခဲ့တဲ့အတိုင်း ပဋိသန္ဓေက ရခဲ့တဲ့အာရုံကလေး အိပ်မောကျနေတဲ့အခါမှာ ဖြစ်နေတဲ့ စိတ်မျိုးတွေ၊ အဲဒီ ဘဝင်စိတ်က–

မြင်စိတ်စသည်ဖြစ်

ရှေးကံအားလျော်စွာ ဒီဘဝင်စိတ်တွေ ဆက်ခါဆက်ခါ ဖြစ်နေသမျှကာလပတ်လုံး အသက်ရှင်နေတာပဲ၊ ရှေးကံကအားကြီးကြီးက, အားကောင်းကောင်းကနေပြီး အကျိုးပေးလိုက်ယင် ဘဝင်စိတ်တွေအများကြီး၊ အစဉ်အတန်းကြီး ကြာရှည်လေးမြင့်စွာ ဖြစ်တယ်၊ အဲဒါ အသက်ရှင်နေတာပဲ၊ အဲဒီ ဘဝင်စိတ်ထဲကမှ ထပြီးတော့ မြင်စရာ အဆင်းပေါ်လာတဲ့အခါ မြင်တယ်၊ မျက်စိထဲမှာ အဆင်းထင်လာတဲ့အခါ ဘာလဲလို့ စဉ်းစားလိုက်တော့ မြင်သွားရော၊ မြင်တဲ့ စိတ်အစဉ်အတန်းကြီး ဖြစ်သွားတယ်ပေါ့လေ။

အခုတော့ ခပ်ရှင်းရှင်းပဲ ပြောရမယ်၊ ရှေးတုန်းကတော့ အကျယ်လဲပြောဘူးပါတယ်၊ ဝီထိတွေချပြီးတော့ မြင်တဲ့အခါ မြင်စိတ်ဖြစ်တယ်၊ နားထဲမှာ အသံကျလာတဲ့အခါကျတော့ ဒီမှာ အသံကြားတဲ့စိတ်ဖြစ်တယ်၊ နှာခေါင်းထဲမှာ အနံ့ရောက်လာတဲ့အခါ အနံ့မွှေးတဲ့စိတ်ဖြစ်တယ်၊ လျှာမှာ အရသာ လျှာပေါ်ရောက်လာတဲ့အခါမှာ အရသာသိတဲ့စိတ်ဖြစ်တယ်၊ ကိုယ်ကလဲ တွေ့ထိတဲ့အခါဆိုတော့ အတွေ့အထိတွေကတော့ များတယ်၊ တကိုယ်လုံး အသွေးအသားတွေ စိုကောင်းနေတဲ့နေရာတွေ ဟူသမျှဟာ အကုန်လုံး အတွေ့အထိက ထိနိုင်တာပဲ၊ အတွင်းကရော အပြင်ကရော အပ်ဖျားကလေးနဲ့ အင်မတန်ထက်တဲ့ အပ်ဖျားကလေးနဲ့ထောက်ပြီးတော့ ဘယ်နေရာထောက်ထောက်၊ အဲဒီ ထောက်တဲ့ နေရာလေးဟာ အတွေ့အထိလေး တွေ့ထိတာပဲ၊ အတွင်းကဖြစ်ဖြစ်၊ အပြင်ကဖြစ်ဖြစ်၊ ခေါင်းကပဲဖြစ်ဖြစ်၊ လက်ကပဲဖြစ်ဖြစ်၊ ခြေထောက်ကပဲဖြစ်ဖြစ်၊ ရင်ဘက်ကပဲဖြစ်ဖြစ်၊ ကျောကပဲဖြစ်ဖြစ်၊ ဘယ်နေရာကပဲဖြစ်ဖြစ်၊ အပ်ဖျားကလေးနဲ့ တို့လိုက်လို့ရှိယင် တို့လိုက်တဲ့နေရာမှာ ဒီအတွေ့အထိကတော့ သိနိုင်တာပ၊ အဲဒီတော့ အတွေ့အထိတွေကတော့ ပေါတယ်၊ အဝတ်နဲ့တွေ့ထိနေတာတွေ ရှိတယ်၊ ကိုယ့်လက် လက်ချင်းတွေ့ထိနေတာ ရှိတယ်၊ ဘေးကအပူ, အနွေး, အအေးတွေနဲ့ တွေ့ထိနေတာရှိတယ်၊ လေတွေနဲ့ တွေ့ထိနေတာ ရှိတယ်၊ ပြည့်လို့ပါ၊ အတွေ့အထိတွေကတော့ အများကြီးပါပဲ။

အတွင်းကလဲပဲ ဗိုက်ထဲကနေပြီး တွေ့ထိနေတာတွေ အများကြီး ရှိတယ်၊ မျက်စိမှိတ်လိုက်၊ ဖွင့်လိုက်ဆိုယင် အဲဒီမှာ အတွေ့အထိတွေ ရှိတယ်၊ ပါးစပ်ထဲကလဲ လျှာကလေးနဲ့ ဟိုထိဒီထိ တွေ့ထိနေတာတွေ ရှိတယ်၊ လည်ချောင်းထဲ လျှောက်ပြီးတော့ တံတွေးစသည်တွေနဲ့ တွေ့ထိနေတာတွေ ရှိတယ်၊ အူထဲ အသည်းထဲကနေပြီး တွေ့ထိနေတာတွေလဲ ရှိတယ်၊ ပြည့်လို့ပါပဲ၊ အတွေ့အထိတွေကတော့ အဲဒီ အတွေ့အထိ ပေါ်တဲ့အခါကျယင် တွေ့ထိတဲ့သဘောလေးတွေ ရှိတယ်။

စိတ်ကူးစဉ်းစားတာတွေကလဲ မပြတ်လိုပဲ၊ မြင်ပြီးယင် စိတ်ကူးနေတာ၊ ကြားပြီးယင်လဲ စိတ်ကူးတယ်၊ နံပြီးယင်လဲ စိတ်ကူးတယ်၊ တွေ့ထိပြီးယင်လဲ စိတ်ကူးတယ်၊ စိတ်ကူးကတော့ နောက်က အမြဲတမ်းလိုက်နေတယ်၊ မြင်ပြီးတာနဲ့ မြင်တာကို စဉ်းစားတယ်၊ ကြားပြီးတာနဲ့ ကြားတာကို စဉ်းစားတယ်၊ ခဲခဲယဉ်းယဉ်း မဟုတ်ဘူး၊ မြင်ပြီးတာနဲ့ စဉ်းစားပြီးသားဖြစ်သွားပြီ၊ အင်မတန် မြန်တဲ့ဥစ္စာတွေ၊ စိတ်တွေက အင်မတန်ကို မြန်တာတွေ။

အဲဒီ ဒွါရ ၆-ပါးက နာမ်တရားတွေလဲ ဒွါရ ၆-ပါးမှာ ဖြစ်ခိုက်ဖြစ်ခိုက်မှာ သူကလဲ ထင်ရှားတယ်၊ အဲဒီ ထင်ရှားတဲ့ တရားတွေဟာ ခန္ဓာငါးပါးတွေပဲ၊ ဒီခန္ဓာငါးပါးတွေဟာ တခြားမှာရှိတာ မဟုတ်ဘူး၊ ဒွါရ ၆-ပါးက ထင်ရှားပေါ်နေတဲ့ တရားတွေတဲ့။

အဲဒီ ထင်ရှားပေါ်လာတဲ့ တရားတွေကို ဝိပဿနာ မရှုမမှတ်လို့ရှိယင် တဏှာနဲ့ ဒိट्ठနဲ့ စွဲလမ်းပြီးတော့ သွားနိုင်တယ်၊ ဥပါဒါနက္ခန္ဓာ-ဥပါဒါန်၏ အာရုံတွေ ဖြစ်သွားနိုင်တယ်၊ တဏှာနဲ့သာယာပြီးတော့ စွဲလမ်းနိုင်တယ်၊ ဒိट्ठနဲ့ အထင်မှားပြီးတော့ စွဲလမ်းနိုင်တယ်။

မြင်ရာမှာ ခန္ဓာငါးပါး

မျက်စိက မြင်တယ်ဆိုလို့ရှိယင် မျက်စိက ရုပ်၊ မြင်ရတဲ့အဆင်းက ရုပ်၊ မြင်သိတာက နာမ်၊ မြင်သိတာကလေးထဲမှ မြင်သိတာကလေး သိရုံကလေးက ဝိညာဉ်ခေါ်တယ်၊ ဝိညာဏာကွန္ဓာ၊ မြင်လို့ကောင်းတာ မကောင်းတာ ရှိတယ်၊ ဝေဒနာကွန္ဓာ၊ မြင်ရတာလေးကို မှတ်လိုက်တဲ့သဘောလေး၊ လက်ခံ စာရင်းမှတ်ပြီးတော့ ထားသလိုပဲ၊ ဘာလေးပဲလို့ မှတ်သားထားတာက သညာလေး၊ အဲဒါ သညာကွန္ဓာခေါ်တယ်၊ မြင်မှုဖြစ်အောင်လို့ စူးစိုက်မှု၊ နှလုံးသွင်းမှု၊ အဲဒါက သင်္ခါရကွန္ဓာ ခေါ်တယ်၊ မြင်မှုဖြစ်အောင် ဖန်တီးပေးတယ်၊ မြင်စရာအဆင်းက ရှိနေပေမယ်လို့ နှလုံးသွင်းမှု စူးစိုက်မှုမရှိယင် မမြင် ဘူး။

အထူးအားဖြင့် ဘယ်လိုဟာ သိသလဲဆိုတော့ ကြားတာမှာသာ သိတယ်၊ ကိုယ်က တခုခု အရေးကြီးတာကလေးကို တခါတည်း စိတ်ကလေးနဲ့ စိုက်ပြီး ကြံနေတုန်း အနားနားကနေ စကားပြောယင် မကြားဘူး၊ သေးပတ်ဝန်းကျင်က စကားတွေ ပြောနေကြပေမယ့် အဲဒါ မကြားဘူး၊ ဘာပြောနေမှန်း မသိဘူး၊ မကြားဘူး၊ ကိုယ်က အရေးတကြီး ဒီမှာ စာရင်းအင်းတွေ တွက်နေတယ်ဆိုပါတော့၊ ငွေရေး ကြေးရေး စာရင်းအင်းတွေ အင်မတန် အရေးကြီးနေလို့ ဒီမှာ အရေးတကြီး တွက်ပြီးနေယင် အဲဒီလို လုပ်နေတဲ့အခါမှာ အနီးအပါး စကားပြောနေတာ၊ အသံတွေတော့ ရှိတာပေါ့၊ မော်တော်ကားတွေ သွားနေတဲ့အသံတွေ ရှိတယ်၊ ဘယ်ကြားမှာတုန်း၊ အဲဒါတွေ မကြားဘူး၊ အဲဒါ နှလုံးသွင်းမှုရှိမှ ကြားမှုကဖြစ်တယ်၊ နှလုံးသွင်းမှုရှိမှ မြင်မှုဖြစ်တယ်၊ အဲဒါကြောင့် နှလုံးသွင်းမှု, စူးစိုက်မှု အဲဒါတွေက သင်္ခါရပြုပြင်ပေးမှုတွေတဲ့၊ မြင်မှုဖြစ်အောင် ပြုပြင်ပေးတယ်၊ ကြားမှု ဖြစ်အောင် ပြုပြင်ပေးတယ်၊ ဒီလို ပြုပြင်ပေးလို့ သင်္ခါရတွေ ခေါ်တယ်။

ဒီတော့ မြင်တယ်ဆိုတာလေး တခုမှာကို ခန္ဓာငါးပါးလုံး ပါဝင်တယ်၊ မျက်စိနဲ့ အဆင်းက ရုပ်၊ ရူပကွန္ဓာ၊ မြင်သိတာ က နာမ်၊ နာမကွန္ဓာ ၄–ပါး၊ မြင်သိရုံမျှက ဝိညာဏာကွန္ဓာ၊ မြင်လို့ ကောင်းတာမကောင်းတာက ဝေဒနာကွန္ဓာ၊ မြင်ရတဲ့အဆင်း ကို မှတ်သားတာက သညာကွန္ဓာ၊ မြင်မှုဖြစ်အောင် နှလုံးသွင်း စူးစိုက်တာက သင်္ခါရကွန္ဓာ၊ နာမကွန္ဓာ ၄–ပါး၊ ရုပ်ခန္ဓာတပါး နဲ့ ပေါင်းယင် ငါးပါးဖြစ်တယ်။

ဝိပဿနာမရှုယင် ဥပါဒါန်ဖြစ်

အဲဒီခန္ဓာငါးပါးတရားတွေဟာ ဝိပဿနာမရှုလို့ရှိယင် ဒီမြင်မှုနဲ့စပ်ပြီးတော့ သာယာမှုဖြစ်တယ်၊ မြင်ရတဲ့အဆင်း ကလေးကို သဘောကျသွားတယ်၊ သာယာသွားတယ်၊ တဏှာဥပါဒါန်နဲ့ စွဲလမ်းသွားတာကို၊ မျက်စိကြည်လင်တာ ကောင်းတာလေး၊ ဒီမျက်စိကလေး ကောင်းလို့ မြင်ရတယ်ဆိုယင် မျက်စိကလေးကို သဘောကျသွားတယ်၊ တဏှာဥပါဒါန် ဖြစ်တယ်၊ မြင်လို့ကောင်းတာကလေးကို သဘောကျတယ်၊ တဏှာဥပါဒါန်ဖြစ်တယ်၊ မြင်ရတာလေး မှတ်သားမိတာလေး တချို့ပြောတတ်တယ်၊ ညော်–တခါလောက်မြင်ပြီးယင် တို့ကမှတ်မိတာ၊ မှတ်သားမိတာကလေးကို သဘောကျတယ်၊ အဲဒါက သညာကလေးကို သာယာနှစ်သက်သွားတာ၊ စွဲလမ်းသွားတယ်၊ မြင်မှုဖြစ်အောင် အားထုတ်ပေးတဲ့သဘော နှလုံးသွင်းမှု ကလေး၊ ဒါလေးလဲ သာယာသွားတယ်၊ ဒါကတော့ အထူးအားဖြင့်တော့ ကွေးမှု ဆန့်မှု ထိုင်မှု ထမှု၊ အဲဒီလို တမင်တကာ တကူးတကန့်လုပ်တဲ့နေရာမှာ သာပြီးတော့ပေါ်တယ်၊ ဒီမြင်ရာကြားရာတွေမှာ ဒါလောက်မပေါ်ဘူး၊ သင်္ခါရကွန္ဓာရဲ့ လုပ်ငန်း စဉ်က တကယ် ကိုယ်အမှုအရာတွေ ပြုတဲ့အခါ၊ နှုတ်အမှုအရာဖြင့် ပြောတဲ့အခါ၊ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါ၊ အဲဒီလို အခါတွေမှာ သင်္ခါရကွန္ဓာ သဘောလေးက ပိုပြီးတော့ပေါ်တယ်။ မြင်ရုံ ကြားရုံကလေးတွေက ဒါလောက်မပေါ်ဘူး၊ အဲဒီတော့ မပေါ်သည်ဖြစ်စေ၊ ပေါ်သည်ဖြစ်စေ၊ သင်္ခါရကွန္ဓာကတော့ ရှိတာပဲ။

အဲဒီ ခန္ဓာငါးပါးလုံး မြင်တဲ့အခိုက်မှာ ရှိတယ်၊ ကြားတဲ့အခါတွေ နံတဲ့အခါတွေလဲ အတူတူပဲ၊ အဲဒါလေးတွေကို ဝိပဿနာ မရှုမှတ်လို့ရှိယင်ဖြင့် ဒါလေး သာယာနေတာ၊ အခု ဝိပဿနာရှုတာ တခြားမဟုတ်ဘူး၊ သာယာပြီးတော့ စွဲလမ်းတဲ့ တဏှာဥပါဒါန်မဖြစ်အောင်လို့ မြင်တိုင်းမြင်တိုင်း ရှုနေရတာ၊ ဒိဋ္ဌဥပါဒါန်ကလဲ ဒီအတိုင်းပဲ။

ဝိပဿနာရှုမရှုလို့ အမှန်အတိုင်းမသိယင် မြင်တဲ့အဆင်း၊ ကိုယ့်လက်ကို မြင်တယ်ဆိုပါတော့ ငါပဲဆိုပြီးတော့ ငါ့လက်ကို ငါမြင်တယ်ဆိုပြီး မြင်တာနဲ့ မြင်ရတာနဲ့အတူတူပဲ၊ တယောက်တည်းပဲ၊ ဘာပြုလို့ စွဲလမ်းသွားတာလဲ၊ မြင်ရတာက မျက်စိလဲပဲ ငါပဲဆိုပြီးစွဲလမ်းတယ်၊ မြင်တာကိုလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်လို့ ကောင်းတာကိုလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်ရတဲ့ အာရုံကို မှတ်သားတဲ့အခါ မှတ်မိတာလေးလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်မှုဖြစ်အောင် နှလုံးသွင်းတာ စူးစိုက်တာလဲ ငါပဲလို့ဆိုပြီး စွဲလမ်းတယ်၊ အဲဒါ ဒိဋ္ဌနဲ့ စွဲလမ်းတဲ့ ဒိဋ္ဌဥပါဒါန်ဖြစ်လို့ပဲ။

မြင်တိုင်းဝိပဿနာ

အဲဒီတဏှာ၊ ဒိဋ္ဌဥပါဒါန်တွေ မဖြစ်ရအောင်လို့ မြင်တိုင်းမြင်တိုင်း ရှုနေရတယ်၊ မြင်တိုင်းမြင်တိုင်းရှုလို့ မြင်တဲ့ အခါကာလမှာ ထင်ရှားတဲ့ ရုပ်တရားကတမျိုး၊ နာမ်တရားက တမျိုး၊ ဒါလေး ၂–ခုပဲရှိတယ်လို့ သိလာလို့ရှိယင် ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အစွဲအလမ်းတွေ ပျောက်တယ်၊ အဲဒီမြင်တိုင်း မြင်တိုင်း ဖြစ်ပြီးပျက်သွားလို့ မမြဲတဲ့ တရားတွေချည်းထည်းပဲလို့ သိလာလို့ရှိယင်ဖြင့် တဏှာနဲ့သာယာမှုတွေလဲပဲ မဖြစ်တော့ဘူး၊ မမြဲတာတွေ ဆင်းရဲပဲ၊ ဆင်းရဲတာတွေ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ တရားတွေပဲလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေသိပြီးတော့ သာယာမှုတွေလဲ ကင်းနိုင်တယ်၊ အဲဒီ တဏှာ, ဒိဋ္ဌ အစွဲအလမ်းတွေ ကင်းအောင်လို့ မြင်တိုင်း မြင်တိုင်းတွေ ရှုရတယ်တဲ့၊ ကြားတိုင်းရှုရတယ်၊ နံတိုင်းရှုရတယ်၊ စားတိုင်းရှု ရတယ်၊ တွေ့ထိတိုင်း ရှုရတယ်၊ ဒါတွေလဲ အကုန်လုံးအတူတူပဲ။ ဒီတော့ကို ခန္ဓာငါးပါးကလေးကို ဆိုကြအုံးစို့ရဲ့။

ဒွါရ ၆–ပါးမှာရှိတဲ့ ရူပ်နာမ်ခန္ဓာ

တချို့က ခန္ဓာငါးပါးဆိုတာ စာထဲကပြောတဲ့အတိုင်းသာ ခန္ဓာငါးပါး ဒီလိုအောက်မေ့နေတာကိုး၊ မဟုတ်ဘူး၊ ဝိပဿနာမှာ အရေးကြီးတာက ကိုယ်မြင်နေတာ၊ ကြားနေတာ၊ အရေးကြီးတာ၊ စာအုပ်ထဲကဟာတွေက ကိစ္စမရှိဘူး၊ စာအုပ်က သူ့ဟာသူနေတာ၊ အခုကာလ စာအုပ်နဲ့ ရေးထားလို့သာပဲ၊ ရှေးတုန်းကဆို စာအုပ်တောင် ဘာမှရှိ တာမဟုတ်ဘူး၊ ပါးစပ်ထဲမှာ ရှိနေတာ၊ ပါးစပ်ထဲမှာလဲ ရွတ်တဲ့အခါမှ ရှိတာ၊ မရွတ်တဲ့အခါဆိုယင် စိတ်ကူးထဲမှာ ရှိတယ်၊ ဒီတော့ ခန္ဓာငါးပါး တရားတွေဆိုတာ အမှန်ရှိတာက မိမိတို့မြင်ခိုက်၊ ကြားခိုက်၊ ဒွါရ ၆–ပါးမှာ ရှိနေတာ၊ ဒီတရားတွေကို သိဖို့ရာလွယ်တယ်။

ဒီတရားတွေ မသိလို့ရှိယင် တဏှာတို့, ဒိဋ္ဌတို့၊ ကိလေသာတွေ ဒီကနေဖြစ်နေတာ၊ ကိလေသာ မဖြစ်အောင်လို့ဟာ ဝိပဿနာနဲ့ ဒီကရှုရတယ်၊ တချို့က စာအုပ်ထဲကဟာလောက်သိနေတာ၊ ရုပ်ဆိုလို့ရှိယင် မဟာဘုတ် ၄–ပါးနဲ့ ဥပါဒါရုပ် ၂၄ –ခုက ရုပ်တရား၊ ရူပက္ခန္ဓာ၊ စာအုပ်ထဲက ခန္ဓာတွေ သိနေတာ၊ စာအုပ်မရှိခင်ကဆိုယင် ခက်ရမှာ၊ စာအုပ်မရှိခင်က ဆိုယင် ခန္ဓာငါးပါးတွေ ဘယ်မှာသွားထားရမှန်း မသိဘူး၊ ခုတော့ စာအုပ်တွေရှိလို့ တော်တော်ရှိသေးတယ်၊ အမှန်ကတော့ အဲဒါတွေ ဟာ ပညတ်တွေပါပဲ၊ ပရမတ်မဟုတ်ပါဘူး၊ မဟာဘုတ် လေးပါးဆိုတဲ့ အမည်ပညတ်၊ ဥပါဒါရုပ် ၂၄–ပါးဆိုတဲ့ အမည်သန်္ဓာ တွေ၊ အဲဒါတွေကို ပရမတ်တွေမှတ်နေကြတာကိုး။

အဲဒါ ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာ၊ သညာစေတသိက်က သညာက္ခန္ဓာ၊ ဖဿအစရှိသော စေတသိက် ၅၀–က သင်္ခါရက္ခန္ဓာ၊ စိတ်ကဝိညာဏက္ခန္ဓာ၊ စာထဲကကျမ်းဂန်ထဲကဆိုတာ ဒါတွေက နာမည်တွေပဲ။

မြင်ဆဲရူပ်နာမ်ရှု

အမှန်စင်စစ်ကတော့ ဖြစ်ဆဲကြားဆဲမှာ ထင်ရှားဖြစ်နေတဲ့ တရားတွေ၊ ဒီခန္ဓာငါးပါးတွေဟာ တခြားမှာရှိတာ မဟုတ်ဘူး၊ မြင်ဆဲ၊ ကြားဆဲမှာပဲ၊ မြင်တိုင်းကြားတိုင်းတွေမှာ ဖြစ်နေတယ်၊ အဲဒါတွေ နားလည်ထားဖို့ရာ လိုပါတယ်၊ ဆိုရမယ်။

မြင်ဆဲခဏာ၌ မျက်စိနဲ့အဆင်းက၊ ရူပက္ခန္ဓာ။
မြင်သိတာက ဝိညာဏက္ခန္ဓာ။
မြင်လို့ ကောင်းတာမကောင်းတာက ဝေဒနက္ခန္ဓာ၊
မြင်ရတဲ့အဆင်းကို မှတ်သားတာက သညက္ခန္ဓ၊
မြင်မှုဖြစ်အောင်နှလုံးသွင်းစူးစိုက်တာက သင်္ခါရက္ခန္ဓာ။

ဒီခန္ဓာငါးပါးအစုံပဲ၊ မြင်ဆဲခဏမှာ ဖြစ်တဲ့ ခန္ဓာငါးပါးတဲ့၊ အဲဒီခန္ဓာငါးပါးတွေ အမှန်အတိုင်း မသိလို့ရှိယင် တဏှာနဲ့ သာယာပြီးတော့ စွဲလမ်းတယ်၊ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ တဏှာနဲ့မသာယာယင်ကော မသာယာလဲ ဥပါဒါနက္ခန္ဓာပါပဲ၊ စွဲလမ်းနိုင်တဲ့ တရားတွေ၊ ဘုရားရဟန္တာပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ မြင်တိုင်း မြင်တိုင်း မြင်မှုနဲ့စပ်တဲ့ ခန္ဓာငါးပါးတွေဖြစ်တယ်၊ သူတို့တော့ သာယာစွဲလမ်းမှုမရှိပါဘူး၊ မရှိပေမယ့် ဥပါဒါနက္ခန္ဓာပဲခေါ်ရတယ်၊ ဥပါဒါန်ရဲ့အာရုံ ဖြစ်နိုင်တဲ့တရားတွေ၊ သူတို့ သာ ဥပါဒါန်နဲ့ အာရုံမပြုတာကိုး၊ ဒီပြင်ပုဂ္ဂိုလ်တွေက ဥပါဒါန်နဲ့အာရုံပြုတယ်။

ဘုရားရဟန္တာတွေ မြင်ထားတဲ့အဆင်းကို ဒီပြင်ပုဂ္ဂိုလ်တွေကကြည့်ပြီး နှစ်သက်သာယာပြီး တဏှာနဲ့စွဲလမ်းနိုင်တာပဲ၊ ဘုရားရဟန္တာတွေက မြင်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်က အဆင်းရုပ်ကို ငါပဲဆိုပြီး အဲဒီပုဂ္ဂိုလ်စွဲလမ်းနေတာပဲ၊ ဒီတော့

ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေက တဏှာဥပါဒါန်နဲ့ စွဲလမ်းနိုင်သူ့ လောကီခန္ဓာတွေဟူသမျှဟာ ဘယ်သူ့သန္တာန်မှာရှိရှိ၊ ဥပါဒါနက္ခန္ဓာလို့ပဲ ခေါ်ရတယ်။

ဥပါဒါနက္ခန္ဓာရှုပါ

အဲဒါ ဥပါဒါနက္ခန္ဓာမြင်ဆဲခဏမှာ ဥပါဒါနက္ခန္ဓာ ငါးပါး၊ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးတွေ အမှန်အတိုင်း သိအောင်လို့ ရှုရတာ၊ ဝိပဿနာရှုတယ်ဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးလို့ ရှုရတယ်လို့ သီလဝန္တသုတ်တို့၊ သုတဝန္တသုတ်တွေမှာ အရှင်မဟာကောဋ္ဌိကကမေးလို့ အရှင်သာရိပုတ္တရာက ဖြေထားတယ်။

သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ သုတနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တရားတွေ ရှုရသလဲ၊ နှလုံးသွင်းရပါသလဲလို့ ဆိုပြီးတော့ မေးတော့၊ ဥပါဒါနက္ခန္ဓာငါးပါး တရားရှုရတယ်လို့ ဖြေထားပါတယ်၊ ဥပါဒါနက္ခန္ဓာငါးပါးရှယင် ဘာအကျိုးရှိသလဲဆိုယင် ရှုနေယင်းနဲ့ သောတာပတ္တိဖိုလ်ကို ရောက်နိုင်ပါတယ်၊ သောတာပန်ဖြစ်နိုင်ပါတယ်။

သောတာပန်ဖြစ်လို့ရှိယင်လဲပဲ ဘယ်တရားတွေရှုရသလဲ၊ ဥပါဒါနက္ခန္ဓာ ငါးပါးရှုရတာပါပဲ၊ ရှယင် ဘယ်အကျိုးရှိသလဲဆိုယင် ဥပါဒါနက္ခန္ဓာငါးပါးရှယင် သောတာပန်ပုဂ္ဂိုလ်က သကဒါဂါမ်ဖိုလ်ရောက်ပြီး သကဒါဂါမ်အဖြစ်ကို ရောက်သွားနိုင်ပါတယ်။

သကဒါဂါမ်ပုဂ္ဂိုလ်က ဘယ်တရားရှုရသလဲ၊ ဥပါဒါနက္ခန္ဓာငါးပါး ရှုရတာပဲ၊ ဘယ်အကျိုးရှိသလဲ၊ ဒီလိုရှယင်းနဲ့ သကဒါဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ်ရောက်ပြီး အနာဂါမ်အဖြစ် ရောက်သွားနိုင်တယ်။

အနာဂါမ်ပုဂ္ဂိုလ်ရှုတော့ အနာဂါမ်ပုဂ္ဂိုလ်ကတော့ ဘယ်တရားရှုရသလဲလို့ မေးတော့၊ အနာဂါမ်ပုဂ္ဂိုလ်လဲ ဥပါဒါနက္ခန္ဓာငါးပါးရှုရတာပဲ၊ ဘယ်အကျိုးရှိသလဲဆိုယင် အဲဒီလိုရှယင်းနဲ့ အရဟတ္တဖိုလ်ရောက်ပြီးတော့ ရဟန္တာဖြစ်သွားနိုင်ပါတယ်တဲ့။

ရဟန္တာ ဖြစ်သွားလို့ရှိယင်တော့ ဘာတရားရှုရသေးသလဲဆိုယင် ရှုချင်လို့ရှယင် ရဟန္တာပုဂ္ဂိုလ်ကလဲ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ ရှုရတာပဲ၊ ဘာအကျိုးရှိသလဲဆိုတော့ ရဟန္တာပုဂ္ဂိုလ်က ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ ဘုရားဖြစ်တယ်၊ ဒီလိုတော့ အဆင့်အတန်းတော့ မတက်တော့ဘူး၊ ဘာအကျိုးရှိသလဲဆိုတော့ သတိသမ္မဇဉ် အမြဲယှဉ်ခြင်း အကျိုးရှိတယ်၊ ဒိဋ္ဌဓမ္မသုခဝိဟာရ–မျက်မှောက်မှာ ချမ်းသာစွာနေရခြင်းအကျိုး ရှိတယ်တဲ့။

ရဟန္တာပုဂ္ဂိုလ်လဲ တရားနှလုံးမသွင်းပဲနဲ့ မရှုမှတ်ပဲနေလို့ရှိယင် သတိသမ္မဇဉ်တွေ အလေ့အကျင့်တွေ မရဘူးပေါ့လေ၊ အမြဲတမ်းရှုမှတ်နေတော့ သတိသမ္မဇဉ်တွေ အမြဲတမ်းဖြစ်နေတယ်၊ မျက်မှောက်အတ္တတောမှာလဲ ချမ်းသာတယ်တဲ့၊ ဝိပဿနာရှုနေရတော့ မြင်တိုင်း, ကြားတိုင်းတွေ ဖြစ်လိုက်, ပျက်လိုက် ဒါလေးတွေရှုပြီးတော့နေတော့ ချမ်းသာတယ်၊ ဒီအတိုင်း အလွတ်နေလို့ရှိယင်တော့ ဝိပဿနာချမ်းသာနဲ့ မပြည့်စုံဘူးပေါ့လေ၊ ဒါပြင် အနေနဲ့တော့ သူ့ဆင်းရဲနေတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဝိပဿနာချမ်းသာနဲ့ မပြည့်စုံဘူး၊ ဒါကြောင့် သတိသမ္မဇဉ်နှင့်ပြည့်စုံခြင်း၊ မျက်မှောက်အတ္တဘောဌ် ချမ်းချမ်းသာသာ နေရခြင်းအကျိုးတွေကို ရဟန္တာ ပုဂ္ဂိုလ်မှာလဲ ဝိပဿနာရှယင်ရပါတယ်တဲ့။

အဲဒီမှာ ဥပါဒါနက္ခန္ဓာ ငါးပါး ရှုတယ်လို့ပြောထားပါတယ်၊ သောတာပန်ဖြစ်အောင်လဲ ဒီဟာရှုရတာပဲ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်အောင်လဲ ဒါတွေရှုရတာပဲ၊ ရဟန္တာဖြစ်ပြီးတော့လဲ ဒီတရားတွေ ရှုရတာပဲ၊ ဝိပဿနာရှုတယ်ဆိုယင် ဥပါဒါနက္ခန္ဓာငါးပါးလို့ ခေါ်တဲ့ လောကီခန္ဓာ ငါးပါးတရားတွေ ရှုရပါတယ်။

ပေါ်လာတဲ့အခါ လောကီခန္ဓာရှု

လောကီခန္ဓာ ငါးပါးတရားတွေ ဘယ်လိုရှုရသလဲဆိုယင် ဖြစ်ပေါ်လာတဲ့အခါ ရှုရတယ်၊ မဖြစ်ပေါ်တဲ့တရားတွေကို စာအုပ်ထဲကပါတဲ့အတိုင်း မှန်းတန်းပြီးတော့ရှုလို့ ဒီလိုမဖြစ်ဘူး၊ တချို့က စာအုပ်ထဲပါတဲ့ ဥစ္စာတွေကိုမှ အမှန်မှတ်နေတယ်၊ ရုပ္ပနလက္ခဏာလေးပဲ၊ ဖောက်ပြန်တဲ့သဘောလေး ရှုမှတ်၊ ဒါမှ သဘာဝကျမယ်၊ ဒီလိုပြောလဲပြောကြတယ်၊ တချို့စာအုပ်တွေလဲ ရေးထားကြတယ်၊ အဲဒါက သူတို့လက်တွေ့လုပ်ငန်းမရှိပဲနဲ့ စာအုပ်ထဲကြည့်ပြီးတော့ ပြောဟောနေကြတာ၊ တကယ်လက်တွေ့ လုပ်ငန်းက ဒီလိုအားထုတ်မှ ဖြစ်တယ်။

ရုပ်တရားလဲပဲ ဒွါရ ၆–ပါးကပေါ်တဲ့ အခိုက်အတန့်ပဲ ရှုရတယ်၊ မပေါ်တဲ့ အခိုက်အတန့်ရှုလို့ မဖြစ်ဘူး၊ မပေါ်တဲ့ အခိုက်အတန့်ရှုလို့ ဘယ်ကရုပ်တရား တွေ့လိမ့်မှာလဲ၊ ရုပ်ပေါ်တဲ့အခိုက်အတန့်မှာ ရုပ်ရှုရတယ်၊ နာမ်ပေါ်တဲ့အခိုက်အတန့်မှာ

နာမ်ရှုရတယ်၊ မရှုယင်လဲပဲ ဒီရုပ်နာမ်တရားတွေက အဲဒီ ပေါ်ခိုက် ပေါ်ခိုက် မရှုယင် ကိုလေသာဖြစ်တယ်၊ ပေါ်ခိုက်တရားတွေ မရှုမီကတည်းက အဝိဇ္ဇာကျတယ်၊ မသိတာဟာ အဝိဇ္ဇာပဲကိုး၊ မသိတာအဝိဇ္ဇာတဲ့၊ အနုသယကျတယ်၊ နောင်ပြန်စဉ်းစားလို့ရှိယင်ဖြင့် အဲဒီ မသိတဲ့အတိုင်းပဲ ပြန်ပြီးပေါ်တယ်၊ မသိဆိုလဲပဲ လုံးလုံးမသိတာမဟုတ်ဘူး၊ မဟုတ်တာတွေတော့ သိနေတာ၊ ပြန်ပြီး စဉ်းစားတဲ့အခါကျတော့ နိစ္စ, သုခ, အတ္တ အနေအားဖြင့်လဲ စွဲလမ်းဖို့ရာ တွေ့မြင်တာလေးတခု မြင်တုန်းကမရှုမိလို့ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ မတွေ့ခဲ့ဘူးဆိုယင် အဲဒါ နောက်တခါ ပြန်စဉ်းစားတဲ့အခါကျတော့ အဲဒီ မြင်ဆဲခဏမှာ ရှိတဲ့ မျက်စိနဲ့အဆင်း သူ့ကိုလဲ နိစ္စ–မြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်၊ အတ္တငါပဲ၊ ပုဂ္ဂိုလ်ပဲ၊ ဒီလိုစွဲလမ်းတယ်။

မြင်သိတာလေးလဲပဲ ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တမသိယင် အဲဒါလေး ပြန်စဉ်းစားတဲ့အခါကျယင် ခုနကမြင်ခဲ့တာဟာ ငါပဲ၊ ခုနကမြင်ခဲ့တာ အခုထက်ထိ ငါပဲ၊ မြဲနေတယ်အောက်မေ့တယ်၊ ခုနက မြင်တာလေးက ကောင်းတယ်၊ ချမ်းသာတယ်၊ သုခအနေအားဖြင့် စွဲလမ်းတယ်၊ အဲဒီလို အစွဲအလမ်းတွေ ဖြစ်နိုင်တယ်၊ အဲဒါ မြင်ရာကနေပြီးတော့ နိစ္စ, သုခ, အတ္တ အစွဲအလမ်းတွေ ဖြစ်ပုံ။

အဲဒီလို အစွဲအလမ်းတွေ ဖြစ်တာဟာ ဘာလဲဆိုယင် ဥပါဒါန်တွေပဲ၊ ဥပါဒါန်တရားတွေ မဖြစ်ရအောင်လို့ ဥပါဒါန်တရားဖြစ်ယင် ဘာအဖြစ်ရောက်တုံးဆိုတော့ ဥပါဒါနပစ္စယာ ဘဝေါ၊ ဥပါဒါန်ဖြစ်လို့ရှိယင် ဘဝဖြစ်တယ်တဲ့၊ စွဲလမ်းမှုတော့ စွဲလမ်းတဲ့ အလုပ်တခုကို အောင်မြင်အောင် တနည်းနည်းနဲ့ ပြုလုပ်အားထုတ်တယ်၊ အားထုတ်လို့ရှိယင် ကမ္မဘဝဖြစ်တယ်၊ ကုသိုလ်ကံ အကုသိုလ်ကံဖြစ်တယ်၊ များသောအားဖြင့် အကုသိုလ်ကံ ဖြစ်တတ်တယ်၊ အကုသိုလ်ကံဖြစ်ယင် အကုသိုလ်မကောင်းတဲ့ဘဝတွေ အကျိုးပေးမယ်၊ ကုသိုလ်ကံပြုယင် ကောင်းတဲ့ဘဝတွေ အကျိုးပေးမယ်၊ ဘဝပစ္စယာဇာတိ၊ အကုသိုလ်ကံပြုယင် အပါယ် ၄–ပါး ဇာတိဖြစ်မယ်၊ ကုသိုလ်ကံပြုယင် သုဂတိ ဘုံဇာတိဖြစ်မယ်၊ ဇာတိဖြစ်ယင် ဇရာမရဏ၊ အိုခြင်း, သေခြင်းတွေ၊ အပါယ် ၄–ဘုံမှာဖြစ်ယင် အဲဒီဘုံမှာ အိုရ, သေရမယ်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေ ရောက်ရမယ်၊ လူ့ဘဝ နတ်ဘဝ၊ သုဂတိဘုံဖြစ်လို့ရှိယင် အဲဒီဘုံမှာ အိုရ၊ နာရ၊ သေရမယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ရောက်ရမယ်၊ အဲဒီ ဆင်းရဲတဲ့ အကျိုးတွေရောက်ပြီးတော့ သွားမယ်တဲ့။

အဲဒီလို မရောက်ရအောင်လို့ ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို ဝိပဿနာရှုရတယ်၊ အခု မြင်ဆဲခဏမှာ မျက်စိနဲ့အဆင်းကရုပ်၊ မြင်တာကနာမ်၊ မြင်သိတာမှာလဲ မြင်သိရုံမျှက ဝိညာဏာကွန္ဓာ၊ မြင်လို့ ကောင်းတာမကောင်းတာက ဝေဒနာကွန္ဓာ၊ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာကွန္ဓာ၊ မြင်မှုဖြစ်အောင် နှလုံးသွင်းမှု စူးစမ်းမှုက သင်္ခါရကွန္ဓာ၊ ခန္ဓာငါးပါး၊ ကြားသိဆဲခဏလဲ ဒီအတိုင်းပဲ၊ ဒါတွေဆိုကြအုံးမှ၊ ဒါပေမယ်လို့ စာပေဗဟုသုတ အခြေခံမရှိတဲ့ ပုဂ္ဂိုလ်တွေက သိပ်ပြီးတော့မသိဘူး၊ မမှတ်မိဘူး၊ မမှတ်မိတော့ သူတပါးကမေးတော့ မပြောတတ်ဘူး၊ နည်းနည်းလေးတော့ ပြောတတ်အုံးမှ၊ မပြောတတ်ယင် ဘေးကပုဂ္ဂိုလ်တွေက ဟုတ်တယ်လို့ မထင်ဘူး၊ ပြောတတ်မှ၊ ပြောတတ်လို့ရှိယင်လဲ နည်းနည်းဟုတ်တယ်လို့ ထင်လာတယ်။

ကြားဆဲခဏ၌၊ နားနဲ့အသံက ရုပ်ခန္ဓာ။
ကြားသိတာက ... ... နာမ်ခန္ဓာ။
ကြားသိရုံမျှက ... ... ဝိညာဏာကွန္ဓာ။
ကြားလို့ကောင်းတာမကောင်းတာက– ဝေဒနာကွန္ဓာ။
ကြားရတဲ့အသံကို မှတ်သားတာက သညာကွန္ဓာ။
ကြားမှုဖြစ်အောင် နှလုံးသွင်းမှုစူးစိုက်မှုက သင်္ခါရကွန္ဓာ။
နံမှုတို့ စားမှုတို့တော့ ထားလိုက်ပါတော့၊ တွေ့ထိမှုတို့တော့ ဆိုရမယ်။

တွေ့ဆဲ ရုပ်နာမ်ရှု–

တွေ့ဆဲခဏ၌၊ ကိုယ်နဲ့အတွေ့အထိက ရူပကွန္ဓာ။
ထိသိရုံမျှက ... ... ဝိညာဏာကွန္ဓာ။
တွေ့ထိလို့ကောင်းတာမကောင်းတာက– ဝေဒနာကွန္ဓာ။
တွေ့ထိရတဲ့အာရုံကို မှတ်သားတာက– သညာကွန္ဓာ။
တွေ့ထိအောင် နှလုံးသွင်းမှုစူးစိုက်မှုက– သင်္ခါရကွန္ဓာ။

တွေ့ထိဆဲခဏမှာ တွေ့ထိတယ်ဆိုတာ ခုနက ပြောခဲ့တဲ့အတိုင်းအများချည်းပဲ၊ တွေ့ထိတိုင်း ဏွေ့ထိတိုင်းဟာ ကိုယ်အကြည်ရုပ်ဆိုတာရှိတယ်၊ ကိုယ်တကိုယ်လုံး နေရာတိုင်း အတွင်းကရော အပြင်ကရော၊ အနှံ့အပြားအဆင်း ရုပ်ထင်လောက်အောင် မှန်အကြည်များလိုပဲ အတွေ့အထိထင်လောက်အောင် ကိုယ်အကြည်ရုပ်ဆိုတာ သူကတမျိုးရှိတယ်၊ ဒီကိုယ်အကြည်ရုပ်ကလေးရှိတဲ့နေရာမှာ အတွေ့အထိကဖြစ်တယ်၊ အသားအရေခြောက်နေလို့၊ သို့မဟုတ် အသားတွေပျက်နေယင် အဲဒီနေရာ

မှာဆိုယင် ထိမှန်းမသိဘူး၊ အဲဒါ ကာယပသာဒ၊ ကိုယ်အကြည်ရုပ်မရှိတဲ့နေရာမှာ ထိယင် ထိမှန်းမသိဘူး၊ အကြည်ရုပ်ရှိတဲ့ နေရာထိတော့ နည်းနည်းကလေး ထိယင် နည်းနည်းကလေး သိတယ်။

အဲဒီ ကိုယ်အကြည်ရုပ်ကလဲ ထင်ရှားတယ်၊ တွေ့ထိရတဲ့အာရုံကလဲ ထင်ရှားတယ်၊ တွေ့ထိရတဲ့ အာရုံဆိုတော့ အပြင်ကအာရုံ၊ အတွင်းကအာရုံ အမျိုးမျိုးရှိတာပေါ့၊ အတွင်းမှာတွေ့ထိယင် ကိုယ်တွင်းကအာရုံပေါ့၊ ကွေးတယ်၊ ဆန့်တယ်၊ ထိုင်တယ်၊ ထတယ်ဆိုတဲ့ နေရာတွေမှာ ကိုယ်ထဲက အတွေ့အထိတွေ၊ တခြားက အတွေ့အထိ မဟုတ်ဘူး၊ ဒါကတော့ ကွေးတဲ့အခါကာလမှာ လက်ပဲကွေးကွေး၊ ခြေပဲကွေးကွေး၊ လက်ထဲ ခြေထဲကနေပြီး တောင့်တင်းတာ လှုပ်ရှားတာတွေ ကိုယ် ထဲကနေပြီးတော့ ထိတာပဲ၊ ဒါကိုယ်ထဲက အတွေ့အထိတွေ ကွေးတယ် ကွေးတယ်မှတ်ယင်း တောင့်တင်းတာ၊ လှုပ်ရှားတာ၊ အဲဒီတွေ့ထိရတဲ့ အာရုံကို ထင်ရှားတယ်၊ ရုပ်တွေ၊ အဲဒါ ရူပက္ခန္ဓာတွေ။

သွားတဲ့အခါကာလမှာလဲပဲ ညာလှမ်းတယ်၊ ဗယ်လှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ လွယ်လွယ်ကူကူပြောလို့ လွယ်အောင်လို့ ဒီလိုပြောနေကျအတိုင်းပြောတာ၊ အမှန်ကတော့ အဲဒီထဲမှာ ခြေလှမ်းတိုင်း ခြေလှမ်း တိုင်း ခြေထောက်ထဲကနေပြီးတောင့်တာတို့၊ တင်းတာတို့၊ တွန်းကန်တာတို့၊ တွေ့ထိရတာတွေဟာ ခြေထောက်ထဲကနေ တွေ့သိတယ်၊ ဒါမျက်စိနဲ့ကြည့်လို့ မြင်တာမဟုတ်ဘူး၊ ခြေထောက်ထဲကနေပြီး တောင့်တာ တင်းတာ၊ တွန်းကန်တဲ့သဘော ဟာ ခြေထောက်ထဲကပဲ တွေ့ထိပြီးသိသွားတာပဲ၊ ကိုယ်ကိုကြွလိုက်တဲ့အခါကာလမှာ ပေါ့ပြီးတက်လာတာ၊ ကိုယ်ကိုထိုင်ချတဲ့ အခါကျတော့ လေးကျသွားတာတွေ၊ အဲဒါတွေလဲ ကိုယ်ထဲကနေ အတွေ့အထိတွေပဲ၊ ဒါက တေဇောဓာတ်အတွေ့အထိ၊ အာပေါဓာတ်အတွေ့အထိတွေ၊ ပေါ့တက်လာတာက တေဇောဓာတ်အတွေ့အထိ၊ လေးကျသွားတာက အာပေါဓာတ်အတွေ့ အထိ၊ တောင့်တင်းတာ လှုပ်ရှားတာ တွန်းကန်တာတွေက ဝါယောဓာတ်အတွေ့အထိ၊ ခက်မာတဲ့သဘောတွေ၊နူးညံ့တဲ့သဘော တွေ၊ အစိုင်အခဲသဘောတွေနဲ့ အမာခံသဘောတွေနဲ့ တွေ့ထိရတာက ပထဝီနဲ့တွေ့ထိတာ။

မနေ့ကပြောခဲ့တဲ့အတိုင်းပဲ၊ ခြေတလှမ်းအတွင်းမှာ ဓာတ်လေးပါးရုပ်တွေကို တွေ့နေတာ၊ တကွေးတဆန့်အတွင်းမှာ လဲပဲ ဓာတ်လေးပါး ရုပ်တွေကို တွေ့နေတာပဲ၊ ရုပက္ခန္ဓာတရားတွေတဲ့၊ ကိုယ်အကြည်ရုပ်နဲ့ တွေ့ထိရတဲ့ရုပ်က ရူပက္ခန္ဓာ၊ ကိုယ်အကြည်ရယ်၊ တွေ့ရတာရယ်၊ အဲဒါ ရူပက္ခန္ဓတွေ၊ ဒါတွေက ထင်ရှားပါတယ်။

အဲဒီကထိသိတာတွေ ဒါက နာမက္ခန္ဓာ၊ ထိသိတာက နာမက္ခန္ဓာ၊ ထိသိပြီးတော့ ကောင်းတာလဲရှိတယ်၊ မကောင်းတာ လဲရှိတာကိုး၊ မကောင်းတာတွေကတော့ ညောင်းလိုက်ပူလိုက်နာလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ အဲဒါတွေကတော့ မကောင်းတာတွေပေါ့လေ၊ မကောင်းတဲ့အတွေ့အထိတွေ။

ကောင်းတာတွေကတော့ ညောင်းနေတဲ့အခါ လက်ကလေး ကွေးရာက ဆန့်လိုက်တော့ အညောင်းပြေပြီး ကောင်း သွားတာ၊ ဆန့်ထားရာကနေပြီး တောင့်တင်းနေတာကို၊ အဲဒီမှာ ကွေးလိုက်တော့ အညောင်းပြေပြီးတော့ နေသာထိုင်သာဖြစ် တယ်၊ ကိုယ်က ထိုင်နေရတာ ပင်ပန်းတော့ ခါးထဲကတောင့်ပြီးတော့ အခံခက်နေတာကို အဲဒီမှာ လဲ့အိပ်ချလိုက်လို့ ရှိယင် အဲဒီမှာ အညောင်းပြေပြီးသွားတာဟာ ကိုယ်အတွေ့အထိတွေ ကောင်းသွားတယ်၊ အမျိုးမျိုးပေါ့လေ၊ အတွေ့အထိတွေဆိုတာ အများကြီးရှိပါတယ်၊ အကောင်းတွေ၊ ပူအိုက်တဲ့အခါ အအေးကလေးတွေရလို့ ကောင်းတာလဲ ရှိတယ်၊ အေးချမ်းနေတဲ့အခါ ကာလ အနွေးကလေးနဲ့တွေ့ရလို့ ကောင်းသွားတာ ရှိတယ်။

အတွေ့အထိတွေ မူလက မကောင်းတဲ့အတွေ့အထိနဲ့ တွေ့ထိနေရာမှာ ပြောင်းလဲပြီးတော့ ဆန့်ကျင်ဘက်အတွေ့မျိုး နဲ့တွေ့ယင် ကောင်းပြီးတော့သွားတတ်တယ်၊ အပူနဲ့တွေ့ထိနေလို့ ဆင်းရဲနေယင်၊ အအေးနဲ့တွေ့ရတဲ့အခါ ကောင်းသွားတယ်၊ အအေးနဲ့တွေ့ရတာ ဆင်းရဲနေယင်၊ အပူတွေနဲ့ တွေ့ရတာ ကောင်းတယ်၊ အဲဒီလိုပဲ အတွေ့အထိတွေ အမျိုးမျိုးရှိပါတယ်။

အဲဒီလို ကိုယ်ထဲကတွေ့ထိပြီးတော့ ကောင်းသွားတာ၊ သုခဝေဒနာခေါ်တယ်၊ ကိုယ်ထဲကတွေ့ထိပြီးတော့ မကောင်း နေတာ၊ နာတာကျင်တာ၊ ကိုက်ခဲတာတွေဟာ ဒုက္ခဝေဒနာခေါ်တယ်၊ အဲဒီတော့ တွေ့ထိလို့ ကောင်းတာ မကောင်းတာက ဝေဒနက္ခန္ဓာ၊ ဒါတွေပဲတွေ့နေတာပဲ၊ မှတ်ယင်းမှတ်ယင်း တွေ့နေတယ်၊ သွားယင်း, လာယင်း, နေယင်း, ထိုင်ယင်း, တွေ့ထိ လို့ကောင်းတာ မကောင်းတာတွေ ဝေဒနက္ခန္ဓာတွေ တွေ့နေတာပဲ။

တွေ့ထိရတာတွေ၊ မှတ်သားတာလေးကလဲ ရှိတယ်၊ မှတ်မိတယ်၊ သူက ဘယ်လိုတွေ့တာပဲ၊ ဘယ်လိုထိတာပဲ၊ ကွေးလိုက်တာပဲ၊ ဆန့်လိုက်တာပဲ စသည်ဖြင့် သူကသိနေတယ်၊ မှတ်မိနေတယ်၊ မှတ်မိတယ်ဆိုတာက သညာက္ခန္ဓာ။

အဲဒီ တွေ့ထိမှု ထိသိမှုကလေးဖြစ်အောင်လို့ နှလုံးသွင်းလိုက်၊ စူးစိုက်တာက သခ်ါရက္ခန္ဓာတဲ့၊ အထူးအားဖြင့်တော့ ဒီကွေးမှုဖြစ်အောင်၊ ဆန့်မှုဖြစ်အောင် စူးစိုက်အားထုတ်မှုတွေ ရှိတယ်၊ ကွေးတဲ့အခါမှာ ကွေးအောင်လို့ စိတ်က လှုံ့ဆော်ပြီး တော့ပေးတာပဲ၊ ဘယ်သူကမှ ကွေးအောင်လုပ်ပေးနေတာ မဟုတ်ဘူး၊ ကွေးစေလို့ စီရင်ချက်ချသလိုပဲ၊ ကွေးချင်တဲ့စိတ်

ကလေးကစပြီးတော့ ဖြစ်လာတယ်၊ ကွေးလိုက်–ကွေးလိုက်လို့ ခိုင်းနေသလိုပဲ၊ ဆန့်လိုက်ဆန့်လိုက်ခိုင်းနေသလိုပဲ၊ တခါတရံ များ ထိုင်နေရာကကို ခြေထောက်ကလေးက ညောင်းနေလို့ရှိယင် ဆန့်လိုက်–ဆန့်လိုက်ခိုင်းနေသလိုပဲ၊ ဆန့်လိုက်အုံးမှပါပဲ၊ သွားလိုက်အုံးမှပါပဲ၊ ရေတက်နေလို့ရှိယင် ရေသွားသောက်လိုက်အုံးမှပါပဲ၊ ဘာလုပ်လိုက်အုံးမှပါပဲ စသည်ဖြင့် အဲဒီလို တိုက်တွန်းနေတဲ့ စိတ်ကလေးရှိတယ်၊ အဲဒီလို တိုက်တွန်းနေတဲ့ သဘောတွေဟာ သင်္ခါရက္ခန္ဓာတွေ။

သူစေ့ဆော်ပေးနေတာ ကောင်းသောအမှု မကောင်းသောအမှုတွေပြုနေတာ သူ့ကြောင့်ပြုနေတာ၊ ဒါနတွေပြုနေတာလဲ သူ့ကြောင့်ပဲ၊ သီလတွေ ပြုနေတာလဲ သူ့ကြောင့်ပဲ၊ ဘာဝနာအမှုတွေပြုနေတာလဲ သူ့ကြောင့်ပဲ၊ အဲဒါကြောင့် ဒီစေတနာကို ကံလို့ခေါ်တာ၊ ကောင်းသောအမှုတွေ ပြုလို့ရှိယင် ဒါက ကုသိုလ်ကံ၊ မကောင်းသော အမှုတွေပြုလို့ရှိယင် အကုသိုလ်ကံ စေတနာတွေ စေ့ဆော်တိုက်တွန်းပေးနေတာ။

အဲဒီတော့ အတွေ့အထိထဲမှာ ကွေးတာ, ဆန့်တာ, ထိုင်တာ, ထတာ, အမှုအရာတွေ ပြုအပ်နေတဲ့နေရာမှာ အမှုအရာ တခု ပြုမှုပြီးအောင်လို့ စေ့ဆော် တိုက်တွန်းပေးနေတာတွေ၊ သင်္ခါရက္ခန္ဓာတွေ ရှိတယ်၊ အဲဒါတွေလဲပဲ ကွေးယင်း၊ ဆန့်ယင်း၊ ထိုင်ယင်း၊ ထယင်း၊ ဒါတွေမှတ်ယင်းနဲ့ သိနေတာပဲ၊ ကွေးယင်းကွေးတယ်မှတ်၊ စောစောကတည်းက ကွေးချင်တဲ့စိတ်ကလေး က စပြီးသိလာတော့ ကွေးလိုက်လို့ မခိုင်းသော်လဲ ခိုင်းသကဲ့သို့ စေတနာတွေ စေ့ဆော်တိုက်တွန်းမှုတွေသိရတယ်၊ အဲဒါ သင်္ခါရက္ခန္ဓာတွေသိတာတဲ့။

ဒီတော့ကို ကွေးမှု၊ ဆန့်မှု၊ ထိုင်မှု၊ ထမှု အစရှိသော အမှုအရာတွေ မှတ်ယင်း ယင်းခန္ဓာငါးပါးတွေကို အမှန်အတိုင်း သိနေတာ၊ ဒီလို သိအောင်လို့ပဲ မှတ်ရတယ်၊ ဆိုရမယ်။

ကွေးဆဲ ခဏ၌ တောင့်တင်း လှုပ်ရှားတာကရုပ်၊ မှတ်သိ တာကနာမ်။

ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရူပက္ခန္ဓာ၊ မှတ်သိ တာက နာမက္ခန္ဓာ။

ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရူပက္ခန္ဓာ၊ ကွေးရန် ကြံစည်ခိုက်၌ ရှင်လန်းတာ၊ မရှင်လန်းတာက ဝေဒနက္ခန္ဓာ။

ကွေးမယ်လို့ ကြံစည်တဲ့အခါ တချို့လဲ ဝမ်းမြောက်ဝမ်းသာနဲ့ ကွေးလိုတဲ့ စိတ်ဖြစ်တယ်၊ အချို့လဲ စိတ်ဆိုး မာန်ဆိုး နဲ့ ကွေးနေတာရှိတယ်၊ အဲဒီမှာ ရှင်ရှင်လန်းလန်းဖြစ်ယင် သောမနဿဝေဒနာခေါ်တယ်၊ မရှင်မလန်းဖြစ်ယင် ဒေါမနဿ ဝေဒနာခေါ်တယ်။

ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရူပက္ခန္ဓာ၊ ကွေးရန် ကြံစည်တာက ဝိညာဏက္ခန္ဓာ။

ရှင်လန်းတာ မရှင်လန်းတာက ဝေဒနက္ခန္ဓာ၊ ကွေးသော အခြင်းအရာကို မှတ်သားမိ တာက သညာက္ခန္ဓာ။

ဒါကလဲ ဝိပဿနာရှုတာပြောတာမဟုတ်ဘူး၊ မကွေးခင်ကတည်းက ကွေးဖို့ရာ အာရုံကလေး စိတ်ထဲမှာ ထင်လာ တယ်၊ အဲဒါ မှတ်သားမှုကလေးရှိတယ်၊

ကွေးသော အခြင်းအရာကို မှတ်သားမိတာက သညာက္ခန္ဓာ။
ကွေးမှုဖြစ်အောင် စေ့ဆော်တိုက်တွန်းတာက သင်္ခါရက္ခန္ဓာ။

ခန္ဓာငါးပါးပဲ၊ ကွေးမှုဖြစ်အောင် ဆန့်မှုဖြစ်အောင်၊ ထိုင်မှု၊ ထမှု၊ သွားမှု၊ လာမှုဖြစ်အောင် သူကချည်းလုပ်နေတာ၊ သင်္ခါရက္ခန္ဓာက အလုပ်တွေ သိပ်များတယ်၊ အလုပ်လုပ်ထာ။

ရူပက္ခန္ဓာဆိုတာက ရုပ်တရား၊ သူ့ဟာသူ အသေသဘောပဲ၊ ဝေဒနက္ခန္ဓာဆိုတာလဲ အကောင်းအဆိုး အတွေ့အထိ လေးတွေကို အကြောင်းပြုပြီးတော့ ကောင်းသောအခြင်းအရာ၊ မကောင်းသောအခြင်းအရာနဲ့ ခံစားရုံပဲ၊ သူ့မှာ ဘာမှ အစွမ်း သတ္တိရှိတာမဟုတ်ဘူး၊ သညာက္ခန္ဓာဆိုတာလဲပဲ ဖြစ်ပေါ်လာတဲ့အတိုင်း မှတ်တမ်းတင်ပြီး မှတ်သားရုံကလေးပဲ၊ သူဘာမှအစွမ်း သတ္တိရှိတာမဟုတ်ဘူး၊ ဝိညာဏက္ခန္ဓာဆိုတာလဲပဲ ပေါ်လာတဲ့အာရုံကလေးသိရုံ အာရုံပြုမိရုံကလေး၊ သူ့မှာ ဘာမှ အစွမ်းသတ္တိ ရှိတာမဟုတ်ဘူး၊ သင်္ခါရက္ခန္ဓာတွေက အစွမ်းသတ္တိရှိတာ၊ သူက အလုပ်တွေလုပ်နေတယ်။

သူက ကွေးအောင်ဆန့်အောင်၊ ထိုင်အောင်ထအောင်၊ သွားအောင်လာအောင် အလုံးစုံသောအမူအရာတွေကို သူလုပ်နေတာပဲ၊ ကောင်းသောအမှု၊ မကောင်းသောအမှုတွေ သူလုပ်နေတာပဲ၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းမှု၊ အဲဒါတွေလဲပဲ သူကပြုတာပဲ၊ သီလဆောက်တည်မှုတွေ ကျင့်သုံးမှုတွေ၊ ဘာဝနာပွါးများမှုတွေလဲ သူကပြုတာပဲ၊ ရှုမှတ်မှုတွေ သူကပြုတယ်၊ အခုလို တရားဟောမှုတွေလဲ သူကပြုတာပဲ၊ တရားဟောတဲ့အခါမှာလဲပဲ ဟောဖို့ရာ စဉ်းစားစဉ်းစားပြီးသကာလ ဒီအလုံးပြောလိုက်၊ ဟိုအလုံးပြောလိုက်၊ မခိုင်းသော်လဲ ခိုင်းသလိုပဲ၊ ဒီဥစ္စာက ဒါက စေတနာတွေတိုက်တွန်းနေတာ၊ တရားနာတဲ့ပုဂ္ဂိုလ်မှာလဲ ထို့အတူပဲ၊ တရားနာဖို့ရာ သူက တိုက်တွန်းထားလို့ နာနေရတာ၊ စေတနာကနေပြီးခိုင်းလို့ ဒီလိုထိုင်ရမယ်၊ ဒီလို နလုံးသွင်းရမယ်၊ စေတနာကခိုင်းနေတယ်၊ အဲဒါက ကောင်းသောအမှုတွေပါ။

မကောင်းသော အမှုကတော့ ပါဏာတိပါတာ၊ သူများ အသက်ကို သတ်လို့ရှိယင် အဲဒါလဲပဲ သတ်လိုက်လို့ မပြောသော်လဲ ပြောသလိုပဲ၊ ခိုင်းနေတယ်၊ သူများဥစ္စာခိုးလို့ မပြောသော်လဲ ပြောသလိုခိုင်းနေတယ်၊ စေ့ဆော်တိုက်တွန်းနေတာတွေက သခ်ၢိရက္ခန္ဓာတွေ ခေါ်တယ်၊ အဲဒါတွေဟာ စေတနာပြဋ္ဌာန်းတာပဲ၊ ဒါကြောင့်မို့ သူက အကျိုးပေးတာ။

တော်တော်ကြာတော့ အဲဒါတွေဟာ အကွေးအဆန့်အတွင်းမှာကို၊ ခန္ဓာငါးပါးသိပုံ နားလည်အောင်လို့ ကွေးဆဲခဏ၌ တောင့်တင်း လှုပ်ရှားတာက ရူပက္ခန္ဓာတဲ့၊ တောင့်တာတင်းတာ၊ တွန်းကန်တာ၊ ရွှေ့လျားတာ၊ အဲဒါတွေကိုသိလို့ရှိယင် ဒါရူပက္ခန္ဓာသိနေတာပဲ၊ မကွေးခင်ကတည်းက ကွေးမယ်လို့ကြံစည်တဲ့ စိတ်ကလေးကိုသိတာ၊ စိတ်ကလေးသိတာက ဝိညာဏက္ခန္ဓာ၊ အဲဒီလို ကွေးမယ်လို့ ကြံစည်တဲ့အခါကာလမှာ ဝမ်းမြောက်ဝမ်းသာနဲ့ နေတာရှိတယ်၊ စိတ်ပျက်နေတာရှိတယ်၊ အဲဒါလေးတွေကတော့ ဝေဒနာလေးတွေပဲ၊ ကောင်းမကောင်းတဲ့ သဘောလေး၊ ဝေဒနက္ခန္ဓာ၊ ကွေးဖို့ရာ အခြင်းအရာလေး အနေအားဖြင့် စိတ်ထဲမှာကွေးလိုက်၊ ဒီလိုလုပ်လိုက်၊ ဟိုလိုလုပ်လိုက် နလုံးသွင်းတဲ့အခါမှာ ကွေးတဲ့အခြင်းအရာ ဆန့်တဲ့အခြင်းအရာအားဖြင့် ပေါ်လာတာ၊ အဲဒါလေး မှတ်သားထားတာ သညာက္ခန္ဓာ၊ ကွေးမှုဖြစ်အောင် တိုက်တွန်းနှိုးဆော်ပေးတဲ့သဘော၊ ဆန့်မှုဖြစ်အောင် တိုက်တွန်းနှိုးဆော်ပေးတဲ့သဘော၊ ဟိုလိုလုပ်လိုက် ဒီလိုလုပ်လိုက်မို့ မခိုင်းသော်လဲ ခိုင်းဘိသကဲ့သို့ စိတ်ထဲကတိုက်တွန်းနေတယ်၊ တိုက်တွန်းတာလဲ အင်မတန်ထင်ရှားပါတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်က အင်မတန်ထင်ရှားပါတယ်၊ အဲဒါက သခ်ၢိရက္ခန္ဓာ ခေါ်တယ်။

အရေးကြီးတဲ့ကိစ္စများမှာ အခွင့်မသာလို့ မပြုနိုင်တဲ့အခါ၊ အရေးကလဲကြီးနေတော့ စိတ်ထဲကလဲ တိုက်တွန်းနေတယ်၊ သူက အင်မတန်ထင်ရှားတယ်၊ တခါတရံ ညကလဲဖြစ်လို့ စာတို့ကလဲရေးစရာရှိတယ်၊ အဲဒါစိတ်ထဲကသွားပြီး စာရေးနေတယ်၊ ညဖြစ်လို့ မရေးလဲ မရေးနိုင်ဘူး၊ စာကရေးနေတယ်၊ လူတယောက်နဲ့ သွားတွေ့ဖို့ရာလဲပဲ ဟိုမှာမသွားနိုင်တဲ့ အချိန်ကာလကြီး ဟိုလူနဲ့သွားတွေ့ပြီး သွားစကားပြောနေတယ်၊ အလုပ်လုပ်နေတာ စေတနာတွေ တိုက်တွန်းနေပုံလေး၊ အင်မတန်ထင်ရှားပါတယ်၊ သခ်ၢိရက္ခန္ဓာတွေပေါ့လေ။

အဲဒီတော့ တကွေးတဆန့်အတွင်းမှာ ခန္ဓာငါးပါးလုံးသိနိုင်ပုံဟာ သူက ထင်ရှားနေတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ မှတ်နေယင် အဲဒီထဲမှာ ရုပ်ခန္ဓာလဲသိတယ်၊ နာမ်ခန္ဓာလဲသိတယ်၊ ခြေတလှမ်းအတွင်းမှာလဲ ဒီအတိုင်းပဲ၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်မှတ်ယင် အဲဒီမှာ တောင့်တင်းတာ၊ လှုပ်ရှားတာကလေးက ရုပ်ခန္ဓာကလေး၊ အဲဒီကြွဖို့လှမ်းဖို့ရာ အားထုတ်တဲ့စိတ်တွေက နာမ်ခန္ဓာတွေ၊ အဲဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ အကုန်သိနေတာပဲ၊ ရှုယင်းရှုယင်း အကုန်သိနေတယ်။

အဲဒီတော့ ကိုယ်အမှုအရာတွေ မှတ်တိုင်း မှတ်တိုင်းမှာ ရုပ်နာမ်ခန္ဓာ ငါးပါးလုံးကိုသိတယ်တဲ့၊ အဲဒီ ရုပ်နာမ်ခန္ဓာ ငါးပါးလုံးကို သိအောင်လို့ ရှုမှတ်နေရတယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာငါးပါးတွေက ဘာတွေတုံးလို့ ဆိုလို့ရှိယင် ဒီရုပ်နာမ်ခန္ဓာ ငါးပါးတွေက သူသတ်ယောကျ်ားတွေပဲတဲ့၊ အဲဒီ သူသတ်ယောကျ်ားတွေကို အခုသိအောင်လို့ ဝိပဿနာရှုရတာ။

သူသတ်ယောကျ်ားတွေနဲ့တူတဲ့ ဒီရုပ်နာမ်ခန္ဓာတွေရှုလို့ရှိယင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရောက်၊ အရဟတ္တမဂ်ဖိုလ်ရောက်တဲ့ အခါကာလကျတော့ ဒီသူသတ်ယောကျ်ားတွေက လွတ်မြောက်ပြီးတော့ သွားနိုင်တယ်၊ ဒါကြောင့် အချိန်ကလဲ ကုန်ပါပြီ၊ သိမ်းမှ၊ တရားကမပြီးတတ်သေးဘူး၊ ခန္ဓာငါးပါးတရားတွေ ဆက်ပြီးတော့ ဟောရအုံးမယ်၊ ဆိုရမယ်။

မြွေလေးကောင်ကား(လ) ဘုရားမြတ်ပေမည်း။

အာသီဝိသောပမသုတ္တန် တရားတော်ကြီးကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာ၏ အစွမ်းအာနုဘော်ကြောင့်၊ ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်းကင်းလွတ်ကြ၍ ဤသုတ္တန်တရားတော်၌လာသော ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော သူသတ်ယောကျ်ားတို့ကို သူသတ်ယောကျ်ားအနေအားဖြင့် ထင်မြင်နိုင်ကြ၍၊ ဤဥပါဒါနက္ခန္ဓာ ငါးပါးတရားတို့ကို အမှန်အတိုင်းသိအောင် ဝိပဿနာရှုကြ၍၊ ဝိပဿနာဉာဏ်အစဉ်ဖြင့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရောက်၍ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေ။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ ပထမဝါဆိုလကွယ်နေ့ ဟောကြားတော်မူသည်။

ခန္ဓာငါးပါးခြုံ ဝိပဿနာရှုပုံ

အာသီဝိသောပမသုတ်တရားတော် တနေ့ကမဟာဘုတ် ၄–ပါးအကြောင်း ရောက်လာပြီ၊ "မြွေ ၄–ကောင်ကား၊ ၄–ပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်"၊ မြွေ ၄–ကောင်ကား ဆိုတာက မဟာဘုတ် ၄–ပါး၊ သူသတ်ငါးဖြာဆိုတာက ခန္ဓာငါးပါး ရောက်လာပြီ၊ အဲဒီ ခန္ဓာငါးပါး ဟောခဲ့တာ တော်တော်တောင် စုံသွားပါပြီ၊ အခု အဲဒီခန္ဓာငါးပါးနဲ့ စပ်ပြီးတော့ ဝိပဿနာဉာဏ်ဖြစ်ပုံကို ပြောဖို့ရာအပိုင်းပဲ ကျန်ပါတော့တယ်။

> ပဠု ဝဓကာ ပစ္စတ္ထိကာ တိ ခေါ ဘိက္ခဝေ ပဠုနော့တံ ဥပါဒါ နက္ခန္ဓာနံ အဓိဝစနံ၊ သေယျထိဒံ ရူပုပါဒါနက္ခန္ဓသ ဝေဒနုပါဒါနက္ခန္ဓ သ သညုပါဒါနက္ခန္ဓသ သခါရုပါဒါ နက္ခန္ဓသ ဝိညာဏုပါဒါ– နက္ခန္ဓသ။
>
> (သဠာယတနဝဂ္ဂသံယုတ်၊ စာမျက်နှာ– ၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဠုဝဓကာ ပစ္စတ္ထိကာတိ ခေါ ဇတံ၊ ငါးဦးသော ရန်သူကြီးဖြစ်ကုန်သော။ သူသတ်ယောကျ်ားတို့ဟူသည်။ ပဠုနံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာ တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

မြွေထိန်းယောကျ်ားနဲ့ ရှေးကတည်းက ရန်ညှိုးရှိခဲ့တဲ့ရန်သူကြီး ငါးဦးတဲ့၊ အဲဒါဘုရင်မင်းမြတ်က တွေ့ရာမှာသတ်ဖို့ရာ အမိန့်ချလိုက်လို့ လက်နက်ကိုယ်စီဆွဲကိုင်ပြီးတော့ မြွေထိန်းယောကျ်ားပြေးရာ လိုက်ရှာပြီးတော့သတ်ဖို့ရာ နောက်ကလိုက်ကြတယ်၊ အဲဒီလိုလိုက်ပြီးတော့ တွေ့ရာသတ်ဖို့ရာ လိုက်နေတဲ့ ရန်သူကြီး ငါးဦးဆိုတာဟာ ဘယ်သူလဲဆိုယင် ဥပါဒါနက္ခန္ဓာ ငါးပါးပဲတဲ့၊ ဥပါဒါနက္ခန္ဓာငါးပါးအကြောင်း တနေ့ကတော်တော်စုံသွားပါပြီ။

တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ၊ ခန္ဓာငါးပါးတို့၊ ဥပါဒါနခန္ဓာ ငါးပါးတို့ဆိုတာ အရေးကြီးတာ၊ မှတ်ရအောင်လို့ လျှောက်ပြီးတော့ ဟောနေတာ၊ တိုတိုပြောလို့ရှိယင်လဲပဲ တိုတိုနဲ့ပြီးတာပဲ၊ ဒါပေမယ်လို့ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ များသောအားဖြင့်တော့ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေပဲ တရားနာတာ၊ ဒီတော့ မိမိတို့အားထုတ်ထားတဲ့ တရားနဲ့စပ်ပြီးတော့ ခန္ဓာငါးပါးဆိုတာဟာ ဘယ်လိုဟာလဲ၊ ဒါလေးက သိဖို့ရာလိုတယ်၊ နို့မို့ယင် မပြောတတ်ဘူး၊ ဒါကြောင့် မို့ ခန္ဓာငါးပါး၊ သရုပ်အမိပ္ပါယ်တွေ နားလည်အောင်လို့ ပြီးခဲ့တဲ့လပြည့်နေ့ သီတင်းကဟောခဲ့တာ တော်တော်စုံသွားပါပြီ၊ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာနဲ့၊ အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးရဲ့အမည်ပဲတဲ့။

သတ္တဝါတွေက တဘဝတဘဝ ဖြစ်လို့ရှိယင် တခါတခါကတော့ သေကြရတာပဲ၊ မသေအောင်လို့တော့ မတတ်နိုင်ဘူး၊ သေကြရမှာပဲ၊ လူ့လောကဖြစ်ယင် လူအဖြစ်နဲ့သေရမှာပဲ၊ ပထမက ပဋ္ဌိသန္ဓေကနေပြီးတော့ ကလေးကလေးဖြစ်ပြီးတော့ မွေးတော့လဲ ကလေး ကလေးဖြစ်ပြီး ကြီးလာတယ်၊ ပျိုပျိုရွယ်ရွယ်ဖြစ်လာတယ်၊ တနေ့ကျလို့ရှိယင်ဖြင့် လူအိုကြီးဖြစ်ပြီး အအိုကြီးအို၊ အဖွားကြီးအိုဖြစ်လာပြီး၊ အဲဒီလိုအိုမင်းပြီးတော့ သေရတယ်၊ ဒါကလဲ ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ၊ ကံမကောင်းတဲ့ပုဂ္ဂိုလ်တွေက အိုသည့်တိုင်အောင် မနေပါဘူး၊ ငယ်ငယ်နဲ့ သေသွားတာတွေလဲ အများကြီးပါပဲ၊ ဘယ်ပုံဘယ်နည်းနဲ့ သေသေ၊ သေတဲ့ဥစ္စာဟာ ခန္ဓာငါးပါးရှိလို့ သေရတာပဲ၊ ခန္ဓာငါးပါးမရှိယင်တော့ မသေဘူးတဲ့၊ ဒါကြောင့် သူသတ်ယောကျ်ားကြီး ငါးယောက်နဲ့တူပါတယ်တဲ့၊ အဆင်မသင့်တဲ့အခါကာလမှာ သတ်ဖို့ရာပဲ။

ခန္ဓာငါးပါးဟာ မိမိတို့သန္တာန်မှာရနေတယ်၊ ခန္ဓာငါးပါးကလဲ တခြားမှာ ရှိတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်မှာ ရှိတာပဲ၊ နတ်ဖြစ်လို့ရှိယင်လဲ နတ်ဘဝမှာသေရမှာပဲ၊ ဗြဟ္မာဖြစ်လို့ရှိယင်လဲ ဗြဟ္မာဘဝမှာသေရမှာပဲ၊ အပါယ်ဘုံတွေမှာတော့ အထူးပြောနေစရာမလိုဘူး၊ ခန္ဓာငါးပါးရှိနေသမျှ ကာလပတ်လုံး တနေ့ကျလို့ရှိယင်တော့ အဲဒီဖြစ်ရာဘဝမှာ သေရတယ်၊ ဒီသေတာ ဘယ်သူ့ကြောင့်တုံးဆိုယင် ခန္ဓာငါးပါးရှိလို့တဲ့။

ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေအနေအားဖြင့်ဆိုယင် ဒီခန္ဓာငါးပါးကပဲ သာယာစရာဖြစ်နေတယ်၊ ရုပ်ခန္ဓာဆိုယင် မိမိရထားတဲ့ ရုပ်ကိုယ်အကြောင်းပြုပြီးတော့ သာယာနေရတယ်၊ မျက်စိရှိလို့လဲ သာယာရတယ်၊ မြင်ရတဲ့အဆင်းတွေရှိလို့လဲ သာယာရတယ်၊ နားရှိလို့လဲသာယာရတယ်၊ အသံကလေးတွေက ရှိလို့လဲ သာယာရတယ်၊ နှာခေါင်းရှိလို့လဲ သာယာရတယ်၊ အနံ့ကလေးတွေကလဲရနေလို့ သာယာရတယ်၊ စားတဲ့အခါမှာ လျှာရှိနေလို့လဲ အရသာကလေးပေါ်ပြီးတော့ သာယာရတယ်၊ အရသာကလေးတွေ စားရတာကလဲ သာယာရတယ်၊ ကိုယ်ရှိလို့ ကိုယ်တွေ့ချင်တာကလေး တွေ့ရ၊ ထိရ၊ ကိုယ်ရှိလို့လဲ

သာယာရတယ်၊ တွေ့ထိရတာကလေးတွေလဲ သာယာရတယ်၊ ရုပ်ကိုယ်ထဲမှာရှိတဲ့ တရားတွေဟာ စိတ်ထဲမှာ ပေါ်သလောက် ဟာတော့ သာယာစရာတွေဖြစ်နေတယ်၊ သူ့နေရာနဲ့သူတော့ အသုံးကျနေတယ်၊ ကျန်းကျန်းမာမာ ဖြစ်နေတဲ့ အခါဆိုယင် ကိုယ့်ကိုယ်ကလေးနဲ့ ကိုယ်ဟာ သာယာစရာဖြစ်နေတယ်၊ ကိလေသာ မကင်းသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလိုသာယာနေတာပဲ။

အမှန်စင်စစ်အားဖြင့်တော့ ဒီရုပ်တရားတွေဟာ ရူပက္ခန္ဓာ တရားတွေပဲ၊ လူသတ်သမားတွေ ရုပ်ခန္ဓာတွေပျက်စီးပြီး တနေ့ကျတော့ သေရတာပဲ၊ နာမ်ခန္ဓာတွေကလဲ သာယာစရာတွေဖြစ်နေတယ်၊ စိတ်ရှိလို့လဲပဲ အာရုံကလေးတွေ တွေ့သိပြီး တော့ ခံစားရတယ်၊ ဒီစိတ်ကိုလဲ သာယာရတယ်၊ ဝေဒနာခံစားမှုကို သူမရှိယင်လဲပဲ အရသာပေါ်မှာမဟုတ်ဘူး၊ ဝေဒနာကလဲ သာယာရတယ်၊ သညာမှတ်သားမှုကလဲ သာယာရတယ်၊ မမှတ်မိလို့ ရှိယင်လဲပဲ ဘာမှအသုံးကျမှာ မဟုတ်ဘူး၊ မှတ်မိတာ ကလေးလဲ သာယာရတယ်၊ ပြီးတော့ တစုံတခုဖြစ်အောင်လို့ ပြုပြင်မှုအားထုတ်မှုစတဲ့ သင်္ခါရက္ခန္ဓာတရားတွေ သူတို့ကလဲ သာယာရတယ်၊ ဒါမရှိလို့ရှိယင်လဲ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ မြင်မှု၊ ကြားမှု၊ ဆန့်မှု၊ ကိုယ်အမူအရာတွေ စိတ်အမူအရာတွေ ဘာကိစ္စမှပြီးမှာမဟုတ်ဘူး၊ အဲဒီတော့ သင်္ခါရက္ခန္ဓာတွေရှိလို့ ဒီအမှုကိစ္စတွေပြီးနေရတော့ သူတို့ကလဲ သာယာစရာတွေဖြစ်နေ တယ်။

အဲဒါကြောင့် ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာဆိုယင် ဒီခန္ဓာငါးပါးကို သာယာပြီးတော့နေကြတယ်၊ အဲဒီခန္ဓာ ငါးပါးဟာ သူသတ်ယောကျ်ားကြီးတွေပဲ၊ သူသတ်သမားကြီးတွေပဲ၊ ဘဝတိုင်း ဘဝတိုင်း လိုက်ပြီးတော့သတ်နေတယ်တဲ့၊ သေသေချာချာ သိတယ်ဆိုယင်တော့ ကြောက်စရာပေါ့လေ၊ ဒီလိုကမထင်သေးတော့လဲ မကြောက်ကြသေးဘူး၊ သာယာမှုက ရှိနေသမျှကာလပတ်လုံး ကြောက်စရာလို့မထင်သေးဘူး၊ သာယာမှုတွေ ကင်းသွားတဲ့အခါ အမှန်အတိုင်း သိသွားတဲ့အခါကျမှ ကြောက်စရာတွေပဲ ဆိုတာထင်လာတယ်၊ ကောင်းကောင်းကြီး ထင်တာက ရဟန္တာ ဖြစ်မှထင်တာ၊ ရဟန္တာ မဖြစ်သေးယင် တော့ ဝိပဿနာရှုတဲ့ အခိုက်အတန့်တွေမှာ အတော်အတန်တော့ ထင်တတ်တာပေါ့၊ ဝိပဿနာရှုတဲ့ အခိုက်အတန့်မှာ အဖြစ် အပျက်တွေမြင်ရတော့ ကြောက်စရာတကားတွေပါပဲလို့ ထင်တတ်ပါတယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါး တရားတွေရဲ့ သူသတ် ယောကျ်ားဆိုတာ သူတို့ရဲ့အမည်ပဲတဲ့။

သေယျထိဒံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်နည်းဟူမူကား။ ရူပုပါဒါနက္ခန္ဓသ၊ ရုပ်ဟုဆိုအပ်သော ဥပါဒါ နက္ခန္ဓာ၏ လည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓသ၊ ဝေဒနာဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏ လည်းကောင်း။ သညုပါဒါနက္ခန္ဓသ၊ သညာဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏ လည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓသ၊ သင်္ခါရဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏ လည်း ကောင်း။ ဝိညာဏုပါဒါနက္ခန္ဓသ၊ ဝိညာဉ်ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏ လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။

ဥပါဒါန်

ခန္ဓာငါးပါး "ထင်လွဲသာယာ၊ စွဲနိုင်တာ၊ နှစ်ဖြာဥပါဒါန်" တနေ့က အကျယ်ပြောခဲ့ပြီ၊ ဥပါဒါနက္ခန္ဓာ ၂–ခုတွဲထား တာကိုး၊ ဥပါဒါနက္ခန္ဓာဆိုတာ ဥပါဒါနနဲ့ ခန္ဓာနဲ့တွဲထားတာ၊ ဥပါဒါန်ဆိုတာက စွဲလမ်းနိုင်တဲ့တရားတွေတဲ့၊ အကျဉ်းချုပ်လိုက် လို့ရှိယင် ဥပါဒါန် ၄–ပါးထဲက ၂–ပါးထဲရတယ်၊ တဏှာဒိဋ္ဌနှစ်ပါးပဲ ရှိတယ်၊ တဏှာကသာယာပြီးတော့ စွဲလမ်းတယ်၊ ဒိဋ္ဌက အထင်မှားပြီးတော့ စွဲလမ်းတယ်၊ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"၊ ဆောင်ပုဒ်ကလေး၊ ထင်လွဲတယ်၊ ဒိဋ္ဌနဲ့သာယာတယ်၊ တဏှာနဲ့ အထင်လွဲပြီးတော့လဲ စွဲလမ်းတယ်၊ သာယာပြီးတော့လဲ စွဲလမ်းတယ်၊ ထင်လွဲသာယာ၊ စွဲလမ်း တာ၊ နှစ်ဖြာဥပါဒါန်၊ ဒါလေးဆိုရအုံးမယ်။

ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

အထင်လွဲပြီး စွဲလမ်းတာကဒိဋ္ဌ၊ သာယာပြီး စွဲလမ်းတာက တဏှာ၊ မြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်ထင်ပြီး တော့ သာယာပြီးတော့ စွဲလမ်းတယ်၊ တဏှာနဲ့စွဲလမ်းတာ၊ ရုပ်ကိုလဲ စွဲလမ်းတယ်၊ နာမ်ကိုလဲစွဲလမ်းတယ်၊ ကိုယ့်ကိုယ်ကရုပ် ကို သာယာနေတာပဲ၊ ကိုယ့်ရုပ်ကလေးနဲ့ ကိုယ်ကတော့ သာယာနေတာပဲ၊ မသာယာပဲမရှိဘူး၊ မသာယာလို့တော့မဖြစ်ဘူး၊ ဒီ ဥစ္စာကို ကယ်ရထားတာကိုး၊ သာယာရမှာပဲ၊ ကိလေသာ မကင်းသေးတဲ့ ပုဂ္ဂိုလ်ဖြစ်ယင် ကိုယ့်ရုပ်နဲ့ကိုယ် သာယာနေရမှာပဲ၊ သာယာရမှာ၊ နှစ်သက်ရမှာ၊ သဘောကျရမှာပဲ၊ ဒါကြောင့် ကိုယ့်သန္တာန်ကရှိတဲ့ ရုပ်ကလေးတွေ သာယာနေတယ်တဲ့၊ ကိုယ့် သန္တာန်ကသာ မဟုတ်ဘူး၊ သူများ သန္တာန်ရုပ်တွေလဲ သာယာတာပဲ၊ မြင်ရတာ၊ ကြားရတာ စသည်ဖြင့် သာယာနေတယ်၊ နှစ်သက်သာယာ သဘောကျနေတယ်၊ အဲဒါ တဏှာနဲ့စွဲလမ်းတုန်းဆိုတော့ ငါ၊ ငါ့ဥစ္စာစွဲနိုင်တာ၊ ဥပါဒါနက္ခန်၊ ငါလို့လဲ စွဲလမ်းတယ်၊ အထင်လွဲပြီး စွဲလမ်းတယ်၊ ငါလို့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စွဲလမ်းတယ်၊ ငါ့ဥစ္စာလို့ ဆိုတာကတော့ သာယာတဲ့ သဘောပါပဲ၊ ဒါက တဏှာနဲ့စွဲလမ်းတာ၊ ငါ–ငါ့ဥစ္စာ–ဒါက ကျမ်းဂန်ထဲမှာ ရှေးတုန်းကသုံးတဲ့ ဝေါဟာရတွေပေါ့လေ၊ ငါ့ဥစ္စာ လို့ စွဲလမ်းတဲ့ဥစ္စာတဏှာပဲ။

ဧတံ မမ၊
ဧတံ–ဤသည်ကား၊ မမ–ငါ့ဥစ္စာတည်း။

ဒါက တဏှာစွဲလမ်းတာ၊ ဒိဋ္ဌိကတော့–
ဧသော မေ အတ္တာ၊
ဧသော–ဤသည်ကား။ မေ–ငါ၏၊ အတ္တာ–အတ္တကိုယ်ထည်တည်း။

ဒါက ငါပဲ၊ ငါ့ကိုယ်ပဲ၊ ငါပဲလို့ စွဲလမ်းတာ၊ အဲဒါကတော့ ဒိဋ္ဌိနဲ့စွဲလမ်းတာတဲ့၊ အဲဒီအထင်လွဲပြီး စွဲလမ်းတာ၊ ငါငါ့ကိုယ်ပဲ၊ အသက်ရှင်နေတဲ့အကောင်ပဲ၊ ဒီလိုအထင်လွဲပြီးတော့ စွဲလမ်းတာဟာ ဒိဋ္ဌိနဲ့စွဲလမ်းတာ၊ ငါ့ဥစ္စာပဲအနေနဲ့ ကိုယ့်ကိုယ် ထဲမှာဆိုယင်တော့ ငါ့ဥစ္စာပဲဆိုတဲ့အနေနဲ့ စွဲလမ်းမှာပဲ၊ ငါ့မျက်စိ၊ ငါ့နား၊ ငါ့လက်၊ ငါ့ကိုယ်၊ ငါ့အဆင်းစသည်ဖြင့် ဒီလိုပဲ စွဲလမ်းပါတယ်၊ နာမ်တရားတွေလဲ ငါ့စိတ်၊ ငါ့ဝေဒနာ၊ စာပြောနဲ့ဝေဒနာပေါ့၊ အရပ်သုံးနဲ့ ဆိုယင်တော့ ငါ၏ကောင်းတာတွေ မကောင်းတာတွေ၊ အဲဒီလို စွဲလမ်းတယ်၊ သခ်ါရကွန္ဓာကျယင် ငါရဲ့အပြုအမူတွေ၊ ငါတွေးမှုတွေ၊ ငါကြံမှုတွေဆိုပြီး စွဲလမ်းတာကိုး၊ အဲဒီလို ငါ့ဥစ္စာအနေနဲ့ နှစ်သက်သာယာပြီး စွဲလမ်းတာ တဏှာနဲ့စွဲလမ်းတယ်၊ တဏှာဥပါဒါန်နဲ့စွဲလမ်းတယ်။

ဥပါဒါနကွန္ဓာ

အဲဒီလို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာအနေနဲ့လည်းကောင်း စွဲလမ်းနိုင်တဲ့ တရားတွေကို ဥပါဒါနကွန္ဓာလို့ ခေါ်သည်၊ ဥပါဒါန်ရဲ့ အာရုံဖြစ်တဲ့တရားတွေ၊ စွဲလမ်းမှု၏ အာရုံဖြစ်တဲ့တရားတွေ၊ ဥပါဒါနကွန္ဓာလို့ ခေါ်သည်၊ ဒါလေးမှတ်ထား၊ တဏှာနဲ့စွဲလမ်းမှု၏ အာရုံဒိဋ္ဌိနဲ့ စွဲလမ်းမှု၏အာရုံ၊ တဏှာနဲ့ စွဲလမ်းမှု၏အာရုံဆိုတာ သာယာအပ်တဲ့ တရားတွေပဲ၊ နှစ်သက်အပ်တဲ့တရားတွေ၊ ဒီတရားကို သာယာတယ်ဆိုယင် အဲဒီတရားဟာ တဏှာနဲ့ စွဲလမ်းတဲ့တရား၊ ဒီတရားကို ပုဂ္ဂိုလ်သတ္တဝါလို့ သိနေလို့ရှိယင် အဲဒီတရားဟာ ဒိဋ္ဌိနဲ့စွဲလမ်းတဲ့တရား။

အဲဒါမြင်တဲ့အခါကာလမှာ မျက်စိကို ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် မျက်စိနဲ့တကွ တကိုယ်လုံးဟာ ငါပဲလို့ ထင်လို့ရှိယင်ဖြင့် သူဟာ ဒိဋ္ဌိနဲ့စွဲလမ်းတာပဲ၊ မျက်စိနဲ့တကွ တကိုယ်လုံးကို နှစ်သက်သာယာမှုဖြစ်လို့ရှိယင် တဏှာနဲ့စွဲလမ်းတာ၊ မြင်သိမှုဆိုပါတော့၊ မြင်သိမှုကို ငါပဲလို့ အသက်ရှင်နေတဲ့ အကောင်ပဲလို့ တကယ်ထင်ယင်ပေါ့၊ အဲဒါဟာ ဒိဋ္ဌိနဲ့ စွဲလမ်းတာပေါ့၊ အဲဒီမြင်သိမှုကလေးကိုပဲ သဘောကျသာယာနှစ်သက်ပြီးတော့ သူ့ကိုပဲ သဘောကျပြီးတော့နေတာ၊ ဒါက တဏှာနဲ့ စွဲလမ်းတာ၊ အဲဒီတဏှာနဲ့၊ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တဲ့တရား၊ စွဲလမ်းအပ်တဲ့တရားတွေကို ဥပါဒါနကွန္ဓာလို့ ခေါ်တယ်တဲ့၊ ဒါကို နားလည်အောင်လို့ "ငါ–ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနကွန်"လို့ ဆောင်ပုဒ်ပေးထားတယ်၊ ငါဟူ၍ စွဲနိုင်တဲ့တရား, ငါလို့ ထင်မှတ်ရတဲ့တရား၊ ငါ့ဥစ္စာလို့ ထင်မှတ်ပြီး သာယာနှစ်သက်နိုင်တဲ့တရား၊ အဲဒီလိုတရားကို ဥပါဒါနကွန္ဓာဟူ၍ ခေါ်သည်၊ ဆိုရမယ်။

"ငါ–ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနကွန်"။

ဝိပဿနာမရှုရတဲ့တရား

အခု ဝိပဿနာရှုနေတာဟာ အဲဒီ ဥပါဒါနကွန္ဓာတွေ ရှုရတာပဲ၊ စွဲလမ်းတဲ့ တရားတွေ ရှုရတာ၊ တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲနိုင်တဲ့ တရားတွေကို ဝိပဿနာရှုရတယ်၊ တဏှာဒိဋ္ဌိနဲ့ မစွဲနိုင်တဲ့ တရားတွေတော့ ဝိပဿနာရှုဖို့ရာမလိုဘူး၊ တဏှာဒိဋ္ဌိနဲ့ မစွဲနိုင်တာတွေက ဘာတွေတုံးဆိုတော့ လောကုတ္တရာတရားတွေပဲ၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ အဲဒါတွေကတော့ တဏှာနဲ့လဲပဲ မစွဲလမ်းနိုင်ဖူး၊ ဒိဋ္ဌိနဲ့လဲပဲ မစွဲလမ်းနိုင်ဘူး၊ ဒိဋ္ဌိဆိုတာက ပုထုဇဉ်ရဲ့သန္တာန်မှာရှိတယ်၊ အရိယာ ပုဂ္ဂိုလ်မှာမရှိဘူး၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဆိုတာက အရိယာဖြစ်ပြီးမှ ဒီမှသိရတာကိုး၊ ရောက်တဲ့အချိန်က စပြီးတော့သိရတယ်၊ ဒီတော့ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တာကတော့ ထင်ရှားနေပါတယ်၊ အရိယာအဖြစ်လဲရောက်ရော၊ ဒိဋ္ဌိကလဲမရှိဘူး၊ ဒီကျမှလဲပဲ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို တွေ့ရတာ၊ ဒီတရားတွေကိုတော့ ဒိဋ္ဌိနဲ့ မစွဲလမ်းဘူး၊ ငါပဲ၊ မဂ်တရားကိုငါပဲ၊ ဖိုလ်တရားကို ငါပဲ၊ နိဗ္ဗာန်တရားကို ငါပဲ၊ ဒီလိုတော့ မစွဲလမ်းဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီမဂ်ဖိုလ်နိဗ္ဗာန်က အရိယာဖြစ်မှသိရတာ၊ အရိယာဖြစ်တော့ ဒိဋ္ဌိကလဲမရှိဘူး၊ ရုပ်တရားနာမ်တရားတွေပဲ၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာ ပိုင်ပိုင်နိုင်နိုင် သဘောကျသွား ရှင်းသွားပြီ။

အရိယာမှာ သက္ကာယဒိဋ္ဌိ ကင်းပုံ

အမှုမဲ့အမှတ်မဲ့ နေလို့ရှိယင်တော့ သူများလိုပဲ သွားလိုက်လာလိုက်၊ စားလိုက် သောက်လိုက်၊ စကားပြောလိုက် ဆိုတော့ အတူတူလိုဖြစ်နေတယ်၊ ငါလို့ အစွဲအလမ်းရှိသေးသလိုပဲ၊ စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း ငါကလေးက ပျောက်နေတယ်၊ အရိယာ ပုဂ္ဂိုလ်က ဒိဋ္ဌိအစွဲအလမ်း မရှိဘူး၊ "ရုပ်နာမ်အစု၊ ငါကောင်ဟုထင်မှု မရှိပါ"၊ အရိယာမဂ်ဖိုလ် ရသွားပြီးတဲ့ ပုဂ္ဂိုလ်ဟာ ဆင်ခြင်ကြည့်လိုက်မယ်ဆိုယင် ဒီကိုယ်ထဲမှာ ရုပ်နာမ်မျှပဲ၊ ဖြစ်ပျက်နေတဲ့ တရားမျှပဲ ဆိုတာ ရှင်းနေတယ်၊ တရားအားထုတ်စဉ်အခါကာလ တွေ့ထားတယ်၊ ဝိပဿနာ ရှုတိုင်းရှုတိုင်း၊ ဝိပဿနာရှုတုန်းက အဖြစ်အပျက် တရားကလေးတွေ တွေ့ထားတယ်၊ အဲဒီအဖြစ်အပျက် တရားလေးတွေပဲ ပြန်ပြီးတော့ပေါ်လာတယ်၊ ဒီလိုဖြစ်ပျက်နေတဲ့ တရားမျှသာရှိတာပဲ။

ဒါကိုပဲ ငါလို့၊ သူလို့၊ ယောကျ်ားလို့၊ မိန်းမလို့၊ ပုဂ္ဂိုလ်လို့၊ သတ္တဝါလို့ ခေါ်နေကြတယ်တဲ့၊ အမှန်စင်စစ်တော့ ဒီထဲမှာ ငါကောင်၊ သတ္တဝါကောင်၊ ပုဂ္ဂိုလ်ကောင် မရှိဘူးဆိုတာ အသိဉာဏ်က ရှင်းနေတယ်၊ စဉ်းစားတိုင်း စဉ်းစားတိုင်း ရှင်းနေတယ်၊ မစဉ်းစားပဲနဲ့ အမှတ်တမဲ့နေတဲ့အခါတော့ သူများလိုပဲ သွားလိုက်လာလိုက်၊ စားလိုက်သောက်လိုက်၊ စကားပြောလိုက်၊ ဘေးကနေပြီး ကြည့်မယ်ဆိုလို့ရှိယင် ဒီလိုပါပဲ၊ ဒီအရိယာပုဂ္ဂိုလ် သောတာပန်၊ သကဒါဂါမ်တို့ဟာ သူများလိုပဲလို့ ထင်ရလောက်အောင်ပါပဲ၊ သိပ်မကွာဘူး သူက။

ဒါပေမယ်လို့ သူ့စိတ်ထဲ သူ့ဉာဏ်ထဲမှာတော့ကို စဉ်းစားတိုင်း စဉ်းစားတိုင်း ပုဂ္ဂိုလ်သတ္တဝါ အစွဲအလမ်းပျောက်နေတယ်၊ ဝိပဿနာရှုမယ်ဆိုယင်တော့ အထူးပြောစရာမလိုဘူး၊ ရှုလိုက်မှတ်လိုက်လို့ရှိယင် အဖြစ်အပျက်ကလေးတွေ တပိုင်းစီ တပိုင်းစီကလေးတွေ ပိုင်းခြားပြီးတော့သိတယ်၊ ဒီတော့ ဒိဋ္ဌိအစွဲအလမ်း သူ့မှာမရှိဘူးတဲ့၊ "ရုပ်နာမ်အစု ငါကောင်ဟု ထင်မှု မရှိပါ"တဲ့၊ ရုပ်နာမ်အစုမျှကို ငါကောင်ပဲ၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်မှတ်စွဲလမ်းခြင်း မရှိတော့ဘူးတဲ့၊ ဒီလိုဖြစ်နေပါတယ်။

ဒါကြောင့်မို့ အရိယာဖြစ်တဲ့အချိန်မှာ ဒိဋ္ဌိကမရှိဘူး၊ အရိယာဖြစ်ပြီးမှသိရတဲ့ မဂ်တရား၊ ဖိုလ်တရားတွေ ဒိဋ္ဌိကမရှိတော့ ဘယ်မှာစွဲလမ်းတော့မှာတုံး၊ မစွဲလမ်းနိုင်ဘူး၊ မဂ်တရား ဖိုလ်တရားသာ မဟုတ်ဘူး၊ အရိယာပုဂ္ဂိုလ်က ရုပ်နာမ်တရားတွေ သာမန်တရားတွေလဲ သူက မစွဲလမ်းတာ၊ အရိယာဖြစ်ပြီးတဲ့နောက်တော့ ရုပ်နာမ်တရားတွေ မြင်မှုတို့၊ ကြားမှုတို့၊ အဲဒါတွေလဲ ငါကောင်ပဲလို့မစွဲလမ်းဘူး၊ စွဲလမ်းမှုသူကင်းနေတယ်၊ သာမန်အားဖြင့်တော့ကို ငါပဲ၊ သူပဲလို့ ဒီလိုပြောရတာပဲ၊ ငါပဲ၊ သူပဲ၊ ငါသွားတယ်၊ ငါစားတယ်၊ ငါနေတယ်၊ ငါထိုင်တယ်စသည်ဖြင့် ဒီလိုတော့ပြောပါတယ်၊ စိတ်ကူးထဲလဲ ဒီလိုစိတ်ကူးလဲ ရှိပါတယ်၊ ဒါပေမယ်လို့ အသက်ရှင်နေတဲ့ ငါကောင်ကလေး၊ အသက်ကောင်လေးရှိတယ်လို့တော့ ဒီလိုစွဲလမ်းမှုကမရှိဘူး၊ အဲဒီဒိဋ္ဌိကင်းတယ်၊ ဒါကြောင့်မို့ "ရုပ်နာမ်အစု၊ ငါကောင်ဟု ထင်မှုမရှိပါ"။ ဒါအရိယာပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိကင်းနေပုံ၊ ဆိုစမ်းပါအုံး။

ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။

အရိယာဖြစ်ပြီးတဲ့ပုဂ္ဂိုလ်က ရုပ်နာမ်တရားမျှကို ငါကောင်ပဲလို့ အသက်ရှင်နေတဲ့ အကောင်ဟုတ်တယ်လို့ စွဲလမ်းတဲ့ အစွဲအလမ်းမရှိဘူးတဲ့၊ သာမည်အားဖြင့်တော့ ဒီလိုပါပဲ၊ ငါပဲ၊ သူပဲ၊ သာမည်တော့ ဒီလိုအထင်ကလေးတွေ ရှိနေတာပါပဲ၊ စဉ်းစားဆင်ခြင်လိုက်ယင်တော့ ငါမဟုတ်ဘူး၊ ရုပ်နာမ်မျှပဲ ဖြစ်ပျက်နေတဲ့တရားမျှပဲဆိုတာ သူ့ဉာဏ်နဲ့သူရှင်းပြီးတော့သိတယ်။

ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီလိုမရှင်းဘူး၊ သူက အသက်ကလေး အကောင်ကလေးက တကယ်ရှိသလိုလို ဘာလိုလိုရှိတယ်လို့လဲ ထင်နေတာပါပဲ၊ စာပေကျမ်းဂန်အရနဲ့တော့ ရုပ်မျှပဲ၊ နာမ်မျှပဲ၊ ဒါလောက်တော့ သိတာပဲ၊ သိပေမယ်လို့ စဉ်းစားဆင်ခြင်လိုက်လို့ရှိယင်ဖြင့် စဉ်းစားဆင်ခြင်နေတာကိုက ငါဟုတ်နေတာလိုလို ဖြစ်နေတယ်။

ဖြစ်ပျက်သိယင် မစွဲလမ်း

ဝိပဿနာရှုထားတဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီ စဉ်းစားဆင်ခြင်တဲ့ စိတ်ကလေးကလဲပဲ (တစိတ်ချင်း တစိတ်ချင်း၊ တခုချင်းတခုချင်း ဖြစ်နေတယ်ဆိုတာ ဝိပဿနာရှုခဲ့တုန်းကတည်းက သိခဲ့ပြီးသားဖြစ်နေတယ်၊ ဒါကြောင့် သူ့ဉစ္စာ ဖြစ်ပျက်နေတဲ့ တရားမျှပဲလို့ ပိုင်ပိုင်နိုင်နိုင် ရှင်းနေပါတယ်။ အကောင်ကလေးမရှိဘူး၊ အဲဒီတော့ လောကီတရား မြင်ကြားနေတဲ့ တွေ့ထိသိနေတဲ့ လောကီရုပ်နာမ်တရားတွေ အပေါ်မှာတောင်မှ သူကစွဲလမ်းခြင်းမရှိပဲ အရိယာဖြစ်ပြီးမှ သိရတဲ့မဂ် တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ဘယ်မှာစွဲလမ်းခြင်းရှိတော့မှာလဲ၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်တရားဆိုတာကတော့ ဒိဋ္ဌိနဲ့ကလုံးလုံးကို မစွဲလမ်းနိုင်ဘူး၊ တဏှာကတော့ တချို့အရိယာပုဂ္ဂိုလ်မှာ ရှိတယ်၊ သာယာမှုကတော့၊ ဒါပေမယ့်လဲ မဂ်တရား ဖိုလ်တရားတွေကိုတော့ သူက မစွဲလမ်းဘူး၊ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေက စွဲလမ်းဖို့ရာမဟုတ်ဘူး၊ မဂ်ဖိုလ်ဖြစ်တဲ့အခါကာလ ရုပ်နာမ်သစ်ရ ငြိမ်းတဲ့သဘောလေး ရောက်သွားတယ်၊ ငြိမ်းတဲ့သဘောက နိဗ္ဗာန်၊ ငြိမ်းတဲ့သဘောကို ရောက်သွားတာက မဂ်တရား၊ ဖိုလ်တရား၊ သူ့ဟာသာယာစရာ မက်မောစရာတော့ မဟုတ်ဘူး၊ ကောင်းတယ်လို့တော့ သိရတယ်၊ ငြိမ်းနေတာဟာ ကောင်းတာပဲ၊ မြင်လိုက်ကြားလိုက် တွေ့လိုက်ထိလိုက် ဒါတွေက ဒုက္ခရောက်နေတာပဲ၊ ငြိမ်းနေတာကတော့ ကောင်းတယ်လို့ ဒီလိုတော့သိရတယ်၊ ဒါပေမမယ်လို့ အဲဒီဉစ္စာတွေက သာယာစရာအနေအားဖြင့် ဒီလိုမထင်ဘူး၊ သာယာပြီးတော့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို မစွဲလမ်းဘူးတဲ့၊ အရိယာပုဂ္ဂိုလ်က။

စွဲလမ်းနိုင်တာကတော့ လောကီတရားတွေသာ စွဲလမ်းတာ၊ ပကတိ မြင်နေတာတွေ ကြားနေတာတွေ အရိယာဖြစ်ပြီးပေမယ့်လဲ တဏှာနဲ့ကတော့ သာယာပြီး စွဲလမ်းသေးတာပဲ၊ ဒိဋ္ဌိနဲ့ကတော့ မစွဲလမ်းဘူး၊ မြင်မှု၊ ကြားမှုတွေ၊ သာယာနေသေးတာပဲ၊ ကိလေသာမကင်းသေးသမျှ ကာလပတ်လုံး သာယာနေတယ်၊ သာယာလို့ အဲဒီသောတာပန်တို့၊ သကဒါဂါမ်တို့ဆိုတာ ကာမဂုဏ်တွေက ကင်းမှမကင်းသေးပဲ၊ အနာဂါမ်ဖြစ်ပြီးတော့ သွားမှ ကာမဂုဏ်အာရုံတွေ သာယာမှုကင်းသွားတာ၊ဒါတောင်မှ သူ့ဟာရှုပရာဂ၊ အရှုပရာဂဆိုတာရှိတယ်၊ ရှုပဗြဟ္မာဘဝမျိုး၊ အရှုပဘုံဘဝ ဗြဟ္မာမျိုး၊ အဲဒီဟာတွေ သာယာမှုတွေ အဲဒီရုပ်နာမ်တွေတော့ သာယာနေသေးတာပဲ၊ ရူပဘဝ၊ အရှုပဘဝ၊ ရူပစျာန်၊ အရှုပစျာန်၊ အဲဒီတရားတွေတော့ သဘောကျတုန်း၊ သာယာတုန်း၊ နှစ်သက်တုန်းရှိသေးတယ်၊ အဲဒီကိုသာယာပြီးတော့ စွဲလမ်းနိုင်တဲ့တရားတွေ၊ ဥပါဒါနက္ခန္ဓာတွေ၊ အဲဒီဥပါဒါနက္ခန္ဓာတရားတွေကို သာယာပြီးတော့ စွဲလမ်းမှုမဖြစ်ရအောင် အထင်မှားပြီးတော့ စွဲလမ်းမှု မဖြစ်ရအောင်လို့ ဒါတွေရှုရတာ။

စွဲလမ်းမှုမဖြစ်အောင် ဝိပဿနာရှု

ဝိပဿနာရှုတယ်ဆိုတာ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ ၆–ပါးကပေါ်တိုင်း ပေါ်တိုင်းတွေ ရှုနေရတာ၊ တနေ့ကခွဲခဲ့ပြီ၊ မြင်တာလဲပဲ ရုပ်နဲ့ နာမ်ပဲ၊ ကြားတာလဲပဲ ရုပ်နဲ့နာမ်ပဲ၊ တနေ့က ခွဲပြီးပါပြီ၊ အဲဒီရုပ်နာမ်တွေကို "ငါ ငါ့ဉစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်" ဆိုတာ ဘာတွေတုံးဆိုလို့ရှိယင် "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်" ဥပါဒါနက္ခန္ဓာတရားဟာ ဘာလဲဆိုယင် ရုပ်၊ ဝေ–ရုပ်တရား၊ ဝေ–က ဝေဒနာတရား၊ ရုပ်ဝေ သညာက သညာက္ခန္ဓာ၊ သင်္ခါရာက သင်္ခါရက္ခန္ဓာ၊ ရုပ်ဝေသညာ သင်္ခါရာ၊ ဝိညာ–ဝိညာက ဝိညာဉ်၊ ဝိညာဏက္ခန္ဓာ၊ အဲဒီငါးပါးသော တရားတွေပဲတဲ့၊ ခေါင်းစဉ် ကလေးသိရုံပဲ၊ ဒီမှာ ထည့်ထားတယ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးတရားဆိုတာ ဘာတုံး "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤ ငါးတန်" ဒါလေးဆိုစမ်းပါအုံး။

ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

ဒီဆောင်ပုဒ်ကလေး ရသောအားဖြင့် ဥပါဒါန်ဆိုတာ ဘာလဲဆိုတာ အဓိပ္ပါယ်နားလည်းရမှာကိုး၊ ဥပါဒါန်ဆိုတာ စွဲလမ်းတာ၊ ဘယ်လို စွဲလမ်းတာလဲ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်" ထင်လွဲပြီးစွဲလမ်းတာ ဒိဋ္ဌိ၊ သာယာပြီးစွဲလမ်းတာက တဏှာ၊ အဲဒါဥပါဒါန်တွေပဲတဲ့၊ နှစ်ဖြာဥပါဒါန် စွဲလမ်းတော့ ဘယ်လိုလုပ် စွဲသတုံးဆိုတော့ ငါ–ငါ့ဉစ္စာတဲ့၊ ငါဟူ၍လည်းကောင်း၊ ငါ့ဉစ္စာဟူ၍လည်းကောင်း စွဲလမ်းသည်တဲ့၊ အဲဒီလို စွဲလမ်းနိုင်တဲ့ဉစ္စာတွေကို ဥပါဒါနက္ခန္ဓာဟူ၍ ခေါ်တယ်၊ "ငါ–ငါ့ဉစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"၊ ဥပါဒါနက္ခန္ဓာဆိုတာ ငါဟူ၍လည်းကောင်း၊ ငါ့ဉစ္စာဟူ၍လည်းကောင်း စွဲနိုင် တဲ့တရားတွေ၊ ရုပ်တရား နာမ်တရားတွေပေါ့၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆–ပါးကပေါ်တဲ့ တရားတွေပါပဲ၊ အဲဒီတရားတွေ ဥပါဒါန်ဖြင့် စွဲလမ်းတယ်၊ ဥပါဒါန်၏ အာရုံဖြစ်လို့ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

အဲဒီ ဥပါဒါနက္ခန္ဓာတွေ သရုပ်အားဖြင့် ဘယ်နှစ်ပါးရှိတုံးဆိုယင် ငါးပါးရှိတယ်၊ အဲဒါဘာတွေတုံး ဆိုလို့ရှိယင် ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန် "ရုပ်ကရုပ်တမျိုး၊ ဝေက ဝေဒနာကတမျိုး၊ သညာက သညာပါပဲ၊ သူကတော့၊ သင်္ခါရာ, ဝိညာဉ် အဲဒီငါးပါးပဲတဲ့၊ အဲဒါ တနေ့က ဟောပြီးသားပါပဲ၊ ခေါင်းစဉ်ကလေး ပြန်ပြီးတော့ဖော်ရတယ်၊ တရားတပတ်နဲ့တပတ်က ဝေးသွားတော့ ပြန်ဖော်ရတယ်။

အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးသော တရားတွေဟာ သူသတ်ယောက်ျားကြီးတွေပါပဲ၊ သတ္တဝါတွေလိုက်ပြီးတော့ သတ်နေတာ သူတို့ပဲ၊ ခန္ဓာငါးပါးရှိတဲ့ ဘုံဘဝတွေမှာ ခန္ဓာငါးပါးက သူသတ်ယောက်ျား ငါးဦးပဲ၊ ခန္ဓာ ၄–ပါးရှိတဲ့ ဘဝရှိတယ်၊ အရူပဘဝတွေ၊ စိတ်နာမ်တရားချည်းထဲပဲ၊ ရုပ်မရှိဘူး၊ အဲဒီမှာတော့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ၄–ပါးပဲ၊ သူသတ်ယောက်ျား ၄–ဦးပဲရှိတယ်၊ အသညသတ်ဘုံဆိုတာက ရုပ်တမျိုးတည်းရှိတယ်၊ ရူပက္ခန္ဓာတပါးတည်းပဲ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်မရှိဘူး၊ ရုပ်ချည်းတည်းရှိတယ်၊ အဲဒီမှာတော့ သူသတ်ယောက်ျား တယောက်တည်းပေါ့၊ တဦးတည်းပဲရှိတယ်၊ ရူပက္ခန္ဓာတခုတည်း ခန္ဓာတပါးသာရှိတဲ့ အသညသတ်ဘုံမှာ ရုပ်ခန္ဓာကသူသတ်သမားပဲ၊ ခန္ဓာ ၄–ပါးရှိတဲ့ အရူပဘုံမှာ ခန္ဓာ ၄–ပါးက သူသတ်သမား ၄–ဦးပဲ၊ ခန္ဓာငါးပါးရှိတဲ့ ပဉ္စဝေါကာရဘုံမှာ ပါဠိလိုခေါ်တယ်၊ ပဉ္စဝေါကာရ၊ ပဉ္စ ၅–ခု၊ ဝေါကာရ–က ခန္ဓာပဲ၊ ခန္ဓာငါးပါးရှိတဲ့ဘုံ၊ ဒါတွေကတော့ အခုလူ့ဘုံတို့၊ အပါယ် ၄–ဘုံတို့၊ နတ်ပြည် ၆–ထပ်တို့၊ ပြီးတော့ကို စိတ်ဝိညာဉ်နဲ့တကွ ဖြစ်နေတဲ့ ရူပါဝစရဘုံတွေ အဲဒီဘုံတွေက ၁၅–ခုရှိတယ်၊ အဲဒီ ၁၅–ဘုံ၊ အဲဒါတွေဟာ ခန္ဓာငါးပါးလုံးရှိတော့ ခန္ဓာ ၅–ပါးလုံး သူသတ်သမားတွေပဲ။

ခန္ဓာ ၅–ပါးမှ လွတ်အောင် တရားအားထုတ်

အဲဒီ သူသတ်သမားတွေက လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်၊ အဲဒီ သူသတ်သမားတွေက လွတ်အောင်လို့ ပြေးရတယ်၊ ခုနက ဥပမာမှာ ပေးထားတဲ့ မြွေထိန်းယောက်ျား၊ သူသတ်သမားကြီး ၅–ယောက်က နောက်ကတွေ့ရာသတ်ဖို့ လိုက်နေတယ်ဆိုတာမြင်ပြီးတော့ ကြောက်လို့ ပြေးရသလို၊ ဒီမှာလဲပဲ ဒီခန္ဓာ ၅–ပါး တရားတွေက လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်၊ မြင်တိုင်းမြင်တိုင်း ရှုမှတ်နေတာဟာ ခန္ဓာငါးပါးက လွတ်မြောက်အောင်လို့ ပြေးနေတာ၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူး စဉ်းစားကြံစည်တိုင်း၊ ရှုမှတ်နေတဲ့ ဥစ္စာတွေဟာ ဒီခန္ဓာငါးပါး သူသတ်တရားတွေလက်က လွတ်အောင်လို့ ပြေးတာပဲ၊ တခါမှတ်လိုက်ယင် တခါပြေး၊ တခါမှတ်လိုက်ယင် တခါပြေး၊ မမှတ်ပဲနဲ့နေတဲ့ ပုဂ္ဂိုလ်ကတော့ မပြေးဘူး၊ ဒါကတော့ တခါမှတ်လိုက်လို့ရှိယင်လဲ ဒီမှတ်မိတဲ့ အာရုံနဲ့စပ်ပြီးတော့ ကိလေသာမဖြစ်နိုင်ဘူး။

ဝိပဿနာဉာဏ်ဖြင့်မှတ်လို့ ရုပ်တရား, နာမ်တရား အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်း သိရတဲ့အာရုံမှာ ကိလေသာမဖြစ်ဘူး၊ ကိလေသာမဖြစ်တော့ အဲဒီအာရုံနဲ့စပ်ပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံတွေ မဖြစ်ရဘူး၊ကံကနေပြီး အကျိုးပေးတဲ့ဘဝတွေလဲ မဖြစ်ရဘူး၊ မနာရဘူး၊ မသေရဘူး၊ ခန္ဓာငါးပါးက မသတ်ရတော့ ခန္ဓာငါးပါး အသတ်မခံရတော့ဘူး၊ ခန္ဓာငါးပါး အသတ်ခံရခြင်းမှ လွတ်သွားတယ်တဲ့၊ တခါမှတ်ယင် တခါလွတ်တာပဲ၊ တခါမှတ်ယင်တခါလွတ်၊ မှတ်တိုင်း မှတ်တိုင်း လွတ်တယ်။

ဘဂ်ဉာဏ်ရောက်မှ လွတ်တာ

အဲဒါ ဘယ်လောက်ကစပြီးတော့ လွတ်တုံးဆိုယင် သေသေချာချာဆိုယင်တော့ ဘဂ်ဉာဏ်လောက်ကမှ စပြီးတော့ လွတ်တယ်၊ အောက်နားပိုင်းတွေက သိပ်ပြီးတော့မလွတ်သေးဘူး၊ ဘဂ်ဉာဏ်ကနေပြီးတော့ အပျက် ကလေးတွေ ထင်လာမှ၊ အဲဒါ ဒီကနေ့ ဝိပဿနာဉာဏ်ကလေး နည်းနည်းဟောရမယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ ကွဲပုံကအစ တနေ့ ကတည်းကပြောတော့ ပြောပြီးပါပြီ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေကတော့ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ ၆–ပါးက ပေါ်လာသမျှတွေဟာ ရုပ်နဲ့နာမ်ချည်းထဲပဲ၊ တနေ့က ပြောပြီးပြီ။

မြင်ဆဲခဏမှာ မျက်စိကရုပ်၊ မြင်ရတာကရုပ်၊ ရုပ်ခန္ဓာ ၂–ခု မြင်သိတာကနာမ်၊ နာမ်ခန္ဓာက ပေါင်းစုလိုက်ယင် တမျိုးပေါ့လေ၊ မြင်သိတာလေး တခုတည်းမှာပဲ ခွဲလိုက်လို့ရှိယင် သိကာမျှ ဝိညာဏက္ခန္ဓာရှိတယ်၊ မြင်လို့ ကောင်းတာ မကောင်းတာ ဝေဒနက္ခန္ဓာရှိတယ်၊ မြင်ရတာလေး မှတ်သားတဲ့သဘော သညာက္ခန္ဓာရှိတယ်၊ မြင်မှုဖြစ်အောင်လို့ ကြောင့်ကြစိုက် အားထုတ်ပေးတဲ့သဘော သင်္ခါရက္ခန္ဓာရှိတယ်၊ နာမ်ခန္ဓာ ၄–ပါးလုံးပါတယ်၊ မြင်မှုထဲမှာ မြင်တယ်ဆိုတာဟာ ပေါင်းလိုက်လို့ရှိယင် ရုပ်ခန္ဓာနဲ့နာမ်ခန္ဓာ အကုန်လုံး ခန္ဓာငါးပါးပဲ၊ ဥပါဒါနက္ခန္ဓာငါးပါးလုံး၊ အဲဒီ ငါးပါးလုံးမှာ ခုနကပြောခဲ့တဲ့ တဏှာနဲ့ဒိဋ္ဌိနဲ့က စွဲလမ်းနေတယ်၊ တဏှာနဲ့သာယာပြီးတော့လဲ စွဲလမ်းနိုင်တယ်၊ ဒိဋ္ဌိနဲ့ ငါပဲဆိုပြီးတော့ အထင်မှားပြီးတော့လဲ စွဲလမ်းနိုင်တယ်။

တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေဆိုယင် အကုန်လုံးစွဲလမ်းနေတာပဲ၊ အားထုတ်တဲ့ပုဂ္ဂိုလ်တောင် မရှုမိ မမှတ်မိတဲ့ အာရုံနဲ့စပ်ပြီးတော့ စွဲလမ်းတုန်းပဲ၊ ဘယ်ကျမှ အစွဲအလမ်း ကင်းသွားတုံးဆိုတော့ ခုနကပြောတဲ့ ဘဂ်ဉာဏ်ဆီကနေပြီး အဲဒီကနေပြီး ရှုတိုင်းမှတ်တိုင်း အာရုံကလေးမှာ ကင်းသွားတယ်၊ ဒါလဲပဲ အမြဲတမ်းကင်းတာ မဟုတ်ဘူး၊ ရှုမိတဲ့အာရုံကလေးမှာကင်းတာ၊ မရှုမိတဲ့ အာရုံကလေးကတော့ စွဲလမ်းတုန်းပဲ၊ အရိယာအဖြစ် ရောက်သွားတဲ့အခါကျတော့ ခုနကပြောခဲ့တဲ့ အတိုင်း၊ ဒိဋ္ဌိနဲ့စွဲလမ်းမှုတခု ကင်းသွားတယ်၊ တဏှာနဲ့ စွဲလမ်းမှုကတော့ တချို့အရိယာမှာရှိသေးတယ်၊ အဲဒါ ဘယ်ကျမှ

လုံးလုံးကင်းတုံးဆိုယင် အရဟတ္တမဂ်ရောက်မှ ရဟန္တာဖြစ်မှပဲ၊ ဒီအစွဲအလမ်း လုံးလုံးကင်းမယ်၊ အဲဒီရောက်အောင် အားထုတ်ရမယ်။

အဲဒီတော့ မြင်ဆဲခဏမှာ မျက်စိနဲ့အဆင်းက ရုပ်ခန္ဓာ၊ မြင်သိမှုက နာမ်ခန္ဓာ၊ ရုပ်နဲ့နာမ်နဲ့ ၂-ခုပဲခွဲတော့မယ်၊ ဒါက လွယ်လွယ်ပဲ၊ အဲဒီကစပြီး ကွဲရမှာ၊ ရုပ်တရား, နာမ်တရားခွဲရလို့ရှိယင် ဒီလိုကွဲရမှာ၊ မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်း တကိုယ်လုံးက၊ ကိုယ့်သန္တာန်ကဆိုယင်တော့ တကိုယ်လုံး မြင်ရတဲ့အဆင်းနဲ့တကွ တကိုယ်လုံး၊ သူများသန္တာန်ကဆိုယင်တော့ တကိုယ်လုံးမြင်ရတဲ့ အဆင်းနဲ့တကွ တကိုယ်လုံး၊ ရုပ်တရားတွေချည်း၊ ဒါက အာရုံကိုမသိတတ်တဲ့ တရားတွေပဲ၊ တုံး၊တိုင်၊ ကျောက်ခဲ၊ မြေကြီးခဲများလို အာရုံကိုမသိတတ်တဲ့ တရားတွေပဲ၊ ဆန့်ကျင်ဘက်အကြောင်းနဲ့တွေ့ယင်တော့ ဖောက်ပြန်တတ်လို့ သူတို့ကို ရုပ်လို့ခေါ်တယ်၊ အအေးနဲ့တွေ့ယင်လဲ တမျိုးတမည်ပြောင်းလဲတယ်၊ အပူနဲ့တွေ့ယင်လဲ တမျိုးတမည် ပြောင်းလဲတယ်၊ အဲဒီလို ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ တွေ့တိုင်း ပြုပြင်ပြောင်းလဲတတ်လို့ ရုပ်လို့ခေါ်တယ်။

မြင်သိသွားတာကလေးက နာမ်ခန္ဓာ၊ မြင်ရတဲ့အာရုံကလေး မြင်သိသွားတယ်၊ ပြီးတော့ ရှုမှတ်ပြီး သိသွားတာကလေးကလဲ နာမ်ခန္ဓာ။

ဒါကြောင့်မို့မြင်တာ၊ သိတာက နာမ်၊ မြင်ဆဲခဏ၌ မျက်စိနဲ့ အဆင်းကရုပ်၊ မျက်စိဆိုယင် မျက်စိနဲ့တကွ တကိုယ်လုံးပဲ၊ အဆင်းဆိုယင်လဲပဲ အဆင်းတည်ရာဌာန တကိုယ်လုံးပဲ၊ ကိုယ့်သန္တာန်ကဖြစ်ဖြစ်၊ သူများသန္တာန်ကဖြစ်ဖြစ်၊တကိုယ်လုံးပဲ၊ အဲဒါ ရုပ်တရားပဲ၊ အသက်ရှင်နေတဲ့ သဘောမျိုး မဟုတ်ဘူး၊ သိတတ်တဲ့သဘောမျိုး မဟုတ်ဘူး၊ မသိတတ်တဲ့သဘောမျိုး၊ ဆန့်ကျင်ဘက်နဲ့ တွေ့လို့ရှိယင် တမျိုးတမည် ပြောင်းလဲဖောက်ပြန်တတ်တဲ့ တရားဟာ ရုပ်တရားပဲ၊ မြင်တာ သိတာတဲ့၊ မြင်တာဟာလဲ နာမ်တရားပဲ၊ မြင်တာကို မှတ်သိသွားတာ ရှိတယ်၊ မြင်တာ သိတာက နာမ်တရား၊ ရုပ်နဲ့နာမ် ဝိပဿနာရှုယင် ဒီလိုကွဲရမှာကိုး၊ ဆိုရမယ်။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက ရုပ်၊ မြင်တာ သိတာကနာမ်။

မျက်စိဆိုတာက မြင်မှု၏တည်ရာလေးကို၊ ဒီကနေပြီးတော့ မြင်တယ်လို့ထင်ရတယ်၊ မျက်လုံးကြီး ပုံသဏ္ဌာန်ကြီး ရယ်လို့ မဟုတ်ပါဘူး၊ မြင်ရာဌာနကလေးပေါ့၊ အဆင်းဆိုတာကလဲ မြင်ရတဲ့အရာပဲ၊ ဒါပါပဲ၊ မျက်စိနဲ့အဆင်းကရုပ်၊ဒီအဆင်းကလေးက အမှုန့်ကလေး သေးသေးကလေးပဲလို့ ဒီလိုထင်ရမယ်လို့ မဟုတ်ပါဘူး၊ သေးသေးရယ်လို့ မဟုတ်ပါဘူး၊ မြင်ရတာ မြင်ရတာဆိုယင် ပြီးတာပါပဲ၊ မြင်ရတဲ့ဥစ္စာ သေးသေးဆို သေးသေးရှိမှာပဲ၊ ကြီးကြီးမြင်ရတဲ့အခါ ကြီးကြီးရှိမှာပဲ၊ သေးတယ် ကြီးတယ်ဆိုတာကတော့ ဒါက မနောဒွါရနဲ့ကြံဆပြီးတော့ ယူအပ်တဲ့ ပညတ်တွေ၊ မြင်ရတဲ့သဘောဟာ မြင်ရတဲ့ သဘောပါပဲ၊ သေးတာ ကြီးတာ ပဓာနမဟုတ်ဘူး၊ မျက်စိနဲ့ အဆင်း မျက်စိရယ် မြင်ရတဲ့အဆင်းရယ် အဲဒီ ဥစ္စာ ရုပ်တရားတဲ့။

မျက်စိဆိုတာဟာ မြင်မှု၏ တည်ရာပဲ၊ မျက်စိအနေအားဖြင့် မျက်လုံးကြီးနဲ့ထင်ရမှ မဟုတ်ဘူး၊ မြင်မှု တည်ရာအနေအားဖြင့် မြင်မှုကလေး၊ ဒီကနေ ဖြစ်သွားတယ်ဆိုပြီးတော့ မြင်တယ်လို့ ရှုမှတ်တဲ့အခါမှာ ဒီလိုသိရတယ်၊ အဲဒီလို သိတဲ့ဥစ္စာ မျက်စိကိုသိတာ၊ မျက်စိသိလိုက်လို့ရှိယင် မျက်စိနဲ့တကွ မျက်စိ၏တည်ရာဖြစ်တဲ့ တကိုယ်လုံးရုပ်တွေ အကုန်လုံးပါသွားတယ်၊ ဒါကြောင့် မျက်စိနဲ့အဆင်းကရုပ်၊ မြင်တာ သိတာ၊ မြင်တာကတော့ ရိုးရိုးမြင်တာ၊ သိတာကတော့ ရှုမှတ်ပြီးတော့ သိတာ၊ သိတာက နာမ်။

နားက ကြားဆဲခဏမှာ အတူတူပဲ၊ နားနဲ့ အသံက ရုပ်၊ နားဆိုယင် ကြားရာဌာနပဲ၊ နားရွက်ကြီး ဘာကြီးနဲ့ ထင်ရမှာ မဟုတ်ဘူး၊ ဒီကနေ ကြားတယ်လို့ ကြားရာဌာနကလေး၊ ကြားရာဌာန ရုပ်ကလေးက တခု၊ အဲဒီ ကြားတဲ့နား ရုပ်နဲ့တကွ တကိုယ်လုံးပဲ၊ သူက ရုပ်ခန္ဓာ ထင်သွားတာကိုး၊ ကြားရတဲ့အသံ၊ အသံနဲ့တကွ အသံ၏တည်ရာကိုယ်ကြီး တကိုယ်လုံးပေါ့လေ၊ ကိုယ့်အသံဖြစ်ယင်လဲ ကိုယ့်ကိုယ်ကြီးတကိုယ်လုံး ပါသွားတယ်၊ သူများအသံဖြစ်ယင်လဲ သူများကိုယ်ကြီး တကိုယ်လုံး ပါတယ်၊ အဲဒီဥစ္စာကရုပ် နာမ်နဲ့ အသံက ရုပ်၊ ကြားတာ သိတာကနာမ်တဲ့၊ ကြားသွားတာကလေးက တခု၊ ရှုမှတ်လိုက်လို့ သိတာကလေးကတခု၊ အဲဒါကနာမ်တရားပဲတဲ့၊ အာရုံကို သိတတ်တဲ့တရားပေါ့လေ၊ ဆိုရမယ်။

ကြားဆဲခဏ၌၊ နားနဲ့ အသံကရုပ်၊ ကြားတာ သိတာက နာမ်။ နှာခေါင်းက နံတာတို့၊ စားတာတို့ကတော့ တခါတရံပဲ တွေ့ရပါတယ်။

နံဆဲခဏ၌၊ နှာခေါင်းနဲ့ အနံ့ကရုပ်၊ နံတာသိတာက နာမ်။ စားဆဲခဏ၌၊ လျှာနဲ့ အရသာကရုပ်၊ အရသာသိတာက နာမ်။

ဒီမှာတော့ကို စားတာသိတာက လောကဝေါဟာရမရှိဘူး၊ ၂–လုံးလုပ်ဖို့ရာ တယ်ဆိုလို့မကောင်းဘူး၊ အရသာသိတာ ဆိုယင် စားတော့ကို အရသာပေါ်ပြီးသိတာ၊ ရှုမှတ်ပြီးသိတာ၊ ဒါလဲ ပေါင်းလိုက်မှဖြစ်မှာ။

တွေ့ထိဆဲ ခဏ ရောက်ပြီး တွေ့ထိဆဲခဏ အတွေ့ကတော့ အများဆုံးမှတ်ရတယ်။

ထိဆဲခဏ၌ ကိုယ်နဲ့ အတွေ့ကရုပ်၊ ထိတာသိတာနာမ်။

ထိတယ်ဆိုတာကတော့ တကိုယ်လုံး နေရာတကာမှာ ရှိတယ်၊ အသွေးအသား စိုနေတဲ့နေရာဆိုယင် အကုန်လုံးပဲ သူကထိပြီးသိတာပဲ၊ ကာယပသာဒ ပျံ့နှံ့ပြီးတည်နေတာတဲ့၊ ကိုယ်ဆိုတာ ကာယပသာဒကိုဆိုတယ်၊ ဒီကိုယ်အကောင်အထည် ကြီး ပြောတာမဟုတ်ဘူး၊ ကာယပသာဒရုပ်ဆိုတာ တကိုယ်လုံးမှာ စိုနေတဲ့နေရာဆိုယင် အကုန်လုံးရှိတယ်၊ အပ်ဖျားလေး တနေရာလောက်မှာလဲ ရှိတာပဲ၊ အပ်ဖျားကလေးနဲ့ နေရာတကာကနေ တို့ကြည့်၊ အကုန်လုံးသိတယ်၊ ဘယ်နေရာကတို့တို့ အထိကို သိနေတာပဲ၊ နာနာတို့လိုက်လို့ရှိယင် နာတဲ့ဝေဒနာတောင် ရောက်သွားသေးတယ်၊ ထိရုံတွင် မကဘူး၊ ဒုက္ခဝေဒနာ တောင်ပေါ်လာသေးတယ်၊ အဲဒါ နေရာတိုင်းမှာ ရှိတယ်၊ အသားထဲသာမဟုတ်ဘူး၊ အရိုးထဲလဲရှိတာပဲ၊ သူက သွားထဲမှာလဲ ရှိတာပဲ၊ အုံ့ညြစရာတော်တော်ကောင်းတယ်၊ သွားထဲမှာလဲ ပသာဒရုပ်တွေ ရှိနေတာပဲ၊ ဒါကြောင့် သွားကို သွားမှာအအေးနဲ့ ဖြစ်စေ၊ အပူနဲ့ဖြစ်စေ ထိလိုက်ယင် သူ့ဟာအသိသာချည်းပဲ၊ အအေးအပူထိလိုက်လို့ရှိယင် သိတာပဲ၊ သူ့ထိလိုက်တာနဲ့ သူသိ လိုက်တော့တာပဲ၊ သွားကနေပြီးထိတာ သိတယ်။

အဲဒါ နေရာတကာမှာရှိတယ်၊ အတွင်းကရော အပြင်ကရော၊ အဲဒီအတွေ့အထိတွေဟာ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဟာ သမာဓိဉာဏ် တော်တော်အားကောင်းလာတဲ့အခါကျတော့ အတွေ့အထိသာမှတ်မယ်ဆိုယင် အတွေ့အထိတွေပြည့်လို့ တကိုယ် လုံး နေရာတကမှာရှိတယ်၊ တကိုယ်လုံး ရှုနိုင်မှတ်နိုင်တာပဲ၊ ခြေထောက်ကနေပြီး ခေါင်းအထိ၊ ခေါင်းကနေပြီး ခြေထောက် အထိ၊ လက်တွေရော၊ အကုန်လုံးပေါ့လေ၊ အတွင်းရောအပြင်ရော ကိုယ်ထဲမှာ စိုက်ပြီးတော့ ကြည့်လိုက်ယင် သမာဓိဉာဏ် အားကောင်းလာတဲ့အခါ ဘယ်နေရာမှာဖြစ်ဖြစ် အတွေ့အထိကလေးတွေဟာ ထင်တယ်၊ ထိတယ်–ထိတယ် မှတ်မယ်ဆိုယင် ထိလိုက်ပျောက်လိုက် ထိလိုက် ပျောက်လိုက်၊ အဲဒါလေးတွေ တွေ့တယ်။

အဲဒီထိတဲ့အခါကာလမှာ ထိရာဌာနကကိုယ်ဆိုတာ အဲဒီ ထိရာဌာနကလေးမှာရှိတဲ့ ကာယပသာဒရုပ်ကို ကိုယ်လို့ခေါ် တာပါပဲ၊ ခုနက နားဆိုတဲ့နေရာမှာ နားရွက်ကြီးတွေ ဘာတွေ ရည်ရွယ်တာမဟုတ်သလိုပဲ၊ ကိုယ်ကြီးကလဲပဲ လက်နဲ့ ခြေနဲ့ ခေါင်းနဲ့ အကောင်အထည် အထည်ဒြပ်ကြီးကို ပြောတာမဟုတ်ဘူး၊ ထိရာဌာန အထိသဘောကလေးကို ဖမ်းပြီးတော့ သိရာ ဌာနကလေး၊ ဒါလေးကို ကာယပသာဒလို့ ခေါ်တယ်၊ ဒီကနေ ထိတယ်ဆိုတာ ထင်ရှားတယ်၊ ထိတယ်ဆိုယင် ဘယ်နေရာက ဖြစ်ဖြစ် ရှုမှတ်လိုက်ယင် ဒီနေရာကလေးက ထိတာပဲ၊ ဟိုနေရာကလေးက ထိတာပဲဆိုတာ အထင်ရှားကြီးပဲ။

အခုထိုင်နေယင်းလဲပဲ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်ပဲထားပါတော့၊ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေမှာတော့ အင်မတန် ထင်ရှားနေတယ်၊ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တောင်မှ စိုက်ပြီးတော့ ကြည့်လိုက်ယင် ညာဘက်ခြေထောက်က နေပြီးတော့ ထိနေတာ၊ စိုက်ကြည့်လိုက်ယင် အဲဒီနေရာက ထင်ရှားတာပဲ၊ ဘယ်ဘက်ခြေထောက်က ထိတာ စိုက်ကြည့်လိုက်ယင် ထိရာက ထင်ရှားသားပဲ၊ ခြေထောက်တောင်မှ အဖျားကနေပြီးထိတာ၊ စဉ်းစားယင် အဖျားကထင်ရှားတယ်၊ ပေါင်းရင်းတို့ ဘယ်တို့က စဉ်းစားယင် အဲဒီနေရာက ထင်ရှားတယ်၊ သူ့ဟာ နှလုံးသွင်းရာ နှလုံးသွင်းရာကနေ စဉ်းစားယင် အထိကလေးတွေ ထင်ရှား တယ်။

အဲဒီတော့ ထိရာဌာန ရုပ်ကလေးက ကိုယ်ရုပ်တဲ့၊ ကိုယ်ရုပ်ဆိုတာ ဒါကလေးပဲ၊ ကိုယ်ရုပ်တွေပျက်နေတာရှိတယ်၊ ပသာဒရုပ် ပျက်နေတဲ့အခါမှာ ထိမှန်းမသိဘူး၊ အသားတွေထုံနေသလိုဖြစ်ပြီးတော့ ထိလို့ထိမှန်းမသိတာတွေ ရှိတယ်၊ ဒါက ပသာဒရုပ်ပျက်နေတာ၊ ဒီမှာတော့ ကိုယ်ရုပ်မရှိဘူး၊ ကိုယ်ရုပ်ကောင်းနေတဲ့ နေရာတွေမှာ အကုန်လုံးထိတိုင်းထိတိုင်းဟာ ထိတာကလေးတွေ သိတယ်၊ အဲဒီလို ထိရတဲ့သဘောကလေးတွေကို အတွေ့လို့ဗမာစကားက ဒီလိုသုံးရတာကိုး၊ ဗမာစကား က ဝေါဟာရကောင်းကောင်းမရှိဘူး။

အတွေ့ဆိုတာ ဖဿ သဘောရှိတယ်၊ ဒါပေမယ်လို့ တွေ့ရတဲ့ အာရုံကို ခေါ်စရာစကားမရှိလို့ အတွေ့ဆိုပြီးတော့ သုံးထားရတာ၊ ဝေါဟာရကတွေ့ရတဲ့ သဘောကလေး၊ တွေ့ထိရတဲ့သဘောကလေးပဲ၊ အတွေ့ဆိုတာ အဲဒီတွေ့ထိရတဲ့သဘော ဟာ ဘယ်လိုဟာတွေတုန်းဆိုလို့ရှိယင် ကျမ်းဂန်နာမည်နဲ့ ပြောမယ်လို့ ဆိုယင်ဖြင့်ယင် ပထဝီ၊ တေဇော၊ ဝါယောတဲ့၊ ဓာတ် ၃–ပါးတဲ့၊ ပါဠိလိုကတော့ ဖောဋ္ဌဗ္ဗရုပ်ဆိုပြီး နာမည်ပေးထားတယ်၊ ဖောဋ္ဌဗ္ဗရုပ်၊ ဖောဋ္ဌဗ္ဗာရုံလို့လဲ ခေါ်တယ်၊ ရုံဆိုတာ အာရုံပါ ပဲ၊ အာရမ္မဏအာရုံလို့ ဘာသာပြန်ထားတယ်၊ ဖောဋ္ဌဗ္ဗာရုံတဲ့၊ ဖောဋ္ဌဗ္ဗရုပ်တဲ့ ဗမာလိုတိတိကျကျ ပြန်မယ်ဆိုယင်တော့ ထိအပ် တဲ့ရုပ်ပေါ့၊ ထိရတဲ့ရုပ်၊ တွေ့ထိရတဲ့ရုပ်လို့ ဒီလိုအဓိပ္ပါယ်ခွဲရတယ်၊ တွေ့ထိရတဲ့ အာရုံ၊ တွေ့ထိရတဲ့ရုပ်၊ ဒါပေမယ်လို့ စကား ရှည် နေမှာစိုးလို့ အတိုကလေးနဲ့ ပြီးအောင်လို့ အတွေ့ဆိုပြီးတော့ ဘာသာပြန်ပြောရတယ်။

အတွေ့ ၃–မျိုး

အတွေ့ဆိုတာ တွေ့ထိရတဲ့သဘောကလေးကိုး၊ အဲဒီတွေ့ထိရတဲ့သဘောဟာ ၃–မျိုးရှိတယ်၊ ပထဝီအတွေ့အထိ ရှိတယ်၊ တေဇောအတွေ့အထိရှိတယ်၊ ဝါယောအတွေ့အထိရှိတယ်၊ ဓာတ် ၄–ပါးထဲမှာ အာပေါဆိုတဲ့သဘောက မတွေ့ထိနိုင်ဘူးတဲ့၊ သူက သူ့ကို နုတ်ထားရတယ်၊ အာပေါဆိုတာအရေသဘောကိုး၊ သူက တွေ့လို့ထိလို့မရဘူး၊ အခုရေတွက် စမ်းသပ်လို့ တွေ့ထိပြန်လဲပဲ အာပေါတွေ့တာမဟုတ်ဘူးတဲ့၊ ဒါက ပထဝီယင်လဲတွေ့မယ်၊ တေဇောယင်လဲတွေ့မယ်၊ ဝါယော ယင်လဲ တွေ့မယ်၊ ဒီ ၃–ခု တခုခု တွေ့မှာ၊ ရေထဲလက်နှိုက်စမ်းလို့ အေးတာတွေ့ယင်လဲပဲ တေဇောဓာတ်၊ ပူတာတွေ့ယင်လဲ တေဇောဓာတ်ပဲ၊ ရေထဲလက်နှိုက်ပြီး စမ်းတဲ့အခါကာလ တောင့်မာနေတဲ့သဘော၊ မာနေတဲ့သဘော၊ အဲဒီလိုဟာ တွေ့လိုရှိယင် တော့ ဒါက ပထဝီဓာတ်ကိုတွေ့တာ၊ မာတဲ့သဘောရှိတယ်၊ ဘယ်လိုမှ မထင်ရှားလို့ရှိယင် ရေတို့ ဘာတို့ကို လက်နဲ့ ဘာနဲ့ ရိုက်လို့ရှိယင် လက်တောင် တော်တော်နာသွားတယ်၊ ရိုက်လို့ရှိယင် မာတဲ့သဘောရှိယင် မာတဲ့သဘောရှိတယ်၊ ပထဝီကို သွားပြီးတော့ တွေ့တယ်၊ ရေမှာတောင့်ခံနေတဲ့ သဘောရှိတယ်၊ တောင့်ပြီးတော့နေတဲ့သဘော၊ အဲဒီဥစ္စာကလဲပဲ ဝါယောဓာတ် ခေါ်တယ်၊ အဲဒါသွားတွေ့တယ်။

ကိုယ်ထဲမှာလဲ ဒီအတိုင်းပဲ၊ တွေ့တာဟူသမျှတွေမှာ မာမာ ကြမ်းကြမ်း နူးနူးညံ့ညံ့တွေ့ယင် ပထဝီတဲ့၊ တနေ့က ဓာတ် ၄–ပါးတုန်းက ဒါတွေဟောခဲ့ပါပြီ၊ မာတာ, ကြမ်းတာ, နူးညံ့တာ ပထဝီဓာတ်တဲ့၊ မာတာ၊ ကြမ်းတာ နူးညံ့တာ တိုက်ခံပြီးတော့နေတာ ပထဝီဓာတ်လို့ တနေ့က ဟောလို့ လဲပြီးခဲ့ပြီ၊ တေဇောဓာတ်က ပူတာ, နွေးတာ, အေးတာ, ပေါ့တက်တာ၊ ဒါက တေဇောဓာတ်တဲ့၊ ဝါယောဓာတ်က တောင့်တင်းတာ၊ လှုပ်ရှားတာ၊ အဲဒါတွေက ဝါယောဓာတ်၊ တောင့်တင်းလှုပ်ရှားတာက ဝါယောဓာတ်၊ အဲဒါတွေ အဲဒီအတွေ့ ၃–မျိုးရှိတယ်။

အဲဒီအတွေ့ ၃–မျိုးဟာ ရုပ်တရားတွေပဲ၊ ဒါကြောင့် "ထိဆဲခဏာမှာ ကိုယ်နဲ့အတွေ့ကရုပ်"၊ ကိုယ်နဲ့အတွေ့ကတော့ မာတာ, ကြမ်းတာ တွေ့ချင်လဲတွေ့မယ်၊ ပူတာ, အေးတာ, နွေးတာတွေ့ချင်လဲ တွေ့မယ်၊ တောင့်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ ဒါတွေ့ချင်လဲတွေ့မယ်၊ ဒီ ၃–မျိုးထဲက တမျိုးမျိုးတွေ့တယ်၊ ဘယ်ဟာတွေ့တွေ့ပဲ၊ တမျိုးထဲပဲ၊ ၂–မျိုး ၃–မျိုးလုံးပေါင်းတွေ့လို့ မဖြစ်ဘူး၊ ၂–မျိုး ၃–မျိုးတပြိုင်တည်း မတွေ့ဘူး၊ တမျိုးတခါပဲတွေ့တယ်၊ တွေ့ယင် တမျိုးပဲ တွေ့တယ်၊ အဲဒီအတွေ့ရုပ်ကို ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ ပြုပြင်တဲ့အခါမှာ များသောအားဖြင့် ဝါယောဓာတ်တွေကိုတွေ့တယ်၊ ကွေးလိုက်တဲ့အခါမှာ တောင့်တာတင်းတာ၊ တွန်းကန်တာ၊ လှုပ်ရှားတာ၊ လက်ထဲကနေပြီး တော့ တောင့်တာယင်လဲ တွေ့မယ်၊ တင်တာယင်လဲတွေ့မယ်၊ တွန်းကန်တာယင်လဲတွေ့မယ်၊ လှုပ်ရှားတာယင်လဲ တွေ့မယ်၊ လှုပ်ရှားတာကတော့ အမြဲလိုပဲတွေ့နေတယ်၊ ကွေးတဲ့ဆန့်တဲ့ လှုပ်ရှားတဲ့အခါကာလမှာ အဲဒါဝါယောဓာတ်တွေ့တာ၊ ဒီထဲက နေပြီးပေါ့သွားတာ တွေ့လို့ရှိယင်ဖြင့် တေဇောဓာတ်တွေ့တာ၊ လေးသွားတာတွေ့လို့ ရှိယင်တော့ကို ပထဝီဓာတ်လို့ဆိုရမှာ ပေါ့လေ၊ ဒါပေမယ့် အထူးလေးတဲ့အခါမှာတော့ အာပေါဓာတ်လို့လဲ ဆိုပါတယ်၊ ပထဝီတွေ့ပြီးမှ အာပေါကတွေ့မှာပါ။

အဲဒီတော့ အတွေ့ကကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ လှုပ်ရှားလိုက် လုပ်တဲ့အခါကာလမှာ များသောအားဖြင့် ဝါယောဓာတ်ကိုတွေ့တယ်၊ တောင့်တာတင်းတာ တွန်းကန်တာ၊ လှုပ်ရှားတာတွေ တွေ့တယ်၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေမှာ လမ်းလျှောက်တဲ့အခါတွေမှာ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတာ၊ အဲဒီလိုအခါကာလတွေမှာ တောင့်တာကလေးတွေ့၊ တင်းတာကလေးတွေ့၊ လှုပ်ရှားတာကလေးတွေ့၊ ရွှေ့လျားတာကလေးတွေ့၊ ဒါလေးတွေတွေ့တာဟာ ဝါယောဓာတ်ကို တွေ့နေတာ၊ အတွေ့တွေ၊ အဲဒါဘယ်ကနေ တွေ့တုန်းဆိုတော့ လက်ထဲ၊ ခြေထဲ၊ ကိုယ်ထဲကနေပြီး တွေ့နေတာပဲ၊ လက်လှုပ်ယင် လက်ထဲကတွေ့တယ်၊ ခြေလှုပ်ယင် ခြေထဲကတွေ့တယ်၊ ကိုယ်လှုပ်ယင် ကိုယ်ထဲကတွေ့တယ်၊ အဲဒါ ကိုယ်ရုပ်နဲ့ အတွေ့တွေထင်ရှားနေတာ။

အဲဒါလဲ ကိုယ်နဲ့အတွေ့ကရုပ်တဲ့၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ အဲဒီလိုပဲ၊ ပုဂ္ဂိုလ်သတ္တဝါထင်နေတာပဲ၊ ကွေးလိုက်ဆန့်လိုက်လို့ ရှိယင် ငါပဲ၊ တောင့်တင်းလှုပ်ရှားတာတွေ ငါပဲလို့ ပုဂ္ဂိုလ်သတ္တဝါထင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ တွေ့ရတဲ့သဘောလေးပဲ၊ တောင့်ယင်လဲတောင့်တာ၊ တင်းယင်လဲ တင်းတဲ့သဘောလေးပဲ၊ ကိုယ်နဲ့အတွေ့ကရုပ်၊ ထိတာသိတာကနာမ်တဲ့၊ ကောင်းယင်ကောင်းတယ်၊ ဆိုးယင်ဆိုးတယ်၊ ထိယင်ထိသွားတာလေး၊ ထိပြီးတော့ ဏာက်ကရှုမှတ်လိုက်လို့ သိတာရှိတယ်၊ ထိတာသိတာကနာမ်၊ ထိတယ်–ထိတယ် ကိုယ်မှာ သမာဓိဥာဏ် အားကောင်းလာတဲ့အခါ ကိုယ်ထဲမှာစိုက်ပြီး မှတ်နေယင် ဘယ်နေရာကပဲမှတ်မှတ်၊ ထိတယ်–ထိတယ်လို့မှတ်လို့ရှိယင် ထိတဲ့သဘောလေး ထင်ရှားတယ်၊ ထိတယ်လို့ မှတ်သိလိုက်တဲ့ သဘောလေးလဲ ထင်ရှားတယ်၊ ထိရာဌာနက ထိရတဲ့သဘောလဲ ထင်ရှားတယ်၊ ထိရာဌာနလေးလဲထင်ရှားတယ်၊ ထိရာဌာနက ဘယ်နေရာကပဲ အဲဒါကို ရုပ်ကလေးထင်ရှားတာ၊ ပြီးတော့ တွေ့ထိရတဲ့သဘော၊ အဲဒီမှာ နွေးကနဲ, အေးကနဲ စသည်ဖြင့်တွေ့ထိရတဲ့ သဘောကလေးရှိတယ်၊ တွေ့ထိတဲ့သဘောကလေးက အတွေ့ကလေးပဲ။

အဲဒါ ကြမ်းတမ်းနူးညံ့တဲ့ ပထဝီဓာတ်ကို တွေ့ထိယင်လဲတွေ့ထိမယ်၊ ပူနွေးအေးတဲ့ တေဇောတွေ့ထိတာဖြစ်ယင်လဲ ဖြစ်မယ်၊ တောင့်တင်းတဲ့၊ လှုပ်ရှားတဲ့၊ တွန်းကန်တဲ့ ဝါယောဓာတ်၊ တွေ့ထိတာယင်လဲ ဖြစ်မယ်၊ အဲဒီအတွေ့ရုပ် ၃–ပါးထဲက

တမျိုးမျိုးဖြစ်မှာပဲ၊ အဲဒါရုပ်တရား၊ အဲဒီတွေ့ထိတဲ့အတိုင်းပဲ၊ နူးညံ့တယ်၊ ကြမ်းတမ်းတယ်၊ ပူတယ်၊ အေးတယ်စသည်ဖြင့် သိသိသွားတာကလေး ရှိတယ်၊ ဒါလဲပဲ သူက အထိအသိကလေးပဲ၊ သူကလဲနာမ်ပဲ၊ ထိတာ ထိသိတာကလေး၊ နောက်တခါ ရှုမှတ်လိုက်လို့ သိသွားတာကလေး၊ ထိတယ်လို့ ရှုတဲ့စိတ်ကလေး အထိကလေးရှိတယ်၊ အဲဒါလဲနာမ်။

အဲဒီတော့ ထိဆဲခဏမှာ ယောဂီပုဂ္ဂိုလ် မှတ်တိုင်း မှတ်တိုင်းဟာ ရုပ်နဲ့နာမ်ကလေးတွေ၊ ဒီလိုတွဲပြီးတော့ ထင်ရှားနေတယ်၊ ကိုယ်ရုပ်နဲ့ ကိုယ်ရုပ်ကိုထိရာဌာနမှာ ကိုယ်ရုပ်နဲ့အတွေ့နဲ့ ကိုယ်နဲ့အတွေ့ကရုပ်၊ သူက အသေသဘောပဲ၊ ထိသိသွားတာရယ်၊ မှတ်လို့ထိသိသွားတာရယ်၊ ထိတာသိတာ ဒီ ၂–ခုက နာမ်သဘောပဲ၊ ဒါလေး ၂–ခု ရှိတယ်ဆိုတာ သိတယ်။

ကွေးဆဲ၌ ဝိပဿနာရှုပုံ

ဒီပြင် တနည်းအားဖြင့်လဲ ကွေးတဲ့ဆန့်တဲ့ လှုပ်ရှားတဲ့အခါကာလတွေ မှာတော့ ရုပ်နဲ့နာမ် ၂–မျိုး ကွဲလွဲတာရှိတယ်၊ ဘယ်လိုတုန်းဆိုတော့ ကွေးမယ်၊ ဆန့်မယ်၊ လှုပ်မယ် ကြံတဲ့ နာမ်ကလေးကလဲ ထင်ရှားတယ်၊ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်ရှားလိုက်တဲ့ လှုပ်ရှားလိုက်တဲ့ရုပ်ကလဲ ထင်ရှားပြီးတော့ မှတ်တဲ့အသိကလေးကလဲ တခု ထင်ရှားတယ်။

နာမရူပပရိစ္ဆေဒညာဏ်ဖြစ်ပုံ

အဲဒီတော့ အဲဒါကွေးဆဲခဏ၌ ဒါလေးခွဲကြအုံးစို့၊ ဒါ ဝိပဿနာ အမြဲမှတ်နေတာ၊ ဆိုရမယ်။

ကွေးဆဲခဏ၌ ကွေးချင်တာနဲ့ မှတ်သိတာက နာမ်၊ ကွေးတာ လှုပ်ရှားတာက ရုပ်။

ဒါက နာမ်နဲ့ရုပ်၊ နာမရူပပရိစ္ဆေဒညာဏ်၊ နာမ်ကစတာလဲရှိတယ်၊ နာမရူပနာမ်နဲ့ ရုပ်ပဲတဲ့၊ ဆန့်မယ်၊ ထိုင်မယ်၊ ထမယ်၊ သွားမယ်၊ လာမယ်၊ အကုန်လုံးပေါ့၊ ဒီတခုသိယင် အကုန်လုံးသိရတယ်၊ အဲဒီလို တစုံတခု အမူအရာကလေး ပြုမယ် လို့ကြံတာကလေးကနာမ်၊ အဲဒါလေးလဲမှတ်လိုက်သေးတာပဲ၊ ကွေးချင်ယင်ကွေးချင်တယ်၊ ဆန့်ချင်ယင်ဆန့်ချင်တယ်၊ထိုင်ချင်ယင် ထိုင်ချင်တယ်၊ ဒါလေးမှတ်လိုက်တာ၊ မှတ်သိတာလေးလဲ ပါသွားတယ်၊ ကွေးချင်တာနဲ့ မှတ်သိတာ၊ နောက်တော့ ကွေးတာ၊ နောက်တော့ ကွေးမှုရောက်လာတယ်၊ ကွေးတဲ့အခါကျတော့ ကွေးတယ်ကွေးတယ်မှတ်တော့ လက်ထဲကနေပြီးတော့ တောင့်တင်းလှုပ်ရှားတဲ့သဘောကို အဲဒါကို လောကဝေါဟာရအားဖြင့် ကွေးတယ်လို့ပဲဆိုရတယ်၊ အမှန်အားဖြင့် ယောဂီပုဂ္ဂိုလ်မှာ ထင်ရှားတာကတော့ တောင့်တာတင်းတာ၊ လှုပ်ရှားတာ၊ တရွေ့ရွေ့ချင်း တောင့်လိုက်တင်းလိုက် ရွေ့လိုက်၊ ရွေ့ရွေ့သွားတာတွေ၊ ဒါလေးတွေထင်ရတာကိုး၊ အဲဒါကလေးတွေက ရုပ်တရား၊ သူတို့က အာရုံကို မသိတတ်ဘူး၊ အဲဒီမှာလဲ ကွေးတယ် ကွေးတယ်လို့ မှတ်တိုင်း မှတ်တိုင်း၊ သိသိသွားတဲ့ မှတ်သိတာလေးတွေလဲပါတယ်၊ အဲဒါတွေ အကုန်လုံးပေါင်းပြီးတော့ ကွေးချင်တာနဲ့ မှတ်သိတာကနာမ်၊ ကွေးတာ လှုပ်ရှားတာကရုပ်၊ အဲဒီလိုရုပ်နဲ့နာမ် ၂–ခုရှိတာပဲ။

ကွေးတဲ့အခါမှာ ကွေးချင်တယ် ဆိုတာလဲပဲ နာမ်တရားပဲ၊ မှတ်သိလိုက်တာလဲ နာမ်တရားပဲ၊ ကွေးတယ်–ကွေးတယ်လို့ မှတ်သိတာလဲ နာမ်တရားပဲ၊ ကွေးတယ်ကွေးတယ်မှတ်သိတော့ အဲဒီမှာ လှုပ်ရှားတဲ့သဘော၊ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ အဲဒီသဘောကလေးတွေက ရုပ်တရား၊ ဒါရှိတာပဲ၊ ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်၊ ဒါ ၂–ခုရှိတာပဲလို့ ယောဂီပုဂ္ဂိုလ်ဟာ မှတ်ယင်း မှတ်ယင်း ကိုယ်ပိုင်ဉာဏ်နဲ့ကွဲတဲ့ဥစ္စာတွေ စာနဲ့ကွဲတာမဟုတ်ဘူး၊ စာထဲက သရုပ်တွေ ဘာတွေ မဟုတ်သေးဘူး၊ အဲဒါက စာထဲကဟာကတော့ နောက်မှတ်မိအောင်လို့ သညာနဲ့ မှတ်သားထားရတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ တော့မသိဘူး၊ မဖြစ်နိုင်ဘူး။

ကိုယ်ပိုင်ဉာဏ်ကတော့ ရုပ်နာမ်ထင်ရှားရာသာရှု၊ အဲဒီထင်ရှားတဲ့ ရုပ်နာမ်လောက်ပဲ ပိုင်းခြားပြီးသိတယ်၊ အဲဒီကနေပြီး ရုပ်နဲ့နာမ် ၂–ခုထဲလို့ ရုပ်ကတခြား၊ နာမ်ကတခြားပဲ၊ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တဝါအကောင် အထည်မရှိဘူးလို့ ရှုယင်း ရှုယင်း ကွဲပြားပြီးတော့ သိတာ၊ အဲဒါ နာမရူပပရိစ္ဆေဒညာဏ်ခေါ်တယ်၊ သူက အရေးကြီးပါတယ်၊ ဝိပဿနာ ရှုတယ် ရှုတယ်ဆိုပြီး နာမရူပ ပရိစ္ဆေဒညာဏ်ကို အချိုးမကျပဲနဲ့ နေယင် သူ့ဟာမဖြစ်ဘူး။

ဒီက သတိပဋ္ဌာန်နည်းနဲ့ ကျကျနန ရှုလို့ရှိယင် နာမရူပ ပရိစ္ဆေဒညာဏ်က မကွဲလို့ကိုမဖြစ် မကွဲတတ်ယင်သာရှိရမယ်၊ သူ့ဥစ္စာ မှတ်လိုက်ယင် ကွဲနေတာပဲ၊ ကွေးတယ်–ကွေးတယ်ဆိုယင် ကွေးတဲ့သဘောကတခု၊ မှတ်သိတာက တခု၊ သူ့ဟာသူ ကွဲနေတာပဲ၊ ဒါ ရောလို့ကိုမဖြစ်ဘူး၊ ကွေးတဲ့ တောင့်တင်းလှုပ်ရှားတဲ့ သဘောကတခုပဲ၊ မှတ်သိတာကတခုပဲ၊ မှတ်သိတာက တောင့်တင်းလှုပ်ရှားတာမဟုတ်ဘူး၊ တောင့်တင်းလှုပ်ရှားတာက မှတ်သိတာမဟုတ်ဘူး၊ သူ့ဟာတခြားစီပဲ၊ ခဲနဲ့နံရံပေါက်လိုက်တော့ ခဲကတခြား၊ နံရံက တခြား ကွဲနေသလိုပဲ၊ အဲဒီလိုကွဲနေတာ၊ သွားတဲ့အခါကာလ ကြွတယ်၊ လှမ်းတယ်၊ မှတ်တယ်၊ အဲဒီမှာလဲ ကြွတယ်၊ လှမ်းတယ်၊ ချတယ် မှတ်ယင် ကြွတက်လာတာကတခု၊ ကြွတယ်မှတ်သိတာကတခု ကွဲနေတာပဲ၊

ကြွတာကရုပ်၊ မှတ်သိတာကနာမ်၊ ကြွတာရုပ်ဆိုတာဘာတုံးဆိုယင် ကြွတဲ့အထဲမှာပါတဲ့ တောင့်တာတင်းတာ၊ ပေါ့တက်တာ၊ အဲဒီ သဘောတွေဟာ ရုပ်တရားတွေပဲ၊ အဲဒါတွေ အမူအရာလေးတွေပါပဲ။

ပကတိ ပုဂ္ဂိုလ်တွေအနေကတော့ ကြွတယ်ဆိုတာ သူများလိုပဲ ခြေထောက်ကြီး ကြွသွားတာ၊ ဒီလိုပဲသိမှာပါပဲ၊ ဒီလို မဟုတ်ဘူး၊ ဟိုမှာတော့ အမူအရာကလေးတွေ သဘောကလေးတွေ ဟိုမှာ ရှုယင်း မှတ်ယင်း ထင်ရှားပြီးတော့ သိတယ်၊ အဲဒီ ဥစ္စာ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရတဲ့ အာရုံကရုပ်၊ မှတ်သိတာကနာမ်၊ ရုပ်အမူအရာကို မှတ်တိုင်းမှတ်တိုင်း မှတ်ရတဲ့အာရုံ ကရုပ်၊ မှတ်သိတာကနာမ် ဒီလိုကွဲတယ်။

ရုပ်အမူအရာကို မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ အာရုံကရုပ်၊ မှတ်သိတာက နာမ်။

ရုပ်အမူအရာတွေဆိုတာ ဘာတွေတုံးဆိုယင် ကွေးတာဆန့်တာ, ထိုင်တာ ထတာ, အကုန်လုံးပေါ့၊ ဖောင်းတာပိန်တာ လဲပါတယ်၊ ဖောင်းတယ်မှတ်ယင် ဖောင်းတာကရုပ်အမူအရာပဲ၊ ကိုယ်အမူအရာပဲ၊ ဖောင်းတတ်လာတာကရုပ်၊ မှတ်သိတာက နာမ် ကွဲနေတယ်၊ ၂–ခုမခွဲလို့ကိုမဖြစ်ဘူး၊ သမာဓိဉာဏ်အားကောင်းလာလို့ရှိယင် မှတ်လိုက်ယင် ခဲကလေးနဲ့ပစ်လိုက်တာလို ပဲ၊ မှတ်သိစရာလေးက ဟိုကပေါ်လာတာနဲ့ ဒီကမှတ်လိုက်တာနဲ့ဟာ အာရုံနဲ့ အသိနဲ့ဟာ ဆိုင်ကျသွားတယ်၊ အာရုံကတခြားပဲ အသိကတခြားပဲ၊ ဖောင်းတက်လာတဲ့ သဘောကလေးကတခြား၊ မှတ်သိလိုက်တာကလေးကတခြား၊ တခြားစီ ကွဲတာပဲ၊ အဲဒါနာမ်နဲ့ ရုပ်နဲ့ကွဲတာက နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဒီလိုသိရတယ်။

ဘယ်ဟာမှတ်မှတ် ရုပ်မှတ်လို့ရှိယင် ရုပ်အာရုံကလေးကတခြား၊ မှတ်သိတာကလေးကတခြား ဒီလိုကွဲတာပဲ၊ ဒီလို ကွဲပြားနေလို့ရှိယင် ဒါနာမရူပပရိစ္ဆေဒဉာဏ်ပဲ၊ ဒီလိုမှမကွဲပြားသေးပဲနဲ့ ဝိပဿနာဉာဏ်တွေက ဟိုတက် ဒီတက်တက်နေတာ၊ ဒီဥစ္စာတွေက သဘာဝမကျဘူး၊ မပြောတတ်ယင်သာ ရှိရမယ်၊ ဉာဏ်ထဲမှာတော့ ကွဲရမယ်၊ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့ အာရုံကလေးက တခြား၊ မှတ်သိတဲ့စိတ်ကလေးကတခြား ဒီလိုကွဲရမယ်၊ ဒီလိုကွဲယင် နာရူပပရိစ္ဆေဒဉာဏ်လို့ခေါ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

အဲဒီက နာမ်နဲ့ရုပ်ကွဲပြားပြီးတော့ အစဉ်အတိုင်း ရှုမှတ်လာလို့ရှိယင် အကြောင်းအကျိုးတွေလဲ ထိုက်သည့် အားလျော် စွာ သိပါတယ်၊ ဒါကတော့ ကိုယ့်ဉာဏ်မြင်သလောက်ပဲ သိတယ်၊ အကျယ်ချည်းရယ်လို့တော့ မဟုတ်ဘူး၊ အကြောင်းနဲ့ အကျိုး တော်တော်တန်တန် သိတာလဲရှိတယ်၊ တချို့လဲ တော်တော် ကျယ်ကျယ်ပြန့်ပြန့်သိတယ်၊ အနည်းဆုံး ကိုယ့်အမူအရာ တစုံတခုပြုလို့ရှိယင် ပြုမယ့်ကြံတဲ့ စိတ်ကလေး အကြောင်းကလေးသိတယ်၊ ကွေးမယ်, ဆန့်မယ်, ထိုင်မယ်, ထမယ် စသည်ဖြင့် ကြံတာကလေး၊ ဒါလေးကစသိတယ်၊ နောက်မှ ကွေးလိုက်, ဆန့်လိုက်, ထိုင်လိုက်, ထလိုက်, အဲဒါလေးတွေ ရှုရမှတ်ရတယ်၊ ဒီတော့ ကွေးမှုတခုဖြစ်ဖို့ရာ ဘယ်သူက လုပ်ပေးသလဲ၊ ဘယ်သူမှလုပ်ပေးတာ မဟုတ်ဘူး၊ ကွေးမယ်ကြံတဲ့ စိတ်ကလေးကြောင့် ကွေးမှုလေးဖြစ်လာတယ်၊ ဆန့်မယ်ကြံတဲ့ စိတ်ကလေးကြောင့် ဆန့်ရုပ်ကလေးဖြစ်လာတယ်၊ အကြောင်း နဲ့ အကျိုးလေးတွေ ပိုင်ခြားသိတယ်၊ ဒါကပစ္စယပရိဂ္ဂဟဉာဏ် ခေါ်တယ်။

အာရုံကလေးတွေရှိလို့ အသိကလေးတွေရှိရတယ်၊ ဖောင်းတာရှိလို့ ဖောင်းတာ မှတ်သိတာဖြစ်ရတယ်၊ ပိန်တာရှိလို့ ပိန်တယ် မှတ်သိတာ ဖြစ်ရတယ်၊ ကွေးတာရှိလို့ ကွေးတယ် မှတ်သိတာဖြစ်ရတယ်၊ စကြ်ိုသွားနေတဲ့အခါ ကြွတာလေးရှိလို့ ကြွတာ မှတ်သိတာလေးဖြစ်ရတယ်၊ လှမ်းတာရှိလို့ လှမ်းတယ် မှတ်သိတာလေး ဖြစ်ရတယ် စသည်ဖြင့်ပေါ့လေ၊ အာရုံရှိလို့ အသိလေးတွေဖြစ်တယ်၊ အလွတ်ဖြစ်တဲ့ စိတ်ကူးထဲ ပေါ်လာတဲ့အာရုံတွေ ရှိသေးတယ်၊ အဲဒီ အာရုံတွေရှိလို့လဲပဲ ဒီအသိလေး ဖြစ်ရတယ်။

အာရုံမရှိယင် အသိစိတ်မဖြစ်နိုင်

အာရုံမရှိယင် အသိဆိုတာ မဖြစ်နိုင်ဘူး၊ အာရုံမရှိပဲနဲ့ စိတ်ဟာ မဖြစ်နိုင်ဘူး၊ အာရုံဖြစ်ပြီးမှ ဘာနဲ့တူသလဲဆိုယင် စိတ်နာမ်တရားများဟာ အားမရှိတဲ့လူမမာများ အိပ်ရာကထတော့မယ်ဆိုယင် အားပြုစရာလေးရှိရတယ်၊ ထိုင်ယင်လဲပဲ ဆွဲကိုင် ပြီးတော့ ထရမယ်၊ နံရံယင်လဲပဲ အားပြုပြီးတော့ ထရမယ်၊ ဒီတိုင်း မထနိုင်ဘူး၊ သို့မဟုတ် တောင်ဝှေးနဲ့ဘာနဲ့လဲ ထောက်ပြီး တော့ ထရမယ်၊ နာမ်တရားက သူ့သက်သက်ဖြင့် မဖြစ်နိုင်ဘူးတဲ့၊ အားမရှိတဲ့ လူမမာနဲ့တူတယ်တဲ့၊ အာရုံကလေးကိုရှိမှ မြင်စရာအာရုံကလေး၊ ကြားစရာအာရုံကလေး၊ နံစရာ စားစရာ တွေ့ထိစရာ စိတ်ကူးထဲမှာ ပေါ်လာတဲ့ စဉ်းစားစရာ အာရုံကလေး၊ အဲဒီလိုအာရုံတခုခုရမှပဲ စိတ်ဆိုတာဖြစ်နိုင်တယ်တဲ့၊ အာရုံကို မှီပြီးတော့ ဖြစ်ရတယ်တဲ့။

ဒီတော့ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်က အာရုံလေးပေါ်လာတာနဲ့ အသိစိတ်ကလေးဖြစ်လာတာကို၊ ခဏခဏမှတ်နေရ တော့ အာရုံရှိလို့ မှတ်သိစိတ်ဖြစ်ရတာပဲ၊ အာရုံကြောင့် အသိစိတ်ဖြစ်ရသည်ဆိုတာ ပေါ်လာတယ်၊ ပထမက စိတ်ကူးထား

တယ်၊ ဘာလုပ်အုံးမယ်၊ ဘယ်သွားအုံးမယ် စိတ်ကူးထားတယ်၊ တော်တော်ကြာ အဲဒီစိတ်ကူး ပြန်ပေါ်လာတယ်၊ ဒီတော့ ရှေ့စိတ်ကူးလေးရှိလို့ နောက်စိတ်ကူးဖြစ်ရတယ်၊ အကြောင်းအကျိုးလေးတွေ ဆက်စပ်ပြီးတော့ ပေါ်လာတယ်၊ အဲဒီလို အကြောင်းနဲ့ အကျိုးမျှ ရှိတာပဲလို့ ရှုယင်းရှုယင်း သဘောကျတာကို ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တယ်။

သမ္မသနဉာဏ်

ရှုရမှတ်ရတဲ့ အာရုံကလေးတွေ အစပေါ်လာတယ်၊ ပထမပေါ်လာကတည်းက မှတ်ရတယ်၊ တော်တော်ကြာတော့ မှတ်ယင်းမှတ်ယင်းနဲ့ ပျောက်သွားတယ် မရှိတော့ဘူး၊ ပေါ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားပဲလို့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ထင်ရှားပါတယ်၊ အဲဒါ သမ္မသနဉာဏ်ခေါ်တယ်၊ မမြဲဘူးဆိုတာ သုံးသပ်တယ်၊ အာရုံနိမိတ်တွေမှာ ပိုပြီးတော့ ထင်ရှားပါတယ်၊ အာရုံနိမိတ်ကလေးတွေ ထင်လာရော၊ မြင်တယ် မြင်တယ် မှတ်ယင် တဖြေးဖြေးနဲ့ပျောက်သွားယင် မမြဲတဲ့တရားပဲ၊ အာရုံက မမြဲတာတော့ မဟုတ်ဘူး၊ အဲဒီမှာ အာရုံကိုသိနေတဲ့အာရုံကို ထင်မြင်နေတဲ့ အထင်အမြင် စိတ်ကလေးတွေက မမြဲတာပဲ၊ အဲဒါလေးတွေလဲ ပျောက်သွားတော့ မြင်တယ် မြင်တယ် မှတ်နေယင်း တော်တော်ကြာတော့ ပျောက်သွားတယ်၊ မမြဲတဲ့ တရားပဲ။

ဝေဒနာကလေးတွေ ပေါ်လာတယ်၊ ကိုယ်ထဲ ညောင်းတာပူတာကလေးတွေ စိုက်ပြီးတော့မှတ်မိတယ်၊ ညောင်းတယ်၊ ပူတယ်ပူတယ် မှတ်တော့ တော်တော်ကြာတော့ မမြဲတဲ့တရားပဲ၊ ရှေးတုန်းကတော့ ဒီလို ပျောက်သွားတာ ဘယ်မှာသိလိမ့်မှာ တုန်း၊ မရှုခင်မမှတ်ခင်ကမသိဘူး၊ ဒီဥစ္စာတွေဟာ ကိုယ်ထဲမှာ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာတွေ ပျောက်သွားတာ ရယ်လို့ မသိဘူး၊ အခုတော့ ရှုမှတ်နေယင်း ပျောက်ပျောက်သွားတာ တွေ့ရတော့ မမြဲတဲ့တရားတွေပဲဆိုပြီး သဘောကျတယ်၊ သမ္မသနဉာဏ်ခေါ်တယ်။

အနိစ္စ–မမြဲတာ သုံးသပ်တယ်၊ ဒုက္ခ–ဆင်းရဲတာ သုံးသပ်တယ်၊ အနတ္တ ပုဂ္ဂိုလ်သတ္တဝါမဟုတ်လို့ သုံးသပ်တယ်၊ အဲဒီကနေ အစဉ်အတိုင်းရှုမှတ်ပြီး တက်လာလို့ရှိယင် ခဏချင်းခဏချင်းဖြစ်ပြီး ပျောက်သွားတာ တွေ့ရတယ်၊ သမ္မသနဉာဏ်က ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးဆိုပေမယ့်လို့ ချက်ချင်း မဟုတ်သေးဘူး၊ တော်တော်လေးကြာမှ ပျောက်တယ်၊ သူက ချက်ချင်း ပျောက်တာမဟုတ်သေးဘူး။

ဥဒယဗ္ဗယဉာဏ်

ဥဒယဗ္ဗယ အဖြစ် အပျက်ကလေးတွေ သိတယ်ဆိုတဲ့အခါကျတော့ကို ဖြစ်ပြီး ပျောက်, ဖြစ်ပြီးပျောက် ချက်ချင်းချက်ချင်း ပျောက်ပျောက်သွားတာလေးတွေ တွေ့ရတယ်။

ဘင်္ဂဉာဏ်

အဲဒီကနေပြီး တက်လာတဲ့အခါကျတော့ အပျက်တွေ ထင်လာတယ်၊ အပျက်ဆိုတာ ပျောက်တာပါပဲ၊ တချို့အပျက်ဆိုယင် အိမ်ကြီး ပြိုသွားသလို မီးလောင်သွားတာကို ပြာကျသွားတာကို အဲဒီလို အောက်မေ့တာ၊ ဒီလို မဟုတ်ဘူး၊ သူ့ဥစ္စာ ရုပ်တရား နာမ်တရားတွေ မရှိသေးတဲ့တရားတွေ အသစ်ပေါ်လာတာကို ဖြစ်တယ်လို့ ခေါ်တယ်၊ ပေါ်ပြီးသားတရားတွေ မရှိပဲ ပျောက်သွားတာကို ပျက်တယ်လို့ခေါ်တယ်၊ ကောင်းကင်မှာ လျှပ်စီးလက်တာနဲ့ ဥပမာပေးတယ်၊ လျှပ်စစ်ရောင်လက်လာတဲ့အခါမှာ အစကမရှိသေးပဲနဲ့ လက်ခနဲအရောင်ကလေးပေါ်လာတာ ဖြစ်တယ်လို့ခေါ်တယ် အဲဒီ လက်ခနဲအရောင်ကလေးက တော်တော်ကြာတော့ မရှိဘူး၊ ပျောက်သွားတယ်၊ အဲဒါကို ပျက်တယ်လို့ ခေါ်တယ်။

ရှိပြီးသား တရားလေး မရှိပဲနဲ့ ဖြစ်သွားတာကို ပျောက်တယ်လို့ ခေါ်တယ်၊ အစက မရှိသေးပဲနဲ့ သဘောတခု ပေါ်လာတာကို ဖြစ်တယ်လို့ ခေါ်တယ်။

ဒီမှာ ပကတိပုဂ္ဂိုလ်တွေဆိုယင်တော့ အဲဒီလို ကိုယ်ထဲက ရုပ်နာမ်တွေ အစပေါ်လာတာလဲ မတွေ့ပါဘူး၊ အလယ်ပိုင်းလောက်ပဲတွေ့တယ်၊ အလယ်ပိုင်းလောက်တွေ့တော့လဲ ပျောက်သွားတယ်လို့မတွေ့ဘူး၊ အကြာချည်းနေမှပဲ တည်နေတယ်လို့ ထင်တယ်၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာတော့ ပေါ်ပေါ်ချင်း ပေါ်စကလေးလဲပဲ သိတယ်၊ ကိုယ်ထဲ အမြဲစိုက်ပြီးတော့ ရှုနေတော့ တစုံတခုဖြစ်လာတော့ အဲဒီ ဖြစ်လာတာလေး သိတယ်၊ စိတ်ကူးကလေး ဖြစ်လာယင် စိတ်ကူးလေး ချက်ချင်းသိတယ်၊ ဝေဒနာလေးတွေ ညောင်းတာ ပူတာကလေးတွေ ဖြစ်လာယင် အဲဒါလေး ချက်ချင်းသိတယ်၊ သိပြီးတော့ ပျောက်သွားတာလဲ သိတယ်၊ မှတ်ယင်းလဲ ဖြုတ်ခနဲဆို မှတ်ယင်းပဲ ပျောက်သွားတာလဲသိတဲ့ ဥဒယဗ္ဗယဉာဏ်ပဲ။

အဲဒီဥဏ်က လွန်သွားတဲ့အခါကျတော့ ပေါ်လာတာ မထင်ရှားပဲနဲ့ ပျောက်တာချည်းပဲ ထင်ရှားတယ်၊ မှတ်လိုက်ယင်း ပျောက်သွား၊ မှတ်လိုက်ယင်း ပျောက်သွား၊ အာရုံရော အသိရော ပျောက်ပျောက်သွားတာချည်း တွေ့မြင်ရတယ်တဲ့၊ ဒီဥဏ်က မြင်ဆဲခဏမှာ ရုပ်နဲ့နာမ် ခန္ဓာငါးပါး၊ ကြားဆဲခဏမှာ ရုပ်နဲ့နာမ်၊ ဘယ်ဟာဖြစ်ဖြစ် မှတ်တိုင်း မှတ်တိုင်းဟာ ပေါ်ပြီးယင် ပျောက်သွားတယ်၊ ပျောက်သွားတာချည်းပဲ တွေ့ရတယ်၊ မြင်တာမှတ်လိုက်ပျောက်သွား၊ ကြားတာလေးတွေ အသံကလေးတွေ မှတ်လိုက်ယင် ပျောက်သွား၊ ကိုယ်ထဲက အတွေ့အထိကလေးတွေ မှတ်လိုက်ယင် ပျောက်သွား၊ ကွေးတာ ဆန့်တာကလေးတွေ မှတ်လိုက်လဲ ပျောက်သွား၊ ဖောင်းတာပိန်တာလေးတွေလဲ ရိပ်ခနဲရိပ်ခနဲ ပျောက်တာပဲ ထင်ရှားနေတယ်၊ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘူး၊ ပကတိ မှတ်ခါစတုန်းကဆိုလို့ရှိယင် ရှုရမယ်ဆိုလို့သာ ရှုနေရတာ၊ လက်တွေ, ခြေတွေနဲ့ ဒီအတိုင်းပါပဲ၊ ဗိုက်ကလဲ ပုံသဏ္ဌာန်အထည်ဒြပ်ကြီးနဲ့ ဒီလိုပဲဖြစ်နေတယ်၊ ဝိပဿနာဥဏ်က ဘင်္ဂဥဏ်တိုင်အောင် ရင့်လာတဲ့အခါကျတော့ ပုံသဏ္ဌာန်အထည်ဒြပ် မပေါ်တော့ဘူး၊ ရိပ်ခနဲ ပျောက်လိုက်, ရိပ်ခနဲပျောက်လိုက် ဒီလိုပဲ တွေ့ရတယ်၊ ဒါတွင် မဟုတ်သေးဘူး၊ မှတ်သိနေတဲ့ စိတ်ကလေးတွေပါ ပျောက်သွားတာ ထင်တယ်။

ကွေးတယ် မှတ်ယင် ရွှေ့ကနဲ တရွှေ့ရွှေ့ ပျောက်လိုက်၊ ကွေးတယ်လို့ မှတ်သိတာလေး ပျောက်သွားလိုက်၊ နောက်တခါ တရွှေ့ရွှေ့လိုက်၊ ကွေးတယ်လို့ မှတ်လိုက်၊ အဲဒီ အသိကလေးလဲ ပျောက်သွားလိုက်၊ ဒီလိုပဲ တကွေးတကွေးမှာ အရွှေ့ပေါင်းလဲ အများကြီး၊ အသိပေါင်းလဲ အများကြီးပဲ၊ ကွေးတယ်–ကွေးတယ် ရွှေ့တယ် ရွှေ့တယ်ဆို၊ ရွှေ့တိုင်း ရွှေ့တိုင်း ရွှေ့လိုက် ပျောက်လိုက် ရွှေ့လိုက် ပျောက်လိုက် ဒီလို လိုက်လာတာကိုး၊ စင်္ကြံလျှောက်နေတဲ့အခါလဲ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုယင် အဲဒါ ရွှေ့တိုင်းရွှေ့တိုင်း တရွှေ့ကတရွှေ့ မရောက်ပဲ ပျောက်သွားတယ်၊ အရွှေ့ကလေးတွေကလဲ ရွှေ့ပြီးပျောက်၊ အသိကလေးတွေကလဲ သိပြီးပျောက်လိုက်နေတာလေးတွေ တွေ့ရတယ်၊ အဲဒါ ဘင်္ဂဥဏ်ခေါ်တယ်၊ အပျက်ကလေးတွေ တွေ့တာတဲ့၊ အဲဒီလို အပျက်ချည်းပဲ တွေ့ရတော့ မမြဲဘူးဆိုတာ အင်မတန် ရှင်းနေတာပဲ၊ ပေါ်လာသမျှ အာရုံတွေဟာလဲ ပျောက်ပျောက်သွားတာချည်းပဲဆိုတော့ မြဲတယ်လို့ ဘယ်မှာ စွဲလမ်းစရာရှိတော့မှာလဲ၊ မှတ်သိတဲ့စိတ်ကလေးတွေကလဲပဲ သိပြီးပျောက် သိပြီးပျောက်ဆိုတော့ သူကလဲ စွဲလမ်းစရာ မရှိဘူး၊ မှတ်သိတဲ့ စိတ်ကလေး၊ နှလုံးသွင်းတဲ့ စိတ်ကလေးရဲ့ အပျက်ကိုလဲ မမြင်ပါပဲနဲ့ ရုပ်နာမ်တရားတွေဟာ ခဏမစဲပျက်နေတယ်လို့ နှလုံးသွင်းနေလို့ အဲဒါကတော့ အာရုံကပျက်နေပေမယ်လို့ နှလုံးသွင်းတဲ့ စိတ်ကလေးကပေမယ့် မြဲနေတတ်တယ်၊ နှလုံးသွင်းတဲ့စိတ်ကလေး ဆင်ခြင်တဲ့ စိတ်ကလေးရဲ့ အပျက်ကို မမြင်ဘူး။

ပကတိအတိုင်း စဉ်းစားဆင်ခြင်ပြီး သိတဲ့ ဝိပဿနာတွေဆိုယင် ဒီလိုချည်းထဲပဲ၊ အာရုံသာ ပျက်တယ်လို့ သူ့ဟာ ဖန်တီးနေတာကိုး၊ ကိုယ်ထဲမှာ တရွရွတမွမွနဲ့ ပျက်နေတယ်ဆိုပြီးတော့ ဆင်ခြင်တော့ ဆင်ခြင်ပါများတော့လဲ နှလုံးသွင်းတဲ့အတိုင်း ရွရွမွမွတွေ ပျက်နေတယ်လို့ ထင်မှာပေါ့၊ ဒါပေမယ်လို့ အဲဒီလို နှလုံးသွင်းတဲ့ ရှုတဲ့စိတ်ကလေး ပျက်တာ တွေ့ရဲ့လားဆို ဒီလိုတော့ မတွေ့ဘူး၊ ဘယ်တွေ့မလဲ သူက ရှုမှ မရှုပဲဟာကိုး။

အဲဒီ နှလုံးသွင်းတဲ့စိတ်ကလေး မရှုဘူး၊ မရှုတော့ နှလုံးသွင်းတဲ့စိတ်ကလေးရဲ့ အပျက်အပျက်ကလေးတွေ သူက မသိဘူး၊ နှလုံးသွင်းတဲ့စိတ်ကတော့ တသမတ်တည်းပဲ၊ နှလုံးသွင်းနေတယ်လို့ ဒီလို ထင်နေတယ်၊ အဲဒီလိုဆိုယင် ဝိပဿနာဟာ မစင်ကြယ်ဘူး၊ ရှုရတဲ့ ပေါ်လာတဲ့အာရုံကလေး ပျောက်နေတာကို သိပေမယ့် ရှုတဲ့စိတ်ကလေး၊ နှလုံးသွင်းနေတဲ့ စိတ်ကလေးက အမြဲတည်နေတယ်လို့ ထင်နေလို့ရှိယင် ဒါဝိပဿနာ မစင်ကြယ်သေးဘူး၊ နိစ္စ အစွဲရှိတယ်၊ အတ္တ အစွဲရှိတယ်၊ ဒါကြောင့် ဘုန်းကြီးများဆီက သတိပဋ္ဌာန်နည်းနဲ့ ပေါ်တိုင်းပေါ်တိုင်းမှတ်ပါ၊ အဲဒီလိုအစွဲတွေ မကျန်ဘူး၊ ဘင်္ဂဥဏ်ရောက်လို့ရှိယင် ပေါ်လာတဲ့ အာရုံတွေလဲ တရိပ်ရိပ်နဲ့ ပျောက်နေတာ တွေ့တာပဲ၊ တမင်တကာ ဒီကဖျောက်ယူရတာ မဟုတ်ဘူး၊ သူ့ဟာနဲ့သူ အပိုင်းအပိုင်း ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက်နဲ့ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပျောက်နေတယ်၊ မှတ်သိနေတဲ့စိတ်ကလေးတွေလဲ သိပြီးယင် ပျောက်လိုက်၊ သိပြီးယင်း ပျောက်ယင်း၊ ဒါလဲပဲ ကိုယ်က ဖျောက်ယူရတာ မဟုတ်ဘူး၊ မှတ်လိုက် ပျောက်လိုက် မှတ်လိုက် ပျောက်လိုက် အပိုင်း အပိုင်းကလေး။

ဒီတော့ မြဲတဲ့တရား ဘယ်ရှာလို့ ရတော့မှာလဲ၊ ပေါ်လာတဲ့ အာရုံတွေကလဲ ပေါ်ပြီးပျောက်၊ ရှုတဲ့စိတ်ကလေးကလဲ ရှုပြီးပျောက်၊ ဘယ်မှာ မြဲတာရှိမှာလဲ၊ အပြင်ကလဲ မမြဲဘူး၊ အတွင်းကလဲ မမြဲဘူး၊ မမြဲတော့ အတ္တပဲ၊ အသက်ရှင်နေတဲ့အကောင်ကလေးပဲလို့လဲ ဒီအထဲမှာ စွဲလမ်းစရာ ဘာမှမရှိဘူး၊ အဲဒါ အစွဲအလမ်းတွေ ကင်းနေတာတဲ့၊ ခုနက "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်" မြင်တိုင်းကြားတိုင်း မရှုမမှတ်တဲ့ပုဂ္ဂိုလ်တွေမှာ ကောင်းတယ်ထင်ပြီးတော့ သာယာစရာတွေထင်လာတယ်၊ သာယာစရာတွေထင်ပြီးတော့ သာယာပြီးတော့ စွဲလမ်းတယ်၊ ငါပဲလို့ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ မြင်ရတာလဲ ငါပဲ၊ ကြားရတာလဲငါပဲ၊ ထင်စရာတွေပေါ့၊ အဲဒီလိုပဲ ထင်မြင်စွဲလမ်းနေတယ်။

အခု ဘင်္ဂဥဏ်ရောက်ပြီး မြင်တိုင်း ကြားတိုင်းတွေဟာ တရိပ်ရိပ်နဲ့ မြင်ရကြားရတာတွေကလဲ ပေါ်ပြီးပျောက်၊ မှတ်သိတဲ့စိတ်ကလေးကိုလဲ သိပြီးပျောက်၊ တရိပ်ရိပ်နဲ့ပျောက်ပြီးတော့နေတာချည်းပဲ တွေ့ရတဲ့အခါ ဘယ်မှာစွဲလမ်းစရာရှိမှာလဲ၊ သာယာစရာလဲ ဘယ်ကမှ ရှာလို့မရဘူး၊ မရှိတော့ဘူး၊ ငါပဲလို့ တသက်လုံး တဘဝလုံးတည်နေတဲ့ ငါကောင်ပဲလို့ စွဲလမ်းစရာလဲ ဒီအထဲမှာ ဘာမှမရှိတော့ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ တွေ့တော့တယ်၊ အနိစ္စ–မမြဲတဲ့တရား မမြဲလို့ပဲ

ဒုက္ခ–အားကိုးစရာမရှိတဲ့ ဆင်းရဲတရားတွေ၊ မမြဲလို့ အားကိုးစရာမရှိလို့ အနတ္တ–ဘာမှအစိုးမရဘူး၊ မြဲအောင်လဲမတတ်နိုင်ဘူး၊ အားကိုးစရာဖြစ်အောင် ချမ်းသာအနေအားဖြင့်လဲ မတတ်နိုင်ဘူး၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတာပဲ ဆိုပြီးတော့ ယောဂီ ပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ ရှင်းနေရတယ်၊ မပြောတတ်ယင်သာ ရှိရမယ်၊ ရှုတိုင်းမှတ်တိုင်း ဒီအသိကလေးတွေကတော့ ရောက်နေတယ်၊ စာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ စာမတတ်လဲပဲ အသိဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်မှာ သိနေတာပဲ၊ ဒီဥစ္စာကလေးတွေဟာ တရိပ်ရိပ်ပျောက်နေတာ၊ မမြဲတဲ့တရားချည်းထဲပဲ၊ အမြင်က မြင်ရာကြားရာက ပေါ်လာတာတွေကလဲပဲ တရိပ်ရိပ်နဲ့ ပျောက်နေတာ၊ မမြဲတဲ့တရားပဲ၊ ရှုမှတ်သိတဲ့စိတ်တွေကလဲပဲ သိပြီးပျောက် သိပြီးပျောက် မမြဲတဲ့တရားပဲ၊ မမြဲလို့ ဒီဟာတွေချမ်းသာတယ်လို့ စွဲလမ်းစရာမဟုတ်ဘူး၊ ဆင်းရဲတရားပဲ၊ အဲဒီတော့ တရိပ်ရိပ်ပျောက်နေတဲ့ တရားတွေဟာ အသက်ရှင်နေတဲ့အကောင် ကလေးပါလို့ ဘယ်စွဲလမ်းစရာရှိမှာလဲ၊ သူ့သဘောအတိုင်း ဖြစ်နေတဲ့တရားတွေပဲ၊ ချက်ချင်း ပျက်နေတဲ့ တရားတွေပဲလို့ ရှင်းလာတယ်။

အဲဒီလိုသိတော့ တဏှာနဲ့စွဲလမ်းမှုဥပါဒါန်မဖြစ်နိုင်ဘူးတဲ့၊ ဒိဋ္ဌိနဲ့ ငါကောင်ပဲလို့ စွဲလမ်းတဲ့ ဥပါဒါန်မဖြစ်နိုင်ဘူးတဲ့၊ အဲဒီဥပါဒါန်တွေ ကင်းအောင်လို့ ဒါတွေရှုရတာ၊ ဒါက ဥပါဒါနက္ခန္ဓာနဲ့စပ်ပြီးတော့ ပြောတာ၊ အမှန်ကတော့ ကိလေသာတွေ အကုန်ကင်းတယ်။

အဲဒီရောက်လို့ရှိယင် တခါမှတ်လိုက် အဲဒီမှတ်ရတဲ့ အာရုံနဲ့စပ်ပြီးတော့ မှတ်သိရတဲ့အာရုံနဲ့စပ်ပြီးတော့ ဖြစ်မယ့် ကိလေသာတွေမဖြစ်ဘူး၊ သာယာမယ့် ကိလေသာတွေမဖြစ်ဘူး၊ ငါပဲလို့ အထင်မှားမယ့် ဒိဋ္ဌိတွေမဖြစ်ဘူး၊ အဲဒီကိလေသာတွေက ဆက်ပြီးဖြစ်မယ့် ကုသိုလ်ကံ အကုသိုလ်ကံတွေလဲ အားမထုတ်နိုင်ဘူး၊ ဒီကံကအကျိုးပေးမယ့် ဥစ္စာတွေလဲ ကံမှမရှိပဲ၊ ဘယ်မှာ အကျိုးပေးနိုင်မှာလဲ၊ မပေးနိုင်ဘူး၊ မျိုးစေ့မကြဲပဲနဲ့ အပင်ဘယ်ပေါက်လိမ့်မှာလဲ၊ မပေါက်နိုင်ဘူး၊ ကံကမရှိတော့ပဲ၊ အကျိုးမပေးယင် ဘဝအသစ်မဖြစ်နိုင်ဘူး၊ ဘဝအသစ်မှမရှိတော့ပဲ၊ အဲဒီဘဝအသစ်မှာ ဇာတိပဋ္ဌိသန္ဓေနေမှု ဘယ်မှာ ရှိမလဲ၊ အိုခြင်းဘယ်ဖြစ်နိုင်မှာလဲ၊ ကောင်းကင်မှာ ဆေးရေးလို့မရသလို သေရခြင်းမရှိဘူး၊ အဲဒါ သူသတ်ကြီးငါးဦး၊ ခန္ဓာငါးပါး တည်းဟူသော သူသတ်ကြီးငါးယောက်က မသတ်နိုင်တာ၊ တခါမှတ်လိုက် သူသတ်ကြီးငါးယောက်လက်က တခါလွတ်သွားတာပဲ။

သေမင်းလွတ်အောင်တရားအားထုတ်

သုတ္တနိပါတပါဠိ ၄၄၈–မှာ–

သုညတော လောကံ အဝေက္ခသု၊
မောဇရာဇ သဒါ သတော။

မောဃရာဇ၊ မောဃရာဇရသေ့။ လောကံ၊ လောကကို။ သုညတော၊ အတ္တမှဆိပ်သည်ဟု။ အဝေက္ခသု၊ သိလေလော။

ဧवံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ နေ ပဿတိ။

တရိပ်ရိပ်နဲ့ ပျောက်ပြီးတော့နေတာချည်းပဲ၊ မြင်ရာကလဲပျောက်၊ ကြားရာကလဲပျောက်၊ နံရာ၊ စားရာ၊ တွေ့ထိရာကလဲပျောက်၊ မှတ်သိတဲ့စိတ်ကလေးကလဲပျောက်၊ ဘယ်ဟာမှမြဲမနေဘူး၊ အကုန်လုံးတရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲဆိုတော့ ဒီအထဲမှာ အတ္တကိုရှာလို့မရဘူး၊ အသက်ရှင်နေတဲ့အကောင်မရှိဘူး၊ မြဲတဲ့သဘောလဲ ဒီအထဲမှာမရှိဘူး၊ ချမ်းသာတဲ့သဘောလဲ ဒီအထဲမှာမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲလမ်းစရာလဲ ဒီအထဲမှာမရှိဘူး၊ ဆိတ်သုဉ်းနေတယ်တဲ့၊ တောထဲရောက်တဲ့အခါ လူမရှိလို့ လူဆိတ်နေသလိုပဲ၊ အသံမရှိတဲ့နေရာအား နားထောင်လို့ရှိယင် ဘာသံမှလဲမကြားရလို့ တိတ်ဆိတ်နေသလိုပဲ၊ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ ၆–ပါးက တရိပ်ရိပ်ပေါ်တဲ့တရားချည်းထဲက ရှုနေတာကိုး၊ အမှတ်ကောင်းတဲ့အခါမှာ ဒါက အမှတ်ကောင်းဖူးတဲ့ ပုဂ္ဂိုလ်တွေမှသိမယ်၊ မကောင်းသေးတဲ့ မှတ်ခါစပုဂ္ဂိုလ်ကတော့ အဲဒီလောက်ပြောပေမယ့် မသိပါဘူး၊ အဲဒီဘင်္ဂဉာဏ်ရောက်လို့ အထူးအားဖြင့်တော့ သခ်ါရပေက္ခာဉာဏ်ကျမှပိုပြီးတော့ ရှင်းတာပေါ့လေ။

ရှုတိုင်း ရှုတိုင်းဟာ တရိပ်ရိပ်နဲ့ ပျောက်နေတာကလေးတွေက တသိတည်းသိနေရတာ၊ တသိတည်းသိတော့ သိပြီးယင်ပျောက် သိပြီးယင်ပျောက်နေတော့ မပျောက်တဲ့ မြဲတည်နေတဲ့တရားတခုမှမရှိဘူး၊ ဒီတော့ မြဲတဲ့တရားလဲပဲ အဲဒီအထဲမှာ မရှိဘူး၊ မမြဲတော့ ချမ်းသာတဲ့တရားလဲပဲ မရှိဘူး၊ အားကိုးစရာမရှိဘူး၊ အသက်ရှင်နေတဲ့အကောင်းပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်မှတ်စွဲလမ်းစရာလဲမရှိဘူး၊ အကုန်လုံးဆိတ်နေတာကိုး၊ မြဲတဲ့သဘောလဲဆိတ်နေတယ်၊ ချမ်းသာတဲ့သဘောလဲ ဆိတ်နေတယ်၊ ကောင်းတယ်၊ လှပတယ်၊ တင့်တယ်တယ်၊ ဒီလိုထင်နေတဲ့ သဘောလေးပေါ့လေ၊ အစတုန်းကတော့ အင်မတန်ဟန်ကြီးပန်ကြီးဖြစ်နေတာ၊ ကိုယ့်ကိုယ်နဲ့ကိုယ်ဟာ ယခု တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းတွေ့ရတော့ ဘာမှအသုံးမကျတာ

တွေ တွေ့နေတယ်၊ ကောင်းတဲ့ သဘော၊ သုခသဘောတွေ၊ ချမ်းသာတဲ့သဘောတွေ၊ ဒါတွေလဲ တိတ်ဆိတ်နေတယ်၊ အစတုန်းကတော့ အသက်ရှင်နေတဲ့ အကောင်ကြီး၊ တကယ်ဟုတ်နေတယ်လို့ထင်တယ်၊ အခုတော့ အကောင်လဲမရှိဘူး၊ သူ့ဟာ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲတွေ့တော့ အတ္တသဘောလဲဆိတ်နေတယ်၊ နိစ္စ၊ သုခ၊ အတ္တသဘောတွေ ဆိတ်နေတယ်တဲ့၊ အဲဒီလိုရှုလို့ရှိယင် ရှုတိုင်း ရှုတိုင်း ဘာဖြစ်သတုံးဆိုတော့–

၈၀ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

၈၀၊ ဤသို့။ နိစ္စသဘော, သုခသဘော, အတ္တသဘောမှ ဆိတ်သောအားဖြင့်။ လောကံ၊ လောကကို။ အဝေက္ခန္တံ၊ ရှုမြင်နိုင်သော ပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်တွေ့တောပြီ။

သေမင်းကြီး မတွေ့နိုင်တော့ဘူးတဲ့၊ သေမင်းက ပုန်းနိုင်ပြီ ဆိုတာကိုး၊ လောကမှာ တူတူပုန်းတယ်ဆိုတာလို တူတူ ပုန်းတယ်ဆိုတာ အဖော်တွေမမြင်ရအောင် ကွယ်နေတဲ့နေရာ ပုန်းရတာကိုး၊ အပုန်းကောင်းလို့ရှိယင် မတွေ့ဘူး၊ အပုန်း မကောင်းလို့ရှိယင်တော့ တွေ့သွားတယ်၊ အခု သေမင်းကြီးက မမြင်နိုင်အောင်လို့ အခုတရားအားထုတ်ရတာကိုး။

ခန္ဓာငါးပါးသေမင်း

သေမင်းဆိုတာ ဘယ်သူတွေတုံးဆိုတော့ အရင်းစစ်တော့ ခန္ဓာငါးပါးပါပဲ၊ ဒီခန္ဓာငါးပါးက လိုက်သတ်နေတာ၊ အဲဒီ ခန္ဓာငါးပါးက မသတ်နိုင်အောင်လို့ တရားအားထုတ်တယ်တဲ့၊ တရားအားထုတ်တော့ ဘဂ်ဉာဏ်ကစပြီးတော့ အဲဒီအထက် ပိုင်းဟာ ရှုတိုင်း ရှုတိုင်းဟာ တရိပ်ရိပ်နဲ့ ပျောက်ပြီးတော့နေတာတွေ တွေ့ရတယ်၊ ငါးမိနစ်လောက် မှတ်နေယင် ငါးမိနစ် လောက် တရိပ်ရိပ်နဲ့ ပျောက်နေတာတွေ့ရတယ်၊ ၁၀–မိနစ်လောက်မှတ်ယင် ၁၀–မိနစ်လောက် တရိပ်ရိပ်နဲ့ ပျောက်နေတာ တွေ့ရတယ်၊ သခ်ါရပေက္ခာဉာဏ်လို့ရှိယင် သာပြီးတော့ကောင်းတယ်၊ တနာရီလောက်လဲ တရိပ်ရိပ်နဲ့ နေတာ ချည်းပဲရှိတယ်၊ ဘာမှ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ရယ်လို့ မပေါ်ဘူး၊ ကိုယ့်ကိုယ်လဲ မစဉ်းစားမိဘူး၊ သူများကိုလဲ မစဉ်းစားမိဘူး၊ လောကအကြောင်းလဲ မစဉ်းစားမိဘူး၊ တရိပ်ရိပ်နဲ့ ပျောက်နေတာပဲတွေ့နေတယ်၊ အဲဒီတော့ သုညတောနိစ္စ မြဲတဲ့သဘောမှလဲ ဆိတ်နေတာကိုလဲတွေ့တယ်၊ အားကိုးစရာ ချမ်းသာကလေး ကောင်းတဲ့အနေအားဖြင့် အဲဒီသုခသဘောလေး ဆိတ်နေတာ တွေ့တယ်၊ ပုဂ္ဂိုလ် သတ္တဝါ အသက်ရှင်နေတဲ့ အကောင်ကလေး အနေအားဖြင့် အတ္တသဘောလဲမရှိဘူး၊ ဒီမှာ ဆိတ်နေတယ်၊ နိစ္စ၊ သုခ၊ အတ္တတွေမှဆိတ်နေတယ်၊ အဲဒီ ဆိတ်တဲ့သဘောလေး ရှုရမယ်တဲ့၊ အဲဒီလို ရှုနေလို့ရှိယင် ရှုတိုင်း ရှုတိုင်း–

၈၀၊ ဤသို့။ နိစ္စ သုခ အတ္တမှဆိတ်သောအားဖြင့်။ လောကံ၊ လောကကို၊ ခန္ဓာငါးပါးတည်းဟူသော လောကကို။

လောကဆိုတာ

လောကဆိုတာ ခန္ဓာငါးပါးပဲ၊ မြင်မှု၊ ကြားမှုတွေပဲ၊ ဒါတွေပဲ၊ ဝိပဿနာရှုနေလို့ လောကဆိုလို့ မြေပြင်ကြီးနဲ့ ကောင်းကင်ကြီးနဲ့ ဂ္ဂိုဟ်တွေတာရာတွေ၊ ဒါတွေပြောတာ မဟုတ်ဘူး၊ မိမိသန္တာန်မှာရှိတဲ့ ရုပ်နာမ်တရားတွေ၊ ခန္ဓာငါးပါး တွေကို ဆိုတာ။

လောကီခန္ဓာငါးပါး တည်းဟူသော လောကကို၊ ခန္ဓာငါးပါးဆိုတာ ဘာလဲဆိုတော့ မြင်မှု၊ ကြားမှုတွေပဲ၊ ခန္ဓာငါးပါး ဆိုတာ အလုံး–အလုံးတွေ မဟုတ်ဘူး၊ မြင်တာ ခန္ဓာငါးပါးပဲ၊ ကြားတာ ခန္ဓာငါးပါးပဲ၊ နံတာ၊ စားတာ၊ တွေ့ထိတာ ခန္ဓာ ငါးပါးပဲ၊ စိတ်ကူးစဉ်းစား ကြံစည်တာလဲ ခန္ဓာငါးပါးပဲ၊ ရှုမှတ်တာလဲ ခန္ဓာငါးပါးပဲ၊ ခန္ဓာငါးပါးတွေ ခုနကခွဲခဲ့ပြီ။

ရှုမှတ်တော့ ဘယ့်နှယ်လုပ် ခန္ဓာငါးပါးဖြစ်တုံးဆိုတော့ ရှုမှတ်တဲ့အခါကာလမှာ ရှုမှတ်တဲ့စိတ်က နာမ်ခန္ဓာလေးပါး ပေါ့၊ ရှုမှတ်တယ်ဆိုတာ မှတ်တိုင်းမှတ်တိုင်း မှတ်သိတာက ခန္ဓာလေးပါး၊ သိရုံမျှလေးကဝိညာဏက္ခန္ဓာ၊ မှတ်သိတဲ့သဘောထဲ မှာ ဝမ်းမြောက်ဝမ်းသာနဲ့ မှတ်သိနေတာလဲ ရှိတယ်၊ ဥဒယဗ္ဗယညာဏ်တွေမှာ ဝမ်းသာလို့ကောင်းတယ်၊ ဥပေက္ခာနဲ့လဲရှိတယ်၊ အဲဒီ ဝမ်းမြောက်ဝမ်းသာ မဖြစ်လို့ရှိယင် ဥပေက္ခာနဲ့အညီအမျှ ရှုနေတယ်၊ အဲဒါဝေဒနာပဲ၊ သူကနှလုံးမသာတော့ဘူး၊ ရှုမှတ်တဲ့ အခါမှာတော့ နှလုံးမသာတော့ပါဘူး၊ နှလုံးမသာရောက်သွားယင် အဲဒါ ဝိပဿနာမဟုတ်ဘူး၊ အပြင်ကဟာတွေ ဝေဒနာပါ တယ်၊ အဲဒီ မှတ်သိတဲ့သဘောလေးလဲပဲ သူက နောက်ကလိုက်ပြီး မှတ်သားတဲ့သဘော၊ သညာကလဲပါသေးတာပဲ၊ ဒါကြောင့် ပြန်စဉ်းစားလို့ရှိယင် ဘယ်လိုသိတာပဲ ဆိုတာလေးပေါ်လာတယ်၊ သညာလေးလဲပါတယ်၊ မှတ်သိမှုဖြစ်အောင် အားထုတ်ပေး နေတဲ့သဘောက သခ်ါရ၊ သခ်ါရက္ခန္ဓာ၊ နာမ်ခန္ဓာလေးပါး၊ အဲဒီ နာမ်ခန္ဓာလေးပါး၏ မှီရာဖြစ်တဲ့ရုပ်က ရုပ်ခန္ဓာပဲ၊ မှီရာဖြစ်တဲ့ ရုပ်က အကြမ်းအားဖြင့်တော့ ကိုယ်ကြီးလို့ဆိုရမှာပေါ့၊ အဋ္ဌကထာဆရာတွေ ပြောတဲ့အတိုင်းဆိုယင် နှလုံးရုပ်တဲ့၊ နှလုံးသား ထဲမှာရှိတဲ့ ဟဒယဝတ္ထုခေါ်တဲ့ နှလုံးရုပ်၊ အဲဒီမှာ အမှီပြုပြီးတော့ ဖြစ်တယ်တဲ့၊ လိုရင်းကတော့ ဒီကိုယ်ကြီးကိုမှီဖြစ်တယ်ဆိုပြီး

သိယင်တော်ပါပြီ၊ ဒါပါပဲ၊ မှီရာရုပ်၊ မှီရာရုပ်ကရုပ်ခန္ဓာ၊ မှတ်သိနေတဲ့သဘောက နာမ်ခန္ဓာ၊ ပေါင်းလိုက်လို့ရှိယင် ခန္ဓာငါးပါးပဲ၊ ဒါကြောင့် မှတ်သိနေတာလဲ ခန္ဓာငါးပါးပဲ။

လောကံ–ခန္ဓာငါးပါးတည်းဟူသော လောကဆိုတာ ဘာတွေလဲ၊ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့တာ၊ သိတာ၊ မှတ်သိတာ၊ ရှုတာ၊ အကုန်လုံး ခန္ဓာငါးပါးချည်းထဲပဲ၊ အဲဒီ ခန္ဓာငါးပါးတရားကို နိစ္စ၊ သုခ၊ အတ္တ၊ မြဲတဲ့သဘောလဲမရှိဘူး၊ ချမ်းသာတဲ့ သဘောလဲမရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါသဘောလဲမရှိဘူး၊ ဆိတ်နေတယ်ဆိုတာကို မြင်အောင် ရှုရမယ်တဲ့၊ ဒါက မြဲတဲ့သဘောမရှိဘူး၊ ချမ်းသာမရှိဘူး၊ အတ္တမရှိဘူး၊ ဒီလိုဆိုနေရမှာမဟုတ်ဘူး၊ ဒီလို ငြင်းနေယင် ငြင်းတာပဲ၊ ဘာမှ ထင်မှာမဟုတ်ဘူး။

ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို ရှုမယ်ဆိုယင်တော့ တရိပ်ရိပ်နဲ့ဘင်္ဂဉာဏ် ရောက်တဲ့အချိန်ကစပြီးတော့ ဒီအတိုင်း ထင်တယ်၊ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ၊ မှတ်ရတဲ့အာရုံလဲ ရိပ်ခနဲပျောက် မှတ်သိတဲ့စိတ်ကလေးကလဲ သိပြီးပျောက် သိပြီးပျောက်၊ ဒီထဲမှာ မြဲတဲ့သဘော ချမ်းသာတဲ့သဘော ရှာလို့မရဘူး၊ အစိုးရတဲ့သဘော ရှာလို့မရဘူး၊ ရှာလဲမရှာပါဘူး၊ အတ္တအသက်ရှင်နေတဲ့ အကောင်ကလေးဆိုတာလဲ ဒီထဲမှာ ရှာလို့မရပါဘူး၊ ရှာလဲမရှာပါဘူး၊ ယောဂီကမှတ်ရုံမှတ်သွားတာ တရိပ်ရိပ်နဲ့ သူကရှင်းနေတယ်။

အဲဒီတော့ နိစ္စ၊ သုခ၊ အတ္တမှ ဆိတ်တဲ့သဘောကို ရှုရမယ်ဆိုတာ အလိုလိုပြီးနေပါတယ်၊ မှတ်နေရုံနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ သဘောတွေဟာတွေ့တယ်၊ တွေ့တိုင်း တွေ့တိုင်း အဲဒီ တွေ့တဲ့အာရုံနဲ့ စပ်ပြီးတော့ ဘာမှ စွဲလမ်းမှုမရှိဘူး၊ တဏှာနဲ့သာယာပြီး စွဲလမ်းမှုတွေမလာဘူး၊ မစွဲလမ်းဘူး၊ ဒိဋ္ဌိနဲ့ ထင်မှတ်ပြီး စွဲလမ်းအုံးမလား၊ မစွဲလမ်းဘူး၊ မစွဲလမ်းတော့ ကောင်းစား ချမ်းသာအောင်လို့ ကုသိုလ်အမှု အကုသိုလ်အမှုတွေ သူပြုအုံးမလားဆိုတော့ မပြုတော့ဘူးတဲ့၊ မြင်မှု၊ ကြားမှုကို အကြောင်းပြုပြီးတော့ ဝိပဿနာရှုစဉ်က ပေါ်လာတဲ့အာရုံတို့၊ အသိတို့ အကြောင်းပြုပြီးတော့ ဘာမှသူမလုပ်ပါဘူးတဲ့၊ ကံမဖြစ်ဘူး၊ ကံမဖြစ်တော့ကို ဘဝအသစ် အကျိုးမပေးဘူး၊ ပေးတော့ ဇာတိတို့၊ ဇရာတို့၊ မရဏတို့၊ ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းဆိုတာမရှိဘူးတဲ့၊ အဲဒါဟာ သေမင်းကနေပြီး လွတ်မြောက်နေတာတဲ့၊ ရှုတိုင်း သေမင်းလက်က လွတ်မြောက်တယ်။

နောက်ပြီး အစဉ်အတိုင်းသွားလို့ အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရောက်သွားလို့ နောက်ဆုံး အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ အဲဒီမှာ ကိလေသာတွေ အကုန်ကုန်တယ်၊ အဲဒီ ဘဝရုပ်နာမ်ခန္ဓာဆုံးတဲ့အခါ ပရိနိဗ္ဗာန်စုတိဆိုပြီးတော့ ဘဝသစ်လုံးလုံးမဖြစ်ရတော့ဘူး၊ အဲဒီမှာတော့ အိုခြင်း, နာခြင်း, သေခြင်းဆိုတာ လုံးလုံးမရှိတော့ဘူး၊ အဲဒီကျတော့ လုံးဝကင်းတယ်၊ အဲဒီမရောက်ခင်တော့ ရှုမှတ်မိတဲ့အာရုံတွေနဲ့ စပ်ပြီးတော့ အိုခြင်း, နာခြင်း, သေခြင်းတွေကင်းတယ်၊ အဲဒါ အကြောင်းပြုပြီးတော့–

သုညတော (လ) မစ္စုရာဇာ နပဿတိ။

မောဃရာဇ၊ မောဃရာဇရသေ့။ လောကံ၊ လောကကို။ လောကံ၊ မြင်မှု ကြားမှု အစရှိသော ခန္ဓာငါးပါးတည်းဟူသော လောကကို။ သုညတော၊ မြဲတဲ့သဘောမှ ဆိတ်သည်ဟု ချမ်းသာတဲ့သဘောမှ ဆိတ်သည်ဟု အတ္တသဘောမှ ဆိတ်သည်ဟု။ အဝေက္ခဿု၊ ရှုလိုက်ပါလော့။ ဧဝံ၊ ဤသို့မြဲတဲ့သဘော ချမ်းသာတဲ့သဘော အတ္တကောင်သဘောမှ ဆိတ်သည်ဟု။ လောကံ၊ လောကကို။ ဝါ–လောကံ၊ မြင်မှုကြားမှု အစရှိသော ခန္ဓာငါးပါးတည်းဟူသော လောကကို။ အဝေက္ခန္တံ၊ ရှုဍ်နေသော ပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းကြီးသည်။ နပဿတိ၊ မမြင်တော့ပြီ။

သေမင်းမမြင်နိုင်ဘူး၊ သေခြင်းတရား ကင်းရာ လွတ်ရာကို ရောက်အောင် ဒီလိုအားထုတ်ရမယ်တဲ့၊ ခန္ဓာငါးပါးတည်းဟူသော သူသတ်သမားကြီး မမြင်အောင်လို့ကို အားထုတ်ရတာကိုး၊ အဲဒါပါပဲ၊ အဲဒီက ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်သွားလို့ နောက်ဆုံး အရိယမဂ်ဉာဏ်တွေ အစဉ်အတိုင်းတက်လို့ အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ လုံးလုံးသေမင်းကြီးက မမြင်တော့ဘူးတဲ့၊ သေမင်းကြီး မသတ်နိုင်တော့ဘူးတဲ့၊ ဒါပါပဲ၊ ဒီအသွားအတိုင်း အားထုတ်ရအောင်လို့၊ ခန္ဓာငါးပါးဟာ သူသတ်ယောကျ်ားကြီး ငါးဦးနဲ့ တူတယ်တဲ့၊ ဒီအာသီဝိသောပမသုတ်မှာ ဟောထားတာ၊ ဖြစ်အောင် အားထုတ်ဖို့ရာပဲ၊ ဒါကမ္မဋ္ဌာန်းတခုပဲ။

ဒီခန္ဓာငါးပါးနဲ့စပ်ပြီးတော့လဲ နိဗ္ဗာန်ရောက်အောင် အားထုတ်တဲ့နည်းတခုပဲ၊ အခု ဘုန်းကြီးပြောတာလဲ အဲဒီရောက်သွားပြီ စုံနေပြီ၊ အဲဒီတော့ မြတ်စွာဘုရားလက်ထက်က သာဓကကလေးတခုတော့ ထည့်ရအုံးမယ်။

ဝဇိရာသုတ်

မြတ်စွာဘုရားလက်ထက်တော်က ဝဇိရာဆိုတဲ့ ရဟန်းမိန်းမ၊ ဘိက္ခုနီမ ဝဇိရာဆိုတာက စိန်ဟောတာပဲ၊ နားကပ်တို့ ဘာတို့ ဝတ်တဲ့ စိန်မျိုးပဲ၊ ဒီတော့ ဗမာနာမည်နဲ့ ခေါ်မယ်ဆိုယင်ဖြင့် မစိန်လို့ ခေါ်ရမှာပေါ့လေ၊ ဒေါ်စိန်လို့ ခေါ်ချင်လဲ ခေါ်နိုင်တာပဲ၊ ပါဠိလိုကတော့ ဝဇိရာလို့ ဆိုတယ်၊ ရဟန်းမိန်းမတဲ့။

အဲဒါ သူက ရဟန္တာမပါပဲ၊ အန္ဓတောမှာ ဝိဝေကဆိတ်ငြိမ်ရာ ရအောင်လို့ နေ့သန့်စင်တယ်တဲ့၊ ရဟန္တာတွေလဲ အဲဒီ အန္ဓတောမှာနေတယ်၊ ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်အောင်လို့၊ ဇေတဝန်ကျောင်းတော်ကတော့ သံဃာတွေကများတာကိုး၊ သံဃာတွေ များးတော့ ရုတ်ရုတ်ရုတ်ရုတ်ဖြစ်နေမှာပေါ့၊ တရားနှလုံးသွင်းလို့ သိပ်မဖြစ်ဘူး၊ ဒီတော့ အန္ဓတောဆိုတာ ဇေတဝန်ကျောင်း တော်ရဲ့ မြောက်ဘက်ကတဲ့၊ သာဝတ္ထိမြို့ရဲ့ အနောက်ဘက်မှာ ရှိတယ်တဲ့၊ လူတိုင်း လူတိုင်း မသွားဝံ့ဘူးတဲ့၊ ဒီတော့ကိုတော့ ဟိုတုန်းက လူသိပ်များပုံမရဘူး၊ မြို့ကြီးနားမှာပဲ၊ ဒီတောကြီး ရှိနေတယ်ဆိုတော့ လူတွေ သိပ်မများလို့၊ လူတွေ များလို့ရှိယင် ဒီတောကြီးခုတ်ပြီး လယ်လုပ်တာနဲ့ကုန်မှာ၊ ဘာရှိတုံးဆိုတော့ အဲဒီတော့ အခုတော့ ပဲစဉ်းငုံတောတွေပဲ၊ လူတွေများလာတော့ တောတွေလဲ မခံနိုင်ဘူး၊ စာပေကျမ်းဂန်က ခုနစ်ကုဋေဆိုတာ များတယ်၊ တကုဋေဆိုတာ နည်းတာမဟုတ်ဘူး၊ တကုဋေဆိုတဲ့ ဥစ္စာ မြို့တမြို့မှာ တကုဋေရှိဖို့ အတော်ခဲယဉ်းတယ်၊ အင်မတန်ကြီးမှ ဖြစ်မယ်၊ အဲဒါ ခုနစ်ကုဋေတောင်ဆိုတော့ ဒီကုဋေက ဘာကုဋေနေမယ် မသိဘူး၊ အခုကုဋေတော့ ဟုတ်မယ် မထင်ပါဘူး။

အဲဒီတောကြီးမှာ လူတွေဘာတွေ အသွားအလာမရှိဘူး၊ တိတ်ဆိတ်နေတယ်ဆိုတာကိုး၊ အဲဒီမှာ ရဟန္တာရှင်သာရိ ပုတ္တရာတို့ အစရှိတဲ့မထေရ်တွေလဲ အဲဒီတောကိုသွားတော့ နေ့လယ်နေ့ခင်း သမာပတ်တွေဝင်စားပြီး ချမ်းသာစွာနေကြပါ တယ်၊ ဘိက္ခုနီမတွေကလဲ သူတို့လဲ သွားပြီးတော့နေကြတယ်၊ အမျိုးသမီးတွေ ရဟန္တာလဲ ရဟန္တာမတွေကို၊ ကြောက်စရာ တော့ မရှိပါဘူး၊ တန်ခိုးဣဒ္ဓိပါဒ်တွေလဲ သူတို့က ရှိနေတာ၊ အဲဒီမှာ သွားနေကြတယ်။

မာရ်နတ်နှင့် ဝဇိရာရဟန်းမ

မာရ်နတ်က နည်းနည်း ထိုင်းထိုင်းမှိုင်းမှိုင်းထင်ရတဲ့ ပုဂ္ဂိုလ်ဆီလာပြီးတော့ သူက ဇဝေဝါဖြစ်အောင်လုပ်တတ်တယ်၊ အခုကာလမှာ နောက်တောက်တောက်လူတွေနဲ့ တူပါတယ်၊ အခုကာလ နောက်တောက်တောက် လူတွေကလဲ ဒီလိုပဲ၊ တယ် မဟုတ်သေးဘူးထင်တဲ့ သူတွေကို သူတို့ သွားပြီး ဇဝေဝါဖြစ်အောင် တောင်ပြောမြောက်ပြောတွေ ပြောတတ်တယ်၊ အဲဒါ မာရ်နတ်က လာပြီးတော့ တောထဲ ဟိုမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တရားနှလုံးသွင်းပြီးတော့နေတဲ့ ရဟန္တာမဆိုတော့ တိုးတတ် အောင် နှလုံးသွင်းတာတော့ မဟုတ်ပါဘူး၊ ဒိဋ္ဌဓမ္မသုခဝိဟာရ မျက်မှောက်မှာ ချမ်းသာတယ်တဲ့၊ တရားနှလုံးသွင်းပြီးတော့ နေတာ သတိသမ္ပဇည–သတိသမ္ပဇဉ်ဖြစ်အောင် နှလုံးသွင်းပြီးတော့ နေတယ်၊ အဲဒီမှာ မာရ်နတ်က ဘာသွားပြောသလဲ ဆိုတော့–

သဂါထာဝဂ္ဂသံယုတ်၊ ဝဇိရာသုတ်၊ စာမျက်နှာ ၁၃၆–မှာ––

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တသသ ကာရကော။

ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။

ဘိက္ခုနီမကို သူက မေးခွန်းလာထုတ်တယ်၊ လူတယောက်အနေနဲ့ပေါ့လေ၊ လူအနေနဲ့ သူက လာပြီးတော့ မေးခွန်း ထုတ်တယ်။

အယျေ၊ အရှင်မဝဇိရာ။ အယံ သတ္တော၊ ဤသတ္တဝါကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်က။ ပကတော၊ ပြုအပ် ဖန်ဆင်းအပ် ပါသနည်း။

ဒီသတ္တဝါဖြစ်လာအောင် ဘယ်သူက ဖန်ဆင်းတုံးတဲ့

ဘယ်သူက ဖန်ဆင်းလို့ ဒီသတ္တဝါ ဖြစ်လာသလဲတဲ့၊ ဖန်ဆင်းတဲ့ ဝါဒအရဆိုယင်ဖြင့် ဘုရားသခင် ဖန်ဆင်းလို့ ဖြေလိုက်ရမှာပေါ့လေ၊ ဒီလို ဖြေမှာပဲ၊ ဒီလို ဝါဒရှိတဲ့ပုဂ္ဂိုလ်တွေက များတယ်၊ ဟိတုန်းကတော့ ဗြဟ္မာကြီးဖန်ဆင်းတယ်လို့ ယူဆကြပါတယ်၊ ဗြဟ္မာကြီးလဲ ဘုရားသခင်ပါပဲ၊ ဗြဟ္မာကြီး ဖန်ဆင်းတယ်လို့ ယူဆကြတယ်။

အယ္ယ၊ အရှင်မဝဇိရာ။ အယံ သတ္တော၊ ဤသတ္တဝါကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်က။ ပကတော၊ ဖန်ဆင်းအပ်ပါသနည်း။ သတ္တသ၊ သတ္တဝါကို။ ကာရကော၊ ပြုသောပုဂ္ဂိုလ် ဖန်ဆင်းသောပုဂ္ဂိုလ်သည်။ ကုဝံ၊ အဘယ်မှာရှိနေပါသနည်း။

ဒီသတ္တဝါကို ဖန်ဆင်းလိုက်တာ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုယင် အဲဒီ ဘုရားသခင်ဟာ ဘယ်နားမှာရှိနေသလဲ၊ ဘယ်မှာရှိတုံး။

သတ္တော၊ သတ္တဝါသည်။ ကုဝံ၊ အဘယ်အရပ်၌။ သမုပ္ပန္နော၊ စ၍ဖြစ်ပေါ်ခဲ့ပါသနည်း။

သတ္တဝါဟာ ဘယ်က စဖြစ်လာတုံး အရှင်မ–တဲ့။

သတ္တော၊ သတ္တဝါသည်။ ကုဝံ၊ အဘယ်အရပ်၌။ ဝါ၊ အဘယ်ဌာန၌။ နိရုဒ္ဓတိ၊ လုံးဝချုပ်ငြိမ်း ပျောက်ပျက်သွားပါသနည်း။

မေးခွန်းမေးတယ်၊ တရားနှလုံးသွင်းတာ ပျက်အောင်လို့ အနှောင့်အယှက်လုပ်တာ၊ သူက ရဟန္တာမမှန်းလဲ သိမယ် မထင်ပါဘူး၊ တရားအားထုတ်ယင် တရားတွေ တိုးတက်သွားမှာ သူက စိုးရိမ်တယ်၊ သူက လောကကြီးပွားရေးဘက်ကကိုး၊ လူထဲမှာ သတ္တဝါနည်းသွားမှာ စိုးရိမ်ဟန် တူပါတယ်၊ ပရိနိဗ္ဗာန်စံကုန်ယင် နည်းကုန်မှာကိုး၊ အဲဒါ မနည်းရအောင် အလုပ်ပျက်အောင်လို့ လာပြီးတော့ နှောင့်ယှက်တယ်။

အဲဒီသတ္တဝါကို ဘယ်သူကဖန်ဆင်းသလဲ၊ အဲဒီတန်ခိုးရှင်ကြီးဟာ ဘယ်မှာရှိတာတုံး၊ ဒါလဲဖြေဖို့ရာ တော်တော်ခဲယဉ်းတယ်၊ အခုဖန်ဆင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ဖန်ဆင်းတယ်လို့သာပြောတာ၊ သူတို့ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အနားနေသလဲ၊ ကောင်းကင်ဘုံမှာနေတယ်၊ ကောင်းကင်ဘုံက ဘယ်အနားမှာလဲဆိုယင် ခက်ထာပဲ၊ ဒီကနေ ဘယ်နှစ်မိုင် လောက်ဝေးသတုံးဆိုလို့ ရှိယင် ဖြေဖို့ခဲယဉ်းပါတယ်၊ ဒီဥစ္စာကတော့ မမြင်ရတာနဲ့ ကောင်းကင်ဘုံ ချထားတယ်၊ တချို့ကလဲ ကောင်းကင်မှာမတွေ့ဘူး၊ အဲဒီသတ္တဝါဟာ ဘယ်ကစဖြစ်လာပါသလဲလို့၊ ဘယ်အရပ်၊ ဘယ်ဒေသက ဘယ်ဌာနက ဘယ်ကာလက စပြီးတော့ဖြစ်လာပါသလဲ၊ ဒီသတ္တဝါဟာ ဘယ်လောက်ကြာလို့ရှိယင် ဘယ်ဌာနက ဘယ်ကာလမှာ သူချုပ်ပျောက်ပြီးသွားမှာတုံးလို မေးခွန်းလာပြီးတော့မေးတော့၊ ဝဇိရာဘိက္ခုနီမက ရဟန္တာမ,ဆိုတော့ အဘိဉာဏ်တွေကလဲရ အားလုံးပြည့်စုံထားတော့၊ ဆင်ခြင်ကြည့်လိုက်တော့ မာရ်နတ်မှန်းသိတယ်။

သဂါထာဝဂ္ဂသံယုတ်၊ ဝဇိရာသုတ်၊ စာမျက်နှာ ၁၃၇–မှာ––

> ကိံ နုသတ္တောတိ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံ၊ နု တေ။
> သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

မာရ၊ အသင်မာနတ်။ တွံ၊ သင်သည်။ ကိံ နု၊ အဘယ်အရာကို၊ သတ္တောတိ၊ သတ္တဝါဟူ၍။ မညသိ၊ အောက်မေ့မှတ်ထင်ပါသနည်း။

မာရ်နတ်တဲ့၊ ဒီကိုယ်ထဲမှာ ဘယ်အရာများ သင်က သတ္တဝါလို့ ထင်တုံးတဲ့၊ သတ္တဝါလေး အတ္တကလေး အကောင်ကလေးဆိုတာ သင်ကဘယ်ဟာများ မှတ်ထင်နေပါသလဲ။

မာရ၊ မာရ်နတ်။ ဧတံ၊ ဤသတ္တဝါရှိသည်ဟုထင်ခြင်း ယူဆခြင်းသည်။ တေ၊ သင်၏။ ဒိဋ္ဌိဂတံနု၊ မှားသောအယူပါပေတည်း။

သင်က ဒီကိုယ်ထဲမှာ သတ္တဝါလေး အတ္တကောင်လေးရှိတယ်လို့ ထင်နေတာဟာ မိစ္ဆာဒိဋ္ဌိ–မှားသောအယူမျှပဲတဲ့၊ အထင်မှားယုံမှားမှုပဲတဲ့၊ သင်ယူတာ။

အယံ၊ ဤတလံမျှလောက်သော ခန္ဓာကိုယ်၌ရှိသော တရားအပေါင်းသည်။ သုဒ္ဓသခ်ါရပုဏ္ဏော၊ သက်သက်သော သခ်ါရအစုအဝေးမျှသာလျှင်တည်း။ ၀ါ–အယံ၊ ဤပုဂ္ဂိုလ်သတ္တ၀ါ စသည်ဖြင့်ခေါ်အပ်သော တလံမျှလောက်သော ခန္ဓာကိုယ် အတွင်း၌ ပါ၀င်သောတရားအပေါင်းသည်။ သုဒ္ဓသခ်ါရာပုဏ္ဏော၊ သက်သက်သော သခ်ါရတရား အစုအဝေးမျှသာလျှင်တည်း။

ဒီတကိုယ်လုံးဟာ လူရယ်၊ နတ်ရယ်၊ ယောကျ်ားရယ်၊ မိန်းမရယ်လို့ ခေါ်ကြပါတယ်တဲ့၊ လောကဝေါဟာရအားဖြင့် အဲဒီလိုခေါ်ရတဲ့ဥစ္စာဟာ အနှစ်ချကြည့်ယင် ဒီအထဲမှာဘာရှိတုံး၊ သခ်ါရတရားအစုပါပဲတဲ့၊ မြင်တာဟာ သခ်ါရတရား၊ ကြားတာဟာ သခ်ါရတရား၊ နံတာ သခ်ါရတရား၊ စားသိတာသခ်ါရတရား၊ တွေ့ထိတာက သခ်ါရတရား၊ တွေ့ထိတာတွေက အများကြီးပေါ့၊ ကွေးတာတွေ၊ ဆန့်တာတွေ၊ ထိုင်တာ၊ ထတာ၊ လှုပ်ရှားတာ၊ ကွေးတာတွေ၊ အကုန်လုံးပါတယ်၊ သခ်ါရတရား ချည်းထဲပဲ၊ သခ်ါရတရားအစုမျှချည်းထဲပဲ။

ဣဒ၊ ဤသခ်ါရတရား အပေါင်း၌။ သတ္တော၊ သတ္တ၀ါကို။ နပုဏ္ဏော ပဿတိ၊ မရအပ်ပေ။

ဒီအထဲမှာ သတ္တ၀ါလို့ ခေါ်စရာတရားမရှိဘူးတဲ့၊ သတ္တ၀ါလို့ ဘယ်မှာမှမရှိပါဘူးတဲ့၊ သခ်ါရတရားမျှပဲရှိတယ်တဲ့၊ ဖြေကြားပါတယ်၊ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလဲ ကောင်းကောင်း ပိုင်ပိုင်နိုင်နိုင် သိနေတဲ့အချိန်မှာဆိုယင် ဒီအတိုင်း ထင်နေတာပဲ၊ ပုဂ္ဂိုလ်သတ္တ၀ါဆိုတာ ဒီအထဲမှာမရှိဘူး၊ တရိပ်ရိပ်နဲ့ပျောက်နေတဲ့ သဘောတရားပဲ၊ ရှုပ်နာမ်မျှပဲရှိတယ်။

ရထားပမာသတ္တ၀ါ

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧ၀ံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

(သဂါထာ၀ဂ္ဂသံယုတ်၊ ၀ဇိရာသုတ်– ၁၃၇။)

ယထာပိ၊ ဥပမာအားဖြင့်ပြောရလျှင်၊ အင်္ဂသမ္ဘာရာ၊ ဘီး–၀န်ရိုးအစရှိသော ရထား၏အင်္ဂါအစိတ်အပိုင်း အင်္ဂါအပေါင်း ကြောင့်။ ရထောတိသဒ္ဒေါ၊ ရထားဟူသောအမည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။

ဥပမာနဲ့ပြောတယ်၊ ရထားဆိုတာ လောကမှာ ခေါ်ဝေါ်ကြတယ်တဲ့၊ ရထားဆိုတာ ဘီးရှိရမယ်၊ ၀န်ရိုးရှိရမယ်၊ ရထား လက်တန်ရှိရတယ်၊ ရထားအိမ်ရှိရတယ်၊ အခင်းရှိရတယ်၊ အမိုးရှိရတယ် စသည်ဖြင့်ပေါ့လေ၊ သူ့အစိတ်အပိုင်းကလေးတွေ အဲဒါတွေဟာ အခုမြင်နေကြတဲ့ မြင်းရထားတွေလှည်းဆိုယင်လဲပဲ လှည်းကပိုပြီးတော့ ထင်ရှားတယ်၊ လှည်းအစိတ်အပိုင်း ကလဲမများလှဘူး၊ ဘီးရယ်၊ ၀န်ရိုးရယ်၊ လှည်းသန်ရယ်၊ လှည်းသန်ပေါ်က အခင်းတို့၊ မန်တိုင်တို့လဲရှိတယ်၊ ထမ်းပိုးရှိတယ်၊ အဲဒီအစိတ်အပိုင်းတွေအကုန်လုံး သူ့နေရာနဲ့သူ စုထားတဲ့အခါမှာ လည်းလို့ခေါ်ရတယ်၊ ဒီတိုင်းတခုစီတခုစီချထားယင်တော့ ဘီးဟာရထားလား၊ ဘီးဟာဘီးပဲ၊ ရထားမဟုတ်ဘူး၊ ၀န်ရိုးဟာ ရထားလား၊ ၀န်ရိုးဟာ ၀န်ရိုးပဲ၊ ရထားမဟုတ်ဘူး၊ လက်တန် ကကော လက်တန်က လက်တန်ပဲ၊ အခင်းကလဲ အခင်းပဲ၊ ဘယ်ဟာမှ တခုချင်းလိုက်မေးယင် မဟုတ်ဘူး၊ ၂–ခုမေးလို့လဲ ရထားမဟုတ်ဘူး၊ ၃–ခု ၄–ခုမေးလို့လဲ ရထားမဟုတ်ဘူး၊ အဲဒီရထားခေါ်တဲ့ဟာတွေ အကုန်လုံးစုပုံထားယင်လဲ ရထားမခေါ်ရ ဘူး၊ သူက သူ့နေရာကလေးနဲ့သူတပ်ဆင်ထားမှ၊ ဘီး ၂–ခု ၀န်ရိုးနဲ့တပ်၊ ၀န်ရိုးပေါ်မှာ လက်တန်နဲ့ လက်တန်အပေါ်မှာ အခင်းက ခင်းလို့ ကာတန်တာကာလို့၊ သူ့ရထား အချိုးအစားလေးနဲ့ တပ်ဆင်လိုက်တဲ့အခါကျတော့ ရထားခေါ်ရတယ်၊ ရထားဆိုတဲ့အမည်ကလေး ပေါ်လာတယ်၊ အဲဒီလို ပါပဲတဲ့၊ ဥပမာ။

ဧ၀ံ၊ ဤအတူ။ ခန္ဓေသု၊ ငါးပါးသောခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ–သမ္မုတိ၊ သတ္တ၀ါဟူ သော အမည်ပညတ်သည်။ ဟောတိ၊ ဖြစ်ပေါ်၍လာခဲ့၏။

ခန္ဓာငါးပါးပေါင်းစပ်မိတဲ့အခါ သတ္တ၀ါလို့ခေါ်ရတာပဲတဲ့၊ ခန္ဓာတပါးတည်း၊ ရုပ်တခုတည်းလဲ သတ္တ၀ါမဟုတ်ဘူး၊ ဝေဒနာခံစားမှုတခုတည်းလဲ သတ္တ၀ါမဟုတ်၊ သညာမှတ်သားမှုလေး တခုတည်းလဲမဟုတ်ဘူး၊ သခ်ါရအားထုတ်မှုလေး ကြောင့်ကြစိုက်မှုလေးတခုတည်းလဲ သတ္တ၀ါမဟုတ်ဘူး၊ ဝိညာဉ်အာရုံကို °သိမှုလေးတခုတည်းလဲ သတ္တ၀ါမဟုတ်ဘူးတဲ့၊ ဒီငါးခု သူ့အကြောင်းအားလျော်စွာ သူအကျိုးတရား၊ ဒီငါးခု ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့အခါမှာ သတ္တ၀ါလို့ခေါ်ရတယ်၊ ရုပ်ကလဲရှိတယ်၊ စိတ်ကလဲရှိတယ်၊ ၂–ခုပေါင်းလိုက်တော့ သတ္တ၀ါလို့ ထင်စရာပေါ့လေ။

ရုပ်ချည်းထဲဆိုလို့ရှိယင်လဲ သတ္တ၀ါလို့ ခေါ်လို့မဖြစ်သေးဘူး၊ နာမ်ချည်းထဲဆိုယင်လဲ မြင်ရမှာမဟုတ်ဘူး၊ သတ္တ၀ါ လို့ခေါ်ဖို့ ပဋ္ဌေါကာရဘုံမှာဆိုယင် မဖြစ်ဘူး၊ အရူပဘုံတွေမှာတော့ နာမ်ချည်းထဲလဲ ရှိတော့ရှိတာပေါ့၊ သူ့နေရာနဲ့သူရှိတယ်၊ နာမ်ခန္ဓာထဲမှာလဲ တပါးချင်းတပါးချင်းဆိုယင် သတ္တ၀ါမဟုတ်ဘူး၊ အစိတ်အစိတ်ကလေးဆိုယင် သတ္တ၀ါမဟုတ်ဘူး။

အခုရုပ်တွင်ပဲ သရုပ်ခွဲကြည့်ပါဦး၊ တချို့ဆံပင်ကလေး တခုထဲမေးယင်လဲ သတ္တဝါမဟုတ်ဘူး၊ အမွေးတွေတပင်စီ တပင်စီဆိုယင် သတ္တဝါမဟုတ်ဘူး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြောစသည်ဖြင့် ၃၂–ကောဋ္ဌာသ အစိတ်အပိုင်းတွေ တပိုင်းစီ တပိုင်းစီ ထုတ်မေးယင် ဘယ်ဟာ သတ္တဝါမဟုတ်ဘူး၊ မျက်စိရုပ်ကလေးတခုတည်း၊ သတ္တဝါမဟုတ်ဘူး၊ နားရုပ်ကလေးတခုတည်းလဲ သတ္တဝါမဟုတ်ဘူး၊ မြင်တာလေး တခုတည်းလဲ သတ္တဝါမဟုတ်ဘူး၊ ကြားတာလေးတခုတည်းလဲ သတ္တဝါမဟုတ်ဘူး၊ အကုန်လုံး စုပေါင်းလိုက်မှ သတ္တဝါရယ်လို့ ဖြစ်တယ်။

အဲဒီတော့ ခန္ဓာငါးပါးရှိလို့ ခန္ဓာငါးပါးအစွဲပြုပြီး သတ္တဝါရယ်လို့ ခေါ်ရတာပဲတဲ့၊ တရားကိုယ်အစစ်ကတော့ ခန္ဓာငါးပါးပါပဲ၊ ခုနက လှည်းဆိုတာဟာ ဝေါဟာရမျှ၊ အမှန်ရှိတာကတော့ လှည်းရဲ့အစိတ်အပိုင်းတွေပဲ၊ ရထားလို့ခေါ်ရတာလဲ ဝေါဟာရမျှပဲ၊ ရှိတာကတော့ ရထားရဲ့အစိတ်အပိုင်းတွေပဲ၊ အဲဒါ ဖြေကြားပါတယ်၊ အင်မတန်ကောင်းပါတယ်၊ ဒါက အင်မတန်အားကိုးရတဲ့ အကိုးအကားလေးတွေ၊ အဋ္ဌကထာဆရာကြီးတွေလဲပဲ နာမ်နဲ့ ရုပ်နဲ့ကွဲပုံလေး ပြောမယ်ဆိုတော့ ဒီဝဒီရာထေရီမ ဖြေကြားထားတဲ့ စကားလေးကို အကိုးအကားပြုရတယ်၊ ဒါ အင်မတန် ထင်ရှားတဲ့ဥစ္စာ၊ နားလည်လွယ်တယ်။

ဒုက္ခဖြစ်တည်ပျက်

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(သဂါထာဝဂ္ဂသံယုတ်၊ ဝဒီရာသုတ် ၁၃၇။)

မာရ၊ အသင်မာရ်နတ်။ ဒုက္ခမေဝ၊ ဆင်းရဲအစုမျှ သည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်၏။ ဒုက္ခဇေဝ၊ ဆင်းရဲအစုသည်သာလျှင်။ တိဋ္ဌတိ၊ တည်၏။ ဒုက္ခဇေဝ၊ ဆင်းရဲအစုမျှ သည်သာလျှင်။ ဝေတိစ၊ ပျက်စီး၏။

ဖြစ်ပေါ်လာတယ်ဆိုတာလဲ ဒုက္ခပဲ၊ တည်တံ့နေတယ်ဆိုတာလဲ ဒုက္ခပဲ၊ ပျက်သွားတယ်ဆိုတာလဲ ဒုက္ခပဲ၊ အခုလောက ဝေါဟာရနဲ့ ပြောမယ်ဆိုယင်တော့ လူတယောက်မွေးလာတယ်၊ ဖြစ်လာတယ်ဆိုယင် လူလို့ပြောရတာ မွေးလာတယ်ဖြစ်လာတယ်၊ အမှန်အားဖြင့် ဒုက္ခဖြစ်လာတာပါပဲတဲ့၊ ဒီဥစ္စာလူတယောက်ဟာ အသက်ရှင်နေတယ်လို့ ပြောရတယ်၊ တည်နေတယ်၊ ဒုက္ခတွေတည်နေတာပါပဲ၊ လူရယ်လို့ မရှိပါဘူးတဲ့၊ ခုနကခန္ဓာငါးပါးတရားတွေ၊ ခန္ဓာငါးပါးတရားဟာ ဒုက္ခတွေပဲဟာကိုး၊ ခန္ဓာငါးပါးတရားတွေဟာ ဖြစ်လိုက်၊ ပျက်လိုက်၊ ဒုက္ခတရားတွေပဲ၊ ပထမပဋ္ဌိသန္ဓေ ကတည်းက ခန္ဓာငါးပါးက စဖြစ်လာတော့ ဒုက္ခတွေဖြစ်လာတာတဲ့၊ ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူးတဲ့၊ နောက်တည်နေတယ်တဲ့၊ မပျက်သေးဘူး၊ လူဖြစ်ပြီးတော့ ၁၀–နှစ် ၁၅–နှစ်၊ အနှစ် ၂၀–စသည်ဖြင့် တည်နေတယ်၊ ဒါလဲဒုက္ခတွေ အဆက်ဆက်ဖြစ်နေတာတဲ့၊ ဖြစ်ပြီးတော့တည်နေတာပဲတဲ့၊ ဒုက္ခတွေပါပဲတဲ့၊ သခ်ါရတရားတွေ ခန္ဓာငါးပါးတရားတွေ ဝိပဿနာရှုတဲ့အခါ တရိပ်ရိပ်နဲ့ဖြစ်နေတာ မြင်လိုက်၊ ကြားလိုက်၊ ဒါတွေဟာ ဒုက္ခတွေပဲ၊ ဖြစ်ပျက်နေတဲ့တရားတွေ၊ ဒုက္ခတွေ၊ နောက်လူတယောက် သေသွားတယ်လို့ ခေါ်ရတယ်ဆိုယင် လူသေတာမဟုတ်ပါဘူး၊ ဒုက္ခတွေပျက်သွားတာပဲ၊ ဒုက္ခတွေချုပ်သွားတာပါပဲ၊ သခ်ါရဒုက္ခတွေ ပျက်သွားတာပါပဲ၊ ဒါပဲရှိတယ်လို့ ဆိုလိုတယ်။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(သဂါထာဝဂ္ဂသံယုတ်၊ ဝဒီရာသုတ် ၁၃၇။)

မာရ၊ အသင်မာရ်နတ်။ ဒုက္ခမေဝ၊ သခ်ါရဒုက္ခဆင်းရဲအစုမျှ သည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။ ဒုက္ခမေဝ၊ သခ်ါရဒုက္ခ ဆင်းရဲအစုမျှ သည်သာလျှင်။ တိဋ္ဌတိ၊ တည်လျက်ရှိ၏။ ဒုက္ခမေဝ၊ သခ်ါရဒုက္ခဆင်းရဲ(အ)အစုမျှသည်သာလျှင်။ ဝေတိစ၊ ပျက်စီး၍သွားလေတော့၏။ အညတြဒုက္ခာ၊ ဒုက္ခကို ကြဉ်ဖယ်ထား၍။ အညံ၊ တပါးသောတရားသည်။ ဝါ–အညော၊ တပါးသော ပုဂ္ဂိုလ်သတ္တဝါသည်။ နဝိဇ္ဈတိ၊ ဖြစ်ပေါ်လာသည်မဟုတ်။ ဒုက္ခာ၊ ဆင်းရဲမှ။ ဝါ၊ ဆင်းရဲကို။ အညတြ၊ ကြဉ်ထား၍။ အညော၊ တပါးသောပုဂ္ဂိုလ်သတ္တဝါသည်။ နသမ္ဘောတိ၊ ဖြစ်ပေါ်လာသည်မဟုတ်။ အဲဒီသခ်ါရဒုက္ခတွေ၊ ခန္ဓာငါးပါး သခ်ါရဒုက္ခတွေဖြစ်ပျက်နေတဲ့တရားတွေ နတ်လိုက်လို့ရှိယင်တဲ့၊ သည်မှတပါး ပုဂ္ဂိုလ်သတ္တဝါဖြစ်လာတာ မရှိပါဘူး။

ဒုက္ခာ၊ ဆင်းရဲဒုက္ခမှ။ ဒုက္ခာ၊ သခ်ါရဒုက္ခမှ။ အညံ၊ တပါးသော အရာဝတ္ထုသည်။ နိ နိရုဇ္ဈတိ၊ ချုပ်သည်မဟုတ်။

ချုပ်သွားတယ်၊ ပျက်သွားတယ်၊ သေသွားတယ်ဆိုတာလဲပဲ ဒုက္ခပါပဲတဲ့၊ ဒုက္ခမှတပါးသော ချုပ်တာပျက်တာရယ်လို့ မရှိပါဘူး။

မာရ်နတ်က မေးတာက ဘယ့်နယ်မေးတုံးဆိုတော့၊ ဒီသတ္တဝါကို ဘယ်သူက ဖန်ဆင်းသလဲ၊ သတ္တဝါကို ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်က ဘယ်မှာနေသလဲ၊ ဒီသတ္တဝါဟာ ဘယ်ကစပြီးတော့ဖြစ်ပေါ်လာသလဲ၊ ဒီသတ္တဝါဟာ ဘယ်မှာအဆုံးသတ်သွားသလဲ၊ ဒီလိုမေးတာကိုး။

သတ္တဝါနဲ့မေးတာ ထိုင်ပြီးတော့ ဝဇီရာထေရ်မက ဖြေတော့၊ သတ္တဝါရယ်လို့ မရှိဘူးတဲ့ သခ်ါရဒုက္ခတွေရှိတာ၊ ခန္ဓာငါးပါးတွေပဲတဲ့၊ ရထားက အစိတ်အပိုင်းတွေပဲ အရင်းခံရှိတယ်၊ အစိတ်အပိုင်းတွေ သူ့နေရာနဲ့သူ ချထားလိုက်တဲ့အခါ ရထားခေါ်ရတယ်၊ အဲဒါလိုပဲ ခန္ဓာငါးပါးတရားတွေက တခုနဲ့တခုယှဉ်တွဲပေါင်းစပ်ပြီးတော့ အစဉ်ဖြစ်နေတဲ့ဥစ္စာကို သတ္တဝါလို့ခေါ်ရတာ၊ အမှန်စင်စစ်အားဖြင့် သခ်ါရဒုက္ခ ခန္ဓာငါးပါး တရားပဲရှိတယ်၊ ခန္ဓာတွေ ဖြစ်ပျက်နေတဲ့တရားတွေ၊ မြင်လိုက်ဖြစ်ပြီး ပျက်လိုက်၊ ကြားလိုက် ဖြစ်ပြီးပျက်၊ ဒါတွေပဲမြင်တယ်၊ ကြားတယ်ဆိုတာ အသေးစိတ်ကလေး၊ ဒါလေးတွေ အင်မတန်သေးနုတ်တယ်၊ အမှန်စင်စစ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါလို့ဆိုတာလဲ ဒါတွေပဲ၊ ဒါတွေအကုန်လုံးပေါင်းစပ်ပြီး ပုဂ္ဂိုလ်သတ္တဝါထင်နေတာ၊ အဲဒီတော့ ဒါ သခ်ါရဒုက္ခတွေပါပဲတဲ့၊ ဖြစ်ယင်လဲ သခ်ါရဒုက္ခ၊ ပျက်ယင်လဲ သခ်ါရဒုက္ခတွေဟာ ပါဠိလိုက လူတိုင်းလူတိုင်း ကျက်လို့ရမှာ မဟုတ်တော့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး ပေးရအုံးမယ်။

အစိတ်အပိုင်းများ၊ ရထားခေါ်တွင်။
ခန္ဓာငါး၀၊ သတ္တမည်တွင်။
ဖြစ်တည်းဆင်းရဲ၊ ပျက်လဲသူပင်။
ဆင်းရဲမှ၊ အပ ဖြစ်ကင်းစင်။
ဆင်းရဲမှ၊ အပ ချုပ်ကင်းစင်။

"အစိတ်အပိုင်းများ၊ ရထားခေါ်တွင်" ကြားဘူးနေပါပြီ၊ ရှင်းနေပါပြီ၊ အစိတ်အပိုင်းတွေကို ရထားဟူ၍ ခေါ်သည်၊ ရထားဟူ၍ သီးသန့်မရှိ၊ ထို့အတူပဲ "ခန္ဓာငါး၀၊ သတ္တမည်တွင်" ခန္ဓာငါးပါးပဲ၊ သတ္တဝါရယ်လို့ ခေါ်ရတယ်၊ ခန္ဓာငါးပါးမှ အလွတ်သတ္တဝါဟူ၍ မရှိ၊ "ဖြစ်တည်ဆင်းရဲ၊ ပျက်လဲသူပင်" ဖြစ်တယ်၊ တည်နေတယ်ဆိုတာဟာလဲ ဆင်းရဲတွေပါပဲတဲ့၊ ဆင်းရဲပဲဖြစ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်တာ မဟုတ်၊ တည်နေတယ် အသက်ရှင်နေတယ်ဆိုတာလဲပဲ ဆင်းရဲတွေပါပဲတဲ့၊ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိဘူးတဲ့၊ ပျက်လဲ သူပင်–တဲ့၊ သေတယ် ပျက်တယ် ဘယ်သူဟာဖြင့် သေသွားရှာပြီဆိုတာ အမှန်ကတော့ ဆင်းရဲတွေ ပျက်သွားတာပါပဲတဲ့။

ဒီတော့ ပရိနိဗ္ဗာန်စံသွားတယ်ဆိုတာလဲပဲ ပုဂ္ဂိုလ်သတ္တဝါကြီး ပျောက်သွားတာ မဟုတ်ဘူး၊ ရုပ်နာမ်အစဉ် ဖြစ်ပျက်နေတဲ့သဘောတွေ ချုပ်သွားတာ၊ ဒါပဲ၊ "ဖြစ်တည်ဆင်းရဲ၊ ပျက်လဲသူပင်"၊ "ဆင်းရဲမှ၊ အပ ဖြစ်ကင်းစင်" ဆင်းရဲမှတပါး ဆင်းရဲမှ အဖြစ်မှ ဆင်းရဲကို နုတ်ထားပြီး ဒိပြင်ဟာဆိုယင် ဖြစ်တယ်ဆိုတာ မရှိပါဘူးတဲ့၊ ဖြစ်တယ်ဆိုလို့ရှိယင် ဆင်းရဲပဲတဲ့၊ ဆင်းရဲမှ အပ ပြစ်ကင်းစင်၊ နည်ကြဒုက္ခသမ္ဘော–ကို သူ့အသွားနဲ့ ကိုက်အောင်လို့လဲ ဆိုရတယ်။

ဒုက္ခာ၊ ဆင်းရဲမှ။ အညတြ၊ ကြဉ်၍။ နိ သမ္ဘော၊ မဖြစ်။

ဆင်းရဲမှကြဉ်၍ဆိုတော့ ဆင်းရဲမပါဘူး၊ ဆင်းရဲ မရှိဘူးတဲ့၊ "ဆင်းရဲမှ၊ အပဖြစ်ကင်းစင်" နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ဒုက္ခာ၊ ဆင်းရဲမှ။ အညံ၊ တပါးသောအရာသည်။ နိ နိရုဇ္ဈတိ၊ ချုပ်သည် ပျက်သည်မဟုတ်။

ချုပ်တယ် ပျက်တယ် ဆိုတာဟာ ဆင်းရဲမှအပ မရှိပါဘူးတဲ့၊ ဆင်းရဲပါပဲတဲ့၊ ဒါကြောင့်မို့ "ဆင်းရဲမှ၊ အပဖြစ်ကင်းစင်။ ဆင်းရဲမှ၊ အပချုပ်ကင်းစင်" ငါးပိုဒ်။

အစိတ်အပိုင်းများ၊ ရထားခေါ်တွင်။
ခန္ဓာငါး၀၊ သတ္တမည်တွင်။
ဖြစ်တည်ဆင်းရဲ၊ ပျက်လဲ သူပင်။
ဆင်းရဲမှ၊ အပ ဖြစ်ကင်းစင်။
ဆင်းရဲမှ၊ အပ ချုပ်ကင်းစင်။

ဒါခန္ဓာငါးပါး ဖြစ်တယ်ဆိုတာလဲပဲ ခန္ဓာငါးပါး၊ ပျက်တယ်ဆိုတာလဲ ခန္ဓာငါးပါးပဲတဲ့၊ ဆင်းရဲတရားတွေပဲတဲ့၊ ဒါတွေ ရှိတယ်ဆိုတော့ ဝဇီရာထေရ်မက ဖြေကြားလိုက်ပါတယ်, ပြန်ကြားလိုက်ပါတယ်၊ ဒီတော့ မာရ်နတ်က ငါ့အကြောင်းသိသားပဲဆိုပြီးတော့ ပြန်သွားတယ်၊ မဖြစ်ဘူးတဲ့၊ ဒါကြောင့်မို့ ဇဝေဇဝါ လာလုပ်တယ်၊ ဘိက္ခုနီမ ရဟန္တာမလဲဖြစ်၊ ရဟန္တာလဲ ဖြစ်တော့ ကောင်းကောင်းပြောတတ် ဟောတတ်နေတာကိုး။

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ အတော်အတန် ဗဟုသုတလေးရှိပြီး မှတ်သားမိမှ နေရာကျတယ်၊ တော်တော်ကြာ တရားကထွက်သွားတော့ ဟိုကမေး ဒီကမေး မဖြေနိုင်တော့ မဟုတ်ပါဘူးလို့ ထင်တတ်တယ်၊ နည်းနည်းလဲ ရုပ်ကလေး နာမ်ကလေး မှတ်ထားအုံးမှ၊ ဒါကြောင့် ဘုန်းကြီးက ရုပ်တွေ နာမ်တွေကွဲအောင်လို့ ဟောနေရတာ၊ တိုတိုလေး ဟောယင် တိုတိုလေးပြီးတာပဲ၊ ဒါကြောင့် ယောဂီပုဂ္ဂိုလ်တွေ မှတ်ရ သားရအောင်လို့ ခန္ဓာငါးပါးအကြောင်းတွေကို တဖြည်းဖြည်းချင်း ရှုပုံမှတ်ပုံတွေရော သိပုံတွေရော ဉာဏ်ဖြစ်ပုံတွေရော လိုက်ပြီးတော့ ရှင်းဟောနေတယ်၊ တရားကတော့ မပြီးနိုင်ဘူး၊ မပြီးနိုင်ပေမယ့် ဒီဥစ္စာက စာသင်တာလိုပဲ၊ ဘုန်းကြီးက မှတ်မိအောင်လို့ ပြောနေတာ၊ တော်တော် စုံသွားပါပြီ၊ ကနေ့ တော်အုံးမှပဲ၊ ဆောင်ပုဒ်ဆိုအုံးမှပဲ။

မြွေလေးကောင်ကား (လ) ဘုရားမြတ်စွာတည်း။

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရှိသေစွာနာခံမှတ်သားရသော ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤသုတ္တန်ဒေသနာ၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားနည်းလမ်းတို့ကို ရှိသေစွာ လိုက်နာကျင့်သုံးသောအားဖြင့် ဤဒေသနာ၌လာရှိသော ဥပါဒါနက္ခန္ဓာငါးပါးတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

အာသီဝိသောပမသုတ်တရားတော်

၁၃၂၈–ခု၊ ဒုတိယဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်။

အတွင်းရန်သူ နန္ဒိရာဂ

ခန္ဓာရှိလို့ သေရတာ

အာသီဝိသောပမသုတ်တဲ့၊ သီတင်းနေ့တိုင်း လာနိုင်တဲ့ပုဂ္ဂိုလ်တွေတော့ ကြားပြီးသားပါပဲ၊ အဲဒါကြောင့် ဒီခန္ဓာငါးပါး တရားတွေဟာ သူသတ်ယောကျ်ားတွေပဲ၊ ပဋ္ဌိသန္ဓေရကတည်းက ဒီခန္ဓာငါးပါးနဲ့ လူရယ်လို့လာဖြစ်တာ နောက်ဆုံးတနေ့ကျတော့ ဒီခန္ဓာငါးပါးရှိလို့ သေရတာပဲ၊ နတ်ဖြစ်ယင်လဲ ခန္ဓာငါးပါးနဲ့ နတ်ဖြစ်ရတယ်၊ နောက်ဆုံး တနေ့ကျတော့ ဒီနတ် သေရတာလဲ ဒီခန္ဓာငါးပါးရှိလို့ သေရတာပဲ၊ ဗြဟ္မာဖြစ်မှာလဲပဲ ခန္ဓာငါးပါးရှိတဲ့ ဗြဟ္မာရှိတယ်၊ ခန္ဓာ ၄–ပါးရှိတဲ့ ဗြဟ္မာ ရှိတယ်၊ ခန္ဓာ ၁–ပါးတည်းရှိတဲ့ ဗြဟ္မာရှိတယ်၊ အဲဒီခန္ဓာတွေရှိလို့ ဗြဟ္မာတွေဖြစ်နေတာ၊ နောက်ဆုံးတနေ့ကျတော့ ဒီခန္ဓာတွေ ပျက်တဲ့အခါကျတော့ ဒီဗြဟ္မာသေတာပဲ၊ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကျမှ အေးမယ်တဲ့၊ ဒါကြောင့် ဒီခန္ဓာငါးပါးဟာ သူသတ် ယောကျ်ားကြီး ငါးယောက်နဲ့တူတယ်တဲ့၊ ဘယ်အချိန်မဆို အကြောင်းမညီညွတ်ယင် သတ်ဖို့ရာအသင့်ပဲတဲ့၊ ဒါကြောင့် ဒီခန္ဓာ ငါးပါးတည်းဟူသော ရန်သူကြီးငါးယောက်ကိုလဲ ကြောက်ပြီးတော့ ပြေးရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားတာပါပဲ။

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီခန္ဓာငါးပါးရန်ကို ကြောက်တော့ တရားအားထုတ်နေတာပဲ၊ ပြေးနေတာ ပဲ၊ ဒီတရားအားမထုတ်သေးတဲ့ပုဂ္ဂိုလ်တွေ အားထုတ်လိုတဲ့ စိတ်ဆန္ဒမရှိသေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီခန္ဓာငါးပါးကို သူတို့က မကြောက်ဘူး၊ သတ္တိကောင်းတယ်၊ သတ်ချင်လဲသတ်၊ သေချင်လဲသေ၊ ကိစ္စမရှိဘူးဆိုပြီးတော့ နေတာနဲ့တူပါရဲ့၊ သတ္တိကောင်း တယ်။

ငယ်ပေါင်းမိတ်ဆွေဖြစ်တဲ့ ရန်သူလိုက်

ဒါကြောင့် "မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့် မိတ်ညာရန်ဘက်၊ တပ်စွဲချက် ကြောင့်" မိတ်ညာ ငယ်ငယ်ကတော့ကို မိတ်ဆွေပဲ၊ အခုတော့ကို မိတ်ဆွေအဖြစ်နဲ့ ညာပြီးတော့ နေတဲ့ရန်သူဖြစ်နေပြီတဲ့၊ မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်" ငယ်ငယ်တုန်းက အင်မတန်ချစ်ခင် ရင်းနှီးနေတဲ့ မိတ်ဆွေ တယောက်ပဲ၊ သူကလိုက် ပြီးတော့ သတ်ဖို့ရာလိုက်လာတယ်၊ အဝေးကနေပြီးတော့ပို့တယ်တဲ့၊ အဝေးကလှမ်းပြီးတော့ ပြောတယ်၊ တဆင့်စကား ကမ်းပြီးတော့လဲ ပြောတယ်၊ စာတွေလဲ ရေးပေးမှာပေါ့လေ၊ အခုကာလလိုဆိုယင် ကြေးနန်းတွေလဲ ရိုက်လိုက်အုံးမှာပေါ့၊ တယ်လီဖုန်းလဲ ပြောချင်ပြောအုံးမယ်၊ အခုကာလလိုဆိုယင် အဝေးကနေပြီးတော့ "ဟေ့မိတ်ဆွေ မင်း မပြေးနဲ့ ငါလာပြီ၊ ဘာမှကိစ္စမရှိဘူး၊ ငါတာဝန်ခံတယ်၊ မင်းပြန်လာခဲ့၊ မင်းနဲ့သားမယားတွေလဲပဲ ဒုက္ခရောက်လှပြီ၊ လွမ်းဆွတ်ပူဆွေးနေကြ တယ်၊ ကလေးတွေက ဘယ်လိုပြောတယ်၊ ပြန်လာခဲ့ပေါ့ကွာ၊ မင်းတောထဲ တောင်ထဲ ပြေးမနေနဲ့၊ ငါတာဝန်ခံတယ်၊ ပြန်လာ ခဲ့ပါ"ဆိုပြီးတော့ သူက သတင်းပို့ပြီး ခေါ်နေတာကိုး။

ခေါ်နေတော့ ခုနကအကျိုးစီးပွားကိုလိုလားတဲ့ ပုဂ္ဂိုလ်က ပြောတယ်တဲ့၊ "ဟေ့–မင်းအဲဒီလူဟာ အယင်တုန်းကတော့ မင်းမိတ်ဆွေဟုတ်တယ်၊ ငယ်ငယ်တုန်းက မင်းနဲ့အင်မတန် ရင်းနှီးနေတဲ့မိတ်ဆွေပဲ၊ အကျိုးကို လိုလားနေတဲ့ပုဂ္ဂိုလ်ပဲ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ ဘုရင်းမင်းမြတ်က သူကိုရာထူးဌာနန္တရ အကြီးကြီးပေးပြီးတော့ မင်းကိုသတ်ဖို့ရာ လွှတ်လိုက်တာ၊ မင်းကိုသတ်နိုင်လို့ ရှိယင် ရာထူးဌာနန္တရ ရမယ်ဆိုပြီးတော့ လိုက်လာတာ၊ မယုံနဲ့၊ မင်းပြန်သွားယင် ဒုက္ခဖြစ်မယ်"လို့ ညွှန်ကြားတာဟာ၊ အဲဒါဘယ်သူတုန်းဆိုယင် မြတ်စွာဘုရားတဲ့။

နန္ဒိရာဂ

အဲဒီတော့ အဲဒီလို မိတ်ညာရန်ဘက်ဆိုတာ ဘယ်သူတုန်းဆိုလို့ရှိယင်–

ဆဋ္ဌော အန္တရစရော ဝဓကော ဥက္ခိတ္တာသိတော တိရော ဘိက္ခဝေ နန္ဒိရာဂသေတံ အဓိဝစနံ။

(သဋ္ဌာယတန ဝဂ္ဂသံယုတ်၊ နာ ၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ ဆဋ္ဌော၊ ခြောက်ယောက်မြောက် ဖြစ်သော။ အန္တရစရော၊ အတွင်းသားဖြစ်သော။ ဝါ–ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းဖြစ်သော။ ဥက္ခိတ္တာသိကော၊ ချိမိုးအပ်သော သန်လျက်၊ ချိမိုးအပ်သော ဓားရှိသော။ ခုတ်တော့မလို့ ချိမိုးပြီးတော့ လိုက်လာတယ်။ ဝဓကောတိဇတံ၊ သူသတ်ယောက်ျားဟူသော ဤအမည်သည်။ နန္ဒိရာဂသ၊ နှစ်သက်တပ်စွဲသော ရာဂ၏။ အဓိဝစနံ၊ အမည်ပေတည်း။

နန္ဒိရာဂ၊ နန္ဒိဆိုတာ နှစ်သက်တယ်, သာယာတယ်, လက်ခံတယ်၊ ရာဂ၊ ဆိုတာကတော့ တပ်စွဲတယ်၊ ဆေးများလို ဆိုးတဲ့ဆေးများဟာ ထိယင်စွဲတာပဲ၊ အဲဒါလို တပ်စွဲတဲ့သဘောလဲရှိတယ်၊ နှစ်သက်သာယာတဲ့သဘောလဲ ရှိတယ်၊ နှစ်သက်သာယာပြီးတော့ တပ်စွဲတဲ့သဘော၊ ရာဂဆိုတာ သူကတော့ ကောင်းတာဆိုယင်လာခဲ့ မပယ်ဘူး၊ သူကလက်မတားဘူး၊ မြင်စရာအာရုံတွေ ကောင်းတာတွေလာခဲ့၊ အဆင်းတွေဟူသမျှလာခဲ့ လက်ခံတယ်၊ သူကတော့ မပယ်ဘူး၊ ကြားစရာအာရုံ အကောင်းတွေလာခဲ့၊ နံစရာတွေ၊ စားစရာတွေ၊ တွေ့ထိစရာတွေ၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အကောင်းအာရုံတွေ၊ အကောင်းတွေဟူသမျှ သူကအကုန်လုံးလက်ခံတယ်၊ အဲဒါ နန္ဒိရာဂခေါ်တယ်၊ နန္ဒိရာဂတဲ့၊ နှစ်သက်တပ်စွဲတာတဲ့၊ ဒီနန္ဒိရာဂကလေးက ကြိုက်တယ်၊ လူတွေက သိပ်ကြိုက်တယ်၊ ခုနက မိတ်ဆွေအချင်းချင်း ခင်နေတာလိုပဲ သူက တယ်ကြိုက်တယ်၊ နန္ဒိရာဂကိုး။

နန္ဒိရာဂမရှိယင် လောကထဲလဲမနေနိုင်ဘူး၊ ကြိုက်လဲကြိုက်အုံးမှ ဖြစ်မှာ၊ သူ့ဟာ အပြစ်လဲပြောလို့တော့ မဖြစ်ဘူး၊ နန္ဒိရာဂမရှိတဲ့ ရဟန္တာတွေက လောကထဲမှာ နေမှမနေနိုင်တော့ပဲ၊ မနေနိုင်ဘူး၊ ဘာမှပျော်စရာမရှိဘူး၊ အကုန်လုံး အနှစ်သာရ ဘာမှမရှိတော့ဘူး။

နန္ဒိရာဂကလေးရှိနေတော့ သာယာမှုကလေးတွေနဲ့ ပျော်စရာကလေး ဖြစ်နေတာကိုး၊ ပျော်စရာ မဟုတ်ပေမယ်လို့ ပျော်စရာကလေး ဖြစ်နေတယ်၊ အရေးကြီးတယ်သူက၊ အဲဒါကြောင့် အဲဒီနန္ဒိရာဂတဲ့၊ ခြောက်ဒွါရကကျလာတဲ့ အာရုံဟူသမျှ အကောင်းတွေကို လက်ခံပြီးတော့နေတဲ့ နန္ဒိရာဂ၊ အဲဒီ နန္ဒိရာဂဟာ တခြားမဟုတ်ဘူး၊ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေနဲ့ တူတယ်တဲ့၊ ဟိုတုန်းက မိတ်ဆွေ၊ အခုတော့ ရန်သူပေါ့လေ အဲဒါနဲ့ တူပါတယ်တဲ့၊ ဒါကို ပြောတာတဲ့။

နန္ဒိရာဂဆိုတာ သူ့ကိုအပြစ်မြင်ခဲတယ်၊ သူကလဲ အစွမ်းသတ္တိသိပ်ကောင်းတယ်၊ ဘယ်ထိအောင်လိုက်တုံးဆိုယင် အရိယမဂ်ဖိုလ်နားထိအောင်ကို လိုက်တယ်၊ အရိယမဂ်ဖိုလ်ဖြစ်ခါနီးထိအောင် သူကလိုက်ပြီးတော့ သာယာတာပဲ၊ အင်မတန် အားကောင်းပါတတ်၊ သာမန် တရားအားမထုတ်ပဲနေတဲ့ ပုဂ္ဂိုလ်တရားသဘော မသက်ဝင်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီနန္ဒိရာဂက အားကြီးဖြစ်နေတာပဲ၊ ဒီနန္ဒိရာဂဖြစ်အောင်လို့ပဲ လူတွေကကြောင့်ကြ စိုက်နေရတာ၊ အမြင်ကောင်းကလေးတွေ မြင်ရအောင်၊ အကြားကောင်းကလေးတွေ ကြားရအောင်၊ အနံ့ကောင်းကလေးတွေ နံရအောင်၊ အရသာကောင်းကလေးတွေ စားရအောင်၊ အတွေ့အထိကောင်းကလေးတွေ တွေ့ထိရအောင်၊ ဝမ်းမြောက်ဝမ်းသာစရာ အာရုံကလေးတွေနဲ့ တွေ့ရအောင်၊ အိပ်ယင်းလဲပဲ သူစိတ်ကူးနေတာပဲ၊ သူတနေ့သော် ကောင်းနိုးနိုး၊ တနေ့သော် ကောင်းနိုးနိုး၊ ဒါတွေပဲ စိတ်ကူးနေတယ်၊ အိပ်ယင်းလဲစိတ်ကူးနေတယ်၊ နိုးနေယင်တော့ ပြောစရာမရှိဘူး၊ အိပ်ယင်းလဲ တခါတခါ အိပ်မက်ထဲတောင်မှ စိတ်ကူးလိုက်သေးတယ်၊ သာယာစရာတွေ လျှောက်ပြီးတော့ ကြံနေတယ်၊ နန္ဒိရာဂတွေ ဖြစ်နေတယ်။

အဲဒီ နန္ဒိရာဂဟာ ဖြစ်ဖြစ်ချင်း သူက ပညာတည်းဟူသော ဦးခေါင်းကို ကျစေသည်တဲ့၊ အဌကထာက ဒါကတော့ ပညာရှိတွေနဲ့မှဟုတ်မှာ၊ ဒါပေမယ့်လို့ အဌကထာကပြောတော့ ပညာရှိတွေက သေသေချာချာ စဉ်းစားအုံးမှပေါ့၊ ဘုန်းကြီးက ပြောရတယ်၊ လှည့်ပြီးတော့ ပညာက ဦးခေါင်းနဲ့တူတယ်၊ တရားဘက်ကနေပြီးတော့ ကြည့်ယင် ပညာက ဦးခေါင်းနဲ့တူတယ်၊ ဦးခေါင်း ရှေ့သွားပဲ၊ သမ္မာဒိट္ဌိ ရှေ့သွားခေါင်းဆောင်လို ဦးခေါင်းနဲ့တူတယ်တဲ့၊ ပညာတည်းဟူသော ဦးခေါင်းဟာ နန္ဒိရာဂ ဖျက်လိုက်တာနဲ့ သူကျသွားတယ်။

မျက်စိဖြင့် အဆင်းကို မြင်ရတယ်ဆိုပါတော့တဲ့၊ အဌကထာက ဥပမာပြတယ်၊ နှစ်သက်သာယာစရာ အဆင်းကလေး မြင်သည်တဲ့၊ ဣဋ္ဌာရုံကလေး ခေါ်တယ်၊ အခု ကာမဘုံအနေအားဖြင့် ပြောရယင်တော့ ယောက်ျားမိန်းမဆိုတဲ့ အာရုံတွေပါပဲ၊

တခြားတွေမဟုတ်ဘူး၊ ယောက်ျားတွေရဲ့ နှစ်သက်စရာ အာရုံ၊ မိန်းမတွေရဲ့ နှစ်သက်စရာအာရုံ၊ ဒါလေးတွေရှိတယ်၊ အဲဒီ နှစ်သက်စရာအာရုံကလေး တွေ့ပြီတဲ့။

မြင်ရာမှ စိတ်အစဉ်ဖြစ်ပုံ

မြင်ပြီဆိုယင် ဝီထိကလေး ချရအုံးမယ်၊ စိတ်အစဉ်ကလေး ဖြစ်ပုံကလေး ပကတိပုဂ္ဂိုလ်တွေသိ နေတာကတော့ မြင်ယင်ဖြင့် ငါမြင်တာပဲ၊ တချက်ထဲ မြင်သွားတယ်လို့ အောက်မေ့တယ်၊ ဒီလိုမဟုတ်ဘူး၊ စိတ်တွေက အဆင့် ဆင့်ဖြစ်ရတာ၊ အလွယ်ကလေးမဟုတ်ဘူး၊ သူဖြစ်နေတော့ အလွယ်သား၊ ဟောဒီ တရားသဘောနဲ့ ဖြစ်စဉ်ကလေးတွေ ပြောယင် တဆင့်ချင်း တဆင့်ချင်း ဖြစ်ရတယ်၊ အတော်များများဖြစ်တယ်။

မျက်စိထဲမှာ အဆင်းအာရုံကကျလာတယ်၊ အဆင်းအာရုံ အဆင်းရိပ်ကလေး ထင်လာတာပေါ့လေ၊အဆင်းရိပ်ကလေး ထင်လာတော့ နှလုံးသွင်းဆင်ခြင်တယ်တဲ့၊ ဘာပါလိမ့်မတုံးဆိုပြီးတော့ ဆင်ခြင်လိုက်တာ၊ ဥပမာအားဖြင့် လူတယောက် သရက်ပင်အောက်အိပ်နေတယ်၊ သရက်ပင်ပေါ်က သရက်သီးက ဒိုင်းခနဲဆို ကြွေကျလိုက်တာ၊ အနားနား အနီးအပါး ကြွေကျ တယ်၊ လူက အိပ်ပျော်နေတယ်၊ အိပ်ပျော်နေတော့ ဒိုင်းကနဲကျတော့ မနိုးဘူးလား၊ ဘာပါလိမ့်လို့ စဉ်းစားတယ်။

ဘဝင်စိတ်ဖြစ်

အဲဒါလိုပဲတဲ့၊ အဆင်းအာရုံ မျက်စိထဲမှာ မထင်လာခင်က စောစောကအိပ်ပျော်နေသလို ဘဝင်ကျနေ သလိုရှိတယ်၊ ညအိပ်နေတဲ့အခါတွေလဲ ဘဝင်စိတ်တွေပဲ၊ နေ့လဲ ဒီလိုပဲ မြင်ကြားနေတဲ့အခါလဲ ဘဝင်စိတ်တွေကြားထဲမှာ အများကြီး ရှိတယ်၊ ဒါပေမယ်လို့ ရှေ့ကသိတဲ့စိတ် နောက်ကသိတဲ့စိတ်တွေက ဆက်နေတော့ တဆက်တည်းဖြစ်နေတယ်လို့ အောက်မေ့ တယ်၊ ဒီလိုမဟုတ်ဘူး၊ ကြားထဲမှာ အိပ်ပျော်နေတဲ့ စိတ်ကလေးတွေလဲ အများကြီးရှိသေးတယ်၊ တချို့ ပုဂ္ဂိုလ်တွေကျတော့ နည်းနည်းထူတယ်၊ အ–တယ်၊ နှ–တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီလူတွေ ဘဝင်တွေ များများကျနေတယ်၊ သူ့စိတ်ကူး ရုတ်တရက်မဖြစ်ဘူး၊ ဘေးကလူပြောပေမယ့် ရုတ်တရက် သူနားမလည်ဘူး၊ ဟိုမှာ ဘဝင်တွေက အများကြီး ကျနေတော့ ထိုင်းနေတာခေါ်တယ်။

ပဥ္စဒ္ဓါရာဝဇ္ဇန်းစသည်ဖြစ်

အဲဒီလို အိပ်ပျော်နေရာက နိုးလာသလိုပဲ ဘဝင်ကနေပြီး ထလာတော့ ခုနက စဉ်းစားတယ်၊ မျက်စိထဲ အဆင်း ကျလာတာ ဘာပါလိမ့်မတုံးဆိုပြီး စဉ်းစားတယ်၊ အဲဒါကို အဘိဓမ္မာဝေါဟာရနဲ့ ပဥ္စဒ္ဓါရာဝဇ္ဇန်းလို့ခေါ်တယ်၊ ပဥ္စ–ကငါးခု၊ ဒ္ဓါရ–က ဒ္ဓါရ၊ အာဝဇ္ဇန်းက–ဆင်ခြင်တယ်တဲ့၊ ပဥ္စဒ္ဓါရမှာ ဆင်ခြင်တာတဲ့၊ မျက်စိမှာ အဆင်းကျလာယင်တဲ့ ဆင်ခြင်တဲ့စိတ် ဖြစ်တယ်၊ ဒါက တခုပေါ့လေ၊ နားမှာ အသံကျလာယင်တဲ့ ဆင်ခြင်တဲ့စိတ်ဖြစ်တယ်တဲ့၊ ၂–ခု၊ နှာခေါင်းမှာ အနံ့ကျလာ ယင်တဲ့ ဆင်ခြင်တယ်၊ လျှာမှာအရသာပေါ်လာယင်တဲ့ ဆင်ခြင်တယ်တဲ့၊ ကိုယ်မှာ တနေရာရာက အတွေ့အထိကလေးပေါ်လာ ယင်တဲ့ ဆင်ခြင်တယ်၊ ဒီငါးဒ္ဓါရမှာ ဆင်ခြင်လို့ ပဥ္စဒ္ဓါရာဝဇ္ဇန်းလို့ ငါးဌာနမှာ ဆင်ခြင်တဲ့စိတ်ကလေး ဖြစ်တယ်တဲ့၊ ပဥ္စဒ္ဓါရာ ဝဇ္ဇန်းလို့ ပါဠိလိုခေါ်တယ်၊ စာပေတတ်တဲ့ပုဂ္ဂိုလ်တွေအဖို့တော့ သူက လွယ်လွယ်ကလေးပဲ၊ စာမသင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ နားလည်အောင်လို့ ဘုန်းကြီးကပြောနေတယ်၊ ပဥ္စဒ္ဓါရာဝဇ္ဇန်း–ငါးဒ္ဓါရမှာ ကျရောက်လာတဲ့အာရုံကို ဘာပါလိမ့်တုံးလို့ ဆင်ခြင်တာတဲ့၊ မြင်ပလား၊ ကြားပလားဆိုယင် မမြင်သေးဘူး၊ ဆင်ခြင်တာပဲရှိသေးတယ်။

ခုနက အိပ်ရာက နိုးလာတော့ ကမျောသောပါးနဲ့ နီးလာတော့ ဘာပါလိမ့်မတုံးလို့ ဆင်ခြင်တော့ သရက်သီးမှန်းမသိ သေးဘူး၊ ဆင်ခြင်လိုက်တော့ တော်တော်ကြာတော့ မြင်သွားတယ်တဲ့၊ ဆင်ခြင်ပြီးတာနဲ့ မြင်သွားတာပါပဲ၊ ချက်ချင်းပဲ၊အဲဒါက ဘာနဲ့တူတုံးဆိုတော့ ခုနက အိပ်ရာက နိုးလာတဲ့ပုဂ္ဂိုလ်က ဘာပါလိမ့်မတုံးဆို ကြည့်လိုက်တော့ သရက်သီး မြင်တာလိုပဲ၊ သရက်သီး ကြွေတာပဲဆိုတာသိတယ်၊ အဲဒါနဲ့တူတယ်။

မြင်ပြီးတော့ မြင်သိတဲ့စိတ်ကလေးကလဲ ပျောက်သွားတာပဲ၊ ဆင်ခြင်တဲ့စိတ်ကလေးကလဲ ဆင်ခြင်ပြီး ပျောက်သွား တာ၊ မြင်တဲ့စိတ်ဖြစ်လာ၊ မြင်ပြီးတော့ ပျောက်သွားတယ်၊ မြင်ပြီးတော့ ပျောက်ပြီးတော့ ဘာဖြစ်သတုံးဆိုတော့ သမ္ပဋ္ဌိစ္ဆိုင်းတဲ့၊ သမ္ပဋ္ဌိစ္ဆိုင်းပါဠိလိုသမ္ပဋ္ဌိစ္ဆိုင်းဆိုပြီးတော့ ဗမာကပြန်ထားတယ်၊ အလွယ်တကူခေါ်ရအောင်လို့ လက်ခံတဲ့စိတ်ကလေးပါပဲ၊ ခုနကမြင်တဲ့ အာရုံကလေးကို လက်ခံထားလိုက်တယ်၊ မှတ်ပုံတင်ထားလိုက်တယ်၊ အဲဒီစိတ်ကလေးဖြစ်တယ်၊ အဲဒါက ဘာနဲ့ တူတုံးဆိုတော့ အိပ်ရာကနိုးလာတော့ ခုနက သရက်သီးမြင်လို့ လှမ်းကောက်လိုက်တာနဲ့တူတယ်တဲ့၊ သရက်သီးလေး ယူထား လိုက်တယ်။

နောက်ပြီးတော့ အဲဒီလက်ခံတဲ့စိတ်ကလေးကတဲ့ လက်ခံပြီး ပျောက်သွားတယ်၊ သမ္ပဋ္ဌိစ္ဆိုင်းကပျောက်သွားတော့ သန္တီရဏ–စုံစမ်းတယ်တဲ့၊ အဲဒီအာရုံက ကောင်းသလား၊ ဘယ့်နှယ်ဟာတုံး၊ ချစ်စရာလား၊ မုန်းစရာလား၊ ကြည်ညိုစရာလားလို့ စုံစမ်းတယ်၊ သန္တီရဏလို့ခေါ်တယ်၊ ပါဋ္ဌိလို၊ ဗမာလိုတော့ စုံစမ်းတဲ့စိတ်ပါပဲ၊ ခုနက သရက်သီးကောက်ယူတဲ့လူက ကောက်ယူပြီးတော့ သရက်သီးဟာ မှည့်ပြီလား၊ စားလို့ကောင်းပြီလားလို့ လက်နဲ့နှိပ်ကြည့်သလို၊ အဲဒါနဲ့တူတယ်တဲ့။

နောက်ပြီးတော့ စုံစမ်းပြီးတော့ ဆုံးဖြတ်တယ်၊ ချစ်စရာ ကောင်းတယ်၊ မုန်းစရာကောင်းတယ်၊ ကြည်ညိုစရာကောင်းတယ် စသည်ဖြင့် အဲဒါ ဝုဋ္ဌောစိတ်တဲ့ ပါဋ္ဌိလို၊ ပါဋ္ဌိက ဝေါဋ္ဌဗ္ဗန၊ ဗမာလို ဝုဋ္ဌောဆိုပြီး ဘာသာပြန်ထားတယ်၊ ဆုံးဖြတ်တဲ့စိတ်ကလေး၊ ဆုံးဖြတ်ချက်ချလိုက်တာ၊ ရုံးများမှာ ဒီကရီချတယ်ဆိုတာများလို ဆုံးဖြတ်ချလိုက်တယ်၊ ချစ်စရာ ကောင်းသည်–လို့ ဆုံးဖြတ်လိုက်ယင် လောဘတွေဖြစ်တော့မယ်၊ မုန်းစရာကောင်းသည်–လို့ ဆုံးဖြတ်လိုက်ယင် မုန်းတော့မယ်၊ စိတ်ဆိုးတော့မယ်၊ ရွံစရာကောင်းသည်လို့ ဆုံးဖြတ်လိုက်ယင် ရွံတော့မှာ၊ ကြည်ညိုစရာကောင်းသည်လို့ ဆုံးဖြတ်လိုက်ယင် ကြည်ညိုမှာ၊ သဒ္ဓါတရားတွေ၊ ကုသိုလ်တွေဖြစ်မယ်၊ ခုနက သရက်သီးကို နှိပ်နယ်ပြီးကြည့်တဲ့အခါဟာ မှည့်ပြီ၊ စားလို့ကောင်းပြီ ဆုံးဖြတ်လိုက်ယင် စားမှာပေါ့လေ၊ စားတော့မယ်။

အဲဒီဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်ဆုံးသွားတဲ့အခါ ဇောစိတ်တွေဖြစ်လာတယ်။ ဇောစိတ်တွေအရှိန်နဲ့ တခါတည်း ပြင်းပြင်းထန်ထန် ခုနက ဟာလေးတွေကတော့ အားမကောင်းဘူး၊ ဇောစိတ်ကတော့ အဟုန်နဲ့ ပြင်းပြင်းထန်ထန် ဖြစ်လာတယ်၊ သန်သန်စွမ်းစွမ်းကြီး ဖြစ်လာတယ်၊ ဇောစိတ်တွေ အကုသိုလ်ဇောစိတ်ရှိတယ်၊ ကုသိုလ်ဇောစိတ်ရှိတယ်၊ အကုသိုလ်ဇောစိတ်က နှစ်သက်သာယာပြီးဖြစ်တဲ့ လောဘဇောရှိတယ်၊ စိတ်ဆိုးပြီးဖြစ်တဲ့ ဒေါသဇောရှိတယ်၊ မောဟဇောလဲရှိတယ်၊ ကုသိုလ်ဇောကတော့ဖြင့်ယင် ၇–ခုရှိပါတယ်၊ ကြည်ညိုပြီး ဖြစ်တာတို့ စသည်ဖြင့် ကုသိုလ်စိတ်ဇောတွေဖြစ်တယ်၊ ဇောစိတ် ၇–ကြိမ်တကြိမ်ပြီး တကြိမ်၊ တခါတည်း အရှိန်မပြေပဲနဲ့ ထပ်ခါထပ်ခါဖြစ်တာ၊ ၇–ကြိမ်တိတိဖြစ်တယ်၊ ခုနက သရက်သီးကို မှည့်ပြီလို့ဆုံးဖြတ်လိုက်တော့ စားလို့ ကောင်းပြီလို့ ဆုံးဖြတ်လိုက်တော့ကို ပါးစပ်နဲ့စားပြီးတော့ အရသာခံသလို အရသာခံတယ်၊ စားတယ်၊ တခါကိုက်လိုက် စားလိုက်၊ တခါကိုက်လိုက် စားလိုက်လုပ်သလိုပဲ၊ ဇောတွေ အကြိမ်ကြိမ်ဖြစ်တယ်၊ ၇–ကြိမ်တိုင်တိုင် ဖြစ်တယ်တဲ့။

ဇော ၇–ကြိမ်ဖြစ်ပြီးတဲ့အခါ ဘာတွေဖြစ်တုံးဆိုတော့ တဒါရုံဆိုတာ၊ ဇောပြီးတော့ကို ဇောလောက်တော့ အရှိန်မကောင်းတော့ဘူး၊ ဒါပေမယ့် ခုနကဟာတွေ စားမြို့ခတ်သလိုပဲ ပြန်ပြီး အာရုံပြုတာလေး တဒါရုံက ၂–ကြိမ်ဖြစ်တယ်တဲ့၊ စိတ်ကလေးတွေ၊ သရက်သီးစားပြီးတဲ့ ပုဂ္ဂိုလ်ကလဲ စားပြီးတဲ့သရက်သီး ရတာကလေး ပြန်ပြီး စဉ်းစားတာကလေး၊ နောက်ကဖြစ်သလိုကို၊ ပြီးတော့ သရက်သီးရတာလေး စဉ်းစားယင်း စဉ်းစားယင်းနဲ့ အိပ်ပျော်သွားတယ်တဲ့၊ အဲဒါလိုပဲတဲ့၊ ခုနက တဒါရုံပြီးတော့လဲ ဘဝင်ကျပြီးတော့ အိပ်ပျော်သွားပြန်ပြီတဲ့၊ နောက်တခါလဲ သူပြန်နိုးအုံးမယ်၊ စဉ်းစားအုံးမှာပဲ၊ အဲဒါကမြင်တဲ့ဝီထိပြီးတာ။

ကြားယင်လဲ ဒီအတိုင်းပဲ၊ နံယင်, စားယင်, တွေ့ထိယင်, ဒီအတိုင်းပဲ၊ စိတ်အစဉ်တွေကဖြစ်တယ်၊ အဲဒီလိုဖြစ်ရမှာတဲ့၊ ဝုဋ္ဌောကဆုံးဖြတ်လိုက်လို့ ချစ်စရာကောင်းတယ်, လှတယ်, တင့်တယ်တယ်, ချစ်စရာကောင်းတယ် ဆုံးဖြတ်လိုက်လို့ရှိယင် နောက်က နှစ်သက်သာယာတဲ့ လောဘဇောဖြစ်တယ်တဲ့၊ အခု နန္ဒီရာဂခေါ်တဲ့၊ တရားဖြစ်လာပြီတဲ့၊ ဖြစ်ယင် ဘယ့်နှယ်နေတုံးဆိုတော့ ပညာပျောက်သွားပြီ၊ ပညာခေါင်းတွေ ဒီမှာပျောက်တယ်၊ စလာကတည်းက ပညာမရှိတဲ့ ပုဂ္ဂိုလ်ကတော့ ခေါင်းမရှိပဲနဲ့တူပါလိမ့်မယ်၊ သူကဒါမပါဘူး၊ အဌကထာက ဘုန်းကြီးစဉ်းစားတယ်၊ အစကတည်းက ဝိပဿနာရှုနေတာ မဟုတ်တော့ ပညာက အစကတည်းကမရှိဘူး၊ မရှိတော့သူ့မှာ ခေါင်းတော့ ပြုတ်စရာတော့မရှိဘူး၊ အစကတည်းက ခေါင်းမရှိပဲဖြစ်နေတယ်၊ ခေါင်းမပေါက်နိုင်ပဲ ဖြစ်နေတယ်လို့ ဆိုရမှာနဲ့တူတယ်။

ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ကတော့ မြင်ယင်ရှု, ကြားယင်ရှု, မြင်ယင် မြင်တာမှတ်, ကြားယင် ကြားတာမှတ်၊ နံတာ, စားတာ, တွေ့ထိတာတွေမှတ် ဖြစ်တိုင်း ဖြစ်တိုင်း ရှုနေရတာကိုး၊ ရှုတိုင်း ရှုတိုင်းဟာ ဝိပဿနာပညာတွေ ဖြစ်နေတာ၊ မြင်ယင် မြင်မြင်ချင်း ရှုလိုက်၊ ဝိပဿနာပညာဖြစ်တယ်၊ ဘကား ကြားချင်း ရှုလိုက်၊ ဝိပဿနာပညာ ဖြစ်တယ်၊ ဖောင်းတယ် ပိန်တယ် ရှုလိုက်၊ ဝိပဿနာပညာဖြစ်တယ်၊ ရှုတိုင်း ရှုတိုင်းဟာ ဝိပဿနာပညာဉဏ်ကလေးတွေ ဖြစ်နေတယ်။

အဲဒါ အခုဝုဋ္ဌောကနေပြီး ချစ်စရာကောင်းတယ်၊ ဆုံးဖြတ်လိုက်လို့ မြင်ရတဲ့ဟာလေးကို ချစ်ခင်နှစ်သက်တဲ့ သာယာတဲ့စိတ်ကလေး ဖြစ်သွားလို့ရှိယင်တဲ့ နန္ဒီရာဂဖြစ်ယင် ခုနကပညာက မဖြစ်တော့ဘူး၊ ပညာခေါင်းပြုတ်သွားပြီတဲ့၊ အဲဒါဟာ ခုနက ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ မိတ်ဆွေကနေပြီးတော့ ဓားနဲ့ခုတ်ချလိုက်တာနဲ့ တူပါတယ်တဲ့၊ မိတ်ဆွေအရင်းပဲဆိုပြီးတော့ လက်ခံထားလိုက်တာနဲ့ တခါတည်း ဓားနဲ့ခုတ်ချလိုက်တော့ သေရော၊ အဲဒါနဲ့တူတယ်တဲ့၊ အဲဒါ နန္ဒီရာဂက ဒီလိုသတ်သတ်ပါတယ်တဲ့။

နောက်တနည်းအားဖြင့်တော့ကို ဘဝတွေမှာဖြစ်စေပြီးတော့လဲ သတ်တတ်တဲ့ နန္ဒီရာဂက နှစ်သက်သာယာပြီးတော့ ဘဝတွေမှာဖြစ်ရတယ်၊ ဖြစ်ရာဘဝမှာ ဘဝတိုင်း ဘဝတိုင်း သေနေရတာပေါ့လေ၊ လူတွေ သေနေတာ ဒါတွေပဲ၊ ဘယ်သူဖြင့် ရေနစ်လို့သေတယ်၊ ဘယ်သူဖြင့် မီးလောင်လို့သေတယ်၊ အိမ်ပိလို့သေတယ်၊ ရောဂါဝေဒနာဖြစ်လို့ သေတယ်၊ လိမ့်ကျလို့ သေတယ်စသည်ဖြင့် ပြောကြတယ်၊ ဘယ်သူကသတ်လို့ သေတယ်စသည်ဖြင့် ဒီလိုပဲပြောကြတယ်၊ အမှန်ကတော့ သူများကြောင့်သေတာ မဟုတ်ဘူး၊ ဘဝထဲဖြစ်ချင်တဲ့ တဏှာကလေးရှိလို့ ဒီတဏှာကလေးကြောင့် ဘဝထဲ ထပ်ခါထပ်ခါ ဖြစ်ရတယ်၊ ဖြစ်ရာဘဝမှာ သေရတာ ဒီတဏှာကအရင်းခံပဲ၊ ဒါကြောင့် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ (၃၁)ဘုံဘဝတွေမှာ ဖြစ်တတ်တဲ့တဏှာကြောင့် သူတို့မရှိယင် တယ်မနေတတ်ဘူး၊ ခြောက်သွေ့သွေ့ ဖြစ်ပြီးတော့ ပျင်းနေတယ်၊ အခုလို ဘုန်းကြီးများ တရားဟောနေတာ နန္ဒီရာဂက တယ်မပါဘူး၊ မပါတော့ ခြောက်သွေ့သွေ့ဖြစ်တယ်၊ လူတိုင်းလူတိုင်း မနာနိုင်ဘူး၊ ဒီတရားမျိုးဟာ။

မြို့ထဲက ဘိုင်စကုတ်ရုံတွေကျတော့ သိပ်သဘောကျတာပေါ့၊ နန္ဒီရာဂတွေက များတာကိုး၊ ဟိုမှာတော့ လူတွေများ တန်းစီနေလိုက်တာ ဘုန်းကြီးများ သွားယင်းလာယင်းကြည့်တော့ လူတွေ တော်တော်ဒုက္ခရောက်ကြ ရှာတယ်၊ လက်မှတ်ရဖို့ ရာ စီတန်းပြီးတော့များ နေရတယ်၊ ဒါ နန္ဒီရာဂက ခိုင်းတာ၊ ဒုက္ခတွေရောက်အောင်လို့ တရားပွဲတွေ မကြိုက်ဘူး၊ လူတွေက နန္ဒီရာဂမှ သဘောကျတယ်၊ တရားအားထုတ်ကြစို့ဆိုပြီး တရားအားထုတ်ပါပြီတဲ့၊ တရားအားထုတ်ပြန်တော့လဲ တရားထဲမှာ လဲ နန္ဒီရာဂကဝင်လာသေးတယ်၊ သူက သတ္တိအကောင်းချည်း၊ တရားလေး တော်တော်မှတ်ကောင်းလာပြီဆိုယင် သဘောကျ နေတယ်၊ သူလဲ နန္ဒီရာဂပဲ၊ အဲဒီအမှတ်ကောင်းတာလေး သဘောကျနေလို့ရှိယင် ဒါလေး လက်ခံထားယင်လဲ တရားက မတက်ပြန်ဘူး သူက။

ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေက ပြောရတာ၊ နှစ်သက် သဘောကျနေလို့ရှိယင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ အားရဝမ်းသာနဲ့ ကမ္မဋ္ဌာန်း ဆရာကိုပြောတယ်၊ ကမ္မဋ္ဌာန်းဆရာက အဲဒါလေးမှတ်လိုက်အုံး ဆိုယင် သဘောမကျဘူး၊ သူက ဒါလေးကောင်းနေတာ ဘယ့်နှယ် ဒါလေးမှတ်လိုက်အုံးဆိုတော့ ဒါလေးရှိလို့ ကောင်းလာတဲ့ဥစ္စာ၊ ကမ္မဋ္ဌာန်းဆရာက မှတ်ပစ်ရမယ်လို့ ဘယ့်နှယ့်ကြောင့် ပြောပြန်ပါလိမ့်မတုံးဆိုပြီး သဘောမကျဘူး။

အထူးအားဖြင့်တော့ ဥဒယဗ္ဗယညာဏ်ထဲ ရောက်တဲ့အခါကျယင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက သိပ်သဘောကျတယ်၊ ဥဒယဗ္ဗယညာဏ်ကျတော့ တရားအားထုတ်ပြီးသား ယောဂီတွေလဲ ဒီမှာတော့များပါတယ်၊ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ပါတန်သလောက်တော့ ပါလိမ့်မယ်၊ အဲဒါတွေလဲပဲ မှန်းဆပြီးတော့ ကြည့်ကြပေါ့လေ၊ ဥဒယဗ္ဗယညာဏ်ရောက်တဲ့ အခါကျတော့ ဘယ်လောက်ကောင်းသတုံးဆိုတော့ ကြောင့်ကြ ဗျာပါရမစိုက်ရဘူး၊ အမှတ်ကလေးတွေက သူ့ဟာသူဖြစ်တယ်၊ စအားထုတ်ခါစ ပုဂ္ဂိုလ်တွေကတော့ အမှတ်ဖြစ်အောင် တော်တော်ကြောင့်ကြစိုက်ရတယ်၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတာလေး ၂–ခုတောင်မှ သူ့ဟာမလွယ်ဘူး။

တချို့ ဘေးကပုဂ္ဂိုလ်တွေက အရမ်းကာရော ပြောနေကြတယ်၊ ဟာ–ဒီဖောင်းတယ် ပိန်တယ်ဆိုတာ လွယ်လွယ်ကူကူ ကလေး သိနေတာလို့ ပြောတယ်၊ သူမှအားထုတ်မကြည့်ပဲ၊ တကယ်ဆိုတော့ မလွယ်ဘူး၊ အခက်ကြီး၊ ဒီထက်ခက်တာ ဘယ်ရှိ လိမ့်မှာတုံး၊ တစ်ခါနှစ်ခါသိရုံနဲ့ ပြီးတာမှမဟုတ်ပဲ၊ စိတ်တိုင်းစိတ်တိုင်း သိနေရတာ အနားမရှိဘူး၊ တောက်လျှောက်သိနေရတာ၊ အနည်းဆုံး တစက္ကန့်ကို တကြိမ်လောက် သိနေရတာ၊ စိတ်ဘယ်မှ မသွားရဘူး၊ ဒီလိုလုပ်နေရတာ မလွယ်ပါဘူး၊ လွယ်မယ်လို့ ထင်နေတာ။

မသွားတတ်သေးသူ

အမှန်ကတော့ သေသေချာချာ အားမနာတမ်း ပြောမယ်ဆိုယင် မသွားတတ်သေးဘူးဆိုယင် ဘယ်သူ တွေတုံးဆိုယင် အဲဒီတရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေဟာ သွားကို မသွားတတ်သေးဘူး၊ ဘာပြုလို့တုံးဆိုတော့ သွားယင်း သူတို့ သူသွားတာ သိမှမသိပဲ၊ တချို့က ကိုယ်သွားတာ ကိုယ်သိပါတယ်လို့ တချို့က ပြောတယ်၊ ဘယ်ဟုတ်လိမ့်မှာတုံး၊ ကိုယ် သွားတာ ကိုယ်မသိဘူး၊ သွားတဲ့အခါ ဘာတွေစိတ်ကူးသွားနေသလဲ၊ ကိုယ့်ဟာကို စဉ်းစားကြည့်ပေါ့၊ အရောင်းအဝယ် ကိစ္စ ရှိတဲ့ ပုဂ္ဂိုလ်ကလဲ အရောင်းအဝယ် စိတ်ကူးပြီး သွားနေတာပဲ၊ ရုံးကိစ္စရှိတဲ့ပုဂ္ဂိုလ်ကလဲ ရုံးကိစ္စတွေစိတ်ကူးပြီး သွားနေတယ်၊ မိတ်ဆွေနဲ့ ဘာနဲ့တွေ့ဖို့ရာ စိတ်ကူးတဲ့ပုဂ္ဂိုလ်ကလဲ မိတ်ဆွေနဲ့တွေ့ဖို့ရာပဲ စိတ်ကူးနေတယ်၊ ဘာပြောရမယ် ဘာလုပ်ရမယ် စသည်ဖြင့် အဲဒီစိတ်ကူးတွေနဲ့ သွားနေတာ၊ တခါတရံ ခလုတ်တိုက်လိုက်မှသိတယ်၊ ငါဒီမှာ ခလုတ်တိုက်သွားပါပြီကော၊ ဒီတော့မှ ကိုယ့်ဆီပြန်ရောက်လာတယ်၊ ဟိုတခြားကို သွားနေတယ်၊ ကိုယ်သွားနေတာ ကိုယ်မသိဘူး။

ယခု ယောဂီပုဂ္ဂိုလ်တွေမှာတော့ သွားမယ်ဆိုလို့ရှိယင် ခြေထောက် ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်း၊ အကုန်လုံးသိနေ ကြတာ၊ ခြေထောက်ကြွတာကစပြီး ခြေထောက်ချသည့်တိုင်အောင်ဟာ ကြွတယ်, လှမ်းတယ်, ချတယ်, ရွှေ့တိုင်း ရွှေ့တိုင်း အကုန်သိရတယ်၊ အဲဒီလို အကုန်လုံးသိပြီးတော့ သွားနေယင်တော့ သွားတတ်ပြီ၊ လက်ကလေး ကွေးလိုက်ပြန်လို့ရှိယင်လဲ

ကွေးတယ်, ကွေးတယ်, ရွှေ့တိုင်း ရွှေ့တိုင်း အကုန်သိရမယ်၊ စားတဲ့အခါမှာဆိုယင်လဲ ကိုယ်အမူအရာတွေပြုတိုင်း အရသာတွေပေါ်တိုင်း အဲဒါတွေအကုန်လုံး မှတ်နိုင်လို့ရှိယင် ဒါစားတတ်ပြီတဲ့၊ သွားတတ်ပြီ၊ စားတတ်ပြီ၊ နေတတ် ထိုင်တတ်ပြီလို့ ဆိုရမယ်။

ဒီလို မရှုမမှတ်ပဲနဲ့ အလွတ်နေ နေလို့ရှိယင်တော့ ခုနကပြောတဲ့ နန္ဒီရာဂတွေဝင်နေတာ၊ အဲဒါတွေက မသွားတတ် မစားတတ်၊ မနေတတ်၊ မထိုင်တတ်တဲ့ ကလေးများနဲ့တူတယ်တဲ့။

ဒီဥဒယဗ္ဗယဉာဏ် ရောက်တဲ့ အခါကာလကျတော့ ကြောင့်ကြ ဗျာပါရမစိုက်ရပဲနဲ့ အမှတ်ကလေးတွေက သူ့ဟာသူ သွားနေတယ်၊ အရောင်အလင်းတွေလဲ ပေါ်တတ်တယ်၊ အုံ့ဩစရာ အင်မတန်ကောင်းတယ်၊ အရောင်အလင်းတွေများ သိပ်လင်းတာ၊ တချို့များသိပ်လင်းတာ၊ အရောင်အလင်းတွေ မီးမထွန်းပဲနဲ့လင်းတယ်၊ သိပ်နေရာကျတာ၊ ပိတိတွေတဲ့ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်း တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ ဖြစ်နေတယ်၊ ကိုယ်တွေများ ပေါ့ပါးပြီးတော့ ကောင်းကင်များ လွင့်နေသလိုပဲ၊ တက်နေသလိုပဲ၊ နေလို့ထိုင်လို့ကလဲ ကောင်းပါဘိနဲ့၊ အဲဒါတွေတွေ့တာကိုး၊ ဝမ်းမြောက်ဝမ်းသာစရာတွေ ဖြစ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ နေတာလဲရှိတယ်၊ ဒီလောက် ဝမ်းသာတာ စိတ်ချမ်းသာတာတော့ ဘယ်တော့မှမတွေ့ဖူးဘူး၊ လူ့လောကမှာ ဒါလောက် ချမ်းသာတာမတွေ့ဖူးဘူး၊ အဲဒါတွေ တွေ့နေတယ်။

သဘောကျမနေနဲ့ မှတ်လို့ကိုး

အဲဒါတွေတွေ့နေတော့ ယောဂီပုဂ္ဂိုလ်က သဘောကျတယ်၊ သဘောကျတာ ဘာလဲ ဆိုတော့ နန္ဒီရာဂကလေး ဝင်လာတာ သာယာလာပြီ၊ အဲဒါ အားရပါးရနဲ့ပြောတယ်၊ အချင်းချင်းလဲပြောတာပဲ၊ ကမ္မဋ္ဌာန်း ဆရာတွေကိုလဲ ပြောတာပဲ၊ ပြောတော့ ပြောရမယ့်ဥစ္စာပါပဲ၊ ပြောတဲ့အခါကျတော့ ကမ္မဋ္ဌာန်းဆရာက ဘာပြောတုံးဆိုတော့ ကမ္မဋ္ဌာန်းဆရာလဲ သဘောကျပါတယ်၊ ဒီလိုဟာတွေတွေ့တာ တွေ့ဖို့ရာပဲ၊ အားထုတ်ရတာပဲ၊ သူလဲ တွေ့ခဲ့တဲ့ဥစ္စာတွေပေါ့၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာက ပြောတာ၊ ဒါပေမယ့် ဒီတွင်ရပ်နေမှာစိုးလို့ ရှေ့မတိုးပဲနေမှာစိုးလို့ ကမ္မဋ္ဌာန်းဆရာက ဘာပြောပြန် သလဲဆိုတော့ အဲဒါလေးတွေ မှတ်လိုက်အုံးလို့ဆိုတော့ ယောဂီက သိပ်သဘောမကျဘူး၊ နန္ဒီရာဂကို သဘောကျနေတယ်၊ နန္ဒီရာဂဖြစ် နေတာလေးကို သူကြိုက်နေတယ်၊ ဒါလေး မှတ်လိုက်လို့ ပျောက်သွားမှာ သူကစိုးရိမ်နေတယ်။

တချို့များ ဖွင့်လဲလျှောက်တယ်၊ ဘယ့်နယ်လျှောက်သလဲဆိုတော့ တနေ့လောက်ဘုရား၊ ဒါလေးနဲ့နေစမ်းပါရစေအုံး၊ ဒီတိုင်းပဲ နေချင်ပါသေးတယ်၊ မမှတ်ပဲနဲ့ ဒီလိုကို၊ သူ့ဥစ္စာ ကောင်းပါတယ်၊ နေလဲ ကောင်းပါတယ်လို့ အလိုက်သင့်ပဲပြောရတယ်၊ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ်လို့ မှတ်တော့လဲ မှတ်ပါအုံး၊ ဒါလေးကို ကောင်းတော့ကောင်းတာပဲ၊ မှတ်လဲ မှတ်ပါအုံး၊ ဒီကောင်းတဲ့အာရုံတွေပေါ်နေတာလဲ သဘောကျပြီးလက်ခံနေတာလဲ ကိစ္စတော့မရှိပါဘူး၊ ဒါပေမယ့် မှတ်တော့ မှတ်ပါအုံး၊ အချက်တိုင်း အချက်တိုင်း မှတ်လို့၊ ဒါလိုပြောရတယ်။

ဂေါတြဘူထိအောင် သာယာတဲ့ နန္ဒီရာဂ

အဲဒီလို ရှုမှတ်သွားတော့ အစဉ်အတိုင်း တက်သွားတော့ ဘယ်ရောက်သွားတုံးဆိုတော့ နောက်ဆုံး သခ်ါရပေက္ခာ ဆိုတာ ရောက်သွားတယ်၊ သခ်ါရပေက္ခာဆိုတာ အင်မတန် ကောင်းပါတယ်၊ အရိယာမဂ် နားရောက်တော့မှာ၊ မဂ်ဖိုလ် ရောက်တော့မှာ၊ အင်မတန်ကိုကောင်းတယ်၊ ခုနကဥဒယဗ္ဗယဉာဏ်မှာ ကောင်းတာတွေထက် အဆပေါင်းများစွာကောင်းတယ်၊ သူ့ဟာ သိမ်မွေ့ပြီးတော့ အင်မတန်ကောင်းတယ်၊ အာရုံပေါ်လိုက်၊ သိလိုက်၊ ပျောက်လိုက်၊ အာရုံပေါ်လိုက်၊ သိလိုက်၊ ပျောက်လိုက်၊ အာရုံရောအသိရော ပျောက်နေတာကလေးတွေ မစဉ်းစားမကြံစည်ရပဲနဲ့ ကြောင့်ကြ ဗျာပါရ မစိုက်ရပဲနဲ့ တသိပြီးတသိ၊ တသိပြီးတသိ၊ အာရုံရော အသိရော၊ အာရုံရော အသိရော ပျောက်လိုက်နေတဲ့ အနိစ္စ သဘောတွေဆိုတာ အင်မတန်ရှင်းတယ်၊ အဲဒီကျတော့လဲပဲ ရှုလို့မှတ်လို့ကောင်းပြီးနေတာကို၊ သာယာနှစ်သက်ပြီးတော့ သဘောကျနေတယ်၊ ခုနကလိုပဲ ကိုယ်ထဲမှာ နေလို့ထိုင်လို့ကောင်းပြီး ပေါ့ပါးနေတာတွေဟာလဲပဲ အင်မတန်ပဲထူးခြားပါတယ်၊ နှစ်သက်သာယာနေတယ်၊ နှစ်သက်သာယာနေတာ ဘယ်ထိအောင်တုံးဆိုယင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဆိုတဲ့ အရိယာမဂ်ဆီ တက်တော့ မလို့ ပြေးလာသလို အမှတ်တွေမြန်လာတာရှိတယ်၊ အဲဒီထိအောင်လိုက်တယ်၊ ဂေါတြဘူထိအောင်လဲ လိုက်တယ်ဆိုလို့ ဆိုတာပဲ၊ အဲဒီထိအောင် သာယာတတ်တယ်တဲ့။

အဲဒီလိုသာယာတတ်တဲ့ နန္ဒီရာဂဟာ ဝိပဿနာမရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ အကုန်လုံးလက်ခံတယ်၊ ရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေက ဝိပဿနာထဲမှာ ထူးထူးခြားခြား ဖြစ်လာလို့ရှိယင် နှစ်သက်သာယာပြီးတော့ လက်ခံတတ်တယ်တဲ့၊ ဒါဟာ ငယ်ငယ်က ပေါင်းလာတဲ့ မိတ်ဆွေနဲ့တူတယ်တဲ့၊ သူက သတ်တာတဲ့၊ ဒီတိုင်း နှစ်သက်သာယာနေလို့ တရားကရှေ့မတက်လို့

အရိယာ မဂ်ဖိုလ်ဉာဏ်မရောက်လို့ရှိယင် ဘဝသံသရာထဲ ထပ်ခါထပ်ခါ ဖြစ်ရမယ်၊ ဖြစ်ရာဖြစ်ရာ ဘဝမှာ အိုရ, နာရ, သေရ မယ်တဲ့၊ ဒါကြောင့်မို့–

ဘိက္ခဝေ၊ ရဟန်းတို့။ ဆဋ္ဌော၊ ခြောက်ယောက်မြောက်ဖြစ်သော။ အန္တရစရော၊ အတွင်းသားဖြစ်သော။ဥက္ခိတသိကော၊ ချိမိုးအပ်သော ဓားသန်လျက်ရှိသော။ ဝဓကောတိဇတံ၊ သူသတ်ယောကျ်ားဟူသော ဤအမည်သည်။ နန္ဒီရာဂဿ၊ နှစ်သက်တပ်စွဲတတ်သော နန္ဒီရာဂ၏။ အဓိဝစနံ၊ အမည်ပေတည်း။

အဲဒီလို မြတ်စွာဘုရားက ဟောထားတယ်၊ ခုနက ဆောင်ပုဒ်ကလေးကို ဆိုကြအုံးစို့။

ရွာပျက်ပမာ ခြောက်ဒွါရာ

"မြွေလေးကောင်ကား(လ) ခြောက်ဒွါရသို့၊ ရောက်ကတဖုံ" ခုနကမြွေ ၄–ကောင်ကလိုက်၊ ရန်သူကြီးငါးဦးကလိုက်၊ ကိုယ့်မိတ်ဆွေအရင်းဖြစ်တဲ့ မိတ်ညာရန်ဘက်ကလိုက်၊ အဲဒီ ရန်သူတွေကြောင့်ပြေးရတာ ဘယ်ရောက်တုံးဆိုတော့ "ရွာပျက်သည်၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ" ရွာပျက်သည်–လူတွေမနေနိုင်တဲ့ ရွာပျက်ကုန်း၊ အိမ်တော့ရှိတယ်၊ အိမ်စုတ်အိမ်ပဲ့ကလေးတွေတော့ရှိတယ်၊ ဒါပေမယ်လို့ လူတွေမနေနိုင်ဘူး၊ ဒီရွာပျက်သည်ခြောက်ဒွါရ ရောက်လာပြီတဲ့၊ ရောက်လာတော့ ဘာဖြစ်ပြန်တုံး၊ ရွာပျက်သည်ခြောက်ဒွါရ၊ အဲဒီမှာ ရွာထဲမှာ မောမောပန်းပန်းနဲ့ စားစရာသောက်စရာတွေ လိုက်ရှာတယ်၊ ဘာမှမရှိဘူးတဲ့၊ လူမှမနေပဲဟာကိုး၊ အိုးရှိပေမယ့်လို့ အိုးထဲရေရှိမလားလို့ ကြည့်တော့ရေလဲမရှိဘူး၊ စားစရာ ရှိမလားလို့ ကြည့်တော့ ဘာမှစားစရာမရှိဘူး၊ ရွာပျက်သည် လူလဲမရှိ၊ သုံးဆောင်စရာလဲမရှိတဲ့ အသုံးမကျတဲ့ရွာဖြစ်နေတယ်၊ ရွာပျက်ကုန်းကိုး၊ အဲဒါ ရွာပျက်သည်ဆိုတာ ဘာတုံးဆိုတော့ ခြောက်ဒွါရပဲတဲ့၊ နောက်မှဟောရမယ်၊ ဒီကနေ့ မဟောနိုင်သေးဘူး၊ ဒွါရ ၆–ပါးပဲတဲ့၊ မျက်စိတို့, နားတို့, နှာခေါင်းတို့, လျှာတို့, ကိုယ်တို့, ပကတိပုဂ္ဂိုလ်တွေမှာတော့ ဒါက ရွာပျက်မဟုတ်ဘူး၊ အင်မတန်စည်ကားတဲ့ ရွာကြီး၊ မြို့ကြီး၊ သိပ်သာယာနေတာ၊ မျက်စိကလဲသာယာစရာ၊ နားကလဲ သာယာ စရာ၊ ဒါပေမယ့် ယောဂီပုဂ္ဂိုလ်မှာတော့ ရွာပျက်သည်၊ သုညလိုပဲ ဘာမှအသုံးမကျဘူးဆိုတာထင်လာအောင် "ရွာပျက်သည်၊ ခြောက်ဒွါသို့၊ ရောက်ကတဖုံ"ဆို။

ရွာပျက်သည်၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊
ခြောက်အာရုံဟု၊ သုံးစုံဒမြ၊ ဝင်လာကြ၍။

ဒမြပမာ ၆–ဖြာအာရုံ

ရွာပျက်က စားစရာ မရှိပေမယ့် သစ်ပင်ရိပ်မှာ ခဏတဖြုတ် မောမောပန်းပန်းနဲ့ နားလိုက်အုံးမှပဲ ဆိုပြီးတော့ နားနေတုန်း အကျိုးစီးပွားကို လိုလားတဲ့မိတ်ဆွေက လာပြောပြန်တယ်တဲ့၊ ခုနက ကိုယ်စောင့်နတ်လို့ ဆိုရမှာပေါ့ "ဟေ့ မင်း ဒီလိုနေလို့ မဖြစ်သေးဘူး၊ ဒီရွာကို ဒမြကြီး ၆–ယောက်ဝင်လာပြန်ပြီ၊ ရွာထဲလူတွေ့ယင် သတ်မယ်လို့၊ ပစ္စည်းရှိယင်လဲ ယူမယ်လို့လာကြပြီ"ဆိုတော့ ထွက်ပြေးရတာကိုး၊ ဒါကို "ခြောက်အာရုံဟု၊ သုံးစုံဒမြ၊ ဝင်လာကြ၍" ဒမြကြီးခြောက်ယောက်ဆိုတာဘာလဲဆိုတော့ အာရုံခြောက်ပါးပါပဲ၊ မြင်ရတဲ့အဆင်းအာရုံ၊ ကြားရတဲ့အသံအာရုံ၊ နံရတဲ့အနံ့အာရုံ၊ စားရတဲ့အရသာအာရုံ၊ တွေ့ထိရတဲ့အတွေ့အထိ အာရုံ၊ စိတ်ကူးစဉ်းစားကြံစည်ရတဲ့ သဘောအာရုံ၊ ဒီအာရုံခြောက်ပါး ဒမြကြီးခြောက်ယောက်တဲ့၊ အဲဒါ ဒမြကြီးတွေတဲ့။

ပကတိပုဂ္ဂိုလ်တွေအနေတော့ ဒမြတွေမဟုတ်ပါဘူး၊ ဒီဥစ္စာ, ကလဲ မိတ်ဆွေတွေပဲ၊ ဒီဥစ္စာ သူတို့ရှိလို့ပဲ၊ ဒီကာမအာရုံတွေမရှိလို့ရှိယင် နေလို့မကောင်းဘူး၊ သူက သာယာစရာတွေ၊ မိတ်ဆွေကြီးတွေ၊ တရားဘက်ကနေကြည့်ယင် ဒမြကြီးတွေတဲ့၊ ဒီရူပါရုံဝင်လာယင်လဲ ကုသိုလ်တရားတွေပျက်တယ်၊ ဝိပဿနာ ဘာဝနာတွေ အကုန်လုံး ပျက်တယ်၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အကုန်လုံးအာရုံ ၆–ပါးတွေ၊ ဒွါရ ၆–ပါးက ကျရောက်ပြီးတော့ ကုသိုလ်တရားတွေဖျက်ဆီးနေတာ၊ ဒီဥစ္စာတွေက နောက်မှဟောရမယ်၊ ဒီနေ့တော့ မဟောနိုင်သေးပါဘူး၊ နည်းနည်းပါးပါး အရိပ်နိမိတ်ကလေးသိအောင်လို့ နည်းနည်းပြောနေတာ၊ "ရွာပျက်သည်၊ ခြောက်ဒွါရသို့၊ ရောက်ကတဖုံ၊ ခြောက်အာရုံနှင့်၊ သုံးစုံဒမြ၊ ဝင်လာကြ၍၊ "ဝင်လာကြတော့ ထွက်ပြေးရတယ်၊ ပြေးတယ်၊ "ဩဃလေးသွယ်၊ မြစ်ပင်လယ်" ဆို–

ဩဃလေးသွယ်၊ မြစ်ပင်လယ်၏(လ) ဟိုကမ်းဌာန်သို့။

ဩဃလေးသွယ်မြစ်ပင်လယ်

ဩဃလေးသွယ်၊ မြစ်ပင်လယ်၊ ရေပြင်ကျယ်ကြီး ရောက်သွားတယ်တဲ့၊ ရေပြင်ကျယ်ကြီး ရောက်သွားတော့ ကူးစရာပဲ ရှိတော့တယ်။

ဒီဘက်ကမ်းပမာ သက္ကာယာ

အဲဒီမှာ ဒီဘက်ကမ်းက ဟိုဘက်ကမ်းရောက်အောင် ကူးရမှာ၊ နောက်က ရန်သူတွေ မလိုက်နိုင်အောင် နောက်က မြွေကြီး ၄–ကောင်လဲ လိုက်လာတယ်၊ ရန်သူကြီး ငါးယောက်ကလဲ လိုက်လာတယ်၊ ကိုယ့်မိတ်ဆွေ ရန်သူလဲ လိုက်လာတယ်၊ ပြီးတော့ ဒမြကြီး ၆–ယောက်ကလဲ လိုက်လာတယ်၊ အဲဒါတွေက လွတ်မြောက်အောင် ဟိုဘက် ကမ်းရောက်မှ လွတ်မြောက်မယ် ဆိုတာကိုး၊ ဟိုဘက်ရောက်အောင် ကူးရမှာကိုး၊ ဘာမှ ကူးစရာမရှိတော့ ဤဘက်ကမ်းက ဘာတုံးဆိုတော့ သက္ကာယတဲ့၊ ခန္ဓာငါးပါးပါပဲ။

မဂ္ဂင်ဖောင်ဖွဲ့ကူး

"ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့" ဟိုကမ်းဆိုတာ နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ရောက်မှ အေးမှာကိုး၊ ဘာနဲ့ကူးရမလဲဆိုတော့ "ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍" အဲဒီမှာပြေးတဲ့ ပုဂ္ဂိုလ်က ရှိသမျှ အမှိုက်တို့, သစ်ခက်တို့, မြက်တို့, နွယ်တို့နဲ့ ရသမျှကလေးစုပြီးတော့ လူတကိုယ်ခံရုံပေါ့လေ၊ ဖောင်ကလေး လုပ်လုပ်ပြီးတော့ အဲဒီမှာ ဝမ်းလျားမှောက်ပြီးတော့ လက်နဲ့ခြေနဲ့ယက်ပြီးတော့ ကူးရတယ်တဲ့၊ အဲဒါလိုပဲ၊ အခု မဂ္ဂင်ရှစ်ပါးနဲ့ ကူးရမှာကိုး၊ "ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်းကူးယက်၊ အားထုတ်ချက်ဖြင့်" အတွင်ကူးယက်တဲ့၊ ဝီရိယနဲ့ ကူးလိုက်တဲ့အခါမှာ ဟိုဘက်ကမ်းရောက်သွားတယ်တဲ့။

ဟိုဘက်ကမ်းရောက်တော့ နောက်က မြွေ ၄–ကောင်ရန်သူလဲ မလိုက်နိုင်ဘူး၊ ရန်သူကြီး ငါးယောက်လဲ မလိုက်နိုင်ဘူး၊ ကိုယ့်မိတ်ဆွေရန်သူလဲ မလိုက်နိုင်ဘူး၊ ဟိုဘက်ကမ်းက ပိုင်နက်မဟုတ်ပဲဟာကိုး၊ ဟိုဘက်ထိအောင် မလိုက်နိုင်ဘူး၊ ဒမြကြီးတွေလဲ မလိုက်နိုင်ဘူးတဲ့၊ ဘေးရန်အန္တရာယ်တွေ အကုန်လုံးကင်းပြီး လွတ်မြောက်သွားတယ်တဲ့၊ အဲဒါ ဘယ်သူတုံးဆိုတော့ ရဟန္တာဖြစ်သွားတာတဲ့၊ ရဟန္တာဖြစ်တော့ သံသရာနဲ့ပတ်သက်တဲ့ ဘေးရန်အန္တရာယ်တွေ ဘာမှမရှိတော့ဘူး၊ အကုန်လုံး လွတ်မြောက်ပြီးတော့ သွားတယ်၊ အဲဒါကို ဆိုတယ်၊ ကိုင်း–ဆိုရမယ်။

ဩဃလေးသွယ်၊ မြစ်ပင်လယ်၏၊ (လ) ဘုရားမြတ်ပေတည်း။

နန္ဒီရာဂ

အဲဒီရောက်အောင် အားထုတ်ရမယ်တဲ့၊ ကနေ့ နန္ဒီရာဂအကြောင်းနဲ့စပ်ပြီးတော့ ပြောရမယ်၊ နန္ဒီရာဂဆိုတာ ခုနက ပြောတဲ့အတိုင်း ကောင်းတဲ့အာရုံတွေ တွေ့တိုင်းတွေ့တိုင်း နှစ်သက်သာယာနေတာတဲ့၊ သူရှိတဲ့အတွက်ကြောင့် ဘဝသံသရာထဲမှာ ဒုက္ခရောက်ရတယ်တဲ့၊ ဘဝသံသရာထဲမှာ ဒီတွယ်တာမှုကလေးကြောင့် တွယ်တာတဲ့နေရာလေးမှာ ဒုက္ခရောက်ရတယ်။

သောဏကုဋိကဏ္ဏမထေရ်အကြောင်း

သောဏ ကုဋိကဏ္ဏ မထေရ်ဆိုတာ မြတ်စွာဘုရားလက်ထက်က အင်မတန်ထင်ရှားတဲ့ ရဟန္တာမထေရ်ကြီး တပါးပါပဲ၊ သောဏမထေရ်ပါပဲ၊ သောဏမထေရ်က ၂–ပါးရှိတယ်၊ သောဏမထေရ် ကောဋိဝိသဆိုတဲ့ သောဏမထေရ်ကတော့ အင်မတန် နူးညံ့သိမ်မွေ့တယ်၊ ငယ်ငယ်ကလဲ အင်မတန်ချမ်းသာတဲ့ နေရာကနေပြီးတော့ အင်မတန် နူးညံ့သိမ်မွေ့ပြီး အင်မတန် ချမ်းချမ်းသာသာနဲ့ ကြီးပွါးလာရတယ်၊ ခြေဖဝါးများတောင်မှ ခြေဖမိုးများမှာ အမွေးပေါက်သလို အမွေးတွေ ပေါက်နေတယ်တဲ့၊ အဲဒီ သောဏမထေရ်ဆိုတာက တပါးရှိတယ်၊ ချမ်းသာတဲ့ပုဂ္ဂိုလ်ပါပဲ။

ဒီကုဋိကဏ္ဏဆိုတာကလဲ သူကလဲ ချမ်းသာတဲ့ သဒ္ဒေးသားတယောက်ပါပဲ၊ ကုဋေတန်တဲ့ နားအဆင်းတန်ဆာရှိလို့ ကုဋိကဏ္ဏသောဏမထေရ်၊ ဒီသောဏမထေရ်ရဲ့ အတ္ထုပ္ပတ္တိထဲမှာတွေ့ခဲ့ရတဲ့ အကြောင်းအရာကလေးက တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ သူ့မိဘတွေက သဒ္ဒေးမျိုးတွေဆိုတော့ ငယ်ငယ်ကတည်းက ကြီးပွါးချမ်းသာပြီးတော့ အရွယ်ရောက်တဲ့ အခါကာလမှာ ဘာမှ မလုပ်ရမကိုင်ရပါဘူး၊ မိဘဆိုတော့ သားသမီးကို အင်မတန် ချစ်ကြတာကိုး၊ ရာသီဥတုသုံးပါးနဲ့လိုက်လျောတဲ့ တိုက်အိမ်ကြီးတွေ၊ အဆောက်အအုံကြီးတွေ၊ ၃–မျိုးဆောက်ပြီးတော့ မိုးရာသီမှာ သင့်တော်တဲ့ အဆောက်အအုံမှာ

မိုးတွင်းမှာနေ၊ ဆောင်းရာသီမှာ သင့်တော်တဲ့ အဆောက်အအုံ ဆောင်းတွင်းမှာနေ၊ နွေရာသီမှာ သင့်တော်တဲ့အဆောက်အအုံ နွေခါမှာနေ၊ အဖြွေအရံတွေနဲ့ အလုပ်အကျွေးတွေနဲ့၊ အတီးအမှုတ်တွေနဲ့ တခါတည်း ပျော်ပွဲတွေဆင်ပြီးတော့ နေတာကိုး၊ ပျော်ပွဲတွေဆင်နေကြတယ်။

အဲဒီလိုနေရာက သူ့အဖေကတော့ စီးပွါးရေးတွေ လုပ်ရတယ်ဆိုတာကိုး၊ စီးပွါးရေးတွေ၊ လယ်ထွန်ဖို့ စိုက်ပျိုးဖို့၊ စိုက်ပျိုးရေးတွေဘာတွေ အမြတ်မ်းစီမံခန့်ခွဲနေတော့ မေးကြည့်တယ်တဲ့၊ အဖေစိုက်ပျိုးရေးတွေ တယ်လုပ်ရပါကလား၊ ဘယ့်နယ်ကြောင့်လုပ်ရသလဲ၊ ဟာဒီလိုလုပ်ရတယ် လူ့လောကဆိုတာ၊ မင်းလိုချည်းပဲ ဘာမှမလုပ်ပဲနဲ့နေယင် ဘယ်တို့အိမ်မှာ စားစရာရှိမှာတုန်း၊ စိုက်ပျိုးရေးဆိုတာလုပ်ရတယ်၊ ကိုယ်လုပ်မှကိုယ်ရတာ၊ ဘယ်သူက လာရအောင်လုပ်ပေးမလဲ၊ စိုက်ပျိုးရေးဆိုတာလုပ်ရတယ်၊ ဒီလိုဆိုယင်တော့ အဖေချည်းပဲလုပ်နေလို့ မဖြစ်ဘူး၊ ကျွန်တော်လဲ လုပ်အုံးမှဖြစ်မှာပဲ၊ ငါ့သားမလုပ်ပါနဲ့၊ ဟာ ကျွန်တော်လဲ လုပ်အုံးမှဖြစ်မှာ၊ အဖေချည်းပဲ လုပ်နေလို့ မဖြစ်ဘူး။

ရှေးတုန်းက ကုန်ကူးသန်းရောင်းဝယ်မှုတွေ လုပ်ကြတာကိုး၊ တခါတည်း လှည်းကုန်သည်တွေနဲ့ လှည်းပေါင်းငါးရာနဲ့ ကူးသန်းရောင်းဝယ်ရေးတွေ သူက ထွက်လုပ်တာကိုး၊ ကူးသန်းရောင်းဝယ်ရေး ထွက်တော့ ပင်လယ်ထိအောင် ခရီးတောင်မှ သွားလိုက်သေးတယ် ဆိုတာကိုး၊ ထားပါတော့၊ အဲဒါကတော့ သိပ်မရေးမကြီးပါဘူး၊ ကူးသန်းရောင်းဝယ်ရေးက အဲဒီမှာ အဖိုးတန်တဲ့ ပစ္စည်းတွေ ဒီက ယူသွားတာ၊ ဟိုမှာရောင်း၊ ဟိုက ပစ္စည်းတွေ ယူလာ၊ သူတို့အရပ်က အဝန္ဒိတိုင်း၊ အိန္ဒိယထဲမှာ အဝန္ဒိတိုင်းဆိုတာ ရှိပါတယ်၊ ဆန်ချိတို့ အနားကပေါ့လေ၊ အဝန္ဒိတိုင်း ဝါသဝဆိုတဲ့ ရွာကလေးတခု ရှိတယ်၊ တော်တော်ကြီးတဲ့ ရွာနဲ့တူပါတယ်၊ အဲဒီရွာက ဆိုတာပဲ။

အဲဒီကနေပြီး ပြန်လာတဲ့အခါ တနေ့သော အခါကာလကျတော့ သူက မောမောပန်းပန်းနဲ့ တနေရာမှာ အိပ်နေတယ်၊ လှည်းကုန်သည်တွေနဲ့ ရောနှောပြီးတော့ အိပ်လို့ရှိယင် ဆူဆူညံညံရှိမယ်ဆိုပြီးတော့ သူက ဆိတ်ငြိမ်တဲ့နေရာလေး တနေရာ သွားပြီးတော့ အိပ်နေတယ်၊ အိပ်မောကျသွားတယ်။

အဲဒီနေ့မှာ လှည်းကုန်သည်တွေကလဲပဲ သူတို့ အချိန်အခါကာလ အားလျော်စွာ ကုန်ပစ္စည်းတွေ တင်ပြုပြီးသကာလ ခရီးတထောက်ထွက်တာကိုး၊ ထွက်တော့ အမှတ်တမဲ့နဲ့ သူတို့ခေါင်းဆောင်ဖြစ်တဲ့ သောဏက လှည်းကုန်သည် ခေါင်းဆောင်ကြီးပါပဲ၊ ဆရာကြီး မေ့နေတယ်၊ ခေါင်းဆောင်ကြီး မေ့နေတယ်၊ ငယ်သားတွေက သူ့အချိန်နဲ့သူ ထွက်သွားကြတယ်၊ ထွက်သွားလို့ အင်မတန် ခရီးတွေ လွန်လာတော့မှ သူတို့ခေါင်းဆောင် လှည်းကုန်သည်ကြီး ရှင်သောဏ ပါရဲ့လားလို့ ရှေးက ပါမှာပါပဲ၊ နောက်က လူတွေက ရှေ့သွားမေးတော့လဲ နောက်က ပါမှာပါပဲလို့ ပြောတယ်၊ အလယ်လဲ မရှိ၊ ရှေ့လဲမရှိ၊ နောက်လဲမရှိ၊ သူနဲ့ရင်းနှီးတဲ့ သူ့တပည့်တွေက ဟေ့–နေကြအုံး၊ ဒီလိုဆိုယင် မဖြစ်သေးဘူး၊ တို့ဆရာ မပါဘူး၊ ဘယ့်နှယ်လုပ်မတုန်း၊ ပြန်အုံးမှ ဖြစ်မယ်၊ ပြန်လို့လဲ မဖြစ်ဘူး၊ လှည်းကုန်သည်တွေ များတာနဲ့၊ ဒီတော့ တို့အကုန်လုံး သေကုန်လိမ့်မယ် မဖြစ်ဘူးဆိုတော့၊ ဒါနဲ့ မပြန်ကြဘူး၊ ဒီတိုင်း သွားကြတာ။

သွားကြတော့ သောဏက သူ့မြည်းရထားလေးနဲ့ဆိုတာကိုး၊ သူ့အဖေက မြင်းတို့ဆိုတာ ကြမ်းတယ်ဆိုပြီး မြည်းရထားကလေးကို သူစီးဖို့ရာ ပေးထားတယ်၊ အဲဒီ မြည်းရထားလေးတခုပဲ ကျန်တယ်၊ အဲဒါလေးနဲ့စီးပြီးတော့ တယောက်တည်း ဘယ်ကဘယ်သွားရမှန်းလဲ မသိဘူး၊ လမ်းလဲ သိမှာမဟုတ်ဘူး၊ အဲဒါနဲ့ သူက နောက်က လိုက်လာတယ်၊ နောက်ကလိုက်ဆို လှည်းကြောင်းတွေရှိယင်တော့ လိုက်လို့ရမှာပေါ့၊ လှည်းကြောင်းမရှိယင်တော့ ခက်တာပဲ၊ အခုကာလကို လမ်းပန်းအဆက်အသွယ်တွေကလဲပဲ အခုလိုမှမဟုတ်ပဲ၊ ရှေးတုန်းကဆို တောလမ်းတွေက တော်သလိုသွားကြရတာ၊ အခုခေတ်မှာတော့ ကို လမ်းတွေက ကောင်းအောင်လုပ်ထားတာကိုး၊ ဟိုတုန်းက လမ်းပန်းတွေကလဲ ဒီလို အဆက်အသွယ်ကောင်းတာ မဟုတ်ဘူး၊ သူခိုး, ဒမြတွေက ပေါက ပေါပါဘိသနဲ့၊ ဟိုတုန်းက အုပ်ချုပ်ရေးကလဲ အတော်ညံ့သေးတာကိုး၊ သူခိုး ဒမြတွေကလဲ လူစု သူစုတွေနဲ့ လှည်းကုန်သည်တွေကို ဖမ်းဆီးလိုက်တာပဲ၊ လှည်းကုန်သည်တွေထဲ မှာလဲပဲ ဒီလို ဒမြတွေ တိုက်လို့ရှိယင် ဒမြတွေကို ခုခံဖို့ရာ လူမိုက်တွေ လူစွမ်းကောင်းတွေ အများကြီး ပါရသေးတယ်၊ လေးသမားတွေ ပါရတယ်၊ ဒီလိုသွားရတယ်၊ သက်သက်သာသာ မဟုတ်ဘူး၊ ဒါတောင်မှလဲပဲ ဟိုက လမ်းက အုပ်စုက နိုင်လို့ရှိယင် အကုန်လုံး တိုက်ခိုက်သတ်ဖြတ်ပြီး ယူကုန်တာပဲ။

အဲဒီတော့ သူက နောက်ကလိုက်ရတယ် ဆိုပေမယ်လို့ သူ့မှာ လမ်းမှန်ချင်မှမှန်မှာ၊ ဘယ်က ဘယ်ရောက်နေမှန်းမသိပါဘူး၊ အဲဒါနဲ့ သူမြည်းရထားကလေးနဲ့ လိုက်ပြီးတော့ လာတော့ မြည်းတွေက အနံ့ခံခံပြီးတော့ သွားနေတယ်ဆိုတာကိုး၊ ရှေ့က သွားတဲ့လမ်း အနံ့ ခံခံပြီးတော့ သွားနေတော့ သူကလဲပဲ ရထားတွေလဲ မောင်းဖူးတာ ဟုတ်ပုံ မရပါဘူး၊ သူ အခုမှ စွန့်စားပြီးထွက်လာတာ၊ တခါတည်း အလုပ်က သူက လုပ်ဖူးတာ ဟုတ်ပုံ မရှိဘူး၊ အဲဒီတော့ မြည်းက တကတည်း အနံ့ ခံခံပြီးတော့ လမ်းကို အနံ့ ခံခံပြီး လိုက်နေတာ၊ အားမရတော့ နှေးလှပါလားဆိုပြီးတော့ ရိုက်နှိုက်လုပ်တော့၊ တခါ မြည်းတွေ ဒုက္ခရောက်ကုန်တော့ သူစဉ်းစားတယ်တဲ့၊ သူတို့လဲ မောလှ ပန်းလှပြီ၊ လမ်းမသိလို့ သူတို့ အနံ့ခံပြီး ဖြည်းဖြည်းဖြည်းဖြည်း

သွားနေတာ ငါသွားရိုက်မိတယ်ဆိုပြီးတော့ သူက သူတော်ကောင်းစိတ် ပေါက်ပြီးတော့ ကရုဏာဖြစ်တယ်၊ သူတော်ကောင်းတွေဟာ သနားတတ်တယ်။

ဒီတော့ သနားစိတ်ဖြစ်တယ်ကွာ၊ ငါလဲ ရိုက်မိတယ်၊ ငါလဲပဲ မင်းတို့ကို မညှဉ်းဆဲတော့ပါဘူး၊ ကဲ–မင်းတို့လဲ မင်းတို့အလိုရှိရာ သွားကြတော့ကွာ၊ မင်းတို့ စားချင်ရာစား၊ သွားချင်ရာ သွားကြတော့၊ ငါလဲ မင်းတို့ကို မခိုင်းတော့ပါဘူး၊ ငါလဲ ငါ့ခြေထောက်နဲ့ ငါပဲ လမ်းလျှောက်တော့မယ်ဆိုပြီး မြည်းတွေလွှတ်ပြီး သူက ခြေလျင်လျှောက်တာကိုး။

ပြိတ္တာမြို့ရောက်

ခြေလျင်လျှောက်တော့ ရှေးဦးစွာ ဘယ်ရောက်သွားတုန်းဆိုတော့ ပြိတ္တာမြို့ကြီးတမြို့ကို ရောက်သွားတယ်တဲ့၊ ပြိတ္တာမြို့ဆိုတာ ရှိတယ်၊ ရှေးက ဗမာပြည်လဲပဲ ဒီလိုပဲ လူတွေပြောတယ်၊ ကျတ်သရဲတို့ ရွာကြီးတွေ ရှိနေတာပဲ၊ ပြိတ္တာမြို့ကြီး တမြို့ ရောက်သွားတယ်၊ ရေကလဲမသောက်ရလို့ ရေကလဲငတ်တော့ မြို့ကြီး တမြို့ရောက်သွားတော့ သူက ရေပေးကြပါ၊ ရေပေးကြပါလို့ သွားတောင်းတော့ ဟိုက ပြိတ္တာမြို့ကလဲ သူတို့က အစောင့်ရှိတယ်၊ ဒီမှာ ရေမရှိဘူး၊ မြို့ထဲသွားပေတော့၊ မြို့ထဲရောက်တော့ သူက ရေပေးကြပါ၊ ရေပေးကြပါလို့ တောင်းတယ်၊ ဟိုက ပြိတ္တာမြို့က ပြိတ္တာတွေက ပြောတယ်တဲ့၊ အောင်မယ်သောဏမင်းပြောလို့ တို့ရေကြားရတာ၊ အစကဆို ကြားတောင် မကြားဖူးဘူး၊ ရေသောက်ဖို့ရာ နေနေသာ သူတို့က ရေတောင် မကြားဖူးဘူး၊ မင်းပြောလို့ အခုမှကြားရတယ်ဆိုတော့ ခွကျတာပဲဆိုပြီး ခင်ဗျားတို့က ဘာတုံး၊ ကျုပ်တို့က ပြိတ္တာတွေ၊ ဟိုလူက ဒါပြိတ္တာမြို့လို့ပြောလို့ရှိယင် အစကဒီထဲမဝင်ဘူး၊ ပြိတ္တာမြို့ထဲ ငါရောက်နေပြီဆိုတော့ ညည်းတာကိုး၊ ညည်းတော့ ဟိုကပြိတ္တာတွေက သောဏ အသင်ကတော့ ကုသိုလ်ကောင်းမှုတွေ ရှိပါတယ်၊ ပြိတ္တာမဖြစ်နိုင်ပါ ဘူးပေါ့လေ၊ သူတို့သာ ကောင်းမှုမရှိလို့ ဖြစ်နေတယ်၊ မင်းကတော့ ဘုန်းကံရှိတယ်၊ မင်းတော့ မဖြစ်ဘူးတဲ့၊ ကဲကဲလာတဲ့ လမ်းအတိုင်းပဲ ပြန်သွားပေတော့ဆို ပြန်သွားတယ်။

လမ်းပေါက်ရာရောက်တော့ ခုနကစောင့်တဲ့လူ တွေ့တော့ ပြောတယ်၊ ခင်ဗျားဗျာ နေရာမကျလိုက်တာ၊ ပြိတ္တာမြို့လို့ ပြောယင် ကျုပ်မသွားဘူး၊ ရှင်သောဏတော့ ကုသိုလ်ကောင်းမှုတွေ ပြည့်စုံပါတယ်၊ ဘုန်းကံရှိပါတယ်၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ ခင်ဗျားလွတ်ရာသာ သွားပေတော့ဆိုတော့၊ နောက်တော့ သူတို့လဲပဲ နောက်ဆုံး ပစ္ဆိမဘဝိကဖြစ်တော့ သံဃဂ ရအောင်လို့ သံသရာက ကျွတ်လွတ်ရမယ့်လူမို့ တွေ့တာနဲ့တူပါတယ်၊ မျက်မှောက်တွင် ကိုယ်တွေ့ တွေ့ရတာ၊ ကိုယ်တွေ့မတွေ့ယင်လဲ သံဃဂဖြစ်ချင်မှ ဖြစ်မှာ၊ ခုတော့ ကိုယ်တွေ့တွေ အခုတွေ့ရတယ်။

နေ့ခံ ညခံ

နောက်တခါ ဗိမာန်ကြီးတခုနဲ့ တွေ့ပြန်တယ်၊ နတ်သမီး ၄–ယောက်နဲ့၊ အင်မတန်လှပပြီး တင့်တင့်တယ်တယ် ဆင်ယင်ဝတ်စားပြီးတော့နေတဲ့ လူတယောက်နဲ့ တွေ့တယ်၊ ဒါတော့ နတ်လားမသိဘူး နဂါးလား၊ ဂဠုန်လား၊ ဘာလဲမသိဘူး ဆိုပြီးတော့ သူကသွားတော့ ဟိုကဆီးပြီးတော့ နှုတ်ဆက်တယ်တဲ့၊ သောဏ လာခဲ့ပေတော့ မင်းလာတာ အချိန်ကောင်းပဲ၊ ကောင်းသောလာခြင်းပဲ၊ လာပါလာပါလို့ ခေါ်တယ်၊ အဲဒီလို ပြောပြီး နှုတ်ဆက်တော့ နေရာကျပြီ၊ ရေတော့သောက်ရတော့မှာ၊ စားရတော့မှာ၊ ဟိုကပြောသေးတယ်တဲ့၊ ဒီမှာ ရေတတ်တဲ့လူ မရှိရဘူး၊ ဆာတဲ့လူ မရှိရဘူး၊ ရေမငတ်ရဘူး၊ မဆာရဘူး၊ စားရေးသောက်ရေး ပြည့်စုံရမယ်လို့ ဟိုကပြောတော့ သူကအားတက်ပြီး အေးဗျာ ဆာလိုက်တာ ရေကိုမပြောပါနဲ့တော့၊ ရေကလေးသောက်ပါရစေ၊ စားစရာလေး စားပါရစေ၊ ကိစ္စမရှိဘူး၊ ရေတွေချိုးပြုပေးပြီး ရေတွေလဲသောက်၊ အစားတွေလဲ ကျွေးမွေးပြီးတော့ ဧည့်ခံတယ်တဲ့။

ဧည့်ခံပြီးတော့ ဒီနေ့ညတည်းလုံး သူကနတ်စည်းစိမ်တွေ ခံစားနေတာကိုး၊ နတ်လို ဝေမာတိကပြိတ္တာပါပဲ၊ သူကလဲ ခံစားနေတဲ့အခါ မနက်လဲနေထွက်ချိန်လဲရောက်လာရောတဲ့၊ ပြောတယ်တဲ့၊ ဟေ့သောဏ မင်းဒီမှာနေလို့ မဖြစ်ဘူး၊ ဘေးရန်အန္တရာယ်တွေ ရောက်တော့မယ်လို့ ပြောတယ်၊ ဒါနဲ့သူလဲ ဖယ်နေတယ်၊ ဖယ်နေယင်း အဝေးကကြည့်နေတော့ ဘုံဗိမာန်ကြီး ပျောက်သွားတယ်၊ ခုနက နတ်သမီး ၄–ယောက်လဲ ပျောက်သွားတယ် မရှိဘူး၊ ဘာတွေဖြစ်လာသလဲဆိုတော့ တော်တော်ကြာတော့ ခွေးကြီး ၄–ကောင် ရောက်လာတယ်တဲ့၊ ခွေးကြီး ၄–ကောင်က သူ့ကို အတင်းဝင်ပြီးတော့ သူ့ကို ကိုက်ကြစားကြတာပဲတဲ့၊ ကိုက်ပြီးတော့ အသားတွေ အတင်းဝါးပြီးတော့ စားကြတာပဲ၊ ခံနေရတယ်၊ တနေ့လုံး နေလဲဝင်သွားရော တခါတည်း နေဝင်သွားတာနဲ့ ဒီခွေးကြီးတွေ ပျောက်သွားတယ်၊ ဗိမာန်ကြီးလဲ ပြန်ပေါ်လာတယ်၊ ဘုံဗိမာန်ကြီး ပြန်ပေါ်လာပြီးတော့ နတ်သမီးလေးယောက်လဲ ရောက်လာတယ်၊ သူလဲပဲ ခုနကပြိတ္တာကလဲပဲ နတ်ဝတ်နတ်စားတွေနဲ့ တင့်တင့်တယ်တယ်ကြီး တခါတည်း သူလဲဝတ်စားလို့ စားကောင်းသောက်ဖွယ်တွေလဲ စားသောက်လို့ နတ်စည်းစိမ်တွေကို သုံးဆောင်ခံစားနေတယ်ဆိုတာကိုး။

နေ့ခံ ညစံ ပြိတ္တာရဲ့ အတိတ်ဇာတ်ကြောင်း

ခင်ဗျားတို့ နေစမ်းပါအုံး ဘာတွေတုံး၊ ဘာတွေဖြစ်နေကြတာလဲ၊ ကျုပ်တို့ ပြိတ္တာတွေပဲ၊ ဘာပြုလို့ ဒီလိုဖြစ်ရတာလဲ၊ သူဖြစ်ခဲ့တာပြောတယ်၊ ကျုပ်က ရှေးက သိုးတွေ သတ်ပြီးတော့လာခဲ့တယ်၊ သိုးသတ်ယောက်ျား ဖြစ်ခဲ့တယ်၊ သိုးသတ်ယောက်ျား ဖြစ်လာတော့ ရှင်မဟာကစ္စည်းက သနားလို့ သူလာပြီး ဆုံးမတယ်တဲ့၊ မင်းမကောင်းမှုအကုသိုလ်တွေ သိပ်မပြုနဲ့ ကြဉ်ရှောင်ရမယ်လို့ ပြောတယ်၊ အသက်မွေးဝမ်းကျောင်းဆိုတော့ ကျုပ်ကလဲ မရှောင်နိုင်ဘူး၊ မရှောင်နိုင်တော့ ရှင်မဟာကစ္စည်းက ထပ်ထပ်ပြီးတော့ပြောတယ်၊ မရှောင်နိုင်တော့နေအုံးကွာ၊ မင်းဒါလောက် ရှိလှတယ်၊ မင်းသိုးသတ်တဲ့အလုပ်က ဘယ်အချိန်လုပ်ရသလဲ၊ နေ့လုပ်ရတယ်၊ ဒါဖြင့်ကွာ နေ့လုပ်ရလို့ရှိယင် ညတော့ သီလလေး ဆောက်တည်စမ်းပါအုံး၊ သူတတ်နိုင်တဲ့ဘက်ကနေ ကူညီရတာကိုး၊ ခုနက ကရုဏာဆိုတာ သနားတာ၊ ဒီပုဂ္ဂိုလ် ဒုက္ခ ရောက်ရှာတော့မယ်ဆိုတာ မြင်ပြီးတော့ သနားတယ်၊ အဲဒါနဲ့ ညတော့သီလလေး ဆောက်တည်အုံးမှပဲလို့ဆိုပြီး ညကျတော့ ငါးပါးသီလ ဆောက်တည်ပေါ့လေ၊ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ– စသည်ဖြင့်ပေါ့လေ၊ နေ့တော့သူက ပျက်နေတာ၊ ဒါလဲပဲ သူ့ဟာအကျိုးရှိတန်သလောက်တော့ ရှိတယ်၊ လုံးလုံးမဆောက်တည်တာနဲ့စာယင် သူကတော်သေးတာပဲ၊ အမှန်ကတော့ စင်စစ် စင်းလုံးချော ဆောက်တည်ကျင့်သုံးနိုင်မှ ပိုကောင်းပါတယ်၊ ဒါပေမယ့် သူ့အတွက်တော့ နည်းနည်းတော်သေးတာပေါ့၊ သူကအစက လုံးလုံးမဆောက်တည်ပဲနေတာ၊ နေ့ရောညရော၊ ခုနကပြောသလို ခွေးတွေက အစားခံ အကိုက်ခံနေရမှာ၊ အခုတော့ ညညသူက သီလဆောက်တည်ပြီး နေ့ကျတော့ သူက သီလပျက်တော့ ညဆိုလို့ရှိယင်တော့ စည်းစိမ်တွေ ခံစားပြီးတော့နေရတယ်၊ နေ့ဆိုလို့ရှိယင်ဖြင့် သူ့မှာ ခွေးစားခံနေရတယ်၊ ဒုက္ခရောက်နေရတယ်။

အဲဒါတွေ ပြောပြီးတော့ အဲဒီပြိတ္တာက မှာလိုက်သေးတယ် ဆိုတာကိုး၊ မင်းလဲ ဝါသဝရွာကပဲ၊ ငါလဲဝါသဝရွာကပဲ၊ အဲဒီမှာ ရောက်တဲ့အခါကျယင် ဟိုမှာငါ့သားရှိတယ်၊ သူလဲငါ့လိုပဲ မကောင်းမှုတွေလုပ်နေတယ်၊ အဲဒါတွေ ပြောလိုက်စမ်းပါကွာ၊ မင်းအဖေဟာ မကောင်းမှုတွေလုပ်လို့ မကောင်းကျိုးတွေပေးနေတယ်လို့ ငါ့သား ပြောလိုက်စမ်းပါအုံးလို့ သူကမှာလိုက်တာကိုး၊ သတင်းနဲ့မှာတယ်။

မှာတော့ သောဏလုလင်ကပြောတယ်၊ ခုနက ခင်ဗျားပဲပြောတယ်၊ ဇမ္ဗူဒိပ်ကလူတွေဟာ မယုံတတ်ဘူး၊ သူများပြောယင် မယုံတတ်ဘူးပြောတာ၊ ကျုပ်ပြောယင်လဲ ဘယ်ယုံလိမ့်မှာတုံး၊ ယုံမှာမဟုတ်ဘူး၊ ယုံအောင်လို့ ငါသက်သေ သာဓကပေးလိုက်ပါ့မယ် မင်းကို၊ ငါသိုးတွေသတ်တဲ့ နေရာမှာ စဉ်းတုံးရှိတယ်၊ စဉ်းတုံးအောက်မှာ ရွှေအိုးမြှုပ်ထားတာရှိတယ်၊ အဲဒါပြောပေါ့ကွ၊ အဲဒါပြောလိုက်လို့ရှိယင် အဲဒီရွှေတွေ ဖော်ယူပြီးတော့ သူလဲပဲ သုံးဆောင်စားသောက်ပါစေ၊ ကုသိုလ်ကောင်းမှုလဲပြုပါစေ၊ ကုသိုလ်ကောင်းမှုပြုပြီး တို့လဲ အမျှဝေပြီးပေး၊ အမျှဝေလို့ရှိယင် ဒီအကုသိုလ်ကံတွေ ပျောက်ချင်လဲပျောက်သွားမယ်၊ မပျောက်တောင်မှလဲ သက်သာရာရမယ် ပြောပါ၊ ဒီလိုဆိုယင် ယုံမှာပါပဲလို့ သက်သေခံပေးတယ်။

ကင်းခြေများကြီး စားခံရတဲ့ပြိတ္တာ

အဲဒီကနေပြီးတော့ ထွက်လာပြန်တော့ နောက်လဲ ဒိပြင်ပြိတ္တာတွေလဲ ဒီလိုပဲ၊ ဗိမာန်နဲ့ လူတယောက် နတ်သမီးတယောက် တွေ့တယ်၊ အဲဒီမှာလဲပဲ ကောင်းကောင်း မွန်မွန် ကျွေးမွေးလို့ ဒီလူကတော့ကို ရှေးဘဝက သူကလူဖြစ်စဉ်တုန်းက ဗြဟ္မဏပုဏ္ဏားမျိုးဖြစ်ပြီး ရုပ်ရေရူပက သာယာလှပတော့ သူက ကာမေသုမိစ္ဆာစာရ ကံတွေ ကျူးလွန် ထားတယ်ဆိုတာကိုး၊ ရုပ်ရေရူပကာယလှတဲ့ ပုဂ္ဂိုလ်ဟာဒီလိုပဲ၊ အမျိုးသမီးတွေ ဖျက်ဆီးတတ်တယ်၊ သူတို့ဟာ အဲဒါနဲ့သူများ မယားတွေလိုက်ပြီး ပြစ်မှား၊ မကောင်းမှုမပြုနဲ့ဆိုတာ မနေနိုင်လို့ သူကဒီလိုပဲ၊ ညညကိုသူတပါးအိမ်ရာတွေကို ပြစ်မှားနေတော့ သီလဆောက်တည်ဖို့ပြောတော့ နောက်တော့ဆောက်တည်တယ်။

ဒီတော့နေ့အခါကာလမှာ နတ်စည်းစိမ်တွေရတယ်၊ ညကျတော့ သူ့မှာ ဘုံဗိမာန်တွေရော နတ်စည်းစိမ်တွေရော အကုန်လုံးကွယ်ပျောက်ပြီး ဘာဖြစ်လာတုန်းဆိုတော့ ကင်းခြေများကြီး၊ အကြီးကြီးဆိုတာကိုး၊ ကြောက်စရာ တော်တော်ကောင်းတယ်၊ ဘုန်းကြီးတောင် စာဖတ်ယင်း တော်တော်ကြောက်တယ်၊ ကင်းခြေများကြီးက နေဝင်လို့ရှိယင်လဲ သူ့နတ်ဘုံဗိမာန်တွေက အကုန်လုံးပျောက်သွားတာပဲ၊ ခုနက သူ့ကိုပြုစုပြီးတော့နေတဲ့ နတ်သမီးတွေလဲ မရှိတော့ဘူး၊ နတ်ဝတ်နတ်စားတွေလဲ မရှိတော့ဘူး၊ သာမန်လူတယောက်ဖြစ်ပြီးတော့ ကင်းခြေများကြီးက အင်မတန်ကြောက်စရာ ကောင်းတယ်၊ အကြီးကြီးဆိုတာကိုး၊ အဲဒီကင်းခြေများက လာပြီးတော့ သူ့ကို တကိုယ်လုံး ပတ်တော့တာပဲတဲ့၊ ရှေးက အတွေ့အထိဖောဋ္ဌဗ္ဗအာရုံတွေ သာယာတာကိုး၊ သဘာဝတော့ကျတယ်၊ ဟုတ်တယ်၊ ကင်းခြေများကြီးက တကိုယ်လုံးပတ်ပြီးတော့ ကိုက်ခဲစားတာပဲတဲ့၊ သူ့ကို တယ်ကြောက်စရာ ကောင်းတယ်၊ သူဟာ အဲဒီလိုတညလုံး သူဒုက္ခရောက်နေတယ်၊ မနက်မိုးလင်းလာပြီ၊ နေထွက်လာပြီဆိုတဲ့အခါကျတော့ ကင်းခြေများကြီးလဲ ပျောက်သွားရော၊ နတ်ဘုံဗိမာန်လဲ ပြန်ပေါ်တယ်၊ နတ်သမီးရော ပြန်ပေါ်တယ်၊ အဲဒီမှာ နတ်စည်းစိမ်တွေ သုံးဆောင်ခံစားရတယ်တဲ့။

အဲဒီပုဂ္ဂိုလ်ကလဲ မှာလိုက်သေးတယ်တဲ့၊ သူ့သားရှိပါတယ်၊ သူလဲမကောင်းမှုတွေ ပြုနေတယ်၊ အဲဒါလဲပဲ ကြဉ်ရောင် ပါဆိုပြီးတော့ မှာလိုက်တယ်၊ အဲဒါလဲ သူသက်သေခံနဲ့ပါပဲ၊ သူသိမ်းဆည်းထားခဲ့တဲ့ ရွှေအိုးနဲ့ သူကလဲမှာလိုက်တယ်။

နတ်သမီးနှင့် ပြိတ္တာ ၄–ယောက်

နောက်တခါ ထပ်ပြီးသွားတော့ အမျိုးသမီးတယောက်တဲ့၊ အင်မတန်တင့်တင့်တယ်တယ် ဝတ်စားဆင်ယင်လို့ ဘုံဗိမာန်နဲ့ပလ္လင်ပေါ်မှာ၊ ပလ္လင်ဆိုတာကလဲ ဗမာတွေနားလည်တာကတော့ ပလ္လင်ကြီး၊ ဘုရားထိုင်တဲ့ ပလ္လင်လို၊ ဒီလိုမဟုတ်ဘူး၊ လေးထောင့်အိပ်ရာတမျိုးပါပဲ၊ လေးထောင့်ဖြစ်လို့ သူ့ပလ္လင်လို့ ခေါ်တယ်၊ အဲဒီမှာ ခြေထောက် ၄–ချောင်းပါတယ်၊ ခြေထောက်က ၄–ချောင်းရှိတယ်၊ အဲဒီခြေထောက် ၄–ချောင်းမှာ ပြိတ္တာ ၄–ကောင်ရှိတယ်တဲ့၊ ကြိုးနဲ့ချည် ထားတယ်၊ ဒီပြိတ္တာတွေ ဘယ်မှမပြေးနိုင်ဘူး၊ ခြေထောက်တချောင်း ပြိတ္တာတကောင်၊ ခြေထောက်တချောင်း ပြိတ္တာတကောင်၊ အပေါ်ကတော့ သူကနတ်သမီးအနေမျိုး၊ သူကတော့ နတ်သမီးလဲနတ်သမီးပါပဲ၊ သူကတော့ အကုသိုလ်မရှိပါဘူး၊ အဲဒါတွေ့တော့ ဒါဆိုလို့ရှိယင်တော့ နတ်သမီးဖြစ်မှာပဲ၊ ဒါမှမဟုတ်ယင်လဲပဲ နဂါးမဖြစ်မလား၊ ဂဠုန်မ ဖြစ်မလား၊ တန်ခိုးရှိတဲ့ ချမ်းသာတဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး အဲဒီကိုသွားတော့၊ ဟိုက ခုနကပြောတဲ့အတိုင်း နှုတ်ဆက်ပါတယ်၊ လာခဲ့ပါ၊ လာခဲ့ပါ၊ မင်းလာတာ ကောင်းသောလာခြင်းပဲ၊ ဒီမှာရေမငတ်ရဘူး၊ အစာမဆာရဘူး၊ ချမ်းချမ်းသာသာနေရမယ် ပေါ့လေ။

အဲဒီလိုခေါ်တော့ သူကပြောတယ်၊ အမကြီး ကျွန်တော်ဖြင့်ယင် အင်မတန်ရေငတ်နေပါတယ်၊ ဆာလဲ အင်မတန်ဆာနေပါတယ်၊ လာလာ မဆာရဘူး၊ မဆာရဘူးဆိုပြီး ဘုံဗိမာန်ပေါ်တင်ပြီး ရေမိုးချိုးပေး၊ အစာတွေလဲကျွေး၊ ကျွေးပြီးတဲ့အခါ ကာလကျတော့ သူက အဲဒီအောက်က ပြိတ္တာ ၄–ကောင်ရဲ့အကြောင်းကို သိစေချင်လို့၊ သူကလက်တွေ့သိစေချင်တာနဲ့ အဲဒီ နတ်သမီးက သူကပြိတ္တာမမဟုတ်လို့ ဒုက္ခမခံရပါဘူး၊ သူကတော့ မကောင်းမှုမရှိဘူး၊ ကောင်းမှုပဲရှိတယ်၊ သူကမှာထားခဲ့တယ်၊ သောဏ ဟောဒီအကောင်တွေ တောင်းလို့ရှိယင် ဘာမှမကျွေးလေနဲ့၊ မပေးလေနဲ့ ဆိုပြီးတော့ သူက အခန်းထဲဝင်သွားတယ်။

အခန်းထဲဝင်သွားတော့ ဟိုကပြိတ္တာတွေက တောင်းကြတယ်၊ သောဏမင်းကတော့ အင်မတန်ဘုန်းကံကောင်းတယ်၊ ခင်ဗျားက အင်မတန်ဘုန်းကံရှိတယ်၊ ခင်ဗျားက သနားလဲသနားတတ်ပါတယ်၊ ကျုပ်တို့ကို ကျွေးစမ်းပါအုံးဗျာ၊ ကျုပ်တို့ဆာလိုက်တာ၊ မစားရဘူးဆိုတော့၊ အဲဒီမှာသူက ပထမဆုံး လူတယောက်ကို စားစရာပစ်ပြီးတော့ ပေးလိုက်တာနဲ့ ဘာဖြစ်တုံးဆိုတော့ ဖွဲတွေ ရွက်မှော်တွေပေါ့လေ၊ ဖွဲတွေ ရွက်မှော်တွေ ဖြစ်သွားတယ်တဲ့၊ ဖွဲတွေ အဖျင်းတွေ ဖြစ်သွားတယ်၊ ဒီက အကောင်းပေးတာ၊ မုန့်တွေပေးတာကို၊ ဖွဲတွေအဖျင်းတွေဖြစ်ပြီးတော့ စားရတယ်၊ နောက်တယောက် တခါပေးလိုက်တဲ့အခါ ကာလကျတော့လဲ သံတုံးသံခဲကြီး ဖြစ်သွားတယ်တဲ့၊ အဲဒါသံတုံးသံခဲကြီးကိုပဲ ဝါးပြီး စားတော့စားရတယ်၊ နောက်တယောက်ပေးလိုက်တဲ့အခါကာလကျတော့ ဘာဖြစ်သွားသလဲဆိုတော့ အသားတွေကို ခြစ်ချုပ်ပြီးတော့ စားရတယ်တဲ့၊ နောက်တယောက်ကိုပေးလိုက်တဲ့ အခါကာလကျတော့ ဘာဖြစ်သလဲဆိုတော့ ပြည်တွေ သွေးတွေဖြစ်ပြီး တော့ အဲဒါတွေကို စားရတယ်တဲ့၊ တိုင် ၄–ချောင်းမှာ ချည်ထားတဲ့ပြိတ္တာ ၄–ယောက်အကြောင်း အဲဒါတွေ မြင်ရတယ်။

ခုနက အခန်းထဲကနတ်သမီးက ပြန်ထွက်လာတယ်၊ ပြန်ထွက်လာတဲ့အခါ သောဏကို သူက ပြောတယ်၊ သောဏ ငါပြောသားပဲ၊ မင်းဒီကောင်တွေ မကျွေးနဲ့၊ သူတို့ ဒုက္ခရောက်ကုန်မယ်၊ မကျွေးနဲ့လို့ ပြောတာ မင်းကျွေးတာကိုး၊ ဟုတ်တယ်ဗျာ သနားတာကို၊ သနားတော့ မကျွေးပဲမနေနိုင်ဘူးဗျ၊ သနားတော့ ကျွေးမိတာပဲ၊ မင်းကသနားတာဟုတ်သားပေါ့၊ ငါကမင်းထက် ပိုပြီးတော့သနားမိတာပဲ၊ ငါက မင်းထက်ပိုပြီးတော့ သနားအုံးမှာ၊ မင်းက ငါ့ထက်သနားရအုံးမလားလို့ သူကဒီလိုပြောတော့ သူကမေးတယ်။

နတ်သမီးနှင့် ပြိတ္တာ ၄–ယောက်တို့၏ အတိတ်ဇာတ်ကြောင်း

ခင်ဗျားက ဒီဟာတွေနဲ့ ဘယ့်နှယ်လုပ် ဆွေမျိုးတော်စပ်လို့ တုံး၊ ဘယ်လိုစပ်တုံးဆိုတော့ ပြောတာကိုး၊ ဒီဟာ တယောက်က သူ့ရှေးဘဝတုန်းက ခင်ပွန်းသည်ယောကျ်ားပဲတဲ့၊ တယောက် ကသားပဲတဲ့၊ တယောက်ကချွေးမ၊ တယောက်က သူ့အိမ်မှာ ခိုင်းစေနေတဲ့ ကျွန်မ၊ ဒီဥစ္စာတွေ ဆွေမကင်း မျိုးမကင်းတွေပဲတဲ့။

အဲဒါတွေ ဘာ့ကြောင့်ဒီလိုဖြစ်ရတာတုံး ဆိုတဲ့အခါကျတော့ နက္ခတ်ပွဲသဘင် ရှေးကတော့ကို နက္ခတ်ပွဲသဘင်တွေဆိုတာရှိတယ်၊ ကောင်းကင်နက္ခတ်တွေ, နတ်တွေကိုရည်ရွယ်ပြီးတော့ လုပ်တဲ့ပွဲတွေပဲ ဖြစ်ပါလိမ့်မယ်၊ အိန္ဒိယ၊ အဲဒီပူဇော်ပွဲလုပ်တဲ့အခါကာလကျတော့ စားကောင်း သောက်ဖွယ် မုန့်တွေဆိုတာ လုပ်ကြတာပေါ့လေ၊ သူ့အရပ်အလိုက် ဗမာပြည်လဲ ဗမာပြည်အလိုက်၊ မုန့်ဆီကြော်တွေဆိုတာ လုပ်ကြတာပဲ၊ ရှေးက ဒီလိုလုပ်ရတယ်၊ အခုတော့ ကိုယ်တိုင်မလုပ်ကြပဲနဲ့ ဆိုင်ကဝယ်ကြတယ်၊ ရှေးတုန်းကတော့ ဒီလိုလုပ်ရတာ၊ အထက်အရပ်တောရွာတွေဆိုယင် အခုထက်ထိလုပ်တုန်းပါပဲ၊ မုန့်ဖက်ထုပ်တို့ ဒါတွေလုပ်ရတယ်၊ အဲဒါ အခါကြီးရက်ကြီးကျယင် မုန့်တွေလုပ်ပြီးတော့ ဟိုအရပ် ဒီအရပ်တွေ ပေးရကမ်းရတယ်၊ ကျွေးရတယ်၊ ကိုယ့်မိတ်ဆွေတွေ ကျွေးရ မိတ်ဆွေတွေ သွားပြီးတော့ မုန့်တွေ စားကြတယ်၊ သူတို့ဟာလဲ အပျော်သား၊ ကောင်းနိုးနိုး ဒီလိုပဲလုပ်ကြတာ၊ မြို့ကတော့ အဲဒီလိုထုံးစံတယ်မရှိဘူး၊ တောမှာတော့ တရွာနဲ့တရွာ ဟိုအရပ်နဲ့ ဒီအရပ်ပွဲလမ်းသဘင်တွေရှိတယ်၊ ဘုရားပွဲတို့ကျောင်းပွဲတို့ပေါ့လေ၊ ဒီလိုပွဲတွေပါပဲ၊ အဲဒီလိုပွဲတွေမှာ လက်ဆောင်ပေး စားကြသောက်ကြ ဒီလိုလုပ်ကြတယ်။

အဲဒီလိုလုပ်တဲ့အခါ စားကောင်း သောက်ဖွယ်တွေ သူက ပြင်ဆင်ထားပြီးတော့ အသင့်ရှိနေတဲ့အခါမှာ ရှင်မဟာကစ္စည်းမထေရ်က သူ့အိမ် ဆွမ်းခံကြွလာတယ်တဲ့၊ ဆွမ်းခံကြွလာတော့ ရှင်မဟာကစ္စည်းရဲ့ ကာယိန္ဒြေငြိမ်သက်ပုံ၊ သန့်ရှင်းပုံ စသည်တွေကို မြင်ရတယ်တဲ့၊ စိတ်အားဖြင့်လဲပဲ မှန်းဆပြီးတော့ စိတ်လဲ ကြည်ကြည်လင်လင်ရှိတယ်၊ စိတ်တွေ အင်မတန် သန့်ရှင်းစင်ကြယ်တယ်ဆိုတာ သူသိရတယ်တဲ့၊ ဒီလိုကြည်ညိုပြီးတော့ သူက ရှင်မဟာကစ္စည်း မထေရ်ကို စားဖွယ်သောက်ဖွယ်တွေကို လှူဖူးတယ်တဲ့၊ သူက အစတုန်းက ဗုဒ္ဓဘာသာ မဟုတ်ပါဘူး၊ ဟိုတုန်းကလဲ ဗုဒ္ဓသာသနာက စပြီး ထွန်းခါစ ရှိသေးတယ်၊ ရှင်မဟာကစ္စည်းတောင်မှ အဲဒီမှာ သင့်တော်သလိုကြည့်ပြီးတော့ နေရတာနဲ့ တူပါတယ်၊ အခုအခါ တောင်တန်းသာသနာပြုသွားတာနဲ့ ခပ်တူတူပါပဲနဲ့ တူပါတယ်၊ ဟိုမှာ ရဟန်းသံဃာတွေလဲ သိပ်မရှိဘူး။

အဲဒီတော့ ဒီအမျိုးသမီးက ဗြဟ္မဏအမျိုးပဲတဲ့၊ ပုဏ္ဏေးမ ခေါ်တာပေါ့လေ၊ ဗမာကပုဏ္ဏေးမလို့ခေါ်တယ်၊ ဗြဟ္မဏကို ပုဏ္ဏားဆိုပြီး ဗမာကပြန်တယ်၊ ဘာဖြစ်လို့ ပုဏ္ဏားလို့ပြန်သလဲဆိုတော့ တဖြည်းဖြည်းပြောင်းလာတာတဲ့၊ ဗြဟ္မဏကနေပြီးတော့၊ ဗဟ္မဏဆိုပြီးတော့ ဗဟ္မဏဆိုတာ အာသောကကျောက်စာတွေမှာလဲ ရှိတယ်၊ ဗဟ္မဏကနေပြီး တဖြည်းဖြည်း ဗမာပြည်ရောက်တော့ မွန်တွေကလဲ ဗဟ္မဏကနေပြီး ပုဏ္ဏား ဖြစ်လာတယ် ဆိုတာကိုး၊ ဟုတ်လောက်စရာရှိတယ်။

ဒီလိုပြောင်းလာတာ၊ ပုဏ္ဏားက ပြည့်စုံတဲ့အနက်တော့မဟုတ်ဘူး၊ သူ့ဟာ အသံပြောင်းလာတာ၊ ဗြဟ္မဏကနေပြီး ပုဏ္ဏားဖြစ်လာတာ၊ ဗြဟ္မဏကပုဏ္ဏား၊ ပုဏ္ဏားအမျိုးသမီးဆိုတော့ "ဗြဟ္မဏီ" ပါ၌လို ဒီလိုခေါ်တယ်၊ ဗမာလိုကျတော့ ပုဏ္ဏေးမလို့ခေါ်တယ်၊ ပုဏ္ဏေးမ၊ သူက ရှေးကပုဏ္ဏေးမ ဖြစ်ခဲ့တယ်တဲ့၊ သူ့ယောကျ်ားက ဗြဟ္မဏပုဏ္ဏားမျိုးတွေ ဗြဟ္မဏမျိုးတွေ ဗြဟ္မဏမျိုးတွေဆိုတာကတော့ ဗုဒ္ဓဘာသာတရားနဲ့ သူတို့ကတော်တော်ဆန့်ကျင်တာပဲ၊ ဘာပြုလို့တုံးဆိုတော့ ဗြဟ္မဏတွေက သူတို့လောကမှာ လူထူးလူမြတ်တွေလုပ်နေတာ၊ အစတုန်းက သူတို့က ဆရာတွေပဲ၊ သူတို့က အပူဇော်ခံ ဆရာတွေ၊ သူတို့က ဗြဟ္မာကြီးရဲ့သားတွေဆိုပြီးမှ သူတို့က ပူဇော်ခံဆရာတွေ၊ သူတို့မှသာလျှင် ဗြဟ္မာကြီးရဲ့သားဖြစ်ပြီးတော့ ဗြဟ္မာကြီးရဲ့ အမွေအနှစ်ခံထိုက်တယ်၊ တရားကျင့်သုံးလို့ရှိယင် သူတို့ပဲ ဗြဟ္မလောကကို ရောက်နိုင်တယ်၊ ဒါပြင်ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူးဆိုပြီးတော့ ဒီလို သူတို့က တီထွင်ထားတာ၊ ဒါလူတွေကို ဝါဒဖြန့်ထားတာပေါ့လေ၊ မဟုတ်ပေမယ်လို့ လူတွေက အဟုတ်ယုံနေကြတယ်၊ သူတို့က ပညာရှိတွေကိုး။

အဲဒီတော့ ဗုဒ္ဓမြတ်စွာဘုရားပေါ်လာတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက ဗြဟ္မဏဝါဒတွေကို အမြတ်မမှန်တာတွေကို ထုတ်ဖော်ပြီးဟောနေတာ၊ သူတို့ဟောတဲ့အတိုင်းမဟုတ်ဘူး၊ ဒီဟာတွေမဟုတ်ဘူး၊ ဒီဟာတွေမဟုတ်ဘူး စသည်ဖြင့် ဟောနေတော့ သူတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ သူတို့ဝါဒနဲ့ မတူဘူး၊ မတူတော့ သူတို့က ဗုဒ္ဓဘာသာနဲ့ တော်တော်ကို မတည့်ဘူး၊ ဒါပေမယ်လို့ အဲဒီအမျိုးသမီးကတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အမျိုးသမီးဖြစ်တော့ ရှင်မဟာကစ္စည်းလာတော့ ကြည်ညိုပြီးသကာလ ဆွမ်းကပ်တယ်၊ ဆွမ်းစားပြီးတော့ သူ့မှာတော့ ကုသိုလ်တွေဖြစ်လို့၊ ဝိတိပါမောဇ္ဇတွေနဲ့၊ ဒီလို ကြည်ညိုဖွယ်ရာကောင်းတဲ့ ကိုယ်အမှုအရာနဲ့ပြည့်စုံတဲ့ နှုတ်အမှုအရာနဲ့ပြည့်စုံတဲ့ စိတ်အမှုအရာနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို လှူဒါန်းရပါပေတယ်ဆိုပြီး သူစိတ်ထဲမှာ ကြည်ညိုပြီးတော့ နေတယ်။

သံဃာ့ဂုဏ်အာရုံပြု

တနေ့ကဟောခဲ့တဲ့အတိုင်း (သုပ္ပဋ္ဌိပန္နော၊ လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းသော အကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။) သံဃာတော်ကို အာရုံပြုတဲ့အခါ ဒီလို အာရုံပြုရတယ်၊ သံဃာအာရုံပြုတယ်ဆိုတာ ငါနဲ့ ရင်းနှီးလို့ ဒီဘုန်းကြီး ငါ့ကို ကျွေးဖူးတယ်၊ မွေးဖူးတယ်၊ ဝေယျာဝစ္စ ဆောင်ရွက်ဖူးတယ်၊ ငါ့အကျိုးဆောင်ဖူးတယ်ဆိုပြီး ဒီလိုကြည်ညိုရတာမဟုတ်ဘူး၊ သီလ, သမာဓိ, ပညာဂုဏ်တွေကို အာရုံပြုပြီး ကြည်ညိုရတယ်၊ လောဘကင်းအောင်၊ ဒေါသ ကင်းအောင်၊ မောဟကင်းအောင်၊ သီလအကျင့် သမာဓိအကျင့်၊ ပညာအကျင့်တွေနဲ့ ကြည်ညိုရတာ၊ အဲဒီအမျိုးသမီးက ရှင်မဟာကစ္စည်းမထေရ်ကို ကြည်ညိုတာ၊ ဒီနည်းနဲ့ ကြည်ညိုတာ၊ ဘာမှရှေ့ကသိဖူးတာမဟုတ်ဘူး၊ သူ့အကျိုးလဲ ဘာမှ မဆောင်ရွက်ဘူး၊ နောက်လဲ ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ချက်မရှိဘူး၊ သူက (သုပ္ပဋ္ဌိပန္နော–လောဘ, ဒေါသ, မောဟ ကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်ပါပေ၏။) လောဘကင်းအောင်, ဒေါသကင်းအောင်, မောဟကင်းအောင်, သီလအကျင့်တွေကို ကျင့်တယ်၊ သမာဓိပညာအကျင့်တွေကို ကျင့်တယ်၊ အခု ဒီမှာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ပိုပြီးသိတာပေါ့လေ၊ တရားအားထုတ်တယ်ဆိုတာ လောဘ, ဒေါသ, မောဟတွေကင်းအောင်လို့ ကျင့်နေတာ၊ ကိုယ်လဲကျင့်လို့ ကင်းတန်သလောက်ကင်းနေတာပဲ၊ အင်မတန်ထင်ရှားနေတယ်၊ ကိုင်း–ဆိုရမယ်၊ သံဃာဂုဏ်အားပြုပုံကလေး။

> သုပ္ပဋ္ဌိပန္နော၊ လောက, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတတ်
> သော သံဃာတော်မြတ်ပါပေတကား။

အဲဒီ ဂုဏ်နဲ့အာရုံပြုရတယ်တဲ့၊ မထေရ်ကြီးပဲဖြစ်ဖြစ်၊ ရဟန်းငယ်ပဲဖြစ်ဖြစ်၊ ကိုရင်ကလေးပဲဖြစ်ဖြစ်၊ လောက, ဒေါသ, မောဟ, ကင်းအောင်ကျင့်တဲ့ သံဃာတော်ပဲလို့ သံဃာတော်ကိုအာရုံပြုပြီးတော့ အရိုအသေပေးရတယ်၊ ရိုခိုးရတယ်၊ ဆည်းကပ်ရတယ်။

ဘုရားအစစ်ကို့ရှိခိုးတာ

ဘာလို့တုံး ဆိုလို့ရှိယင် အခု မြတ်စွာဘုရားရဲ့ ဆင်းတုတော်, ရုပ်ပွားတော်တွေ, စေတီတော်တွေ, တွေ့တဲ့အခါ ရှိခိုးရတယ်၊ အရိုအသေ ပြုရတယ်၊ အမှန်စင်စစ်တော့ ဒါက ဘုရားအစစ်တော့မဟုတ်ဘူး၊ နှစ်ပေါင်း ၂၅၀၀–ကျော်ကာလက ထင်ရှားရှိခဲ့တဲ့ ပရိနိဗ္ဗာန်စံသွားပြီးဖြစ်တဲ့ ကိုယ်တော်, ဆင်းတုတော်တွေလုပ်ထားတယ်၊ စေတီတော်တွေတည်ထားတယ်၊ အဲဒီ ဆင်းတုတော်, စေတီတော်တွေကို အာရုံပြုပြီးတော့ ဆင်းတုတော်, စေတီတော်တွေဟာ ရှေးတုန်းက သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်တော်စားတွေပဲ၊ အထိမ်းအမှတ်တွေပဲ၊ ဒီလိုသိပြီးတော့ ရှေးက သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ရှိခိုးရတယ်၊ ပူဇော်ရပါတယ်၊ ဘုရားရှိခိုးတယ်ဆိုတာ ဟိုဘုရားအစစ်ကို ရှိခိုးရတာ၊ အခု ဒီကရှိတဲ့ အုတ်ပုံကြီး၊ ဒါကြီးရှိခိုးတာမဟုတ်ဘူး။

ဘေးက ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဗမာတွေဟာ ဗုဒ္ဓဘာသာတွေဟာ အုတ်ပုံကြီးတွေ ရှိခိုးတယ်လို့ ပြောကြတယ်၊ အုတ်ပုံကြီးရှိခိုးတာမဟုတ်ဘူး၊ ဘုရားအစစ်ကိုရှိခိုးတာ၊ ဒါကမှတ်တိုင် ဒီဟာက အထိမ်းအမှတ်သဘောပဲ၊ စေတီကြီးရှေ့တို့၊ ဆင်းတုတော်ရှေ့တို့သွားပြီး ရှိခိုးလို့ရှိယင်ဖြင့် ဘုရားအစစ်ကို ပိုပြီးတော့သတိရတယ်၊ အဲဒါကြောင့် ဒီလို နေရာသွားပြီးတော့ ရှိခိုးရတယ်၊ ရှိခိုးတဲ့အခါကျတော့ ဘုရားအစစ်ကို အာရုံပြုရတယ်၊ ဆီမီးတွေထွန်းလို့ရှိယင်လဲ အဲဒီဘုရားအစစ်ကိုအာရုံပြုပြီးတော့ ဆီမီးထွန်းရတယ်၊ ရေချမ်းတို့လှူရတယ်၊ နို့–ဒီဆီမီးက ဘယ်မှာလင်းတုန်းဆိုတော့ ထွန်းတဲ့နေရာမှာ တွင်လင်းတာပေါ့၊ ဟိုနှစ်ပေါင်း ၂၅၀၀–ကပွင့်တော်မူခဲ့တဲ့ ဘုရားထံမှာတော့ ဘယ်သွားလင်းမလဲ၊ ဒါပေမယ်လို့ စေတနာအားဖြင့်တော့ အဲဒီနှစ်ပေါင်း ၂၅၀၀–က ဘုရားကို အာရုံပြုပြီးတော့ လှူဒါန်းတော့ ဒီအလှူဟာ ဘုရားကို လှူရာမည်တယ်လို့ ဆိုရတယ်။

ဒါလိုပဲ သုပ္ပဋ္ဌိပန္နအစရှိသော သံဃဂုဏ်တွေ အာရုံပြုပြီး သံဃာကိုရှိခိုးလိုက်လို့ရှိယင် သံဃာအစစ်ကို ရှိခိုးရာရောက်တယ်၊ ကိုယ့်ရှေ့ရောက်နေတဲ့ ပုဂ္ဂိုလ်ကတော့ မထေရ်ကြီးလဲ ဖြစ်ချင်ဖြစ်မယ်၊ မထေရ်ငယ်လဲ ဖြစ်ချင်ဖြစ်မယ်၊ ကိုရင်ကလေးလဲ ဖြစ်ချင်ဖြစ်မယ်၊ တပါးတည်းလဲ ဖြစ်ချင်ဖြစ်မယ်၊ အများလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်နေ ကိုယ့်စိတ်ထဲကတော့ မြတ်စွာဘုရား၏ တပည့်သံဃာတော် ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ လှူဒါန်းပါ၏လို့ ဒီလိုရှိခိုးရတယ်၊ မြတ်စွာဘုရားလက်ထက်တော်က ရှိခဲ့တဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ကစပြီး ယခုထက်တိုင် လောဘကင်းအောင်၊ ဒေါသကင်းအောင်၊ မောဟကင်းအောင်၊ သီလ, သမာဓိ, ပညာအကျင့်တွေကို ကောင်းကောင်း ကျင့်နေတဲ့ သံဃာတော်ပဲလို့ သံဃာတော်တွေကို ရှိခိုးပါ၏၊ သံဃာတွေ အကုန်လုံးမနည်းဘူး၊ တပါးတည်း, နှစ်ပါးတည်းမဟုတ်ဘူး၊ ပရိနိဗ္ဗာန်စံပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်တွေလဲ အများကြီးပါသွားတယ်၊ ဒီထဲမှာ အများကြီးပါတယ်၊ အခုလောလောဆယ်လဲ ကောင်းကောင်းမွန်မွန် ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပါသွားတယ်၊ အဲဒါတွေ အာရုံပြုပြီးတော့ ရှိခိုးရတယ်၊ ပူဇော်ရတယ်၊ လှူဒါန်းရတယ်၊ ကိုင်းဆို။

သုပ္ပဋ္ဌိပန္နော၊ လောဘ ဒေါသ (လ) သံဃာတော်မြတ်ပါပေ တကား။

အဲဒီသံဃာဂုဏ်တွေကို အာရုံပြုပြီး ရှင်မဟာကစ္စည်းကို ဆွမ်းကပ်လိုက်ရတာ၊ ဒီအမျိုးသမီးကတော့ အင်မတန်ကို ပီတိပါမောဇ္ဇတွေ ဖြစ်သွားတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ အခုလဲပဲဒီလိုပဲ၊ သံဃာ့ဂုဏ်တွေကို အာရုံပြုပြီးတော့ လှူဒါန်းရတဲ့အခါမှာ အမျိုးသမီးတွေရော အမျိုးသားတွေရော ဝမ်းမြောက်ဝမ်းသာတွေ သိပ်ဖြစ်စရာကောင်းတာပဲ၊ အခုဝါဆိုဦးအခါ ကာလမှာ ဝါဆိုသင်္ကန်းတွေ လှူဒါန်းတယ်၊ ဒီအတိုင်းပဲ၊ သုပ္ပဋ္ဌိပန္နေ အစရှိတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ သံဃာတော်တွေ လှူဒါန်းပါ၏၊ အာရုံပြုပြီး လှူလိုက်ရတာ အင်မတန်ကို အားရစရာ၊ ဝမ်းသာစရာ၊ အားတက်စရာ အင်မတန်ကောင်းပါတယ်၊ အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ နေတယ်။

ခင်ပွန်းပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ဒီအမျိုးသမီးက သူ့ခင်ပွန်းကို ကုသိုလ်ရစေချင်တယ်၊ အစားကောင်းလေး စားရလို့ရှိယင် ချစ်တဲ့သူကိုသတိရတယ်၊ လောကပြောလေ့ရှိတယ်၊ ဟုတ်တယ် ကုသိုလ်ကောင်းမှုကလေး ကိုယ့်သန္တာန်မှာဖြစ် တော့ သူ့ခင်ပွန်းဖြစ်တဲ့ပုဂ္ဂိုလ်ကိုလဲ ကုသိုလ်ကောင်းမှု ဖြစ်စေချင်တယ်၊ သူက ငါပြုတဲ့ကုသိုလ်ကောင်းမှုကို သူ့ပြောလိုက်ရ လို့ရှိယင် သူလဲပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သာဓုခေါ်မှာပဲ၊ ကုသိုလ်ကောင်းမှုတွေ သူလဲဖြစ်သွားမှာပဲလို့ သူလဲအကျိုးရှိပါစေဆိုပြီးတော့ အကျိုးဖြစ်စေချင်လို့ ဒီအမျိုးသမီးက သူ့ခင်ပွန်းကို ပြောတယ်။

အရှင်ပုဏ္ဏား၊ ယနေ့လေ ကျုပ်တို့ကံကောင်းတယ်၊ ရှင်မဟာကစ္စည်းမထေရ် အိမ်ကြွလာလို့ မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေ လှူဒါန်းလိုက်ရတယ်၊ အင်မတန် ဝမ်းမြောက်ဝမ်းသာစရာ ကောင်းတယ်၊ ဒါတွေကို ဝမ်းမြောက်ပါလို့ပြောတော့ အမျိုးသမီးကသာ သဒ္ဓါတရားရှိလို့ စိတ်ကောင်းနှလုံးကောင်း ဝင်နေတာကိုး။

အမျိုးသား ပုဏ္ဏားကတော့ စိတ်ကောင်းနှလုံးကောင်း မဝင်ဘူး၊ မဝင်တော့ သူက ဘယ့်နယ်ပြောသလဲဆိုတော့၊ နင်ဟာတဲ့ တို့ဗြာဟ္မဏတွေ အမြင့်အမြတ်တွေကိုလဲ ရှေးဦးစွာမလှူသေးပဲနဲ့ ဆွေမျိုးဉာတိတွေလဲ ရှေးဦးစွာ မပေးရ မကမ်းရ မကျွေးရသေးပဲနဲ့ ဘာမဟုတ်တဲ့ ဒီရဟန်းယုတ်ကို သွားပြီးတော့လှူတာ နေရာမကျဘူး၊ သူကအစကတည်းက ရဟန်းနဲ့မှ မတည့်ပဲဟာကို၊ အယူဝါဒက ပြောင်းပြန်ဖြစ်နေလို့ရှိယင် မြင်တိုင်း၊ တွေ့တိုင်း၊ ကြားတိုင်းဟာ အကုသိုလ်တွေပွားနေတာ၊ အင်မတန် ကြောက်စရာကောင်းတယ်၊ အယူကလွဲနေပြီဆိုမှတော့ တော်တော်ကို ကြောက်စရာကောင်းတယ်၊ ကြည်ညိုရမယ့် ပုဂ္ဂိုလ်ကို မုန်းစရာသွားဖြစ်နေတာကိုး၊ ကြည်ညိုရမယ့်ပုဂ္ဂိုလ် ကြည်ညိုယင် ကုသိုလ်ဖြစ်ရမှာ၊ ကုသိုလ်မဖြစ်ပဲနဲ့ အကုသိုလ်တွေ ပြောင်းပြန်ဖြစ်နေတယ်၊ အင်မတန် ကြောက်စရာကောင်းတယ်၊ အဲဒါနဲ့သူက ကျိန်ဆဲတဲ့သဘောပေါ့လေ၊ သူကပြောတယ်တဲ့။

ကသ္မာ သော မုဏ္ဍကော သမဏော၊
ဘူသပလာလံ နဘက္ခာယတီတိ။

ကသ္မာ၊ အဘယ့်ကြောင့်။ မုဏ္ဍကော၊ ဦးပြည်းယုတ်ဖြစ်သော။ သမဏော၊ ထိုရဟန်းယုတ်သည်။ ဘူသပလာလံ၊ ဖွဲအဖျင်းကို။ နဘက္ခယတိ၊ မစားလေသနည်း။

ဖွဲအဖျင်းနဲ့တန်တာပဲ၊ ဖွဲတွေအဖျင်းတွေ စားပါလား၊ သူဘာမှ အသုံးမကျဘူးပေါ့လေ၊ ဘာမှ သူအလုပ်လုပ်ဖော်မရဘူး၊ သူအပိုပဲ၊ ဒီလိုယူဆတာကိုး၊ ဒီလိုလဲ ယူဆကြတာရှိတယ်၊ ဘာပြုလို့လဲဆိုတော့အပိုပဲ သူတို့လောကမှာ ဘာမှကြီးပွားရေးမရှိဘူး၊ ဖွဲအဖျင်းတွေနဲ့တန်တယ်၊ တချို့ကလဲစိတ်ကူးတယ်၊ အလုပ်သမားတွေ ကျွေးလိုက်ရယင်လေ ငါ့အလုပ်သမားတယောက်ကျွေးလိုက်ရယင် ငါ့အလုပ် ကောင်းကောင်းလုပ်မှာ၊ သူ့ကိုကျွေးလို့ ဘာအကျိုးရှိမလဲ၊ ဒီရဟန်းကျွေးလိုက်တဲ့ အတွက်ဟာ အလကားဆုံးရှုံးသွားတာပဲ၊ ဒီတော့ ဒီအမျိုးသမီးကို သူကသဘောမကျတာနဲ့ သူကကျိန်ဆဲတဲ့သဘောလုပ်တာ၊ ကတုံးဦးပြည်းရဟန်းယုတ်ကို ဘာဖြစ်လို့ လှူရသလဲ၊ ကတုံးဦးပြည်းရဟန်းယုတ်ဟာ သူနဲ့ထိုက်တန်တဲ့ဖွဲအဖျင်း မစားပဲနဲ့ ဘာဖြစ်လို့ ဒီအကောင်းတွေ စားသွားရသလဲ၊ အဖိုးတန်တွေ ဆုံးရှုံးသွားတယ်လို့ သူကယူဆတာကိုး၊ ကျိန်ဆဲတယ်။

ဒါကြောင့်မို့တဲ့ သူ့မှာနောက်ဘဝကျတော့ အဲဒီအမျိုးသမီးက နတ်သမီးဖြစ်ပြီးတော့ သူအမျိုးသားက တိုင်မှာချည်ပြီးတော့ ပြိတ္တာဖြစ်နေရတာကိုး၊ စားစရာတွေ သူ့ကိုကျွေးတိုင်းကျွေးတိုင်း သူ့မှာဖွဲတွေဖြစ်ပြီးတော့ စားနေရတာတဲ့၊ကြောက်စရာတော်တော်ကောင်းတယ်၊ ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်ဘူး၊ သေးသေးကလေးနဲ့ပေမယ့် သူကအကုသိုလ် သိပ်ပြီးတော့ အကျိုးပေးသွားတာ၊ အင်မတန် ကြောက်စရာကောင်းတယ်။

သားပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

နောက်ပြီးတော့ အမျိုးသမီးက သူ့ယောကျ်ားတော့ဖြင့် ပြောလို့ပြုလို့မရဘူး၊ ငါ့သားလေးတော့ဖြင့် ကုသိုလ်ဖြစ်ပါစေ တော့ဆိုပြီး သူ့သားကလေးကို သူသတိရလာတာကိုး၊ သူ့သားလေးကို ကုသိုလ်ပေးချင်ပြန်တာ၊ သူ့သားကလေးကိုလဲ ပေးတယ်၊ ရှင်မမဟာကစ္စည်းကို ဆွမ်းကျွေးတဲ့အလှူအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဖို့ရာပေါ့၊ ပီတိပါမောဇ္ဇတွေ ဖြစ်မှာပဲ၊ ဖြစ်ပြီး သူကုသိုလ်တွေပွားလိမ့်မယ် အောက်မေ့ပြီးတော့ သူ့သားပြောပြန်တာ၊ သားကလဲပဲ ထို့အတူပဲ၊ သူ့အဖေ လိုပဲ၊ သူကလဲပဲ ဗြာဟ္မဏဝါဒဖြစ်နေတော့ ဒီရဟန်းယုတ်ကိုလှူတာ အလကားပဲလို့ ယူဆထားတော့ သူကလဲပဲ ကျိန်ဆဲသလိုပဲ ပြောပြန်တယ်၊ ဒီပုဂ္ဂိုလ်လဲ အတူတူပါပဲ။

ကသ္မာ သော မုဏ္ဍကော သမဏတော အယောဂုဋ္ဌံ နဘက္ခယတီတိ။

ကသ္မာ၊ အဘယ့်ကြောင့်။ မုဏ္ဍကော၊ ကတုံးဦးပြည်းဖြစ်သော။ သောသမဏကော၊ ထိုရဟန်းယုတ်သည်။ အယော ဂုဋ္ဌံ၊ သံတွေ သံခဲတုံးတွေကို။ နဘက္ခယတိ၊ မစားလေဘိသနည်း။

သူနဲ့တော်တာကတော့ သံတုံးနဲ့တော်တာပဲ၊ သံတုံးတွေမစားပဲနဲ့ ဘာပြုလို့ တို့အိမ်က အကောင်းစားတွေ စားသွားပါ လိမ့်မတုံး၊ ဒီလိုကိုး၊ ဒါနဲ့သူ နောက်ဘဝကျတော့ အဲဒီမှာ တိုင်တတိုင်ချည်ရက်နဲ့ ပြိတ္တာဖြစ်နေတယ်၊ သူ့ကို စားစရာသောက် စရာ ပေးတိုင်းပေးတိုင်း သူ့မှာသံတုံးသံခဲတွေ ကောက်စားနေရတယ်၊ ခုနက သောဏကကျွေးလိုက်တာ အကောင်းတွေပဲ၊ မုန့် တွေ စားစရာ အကောင်းတွေကျွေးတယ်၊ သူ့ကျတော့ သံတုံးသံခဲတွေ ဖြစ်တယ်။

ချွေးမပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ဒါနဲ့ အဲဒီပုဏ္ဏေးမက သူ့မှာ ချွေးမတယောက်ရှိတယ်၊ သူ့ချွေးမက ပွဲလမ်းသဘင် ရှိတဲ့အခါကျတော့ မိတ်ဆွေ သူငယ်ချင်းတွေက ဆွေမျိုးတွေက လက်ဆောင်ကလေးတွေ ပေးကြတယ်၊ ခုနကပြောခဲ့တဲ့အတိုင်း လက်ဆောင်အဖြစ် စားဖွယ် သောက်ဖွယ် အကောင်းတွေပေးတော့ ချွေးမက အကောင်းတွေ သူကိုယ်တိုင်စားပြီးတော့ မကောင်းတဲ့ဥစ္စာတွေ သူ့ယောက္ခမ ကို ပေးတာကိုး။

ယောက္ခမပေးတော့ နောက် သူ့ဆွေမျိုးတွေနဲ့ တွေ့တဲ့အခါကျတော့ မေးကြည့်တယ်၊ ဟေး မင်းတို့ အင်မတန်စားနပ် ရိက္ခာတွေ ရှားပါးနေသလား၊ ခုနေခါ ငတ်မွတ်ခေါင်းပါးများ နေကြသလား၊ ပွဲလမ်းသဘင်ရှိတဲ့အခါ လက်ဆောင်ပေးတာက ညံ့လှပါကလား၊ တို့အိမ်ပေးလိုက်တာတွေ ညံ့လိုက်တာ၊ ဘာတွေဘာတွေပေးတယ်၊ ဟိုက ဆွေမျိုးတွေက အံ့ဩတယ်၊ ဘယ့် နှယ်လဲ တို့ဆီကပေးလိုက်တာကတော့ အကောင်းတွေပေးတာပဲ၊ မဟုတ်ဘူး။ ဒီကအကောင်းတွေ မုန့်တွေ ဘယ်လိုဘယ်လို လုပ်ပြီးတော့ပေးလိုက်တာ၊ အကောင်းတွေမရှားပါဘူး၊ တို့လဲပေါပါတယ်၊ ကောင်းကောင်းတွေ ပေးလိုက်တာပဲ၊ မင်းချွေးမကို တို့ပေးလိုက်တာ ကောင်းကောင်းတွေဆိုတော့ ချွေးမကမဖြောင့်ဘူး၊ ငါ့ချွေးမက အကောင်းတွေသူစားပြီးတော့ မကောင်းတာ တွေ ငါ့ကိုပေးတာပဲဆိုပြီး ချွေးမကို သူကပြောတာကိုး။

ဟဲ့–ချွေးမ ဆွေမျိုးတွေက လက်ဆောင်ပေးတဲ့အခါ အကောင်းတွေပေးတယ်ဆိုပါကော၊ နင်က ငါ့ကိုပေးတော့ မကောင်းတာတွေပေးတယ်၊ နင်က ကောင်းတာတွေစားပြီး ငါ့ကို မကောင်းတာတွေပေးတယ်၊ နေရာမကျဘူးလို့ပြောတော့ ချွေးမကလဲ သူမဟုတ်ရတဲ့အကြောင်း၊ သူ့အပေါ် အပြစ်ရောက်လာတာကိုး၊ မဟုတ်ရတဲ့အကြောင်း၊ အမှန်ကတော့ ဟုတ်ယင် လဲ ဟုတ်တဲ့အတိုင်းဝန်ခံပြီးတော့ တောင်းပန်လိုက်ယင် ဒါကသက်သာတယ်၊ အပြစ်သိပ်မကြီးဘူး၊ အခုတော့ သူက သူ့ အပေါ်အပြစ်ရောက်လာတာတွေ လွတ်အောင်လို့ဆိုပြီး ကျိန်ဆဲတဲ့သဘောမျိုးသူလုပ်တယ်၊ အဲဒါမျိုးတွေဟာ အင်မတန် နစ်နာ တယ်၊ ဒါမျိုးတွေဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ အမျိုးသမီးတွေဟာ ကျိန်တတ်တယ်၊ အဲဒီတော့ အမျိုးသမီးက ချွေးမကလဲ ကျိန်ဆဲတဲ့ သဘောနဲ့–

ကိံသမံသံ နဘက္ခယတိ ယာတုယှံ ဒိန္နာနိ ပဟေဏကာနိ ဘက္ခယတီတိ။

ယာ၊ အကြင်အမျိုးသမီးသည်။ တုယှံ၊ အရှင်မအား။ ဒိန္နာနိ၊ ပေးအပ်ကုန်သော။ ပဟေဏကာနိ၊ လက်ဆောင်တို့ကို။ ဘက္ခယတိ၊ စားဘိ၏။ သာ၊ ထိုအမျိုးသမီးသည်။ သမံသံ၊ မိမိ၏အသားကို။ ကိံ၊ အဘယ်သို့။ နဘက္ခယတိ၊ မစားပဲရှိ အံ့နည်း။

ဆိုလိုတာကတော့ ယောက္ခမအမိဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ လက်ဆောင်တွေကို ကျွန်မ စားမိလို့ရှိယင် နောက်ဘဝကျယင် ကိုယ့်အသားကို ကိုယ်ခြစ်ချုပ်ပြီးတော့ စားရပါစေ၊ ဒီလိုကျိန်လိုက်တာကိုး၊ အဲဒါနဲ့ ခုနက သောဏကကျွေးလိုက်တဲ့ အခါကာလကျတော့ မုန့်တွေ အကောင်းတွေကျွေးတာ၊ သူကျတော့ ကိုယ့်ကိုယ်က အသားကို ခြစ်ချုပ်စားရတယ်၊ အဲဒီလို အကျိုးပေးတာတဲ့။

ကျွန်မပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

နောက်တခါ ကျွန်မက သူ့အိမ်က ပွဲလမ်းသဘင်ရှိတဲ့အခါ လက်ဆောင်တွေ ဆွေမျိုးမိတ်ဆွေတွေဆီသွားပြီး အပေးခိုင်းတယ်၊ အကောင်းတွေပဲ ပေးလိုက်တာပဲ၊ ကျွန်မကလဲ ဒီလိုပဲလမ်းမှာ သွားယင်း လာယင်းနဲ့ အကောင်းတွေ သူစားပြီး မကောင်းတာတွေကို သွားပေးတာကိုး။

အဲဒီလိုပေးတော့ ဟိုကမိတ်ဆွေတွေ၊ ဆွေမျိုးတွေက နောက်တွေ့တဲ့အခါကျတော့ ပြောတယ်၊ ဘယ့်နှယ်လဲဟေ့ မင်းတို့ရှားပါးပြီးတော့များ နေသလား၊ မုန့်လုပ်စရာများ မရှိရော့သလား၊ ဘယ့်နှယ်တို့ကို လက်ဆောင် ပေးလိုက်တာ မကောင်းတာ၊ တော်တော်ညံ့တဲ့ ဥစ္စာတွေပေးလိုက်တာကိုးဆိုတော့ သူကလဲ အံ့ဩတယ်၊ ငါပေးတုံးကအကောင်းတွေ၊ မဟုတ်ဘူး ဒီကပေးတုံးက အကောင်းတွေပေးလိုက်တယ်၊ ဘယ်လိုမုန့်တွေပဲ၊ အကောင်းတွေပေးလိုက်တာပါဆိုပြီး အိမ်ကျတော့ သူ့ကျွန်မခေါ်ပြီး ဘယ့်နှယ်လဲဟေ့ မင်းငါတနေ့က ဘယ်ကဘယ်ကို ဘယ်လိုမုန့်တွေပေးလိုက်တာ ဟိုမှာ ကောင်းကောင်း မပေးဘူး ဆိုပါကော၊ ဘယ်လိုမုန့်တွေ၊ မကောင်းတာတွေ ပေးတယ်ဆိုပါကော ဆိုတော့၊ ကျွန်မဆိုတော့ကြောက်ရမှာ၊ ပုံမတော်ယင် သူကအရိုက်ခံရမှာကိုး၊ သူကလဲ သူ့အပေါ် အပြစ်ရောက်မှာစိုးတော့ သူကလဲကျိန်ရတာကိုး၊ ဒါလဲမကျိန်ပဲနဲ့ အရိုက်ခံလိုက်ယင် တော်အုံးမယ်၊ အခုကျိန်လိုက်တော့ တဘဝလုံး နစ်နာသွားတယ်၊ တော်တော်ကိုကြပ်တယ်၊ သူကျိန်ပုံကလဲ အတူတူပါပဲ။

ကိံ နု ပုဗ္ဗလောဟိတံ နဘက္ခယတိ ဟာ ဒိန္နာနိ ပဟေဏကာနိ ဘက္ခယတီတိ။

ယာ၊ အကြင်အမျိုးသမီးသည်။ တယာ၊ ရှင်မသည်။ ဒိန္နာနိ၊ ပေးအပ်ကုန်သော။ ဒိန္နာနိ၊ ပေးအပ်ကုန်သော။ ပဟေဏကာနိ၊ လက်ဆောင်တို့ကို။ ဘက္ခယတိ၊ ခိုးဝှက်၍ စားမိ၏၊ သာ၊ ထိုအမျိုးသသမီးသည်။ ပုဗ္ဗလောဟိတံ၊ သွေးပြည်ကို။ ကိံ နု နဘက္ခယတိ၊ အဘယ်ကြောင့် မစားရပဲရှိအံ့နည်း။ ပြည်နှင့်သွေးတို့ကို စားရပါစေဟု ကျိန်ဆို၏။

ရှင်မပေးလို့ လက်ဆောင်အကောင်းတွေကို ကျွန်မ ခိုးစားခဲ့လို့ရှိယင် နောက်ဘဝတွေမှာ သွေးတွေပြည်တွေ စားသောက်ရတဲ့ကို ဖြစ်ရပါလို၏ဆိုပြီး ကျိန်တာကိုး၊ ဒါနဲ့ခုနက သောဏကပေးတဲ့ မုန့်ကောင်းတွေ အစားကောင်းတွေ သူ့ကို ကျွေးလိုက်တော့ သူ့မှာသွေးတွေ ပြည်တွေဖြစ်ပြီး ဒါတွေ စားရတာကိုး၊ အဲဒါတွေကြောင့် ဒီလိုဖြစ်တာတဲ့၊ ဒါတွေကတော့ သံဝေဂရစရာပါပဲ၊ စာထဲပါနေလို့သားပဲ၊ ဒါတွေကတော့ လိုရင်းမဟုတ်သေးဘူး၊ နန္ဒီရာဂကသာလိုရင်း၊ နန္ဒီရာဂမရောက်သေးဘူး၊ ပြောချင်တာက နန္ဒီရာဂကလေး၊ ဒိပြင်ဟာတွေက အသုံးတော့ကျပါတယ်။

ပူဏ္ဏေးမနတ်သမီး၏ အတိတ်ဇာတ်ကြောင်း

သူကတော့ ဘာဖြစ်လို့ ဒီလိုဖြစ်ရလဲဆိုတော့ သူဖြစ်ပုံကလေးလဲ ပြောတယ်၊ သူဖြစ်ပုံကတော့ ခပ်ရှည်ရှည်ပဲ။

တတြ ပဋိသန္ဓိံ ဂဏ္ဍေယျံ၊ ယတြ တေ သဗ္ဗေ သကံ သကံ၊ ကမ္မဖလံ ပရိဘုဥ္ဇမာနေ ပသေယျမီတိ။

တတြ၊ အကြင်ဘုံဘဝ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေ၊ ဤခင်ပွန်းလင်နှင့်သား ချွေးမအစေခံတို့သည်။ သကံ သကံ ကမ္မဖလံ၊ မိမိ မိမိ၏ကံ၏ အကျိုးကို။ ပရိဘုဥ္ဇမာနေ၊ သုံးဆောင်ခံစားနေသည်ကို။ ပသေယျံ၊ မြင်နိုင်ရာ၏။ တတြ၊ ထိုဘုံ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏ္ဍေယျံ၊ ယူအပ်၏။ ရယူလို၏ဟူ၍ တောင့်တခြင်းဖြစ်ခဲ့၏။

ဒါနန္ဒီရာဂကလေး၊ ငါ့ခင်ပွန်းရယ်, ငါ့သားရယ်, ငါ့ချွေးမရယ်, ငါ့အိမ်က အစေခံကျွန်မရယ်၊ သူတို့ပြုထားတဲ့ အမှုတွေရဲ့အကျိုးတွေကို ခံစားနေတာကို ငါမြင်ချင်တယ်၊ မြင်နိုင်တဲ့ဘဝဖြစ်ရပါစေလို့ ဒီလို ဆုတောင်းတာကိုး၊ သူ့စိတ်ထဲက အလိုရှိတာ။

အခုလဲပဲ လူတွေဒီလိုရှိတတ်တယ်၊ ဥပမာ ကိုယ့်သားလေး ဘာဖြစ်နေတာ မြင်ချင်သေးရဲ့၊ သမီးကလေး ဘာဖြစ်နေတာ မြင်ချင်သေးရဲ့၊ နောက်ဘဝကျလို့ရှိယင်လဲ သူနဲ့တွေ့ချင်သေးရဲ့၊ မကောင်းတဲ့ပုဂ္ဂိုလ်နဲ့တွေ့ယင် ကိုယ်ကလဲ အဲဒီမှာ

မကောင်းရာလိုက်ရမှာ၊ ကိုယ်က ကောင်းရာသွားနိုင်ပေမယ့်လဲ ကိုယ်က မကောင်းရာလိုက်ရမှာ၊ မကောင်းတာတော့ မဟုတ်ဘူး၊ ကြိုးနဲ့တွဲထားသလိုဖြစ်နေတယ်၊ ကြိုးနဲ့တွဲထားတော့ ကိုယ်က အထက် တက်ချင်ပေမယ်လို့ မတက်နိုင်ဘူး၊ ကိုယ်က အောက်က ဒိပြင်ပုဂ္ဂိုလ်ကဆွဲထားတော့ အဲဒီကို ပါသွားရမှာ၊ ဒါ သူက ဒီလိုဖြစ်နေတယ်၊ ဒါလဲ အင်မတန် ကောင်းတယ်၊ စဉ်းစားစရာကောင်းတယ်။

မိမိအိမ်သားဖြစ်တဲ့လင်၊ သားဖြစ်တဲ့သူ၊ ချွေးမဖြစ်တဲ့သူ၊ အစေခံဖြစ်တဲ့သူ၊ သူတို့ကံအကျိုးပေးတာကို ငါမြင်ချင်တယ်၊ အဲဒီလိုမြင်နိုင်တဲ့နေရာဌာန ငါဖြစ်ပါစေ၊ ဖြစ်ရယင်ကောင်းမှာပဲလို့ ဒီလိုဆုတောင်းတယ်တဲ့၊ ဒါ ဘာထင်တုန်း၊ ခုနက ပြောတဲ့ နန္ဒီရာဂကလေး မတွယ်ရမှာလေး သွားတွယ်တာ။

ကျွန်ပုဏ္ဏ၏ နန္ဒီရာဂ

ဟိုရှေးတုန်းက မေဏ္ဍကသဌေးကြီးဆိုတာရှိတယ်၊ သူ့အိမ်မှာ သိုးရုပ်တွေဆိုတာရှိတယ်၊ ပတ်ဝန်းကျင်မှာ သိုးရုပ်တွေကနေပြီးတော့ အလိုရှိတဲ့ အသုံးအဆောင်တွေလဲ ရနေတယ်၊ အဝတ်အထည်ရော အစားအသောက်တွေရော၊ ဒါရှေးဘဝကနေပြီး ကုသိုလ်ကောင်းမှုတွေပြုခဲ့တယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေပြုတဲ့ ဘဝတုန်းက သူ့ခင်ပွန်းလဲရှိတယ်၊ သူ့သားလဲရှိတယ်၊ သူ့ချွေးမလဲရှိတယ်၊ သူ့အိမ်က အစေခံကျွန်မလဲရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ အသီးအသီး ကုသိုလ်ကောင်းမှု အတူပြုပြီး ဆုတောင်းကြတယ်၊ အကျိုးပေးတော့ အကုန်လုံး အတူတူပေးနိုင်တယ်။

ဒါပေမယ်လို့ အဲဒီထဲမှာ ကျွန်ဖြစ်တဲ့ပုဂ္ဂိုလ်က မောင်ပုဏ္ဏတဲ့၊ သူကလဲပဲ သူများဆုတောင်းတော့ သဌေးကြီးက ဆုတောင်းတော့လဲ ဘဝတိုင်း ဘဝတိုင်း ဒီလိုဆင်းရဲမျိုးမတွေ့ပါရစေနဲ့ ချမ်းသာတဲ့ဘဝ ချမ်းသာတဲ့ဘဝချည်းပဲဖြစ်ပါစေ၊ ဖြစ်ရာဖြစ်ရာဘဝမှာလဲပဲ ဒီခင်ပွန်းနဲ့ ဒီသားနဲ့ ဒီချွေးမနဲ့၊ ဒီကျွန်နဲ့ဖြစ်ပါစေဆိုပြီးတော့ သူတို့က ဆုတောင်းတယ်၊ တောင်းတော့ ဟိုအထက်ကလူတွေက ဆုတောင်းတာတော့ ကိစ္စမရှိပါဘူး၊ သူတို့ကတော့ တောင်းထိုက်ပါတယ်။

ကျွန်ကလဲ ရှေးနည်းအတိုင်း တောင်းတာကိုး၊ သူက ဘယ့်နှယ်တောင်းတုံးဆိုတော့ သူက ရှင်ပစ္စေကဗုဒ္ဓါကို အလှူအတန်းတော့ အတူတူပဲပြုတာပဲ၊ စေတနာလဲအတူတူပဲ၊ အလှူဝတ္ထုလဲ အတူတူပဲ၊ အတူတူ အကျိုးပေးနိုင်တာပဲ၊ သဌေးဖြစ်အောင် ဆုတောင်းယင်လဲ သဌေးဖြစ်မယ်၊ မင်းဖြစ်အောင်ဆုတောင်းယင်လဲ မင်းဖြစ်မယ်၊ နိဗ္ဗာန်ရောက်အောင် ဆုတောင်းယင်လဲ နိဗ္ဗာန်ရမယ်၊ အလိုရှိတာကိုတောင်းယင် အလိုရှိတာကိုရနိုင်တယ်၊ ဒါပေမယ်လို့ သူက ဘယ့်နှယ်ဆုတောင်းသလဲဆိုတော့ သူ့အရှင်သခင်ဆီကို ခင်မင်တွယ်တာနေတယ်၊ နန္ဒီရာဂကြောင့် ဖြစ်လေရာ ဖြစ်လေရာဘဝမှာ ဒီသဌေး၊ ဒီသဌေးကတော်နဲ့၊ ဒီသဌေးသား၊ ဒီချွေးမ သူတို့ရဲ့ကျွန်ပဲ ဖြစ်ပါစေဆိုပြီးတော့ သူကဆုတောင်းတယ်၊ ကြောက်စရာ တော်တော်ကောင်းတယ်၊ ဒီသခင်တွေနဲ့ မခွဲချင်တာကိုး၊ ကျွန်တော့ဖြစ်တယ်၊ ကျွန်ကြီးတော့ဖြစ်ပါရဲ့၊ ကျွန်ဟာကျွန်ပဲ၊ နေရာမကျဘူး၊ အဲဒါ နန္ဒီရာဂပဲ။

ဆုတောင်းမှားလို့ ပြိတ္တာမ ဖြစ်ရ

အခုလဲဒီလိုပဲ၊ နန္ဒီရာဂကနေပြီး မကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတူသွားဖြစ်ပါစေလို့ ဆုတောင်းတာကိုး၊ ဆုတောင်းတော့ အဲဒီအတိုင်းဖြစ်တာ။

ယာယ မယာ အယျမဟာကစ္စာယနံ ပိဏ္ဍကေန ပဋိပါဒယိတွာ ပဏီတေ တာဝတိံသေ ဝေဒနိကာယေ ဥပပဇ္ဇိတဗ္ဗံ သာဟံ မိစ္ဆာ ပဏိဓာနဝသော ပေတမဟိဒ္ဓိကာ သံဝတ္တာ။

ယာယ၊ အကြင်အလိုရှိခြင်း တောင့်တခြင်းကြောင့်။ မယာ၊ ငါသည်။ အယျ မဟာကစ္စာယနံ၊ ရှင်မဟာကစ္စည်းမထေရ်ကို။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ ပဋိပါဒယိတွာ၊ လှူဒါန်းကျွေးမွေးပြီး၍။ ပဏီတေ၊ မွန်မြတ်သော။ တာဝတိံသေ၊ တာဝတိံသာဖြစ်သော။ ဒေဝနိကာယေ၊ နတ်အပေါင်း၌။ ဥပပဇ္ဇိတဗ္ဗံ၊ ကပ်ရောက်၍ ဖြစ်နိုင်၏။ သာအဟံ၊ ထိုကျွန်မသည်။ မိစ္ဆာပဏိဓာနဝသာ၊ ဆုတောင်းမှားခြင်းတည်းဟူသော အကြောင်းကြောင့်။ ပေတမဟိဒ္ဓိကာ၊ တန်ခိုးကြီးသော ပြိတ္တာမသည်။ သံဝတ္တာ၊ ဖြစ်ရလေတော့သည်။

ဝမ်းနည်းစရာတော်တော်ကောင်းတယ်၊ တာဝတိံသာနတ်ပြည်မှာ ဖြစ်နိုင်တယ်တဲ့၊ သူ့ကောင်းမှုဟာ တာဝတိံသာမှာ တန်ခိုးကြီးတဲ့ နတ်သမီးတယောက် ဖြစ်နိုင်တာတဲ့၊ ရှင်မဟာကစ္စည်းရဟန္တာမထေရ်ကို စေတနာထက်ထက်သန်သန်နဲ့ လှူဒါန်းလိုက်ရတဲ့ ဒါနကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်နိုင်ပါတယ်တဲ့၊ သူတို့ရဲ့အကျိုးပေးကလေးမြင်ချင်တာနဲ့ သူတို့အကျိုးပေးကလေး မြင်ရတဲ့ဌာနမှာ ဖြစ်ပါစေလို့ စိတ်ကညွတ်မိလို့၊ ဒါကြောင့် တာဝတိံသာမှာ မဖြစ်ရပဲနဲ့ ပြိတ္တာဖြစ်ရတယ်တဲ့၊ တန်ခိုးကြီးတဲ့ပြိတ္တာဖြစ်ရတယ်တဲ့။

ပြိတ္တာတွေနဲ့ရောဖြစ်လို့သာ ပြိတ္တာတော့မဟုတ်ဘူး၊ နတ်ပါပဲ၊ နတ်ပေမယ်လို့ ပြိတ္တာနဲ့ရောဖြစ်နေတော့ သူက ပြိတ္တာလို့ နာမည်တပ်ထားတယ်၊ ပြိတ္တာတော့ မဟုတ်ပါဘူး၊ သူ့မှာတော့ ဘာမှဆင်းရဲမရှိပါဘူး၊ အဲဒီသူ့မှာ ဖြစ်ရတဲ့ဆင်းရဲက သူ့နဲ့စပ်တဲ့ပြိတ္တာတွေ ဒုက္ခရောက်နေတာတွေ တွေ့ရမြင်ရတော့ စိတ်မချမ်းသာတဲ့ ဆင်းရဲပဲ ရှိမှာပါပဲ၊ ဒါကတော့ ရှေးဘဝက သံယောဇဉ်နဲ့ ဆိုတော့ မြင်တိုင်း မြင်တိုင်း သူစိတ်မချမ်းသာနိုင်ဘူး၊ အဲဒါတော့ ရှိလိမ့်မယ်။

ဒါဘာ့ကြောင့်တုံးဆိုယင် ရှေးဘဝကတည်းက၊ သူတို့နဲ့ အတူတကွ ဖြစ်ပြီး သူတို့ရဲ့အကျိုးပေးပုံတွေကို မြင်ချင်လို့၊ အဲဒီလို လိုလား တောင့်တခဲ့တာလေး ရှိတယ်တဲ့၊ ဒါကြောင့်မို့တဲ့ အဲဒါဟာ ဘာထင်တုံးဆိုတော့ နန္ဒီရာဂပဲတဲ့။

နန္ဒီရာဂက ဆွဲချထားတာ၊ ကုသိုလ်ကောင်းမှုကတော့ တာဝတိံသာ နတ်ပြည်မှာလဲဖြစ်နိုင်တယ်၊ သူကြိုက်သလိုလဲဖြစ်နိုင်ပါတယ်၊ ရှင်မဟာကစ္စည်းကို လှူတဲ့ကုသိုလ်တွေ အင်မတန်ထက်သန်တဲ့ ကုသိုလ်တွေ၊ ဒါပေမယ်လို့ သူက သူ့အိမ်သူ့အိမ်သားတွေနဲ့ အတူတကွတွေ့မြင်ပြီးတော့ နေချင်တာနဲ့ အဲဒီဖြစ်ပါစေလို့ သူကစိတ်ညွှတ်မိတာနဲ့ သူတို့နဲ့ အတူတကွ ဖြစ်ရတာတဲ့။

အဲဒါနဲ့မှာလိုက်သေးတယ်၊ သူက သောဏတဲ့၊ မင်းဝါသဝရွာကို မင်းသွားမယ်မဟုတ်လားတဲ့၊ မင်းသွားလို့ရှိယင် ငါ့သမီးရှိတယ်တဲ့၊ ငါ့သမီးလဲမကောင်းမှုတွေ မပြုလုပ်အောင် မင်းပြောလိုက်ပါကွယ်တဲ့၊ မင်းအမေတွေလဲ တွေ့ခဲ့တယ်၊ အဖေတွေလဲ တွေ့ခဲ့တယ်၊ မင်းမောင်လဲတွေ့ခဲ့တယ်၊ မင်းယောက်မလဲ တွေ့ခဲ့တယ်၊ မင်းတို့အိမ်က အစေခံမလဲတွေ့ခဲ့တယ်၊ ဒီလို ဒုက္ခ သုက္ခတွေရောက်နေတာ တွေ့ခဲ့ရတယ်၊ အမေကတော့ မဆင်းရဲပါဘူး၊ အမေကတော့ ချမ်းသာနေတာပါပဲ၊ အဲဒါတွေကို မှာလိုက်တယ်၊ မကောင်းမှုတွေမပြုနဲ့၊ မကောင်းမှုဆိုတာ မကောင်းသော အကျိုးပေးတတ်တယ်လို့ အဲဒီလို မှာလိုက်တယ်လို့ ပြောလိုက်ပါဆိုတော့ သောဏက ပြောတယ်။

အမကြီး ခုနကပြောတယ်၊ ဇမ္ဗုဒြိပ်ကလူတွေဟာ မယုံတတ်ဘူးလို့ပြောတယ်၊ ကျုပ်ပြောလို့လဲ ယုံမှာ မဟုတ်ဘူး၊ ဘယ့်နှယ်လုပ်မတုံး၊ သူတို့ယုံစရာသက်သေ အထောက်အထားပေးလိုက်မယ်၊ သူ့အယင် အဖေ့အိမ်အောက်မှာ စဉ့်အိုး ၄–လုံး ရှိတယ်၊ ရွှေတွေအပြည့်နဲ့ ကြေးအိုးတွေဆိုတာ ရွှေအိုးတွေရှိတဲ့ နေရာနဲ့ ပြောလိုက်တယ်၊ ပြီးတော့ကို ရွှေကရားလဲရှိတယ်၊ မင်းမသွားချင်ဘူးလား၊ သွားချင်ပါတယ်၊ ပြိတ္တာတွေက တန်ခိုးတော့ရှိတယ်၊ စားတာသာမစားရတာ၊ တန်ခိုးတော့ရှိတယ်၊ အဲဒီပြိတ္တာတွေကို သူကခိုင်းတယ်၊ သောဏကို သူ့အရပ်ထိအောင်ပို့ရမယ်လို့၊ သူ့အဖေရဲ့ ဥယျာဉ်သွားပို့ခဲ့ရမယ်လို့ဆိုတော့ သူ့အဖေဥယျာဉ်ထဲ သွားပို့လိုက်ရတယ်၊ ဥယျာဉ်ထဲပို့ထားခဲ့တယ်၊ အိပ်ရာက နိုးတဲ့အခါ ကြည့်လိုက်တဲ့အခါကျတော့ သူ့အဖေဥယျာဉ်ထဲမှာ ရောက်တာကိုး၊ အဲဒီ ဥယျာဉ်ထဲမှ အားလုံး ၁၂–နှစ်ကြာတယ် ဆိုတာကိုး၊ ပျောက်နေတာ၊ အဲဒီ နတ်ဘုံ ဗိမာန်ထဲမှာ သူတော်တော်ကြာဟန် တူပါတယ်၊ အဲဒီမှာ တံခွန်ကုက္ကားတွေ ဆွဲထားတာတွေ့ရတယ်တဲ့။

ဟိုကလှည်းကုန်သည်တွေ ပြန်လာတဲ့အခါကျတော့ စုံစမ်းပြီးတော့ စုံစမ်းလို့ ဘာမှမရလို့ ဧကန်သေပြီလို့ဆိုပြီးတော့ တံခွန်ကုက္ကားတွေနဲ့ ဆွမ်းတွေသွပ်လို့ပေါ့လေ၊ မသေသေးလို့ရှိယင်လဲပဲ မြန်မြန်လာပါစေဆိုပြီးတော့ ဆုတောင်းစာတွေနဲ့ ဆွဲထားတယ်၊ အဲဒါတွေကို သူကတွေ့တော့ ငါ့ကိုသေပြီလို့အောက်မေ့တာကိုး၊ ဟိုမှာစာတွေဆွဲထားတယ်၊ ငါသေပြီလို့ အောက်မေ့မှတော့ ငါ့အမေ အဖေတွေဆီ မသွားတော့ပါဘူး၊ ရှင်မဟာ ကစ္စည်းဆီသွားပြီး သက်နိုးပဝတ်တော့မယ်လို့ စိတ်ကူးတာကိုး၊ စိတ်ကူးပြီးတော့ ရှင်မဟာကစ္စည်းဆီ သွားတယ်၊ ရှင်မဟာကစ္စည်းဆီ သွားပြီးတော့ ရှင်မဟာကစ္စည်းက မေးတယ်၊ ရှင်မဟာကစ္စည်းက သိပြီးသားဖြစ်နေတာကိုး၊ ဘယ့်နှယ်တုံး သောဏ မင်းတမလွန်လောကအကြောင်းတွေ တွေ့ခဲ့ပြီမဟုတ်လား၊ မျက်မှောက်လောကအကြောင်းလဲ တွေ့ခဲ့ပြီမဟုတ်လား၊ တွေ့ခဲ့ပါပြီ ဘုရားတဲ့၊ တပည့်တော်အမျိုးမျိုးတွေ့ခဲ့ပါပြီ၊တွေ့ခဲ့တော့ သံဝေဂဖြစ်တယ်တဲ့၊ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရားလို့ တောင်းပန်တော့၊ မင်းဒီလို မဖြစ်သေးဘူးတဲ့။

မင်း .....ဟိုက မှာလိုက်တာတွေ ရှိပါသေးကော၊ အဲဒါတွေ မင်းဝန်ခံလာတာတွေ သူတို့ဆွေမျိုးတွေ သွားပြောအုံး၊ သွားပြောအုံးမှ ဖြစ်မှာဆိုတော့ သွားပြောတော့ ဟိုကလူတွေ မယုံပါဘူး၊ မကြားဖူးပါဘူး၊ တမလွန်လောက ပြိတ္တာလောကက ပြန်ပြီးလာတဲ့ပုဂ္ဂိုလ်တွေ တခါမှမတွေ့သေးဘူးသေးဘူး၊ ခင်ဗျားပြောတာမယုံဘူး၊ မဟုတ်နိုင်ဘူးဆိုပြီးတော့ ငြင်းကြတာကိုး၊ ငြင်းကြတော့ သူက သက်သေဖော်ပြတယ်၊ ရွှေအိုးတွေ ဘာတွေထိုးပြတယ်၊ ထိုးပြတော့မှ အဲဒါတွေတွေ့တယ်၊ မကြားတော့ မကြားဖူးဘူး၊ ဒါပေမယ်လို့ ဟုတ်လို့တွေ့လိုရှိယင်တော့ သူပြောတာဟုတ်မှာပဲဆိုပြီးတော့ တူးကြည့်တော့ သူမှာလိုက်တဲ့ အတိုင်း ရွှေအိုးတွေက တွေ့တာကိုး၊ တွေ့တော့မှယုံကြည်တယ်၊ မျက်မှောက်သဒ္ဓါတရား။

သောဏ ရဟန္တာဖြစ်

သောဏက စဉ်းစားတယ်၊ ငါတော့်မယုံဘူး၊ ဆွေမျိုးတွေ ပုဂ္ဂိုလ်တွေကသွားပြော၊ ပြောလို့ အမေ အဖေတွေက မယုံပါဘူး၊ ၁၂–နှစ်တောင်ကြာပြီ၊ မဟုတ်နိုင်ပါဘူး၊ သောဏ ရောက်လာတယ်ဆိုတာ မဟုတ်နိုင်ဘူးဆိုပြီးတော့ မယုံကြဘူး၊ မယုံကြတော့ သူ့ဥစ္စာအသံကြားတော့ သိတာကိုး၊ အဲဒီမှာ ပြောကြဆိုကြ ငိုကြ ရယ်ကြပေါ့လေ၊ အဲဒီကနေပြီး တော့ သူ့အမေ အဖေတွေဆီမှာ သူက ရဟန်းခံဖို့ရာ တောင်းပန်တယ်။

တောင်းပန်တဲ့အခါကျတော့ အမေအဖေတွေက ကွယ်တဲ့၊ မင်း ၁၂–နှစ်တောင်ပဲ၊ မင်းသေပြီအောက်မေ့လို့ တို့မှာတခါတည်း မျက်ရည်နဲ့မျက်ခွက် ငိုလိုက်ရတာတွေတဲ့၊ မျက်စိများတခါတည်း ကြိမ်းလို့တဲ့၊ မျက်စိများမမြင်လောက်အောင် ဖြစ်နေတာ၊ ငါ့သားရောက်လာမှ မျက်စိများလဲ မြင်မြင်ထင်ထင် ရှုနိုင်ကြည့်နိုင်တာတဲ့၊ မင်းကတခါ ရဟန်းပြုအုံးမယ်ဆိုယင် တို့အမေအဖေတွေ ဘာအားကိုးရာရှိတော့မှာလဲတဲ့၊ ဒီတော့ ရဟန်းမပြုပါနဲ့အုံးဆိုတော့ တားထားကြတယ်၊ တို့သေပြီးတဲ့အခါကျမှ ရဟန်းပြုပါတော့ဆိုပြီးတော့ တားထားလို့ သူက ရဟန်းမပြုရဘူး၊ မိဘတွေသေမှ ရဟန်းပြုရတဲ့အဖြစ် ရောက်သွားတယ်၊ ရဟန်းပြုပြီးတော့လဲ ရဟန်းက ရုတ်တရက်မဝတ်ရသေးဘူး၊ ကိုရင်ဝတ်တယ်။

အဲဒီအရပ်က ရဟန်းရှားတာကိုး၊ ဘုရားလက်ထက်က သာသနာက ထွန်းကားကာစဆိုတော့ မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ်ထားတာရှိတယ်၊ ရဟန်းခံယင် ၁၀–ပါးစေ့မှ ရဟန်းခံနိုင်တယ်၊ ၁၀–ပါးရဟန်းက စုဖို့ရာ မလွယ်ဘူးဆိုတာကိုး၊ ဟိုမှာတပါး၊ ဒီမှာတပါး၊ အင်မတန်ရှားတယ်ဆိုတာကိုး၊ တောင်ပေါ်တွေမှာ ဘုန်းကြီးရှားသလို ဟိုနိုင်ငံတွေမှာလဲ ဒီလိုပဲ၊ ရဟန်းတွေက ရှားကရှားပါဘိသနဲ့၊ တပါးနှစ်ပါး ဆယ်ပါးဆိုတာ အင်မတန်ရဖို့ရာ ခဲယဉ်းတယ်၊ အဲဒီတော့ ဟိုမှာ ၁–ပါး ၂–ပါး ရှင်မဟာကစ္စည်းက ရဟန်းခံဖို့ရာ ပင့်လာပြီး စောင့်နေပါအုံးဆိုယင် ဒီကကိုယ်တော်တွေက မနေချင်တာနဲ့ သွားယင်းနဲ့ အကြာကြီးသွားရတယ်၊ စုဆောင်းပြီးတော့ ရဟန်းခံပေးရတယ် ဆိုတာကိုး၊ ၁၀–ပါးပြည့်အောင်။

အဲဒါနဲ့နောက်ကျတော့ ရဟန်းပြုပြီးတော့ ခုနက ရှင်သောဏက ရှင်မဟာကစ္စည်းထံ ခွင့်ပန်တဲ့အခါမှာ မဟာကစ္စည်းက မှာလိုက်တယ်၊ မြတ်စွာဘုရားထံ ရောက်တဲ့အခါကျတော့ သင့်လျော်တဲ့အချိန်မှာ ဝိနည်းပညတ်တွေကို ခွင့်တောင်းခဲ့ပါလို့၊ ပစ္စန္တရာဇ်အရပ်၊ အစွန်အဖျားကျတဲ့အရပ်တွေမှာ သံဃာနည်းပါတယ်၊ ၁၀–ပါးမဟုတ်ပဲနဲ့ ၁၀–ပါးထက်လျော့ပြီးတော့ ရဟန်းခံနိုင်အောင် စသည်ဖြင့်ပေါ့လေ၊ ခွင့်တောင်းခိုင်းတယ်၊ ဒါလေးတွေတော့ များပါတယ်၊ ရေချိုးတာနဲ့စပ်ပြီးတော့ အမြဲတမ်းရေချိုးဖို့၊ ဖိနပ်လဲပဲ သားရေအထပ်ထပ်ရှိတဲ့ ဖိနပ်စီးဖို့၊ ပြီးတော့ သားရေလဲပဲ သိုးရေတို့၊ ဆိတ်ရေတို့သုံးဆောင်ဖို့၊ အဲဒီလိုဟာတွေအားလုံး ၅–ခုရှိပါတယ်၊ မျက်ကွယ်မှာလှူတဲ့ အလှူသင်္ကန်းတွေလဲ လက်ရောက်မှပဲ၊ ကိုယ့်ပစ္စည်းအဖြစ်နဲ့ အသိအမှတ်ပြုပြီးတော့ အဓိဋ္ဌာန်တင်ဖို့ရာတွေ ဝိနည်းတွေနဲ့စပ်ပြီးတော့ တောင်းခံတဲ့စကားတွေ၊ အတိုချုပ်ပြောမယ်၊ ဒါတောင် နည်းနည်းစီပါသွားအောင်။

မြတ်စွာဘုရားထံ ရောက်တဲ့အခါကာလကျတော့ မြတ်စွာဘုရားက အရှင်အာနန္ဒာကို အမိန့်ပေးတယ်၊ သောဏအတွက် အိပ်ရာနေရာ ပြင်လိုက်ပါလို့ပြောတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားရဲ့ အလုပ်အကျွေးဆိုတော့ မြတ်စွာဘုရားရဲ့ အခြေအနေကိုသိတယ်၊ မြတ်စွာဘုရားကိုယ်တိုင် ဒီပုဂ္ဂိုလ်တယောက်ရဲ့ နေရာပြင်ဖို့သိတယ်ဆိုလို့ရှိယင် တခြားမှာပြင်ဖို့မဟုတ် ဘူး၊ မြတ်စွာဘုရားသီတင်းသုံးတဲ့ ဂန္ဓကုဋီတိုက်မှာပဲ သီတင်းသုံးဖို့ခိုင်းတယ်၊ ဘုရားသီတင်းသုံးတဲ့ ဂန္ဓကုဋီတိုက်မှာ ဘယ်သူ မှ အတူတူနေရဖူးတာမရှိဘူး၊ ရှင်သောဏတယောက်ပဲ နေရဖူးတယ်၊ အဲဒီမှာသီတင်းသုံးတော့ မြတ်စွာဘုရားလဲပဲ ဘုရားတို့ ပုဗ္ဗကိစ္စတွေကို နှလုံးသွင်းဆင်ခြင်ပြီးတော့ နေတယ်၊ အဲဒီရှင်သောဏကလဲ တရားနဲ့ နှလုံးသွင်းပြီးတော့ ဒီလိုပဲနေတယ်၊ နှလုံးသွင်းနေတဲ့အခါမှာ မနက်စောစောကျတော့ကို သောဏ သင်ရဲ့တရားတွေကို ရွတ်ဖတ်အုံး၊ ငါဘုရားနာမည်ဆိုတော့ ဘုရားဟောထားတဲ့ ဂါထာတွေကို သူက သံနေသံထားနဲ့ အချိုးအကျကျရွတ်တယ် ဆိုတာကိုး ရွတ်တော့ အိန္ဒိယအသံတော့ ကြိုက်မှာမဟုတ်ဘူး၊ ဗမာသံနဲ့ ရွတ်ရမှာ၊ နည်းနည်းတော့ ရွတ်ရအုံးမယ်။

ကာမဂုဏ်မရယင် ပျက်စီးသွားနိုင်

ကာမံ၊ ကာမဂုဏ်အာရုံ ဝတ္ထုကို။ ကာမယမာနသ၊ အလိုရှိသော။ တသ ဇန္တုနော၊ ထိုပုဂ္ဂိုလ်အား။ တေကာမာ၊ ထိုကာမဂုဏ်တရားတို့သည်။ သစေ ဂမိဿန္တိ၊ အကယ်၍ ကျူးလွန်သည်ဖြစ်ငြားအုံ့။ ဧဝံ၊ ဤသို့ ကျူးလွန်သည်ရှိသော်။ သုဒ္ဓိ၊ နှစ်သက်အားရခြင်း ဝမ်းမြောက်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်လေတော့၏။

ကာမဂုဏ်အာရုံတွေကို နှစ်သက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကာမဂုဏ် အာရုံတွေရလို့ရှိယင်တော့ နှစ်သက်အားရ ဝမ်းမြောက်ခြင်းတွေဖြစ်တယ်တဲ့၊ အဲဒီလို ကာမဂုဏ်အာရုံတွေကို လိုချင်နှစ်သက်နေတဲ့ ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံတွေက မရဘူး၊ ပျက်စီးသွားတယ် ဆိုလို့ရှိယင်တော့ "သလ္လဝိဒ္ဓေါ ဝိဗျတိ" မြားမှန်တဲ့ ပုဂ္ဂိုလ်လိုပဲတဲ့၊ ရုပ်တွေကဖောက်ပြန်ပြီး ပျက်စီးပြီးတော့ သွားတယ်တဲ့၊ ဆင်းရဲဒုက္ခရောက်ပြီးတော့ သွားတယ်၊ အဲဒီဂါထာတွေကို မြတ်စွာဘုရား ဟောတော်မူတဲ့ အသံတော်နည်း ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ အဲဒီလို လျှောက်ထားယင်း ရဟန္တာ ဖြစ်သွားတယ်ဆိုတာကိုး။

အဲဒါ အကြောင်းပြုပြီးတော့လဲ မြတ်စွာဘုရားက ရှင်သောဏမထေရ်ကို ဂန္ဓကုဋိတိုက်မှာ သီတင်းသုံးဖို့ရာခွင့်ပြုတယ်၊ ဒီလိုခွင့်ပြုမှ ဒီဂါထာတွေကို ရွတ်ရမယ်၊ ဒီဂါထာတွေ ရွတ်ပြီးတော့မှ သူရဟန္တာဖြစ်မယ်၊ အဲဒါတွေကို မြတ်စွာဘုရားက ဒီမှာ အနေခိုင်းတာကိုး၊ ဒီလို အရွတ်ခိုင်းပြီးတော့ ခွင့်ပြုပြီး သာဓုအနုမောဒနာခေါ်တယ်။

နောက်တော့မှ ရှင်မဟာကစ္စည်းမှာလိုက်တဲ့ ၁၀–ပါးသော ဒသဝဂ်သံဃာနဲ့ ရဟန်းခံခြင်းလဲ လျှော့ပြီးတော့ နည်းတဲ့ ဝဂ်နဲ့ ရဟန်းခံနိုင်ဖို့ရာ ခွင့်ပြုဖို့ကစပြီးတော့ ရှင်မဟာကစ္စည်း မှာလိုက်တာတွေကို လျှောက်ထားတယ်၊ လျှောက်ထားတော့ မြတ်စွာဘုရားက ဒီမှာခွင့်ပြုပါတယ်၊ အဲဒီခွင့်ပြုလို့ အိန္ဒိယအလယ်ပိုင်းမဟုတ်တဲ့ ဒေါ်ပြင်နေရာတွေမှာ ၅–ပါးနဲ့ ရဟန်းခံလို့ရတယ်၊ ဗမာပြည်တို့လဲ ၅–ပါးနဲ့ ရဟန်းခံလို့ရတယ်၊ ဒေါ်ပြင်လဲပဲ အမြဲတန်းရေချိုးခြင်းတို့၊ သားရေအထပ်ထပ် အလွှာလွှာရှိတဲ့ ဖိနပ်ကိုစီးခြင်း၊ သားရေအခင်းတွေကို သုံးဆောင်ခြင်း၊ အဲဒီလိုဟာတွေကို ဒီမှာသုံးဆောင်နိုင်တယ်၊ ပြီးတော့ မျက်ကွယ်မှာလှူတဲ့ အဝတ်သင်္ကန်းတွေကိုလဲ သင်္ကန်းတွေဆိုယင် လှူသည့်အချိန်ကစပြီးတော့ မယူပဲနဲ့ ကိုယ့်လက်ရောက်တဲ့အချိန်ကစပြီး တော့ ၁၀–ရက်အတွင်း အမိန့်ခွာန်တင်ပြီးတော့ သုံးဆောင်နိုင်တဲ့ ဝိနည်းသိက္ခာပုဒ်တွေ အဲဒီကနေပြီး တဆင့်ခွင့်ပြုတယ်၊ အဲဒီ ရှင်သောဏမထေရ်ရဲ့ ဝတ္ထုအတ္ထုပ္ပတ်အစဉ်က–

ကာမံ ကာမယမာနသ၊ ဆန္ဒဇာတသ ဇန္တုနော။
အဒ္ဓါ ပိတိမနော ဟောတိ၊ တသ္မိဿ ဧတံ သမိဗျတု။

ကာမံ၊ ကာမဂုဏ်အာရုံဝတ္ထုကို။ ကာမယ မာနသ၊ အလိုရှိသော။ တသ္မိဿ ဇန္တုနော၊ ထိုပုဂ္ဂိုလ်အား။ တေသံ၊ ထိုအလိုရှိ အပ်သော ကာမဂုဏ်ဝတ္ထုတို့၏။ စေ သမိဗျတိ၊ အကယ်၍ပြည့်စုံသည်ဖြစ်ငြားအုံ့။ အဒ္ဓါ၊ မချွတ်ဧကန်။ သော၊ ထိုပုဂ္ဂိုလ် သည်။ ပိတိမမနော၊ ဝမ်းမြောက်သော စိတ်နှလုံးရှိသည်။ ဟောတိ၊ ဖြစ်သတည်း။

ကာမဂုဏ်ဆိုတာ ဘေးရန်အန္တရာယ်

ကာမဂုဏ်အာရုံတွေ အလိုရှိနေတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံတွေပြည့်စုံယင် ဝမ်းမြောက်တယ်၊ ကာမဂုဏ်အာရုံတွေ အလိုရှိနှစ်သက်နေတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံတွေ ပျက်စီးသွားလို့ရှိယင် ရဖို့ရာတွေ မရလို့ရှိယင် စိတ်ပျက်တယ်၊ မြားများမှန်တဲ့ပုဂ္ဂိုလ်လိုပဲ ဖောက်ပြန် ချွတ်ယွင်းပြီးတော့ သွားတယ်၊ ပုံမတော်ယင် သေလဲသေ တတ်တယ်၊ ရူးလဲရူးတတ် တယ်၊ ရောဂါဝေဒနာတွေ စွဲကပ်တတ်တယ်၊ အဲဒီလိုဒုက္ခတွေ ရောက်တယ်လို့ဆိုပါတယ်။

ကာမဂုဏ်အာရုံဆိုတာ ဘေးရန်အန္တရာယ်တွေပဲလို့ ဒီကစပြီးတော့ တရားဂါထာတွေ အဲဒီဂါထာတွေ ရွတ်ဖတ်ပြီး တော့လျှောက်ထားတာ၊ အဲဒီ အရှင်သောဏမထေရ်ဝတ္ထုထဲမှာ ခုနက ပုဏ္ဏားမကနေပြီးတော့ တန်ခိုးကြီးတဲ့ ဝေမာတိက ပြိတ္တာမလို့ ဆိုရမှာပေါ့၊ ပြိတ္တာဆိုပေမယ်လို့ နတ်ပါပဲ၊ အဲဒီဝတ္ထုမှာ နန္ဒိရာဂကြောင့် သူ့အိမ်သားဖြစ်တဲ့ ခင်ပွန်းသည်နှင့် သူ့သားနဲ့၊ သူ့ချွေးမနဲ့၊ သူ့ကျွန်မနဲ့အတူတူဖြစ်တော့ နေရအောင်။

(ဤမျှသာရှိသည်၊ တရားနိဂုံးမပါ။)

သောဏရဟန်း ဆုငါးပါးတောင်းသဖြင့်
ဘုရားရှင် ခွင့်ပြုတော်မူခြင်း

၁။ ပစ္စန္တရစ်တို့၌ ရဟန်းရှားပါးသောကြောင့် ဝိနည်းခိုရ်ပုဂ္ဂိုလ်လျှင် ငါးပါးရှိသော ရဟန်းအပေါင်းဖြင့် ရဟန်းပြုကံဆောင်နိုင်ခြင်း။

၂။ ပစ္စန္တရစ်တို့၌ မြေကြမ်းတမ်းသောကြောင့် အထပ်ထပ်သော ဖိနပ်ကို စီးနင်းနိုင်ခြင်း။

၃။ ပစ္စန္တရစ်တို့၌ လူတို့သည် အလေးပြု၍ ရေချိုးလေ့ရှိသောကြောင့် အမြဲရေချိုးနိုင်ခြင်း။

၄။ ပစ္စန္တရစ်တို့၌ ဖျာအလား သားရေခင်းလေ့ရှိကြသောကြောင့် ဆိတ်သားရေ, သမင်သားရေတို့ကို ခင်းသုံးနိုင်ခြင်း။

၅။ အရပ်တပါး သွားဆဲရဟန်းအား လူသောသင်္ကန်းကို လက်သို့ရောက်မှ ရက်ရေတွက်၍ ဆယ်ရက်အတွင်း ဝိနည်းကံပြုရခြင်း။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ ဒုတိယဝါဆို့လပြည့်ကျော် (၈)ရက်နေ့ ဟောကြားတော်မူသည်။

ရွာပျက်ပမာ ၆–ဖြာ ဒွါရ ရှုမြင်ကြ

အာသီဝိသောပမသုတ္တန် တရားတော်၊ ပထမမြွေ ၄–ကောင်အကြောင်း ဟောပြီးပြီ၊ မဟာဘုတ်ကြီး ၄–ပါးဟာ မြွေလေးကောင်နဲ့ တူတယ်ဆိုတာ ဟောပြီးသွားပါပြီ၊ "သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" သူသတ်သမားကြီး ငါးဦးက ခန္ဓာငါးပါးနဲ့တူတယ်ဆိုတာလဲ ဟောပြီးသွားပါပြီ၊ "မိတ်ညာရန်ဘက် တပ်စွဲချက်ကြောင့်" ဆဋ္ဌ ၆–ခုမြောက် အန္တရဆိုတာ အတွင်းသားပုဂ္ဂိုလ်၊ အတွင်းသားဖြစ်တဲ့ သူသတ်သမား၊ နန္ဒီရာဂနှစ်သက်တပ်စွဲမှုပဲဆိုတာလဲ ဟောပြီးသွားပြီ၊ တနေ့ကသီတင်းက ပြီးသွားပြီ။

ရွာပျက်ကုန်းပမာ ၆–ဖြာဒွါရ

ဒီကနေ့ အလှည့်ကျတာကတော့ "မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊ ရောက်ကတဖုံ၊ ရွာပျက်သုည" ရွာပျက်ကုန်း ဒွါရ ၆–ပါး၊ ရွာပျက်ကုန်းရောက်တယ်၊ အဲဒါ ဒီကနေ့ဟောရတယ်။

မြွေ ၄–ကောင်ကို ဘုရင်မင်းရဲ့အမိန့်အရ ထိန်းကျောင်းနေရတဲ့ မြွေထိန်းသမားဟာ မြွေတွေအိပ်ပျော်နေတဲ့အခါ မြွေကြီးတွေအသာချပြီးတော့ ထွက်ပြေးတယ်၊ အာဏာဖီဆန်မှုနဲ့ ဘုရင်မင်းမြတ်က သူ့ကို သတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ့ရာသတ်ဖို့ ကြေငြာတဲ့အခါကျတော့ သူ့ရဲ့ ရန်သူကြီးငါးဦး ပေါ်ထွက်လာတယ်၊ ရန်သူကြီးငါးဦးလဲ တွေ့ရာသတ်ဖို့ရာ အမိန့်ပေးလို့ ရန်သူကြီးငါးဦးလဲ နောက်ကလိုက်၊ မြွေကြီး ၄–ကောင်ကလဲ နောက်ကကိုက်ဖို့ရာ သူသွားရာ အနံ့ခံပြီးတော့လိုက်လာတယ်၊ မြွေထိန်းယောကျ်ားက ပြေးနေရတယ်၊ ဒီလို ပြေးနေရာမှာ သူရဲ့မိတ်ဆွေဖြစ်တဲ့ ငယ်ပေါင်းကြီးဖော် အင်မတန်ရင်းနှီးတဲ့ပုဂ္ဂိုလ်ကလဲ ဘုရင်းမင်းမြတ်က ပူးသတ်ဖို့ရာ သူလဲရာထူးဌာနန္တရပေးမယ်ဆိုပြီးတော့ သူ့လဲ တွေ့ရာသတ်ဖို့ လွှတ်လိုက်တယ်၊ အဲဒီလူကလဲ နောက်က အဝေးက သတင်းပို့ပြီးတော့ ပူးပြီးတော့ သတ်ဖို့ရာအားထုတ်တယ်။

အဲဒီလို ထွက်ပြေးနေရတာ နောက်က မြွေ ၄–ကောင်ကလဲ တွေ့ရာကိုက်မယ်ဆိုပြီးတော့ လိုက်နေတယ်၊ သူသတ်သမားကြီး ငါးယောက်ကလဲ တွေ့ရာသတ်ဖို့ရာ လိုက်နေတယ်၊ သူ့ရဲ့မိတ်ဆွေဖြစ်တဲ့ အင်မတန် ရင်းနှီးတဲ့ ပုဂ္ဂိုလ်ကလဲပဲ ရာထူးဌာနန္တရတွေ မက်မောပြီးတော့ တွေ့ရာသတ်ဖို့ရာ သူကလဲ ပူးပေါင်းပြီးတော့ သတ်ဖို့ရာ ချော့ပြီး ပူးပေါင်းသတ်ဖို့ရာ သူကလဲ နောက်က လိုက်လာတယ်။

အဲဒါတွေ သတင်းကြားရတာနဲ့ မြွေထိန်းယောကျ်ားက အင်မတန်ကြောက်ပြီးတော့ ထွက်ပြေးနေရတယ်၊ဘယ်ရောက်သွားတုံးဆိုတော့ ရွာပျက်ကုန်း ရောက်သွားတယ်တဲ့၊ အိမ် ၆–အိမ်ရှိတဲ့ ရွာပျက်ကုန်းရောက်သွားတယ်၊ ရှေးကလူနေအိမ်ခြေလူတွေနေတဲ့ရွာ၊ အခုတော့ အကြောင်းတခုခုကြောင့် မနေနိုင်လို့ ရွာစွန့်ပစ်ပြီးတော့ တခြားကို လူတွေ ထွက်ပြေးသွားတဲ့

လူမရှိတဲ့ရွာကို ရောက်တယ်၊ ရွာပျက်ကုန်းခေါ်တာပေါ့၊ သုညဂါမ–သုညလူဆိတ်နေတဲ့ ဘာမှလူမရှိတဲ့ ဂါမ–ရွာ၊ လူမရှိတဲ့ ရွာပျက်ကုန်းလို့ ဗမာလိုကတော့ ဒီလိုပဲ ဘာသာပြန်ရတယ်၊ အဲဒီရောက်သွားတယ်။

ရောက်သွားတော့ မောမောပန်းပန်းနဲ့ ဒီရွာဖြင့်ယင် စားစရာတွေ သောက်စရာတွေ ရကောင်းပါရဲ့ဆိုပြီး ရွာထဲဝင်သွားတော့ လူတယောက်မှ မတွေ့ဘူး၊ အိမ်တွေမှာ တက်ကြည့်တော့လဲ လူတယောက်မှ မတွေ့၊ အသုံးအဆောင်လဲ ဘာမှမတွေ့၊ အိုးတွေခွက်တွေဖွင့်ပြီး နှိုက်ပြုကြည့်တော့လဲ အိုးတွေခွက်တွေထဲမှာလဲ ဘာမှမရှိဘူး၊ ရေတောင် သောက်စရာမရှိဘူး၊ ရွာက လူမရှိတဲ့ရွာ ဖြစ်နေတယ်။

ဒီတော့ မူလက ဒီရွာဖြင့်ယင် အားကိုးရာဖြစ်မှာပဲ၊ စားဖို့ သောက်ဖို့ရာတွေ တစတစရမှာပဲလို့ အားကိုးကြီးနဲ့ ဝင်လာတာ၊ ဘာမှ အားမကိုးရတဲ့ ရွာပျက်ကုန်းကြီးဖြစ်နေတာကို သိရတယ်တဲ့၊ အဲဒါက ဘာတုံးဆိုလို့ရှိယင် ဒွါရ ၆–ပါးပါပဲတဲ့။

ဓာတ်ကြီး ၄–ပါးကြောက်လို့ တရားအားထုတ်ခြင်း

မြတ်စွာဘုရား၏ ညွှန်ကြားချက်အရနဲ့ မြွေ ၄–ကောင်နဲ့တူတဲ့ မဟာဘုတ် ၄–ပါးကိုလဲ လွန်မြောက်နိုင်အောင် တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ယောဂီပုဂ္ဂိုလ်တွေပါပဲ၊ မိမိတို့သန္တာန် မှာရှိတဲ့ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄–ပါးကို ကြောက်ပြီးတော့ ဒီဓာတ်ကြီး ၄–ပါး ဖောက်ပြန်ပြီး တော့ ဘဝတိုင်း ဘဝတိုင်းလဲ သေခဲ့လျှပြီ၊ ယခု ဘဝလဲ တနေ့ကျယင် ဒီဓာတ်ကြီး ၄–ပါး ဖောက်ပြန်ပြီးတော့ သေရလိမ့်မည်၊ နောက်နောက်သော ဘဝတွေမှာလဲ ကိလေသာ မကင်းသေးယင် ဘဝတွေက ရှိသေးတော့ ဖြစ်လာတဲ့ဘဝမှာ ဓာတ်ကြီး ၄–ပါး ကတော့ အရင်းခံရှိရမှာကိုး၊ ရုပ်ရှိတဲ့ဘုံဆိုယင် ရှိရမှာပဲ၊ အဲဒီ ဓာတ်ကြီး ၄–ပါး ဖောက်ပြန်ပြီး အဲဒီ ဘဝတွေမှာလဲ ဒီလိုပဲ သေသေပြီး သွားရအုံးမယ်ဆိုတော့ မြွေကြီး ၄–ကောင်ဟာ ဘဝတိုင်းဘဝတိုင်း လိုက်ကိုက်နေတာနဲ့တူတယ်၊ ကြောက်စရာ ကောင်းတယ်လို့ မြွေကြီး ၄–ကောင် ကြောက်သလိုပဲ၊ မိမိတို့သန္တာန်မှာရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄–ပါးကို ကြောက်ပြီးတော့ တရားအားထုတ်ကြရတာကိုး။

ဒီမှာ ယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်တယ်ဆိုတာ ဒါပဲ၊ တခြားမဟုတ်ဘူး၊ မိမိတို့သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄–ပါးကို ကြောက်ပြီးတော့ အားထုတ်နေရတာ၊ မကြောက်ယင်တော့ အားထုတ်စရာ မလိုဘူး၊ မကြောက်တဲ့ပုဂ္ဂိုလ်တွေက သေချင်လဲသေ ကိစ္စမရှိဘူးဆိုယင် သူကတော့ အားထုတ်စရာ မလိုဘူး၊ အခုတော့ ဒီဓာတ်ကြီး ၄–ပါး ဘဝတိုင်း ဘဝတိုင်း လိုက်ပြီးတော့ ဖောက်ပြန်ပြီး သတ်နေတယ်၊ ဓာတ်ကြီး ၄–ပါးဟာ မြွေကြီး ၄–ကောင်နဲ့ တူတယ်၊ အင်မတန် ကြောက်စရာ ကောင်းတဲ့တရားတွေပဲ၊ ဓာတ်ကြီး ၄–ပါးကို ကြောက်ရွံ့ပြီးတော့ အခု တရားအားထုတ်နေကြတယ်။

ခန္ဓာ ၅–ပါး သူသတ်သမား

မြတ်စွာဘုရားဟောကြားတဲ့ ခန္ဓာငါးပါးဟာ သူသတ်သမားကြီးတွေ၊ ခန္ဓာငါးပါးဟာကောင်း နေတဲ့အခါလဲပဲ သတ်သတ်တဲ့သဘောရှိတာပဲ၊ နောက်ဆုံးတနေ့ကျယင် ဖောက်ပြန်ပြီးတော့ ခန္ဓာငါးပါးထဲက တပါးဖြစ်စေ၊ ၂–ပါးဖြစ်စေ၊ ၃–ပါး၊ ၄–ပါး၊ ၅–ပါးလုံးဖြစ်စေ ဖောက်ပြန်ပျက်စီးပြီးတော့ သတ္တဝါဟာ သေရတယ်တဲ့၊ ခန္ဓာငါးပါး မဖောက် ပြန်ယင်တော့ သူမသေဘူး၊ ဖောက်ပြန်လို့သာ သေသွားတာ၊ ခန္ဓာငါးပါး မဖောက်ပြန်ပဲလဲ မနေဘူး၊ တနေ့ကျယင် ဖောက် ပြန်မှာပဲ၊ ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ဆိုယင် ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အခု ခန္ဓာငါးပါးဟာ တနေ့ကျတော့ ဖောက်ပြန်လာတာပဲ။

လူ့ခန္ဓာ ဘယ်လိုကျန်းမာရေးတွေ ဂရုစိုက်ဘယ်လောက်ပဲ ဂရုစိုက်နေစေကာမူ အသက်ရှည်အောင်လို့ အသက်ရှည်ဆေးတွေနဲ့ ဆေးတွေဝါးတွေနဲ့ ဘယ်လိုပြုပြင်နေစေကာမူ တနေ့ကျယင် ဒီခန္ဓာငါးပါးဟာ ဖောက်ပြန်ပျက်စီးရတာ၊ မဖောက် ပြန်မပျက်စီးပဲနဲ့ မနေဘူး၊ သူကတော့ အိုမင်းပြီးတော့လဲ ဖောက်ပြန်ပျက်စီးတတ်တယ်၊ တနေ့ကျယင် ပျက်စီးရတာပဲ၊ တည် မနေနိုင်ဘူး။

လူ့ခန္ဓာသာ မဟုတ်ဘူး၊ နတ်ခန္ဓာတွေလဲပဲ တနေ့ကျယင် ဒီလိုပဲ ပျက်စီးရတာပဲ၊ ဗြဟ္မာခန္ဓာတွေလဲ တနေ့ကျယင် ပျက်စီးရတာပဲ၊ ရုပ်ခန္ဓာသာ မဟုတ်ဘူး၊ နာမ်ခန္ဓာသက်သက် အရူပဘုံတွေ၊ စိတ်ချည်းထဲ စေတသိက်နာမ် တရားတွေချည်းထဲဖြစ်နေတဲ့ အရူပဘုံကရှိသေးတယ်၊ အဲဒီခန္ဓာတွေလဲ တနေ့နောက်ဆုံးကျယင် ပျက်ရတာပဲ၊ ဒီတော့ ခန္ဓာငါးပါးဟာ သူသတ်သမားကြီး ငါးယောက်နဲ့တူတယ်၊ သူသတ်သမားကြီး ငါးယောက် တွေ့ရာသတ်မယ်လို့လိုက်နေသလိုပဲ။

တနေ့ကျယင် ဒီခန္ဓာငါးပါး ဖောက်ပြန်ပြီးတော့ သေကြမှာ၊ သေခဲ့လျှပြီ၊ ရှေးရှေးသော ဘဝတွေလဲသေခဲ့ပြီ၊ ယခုဘဝလဲ တနေ့ကျတော့ ဒီလိုပဲသေကြမှာတွေ၊ အခု အသက်ရှည်ပြီးတော့ နေကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီခန္ဓာငါးပါးဖောက်ပြန်ပြီးတော့ သေကြမှာတွေ၊ သေလဲ သေသွားပြီ၊ အဲဒီ ခန္ဓာငါးပါးဖောက်ပြန်တာပဲ၊ ဆေးရုံတွေမှာ အစကတည်းက မကျန်းမာလို့

ဆေးရုံတက်နေတာ သေလုသေခါနီးတွေ၊ တချို့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ အဲဒါတွေ နောက်ဆုံးတနေ့ကျတော့ ဆေးကုလို့မရတော့ သေကြတယ်၊ ခန္ဓာငါးပါးဖောက်ပြန်ပြီး ပျက်စီးပြီးသေတာပဲ၊ သုသာန်သင်္ချိုင်းမှာသွားပြီး စောင့်နေ မသာတွေမသာတွေချလာတာ၊ သေလာတာတွေဟာ ခန္ဓာငါးပါး ပျက်စီးပြီးတော့ သေတာတွေချည်းထဲပဲ။

သူသတ်သမားခန္ဓာကလွတ်အောင် တရားအားထုတ်

ဒီခန္ဓာငါးပါး ဖောက်ပြန်ပြီးသေတာတွေ မီးလောင်လို့သေသည် ဖြစ်စေ၊ ရေနစ်လို့ သေသည်ဖြစ်စေ၊ ဘာကြောင့်ပဲ သေသေ ခန္ဓာငါးပါး ဖောက်ပြန်ပျက်စီးလို့ သေရတာပဲ၊ အဲဒီခန္ဓာငါးပါးဟာ ရှေးရှေးသော ဘဝတွေကတည်းက ဖောက်ပြန်ပျက်စီးပြီး သတ်ခဲ့လုပြီ၊ ယခုဘဝလဲ တနေ့ကျတော့ သတ်အုံးမယ်၊ နောက်နောက်သော ဘဝတွေမှာလဲ ကိလေသာမကင်းသေးယင် ဘဝအသစ်တွေဖြစ်ရတယ်၊ ဖြစ်ရာဖြစ်ရာဘဝမှာ ဒီလိုခန္ဓာငါးပါးတွေနဲ့ပဲ ဒီခန္ဓာငါးပါးတွေ ဖောက်ပြန်ပြီး တနေ့ကျလို့ရှိယင် ဒီလိုသေသေပြီး သွားရမယ့်ဟာတွေချည်းပဲ။

အဲဒါတွေမြင်ပြီး ခန္ဓာငါးပါး သူသတ်သမားတွေကို ကြောက်သောအားဖြင့် ဒီခန္ဓာငါးပါးက လွတ်မြောက်အောင် အခုတရားအားထုတ်ရတယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ခန္ဓာငါးပါးတည်းဟူသော သူသတ်သမားကြီးတွေကြောက်လို့ အားထုတ်နေကြတာ။

နန္ဒီရာဂလွတ်အောင် တရားအားထုတ်

ဒီထဲမှာ နန္ဒီရာဂခေါ်တဲ့ နှစ်သက်တပ်စွဲမှုတဲ့၊ သူကတော့ ငယ်ငယ်ကတည်းက အင်မတန် ရင်းရင်းနှီးနှီး ပေါင်းလာတဲ့ မိတ်ဆွေတွေနဲ့တူတယ်၊ သူကပေါင်းပြီးတော့ သတ်တတ်တယ်၊ နေရာတကာမှာ သူက နှစ်သက်သာယာမှုတွေ ရှိနေတော့ ဘဝအသစ်တွေ ထပ်ခါထပ်ခါဖြစ်ရတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ဘဝတွေမှာ သေရတာဟာ သူ့ကြောင့်ပဲ၊ ဘဝအသစ်ဖြစ်ရတယ်ဆိုယင် နန္ဒီရာဂရှိနေလို့ပဲ၊ နှစ်သက်သာယာမှုကလေးကြောင့် သူက ဖြားယောင်းပြီးတော့ ဘဝအသစ်ကို ဆွဲဆောင်သွားသလိုပဲ ရောက်ရာဘဝကျတော့ သေရပြန်တယ်၊ နန္ဒီရာဂကလဲ ပူးပေါင်းပြီးတော့ သတ်နေတာပဲတဲ့၊ ဒီတော့ နန္ဒီရာဂတည်းဟူသော မိတ်ဆွေရင်းနဲ့တူတဲ့ သူသတ်သမားကိုလဲ ကြောက်ရွံ့သောအားဖြင့် အခုတရားအားထုတ် နေကြတယ်၊ ဒီလိုအာရုံတွေ နှစ်သက်သာယာမှုတွေ မဖြစ်အောင် အမြဲတမ်း အားထုတ်ကြတယ်၊ အဲဒါ မြွေထိန်းယောကျ်ား ပြေးတာနဲ့ တူပါတယ်တဲ့။

ရွာပျက်ပမာ ၆–ဖြာဒ္ဒါရ

နောက်ဆုံး ဘယ်ရောက်လာတုံးဆိုတော့ အခုပြောတဲ့ ရွာပျက်ကုန်းရောက်လာတယ်။

သုညော ဂါမော တိ ခေါ ဘိက္ခဝေ ဆန္နေတံ အဗ္ဗတ္တိကာနံ အာယတနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုညော ဂါမောတိ၊ လူသူ ဆိတ်သုဉ်းသော ရွာပျက်ကုန်းဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဗ္ဗတ္တိကာနံ၊ ကိုယ်တွင်းသန္တာန်၌ဖြစ်ကုန်သော။ အာယတနာနံ၊ အာယတန တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ရွာပျက်ကုန်းဆိုတာ တခြားမဟုတ်ဘူးတဲ့၊ မိမိတို့သန္တာန်မှာ ရှိပြီးတော့နေတဲ့ အာယတန ၆–ပါးတဲ့၊ အတွင်းအာယတန ၆–ပါး၊ အဲဒီ အတွင်းအာယတန ၆–ပါးရဲ့အမည်ပဲတဲ့၊ အတွင်းအာယတန ၆–ပါးဆိုတာ အာယတနဆိုတာလဲ ပါဠိစကားပဲ၊ ဗမာစကားနဲ့ သူ့ကို အမည်တခုပြောလိုက်ယင် အဓိပ္ပါယ်က ဒီပြင်နေရာတွေလဲ လွဲသွားနိုင်တယ်၊ အာယတနဟာ အာယတနလို့ပဲပြောရတယ်၊ အာယတနဟာ သူ့အနက်အဓိပ္ပါယ်နဲ့ ဖော်မယ်ဆိုယင် အာယတနဆိုတာဟာ စိတ်စေတသိက်တို့၏ ဖြစ်ရာဌာနတဲ့၊ ဒီလိုလဲရတယ်၊ စိတ်စေတသိက်တို့၏ ဖြစ်ကြောင်းတရားတဲ့၊ ဒီလိုလဲရတယ်၊ စိတ်စေတသိက်တို့၏ အလုပ်လုပ်ရာဌာန အလုပ်ရုံလဲဖြစ်သည်တဲ့၊ ဒီလိုလဲရတာပဲ၊ သူဟာ အနက်တွေအများကြီးရှိတာပဲ၊ အာယတနဟာ၊ ဒီတော့ အာယတနဟာ အာယတနပဲထားပေါ့၊ စိတ်, စေတသိက်တွေဖြစ်ကြောင်း တရားပဲလို့ သာမည်ဒီလိုမှတ်ထား။

စိတ်, စေတသိက်ဖြစ်ဖို့ရာတွေ ဘာတွေတုံးဆိုတော့ ပါဠိလိုတော့ စက္ခု၊ သောတ, ဃာန, ဇိဝှာ, ကာယ, မန–တဲ့၊ ၆–ခုရှိပါတယ်၊ ဗမာလိုဆိုယင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံး, ၆–ခု၊ အဲဒါ မှတ်ဖို့ရာ ခေါင်းကနေပြီးတော့ အထက်ဆုံးကမျက်စိ၊ မျက်စိရဲ့အောက်နားက နည်းနည်းလေးကျတော့ နား၊ နားရဲ့အောက်နား နည်းနည်းကျတော့ နှာခေါင်း၊ နှာခေါင်း ရဲ့အောက်နားက ပါးစပ်ထဲကရှိတဲ့လျှာ၊ ပြီးတော့ တကိုယ်လုံး၊ ကိုယ်ပြီးတော့ ကိုနှလုံး၊ စိတ်နှလုံး၊ ဒါ ၆–ခုပါပဲ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, စိတ်နှလုံး, အာယတန ၆–ပါးတဲ့၊ စိတ်စေတသိက်တွေ ဖြစ်ကြောင်း

ဖြစ်တဲ့တရားတွေပဲတဲ့၊ စိတ်စေတသိက်တွေ ဖြစ်ဖို့ရာအကြောင်းတရားတွေ၊ စိတ်စေတသိက်တို့၏ ဖြစ်ရာဌာနတွေလဲ ဟုတ်တယ်တဲ့၊ စိတ်စေတသိက် တွေ အလုပ်လုပ်ရာဌာနတွေလဲ ဟုတ်တယ်တဲ့၊ ဒီဟာတွေ။

မြင်မှုဖြစ်ကြောင်း

မျက်စိဆိုတာက မြင်မှုစိတ် စေတသိက်တို့က ဖြစ်ကြောင်း တရားပဲ၊ မျက်စိမရှိယင် မမြင်နိုင်ဘူး၊ ဒါက ထင်ရှားတယ်၊ မျက်စိမရှိတဲ့ ပုဂ္ဂိုလ် မြင်လို့မရဘူး၊ မမြင်နိုင်ဘူး၊ မျက်စိရှိမှပဲ မြင်နိုင်တယ်၊ ဒီတော့ မြင်မှုစိတ်စေတသိက်တွေ မြင်မှုနာမ်တရားတွေ ဖြစ်ဖို့ရာ အကြောင်းတရားပဲတဲ့၊ အဲဒါဟာ မျက်စိ၊ တနည်းအားဖြင့် မြင့်တဲ့ စိတ်စေတသိက်တွေ၏ ဖြစ်ရာဌာန၊ ဒီမှာဖြစ်တာပဲ၊ ဟုတ်တယ်၊ မြင်တဲ့စိတ်စေတသိက်တွေ အလုပ်လုပ်ရာဌာန၊ မြင်မှုကိစ္စ ဒီကနေပြီးလုပ်နေတာ၊ မြင်မှုကိစ္စတွေ အခုအလုပ်ရုံတွေမှာ အလုပ်သမားတွေ အလုပ်လုပ်နေသလိုပဲ၊ အဆင်းကိုမြင်တဲ့ကိစ္စမှာ မျက်စိကနေပြီး အလုပ်လုပ်တာပဲ၊ ဒါပြင်နေရာကနေပြီး မြင်လို့မဖြစ်ဘူး၊ အဲဒါအလုပ်လုပ်ရာဌာနလဲဟုတ်တယ်၊ အဲဒါကြောင့် မျက်စိဟာ အာယတနတခုပဲတဲ့၊ မျက်စိကပါဠိလိုတော့ စက္ခုအာယတနလို့ ခေါ်တယ်၊ စက္ခုနဲ့ အာယတနကို ပေါင်းလိုက်တော့ စက္ခာယတနလို့ ပါဠိလေးက ဒီလိုတွဲနေတယ်၊ ဗမာလိုတော့ မျက်စိဆိုတဲ့ဖြစ်ကြောင်းတရား၊ မျက်စိဆိုတဲ့ဖြစ်ရာဌာန၊ မျက်စိဆိုတဲ့အလုပ်ရုံကြီး၊ ဒီလိုဆိုရမှာပေါ့။

မျက်စိဆိုတဲ့ ဖြစ်ကြောင်းတရားဆိုတော့ မြင်မှုဖြစ်ကြောင်းပေါ့၊ မြင်မှုတရားတွေဖြစ်ကြောင်း၊ မျက်စိ၏ဖြစ်ရာဌာန၊ မြင်မှု၏တည်ရာဌာန၊ မျက်စိအလုပ်ရုံ၊ မြင်မှုအလုပ်ရုံပေါ့၊ မျက်စိမှာတော့ မြင်မှုတွေက ဒီမှာ အလုပ်လုပ်တာကိုး၊ အဲဒါ မျက်စိအာယတန။

နားအာယတန၊ စက္ခုအာယတန၊ သောတာအာယတန၊ ပါဠိလိုလဲဟောမှ၊ ပါဠိလိုမပါလို့ရှိယင် အချို့က တရားမှန်းတယ်မသိဘူး၊ ပါဠိထဲက အသံကလေးနဲ့မှ တချို့က တရားမှတ်တယ်၊ ဒီတိုင်း ဗမာလိုရိုးရိုး အဓိပ္ပါယ် နားလည်တာလေးတွေ ဆိုယင် သူက တရားမမှတ်ဘူး၊ အရပ်ထဲက စကားနဲ့ဆိုယင် အရပ်စကားပဲ ထင်နေတယ်၊ တရားမှန်းမသိဘူး၊ တချို့က ပါဠိထဲက ပါဠိအမည်လေးနဲ့ဆိုလို့ရှိယင် ဒါမှတရားဆိုပြီး သဘောကျတယ်၊ အဲဒါလေး အမည်လေးက ဆိုကြအုံးစို့ရဲ့။

> စက္ခုအာယတန၊ သောတအာယတန၊ ঘာနအာယတန၊ ဇိဝှာအာယတန၊ ကာယ
> အာယတန၊ မနအာယတန၊ ၆–ခုရှိတယ်။

အများအားဖြင့် ရလဲရနေကြပါတယ်၊ ဒါပေမယ့် ဘုန်းကြီးက အာသီဝိသောပမသုတ်ထဲမှာ ဒီလိုပဲ ဖြည်းဖြည်းဟောနေတယ်၊ မှတ်လဲမှတ်မိအောင်လို့ အကုန်လုံး မှတ်မိအောင်လို့ ဒီမှာရုပ်တွေ၊ နာမ်တွေ၊ ဖြည်းဖြည်းချင်းပဲ ဟောနေတာ၊ မမှတ်မိတာကတော့ မတတ်နိုင်ဘူး၊ ဘုန်းကြီးဟောတာတော့ မှတ်မိအောင်လို့ပဲ ဟောနေတာပဲ၊ မှတ်မိအောင် နားလည်အောင်၊ မေးလို့ရှိယင် ပြောတတ်အောင်ဟောနေတယ်၊ ဆိုရမယ်။

> စက္ခုအာယတန၊ သောတအာယတန၊ ঘာနအာယတန၊ ဇိဝှာအာယတန၊ ကာယ
> အာယတန၊ မနအာယတန၊ ၆–ခုရှိတယ်။

သိပ်မခက်ပါဘူး၊ ဒီဥစ္စာ၊ ဒါကိုတရားတွေ ခဏခဏနာနေတော့လဲ တချို့အလွတ်ရနေကြမှာပါ။

စက္ခုအာယတနဆိုတာ မျက်စိပဲ၊ သောတက နားပဲ၊ ঘာနဆိုတာ နှာခေါင်းပဲ၊ ဇိဝှာဆိုတာ လျှာပဲ၊ ကာယဆိုတာကတော့ ဗမာလိုကိုယ်ဆိုပြီး ပြန်ထားတယ်၊ မနဆိုတာက ဗမာလိုစိတ်နှလုံးဆိုတော့ နည်းနည်းပိုပြီး နားလည်လာတာပေါ့၊ ဗမာလိုလဲ တခါဆိုရအုံးမယ်။

> မျက်စိအာယတန၊ နားအာယတန၊ နှာခေါင်းအာယတန၊ လျှာအာယတန၊ ကိုယ်
> အာယတန၊ စိတ်နှလုံးအာယတန။

အဒ္ဓါတ္တိက အာယတန ၆–ပါးဆိုတာ ဒီဥစ္စာကိုခေါ်တာပဲ၊ အဲဒီအဒ္ဓါတ္တိက အာယတန ၆–ပါးဟာ ရှာပျက်ကုန်းနဲ့တူတယ်တဲ့၊ ရှာပျက်ကုန်းဟာ ပထမကြည့်လိုက်တော့ ရှာပဲ၊ လူတွေရှိမှာပဲလို့ထင်ရတယ်၊ အားကိုးရမလိုပဲ၊ ဒါပေမယ်လို့ တကယ်တန်း ဝင်ကြည့်လိုက်တဲ့အခါကျတော့ ဒီရှာထဲမှာ အိမ်တိုင်း အိမ်တိုင်းတက်ပြီးတော့ကြည့်တော့ ဘယ်အိမ်မှလူမရှိဘူး၊ စားစရာသုံးစရာ ဘာတခုမှမရှိဘူး၊ အိုးတွေခွက်တွေထဲမှာလဲ လှန်လှောနှိုက်ပြီးတော့ကြည့်တော့ စားစရာသုံးစရာ သောက်စရာ ဘာတခုမှမရှိဘူး၊ အဲဒီတော့ ဗလာအချည်းနှီးဖြစ်နေတယ်တဲ့။

အဲဒါလိုပဲ၊ ဒီအာယတန ၆–ပါးဟာလဲ ပကတိအတိုင်းဆိုယင်တော့ မြတ်အနေလိုလို ချမ်းသာတဲ့အနေလိုလို ငါ ကောင် သူကောင် သတ္တဝါကောင် ဟုတ်နေသလိုလို ထင်ရပါတယ်၊ ဒီလိုပဲထင်ရတယ်၊ ပကတိဆိုယင် မျက်စိဆိုလို့ရှိယင် ပကတိအတိုင်းကတော့ ပသာဒရုပ်ကလေးတခုတည်းကွက်ပြီးတော့ နှလုံးသွင်းတာ မဟုတ်ဘူး၊ သူကတော့ သသမ္ဘာရစက္ခုတဲ့၊ အကြောင်းအဆောက်အအုံတွေနှင့် တကွ အပေါင်းလိုက်ဖြစ်တဲ့ မျက်စိတခုလုံးကို အာရုံပြုပြီးတော့ ဖြစ်ပါတယ်။

ပကတိပုဂ္ဂိုလ်တွေအနေကတော့ ပကတိအနေအားဖြင့်တော့ မျက်လုံးဟာလဲပဲ မျက်နက်ဝန်းလဲရှိတယ်၊ မျက်ဖြူဝန်းလဲ ရှိတယ်၊ မျက်လုံးနှစ်ဘက်မှာ အတွင်းက ဘေးပတ်ဝန်းကျင်ကနေပြီးတော့ ဖြူနေတဲ့ဥစ္စာကို မျက်ဖြူဝန်း၊ အလယ်က မဲနေတာက မျက်နက်ဝန်းလို့ ခေါ်ကြတာကိုး၊ မျက်နက်ဝန်း မျက်ဖြူဝန်းလို့၊ နောက်ပြီးတော့ မျက်ခုံး၊ မျက်ခွံလဲရှိတယ်၊ မျက်ခုံး မျက်ခွံမှာ မျက်တောင်မွေးတွေကလဲရှိတယ်၊ မျက်ခုံးမှာလဲပဲ မျက်ခုံးမွေးတွေကလဲ ရှိသေးတယ်၊ ဒီမှာ အသားအရောင်အားဖြင့်လဲပဲ အသားက ဖြူတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ ညိုတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ မဲတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ အမျိုးမျိုးပေါ့လေ။

အဲဒီ မျက်လုံးဟာ ပကတိအတိုင်းဆိုလို့ရှိယင် သာယာစရာ နှစ်သက်စရာဖြစ်နေတယ်၊ ကိုယ့်မျက်စိ မျက်လုံးတခုလုံးလဲပဲ သာယာနှစ်သက်ဖွယ်ဖြစ်နေတယ်၊ သူများ မျက်စိတခုလုံးလဲပဲ သာယာနှစ်သက်ဖွယ် ဖြစ်နေတယ်၊ တကယ့်ကို အမြတည်ရှိနေတဲ့ မျက်လုံးပဲလို့ ထင်ရတယ်၊ လှပတင့်တယ်နေတာပဲလို့ ထင်ရတယ်၊ ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ခေါ်ရတဲ့ အစိတ်အပိုင်းတခုပဲ၊ ဒီလို ထင်ရတယ်၊ တကယ်ဟုတ်နေတယ်လို့ ထင်ရတယ်၊ မျက်စိကို အားကိုးစရာကြီးပဲ တင့်တင့်တယ်တယ်ကြီးပဲ အင်မတန် ဟန်ကျနေတယ်လို့ ထင်ရတယ်။

ပကတိအတိုင်းဆိုလို့ရှိယင် ခုနက ရှာပျက်ကုန်းရောက်သွားတဲ့ ပုဂ္ဂိုလ်က ရှာထဲမှာ စားစရာ သောက်စရာ သုံးစရာ တွေရှိလိမ့်မယ်၊ လူတွေရှိလိမ့်မယ်လို့ မျှော်လင့်သလိုပဲ၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ဒီမျက်လုံးကြီးဟာ သာယာစရာ ဖြစ်နေတယ်။

မျက်လုံး အသုံးမကျ အနှစ်မရှိ

မြတ်စွာဘုရား လက်ထက်တော်က သုဘာဆိုတဲ့ အမျိုးသမီး တယောက်ရှိတယ်၊ သုဘာ–ဆိုတာက ပါဠိလိုတော့ တင့်တယ်တယ်လို့ အဓိပ္ပါယ်ရှိပါတယ်၊ တင့်တယ်တယ်လို့လဲ ပြန်နိုင်တယ်၊ လှတယ်လို့လဲ ပြန်နိုင်တယ်၊ ဗမာလိုဆိုတော့ တင့်တယ်ဆိုတာကတော့ တယ်မသုံးဘူး၊ လှတာကတော့ သုံးတယ်၊ မတင့်တယ်လို့တော့ ဒီလိုတော့ ခေါ်လေ့မရှိဘူး၊ အမည်ပေးတာ မကြားဖူးဘူး၊ တယ်, မပါပဲနဲ့ မတင့်ဆိုတာတော့ ရှိတယ်၊ ဒါလိုတော့ မတင့်ဆိုယင်တော့ ဖြစ်နိုင်တာပေါ့လေ၊ မလှတို့ဆိုတာရှိတယ်၊ လှလှတို့ ဘာတို့ရှိတယ်၊ တင့်တင့်တို့ ဘာတို့တော့ရှိတယ်၊ ဒီနာမည်မျိုးပါပဲ၊ သုဘာတဲ့။

အဲဒီတော့ အဲဒီသုဘာက ရုပ်ရေရူပကာယ လှပတင့်တယ်လို့ သူ့ကို သုဘာလို့ နာမည်ပေးထားတယ်၊ မိခင် ဘခင်တွေက ငယ်ငယ်ကတည်းက သုဘာလို့ နာမည်ပေးထားတယ်၊ လှပတင့်တယ်တယ်၊ အရွယ်ရောက်လို့ ကြီးမြင့်လာတဲ့ အခါကာလကျတော့ သံသရာဝဋ္ဋဆင်းရဲတွေလဲ ငြီးငွေ့ပြီးတော့ သံသရာဝဋ္ဋဆင်းရဲက လွတ်မြောက်ရအောင်လို့ သာသနာတော်ဝင်ပြီးတော့ ရဟန်းမိန်းမပြုတယ်၊ သုဘာထေရီဆိုတာ ရဟန်းမိန်းမပြုပြီးတော့နေတော့၊ အဲဒီမှာတရားတွေလဲ ကောင်းကောင်းမွန်မွန် ကျင့်သုံးအားထုတ်ပြီးတော့ နေပါတယ်။

တနေ့သော အခါကာလကျတော့ လမ်းသွားယင်း လာယင်းနဲ့ လူတယောက်က လမ်းကနေပြီး ဆီးတားတယ်၊ အရက်တွေသောက်၊ မူးရူးပြီးတော့ လမ်းကနေ ဆီးတားထားတယ်၊ ခွင့်တောင်းလို့မရဘူး၊ ဆီးမတားပါနဲ့ သွားပါရစေလို့ ခွင့်တောင်းလို့မရဘူး၊ ဘာဖြစ်လို့ တားတာတုံးဆိုတော့ မျက်လုံးလေးက လှလွန်းလို့တဲ့၊ မျက်လုံးကလေး လိုချင်လို့တဲ့ သူကပြောတယ်၊ ဒီလိုဆိုလို့ရှိယင် မျက်လုံးကိုလိုချင်လို့ရှိယင် မျက်လုံးပေးရမှာပဲ၊ ဒီလိုဆိုယင် သူကလဲ အင်အားကြီးတဲ့ ပုဂ္ဂိုလ်တယောက်ဆိုတော့ သူလဲပဲ လွန်ဆန်လို့ မဖြစ်တော့ မျက်လုံးကိုပေးမယ်ဆိုပြီး မျက်လုံးကို အတင်းနှိုက်ထုတ်ပြီးတော့ ပေးတယ်ဆိုတာကိုး၊ စာထဲမှာပါတဲ့အတိုင်း ပြောရတာကိုး၊ မျက်လုံးဆိုတာ ဒီတိုင်းနှိုက်ထုတ်ပေးဖို့ရာကတော့ တယ်တော့မလွယ်ဘူး၊ ဒါပေမယ်လို့ သူ့အကြောင်းအားလျော်စွာ ဖြစ်တော့နေမှာပေါ့လေ။

ဒီတော့မှ မျက်လုံးသက်သက်ဆိုတော့ ဘာမှလှတာမဟုတ်ပဲဟာကိုး၊ ဒါပြင် မျက်နှာနဲ့ အကုန်လုံးပေါင်းစပ်ပြီးတော့မှ သူဟာ လှတယ်လို့ ထင်ရတာ၊ မျက်လုံးကလေး တလုံးထဲဆိုတော့ အသားဆိုင်အလုံးကလေးဖြစ်နေတာ၊ ဘာမှ သုံးလို့လဲမရဘူး၊ သူဟာ အဲဒီမှာ အရက်မူးတဲ့လူကလဲ အရက်မူးတွေ ပြေပြီးတော့သွားတယ်တဲ့။

အဲဒီတော့ မျက်လုံးဟာ ဒီအတိုင်းဆိုလို့ရှိယင်တော့ သူအကုန်လုံး အစိတ်အပိုင်းတွေ ပေါင်းစပ်ပြီးတော့ ကြည့်လိုက်တော့ ဒီမျက်လုံးဟာ လှတယ်လို့ထင်ရတယ်၊ လူတိုင်းလူတိုင်းလဲ ကိုယ့်မျက်လုံးနဲ့ ကိုယ်ကတော့ လှပတင့်တယ်တယ်လို့ ထင်နေတာပါပဲ၊ အလွန်ကြီး မလှပေမယ်လို့လဲ အတော်အတန်တော့ ကြည့်လို့ ရှုလို့ ကောင်းသေးတယ်လို့ ဒီလိုထင်တာပဲ၊ ကိုယ့်

မျက်လုံးကလေးကိုယ် သာယာနေကြတယ်၊ သူများမျက်လုံးတွေလဲပဲ ကိုယ်နဲ့ ရွယ်တူတန်းတူတွေ ကိုယ့်အောက်ကပုဂ္ဂိုလ်တွေ ဒီလိုဟာတွေ လှပတင့်တယ်တယ်လို့ပဲ ထင်နေကြတာပဲ၊ သာယာနေကြတာ၊ ယောကျ်ား မိန်းမတွေအချင်းချင်း ဒီမျက်လုံး အကြောင်းပြုပြီးတော့ မျက်လုံးကလေးကိုက လှနေတယ်လို့ ထင်ကြတယ်၊ စာထဲမှာလဲဖွဲ့နွဲ့ပြီးတော့ ရေးကြတယ်၊ မျက်လုံး အကြောင်းနဲ့စပ်ပြီးတော့ မျက်လုံးလှပတဲ့အကြောင်းများ ရေးကြတယ်၊ စာရေးဆရာတွေက စိတ်ထဲမှာ တခါတည်း ကွက်ကွက် ကွင်းကွင်း ပေါ်လာအောင်လို့ မျက်လုံးကလေးအကြောင်းများ ရေးထားလိုက်ကြတာ တခါတည်း စာရေးဆရာတွေ၊တယ်အရေး တော်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ရုပ်ပုံ မမြင်ရပဲနဲ့ စိတ်ထဲ စိတ်ကူးပြီးတော့ နှစ်သက်သာယာစရာဖြစ်အောင် သူတို့ရေးတတ်တယ်။

အဲဒီတော့ ပကတိမျက်လုံးအပေါ်မှာ လူတွေက အမြဲတည်နေတဲ့အနေမျိုးနဲ့ သာယာနေကြတယ်၊ လှပတင့်တယ်တဲ့ အနေနဲ့လဲ သာယာပြီးတော့ နေကြတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်ရဲ့ အစိတ်အပိုင်း ပုဂ္ဂိုလ်သတ္တဝါပဲလို့လဲပဲ ဒီလို ထင်မှတ်ပြီး တော့ သာယာနှစ်သက်ပြီးတော့ နေကြတယ်၊ ဒါပေမယ့်လို့ ဒီမျက်လုံးဟာဖြင့်ယင် ဘာမှမြဲတဲ့ အနှစ်သာရလဲ မရှိပါဘူးတဲ့၊ လှပတင့်တယ်တဲ့ ချမ်းသာတဲ့၊ ကောင်းတဲ့ အနှစ်သာရလဲ မရှိပါဘူးတဲ့၊ ဒီထဲ ငါပဲ သူပဲ ငါ၏အစိတ်အပိုင်းပဲ၊ သူ၏အစိတ် အပိုင်းပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ခေါ်ဆိုရလောက်တဲ့ အတ္တအနှစ်သာရလဲ ဒီထဲမှာ ဘာမှမရှိဘူးတဲ့၊ သူ့ဟာသူဖြစ်ပျက်ပြီးတော့ နေတဲ့ သဘောတရားပဲ၊ ဒါကြောင့်–

စက္ခုတော စေပိနံ ဘိက္ခဝေ ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဥပပရိက္ခတိ၊ ရိတ္တကညေဝ ခါယတိ၊ တုစ္ဆကညေဝ ခါယတိ၊ သုည ကညေဝ ခါယတိ။

(နှာ–၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျတ္တော၊ တတ်သိလိမ္မာသော။ မေဓာဝီ၊ ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသော။ ပဏ္ဍိတော၊ ပညာရှိ ပုဂ္ဂိုလ်သည်။ စက္ခုတောပိ၊ မျက်စိမှလည်း။ နံ၊ ထိုသဘောတရားကို။ စေ ဥပပရိက္ခတိ၊ အကယ်၍ ရှုဆင်ခြင်ငြားအံ့။ ရိတ္တက ညေဝ၊ အနှစ်သာရမရှိသည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်၏။ တုစ္ဆကညေဝ၊ အချည်းနှီးဖြစ်၍သာလျှင်။ ခါယတိ၊ ထင်၏။ သုညကညေဝ၊ အနှစ်သာရမှ ကင်းဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

မျက်စိကလဲပဲ ပညာရှိပုဂ္ဂိုလ်တဲ့၊ ပဏ္ဍိတော–ပညာရှိပုဂ္ဂိုလ်ဆိုပေမယ့် ဒီမှာတော့ ယောဂီပုဂ္ဂိုလ်ပဲ ယူရမှာပါပဲ၊ စာတွေ ပေတွေ အများကြီးတတ်နေတဲ့ ပုဂ္ဂိုလ်ရယ်လို့တော့ မဟုတ်ပါဘူး၊ တတ်တဲ့ပုဂ္ဂိုလ်လဲ ရှိမယ်၊ မတတ်တဲ့ပုဂ္ဂိုလ်လဲ ရှိတယ်၊ ဗျတ္တော၊ တတ်သိလိမ္မာသော ပုဂ္ဂိုလ်လို့ ဆိုပြန်တယ်၊ ဒါလဲပဲ တရားအားထုတ်မှု၌ ကျွမ်းကျင်တတ်သိပြီးတော့ နေတဲ့ပုဂ္ဂိုလ်ပဲ ယူရမယ်၊ မေဓာဝီ–ဆိုတာ ဓမ္မောဇပညာဆိုတာ ဆင်ခြင်တတ်တဲ့၊ ထိုးထွင်းပြီးတော့ သိတတ်တဲ့ ပညာရှိပုဂ္ဂိုလ်တဲ့၊ ဒါကလဲပဲ တရားအားထုတ်ရာမှာ သိသင့်သိထိုက်တဲ့တရားလေးတွေကို သိနိုင်တဲ့ ပင်ကိုယ်ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်။

တချို့ပုဂ္ဂိုလ်တွေက စာသာမသင်ရတာ ပင်ကိုယ်ဉာဏ်ရှိတယ်၊ တရားအားထုတ်တဲ့အခါကာလကျ ပြတ်ပြတ်သား သား ရှင်းရှင်းလင်းလင်းသိတယ်၊ တချို့ပုဂ္ဂိုလ်တွေက စာတွေ အများကြီးသင်ထားပေမယ့် ပြတ်ပြတ်သားသား ရှင်းရှင်းလင်း လင်း သိပ်မသိဘူး၊ အဲဒါ မေဓာဝီလို့ ခေါ်တဲ့ ထိုးထွင်းပြီးတော့သိတဲ့ အသိဉာဏ်ချင်း ကွာခြားနေတဲ့ လက္ခဏာဟာရှိတယ်၊ ကွာခြားနေတဲ့ လက္ခဏာပဲလို့ မှတ်သားဖို့ပါပဲ။

အဲဒါ အခုဟာကတော့ အဲဒီတရားအားထုတ်မှုနဲ့စပ်ပြီးတော့ သိသင့်သိထိုက်တာလေးတွေ တတ်သိနားလည်တယ်၊ တရားအားထုတ်တဲ့အခါကာလမှာ ထိုးထွင်းပြီးတော့ သဘာဝကလေးတွေကို ပိုင်ပိုင်နိုင်နိုင်သိသွားတယ်တဲ့၊ အဲဒီလို သိတဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ပဏ္ဍိတောပါပဲ။

ဟို ပိဋကတ်သုံးပုံတွေတတ်နေတာနဲ့ ပဏ္ဍိတ ဒီလိုမဟုတ်ဘူး၊ လောကမှာ ခေတ်ပညာတွေ အများကြီးတတ်နေတဲ့ ပဏ္ဍိတ ဒီလိုမဟုတ်ပါဘူး၊ တရားအားထုတ်လို့ သိတဲ့ပုဂ္ဂိုလ်ပဲ၊ စာတွေတတ်ချင်လဲတတ် မတတ်ချင်လဲနေ၊ ဒီမှာတော့ဖြင့် ရှုတဲ့အခါကာလကျယင် ရှုပုံရှုနည်း သဘာဝကျပြီးတော့ ရုပ်တရားနာမ်တရားတွေကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သိသွားတဲ့ အသိအလိမ္မာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာတော့ ပဏ္ဍိတပါပဲ၊ ဒီမှာဒါကြောင့်–

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျတ္တော၊ တတ်သိလိမ္မာသော။ မေဓာဝီ၊ ဆင်ခြင်နိုင်သော ဉာဏ်ပညာရှိသော။ မေဓာဝီ၊ ထိုးထွင်း၍သိနိုင် ဆင်ခြင်နိုင်သော ဉာဏ်ပညာရှိသော။ ပဏ္ဍိတော၊ ပညာရှိပုဂ္ဂိုလ်သည်။ စက္ခုတောပိ၊ မျက်စိမှလည်း။ နံ၊ ထိုတရားသဘောကို။ စေဥပပရိက္ခတိ၊ အကယ်၍ ရှုဆင်ခြင်ငြားအံ့။ (ဥပပရိက္ခတိတဲ့၊ ဥပဆိုတာ သဒ္ဒါအနက်ဆိုယင် ဥပ–ဆိုတော့ကပ်၍တဲ့၊ စူးစူးစိုက်စိုက် စိုက်ပြီးတော့၊ ပရိ–ကတော့ ထက်ဝန်းကျင်တဲ့၊ ပတ်ဝန်းကျင်အကြွင်းမရှိ အကုန်လုံးလို့ ဆိုတယ်၊ ပူးကပ်ပြီးတော့ စူးစူးစိုက်စိုက်နဲ့ သိသင့်သိထိုက်တာတွေ အကုန်လုံး၊ ဣက္ခတိ–က ရှုတယ်တဲ့။ ဒါကို ဗမာလိုရှုဆင် ခြင်တယ်ဆိုပြီး ပြန်ထားပါတယ်၊ အဲဒါစူးစိုက်ပြီးတော့ အကြွင်းမဲ့ရှုခဲ့လို့ ရှိယင်တဲ့။) ဥပပရိက္ခတိ၊ အကယ်၍ ဆင်ခြင်ငြားအံ့။

ရိတ္တကညေ၀၊ အနုစ်သာရ ကင်းသည်ဖြစ်၍သာလျှင်။ ခါယတိ။ ထင်၏။ တုစ္ဆကညေ၀၊ အချည်းနှီး ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်၏။ သုညကညေ၀၊ အနုစ်သာရမှ ဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်၏။

မျက်စိကို ရှုမှတ်သိ

မျက်စိကို ဝိပဿနာဉာဏ်နဲ့ ရှုတဲ့အခါကာလကျတော့တဲ့၊ ဒီမျက်စိကလေးဟာ ဘာမှအနုစ်သာရမရှိတာ တွေ့ပါလိမ့်မယ်တဲ့၊ ပကတိအတိုင်းဆိုတော့ ဒီမျက်စိဟာ လှပတင့်တယ်နေတာပဲ၊ လှတယ်လို့ သဘောကျနေကြတာပဲ၊ ကိုယ့်မျက်စိနဲ့ ကိုယ်တော့ မျက်စိတွေ သာယာနေကြတယ်၊ အဲဒီမြင်တဲ့အခိုက်အတန့်မှာ ရှုလိုက်တဲ့အခါကျတော့ အရင်းခံ မျက်စိဆိုတာ ကလေးက ပသာဒရုပ်ကလေး စက္ခုပသာဒရုပ်တဲ့၊ ဒါကအရင်းခံပဲ။

ဒိပြင်ဟာတွေကတော့ သမ္ဘာရတွေခေါ်တယ်၊ စက္ခုရဲ့ တည်ရာမှီရာ အဆောက်အဦးတွေ အစိတ်အပိုင်းတွေ၊ စက္ခုပသာဒခေါ်တဲ့ မျက်စိအကြည်ရုပ်ကလေးရဲ့တည်ရာမှီရာတွေကိုး၊ မျက်ခုံးရယ်, မျက်လုံးရယ်, မျက်နက်ဝန်း, မျက်ဖြူဝန်း, ဒီဥစ္စာတွေက တည်ရာမှီရာတွေ၊ ဒီထဲမှာ မျက်နက်ဝန်းကလေး အလယ်ခေါင်မှာ အရိပ်ထင်ရာအရပ်မှာရှိတာတဲ့။

မျက်စိအကြည်ကလေးဆိုတာ ဘာနဲ့တူသလဲဆိုယင် ၇မ်းလွှာထဲမှာ ဆီတွေထည့်လိုက်တဲ့အခါ ၇မ်းက ၇–လွှာဆင့်ပြီးတော့ထား၊ ဆီပေါက်ကလေး ထည့်လိုက်လို့ရှိယင် ဆီပေါက်ကလေးစိမ့်ပြီးတော့ တခါတည်း ၇မ်းလွှာ ၇–လွှာလုံး ပျံ့နှံ့ပြီးတော့သွားသလိုပဲတဲ့၊ ဒီမျက်လွှာ ၇–ခုမှာ မျက်စိအကြည်ကလေးက ပြန့်ပြီးတော့ တည်နေတယ်တဲ့။

မျက်စိအကြည် ရုပ်ဟာ ရုပ်တခုတည်းတော့ ဘယ်ဟုတ်မှာလဲ၊ ရုပ်တွေအများကြီးပေါ့၊ မျက်စိအကြည်ရုပ်တွေအများကြီး၊ တခါတည်း အဲဒီ မျက်လွှာ ၇–ခုမှာ ပျံ့နှံ့ပြီးတော့ တည်နေတယ်တဲ့၊ နှမ်းဆီများ ကြည်နေသလိုပဲ၊ ရေများကြည်နေသလိုပဲ၊ မျက်လုံးထဲမှာ အကြည်ဓာတ်ကလေး ကြည်နေတာကလေးရှိတယ်။

အဲဒီအကြည်ဓာတ်ကလေးရှိလို့ ဒီအကြည်ဓာတ်မှာ အရိပ်ကလေးတွေ ထင်တာကိုး၊ ရှေ့ကလူလာရပ်လို့ရှိယင် လူရိပ်ထင်တယ်၊ ရှေ့ကရထားတို့၊ မော်တော်ကားတို့ ရှေ့နားရောက်လာယင် ရထား မော်တော်ကား အရိပ်ထင်တာပဲ၊ နွားရောက်လာလို့ရှိယင် နွားအရိပ်ထင်တာပဲ၊ လှည်းရောက်လာယင် လှည်းအရိပ်ထင်တာပဲ၊ ခွေးရောက်လာယင်လဲ ခွေးအရိပ်ထင်တာပဲ၊ သစ်ပင်ရှေ့တည့်တည့်ကို ရပ်လိုက်လို့ရှိယင် သစ်ပင်လာထင်တာပဲ၊ ဘာဖြစ်ဖြစ် ဒီထဲမှာ အရိပ်တွေလာထင်တယ်၊ အဲဒီအရိပ်ထင်ရာဌာန အကြည်ရုပ်ကလေးတဲ့၊ မှန်အကြည်များလို ဆီအကြည်များလို၊ ရေအကြည်များလို၊ မျက်စိထဲမှာရှိတဲ့ အကြည်ရုပ်ကလေးဟာ အဲဒါကို စက္ခုပသာဒလို့ခေါ်တယ်၊ မြင်တယ်ဆိုတဲ့ သဘောကလေးက ဒီမှာတည့်တည့်မှီပြီးတော့ဖြစ်တာ။

စက္ခုံစ ပဋ္ဌစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုံစ၊ မျက်စိကိုလည်း။ ပဋ္ဌစ္စ၊ စွဲ၍။ ရူပေစ၊ အဆင်းတို့ကိုလည်း။ ပဋ္ဌစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်သိမှု စက္ခုဝိညာဏံ၊ မြင်သိမှုစက္ခုဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မြင်သိမှုကလေးဖြစ်တာ၊ ဘယ်ကနေဖြစ်တုံး၊ မျက်စိကိုလဲစွဲပြီး ဖြစ်တယ်၊ အဆင်းကိုလဲ စွဲမှီပြီးဖြစ်တယ်၊ မျက်စိကတော့ တည်ရာအဖြစ်နဲ့ စွဲမှီပြီးတော့ဖြစ်တာ၊ အဆင်းကတော့ကို သူကတော့ အာရုံပြုပြီးတော့ အာရုံအဖြစ်နဲ့ စွဲမှီပြီးတော့ဖြစ်တယ်၊ အဲဒီတော့ မြင်တဲ့အခါကာလမှာ ရှုမှတ်လိုက်လို့ရှိယင် မျက်စိရုပ်က ဘယ့်နှယ်လုပ် ထင်ရှားလာတုံးဆိုယင် မြင်မှု၏ တည်ရာအဖြစ်နဲ့ လာပြီးတော့ ထင်ရှားတယ်တဲ့။

ရူပါဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏံ, ဒဋ္ဌုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပသာဒလက္ခဏံ ဝါ စက္ခု။ လိုရင်းကတော့ ရူပါဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏံ။

ရူပါဘိဃာတာရဟ၊ အဆင်းထိခိုက်ခြင်းဌာထိုက်သော။

သဒ္ဒါနည်းက အဆင်းထိခိုက်ခြင်းဌာထိုက်သော အဆင်းထင်လောက်သော ဘူတပ္ပသာဒ၊ ဘူတရုပ်တို့ကို ကြည်လင်စေခြင်းဟာ အဲဒါ စက္ခုပသာဒရုပ်ပဲ၊ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်ကလေး ပေးထားတယ်၊ "အဆင်းထင်ကြောင်း၊ ကောင်းကောင်းသူကြည်"၊ အဆင်းထင်လောက်အောင်လို့ ကြည်တဲ့ ဥစ္စာကလေးဟာ စက္ခုပသာဒရုပ်ပဲ၊ အဆင်းအရိပ်ကလေးတွေ ထင်လောက်အောင်လို့ ကြည်လင်တဲ့သဘောကလေး မျက်လုံးထဲမှာရှိတယ်၊ အဲဒါမြင်တယ်လို့ ရှုတဲ့အခါကာလမှာ မြင်မှုကလေး အဲဒီကနေဖြစ်နေတာကိုး၊ အဆင်းထင်လောက်အောင် ကြည်လင်တဲ့ အကြည်ဓာတ်ကလေးရှိလို့ ဒီအကြည်ဓာတ်

မှာ အဆင်းလာထင်လို့ မြင်မှုကလေးက ဒီကနေဖြစ်ရတယ်၊ "အဆင်းထင်ကြောင်း၊ ကောင်းကောင်းသူကြည်"၊ စက္ခုဝိညာဉ်၏ တည်ရာမှီရာသဘောပဲ၊ ပြီးတော့ အဆင်းအာရုံဆီကို စိတ်ဓာတ်ကို ဆွဲဆောင်ပြီး ပို့သွားတာနဲ့ တူတယ်တဲ့။

ရူပေသု အာဝိဋ္ဌနရသံ။

ရူပေသု၊ အဆင်း ရုပ်တို့၌။ ဝါ၊ အဆင်း အာရုံတို့၌။ အာဝိဋ္ဌနရသံ၊ ဆွဲဆောင်ခြင်းကိစ္စရှိသည်။

လူတယောက်ကိုဆွဲပြီးတော့ ပြလိုက်သလို၊ ဥပမာ လူတယောက်က ပြတင်းပေါက်ကနေပြီးတော့ လမ်းမက သွားတဲ့ လာတဲ့လူတွေကိုရပ်ပြီးတော့ ကြည့်နေတယ်ဆိုပါတော့၊ ဒါပြင်လူတွေက ကြမ်းပြင်ပေါ်မှာ အသာလေးထိုင်နေကြတော့ လမ်းက သွားတဲ့လူတွေကို မမြင်ရဘူး၊ အဲဒီတော့ ပြတင်းပေါက်ကနေပြီး ကြည့်တဲ့ ပုဂ္ဂိုလ်ကပြောတယ်၊ ဟေ့–အခု ဟိုက မော်တော်ကားတစင်းလာတယ်၊ လူတယောက်လမ်းလျှောက်လာတယ်၊ ဒီကနေပြီး လူတယောက်လမ်းလျှောက်သွားတယ်။ အဲဒါလို သူမြင်တာတွေလျှောက်ပြီးတော့ ပြောတယ်၊ ပြောလို့ရှိယင် ထိုင်နေတဲ့လူတွေက သူတို့မမြင်ပါဘူး၊ မမြင်ပေမယ်လို့ အဲဒီ ကြားပြီးတော့ကို မော်တော်ကား လာတယ်ဆိုယင် မော်တော်ကား လာတယ်လို့ သူ့စိတ်ထဲထင်သွားရော၊ လူတယောက် ဟိုက လမ်းလျှောက်လာတယ် ဆိုယင် လမ်းလျှောက်လာတဲ့အနေ ဟိုကထင်သွားတယ်၊ ဒီကလူ ၂–ယောက် ဟိုသွားပြန်ပြီဆိုယင်၊ လူ ၂–ယောက်နေတဲ့အနေ စိတ်ထဲကထင်တာကိုး၊ ထိုင်နေတဲ့သူတွေက မမြင်ရဘူး။

အဲဒီတော့ အဲဒီ ပြတင်းပေါက်ကနေပြီးတော့ မြင်တာတွေကိုပဲ ပြောကြားနေတဲ့ပုဂ္ဂိုလ်က ဘာနဲ့တူသလဲဆိုယင် အခု စက္ခုပသာဒကလေးကနေ ဆွဲဆောင်ပို့သလို၊ ထိုင်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ဓာတ်ကို ဆွဲပို့သလို ဟိုမှာလမ်းပေါ်ကသွားနေတဲ့ မော်တော်ကားသွားနေပုံ၊ လူလမ်းလျှောက်နေပုံ၊ အဲဒါတွေကို အဲဒီအာရုံတွေဆီ စိတ်ရောက်သွားအောင်လို့ ဆွဲပို့တဲ့သဘောရှိ တယ်။

အဲဒါလိုပဲ၊ မျက်စိအကြည်ရုပ်ကလေးက အဲဒီ မျက်စိအကြည်ရုပ်ကလေး ရှိတဲ့အတွက် ဒီအကြည်ထဲမှာ အဆင်းရိပ် လာထင်တယ်၊ ဒီအဆင်းရိပ်လာထင်တော့ကို နှလုံးသွင်းဆင်ခြင်လိုက်တဲ့အခါ မြင်သွားတယ်၊ အဆင်းရုပ်ကလေးက မြင်တတ်တဲ့ စက္ခုဝိညာဉ်စိတ်နဲ့ မြင်ရတဲ့အဆင်းရုပ်နဲ့ ဒီ ၂–ခုကို သူကဆက်စပ်ပေးတာလို၊ ပွဲစားများ အရောင်းအဝယ်ပြုတဲ့လူ ၂–ယောက်ကို ဆက်စပ်ပေးတာနဲ့လဲတူပါတယ်၊ အဲဒါကြောင့်–

ရူပေသု၊ အဆင်းအာရုံတို့၌။ အာဝိဋ္ဌနရသံ၊ ဆောင်ပို့ခြင်းကိစ္စရှိ၏။

အဆင်းအာရုံဆီကို ရောက်အောင်လို့ အဆင်းအာရုံကို မြင်သွားအောင်လို့ မျက်စိဟာ ဆွဲဆောင်ပို့ခြင်းကိစ္စရှိပါတယ်၊ မြင်အောင်လို့ ကျေးဇူးပြုတာကို ဆိုလိုပါတယ်၊ အတိုချုပ်တော့ ဒါပါပဲ၊ မြင်အောင်လို့ သူက ကျေးဇူးပြုတယ်တဲ့၊ မျက်စိက "အဆင်းဆီသို့၊ ဆောင်ပို့ပေးသည်"လို့၊ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ နောက်ပြီးတော့–

စက္ခုဝိညာဏသ အာဓာရဘာဝပစ္စုပဋ္ဌာနံ။

စက္ခုဝိညာဏသ၊ စက္ခုဝိညာဉ်၏။ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ တည်ရာ၏အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ရှေ့ရှု ထင်သည်။

ပစ္စုပဋ္ဌာန်ဆိုတာ ယောဂီပုဂ္ဂိုလ်ရှုတဲ့အခါမှာ ဉာဏ်ထဲမှာပေါ်လာတဲ့ အခြင်းအရာလေး၊ ဒီတရားလေးဟာ ဘာကလေးနဲ့တူတယ်၊ ဒီလိုသဘောကလေးပဲလို့ ဉာဏ်ထဲရှုယင်းရှုယင်း ထင်လာတဲ့ဥစ္စာဟာ ပစ္စုပဋ္ဌာန်ခေါ်တယ်၊ မြင်တယ်လို့ မှတ်လိုက်တဲ့အခါကာလမှာ မျက်စိကိုပေါ်လာတာ ဘယ်လိုပေါ်လာတုံးဆိုတော့ မြင်မှုကလေးရဲ့ တည်ရာအနေနဲ့ ပေါ်လာတယ်၊ မြင်တာကလေးဟာ ဒီကနေမြင်တာပဲ၊ နားကကြားတယ်မှတ်တဲ့အခါ ဒီကနေ ကြားတာပဲ၊ အနံ့နံတဲ့အခါ နံတယ်လို့ မှတ်လိုက်လို့ရှိယင် နှာခေါင်းထဲက ဒီကနေပြီးတော့ နံတာပဲ၊ အနံ့လာသိတာဒီကပဲ၊ ဒီဌာနကပဲ၊ အရသာစားတဲ့အခါကာလမှာ အရသာသိတာလဲ ဒီကပဲဆိုပြီး လျှာပေါ်ကနေပြီးတော့ အရသာသိနေတာပဲလို့ ဒီလို ထင်ရှားတယ်၊ ကိုယ်က အတွေ့အထိတွေမှတ်တဲ့ အခါလဲပဲ ထိတယ်ထိတယ် မှတ်ယင်း အတွေ့အထိသိတာလေးဟာ သည်နေရာကနေပြီးတော့ ဖြစ်တာပဲလို့ ဖြစ်ရာဌာန ကလေးအနေအားဖြင့် ကိုယ်အကြည်ရုပ်ထင်တယ်၊ ဒါလိုပဲ အကုန်လုံး ဒီလိုချည်းပဲထင်တယ်။

ဝိညာဉ် ၆–ပါးကို မှတ်တဲ့အခါကာလ ဝိညာဉ် ၆–ပါး၏တည်ရာဟာ သူ့အလိုလိုပေါ်လာတာကိုး၊ စာထဲပေထဲ တွေးကြည့်နေရတာ မဟုတ်ဘူး၊ စာနဲ့ပေနဲ့ကျက်ပြီး မှတ်ရတာ မဟုတ်ဘူး။ ရှုယင်း ရှုယင်းနဲ့ကို သူ့ဟာသူပေါ်လာတာ၊ ဒီမှာ မြင်တယ် မှတ်လိုက်ယင် မြင်မှုလေး၏ တည်ရာအနေနဲ့–

စက္ခုဝိညာဏသ၊ စက္ခုဝိညာဉ်၏။ အာဓာရဘာဝပစ္စုပ္ပန္နာနံ၊ တည်ရာ၏အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ရှေ့ရှု ထင်၏၊ မြင်သိမှုကလေးရဲ့ တည်ရာအနေအားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ ထင်တယ်တဲ့၊ "သူ့ဌာနက မြင်ရပေသည်"တဲ့၊ အဲဒီဌာနကပဲ မြင်ရတယ်၊ မျက်စိဆိုတဲ့ သည်ဌာနက မြင်ရတယ်။

"မျက်စိ၌၊ သိထိုက် ဤသုံးမည်"၊ မျက်စိကို အဲဒီသုံးပါးနဲ့ သိရမယ်၊ ပထမက လက္ခဏာ၊ ဒုတိယက ရသ၊ တတိယက ပစ္စုပ္ပဌာန်၊ လက္ခဏာ, ရသ, ပစ္စုပ္ပဌာန်နဲ့ သိပုံ၊ ပဒဋ္ဌာန်သိပုံကတော့ သိပ်အရေးမကြီးလို့ လက်ံကက ၃–ပိုဒ်ပဲ ထည့်ထားပါတယ်၊ ဝိပဿနာရှုတယ်ဆိုတာ လက္ခဏာ, ရသ, ပစ္စုပ္ပဌာန်၊ တမျိုးမျိုးနဲ့ သိရတယ်၊ ဒီလိုသိမှ သူက သဘာဝကျတယ်၊ ဒါက လိုရင်းပဲ၊ ဒါကြောင့်မို့ လက္ခဏာ, ရသ, ပစ္စုပ္ပဌာန်နဲ့ သိပုံလေး သဘောပေါက်အောင်လို့ ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်၊ ဒါလေး ဆိုရမယ်။

အဆင်း ထင်ကြောင်း၊ ကောင်းကောင်း သူကြည်။
အဆင်းဆီသို့၊ ဆောင်ပို့ပေးသည်။
သူ့ဌာနက၊ မြင်ရပေသည်။
မျက်စိ၌၊ သိထိုက် ဤသုံးမည်။

မြင်တယ်လို့ မှတ်တဲ့အခါကာလမှာ စက္ခုပသာဒခေါ်တဲ့ မျက်စိရုပ်ကလေး ဒီရုပ်ကလေးထင်ယင် တနည်းနည်း ထင်ရမှာ၊ ယောဂီပုဂ္ဂိုလ်က ဒါက တွေးယူနေရတာ မဟုတ်ဘူး၊ မှတ်ယင်း မှတ်ယင်းနဲ့ သူ့ဟာသူ ပေါ်လာတာ၊ မြင်တယ်ဆိုတာနဲ့ အဆင်းထင်လောက်အောင် ကြည်လင်တဲ့မျက်စိ၊ ဒီမှာရှိနေတာပဲ၊ မျက်စိကောင်းနေတာပဲ၊ ဒါ သူပေါ်လာတယ်။

ပြီးတော့ မြင်အောင်လို့ ဒီမျက်စိက ကျေးဇူးပြုတာပဲ၊ မြင်အောင်လို့ ကျေးဇူးပြုတယ်၊ အဆင်းဆီကို ဆောင်ပို့ပေးတယ်။

သူက သူ့ဌာနက မြင်ရပေသည်တဲ့၊ မြင်ဆိုတာ ဒီဌာနက မြင်တာပဲ၊ တနည်းအားဖြင့် "မျက်စိမှီပြု၊ မြင်မှုဖြစ်သည်"၊ ဒီလိုလဲပဲ အစားထိုးနိုင်ပါတယ်၊ မျက်စိအမှီပြုပြီးတော့၊ မျက်စိကို အမှီပြုပြီးတော့ မြင်မှုကလေး ဖြစ်ရသည်၊ "မျက်စိမှီပြု၊ မြင်မှုဖြစ်သည်။ သူ့ဌာနက၊ မြင်ရပေသည်" ဆိုတာ အကုန်လုံး ဒါလဲ ပြီးတော့ ဆိုနိုင်ပါတယ်၊ အဲဒါ စက္ခုပသာဒရုပ်။

စက္ခုပသာဒရုပ်၊ မျက်စိအကြည်ရုပ်ဟာ လက္ခဏာအားဖြင့် အဆင်းထင်လောက်အောင် ကြည်လင်တဲ့သဘောကလေးပဲ၊ ရသအားဖြင့် အဆင်းဆီကို ဆောင်ပို့ပေးတဲ့သဘောပဲ၊ အဆင်းမြင်အောင်လို့ ကျေးဇူးပြုတဲ့ ထောက်ပံ့နေတဲ့သဘောကလေးပဲ၊ ပစ္စုပ္ပဌာန်အားဖြင့် မြင်မှုကလေးရဲ့ တည်ရာပဲ၊ မြင်မှုကလေးက ဒီကနေပြီး မြင်နေတာပဲ၊ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ထင်ရမယ်တဲ့၊ အထူးအားဖြင့် ပစ္စုပ္ပဌာန်က အထင်များတယ်၊ မြင်တယ် မြင်တယ်မှတ်ယင် ဒီကနေ မြင်တယ်၊ ဒီကနေ မြင်တယ်လို့ သူက ထင်နေတာပဲ။

မြင်တယ်မှတ်လိုက်ယင် ခြေထောက်ကနေ မြင်တယ်လို့ ဒီလို မထင်ဘူး၊ သူက လက်ကနေ မြင်တယ်လို့ မထင်ဘူး၊ ကျောကနေ မြင်တယ်လို့ မထင်ဘူး၊ ခေါင်းကလဲ နောက်ဘက်ကနေ မြင်တယ်လို့ မထင်ဘူး၊ မျက်စိက ဒီကနေပြီး မြင်တယ်ဆိုတာ သူ့ဟာ မှတ်ယင်း မှတ်ယင်းနဲ့ ဒီကပဲ မြင်မှုကလေး ထွက်သွားသလိုပဲ၊ အဲဒီလို ထင်ရတယ်၊ အဲဒီလို ထင်လို့ရှိယင် ဒါက စက္ခုပသာဒကို ပစ္စုပ္ပဌာန်နဲ့ သိနေတာပဲ၊ မြင်မှု၏တည်ရာအဖြစ်နဲ့ ပသာဒရုပ်ကလေး ဒီအခိုက်အတန့်မှာ ဒီလို ဖြစ်တယ်ဆိုတာ ဒီလို သိရတယ်။

အဲဒီ စက္ခုပသာဒရုပ်ကလေးကို ပုံပန်းသဏ္ဌာန်နဲ့ ပြားပြားကလေးပဲ၊ ရှည်ရှည်ကလေးပဲ၊ ဝိုင်းဝိုင်းကလေးပဲ၊ ဒီလို သိရမှာ မဟုတ်ဘူး၊ အခုပြောခဲ့တဲ့အတိုင်း အဆင်းထင်လောက်အောင်လို့ ကြည်လင်တဲ့သဘောကလေး ရှိတယ်၊ အဆင်းကို မြင်ရအောင် ကျေးဇူးပြုတဲ့သဘောကလေးပဲ၊ ပြီးတော့ မြင်မှု၏တည်ရာဌာနပဲ၊ ဒီကနေပြီး မြင်နေတာပဲလို့ ဒီလို ထင်လို့ရှိယင် ဒါ သူ့ဟာဝိပဿနာဉာဏ် အသိမှန်ပြီ၊ ဒါဒီတိုင်းလဲ သိပါတယ်၊ မြင်တယ် မြင်တယ် မှတ်တိုင်း မှတ်တိုင်းဟာ ဒီလိုပဲ ထင်တယ်၊ အဲဒါဟာ စက္ခာယတန၊ စက္ခုအာယတန မျက်စိအာယတနတဲ့။

ဒီမျက်စိအာယတနဟာ ဝိပဿနာ မရှုခင်တုန်းကတော့ မျက်လုံးကြီး တလုံးလုံးဟာ လှုပတင့်တယ်တဲ့ အနေအားဖြင့် ထင်တယ်၊ ဝိပဿနာရှုတဲ့အခါ ကာလကျတော့ မြင်တယ်လို့ မှတ်လိုက်ယင် မြင်မှု၏ တည်ရာရော၊ မြင်မှုကလေးရော တခါတည်း ဒီတိုင်း ပျောက်သွားတယ်၊ ဖြစ်ပြီး ပျောက်သွား၊ ဖြစ်ပြီး ပျောက်သွား၊ မြင်တိုင်း မြင်တိုင်းဟာ ပျောက်သွားတာပဲ၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ဒီမြင်တာက မလွယ်ဘူး၊ သူက ပကတိပုဂ္ဂိုလ်အနေအားဖြင့်တော့ မြင်တာဟာ မြဲနေတယ်လို့ထင်တယ်၊ မျက်စိကလဲ မျက်စိပဲလို့ ထင်တယ်၊ ဝိပဿနာဉာဏ်ကောင်းလို့ စင်စင်ကြယ်ကြယ် ဖြစ်လာပြီဆိုလို့ရှိယင် မြင်တာကလေးဟာ မြင်လိုက်ပျောက်လိုက်၊ မြင်လိုက်ပျောက်လိုက်နဲ့ ဒီလိုအပိုင်းအခြားကလေးနဲ့ ထင်လာတဲ့အခါကျတော့ကို

ဖြစ်ပြီး ပျောက်သွားလို့မမြဲတဲ့ သဘောတရားပဲ၊ အနိစ္စပဲ၊ နိစ္စမြဲတဲ့ အနှစ်သာရ ဒီမှာ မရှိဘူး၊ ဖြစ်ပြီးပျောက်သွားလို့ ကြောက်စရာသဘောပဲ၊ လုပတင့်တယ်တဲ့သဘော၊ နှစ်သက်သာယာစရာသဘော ဒီထဲမှာမရှိဘူး၊ ဖြစ်ပြီးပျောက်သွားလို့ ကိုယ့်အလိုအတိုင်း အစိုးရတဲ့သဘော ဒီမှာ ဘာမှမရှိဘူး၊ ငါကောင် ငါပဲလို့ ထင်မှတ်စွဲလမ်းစရာ ဒီမှာ မရှိဘူး၊ သူ့သဘောအတိုင်း သူဖြစ်ပြီး ပျောက်သွားတာပဲ၊ ဒီလို သိရတာကိုး၊ အနတ္တကို အဲဒီလို သိရတယ်၊ မျက်စိဆိုတာ သူ့ကို အစိုးမရဘူး၊ အနတ္တ လက္ခဏာသုတ်မှာ ဟောထားတဲ့အတိုင်း စိစစ်ကြည့်လို့ရှိယင် အင်မတန် ထင်ရှားတယ်၊ ဟိုမှာတော့–

ရူပံ ဘိက္ခဝေ အနတ္တာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်။

ရုပ်ဟာ အစိုးရတဲ့ အတွင်းသား အတ္တကောင် မဟုတ်ဘူး၊ ပကတိလူတွေကတော့ ရုပ်ကိုယ်ကြီး တခုလုံးဟာ ငါပဲ ငါ့အလိုအတိုင်း သွားချင်သွား၊ စားချင်စား၊ ထိုင်ချင်ထိုင်၊ ကွေးချင်ကွေး၊ ဆန့်ချင်ဆန့်၊ လုပ်ချင်တာတွေလုပ်၊ ကိုယ့်အလိုအတိုင်း ကိုယ့်ကိုယ်ကြီးပဲ ကိုယ့်ကိုယ်ကို အစိုးရနေတဲ့ ငါပဲဆိုပြီးတော့ အောက်မေ့နေကြတယ်၊ အဲဒါ အမှန်အားဖြင့်တော့ အစိုးရတဲ့ အတ္တကောင် မဟုတ်ပါဘူးတဲ့၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားပဲ။

အပြင်ဘက်မှာ လေ တဟူးဟူးနဲ့ တိုက်သွားနေတယ်၊ အဲဒါတွေဟာ ငါပဲ၊ အစိုးရတဲ့ ငါပဲလို့ ဘယ်သူမှ အစိုးမရဘူး၊ လေအလွတ်ကဟာတွေပဲ၊ သူတို့သဘောတရားတွေ သူ့ဟာသူ ဖြစ်နေတာပဲ အဲဒါတွေနဲ့ အတူတူပဲတဲ့၊ ဒီကိုယ်ထဲက ရုပ်တွေဟာလဲ အတူတူပါပဲ။

ဒီတိုင်း စဉ်းစားကြည့်လို့တော့ မထင်နိုင်ဘူး၊ သူ့ဟာ ဝိပဿနာဉာဏ်နဲ့ ရှုမှ၊ ဝိပဿနာဉာဏ်နဲ့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေ ပေါ်လာတဲ့အခါမှ ထင်တာ၊ ဒီတိုင်းဆိုတော့ ခဲယဉ်းပါတယ်၊ ဒီကိုယ်က ရုပ်နဲ့ အပြင်ဘက်ကဟာတွေနဲ့ အတူတူပဲ၊ မှတ်ဖို့ ခဲယဉ်းပါတယ်။

မြတ်စွာဘုရားကတော့ ဒါတွေ အတူတူပဲ၊ အဈျတ္တိက ရုပ်ဖြစ်စေတဲ့ ဗဟိဒ္ဓက ရုပ်ဖြစ်စေတဲ့ အတူတူပါပဲတဲ့၊ ပထဝီဖြစ်ယင်လဲ ပထဝီချင်း အတူတူပဲတဲ့၊ တေဇောဖြစ်ယင်လဲ တေဇောချင်း အတူတူပဲ၊ ဝါယောဖြစ်ယင်လဲ ဝါယောချင်း အတူတူပဲ၊ အပြင်ဘက်က လေတွေနဲ့ ကိုယ်ထဲက လေတွေ၊ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် လှုပ်ရှားလိုက် တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်နဲ့ အပြင်ဘက်က သူ့ဟာသူ အလိုလို တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်ဟာ ဝါယောဓာတ်ဆိုယင် အတူတူပဲတဲ့၊ မထူးဘူးလို့ ဒီလိုဟောထားပါတယ်။

ယောဂီပုဂ္ဂိုလ်ဉာဏ် ဖြစ်လာတဲ့အခါလဲ အတူတူပဲ ထင်ရတာပဲ၊ သဘောအားဖြင့် အတူတူပဲ၊ ဘာမှထူးတာမဟုတ်ဘူး၊ အဲဒီတော့ ပကတိပုဂ္ဂိုလ်အနေအားဖြင့် ရုပ်ကြီးကို ငါကောင် အသက်ရှင်နေတဲ့ အကောင်လို့ ထင်နေပေမယ်လို့ မြတ်စွာဘုရားက–

ရူပံ ဘိက္ခဝေ အနတ္တံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ အနတ္တံ၊ အတ္တမဟုတ်။ အဲဒီအထဲမှာ စက္ခုလဲပါသွားတယ်၊ မျက်စိရုပ်ဟာ အတ္တမဟုတ်၊ အဲဒါလေးပါတယ်။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘိဝိဿ၊
နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယ္ယ။

(အနတ္တလက္ခဏသုတ်မှ)

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ၊ အကြောင်းပြု၍ရှင်းရလျှင်။ ဣဒံရူပံ၊ ဤရုပ်သည်။ အတ္တာ၊ အစိုးရသော အတွင်းသား အတ္တကိုယ် အတွင်းသားအတ္တကောင်သည်။ အဘိဝိဿ၊ အကယ်၍ဖြစ်ငြားအံ့။ ဣဒံရူပံ၊ ဤရုပ်သည်။ အာဗာဓာယ၊ နှိပ်စက်ခြင်းငှါ။ နသံဝတ္တေယ္ယ၊ မဖြစ်တန်လေရာ။

ရုပ်ကနှိပ်စက်ပုံ

ဒီရုပ်ဟာ အတ္တကောင်ဟုတ်ခဲ့လို့ရှိယင် အတွင်းသားအတ္တကောင် ဟုတ်ခဲ့လို့ရှိယင် နှိပ်စက်မှာ မဟုတ်ပါဘူးတဲ့၊ ရုပ်ကဘယ်လိုနှိပ်စက်တုန်းဆိုလို့ရှိယင် ရုပ်ကမမြဲပြီးတော့လဲ နှိပ်စက်တယ်၊ အနာရောဂါ ဝေဒနာတွေ ဖြစ်ပြီးတော့လဲ နှိပ်စက်တယ်၊ အိုမင်းပြီးတော့လဲ နှိပ်စက်တယ်၊ အဲဒီလို နှိပ်စက်တာတွေရှိတယ်၊ ကိုယ့်အလိုအတိုင်းမဖြစ် ပြီးတော့လဲ နှိပ်စက်တယ်၊ အဲဒီလိုနှိပ်စက်မှုတွေရှိပါတယ်၊ ကျန်းမာနေတဲ့အခါ၊ ကောင်းနေတဲ့အခါ သိပ်မသိဘူး၊ မကျန်းမာတဲ့အခါ သိပ်သိတယ်၊ ရုပ်က နှိပ်စက်တာ အင်မတန်ထင်ရှားတယ်၊ မကျန်းမာတဲ့အခါ ဖျားနာနေပြီဆိုယင် အပူချိန်တွေများတက်လို့ ပျောက်ပါတော့ ပျောက်ပါတော့ဆိုပေမယ့် မပျောက်ဘူး၊ ရုပ်က အင်မတန်ဒုက္ခပေးတာလဲ၊ ဒီရုပ်ကြီးရှိနေလို့ ရုပ်မရှိယင် မဖျားဘူး၊ ရုပ်မရှိယင် ဘယ်ကလာပြီး အပူတက်မလဲ၊ မတက်ဘူး၊ အနာကြီးတလုံးပေါက်လာတယ် ဆိုပါတော့ ဒီအနာကြီး ပျောက်ပါစေဆိုလို့ မပျောက်ဘူး၊ ရုပ်မရှိယင် ဒီအနာကြီးဖြစ်ပါ့မလား မဖြစ်ဘူး၊ ရုပ်ရှိလို့အနာဖြစ်တာ၊ ဘာအနာပဲဖြစ်ဖြစ်ပေါ့လေ၊ မျက်စိနာပဲဖြစ်ဖြစ်။ နားနာပဲဖြစ်ဖြစ်၊ ကိုယ်အရေပေါ်မှာဖြစ်တဲ့ အရေပြားနာပဲဖြစ်ဖြစ်၊ ဘယ်အနာပဲဖြစ်ဖြစ်၊ အတွင်းကိုယ်ထဲကဖြစ်တဲ့ ကင်ဆာလို အနာတွေပဲဖြစ်ဖြစ်၊ အဲဒါတွေဟာ ရုပ်ရှိလို့ဖြစ်တာ၊ ရုပ်မရှိယင်မဖြစ်ဘူး၊ ရုပ်ကိုမှီပြီးတော့ဖြစ်တယ်၊ မဖြစ်ပါစေနဲ့လို့ တောင့်တလို့လဲ မရဘူး၊ ဒါကြောင့် ရုပ်ဟာနှိပ်စက်တယ်။

ရုပ်ကကိုယ့်အတ္တကောင်၊ ကိုယ့်ဟာကိုယ်ဆိုလို့ရှိယင် ဘယ်ဖြစ်လိမ့်မှာလဲ၊ ဒါကြောင့် စက္ခုမျက်စိကလဲ နှိပ်စက်သည်တဲ့၊ မျက်စိမှာ ပသာဒလေးသက်သက်နဲ့ကတော့ သူကတော့သိပ်ပြီးတော့ မထင်ရှားဘူး၊ သမ္ဘာရအဆောက်အဦနဲ့တကွ ပြောမှ၊ အဲဒီကနေပြီး မျက်စိနာတယ်၊ မျက်စိကျိန်းတယ် စသည်ဖြင့်ပေါ့လေ၊ မျက်စိရောဂါတွေဖြစ်တယ်၊ မျက်စိမှုန်နေပြီ၊ မျက်စိဟာကြည့်လို့မကောင်းဘူးစသည်ဖြင့် အဲဒီမျက်စိကနေပြီးတော့ အနှောက်အယှက်တွေ အများကြီးပေးနေတယ်၊ အဆင်မပြေပြီဆိုယင်၊ အဆင်ပြေနေတဲ့အခါတော့ အကောင်းသားပဲ၊ အဆင်မပြေတဲ့အခါကျတော့ ဒီမျက်စိက ဒုက္ခတွေပေးတယ်၊ အဆင်ပြေတုန်းက မျက်စိနဲ့ အဆင်မပြေတဲ့ မျက်စိနဲ့ ဘာထူးသလဲ၊ အတူတူပါပဲ၊ ဒီမျက်စိပါပဲ၊ ကိုယ့်မျက်စိဟာ ကိုယ့်မျက်စိပဲ၊ အဆင်မပြေတုန်းကလဲ ငါလို့စွဲလမ်းတယ်၊ အဆင်ပြေတော့လဲ ငါလို့ပဲ စွဲလမ်းတယ်၊ အတူတူပဲစွဲလမ်းတယ်၊ အဲဒီမျက်စိဟာ နှိပ်စက်တတ်တယ်တဲ့၊ မိမိအတ္တကောင်ဟုတ်ခဲ့လို့ရှိယင် နှိပ်စက်မှာ မဟုတ်ပါဘူးတဲ့။

ရုပ်၌အစိုးမရခြင်း

လဗ္ဗေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ရူပေ၊ ရုပ်၌။ မေရူပံ၊ ငါ၏ရုပ်သည်။ ဧဝံဟောတု၊ ဤသို့ကောင်းကောင်းမွန်မွန်ချည်း ဖြစ်ပါစေ။ မေရူပံ၊ ငါ၏ရုပ်သည်။ ဧဝံမာအဟောသိ၊ ဤသို့ ဆိုးဆိုးသွမ်းသွမ်းမကောင်းတာ မဖြစ်ပါစေနှင့်။ ဣတိ၊ ဤသို့စီမံတောင့်တခြင်း ခန့်ခွဲခြင်းကို။ လဗ္ဗေထ၊ ရလဲရလေရာ၏။

ကိုယ်ပိုင်အတ္တဟုတ်ခဲ့လို့ ရှိယင် ရုပ်ဟာ ကိုယ့်အလိုအတိုင်း ဖြစ်မှာတဲ့၊ ဒီရုပ်ကြီးဟာ လူတွေကဘယ်လို အလိုရှိတုန်းဆိုယင် နုနုပျိုပျိုကလေး လှလှပပ တင့်တင့်တယ်တယ်ကလေး အလိုရှိကြတယ်၊ နုနုပျိုပျိုကလေးပဲ နေပါစေ၊ မအိုပါစေနဲ့၊ ဆံပင်တွေဆိုလို့ရှိယင်လဲ မဖြူပါစေနဲ့၊ အရေတွေဆိုယင်လဲ မတွန့်ပါစေနဲ့၊ သွားတွေဆိုယင် မကျိုးပါစေနဲ့၊ မျက်စိတွေဆိုယင် မမှုန်ပါစေနဲ့၊ နားဆိုယင်လဲ မထိုင်းပါစေနဲ့၊ အားအင်ဗလတွေဆိုယင် မလျော့ပါစေနဲ့ သန်သန်စွမ်းစွမ်းပဲရှိပါစေ၊ ပေါ့ပေါ့ပါးပါးပဲရှိပါစေ၊ ဒီရုပ်ကြီးဟာ ရောဂါဝေဒနာတွေမဖြစ်ပါစေနဲ့၊ ကျန်းကျန်းမာမာပဲ ဖြစ်ပါစေဆိုပြီး အလိုရှိကြတယ်၊ လှချင်ပချင်တဲ့ အရွယ်ဆိုလို့ရှိယင်ဖြင့် အသားအရေတွေလဲပဲ စင်စင်ကြယ်ကြယ်နဲ့ ဖြူဖြူစင်စင်အလိုရှိကြတယ်။

ဒီထဲမှာ အဆင်မပြေလို့ အနာကလေးများ ပေါက်ယင် ခက်တာပဲ၊ မျက်နှာမှာ လှချင်တုန်းမှာ မျက်နှာမှာ အနာပေါက်လို့ရှိယင် စဉ်းစားတိုင်းစဉ်းစားတိုင်း စိတ်ညစ်စရာဖြစ်နေတယ်၊ အဲဒီလို ကိုယ့်ရုပ်ကိုအလိုရှိတိုင်း တောင့်တလို့ အတ္တဟုတ်ယင် ကိုယ်တောင့်တတဲ့အတိုင်း ကိုယ့်အလိုအတိုင်း ဖြစ်မှာတဲ့၊ အဲဒီထဲမှာ စက္ခုလဲပါသွားတယ်၊ မျက်စိဟာ ကိုယ့်အလိုအတိုင်းဖြစ်မှာတဲ့၊ မျက်စိဟာ မမှုန်ပါစေနဲ့၊ မပျက်ပါစေနဲ့၊ မျက်စိမကျိန်းပါစေနဲ့၊ မနာပါစေနဲ့၊ ကိုယ့်အလိုရှိတဲ့အတိုင်း တောင့်တတဲ့အတိုင်းဖြစ်ရမှာ၊ အခုတော့ တောင့်တတဲ့ အတိုင်းမဖြစ်ဘူးတဲ့၊ ဒါကမျက်စိနာခြင်း မျက်စိကျိန်းခြင်း၊ မျက်စိမှုန်ခြင်း၊ အဲဒီလို အကြောင်းတွေဖြစ်လာတဲ့အခါမှာ ပိုပြီးတော့ ထင်ရှားတယ်၊ ဘာမှမဖြစ်တဲ့အခါ မထင်ရှားဘူး၊ ဒါလူတိုင်းလူတိုင်း အသက်အတိုင်း နေသွားလို့ရှိယင် တနေ့ကျယင် မျက်စိဆိုတာ ဒီလိုပဲ ချွတ်ယွင်းတာပါပဲ၊ နောက်ဆုံးကျယင် ဒီလိုတွေ့ရတာပဲ၊ မတွေ့ပဲနဲ့မရှိဘူး၊ တွေ့ကြရတာပါပဲ၊ ကိုယ့်အလိုအတိုင်း မဖြစ်ဘူးတဲ့။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ။
တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင်ကြောင့်။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အစိုးရသော အတ္တကောင်မဟုတ်ချေ။

အမှန်အားဖြင့်တော့ ရုပ်ဟာ အစိုးရတဲ့ အတ္တကောင်မဟုတ်ဘူး။

တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်သည်။ အာဗာဓာယ၊ နှိပ်စက်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်လေတော့၏။

နစ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု ဧဝံ မေ ရူပံ မာ အဟောသီတိ။

ရူပေ၊ ရုပ်၌။ မေရူပံ၊ ငါ၏ရုပ်သည်။ ဧဝံဟောတု၊ ဤသို့ ကောင်းကောင်းမွန်မွန်ချည်းဖြစ်ပါစေ။ မေရူပံ၊ ငါ၏ရုပ်သည်။ ဧဝံမာအဟောသိ၊ ဤသို့ ဆိုးဆိုးသွမ်းသွမ်းမဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့ စီမံခန့်ခွဲခြင်းငှါ၊ နစလဗ္ဘတိ၊ ရလဲမရ အပ်သည်သာတည်း။

အဲဒါရုပ်ခန္ဓာနဲ့ စပ်ပြီးတော့ စက္ခုလဲပါတယ်၊ မျက်စိဟာ အတ္တဟုတ်ခဲ့လို့ရှိယင် ကိုယ့်အလိုအတိုင်းဖြစ်မှာတဲ့၊ အခု တော့ကိုယ့်အလိုအတိုင်းလဲ မဖြစ်ဘူးလို့ဆိုလိုပါတယ်၊ အတိုချုပ်ကတော့ မျက်စိဟာ ကိုယ့်အလိုအတိုင်းမဖြစ်ဘူး၊ ယောဂီ ပုဂ္ဂိုလ်က ဘယ့်နယ်လုပ် သိတုန်းဆိုတော့ ရှုတိုင်းရှုတိုင်း ပျက်နေတာလေးပဲ တွေ့ရတယ်၊ ရှုတိုင်းရှုတိုင်းဟာ မြင်တယ်မြင် တယ်လို့ ရှုတိုင်းရှုတိုင်း မြင်တာလေးနဲ့တကွ မြင်မှု၏တည်ရာဖြစ်တဲ့ မျက်စိက တခါတည်း ပျောက်ပျောက်သွားတာကိုး၊ ရိပ်ကနဲရိပ်ကနဲ ပျောက်သွားတာ တွေ့ရတယ်၊ ဒါက ဝိပဿနာဉာဏ် အင်မတန်သန့်ရှင်းတဲ့ ပုဂ္ဂိုလ်တွေတွေ့တာကိုး၊ ပုဂ္ဂိုလ် တိုင်း ပုဂ္ဂိုလ်တိုင်းကတော့ ပြတ်ပြတ်သားသား ရှင်းချင်မှ ရှင်းမယ်။

ဒါပေမယ့် "ပဏ္ဍိတော၊ ဗျတ္တော မောဓဝီ"ကို။ ဗျတ္တော၊ တတ်သိလိမ္မာတဲ့ ပုဂ္ဂိုလ်သည်။ ဒါကတော့ ဝိပဿနာရှုနည်းနဲ့ နားလည်ပြီးတော့ ရှုတဲ့ပုဂ္ဂိုလ်။ မောဓဝီ၊ ဓမ္မောဇ ပညာနဲ့ ပြည့်စုံတယ်ဆိုပြီး။ ဓမ္မောဇ ဓမ္မတွေကို သဘောတရားတွေကို ထိုးထွင်းပြီးတော့ သိတတ်တဲ့ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တဲ့၊ သဘောတရားတွေ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသိ နိုင်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေ ပြတ်ပြတ်သားသား သိတတ်ပါတယ်၊ အဲဒါက မျက်စိနဲ့ စပ်ပြီးတော့ သိပုံ၊ မြင်တိုင်း မြင်တိုင်း မှတ်ပြီးတော့ တရိပ်ရိပ်နဲ့ ပျောက်နေတာလေး တွေ့ရတဲ့အခါကာလကျတော့ ခုနက ပြောခဲ့တဲ့–

ရိတ္တကညေဝ၊ ခါယတိ။

ရိတ္တကညေဝ၊ အနှစ်သာရမှ ကင်းသည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

အစတုန်းကတော့ မျက်စိဟာ ဟန်ဟန်ပန်ပန် တင့်တင့်တယ်တယ်ကြီး လှလှပပကြီး၊ ငါပဲငါယောက်ျားပဲ၊ ငါမိန်းမပဲ၊ ငါ့မျက်စိက လှတယ်စသည်ဖြင့် ဟန်ဟန်ပန်ပန်ကြီး ဖြစ်နေတယ်၊ အခု မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ ပျောက်နေတာ ကလေးတွေချည်း တွေ့ရတော့ ဒီထဲမှာ မြဲတဲ့သဘောလဲ မရှိဘူး၊ ချမ်းသာတဲ့သဘော၊ တင့်တယ်တဲ့သဘော၊ လှတဲ့သဘောလဲ မရှိဘူး၊ ငါပဲလို့ ငါ့အလိုအတိုင်းဖြစ်တဲ့ ငါပဲလို့ စွဲလမ်းစရာလဲ မရှိဘူး၊ အနှစ်သာရကင်းပြီးတော့ ထင်တယ်တဲ့၊ ဘာအနှစ် သာရမှ မရှိဘူး၊ မြဲတဲ့အနှစ်လဲ မရှိ၊ လှပတင့်တယ်တဲ့ အနှစ်လဲမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါ အသက်ရှင်နေတဲ့ အကောင်ပဲလို့ စွဲလမ်းစရာ အနှစ်သာရလဲ မရှိဘူး၊ အနှစ်သာရကင်းမဲ့ပြီးတော့ ထင်တယ်။

တုစ္ဆကညေဝ၊ အချည်းနှီးဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

အနှစ်သာရကင်းမဲ့တာနဲ့ အချည်းနှီးဖြစ်တာနဲ့ အတူတူပါပဲ၊ ပါဠိကလဲ ၃–ပုဒ်ရှိလို့ ဘုန်းကြီးကလဲ အနက်ကွဲအောင် လို့ပေးရတယ်၊ ပါဠိနဲ့က ရိတ္တနဲ့တုစ္ဆဆိုတာ တပုဒ်ထဲဆိုယင် ရိတ္တလဲ အချည်းနှီးပဲ၊ တုစ္ဆလဲ အချည်းနှီးပဲ၊ ဗလာအချည်းနှီး ဘာမှမရှိဘူးလို့ အဓိပ္ပါယ်ရှိပါတယ်၊ ဒီမှာတော့ ကွဲအောင်လို့ ရိတ္တဆိုတာကတော့ ဟိုဘက် ဒီဘက် လှီးလိုက် ဖြတ်လိုက်တော့ အလယ်ပိုင်း ဘာမှမကျန်ပဲ ဖြစ်သွားတာမျိုးကို သဒ္ဒါနက်အားဖြင့် ရိတ္တခေါ်တယ်၊ ကင်းတယ်လို့ သဒ္ဒါအရင်းက ပြန်ဆိုထား တယ်၊ ဒါကြောင့် အနှစ်သာရမှ ကင်းသည်ဖြစ်၍သာလျှင်။

တုစ္ဆကညေဝ၊ အချည်းနှီးဖြစ်၍သာလျှင်။ သုညကညေဝ၊ ဆိတ်သည်ဖြစ်၍သာလျှင်။

ဆိတ်–ဆိုတာလဲ ခုနက အနှစ်သာရတွေ ဆိတ်နေတာ၊ မြဲတဲ့ အနှစ်သာရလဲ ဒီမှာ ရှာလို့မတွေ့ဘူး၊ ညအခါကာလ လူခြေတွေတိတ် အိပ်နေတဲ့အခါကာလများမှာ လူသံ သူသံတွေ တိတ်ဆိတ်နေသလိုပဲ၊ ဒီမှာ နှစ်သက်သာယာဖွယ်ဖြစ်တဲ့ မြဲတဲ့ သဘောလဲ အနှစ်သာရ မရှိဘူး၊ တင့်တယ်လှပတဲ့ အနှစ်သာရလဲ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရမယ့် အနှစ်သာရလဲ ဒီမှာ

မရှိဘူး၊ အတ္တအနှစ်သာရ ဘာမှမရှိဘူးတဲ့၊ အနှစ်သာရတွေမှ ကင်းဆိတ်ပြီးတော့ နေသည်တဲ့၊ မြင်တယ်မှတ်လိုက် ဖြစ်ပြီး ပျောက်သွား ဘာမှအနှစ်သာရမရှိပါဘူး၊ မြင်တယ် မှတ်လိုက်, ဖြစ်ပြီး ပျောက်သွား, ဘာမှအနှစ်သာရမရှိပါဘူး၊ တရိပ်ရိပ်နဲ့ တကယ် ဉာဏ်တက်နေတဲ့အခါကျတော့ မြင်တယ် မြင်တယ်ဆိုတာ အခုပြောသလောက်တောင် ကြာနေတာမဟုတ်ဘူး၊ တရိပ် ရိပ်နဲ့ မြင်တိုင်း မြင်တိုင်းဟာ ရိပ်ကနဲပျောက်၊ ရိပ်ကနဲပျောက်၊ ဒီလိုချည်းပဲ ထင်နေတာ၊ ဒီတော့ ဘာမှအနှစ်သာရမရှိဘူး၊ အဲဒီလို ထင်ရပါတယ်တဲ့။

ခုနက ရွာပျက်ကုန်းကြီး တွေ့တာနဲ့ တူတယ်တဲ့၊ အစကတော့ ရွာကြီးဆိုတော့ ဟန်ကျလိမ့်မလား အောက်မေ့တယ်၊ အတွင်းဝင်ကြည့်တဲ့အခါ လူလဲမရှိ သုံးဆောင်စရာလဲ ဘာမှမရှိ၊ ယူစရာ ကောက်စရာ ဘာမှမရှိလို့ ဘာမှအသုံးမကျတဲ့ ရွာပျက်ကုန်းပဲလို့ သိရသလိုပဲ၊ မြင်မှုက ရှုတိုင်း ရှုတိုင်းဟာ အဲဒါတွေ့ရပါတယ်။

ထို့အတူ ကြားမှုကလဲ ဒီအတိုင်းပါပဲ၊ မြင်မှုတခုက သဘောပေါက်သွားယင် ဟိုဟာတွေလဲ သဘောပေါက်ပါတယ်၊ ဒေသနာအစဉ်က မြင်မှုက စပြီးတော့ ဟောထားတော့ ဘုန်းကြီးများကလဲ မြင်မှုက ဟောနေရတယ်၊ ဆရာကြီးတယောက်က ဘုန်းကြီးကို လျှောက်ထား တောင်းပန်ဖူးပါတယ်၊ ဒေသနာ အစဉ်အတိုင်း ဟောယင် လူတွေ သိပ်နားမလည်ဘူးဘုရားတဲ့၊ သိလွယ်တဲ့နေရာကစပြီး ဟောပါတဲ့၊ ဘုန်းကြီးလဲ သိလွယ်တဲ့ နေရာကစပြီးတော့ ဟောချင်တဲ့စိတ်တော့ ပေါက်တယ်၊ ဒါပေမယ်လို့ ဒေသနာအစဉ်ကျော်ပြီး ဟောဖို့ရာ နည်းနည်း ဝန်လေးတယ်၊ သူ့အစဉ်အတိုင်း ဟောမှပဲ နေရာကျမှာပဲ၊ လိုရင်း ကျမှ များများပြောရမှာပဲ၊ ဒါကြောင့် ဒေသနာအစဉ်နဲ့ပဲ ဒီမှာ ဟောနေတယ်။

မြင်မှုကသိနိုင်ခဲ

အများအားဖြင့်တော့ မြင်မှုက အခု ဘုန်းကြီးပြောသလို ရှင်းရှင်းလင်းလင်းသိတဲ့ ပုဂ္ဂိုလ်ကတော့နည်းတယ်၊ ယောဂီ ပုဂ္ဂိုလ် ရာခိုင်းနှုန်းနဲ့ဆိုယင် တရာမှာ ငါးဆယ်လောက်၊ တဝက်လောက်ပဲ၊ နည်းနည်းပါးပါး သိပုံပေါ်တယ်၊ များများတော့ သိပုံမပေါ်ဘူး၊ မြင်မှုဟာ ပိုင်ပိုင်နိုင်နိုင် သိခဲတယ်၊ ဘုန်းကြီးများ ပထမစပြီးတော့ ကမ္မဋ္ဌာန်းပြစဉ်တုန်းက မြင်မှုကနေ ပိုင်ပိုင်နိုင်နိုင်တွေ့တဲ့ပုဂ္ဂိုလ်တွေ တော်တော်တွေ့ဖူးပါတယ်။

ဘင်ဉာဏ်ရောက်ခဲ

ဒကာတယောက် ဘုန်းကြီးရဲ့ ဆွေမျိုးထဲကပါပဲ၊ သူတရားအားထုတ်တော့ အစဉ်အတိုင်းရှုလာတော့ ဘင်ဉာဏ် ရောက်တယ်၊ မြင်တာလေးဆိုယင် မြင်တာလေးလဲပျောက်၊ မှတ်သိတာလေးလဲပျောက်၊ ကြားတယ်ဆိုယင် ကြားတဲ့ အသံ ကလေးလဲပျောက်၊ ကြားတယ်လို့ မှတ်သိတာကလေးလဲ ပျောက်နေတယ်၊ ကိုယ်ထဲက နာကျင်ကိုက်ခဲတဲ့ ဝေဒနာကလေးတွေ ဖြစ်လာခဲ့လို့ရှိယင် အဲဒီ ဥစ္စာလဲပဲ နာကျင်တာကလေးလဲ ရိပ်ကနဲဆို ပေါ်ပြီး ပျောက်သွားလိုက်၊ မှတ်သိတာကလေးလဲ သိပြီး ပျောက်လိုက်၊ ကွေးတယ် ဆန့်တယ် မှတ်ပြန်ယင်လဲ လက်ကလေးတွေ ရွှေ့တိုင်းရွှေ့တိုင်းဟာ ရွှေ့လိုက်ပျောက်လိုက် ရွှေ့လိုက် ပျောက်လိုက်နဲ့ ရွှေ့ပျောက်ရုံတွင် မဟုတ်ဘူး၊ အဲဒီ ရွှေ့ပျောက်သိတာကလေးကလဲပဲ နောက် ပျောက်သွားတယ်လို့ သိတဲ့စိတ်ကလေးလဲ သိပြီးပျောက်သွားတာပဲ၊ ရွှေ့လိုက်၊ ရွှေ့တာလေး ပျောက်လိုက်၊ သိတာလေး ပျောက်လိုက်၊ ရွှေ့တာလေး ပျောက်လိုက်၊ သိတာလေး ပျောက်လိုက်၊ အာရုံရော အသိရော ၂–ခုလုံး ၂–ခုလုံး ပျောက်ပျောက်နေတာချည်း တွေ့ရတယ်။

အပြင်ဘက်က ပေါ်လာတဲ့ အာရုံတွေလဲပဲ နိစ္စ, သုခ, အတ္တ စွဲလမ်းစရာမရှိဘူး၊ အတွင်းက ရှုနေတဲ့ စိတ်ကလေးလဲပဲ ရှုသိပြီးနေတာလေးလဲ နိစ္စ, သုခ, အတ္တစွဲလမ်းစရာ မရှိဘူး၊ သူ့အခိုက်အတန့်နဲ့သူ ပျောက်ပြီး တရိပ်ရိပ်ပျောက်နေတာချည်းပဲ တွေ့ရတယ်၊ အဲဒါ ဘင်ဉာဏ် ခေါ်တယ်၊ အင်မတန် အရေးကြီးပါတယ်၊ ဒီဘင်ဉာဏ်ဟာလဲ တော်တော်ရောက်ခဲတယ်။

အခု ကမ္မဋ္ဌာန်းတွေဆိုတာ အမျိုးမျိုး ဟောနေကြတာ၊ ဟိုက ဟော ဒီကဟောနဲ့ အများကြီးပါပဲ၊ ဟောနေကြတယ်၊ ဒီဉာဏ်က တော်တော်ရောက်ခဲတယ်၊ တချို့ပုဂ္ဂိုလ်တွေက သူတို့ အကြီးအကျယ်လုပ်ပြီးတော့ စာတွေပေတွေနဲ့ ခန့်ခန့်ငြားငြား ကြီးလုပ်ပြီးတော့ ဟောနေကြတယ်၊ ဟောသာ ဟောတာ၊ အဟောသာရှိတာ၊ တရားကတော့ ဒီကို ရောက်ဖို့ရာ တော်တော် မလွယ်ဘူး၊ အပြောနဲ့ မဖြစ်ဘူး။

ဒီဉစ္စာ တချို့ စာတွေပေတွေနဲ့ ထုတ်ပြီးတော့ အကြီးအကျယ်ပါပဲ၊ သူတို့မှ သဘာဝကျတယ်၊ ဒါပြင်ပုဂ္ဂိုလ်တွေက နေရာမကျတဲ့အနေမျိုး တချို့ကရေးလို့သားလို့ ဟောပြောနေတာတွေ တွေ့ရတယ်၊ အော် ဒီပုဂ္ဂိုလ်တွေလဲပဲ သူ့ဟာတွေနဲ့သူ မာန်မာနကလေးနဲ့ လုပ်နေတာပဲလို့ ဘုန်းကြီးကတော့ အောက်မေ့တယ်၊ သူတို့ကိုယ်တိုင်လဲ ဒီလို ဖြစ်ပျက်နေတာတွေလဲ တကယ်လဲ တွေ့တာမဟုတ်ပဲနဲ့၊ သူတို့မာန်မာနကလေးနဲ့ ရေးသား ပြောဟောနေတာကိုးလို့ ဘုန်းကြီးက အောက်မေ့တယ်၊ ဒါတွေ တွေ့ရတယ်။

တရားထူးရပြီလို့ ထင်နေကြ

တချို့ ပုဂ္ဂိုလ်တွေကလဲ အဲဒီနေရာတော့ အဝေးကြီးပါပဲ၊ အာရုံနိမိတ်ကလေးတွေ အမျိုးမျိုး ထင်တာနဲ့ပဲ တရားထူးတွေ ရသွားပြီလို့ ဒီလိုထင်တာလဲ ရှိတယ်၊ အခုနေအခါကာလ တရားပေါ်ရောက်နေတဲ့အနေမျိုး၊ တချို့ကလဲ ရဟန္တာဖြစ်နေတဲ့ အနေမျိုးပေါ့လေ၊ သတင်းကြီးပြီးတော့ ဟောပြောနေတာတွေ ရှိတယ်၊ ဘာမှ သူ့ဉစ္စာ တရားလဲပဲ ထိထိရောက်ရောက်ရှိတာ မဟုတ်ဘူး။

ဝေဒနာပျောက်ယင် သောတာပန်လို့ဟောကြ

အာရုံကလေးတခု ပျောက်သွားတာနဲ့ ဝေဒနာကလေးတခုရှိနေယင် ဖြစ်ပေါ်လာတာ ပျောက်သွားတာနဲ့ သောတာပန်ဖြစ်တယ်၊ ဒီလိုလဲ သူတို့ကဟောတာပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက သဘောကျတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သောတာပန်က ဖြစ်လွယ်တာကိုး၊ သူ့ဉစ္စာ ဒါက ဝေဒနာကလေးက၊ ဝေဒနာဆိုတာ မြတာ မှမဟုတ်ပဲ၊ ရှုပြီးယင် ပျောက်ရမှာပေါ့၊ ဝေဒနာပျောက်တာက သူ့ဖာသာသူပျောက်တာပဲ၊ အရိယမဂ်နဲ့ ပျောက်တာမှမဟုတ်ပဲ၊ ဝေဒနာက အလကားနေလဲ ပျောက်တာပဲ၊ ဝေဒနာဆိုတာ ယားနေတယ်ဆိုပါတော့၊ လူတယောက်က ဘာမှတရားအားမထုတ်ဘူး၊ အခုယားနေပေမယ်လို့ တော်တော်ကြာတော့ ရှိသေးရဲ့လားဆိုယင် ဘယ်ရှိတော့မှာတုံး၊ ယားတာလဲပျောက်တာပဲ၊ နာနေတယ်ဆိုပါတော့၊ ဒီနာနေတဲ့ဉစ္စာ အခု နာပေမယ်လို့ တော်တော်ကြာ သွားမေးယင် မရှိတော့ဘူး၊ ဝေဒနာဆိုတာ သူ့ဟာသူလဲ ပျောက်တာပဲ၊ အဲဒါ အရိယမဂ်နဲ့ပျောက်တာ မဟုတ်ဘူး၊ ဒါကိုပဲ ဝေဒနာလေးတခုပျောက်ဆုံးသွားလို့ရှိယင် သောတာပန်ဖြစ် တယ်၊ ဒီလို ဆရာက အဆုံးအဖြတ်ပေးတယ်ဆိုတာကိုး။

ဒါတွေကလဲ သက်သေခံတွေကရှိတယ်၊ ကြိုးတွေနဲ့ ဖမ်းထားတာရှိတယ်၊ သူတို့ဟောတဲ့တရားတွေက ပုံ့လို့ သိနေရတယ်၊ အဲဒါ သူ့ဆရာနဲ့ သူ့တပည့်ကတော့ သိပ်သဘောကျနေတယ်၊ တပည့်ကလဲ သောတာပန်ဖြစ်တယ်လို့ ဆုံးဖြတ်ပေးလိုက်ယင် သောတာပန်က တယ်ဖြစ်ချင်ကြတာကိုး။

အသုဘထင်လျှင် သကဒါဂါမ်လို့ ဟောကြ

တခါ အာရုံနိမိတ်တွေနဲ့ အသုဘနိမိတ်တွေ ထင်ပြန်ပြီဆိုလို့ရှိယင် အရိုးစုကြီးတွေထင်လိုထင်၊ သူသေကောင်ကြီးတွေ ထင်လိုထင်၊ အပုပ်အပွကြီးတွေ ထင်လိုထင်။ အဲဒီလို အသုဘအနေအား ဖြင့် ထင်လို့ ရှိယင် ဒါက သကဒါဂါမ်ဖြစ်ပြီး သူ့ဟာသူဆုံးဖြတ်လိုက်တာကိုး၊ ဒါလဲ သူ့ဉစ္စာသဘောကျတယ်၊ ဆုံးဖြတ် ခံရတဲ့ ပုဂ္ဂိုလ်က သူက တရားက ရချင်နေတာကိုး၊ သဘောကျတယ်။

သမာဓိအာရုံနိမိတ်

အဲဒါတွေက အမှန်စင်စစ်အားဖြင့်တော့ အခု ဘဂ်ဉာဏ်မရောက်သေးဘူး၊ အဝေးကြီး ရှိသေးတယ်၊ ဟိုမှာအစနားက သမာဓိအာရုံနိမိတ်ပဲ ထင်တတ်ပါတယ်၊ ဘုန်းကြီးများ ရွှေဘိုမှာ ကမ္မဋ္ဌာန်း ပထမပြခါစက လူကလေး တယောက် ကမ္မဋ္ဌာန်းကျောင်း ရောက်ခါရှိပါသေးတယ်၊ သူတရားအားထုတ်တော့ တရားအားထုတ်နေယင်း သူ့ဘေးနားမှာ လူသေကောင်ကြီးကပေါ်လာတယ်၊ ဗယ်ဘက်ကလဲ လူသေကောင်၊ ညာဘက်ကလဲ လူသေကောင်၊ လူသေကောင်ကြီး ၂–ခု ဖြစ်နေတယ်၊ ခက်တာပဲ၊ ရှေ့နားလဲ လူသေကောင်ရှိတာပဲ၊ နောက်နားကလဲ လူသေကောင်တွေ သူ့ကိုဝိုင်းနေတယ်၊ အသေကောင်တွေထင်နေတယ်၊ အဲဒါ တချို့ပုဂ္ဂိုလ်တွေ ဟောပုံပြောပုံဖြင့် သူသကဒါဂါမ်ဖြစ်ပြီပေါ့၊ အသုဘကောင်တွေ ဖြစ်နေတာကိုး။

ဒါဘာမှမဟုတ်သေးဘူး၊ နာမရူပ ပရိစ္ဆေဒဉာဏ်တောင်မရောက်သေးဘူး၊ နာမ်ရုပ်တောင် သူပိုင်ခြား မသိသေးဘူး၊ ကမ္မဋ္ဌာန်းကျောင်း ရောက်ခါစရှိသေးတယ်၊ ဒီလိုပုဂ္ဂိုလ်တွေက ဘယ်လိုဟာထင်တတ်သတုံးဆိုတော့ ဘဝါဘဝက သူတို့ပါရမီဖြည့်လာတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ သူတို့ အသုဘကမ္မဋ္ဌာန်းတွေ နှလုံးသွင်းလာတယ်၊ တရားအားထုတ်ဖူးတဲ့ ပါရမီမျိုးစေ့တွေကြောင့် အာရုံနိမိတ်တွေက ထင်လွယ်တာ၊ ဒီအာရုံနိမိတ်တွေ သူလာထင်တယ်၊ ဒါ စခါစပဲ ရှိသေးတယ်၊ ဒါ ဘာမှမဟုတ်သေးဘူး။

အခု ဘဂ်ဉာဏ်ဆိုတာကတော့ အင်မတန်ကိုကောင်းနေပါပြီ၊ အာရုံနိမိတ်တွေကျော်လွန်လို့ အာရုံနိမိတ်တွေကျော်လွန်သွားပါပြီ၊ ဒီအာရုံနိမိတ်တွေက အစနားမှာ မြင်တတ်ပါတယ်၊ သမ္မသန, ဥဒယဗ္ဗယ ကျော်သွားပါပြီ၊ ဘဂ်ဆိုတော့ အင်မတန်ကျော်နေပါပြီ၊ အဲဒါ အခုဒီမှာ တရားအားထုတ်တော့ ဘဂ်ဉာဏ်ရောက်တဲ့အခါမှာ ရှုတိုင်းရှုတိုင်း အာရုံကလေးတွေ ရှုပြီးယင်း

ပျောက်သွားယင်း ရှုပြီးယင်း ပျောက်သွားယင်း၊ ဒါကလေးလဲသိပြီးယင်း ပျောက်ယင်း၊ ဒီလိုထင်နေတာကိုး၊ အင်မတန် ကောင်းပါတယ်၊ ဘင်္ဂဉာဏ်။

ဘင်္ဂဉာဏ်ရောက်ယင် ပုံသဏ္ဌာန်တည်နေမှုမရှိ

အဲဒီလို ဘင်္ဂဉာဏ်ရောက်တဲ့အခါမှာ ဘယ်ဟာမှ ပုံသဏ္ဌာန် နိမိတ်နဲ့ တည်နေတာမရှိဘူး၊ သူ့ဟာ ပုံသဏ္ဌာန် အထည်ဒြပ်နဲ့ တည်နေတာတော့ မရှိဘူး၊ ကွေးတယ် ကွေးတယ်လို့မှတ်၊ ပကတိ ပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ကွေးတယ် ဆိုယင် လက်ကြီးနဲ့ဒီနားကနေ ဟိုနားရွေ့ လာတယ်လို့ ဒီလိုသိလိမ့်မယ်လို့ အောက်မေ့ကြတာ၊ ဒီလိုမဟုတ်ဘူး၊ ယောဂီ ပုဂ္ဂိုလ်မှာ ဘင်္ဂဉာဏ်ရောက်လာတော့ လက်ပုံသဏ္ဌာန်မထင်ဘူး၊ ကွေးတယ်ဆိုယင် တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ ရွှေ့တဲ့သဘောလေးဟာ တနေရာက တနေရာတွန်းလိုက်, ရွှေ့လိုက်, ပျောက်လိုက်၊ ရွှေ့လိုက်တွန်းလိုက် ပျောက်လိုက်၊ ကွေးတယ်လို့ မှတ်တဲ့စိတ်ကလေးကလဲပဲ၊ မှတ်လိုက်ပျောက်လိုက်၊ ဟိုက ကွေးလိုက်ပျောက်လိုက်၊ ဒီက သိလိုက်ပျောက်လိုက်၊ ရွှေ့တာနဲ့အပျောက်နဲ့၊ သိတာနဲ့အပျောက်နဲ့ဟာ ရှေ့ဆင့် နောက် ဆင့်ပဲ၊ တခါတည်း သွားနေတာ၊ ဒီထဲမှာ မြဲတယ်လို့ စွဲလမ်းစရာမရှိဘူး၊ ချမ်းသာတယ် ကောင်းစားတယ်လို့ စွဲလမ်းစရာ မရှိဘူး။

အဲဒီတော့ အဲဒီဘင်္ဂဉာဏ်ကျတော့ ခုနကပြောလိုရင်းက ပထမဆုံး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အကြောင်း ပြောမယ်လို့၊ အဲဒီပုဂ္ဂိုလ်က သူ့မှာ မြင်တိုင်း မြင်တိုင်း ရိုးရိုးရွရွတွေပျောက်နေတာတွေ့တာကိုး၊ မြင်တိုင်း မြင်တိုင်း အထူးကို ကြောင့်ကြစိုက် ရှုမှတ်နေရတာမဟုတ်ဘူး၊ အသိတွေဟာ အလိုလိုလိုက်နေလို့ မြင်တိုင်းမြင်တိုင်းဟာ တရိပ်ရိပ်နဲ့ပျောက်နေတာတွေ သူထင်နေတယ်၊ မြေကြီးကြည့်လိုက်လဲ မြေကြီးကလဲ တရိပ်ရိပ်နဲ့ပျောက်၊ ရေကြည့်လိုက် ရေတွေက တရိပ်ရိပ်နဲ့ ပျောက်၊ သစ်ပင်ကြည့်လိုက်လဲ သစ်ပင်ကလဲ တရိပ်ရိပ်နဲ့ ပျောက်နေတာတွေ့ရတော့ သူ့စိတ်ထဲမှာ တမျိုးထင်လာတယ်၊ ငါ့ ဥစ္စာ ဘယ့်နှယ်လဲ မျက်စိကပဲဝေလို့လား၊ ဖောက်ပြန်လို့လား၊ ငါရှေးက မှတ်ထားတာနဲ့တော့ မကိုက်ဘူး၊ ငါရှေးကမှတ်ထား တာကတော့ ဒီသစ်ပင်, တော, တောင်, မြေကြီး၊ ဗဟိဒ္ဓရုပ်တွေဟာ ဥတုဇ ရုပ်ကြမ်း တွေပဲ၊ ဒါတွေဟာ ရုတ်တရက် ခဏချင်း ပျောက်သွားတာမဟုတ်ဘူး၊ ကြာမှပျောက်တဲ့ဥစ္စာတွေပဲ၊ အခုဟာကတော့ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ တွေ့နေရပါလား လို့ သူ့စိတ်ထဲမှာ သံသယဖြစ်လာတာ ဘုန်းကြီးကိုမေးတယ်။

ရှင်းပြီးတော့ ပြောရတယ်၊ ဒီအတိုင်းပဲ အသာကလေး ရှုနေလို့ သဗ္ဗေသခ်ါရာအနိစ္စာ–ဆိုတာ သခ်ါရတရားဆိုတာ အနိစ္စချည်းထဲပဲ၊ အဇ္ဈတ္တရယ်လို့ အကွဲအပြားမရှိဘူး၊ ဉာဏ်မမီယင် မထင်ဘူး၊ ဉာဏ်မှီယင်ထင်ရတယ်၊ အလုံးစုံ အကုန်လုံး သခ်ါရတရားတွေဟာ ခဏမစဲ ဖြစ်ပျက်နေတာချည်းထဲပဲလို့ ပြောရတယ်။

အဲဒီတော့ ခုနကပြောခဲ့တဲ့ မေဓာဝီ–ထက်မြက်တဲ့ထိုးထွင်းဉာဏ်၊ ဆင်ခြင်ဉာဏ်နဲ့ သိတဲ့ပုဂ္ဂိုလ်ဆိုယင် အဲဒီလို ထင်တတ်ပါတယ်၊ မြင်တိုင်း မြင်တိုင်းဟာ တရိပ်ရိပ်နဲ့မြင်ရတဲ့ အာရုံတွေရော မြင်သိတာတွေရော, ထိသိတာတွေရော မြင်မှုရဲ့ တည်ရာတွေရော တရိပ်ရိပ်နဲ့ ပျောက်ပြီးတော့ နေတာတွေ ထင်တတ်တယ်၊ အဲဒီလိုထင်တဲ့အခါကျတော့–

ရိတ္တကညေဝ၊ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။ တုစ္ဆကညေဝ၊ အချည်းနှီးဖြစ်၍ သာလျှင်။ ခါယတိ၊ ထင်လေတော့၏။ သုညကညေဝ၊ ဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

ပထမက မြဲတဲ့အနေအားဖြင့် အနှစ်သာရကြီး ထင်တာတဲ့၊ သာယာစရာ ဖြစ်နေတယ်၊ ချမ်းသာတယ်၊ လှပတယ်၊ တင့်တယ်တဲ့အနေအားဖြင့် အနှစ်သာရကြီးဖြစ်ပြီး ထင်နေတယ်၊ ငါပဲ ပုဂ္ဂိုလ်သတ္တဝါပဲ၊ ယောကျ်ားဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ ငါ ယောကျ်ားပဲ၊ မိန်းမဖြစ်တဲ့ပုဂ္ဂိုလ်ကလဲ ငါမိန်းမပဲလို့ အကောင်အထည်ကြီး လိုက်ထင်ပြီးတော့ အနှစ်သာရနဲ့တကွ အောက်မေ့ တယ်၊ အဲဒါတွေကို သာယာစရာ ဘာမှ မရှိတော့ဘူးတဲ့၊ ခုနက သုညောဂါမ ဆိတ်သုဉ်းနေတဲ့ရွာတဲ့၊ လူမရှိတဲ့ရွာတဲ့၊ ရွာဆိုး ကုန်းပျက်ကြီးနဲ့တူတယ်ဆိုတဲ့ သဘောဟာ ပေါ်လာတယ်၊ အဲဒါ မြင်ရာကနေပြီးပေါ်ပုံ။

နားရုပ်၌ရှမှတ်သိ

ထို့အတူ ကြားရာကလဲ စက္ခာယတန၊ ပြီးတော့ သောတအာတယန၊ နားအာယတန၊ နားက နားဆိုတာလဲ ခုနက မျက်စိနဲ့အတူတူပါပဲ၊ "အဆင်းမြင်ကြောင်း၊ ကောင်းကောင်းသူကြည်"၊ ဆိုတာကို၊ အသံထင်ကြောင်း၊ ကောင်းကောင်း သူကြည် ဆိုပြီး အတူတူပါပဲ၊ အဆင်းထင်ဖို့ရာ ကြည့်သလိုပါပဲ၊ အသံထင်လောက်အောင် ကြည်တာပဲ၊ နားထဲမှာ၊ မျက်စိ ရုပ်ကတော့ကို မျက်နက်ဝန်းအလယ်ခေါင် အရိပ်ထင်ရာ အရပ်မှာတည်တယ်၊ နားရုပ်ကတော့ နားထဲမှာအမွေးနုကလေး စီပြီးတော့ ပေါက်နေတာ၊ သောတပသာဒရဲ့တည်ရာတဲ့၊ အဲဒီဟာက ဝါယာလက်တိုင်များလို ဝါယာလက်တိုင်တွေမှာ အသံတွေ ဒီကနေပြီးဖမ်းတယ်၊ အဲဒါလိုပဲ အဲဒီအမွေးနုကလေးတွေ စီပြီးပေါက်နေရာကနေ ပသာဒရုပ်တွေ အဲဒီမှာရှိတယ်တဲ့၊ အဲဒီကနေ ပြီးတော့ အသံတွေကိုဖမ်းတယ်၊ အသံတွေဖမ်းပြီးတော့ သောတဝိညာဉ်က ကြားပြီးတော့သိတယ်။

ဒါကြောင့် "အသံထင်ကြောင်း ကောင်းကောင်းသူကြည်၊ အသံဆီသို့၊ ဆောင်ပို့ပေးသည်"ဆိုတော့ အသံဆိုလို့ စိတ်ကရောက်တယ်၊ ဒါကတော့ တော်တော်ကို ထင်ရှားတယ်၊ လူတယောက်ဟာ ရှေ့ဘက်လှည့်နေပေမယ်လို့ နောက်ဘက်က အသံကြားယင် နောက်ဘက်ကို လှည့်လာတယ်၊ နောက်ဘက်ကို လှည့်ကြည့်လိုက်တယ်၊ ဘာပါလိမ့်မလဲ၊ ဘေးဘက်ကကြား ယင် ဘေးဘက်ကို လှည့်ကြည့်တယ်၊ လူကို ဆွဲပို့လိုက်သလို ဆွဲလှည့်လိုက်သလိုပဲ၊ တခါထဲအသံကြားရာဆီ နားကနေပြီး လှည့်ပေးတယ်၊ ဒါကြောင့် "အသံထင်ကြောင်း၊ ကောင်းကောင်း သူကြည်၊ အသံဆီသို့၊ ဆောင်ပို့ပေးသည်၊ သူ့ဌာနက၊ ကြား ရပေသည်၊ နားရုပ်မှီပြု၊ ကြားမှုဖြစ်သည်၊ "နားရုပ်မှီပြုဆိုတော့ ပိုပြီးပေါ်လွင်တာပေါ့၊ သူ့ဌာနဆိုတော့ ဘယ်ဌာနမှန်းမသိပဲ နေလိမ့်မယ်၊ အဲဒီလိုလဲ ကောင်းပါတယ်၊ "နားရုပ်၌၊ သိထိုက် ဤသုံးမည်" သောတပသာဒသိယင် အဲဒီလို သုံးခုနဲ့သိရမယ်၊ အသံထင်လောက်အောင် ကြည်လင်တဲ့သဘောပဲ၊ အသံဆီကိုဆောင်ပို့ပေးတယ်၊ အသံကြားအောင်လို့ ကျေးဇူးပြုတဲ့ သဘောပဲ၊ ဒါက ရသ ပြီးတော့ ဒီကနေပြီး ကြားတာပဲ၊ ကြားတယ် မှတ်လိုက် ဒီကပဲ၊ ကြားတယ် မှတ်လိုက် ဒီကပဲ၊ ဒီလိုမှီပြီးတော့ ကြားနေတာပဲ၊ ညာဘက်က ကြားတာလဲရှိတယ်၊ ဗယ်ဘက်က ကြားတာလဲရှိတယ်။

ယောဂီပုဂ္ဂိုလ်တွေ ခုနကထက်မြက်တဲ့ ဉာဏ်မျိုးနဲ့ ပြည့်စုံတဲ့ယောဂီပုဂ္ဂိုလ်တွေကျတော့ ခွဲခြားပြီးသိတယ်၊ ညာဘက် ကကြားတာနဲ့ ဗယ်ဘက်ကကြားတာတွေ၊ ရှေးကယောဂီတဦးက သေသေချာချာ ပြောဖူးတယ်၊ ညာဘက်က ကြားတာကလေး ကတမျိုးတဲ့၊ ဗယ်ဘက်ကကြားတာကတမျိုးတဲ့၊ ညာဘက်က ကြားတာက ဗယ်ဘက်က မကြားဘူးတဲ့၊ ဗယ်ဘက်က ကြားတဲ့ အခါ ညာဘက်ကမကြားဘူးတဲ့၊ တခုချင်းကြားနေတာပဲတဲ့၊ ဒီယောဂီက သူ့ဟာ သေသေချာချာ ပိုင်းပိုင်းခြားခြားသိတာ၊ အဲဒီလိုပုဂ္ဂိုလ်လဲပဲ တွေ့ဖူးတယ်၊ အဲဒါကြောင့် "နားရုပ်မှီပြု၊ ကြားမှုဖြစ်သည်၊" နားရုပ်အမှီပြုပြီးတော့ ကြားမှုကလေးဖြစ်သည်၊ ကြားမှုကလေးဟာ ဒီနေရာကနေပြီး ကြားနေတာပဲလို့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာထင်တယ်၊ ဆိုရမယ်။

အသံထင်ကြောင်း၊ ကောင်းကောင်းသူကြည်။
အသံဆီသို့၊ ဆောင်ပို့ပေးသည်။
နားကိုမှီပြု၊ ကြားမှုဖြစ်သည်။
နားရုပ်၌၊ သိထိုက် ဤသုံးမည်။

နားကိုသိယင် အသံထင်ကြောင်း ကောင်းကောင်းကြည်တဲ့ လက္ခဏာနဲ့သိရမယ်၊ ဒါမှမဟုတ်ယင် အသံဆီသို့ဆောင် ပို့ပေးသည်၊ ကြားအောင်ကျေးဇူးပြုတဲ့ သဘောတရားတမျိုးပဲ၊ ဒီလိုသိတာက ရသနဲ့သိတာ၊ ဒါမှမဟုတ်ယင်လဲ ပစ္စုပဋ္ဌာန်နဲ့ နားရုပ်ကိုမှီပြီးတော့ ဒီနေရာကနေပြီး ကြားနေတာပဲ၊ ကြားမှုဟာ ဒီကနေဖြစ်တာပဲ၊ ကြားတယ်ဆို နားထဲက လက်ကနေ ကြားတယ်လို့ မထင်ဘူး၊ ခြေထောက်ကနေ ကြားတယ်လို့ မထင်ဘူး၊ ကျောကနေ ကြားတယ်လို့ မထင်ဘူး၊ ဒီနားထဲကပဲ ဒီကနေ ကြားတယ်လို့ထင်တယ်၊ ဒါတောင်မှ ရှင်းရှင်းလင်းလင်းသိတဲ့ ပုဂ္ဂိုလ်ဆိုယင် ညာဘက်ကနားထဲက ကြားတယ်၊ ဗယ်ဘက်က နားထဲကကြားတယ်လို့ တခုစီတခုစီ ပိုင်းခြားပြီးတော့သိတယ်၊ ဒါကြောင့် ပစ္စုပဋ္ဌာန်အားဖြင့် ကြားမှု၏တည်ရာ အနေနဲ့ ယောဂီပုဂ္ဂိုလ်မှာ ထင်ပါတယ်၊ ဒီလိုထင်ရတာကိုး။

နားရုပ်ကလေးဟာ ပသာဒရုပ်က ရှည်ရှည်လေးပဲ၊ လုံးလုံးကလေးပဲ၊ ဝိုင်းဝိုင်းကလေးပဲ၊ ပြားပြားကလေးပဲ စသည် ဖြင့် ဒီလိုပုံသဏ္ဌာန်နဲ့ ဖြစ်ရမှာမဟုတ်ဘူး၊ တချို့က အမှုန့်အမှုန့် ကလာပ်တွေနဲ့လုပ်ပြတော့ အမှုန့်အမှုန့်ကလေးတွေ ဖြစ်ရ မယ်ပေါ့၊ အမှုန့်အမှုန့်လဲ မဟုတ်ဘူး၊ အမှုန့်ရယ်လို့လဲ ဒီမှာမရှိဘူး၊ ကြားမှု၏တည်ရာ အနေအားဖြင့် ယောဂီပုဂ္ဂိုလ်က ဒီလိုပဲ သိရတယ်၊ အဲဒါ။

နှာခေါင်းရှုပ်ကို ရှုမှတ်သိ

နှာခေါင်းရုပ်၊ ဃာနပသာဒ နှာခေါင်းရုပ်၊ ဒါကတော့ နှာခေါင်းထဲမှာ နှာခေါင်းခွမှာ ဆိတ်ခွာ သဏ္ဌာန်ရှိတဲ့အရုပ်မှာ ပသာဒရုပ် ကြည်လင်တဲ့ ရုပ်ကလေးရှိတယ်တဲ့၊ "အနံ့ထင်ကြောင်း ကောင်းကောင်း သူကြည်" မျက်စိထဲမှာ အရိပ်ထင်သလိုပဲ၊ နှာခေါင်းထဲမှာ အနံ့ရုပ်ကလေး ကွဲလောက် ထင်လောက်အောင် သူကလဲ ကြည်တာတမျိုးပဲ၊ "အနံ့ထင်ကြောင်း၊ ကောင်းကောင်း သူကြည်၊ အနံ့ဆီသို့၊ ဆောင်ပို့ပေးသည်၊" ဒီနှာခေါင်းရုပ်ကလေးရှိလို့ပဲ၊ အနံ့ဆီစိတ်ရောက် သွားတာ၊ နှာခေါင်း မရှိတဲ့ပုဂ္ဂိုလ်က အနံ့ဆီစိတ်မရောက်ဘူး၊ အနံ့ကိုမသိဘူး၊ "နှာခေါင်းမှိပြု၊ နံမှုဖြစ်သည်"ဆိုတော့ နှာခေါင်းကို အမှိုပြုပြီး ဒီကနေပြီးတော့ အနံ့ရတယ်၊ နံတယ်ဆို ဘယ်ကလဲ၊ နှာခေါင်းထဲက၊ နံတယ်ဆို ဘယ်ကလဲ၊ နှာခေါင်းထဲက၊ အနံ့ကိုဒီကနေပြီး သိတယ်လို့ ယောဂီပုဂ္ဂိုလ်မှာ မှတ်ယင်း မှတ်ယင်းနဲ့ ရှင်းပြီးတော့ သိတယ်၊ အဲဒါ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိတာ။

လျှာ၌ရှုမှတ်သိ

ပြီးတော့ လျှာရောက်လာပြီ၊ လျှာကတော့ "အရသာထင်ကြောင်း၊ ကောင်းကောင်းသူကြည်" အရသာ ထင်လောက်အောင်လို့ လျှာကလဲကြည်တာပဲ၊ လျှာပျက်နေတဲ့အခါကျတော့ အရသာကောင်းကောင်းမပေါ်ဘူး၊ "အရသာထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊ အရသာဆီသို့၊ ဆောင်ပို့ပေးသည်"တဲ့၊ ချိုတဲ့ချဉ်တဲ့ အရသာလေးဆီ စိတ်ကိုဆောင်ပို့ပေးသလိုပဲ၊ အရသာသိအောင်လို့ ကျေးဇူးပြုပေးတယ်၊ "လျှာကိုမှိပြု၊ သိမှုဖြစ်သည်" လျှာကို အမှိုပြုပြီးတော့ အရသာသိမှုကလေးဖြစ်တယ်၊ အရသာသိတယ်ဆိုတာ ဒီကပဲ၊ ချိုတယ်ဆိုဒီကပဲ၊ ချဉ်တယ်ဆိုဒီကပဲ၊ လျှာပေါ်မှာသိတာ၊ အဲဒါ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိရမယ်တဲ့၊ လျှာသိပုံ။

ကိုယ်ရုပ်၌ရှုမှတ်သိ

ကိုယ်ကိုသွားရမယ်၊ "အတွေ့ထင်ကြောင်း၊ ကောင်းကောင်း သူကြည်"တဲ့၊ အတွေ့အထိတွေ ကောင်းကောင်း တွေ့တွေ့၊ ဆိုးဆိုးတွေ့တွေ့၊ တကိုယ်လုံးမှာ မှန်ထဲအရိပ်ထင်သလိုပဲ၊ သူကလဲပဲ အတွေ့အထိတွေထင်တာ၊ အတွေ့အထိတွေ တိုက်ခိုက်ပြီးတော့ ထင်တာ၊ တကိုယ်လုံးမှာရှိပါတယ်၊ အနံ့အပြားပဲ၊ အသွေးအသားတွေ စိုနေတဲ့နေရာတွေ ဟူသမျှ အကုန်လုံးရှိတယ်၊ အတွင်းရောအပြင်ရောပဲ၊ ခါတိုင်း ခါတိုင်း ခဏခဏလဲ ဘုန်းကြီးကလဲပြောနေပါတယ်၊ အပ်ဖျားကလေး တနေရာလောက်ဆိုလဲ ရှိနေတာပဲ၊ ဘယ်နေရာက ထောက်ကြည့်ကြည့်၊ ထိတယ်ဆို အပ်ကလေးနဲ့ ထောက်လိုက်တယ်ဆို နာယင်သိနေတာပဲ၊ အတွေ့အထိကလေးက နာပြီးသိတယ်၊ အဲဒါကြောင့် တကိုယ်လုံး အနံ့အပြားမှာ သူ၏ ထင်ကြောင်း ကြည်လင်တဲ့ ရုပ်ကလေးရှိတယ်တဲ့၊ "အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသူကြည်" တဲ့။

ဒါလေးကတော့ အရေးကြီးတယ်၊ တော်တော် ကြာတော့ ဆိုရမယ်၊ "အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်" အတွေ့အထိ ဆီ သူကဆောင်ပို့ပေးတယ်၊ ခြေထောက်က ယားနေတယ်ဆိုယင် စိတ်က အဲဒီကိုရောက်သွားတာပဲ၊ လက်က ယားနေတယ်ဆို ယင်ရောက်တယ်၊ ခြေထောက်ထဲက ပူနေတယ်ဆိုလဲ ရောက်တယ်၊ လက်ထဲက ပူနေတယ်ဆိုလဲ ရောက်တယ်၊ ခေါင်းထဲကနေ ပြီး နာနေတယ်ဆိုယင် ရောက်တယ်၊ ရွရွရွရွဆိုယင်လဲ အဲဒီရောက်သွားတယ်၊ တွေ့ထိရာကို စိတ်ကလေးက ရောက်တယ်၊ အဲဒါ စိတ်ကိုအတွေ့အထိကို ရောက်အောင်လို့ ကိုယ်အကြည်ဆိုတဲ့ အကြည်ရုပ်ကနေပြီး ဆောင်ပို့ပေးတာ၊ ကျေးဇူးပြုပေးတာ၊ "ကိုယ်ရုပ်မှိပြု၊ ထိမှုဖြစ်သည်" တဲ့၊ ကိုယ်ရုပ်ကို မှိပြီးတော့ ထိမှုဖြစ်တာ။

ကိုယ်ရုပ်မထိတဲ့ နေရာကတော့ထိမှုမဖြစ်ဘူး၊ ကိုယ်ရုပ် ခြောက်သွေ့နေတဲ့ အစိတ်အပိုင်းဆိုယင် ထိမှုမဖြစ်ဘူး၊ ဆံပင်ဆိုပါတော့၊ ဆံပင်ရှည်ရှည်မှာဆိုယင် ဆံပင်ရဲ့အဖျားပိုင်း အလယ်ပိုင်းတွေမှာ အဲဒီကိုယ်အကြည်ရုပ်မရှိဘူး၊ အဲဒီမှာ ထိလို့ဘာမှမဖြစ်ဘူး၊ မီးနဲ့ရှို့လို့လဲမပူဘူး၊ သူက ကာယပသာဒမရှိလို့ ဆံပင်ရဲ့အရင်းပိုင်းကျတော့တယ်၊ နာယင်နာမှန်းသိ တယ်၊ အဲဒီနားမှာ သွားတို့လိုက်လို့ရှိယင် နာယင်လဲ နာမှန်းသိရတယ်၊ ဒါကြောင့် ကိုယ်ရုပ်ကိုအမှိုပြုပြီးတော့ သိမှုကလေးဖြစ် တယ်တဲ့၊ ထိသိမှုကလေးဖြစ်တယ်၊ "ကိုယ်ရုပ်မှိပြု၊ ထိမှုဖြစ်သည်" ကိုယ်ရုပ်၌ ကာယပသာဒရုပ်၌ အဲဒီသုံးမျိုး လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်သုံးမျိုးနဲ့ သိရမည်တဲ့၊ ဒါလေး ဆိုပြီးတော့မှ တခါပြောရအုံးမယ်"၊ ဒါကလေးက အရေးကြီးတယ်၊ ကိုယ် အတွေ့အထိက–

အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသူကြည်။
အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်။
ကိုယ်ရုပ်မှိပြု၊ ထိမှုဖြစ်သည်။
ကိုယ်ရုပ်၌၊ သိထိုက် ဤသုံးမည်။

အတွေ့ထင်ကြောင်း၊ အတွေ့အထိရုပ်တွေထင်လောက်အောင် ကြည်လင်တဲ့သဘောတမျိုးပဲ၊ ကိုယ်ထဲမှာ "အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်" တဲ့၊ အတွေ့အထိကလေးသိအောင်လို့ သူက ကျေးဇူးပြုပေးတယ်တဲ့၊ အတွေ့အထိဆီကို စိတ်ကလေးကို ဆောင်ပို့တယ်တဲ့၊ အတွေ့ဆီသို့ဆောင်ပို့ပေးသည်၊ ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်"တဲ့ ကိုယ်ရုပ်ကလေးမှီပြီးတော့ အဲဒီကြည်တဲ့ကိုယ်ရုပ်ကလေးမှီပြီးတော့ သိမှုဖြစ်တာ၊ ထိတယ်ဆိုယင် ဒီနေရာက လက်ထဲကနေပြီးထိယင် အဲဒီထဲကပဲ ခြေကနေပြီးထိယင် အဲဒီထဲကပဲ လက်ထဲခြေထဲမှာလဲ သူအစိတ်အပိုင်း ကလေးတွေရှိတယ်၊ သူ့နေရာကလေးကပဲ၊ ဒီနေရာကလေးက ဟိုနေရာကလေးကဆိုပြီး နေရာကလေးတွေရှိတယ်၊ နေရာကလေးတွေ ကာယပသာဒ ကိုယ်အကြည်ရုပ်ကလေးဆိုတာရှိတယ်၊ အဲဒီနေရာကနေပြီးတော့ အထိအသိကလေး တွေဖြစ်နေတာ အတွေ့ထင်မှုသိမှုဖြစ်သည်၊ ရှုမှတ်တဲ့ အခါကာလမှာ သိတယ် ထိတယ်ဆိုယင် ကိုယ်ထဲမှာ ခြေထောက်ကထိနေတာ စိုက်မှတ်လိုက်၊ အဲဒီကနေပြီး ကိုယ်ရုပ်ကလေးက ထိမှု၏တည်ရာ ကလေးပဲ။

ကာယဝိညာဏသ အာဓာရဘာဝပစ္စုပဋ္ဌာနံ။

ကာယဝိညာဏသ၊ ကာယဝိညာဉ်စိတ်၏။ ကာယဝိညာဉ်ဆိုတာ ထိသိမှုကလေးပဲ၊ ထိသိမှုစိတ်၏ အာဓာရဘာဝ ပစ္စုပဋ္ဌာနာ၊ တည်ရာအဖြစ်ဖြင့် ယောဂီ၏ဉာဏ်အား ရှေ့ရှုထင်၏။

ယောဂီပုဂ္ဂိုလ်မှာ ထိတယ်မှတ်လိုက်ယင် ထိသိမှုကလေးရဲ့ တည်ရာအနေအားဖြင့် ခြေထောက်ကနေပြီး ထိတာကလေးကို ထိတယ်လို့ စိုက်ပြီးမှတ်လိုက်ယင် ခြေထောက်ထဲက ထိမှု၏တည်ရာ ကိုယ်အကြည်ရုပ် ထင်ရှားတယ်၊ ကိုယ်ရုပ်ဆိုတာ အကောင်ကြီးမဟုတ်ဘူး၊ ကိုယ်အကြည်သဘောကလေး၊ သူကတမျိုးပဲ၊ အဆင်းထင်အောင် ကြည်တာလိုပဲ၊ အတွေ့အထိ ထင်လောက် စွဲငြိလောက်အောင် ကြည်တဲ့သဘောတမျိုးပဲ၊ ဓာတ်တမျိုးပေါ့လေ၊ ဖမ်းတဲ့ကိရိယာမျိုးလိုပဲ၊ အတွေ့အထိတွေကို ဖမ်းတဲ့ဓာတ်တမျိုးပဲ၊ ကိုယ်ထဲမှာ အတွေ့အထိကို ဖမ်းတဲ့ဓာတ်တမျိုး၊ ဒါက ကာယပသာဒ ကိုယ်အကြည်ရုပ်လို့ ခေါ်တယ်၊ အဲဒါ ဘယ်နေရာကဖြစ်ဖြစ် ထိတာကလေး မှတ်လိုက်လို့ရှိယင် ကိုယ်ထဲမှာ စူးစိုက်ပြီးတော့ မှတ်လိုက်လို့ရှိယင် ထိတယ်လို့ ဘယ်ကနေမှတ်မှတ်ပဲ၊ အဲဒါထိရာကနေပြီးတော့ ထိသိမှုကလေး၏တည်ရာ ဒီကနေပြီးတော့ ထိသိမှုကလေးဖြစ်တာပဲလို့ ဉာဏ်ထဲမှာရင်းပြီးတော့ သိရတယ်၊ လက်ထဲက ထိတာမှတ်ယင် လက်ထဲကပဲ ထိသိမှုကလေး ထင်ရှားတယ်၊ ခေါင်းထဲက ထိတာမှတ်ယင် ခေါင်းထဲက ထိသိမှုထင်ရှားတယ်၊ ပူတယ်, နာတယ်, ကျင်တယ်, ကိုက်ခဲတယ် စသည်ဖြင့် မှတ်တာတွေလဲ ဒီထိသိမှုတွေပဲ၊ အကုန်လုံး ဒါတွေ ထိသိမှုတွေ၊ ပူယင်ပူတာ၊ နာယင်နာတာ၊ ကျင်ယင်ကျင်တာ၊ ကိုက်ယင်ကိုက်တာ၊ ဒါတွေဟာ ရှုရတဲ့ဥစ္စာတွေပါပဲ။

ရမ်းသန်းပြီးဟောကြ

အဲဒါလဲပဲ စာပေကျမ်းဂန်ဗဟုသုတမရှိ၊ ဘာမှမရှိ၊ ရမ်းသန်းပြီးတော့ ဟောတဲ့ပုဂ္ဂိုလ်တွေက မဟုတ် တရုတ်တွေ လျှောက်ဟောတယ်လို့ ကြားတယ်၊ အဲဒါတွေဘုန်းကြီးများက မပြောချင်ပဲနဲ့ အခုတော့ပြောနေရတယ်၊ ကိုယ့် တရားလေး ကိုယ်ဟောနေယင်တော့ ပြီးတော့ပြီးတယ်၊ ဒါပေမယ့် မဟုတ်တရုတ်ဟောတာတွေကလဲ ရှိနေတော့ ဘုန်းကြီးများ ကလဲ ထည့်ပြီးတော့ ဟောနေရတယ်။

နာတဲ့ဝေဒနာများ၊ နာတယ် နာတယ်လို့ မှတ်လို့ရှိယင် တချို့က ဒုက္ခဝေဒနာ မမှတ်ကောင်းဘူးလို့ တချို့ကဟောတယ်၊ စာနဲ့ပေနဲ့ရေးထားတာလဲ တွေ့ဖူးပါတယ်၊ အဲဒါကတော့ ဒီပုဂ္ဂိုလ်တွေကတော့ တော်တော်ကို ညံ့သေးတာပါပဲ၊ ဘုရားဟောနဲ့ တိုက်ရိုက်ဆန့်ကျင်ဘက် ရေးတာ ဟောတာပဲ။

ဒုက္ခဝေဒနာလဲ ရှုရမယ်

ဘုရားက ဝေဒနာနုပဿနာမှာ ဝေဒနာ ၃–မျိုးလုံး ရှုဖို့ ဟောထားတာပဲ၊ သုခဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ၊ ဝေဒနာသုံးမျိုးလုံး၊ ဒီဝေဒနာသုံးမျိုးမှာ သာမိသဝေဒနာတဲ့၊ နိရာမိသဝေဒနာတဲ့၊ ခွဲထားလိုက်သေးတယ်၊ ကာမဂုဏ်နဲ့ စပ်တဲ့ ဝေဒနာ သာမိသဝေဒနာ ခေါ်တယ်၊ ဝေဒနာ သုံးမျိုးရှိတယ်၊ အဲဒါလဲ ရှုရမယ်တဲ့၊ ကာမဂုဏ်နဲ့ မစပ်တဲ့ နိရာမိသဝေဒနာ သုံးမျိုးလဲ အဲဒါလဲ ရှုရမယ်တဲ့၊ သတိပဋ္ဌာန်မှာ ဟောထားတယ်။

ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော၊ ဒုက္ခံ ဝေဒနံ၊ ဝေဒယာမီတိ ပဇာနာတိ။

ဒုက္ခံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုလည်း။ ဝေဒယမာနော၊ ခံစားမှုသည်ရှိသော်။ ဒုက္ခံ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကို။ ဝေဒယာမီတိ၊ ခံစားသည်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဆင်းရဲတဲ့ ခံစားမှုဆိုတာ အခုကိုယ်ထဲက နာတာကျင်တာ ကိုက်ခံတာတွေဟာ ဆင်းရဲတဲ့ ခံစားမှုပဲ၊ စိတ်ထဲကနေပြီး စိတ်မချမ်းသာတာတွေလဲ ဆင်းရဲတဲ့ ခံစားမှုပဲ၊ ၂-မျိုးပဲရှိတယ်၊ ဒုက္ခဝေဒနာ ကိုယ်ထဲက ဆင်းရဲတာ၊ စိတ်ထဲက ဆင်းရဲတာ၊ ကိုယ်ထဲက ဆင်းရဲတာပဲဖြစ်ဖြစ် စိတ်ထဲက ဆင်းရဲတာပဲဖြစ်ဖြစ် ဆင်းရဲတွေချည်းထဲပဲ၊ ဆင်းရဲတွေ ရှိတာဟာ ဒုက္ခဝေဒနာတွေ ရှိနေတာပဲ၊ ဝေဒနာနုပဿနာ ဘုရားက ရှုရမယ်လို့ ဟောထားတယ်။

ဒုက္ခံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ ဒုက္ခံ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကို။ ဝေဒယာမီတိ၊ ခံစားသည်ဟူ၍။ ပဇာနာတိ၊ သိ၏။

ခံစားသည်ဟု သိသည်၊ ခံစားသည်ဟု သိတယ်ဆိုတာ ဆင်းရဲသော ခံစားမှု ခံစားသည်ဟု ဆိုတာ၊ ဆင်းရဲသော ဝေဒနာခံစားသည်ဟု ဆိုတာ၊ နာယင် နာသည်ဟု ဆိုတာနဲ့ အတူတူပဲ။ ဘာမှ မထူးဘူး၊ နာယင် နာသည်ဟု သိ၏၊ နာယင် နာတယ်လို့သိတာ၊ နာတယ်လို့ သိတာပဲ၊ ပူယင် ပူတယ်လို့ သိတယ်၊ ကျင်ယင် ကျင်တယ်လို့ သိတယ်၊ ယားယင် ယားတယ်လို့ သိတယ်၊ ဒါက မြတ်စွာဘုရားဟောတဲ့အတိုင်း ဘုန်းကြီးက တရားရှုဖို့ရာတွေ ညွှန်ကြားထားရပါတယ်။

သတိပဋ္ဌာန် ၄-ပါးထဲမှာ သူဖြစ်တဲ့အမှုအရာအတိုင်း မြင်ယင် မြင်တာကိုရှု၊ ကြားယင် ကြားတာကိုရှု၊ နံယင် နံတာကိုရှု၊ စားသိယင် စားသိတာကိုရှု၊ တွေ့ထိယင် တွေ့ထိတာကိုရှု၊ တွေ့ထိတာတွေက အများကြီးရှိနေတယ်၊ တွေ့ထိတာထဲမှာ ကွေးတာလဲ တွေ့ထိတာပဲ၊ ကွေးယင် ကွေးတာရှု၊ ဆန့်ယင် ဆန့်တာရှု၊ ထိုင်ယင် ထိုင်တာရှု၊ သွားယင် သွားတာရှု၊ ရပ်ယင် ရပ်တာရှု၊ လှုပ်ယင် လှုပ်တာရှု၊ အကုန်လုံးပဲ၊ ကိုယ်အမှုအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း ဒီထဲကနေပြီး ညောင်းယင် ညောင်းတာရှု၊ ဒါလဲ ကိုယ်က အတွေ့အထိပဲ၊ တွေ့ထိပြီးတော့ ညောင်းတာ၊ မတွေ့ပဲနဲ့ ညောင်းတာ မဟုတ်ဘူး၊ တွေ့ထိရာကနေပြီးတော့ ညောင်းတယ်ဆိုတာ ဒုက္ခဝေဒနာ၊ ညောင်းယင် ညောင်းတာရှု၊ နာယင် နာတာရှု၊ ပူယင် ပူတာရှု ဆိုတာဟာ–

ဒုက္ခံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုမူလည်း။ ဒုက္ခံ ဝါ ဝေဒယာမီတိ၊ ဆင်းရဲသော ခံစားသည်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဘုရားကို ပုတ်ခတ်ရာရောက်ခြင်း

ဆင်းရဲသောခံစားမှုကို ခံစားယင် ဆင်းရဲသော ခံစားမှုကို ခံစားတယ်ဆိုတာ သိရမယ်၊ ရှုရမယ်လို့ ဆိုပါတယ်၊ အဲဒါနဲ့ ဒီသတိပဋ္ဌာန်နဲ့လျော်ညီစွာ နာယင် နာတယ်လို့ ရှုနေတာဟာ ဘုရားအလိုတော်ကျပဲ၊ အဲဒါကို ရှုတာ အပြစ်တင်တဲ့ ပုဂ္ဂိုလ်၊ မရှုကောင်းဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်၊ အပြစ်တင်တဲ့ပုဂ္ဂိုလ်ဟာ ဒါ ဘုရားဒေသနာတော်တွေကို ပုတ်ခတ်တာပဲ၊ ဘုရားဒေသနာတော်တွေ မသိလို့ရှိယင်လဲ ဖြစ်ပါလိမ့်မယ်၊ နားမလည်လို့ရှိယင်လဲ ဖြစ်ပါလိမ့်မယ်၊ ဒီဥစ္စာက ဘုရားဒေသနာတော်တွေကို ပုတ်ခတ်ပြီးတော့ မှားတာကိုး၊ သူ့ကို့ထင်တော့ အခုဘုန်းကြီးများ ဟောနေတာလေးလောက် သူတို့ကသိမှာကိုး၊ အခုဘုန်းကြီးများ ဒီကဟောနေတဲ့ဟာလောက် သူတို့ပုတ်ခတ်တဲ့အနေနဲ့ပြောပါလိမ့်မယ်၊ ပြောတာကတော့။

ဒါပေမယ့် ဘုရားဆီရောက်နေတယ်၊ ဇာတ်နိပါတ်ထဲက ပါတာလိုဖြစ်နေတယ်၊ ဇာတ်နိပါတ်ထဲမှာ အမေကြီးက ယင်ကောင်နားနေတော့၊ ယင်ကောင်နဖူးမှာ နားနေတော့ သူ့သမီးကို ယင်ကောင်ခြောက်ပါဟဲ့လို့ ပြောတော့ သမီးက နေအုံးနေအုံး ငါခြောက်လိုက်မယ်ဆိုပြီးတော့ ကျည်ပွေ့နဲ့ ယင်ကောင်ရိုက်လိုက်တော့ ယင်ကောင် ဘယ်ရိုက်မိမတုန်း ယင်ကောင်က ပုံသွားတယ်၊ ရိုက်မိတာက သူ့အမေရိုက်မိတော့ သေရာပါရော။

အဲဒီလိုပဲပြောတော့ လောလောဆယ်မှာ ပြောဟောနေတဲ့ပုဂ္ဂိုလ်တွေ မလိုမုန်းထားလို့ ပြောတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ မသိလို့ပြောတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ အဲဒီလိုပြောတဲ့ပုဂ္ဂိုလ်ဟာ ဘုရားကို ပုတ်ခတ်ရာရောက်တယ်၊ ဘုရားဒေသနာတော် ဒီအတိုင်း ရှိနေတာချည်း၊ ဝေဒနာဟာ ဒုက္ခဝေဒနာ မမှတ်ရဘူး၊ မရှုရဘူးလို့ ဒီလို ဟောနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်လို့ ကြားတယ်။

ဒါကတော့ တချို့ပုဂ္ဂိုလ်တွေက ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်တွေက အကောင်းမှတ်ချင်လဲ မှတ်သွားမှာပေါ့လေ၊ ဗဟုသုတ များနေတဲ့ပုဂ္ဂိုလ်တွေ အချို့ကတော့ ဘုန်းကြီးက ပြောနေဖို့ မလိုပါဘူး၊ သိပြီးသား၊ ဗဟုသုတနည်းတဲ့ ပုဂ္ဂိုလ်တွေ အဲဒီလိုဟာတွေ အကောင်းမှတ်ပြီးတော့ ဒါပြတ်ပြတ်သားသား ရှိတယ်၊ ဒီပုဂ္ဂိုလ်ဟောတာက နေရာကျတယ်လို့ တချို့က ဒီလို ချီးမွမ်းတာလဲ ရှိသေးတာကိုး၊ အံ့သြစရာတော့ ကောင်းတာပဲ၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ မသိလို့ ဟောနေတဲ့ဥစ္စာ၊ သူထင်ရာတွေ လျှောက်ပြီးဟောနေတဲ့ဥစ္စာ၊ ဒါကို ကောင်းတယ်လို့ ချီးမွမ်းနေတာလဲ ဒါလဲ အံ့သြစရာ တော်တော်ကောင်းတယ်လို့ ဘုန်းကြီးများက အောက်မေ့တယ်။

တရားစစ်တဲ့အခါကျတော့ သတိပေးတရားလေး ထည့်ထည့်ဟောရတယ်၊ အဲဒါ အတွေ့အထိကို မှတ်တဲ့အခါကာလ ထိတယ်ထိတယ်လို့ ဘယ်ကမှတ်မှတ်၊ ထိရာဌာနကလေး၊ ဒီကနေ ထိတယ်၊ ဒီကနေ ထိတယ်၊ ထိရာဌာနအနေအားဖြင့် ကာယပသာဒ ကိုယ်အကြည်ရုပ်က ယောဂီပုဂ္ဂိုလ်ဉာဏ်မှာ ထင်ရှားတယ်။

ဒါကြောင့် "အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသုကြည်၊ အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်၊ ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်၊ ကိုယ်ရုပ်၌၊ သိထိုက် ဤသုံးမည်"၊ ကိုယ်ရုပ်သိလို့ရှိယင် အဲဒီ ၃–ပါးနဲ့ သိရမယ်၊ သွားတဲ့အခါ သွားတယ်မှတ်၊ ထိုင်တဲ့အခါ ထိုင်တယ်မှတ်၊ ရပ်တဲ့အခါ ရပ်တယ်မှတ်၊ ကွေးတဲ့အခါ ကွေးတယ်မှတ်၊ ဆန့်တဲ့အခါ ဆန့်တယ်မှတ်၊ ကိုယ်အမှုအရာတွေ ပြုပြင်တိုင်းပြုပြင်တိုင်း ပြုပြင်တာတွေမှတ်ဆိုတာ ဘာတွေတုံးဆိုယင် ဒါတွေအထိတွေပဲ၊ သွားတဲ့အခါသွားတဲ့ ကိုယ်အစိတ်ပိုင်းက အတွေ့အထိတွေရှိတယ်၊ ခြေထောက်အစိတ်အပိုင်း၊ ကိုယ်အစိတ်အပိုင်း လှုပ်ရှားရာကနေပြီး အဲဒီမှာ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောတွေ အဲဒီမှာ တွေ့ထိတယ်။

တနေ့က ဓာတ်ကြီး ၄–ပါးတုန်းကလဲ ဟောခဲ့ပါပြီ၊ ဒါတွေက ခြေတလှမ်းမှာ ကြွလိုက်တဲ့အခါကာလ တေဇောဓာတ် လွန်ကဲနေလို့ တေဇောဓာတ် ထင်ရှားတယ်၊ ကျမ်းဂန်တွေအရ ယူရတာကိုး၊ အဋ္ဌကထာတွေ ပြတဲ့အတိုင်း ကြွတတ်လာတဲ့၊ ပေါ့တတ်လာတဲ့အခါ တေဇောကလွန်ကဲတာ၊ တေဇောဓာတ် ထင်ရှားတာတဲ့၊ လှမ်းလိုက်တဲ့ အခါကာလကျတော့ ဝါယောဓာတ်က ရှေ့ဆောင်သွားတယ်၊ တွန်းကန်သွားတဲ့သဘော၊ အဲဒါ တွန်းကန်တဲ့သဘော၊ ဝါယောဓာတ် ထင်ရှားတာတဲ့၊ ခြေထောက်အရှိန်လွှတ်လိုက်တဲ့အခါကျတော့ အောက်ကို လေးကျသွားတာရှိတယ်၊ လေးကျသွားတာက ဘာတုံးဆိုတော့ အာပေါဓာတ် လေးတဲ့သဘောရှိတဲ့ အာပေါဓာတ် ထင်ရှားတာတဲ့၊ တခါ နင်းလိုက်တဲ့ အခါကျတော့ မြေကြီးထိတဲ့အခါ မြေကြီးနဲ့ တိုက်ခံနေတဲ့သဘော၊ မြေကြီးကလဲ တိုက်ခံနေတယ်၊ ခြေထောက်ကလဲ တိုက်ခံနေတယ်၊ အဲဒါ ပထဝီဓာတ်သဘော ထင်ရှားတာတဲ့၊ ပထဝီလွန်ကဲတယ်တဲ့၊ ခြေတလှမ်းအတွင်းမှာ ဓာတ်ကြီး ၄–ပါးသိပုံ၊ တနေ့က ဓာတ် ၄–ပါးအပိုင်းမှာ ဘုန်းကြီးက ပြောခဲ့ပါပြီ။

အခု ဒီမှာလဲပဲ အတွေ့အထိကအတူတူပဲ၊ အတွေ့အထိကတော့ ထင်ရှားနေတာပဲ၊ သွားတဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်းဟာ တွေ့ထိရာကနေပြီး ခြေထောက်ထဲက ပေါ့တဲ့အတွေ့အထိ၊ လေးတဲ့အတွေ့အထိ၊ တွန်းကန်တဲ့အတွေ့အထိ၊ လှုပ်ရှားတဲ့အတွေ့အထိတွေ ဒီမှာထင်ရှားတယ်၊ ကွေးတဲ့ဆန့်တဲ့အခါလဲ ဒီအတိုင်းပဲ၊ လက်ထဲကနေပြီးတော့ မြှောက်လိုက်တဲ့ အခါမှာဆိုယင် ပေါ့တယ်ဆိုယင် တေဇောဓာတ် ထင်ရှားတာကိုး၊ လက်ချလိုက်တဲ့အခါဆိုယင် လေးသွားတာ ထင်ရှားတော့ အာပေါဓာတ် ထင်ရှားတာပဲ၊ လှုပ်ရှားတဲ့ တွန်းကန်တဲ့ အခါကာလကျတော့ လှုပ်ရှားတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ လှုပ်တယ်၊ တွန်းတယ်၊ တောင့်တယ်၊ အဲဒီအခါကာလကျတော့ ဝါယောဓာတ် ထင်ရှားတယ်၊ တနေရာရာကို တိုက်ထိသွားတဲ့အခါကျတော့ ပထဝီဓာတ်ထင်ရှားတယ်၊ တကွေးတဆန့်အတွင်းမှာလဲ ဓာတ် ၄–ပါးစလုံးရှိတယ်၊ အဲဒါလေးတွေကို သိရတယ်၊ အဲဒါ တွေ့ထိရာကနေပြီးတော့ သိတာပဲ။

ဗိုက်ထဲက ဖောင်းတက်လာလိုက်၊ ပိန်ကျသွားလိုက်၊ ဒါလဲ အတူတူပဲ၊ ဒါလဲ တွေ့ထိတာပဲ၊ ဗိုက်ထဲကနေပြီးတော့ ဖောင်းတယ်၊ ပိန်တယ်ဆိုလို့ရှိယင် ဗိုက်ထဲမှာလဲ ကာယပသာဒရုပ်ကရှိတာပဲ၊ ဗိုက်ထဲအတွင်းကရော အပြင်ကရော၊ ဗိုက်တပြင်လုံး အကုန်လုံးမှာ ကာယပသာဒ အသွေးအသားတွေ စိုနေတာ၊ အကုန်လုံးလဲ စိုနေတာပဲ၊ နေရာတိုင်းမှာရှိတယ်၊ ဗိုက်ကနေရာတိုင်းက အပ်ဖျားကလေးနဲ့ ဘယ်နေရာက ထောက်ထောက် ထောက်တဲ့နေရာမှာ အတွေ့အထိကလေး သိရတယ်၊ သူ့အလိုလိုအသက်ရှူနေတဲ့အခါ ဖောင်းတက်လာလိုက်၊ ပိန်ကျသွားလိုက်၊ ဗိုက်ထဲကနေပြီး အတွေ့အထိတွေ ထင်ရှားနေတယ်၊ ဖောင်းတက်လာတဲ့အခါ ပိန်ကျသွားတဲ့အခါ မျက်စိနဲ့မကြည့်လဲ ဗိုက်ထဲကနေတောင့်တဲ့သဘော၊ တင်းတဲ့သဘော ထင်ရှားနေတာပဲ၊ တောင့်တာထင်ရှားတယ်၊ တင်းတာထင်ရှားတယ်၊ လှုပ်ရှားတာ ထင်ရှားတယ်၊ တောင့်တဲ့တင်းတဲ့သဘောလေး တွန်းကန်တဲ့ သဘောလေးလဲ ထင်ရှားတယ်၊ လှုပ်ရှားတဲ့သဘောထဲမှာလဲ တွန်းကန်တဲ့ သဘောလေးလဲ ထင်ရှားတယ်၊ အဲဒါတွေဟာ ဝါယောဓာတ်တွေပဲ၊ အဲဒီဝါယောဓာတ်တွေဟာ ဗိုက်ထဲကနေပြီး တွေ့ထိနေတာ၊ အဲဒီလို တွေ့ထိနေတော့ တွေ့ထိရာဌာနက ကာယပသာဒ ကိုယ်အကြည်ရုပ်ကလေးဟာ "ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်" ဆိုတာ ဖောင်းတယ်မှတ်လိုက်ယင် တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော ထိသိမှုကလေးဟာ ဒီဗိုက်ထဲကပဲ တည်ပြီးတော့ ဖြစ်တယ်၊ ဗိုက်ထဲမှာ ဖြစ်တဲ့ ကာယပသာဒရုပ်ဟာ သူ့ရဲ့တည်ရာဌာနပဲ၊ သူ့ရဲ့ဖြစ်ရာဌာနပဲ၊ ယောဂီပုဂ္ဂိုလ်မှာ ထင်ရှားတယ်တဲ့။

စိတ်ကို့ရှုမှတ်သိ

အဲဒီတော့ အခု ၅–ဒွါရတော့ စုံသွားပါပြီ။ ဒွါရတခုပဲ ကျန်တော့တယ်၊ မနောဒွါရ၊ မနောဒွါရကတော့ စိတ်ပဲ၊ သူကတော့ ရုပ်မဟုတ်ဘူး၊ သူကတော့ ဒါပေမယ်လို့ ဝိပဿနာနေရာမှာတော့ ဟဒယဝတ္ထုကို အရင်းခံ ပြုပြီးတော့ ဝိသုဒ္ဓိမဂ်က ပြထားပါတယ်၊ မနောဝိညာဉ်သိတဲ့ အခါကာလကျလို့ရှိယင် ဟဒယဝတ္ထုကိုလဲ သိတယ်တဲ့၊ မှီရာတည်ရာရုပ်ကိုလဲသိတယ်၊ ဒီတော့ကို စိတ်ကူးတယ်, စဉ်းစားတယ်, ကြံစည်တယ်, ရှုတယ်, မှတ်တယ် စသည်ဖြင့် စိတ်အသိကလေးတွေ ရှုတိုင်း, ရှုတိုင်း, မှတ်တိုင်း, စိတ်အသိကလေးတွေ ထင်ရှားတိုင်း ထင်ရှားတိုင်းဟာ မနောဒွါရ ထင်ရှားတယ်၊ မနောဒွါရ စိတ်သဘောလဲ ထင်ရှားတယ်၊ စိတ်သဘောဆိုတာ ရှေးကသိနေတဲ့ စိတ်တွေပေါ့လေ၊ စိတ်မျိုးအဆက်မပြတ်ရှိလို့ အသိကလေးတွေပေါ်လာတာ၊ စာပေကျမ်းဂန်နဲ့ဆိုယင် ဘဝင်လို့ခေါ်တယ်၊ ဘဝင်ရယ်လို့တော့ ပြောတတ်မှာမဟုတ်ဘူး၊ စိတ်မျိုးကလေးရှိနေလို့၊ နောက်စိတ်တွေ ဆက်ဖြစ်နေတာ၊ ဒီမှာ နောက်ပြီးတော့ တည်ရာဌာန နှလုံးရုပ်၊ ကိုယ်ရုပ်ပေါ့လေ၊ ကိုယ်ကြီးတခုလုံးကို အကြမ်းပြင်းအားဖြင့်တော့ ဒီလိုပဲသိမှာပဲ၊ စာပေကျမ်းဂန်နဲ့ ဗဟုသုတနဲ့ဆိုယင်တော့ နှလုံး၊ တချို့ကလဲ ခေါင်းထဲကလဲ ထင်ချင်လဲ ထင်လိမ့်မယ်၊ ပြောလို့မဖြစ်ဘူး၊ ဒါကတော့ အဲဒါ တည်ရာဌာန စိတ်ကူး စဉ်းစားကြံစည်မှုတွေ တည်ရာဌာနရုပ်ကလေးနဲ့ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်ဆိုလို့ရှိယင် ဒီကိုယ်ရုပ်ကြီးမှီပြီး ဖြစ်နေတာပဲ၊ ဒီကိုယ်ထဲကရုပ်ကို မှီပြီးဖြစ်နေတာပဲလို့ ထင်ရှားတယ်၊ အဲဒါက သူက ခုနကပြောခဲ့တဲ့ မနာယတန ထင်ရှားပုံ။

ဒွါရ ၆–ဖြာ အသုံးမကျ အချည်းနှီးသာ

တနည်း အာယတန ၆–ခုဟာ မရှုခင်တုန်းကတော့ မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ ကိုယ်ရော၊ သိနေတဲ့ စိတ်ရော၊ အဲဒါတွေဟာ မြဲတဲ့ အနေအားဖြင့်လဲ အနှစ်သာရရှိတယ်လို့ ထင်ရတယ်တဲ့၊ လှုပတင့်တယ်တဲ့အနေနဲ့လဲ အနှစ်သာရရှိတယ် ထင်ရတယ်၊ ချမ်းသာတယ်၊ ကောင်းတဲ့အနေအားဖြင့်လဲ အနှစ်သာရထင်ရ တယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်ပဲလို့လဲ အနှစ်သာရအနေအားဖြင့် ထင်ရတယ်၊ ဝိပဿနာရှုတဲ့ အခါကျတော့ ရှုတိုင်း ရှုတိုင်း ဖြစ်ပြီး ပျောက်သွားတဲ့သဘောလေးပဲ၊ မြဲတဲ့သဘော မရှိဘူး၊ တင့်တယ်တဲ့သဘော၊ ချမ်းသာတဲ့ သဘောမရှိဘူး၊ အစိုးရတဲ့ သဘော၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် တည်နေတဲ့သဘော ဒီမှာမရှိဘူးတဲ့၊ ဖြစ်ပြီးပျက်သွားတဲ့ သဘောကလေးမျှသာ ထင်ရှားပါတယ်တဲ့၊ အဲဒါကြောင့်–

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျတ္တော၊ တတ်သိလိမ္မာသော။ မေဓာဝီ၊ ထိုးထွင်း၍ သိနိုင်သောဆင်ခြင်ဉာဏ်ရှိသော။ ပဏ္ဍိတော၊ ပညာရှိပုဂ္ဂိုလ်သည်။ စက္ခုတောပိ၊ မျက်စိမှလည်း။ သောတတောပိ၊ နားမှလည်း။ ဃာနတောပိ၊ နှာခေါင်းမှလည်း။ ဇိဝှာတောပိ၊ လျှာမှလည်း။ ကာယတောပိ၊ ကိုယ်မှလည်း။ မနတောပိ၊ စိတ်နှလုံးမှလည်း။ နံ၊ ထိုသဘောကို။ စေဥပပရိက္ခတိ၊ အကယ်၍ ရှုဆင်ခြင်သည်ဖြစ်အုံ့။ ရိတ္တကညေဝ၊ အနှစ်သာရမှကင်းသည်ဖြစ်၍သာလျှင်။ တုစ္ဆကညေဝ၊ အချည်းနှီးဖြစ်၍သာလျှင်။ သုညကညေဝ၊ ဆိတ်သည်ဖြစ်၍ သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

အဲဒီ ရွာပျက်ကုန်းကိုတွေ့တာနဲ့ တူတယ်တဲ့၊ ယောဂီပုဂ္ဂိုလ်တွေဟာ ဘဂီဉာဏ်က အထက်ရောက်လို့ရှိယင် ဒီအတိုင်းဖြစ်တတ်ပါတယ်၊ အထူးအားဖြင့်တော့ အာဒီနဝဉာဏ်မှာ တွေ့တတ်တယ်တဲ့၊ ရှုတိုင်းရှုတိုင်းဟာ ဘာမှ အသုံးမကျပါကလား၊ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပါကလား၊ ဘာမှ အသုံးမကျဘူး၊ အဲဒီလို ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ရှင်းပြီးတော့သိတတ်ပါတယ်၊ ဒီလိုသိဖို့လဲပဲ လိုပါတယ်၊ ဒီလိုအသိမျိုး သိပြီးတော့မှ အရိယာမဂ်ဆိုတာ နောက်မှ ရောက်ရမှာ၊ ဒါမရောက်သေးဘူး၊ ဝိပဿနာပဲရှိသေးတယ်၊ အဲဒီလို သိပြီးတော့ အစဉ်အတိုင်းတက်သွားလို့ ရှိယင် အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်ပါတယ်။

နောက် ဘယ်ပုံဘယ်နည်းနဲ့ ရောက်နိုင်တုံးဆိုတော့ ဒီအာယတန ၆–ခုထဲမှာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဆိုတာတွေက ရုပ်တွေ၊ နှလုံးဆိုတာကတော့ စိတ်နှလုံးဆိုတာကတော့ သူကတော့ နာမ်၊ ဒါရုပ်နဲ့နာမ် ၂–ပါးပဲ၊ နောက်ပြီးတော့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ရုပ် ထင်ရှားတဲ့အခါမှာလဲပဲ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မှီပြီးတော့ဖြစ်တဲ့ မြင်သိမှု, နံသိမှု, စားသိမှု, တွေ့ထိသိမှု, ဒါတွေက နာမ်တရားတွေ၊ မြင်တယ်လို့မှတ်တဲ့အခါ မျက်စိကရုပ်၊ မြင်သိတာက နာမ်၊ နာမ်နဲ့ရုပ်ပဲ၊ ရှုမှတ်တဲ့ စိတ်ကလေးကလဲပဲ နာမ်၊ မှတ်တိုင်း မှတ်တိုင်းဟာ ရုပ်နဲ့နာမ်၊ ဒီ ၂–ခုပဲရှိတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်ကထင်ရှားတယ်။

မြင်ဆဲစသည်၌ ဝိပဿနာ

တနေ့တုန်းက ရှေ့နားပိုင်းတုန်းကလဲ ပြောခဲ့ပါပြီ၊ မြင်ဆဲခဏာ၌ မျက်စိနဲ့ အဆင်းကရှိပ်၊ ဒီမှာတော့ မျက်စိပဲ၊ အဆင်းမပါသေးဘူး၊ အခုပြောနေတာ၊ မျက်စိကရှိပ်ဆို၊ မျက်စိတွင်မကဘူး၊ မျက်စိနဲ့တကွ တကိုယ်လုံးပဲ မြင်မှု၏တည်ရာ ဖြစ်တဲ့ မျက်စိနဲ့ တကွ တကိုယ်လုံးကရှိပ်၊ မြင်သိသွားတာကနာမ်၊ မှတ်သိတာကနာမ်၊ ရှိပ်နဲ့ နာမ် ၂-ပါးပဲ၊ ဒီကစပြီးတော့ ပိုင်းခြားသိရတာ၊ နည်းနည်းလေးဆိုအုံးမှပဲ၊ ဆိုမှပဲ စဉ်းစားဖို့အချိန်ရတယ်၊ ဘုန်းကြီးက ဒီအတိုင်းလျှောက် ပြောနေတော့ နောက်ကနာတဲ့ ပုဂ္ဂိုလ်တွေက မမှတ်နိုင်ဘူး၊ ဒီမှာက အဆင်းတို့၊ အသံတို့၊ အာရုံတွေမထည့်သေးဘူးနော်၊ အာရုံတွေဘာပြုလို့ လျှော့ထားပါလိမ့်မလဲလို့ အောက်မေ့တယ်၊ အာရုံတွေက သူ့နေရာမရောက်သေးလို့၊ အခုဟာက စက္ခာ ယတန၊ စက္ခုအာယ တန၊ မျက်စိ အာယတနတွေ ပြောနေတာ၊ ရူပါယတန အဆင်း အာယတနပြောတဲ့ အခန်းမဟုတ်သေးဘူး၊ သူ့ကို ဒီမှာတော့ နှုတ်ထားရမယ်။

မြင်ဆဲခဏာ၌၊ မျက်စိနဲ့ တကိုယ်လုံးကရှိပ်၊
မြင်တာသိတာက နာမ်။

အခုဟာ ရှိပ်နဲ့နာမ်ကွဲပုံကလေး၊ မြင်တယ်မှတ်လိုက်ယင် မြင်မှု၏တည်ရာကလေး၊ ဒီကနေမြင်တာပဲ၊ တည်နေရာ ဌာနရှိပ်ကလေးတခု၊ ပြီးတော့ မြင်သိသွားတာကလေးက တခု၊ မြင်တယ်လို့ရှုလိုက် သိလိုက်တာလေးက တခု၊ အဲဒီသုံးခုမှာ မျက်စိနဲ့တကိုယ်လုံးကရှိပ်၊ သူက အာရုံမသိတတ်ဘူး၊ တည်ရာဌာနပဲ၊ မြင်တာနဲ့ ရှုပြီးတော့သိတာ၊ ဒီ ၂-ခုကတော့ အာရုံကို သိတတ်တဲ့နာမ်တရား၊ ရှိပ်နဲ့နာမ်လေး၊ ဒါပဲ ပုဂ္ဂိုလ်သတ္တဝါ ဒီထဲမှာမရှိဘူး၊ ဒီရှိပ် ဒီနာမ်ပဲ ရှိတယ်ဆိုတာ ရှုယင်းရှုယင်း ပိုင်းခြားပြီး သိရမယ်။

ကြားဆဲခဏာ၌ နားနဲ့တကိုယ်လုံးက ရှိပ်၊
ကြားတာ သိတာက နာမ်။

ကြားတဲ့အခါမှာ ကြားတယ် ကြားတယ်မှတ်၊ ကြားမှု၏ တည်ရာဖြစ်တဲ့ နားရှိပ်နှင့်တကွ တကိုယ်လုံးဟာ ရှိပ်ပဲတဲ့၊ အာရုံကိုမသိတတ်ဘူး၊ ကြားသွားတာကလေး သိသွားတာကလေး၊ ရှုသိတာကလေးက နာမ်တရားပဲ၊ ဒီရှိပ် ဒီနာမ် ဒါ ၂-ခုပဲ ရှိတယ်ဆိုတာ သိရမယ်။

နံဆဲခဏာ၌ နှာခေါင်းနဲ့ တကိုယ်လုံးကရှိပ်၊
နံသိတာက နာမ်။

စားသိဆဲခဏာ၌ လျှာနဲ့ တကိုယ်လုံးကရှိပ်၊ အရသာ သိတာ မှတ်သိတာက နာမ်။

စားတဲ့အခါကာလမှာ ထမင်းလုပ်ပြင်တာတွေကတော့ တွေ့ထိတာတွေနဲ့ဆိုင်တယ်၊ ထမင်းလုပ်ပြင်တာတို့၊ ခွဲ့တာ တို့၊ ဝါးတာတို့၊ အဲဒါတွေကတော့ တွေ့ထိတာတွေနဲ့ ဆိုင်တယ်၊ ကိုယ်ထဲက အတွေ့အထိကနေပြီးတော့ သိတယ်၊ ဒါပေမယ် လို့ရှုတော့ စားတဲ့အနေအားဖြင့် ပြောတာပါပဲ၊ ထမင်းလုပ်ပြင်တာ၊ ယူတာ မျိုချတဲ့အခါ လည်ချောင်းမှာ လျှောက်ထိသွားတာ တို့၊ ဖူတာတို့၊ အေးတာတို့ ရှိတာပေါ့လေ၊ အဲဒါတွေအကုန်လုံး အတွေ့အထိနဲ့ ဆိုင်တယ်၊ ဒါကတော့ ဓိဘာဒါရနဲ့ သူက မဆိုင်ဘူး၊ ဒါကြောင့်မို့ ဘုန်းကြီးက လျှာတွင်ပြောထားတယ်၊ သူတို့ကို အဲဒါတွေက မပါပဲနဲ့ ကျန်နေတယ်၊ အောက်မေ့ နေကြမယ်၊ ဒီလို ဘုန်းကြီးက ရှင်းပြောရတယ်။

အဲဒီတော့ စားဆဲခဏာ၌ အရသာ သိတာကလေး ဒါကပဓာန၊ အရသာသိဆဲခဏ၊ စားသိဆဲခဏမှာ လျှာနဲ့ တကိုယ် လုံးက အရသာကလေး သိတယ်၊ ချိုတယ်၊ ချဉ်တယ်၊ အဲဒါလို အသိကလေးတွေကို မှတ်တဲ့အခါ ဒီအသိကလေးက အရသာ သိတာလေးက လျှာပေါ်ကပဲထင်ရှားတယ်၊ ဒီကနေပြီး ဖြစ်နေတာပဲ၊ အရသာသိမှု၏ တည်ရာအဖြစ်နဲ့ ဓိဘာပသာဒရှိပ် ထင်ရှားတယ်။ ဓိဘာပသာဒ ထင်ရှားပြီးယင် ဓိဘာပသာဒရှိပ်၏ တည်ရာဖြစ်တဲ့ လျှာရှိပ်တော့ တကိုယ်လုံး ရှိပ်ကြီးတော့ ရှိပ်အနေအားဖြင့် အာရုံမသိတတ်တဲ့ ရှိပ်တရားကြီးအနေအားဖြင့် ထင်ရှားတယ်၊ သူက ရှိပ်ပဲတဲ့၊ နောက်ပြီးတော့ အရသာ သိတာဆိုတာ အချိုအချဉ်ကလေးကို သိသွားတာ၊ နောက် မှတ်သိပြီးတော့ သိတာကတော့ ချိုတယ်၊ ချဉ်တယ် စသည်ဖြင့် နောက်ကနေမှတ်တော့ အဲဒီသဘောလေး ဖြစ်သွားတာလေး သိသွားတယ်၊ အဲဒါက နာမ်တရား၊ ရှိပ်နဲ့နာမ် ၂-ခုရှိတယ်၊ ဒါလေးရှုယင်း မှတ်ယင်းသဘောကျပြီး ပိုင်းခြားပြီးတော့ သိရမယ်။

တွေ့ထိဆဲခဏာ၌ တွေ့ထိရာဌာနကိုယ်ရှိပ်နှင့်
တကိုယ်လုံးကရှိပ်၊ ထိတာသိတာက နာမ်။

ကိုယ်ရုပ်ကတော့ ကာယပသာဒ၊ ရုပ်ကကိုယ်ရုပ်ကိုး၊ ထိရာဌာနကလေးက အထိ၏တည်ရာဌာနကလေး၊ နေရာကလေးထင်ရှားတယ်၊ အဲဒီကိုယ်အကြည်ရုပ်ကလေး၏ တည်ရာဖြစ်တဲ့တကိုယ်လုံး ရုပ်ကြီးရောပဲထင်ရှားတာ၊ ထိတယ်ဆိုယင် ထိရာဌာနက ထိသိမှုကလေး၏တည်ရာအနေအားဖြင့် ရုပ်ထင်ရှားတယ်၊ အဲဒီရုပ်ထင်ရှားတော့ တကိုယ်လုံးက ရုပ်တေလဲပဲ အာရုံမပြုတတ်တဲ့ ရုပ်တရားအနေအားဖြင့် ထင်ရှားတယ်၊ တကိုယ်လုံးဟာက အာရုံကို မသိတတ်တဲ့ ရုပ်တရားပဲ၊ အာရုံမပြုတတ်တဲ့တရားတွေပဲ၊ ထိသိသွားတာကလေးက ထိသိတဲ့ သဘောလေး၊ အဲဒါ ထင်ရှားတယ်၊ အဲဒါကနာမ်တရား၊ ရှုသိတာလေးလဲ ထင်ရှားတယ်၊ နာမ်တရား၊ ထိတိုင်း ထိတိုင်း ဒီလိုထင်ရှားတယ်၊ ဒီထဲမှာ ကွေးတာ ဆန့်တာတွေ ပါပါတယ်၊ ဒီထဲမှာ အကုန်လုံး ဒါလေးလဲ ပြောရအုံးမယ်။

ကွေးဆဲခဏာ၌။ တောင့်တင်းလှုပ်ရှားတာကရုပ်၊
ထိသိတာက နာမ်။

သွားဆဲစသည်မှာလဲ ဒီအတိုင်းပဲ အကုန်လုံး။

ကြံသိဆဲခဏာ၌ ကြံသိမှု၏တည်ရာ နှလုံးနှင့်တကိုယ်လုံးကရုပ်၊ ကြံသိတာ မှတ်သိတာကနာမ်။

ကြံသိတာစိတ်ကူးတာတွေကို စိတ်ကူးတယ်၊ ကြံတယ်၊ သိတယ်၊ နှလုံးသွင်းတဲ့အခါကာလ ရှုမှတ်တဲ့အခါကာလတွေမှာ ကြံသိမှု၏တည်ရာဖြစ်တဲ့ နှလုံးရုပ်ပေါ့၊ စာပေကျမ်းဂန်အရ နှလုံးကို ဟဒယဝတ္ထုလို့ခေါ်တယ်၊ အဲဒီဟဒယဝတ္ထုနဲ့ တကိုယ်လုံးက တည်ရာမှီရာဖြစ်တဲ့ ရုပ်ကြီးအနေအားဖြင့် ထင်ရှားတယ်၊ နောက်ပြီးတော့ ကြံသိတဲ့စိတ်ကလေး၊ အဲဒီကြံသိတာကလေးကို ရှုမှတ်ပြီးတော့ သိတာကလေးက ကြံတယ်သိတယ်၊ စဉ်းစားတယ်၊ နောက်ကလိုက်မှတ်တယ်၊ မှတ်သိတာလေး သူကလဲနာမ်၊ အဲဒီရုပ်နဲ့ နာမ်ကလေး ၂–ခုပဲဆိုတာ မှတ်ယင်း မှတ်ယင်း ဒီလိုကွဲပြားပြီးတော့သိတယ်။

သမ္မသနဉာဏ်စသည်ဖြစ်

အဲဒီလိုရုပ်နာမ်သိပြီးတော့ သူ့ဆိုင်ရာအကြောင်း တရားတွေလဲသိ၊ ဒီအတိုင်း ရှုယင်း ရှုယင်းနဲ့ ဖြစ်ပျက်သွားတာသိတော့ အနိစ္စမမြဲဘူး၊ ဒုက္ခဆင်းရဲတယ်၊ အနတ္တ အတ္တ မဟုတ်ဘူးလို့ သုံးသပ်ဆင်ခြင်ပြီးတော့ သမ္မသန ဉာဏ်ဖြစ်တယ်၊ သမ္မသနဉာဏ်ဖြစ်ပြီးတော့ အဖြစ်အပျက်ကလေးတွေ ပိုင်းခြားပြီးသိတာက ဥဒယဗ္ဗယဉာဏ်၊အရောင်အလင်း၊ ပီတိပါမောဇ္ဇတွေနဲ့ ဝမ်းမြောက်စရာတွေနဲ့ ဖြစ်ပါတယ်၊ ဥဒယဗ္ဗယဉာဏ်က တက်လာတဲ့အခါ ခုနက ဘင်ဉာဏ် ရောက်တယ်၊ ရှုတိုင်း မှတ်တိုင်း အာရုံကလေးရော၊ အသိကလေးရော၊ မှတ်တိုင်း မှတ်တိုင်း ပျက်နေတာချည်းပဲ၊ တရိပ်ရိပ်နဲ့ တွေ့နေရတော့ ဘယ–ကြောက်စရာ ကောင်းတယ်လို့ထင်လာတယ်။

အာဒီနဝဉာဏ်ဖြစ်ပုံ

အာဒီနဝ၊ အပြစ်မြင်လာတယ်တဲ့။ အာဒီနဝ အပြစ်မြင်တယ်ဆိုတာ အခုဉာဏ်ပဲ။

"သုညောဂါမော"–သုညော၊ လူဆိတ်သော။ ဂါမော၊ ရွာကြီးနဲ့ တူတယ်တဲ့၊ ရွာပျက်ကြီး၊ ရွာပျက်ကုန်းနဲ့ တူတယ်လို့ ဘယ်နေရာကမှတ်မှတ်၊ မျက်စိကမြင်တယ်၊ မှတ်လိုက်လဲ မူလကထင်တဲ့အတိုင်း မြဲတဲ့သဘောလဲမရှိ၊ ချမ်းသာတဲ့သဘောလှပတဲ့သဘောလဲမရှိ၊ ပုဂ္ဂိုလ်သတ္တဝါလဲမရှိ၊ ဆိတ်သုဉ်းနေတာတွေ့ရတယ်၊ နားကကြားတာမှတ်တော့လဲဒီလိုပဲ၊ ဆိတ်သုဉ်းနေတာတွေ့ရတယ်၊ နှာခေါင်းကလဲ ဆိတ်သုဉ်းနေတာ တွေ့ရတယ်၊ လျှာကလဲ ဆိတ်သုဉ်းနေတာတွေ့ရတယ်၊ ကိုယ်ကအတွေ့အထိတွေလဲပဲ တွေ့ထိတာတွေကတော့ ရိုးရိုးတွေ့ထိတာ တွေလဲရှိတယ်၊ ညောင်းတာပူတာ၊ နာကျင်ကိုက်ခဲတာတွေလဲ ရှိတယ်၊ ကွေးတာဆန့်တာ လှုပ်ရှားတာတွေလဲ ရှိတယ်၊ ဘယ်ဟာပဲဖြစ်ဖြစ် ပေါ့လေ၊ အတွေ့အထိတွေ ဆိတ်သုဉ်းနေတာပဲ တွေ့ရတယ်၊ ပုဂ္ဂိုလ်သတ္တဝါရှာလို့ မတွေ့ဘူး၊ မြဲနေတာလဲမတွေ့ဘူး၊ ချမ်းသာနေတာလဲ မတွေ့ဘူး၊ လှပတင့်တယ်နေတာလဲ မတွေ့ဘူး။

ပြီးတော့စိတ်ကူးစဉ်းစား ကြံစည်တာမှတ်လိုက်လဲပဲ ဒီမှာမူလတုန်းကတော့ စိတ်ကူးစဉ်းစား ကြံစည်နေတာဟာ တကတည်းမြဲနေတဲ့ ငါကောင်ကြီးလိုပဲ တင့်တယ်နေတယ်လို့ ထင်ရတယ်၊ ကောင်းနေတယ်လို့ ထင်ရတယ်၊ စိတ်ကူးစဉ်းစားနေရတာကို ချမ်းသာနေတယ်လို့ ထင်ရတယ်၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်ရတယ်၊ အဲဒါတွေဟာ အခုစိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်မှတ်လိုက်တော့ ပျောက်ပျောက်သွားတာကလေးတွေ တွေ့တယ်၊ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာ၊ ဒီထဲမှာလဲပဲ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ စွဲလမ်းစရာ မရှိဘူး၊ မြဲနေတယ်လို့ စွဲလမ်းစရာ မရှိဘူး၊ တင့်တယ်တယ်၊ လှပတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်လို့ စွဲလမ်းစရာမရှိဘူး၊ ဘာမှအနှစ်သာရမရှိတဲ့ အနှစ်သာရကင်းမဲ့နေတဲ့ ဆိတ်သုဉ်းနေတဲ့သဘောပဲလို့ ထင်တယ်။

သုညောဂါမော၊ ရွာပျက်ကုန်းကြီးနဲ့ တူတာတဲ့၊ အဲဒါ အာဒီနဝဉာဏ်မှာ ဒီလို ထင်တတ်တယ်လို့ ဝိသုဒ္ဓိမဂ်က ပြထားတယ်၊ အာဒီနဝဉာဏ်ဖြစ်ပုံကို ပြတာတဲ့၊ ယောဂီပုဂ္ဂိုလ်တွေ ဉာဏ်ထူးတဲ့ပုဂ္ဂိုလ်တွေဆိုယင် အဲဒီအတိုင်းပဲ တိတိကျကျ လေး ထင်တတ်ပါတယ်၊ ဒီအတိုင်း တိတိကျကျမဟုတ်တောင် ခပ်ဆင်ဆင်တော့ ထင်တတ်တယ်၊ ယောဂီပုဂ္ဂိုလ်က ဒီရောက် လာလို့ရှိယင် တချို့ကခပ်ဆင်ဆင်ပဲ၊ ငြီးငွေ့ဖွယ်ဖြစ်ပြီးတော့ ထင်လာတယ်၊ ဒါကတော့ နေရာမကျဘူး၊ ဘယ်ဟာမှ တခါတည်း မြတဲ့သဘောလဲမရှိဘူး၊ ချမ်းသာတဲ့သဘောလဲမရှိဘူး၊ လှပတင့်တယ်တာလဲ မရှိဘူး၊ ကောင်းနေတာလဲ မရှိဘူး၊ ဒီထဲမှာ ဂုဏ်ယူစရာတွေ ဘာမှမရှိဘူး၊ သူ့ဟာသူ တရိပ်ရိပ်နဲ့ဖြစ်ပျက်နေတဲ့ဟာချည်းထဲပဲ၊ ဒါကတော့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ် တိုင်း ဒါလောက်ကတော့ ထင်တယ်။

ခုနက ရွာပျက်ကုန်းကြီးလိုပဲ ဆိုတာကတော့ ဥပမာက ရွာပျက်ကုန်းကိုလဲ သိအုံးမှ ဖြစ်မှာကိုး၊ တချို့က ရွာပျက် ကုန်လဲ မသိဘူး၊ တွေ့လဲ မတွေ့ဖူးဘူး၊ ပြောတာ ဟောတာ ကြားဖူးမှပဲ၊ ဥပမာက ဥပမေယျထက် သူက နက်နဲသလို ဖြစ်နေ တယ်။

တချို့ဥပမာက ဥပမေယျထက်ခက်

တချို့ ဥပမာတွေက ဥပမေယျထက်ခက်နေတယ်၊ မြတ်စွာဘုရား ချီးမွမ်းထားတာတွေ ရှိတယ်၊ မြတ်စွာဘုရား၏ အသံတော်ဟာတဲ့ ကရဝိတ်ငှက်သံလိုပဲတဲ့၊ သာယာတယ်လို့ ချီးကျူးထားတယ်၊ ကရဝိတ်ငှက်ကို မကြားဖူးတော့ ခက်နေတာ၊ မကြားဘူး မတွေ့ဖူးတော့ ကရဝိတ်ငှက်က ဘယ့်နှယ်နေမှန်း မသိတော့ ခက်တယ်၊ ပြီးတော့ မြတ်စွာဘုရားရဲ့ ခြေတော်ဟာ ဇဏ်ဇင်္ဂုတ်ရဲ့ ခြေသလုံးများလိုပဲ သွယ်ပျောင်းပြီးတော့ တင့်တယ်တယ်တဲ့၊ ချီးကျူးထားတယ်၊ ဇဏ်ဇ သားကောင်ကို မမြင်ဖူးမတွေ့ဖူးတဲ့ ပုဂ္ဂိုလ်တွေတော့ ခက်တာပဲ၊ သီဟပုဗ္ဗဒ္ဓကာယော၊ မြတ်စွာဘုရား၏ ကိုယ်တော်ဟာ ခြသေ့ရဲ့ ရှေ့ပိုင်းကိုယ်များလိုပဲ ပြည့်ဝတယ်တဲ့၊ ချီးကျူးထားတယ်၊ ခြသေ့မမြင်ဖူးတဲ့ပုဂ္ဂိုလ် ခက်တာပေါ့၊ တချို့ဥပမာတွေက ဒီတိုင်းပြောတာက နားလည်လိမ့်အုံးမယ်၊ ဥပမာ စဉ်းစားနေရတာနဲ့ ခက်နေတယ်၊ တချို့ နားမလည်တာ လဲ ရှိတယ်၊ သူ့ဟာ အဲဒါလိုပဲ။

အခု ရွာပျက်ကုန်းဆိုတာ ရွာပျက်ကုန်းကို ကြားဖူးသိဖူးမှဖြစ်မှာ၊ မတွေ့ဖူးလို့ရှိယင်တော့ ယောဂီပုဂ္ဂိုလ်ကထင်တတ် မှာမဟုတ်ဘူး၊ သိဖူးတဲ့ပုဂ္ဂိုလ်ဆိုယင် ထင်မှာပါပဲ၊ မြင်တိုင်း ကြားတိုင်းတွေ မှတ်တော့ ဘယ်ကမှ အနှစ်သာရမရှိပဲနဲ့ မူလတုန်းက ထင်တဲ့အတိုင်း မြနေတဲ့သဘောလဲ ဒီမှာမရှိဘူး၊ အစတုန်းကတော့ မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ လှပ တင့်တယ် အကောင်းချည့်ပဲ ထင်နေတာ၊ သာယာစရာချည်းထဲပဲ၊ အခု ရှုတိုင်း ရှုတိုင်းဟာ တရိပ်ရိပ်နဲ့ ပျောက်နေတာလေး တွေတွေ့ရတော့ ဘယ်မှာ နှစ်သက်သာယာစရာရှိမလဲ၊ မြတဲ့ အနှစ်သာရလဲ မရှိဘူး၊ ချမ်းသာတဲ့အနှစ်သာရလဲ မရှိဘူး၊ လှပ တင့်တယ်တဲ့ အနှစ်သာရလဲမရှိ၊ ငါပဲ သူပဲ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ဟန်ဟန်ပန်ပန်ပဲလို့လဲ စွဲလမ်းစရာ မရှိဘူး၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့တရား ချည်းထဲပါလားလို့ ရှုယင်းရှုယင်း သဘောကျတယ်၊ အဲဒါ ရွာပျက်ကုန်း ကြီးများ ထင်သလို ထင်နေတာတဲ့။

ဒီလိုထင်ရမှာ အာဒီနဝဉာဏ်၊ အာဒီနဝဉာဏ်ထင်လို့ ပြီးပလားဆိုတော့ မပြီးသေးပါဘူး၊ နိဗ္ဗိန္ဒ ငြီးငွေ့တာရောက်အုံး မယ်၊ ငြီးငွေ့ပြီးယင် လွတ်မြောက်လိုတဲ့ အသိဉာဏ်ဖြစ်ရအုံးမယ်၊ မုဉ္စိတုကမျှတာ၊ လွတ်မြောက်လို့ပြီးတော့ အားထုတ်တော့ ကို ပဋ္ဌသခ်ါတဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ပိုပြီးတော့ ရှင်းရှင်းလင်းလင်းသိတဲ့ဉာဏ်တွေ ဖြစ်ရအုံးမယ်၊ ပဋ္ဌသခ်ါက ပြီးတော့မှ သခ်ါရုပေက္ခာ သခ်ါရတွေကို ကြောင့်ကြမစိုက်ပဲနဲ့ လျစ်လျူရှုပြီးတော့ သိနိုင်တဲ့ သခ်ါရုပေက္ခာဉာဏ်တွေဆိုတာ ဖြစ်ရအုံး မယ်၊ သခ်ါရုပေက္ခာဉာဏ်တွေက ပြည့်စုံတဲ့အခါကျမှ ဝုဋ္ဌာနဂါမိနီဝိပဿနာဆိုပြီးတော့ အရိယမဂ်ဆီတက်တဲ့ အင်မတန် လျင်မြန်တဲ့ အသိဉာဏ်တွေ ထင်ရှားတဲ့အသိဉာဏ်တွေ ဖြစ်လာပါတယ်၊ အဲဒီ ဉာဏ်တွေ တခါတည်း ပြေးလာသလို လျင် လျင်မြန်မြန် သွက်သွက်လက်လက်ဖြစ်ပြီးတော့ သခ်ါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်သွားပါတယ်၊ အဲဒီ နိဗ္ဗာန်ရောက်မှ ဒါမှ သူက သောတာပတ္တိမဂ်ဉာဏ်ခေါ်တယ်၊ ဒါက ပထမဆုံးစပြီးတော့ မြင်တာကို သောတာပတ္တိမဂ်ဉာဏ်လို့ ခေါ်ပါတယ်။

အာရုံချုပ်ဆုံးရုံဟာ နိဗ္ဗာန်မဟုတ်

အာရုံကလေးတခု ချုပ်ဆုံးသွားရုံနဲ့ နိဗ္ဗာန်မြင်တာ မဟုတ်ဘူး၊ ဒါ နိဗ္ဗာန်မှ မဟုတ်ပဲ၊ အာရုံချုပ်ဆုံးတာ၊ ချုပ်ဆုံးတာပေါ့၊ ပကတိအတိုင်းလဲ ချုပ်ဆုံးတာပဲ၊ ခုနက ပြောခဲ့တဲ့အတိုင်း အခု နာနေပေမယ်လို့ တော် တော်ကြာတော့ နာတာ မရှိဘူး၊ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်လဲ ဒါတွေကတော့ ပျောက်နေတာပေါ့၊ ခြင်ကိုက်လို့ဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ်၊ တနေရာက ယားနေတယ်၊ တော်ကြာတော့ ဒီအယားဟာ သူ့ဟာသူလဲ ပျောက်သွားတာပေါ့၊ ဒါနဲ့ ဘယ်ကလာ နိဗ္ဗာန်ဟုတ်ရမှာလဲ၊ နိဗ္ဗာန်မဟုတ်ဘူး။

တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တိုင်း ဝေဒနာလေးတွေ တွေ့လို့ မှတ်ယင်း မှတ်ယင်းနဲ့ အဲဒီ ဝေဒနာ ပျောက်သွားတာနဲ့ နိဗ္ဗာန်ပဲ၊ တရားဆုံးသွားတယ်၊ သောတာပတ္တိမဂ်ရောက်သွားတယ်လို့ တချို့က ဗဟုသုတ မရှိ ဘာမရှိနဲ့ပေါ့လေ၊ အဲဒါတွေကို ပြောဟောနေကြတယ်၊ တချို့ကလဲပဲ အဲဒါတွေကို သဘောကျတယ်၊ ဒါပြတ်ပြတ်သားသား ရှိတယ်လို့ တချို့က ထင်ကြတယ်။

သောတာပန် စသည်ဖြစ်တယ်လို့ မပြော

ဘုန်းကြီးများ ဒီက ဒီလိုမပြောပဲကိုး၊ ဘယ်သူ သောတာပန်ဖြစ်တယ်လို့ မပြောဘူး၊ သကဒါဂါမ်ဖြစ်တယ်လို့ မပြောဘူး၊ ဘယ်သူအနာဂါမ်ဖြစ်တယ်လို့ မပြောဘူး၊ ဘယ်သူ ရဟန္တာဖြစ်မယ်လို့မပြော ဘူး၊ ဘာပြုလို့ မပြောသလဲဆိုတော့ မပြောကောင်းလို့ မပြောတာ၊ မြတ်စွာဘုရားမှတပါး ဘယ်သူမှ ပြောတာမရှိဘူး၊ မြတ်စွာ ဘုရား၏ သာသနာတော်မှာ ရှင်သာရိပုတ္တရာတောင်မှ ဘယ်သူဟာ သောတာပန်၊ သကဒါဂါမ်ဖြစ်တယ်လို့ မပြောဘူး၊ အဲဒီတော့ ရှင်သာရိပုတ္တရာမှ မပြောတဲ့ဥစ္စာ အခုကာလ တော်စွာလျော်စွာ ပုဂ္ဂိုလ်တွေက ပြောနေတယ်ဆိုယင် ဒီဥစ္စာက တော်တော်ခက်တာပဲ၊ ဒီဥစ္စာ ဟုတ်ဖို့ရာလဲ အကြောင်းမရှိပါဘူး၊ ဒီဥစ္စာပဲ တချို့က ပြတ်ပြတ်သားသား ရှိတယ်လို့ ထင်နေ တယ်။

ဒီသာသနာ့ရိပ်သာက တရားအားထုတ်တာကတော့ တရားအားထုတ်ခိုင်းတာပဲ၊ ရှုမှတ်ခိုင်းတာပဲ၊ ဘာမှမပြောဘူး၊ မပြောကောင်းလို့ မပြောရတဲ့ ဥစ္စာတွေ၊ ပြောကောင်းလို့ ပြောယင်လဲပဲ အဲဒီ ပုဂ္ဂိုလ်တွေကလဲ အဲဒီ ပုဂ္ဂိုလ်တွေဟာ တရားလဲပဲ ဘာမှ ဟုတ်မှာမဟုတ်သေးပါဘူး၊ အင်မတန် စိတ်ပျက်မယ်၊ အဲဒီ ပုဂ္ဂိုလ်တွေက ဒီမှာ အားထုတ်သွားလို့ နာမ်ရုပ်တောင် ကွဲပြားချင်မှ ကွဲပြားမယ်၊ မကွဲပြားတော့ သူပြောလို့ရှိယင် မင်းဥစ္စာ နာမရူပပရိစ္ဆေဒဉာဏ်တောင် မဖြစ်သေးဘူးပြောယင် စိတ်ပျက်မှာပေါ့၊ ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။

ဒီပြင်နေရာကတော့ကို ဒီဥစ္စာတွေက ပြောတာကိုး၊ ဒီဥစ္စာ ဝေဒနာကလေး အခု ချုပ်သွားတာနဲ့ထဲပဲ သောတာပန်ဖြစ်ပြီလို့ပြော၊ အသုဘကောင် ထင်နေတာနဲ့လဲပဲ သကဒါဂါမ်ဖြစ်ပြီပြော၊ ပြောတာကကိစ္စမရှိဘူး၊ ကိလေသာကင်းမှ၊ ကိလေသာကင်းဖို့ရာက အရေးကြီးပါတယ်။

ကိလေသာကင်းမှ အရိယာ

အရိယာဖြစ်တယ်ဆိုတာ ကိလေသာကင်းမှ၊ ဒီမှာ ကိလေသာတွေက စစ်ဆေးတယ်၊ သောတာပန်ဆိုလို့ရှိယင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းရမယ်၊ အပါယ်လားကြောင်းဖြစ်တဲ့ အပါယဂမနီယ ဒုစရိုက် အကုသိုလ် ကံကြီးတွေ ကင်းရမယ်၊ မကင်းဘူးလား ကင်းသလား ဆင်ခြင်ရမယ် မကင်းသေးယင် မဟုတ်သေးဘူးလို့ ဘုန်းကြီးများက ရှင်းရှင်းလင်းလင်း ဒီလိုပဲ ပြောပါတယ်၊ အနာဂါမ်ဖြစ်လို့ရှိယင်လဲ ကာမရာဂ ဗျာပါဒတွေကင်းဖို့၊ အဲဒါတွေဟာ ဒီကဟောပါတယ်၊ ရဟန္တာဖြစ်လို့ ရှိယင်လဲ ကိလေသာတွေ အကုန်လုံးကင်းဖို့၊ ဒါကတော့ အင်မတန်ပဲ သိမ်မွေ့နေပါပြီ၊ အဲဒါကတော့ ကိလေသာတွေ မကင်းသေးပဲနဲ့ အရိယာဖြစ်နေတယ်ဆိုယင် ဒီဥစ္စာကတော့ တန်ဖိုးမရှိတဲ့ အရိယာဖြစ်မှာပါပဲ၊ နာမည်လောက်ပေါ့၊ သမုတိအရိယာလို့ ဆိုရမှာပေါ့လေ၊ သမုတ်ထားတဲ့ အရိယာလို့ ဆိုရလိမ့်မယ်၊ အဲဒါတွေဟာ အရေးကြီးပါတယ်။

ဉာဏ်စဉ်ဖြစ်ရန်အရေးကြီး

အဲဒါကြောင့် ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်းဖြစ်ဖို့ အရေးကြီးပါတယ်၊ အောက်ထစ်ဆုံး အားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသိဖို့ရာ အရေးကြီးတယ်၊ နောက်ဥဒယဗ္ဗယဉာဏ်နဲ့ အဖြစ်အပျက်သိဖို့ရာ အရေးကြီးတယ်၊ အခုတော့ တချို့က ဖြစ်ပျက်ဆိုပြီးတော့ ရှုနေတယ်၊ အဖြစ်အပျက်လဲ တွေ့တာမဟုတ်ဘူး၊ သူ့ဟာ ဖြစ်ပျက်ဖြစ်တယ်ဆိုပြီးတော့ ရှုနေတယ်၊ ဖြစ်ပျက်ဖြစ်ပျက် တချို့ကရှုနေတယ်၊ အဖြစ်အပျက်က ပါးစပ်က ဖြစ်ပျက်နေတာပဲ၊ ရုပ်နာမ်အာရုံက ဖြစ်ပျက်တာမဟုတ်ဘူး၊ ရှုတဲ့စိတ်ကလဲ ဖြစ်ပျက်တာမဟုတ်ဘူး၊ ပါးစပ်က ဖြစ်ပျက်နေရုံနဲ့တော့ ဒါနာမည်ရှိမှာပဲ၊ နာမပညတ်ခေါ်တယ်၊ ဒါမသိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဖြစ်ပျက်ဟာ ပထမဒီလို အောက်မေ့တာကိုး။

ဉာဏ်ထဲဖြစ်ပျက်မြင်အောင်ရှု

ဖြစ်ပျက်ဆိုရုံနဲ့ကတော့ ပရမတ် မမဟုတ်ဘူး၊ ဒီလိုဆိုတဲ့အတိုင်း ပရမတ်ဖြစ်ယင် သူ့ဉစ္စာ လွယ်လွယ်လေးပေါ့၊ ကိုယ်ကဆိုနေယင်း လွယ်လွယ်ကလေးဖြစ်မှာပေါ့၊ ဆိုရုံနဲ့မဟုတ်ဘူး၊ ဉာဏ်ထဲမှာကို ပရမတ်သဘောလေး၊ ဝေဒနာဆိုယင် ခံစားတဲ့သဘောလေး ထင်မှ၊ ဥပမာ နာယင်လဲ နာတဲ့ဝေဒနာလေး၊ အခိုက်အတန့်အားဖြင့် နာတဲ့သဘောလေး၊ နာတဲ့ သဘောလေး ကိုယ်ထဲတိုးပြီးတော့ ဝင်လာသလိုဖြစ်လာတာလေးတွေ့ရမယ်၊ ပျောက်သွားတာလေးတွေ့ရမယ်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ တချို့ ရေစီးထဲများရှိတယ်၊ တုတ်ချောင်းကလေး၊ ရေစီးက ဖိလိုက်တဲ့ အခါ မြုပ်သွားလိုက်၊ တော်ကြာသူထောင်လာလိုက်၊ ရေစီးကဖိလိုက်တဲ့အခါ မြုပ်သွားလိုက်၊ တော်ကြာ သူက ထောင်လာ လိုက်၊ အဲဒီလိုဟာလေးတွေ ရှိတတ်ပါတယ်၊ ရေစီးကြောင်းထဲမှာ အဲဒါ ငုတ်လိုက်ပေါ်လိုက်၊ အဲဒါလိုပဲ၊ ဝေဒနာကလေးရဲ့ အဖြစ်အပျက်ကို မြင်တယ်ဆိုတာ နာတယ်နာတယ်မှတ်ယင် နာတာလေး ပေါ်လာလိုက်၊ မှတ်ယင်းပျောက်သွားလိုက်၊ နာတာလေးပေါ်လာလိုက်၊ မှတ်ယင်း ပျောက်သွားလိုက်၊ အဲဒီလိုတွေ့မှ ဒါက ပရမတ်စစ်တယ်၊ ဒါဖြစ်ပျက်တွေ့တာ။

အဲဒီလိုမဟုတ်ပဲနဲ့ နာတာကိုဖြစ်ပျက်ဖြစ်ပျက်ဆိုနေ၊ နာတာကလဲ ပေါ်တာလဲမတွေ့ဘူး၊ ပျောက်တာလဲမတွေ့ဘူး၊ ဒါကတော့ ပါးစပ်ကဖြစ်ပျက်ပဲ၊ ဒီဉစ္စာပညတ်ခေါ်တယ်၊ ဒီဉစ္စာ ပရမတ်မဟုတ်ဘူး၊ အဲဒါ ဒိပြင်ဟာတွေလဲ ဒီလိုချည်းထဲပဲ၊ ရှုယင်းရှုယင်းနဲ့ တခါတည်းပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဒါလေးတွေသိမှ အဖြစ် အပျက်ကို တကယ်သိတာ၊ ဒီလိုမဟုတ်ပဲနဲ့ ပါးစပ်ကနေပြီး ဖြစ်ပျက်ဖြစ်ပျက်ဆိုယင်တော့ ဒါက ပါးစပ်ကဖြစ်ပျက်ပဲ။

အနိစ္စဝိပဿနာစသည်

ဒါတချို့ အနိစ္စ အနိစ္စ ဆိုနေပြန်တယ်၊ ဒါလဲ ပါးစပ်အနိစ္စပဲ၊ တကယ်ဖြစ်ပြီး ပျောက်သွားတာ လေးတွေ့မှ အနိစ္စ တကယ်သိတာ၊ တချို့ ဒုက္ခ, ဒုက္ခ၊ နှုတ်ကတက်နေတယ်၊ နေရာတိုင်း ဒုက္ခ, ဒုက္ခဆိုနေတယ်၊ ဒါက ညည်းနေတာပဲ၊ ဒီဉစ္စာ တကယ်ဒုက္ခထင်နေတာမဟုတ်ဘူး၊ ဒုက္ခ, ဒုက္ခလို့ ညည်းနေတာပဲဖြစ်တယ်၊ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောကလေးကို သိမှ အဲဒါမှ ဝိပဿနာဒုက္ခခေါ်တယ်၊ ကိုယ်ထဲမှာ အခံခက်လို့, နာလို့, ပင်ပန်းလို့ ဒုက္ခလို့ ထင်တာမျိုး၊ ဒါကတော့ ဝိပဿနာ ဒုက္ခရယ်လို့ မဆိုနိုင်ပါဘူး၊ ဒီဉစ္စာကတော့ ဝိပဿနာမရှုပဲနဲ့ နာချင်းနာမှန်း ပကတိအားဖြင့် သိနေရတာပဲ၊ အဲဒါကတော့ ဝိပဿနာဒုက္ခမဟုတ်ဘူး၊ ဝိပဿနာဒုက္ခအစစ်ကတော့ကို ဖြစ်ပြီးပျက်သွားတဲ့သဘောကိုသိမှ၊ ဥဒယဗ္ဗယ ပဋိပိဋ္ဌန ဒုက္ခလို့ ဖြစ်မှုပျက်မှုက နှိပ်စက်နေလို့တဲ့၊ ဖြစ်ပြီးပျောက်သွားလို့ ဘာမှနှစ်သက်စရာ သာယာစရာမရှိဘူးလို့၊ အဲဒီလို သိလို့ရှိယင် ဒါဒုက္ခထင်တာ ခေါ်တယ်၊ အနတ္တဆိုတာလဲပဲ အနတ္တ, အနတ္တဆိုရုံနဲ့ပြီးတာမဟုတ်ဘူး၊ သူ့သဘောအတိုင်း သူဖြစ်သွားတာ လေးပဲ၊ သဘောတရားမျှလေးပဲလို့ ရှုယင်း ရှုယင်း သဘောကျပြီးတော့သွားမှ အနတ္တာနုပဿနာဖြစ်ပါတယ်။

ဒါကြောင့် အခု သုညောဂါမော ရွာပျက်ကုန်းကဲ့သို့ထင်တာဟာ ဒါက အာဒီနဝဉာဏ်မှာထင်တယ်တဲ့၊ အဲဒီ အာဒီနဝ ဉာဏ်နဲ့လဲ မပြီးသေးဘူး၊ အာဒီနဝကအပြစ်မြင်ပြီးတော့ နိဗ္ဗိန္ဒဠီးငွေ့တာ၊ ဒီမှာ အပြစ်မြင်မှတော့ငြီးငွေ့လာတာပါပဲ၊ ငြီးငွေ့ လို့ရှိယင်လဲ လွတ်မြောက်ချင်တဲ့ မုဉ္စိတုကမျှတာ ဖြစ်တော့တာပါပဲ၊ လွတ်မြောက်ချင်ယင်လဲပဲ လွတ်မြောက်အောင် အားထုတ် တဲ့ ပဋိသင်္ခါဉာဏ်ဖြစ်တော့တာပါပဲ၊ ပဋိသင်္ခါဉာဏ်ဖြစ်ယင် သင်္ခါရပေက္ခာဉာဏ် အဆက်ဖြစ်သွား၊ ဒီလိုတော့မဟုတ်ဘူး၊ ဒါ ပဋိသင်္ခါဉာဏ်ကတော့ တော်တော်လေးအားထုတ်မှ သင်္ခါရပေက္ခာဉာဏ်ရောက်တယ်၊ ရင့်ကျက်မှရောက်တယ်၊ ပဋိသင်္ခါဉာဏ် က ရင့်ကျက်ပြီးသွားတဲ့အခါကျတော့ သင်္ခါရပေက္ခာဉာဏ် ရောက်တယ်၊ သင်္ခါရပေက္ခာဉာဏ်ရောက်ယင် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ပါလားလို့ ဒီလိုလဲ ဗြုန်းကနဲရောက်လာတာမဟုတ်သေးဘူး၊ တချို့လဲ မြန်မြန်ရောက်တာရှိပါတယ်၊ အဲဒီမှာ သင်္ခါရပေက္ခာဉာဏ် ရင့်ကျက်ပြီဆိုတဲ့ ဒီမှာ သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်တာကိုး၊ ဒါက ဝေဒနာလေး၊ ခုနက အများ ပြောဆိုနေတာလေး၊ တဦးတဦး နည်းနည်းပါးပါးပဲပြောနေတာ၊ ဘုန်းကြီးက ဘယ်သူ့ရယ်လို့ ခေါင်းမဖော်ချင်ဘူး၊ ဝေဒနာ ကလေးတခု ပျောက်သွားတာနဲ့ အရိယမဂ်ရောက်တယ်၊ ဒါမျိုးမဟုတ်ဘူး၊ ရုပ်နာမ်သင်္ခါရတွေ မှတ်ရတဲ့အာရုံတွေရော၊ မှတ်သိ နေတဲ့စိတ်တွေရော၊ နှလုံးသွင်းနေတဲ့စိတ်တွေရော၊ ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းတဲ့သဘောကို တွေ့ရမယ်၊ အဲဒီ ချုပ်ငြိမ်းသွား

တဲ့သဘော၊ နိဗ္ဗာန်သဘောကို တွေ့သွားပြီ၊ အဲဒီရောက်သွားလို့ ရှိယင်တော့ သောတာပတ္တိ မဂ်ဖိုလ်ဉာဏ်ရောက်ပြီ၊ အဲဒါ ဝိပဿနာဉာဏ်ဖြစ်ပုံပဲ၊ အဲဒီနည်းဖြင့် သာရောက်နိုင်ပါတယ်တဲ့။

ဒွါရ ၆–ပါး နိဗ္ဗာန်ရောက်ကြောင်းတရား

ဒါကြောင့် အခု သုညောဂါမောဆိုတဲ့ အပိုဒ်ကလေးတခုသည်ပင်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရားပဲလို့ အဋ္ဌကထာက ဖော်ပြထားပါတယ်။

သုညောဂါမောတိ ဘိက္ခဝေ ဆန္နေတံ အဒ္ဓါတ္တိကာနံ အာယတနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမောတိဇတံ၊ ဆိတ်သောရွာ၊ လူဆိတ်သောရွာ၊ ရွာပျက်ကုန်းဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဒ္ဓါတ္တိကာနံ၊ ကိုယ်တွင်းသန္တာန်၌ ဖြစ်ကုန်သော။ အာယတနာနံ၊ အာယတနတရားတို့၏။ ဝါ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ဟူသော အာယတန တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

သုညဂါမ ရွာပျက်ကုန်းဆိုတာ အဒ္ဓါတ္တိကာယတန ခြောက်ပါး၊ ကိုယ်တွင်းသန္တာန်က ဖြစ်ပြီးနေတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဆိုတဲ့ အာယတနခြောက်ပါး၊ ဒွါရခြောက်ပါးရဲ့ အမည်ပဲ၊ ရှုတိုင်းရှုတိုင်း မျက်စိကလဲပဲ နိစ္စ, သုခ, အတ္တ, သဘောမရှိ ဆိတ်သုဉ်းနေတာ တွေ့ရမယ်၊ နားကလဲပဲ ဒီလိုစိတ်သုဉ်းနေတာတွေ့ရမယ်၊ နှာခေါင်းကနံတဲ့အခါ၊ လျှာက အရသာစားတဲ့အခါ၊ ဆိတ်သုဉ်းနေတာ တွေ့ရမယ်၊ ကိုယ်ကတွေ့တဲ့အခါ၊ ကွေးတဲ့ထိတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ၊ လှုပ်ရှားတဲ့အခါ ကိုယ်အမူအရာပြုပြင်တဲ့ အခါတိုင်းအခါတိုင်း ရှုလိုက်လို့ရှိယင် နိစ္စ, သုခ, အတ္တသဘောတွေ ဆိတ်သုဉ်းနေတာတွေ့ရမယ်၊ စိတ်ကူးစဉ်းစားကြံစည်တာတွေ၊ ရှုတာတွေ၊ သိတာတွေ၊ မှတ်တာတွေ၊ နှလုံးသွင်းတာတွေ၊ အဲဒါတွေလဲပဲ နိစ္စ, သုခ, အတ္တသဘောတွေ ဆိတ်သုဉ်းနေတာတွေ နေရာတကာကနေ တွေ့ရမယ်၊ အဲဒီလိုတွေ့လို့ရှိယင် မြတ်စွာဘုရား ဟောတဲ့အတိုင်း အဲဒါ ရွာပျက်ကုန်းတွေ့ပြီ၊ အဲဒီလို တွေ့ရမယ်လို့ ဆိုလိုပါတယ်။

အဒ္ဓါတ္တိကာယတန ၆–ပါးနဲ့ ဗာဟိရာယတန ၆–ပါး တွဲဟောဖို့ရာ အဒ္ဓါတ္တိကာယတနတွေ ပြောနေရတာနဲ့ပဲ အချိန်ကကုန်သွားပြီ၊ ထပ်ခါထပ်ခါလဲ ဘုန်းကြီးက ပြောရတယ်၊ ဘာပြုလို့တုံးဆို ဗဟုသုတ မရှိတဲ့ပုဂ္ဂိုလ်တွေ နားလည်အောင်လို့၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ ဘုန်းကြီးပြောနေတာ တော်တော်ပိုလိမ့်မယ်၊ ထပ်ခါထပ်ခါ ပြောနေတာပဲလို့ အောက်မေ့လိမ့်မယ်၊ ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်တွေ ဒီလို ထပ်ခါထပ်ခါပြောမှ နားလည်မှာ၊ ဒါကြောင့် ထပ်ထပ်ပဲ အခု ပြောနေရတာ အချိန်ကုန်သွားပြီ၊ တရားသိမ်းအုံးမှ၊ နောက်သီတင်းကျမှ ဆက်ပြောရမယ်၊ ဗာဟိရာယတန ၆–ပါးနဲ့ ဒမြကြီး ၆–ယောက်နဲ့တူတယ်လို့ ဥပမာပေးထားတယ်၊ အဲဒါကတော့ နောက်သီတင်းကျမှ ဟောရမယ်၊ ဒီကနေ့ ရွာပျက်ကုန်းအကြောင်းတော့ နားလည်လောက်ပါပြီ၊ စုံပါပြီ၊ ကဲဆိုရမယ်။

မြွေလေးကောင်ကား (လ) ဘုရားမြတ်စွာတည်း။

ဤ အာသီဝိသောပမသုတ္တန်တရားတော်ကို ရိုသေစွာ နာခံမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤဒေသနာတော်၌ လာသည့်အတိုင်း မြွေကြီး လေးကောင်နှင့်တူသော ဓာတ်ကြီး ၄–ပါးတို့ကိုလည်းကောင်း၊ သူသတ်ကြီး ငါးယောက်နှင့်တူသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း၊ မိတ်ညာရန်ဘက်နှင့် တူသော နန္ဒီရာဂကိုလည်းကောင်း အမှန်အတိုင်း သိအောင် အားထုတ်နိုင်ကြ၍ ရွာပျက်ကုန်းနှင့်တူသော ဒွါရ ၆–ပါးတို့ကိုလည်း အမှန်အတိုင်း သိအောင် အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ မြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ ဝါခေါင်လပြည့်နေ့ ဟောကြားတော်မူသည်။

ဤဘက်ကမ်းစ သက္ကာယ

မြွေလေးကောင်ကား(လ) ဤဝယ်ကမ်းစ၊ သက္ကာယမှ။

ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း

မြွေထိန်းယောကျ်ား အကျိုးစီးပွါးကိုလိုလားတဲ့ ပုဂ္ဂိုလ်တွေကပြောကြလို့ ထွက်ပြီးတော့ ပြေးတဲ့အခါမှာ မြွေကြီး ၄–ကောင်က လိုက်တယ်၊ နောက်က ရန်သူကြီးငါးဦးကလဲ လိုက်တယ်၊ ငယ်ငယ်က အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲပဲ တွေ့ရာသတ်ဖို့ရာ လိုက်တယ်၊ ပြေးနေရာက ရွာပျက်ကုန်း ရောက်တော့လဲ ဒမြကြီး ၆–ယောက်က ဝင်လာလို့ တခါထွက်ပြီးတော့ ပြေးရတာကိုး၊ ရေပြင်ကျယ်ကြီး ရောက်သွားတယ်တဲ့၊ တနေ့က ရေပြင်ကျယ်အကြောင်း ပြောပြီးပြီ၊ သြဃလေးပါး၊ အဲဒီ ရေပြင်ကျယ်အကြောင်းနဲ့ ပတ်သက်ပြီး ကမ္မဋ္ဌာန်းတွေနဲ့ သိပ်မကွာပါဘူး၊ ရေပြင်ကျယ်ကြီး ရောက်သွားတဲ့အခါကျတော့–

သြရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယံ၊
ပါရိမံ တီရံ ခေမံ အပဋိဘယံ။

သြရိမံ တီရံ၊ ဤမှာဘက်ကမ်းသည်။ သာသင်္ကံ၊ ရွံ့ရှာဖွယ်ရှိ၏။ သပ္ပဋိဘယံ၊ ကြောက်ဖွယ်ဘေးတျမ်းနဲ့တကွ ရှိ၏။

ဒီဘက်မှာနေမယ်ဆိုယင် စိုးရိမ်ရတယ်၊ နောက်ကလိုက်လာတဲ့ မြွေကြီးတွေ အနံ့ခံပြီးလိုက်လာခဲ့ယင် မီလာလိမ့်မယ်၊ ကိုက်သတ်လိမ့်မယ်၊ ရန်သူကြီးငါးဦးကလဲပဲ ရောက်လာမှာပဲတဲ့၊ ပြီးတော့ ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းဖြစ်တဲ့သူကလဲပဲ ရောက်လာမှာပဲ၊ ဒမြကြီး ၆–ယောက်ကလဲ လိုက်လာတာ၊ သူတို့လဲ ရောက်လာမှာပဲ၊ ရွာထဲကထွက်ပြေးတော့ ထွက်ပြေးတဲ့နေရာကို ဦးတုန်းပြီးတော့ လိုက်လာတယ်၊ ဒမြကြီး ၆–ယောက်လဲ မီလာမယ်တဲ့၊ ဒီတော့ ဒီဘက်ကမ်းမှာ နေလို့ရှိယင်၊ သာသင်္ကံ– ရွံ့ရှာဖွယ် ရှိသည်၊ စိတ်မချရဘူး၊ ဘေးရန်အန္တရာယ်တွေကို စိတ်မချရဘူး၊ သပ္ပဋိဘယံ–ကြောက်ဖွယ်ဘေးတွေလဲ ရှိနေတာပဲ၊ စိတ်မချရဘူး၊ စိတ်မချရတဲ့ ဘေးတွေရှိတယ်။

ဘေးရန်မသန်း ဟိုဘက်ကမ်း

ပါရိမံ တီရံ၊ ဟိုမှာဘက်ကမ်းသည်။ ခေမံ၊ ဘေးငြိမ်း၏။ အပဋိဘယံ၊ ကြောက်ဖွယ်ဘေးမရှိ၊ ဟိုဘက်ကမ်းမှာတော့ ဖြင့်ယင် မူလက သူ့ကို အုပ်စိုးပြီးတော့နေတဲ့ ဘုရင်မင်းမြတ် နယ်ပယ်မဟုတ်ဘူး၊ ဟိုဘက်ကမ်းကတော့ နိုင်ငံတခုလို့ ဆိုရမှာပေါ့လေ၊ လောကအနေနဲ့ပြောလို့ရှိယင် ဥပမာ ဒီဘက်ကမ်းက နိုင်ငံတခု၊ ဟိုဘက်ကမ်းက နိုင်ငံတခု၊ ဒီဘက်ကမ်းက အပြစ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဟိုဘက်ကမ်းရောက်သွားလို့ရှိယင် နိုင်ငံတခု ဖြစ်သွားပြီ၊ ဟိုဘက်မှာတော့ အပြစ်မရှိဘူး၊ လွတ်ပြီးတော့ သွားတယ်။

ဒါကြောင့် အခုနေကာလလဲ တနိုင်ငံနဲ့ တနိုင်ငံနဲ့ဟာ ဒီလိုပဲ အရေးအကြောင်းရှိတဲ့အခါကျယင် တခြားနိုင်ငံထွက်ပြီး ပြေးတာတွေ ရှိတယ်၊ အဲဒါ ဟိုဘက်ကမ်းကတော့ ဘေးမရှိတော့ဘူးတဲ့၊ ပထမအာဏာရှင်မင်းရဲ့ တိုင်းပြည်မဟုတ်လို့တဲ့၊ မြွေကြီးတွေကလဲ သူတို့ မလိုက်နိုင်ဘူးတဲ့၊ ရန်သူကြီး ငါးဦးကလဲ သူတို့ ဟိုဘက်နိုင်ငံကို မဝင်နိုင်ဘူး၊ သူရဲ့ ငယ်ပေါင်းမိတ်ဆွေရင်းဖြစ်တဲ့ ရန်သူကလဲပဲ ဟိုဘက်ကို မလိုက်နိုင်ဘူး၊ ဒမြကြီး ၆–ယောက်ကလဲ မလိုက်နိုင်ဘူး၊ ဟိုဘက်ရောက်လို့ ရှိယင်တော့၊ ခေမံ–ဘေးငြိမ်းသွားတာပဲ၊ ဟိုဘက်ကျယင် ဘေးရန်တွေ ဘာမှမရှိဘူး၊ အပဋိဘယံ–ကြောက်ဖွယ်တွေ မရှိဘူးတဲ့၊ ဒီလိုဟောထားတယ်။

ဒီတော့ ရေပြင်ကျယ်ကြီးကူးပြီးတော့ ဟိုဘက်သွားဖို့ရာက အရေးကြီးတယ်၊ ကူးပုံကလဲ နောက်မှပြောရမယ်၊ တရားအားထုတ်နေတာဟာလဲ ကူးနေတာပါပဲ၊ အမှန်ကတော့ နောက်မှ အသေးစိတ်ခွဲပြီးတော့ ဟောရမယ်၊ တနေ့ကတော့ ဤမှာဘက်ကမ်းပဲ ဟောရမယ်။

သြရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယန္တိ ခေါ ဘိက္ခဝေ၊ သက္ကာယသော်ဝ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ သာသင်္ကံ၊ ရွံရှာဖွယ်ရှိသော။ သပ္ပဋိဘယံ၊ ကြောက်ဖွယ်ဘေးနှင့်တကွဖြစ်သော။ ဩရိမံ တီရံ တိ ခေါ ဧတံ၊ ဤမှာဘက်ကမ်းဟူသော ဤအမည်သည်။ သက္ကာယဿ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ အဓိဝစနံ၊ အမည်ပေတည်း။

သက္ကာယ

ဒီဘက်ကမ်းဟာ ဘေးရှိတယ်၊ စိတ်မချရဘူးဆိုတာ တခြားမဟုတ်ဘူး၊ သက္ကာယ၏ အမည်ပဲတဲ့၊ ဒီဘက်ကမ်းမှာ နေတယ်ဆိုတာ သက္ကာယရှိနေတာကို ခေါ်တယ်၊ သက္ကာယဆိုတာ ဘာတုံးဆိုလို့ရှိယင် ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းပါပဲ၊ သက္ကာယဆိုတာ။

သန္တော ကာယော သက္ကာယော။

သန္တော၊ ထင်ရှားရှိသော။ ကာယော၊ အပေါင်း။ ကာယဆိုတာ ပါဋိလိုက အပေါင်းခေါ်တယ်၊ ထင်ရှားရှိတဲ့အပေါင်း၊ အပေါင်းပေမယ်လို့ အခြားတပါးအပေါင်းတွေ မဟုတ်ဘူး၊ ရုပ်အပေါင်း နာမ်အပေါင်း။ တိရစ္ဆာန်အပေါင်း၊ ဒီလိုအပေါင်းတွေ မဟုတ်ဘူး၊ သစ်ပင်အပေါင်း ဒီလိုဟာတွေ မဟုတ်ဘူး၊ သူက ဒီမှာတော့ ရုပ်နာမ်အပေါင်းတွေတဲ့၊ သဘောတရား အပေါင်း တွေပဲတဲ့၊ သဘောတရားအပေါင်းအစု။

သန္တော၊ ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ်အပေါင်း။ သက္ကာယော၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း။

သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းအစုကို ခေါ်သည်တဲ့၊ တကယ်ကို ရှိနေတာ၊ ဒါတွေကတော့ ထင်ရှား ရှိတဲ့ ရုပ်နာမ်အပေါင်း၊ ဒါကြောင့် သံယုတ်ပါဋိတော်စသည်မှာ သက္ကာယလို့ သရုပ်ဖော်ပြီး မြတ်စွာဘုရား ဟောထားတယ်၊ သက္ကာယတရားကတမျိုး၊ သက္ကာယဖြစ်ကြောင်း တရားကတမျိုး၊ သက္ကာယချုပ်ငြိမ်းရာတရားကတမျိုး၊ သက္ကာယချုပ်ငြိမ်းရာ သို့ ရောက်ကြောင်းတရားကတမျိုး၊ သစ္စာလေးပါးကို သက္ကာယအခြေခံပြီးတော့ ဟောထားတယ်၊ ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခ နိရောဓ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ သစ္စာလေးပါးဟောသလိုပဲ၊ သက္ကာယ၊ သက္ကာယသမုဒယ၊ သက္ကာယနိရောဓ၊ သက္ကာယ နိရောဓဂါမိနီပဋိပဒါ ဆိုပြီးတော့ ၄–မျိုး ဟောထားတယ်၊ သစ္စာလေးပါးပါပဲ၊ အဲဒီသုတ်မှာ–

ကဘမော စ ဘိက္ခဝေ သက္ကာယော ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သုညု ပါဒါနက္ခန္ဓဿ သခ်ါရုပါဒါနန္ဓက္ခဿ ဝိညာ ဏုပါဒါနက္ခန္ဓဿ။

ဘိက္ခဝေ၊ ရဟန်းတို့။ သက္ကာယော၊ သက္ကာယဟူသည်။ သက္ကာယော၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်းဟူသည်။ ကတမောစ၊ အဘယ်ပါနည်း။

သက္ကာယ သက္ကာယနိရောဓ စသည်ဖြင့် ၄–ချက်ခွဲတဲ့နေရာမှာ သက္ကာယ ဆိုတာဘယ်ဟာလဲ မေးခွန်းထုတ်ပါတယ်။

ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

ပဉ္စုပါဒါနက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။

ဥပါဒါနက္ခန္ဓာငါးပါးပဲ ဖြစ်ရမယ်၊ သက္ကာယဆိုတာဘာလဲ၊ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းဆို တာ ဘယ်ဟာလဲ၊ ဥပါဒါနက္ခန္ဓာငါးပါးပဲလို့ ဖြေရမယ်။

သေယျထိဒံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်နည်းဟူမူကား။ ရူပုပါဒါနက္ခန္ဓဿ၊ ရူပုပါဒါနက္ခန္ဓာ၏။ ဝေဒ နုပါဒါနက္ခန္ဓဿ၊ ဝေဒနုပါဒါနက္ခန္ဓာ၏။ သညုပါဒါနက္ခန္ဓဿ၊ သညုပါဒါနက္ခန္ဓာ၏။ သခ်ါရုပါဒါနက္ခန္ဓဿ၊ သခ်ါရုပါဒါ နက္ခန္ဓာ၏။ ဝိညာဏုပါဒါနက္ခန္ဓဿ၊ ဝိညာဏုပါဒါနက္ခန္ဓာ၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ တနေ့ကဟောခဲ့ပြီးသားပါပဲ၊ ရန်သူကြီးငါးဦးဆိုတာနဲ့ အတူတူပဲ၊ ဘာမှမထူးဘူး၊ အတူ တူပဲ၊ ဒီမှာ ပထမတုန်းက "မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" ဆိုပြီး တနေ့ကဟောခဲ့ပြီး ပြီ၊ အဲဒီခန္ဓာငါးပါးနဲ့ အခုသက္ကာယဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးအတူတူပါပဲ၊ အရာအားလျော်စွာ မြတ်စွာဘုရားက အမည် အမျိုးမျိုးတပ်ပြီးတော့ ဟောထားတဲ့တရားပါပဲ။

ဒီတရားတပုဒ်ထဲ ဟိုနေရာတုန်းကတော့ သူသတ်ကြီးငါးယောက်နဲ့ တူတယ်လို့ဆိုပြီးတော့ ဥပါဒါနက္ခန္ဓာငါးပါးကို ဟောတယ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟာ သူသတ်သမားကြီးတွေတဲ့။

အခုဒီနေရာရောက်တော့ ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းနဲ့ ပြောတော့မယ်ဆိုတော့ ဒီဘက်ကမ်းပဲတဲ့၊ သက္ကာယဆိုတာ ဒီဘက်ကမ်း၊ ဥပါဒါနက္ခန္ဓာငါးပါးတဲ့၊ ဥပါဒါနက္ခန္ဓာငါးပါးတွေရှိသမျှ ကာလပတ်လုံး နိဗ္ဗာန်မဟုတ်သေးဘူး၊ နိဗ္ဗာန်မှာဆိုယင် ဥပါဒါနက္ခန္ဓာငါးပါး တရားမရှိဘူး၊ အဲဒီလို ဟိုဘက်နဲ့ဒီဘက် အလင်းနဲ့အမှောင်နဲ့တူတယ်၊ အမှောင်ထဲမှာ အလင်းမရှိဘူး၊ အလင်းထဲမှာလဲ အမှောင်မရှိဘူး၊ အမှောင်ထဲမှာနေယင် အလင်းမရောက်ဘူး၊ အလင်းထဲမှာနေနေယင် အမှောင်မရှိဘူး၊ အဲဒါ အလင်းနဲ့အမှောင်နဲ့ တွဲနေသလိုပဲ၊ သက္ကာယဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတွေ မချုပ်ငြိမ်းသေးသမျှ ကာလပတ်လုံး ဒါဟိုဘက်ကမ်းမရောက်သေးဘူး၊ ဟိုဘက်ကမ်း မဟုတ်ဘူး၊ ဒီဘက်ကမ်းပဲရှိသေးတာတဲ့၊ ဥပါဒါနက္ခန္ဓာ ငါးပါးတွေ ချုပ်ငြိမ်းသွားပြီဆိုယင် ဒီဘက်ကမ်း မဟုတ်ဘူး၊ ဟိုဘက်ကမ်းဖြစ်သွားပြီ၊ ဟိုဘက်ကမ်းရောက်သွားပြီ။

ဘေးရန်မသန်း နိဗ္ဗာန်ဟိုဘက်ကမ်း

အဲဒါကြောင့် ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းလေး ၂–ခုစလုံး ပေါင်းပြောမှဖြစ်မယ်။

ပါရိမံ တီရံ ခေမံ အပဋ္ဌိဘယန္တိ ခေါ ဘိက္ခဝေ နိဗ္ဗနသ္သေတံ အဓိဝစနံ။
(နှာ–၃၈၃။)

ဘိက္ခဝေ၊ ရဟန်းတို့။ ခေမံ၊ ဘေးငြိမ်းရာဖြစ်သော။ အပဋ္ဌိဘယံ၊ ကြောက်မက်ဖွယ် ဘေးမရှိသော။ ပါရိမံတီရံတိခေါ ဇေတံ၊ ဟိုမှာဘက်ကမ်းဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အဓိဝစနံ၊ အမည်တည်း။

ဘေးမရှိတဲ့ ဘေးရန်တွေ ငြိမ်းပြီးတော့နေတဲ့ ဟိုဘက်ကမ်းဆိုတာ တခြားမဟုတ်ဘူး နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ကို ဟိုဘက်ကမ်းလို့ ဒီမှာဆိုလိုတယ်တဲ့၊ ဒီတော့ ဒီဘက်ကမ်းဆိုတာကတော့ ဥပါဒနက္ခန္ဓာငါးပါး သက္ကာယ၊ ဒါဒုက္ခသစ္စာတရားပဲ၊ ဟိုဘက်ကမ်းဆိုတာက နိဗ္ဗာန်၊ နိရောဓသစ္စာတရား၊ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ဒီ ၂–ခုပဲ၊ တော်တော်ကြာတော့ မဂ္ဂင်ရှစ်ပါးနဲ့ ဟိုဘက်ကူးတယ်ဆိုယင် မဂ္ဂသစ္စာတော်တော်ကြာတော့ ပါလာလိမ့်မယ်၊ သမုဒယသစ္စာကတော့ ဒီမှာတော့ အထူးမဟောဘူး၊ မိတ်ညာ ရန်ဘက်ဆိုတဲ့ဥစ္စာ သမုဒယသစ္စာကို ဟောတာပဲ၊ အခုဟောတဲ့အထဲမှာ သစ္စာ ၄–ပါးအကုန်ပါတယ်။

သက္ကာယ–ဥပါဒါနက္ခန္ဓာ

ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းက သက္ကာယ၊ ရုပ်နာမ်အပေါင်းဆိုတာလဲ ဘာလဲဆိုယင် ဥပါဒါ နက္ခန္ဓာငါးပါး၊ ရှေ့က ပြောခဲ့ပြီ၊ ရုပ် ဥပါဒါနက္ခန္ဓာ, ဝေဒနာဥပါဒါနက္ခန္ဓာ, သညာဥပါဒါနက္ခန္ဓာ, သင်္ခါရဥပါဒါနက္ခန္ဓာ, ဝိညာဉ် ဥပါဒါနက္ခန္ဓာ၊ တနေ့ကပြောခဲ့ပြီ၊ ငါ ငါ့ဥစ္စာစွဲနိုင်တာ ဥပါဒါနက္ခန္ဓာလို့ တနေ့ကပြောခဲ့ပြီ၊ ငါပဲ ငါ့ဥစ္စာပဲလို့ ထင်မြင်စွဲလမ်းနိုင်တဲ့ တရားတွေကို ဥပါဒါနက္ခန္ဓာ၊ ရုပ်, ဝေ, သင်္ခါရာ, ဝိညာ–ဝိညာဉ်, ခန္ဓာငါးပါးတရားပဲတဲ့၊ အဲဒီ ခန္ဓာငါးပါးတရားတွေဟာ ငါပဲလို့ ထင်ရတယ်၊ ငါ၏ဥစ္စာတွေ ငါနဲ့ဆိုင်တယ်လို့လဲ ထင်ရတယ်၊ ဒါတွေဟာ ဥပါဒါနက္ခန္ဓာတွေပဲ။

သူတို့ဘယ်မှာ ရှိတာတုံးဆိုတော့ တကိုယ်လုံးမှာရှိနေတယ်၊ မျက်စိက မြင်တဲ့အခါကာလ မြင်ရာကနေပြီးတော့ ထင်ရှားပေါ်တယ်တဲ့၊ တကိုယ်လုံးရှိနေပေမယ်လို့ အခါခပ်သိမ်းတော့ ပေါ်နေတာမဟုတ်ဘူး၊ မြင်တဲ့အခါကာလ မြင်ရာကနေ ပေါ်တယ်၊ မြင်မှု၏ တည်ရာဖြစ်တဲ့မျက်စိ၊ မြင်ရတဲ့အဆင်းက ရုပ်ခန္ဓာပဲ၊ အဲဒီရုပ်ခန္ဓာကိုလဲ ငါလို့လဲထင်တယ်၊ ငါ၏ဥစ္စာလို့ လဲထင်တယ်၊ မျက်စိနဲ့တကွ တကိုယ်လုံးငါပဲ ဒီလိုထင်တယ်၊ မြင်ရတဲ့အဆင်းလဲ ကိုယ့်ကိုယ်ကို မြင်ရလို့ရှိယင် အဲဒီမြင်ရတဲ့ ဥစ္စာလဲ ငါပဲ၊ ဒီလိုထင်တယ်၊ ငါလို့စွဲပုံ၊ အဲဒါ မြင်ရာကနေပြီး စွဲလမ်းပုံ၊ ရုပ်ကိုစွဲလမ်းပုံ။

ကြားရာကလဲ ဒီအတိုင်းပဲ၊ ကြားမှု၏တည်ရာဖြစ်တဲ့ နားရုပ်နဲ့ ကြားရတဲ့ အသံရုပ်၊ နားနှင့်တကွ တကိုယ်လုံး ငါပဲ၊ နှာခေါင်းနှင့်တကွ တကိုယ်လုံးငါပဲ၊ လျှာနဲ့တကွတကိုယ်လုံးငါပဲ၊ တွေ့ထိရာဌာနက တွေ့ထိမှုကို ခံယူတဲ့ ကာယပသာဒ ကိုယ်အကြည်ရုပ်ခေါ်တယ်၊ အဲဒီကိုယ်အကြည်နဲ့တကွ တကိုယ်လုံးဟာ ငါပဲ၊ ဒီလိုထင်နေတာကိုး၊ စိတ်နှလုံးကလဲငါပဲ၊ မြင်ရ, ကြားရ, နံရ, စားရ, တွေ့ထိရ, သိရတဲ့အာရုံတွေလဲ ကိုယ့်သန္တာန်ကဖြစ်လို့ရှိယင် အဲဒါတွေ ငါပဲလို့ ဒီလိုထင်တာကိုး၊ ငါ၏ဥစ္စာလို့လဲ ထင်တယ်၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ၊ ငါ့ကိုယ်ပဲ၊ ငါ့မျက်စိပဲ ငါ့နားပဲ၊ စသည်ဖြင့် ငါ၏ဥစ္စာ အနေအားဖြင့်လဲထင်တယ်။

ဒါကြောင့် "ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန္ဓာ" ဥပါဒါနက္ခန္ဓာဆိုတာ ငါ ငါ့ဥစ္စာစွဲနိုင်တာ၊ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာဆိုတာ ငါ ငါ့ဥစ္စာလို့ စွဲနိုင်တဲ့တရားတွေတဲ့၊ နိစ္စ မြဲတယ်လို့လဲစွဲတယ်၊ သုခချမ်းသာတယ်၊ ကောင်းတယ်၊ လှပတယ်၊

တင့်တယ် တယ်လို့လဲစွဲတယ်၊ အတ္တ အသက်ရှင်နေတဲ့ ငါပဲလို့လဲ စွဲတယ်၊ အဲဒီလိုစွဲတတ်တဲ့တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်။

အခု ဝိပဿနာရှုနေရတာဟာ ဒါတွေရှုနေတာပါပဲ၊ ဒါက ရုပ်ဥပါဒါနက္ခန္ဓာကိုပြောတာ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ နာမ်ခန္ဓာတွေ၊ ဒါတွေလဲပဲ မြင်ရာကြားရာကနေ ထင်ရှားနေတာပဲ၊ မြင်သိမှုထဲမှာ နာမက္ခန္ဓာ ၄–ပါးပါတယ်၊ ဟိုတုန်းက အကျယ်ပြောပြီးပါပြီ၊ မြင်ခါမျှသဘောက ဝိညာဏက္ခန္ဓာ၊ မြင်ရတဲ့အာရုံ အကောင်းအဆိုးလေးတွေ ကောင်းသွားတယ်၊ မကောင်းသွားဘူးလို့ သိတာကဝေဒနက္ခန္ဓာ၊ မြင်ရတဲ့အာရုံမှတ်ထား တာကသညာက္ခန္ဓာ၊ မြင်အောင်လို့ ကြောင့်ကြစိုက်တာက သင်္ခါရက္ခန္ဓာ၊ မြင်ရအောင်လို့ သူကဖန်တီးပေးတယ်၊ သင်္ခါရက္ခန္ဓာပဲ၊ အဲဒါ နာမ်ခန္ဓာ ၄–ပါး အဲဒီနာမ်ခန္ဓာ ၄–ပါးဟာ လဲပဲ ငါ, ငါ့ဥစ္စာလို့ စွဲနေတာပဲ၊ မြင်မှုဟာငါပဲ၊ ငါကမြင်တာပဲ၊ ငါ့အမြင်ပဲ၊ ဒီလိုစွဲလမ်းတယ်၊ ကြားပြန်လဲဒီလိုပဲ၊ငါပဲ ငါ့ဥစ္စာပဲ, ငါကြားတာပဲ, စွဲလမ်းတယ်၊ နံရာ, စားရာ, တွေ့ထိရာ, စိတ်ကူးစဉ်းစားကြံစည်ရာ, အကုန်လုံး ဒီလိုချည်းပဲ စွဲလမ်းနေတာ၊ ငါငါ့ဥစ္စာအနေအားဖြင့် ဒီလိုပဲစွဲလမ်းနေတယ်၊ အဲဒီလိုစွဲလမ်းနိုင်လို့ ဒါတွေ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်တဲ့။

အဲဒီ ဥပါဒါနက္ခန္ဓာ ၅–ပါးတရားတွေဟာ ဒါဟာသက္ကာယပဲ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းတွေ၊ ဒါတွေကတော့ တကယ်ရှိနေတာဟုတ်တယ်၊ တကယ်မရှိတာမဟုတ်၊ မြင်တဲ့အခါမှာ မျက်စိဟာ တကယ်ကိုရှိတယ်၊ မြင်မှု၏ တည်ရာအနေနဲ့ တကယ်ရှိတယ်၊ မရှိယင်မမြင်နိုင်ဘူး၊ မြင်မှု၏တည်ရာမျက်စိရုပ်ပျက်နေတဲ့ ပုဂ္ဂိုလ်တွေ မမြင်နိုင်တော့ဘူး၊ မြင်စရာအဆင်းတွေကလဲ တကယ်ကို ရှိတယ်၊ မရှိပဲနဲ့ စိတ်နဲ့မှန်းပြီး အလကားသား ထင်နေတာ မဟုတ်ဘူး၊ ဖြူယင်ဖြူတယ်၊ မဲယင်မဲတယ်၊ သူဖြစ်တဲ့အတိုင်း မြင်သွားတာ၊ အဲဒီတော့ မျက်စိကလဲ တကယ်ရှိတယ်၊ မြင်ရတဲ့အဆင်းကလဲ တကယ်ရှိတယ်၊ မြင်သိတာ လေးကောတကယ်ရှိတာပဲ၊ မမြင်ပဲနဲ့ မြင်တယ်လို့ အလကားပြောနေတာမဟုတ်ဘူး။

ဒါကြောင့် မျက်စိအဆင်းမြင်သိမှု ဒီ ၃–ခု အတိုချုပ်အားဖြင့် ဒါက ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းပဲ၊ အဲဒီရုပ်နာမ်အပေါင်းကို သက္ကာယခေါ်တယ်၊ သက္ကာယကတခြား၊ ဒိဋ္ဌိကတခြား၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့မတူသေးဘူး၊ သက္ကာယအရပြောရမယ်၊ ဆောင်ပုဒ်ကလေးဆိုအုံးမယ်။

ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ။

ထင်ရှားရှိတဲ့ရုပ်တရား နာမ်တရားတွေဟာ သက္ကာယလို့ခေါ်သည်၊ ပါဠိ သ, နဲ့ ကာယနဲ့ ၂–ခုတွဲထားတယ်၊ သ,က ထင်ရှားရှိသည်၊ သန္တ–က သ,ဖြစ်လာတယ်၊ သန္တ–ထင်ရှားရှိသည်၊ သန္တ–က သ,ဖြစ်လာတယ်၊ ကာယနဲ့ပေါင်းလိုက်တော့ သက္ကာယ၊ အိန္ဒိယသီဟိုဠ်အဖတ်နဲ့ဆိုယင် သထကာယလို့ဖတ်ရတယ်၊ ဗမာကတော့ ဗမာအသံနဲ့လိုက်ပြီးတော့သက်ဖြစ်နေတယ်၊ သန္တာက သတ်ဖြစ်လာတယ်၊ တဝမ်းပူအသတ်ကလေးနဲ့၊ တဝမ်းပူအသတ်ကလေးကို ကကြီးကို နှစ်လုံးဆင့်ပြီးတော့ သတ်ကာယ ဗမာက သက္ကာယလို့ဖတ်တယ်၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို သက္ကာယလို့ခေါ်သည်၊ "ထင်ရှားရှိနေ၊ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ"၊ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေဟူသမျှဟာ သက္ကာယတွေပဲ၊ ဒီဟာက ဒိဋ္ဌိမဟုတ်ဘူး၊ အဲဒီသက္ကာယ ဒုက္ခသစ္စာတရားပဲ၊ ဒုက္ခသစ္စာတရား၊ သမုဒယသစ္စာ ကိလေသာတွေမဟုတ်ဘူး၊ အကုသိုလ်တရားတွေလဲမဟုတ်ဘူး၊ ရုပ်နာမ်သာမည်ပဲ၊ "ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ"။

ဥပါဒါနက္ခန္ဓာကို ဝိပဿနာရှု

အဲဒီတိုင်းထင်ရှားရှိနေတဲ့ တရားတွေမြင်တာကို ရှုရတယ်၊ ကြားတိုင်း ရှုရတယ်၊ နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, ကွေးဆန့်တိုင်း, လှုပ်ရှားတိုင်း, စိတ်ကူးယဉ်စဉ်းစား ကြံစည်တိုင်း သက္ကာယ တွေချည်းပဲ၊ ဥပါဒါ နက္ခန္ဓာ ငါးပါးတရားတွေပဲ၊ ဒါ ဒုက္ခသစ္စာ တရားတွေချည်းပဲထဲ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ
ပဉ္စုပါဒါနက္ခန္ဓာတိသ ဝစနီယံ

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံအရိယသစ္စံ၊ ဒုက္ခအရိယသစ္စာသည်။ ဝါ၊ အရိယာတို့သိအပ်သော ဆင်းရဲအမှန်တရားသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူ ကား။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ ငါးပါးသောဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်သည်။ အသ၊ ဖြစ်ရာ၏။

ဥပါဒါနက္ခန္ဓာငါးပါးလို့ အဖြေပေးရမယ်၊ ဒုက္ခသစ္စာဟာဘယ်တရားလဲ၊ ဥပါဒါနက္ခန္ဓာငါးပါး၊ သက္ကာယဆိုတာဘယ်တရားလဲ၊ ဥပါဒါနက္ခန္ဓာငါးပါး၊ သက္ကာယ, ဒုက္ခသစ္စာ, ဥပါဒါနက္ခန္ဓာငါးပါး၊ ဒီဟာအတူတူပဲ၊ ဒုက္ခသစ္စာတရားတွေ အတူတူချည်းထဲပဲ၊ ဝိပဿနာရှုယင် ဥပါဒါနက္ခန္ဓာငါးပါးပဲ ရှုရတယ်၊ ဒုက္ခသစ္စာတရားရှုရတယ်၊ သက္ကာယမည်တဲ့တရားတွေကို

ရှုရတယ်၊ အခုမြင်တိုင်း, ကြားတိုင်း, ဒွါရခြောက်ပါးပေါ်တိုင်း ပေါ်တိုင်း လိုက်ပြီးတော့ ရှုနေတာဟာ ဒါဟာ ဒုက္ခသစ္စာတရား ရှုတယ်ဆိုယင်လဲ ဟုတ်တာပါပဲ၊ သက္ကာယမည်တဲ့ တရားရှုနေတယ်ဆိုတာလဲ ဟုတ်တာပဲ၊ ဥပါဒါနက္ခန္ဓာငါးပါး ရှုနေတယ်ဆိုလဲ ဟုတ်တာပဲ။

မှန်တယ်၊ ဝိပဿနာအခြေခံတရားထဲမှာ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ "ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း၊ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း"၊ ဒီဥပါဒါနက္ခန္ဓာ ငါးပါးတရားရှုရတယ်လို့ ဒီလိုဆောင်ပုဒ် ပေးထားတယ်၊ ယခုပြောနေတာနဲ့အတူတူပဲ၊ သက္ကာယဆိုတာနဲ့ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာနဲ့ ဒုက္ခသစ္စာဆိုတာနဲ့ အတူတူပဲ၊ အဲဒါလေး ဆိုကြအုံးစို့။

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ဖြစ်သနည်း။"

ဝိပဿနာဉာဏ်ဆိုတာ အင်မတန်ပေါ်နေပါတယ်၊ ဘယ်ဟာရှု၍ ဖြစ်သလဲ၊ တခုခုတော့ ရှုအုံးမှာပေါ့၊ ဝိပဿနာဆိုတာ ဘယ်ဟာ ရှုရတာတုံးဆိုတော့ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း" ဒါကအဖြေကလေး။

စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း။"

ဒါက ရှင်းနေတယ်၊ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးကို ရှုပြီးတော့ ဝိပဿနာဉာဏ်ဖြစ်သည်၊ အဲဒါလေးက လူတိုင်းလူတိုင်း ယောဂီပုဂ္ဂိုလ်တွေဟာ ရနေစရာကောင်းတယ်၊ ဒါက ဘယ်သူမှမငြင်းနိုင်ဘူး၊ ဝိပဿနာရှုတယ်ဆိုတာ ဘယ်ဟာရှုရသလဲ၊ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါး ရှုသည်၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးပဲ၊ ဥပါဒါန–စွဲလမ်းတတ်တဲ့တရားတဲ့၊ ခန္ဓာဆိုတာက အပေါင်းအစု၊ စွဲလမ်းတတ်တဲ့ဥပါဒါန်၏ အာရုံဖြစ်တဲ့တရားဟုဆိုလိုတယ်၊ ဥပါဒါန–ဥပါဒါန်ရဲ့ ခန္ဓာ–အာရုံဖြစ်သော တရားအပေါင်းပေါ့၊ အဲဒါ ဥပါဒါန်၏ အာရုံဖြစ်တယ်ဆိုတော့ ဗမာကတော့ သိပ်နားမလည်ဘူး၊ နားလည်အောင်လို့ ဘုန်းကြီးက စွဲလမ်းနိုင်တာလို့ ဥပါဒါန်၏အာရုံဖြစ်တယ်ဆိုတာ ဥပါဒါန်စွဲလမ်းတာ၊ စွဲလမ်းနိုင်တဲ့ဥစ္စာတွေ စွဲလမ်းမှုရဲ့အာရုံဖြစ်တဲ့ ဥစ္စာတွေ၊စွဲလမ်းမှုရဲ့ လက်လှမ်းမှီရရာ တရားတွေလို့ ဆိုလိုတယ်၊ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း"၊ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါး ရှုပြီးတော့ဖြစ်တယ်။

ဒိဋ္ဌိရှုနှင့် ဝိပဿနာရှု

အဲဒီခန္ဓာငါးပါးရှုတာကလဲ နည်းမှန်နဲ့နည်းမှား နှစ်ခုတော့ရှိသေးတယ်၊ ဒိဋ္ဌိဖြစ်တာကလဲ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို ရှုပြီးတော့ ဒိဋ္ဌိကဖြစ်တာပဲ၊ ဝိပဿနာဉာဏ်ကလဲ ဒီဟာရှုပြီးတော့ ဖြစ်တာပဲ၊ ပြီးတော့ ဘာထူးတုံးဆိုတော့ အမှားအမှန် နည်းမှန်နှင့် နည်းမှားနှစ်ခုကွာတယ်။

ဒိဋ္ဌိဖြစ်လို့ရှိယင် မှားသောအားဖြင့် စွဲလမ်းနိုင်တဲ့ ဒီခန္ဓာငါးပါးပဲ၊ သူကလဲ ရှုပြီးတော့ ဖြစ်တာပါပဲ၊ သူကလဲ ဒီခန္ဓာပါးကိုပဲ၊ ငါဆိုတဲ့အနေနဲ့ ငါကောင် အသက်ရှင်နေတဲ့အကောင်အနေ ဒီလိုရှုပြီးတော့ဖြစ်တယ်၊ အဝိဇ္ဇာကရှုပြီးတော့ ဖြစ်တဲ့အခါလဲ နိစ္စ၊ အတ္တမြင်တယ်, ချမ်းသာတယ်, အတ္တကောင်ပဲဆိုတဲ့အနေရှုတယ်၊ ရှုပြီးတော့ သူလဲဖြစ်တယ်၊ အဲဒါက နည်းမှားနဲ့ ဖြစ်ပြီးတော့ရှုတယ်။

ဝိပဿနာတရားကတော့ နည်းမှန်နဲ့ရှုပြီးတော့ အမှန်အတိုင်း ဖြူလျှင် ဖြူတဲ့အတိုင်း၊ မဲယင်မဲတဲ့အတိုင်း၊ ဖြစ်ယင် ဖြစ်တဲ့အတိုင်း၊ ပျက်ယင် ပျက်တဲ့အတိုင်း၊ အမြဲယင် မမြဲတဲ့အတိုင်း၊ သူဖြစ်တဲ့အတိုင်းကလေး ရှုတယ်၊ ပိုပြီးတော့ မရှုဘူး၊ အဲဒါကြောင့် ဒါကစွဲလမ်းနိုင်ရာ ငါးခန္ဓာ၊ စာကဆိုပြီးတော့ အမှန်ရှုရမယ်ဆိုပြီးတော့ မှန်စွာလေးထည့်ထားတယ်၊ "ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ဖြစ်သလဲ" ဆိုလို့မေးတယ်၊ ဝိပဿနာဉာဏ်ဆိုတာ ခန္ဓာငါးပါး ရှုပြီးတော့ ဖြစ်တယ်လို့ဖြေတယ်၊ ဒါပြင် ဒိဋ္ဌိတို့ ကိလေသာတို့ကလဲ ခန္ဓာငါးပါး ရှုပြီးတော့ဖြစ်တာပဲ၊ ဘာထူးသေးသလဲဆိုတော့ အမှန်နဲ့အမှားကွာတယ်။

အမှန်အတိုင်းရှု

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း၊ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း" အမှန်အတိုင်းရှုပြီးတော့ဖြစ်တာ၊ မြင်ယင်မြင်တာကို မြင်တဲ့အတိုင်းပဲ ရှုရမယ်၊ မြင်တာက တကယ်ဖြစ်တာကိုး၊ ကြားယင်လဲ ကြားတာ၊ တကယ်ဖြစ်တာပဲ၊ မဖြစ်ပဲနဲ့ အလကားစိတ်နဲ့ကူးပြီးတော့ ရှုတာမဟုတ်ဘူး၊ အလကား စိတ်ကူးပြီးတော့ ရှုလို့ရှိ ယင်မမှန်ဘူး၊ အဲဒါတွေဟာ သဘာဝမကျဘူး၊ သဘာဝကျတာမဟုတ်ဘူး။

အဆင်းတွေ၊ ဥပမာကိုယ်မှာ မမြင်ပါပဲနဲ့ ရုပ်အဆင်းတွေ ဖြစ်နေတယ်၊ ပျက်နေတယ် စဉ်းစားလို့ရှိယင် ဒီဥစ္စာ သဘာဝမကျဘူး၊ အဲဒီ အခိုက်အတန့် မြင်တာမှမဟုတ်ပဲ၊ ရူပါရုံမမြင်ပဲနဲ့ ရူပါရုံတွေမှာ ဖြစ်ပျက်နေတယ်လို့ ရှုလို့ရှိယင် အဲဒါဟာ သဘာဝမကျဘူး၊ သဒ္ဒါရုံအသံကို မကြားပါပဲနဲ့ သဒ္ဒါရုံအသံတွေဟာ ဖြစ်ပျက်နေတယ်ဆိုလို့ ရှုလို့ရှိယင် အဲဒါ သဘာဝမကျဘူး၊ စာပြောတော့ ဟုတ်တော့ဟုတ်တာပေါ့၊ သူရှုတဲ့အခါမှာမရှိပဲနဲ့ စိတ်ကူးပြီးတော့ ရှုနေတယ်၊ အဲဒါဟာ နာမည်ပဲရှိတယ်၊ အသံလဲမဟုတ်ဘူး၊ ဖြစ်တယ်ဆိုလဲ သူ့ဟာသူ ဖြစ်တာပဲ၊ ပျက်တယ်ဆိုလဲ သူ့ဟာသူပျက်တာပဲ၊ တကယ်ဖြစ်တာ ပျက်တာမဟုတ်ဘူး။

ပထဝီဓာတ်တို့ အာပေါဓာတ်တို့ တေဇောဓာတ် ဝါယောဓာတ်တို့လဲ ဒီအတိုင်းပဲ၊ အဲဒါတွေ ကိုယ်ကမတွေ့ပဲနဲ့ ပထဝီဓာတ် ခက်မာကြမ်းတမ်းနေတာဟာ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ အဲဒီအခိုက်အတန့်မှာ ပထဝီဓာတ်တခုခုကို တွေ့ထိပြီးရှယင် တော့မှန်တယ်၊ တွေ့ထိတာမဟုတ်ပဲနဲ့ အလွတ်ဆိုယင် ဒါမှန်တယ်လို့မဆိုနိုင်ဘူး၊ အဲဒီပထဝီဓာတ်ဟာ ခက်မာကြမ်းတမ်းတဲ့ သဘောဟာဖြစ်ပျက်နေတယ်၊ ဖြစ်ပြီးပျက်တယ်ဆိုတော့ စာပြောတော့ သူက အမှန်ပေမယ်လို့ အဲဒီလို ပထဝီဓာတ်ကို ဖြစ်ပျက်တယ်လို့ ရှုနေတဲ့ပုဂ္ဂိုလ်မေးကြည့်ယင် ဘယ်အနားက ဖြစ်ပျက်တာတုံး၊ ပထဝီဓာတ်က ဘယ်အနားကတုံး၊ ခေါင်းထဲကပထဝီဓာတ်လား၊ ကိုယ်ထဲက ပထဝီဓာတ်လား၊ လက်ထဲကလား၊ ခြေထောက်ကလား၊ ဘယ်အနားက အပိုင်းကပထဝီဓာတ်တုံး၊ အဲလိုစဉ်းစားရှုတဲ့ပုဂ္ဂိုလ်က ဘယ်အနားပိုင်းကမှ မဟုတ်ဘူး၊ ပုဂ္ဂိုလ်က ဘယ်အနားပိုင်းကမှ မဟုတ်ဘူး၊ ပထဝီဓာတ်ဆိုတဲ့နာမည်နဲ့ ခက်မာကြမ်းတမ်းတယ်ဆိုတဲ့ အမည်ဝေါဟာရတွေနဲ့ ဒါတွေကိုသူရှုနေတာပဲ၊ စိတ်ကူးဉာဏ်ခေါ်တယ်၊ စာထဲကပါတယ်၊ ကျမ်းဂန်ထဲကဆိုထားတဲ့ အမည်တွေဟာလဲ အမည်ပဲ၊ ပညတ်ပဲ၊ ဘာမှမဟုတ်ဘူး၊ ပရမတ်ဆိုတာကတော့ တကယ်ကို ခက်မာ ကြမ်းတမ်းတဲ့ သဘောကလေးတွေ တွေ့နေမှ၊ ဒါမှပရမတ်။

ပူအေးတဲ့ တေဇောဓာတ်တွေ ဖြစ်ပျက်နေတယ်လို့ ဒီလိုရှုနေတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ၊ အဲဒီအခိုက်အတန့်မှာ တကယ်ပူတာ အေးတာကလေးတွေကို တွေ့ပြီဆိုယင်တော့ ဟုတ်မှာပေါ့၊ ဒီလိုမဟုတ်ပဲနဲ့ ပူတဲ့သဘော၊ အေးတဲ့ သဘော၊ နွေးတဲ့သဘော၊ တေဇောဓာတ်တရား ဖြစ်ပျက်နေတယ်၊ မမြဘူးလို့ ဆင်ခြင်နေတယ်၊ အဲဒီဆင်ခြင်တဲ့ပုဂ္ဂိုလ်ကို မေးမြန်းစစ်ဆေးကြည့်ယင် ဘယ်ကမှမဟုတ်ဘူး၊ ခေါင်းထဲကပူတာလား၊ လက်ထဲကပူတာလား၊ ကိုယ်ထဲကပူတာလား၊ ခြေထဲကပူတာလား၊ ဘယ်အနားအပိုင်းက ဘယ်လိုပူနေတာတုံး မေးလို့ရှိယင် ဘယ်အနားကမှ မဟုတ်ဘူး၊ စာပေကျမ်းဂန်တွေက ပါတဲ့ အတိုင်းဆင်ခြင်ပြီးတော့ သူရှုနေတာ၊ အဲဒီဥစ္စာ သဘာဝမကျဘူး၊ ဒီဥစ္စာနာမည်တွေ ပညတ်တွေခေါ်တယ်။

တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်တွေ ဖြစ်ပျက်နေတယ်ဆိုပြီး ရှုပြန်ရော၊ အဲဒါကလဲပဲ သူ့ကိုယ်တိုင်တွေ့ပြီးတော့ ရှုတာမဟုတ်လို့ရှိယင် ဒါလဲ သဘာဝမကျဘူး၊ ဘယ်အနားက ဝါယောဓာတ်တုံး၊ တောင့်တင်းတာ ဘယ်အနားက တောင့်တာတုံး၊ ခေါင်းထဲကလား၊ လက်ထဲကလား၊ ကိုယ်ထဲကလား၊ ဘယ်အနား အစိတ်အပိုင်းက တောင့်တာတုံး၊ ဘယ်အနား အစိတ်အပိုင်းက တင်းနေတာတုံး၊ ဘယ်နားက လှုပ်ရှားတာတုံး မေးလို့ရှိယင် စဉ်းစားဆင်ခြင်ရှုနေတဲ့ ပုဂ္ဂိုလ်ဟာ ဖြေစရာမရှိဘူး၊ အမည်ပဲဖြစ်နေတယ်၊ အဲဒါတွေဟာ သဘာဝမကျဘူး။

သဘာဝကျကျဆိုယင် တကယ်တွေ့တဲ့ တရားရှုရတယ်၊ တကယ်တွေ့တဲ့ တရားတွေကို တကယ်ဖြစ်နေတဲ့ တရားတွေရှုရတယ်၊ တကယ်ဖြစ်နေတဲ့ တရားတွေ့မြင်တဲ့ အခါကာလ မြင်ရတဲ့အဆင်း၊ မြင်ရာဌာနမျက်စိ၊ မြင်မှုသဘော၊ ဒါက တကယ့်ကိုဖြစ်သွားတာပဲ၊ ဒါကြောင့်မို့ သက္ကာယ ထင်ရှားရှိတဲ့တရား၊ အဲဒါတကယ်ရှိတာ၊ ကြားတဲ့အခါကာလလဲ နားရုပ်ရယ်၊ ကြားရာဌာန နားရုပ်၊ အသံကြားသိနေတဲ့သဘော၊ အဲဒါတွေဟာ ထင်ရှားရှိနေတာပဲ၊ ဒါတွေရှုရတယ်၊ နံရာ, စားရာတွေလဲအတူတူပဲ၊ တွေ့ထိရာတွေမှာလဲ ကိုယ်ရုပ်နဲ့ တွေ့ထိရတဲ့ရုပ်နဲ့ တွေ့ထိပြီးတော့ သိနေတဲ့စိတ်နဲ့၊ အဲဒါတကယ်ရှိနေတဲ့တရားတွေ၊ ဒါတွေကိုရှုရတယ်၊ အဲဒီ ထင်ရှားရှိတာလေးတွေရှုမှ သဘာဝကျတယ်၊ အဲဒါလေးတွေရှုမှ ပရမတ္ထသဘောအမှန်လေးတွေ တွေ့တာ။

အဲဒီပုဂ္ဂိုလ်တွေမှာ မြင်တိုင်း, ကြားတိုင်း၊ ဒွါရခြောက်ပါးကပေါ်တိုင်း တရားတွေရှုနေတယ်၊ တကယ်ရှိတာတွေရှုနေတာ၊ ဟုတ်တာတွေ ရှုနေတာ၊ တွေးပြီး စဉ်းစားပြီး ရှုနေတာမဟုတ်ဘူး၊ တကယ်ရှိတာ ရှုနေတာပဲ၊ ဖောင်းတယ် ပိန်တယ် ရှုနေတယ်၊ ဗိုက်ထဲကနေပြီး ဖောင်းတက်နေတဲ့သဘော၊ ပိန်ကျသွားတဲ့သဘော၊ အဲဒါတွေဟာ တကယ်ရှိနေတဲ့သဘော၊ မဟုတ်ပဲနဲ့တွေးပြီး ရှုနေတာမဟုတ်ဘူး၊ ဝေါဟာရအားဖြင့် ဖောင်းတယ် ပိန်တယ်ဆိုတာ ဟိုမှာ ဗိုက်ထဲကနေပြီး တောင့်တဲ့

သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို တကယ့်ကို ရှိနေတယ်၊ တကယ်ရှိနေတာရှုနေလို့ ဒါသဘာဝကျတယ်၊ တကယ်မရှိတာကို ရှုလို့ရှိယင် သဘာဝမကျဘူး၊ ဝါယောဓာတ်ဆိုတာ တောင့်တယ်၊ တင်းတယ်၊ တွန်းကန်တယ်၊ လှုပ်ရှားတယ်ဆိုတာ ကိုယ်၌တွေ့ထိပြီးတော့ သိရတဲ့တရားပဲ၊ ကာယဝိညေယျတရား ခေါ်တယ်၊ စက္ခုဝိညေယျ တရားမဟုတ်ဘူး၊ မနောဝိညေယျတရားတော့ ရှိပါတယ်။

ဒါပေမယ်လို့ သဘာဝအရင်းခံကတော့ ကာယဝိညေယျ တရားဆိုတာ ကာယဝိညာဏ်နဲ့တွေ့ပြီးတော့ သိရတယ်၊ အဲဒါ အရှင်ဘုရားမျက်စိထဲမှာ မြင်ပြီးတော့ ဖြစ်ပျက်သွားတာက အမှန်ရှိတာက၊ စက္ခုဝိညေယျတရားဟာ ရှုပါရုံတွေတရားတဲ့၊ ရှုပါရုံတွေ အဆင်းတွေ မြင်ပြီးပျက် မြင်ပြီးပျက် ရှုပါရုံတွေပျက်နေတာတဲ့၊ အဆင်းပျက်တာ၊ အဲဒီနေရာပျက် ဟိုနေရာပျက် အဲဒါတွေပျက်နေတာ၊ အဲဒါ အရှင်ဘုရား ရှုတယ်ဆိုယင်မှန်တယ်၊ အခုအရှင်ဘုရား ဝါယောဓာတ်တွေ ဖြစ်ပျက်နေတယ်ဆိုတာ မှားနေတယ်၊ ဒီမှာ ကျေနပ်သွားတယ်၊ ဒွါရ, အာရုံ, ဝိညာဏ်တွေ မကိုက်လို့ရှိယင် သဘာဝမကျပုံကလေး၊ ဒွါရ, အာရုံ, ဝိညာဏ်ကိုက်ပြီးတော့ရှုမှ၊ ဒါကြောင့် အခု ခန္ဓာငါးပါး ရှုတယ် ဆိုပေမယ်လို့ သဘာဝလဲကျကျရှုမှ၊ မှန်မှန်ကန်ကန် အမှန်အတိုင်း သဘောလေးတွေ သိလို့ သိပြီးတော့ရှုမှ၊ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"၊ ဒီစွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတွေ အမှန်အတိုင်းရှုရမည်၊ မြင်တဲ့ အခိုက်အတန့်မှာ ရှိတဲ့ ခန္ဓာငါးပါး၊ ကြားတဲ့အခိုက်အတန့်၊ နံတဲ့အခိုက်အတန့်၊ စားသိတဲ့အခိုက်အတန့်၊ တွေ့ထိတဲ့အခိုက်အတန့်၊ စိတ်ကူးစဉ်းစားကြံစည်တဲ့ အခိုက်အတန့်မှာဖြစ်တဲ့ ခန္ဓာငါးပါးတရားတွေ အမှန်အတိုင်း ရှုရမည်၊ ဖြစ်ပေါ်လာတဲ့အတိုင်း သူပေါ်လာတာလေးပဲ ကြည့်နေရုံပါပဲ၊ ဘာမှ လုပ်ယူရတာ မဟုတ်ပါဘူး၊ ခန္ဓာငါးပါး တရားတွေဆိုတာ သူ့ဟာသူဖြစ် သူ့ဟာသူပျက်နေတာတွေ ကိုယ်က မရှုနိုင်ယင် မသိဘူး၊ ရှုနိုင်ယင်တော့ သိရမှာပဲ၊ မရှုပဲနဲ့နေလို့ရှိယင် မသိဘူး၊ ရှုလို့ရှိယင် သိရမယ်။

ရှုလဲ ရှုကာစမှာတော့ သတိတို့, သမာဓိတို့, ဉာဏ်တို့ဟာ အားနည်းနေသေးတော့ အမှန်အတိုင်း မသိသေးဘူးပေါ့၊ ရှုခါစပုဂ္ဂိုလ် မမှီသေးဘူး၊ ရုပ်နာမ်တွေက အင်မတန် မြန်နေတဲ့တရားတွေ၊ ကိုယ်ကစပြီးရှုခါစဆိုတော့ ရှုလို့သိတဲ့ဉာဏ်ကလေးက မမြင်သေးပဲဟာကိုး၊ နှေးနေတယ်၊ သတိတို့ သမာဓိတို့ ဉာဏ်တို့ဟာ နှေးနေသေးတယ်၊ နှေးနေတော့ သူ့လောက် မမြန်တော့ကို အမှန်အတိုင်း သဘောလေးတွေ မသိသေးဘူး၊ ရှေ့နောက် တရားတွေ ဆက်စပ်ပြီးတော့ ဒီလို ရှိနေသေးတာပဲ။

အဲ သတိ, သမာဓိဉာဏ်တွေ အားကောင်းလာတဲ့ အခါကာလ တကယ်ဖြစ်ပေါ်တဲ့ တရားလေးတွေကို အမှန်အတိုင်း သိတာပဲ၊ ဖြစ်တဲ့အတိုင်း တကယ်သိ၊ သိတဲ့အတိုင်း တကယ်ရှိ၊ ဖြစ်တဲ့အတိုင်း သိရုံတွင်မကဘူး၊ တော်တော်ကြာတော့ အစနဲ့ အဆုံးနဲ့ တပိုင်းစီတပိုင်းစီကလေးတွေ ပိုင်းခြားသိလာတယ်၊ မြင်တာလေးဟာ မြင်ပြီးပျောက်၊ ကြားတာလေးဟာ ကြားပြီးပျောက်၊ နံတာ, စားတာ, တွေ့ထိတာလေး တွေ့ထိပြီးပျောက်၊ စိတ်ကူးစဉ်းစား ကြံစည်တာလေးလဲ စိတ်ကူးစဉ်းစား ကြံစည်ပြီးပျောက်၊ ရှုတာလေးလဲ ရှုသိပြီးပျောက်၊ ချက်ချင်းချက်ချင်း တခါတည်းပျောက်၊ ပေါ်ပြီးပျောက်နေတာလေးတွေကို ပိုင်းခြားပြီးသိရတယ်၊ အဲဒါ ကျက်မှတ်ထားရတာ မဟုတ်ဘူး၊ ဖြစ်ခိုက် ဖြစ်ခိုက်တွေ လိုက်ရှုယင်တော့ ကိုယ်တိုင် တွေ့တာပဲ၊ ဒီလို တွေ့မှ သဘာဝကျတယ်။

အဲဒီလို "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း" စွဲလမ်းနိုင်တဲ့ တရားလေးတွေကို ခန္ဓာငါးပါးတရားလေးတွေ အမှန်အတိုင်းရှုပါ၊ ပထမကတော့ ဖြစ်ခိုက် ဖြစ်ခိုက်ကလေးတွေ လိုက်ရှု၊ ဖြစ်ခိုက် ဖြစ်ခိုက်တွေ ရှုပါများလာတဲ့အခါ အစနဲ့ အဆုံးလေးတွေ တွေ့လာတော့ အဲဒါ မမြဘူးလို့လဲ သိလာတယ်၊ ဒါမှန်စွာ ရှုတာပဲ၊ ဒုက္ခ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းထဲပဲ၊ ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူးလို့ ရှုယင်း ရှုယင်းနဲ့ သိလာတယ်၊ ဒါ မှန်စွာရှုတာပဲ၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ၊ တို့အစက ထင်ထားတဲ့အတိုင်း အသက်ရှင်နေတဲ့ အကောင်လဲ မဟုတ်ဘူး၊ သဘောတရားလေးမျှပဲ၊ ရှုယင်းရှုယင်း သဘောကျပြီးသိတာ၊ ဒါမှန်စွာ ရှုတာပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။

ပထမတော့ သူ့သဘောမှန်ကလေးတွေ သိရုံမျှပဲ၊ သဘောမှန်ကလေးတွေ၊ ဥပမာ အတွေ့အထိဆိုလို့ရှိယင် တောင့်ယင် တောင့်တာလေး သဘောမှန်ပေါ့၊ လှုပ်ယင် လှုပ်တာလေး သဘောမှန် ဒီလောက်ပဲ၊ တေဇောဓာတ်ရှုတဲ့အခါလဲ ပူယင် ပူတာလေးဟာ သဘောမှန်ပဲ၊ အေးယင် အေးတာလေးဟာ သဘောမှန်ပဲ၊ နွေးယင်လဲ နွေးတာလေးဟာ သဘောမှန်ပဲ၊ ပထဝီဓာတ်ရှုနေတဲ့ အခါကာလလဲပဲ ခက်မာတဲ့အတိုင်း ကြမ်းတာ ကြမ်းတဲ့အတိုင်း၊ နူးညံ့တာ နူးညံ့တဲ့အတိုင်း၊ ချောတာ ချောတဲ့အတိုင်း၊ လေးတာ လေးတဲ့အတိုင်း၊ အဲဒါလေးတွေကို သိသွားတာဟာ ဒါတွေ သဘောမှန်ပဲ၊ နောက်ပိုင်းကျတော့ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သိလာတဲ့သဘောမှန်ပဲ၊ အဲဒါကြောင့် "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး တရားတွေကို အမှန်အတိုင်း ရှုရတယ်၊ အမှန်အတိုင်း ရှုလို့ရှိယင် စွဲလမ်းတတ်တဲ့ ကိလေသာတွေ မဖြစ်ဘူး။

ဖြစ်တိုင်း မှတ်ရှု

"ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်"၊ ဖြစ်ခိုက်မှာ မရှုလို့ရှိယင် အဲဒီ ရုပ်နာမ် အစုအပေါ်မှာ စွဲလမ်းတယ်၊ နိစ္စ–မြဲတယ်လို့လဲ ထင်လိမ့်မယ်၊ သုခ–ချမ်းသာတယ် ကောင်းတယ် လှပတယ်လို့လဲ ထင်လိမ့်မယ်၊ တင့်တယ် တယ်လို့လဲ ထင်လိမ့်မယ်၊ အတ္တငါကောင်ပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့လဲ ထင်လိမ့်မယ်၊ အဲဒါ ဖြစ်ခိုက်တရားတွေ မရှုလို့ ပကတိ ပုဂ္ဂိုလ်တွေမှာ မြင်ခိုက်မှာ မရှုဘူး၊ ကြားခိုက်မှာလဲ မရှု၊ မြင်တာတွေ ကြားတာတွေ အကုန်လုံး မြဲနေတယ်လို့လဲ ထင်တယ်၊ ငါပဲ တင့်တယ်တယ် လှပတယ်၊ ဒီလိုပဲ ထင်နေတာပဲ၊ "ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်"၊ မြဲတယ် ကောင်းတယ်၊ ငါကောင်းတယ်၊ တကယ် ထင်တတ်သည်၊ မြဲတယ်လို့လဲ ထင်လိမ့်မယ်၊ ကောင်းတယ်လို့လဲ ထင်လိမ့်မယ်၊ ငါကောင်လို့လဲ ထင်လိမ့်မယ်။

ဝိပဿနာ အခြေခံတရားမှာ ဘုန်းကြီး ဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်၊ "ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှု ကင်းပျောက်သည်"၊ ဖြစ်တိုင်းဖြစ်တိုင်းကို မှတ်ပါတဲ့၊ မြင်တိုင်းကြားတိုင်း ဖြစ်တိုင်းဖြစ်တိုင်းတွေကို မှတ်ရုံကလေးသာမှတ်နေပါ၊ စွဲလမ်းမှုတွေ ပျောက်သွားပါလိမ့်မယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းရှုယင်တော့ ဖြစ်ပြီး ပျောက်သွားတာတွေ့တာပေါ့၊ တွေ့တော့ အနိစ္စ–မမြဲဘူးဆိုတာ သူ့ဟာသူ သိလာတယ်၊ ဒုက္ခ–ဆင်းရဲချည်းထဲပဲ၊ ဘာမှ ကောင်းတဲ့တရားတွေ မဟုတ်ဘူးဆိုတာ သူ့ဟာသူ သိတယ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ သဘောတရားမျှပဲဆိုတာ သူ့ဟာသူ သိတယ်၊ အဲဒီတော့ "ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်၊ မမြဲဆင်းရဲသဘောပဲ၊ ဥဏ်ထဲရှင်းတော့သည်၊" မမြဲတဲ့တရားပဲ၊ ဆင်းရဲချည်းထဲပဲ၊ သဘောတရားမျှချည်းထဲပဲ၊ အနတ္တချည်းထဲပဲ၊ အသိဥဏ်ထဲမှာ ရှင်းသွားပါလိမ့်မယ်ဆိုတာပါပဲ၊ စွဲလမ်းမှုတွေကင်းယင် နိဗ္ဗာန်ရောက်ယင် ဟိုဘက်ကမ်းရောက်တော့တာပဲ၊ စွဲလမ်းမှုတွေ မကင်းသေးယင် ဒီဘက်တွင်နေမှာပဲ။

ဘိက္ခဝေ၊ ရဟန်းတို့။ သာသင်္ကံ၊ ရွံရှာဖွယ်ရှိသော။ သပ္ပဋိဘယံ၊ ကြောက်ဖွယ်ဘေးနှင့် တကွဖြစ်သော။ ဩရိမံတီရန္တိ ခေါ၊ ဤမှာဘက်ကမ်းဟူသော ဤအမည်သည်။ သက္ကာယဿ၊ သက္ကာယတရား၏။ ဝါ–သက္ကာယဿ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဘေးရန်အန္တရာယ်တွေရှိနေတယ်၊ စိုးရိမ်စရာတွေရှိနေတယ်၊ စိတ်မချရဘူးဆိုတဲ့ ဒီဘက်ကမ်းဟာ တခြားမဟုတ်ဘူး၊ သက္ကာယခေါ်တဲ့ တရားတွေ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေပဲ၊ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ထင်ရှားတွေ့နေရတဲ့ တရားတွေ၊ ဒါတွေဟာလဲ တခြားမှာ ရှိတာမဟုတ်ဘူး၊ ကိုယ်ထဲအမြဲတွေ့နေတဲ့ တရားတွေ၊ အဲဒါတွေဟာ ဒီဘက်ကမ်းပဲ၊ ဒါတရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ အဆုံးတိုင်ရောက်သွားတဲ့အခါ အင်မတန်ရှင်းပါတယ်၊ ဒီဘက်ကမ်း ရုပ်နာမ်တွေရှုနေရာက ဟိုဘက်ကမ်း နိဗ္ဗာန်ကို ကူးသွားတာကိုး၊ နိဗ္ဗာန်ကူးပုံတွေ အင်မတန်ကို ရှင်းပါတယ်၊ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း အရှင်းချည်းပဲ။

ရုပ်နာမ်ရှုယင်းနဲ့ နိဗ္ဗာန်ရောက်

ဒီဘက်က ဝိပဿနာ ရှုနေတာဟာ စကတည်းက ဒီဘက်မှာချည်းထဲပဲ၊ ဟိုဘက်ကမ်း မရောက်သေးဘူး၊ တချို့ဟာ ဟိုဘက်ကမ်းရောက်ချင်လို့ စိတ်ကူးပြီးရောက်နေတာ၊ အဲဒါသဘာဝမကျဘူး၊ စိတ်ကူးရောက်တာက တကယ်ရောက်တာမှ မဟုတ်ပဲ၊ ကူးတာလေး ရှုယင်းရှုယင်းနဲ့ သူ့အလိုလိုရောက်သွားမယ်၊ စိတ်မကူးပဲနဲ့ ရောက်သွားမယ်၊ ဒါမှသဘာဝကျတယ်၊ ဒါကြောင့် ဘုန်းကြီးများဆီမှာ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ ဟိုဘက်ရောက်ပုံကို စောစောက ပြောမထားဘူး၊ စောစောက ပြောထားယင် အလိုလိုရောက်ကုန်မှာ၊ စိတ်ကူး စိတ်ကူးပြီးတော့ ရောက်ကုန်မှာ၊ စိတ်ကူး ပြီးတော့ရောက်တော့ တော်တော်ကြာ မဟုတ်ပဲနဲ့ခက်တာပဲ၊ သဘာဝမကျဘူး၊ အဲဒီတော့ စောစောကရောက်ပုံတွေ ဘာမှပြော မထားဘူး၊ ရှုမှတ်ရုံသာနေ၊ နောက်တော့ သမာဓိဥဏ်အား ကောင်းလာတဲ့အခါကျတော့ ဝိပဿနာဥဏ်တွေ ပြည့်စုံလာတဲ့ အခါကျတော့ ရုပ်ခန္ဓာတွေ ရှုယင်းရှုယင်းနဲ့ ဟိုဘက်ကမ်း သူ့ဟာသူရောက်သွားတာ၊ သူ့ဟာသူ လွင့်ကျသွားတာ အင်မတန် ဟန်ကျတာ၊ အဲဒီလို သူ့ဟာသူ ရောက်သွားမှ သဘာဝကျတယ်၊ မှန်တယ်။

သက္ကာယနှင့် သက္ကာယဒိဋ္ဌိ

ဒါကြောင့် ဒီဘက်ကမ်းဆိုတာ သက္ကာယမည်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားပဲ၊ "ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်၊ "ငါ ငါ့ဥစ္စာဟုစွဲနိုင်တဲ့တရားတွေ၊" ရှပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်၊ "ခန္ဓာငါးပါး တရားတွေပဲ၊ ခန္ဓာ ငါးပါးတရားတွေကို သက္ကာယလို့ ခေါ်သည်၊ အတိုချုပ်အားဖြင့်ဆိုလျှင် မြင်ဆဲခဏမှာ မျက်စိရှပ်၊ အဆင်းရှပ်၊ မြင်သိတဲ့နာမ်၊ ဒါဥပါဒါနက္ခန္ဓာပဲ၊ သက္ကာယပဲ၊ ဒီဘက်ကမ်းပဲ၊ မြင်ဆဲခဏ၌ မျက်စိရှပ်၊ အဆင်းရှပ်၊ မြင်သိမှု ဒီဘက်ကမ်းပဲ၊ သက္ကာယမည်တဲ့ ဒီဘက်ကမ်း၊ ကြားဆဲခဏမှာ နားရှပ်၊ အသံရှပ်၊ ကြားသိမှု၊ သက္ကာယမည်တဲ့ ဒီဘက်ကမ်းပဲ၊ အဲဒါတွေအကုန်လုံး ဒီလိုချည်းထဲပဲ၊ နံဆဲခဏ နှာခေါင်းရှပ်၊ အနံ့ရှပ်, နံသိမှု သက္ကာယမည်တဲ့ ဒီဘက်ကမ်းပဲ၊ စားသိဆဲ ခဏမှာ လျှာရှပ်, အရသာရှပ်, အရသာသိမှု ဒီဘက်ကမ်း သက္ကာယပဲ၊ တွေ့ထိဆဲခဏမှာ ကိုယ်ရှပ်၊ အတွေ့ထိရှပ် အတွေ့အထိ ထိသိတဲ့ သဘော သိတဲ့နာမ်၊ အဲဒါ ဒီဘက်ကမ်းသက္ကာယပဲ၊ စိတ်ကူးစဉ်းစား ကြံစည်ဆဲခဏမှာ စိတ်နှလုံးသဘော အာရုံကြံသိမှု၊ ဒါ ဒီဘက်ကမ်းပဲ၊ သက္ကာယပဲ၊ ငါ ငါ့ဥစ္စာစွဲနိုင်တဲ့တရားပဲ။

ဒါတွေကို ငါ ငါ့ဥစ္စာလို့ မစွဲရအောင်လို့ပဲ၊ ဝိပဿနာ ရှုနေရတာ။ ဒီသက္ကာယတွေကို အမှန်အတိုင်း သိပြီးတော့ နိစ္စ, သုခ, အတ္တ အစွဲအလမ်းတွေ မဝင်နိုင်အောင်လို့ အကုန်လုံး ရှုနေရတယ်၊ ဝိပဿနာဉာဏ် ရင့်လေလေ အစွဲအလမ်းတွေ ကင်းလေလေပဲ၊ နောက်ဆုံးကျတော့ အစွဲအလမ်းတွေ လုံးဝကင်းပြီး ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းသူ့ဟာသူ ရောက်သွားမှာပဲ၊ ဘာမှ အထူးကြောင့်ကြနေစရာမရှိဘူး၊ အလိုလိုရောက်သွားမယ်။

အဲဒါကြောင့် "ထင်ရှားရှိနေ၊ ရှပ်နာမ်တွေ၊ မှတ်လေသက္ကာယ"၊ ထင်ရှားရှိတဲ့ ရှပ်နာမ်တွေ ဟူသမျှဟာ သက္ကာယတွေ၊ မြင်ဆဲခဏ ကြားဆဲခဏ အခုနက အကုန်လုံးပြောပြီးပြီ၊ ဒီခြောက်ဌာနက လွတ်ပြီးတော့ ဒီပြင်လဲ မရှိဘူး၊ မြင်ဆဲ, ကြားဆဲ, ဒွါရခြောက်ပါးက ထင်ရှားတဲ့တရားတွေ၊ အဲဒါ သက္ကာယ တရားတွေပဲ။

အဲဒီသက္ကာယတရားတွေကို ငါကောင်ပဲ၊ အသက်ရှင်နေတဲ့ ငါပဲထင်လို့ ရှိယင် ဒါဒိဋ္ဌခေါ်တယ်၊ သက္ကာယကတခြား၊ ဒိဋ္ဌကတခြား၊ ဗမာပြည်မှာတော့ သက္ကာယကို ဒိဋ္ဌမှတ်နေတယ်၊ သက္ကာယကတခြား၊ ဒိဋ္ဌကတခြားပဲ၊ သက္ကာယဆိုတာက ရှပ်နာမ်အပေါင်း ဥပါဒါနက္ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရား၊ ဒိဋ္ဌဆိုတာကတော့ သူက ကိလေသာပဲ၊ အဲဒီရှပ်နာမ် သက္ကာယတွေကို ငါပဲလို့ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်မှတ်စွဲလမ်းနေတာ သက္ကာယဒိဋ္ဌ။

သက္ကာယဒိဋ္ဌဆိုတာ "ရူပံအတ္တာတောသမနုပဿတိ" ရူပံ၊ ရှပ်ကို။ အတ္တာတော၊ အတ္တာဟု။ အသက်ရှင်သော အကောင်ဟု ငါဟု။ သမနုပဿတိ၊ ရှုမြင်၏။ ရှုမြင်ဆိုတာ ထင်တာပါပဲ၊ အသိအမှတ်ပြုတာပါပဲ၊ သူက ဝိပဿနာရှုသလို တမင်တကာ ရှုနေတာ မဟုတ်ပါဘူး။ အနိစ္စန္တ သမနုပဿတိ–ဆိုတာမှာလဲ အနိစ္စရှုတာ၊ ပါဠိဟာအတူတူပဲ၊ အတ္တာတော၊ အတ္တာဟု။ သမနုပဿတိ၊ ရှု၏။ အတ္တာကောင်ပဲလို့ ရှုတယ်၊ ဒီမှာလဲရှုတယ်လို့ပဲ ဟောတာပဲ၊ ဒါပေမယ်လို့ သူကတော့ ဝိပဿနာရှုသလို တမင်တကာတော့ မဟုတ်ဘူး၊ ရှပ်ဟာအတ္တာပဲ စသည်ဖြင့် တမင်တကာ နှလုံးသွင်းနေရတာတော့ မဟုတ်ဘူး၊ သူ့ဟာသူ ရှပ်တရားတွေကို အာရုံပြုနေတိုင်းပြုနေတိုင်း အဲဒီအစွဲအလမ်း သူ့ဟာသူပင် ရောက်နေတယ်၊ မြင်တိုင်းမြင်တိုင်း မျက်စိနဲ့အဆင်းဟာငါပဲ၊ မြင်သိတာပါပဲ၊ ဒီလိုစွဲလမ်းနေတာကိုး၊ "ရူပံအတ္တာတောသမနုပဿတိ၊ ဝိညာဏံ အတ္တာတောသမနုပဿတိ" ရူပံ၊ ရှပ်ကို။ အတ္တာတော၊ အတ္တာဟု။ သမနုပဿတိ၊ ရှု၏။ ဝိညာဏံ၊ ဝိညာဏ်ကို။ ဝါ–စိတ်ကို။ အတ္တာတော၊ အတ္တာဟု။သနုပဿတိ၊ ရှု၏။ နောက်သင်္ခါရေ၊ ဝေဒနာသညာသင်္ခါရတို့ကိုလဲ။ အတ္တာတော၊ အတ္တာဟု။ သမနုပဿတိ၊ ရှု၏။ ခန္ဓာငါးပါးကို အတ္တာဟု ရှုပုံကို တွေ့ပါတယ်၊ နှစ်ဆယ်တောင်ရှိပါတယ်၊ ဟောထားတာ။

ဒီတခုလောက်ဆိုယင် တော်ပါပြီ၊ နည်းနည်းရှုပ်နေလို့ "ရူပံဝန္တံ ဝါ အတ္တာနံဝါ, အတ္တနိဝါရူပံ, ရူပသ္မိं ဝါ အတ္တာနံ" ဒါတွေက ပြောရနည်းနည်းရှုပ်တယ်၊ ဒီလောက်ဆိုယင် လုံလောက်နေပါပြီ၊ ရှပ်ကို အတ္တာဟုရှု၏၊ ရှပ်ကို အတ္တာထင်တယ်၊ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်တယ်၊ တချို့က ရှပ်ကိုပဲထင်နေတာပဲ၊ ရှပ်ဟာအသက်ရှင် နေတဲ့အကောင်ပဲထင်နေတယ်၊ တချို့က ဝေဒနာခံစားမှုကို အကောင်ဆုံးခံစားနေတာ ငါပဲ၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်နေတယ်၊ တချို့ကလဲ မှတ်မှုကို ငါမှတ်မိတယ်၊ မှတ်မိနေတာ ငါပဲ၊ မှတ်သားတာဟာ ငါပဲ၊ သညာကို အတ္တလို့ ထင်နေတယ်၊ တချို့က ဝိညာဏ်ကို သိတာလေးတွေမြင်သိလိုက်, ကြားသိလိုက်, စိတ်ကူးစဉ်းစားကြံစည်လိုက်, သိတာလေးတွေဟာ ငါသိနေတာပဲ၊ အဲဒီလို ထင်နေတယ်၊ သင်္ခါရ အတ္တ ထင်တာကတော့ သင်္ခါရက ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်, ပြုလုပ်နေတာ ငါပဲ၊ သင်္ခါရတွေကို၊ သင်္ခါရဆိုတာရှိတယ်၊ သူကပဲလုပ်နေတာ၊ အမှုကိရိယာတွေဟူသမျှ သူကပဲလုပ်နေတယ်။

ရှပ်ဆိုတာကလဲ သူကတော့ ဘာမှလုပ်တာမဟုတ်ဘူး၊ သူများကခိုင်းစေရာ ဖြစ်နေရသလိုပဲ၊ အသေသဘောမျိုးပဲ၊ နာမ်ကတိုက်တွန်းပေးမှ ရှပ်က လှုပ်ရှားမှုတွေဖြစ်နိုင်တယ်၊ သူက ဘာမှကြောင့်ကြစိုက်ရတဲ့ သဘောမရှိဘူး။

ဝေဒနာဆိုတာကလဲ ခံစားရုံမျှပဲ၊ အကောင်းအဆိုးခံစားရုံမျှပဲ ကောင်းတဲ့သဘော၊ ဆိုးတဲ့သဘောလေးမျှပဲ၊ ကောင်းကောင်းလိုက် ဆိုးဆိုးဖြစ်သွားကာမျှပဲ၊ ဘာမှ ကြောင့်ကြစိုက်ရတဲ့သဘောမရှိဘူး။

သညာဆိုတာကလဲ ပေါ်လာသမျှ မှတ်ရုံမျှလေးပဲ၊ ရုံးများမှတ်တမ်းရေးတဲ့ စာရေးများလိုပဲ၊ သူက ဘာမျှကြိုတင်ပြီး လုပ်ရတာမဟုတ်ဘူး၊ သူများရေးပြီးသားကူးပြီးသား မှတ်တမ်းတင်ရုံပဲ၊ ကြံ့ဖန်ပြီးတော့ ဘာမှလုပ်စရာမလိုဘူး၊ သူရှိတဲ့အတိုင်းလုပ်ရတယ်၊ လူများစာရင်းပေး ပေးတဲ့အတိုင်းမှတ်ယုံပဲ၊ အဲဒီလိုမဟုတ်ပဲနဲ့ ကိုယ်က တမင်တကာကူးပြီး တမျိုးတမည် ရေးလို့ရှိယင် လွဲကုန်မှာ၊ ဌေတရာရေးလာတဲ့ဥစ္စာ ဒီကနေပြီးတော့ ကိုးဆယ်ရေးယင် လွဲကုန်တာပေါ့၊ တရာ့တဆယ်ရေးယင် လဲလွဲမှာ၊ သူဟာ ရှိတဲ့အတိုင်း ရေးရမှာပဲ၊ သူက မှတ်တမ်းတင်ရုံပဲ၊ အခု ရကော်တာတွေ မှတ်တမ်းတင်တာနဲ့တူတယ်၊ ရကော်တာတွေဟာ ဒီကအသံဟာပြောနေယင် ပြောတဲ့အတိုင်းပဲ၊ မှားတဲ့အတိုင်းပဲ ပါသွားတော့တာပဲ၊ မတတ်နိုင်ဘူး၊ ဒီဥစ္စာ ကမှားတာ၊ ငါပြင်ပြီးအသံဖမ်းလိုက်အုံးမှပဲလို့ ကြောင့်ကြစိုက်မှုမရှိဘူး၊ ဒီကဘုန်းကြီးက မှားတာပြောလဲ မှားတာပါသွားမှာပါပဲ၊ မှန်တာပြောလဲ မှန်တာပါသွားမှာပါပဲ၊ ဒီကမပြောပဲနဲ့ နားနေယင်လဲ နားနေတာသူပါတယ်၊ ဒီနားမှာ တော်တော်ကြာတယ်၊ နားနေတာ၊ ထင်ရှားနေတာပဲ၊ သူရှိတဲ့အတိုင်းပဲ မှတ်သွားတယ်၊ အဲဒီလိုပဲ သညာလဲ ဒီအတိုင်းပဲ၊ မြင်ရတဲ့အာရုံ၊ ကြားရတဲ့အာရုံ၊ နံရ, စားရ, တွေ့ထိရတဲ့အာရုံ စိတ်ကူးစဉ်းစား ကြံ့စည်မိတဲ့အာရုံ ပေါ်လာတဲ့အာရုံတွေ ပေါ်တဲ့အတိုင်းပဲ သူမှတ်သွားတာပဲ၊ မှတ်တမ်းတင်သွားတယ်၊ သညာကလေးက။

ဝိညာဏ်ဆိုတဲ့ စိတ်ကလေးကလဲပဲ သိရုံမျှလေးပဲ၊ ဘာမှ ကြောင့်ကြဗျာပါဒ စိုက်တဲ့သဘောမရှိဘူး၊ အမှုကိရိယာတွေ ပြီးအောင်လုပ်နေတာက သခ်ါရကလုပ်နေတာ၊ ဒါကြောင့် သခ်ါရက ပြုပြင်တတ်တယ်၊ သူက ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်, အမျိုးမျိုးသော ကိုယ်အမှုအရာတွေဖြစ်လာအောင်၊ အမျိုးမျိုးသော ကိုယ်အမှုအရာတွေ ဖြစ်လာအောင်ဟာ သခ်ါရကလုပ်နေတယ်၊ ဝိပဿနာယောဂီတွေမှာ ကွေးတယ်, ဆန့်တယ်, ထိုင်တယ်, ထတယ်, စသည်ဖြင့်ရှုမှတ်နေရတာ အဲဒီသခ်ါရတွေ မှတ်နေရတာ၊ အဲဒီသခ်ါရတွေ မှတ်နေတာ၊ သခ်ါရကွန်ရက်တရားတွေ၊ သူတို့လုပ်နေတာ၊ ပြီးတော့ စကားပြောမယ်လုပ်ပြန်ပြီ၊ နှုတ်ကပြောမယ် ဟိုစကားလုံးပြောမယ်၊ ဒီစကားလုံး ပြောမယ်၊ ပြောချင်လို့ စိတ်ကူးတယ်၊ အဲဒါ စကားပြောတဲ့ ပြောမှုဆိုမှုတွေ ပြီးအောင်လဲပဲ ဒီသခ်ါရကလုပ်တာပဲ၊ သူကတိုက်တွန်းပြီးတော့ လုပ်နေတာ၊ စိတ်ကူးစဉ်းစားကြံ့စည်မှုတွေလဲပဲ သူပဲ ကြံ့နေတာပဲ၊ အကြံ့အစည်တွေ ဖြစ်အောင် သူပဲ အားထုတ်နေတာပဲ၊ မြင်မှု, ကြားမှုတွေပြီးအောင်လဲ အားထုတ်မှု ပါသေးတာပဲ၊ မြင်မှု, ကြားမှုတွေ ပြီးအောင်လဲ အားထုတ်မှုပါသေးတာပဲ၊ စူးစိုက်မှု၊ ကြောင့်ကြစိုက်မှုတွေပါနေတာပဲ၊ အမှုကိရိယာတွေ ကိုယ်အမှုအရာ၊ အမှုကိရိယာတွေ၊ နှုတ်အမှုအရာ အမှုကိရိယာတွေ၊ စိတ်ကူးကြံ့စည်မှုကိရိယာတွေ အဲဒီလိုအမှုအရာတွေဟူသမျှ ဘယ်သူက လုပ်နေသလဲ၊ သခ်ါရကွန်ရက်က လုပ်နေတာ၊ အဲဒါ အဲဒီသခ်ါရကွန်ရက်ကို ငါလို့ မှတ်ထင်တယ်၊ ငါထင်တတ်တယ်၊ ထင်လဲထင်စရာကောင်းတယ်၊ သူက အလုပ်လုပ်နေတာကိုး။

အတ္တနဲ့အမျိုးမျိုး

ကျမ်းဂန်နဲ့ အတ္တစွဲပုဂ္ဂိုလ်တွေကတော့ ဘယ်လိုစွဲထားတုံးဆိုတော့ ကာရကတဲ့၊ ကာရကအမှုကိရိယာပြုလုပ်တဲ့ ဥစ္စာဖြစ်ယင်ဖြင့် အတ္တကောင်ပဲ၊ အတ္တအကောင်ကလုပ်တာ၊ အသက်ရှင်နေတဲ့ အကောင်မရှိပဲ ဘယ်လုပ်တတ်မလဲ၊ ကျောက်ခဲတို့, တုံးတို့, တိုင်တို့, ဘာမှမလုပ်တတ်ဘူးတဲ့၊ ကွေးအောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်လုပ်တတ်တယ်၊ အဲဒီလိုလုပ်တာ အသက်ရှင်နေတဲ့ အကောင်ကလုပ်တာ၊ ကောင်းအောင်လဲလုပ်တယ်၊ မကောင်းအောင်လဲလုပ်တယ်၊ ပြောပြန်ဆိုပြန်လဲ ရှင်တဲ့အခါပြောတာပဲ၊ သေတဲ့အခါကာလမပြောဘူး၊ စိတ်ကူးစဉ်းစား ကြံ့စည်နေတာလဲ အတ္တ အသက်ရှင်နေတဲ့ အကောင်က ပြောနေတယ်၊ အဲဒီတော့ အမျိုးမျိုးသော အမှုအရာတွေလုပ်နေတာဟာ သခ်ါရကွန်ရာ၊ စာသဘောနဲ့ဆိုယင်တော့ သခ်ါရကွန်ရာလို့ ပြောရတာပေါ့လေ၊ ဒါပေမယ်လို့ စွဲလမ်းတဲ့ ပုဂ္ဂိုလ်တွေမှာ အတ္တစွဲတဲ့ပုဂ္ဂိုလ်တွေကတော့ ငါပဲလို့ စွဲလမ်းနေတယ်၊ အဲဒီသခ်ါရကွန်ရာတွေကို၊ အဲဒါကြောင့် ခန္ဓာငါးပါးတွေကို ငါဟူ၍ စွဲလမ်းတာဟာ ဒိဋ္ဌိတဲ့၊ တကယ် ထင်လို့ရှိယင် ဒါတွေဒိဋ္ဌပဲ၊ ပကတိပုဂ္ဂိုလ်တွေကတော့ ဒီလိုထင်နေတာပဲ၊ စာပေတွေအရရယ်လို့ မဟုတ်ဘူး။

အတ္တစွဲထားလဲ ကျမ်းဂန်တွေက သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အတ္တတွေ ကျမ်းဂန်တွေနဲ့ ကျကျနနရှိတယ်၊ အိန္ဒိယ ဟိန္ဒူကျမ်းတွေမှာ ရှိတယ်၊ သာမိတဲ့၊ ခန္ဓာအိမ်ကြီးကို အစိုးရတယ်၊ သူအလိုရှိသလိုလုပ်လို့ရတယ်၊ နိဝါသိ၊ ခန္ဓာအိမ်ထဲမှာ အမြဲရှိနေတဲ့အတ္တလေး၊ တချို့လဲ ခန္ဓာအိမ်တခုလုံး ပြည့်နေတယ်လို့ပြောတယ်၊ အတ္တက ခန္ဓာအိမ်ကြီးသလောက် အတ္တကလဲကျယ်ပြန့်ပြီးတော့ ခန္ဓာအိမ်ငယ်လို့ ရှိယင်လဲ ငယ်သလောက် သူက သေပြီးတော့ ရော်ဘာများလိုပဲ၊ ရော်ဘာဟာ ဆွဲလိုက်ယင်ရှည်လာတယ်၊ ပြန်လွှတ်လိုက်လို့ရှိယင် ငယ်ငယ်ကလေး ပြန်ဖြစ်သွားတာပဲ၊ အတ္တကလဲ အကြီးအငယ်ရှိတယ်၊ ဆင်ကြီးတွေရဲ့ကိုယ်ထဲမှာဝင်တဲ့ အတ္တကျတော့ကြီးတယ်၊ ဆင်ကောင်ကြီးဟာ အကြီးကြီးဖြစ်နေလို့၊ ပိုးမွှားကလေး၊ အသေးတွေကျတော့ အတ္တကသေးတယ်၊ ကြီးချင်တဲ့အခါကြီး၊ ငယ်ချင်တဲ့အခါငယ်၊ အတ္တဟာ ဒီလိုပဲ၊ တကိုယ်လုံးပြန့်နေတယ်လို့ ဒီလိုလဲယူကြတယ်၊ ဒါကြောင့် ကိုယ်တကိုယ်လုံး ပြည့်ပြီးတော့ တည်နေတယ်တဲ့၊ တချို့က ကိုယ်တကိုယ်လုံးတည်နေတယ် မဟုတ်ဘူး၊ နှလုံးအိမ်ထဲမှာ တည်နေတယ်ဆိုပြီး တချို့က ဒီလိုယူဆကြတယ်၊ ကိုယ်ထဲမှာ ဒီအတ္တက

အမြဲတမ်းတည်နေတယ်လို့ ယူဆတယ်၊ ဒီခန္ဓာကိုယ်ကြီးက တခုပျက်သွားပြန်တော့လဲ ခန္ဓာကိုယ်တခုကို ပြောင်းသွားတယ်လို့ ဒီလိုဆိုတာကိုး။ ကျမ်းတခုကဆိုထားတယ်၊ ဒီကိုယ်ထဲမှာ ကိုယ်အကြေမ်းနဲ့ ကိုယ်အနုနှစ်ခုရှိတယ်လို့ ဒီလိုယူဆတယ်၊ သေတဲ့ အခါကာလကျတော့ ကိုယ်အကြေမ်းကြီးက တခါတည်း ပုပ်ပွပြီးတော့ ပျက်စီးသွားတယ်၊ သေသွားတယ်ပေါ့လေ၊ ကိုယ်အနု ကလေးက ဒီအတိုင်းထွက်သွားတယ်လို့ ပြောတယ်၊ ဘဝသစ်သွားဖြစ်တယ်၊ ဒီလိုယူဆတယ်ကိုး၊ အတ္တအစွဲက ဒီလိုယူတယ်၊ အတ္တစွဲက သာမိအတ္တ၊ တကိုယ်လုံးကို အစိုးရတဲ့ အသက်ရှင်နေတဲ့အတ္တ အကောင်ရှိတယ်လို့ ယူဆတာက သာမိအတ္တ၊ ခန္ဓာ ကိုယ်ထဲ၌ အမြဲတည်ရှိနေတယ်လို့၊ အသက်ရှင်နေတဲ့အကောင်ဟာ အမြဲတည်ရှိနေတယ်လို့ထင်တာက နိဝါသိအတ္တ၊ ကာရက အတ္တ၊ အမျိုးမျိုးသော အမူအရာကိရိယာတွေပြုလုပ်တတ်တဲ့ အကောင်ဟာရှိတယ်တဲ့၊ အသက်ရှင်နေတဲ့ အကောင် ငါကောင်က ပဲ ကိရိယာတွေ ပြုလုပ်နေတယ်လို့ ယူဆတာက ဒါ ကာရကအတ္တ၊ အကောင်းအဆိုး အမျိုးမျိုးကို ခံစားနေတယ်၊ ငါကပဲခံစား နေတယ်လို့ ထင်တာက ဝေဒကအတ္တ၊ ဝေဒက–ပါဠိလိုက ခံစားတတ်တယ်လို့ ဆိုလိုတယ်၊ သာမိ, နိဝါသိ, ကာရက, ဝေဒက, အဓိဋ္ဌာယက, အဓိဋ္ဌာယကနဲ့ ခုနက ကာရကနဲ့ သိပ်မကွာလှဘူး၊ စီမံခန့်ခွဲတတ်တယ်၊ အမျိုးမျိုးသောကိစ္စတွေ ပြီးမြောက် အောင်လို့ စီမံခန့်ခွဲတတ်တာ၊ ဒီကိုယ်ထဲမှာ ရှိတယ်၊ အဲဒီလို စီမံခန့်ခွဲတတ်တဲ့ အကောင်ကလေးဟာ ကိုယ်ထဲရှိနေတယ်တဲ့ သူအတ္တပဲ၊ ဒီလိုစွဲလမ်းကြတာကိုး၊ အဲဒါ ကျမ်းဂန်တွေနဲ့ ကျကျနနစွဲလမ်းတဲ့ ပုဂ္ဂိုလ်တွေ။

အဲဒီလို မဟုတ်သော်လဲပဲ သာမန်ပုဂ္ဂိုလ်တွေအနေအားဖြင့်တော့ ဒီအတိုင်း စွဲလမ်းတာပဲ၊ မြင်တိုင်း မြင်တိုင်းဟာက တော့ငါပဲ၊ ကြားယင်လဲ ငါပဲ၊ နံယင်လဲငါပဲ၊ ငါ့ချည်းထဲပဲ၊ အကုန်လုံးစွဲလမ်းတယ်၊ ရုပ်ကိုယ်ကို အကြောင်းပြုပြီးတော့ ရုပ် ကိုယ်ကြီးတခုလုံးကိုလဲ ငါပဲလို့စွဲလမ်းတယ်၊ "ရူပံ အတ္တာတော သမနုပဿတိ"တဲ့၊ အကောင်းအဆိုးခံစားမှုတွေ အကြောင်းပြု ပြီးတော့လဲ ငါပဲ ငါခံစားတယ်၊ ငါကောင်းတယ်၊ ငါဆိုးတယ်၊ ငါအနေခက်နေတယ်ဆိုတာ၊ ငါဝမ်းသာနေတယ်၊ ငါစိတ်ညစ် နေတယ်စသည်ဖြင့် တကယ်အကောင်ကလေးဟုတ်နေတဲ့ အနေအားဖြင့်စွဲလမ်းတယ်၊ ဒါအတ္တစွဲခေါ်တယ်၊ သက္ကာယဒိဋ္ဌခေါ် တယ်၊ ဒီတော့ သညာမှတ်သားတာကလဲပဲ မှတ်မိတာတွေဟာ ငါပဲ ထင်နေလို့ ရှိယင် ဒါသညာကို စွဲလမ်းတာပဲ၊ သခ်ါရပြုမှု တွေ အားထုတ်မှုတွေ ဒါလဲ ငါပြုလုပ်တယ်၊ ငါအားထုတ်နေတာပဲ၊ ဒါက သခ်ါရစွဲလမ်းတာ၊ သိတာလေးစွဲလမ်းလို့ရှိယင် ငါ သိတယ်၊ ငါမြင်တယ်၊ ငါကြားတယ် စသည်ဖြင့် စွဲလမ်းယင် ဒါဝိညာဏ်စွဲလမ်းတယ်၊ ခန္ဓာငါးပါးလုံး အကုန်လုံးစွဲပါတယ်၊ ပကတိပုဂ္ဂိုလ်တွေ ဒီအတိုင်းစွဲနေတာပဲ၊ ဒီအတိုင်း အစွဲအလမ်းတွေ ရှိနေတာပဲ။

မြတ်စွာဘုရားဟောတဲ့ တရားတော်တွေ ကြားနာရလို့ ဒီကိုယ်ထဲမှာ ရုပ်တရား နာမ်တရားမျှရှိတယ်လို့ ဒီလိုသိထား တဲ့ပုဂ္ဂိုလ်တွေ နည်းနည်းသက်သာတယ်၊ သိပ်ပြီးတော့ အစွဲအလမ်းမကြီးဘူးပေါ့လေ၊ ဒါပဲရှိတယ်၊ လုံးလုံးကင်းသလား၊ လုံးလုံးတော့မကင်းဘူး၊ လုံးလုံးကင်းတာကတော့ အရိယမဂ်ဖိုလ်ရောက်မှပဲ ကင်းတယ်၊ ဝိပဿနာတရားအားထုတ်လို့ ရုပ်နာမ်အဖြစ်အပျက်ကလေးတွေကို အမှန်အတိုင်း သိနေပြီဆိုတဲ့အခါကျယင်ဖြင့် အစွဲအလမ်းမရှိပါဘူး၊ မူလတုန်းက တို့ထင် နေတာ မြင်တာလဲငါပဲ၊ ကြားတာလဲ ငါပဲ၊ ဒီလိုအောက်မေ့နေတာ၊ အပြီးသတ်တော့ မြင်တာလေးဟာလဲ မြင်ပြီးပျောက်သွား တာပဲ။ မမြဲတဲ့သဘောတရား၊ ကြားကြားပြီးပျောက်သွားတာပဲ၊ ထိသိတာလဲ ထိသိပြီး ပျောက်သွားတာပဲ၊ စိတ်ကူးစဉ်းစား ကြံစည်တာလေးလဲ စိတ်ကူးစဉ်းစားကြံစည်ပြီး ပျောက်သွားတာပဲ၊ ရှုတဲ့စိတ်ကလေးလဲ ရှုပြီးပျောက်သွားတာပဲ၊ ဘာမှ မြဲတည် နေတာမရှိဘူး၊ သူ့အခိုက်အတန့် ဖြစ်ပြီးပျက်သွားတဲ့ သဘောတရားမျှပဲ၊ ရှုယင်းရှုယင်း ရှင်းပြီးတော့သိတယ်၊ အဲဒီအခါကျ ယင် ဒီအတ္တစွဲဟာ ဒီမှာ မစွဲဘူး၊ အတ္တစွဲကင်းသွားတယ်၊ အဲဒါ အခိုက်အတန့်လေးကင်းသွားတယ်၊ ဝိပဿနာ ရှုတိုင်းရှုတိုင်း ဒီအမှန်အတိုင်း သိနေလို့ရှိယင် ဒီအတ္တစွဲဟာ သက္ကာယဒိဋ္ဌစွဲကင်းတယ်၊ အရိယမဂ်ဉာဏ် ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီ အစွဲလုံးလုံးမရှိတော့ဘူး၊ ပြန်စဉ်းစားတိုင်း စဉ်းစားတိုင်းဟာ ဒီရုပ်နာမ်တရားတွေ ဒီရုပ်နာမ်တရားတွေပဲ၊ အမှန်အတိုင်းပြန်ပြီး တော့သိတယ်၊ အဲဒီအတ္တဟာ ပျောက်ပါတယ်၊ အဲဒီ မရောက်သေးဘူး ဆိုလို့ရှိယင်တော့ ခုနကပြောတာ အနည်းနဲ့အများတော့ ရှိတယ်၊ အဲဒီအစွဲကို သက္ကာယဒိဋ္ဌလို့ ခေါ်ပါတယ်၊ သက္ကာယဆိုတာ ထင်ရှားရှိတဲ့ နာမ်အပေါင်း၊ "ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ၊" ခုနကဆိုပြီးပြီ၊ သက္ကာယဆိုလျှင် ရုပ်နာမ်အပေါင်းပဲ၊ ဒိဋ္ဌမဟုတ်သေးဘူး၊ ဒါလေးခွဲထားရတယ်။

ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ။
သက္ကာယမှာ၊ ငါထင်တာ၊ သက္ကာယဒိဋ္ဌမှတ်။

သက္ကာယကို ငါပဲလို့ ထင်တဲ့ဥစ္စာဟာ သက္ကာယဒိဋ္ဌ၊ သက္ကာယဆိုတာဘာလဲ ထင်ရှားရှိတဲ့ရုပ်နာမ်အပေါင်း၊သက္ကာယ ဒိဋ္ဌဆိုတာဘာလဲ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေကို ငါကောင်, အသက်ကောင်, သတ္တဝါကောင်လို့ ထင်မြင်တာတဲ့၊ စွဲလမ်းပုံ သာမန်တင်ရုံမဟုတ်ဘူး၊ စွဲကိုစွဲလမ်းတာကို သက္ကာယဒိဋ္ဌခေါ်တယ်၊ မြင်ဆဲကြားဆဲစသည်၌ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းက သက္ကာယ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင်၊ သတ္တဝါကောင်ဟု ထင်တာက သက္ကာယဒိဋ္ဌ။

သက္ကာယနဲ့ သက္ကာယဒိဋ္ဌဆိုတာ ကွဲသွားတယ်၊ သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်း၊ မြင်ဆဲမှာ ထင်ရှား ရှိတယ်၊ မျက်စိရုပ်၊ မြင်ရတဲ့အဆင်း၊ မြင်သိတဲ့နာမ်၊ အဲဒါ ခန္ဓာနဲ့ ဖွဲ့မယ်ဆိုယင် ခန္ဓာငါးပါးတရားပဲ၊ အဲဒါ သက္ကာယတရား၊ သစ္စာလေးပါးနဲ့ပြောမယ်ဆိုယင် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာတရားပဲ၊ ဒုက္ခသစ္စာတရား၊ ဥပါဒါနက္ခန္ဓာတရား၊ သက္ကာယမည်သော တရား၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်း၊ ဒါက ဒိဋ္ဌမဟုတ်သေးဘူး၊ အဲဒီ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင်ပဲ၊အသက်

ရှင်နေတဲ့အကောင်ပဲ၊ သတ္တဝါပဲ၊ သတ္တဝါနဲ့ ငါနဲ့ အသက်ရှင်နေတာနဲ့ အတူတူပဲ၊ အဲဒီလို အသက်ရှင်နေတဲ့ အကောင်အနေအားဖြင့် ထင်လို့ရှိယင်အဲဒါဟာ သက္ကာယဒိဋ္ဌခေါ်တယ်။

သက္ကာယဒိဋ္ဌကင်းရန် အရေးကြီး

အရေးအကြီးဆုံးက အဲဒီသက္ကာယဒိဋ္ဌကင်းအောင်လို့ ကျင့်ရမှာ၊ သက္ကာယဒိဋ္ဌကင်းသွားမှ အပါယ်လေးပါးက အစဉ်ထာဝရ လွတ်မြောက်သွားတယ်၊ တချို့ကတော့ ပြောတတ်ကြတယ်၊ တရားအားထုတ်လို့ရှိယင် သက္ကာယဒိဋ္ဌကင်းရမယ်၊ ဒီလိုလဲဆိုကြတယ်၊ သက္ကာဒိဋ္ဌကင်းရမယ်၊ သက္ကာယဒိဋ္ဌမကင်းလို့ရှိယင် နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဒီလိုလဲပြောကြတယ်၊ အဲဒါကတော့ ဒီလိုတော့ မဟုတ်တတ်ဘူး၊ သက္ကာယဒိဋ္ဌ စောစောကင်းနေယင် သောတာပန်ဖြစ်နေမှာပဲ၊ အားထုတ်စရာ မလိုတော့ပါဘူး၊ ပြီးနေပြီ၊ သောတာပန်တောင်ဖြစ်နေပြီ၊ အဲဒါကတော့မဟုတ်ဘူး၊ တချို့ပုဂ္ဂိုလ်တွေက အဲဒီလို ပြောတတ်တယ်၊ အဲဒါကတော့ မဟုတ်ဘူး၊ တချို့ပုဂ္ဂိုလ်တွေက အဲဒီလိုပြောတတ်တယ်၊ လူတွေကို ချောက်တွန်းအားကြီးရာ ရောက်တယ်၊ သက္ကာဒိဋ္ဌဟာ စောစောက ကင်းရမယ်ဆိုတော့ မဖြစ်နိုင်ဘူး၊ သက္ကာယဒိဋ္ဌဆိုတာ ဘယ်ကျမှ ကင်းလဲဆိုတော့ သောတာပတ္တိမဂ်ရောက်မှကင်းတယ်၊ သောတာပတ္တိမဂ်မရောက်သေးခင် ဝိပဿနာရှုနေတုန်း သခ်ါရပေက္ခာဉာဏ် ရောက်နေလဲ ကင်းတယ်လို့တော့ မဆိုရဘူး၊ သို့သော်လဲ ဖြစ်တော့ဖြစ်ခဲ့တာပေါ့လေ၊ ဝိပဿနာဉာဏ်နဲ့ရုပ်နာမ်တွေ ဖြစ်လိုက်ပျက်လိုက်တွေ ရှုမှတ်ပြီးတော့ တွေ့နေတဲ့ပုဂ္ဂိုလ်က ဒီကိုယ်ထဲမှာ အတ္တကောင်ရယ်လို့ မရှိဘူး၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာ ရှင်းပြီးတော့ သိနေပါတယ်။ ဒါပေမယ်လို့ အဲဒါလောက်နဲ့ ရပ်ထားလို့ ရှိယင် တော်တော်ကြာတော့ အတ္တလေးဟုတ်ထင်ပါရဲ့ ဖြစ်လာမှာ၊ ဝိစိကိစ္ဆာရောက်လာမှာ၊ ဝိစိကိစ္ဆာအားကောင်းလာပြီးတော့ အတ္တတွေရှိနေတာပါပဲဆိုပြီးတော့ အတ္တဒိဋ္ဌ ပြန်ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တဲ့ သဘောရှိတယ်၊ ဝိပဿနာဉာဏ်စဉ်အတိုင်း အားထုတ်လို့ အနုလောမ ဉာဏ်ကနေပြီးတော့ ဂေါတြဘူဉာဏ်၊ နောက်ဆုံး အရိယမဂ်ဉာဏ်ရောက်ပြီး အရိယ မဂ်ဉာဏ်ရောက်၊ အဲဒီကစပြီးတော့ ဒီအတ္တစွဲဟာ ပြန်မဖြစ်နိုင်တော့ဘူး။

သူများလိုပဲ သာမန်နေတဲ့အခါတော့ သူများလိုပါပဲ၊ မထူးပါဘူး၊ သောတာပန်ဆိုတာ သက္ကာယဒိဋ္ဌ၊ ဝိစိကိစ္ဆာကင်းတာကိုး၊ ဒိပြင်ကိလေသာတွေက ကင်းတာမဟုတ်တော့ လောဘလဲ ရှိနိုင်သမျှ ရှိသေးတာပဲ၊ အပါယ်လေးပါးကျလောက်တဲ့ ကြမ်းတမ်းတဲ့ လောဘတွေသာမရှိတာကိုး၊ အပါယ်လေးပါးကျတတ်တဲ့ ဒေါသတွေသာမရှိတာ၊ သာမန်လောဘ, ဒေါသကတော့ သူ့မှာကင်းတာမဟုတ်တော့ သူများလိုပဲ စီးပွားရေး လုပ်ရကိုင်ရ၊ သွားရလာရ ကာမဂုဏ်အာရုံတွေ သုံးဆောင်ခံစားမှုတွေ၊ ဒီလိုဟာတွေ သူ့မှာရှိနေတာကိုး၊ ရှိနေတော့ အမှတ်တမဲ့ ကြည့်မယ်ဆိုယင်တော့ အတူတူပဲ အောက်မေ့ရတယ်၊ သူများလိုပဲ သွားလိုက်လာလိုက်၊ စားလိုက်သောက်လိုက်၊ လုပ်လိုက်ကိုင်လိုက်၊ ဒီလိုနေနေတော့ အတူတူပဲထင်ရတယ်၊ ဒါပေမယ်လို့ သူက အတ္တစွဲလေး မဟုတ်ဘူး၊ အတ္တစွဲမရှိဘူး၊ နှလုံးသွင်းယင် အတ္တတွေသူပျောက်နေတယ်။

ဒိပြင်ပုဂ္ဂိုလ်တွေကတော့ သောတာပတ္တိမဂ်ကို မရောက်သေးတဲ့ပုဂ္ဂိုလ်တွေက စဉ်းစားတိုင်းစဉ်းစားတိုင်း အတ္တစွဲတွေ ရောက်လာတယ်၊ ရုပ်နာမ်ကို လုံးလုံးမသိသေးတဲ့ ပုဂ္ဂိုလ်တွေဆိုယင် စဉ်းစားယင်း တကယ့်ကို အတ္တဟာ ရှိနေတာပါပဲ၊ ဥပမာ ဝိပဿနာရှုတောင်မှ ဝိပဿနာဉာဏ် မရင့်သေးတဲ့ပုဂ္ဂိုလ်ဆိုယင် အတ္တစွဲလေးဟာ ကောင်းကောင်း ကင်းတာမဟုတ်သေးဘူး၊ ရှိနေတာပဲ၊ သခ်ါရပေက္ခာက နားထားတဲ့ပုဂ္ဂိုလ်တောင်မှ အတ္တစွဲဟာ ပြန်ပြီးဝင်လာမယ်ဆိုယင် ဝင်လာနိုင်သေးတယ်၊ အကောင်ကလေးရှိ ထင်ပါရဲ့၊ ရှိတာ ဟုတ်တာပါပဲလို့ ဒီလိုလဲ စွဲလမ်းနိုင်သေးတယ်။

အရိယမဂ်ဉာဏ်ရောက်ပြီးသား ပုဂ္ဂိုလ်ကတော့ စဉ်းစားဆင်ခြင်တိုင်း အတ္တလေးမရှိဘူး၊ အခုရုပ်နာမ်တွေ ဝိပဿနာရှုတုန်းက ဖြစ်ပျက်နေတဲ့တရားတွေ တွေ့ခဲ့တဲ့အတိုင်းဟာ ဒီအတိုင်းပါပဲ၊ သူဖြစ်ပျက်နေတာပဲ၊ ဒီလိုပဲ ရုပ်နာမ်ပဲဆိုတာ ရှင်းပြီးတော့ အကောင်းလေးမရှိဘူး၊ အဲဒါကြောင့် "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"၊သက္ကာယဒိဋ္ဌကင်းပုံကို ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ ပထမဆုံး ဒီဟာက အရေးကြီးတယ်၊ အဲဒါလေး ကင်းသွားမှ၊ ဒါလေး ကင်းသွားလို့ရှိယင် အပါယ်လေးပါးကျနိုင်တဲ့ အကုသိုလ်ကိလေသာတွေလဲ ကင်းတယ်၊ ဒါလေးအရေးကြီးတယ်၊ ဒီဒိဋ္ဌကင်းတာနဲ့ အပါယ်ကျလောက်တဲ့ အကုသိုလ်တွေ အကုန်ကင်းတာ၊ ဘာပြုလို့တုံး၊ ဒီဒိဋ္ဌနဲ့ အစွဲသန်နေယင် ငါကောင်ပဲလို့ အစွဲသန်နေတဲ့အတွက် ငါချမ်းသာရအောင် ငါကောင်းစားရအောင် ငါနဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ ချမ်းသာရအောင် ကောင်းစားရအောင်လို့ဆိုပြီးတော့ သူမလုပ်သင့်တာတွေ လုပ်တာ။

ဒီအတ္တစွဲမရှိတဲ့ပုဂ္ဂိုလ်က ငါလေးကောင်းစားအောင်လို့ မကြောင့်ကြတော့ဘူး၊ ဘာပြုလို့လဲဆိုတော့ ငါဆိုတဲ့ အစွဲမရှိပဲဟာကိုး၊ ရုပ်နာမ်သခ်ါရ တရားတွေပဲ၊ ဒီသခ်ါရတရားတွေအတွက် ငါကောင်းအောင် မလုပ်နိုင်ပါဘူး၊ မတော်တာတွေ မလုပ်ဖြစ်ဘူး၊ နောက်ပြီးတော့ သူတပါးတွေလဲ ငါလို့ သတ္တဝါလို့ မထင်ပဲ၊ သေပါစေ၊ ပျက်ပါစေ စသည်ဖြင့် ဒီထိအောင်လဲ သူကကြောင့်ကြမစိုက်ဘူး၊ အဲဒါကြောင့် သူ့မှာ အပါယ်လေးပါး ကျလောက်တဲ့ အပါယ်လေးပါးကျစေနိုင်တဲ့ ကိလေသာတွေကင်းတယ်၊ ဒါကြောင့် သက္ကာယဒိဋ္ဌကင်းဖို့ရာ အရေးကြီးပါတယ်၊ အခုနကပြောတဲ့ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင်၊ သတ္တဝါကောင်ဟု ထင်တာကတော့ သက္ကာယဒိဋ္ဌ၊ မြင်တိုင်း, ကြားတိုင်း, တကယ်ရှိတာ ဟုတ်နေတာပဲ၊ မြင်တဲ့အခါကာလ တကယ်ရှိတာ ဟုတ်တယ်။

သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သက္ကာယေ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌။ ဒိဋ္ဌိ၊ ငါပဲ သတ္တဝါကောင်ပဲ, အသက်ရှိတဲ့အကောင်ပဲ, ထင်မြင်ယူဆ စွဲလမ်းခြင်းသည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မည်၏။

ထင်ရှားရှိနေတဲ့ ရုပ်နာမ်တွေကိုပဲ ရုပ်နာမ်ရယ်လို့ မသိပဲနဲ့ ဖြစ်ပျက်နေတဲ့ တရားလို့၊ မသိပဲနဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တရယ်လို့မသိပဲနဲ့ အသက်ရှင်နေတဲ့ အကောင်ကလေးပဲ၊ ဒီလိုထင်မှာ၊ အဲဒါ သက္ကာယဒိဋ္ဌိ ခေါ်တယ်၊ အဲဒီ သက္ကာယဒိဋ္ဌိ ဟာ အရိယမဂ်အောက်ထစ်ဆုံး သောတာပတ္တိမဂ် ရောက်ယင်ကို ဒါကင်းရတယ်၊ ဒါကြောင့်မို့ "ရုပ်နာမ်အစု၊ ငါကောင်ဟု" ရုပ်နာမ်အစုဆိုတာ ခုနက ရှုတိုင်းရှုတိုင်း ရုပ်နာမ်အစုဆိုတာနဲ့ အတူတူပဲ၊ "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ ဒါကလေးဟာ ဆိုင်ရာ ဆိုင်ရာ ခဏ ခဏဆိုရတယ်။

ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ။

ရုပ်နာမ်အစု မြင်ဆဲခဏမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ကြားဆဲခဏမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ နံဆဲ, စားဆဲ, ထိဆဲ, ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ကွေးဆဲ, ဆန့်ဆဲ, လှုပ်ရှားပြုပြင်ဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ရှူဆဲ မှတ်ဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ အကုန်လုံး ရုပ်နာမ်အစုတွေချည်းထဲပဲ၊ အဲဒီ ရုပ်နာမ်အစုတွေ ငါပဲ ငါက မြင်တယ်၊ ငါက ကြားတယ်၊ငါက နှလုံးသွင်းတယ်၊ ငါဆင်ခြင်တယ်၊ ငါရှူတယ်၊ ငါကွေးတယ်၊ ငါဆန့်တယ်၊ စသည်ဖြင့် အသက်ရှင်နေတဲ့အကောင်ကတကယ်လုပ်နေတယ်၊ အဲဒီလိုထင်လို့ရှိယင် ဒါသက္ကာယဒိဋ္ဌိလို့ ခေါ်တယ်၊ ထင်ရှားရှိတဲ့ရုပ်နာမ်ကို အသက်ရှိတဲ့သတ္တဝါကောင်၊ ငါကောင်ပဲလို့ ထင်တာ၊ အဲဒါ သက္ကာယဒိဋ္ဌိ၊ အဲဒီ သက္ကာယဒိဋ္ဌိမျိုး မရှိဘူး၊ အရိယာပုဂ္ဂိုလ်မှာ မရှိဘူး၊ ဒါကိုဆိုတယ်၊ "ရုပ်နာမ်အစု၊ ငါကောင်ဟု"၊ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အစုကို အသက်ရှင်နေတဲ့ငါကောင်ပဲလို့ ထင်မှတ်စွဲလမ်းမှု မရှိပါဘူး၊ ဒါတွေ မရှိအောင်ကို အားထုတ်ရမှာ၊ အဲဒီ သက္ကာယဒိဋ္ဌိ၊ ဒါက စပ်လို့ပြောတာ။

ဒီနေရာမှာ သက္ကာယဒိဋ္ဌိကတော့ မပါဘူး၊ သက္ကာယတဲ့ ဒီမှာပါတယ်၊ ဒီမှာ မပါပေမယ်လို့ သက္ကာယနဲ့ သက္ကာယဒိဋ္ဌိ လုံးနေမှာဆိုလို့ သက္ကာယဒိဋ္ဌိနဲ့ ခွဲပြောနေရတယ်၊ ဒီသုတ်ထဲမှာ သက္ကာယဒိဋ္ဌိက မပါဘူး၊ သက္ကာယတင်ပဲ၊ သက္ကာယက ဒီဘက်ကမ်း၊ နိဗ္ဗာန်က ဟိုဘက်ကမ်း၊ ဒါပဲ၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေ ရှုရတယ်၊ ခုနက ပြောတဲ့အတိုင်း "ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာရှု၍ ဖြစ်သနည်း၊ စွဲလမ်းနိုင်ရာ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း"၊ စွဲလမ်းနိုင်တဲ့ ငါးခန္ဓာဆိုတာ သက္ကာယတရားတွေပဲ၊ အဲဒါတွေ ရှုရတယ်။

နိဗ္ဗာန်ကို ရှေ့လို့မရ

အဲဒီတော့ ဒီဒုက္ခသစ္စာတရားတွေ ဝိပဿနာရှုနေတာ ဘယ်ရောက်နေလဲဆိုတော့ ဒီဘက်ကမ်းပဲ ရှိသေးတယ်၊ ဟိုဘက်ကမ်း မရောက်သေးဘူး၊ ဒါဖြင့် ဟိုဘက်ကမ်းကျော်ပြီး ရှုလိုက်ပါလားဆိုတော့ အဲဒီလိုကျော်ရှုလို့တော့ မဖြစ်ဘူး၊ ဒီလိုရှုလို့ရှိယင် လွယ်လွယ်လေးနေမှာပေါ့၊ နိဗ္ဗာန် ဟိုဘက်ရှေ့လိုက်ပါလားဆိုတော့ ကိုယ့်ဟာကိုယ်ရှေ့လို့ မဖြစ်ဘူး။

ကိုယ့်ဘာသာဉာဏ်စဉ်တက်ကြ

တချို့တရားအားထုတ်ကြတယ်၊ ဝိပဿနာဉာဏ်တွေဟာ သူတို့ဟာသူတို့ပဲ အဆင့်ဆင့် တက်ကြတယ်၊ နာမရူပပရိစ္ဆေဒဉာဏ် ဆိုပြီးတော့လဲ နာမ်တရားရုပ်တရား နာမ်နဲ့ရုပ်သာရှိတယ်၊ ဆိုပြီးတော့ နှလုံးသွင်းပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်လုပ်တာကိုး၊ ဒီတော့အကြောင်းနဲ့ အကျိုးတရားတွေ ဆင်ခြင်ပြီးတော့ အကြောင်း အကျိုးတရား၊ နာမရူပပရိစ္ဆေဒဉာဏ် အတော်ကြေပြီလို့ ယူဆပြီးတော့ သူ့ဟာသူ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်၊ အကြောင်းနဲ့အကျိုး ဆင်ခြင်ပြန်ရော၊ အကြောင်းနဲ့ အကျိုးဆင်ခြင်တာ အတော်ကလေးကြာတော့ ကျေနပ်ပြီဆိုပြီးတော့တခါ သမ္မသနဉာဏ်၊ အနိစ္စ, ဒုက္ခ, အနတ္တသုံးသပ်တဲ့ ဉာဏ် သူ့ဟာသူသုံးသပ်ရာက ကြေပြီဆိုပြီးတော့ ဥဒယဗ္ဗယ အဖြစ်အပျက်ဆိုပြီးတော့ နှလုံးသွင်းတယ်၊ အဖြစ်အပျက်ကလဲ ကြေပြီထင်ပြန်တဲ့အခါ လာပြန်ရော ဘင်္ဂဉာဏ်အပျက်တွေရှုတာ၊ တော်တော်ကြာတော့ ဘယကြောက်ဖွယ် ဆိုပြီးတော့ ဆင်ခြင်ပြီးတော့ရှု၊ အာဒီနဝအပြစ်တွေ ဆင်ခြင်ပြီးတော့ရှု၊ နိဗ္ဗိန္ဒဒြီးငွေ့ပြီးတော့ရှု၊ မုဉ္စိတုကမျှတာ လွတ်မြောက်ချင်ပြီးတော့ရှု၊ ပဋိသင်္ခါတဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တတွေအထူးတဖန်ရှု၊ သင်္ခါရပေက္ခာနဲ့ တခါတည်း သင်္ခါရပေက္ခာမှာလဲ ရှုပုံတွေ ပါသေးတာကိုး၊ ကျမ်းဂန်ထဲမှာ လျစ်လျူရှုပုံတွေ တခါတည်းနှလုံးသွင်းပုံတွေ တခါတည်း ဒီလိုသူတို့ ကိုယ့်ဟာကိုယ် ဉာဏ်တွေကို တက်တာကိုး။

ဒါပေမယ်လို့ သူဘယ်ကျတော့ ရပ်သွားတုံးဆိုတော့ သင်္ခါရပေက္ခာက နေပြီးတော့ အရိယမဂ်ဉာဏ်ကျတော့ ဒီတော့ တက်လို့ မဖြစ်ဘူး၊ သင်္ခါရပေက္ခာဉာဏ်ကျေပြီး ဒီတခါဖြင့် အနုလောမဉာဏ်ကနေပြီးတော့ မဂ်ဉာဏ်တက်လိုက်မှပဲလို့ ဒီလို

တက်လို့တော့မဖြစ်ဘူး၊ ဒီလိုတက်တော့ ဟုတ်မှာမှ မဟုတ်ပဲကိုး၊ တော်တော်ကြာတော့ ရှေ့ကအပိုင်းတွေက ကိစ္စမရှိဘူး၊ ဝိပဿနာဉာဏ်ဆိုတာကတော့ သူ့ဟာ တက်ချင်တက် ကျချင်ကျ ကိစ္စမရှိဘူး၊ အရိယာမဂ်ဉာဏ်က တခါတက်ပြီးယင် ကျလို့ မဖြစ်ဘူး၊ သူကခက်တယ်၊ အရိယာမဂ်ဉာဏ်က တက်ပြီးယင်တော့ သောတာပတ္တိ မဂ်ဖိုလ်ရောက်တယ်ဆိုယင်ဖြင့် သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေ ကင်းနေရမယ်၊ အနာဂါမိ မဂ်ဖိုလ်ရောက်ယင် ဆိုလဲပဲ ကာမရာဂဗျာပါဒတွေ ကင်းရမယ်၊ အရဟတ္တမဂ် ရောက်တယ်ဆိုလို့ရှိယင် ကိလေသာတွေ အကုန်လုံးကင်းရမယ်၊ ဒီတော့ ကိလေသာကင်းဖို့ဟာ လိုသေးတာပေါ့၊ ကိုယ့်ဟာ ကိုယ်ရွှေ့လိုက်လို့ မဖြစ်သေးဘူး၊ ရွှေ့လိုက်လို့ဖြစ်တာမဟုတ်ဘူး၊ အဲဒါကြောင့် သခ်ါရပေက္ခာဉာဏ် ရောက်ပြီဆိုလို့ရှိယင် နောက်ပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်က ကျန်သေးတာကိုး၊ ဒီလို ဝိပဿနာရှုတာတွေရှိတယ်၊ အဲဒါက ဒါကတော့ ကိုယ်ရွှေ့ ချင်တိုင်း ရွှေ့တာ၊ ရွှေ့လို့မဖြစ်ဘူး၊ ရွှေ့လို့ရယင် အလွယ်လေးပေါ့။

ရွှေ့လို့ရှိယင်ဖြင့် ရုပ်နာမ်သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးက ဟိုဘက်ကမ်း၊ ဒီတော့ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းတွေ ရှုနေတာဟာ ဒီဘက်ကမ်းရောက်နေတာပဲ၊ ဟိုဘက်ကမ်းမရောက်သေးဘူး၊ ဟိုဘက်ကမ်းရောက်အောင်လို့ နိဗ္ဗာန်ရည်မှန်းပြီးတော့ တက်လိုက်မှပဲဆိုပြီးတော့ လှမ်းတက်လိုက်လို့ရှိယင် အလွယ်လေးနေ မှာပေါ့၊ အဲဒီလိုတက်လို့ မဖြစ်ဘူး၊ အစဉ်အတိုင်းရှုလို့ ဝိပဿနာဉာဏ်ရင့်မှ သူ့ဟာသူ တက်သွားမှဖြစ်တာ၊ အခု ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်တွေမှာ ဒီဘက်ကမ်းကပဲ ရှုရပါတယ်။ ဒီဘက်ကမ်းက တရားတွေ အမှန်အတိုင်း သိအောင်ရှုတယ်၊ မြင်တိုင်း ကြား တိုင်း ဒွါရခြောက်ပါးက အင်မတန်သဘာဝကျပါတယ်၊ သဘာဝကျတာတွေသိရအောင် ခုနကပြောပြီးပြီ၊ အဲဒါ ဒီဘက်ကမ်း တရားတွေရှုနေရတာ၊ ဒီဘက်ကမ်းတရားတွေ ရှိနေသမျှကာလပတ်လုံး ဘေးရန်တော့မကင်းသေးဘူးပဲ၊ မကင်းသေးယင် ဟိုဘက်ရှုပါတော့လားဆိုတော့ ကိုယ့်ဟာကိုယ်ရှုလို့တော့ မဖြစ်ဘူး၊ ဒီလိုပဲရှုရမှာ၊ ဒီလိုရှုပြီးတော့သွားမှ ဟိုဘက်ကမ်းရောက် မယ်၊ ဒါကြောင့်–

ဘိက္ခဝေ၊ ရဟန်းတို့။ သာသကံ၊ ရွံရှာဖွယ်ရှိသော။ သပ္ပဋိယံ၊ ကြောက်ဖွယ်ဘေးရှိသော။ ဩရိမံတီရန္တိခေါ၊ ဤမှာ ဘက်ကမ်းဟူသော ဤအမည်သည်။ သက္ကာယသ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ ဝါ–သက္ကာယသ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ ဝါ–သက္ကာယသ၊ ဒုက္ခသစ္စာ၌ အတွင်းဝင်သော ရုပ်နာမ်အပေါင်း ၏။ အဓိဝစနံ၊ အမည်ပေတည်း။

မဂ်ဖိုလ်မှ နိဗ္ဗာန်ကို နှလုံးသွင်းနိုင်

ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းအမည်ပဲ၊ ထင်ရှားရှိတဲ့ရုပ်နာမ်တွေ တွေ့နေသမျှ ကာလပတ်လုံး ဒီဘက်ကမ်းပဲ ရှိသေးသည်၊ ဒါပေမယ်လို့ ဒီဘက်ကမ်းအသုံးကျပါတယ်၊ ဒီဘက်ကမ်းကပဲ ရှုပြီးတော့ ရောက်ရမယ်၊ ဟိုဘက်ကမ်းကို မျှော်ရှုလို့မဖြစ်ဘူး၊ တချို့ပုဂ္ဂိုလ်တွေ ဗဟုသုတလဲ ရှိပုံမရပါဘူး၊ သူတို့ဟောပြောနေတဲ့ လူတွေ နိဗ္ဗာန်အာရုံ ပြုတယ်၊ တရား အားထုတ်တယ်ဆိုတော့ နိဗ္ဗာန်နှလုံးသွင်းပြီးတော့ ရှုယင်ပြီးတာပဲ၊ ဒီလိုပြောတယ်၊ နိဗ္ဗာန်နှလုံးသွင်းတယ်ဆိုတာက အရိယမဂ် ဖိုလ်မှ နှလုံးသွင်းလို့ဖြစ်တယ်၊ ဒါပြင်စိတ်နဲ့ နှလုံးသွင်းလို့ ဖြစ်တာမဟုတ်ဘူး၊ အဲဒါမဖြစ်နိုင်တဲ့ အလုပ်တွေပါပဲ၊ ဒါပေမယ့် ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်ကပြော၊ ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်က ယုံပြီးတော့ အားထုတ်နေတာတွေလဲ ရှိတာပဲ၊ အဲဒါသဘာဝမကျတဲ့ ဥစ္စာတွေ။

ဥပါဒါနက္ခန္ဓာကို့ရှု

သဘာဝကျတဲ့တရားကတော့ ဒီလို ဥပါဒါနက္ခန္ဓာငါးပါး တရားတွေပဲရှုရမယ်၊ ဥပါဒါနက္ခန္ဓာငါးပါး တရားတွေ အမှန်အတိုင်းသိလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ အမှန်အတိုင်း မြင်ပြီဆိုယင်တော့ နောက်ဆုံး ဘယ်ရောက်သွားလဲဆိုတော့ ခုနကပြောခဲ့တဲ့အတိုင်း "ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်" ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ပါ၊ မြင်တိုင်း, ကြားတိုင်း ဒွါရခြောက်ပါးက ထင်ပေါ်လာတဲ့ သက္ကာယခေါ်တဲ့ ဒုက္ခသစ္စာတရားတွေကို တွေ့တိုင်း တွေ့တိုင်းမှတ်ပါ၊ မှတ်လို့ ရှိယင် ဘာဖြစ်တုံးဆိုတော့ စွဲလမ်းမှုတွေပျောက်သွားလိမ့်မယ်၊ မမြဲ, ဆင်းရဲသဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်၊ ရှုယင်မစွဲဘူး လို့လဲ သိသွားပါလိမ့်မယ်၊ ဆင်းရဲတွေချည်းထဲပဲလို့ သိသွားလိမ့်မယ်၊ အနတ္တသဘောတရားမျှပဲ ဆိုတာလဲ သိပါလိမ့်မယ်၊ ဒီလိုသိအောင်လို့ အားထုတ်ရတယ်။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ သမ္မသနဉာဏ်က စပြီးတော့ ဒါလေးတွေဟာ သိလာပါတယ်၊ တို့ရှေးတုန်းကမသိလို့ပဲ၊ ရှုတော့ မြင်တာလေးတွေ ကြားတာလေးတွေ ခဏမစဲ ဖြစ်ပျက်နေတဲ့တရားတွေပဲ၊ မြဲတဲ့တရား ဘာမှမရှိဘူး၊ ဘာမှကောင်းတဲ့ တရားတွေလဲ မဟုတ်ဘူး၊ ဖြစ်ပြီး ပျောက်သွားတာပဲ၊ သူ့သဘောအတိုင်း သူ့ဟာသူဖြစ်ပျက်နေတာပဲ၊ တို့အစတုန်းကတော့ တသက်လုံးယူဆနေတဲ့, အသက်ရှင်နေတဲ့အတ္တကောင်၊ အသက်ရှင်နေတဲ့ ငါရှိနေတယ်လို့ အောက်မေ့တယ်၊ ဒီလိုမရှိဘူး၊

ဖြစ်ပျက်နေတဲ့သဘောချည်းထဲပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ရှင်းပြီးတော့သိနေပုံ၊ သမ္မသနဉာဏ်က ဒီလိုသိပါတယ်၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ထက်သလောက်သိတယ်။

ဥဒယဗ္ဗယဆိုတာသာ သိလာတာပဲ၊ ဘင်ဉာဏ်မှာပိုသိတယ်၊ ဘယ, နိဗ္ဗိန္ဒာတွေအကုန်လုံး သိသွားတာပါပဲ၊ သခ်ါရပေက္ခာဉာဏ်ဆိုလျှင် ပြောစရာမရှိဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တတွေသိတယ်၊ အဲဒါ မမြဆင်းရဲသဘောပဲ၊ ဉာဏ်ထဲ ရှင်းတော့သည်၊ အထက်ဉာဏ်တွေရောက်လေလေ ကိုယ်ပိုင်ဉာဏ်လဲရှင်းလေလေပဲ၊ ဒီလိုသိဖို့ရာ အရေးကြီးတယ်။

အဝတ်လျှော်ခြင်းပမာ ဝိပဿနာရှုပါ

အခု တရားအားထုတ်တာ တွေတော့ ဒီလိုနာရီပိုင်း ကလေးမဟုတ်ပဲနဲ့ တနေ့ လောက်မဟုတ်ပဲနဲ့၊ နှစ်ရက်၊ သုံးရက် လောက်လဲမဟုတ်ပဲနဲ့ တော်တော်ကြာအောင် အားထုတ်ရတယ်၊ ဘာပြုလို့အားထုတ်ရ တာတုံး၊ ဒီဉာဏ်တွေ ကိုယ့်ဟာကိုယ် ရှင်းအောင်လို့ လုပ်နေရတယ်၊ ကိုယ့်ဟာကိုယ်အားထုတ်မှ ကိုယ့်ဟာကိုယ်ရှင်းမှာ၊ ဆရာကနေပြီးတော့ ရှေ့ပေးလို့ ဒီလိုမဖြစ်ဘူး၊ ကိုယ့်ဟာကိုယ်ရှင်းမှ ကိုယ်ရှုမှ ရှင်းတာကလဲပဲ အဖန်ဖန် မလေ့လာလို့ရှိယင် ဉာဏ်ဆိုတာကတော့ ရှင်းတာ မဟုတ်ဘူး၊ ဗြုန်းကနဲတော့ မရှင်းနိုင်ဘူး၊ ဘာနဲ့တူလဲဆိုတော့ အဝတ်လျှော်တာများနဲ့တော့တူတယ်၊ အဝတ်လျှော်တာ ရေလေးနဲ့ ဆွတ်လိုက် ညှစ်ထုတ်လိုက်၊ ချီးကျွတ်ပလား၊ မကျွတ်သေးလို့ရှိယင် ဆပ်ပြာလေးတိုက်လိုက်၊ တခါရေနဲ့ လောင်းလိုက်၊ ပွတ်လိုက်နယ်လိုက် ညှစ်လိုက်၊ စင်ကြယ်ရဲ့လား၊ မစင်ကြယ်သေးဘူး၊ မစင်ကြယ်သေးလို့ရှိယင် တခါ ဆပ်ပြာ နဲ့ တခါတိုက်လိုက် ရေနဲ့တခါတည်း နယ်ပြီးတော့ ညှစ်ထုတ်လိုက်၊ အဲဒီလို အထပ်ထပ် လုပ်ရတယ်၊ အကြိမ်ပေါင်းများစွာ လုပ်တဲ့အခါကျတော့ ချေးညှော်တွေ အကုန်လုံးစင်ကြယ်သွားတယ်၊ အဲဒါလိုပဲ၊ ဝိပဿနာဉာဏ်က တကြိမ်နှစ်ကြိမ် နည်းနည်းကလေးရှုရုံနဲ့ ကိလေသာအညစ်အကြေးက စင်တာမဟုတ်ဘူး။

ပါရမီဆုတောင်းနဲ့လာခြင်း

ဘုရားလက်ထက်တော် အခါကာလတုန်းက ရှုမှတ်ယင်းနဲ့ တထိုင်အတွင်း မဂ်ဖိုလ်ရသွားတာရှိတယ်၊ အဲဒါတွေကတော့ ရှေ့ရှေ့သော ဘဝတွေက မဂ်ဖိုလ်ရခါနီး ပုဂ္ဂိုလ်တွေ၊ ဟိုရှေးတုန်းက သူက မဂ်ဖိုလ်ကို မယူသေးလို့သာ ပါရမီဆုတောင်းနဲ့လာတယ်၊ အခု ဂေါတမမြတ်စွာဘုရား လက်ထက်ကျမှ ကျွတ်တန်းဝင်ဖို့ ဆုတောင်းလာတာရှိတယ်၊ မဂ်ဖိုလ်တွေ ရလောက်တဲ့ အခြေအနေရှိပေမယ်လို့ သူက မသွားချင်သေးပဲဟာကိုး၊ မသွားချင်သေးယင် မသွားဘူး၊ အရင်တနေ့ကလဲ တခါ ပြောပြီးပါပြီ၊ သီဟိုဠ်ဋ္ဌက မထေရ်ကြီးတပါး အသည်းအသန် မကျန်းမာဖြစ်တော့ ပတ်ဝန်းကျင် တဆယ့်နှစ် ယူဇနာက ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန် စံလိမ့်မယ်ဆိုပြီးတော့ လာကြတယ်၊ ပရိနိဗ္ဗာန်စံတာ လာပြီးတော့ ဖူးမြော်ကြ၊ ပူဇော်ကြ၊ ကန်တော့ဖို့လာကြတယ်၊ လာကြတော့ တပည့်ရဟန်းတပါးက ထပ်ပြီးတော့ သူ့ဆရာတော်ကြီးကိုမေးတယ်၊ အရှင်ဘုရား ရဟန်းကိစ္စများ ပြီးပါပလားလို့၊ ဟ–ငါရဟန်းကိစ္စမပြီးသေးဘူး၊ ဘာဖြစ်လို့တုံး၊ ငါ အရိမေတ္တေယျ မြတ်စွာဘုရားဖူးမလို့၊ အရိမေတ္တယျ မြတ်စွာဘုရားလက်ထက်ကျမှ ငါနိဗ္ဗာန်ယူမယ်လို့ ဒီလိုဆုတောင်းထားတယ်၊ အရှင်ဘုရား ဒီလိုဆိုလို့ရှိယင် လူတွေကတော့ ပတ်ဝန်းကျင်ကလာကြတယ်ဘုရား၊ ရဟန္တာ ပရိနိဗ္ဗာန်စံမယ်ဆိုပြီးတော့ ဖူးမြော်ကန်တော့ကြမလို့ လာကြတယ်၊ ဒီလိုရဟန်းကိစ္စ မပြီးသေးဘူးဆိုယင် သူတို့စိတ်မချမ်းသာတွေ ဖြစ်ကုန်တော့မှာပါပဲ ဘုရားလို့ လျှောက်တော့၊ အဲဒီ မထေရ်ကြီးကပြောတယ်၊ ဒါဖြင့်ယင် ငါ့ထူပေးအုံး၊ ဒါနဲ့ ထူပေးတယ်၊ ထူပေးပြီးတော့ နည်းနည်းအပြင်ဘက်ထွက်အုံး၊ ဆိတ်ဆိတ်ငြိမ်ငြိမ်တပါးတည်း တရားအားထုတ်လိုက်အုံးမှပဲဆိုပြီး တရားအားထုတ်တာကိုး၊ တပည့်ရဟန်းကလဲ အပြင်ဘက်ထွက်၊ တံခါးလေးပိတ်ပြီးခါရှိသေးတယ်၊ ကြမ်းခေါက်လိုက်တယ်၊ ဒေါက်ဒေါက်ဆိုပြီးတော့၊ သြော်–ဆရာတော်ကြီး ဘာများ ပြောစရာ ရှိလိမ့်မလဲဆိုပြီးတော့ တပည့်ကပြန်လာတယ်၊ ဘာကိစ္စရှိလို့ ပါလဲဘုရား၊ ဘာကိစ္စမှမရှိပါဘူး၊ ကိစ္စပြီးပြီ၊ နို့ဘုရား မြန်လှပါလား၊ မြန်တာတော့မပြောနဲ့၊ အရေးကြီးတာက သီလစင်ကြယ်ဖို့အရေးကြီးတယ်၊ ဝါ–ခြောက်ဆယ်ဆိုတော့ အသက်ရှစ်ဆယ်လောက်ရှိမှာပေါ့၊ အဲဒါလောက် ရောက်သည့်တိုင်အောင် သီလဟာ ညှိုးနွမ်းတယ်လို့မရှိခဲ့ဘူး၊ သီလမစင်ကြယ်တာ လို့မရှိခဲ့ဘူးတဲ့၊ သီလစင်ကြယ်ဖို့ဟာ အရေးကြီးတယ်၊ သီလစင်ကြယ်လို့ရှိယင် တရားအားထုတ်လိုက်ယင် ဖြစ်ပါတယ်ဆိုပြီးတော့ အားပေးစကားပြောတယ်။

အဲဒါ ခုပြောချင်တာကတော့ တခြားမဟုတ်ဘူး၊ အဲဒီမထေရ်ကြီးဟာ သူအခုဘဝတွင် လွယ်လွယ်လေး တရားအားထုတ်လို့ မဂ်ဖိုလ်ရနိုင်တယ်၊ ရဟန္တာဖြစ်နိုင်တဲ့ပုဂ္ဂိုလ်ကြီး၊ ဒါပေမယ့်လို့ သူအရိမေတ္တေယျ ဘုရားဖူးမယ်ဆိုပြီးတော့ နေနေတယ်၊ အကယ်၍သာ တပည့်ရဟန်းကမလျှောက်ယင် အဲဒီအတိုင်းပဲ သူသွားတော့မှာ၊ သွားပြန်တော့ အရိမေတ္တေယျမြတ်စွာ ဘုရားလက်ထက်ကျပြန်တော့ သူအလွယ်လေး မဂ်ဖိုလ်နိဗ္ဗာန်ရောက်မှာပေါ့၊ အခုပဲ ရောက်တော့မယ် ဥစ္စာပဲ၊ အခု ဘုရားလက်ထက် အခုဘဝတွင်တောင်မှ မဂ်ဖိုလ်လွယ်လွယ်ကူကူလေး သူက ခဏလေးထိုင်ပေးပါအုံးဆိုပြီးတော့ အပြင်ဘက်ထွက်ရုံ ကလေး ဘယ်လောက်ကြာမလဲ၊ တမိနစ်, နှစ်မိနစ်လောက် ရှိမှာပေါ့၊ ဒီလောက်ကလေးနဲ့ မဂ်ဖိုလ်ရောက်နိုင်တဲ့ ပါရမီအခြေခံ

တွေရင့်နေတာ ရှေ့က ဝိပဿနာတွေ သူအားထုတ်ပါလိမ့်မယ်၊ အားထုတ်ပြီးသား ဖြစ်ပါလိမ့်မယ်၊ ဝိပဿနာတွေက သူ သခ်ါရုပေက္ခာဉာဏ်ရောက်အောင် ပိုင်ပိုင်နိုင်နိုင်ကြီး အားထုတ်ထားတာ ဖြစ်ပါလိမ့်မယ်။

အဲဒီတော့ ရှေးရှေးသောဘဝတွေက ဝိပဿနာဉာဏ်တွေ ရင့်ပြီးတော့နေအောင် အားထုတ်ပြီးတော့ ဂေါတမဘုရား လက်ထက်ကြမှပဲ ကျွတ်တန်းဝင်လိုတဲ့ပုဂ္ဂိုလ်တွေ ဆုတောင်းရှိတဲ့ပုဂ္ဂိုလ်တွေက ဒီမှာ မြတ်စွာဘုရားတရားဟောတဲ့အခါ တပုဒ်တဂါထာ နာကြားရုံနဲ့ တခဏလေးအတွင်းမှာ မဂ်ဖိုလ်နိဗ္ဗာန်တွေ ရောက်ကြတာ။ အဲဒါတွေဟာ ပါရမီရင့်နေတဲ့ပုဂ္ဂိုလ်တွေ၊ ဒါကြောင့် ရောက်ကြတယ်။

သက္ကာယခေါ်ရုပ်နာမ်ကို ဝိပဿနာရှုကြ

အဲဒီလို မရင့်သေးတဲ့ ပုဂ္ဂိုလ်တွေမှာဆိုယင်တော့ သူကအားထုတ်ရတယ်၊ တော် တော်အားထုတ်ရုံနဲ့ မဖြစ်ဘူး၊ အတော့ကို အားထုတ်ရတယ်၊ ကြေနေအောင် အားထုတ်ရတယ်၊ အဲဒီလို ကျင့်ပြီးသားပုဂ္ဂိုလ်တွေက အခုဘဝတွင် မဂ်ဖိုလ်မယူသေးဘူးဆိုယင်လဲ နောက်တခါကျတော့ လွယ်လွယ်ကူကူနဲ့ မဂ်ဖိုလ်ရောက်မယ့် ပုဂ္ဂိုလ်တွေပါပဲ၊ အဲဒါကြောင့် မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေရှုလို့ ကြေနေအောင်လို့ အားထုတ်ရတယ်၊ အဲဒီလိုကြေနေအောင် အားထုတ်ထားတော့ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို သူ့ဟာသူ သွားမှာပဲ။

ဒီဘက်ကမ်းလို့ဆိုရတဲ့ ထင်ရှားတဲ့ရုပ်နာမ်အပေါင်း မြင်တိုင်း, ကြားတိုင်း ဒွါရခြောက်ပါးမှ ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်အပေါင်းဟာ သက္ကာယခေါ်သည်၊ ဒုက္ခသစ္စာဟူ၍လဲ ခေါ်သည်၊ ဥပါဒါနက္ခန္ဓာငါးပါးဟူ၍လဲ ခေါ်သည်၊ ဒီတရားတွေကို ဝိပဿနာရှုရတယ်၊ ဒီတရားတွေ ရှုလို့ရှိယင် "ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်"၊ မမြဲဆင်းရဲသဘောပဲ၊ ဉာဏ်ထဲ ရှင်းပါလိမ့်မယ်တဲ့၊ ဘာပြုလို့တုံးဆို ဖြစ်တိုင်း ဖြစ်တိုင်းတရားတွေဟာ ရုပ်နာမ်ခွဲလို့ရှိယင် ရုပ်နဲ့နာမ်ချည်းထဲပဲ၊ မျက်စိက မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက ရုပ်၊ မြင်တာ သိတာက နာမ်၊ ရှေးက ခွဲခဲ့ပြီ၊ မြင်ဆဲခဏမှာ ရုပ်နာမ်တို့အတူ ကြားဆဲခဏလဲ ဒီအတိုင်းပဲ၊ နားနဲ့အသံက ရုပ်၊ ကြားတာ သိတာက နာမ်၊ နံဆဲခဏ, စားဆဲခဏ အတူတူပဲ၊ တွေ့ထိဆဲခဏ၌ ကိုယ်နဲ့အတွေ့က ရုပ်၊ ထိတာ သိတာကနာမ်၊ ရှေးက ခွဲခဲ့ပြီ၊ အဲဒီတော့ ရုပ်နာမ်တရားတွေပဲ။

အဲဒီ ရုပ်နာမ်တရားတွေကို အဖြစ်အပျက်လေးတွေ သိလာတဲ့အခါမှာ အနိစ္စစသည် ပေါ်လာပြီးပျောက်သွားလို့ ဒါမမြဲတဲ့ တရားပဲလို့ သုံးသပ်ဆင်ခြင်တာ၊ သမ္မသနဉာဏ်၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေချည်းထဲပဲ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက် ဘာမှအသုံးကျတဲ့တရားတွေ မဟုတ်ဘူး၊ ကောင်းတဲ့တရားတွေ မဟုတ်ဘူး၊ နှစ်သက်စရာ အားကိုးစရာတရားတွေ မဟုတ်ဘူး၊ ဆင်းရဲချည်းထဲပဲလို့ သဘောကျတယ်၊ ဆင်းရဲဆိုပေမယ်လို့ အခံခက်တဲ့သဘော မဟုတ်ဘူး၊ အားကိုးစရာမရှိတဲ့ တရားတွေပဲ၊ သခ်ါရဒုက္ခလို့ ခေါ်တယ်၊ အဲဒါ မြင်ဖို့ရာအရေးကြီးတယ်၊ ဒီဝေဒနာဒုက္ခမြင်တာကတော့ ဒါကတော့ အကောင်းလဲ ရှိတယ်၊ အားမကိုးလောက်တာလဲ ရှိတယ်၊ ပကတိပုဂ္ဂိုလ်တွေ ဝေဒနာဒုက္ခမြင်နေတာကတော့ အားမကိုးရဘူး၊ ဒါကတော့ ခွေးတွေက စပြီးတော့ နာယင် နာမှန်းသိတယ်။

အခု ဝိပဿနာရှုယင်သိတာကတော့ နာယင် နာတာလေး ဖြစ်ပျက်တာ၊ ဒီလို သိတာကတော့ အဖိုးတန်ပါတယ်၊ ဒါပေမယ်လို့ အရေးကြီးတာကတော့ သခ်ါရဒုက္ခမြင်ဖို့ရာ အရေးကြီးတယ်၊ ဖြစ်ပျက်သွားလို့ ဆင်းရဲတွေပဲလို့ဆိုတာမြင်ရမယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်သွားလို့ အနတ္တတရားတွေပဲလို့ မြင်ရမယ်၊ ဒီလို ရှုယင်း ရှုယင်းနဲ့ သိနေတာ သမ္မသနဉာဏ် သုံးသပ်တယ်၊ သမ္မသနဉာဏ်။

သူ့ဟာသူ ပျက်တယ်၊ သမ္မသနဉာဏ်ရင့်လာတဲ့အခါ အဖြစ်အပျက်ကလေးတွေ ပိုင်းခြားပြီးတော့ သိလာတယ်။

ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်တွေ နိုင်လာတဲ့အခါကျတော့လဲ အဖြစ်တောင်မထင်တော့ဘူး၊ အပျက်ချည်းထဲပဲ မှတ်တိုင်းမှတ်တိုင်းဟာ အပျက်ချည်းထဲပဲ ထင်နေတာ၊ ဘင်္ဂဉာဏ်၊ မှတ်ရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော ဖြစ်ပြီးယင်း ပျောက်ယင်း၊ ဖြစ်ပြီးယင်း ပျောက်ယင်း။

ဘင်္ဂဉာဏ်ပြီးတော့ နောက်ဘယ၊ ဘေးထင်တာ ကြောက်စရာ ကောင်းတယ် ထင်လာတယ်၊ အာဒီနဝ အပြစ်မြင်လာတယ်၊ နိဗ္ဗိန္ဒငြီးငွေ့လာတယ်၊ မပျော်တော့ဘူး၊ မကောင်းတဲ့ဟာဆိုတော့ ဘယ်ပျော်တော့မှာတုံး၊ ကောင်းတယ်ထင်လို့ ပျော်နေတာ၊ နိဗ္ဗိန္ဒငြီးငွေ့လာတော့ လွတ်မြောက်ချင်တဲ့ မုဉ္စိတုကမျတာဉာဏ် ဖြစ်လာတယ်၊ လွတ်မြောက်ချင်တော့ လွတ်မြောက်အောင်အားထုတ်တဲ့ ပဋိသခ်ါဉာဏ်ဖြစ်လာတယ်၊ ပဋိသခ်ါဉာဏ်က အားထုတ်လို့ ရင့်ကျက်လာတဲ့အခါ လျစ်လျူရှုတဲ့ သခ်ါရုပေက္ခာဉာဏ် တခါဖြစ်လာတယ်၊ အဲဒီလို ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီဆိုတော့ နောက် အနုလောမဉာဏ်ကနေပြီးတော့ ရုပ်နာမ်သခ်ါရငြိမ်းတဲ့တရားကိုတော့ ဟိုဘက်ကမ်းရောက်သွားရမှာ၊ ဒီဘက်ကမ်း တရားတွေရှုနေယင် ဟိုဘက်ကမ်း သူ့အလိုလိုရောက်ရမှာ၊ အဲဒါ အရေးကြီးပါတယ်။

ဒီကနေ့တော့ ဟိုဘက်ကမ်းတော့ မပြောသေးဘူး၊ ဟိုဘက်ကမ်းက နောက်နားကျမှ ပြောရမယ်၊ ဒီနေ့တော့ ဒီဘက်ကမ်းတွင်ပဲ၊ ဒီဘက်ကမ်းတရားတွေရှု၊ ဒီဘက်ကမ်းတရားတွေမှာ အနိစ္စ, ဒုက္ခ, အနတ္တတွေ ပိုင်ပိုင်နိုင်နိုင်သိယင် ဟိုဘက်ကမ်းကိုရောက်သည်၊ ဒါပဲ၊ "ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်"၊ ဖြစ်တိုင်းမှတ်ရှု ရုပ်နာမ်စုတွေ ဘယ်လိုကင်းတုံး၊ "မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်"၊ စွဲမှုကင်းပျောက်ယင် စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်"၊ စွဲမှုကင်းပျောက်လို့ ရှိယင်တော့ ဟိုဘက်ကမ်းနိဗ္ဗာန်ကို ရောက်ပါလိမ့်မည်၊ ဒီသုံးပုဒ်ကလေးတော့ ဆိုကြအုံးစို့။

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။
မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်။
စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။

ဒီဘက်ကမ်းနဲ့တူတဲ့ ဒီဘက်ကမ်းလို့ဆိုရတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတရား သက္ကာယတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်းရှုပါတဲ့၊ ဖြစ်တိုင်းမှတ်ရှုလို့ရှိယင်ဖြင့် သက္ကာယရုပ်နာမ်တရားတွေ စွဲလမ်းမှုတွေ ကင်းသွားပါလိမ့်မယ်၊ စွဲလမ်းမှုကင်းလို့ရှိယင် အရိယမဂ်ဉာဏ်တွေပေါ်ပြီးတော့ ဟိုဘက်ကမ်းနိဗ္ဗာန်ကို ရောက်သွားပါလိမ့်မယ်၊ အဲဒီလို ဆိုလိုပါတယ်၊ ဟိုဘက်ကမ်းရောက်ပုံကတော့ နောက်နားကျမှ ပြောရအုံးမယ်၊ ဒီကနေ့တော့ ဆောင်ပုဒ်ကလေးဆိုပြီးတော့ သိမ်းကြဦးစို့။

မြွေလေးကောင်ကား(လ) ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရိုသေစွာမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ် သူတော်ကောင်းအပေါင်းတို့သည် ဤသို့ ဒေသနာ၌လာသည့်အတိုင်း သိသင့်သိထိုက်သော တရားတို့ကိုသိအောင် ရှုမှတ်အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ ဝါခေါင်လကွယ်နေ့ ဟောကြားတော်မူသည်။

ရှစ်တန်မဂ္ဂင် ဖောင်ဖွဲ့ဆင်

အာသီဝိသောပမသုတ် နောက်ဆုံးပိုင်း ရောက်နေပါပြီ။

မြွေလေးကောင်လား(လ) သုံးစုံဒမြ၊ ဝင်လာကြ၍၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍။

မဂ္ဂင်ရှစ်ပါးဖောင်ဖွဲ့ပုံ ပြီးခဲ့တဲ့သီတင်းက အဲဒီကိုရောက်သွားပါပြီ၊ မြွေထိန်းယောကျ်ား၊ မြွေကြီး ၄–ကောင်မှ လွတ်ကင်းအောင်လို့ထွက်ပြေး၊ မြွေကြီး ၄–ကောင်ကလဲ နောက်ကလိုက်တယ်၊ နောက် ဘုရင်မင်းမြတ်က တွေ့ရာဖမ်းပြီးသတ်ဖို့ရာ သူ့ရန်သူကြီး ၅–ယောက်ကိုလဲပဲ အမိန့်ပေးပြီးတော့ လွတ်လိုက်လို့ ရန်သူကြီး ငါးယောက်ကလဲပဲ လက်နက်တွေ စွဲကိုင်ပြီးတော့လိုက်တယ်၊ သူ့ရဲ့အင်မတန်ရင်းနှီးတဲ့ ငယ်သူငယ်ချင်းကလဲပဲ ဘုရင်မင်းမြတ်က အမိန့်ပေးလိုက်လို့ သူကလဲပဲ ဓားကိုင်ပြီးသကာလ တွေ့ရာသတ်ဖို့ရာ လိုက်တယ်၊ ထွက်ပြေးတော့ နောက်ရွာပျက်ကုန်းရောက်တယ်၊ ရွာပျက်ကုန်းမှာလဲ ဒမြကြီး ၆–ယောက်က ဝင်လာလို့ ထွက်ပြီးတော့ ပြေးရတယ်၊ ဒမြကြီး ၆–ယောက်က နောက်ကလိုက်လျက်၊ ရန်သူကြီး ၅–ယောက်ကလဲ နောက်ကလိုက်လျက်၊ မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ နောက်ကလိုက်လျက်၊ ဒမြကြီး ၆–ယောက်ကလဲနောက်က၊ အဲဒီလိုလိုက်တော့ ကြောက်တာနဲ့အတင်းပြေးတော့ ရေပြင်ကျယ်ကြီးကို ရောက်သွားတယ်၊ အဲဒီရေပြင်ကျယ်ကြီး ရောက်သွားတဲ့အခါကျတော့ ဟိုဘက်ကမ်းကူးဖို့ရာ တံတားကလဲမရှိ၊ လှေလဲမရှိ၊ ဖောင်လဲမရှိ၊ ဘာမှလဲမရှိတော့ ရသမျှ မြက်, သစ်ခက်, ဝါး, သစ်သားရသမျှတွေ စုဆောင်းပြီးတော့ ဖောင်ကလေးလုပ်ပြီး ဖွဲ့ပြီးတော့ကူးရတယ်တဲ့၊ အဲဒီရောက်သွားပြီ၊ အဲဒီဖောင်ကလေးဆိုတာ ဘာတုံးဆိုယင် မဂ္ဂင်ရှစ်ပါးပဲတဲ့။

ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊" ဒီဘက်ကမ်းမှာနေလို့ရှိယင် နောက်ကလိုက်လာတဲ့ ဘေးရန်အန္တရာယ်တွေနဲ့ မလွတ်နိုင်ဘူး၊ မြွေကြီး ၄–ကောင်ဆိုတဲ့ ဓာတ်ကြီး ၄–ပါးကလဲပဲ ကိုယ်ထဲရှိနေတာပဲ၊ ရန်သူကြီး ၅–ယောက်ဆိုတဲ့ ခန္ဓာငါးပါးကလဲ ဒီကိုယ်ထဲတွင်ရှိနေတာပဲ၊ သူသတ်သမားကြီး ၅–ယောက်၊ ကိုယ့်အတွင်းသားဖြစ်တဲ့ မိတ်ဆွေ ဖြစ်တဲ့ ရန်သူဆိုတာကလဲပဲ နန္ဒီရာဂဆိုတာ ကိုယ်ထဲတွင်ရှိနေတာပဲ၊ ဒမြကြီး ၆–ယောက်ဆိုတာလဲ တခြားမှာမဟုတ်ဘူး၊ ဒွါရ ၆–ပါးမှာ ကျလာတဲ့အာရုံ ၆–ပါးတွေပဲ၊ ဒါတွေကလဲ အမြဲတမ်းကျရောက်နေတာပဲ၊ ဒီဘက်ကမ်းမှာနေယင်တော့ ဒီဘေးရန် တွေနဲ့ တွေ့နေရမှာပဲ။

ဒီဘေးရန်တွေ လွတ်တာက ဘယ်မှာတုံး၊ ဟိုဘက်ကမ်းရောက်မှ၊ ဟိုဘက်ကမ်းဆိုတာ ဘာလဲဆိုတော့ နိဗ္ဗာန်ပဲတဲ့၊ နိဗ္ဗာန်ရောက်မှ ဓာတ်ကြီး ၄–ပါးလဲပဲ မရှိဘူး၊ ခန္ဓာငါးပါး သူသတ်သမားတွေလဲပဲ မရှိဘူး၊ နိဗ္ဗာန်ရောက်တော့ အေးသွားတယ်၊ နန္ဒီရာဂခေါ်တဲ့ အတွင်းရန်သူလဲပဲ မရှိဘူး၊ ဒမြကြီး ၆–ယောက်ဆိုတဲ့ အာရုံ ၆–ပါးတရားတွေလဲ မနှိပ်စက်နိုင်တော့ဘူး၊ နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းရောက်မှဖြစ်မယ်တဲ့၊ ဒါကြောင့် ဟိုဘက်ကမ်းကို ကူးဖို့ရာ ဖောင်ဖွဲ့ဆင်ရမယ်တဲ့၊ ဖောင်ဖွဲ့ရမယ်၊ ဖောင်ဆိုတာ ဘာလဲဆိုတော့၊ အဲဒီမဂ္ဂင်ရှစ်ပါးတရား။

ယုံကြည်မှု သဒ္ဓါတရားအရေးကြီး

အဲဒီ မဂ္ဂင်ရှစ်ပါး တရားတည်းဟူသောဖောင်ကို ဖွဲ့တဲ့အခါ သန်ဖို့လိုတယ်၊ လက်လဲ သန့်ဖို့လိုတယ်၊ ခွန်အားဗလလဲ ပြည့်စုံဖို့ရာလိုတယ်တဲ့၊ ဟုတ်တယ်၊ ဒီဟာလိုတယ်ပြောခဲ့ပြီ၊ အဲဒီအထဲမှာ လက်ဆိုတာက သဒ္ဓါတရား၊ ယုံကြည်မှု အရေးကြီးတယ်၊ မြတ်စွာဘုရားလက်ထက်ကလဲပဲ၊ မြတ်စွာဘုရားတရားနာပြီး ကျွတ်တန်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲပဲ ယုံကြည်လို့ပဲ ကျွတ်တန်းဝင်တာ၊ မယုံတဲ့ပုဂ္ဂိုလ်တွေ ဘုရားလက်ထက်ကလဲ တပုံကြီးပဲ၊ ပုရာဏကဿပ, မက္ခလိဂေါသာလ အစရှိတဲ့ တပည့်ကြီးတွေက ဘုရားကို သူတို့ဘာမှ မယုံကြည်ဘူး၊ အထင်အမြင်မကြီးဘူး၊ သာမန်လူ တယောက်အနေနဲ့ပဲ အောက်မေ့တာပဲ၊ အခုကာလလဲပဲ ဒီလိုပဲ၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ အပြင်ဘက်ကပုဂ္ဂိုလ်တွေ အမြင်နဲ့ကြည့် လိုက်ယင် ဗုဒ္ဓဘာသာရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ သာမန်လူတယောက်အနေပဲ သူတို့မြင်တာပဲ၊ ဘာမှ လေးလေးစားစား ယုံကြည်မှုမရှိဘူး။

အဲဒီ မယုံကြည်တဲ့ပုဂ္ဂိုလ်တွေက ယုံမှုမယုံပဲ၊ ဘုရားစကားကို လိုက်နာပြီးတော့ သူတို့မကျင့်ဘူး၊ မကျင့်တော့ သူတို့မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကုသိုလ်တရားတွေလဲ မဖြစ်ဘူး၊ မဂ္ဂင်ရှစ်ပါး တရားတွေဆိုတာ ဝေးရောပဲ၊ ဘယ်ဖြစ်လိမ့်မှာတုံး၊

အဝေးကြီး၊ အဲဒါ ယုံကြည်တဲ့သဒ္ဓါတရားက အရေးကြီးတယ်၊ ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့နောက်လဲပဲ ဒီအတိုင်းပဲ၊ မြတ်စွာဘုရား ရဲ့တပည့်သားဖြစ်တဲ့ပုဂ္ဂိုလ်တွေ ဟောကြားတဲ့တရားတွေ ယုံကြည်တဲ့ပုဂ္ဂိုလ်တွေ ကျင့်ကြံပြီးတော့ ကျွတ်တန်း ဝင်ကုန်ကြတာပဲ၊ ခုနေအခါကာလလဲ ဒီအတိုင်းပဲ၊ မြတ်စွာဘုရား ဟောကြားတဲ့တရားတွေ ဘုရားလဲယုံကြည်ရမယ်၊ တရားလဲ ယုံကြည်ရမယ်၊ သံဃာလဲယုံကြည်ရမယ်၊ မိမိတို့ ကျင့်တဲ့မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ကိုလဲ ယုံကြည်ရမယ်တဲ့၊ စောစောကတည်းက ယုံကြည်ရတယ်။

တချို့က ဟောကြတယ်၊ ယုံတယ်ဆိုတာကတော့ ဒါက မျက်စိမှိတ်ပြီးတော့ မယုံနိုင်ဘူးတဲ့၊ တချို့က ဒီလိုလဲပြောတယ်၊ ကိုယ်တိုင်တွေ့ပြီးမှ ယုံကြည်နိုင်မယ်လို့ ပြောတယ်၊ ကိုယ်တိုင်တွေ့ပြီးမှ ယုံကြည်ရတာလဲရှိတယ်၊ မတွေ့ခင် စောစောကနေပြီး ယုံကြည်ရတာလဲရှိတယ်၊ ၂-မျိုးရှိတယ်၊ မတွေ့ခင် စောစောက ဘယ်လိုဟာယုံကြည်ရသလဲဆိုယင် အခုလောကထဲလဲ မတွေ့ခင်ယုံကြည်ရတာလဲရှိပါတယ်၊ ကိုယ်မရောက်ဖူးတဲ့ အရပ်တွေ ခရီးသွားကြတယ်၊ ခရီးသွားတော့ ရောက်ဖူးတဲ့ သွားဖူးတဲ့ပုဂ္ဂိုလ်တွေက ပြောတယ်၊ ဒီလမ်းက ဒီလိုသွားရတယ်၊ ဒီလိုသွားယင် ဒီရောက်တယ်၊ ဥပမာ ရထားနဲ့သွားရတယ်၊ မော်တော်ကားနဲ့သွားရတယ်၊ သင်္ဘောနဲ့သွားရတယ်၊ လှေနဲ့သွားရတယ်၊ လေယာဉ်ပျံနဲ့သွားရတယ် စသည်ဖြင့် သူ့လမ်းခရီးမှာရှိတဲ့ယာဉ်ရထားတွေက ညွှန်ကြားတယ်၊ သို့မဟုတ်လဲပဲ လမ်းလျှောက်ပြီးတော့သွားရတယ်၊ ဒီလမ်းအတိုင်းသွား၊ ဒီကနေပြီးတော့ ဘယ်သွား၊ ဘယ်လောက်ရောက်တဲ့ အခါကျတော့ ဘယ်ရွာတွေ့လိမ့်မယ်၊ ဘယ်လမ်းတွေ့လိမ့်မယ်၊ အဲဒီကနေပြီးတော့ ဘယ်ဘက်ကိုသွားစသည်ဖြင့် ရောက်သွားဖူးတဲ့ပုဂ္ဂိုလ်က ညွှန်ကြားယင် အဲဒီဥစ္စာယုံကြည်ရတယ်၊ ကိုယ်မသွားဖူးတာနဲ့ ကိုယ်မရောက်သေးတာနဲ့ မယုံပဲနေယင် အဲဒီ ပုဂ္ဂိုလ်က သူသွားချင်တဲ့နေရာကို မရောက်တော့ဘူး၊ မရောက်နိုင်တော့ဘူး။

ဒီကနေပြီး မန္တလေးသွားချင်တယ်ဆိုယင် ရထားစီးသွားရမယ်ဆိုတာ သွားဖူးတဲ့ ပုဂ္ဂိုလ်ကပြောတော့ ယုံရတာပဲ၊ သူများတွေလဲသွားနေတော့ သူ့ဟာရောက်လောက်တယ်ဆိုတာ ခန့်မှန်းနိုင်တယ်၊ သင်္ဘောလမ်းက သွားချင်လို့ ရှိယင်လဲ သင်္ဘောခရီးက သွားယင်လဲရောက်တယ်ဆိုလဲ ယုံကြည်ရတာပဲ၊ ကိုယ်မရောက်ဖူးသေးတာနဲ့ သူများပြောတာ မယုံကြည်သေးပါဘူး၊ မယုံနိုင်ပါဘူးဆိုပြီးတော့ မယုံပဲနေယင် အဲဒီပုဂ္ဂိုလ်ကတော့ သွားဖြစ်တဲ့ခရီးကို မရောက်ဘူး၊ အဲဒါ စောစောကနေပြီးတော့လဲ ယုံကြည်ထားရတယ်၊ ယုံကြည်ပြီးတော့ သွားလဲသွားရတယ်၊ သွားပြီးတော့ ဟိုရောက်တဲ့အခါကျမှ ကိုယ်ရောက်ချင်တဲ့နေရာ ဟုတ်သလား မဟုတ်သလား စုံးစမ်းပေါ့၊ ဟုတ်လို့ရှိယင် ဒါယုံကြည်ရမှာပေါ့၊ ငါလာခဲ့တဲ့လမ်း မှန်တယ်၊ ဟိုပုဂ္ဂိုလ်တွေ ဟိုပုဂ္ဂိုလ်တွေ ညွှန်ကြားလိုက်တဲ့ ခရီးလမ်းဟာလဲ မှန်တယ်လို့ သေသေချာချာယုံကြည်ပြီး ဆုံးဖြတ်ရမယ်၊ တွေ့တဲ့အခါကျတော့၊ မတွေ့ခင်ကလဲပဲ အသင့်ယုတ္တိရှိတဲ့ ဥစ္စာဆိုတာယုံရတယ်၊ ယုံမှဖြစ်တယ်။

ဖြစ်တိုင်း လိုက်ရှု မြင်သိမယ်

မြတ်စွာဘုရား ဟောကြားထားတယ်၊ မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးတရားတွေ ကျင့်လို့ရှိယင် အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့ နိဗ္ဗာန်တရား တွေ့တယ်လို့ ဟောထားတယ်၊ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ မဂ် ၄-ပါး ဖိုလ် ၄ပါးကိုရတယ်လို့ ဟောထားတယ်၊ ဒီတော့ ဟောထားတဲ့အတိုင်းဟာ ဟုတ်သလား မဟုတ်သလား စဉ်းစားကြည့်ပေါ့၊ စဉ်းစားလို့ရှိယင် ဟုတ်လောက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ သူ့ဟာသူ ပေါ်လာပါတယ်၊ မဂ္ဂင်ရှစ်ပါးတရားတွေဆိုတာ ကျင့်လို့ရှိယင် ဖြစ်နိုင်တဲ့အဓိပ္ပါယ်တွေ ပေါ်လာတယ်၊ သမ္မာဒိဋ္ဌိအမှန်အတိုင်း မြင်အောင်ဟာ ဘယ့်နှယ်လုပ်ရမလဲဆိုတော့ သမ္မာဒိဋ္ဌိ ရုပ်နာမ်တရားတွေ အမှန်အတိုင်း မြင်အောင်လိုက်ရှုရတာပဲ၊ အခုလဲ ဒီလိုပဲ၊ ရှုယင်သိတာပဲ၊ ဒီတော့ ဒီဥစ္စာဖြစ်နိုင်တယ်ဆိုတာ ယုံကြည်ရမှာပေါ့၊ မရှုပဲနေလို့ရှိယင်ဖြင့် မမြင်ဘူး၊ မသိဘူး၊ ရှုလို့ရှိယင် မြင်မယ်၊ သိမယ်၊ ဒါယုံကြည်စရာပါပဲ။

ကိုယ်ထဲမှာ ရုပ်တရားနာမ်တရားတွေဟာ ခဏမစဲဖြစ်ပျက်နေတယ်၊ အဲဒီဖြစ်ပျက်နေတဲ့ တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီးတော့ ရှုလို့ရှိယင် အမှန်အတိုင်း မြင်တယ်၊ သမ္မာဒိဋ္ဌိဖြစ်တယ်၊ ရုပ်နာမ်သဘောတရားတွေ ဖြစ်ပြီးတော့ ပျက်သွားလိုမမြဲဘူးဆိုတာလဲ တွေ့ရတယ်၊ ဖြစ်ချည်းပျက်ချည်နဲ့ ဆင်းရဲတွေပဲဆိုတာလဲ တွေ့ရတယ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားတွေ ဆိုတာလဲတွေ့ရတယ်၊ မြတ်စွာဘုရားတော်က ဒီလိုဟောထားတယ်၊ အဲဒါ စဉ်းစားကြည့်ပေါ့၊ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေလိုက်ရှုယင် အမှန်အတိုင်းသိရမှာပေါ့၊ ရုပ်နာမ်တွေက သူ့ဟာဖြစ်ပျက်နေတာပဲ၊ အမြဲတည်နေတာမှမဟုတ်၊ ခဏမစဲဖြစ်ပျက်နေတာ၊ ခဏမစဲဖြစ်ပျက်နေတော့ ဖြစ်တိုင်း ဖြစ်တိုင်းစောင့်ပြီးတော့ ကြည့်ရှုနေလို့ရှိယင် ဒီရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်ကို တွေ့ရမှာပေါ့၊ ဘယ်သူကမှ ပြောဟောနေဖို့ ရာမလိုဘူး၊ ခက်ခက်ခဲခဲ ကြံနေဖို့ရာမလိုဘူး၊ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးတော့သာရှု၊ ရှုလို့ရှိယင် ဖြစ်ပြီး ပျောက်သွား ဖြစ်ပြီး ပျောက်သွား ဒီတရားဟာ မတွေ့ပဲမနေဘူး တွေ့ရမှာပဲ၊ ဘယ်သူဖြစ်ဖြစ် ဒီအတိုင်း ရှုယင် သူတို့ တွေ့ရမှာပဲ၊ မတွေ့ပဲနဲ့ ပုန်းပြီး ကွယ်ပြီးတော့ မနေနိုင်ဘူး၊ အဲဒီတော့ သမ္မာဒိဋ္ဌိ အမှန်အတိုင်းမြင်တယ်ဆိုတာ ဖြစ်နိုင်တယ်ဆိုတာ သဘောပေါက်ဖို့ ယုံကြည် ဖို့ပါပဲ။

စောစောကတည်းက ဒါက တရားအားမထုတ်ခင်ကတည်းက စဉ်းစားကြည့်ယင် ဒီဟာဖြစ်နိုင်တယ်၊ ယုံကြည်ဖို့ရာ တချို့၊ အဲဒီဘာဝနာကမ္မဋ္ဌာန်းတရားတွေ ဟောကြတယ်၊ ရုပ်တရားတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ အကြောင်းတွေဟောတယ်၊ ဘယ်လိုလုပ်ရမတုံးဆိုတော့ ရုပ်က ဒီတရား၊ နာမ်ကဒီတရား၊ ဒီလိုဖြစ်တယ်၊ ဒီလိုပျက်တယ်၊ ဒါမှတ်ထား၊ မှတ်ပြီးတော့ အဖန်ဖန်နှလုံးသွင်းဆင်ခြင်ရမယ် ဟောတာကိုး၊ အဲဒါကို စဉ်းစားကြည့်လိုက်လို့ရှိယင် နှလုံးသွင်းဆင်ခြင်တဲ့အတိုင်း စိတ်ညွှတ်တဲ့အတိုင်းတော့ တကယ်ထင်ချင်ထင်မယ်၊ တကယ်ဖြစ်ပျက်တဲ့တရား တွေ့ချင်မှတွေ့မှာ၊ ပုံတော်လို့ရှိယင်လဲပဲ တကယ်ဖြစ်ပျက်တဲ့တရား တွေ့ချင်ယင်လဲ တွေ့သွားမှာပေါ့လေ၊ လုံးလုံး မတွေ့ဘူးလို့တော့ မဆိုနိုင်ဘူး၊ စောစောစီးစီးက နေပြီး ရုပ်တရားနာမ်တရားအကြောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တအကြောင်းတွေ သေသေချာချာ လေ့ကျက်ပြီးတော့ အဖန်ဖန်နှလုံးသွင်းရမယ်။

သညာပြောင်းလို့ကာ်ရုံပဲ

တချို့က ဒီလိုဟောတယ်၊ အဲဒါလဲ စဉ်းစားစားစရာရှိပါတယ်၊ တခါက ဆရာတော်ကြီးတပါး ဗဟုသုတတွေရှိတဲ့ ဆရာတော်ကြီးတပါး ဝိပဿနာအကြောင်းနဲ့ ပတ်သက်ပြီးတော့ တရားဆွေးနွေးယင်း ပြောတာပါပဲ၊ တရားဟောတာတော့ မဟုတ်ပါဘူး၊ အလွယ်လေးပဲတဲ့၊ သူကပြောတယ်၊ သညာပြောင်းလိုက်ရုံပါပဲတဲ့၊ မူလက နိစ္စ, မြဲတယ်လို့ထင်နေတာ၊ အနိစ္စ, မမြဲဘူးပြောင်းလိုက်ယင်ပြီးတာပဲတဲ့၊ သုခ ချမ်းသာလို့ ထင်နေတာ၊ ဒုက္ခ, ဆင်းရဲလို့ ပြောင်းလိုက်ယင် ပြီးတာပဲတဲ့၊ မူလက အတ္တ, ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ပဲလို့ ထင်နေတာဟာ အနတ္တ, ပုဂ္ဂိုလ်သတ္တဝါ အကောင်တွေ မဟုတ်ဘူး၊ သဘောတရားမျှပဲလို့ သညာပြောင်းလိုက်ယင် ပြီးတာပဲလို့ အဲဒီဆရာတော်ကြီးက အမိန့်ရှိဖူးပါတယ်။

အဲဒါဟာ ဘုန်းကြီးက စဉ်းစားတယ်၊ သညာပြောင်းယင် သညာဖြစ်မှာပဲ၊ ပညာမဖြစ်ဘူး၊ ပကတိအနေအားဖြင့် မြင်ရ, ကြားရ, တွေ့ရတဲ့ ဥစ္စာတွေဟာ အမြဲတမ်းမြင်နေတယ်၊ အမြဲတမ်းကြားနေတယ်၊ အမြဲတမ်း တည်နေတယ်လို့ ပကတိပုဂ္ဂိုလ်တွေက ထင်နေတာကိုး၊ အဲဒါတွေကိုမမြဲဘူး၊ မမြဲဘူးလို့ပြောယင် ကိုယ့်ဉာဏ်ထဲက ကိုယ့်စိတ်ထဲက တကယ်ထင်ဖို့ရာ အရေးကြီးတာကိုး၊ မမြဲဘူးလို့ ပြောင်းရမယ်ဆိုလို့သာ အတင်းပြောင်းရတာကိုး၊ ကိုယ့်စိတ်ထဲက မထင်တော့ ပါးစပ်က မမြဲဘူးဆိုလိုက်၊ စိတ်ထဲကမြဲတယ်၊ မြဲတယ်လို့ မြင်လိုက်၊ ဒီလိုဖြစ်နေမှာ၊ ဒီလိုပဲဖြစ်နေမှာ၊ ကိုယ်ပိုင်က မဖြစ်လို့ရှိယင်၊ ကိုယ်က နှလုံးသွင်းတော့ မမြဲဘူး၊ မမြဲဘူးလို့ နှလုံးသွင်း၊ ပကတိအသိကလဲ မြဲတယ်၊ မြဲတယ်လို့ လိုက်ပြီးတော့ငြင်းနေမှာ ထင်ပါတယ်၊ သူ့ဟာ သိပ်ပြီးတော့ မသေချာပါဘူး၊ အဲဒါက သညာပြောင်းတာက မသေချာဘူး။

ကြာကြာကြီး နှလုံးသွင်းပါများတော့ အနိစ္စသညာလဲပဲ တော်တော်တန်တန်ခိုင်မြဲဖို့ရာ အကြောင်းတော့ရှိပါတယ်၊ ဒါပေမယ်လို့ ကိုယ်တိုင်တွေ့ ကိုယ်တိုင်သိမဟုတ်တော့ ပျက်သွားနိုင်သေးတာပဲ၊ စာတွေကို ကျက်ထားတာလိုပဲ၊ ငယ်ငယ်က ကျက်ထားတဲ့ဥစ္စာတွေများ အင်မတန်ကြေနေတာပဲ၊ မမှေ့နိုင်ဘူးလို့ အောက်မေ့ရတယ်၊ ဒါပေမယ့် မလေ့လာပဲနဲ့ ပစ်ထားယင် ကြာတော့ မေ့ပါတယ်၊ ဒါက ဘာပြုလို့တုံးဆိုတော့ သညာနဲ့မှတ်ထားတာကိုး၊ သညာနဲ့မှတ်ထားတယ်ဆိုတာက သညာနဲ့ လေ့လာနေမှ၊ မလေ့လာယင်ပျောက်သွားတယ်၊ အဲဒီတော့ အဲဒီလို သညာပြောင်းရုံမျှကလေးကတော့ မသေချာဘူး၊ ပြီးတော့ နောက်တခုက ပထမကတည်းက အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ စိတ်ကညွှတ်ညွှတ်ပြီးတော့ ယူလို့ရှိယင် ကိုယ့်ဟာကိုယ် လုပ်ယူတာကိုး၊ ကိုယ်က ဉာဏ်မသင့်ပဲနဲ့ အနိစ္စမထင်ပဲနဲ့ အနိစ္စနှလုံးသွင်းယူ၊ ဒုက္ခမထင်ပဲနဲ့ ဒုက္ခနှလုံးသွင်းယူဆိုတော့ ဒီဥစ္စာတွေက သဘာဝသိပ်မကျဘူး။

ဗုဒ္ဓဘာသာမဟုတ်တဲ့ အပြင်ဘက်က ဘာသာခြား ပုဂ္ဂိုလ်တွေက ပြောကြတယ်၊ ဗုဒ္ဓဘာသာတွေဟာ သူတို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ နှလုံးသွင်းတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ထင်တယ်ဆိုတာ ဟုတ်မှာ ပေါ့တဲ့၊ ဘာပြုလို့တုံးဆိုတော့ အစကတည်းက ဒီအတိုင်းထင်ပြီး နှလုံးသွင်းတာကြာတော့ နှလုံးသွင်းစိတ်ထဲကထင်တာပဲ၊ တကယ်သိတာမဟုတ်ဘူး ဆိုပြီးတော့ အဲဒီလို အပြင်ဘက်ကပုဂ္ဂိုလ်တွေကလဲ ပြောကြပါတယ်၊ အဲဒီတော့ စိတ်ညွှတ်ရုံကလေးကတော့ သိပ်ပြီးတော့ မသေချာဘူး၊ သူက ကိုယ်တိုင်သိဖို့ရာ အရေးကြီးတယ်။

ဖြစ်တိုင်းရှုရုံသာရှုပါ

အခု သတိပဋ္ဌာန်ဒေသနာတော်နည်းအရ ဒီမှာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ စိတ်ညွှတ်ဖို့ရာ မဟုတ်ပါဘူး၊ ဆရာတွေကပြောထားရတယ်၊ ရုပ်နာမ်ဆိုပြီးတော့ စိတ်မညွှတ်နဲ့နော်၊ ဒါက ရုပ်လား၊ နာမ်လား သွားစဉ်းစား မနေနဲ့၊ ရုပ်ပဲ၊ နာမ်ပဲဆိုပြီး သွားနှလုံးသွင်းမနေနဲ့၊ ဒါဖြစ်တာလား ပျက်တာလားဆိုပြီး နှလုံးမသွင်းနဲ့၊ ဖြစ်တယ်ပျက်တယ်ဆိုပြီးတော့လဲ နှလုံးမသွင်းနဲ့၊ သူက ဖြစ်တိုင်း ဖြစ်တိုင်း ရှုမြဲတိုင်းရှုပါ၊ ရှုရုံကလေးသာရှုပါ၊ ဘာမှနှလုံးမသွင်းပါနဲ့၊ သူဖြစ်တဲ့အတိုင်း လောက ပြောရိုးဆိုစဉ်အတိုင်း ဖြူယင်ဖြူတဲ့အတိုင်း၊ မည်းယင်မည်းတဲ့အတိုင်း ဆိုတာလိုပဲ၊ သူဖြစ်ပေါ်လာတဲ့တရားတွေ ဖြစ်တဲ့အတိုင်းပဲရှုနေပါ၊ ကမ္မဋ္ဌာန်း ဆရာများက ဒီလိုဟောထားရတယ်၊ ညွှန်ကြားထားရတယ်၊ ညွှန်ကြားထားတဲ့အတိုင်း ဖြစ်ခိုက်ကလေး လိုက်ရှုရတယ်၊ ဘာမှနှလုံးမသွင်းရသေးဘူး၊ ရှုခါစဆိုယင်ဖြင့် ဘာမှသိပ်ပြီးတော့တောင်မသိဘူး။

သို့သော်လဲ သုတမယဉာဏ် ဖြစ်သင့်သလောက်ဖြစ်အောင် နည်းနည်းတော့ ပြောထားရတယ်၊ ကိုယ်ထဲမှာ ရုပ်နာမ် နှစ်ပါးသာရှိတဲ့အကြောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတရားမျှရှိတဲ့အကြောင်း၊ ဒုက္ခသစ္စာတရားတွေ သမုဒယသစ္စာတရားတွေသာရှိတဲ့အကြောင်း၊ ဒါတွေကိုပြောထားရတယ်၊ ဒါလောက်ကတော့ သာမညတော့သိရတယ်၊ စောစောကရုပ်နာမ်မျှပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တပဲလို့ မထင်သေးပေမယ်လို့ ကိုယ်ထဲမှာ ရုပ်နာမ် ၂–ပါးမျှသာရှိတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တမျှသာရှိတယ်၊ မြဲတည်နေတာမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါရယ်လို့တော့ မရှိဘူးဆိုပြီး ဒါလောက်တော့ သိထားအုံးမှ။

သမ္မာဒိဋ္ဌိဖြစ်ပုံ

ဒါကြောင့် ဒီသမ္မာဒိဋ္ဌိဖြစ်ပုံက–

> ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ။

လို့ တနေ့ကဟောခဲ့တဲ့ သမ္မာဒိဋ္ဌိဉာဏ် ၄–ပါးဖြစ်ပုံ၊ သစ္စာလေးပါးနဲ့ ဝေဖန်ပြီးဟောတယ်။

မဂ္ဂ, နိရောဓသစ္စာရအောင် အားထုတ်ကြ

အဲဒီထဲမှာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတာ လောကုတ္တရာ သစ္စာတွေပဲ၊ ဒီသစ္စာတွေကတော့ စောစောကတည်းက မသိနိုင်ဘူး၊ စိတ်ညွှတ်ရုံမျှပဲ၊ နိရောဓ သစ္စာဆိုတာဟာ နိဗ္ဗာန်တရား၊ ကျွဲ့ ကန္တ် မနာပံ၊ ကျွဲ့ အလိုရှိအပ်တဲ့တရား။ ကန္တ်၊ နှစ်သက်အပ်တဲ့တရား။ မနာပံ၊ မြတ်နိုးအပ်တဲ့ တရားပဲ၊ ကောင်းတဲ့တရားပဲလို့ ဆိုလိုပါတယ်၊ မဂ္ဂသစ္စာဆိုတာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသိတဲ့ အရိယမဂ္ဂသစ္စာတရား၊ ဒါလဲ (ကျွဲ့ ကန္တ မနာပ) အလိုရှိအပ်တဲ့ တရား၊ နှစ်သက်အပ်တဲ့တရား၊ မြတ်နိုးအပ်တဲ့တရားပဲလို့ စောစောကနေ ဒီလိုသိထားရမယ်၊ အဲဒီလိုသိပြီးတော့ (ကျွဲ့ ကန္တ မနာပ) ဖြစ်တဲ့ မဂ္ဂသစ္စာ မိမိသန္တာန်ဖြစ်အောင် နိရောဓသစ္စာကို မျက်မှောက်တွေ့ရအောင် အဲဒီလိုလောက်စိတ်ညွှတ်ပြီး သကာလ အားထုတ်ရမယ်တဲ့၊ စိတ်ညွှတ်ဆိုတဲ့ တမင်တကာပို့ရမှာမဟုတ်ပါဘူး။

အဲဒီနိရောဓသစ္စာ မဂ္ဂသစ္စာတွေ မျက်မှောက်ပြုနိုင်တဲ့နည်းလမ်း ကျင့်ရမှာပါပဲ၊ ဘာလို့တုံးဆိုလို့ရှိယင် အခု အလုပ်လုပ်ကြသလိုပဲ၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ နေ့စားနဲ့ကလုပ်လုပ်ရတဲ့ ပုဂ္ဂိုလ် တနေ့ကို ၅–ကျပ်ရတယ် ဆိုပါတော့ အဲဒီငွေ ၅–ကျပ်ရဖို့ရာ သူကစိတ်ညွှတ်ပြီးတော့ အလုပ်လုပ်ရတာ၊ အလုပ်လုပ်နေတဲ့အခါ ၅–ကျပ်ကလေးရပါစေလို့ ဆိုနေရတာ မဟုတ်ပါဘူး၊ ၅–ကျပ်ရပါစေလို့ စိတ်ကလဲညွှတ်မနေရပါဘူး၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကလေးတွေလုပ်၊ အချိန်ကုန်တဲ့ အခါကာလကျတော့ ၅–ကျပ်ရမှာပဲ၊ ၁၀–ရစရာအလုပ်ကို လုပ်လို့ရှိယင်လဲပဲ ရမယ့် ၁၀–ကို စိတ်ညွှတ်ပြီးတော့ ဒါကလေး ရချင်တာနဲ့ အလုပ်ဝင်လုပ်ရတယ်၊ ပင်ပင်ပန်းပန်းတွေလဲ လုပ်ရတယ်၊ လုပ်နေတဲ့အတွင်းမှာတော့ စိတ်ကမညွှတ်ရပါဘူး၊ ၁၀–ရပါစေ၊ ရပါစေလို့ စိတ်ထဲက အောက်မေ့မနေရပါဘူး၊ ဒါဂစိုက်နေဖို့ရာ မလိုပါဘူး၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကလေးတွေကို တာဝန်ကျေအောင် လုပ်ရုံပဲ၊ လုပ်လို့ အချိန်ကုန်တဲ့ အခါကာလကျလို့ရှိယင် ရသင့်ရထိုက်တဲ့ ငွေ ၁၀–သူရမှာပဲ။

အဲဒါလိုပဲ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာစိတ်ညွှတ်ပြီးတော့ အားထုတ်ရတယ်ဆိုတာ ဒီနိရောဓသစ္စာ၊ မဂ္ဂသစ္စာကိုရစေနိုင်တဲ့ အကျင့်လမ်းတွေကို အားထုတ်ရတာပါပဲ၊ အားထုတ်တဲ့အခါကာလမှာ ရပါစေ၊ ရပါစေ၊ နိရောဓမဂ္ဂတွေကို စိတ်ညွှတ်ပြီး တမင်တကာ ပို့နေရတာမဟုတ်ပါဘူး၊ ရစေနိုင်တဲ့ အလုပ်ကို နည်းလမ်းမှန်အတိုင်း အချိုးတကျလုပ်သွားယင် ပြီးတာပါပဲ၊ ဒါကြောင့် နိရောဓသစ္စာ၊ မဂ္ဂသစ္စာတွေကတော့ စိတ်ညွှတ်ရုံမျှပဲတဲ့။

ဒုက္ခနှင့်သမုဒယကို့ရှု

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ရှုရတယ်တဲ့၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာတွေ၊ ဒုက္ခသစ္စာတွေဆိုတာ ဘာတုံးဆိုတော့ တနေ့က ခဏခဏလဲဟောခဲ့ပါပြီ၊ ဥပါဒါနက္ခန္ဓာတရားတဲ့၊ သက္ကာယနဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားပဲတဲ့၊ အဲဒါတွေက ဘယ်မှာ ရှိတာတုံးဆိုယင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, စိတ်ကူးစဉ်းစား ကြံစည်တိုင်း ဒွါရ ၆–ပါးမှာ အမြဲတမ်းပြနေ၊ ဖြစ်နေတဲ့တရားတွေပဲတဲ့၊ ဒီတရားတွေခဏမစဲ ဖြစ်နေတဲ့တရားတွေ၊ အဲဒီ တရားတွေကို ရှုပါတဲ့၊ ဒါတွေ ရှုရမှာ၊ ဒါတွေ ဒုက္ခသစ္စာတရားတွေ မရှုယင်မသိဘူး၊ ရှုယင်သိမယ်။

အဲဒီ ဒုက္ခသစ္စာတရားတွေကိုပဲ ကောင်းတယ်လို့ ထင်ပြီးတော့ သာယာနှစ်သက်တဲ့သဘောက သမုဒယသစ္စာပဲတဲ့၊ မြင်ရတာ ကောင်းတယ်ထင်ပြီး သာယာနှစ်သက် သဘောကျတယ်၊ ကြားရတာကောင်းတယ်ထင်ပြီး သာယာသဘောကျတယ်၊ နံရ စားရတာတွေ ကောင်းတယ်ထင်ပြီး သာယာနှစ်သက်သဘောကျတယ်၊ တွေ့ထိရတာတွေ အတွေ့အထိအမျိုးမျိုးတွေ ကောင်းတယ်ထင်ပြီး သာယာသဘောကျတယ်၊ နံရစားရတာတွေ ကောင်းတယ်ထင်ပြီး သာယာနှစ်သက်သဘောကျတယ်၊ တွေ့ထိရတာတွေ အတွေ့အထိအမျိုးမျိုးတွေ ကောင်းတယ်ထင်ပြီး သာယာနှစ်သက် သဘောကျတယ်၊ ကွေးရ, ဆန့်ရ, ထိုင်ရ, ထရ, သွားရ, လာရ, ရပ်ရ, ပြုံးရ, ရယ်ရ, ဒီလိုဟာတွေပေါ့လေ၊ အကုန်လုံး ကိုယ်အမူအရာတွေ အဲဒါတွေ ကောင်းတယ်ထင် ပြီး နှစ်သက်သဘောကျတယ်၊ စိတ်ကူးစဉ်းစားကြံစည်ရတာတွေ၊ စဉ်းစားကြံစည်ပြီးတော့ နေရတာ၊ အဲဒါတွေ ကောင်းတယ် ထင်ပြီးတော့နေရတာ၊ အဲဒါတွေ ကောင်းတယ်ထင်ပြီးတော့ သာယာနှစ်သက်သဘောကျတယ်၊ သာယာနှစ်သက်သဘောကျ တာက၊ သမုဒယသစ္စာပဲ၊ ဒါပဲရှိတယ်တဲ့။

သာယာနှစ်သက်သဘောကျတဲ့ သမုဒယသစ္စာနဲ့၊ မြင်တိုင်း၊ ကြားတိုင်း ဖြစ်ပေါ်ပြီးတော့နေတဲ့ ဒုက္ခသစ္စာနဲ့ ဒီဟာ ၂–ခုပဲရှိတယ်တဲ့၊ အဲဒီ ဒုက္ခသစ္စာဆိုတာ ဘယ်လိုသဘောတုံး ဆိုလို့ရှိယင် ဒုက္ခသစ္စာဆိုတာ ဖြစ်ပြီး ပျက်နေတဲ့တရားတွေ။

ဖြစ်ပျက် အမြဲနှိပ်စက်

အဘိဏှပဋိပီဋ္ဌနာဒုက္ခာ–

အဘိဏှပဋိပီဋ္ဌနာ၊ မပြတ်နှိပ်စက်ခြင်းဟူသော အနက်သဘောကြောင့်။ ဒုက္ခာ၊ ဆင်းရဲပဲတဲ့။

မပြတ်နှိပ်စက်တယ်၊ ဘာက မပြတ်နှိပ်စက်တုံးဆိုတော့ (ဥဒယဝယပဋိပီဋ္ဌနာ) ဖြစ်မှုပျက်မှုတွေ အမြဲနှိပ်စက်နေတယ် တဲ့၊ ဒီတရားတွေဟာ ပကတိပုဂ္ဂိုလ်တွေထင်တာကတော့ မဖြစ်မပျက်နဲ့ အမြဲတည်နေတယ်လို့ ထင်ရတယ်၊ မြင်ရတာမြဲနေ သလို၊ ကြားတာမြဲနေသလို၊ နံတာ, စားတာ, တွေ့ထိတာတွေ မြဲနေသလို၊ စိတ်ကူးစဉ်းစား ကြံစည်တာတွေ မြဲနေတယ်လို့ ထင်ရတယ်၊ အမှန်အားဖြင့် ခဏမစဲ ဖြစ်မုပျက်နေတာတွေ၊ အဲဒီဖြစ်မှုပျက်မှုတွေဟာ ခဏမစဲ နှိပ်စက်နေလို့ ဒီတရားတွေ ဆင်းရဲတွေပဲ၊ ဘာမှနှစ်သက်သာယာစရာမရှိဘူး၊ ခဏမစဲပျက် ခဏမစဲသေ၊ ခဏမစဲပျက်စီးပြီးတော့ သေကြေနေတဲ့သဘော တွေဖြစ်လို့ ကြောက်စရာကောင်းတယ်၊ ဒီတရားတွေ အဲဒီလိုကြောက်စရာကောင်းတဲ့အတွက် ဒီဟာ ဒုက္ခသစ္စာ ဆင်းရဲတွေပဲ။

အဲဒီ ဒုက္ခသစ္စာတရားတွေ၊ အကြမ်းပြင်းအားဖြင့် စောစောက ဒါလောက်တော့ သိထားရမယ်၊ အဲဒီလို သိပြီးတော့၊ ဖြစ်တိုင်းဖြစ်တိုင်းတွေ ရှုရုံပဲ၊ ရှုတဲ့အခါကျတော့ ဒါက ဒုက္ခသစ္စာပဲလို့ စဉ်းစားနေဖို့ မလိုပါဘူး၊ ဖြစ်ပျက်နေတာလဲ စဉ်းစားဖို့ မလိုဘူး၊ သူသိသင့်တဲ့ အချိန်ကျတော့သိမှာပဲ၊ ပထမစခါစကတော့ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ရှုနေရုံပဲ၊ မြင်တိုင်း ကြား တိုင်း ဒွါရ ၆–ပါးက ပေါ်တိုင်းပေါ်တိုင်း လိုက်ရှုနေယင် ပထမအစဖြစ်ပေါ်တဲ့ တရားကလေးတွေ အမှန်အတိုင်းသိရတယ်၊ အတွေ့အထိဆိုပါတော့၊ အတွေ့အထိကနေစပြီးတော့ ရှုရတယ်၊ အတွေ့အထိကစပြီးတော့ ရှုရတော့ ပထဝီဓာတ် အတွေ့အထိ ရှိတယ်၊ တေဇောဓာတ်အတွေ့အထိရှိတယ်၊ ဝါယောဓာတ် အတွေ့အထိရှိတယ်၊ ၃–မျိုးရှိတယ်၊ ပထဝီဓာတ် အတွေ့အထိဆို တာ ခက်မာတာတဲ့၊ ကြမ်းတမ်းတာတဲ့၊ နူးညံ့တာတဲ့၊ ချောညက်တာတဲ့၊ ဒါကလေးတွေလဲ ခဏခဏဟောနေရတာပါပဲ၊ ဒါပေမယ်လို့ ထပ်ခါထပ်ခါပြောမှပဲ နားလည်တယ်၊ အဲဒါတွေဟာ အတွေ့အထိတွေဟာ အတွင်းကဖြစ်၊ အပြင်ကဖြစ်၊အတွေ့ အထိတွေရှုတဲ့အခါ ပထဝီဓာတ်တွေ့ထိလို့ရှိယင် ဒီလိုတွေ့တာပဲ၊ ခက်မာကြမ်းတမ်းတာတွေ့တယ်၊ နူးညံ့တာတွေ့တယ်၊ ချော ညက်တာတွေ့တယ်၊ ပထမတွေ့စက ဒီအတိုင်းပါပဲ။

နောက်တော့မှ ဒါကလက်ပဲ, ခြေပဲ, ခေါင်းပဲ, ကိုယ်ပဲ, ဒါကအသားပဲ၊ ဆံပင်ပဲ စသည်ဖြင့် နောက်ဒီဟာတွေက ရောက ်သွားတာ၊ အစကတွေ့ခါစ၊ ထိခါစတုန်းကတော့ မာမာကြမ်းကြမ်းတွေ့ယင် မာမာကြမ်းကြမ်းပဲသိတာပဲ၊ ညမှောင်ထဲ မှာဆိုပါတော့၊ ညမှောင်ထဲမှာ ကိုယ်မှာလာပြီးတော့ ထိတယ်ဆိုပါတော့၊ ကိုယ်မှာလာပြီတော့ ထိလိုက်လို့ရှိယင် မာမာကြမ်း ကြမ်းနဲ့ ထိယင် မာမာကြမ်းကြမ်းပဲသိမှာပဲ၊ တုတ်ကလေးနဲ့လာထိယင် မာတာဖြစ်ယင်မာတာသိမှာပဲ၊ အဲဒါတုတ်ပဲ၊ ငါ့လာထိ တာတုတ်ပဲလို့ ထိထိချင်းမသိသေးပါဘူး၊ သူက လူတယောက်က လက်နဲ့အသာကလေးသွားပြီးတော့ တို့လိုက်တယ်ဆိုယင်ပဲ

အဲဒီမာတာတွေ့ယင် မာတာသိမှာပဲ၊ ကြမ်းတာတွေ့ယင် ကြမ်းတမ်းတာ သိမှာပဲ၊ ဒါလက်ပဲ၊ ဒါကလူပဲ၊ ယောကျ်ားလက်ပဲ၊ မိန်းမလက်ပဲ စသည်ဖြင့် မသိသေးပါဘူး၊ ပထမ စခါစ ထိခါစထိတဲ့သဘောပဲ သိပါတယ်၊ အဲဒါ သဘောမှန်ကလေးတွေ၊ ပထမရှေးဦးစွာ ပေါ်လာတယ်။

ဖြစ်တိုင်းလိုက်ရှုနေ

အဲဒါ ဖြစ်ခိုက်ကိုရှုမယ်ဆိုယင် အဲဒါလောက်ပဲသိတယ်၊ ထိတာမှတ်လိုက်ယင် ထိတဲ့သဘောပဲသိတယ်၊ ပူတာ, အေးတာ, နွေးတာနဲ့ထိတဲ့အခါ ပူတာ, အေးတာ, နွေးတာပဲ သိတယ်၊ တောင့်တင်းတာ၊ လှုပ်ရှားတာ, တွေ့ထိတဲ့အခါ တောင့်တင်းလှုပ်ရှားတာ၊ တွန်းကန်တာ၊ ဒါလောက်ပဲသိတယ်၊ ဗိုက်က ဖောင်းတာ, ပိန်တာရှုနေလို့ရှိယင် အထူးအားဖြင့် တောင့်တာ, တင်းတာ, လှုပ်ရှားတာ, တွန်းကန်တာ, ဒါတွေပဲ သိနေတာပဲ၊ သဘောမှန်ကလေးတွေ စသိတယ်။

နာမ်တရားထဲကဆိုလို့ရှိယင် စိတ်အာရုံဆီသွားတာ၊ အာရုံဆီသွားတဲ့ သဘောပဲသိတယ်၊ သွားတာ သွားတဲ့သဘော၊ နှစ်သက်ယင် နှစ်သက်တဲ့သဘော၊ လိုချင်ယင် လိုချင်တဲ့သဘော၊ သဘောမှန်ကလေးတွေ စပြီးတော့ သိတယ်၊ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာ, ဝေဒနာတွေဆိုလို့ရှိယင်လဲ အခံခက်တဲ့သဘောကလေးတွေ၊ ဒါပဲသိတယ်၊ စိုက်ပြီးတော့ရှုလိုက်ယင် သဘောကလေးတွေသိတယ်၊ မရှုပဲနေတဲ့ ပုဂ္ဂိုလ်ကတော့ ညောင်းလို့ရှိယင် ငါညောင်းတယ်၊ နာယင်လဲ ငါနာတယ်၊ဒီလိုထင်နေတာ၊ စိုက်ပြီးတော့ ရှုနေတဲ့ပုဂ္ဂိုလ်မှာ အခံခက်တဲ့သဘောလေးတွေပဲ၊ ဆက်ခါဆက်ခါ ဖြစ်နေတာတွေ့ရတယ်၊ အဲဒီတော့ ပထမစပြီးတော့ ရှုရှုချင်း ဒီသဘောမှန်ကလေးတွေ သိပါတယ်။

အသိညာဏ်တွေက မြန်လာတဲ့အခါကျတော့ အဲဒီဖြစ်ပေါ်တဲ့သဘောလေးတွေ အစနဲ့အဆုံးနဲ့ ပိုင်းခြားပြီးတော့ အဖြစ်အပျက်ကလေးတွေ သိတယ်၊ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးဆိုတာလေးတွေလဲ သိရတယ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းထဲပဲ ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူးလို့လဲပဲ သိရတယ်၊ သူ့သဘောအတိုင်း သူ့ဟာသူဖြစ်ပျက်နေတာပဲ၊ ဖြစ်အောင်လို့လဲ တောင့်တလို့မရဘူး၊ မဖြစ်အောင်လို့လဲ တောင့်တလို့မရဘူး၊ ကိုယ့်အလိုအတိုင်း ဘာမှမဖြစ်ဘူး၊ သူ့ဟာသူ အသစ်အသစ်တွေ ဖြစ်ဖြစ်ပြီး ပျက်သွားတာချည်းထဲပဲ။

ဥပမာအားဖြင့် အခုလေတွေ တိုက်နေတယ်၊ ဒီလေတွေ လာအောင်လို့ တောင့်တလို့ မဖြစ်ဘူး၊ မလာပါနဲ့လို့ ဒီလိုပြောလို့လဲ မဖြစ်ဘူး၊ တိုက်ပြီးတော့ လွန်သွားတာတွေမသွားပါနဲ့လို့ တားထားလို့လဲမရဘူး၊ အဲဒါလိုပဲ ကိုယ်ထဲမှာ ရှိနေတဲ့ တရားတွေကလဲပဲ ဒီလိုပဲ သူ့သဘောအတိုင်း သူ့ဟာသူ ဖြစ်ပြီးပျောက်သွားတာပဲ၊ အခုလေတွေ တိုက်နေတာနဲ့ တော်တော်ကို တူပါတယ်၊ အဲဒီလို သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အနတ္တတရားပဲဆိုတာ သူ့ဟာသူသိတယ်၊ အဲဒီတော့ တရားအားမထုတ်ခင်ကတည်းက သေသေချာချာ စဉ်းစားကြည့်မယ် ဆိုလို့ရှိယင် ဒီသတိပဋ္ဌာန်နည်းနဲ့ ဖြစ်ခိုက်ဖြစ်ခိုက်ကလေးရှုလို့ ရှိယင် သဘောအမှန်ကလေးတွေ ဧကန်သိနိုင်တယ်၊ ဖြစ်ပြီးပျောက်သွားတဲ့ အစနဲ့ အဆုံးလဲ သိနိုင်တယ်၊ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးဆိုတာလဲ ကိုယ်ပိုင်ဉာဏ်နဲ့သိနိုင်တယ်၊ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးသိလို့ရှိယင် ဖြစ်ချည်ပျက်ချည်နဲ့ဆင်းရဲတွေ မကောင်းတာတွေပဲဆိုတာ သိနိုင်တယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေလို့ အနတ္တသဘောတရားတွေပဲဆိုတာ သိနိုင်တယ်ဆိုတာ စောစောကတည်းကပဲ ယုံကြည်ရတယ်၊ သဒ္ဓါတရား ယုံကြည်မှုဟာ အရေးကြီးတယ်၊ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်တာ၊ တချို့က မယုံကြည်ဘူး၊ မယုံကြည်ရုံတင် မဟုတ်ဘူး၊ ဒီလိုအားထုတ်တဲ့ ဥစ္စာ မဖြစ်နိုင်ဘူးဆိုပြီးတော့ အဲဒီလို ဆန့်ကျင်ဘက်တွေ လျှောက်ပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတာပဲ။

သတ္တဝါအကျိုးအတွက် ဘုရားပွင့်လာ

ဒီပုဂ္ဂိုလ်တွေကတော့ သူတို့ကတော့ အကုသိုလ်တွေ ပွါးနေတာပါပဲ၊ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ လောကမှာ–

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

လောကေ၊ လောကဠ်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့၏။ ဟိတာယ၊ အကျိုးစီးပွားအလို့ငှါ။ သမုပ္ပန္နော၊ ပွင့်ထွန်းပေါ်ပေါက်လာပါပေ၏။

မြတ်စွာဘုရား လောကမှာ ပွင့်ထွန်းလာတယ်ဆိုတာ ဘယ်သူ့အတွက်တုံးဆိုယင် အားလုံးသော သတ္တဝါတွေအတွက်ပဲတဲ့၊ လူတွေအတွက်ရော၊ နတ်တွေအတွက်ရော၊ ဗြဟ္မာတွေအတွက်ရော၊ တိရစ္ဆာန်တွေ အတွက်ရော၊ အားလုံးသော သတ္တဝါတွေအတွက်၊ လူထဲကဆိုလို့ရှိယင် အထက်တန်းစား ပုဂ္ဂိုလ်တွေ အတွက်သာမဟုတ်ဘူး၊ အောက်တန်းစားပုဂ္ဂိုလ်တွေအတွက်သာမဟုတ်ဘူး၊ အားလုံးပုဂ္ဂိုလ်တွေအတွက်ပဲ၊ အားလုံးသောသတ္တဝါတွေအတွက် ပွင့်လာတယ်၊ အဲဒီအားလုံးသောသတ္တဝါတွေ

ဘာရဖို့ရာလဲဆိုယင် ဟိတာယ–အကျိုးစီးပွားများဖို့ပဲတဲ့၊ အကျိုးစီးပွားများဖို့ရာ ပွင့်လာတယ်တဲ့၊ ဟုတ်တော့ ဟုတ်ပါတယ်၊ ဘုရားပွင့်လာတာက အကုန်လုံးအတွက် အကျိုးများအောင်လို့ ပွင့်လာတယ်။

ဒါပေမယ်လို့ ဘုရားကိုမကြည်ညိုနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဘုရားလက်ထက်က ဘုရားကို မကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်တွေ၊ ပုရာဏကဿပ၊ မက္ခလိဂေါသာလအစရှိတဲ့ ပုဂ္ဂိုလ်တွေရော၊ အများကြီးရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေကတော့ ဘုရားပွင့်လာတာ သူ့ခမြာတွေမှာ အကျိုးစီးပွားမရှိဘူး၊ အကုသိုလ်အများကြီး ဖြစ်တယ်၊ ဘုရားကတော့ အားလုံးသောသတ္တဝါတွေ အကျိုးများအောင် ပွင့်တယ်၊ ဒါပေမယ်လို့ ဘုရားမကြည်ညိုနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ အကုသိုလ်ဖြစ်တယ်၊ သူတို့ အကျိုးမဲ့ဖြစ်ဖို့ရာ ဘုရားပွင့်လာသလို ဖြစ်နေတယ်၊ အဲဒီလို ဖြစ်နေတယ်။

အဲဒါလိုပဲ၊ အခု မြတ်စွာဘုရားသာသနာမှာလဲပဲ တရားနည်းလမ်းမှန်တွေကို ဟောတဲ့ပုဂ္ဂိုလ်တွေကဟော၊ အဲဒီလို ဟောတဲ့ပြောတဲ့ပုဂ္ဂိုလ်တွေဟာ အားလုံးသောသတ္တဝါတွေ အကျိုးများဖို့ရာပဲ၊ မြတ်စွာဘုရား တရားတွေကျင့်ပြီးတော့ အကျိုးများဖို့ရာတွေ ဟောတာပဲ၊ ဒါပေမယ်လို့ အဲဒါတွေ မယုံကြည်တဲ့ ပုဂ္ဂိုလ်တွေက တထောင့်တနားကနေပြီးတော့ ဒီလိုဟာမဖြစ်နိုင်ဘူး၊ ဟိုလိုဟာ မဖြစ်နိုင်ဘူးစသည်ဖြင့် အဲဒီလို ကဲ့ရဲ့ပြစ်မှားပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီလိုဟာတွေရှိသေးတာပဲ၊ သူတို့ အကုသိုလ်တွေများနေမှာပဲ၊ စဉ်းစားကြည့်ရတာ။

အဲဒီတော့ အဲဒီလိုမယုံကြည်တဲ့ ပုဂ္ဂိုလ်တွေဟာ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီးကို ဘယ်လိုဖွဲ့နိုင်လိမ့်မှာတုံး၊ မဂ္ဂင်ရှစ်ပါးဖောင်၊ စဉ်းတောင်မစဉ်းစားပါဘူး၊ သူဒါမဖြစ်နိုင်ပါဘူးဆိုပြီးတော့ နှလုံးတောင်မသွင်းဘူး၊ သဒ္ဓမ္မဝိမုခ ခေါ်တယ်၊ သဒ္ဓမ္မ၊ သူတော်ကောင်းတရားကို။ ဝိမုခ၊ မျက်နှာမမူပဲနဲ့ ကျောပေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ သဒ္ဓမ္မဝိမုခ၊ သူတော်ကောင်း တရားနဲ့ မျက်နှာမမူပဲနဲ့ နောက်ကျောပေးနေတဲ့ ပုဂ္ဂိုလ်တွေလို့ခေါ်တယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာဆိုယင် မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်ကြီးကို မဖွဲ့နိုင်ဘူးတဲ့၊ ဒါကြောင့် အဌကထာက သဒ္ဓါတရားတည်းဟူသောလက်ဟာ အရေးကြီးတယ်၊ သဒ္ဓါတရားတည်းဟူသော လက်ရှိမှ ယုံကြည်မှပဲဖွဲ့နိုင်မယ်၊ ဟုတ်တာပဲ ယုံကြည်မှဖြစ်မှာ၊ ခုနကပြောတဲ့ ဥပမာထဲမှာ ခရီးသွားတဲ့ပုဂ္ဂိုလ်တွေဟာ ဒီရထားစီးယင် ဒီနေရာ ရောက်ပါလိမ့်မယ်လို့ ယုံကြည်မှပဲစီးမှာ၊ မယုံကြည်ယင် မစီးဘူး၊ ယုံကြည်လို့ စီးမှလဲ ကိုယ်လိုတဲ့ခရီးရောက်မယ်။

သဒ္ဓါ, သီလ, ဝီရိယ ရှိဖို့လို့

အဲဒီတော့ သဒ္ဓါတရားတည်းဟူသော လက်ကောင်းရမယ်၊ သဒ္ဓါတရား လက်ကောင်းလို့ ရှိယင် ခြေလဲသန်တော့ တာပါပဲ၊ သီလတည်းဟူသောခြေ သန်သန်စွမ်းစွမ်းရှိရမယ်၊ ပြီးတော့ ဝီရိယတည်းဟူသော ခွန်အားကလဲရှိရမယ်၊ အလုပ်တခု လုပ်တယ်ဆိုယင် ခွန်အားရှိမှကိုး၊ နေမကောင်း ထိုင်မသာဖြစ်ပြီး ချည့်နဲ့နေတဲ့ပုဂ္ဂိုလ် ဘာမှမလုပ်နိုင်ဘူး၊ အလုပ်လုပ်ဖို့ နေနေသာသာ သူ့ကိုယ်သူတောင်မှ သက်သက်သာသာ မနေနိုင်ဘူး၊ အဲဒီတော့ ခွန်အားဗလလဲ ပြည့်စုံဖို့ ရာလိုတယ်တဲ့၊ မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်ဖွဲ့တဲ့ ပုဂ္ဂိုလ်ဟာ သဒ္ဓါတရားတည်းဟူသော လက် သန်သန် စွမ်းစွမ်း ရှိရမယ်၊ သီလတည်းဟူသောခြေ သန်သန်စွမ်းစွမ်းရှိရမယ်၊ ဝီရိယတည်းဟူသော ခွန်အားဗလကြီး ပြည့်စုံရမယ်လို့ အဲဒီလို ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ မဂ္ဂင်ရှစ်ပါးတရားကို ဖောင်ဖွဲ့နိုင်ပါတယ်။

ယခု သာသနာ့ရိပ်သာမှာ လာရောက်ပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီသဒ္ဓါတရားကလဲ ယုံကြည်လို့၊ အခုလို တရားနာနေတဲ့ ပုဂ္ဂိုလ်တွေဆိုတာ သဒ္ဓါတရားရှိလို့ လာတရားနာတာ၊ ယုံကြည်လို့လာတာ၊ မယုံကြည်တဲ့ ပုဂ္ဂိုလ်တွေက လာကိုမလာနိုင်ဘူး၊ တရားနာဖို့ကို မလာနိုင်ဘူး၊ ယုံကြည်မှ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က ယုံကြည်တဲ့အတွက် တရားနာတယ်၊ တရားနာတော့လဲ ပိုပြီးတော့ သဒ္ဓါတရားက ယုံကြည်လာတယ်၊ မနာရလို့ရှိယင် သိပ်မယုံကြည်ဘူး၊ နာရလို့ရှိယင် နည်းနည်းယုံကြည်လာတယ်၊ ယုံကြည်လို့တရားနာတော့ ပိုပြီးတော့ သဒ္ဓါတရားဖြစ်တယ်၊ သဒ္ဓါတရားဖြစ်တော့ အားထုတ်ချင်တဲ့ ဆန္ဒနဲ့လုံလဝီရိယတွေကလဲ ကောင်းကောင်းလာတယ်၊ အဲဒီမှာ တရားအားထုတ်ဖြစ်တာ၊ အားထုတ်လိုက်တဲ့ အခါကာလကျတော့လဲ သမာဓိဉာဏ်ကလေးတွေ ရင့်လာလေလေ သဒ္ဓါတရားဖြစ်လေလေပါပဲ။

တချို့ ပုဂ္ဂိုလ်တွေ တရားလုပ်ငန်းစဉ်မဝင်ခင်က အပြင်ကနေတော့ သာမန်ခပ်ပေါ့ပေါ့လောက် အောက်မေ့ရတယ်၊ တရားဝင်ပြီး အားထုတ်တဲ့အခါကျတော့ တွေ့တာကိုး၊ တရားက သူက သန္ဒိဋ္ဌိကော–ကျင့်ကြံအားထုတ်က မုချကိုယ်တွေ့မြင်နိုင်တဲ့တရားတဲ့၊ ကိုယ်တိုင်ကျင့်ယင် ကိုယ်တိုင်တွေ့တယ်တဲ့၊ မကျင့်ယင်တော့ မတွေ့ဘူး၊ ကျင့်မှပဲတွေ့တယ်၊ ကျင့်ကြည့်လို့ရှိယင် တရားက ကိုယ်တိုင်တွေ့ရတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းကလေးတွေ လိုက်ပြီးတော့ရှုနေယင် သမာဓိကလေးတွေဖြစ်ပြီးတော့ ဉာဏ်ဖြစ်လာတယ်၊ တော်တော်ကြာတော့ ရုပ်နာမ်တရားတွေ ကိုယ်တိုင်တွေ့တယ်၊ တခြားတပါး စိတ်တွေ ပျံ့လွင့်ပြေးသွားတာကလေးတွေ၊ အဲဒါကလေးတွေလဲ တွေ့ရတယ်၊ ဒါလေးတွေ တွေ့ပြီးတော့ ဒါလေးတွေဟာ တော်တော်ကြာတော့ သိလာတယ်၊ စိတ်တွေမပျံ့လွင့်ဘူး မှတ်ရတဲ့အာရုံ၊ မှတ်သိတဲ့စိတ်နဲ့ တခါတည်း လူတယောက်ကနေပြီးတော့ ဆိုင်ပေးနေ

သလိုပဲ၊ မှတ်စရာအာရုံနဲ့ မှတ်သိတာနဲ့၊ မှတ်စရာအာရုံနဲ့ မှတ်သိတာနဲ့၊ အတွဲလိုက်အတွဲလိုက် ဆင့်ဆင့်ပြီးတော့ကျလာတယ်၊ အဲဒါ ခဏိကသမာဓိတွေ ဖြစ်လာတာ။

ခဏိကသမာဓိ

ရှုမိတဲ့အာရုံကလေး အခိုက်အတန့် ကပ်ခနဲကပ်ခနဲ သိသွားတာ၊ အဲဒီ ခဏိကသမာဓိကလေး ဖြစ်လာတဲ့အခါမှာ သဒ္ဓါတရားတွေ တိုးတက်လာတယ်၊ ယုံကြည်လာတယ်၊ စောစောက ဒီလိုဖြစ်လိမ့်မယ်လို့မထင်ဘူး၊ အခု တကယ်ဝင် အားထုတ်လိုက်တဲ့ အခါကျတော့ ဒါလေးတွေကတွေ့ရတယ်၊ ဒါကစိတ်ကူးကြံစည်မှုတွေ မများတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိယင် မကြာ ပါဘူး ၂–ရက် ၃–ရက်လောက်ဆိုယင် တွေ့တယ်၊ တရက်လောက်အတွင်းလဲ တွေ့တာပါပဲ၊ ဒီလို အတွေ့တွေ ပါဠိကလေးက တော့ ခဏိကသမာဓိကလေးခေါ်တယ်၊ တရက်လောက်အတွင်းလဲ တွေ့တာပဲ၊ နာရီပိုင်းလောက်နဲ့လဲ တွေ့တာပဲ၊ ကြိုးကြိုး စားစားအားထုတ်၊ ဆရာသမားပြောတဲ့အတိုင်း အားထုတ်၊ ဘာမှစိတ်ကူးမျှားမနေနဲ့၊ အဲဒီလိုဆိုလို့ရှိယင် တခါတည်း မှတ်ရတဲ့ အာရုံနဲ့ မှတ်သိတဲ့စိတ်နဲ့ ကိုက်ကိုက်ပြီးတော့ကျနေတဲ့ ခဏိကသမာဓိလေး ဖြစ်လာတယ်။

အဲဒီ ခဏိကသမာဓိလေးဖြစ်လာယင် သဒ္ဓါတရားဖြစ်လာတယ်၊ စောစောက ဒါတွေမတွေ့ဖူးတာတွေ တွေ့လာတာ ကိုးဆိုပြီးတော့ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ တော်တော်ကြာတော့ ရုပ်နဲ့နာမ်ကလေးတွေလဲ ကွဲလာတယ်၊ ခဏိကသမာဓိ ဖြစ်ယင် မကြာဘူး ရုပ်နာမ်ကလေးတွေ မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်နဲ့ တခြားစီကွဲလာတယ်၊ မှတ်ရတဲ့ အာရုံရုပ်ကတခြား၊ မှတ်သိနေတဲ့ စိတ်ကလေးကတခြား၊ အစတုန်းကတော့ ရုပ်နဲ့နာမ်နဲ့ဟာ ခွဲလို့မရဘူး၊ ပကတိပုဂ္ဂိုလ်တွေမှာ စာသဘောနဲ့ ပြောယင်သာ ရုပ်နဲ့နာမ်ကွဲနေတာ၊ နှလုံးသွင်းဆင်ခြင်လိုက်လို့ရှိယင်ခြင့် ရုပ်ကိုယ်ကြီးနဲ့ သိတဲ့စိတ်ဟာ တယောက်တည်းက တကိုယ်တည်းဖြစ်နေတာ အတူတူပဲဖြစ်နေတယ်၊ စာသဘောနဲ့ဆိုယင်တော့ ကွဲတာပဲ၊ ဒါပေမယ်လို့ ပကတိအသိနဲ့ ပြန် စဉ်းစားလိုက်တဲ့အခါမှာ ဒီလိုပဲ၊ တကိုတည်းဖြစ်နေတယ်၊ ရောနေတယ်၊ အဲဒါ ခဏိကသမာဓိလေး ပိုင်ပိုင်နိုင်နိုင် ဖြစ်လာတဲ့ အခါကျတော့ မှတ်ရတဲ့အာရုံရုပ်ကတခြား၊ မှတ်သိနေတဲ့ စိတ်ကလေးကတခြား၊ ဒါလေး ၂–ခုက ကွဲလာတယ်၊ အရေးကြီးပါ တယ်။

နာမရူပ ပရိစ္ဆေဒညာဏ်ဆိုတာ ရုပ်နဲ့ နာမ် ၂–ခုရှိတယ်၊ ဒီပြင် ဘာမှမရှိဘူးဆိုတာ ဒီကနေပြီးတော့ ရှင်းလာတာ အခြေခံပဲ၊ အဲဒီ နာမရူပ ပရိစ္ဆေဒကလေးက အချိုးကျမှ နောက်ကညာဏ်တွေကလဲ အမှန်အတိုင်းဖြစ်ရမှာ၊ ရှေ့က အချိုးမကျ လို့ရှိယင် နောက်ညာဏ်တွေ တက်ချင်တိုင်းတက်နေ မဖြစ်ပါဘူး၊ အဲဒီတော့ ရုပ်နဲ့နာမ်ကလေး ပိုင်းခြားပြီးတော့ သိလာတယ်၊ အဲဒီ ရုပ်နဲ့နာမ်ကလေးတွေ အစဖြစ်ပေါ်လာတာသိတယ်၊ ဖြစ်ပြီးပျက်သွားတာသိတယ်၊ အစနဲ့အဆုံး အပိုင်းအခြားကလေးတွေ နဲ့သိတာ၊ နည်းနည်းလောက် သိလာယင်ကို သဘောပေါက်လာပြီ၊ သဒ္ဓါတရားတွေ ဖြစ်လာပြီ၊ တိုးတက်လာပြီ၊ သဒ္ဓါတရား အားကောင်းလာလေ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီးဖွဲ့ဖို့ရာ ပြည့်စုံလေလေပါပဲ။

အဲဒါကြောင့် တနေ့က မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိဆိုတာဖြစ်ပုံ တော်တော်လေးပြောခဲ့ပါပြီ၊ သမ္မာဒိဋ္ဌိဆိုတာ သစ္စာ လေးပါးတရားသိတဲ့ ဉာဏ်၊ အဲဒီသစ္စာ ၄–ပါးမှာလဲပဲ ဝိပဿနာရှုဆဲမှာဆိုယင်တော့ ဒုက္ခသစ္စာနဲ့ သမุဒယသစ္စာကို ရှုပြီးတော့ သိတဲ့ဉာဏ်၊ အဲဒါကို ပွားများရတာပဲ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကို အာရုံပြုပြီးတော့ သိတဲ့ ဉာဏ်ကတော့ မဖြစ်နိုင်ဘူး၊ ဒါကတော့ တချို့ပုဂ္ဂိုလ်တွေ နားမလည်တဲ့ ပုဂ္ဂိုလ်တွေကတော့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ တရားအားထုတ်၊ မဂ်ကိုအာရုံပြုပြီး တရားအားထုတ်၊ ဒီလိုဟာတွေ ပြောဟောလုပ်ကိုင်တဲ့ပုဂ္ဂိုလ်လဲ ရှိမှာပေါ့လေ၊ သူက နားမှမလည်ပဲ၊ ဒီလိုလုပ်လို့ မဖြစ်ပါဘူး။

ပုထုဇဉ်နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ အချိန်

နိဗ္ဗာန်ဆိုတာက ပုထုဇဉ်ပုဂ္ဂိုလ်အနေနဲ့ အာရုံမပြုနိုင်ဘူး၊ အာရုံပြုနိုင်တဲ့ အချိန်ကလေးရှိပါတယ်၊ ဘယ်အချိန်တုံး ဆိုတော့ အရိယမဂ်ရောက်ခါနီး ဂေါတြဘူဆိုတဲ့ စိတ်ကလေးရှိတယ်၊ မဂ်ရောက်တဲ့အလှည့်မှာ ဝိထိစဉ်အားဖြင့် ပရိကံတဲ့၊ ဥပစာတဲ့၊ အနုလုံတဲ့၊ ဂေါတြဘူတဲ့၊ ရှေ့ကာမာဝစရစိတ်က ၄–ကြိမ်ကျတယ်၊ ကာမာဝစရစိတ် ဏော စိတ် ၄–ကြိမ်ကျတယ်၊ အဲဒီ ၄–ကြိမ်ထဲမှာ ပရိကံ, ဥပစာ, အနုလုံဆိုတာကတော့ ရုပ်နာမ်အဖြစ်အပျက်၊ အနိစ္စ, ဒုက္ခ, အနတ္တကို အာရုံပြုတယ်၊ ဂေါတြဘူဆိုတာကတော့ ရုပ်နာမ် သင်္ခါရတွေချုပ်ပြီးတော့ နိဗ္ဗာန်အာရုံထဲကို ပြေးဝင်သွားတယ်တဲ့၊ သူက အဲဒီအချိန်ကလေး ဂေါတြဘူစိတ်ကလေးတကြိမ်မှာ ပုထုဇဉ်အဖြစ်နဲ့ နိဗ္ဗာန်ကိုအာရုံပြုနိုင်တယ်၊ အာရုံပြုတယ်ဆိုပေမယ်လို့ နိဗ္ဗာန်ဆီကို ညွှတ်ကိုင်းပြီးတော့သွားတဲ့ သဘောကလေးပဲ၊ ပိုင်ပိုင်နိုင်နိုင် သိတာမဟုတ်ပါဘူး၊ အဲဒီ အချိန်ပဲရှိတယ်။

ဒီပြင်အချိန်အနေနဲ့ စောစောစီးစီးက နိဗ္ဗာန်အာရုံပြုတာကတော့ မဖြစ်နိုင်ဘူး၊ တခု မေးစရာရှိတယ်၊ ဒါဖြင့်ဗျာ အခု ကုသိုလ်ကောင်းမှုတွေ ပြုကြ၊ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရပါလို၏လို့ ဆုတောင်းနေတယ်၊ အဲဒီအခါမှာ နိဗ္ဗာန်ကိုအာရုံပြုတာပဲ မဟုတ်လားလို့ မေးစရာရှိတယ်၊ ဒါကတော့ သာမည်ပဲ၊ ဒါကတော့ ဒါက နိဗ္ဗာန်အစစ်ကို

ထိထိရောက်ရောက် အာရုံပြုတယ်လို့ မဆိုနိုင်ဘူး၊ ဒါကတော့ နာမည်လောက်နဲ့ မှန်းပြီးတော့ အာရုံပြုရတာ၊ ဒါလောက်ပဲ ရှိသေးတာကိုး၊ သေသေချာချာ နိဗ္ဗာန်ကိုမြင်တာ မဟုတ်သေးဘူး၊ အဲဒီလို တချို့ နိဗ္ဗာန်တွေ သိပ်ငြင်းကြတာ၊ ငါ့နိဗ္ဗာန်က မှန်တယ်၊ သူ့နိဗ္ဗာန်က မှားတယ်၊ နိဗ္ဗာန်တွေအချိုးချိုးငြင်းကြတာ၊ ဘယ်သူမှ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သေသေချာချာသိတာ မဟုတ်ဘူး၊ ဒါကြောင့် ဝိပဿနာရှုတဲ့အခါကာလ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ မဖြစ်ဘူး။

မဂ်ဆိုတာကတော့ ပုထုဇဉ်အဖြစ်နဲ့ အရိယမဂ်ကို ဘယ်လိုမှအာရုံမပြုနိုင်ဘူး၊ မဂ်အာရုံပြုနိုင်တာက ဘယ်ကျမှတုံးဆိုယင် အောက်ထစ်ဆုံးအားဖြင့် သောတာပန်ဖြစ်ပြီးတော့မှ၊ အဲဒီတော့မှ ပစ္စဝဝဏ္ဏာနဲ့ ပြန်ဆင်ခြင်တယ်၊ အဲဒီမှ အာရုံပြုနိုင်တယ်၊ အဲဒီကနောက်တော့ ကိုယ်ရပြီးသားမဂ်ကို ဘယ်အချိန်မဆို အာရုံပြုနိုင်ပါတယ်၊ ဒါက ကိုယ်ရပြီးသားအမွေ၊ သူများရတဲ့ဟာတွေနဲ့တော့ မဆိုင်ဘူး၊ ကိုယ်ရတဲ့ ကိုယ့်သန္တာန် ဖြစ်ဖူးတဲ့ဟာလေး ကိုယ်ပြန်နှလုံးသွင်းဆင်ခြင်နိုင်တယ်၊ အဲဒါကြောင့် နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကို အာရုံပြုပြီးတော့ တရားအားထုတ်ဖို့ မလိုပါဘူး၊ ဒုက္ခသစ္စာနဲ့ သမุဒယသစ္စာ ဒီ ၂-ပါး ဖြစ်တိုင်း ဖြစ်တိုင်း ရှုရတယ်တဲ့။

ဒုက္ခသစ္စာရှု

အခု ဒီမှာ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒွါရ ၆-ပါးက ဖြစ်တိုင်း ဖြစ်တိုင်းတွေရှုနေတာ၊ ဘာတွေတုံးဆိုယင် များသောအားဖြင့် ဒုက္ခသစ္စာတွေ ရှုနေတာပဲ၊ နှစ်သက်သာယာမှုကလေးတွေ ဖြစ်တဲ့အခါရှုယင် ဒါသမုဒယသစ္စာလို့ ဆိုရမှာပေါ့၊ နှစ်သက်သာယာမှုကလေးတွေလဲ တခါတခါ ရှုရတယ်၊ သမုဒယသစ္စာကို ရှုတယ်လို့ပဲ ဆိုရမှာပေါ့၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေရှုနေတယ်၊ ရုပ်တရား နာမ်တရားတွေ၊ ဖြစ်ပျက်နေတာတွေ တွေ့နေတယ်၊ ဒါ ဒုက္ခသစ္စာတရားတွေပဲ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခं အရိယသစ္စံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခं အရိယသစ္စံ၊ အရိယာတို့ သိအပ်သော ဆင်းရဲအစစ်အမှန်တရားသည်။ ကတမဉ္စ၊ အဘယ် နည်းဟူမူကား။ ဒုက္ခသစ္စာတရားတွေဟာ ဘယ်ဟာလဲဆိုယင်-

ပဉ္စုပါဒါနက္ခန္ဓာ တိသဝစနီယံ။

ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ ဣတိ၊ ဤသို့။ ဝစနီယံ၊ ဖြေဆိုအပ်သည်။ အသ၊ ဖြစ်ရာ၏။

ဒုက္ခသစ္စာဟာ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ ဥပါဒါနက္ခန္ဓာဆိုတာလဲ ခဏ ခဏ ဟောနေတာ၊ အဲဒါ မြင်တိုင်း ကြားတိုင်း ထင်ရှားနေတဲ့တရားတွေပဲ၊ မြင်ခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာငါးပါး၊ ကြားခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာ ငါးပါး၊ နံခိုက်, စားခိုက်မှာ ထင်ရှားတဲ့တရားဟာ ဥပါဒါနက္ခန္ဓာငါးပါး၊ တွေ့ထိခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာ ငါးပါး၊ ကွေးဆဲ ဆန့်ဆဲ လှုပ်ရှားဆဲ ဒါတွေလဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ စိတ်ကူးစဉ်းစား ကြံစည်တဲ့အထဲမှာ ရှိနေတဲ့တရားတွေ လဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ ဒုက္ခသစ္စာတရားတွေ အဲဒါတွေကို ရှုနေရတယ်။

အနိစ္စာနုပဿနာဉာဏ်

အဲဒီ ဒုက္ခသစ္စာတရားတွေရှုတော့ ပထမရှေးဦးစွာ ခုနကပြောခဲ့တဲ့အတိုင်း သဘောတရားအမှန် ကလေးတွေသိတယ်၊ သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ အဖြစ်အပျက်ကလေးတွေ အစနဲ့အဆုံးနဲ့ ပိုင်းခြားပြီးတော့သိတယ်၊ အနိစ္စ၊ မမြဲဘူး ဆိုတာ သိတယ်၊ ဒီမှာ သူ့ဟာ ဉာဏ်ဖြစ်တာ၊ ဒါက ကိုယ်ပိုင်ဉာဏ်၊ စာနဲ့ကျက်ပြီးတော့ မှတ်ထားတာ မဟုတ်ဘူး၊ ရှုယင်း ရှုယင်းနဲ့ ပျောက်ပျောက်သွားတာလေးတွေ သိတော့ မမြဲတဲ့တရားပဲ၊ ဥပမာဆိုပါတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုနေယင်း စိတ်ကလေးက တခြားထွက်သွား၊ အဲဒီ စိတ်ကလေးမှတ်လိုက် မရှိဘူး၊ ပျောက်သွားပြီ၊ ပထမတုန်းကတော့ စိတ်ဟာ တယောက်တည်း တကိုယ်တည်း မြဲတည်နေတယ် အောက်မေ့တယ်၊ အခု စိတ်ကလေး တခြားထွက်လိုက်တာနဲ့ ထွက်တယ်မှတ်လိုက် မရှိဘူး၊ သွားတယ် မှတ်လိုက် မရှိဘူး၊ နှစ်သက်တယ် မှတ်လိုက် မရှိဘူး၊ ပျောက်သွားတာကို တွေ့ရတယ်၊ ဒီတော့ မမြဲတဲ့တရားပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိရတယ်၊ ဆရာသမားတွေက ဟောနေဖို့မလိုဘူး၊ သူ့ဟာသူသိတယ်၊ ကိုယ်ထဲမှာ ဝေဒနာကလေးတွေ ဖြစ်တယ်၊ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာလေးတွေ ဖြစ်တယ်၊ အဲဒါလေးတွေလဲ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့မှတ်တော့ ပျောက်ပျောက်သွားတာတွေ့ရတော့ မမြဲတဲ့တရားတွေပဲဆိုတာ တွေ့ရတယ်၊အဲဒီလိုပဲ ရှုတိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာကလေးတွေ တွေ့ရတော့ မမြဲဘူးလို့ တွေ့တဲ့ဥစ္စာ ဒါအနိစ္စာနုပဿနာဉာဏ် ဒါ သမ္မာဒိဋ္ဌိပဲ၊ ရှုမှတ်ဆဲတွင် ပေါ်လာပြီးနောက် ပျောက်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်၊ အဲဒါ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်၊ ဒါ အရေးကြီးတယ်၊ ရှုမှတ်ဆဲသိရမှာ၊ ကိုယ့်ဟာကိုယ် စိတ်ကူးစဉ်းစား ကြံစည်

ပြီးတော့ သဘောပေါက်နေတာတွေ၊ အဲဒါတွေ မဟုတ်သေးဘူး၊ ရှယင်း မှတ်ယင်းကို ပျောက်ပျောက်သွားတာတွေ့မှ မမြဲဘူးလို့ ဒီလိုသိမှ ဝိပဿနာဉာဏ်ခေါ်တယ်၊ ဆိုရမယ်။

ရှုမှတ်ဆဲတွင် ပေါ်လာပြီးနောက်၊ ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟုသိတာက၊
အနိစ္စာနုပဿနာဉာဏ်။

အနိစ္စာနုပဿနာဆိုတာ ပေါ်ပြီးလို့ပျောက်သွားလို့ မမြဲဘူးလို့ ကိုယ်ပိုင်ဉာဏ်နဲ့သိမှ အနိစ္စာနုပဿနာဉာဏ်လို့ ခေါ်တယ်၊ ခုနက ပထမကပြောခဲ့တဲ့ သညာပြောင်းတာမျိုးလေး မဟုတ်သေးဘူး၊ သညာပြောင်းယင် သညာပဲဖြစ်နေမှာ၊ ပညာ မဟုတ်ဘူး၊ ပညာနဲ့သညာကတခြားစီပဲ၊ သညာဆိုတာကတော့ကို သင်ပေးထားတဲ့အတိုင်း သူမှတ်မိပြီးတော့ သိနေတာကို ဒါသညာခေါ်တယ်၊ ပညာကတော့ သင်ပေးတာမဟုတ်ဘူး၊ ကိုယ့်ဟာကို ကိုယ်တိုင်တွေ့ပြီးတော့ သဘောပေါက်ပြီး သေသေချာချာသိတာ၊ အဲဒါကို ထိုးထွင်းသိတယ်ဆိုပြီး ရှေးက ဘာသာပြန်ကြတယ်၊ ပဋိဝေဒဉာဏ်ဆိုပြီးတော့ ထိုးထွင်းပြီးတော့ သိတာတဲ့၊ အယင်ကမသိနိုင်တဲ့ အရာတွေကို တခါတည်း အကာအဆီးကြီးကို ဖောက်ထွင်းပြီးတော့ သိသွားသလိုပဲ၊ အစကမြဲတယ်ထင်နေတာဟာ မမြဲဘူးဆိုတာ ဖောက်ထွင်းပြီးတော့ သိသွားတာကို ထိုးထွင်းသိတယ်လို့ ပြောတယ်၊ အဲဒါ ပေါ်လာပြီး ပျောက်သွားတာတွေ တွေ့မှတဲ့။

အနိစ္စသ အနုပဿနာ အနိစ္စာနုပဿနာ။

အနိစ္စသ၊ မမြဲသောတရားကို။ အနုပဿနာ၊ ရှုသောသိမြင်သော သဘောသည်။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာ မည်၏ ။

အနိစ္စ–မမြဲတဲ့သဘောရှုတာ၊ သိမြင်တာတဲ့၊ တနည်းအားဖြင့်–

အနိစ္စန္တိ အနုပဿနာ အနိစ္စာနုပဿနာ။

အနိစ္စန္တိ၊ မမြဲဟူ၍။ အနုပဿနာ၊ ရှုမြင်သိမြင်သော သဘောသည်၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာ မည်၏ ။

အနိစ္စ အမြဲဘူးလို့ ဒီလိုသိမြင်သွားတာကို အဲဒါဟာ ဘယ်လိုမြင်ရမလဲဆိုယင် အနိစ္စလက္ခဏာကလေးက ဘာတုံးဆိုယင် အနိစ္စလက္ခဏာလေးဆိုတာ–

ဟုတ္တာ အဘာဝါကာရော အနိစ္စလက္ခဏာ။

ဟုတ္တာ၊ ဖြစ်ပေါ်ပြီး၍။ အဘာဝါကာရော၊ မရှိသောအခြင်းအရာသည်။ အနိစ္စလက္ခဏာ၊ အနိစ္စလက္ခဏာ မည်၏ ။

ဖြစ်ပေါ်ပြီးတော့ မရှိပဲနဲ့ဖြစ်သွားတာတဲ့၊ ပျောက်သွားတာတဲ့၊ ဒါအနိစ္စလက္ခဏာပဲတဲ့၊ အနိစ္စကိုမှတ်သားရခြင်းရဲ့ အထိမ်းအမှတ်ပဲတဲ့၊ မမြဲဘူးလို့ မှတ်သားရခြင်းရဲ့ အထိမ်းအမှတ်၊ ရုပ်နာမ်တရားတွေကို မမြဲဘူးလို့ ဘာကြောင့်ခေါ်ရသလဲ ဆိုယင် ပျောက်သွားလို့တဲ့၊ ဟုတ္တာ၊ ဖြစ်ပေါ်ပြီး၍။ အဘာဝါကာရော၊ မရှိသောအခြင်းအရာ ပျောက်သွားသော။

ဖြစ်ပေါ်လာပြီး အစကမရှိသေးဘူး၊ မရှိသေးတဲ့တရား ဗြုန်းကနဲဖြစ်လာတယ်။ ဥပမာအားဖြင့် မိုးရွာတဲ့အခါမှာ လျှပ်ရောင်ကလေးများ လက်လာသလို၊ လျှပ်ရောင်ကလေးဟာ အစကမရှိသေးဘူး၊ အသစ်ပေါ်လာတယ်၊ လက်ခနဲပေါ်လာတယ်၊ ပေါ်လာပြီးနောက် သူမရှိတော့ဘူး၊ အဲဒီလိုဟာ ပေါ်ပြီးတော့ ပျောက်သွားတယ်၊ အခုမြင်တာတွေ၊ ကြားတာတွေ၊ အဲဒီလိုဟာပေါ်ပြီးတော့ ပျောက်သွားတယ်၊ အခုမြင်တာတွေ၊ ကြားတာတွေ၊ နံတာ, စားတာတွေ, တွေ့ထိတာတွေ၊ ဒါတွေဟာ အစကမရှိပဲနဲ့ ပေါ်လာတာပဲ၊ အသစ် အသစ်ပေါ်တာတွေ၊ စိတ်ကူးစဉ်းစား ကြံစည်တာလေးတွေ၊ အစကမရှိပဲနဲ့ ပေါ်လာတာ၊ ကိုယ်ထဲမှာ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာတွေ အစက မရှိပဲနဲ့ အသစ်ပေါ်လာတာတွေပဲ၊ အဲဒီပေါ်လာတာလေးတွေ ရှယင်း ရှယင်းနဲ့ ပျောက်ပျောက် သွားတာလေးတွေ တွေ့ရတယ်၊ ပျောက်ပျောက် သွားတာကလေးတွေ တွေ့တော့၊ သြော်–မမြဲတဲ့တရားပဲ၊ တို့ရှေးတုန်းက မရှုခဲ့လို့ပဲ၊ ကိုယ်ထဲမှာ မြဲတဲ့တရားမရှိဘူး၊ ဒီလိုဖြစ်ပြီး ဒီလိုပျောက်နေတာချည်းပဲ၊ မမြဲတဲ့ တရားတွေပဲလို့ ရှယင်းမှတ်ယင်း ကိုယ်ပိုင်ဉာဏ်နဲ့သိရမှာ၊ အဲဒီလိုသိတာ အနိစ္စာ နုပဿနာဉာဏ်ခေါ်တယ်၊ ကိုင်း ဆိုရအုံးမယ်၊ ဒါလေးရသွားအောင်။

ရှုမှတ်ဆဲတွင် ပေါ်လာပြီးနောက် ပျောက်သွားတာကို တွေ့ရ၍၊ မမြဲဟုသိတာက
အနိစ္စာနုပဿနာဉာဏ်။

မြင်တိုင်းကြားတိုင်း ဒွါရ ၆–ပါးက ပေါ်လာတိုင်း, ပေါ်လာတိုင်းတွေကိုလိုက်ပြီး ရှုယင်းရှုယင်းနဲ့ ပျောက်ပျောက်သွားတာကလေးတွေကို တွေ့လိမ့်မယ်တဲ့၊ ယောဂီပုဂ္ဂိုလ်တွေ၊ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ၊ ယောဂီဟောင်းတွေကများတယ်၊ တွေ့ပြီးသားတွေပါ၊ မတွေ့သေးတဲ့ ပုဂ္ဂိုလ်တွေလဲ အခုအားထုတ်ယင်တွေ့မှာပဲ၊ မှတ်သာမှတ်နေ၊ ပေါ်တိုင်း ပေါ်တိုင်းသာ လိုက်မှတ်နေမရှိဘူး၊ စိတ်ကလေးတွေများ ဖြစ်ခိုက်မှတ်မှ၊ တော်တော်ကြာ မရှိလို့၊ မှတ်တောင်မမှတ်ရဘူး၊ စိတ်ကူးတွေ ဟိုမှာ မမှတ်ရဘူး၊ မရှိပဲဖြစ်နေတာနဲ့ ဏှတ်ရဘူး၊ အဲဒီတော့ အင်မတန်ထင်ရှားပါတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်မှတ်နေလို့ရှိယင် ဖြင့် ပေါ်ပြီးပျောက်သွားလို့ မမြဘူးဆိုတာ အင်မတန်ကို ထင်ရှားတယ်၊ တွေးကြံ့မနေဘူး။

ဒီအတိုင်းပဲ ဒီလိုဖြစ်ခိုက်ကိုမရှုပဲနဲ့ အနိစ္စဖြစ်အောင်လို့ တွေးရတာကတော့ တယ်မလွယ်ဘူး၊ ဉာဏ်နဲ့တော်တော်ကူရတယ်၊ ဟိုမှာ မီးနဲ့ရှို့ကြည့်ရ၊ ကြိတ်ချေကြည့်ရ၊ ဘာလုပ်ကြည့်ရ၊ အလုပ်တွေအင်မတန်များတယ်၊ တချို့ ဝိပဿနာတရားတွေ ဒီလိုဟောတာပဲ၊ အမျိုးမျိုး ကိရိယာတန်ဆာတွေနဲ့ ဖျက်ကြည့်လိုက်၊ ဘာလုပ်ကြည့်လိုက်၊ ကြိတ်ချေကြည့်လိုက်၊ ပြာချကြည့်လိုက်၊ ဘာလုပ်ကြည့်လိုက်နဲ့ လုပ်နေရတာ။ ဒီဟာတွေ ကိရိယာတန်ဆာပလာတွေချဲ့နေရတာ။

ဖြစ်တိုင်းဖြစ်တိုင်းကလေးတွေ လိုက်ပြီးတော့ရှုရှုနေလို့ရှိယင် ဘာမှမကျန်စေရဘူး၊ ရှုနေတာနဲ့ ဟိုကရှယင်း ရှုယင်း ပျောက်လိုက်နေတာ၊ ရှုတဲ့စိတ်ကလေးတွေလဲ ရှုပြီးပျောက်တာပဲ၊ တည်နေတာ မဟုတ်ဘူး၊ ရှုလိုက် ပျောက်လိုက်၊ မှတ်လိုက် ပျောက်လိုက်၊ မှတ်လိုက်ပျောက်လိုက် မရှိဘူး၊ မရှိပဲနဲ့ ပျောက်ပျောက်သွားတာကလေးတွေ၊ အဲဒါမမြဲတာပဲ၊ အဲဒီမမြဲတာ ကလေးတွေတွေ့တော့ မမြဘူးလို့ ရှုယင်းရှုယင်း သဘောကျတယ်၊ မမြဘူး မမြဘူးဆိုနေစရာမလိုဘူး၊ ငြင်းနေစရာမလိုပါဘူး၊ သူကကို မမြနေတာပဲ၊ ရုပ်နာမ်တရားတွေဟာ အစကမမြပဲ၊ အခုမှ မမြတာမဟုတ်ဘူး၊ ရှေးကတည်းကပဲ မမြနေတာပဲ၊ ရုပ်နာမ်တွေဟာ ဘုရားလက်ထက်ကလဲ မမြနေတာပဲ၊ ဘုရားမပွင့်ခင်ကလဲ မမြနေတာပဲ။

လောကကြီးမှာ ရုပ်နာမ်တွေရှိနေတာ ဘယ်တုန်းကရယ်လို့ မပြောတတ်ဘူး၊ အနမတဂ္ဂသံသရာအစ မထင်ဘူးဆိုတဲ့ ရှေးကလဲဖြစ်ပျက်နေတယ်တဲ့၊ ရုပ်နာမ်တွေချည်းပဲ၊ ဘယ်တော့ကမှ မမြခဲ့ဘူး၊ ဒါပေမယ်လို့ မရှုတဲ့ပုဂ္ဂိုလ်တွေမှာ မြနေတယ်၊ ဖြစ်ခိုက်ကလေးတွေ လိုက်ရှုတဲ့ ပုဂ္ဂိုလ်မှာ မမြတာ အမှန်အတိုင်း သိတယ်၊ ဒီတော့ မြနေတဲ့ တရားတွေကို ရှုယင်း ရှုယင်းနဲ့ ဖြစ်ပေါ်ပြီးပျောက်သွားလို့ မမြဘူး၊ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဘူးဆိုတာဟာ ဆိုမနေရပါဘူး၊ ရှုနေယင်းနဲ့ ထင်ရှားနေတာပဲ၊ လက်တွေ့ပဲ၊ လက်နဲ့ကိုင်ကြည့်သလို သေသေချာချာ တွေ့နေတာ၊ အဲဒီလို မမြတာလေးတွေ တွေ့တာဟာ ဒါဘာလဲ ဆိုယင် သမ္မာဒိဋ္ဌိ မှန်စွာမြင်ခြင်းဆိုတာပါပဲ၊ အမှန်အတိုင်းမြင်တာ၊ အမြင်မှန်ဖြစ်တယ်။

ပထမတုန်းက အမြဲတမ်းတည်နေတယ်လို့ ကိုယ့်စိတ်ထဲက ထင်နေတယ်၊ စာပေကျမ်းဂန်တွေက ခဏမစဲဖြစ်ပျက်နေတယ်လို့ ပြောပါတယ်၊ ဘုရားကို အားနာလို့ ယုံပါရဲ့လားဆိုပါတော့၊ ဆရာသမားတွေ အားနာလို့ ယုံပါရဲ့၊ ယုံနေရတာ၊ အားနာပါးနာနဲ့ ယုံနေရတာ၊ ကိုယ့်စိတ်ထဲက ထင်တာကတော့ တည်နေတယ်လို့ပဲ ထင်နေတယ်၊ အဲဒါကတော့ အမှန်မမြင်သေးဘူး၊ အမြင်မှန်မဟုတ်သေးဘူး၊ အခုရှုယင်းရှုယင်းနဲ့ ဖြစ်ပေါ်ပြီးပျောက်သွားလို့ မမြတာကိုသိသွားပြီ၊ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ မမြတာချည်းထဲပဲလို့ ရှုယင်းရှုယင်း သဘောကျတယ်၊ အဲဒါက အမြင်မှန်ဖြစ်လာတာ၊ သမ္မာဒိဋ္ဌိအမှန်အတိုင်း မြင်တာတဲ့၊ မမြတဲ့တရားကို မမြဘူးလို့ မြင်တာ၊ အမှန်အတိုင်းမြင်တာ ရုပ်နာမ်တွေကမြြနေပေမယ့် ကိုယ်ကမမြဘူး၊ မမြဘူး၊ သွားပြီး ငြင်းချက်ထုတ်နေယင်တော့၊ ဒါက အမှန်မဟုတ်ဘူး၊ အခုရုပ်နာမ်တွေက သူကမမြလို့ပဲ မမြဘူးလို့ မြင်တာ အမှန်ပဲ၊ သူက ဖြစ်ပြီးပျောက်သွားလို့ပဲ မမြဘူး၊ ဒီက မှတ်ယင်းမှတ်ယင်းနဲ့ပဲ မမြဘူး၊ မမြဘူးလို့ သဘောပေါက်သွားတာဟာ အဲဒါအမြင်မှန်ခေါ်တယ်၊ သမ္မာဒိဋ္ဌိပဲ အဲဒါ။

ဒုက္ခေဉာဏ်၊ ဒုက္ခေ၊ သစ္စာတရား၌။ ဉာဏ်၊ အမှန်အတိုင်းသိသောဉာဏ်။

ဒုက္ခသစ္စာတရားကို အမှန်အတိုင်းသိတာတဲ့၊ မြင်ရာကဖြစ်ဖြစ်၊ ကြားရာက ဖြစ်ဖြစ်၊ နံရာ, စားရာ, တွေ့ထိရာကဖြစ်ဖြစ်၊ ကွေးရာ, ဆန့်ရာကဖြစ်ဖြစ်၊ လှုပ်ရှားရာကဖြစ်ဖြစ်၊ ဖောင်းရာ, ပိန်ရာကဖြစ်ဖြစ်၊ စိတ်ကူးစဉ်းစားကြံစည်တာပဲ ဖြစ်ဖြစ်၊ ဘယ်ကပဲဖြစ်ဖြစ်၊ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရာကနေပြီးတော့ ပေါ်ပြီးပျောက်သွားလို့ မမြဘူး၊ ပေါ်ပြီးပျောက်သွားတာလေးတွေ့နေလို့ မမြဘူးဆိုပြီး ဉာဏ်ထဲမှာ ရှင်းပြီးတော့သိတာ၊ အနိစ္စာနုပဿနာဉာဏ်တွေ၊ သမ္မာဒိဋ္ဌိတွေ၊ ဒီ ဒုက္ခသစ္စာတရားတွေကို အမှန်အတိုင်းသိတဲ့ဉာဏ်တွေ ဖြစ်နေတာတဲ့၊ အဲဒီ ဉာဏ်တွေပွားရမယ်၊ အဲဒါဟာ မဂ္ဂင်ဖောင်ပဲ၊ မဂ္ဂင်ဖောင်ရဲ့ တစိတ်တပိုင်းလို့ ဆိုရမှာပေါ့၊ မဂ္ဂင်က အင်္ဂါရှစ်ပါးရှိတာကိုး၊ သမ္မာဒိဋ္ဌိဖြစ်တယ်တဲ့။

သမ္မာဒိဋ္ဌိဖြစ်ယင် ကျန်မဂ္ဂင်ခုနစ်ပါးလဲဖြစ်

သမ္မာဒိဋ္ဌိဖြစ်ယင် သမ္မာသင်္ကပ္ပတွေက တခြားလုပ်ရအုံးမှာလား ဆိုတော့ မလုပ်ရပါဘူး၊ သမ္မာဒိဋ္ဌိဖြစ်ယင် သမ္မာသင်္ကပ္ပလဲဖြစ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတွေလဲ ဖြစ်တယ်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတွေလဲ အကုန်လုံးပဲဖြစ်ပါတယ်၊ ဒါပေမယ်လို့ ဒေသနာကတော့ တခုချင်းဟောမှ၊ လုံးဟောလို့မဖြစ်ဘူး၊ ဘာပြုလို့ တပေါင်းတည်း ဖြစ်သလဲဆိုယင် အမှန်အတိုင်းသိအောင်လို့၊ ရှုရအားထုတ်ရတဲ့အခါမှာ အားထုတ်မှုကလေးကပါတာကိုး၊ အားထုတ်မှုကလေးက သမ္မာဝါယာမခေါ်တယ်၊ အချက်တိုင်း အချက်တိုင်း မှတ်မိအောင်အားထုတ်ပေးနေတဲ့ သဘောလေးဟာရှိတယ်၊ အဲဒီကြောင့်ကြတဲ့ လုံ့လဝီရိယကလေးမရှိယင် သမ္မာဒိဋ္ဌိမဖြစ်ဘူး၊ အခုဖောင်းတာ မှတ်မိအောင် ပိန်တာမှတ်မိအောင် အမြဲကြောင့်ကြစိုက်ပေးနေရတာပဲ၊ မြင်တာ ကြားတာတွေမှာလဲ ကြောင့်ကြစိုက်ပေးနေတယ်၊ အဲဒီ ကြောင့်ကြစိုက်ပေးနေတာ အချက်တိုင်း အချက်တိုင်းပါနေတယ်၊ အဲဒါ သမ္မာဝါယာမခေါ်တယ်၊ သမ္မာဝါယာမမဂ္ဂင်တဲ့။

ကြောင့်ကြစိုက်ပေးတော့ အမှတ်ရမှု သတိကလေးလဲရှိတယ်၊ မှတ်တိုင်းမှတ်တိုင်း မှတ်ရတဲ့သတိကလဲ မဖြစ်ပဲကို မနေနိုင်ဘူး၊ ဖြစ်ရမှာ၊ သူကမှတ်ရာမှာ သတိကလေးကဖြစ်ရမယ်၊ မှတ်ရတဲ့သတိက သမ္မာသတိမဂ္ဂင်တဲ့။

မှတ်ရတဲ့အာရုံကလေးမှာ တည်ကြည်သွားတယ်၊ အခိုက်အတန့်အားဖြင့် မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ်နဲ့ ကပ်ခနဲကပ်ခနဲ တည်သွားတာဟာ ခဏိကသမာဓိကလေး၊ သူက သမ္မာသမာဓိမဂ္ဂင်တဲ့။

အဲဒီ ရုပ်နာမ်တရားတွေ၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေ အမှန်အတိုင်း ကိုသိအောင်ဟာ စိတ်ညွှတ်တဲ့ သဘောကလေးရှိတယ်၊ မှန်တဲ့ အာရုံကလေးကို စိတ်က တန်းခနဲ တန်းခနဲသွားတာ၊ တခြားဘက်ကို မလှည့်ဘူး၊ ရုပ်နာမ်တရား၊ ရုပ်နာမ်တရားအတိုင်း ပုဂ္ဂိုလ်သတ္တဝါအနေလို့ သူကမလှည့်ဘူး၊ မမြဲတာမမြဲတဲ့ အတိုင်းပဲ၊ သူက အမှန်အတိုင်းရှုဖို့ရာ စိတ်ညွှတ်ပြီးတော့ သွားတယ်၊ မြဲတဲ့အနေအားဖြင့် ငြင်းချက်ထုတ်ပြီးတော့ ဟိုဘက်ကို မသွားဘူး၊ အဲဒီလို အမှန်အတိုင်း ညွှတ်ညွှတ်ပြီးတော့ သွားတဲ့သဘောကလေး ဦးတန်းဦးတန်းပြီး သွားတဲ့သဘောကလေး၊ ဘာနဲ့တူသလဲ ဆိုလို့ရှိယင် အားနည်းတဲ့ပုဂ္ဂိုလ်များကို အားရှိတဲ့ပုဂ္ဂိုလ်က လက်တွဲပြီးဆွဲခေါ်သွားသလိုပဲ၊ အားနည်းတဲ့ပုဂ္ဂိုလ်ကို အားရှိတဲ့ပုဂ္ဂိုလ်က မြင်တဲ့နေရာတို့ကို ဆွဲပြီးတော့ တင်သွားသလိုပဲ၊ မှန်တဲ့အာရုံပေါ်ကို ဆွဲတင်သလိုပဲ၊ သမ္မာသင်္ကပ္ပဆိုတဲ့ သဘောကဖြစ်တယ်၊ ဒါကို ကြံစည်တယ်လို့လဲ ပြောတယ်။

ပကတိကြံစည်တာတွေလဲ ဒီအတိုင်းပဲ၊ ပကတိအားဖြင့် ကာမဝိတက်တို့၊ ဗျာပါဒဝိတက်တို့၊ ဝိဟိံသဝိတက်တို့ဆိုတာတွေကို ကြံနေတာတွေ ရှိတယ်၊ ကာမဝိတက် ဆိုတာကာမဂုဏ်အာရုံတွေပေါ့လေ၊ ဒါတွေကြံနေတာ၊ အဲဒါဝိတက်ကနေပြီးဆွဲခေါ်သွားတာ၊ စိတ်တွေကို ဟိုမှာ ကာမအာရုံတွေဆီ ခေါ်ခေါ်သွားတယ်၊ မခေါ်ပါနဲ့လို့ ပြောလို့မရဘူး၊ သူက မတော်တာတွေ လျှောက်ပြီးစိတ်ကူးနေတာကလဲ ကြံနေတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီကာမဂုဏ်အာရုံတွေ လျှောက်ကြံနေတာပါပဲ၊ အဆင်းအာရုံတွေ အမျိုးမျိုးလျှောက်ကြံ၊ အသံအာရုံတွေ အမျိုးမျိုးလျှောက်ကြံ၊ အနံ့အာရုံတွေ, အရသာအာရုံတွေ, အတွေ့အထိအာရုံတွေ လျှောက်ကြံနေတာပဲ၊ သူများမသိလို့သာ၊ သိယင် တော်တော်မုန်းစရာ ကောင်းမယ်၊ အဲဒီလို နှစ်သက်စရာ, သာယာစရာ အာရုံတွေကို ကြံနေတာဟာ အာမဝိတက်တွေတဲ့၊ အဲဒီလိုကြံတဲ့ ဝိတက်နောက်လိုက်ပြီးတော့ စိတ်တွေက လိုက်ဖြစ်နေရတာ၊ သူဆွဲခေါ်သွားတာ။

စိတ်ဆိုးနေတဲ့အခါတွေကျတော့ စိတ်ဆိုးစရာအာရုံနဲ့ ဗျာပါဒတွေ ဖြစ်နေတယ်၊ ဗျာပါဒတွေ သက်ရှိသက်မဲ့အာရုံတွေကို ပျက်စီးစေလိုတဲ့သဘောတွေနဲ့ သွားပြီးတိုက်ခိုက်နေတယ်၊ ခဏခဏသွားပြီးတော့ ခလုပ်တိုက်နေသလိုပဲ၊ သွားသွားတိုက်နေတာ အဲဒီမှာလဲ ဗျာပါဒဝိတက်ကနေပြီး ဆွဲသွားတာ၊ စိတ်ကူးက စိတ်ဟာ စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှုတွေ များလေလေ အဲဒီအကြံအစည်တွေ များလေလေပဲ၊ အိပ်လို့တောင် မပျော်တတ်ဘူး သူက။

ဝဟိံသ ဝိတက်ဆိုတာလဲပဲ တဖက်သား ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ကို ညှဉ်းဆဲဖို့, နှိပ်စက်ဖို့, ဖျက်ဆီးဖို့ကို သူကလဲကြံနေတယ်၊ အဲဒါ ဝိဟိံသဝိတက်။

အဲဒါလိုပဲ၊ အခုရှုမှတ်တဲ့အခါကာလကျတော့ အမှန်အတိုင်း သိဖို့ရာ ရုပ်နာမ်အဖြစ်အပျက် အမှန်တရား တွေဆီကို ဦးတည်ပြီးတော့ သူက တက်တက်သွားတယ်၊ လာကြပေ့လို့ ဆွဲခေါ်သွားသလိုပဲ၊ ဒါကြောင့် အာရမ္မဏာဘိ နိရောပနလက္ခဏာရှိတယ်တဲ့။

ဝိတက္ကော၊ ဝိတက်သည်။ အာရမ္မဏာဘိနိရောပနလက္ခဏာ၊ အာရုံသို့ သမ္ပယုတ်တရားတို့ကို တင်ပေးခြင်းလက္ခဏာရှိသည်။

ပြတင်းပေါက်က လူပမာ ဝိတက္ကာ

သမ္မယုတ်တရားတွေကို အာရုံပေါ်တက်သွားအောင် ဆွဲတင်လိုက်သလိုပဲတဲ့၊ တနည်းအားဖြင့် လူတဦးက အိမ်တို့, တိုက်တို့ အခန်းထဲမှာ နေနေတယ်၊ လူတယောက်က ပြတင်းပေါက်ကနေပြီးတော့ လမ်းဘက်ကို မျက်နှာမူပြီးတော့ ကြည့်နေတယ်၊ လမ်းက ဖြတ်သန်းသွားလာတဲ့ လူတွေကို ပြတင်းပေါက်က ကြည့်နေတဲ့လူက မြင်တယ်၊ မြင်တော့ သူကပြောတယ်၊ ဟေ့–ဟိုက မော်တော်ကားတစင်းလာတယ်၊ လူတွေအများကြီး ပါလာတယ်၊ ဟိုက မော်တော်ကား တစင်းလာပြန်ပြီ၊ ရဟန်း, သံဃာတွေ ပါလာတယ်၊ ဟိုက မော်တော်ကားတစင်းလာပြန်ပြီ၊ ကုန်တွေပစ္စည်းတွေနဲ့ စသည်ဖြင့် ပေါ့လေ၊ အဲဒီလူက ပြတင်းပေါက်ကလူကပြောတယ်၊ ဟိုအိမ်ခန်းထဲ ဝင်ထိုင်နေတဲ့လူတွေကတော့ မမြင်ပါဘူး၊ မမြင်ပေမယ်လို့ သူပြောတဲ့အတိုင်း ဟိုကကားတစင်းလာပြီလို့ စိတ်ကူးထဲမှာ ကားနဲ့လူတွေနဲ့ စိတ်ကူးထဲမှာ ပေါ်လာတယ်၊ ဟိုက ကားနဲ့ ရဟန်းသံဃာတော်တွေနဲ့၊ ကားနဲ့ ကုန်ပစ္စည်းတွေနဲ့ တခါတည်း ဒါတွေ သူပေါ်လာတယ်၊ အဲဒါ ပြတင်းပေါက်ကနေတဲ့လူက ဟိုကလူတွေကို အာရုံပေါ်ဆွဲတင်နေတဲ့ သဘောပဲ။

ရှုတ္ခိုင်း မဂ္ဂင်ရှစ်ပါးဖောင်မွဲ့

အဲဒါလိုပဲ၊ ဝိတက်ဆိုတဲ့သဘောက သူနဲ့ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့စိတ် စေတသိက်တွေကို အာရုံပေါ်ကိုတင်ပေးခြင်းသဘောလေးပဲ၊ ကြံစည်ခြင်းသဘောဆိုတာ အခုဝိပဿနာရှုမှတ်ရာမှာလဲ ဒီအတိုင်းပဲ၊ တမင်တကာ နဖူးလက်တင် အကြာကြီးတော့ စဉ်းစားနေရတာမဟုတ်ဘူး၊ ဒီမှာတော့ ရှုယင်းရှုယင်း တခါတည်း ရုပ်နာမ်အဖြစ်အပျက် တရားကလေးတွေကို အမှန်အတိုင်း သဘောကလေးတွေ သိရအောင် အမှန်အတိုင်း သဘောကလေးတွေဆီကို ဦးတန်းပြီး ရှေးဦးစွာ တက်သွားတဲ့ သဘောဖြစ်တယ်၊ အဲဒါ သမ္မာသင်္ကပ္ပတဲ့။

မှတ်တိုင်းမှတ်တိုင်း သူက ရှေ့ကတက်သွားတယ်၊ သူကတက်သွားတော့ သမ္မာဒိဋ္ဌိက အမှန်အတိုင်းမြင်လိုက်တယ်၊ နောက်ကနေပြီး ဖြစ်ယင်ဖြစ်တဲ့ သဘော၊ ပျက်ယင်ပျက်တဲ့သဘောကို၊ မမြဘူးဆိုယင်လဲ မမြတဲ့ သဘောတရားအတိုင်း နောက်ကနေပြီး ဆုံးဖြတ်ချက်ချ လိုက်နေတယ်၊ အဲဒါ သမ္မာဒိဋ္ဌိဖြစ်တယ်။

အဲဒီ သမ္မာဝါယာမက အားထုတ်ပေးလို့၊ သမ္မာသတိက အမှတ်ရတယ်၊ အမှတ်ရတော့ သမ္မာသမာဓိက စူးစိုက်တည်ကြည်တယ်၊ စူးစိုက်တည်ကြည်တဲ့ အာရုံပေါ်မှာ သမ္မာသင်္ကပ္ပက ရှေးဦးစွာတက်တယ်၊ သမ္မာဒိဋ္ဌိကနေပြီးတော့ အမှန်အတိုင်းမြင်တယ်၊ မဂ္ဂင် ၅–ပါး တပြိုင်တည်းဖြစ်တာ။

အမှတ်တမှတ်မှာ ဒီ ၅–ပါး အကုန်လုံးပါတယ်၊ မှတ်တိုင်း မှတ်တိုင်း ကြောင့်ကြစိုက်မှုကလေးကလဲ ရှိတာပဲ၊ အမှတ်ရမှုလဲရှိတာပဲ၊ မှတ်ရာ အာရုံကလေးကို ကပ်ကနဲ ကပ်ကနဲ တည်သွားတဲ့ သဘောကလေးလဲ ရှိတာပဲ၊ မှတ်ရာအာရုံဆီကို တက်သွားတဲ့ သဘောလေးရှိတာပဲ၊ မှတ်ရတဲ့အာရုံကလေးတွေ အဖြစ်အပျက်ကလေးတွေ ဖြစ်ပြီးပျောက်သွားလို့ မမြဘူးဆိုတာ သိသွားတာလေးတွေ သမ္မာဒိဋ္ဌိကလဲရှိလာတယ်၊ မဂ္ဂင် ၅–ပါးလုံးဟာ တမှတ်တမှတ်မှာ တခါတည်း ဖြစ်လာတယ်၊ အမှတ်ကောင်းတဲ့ အခါကာလမှာ ဒီ ၅–ပါးလုံးတပြိုင်တည်း တပြိုင်တည်း ဖြစ်နေတယ်၊ ထင်လဲထင်ရှားတယ်၊ တပြိုင်တည်း တပြိုင်တည်း အကုန်လုံး ထင်ရှားတယ်၊ အဲဒါမဂ္ဂင်တရား ၅–ပါး။

ဒီမဂ္ဂင်တရား ၅–ပါးဖြစ်ယင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင် ၃–ပါးကလဲ စောစောကတည်းက သီလဆောက်တည်ထားလို့ ပြည့်စုံနေပါပြီတဲ့၊ ဒီတော့ ဒီ ၃–ခုနဲ့ ပေါင်းလိုက်လို့ရှိယင် မဂ္ဂင်ရှစ်ပါးတရားဖြစ်တယ်၊ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်တွေဟာ တခါမှတ်လိုက်၊ မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်တခါဖွဲ့လိုက်၊ တခါမှတ်လိုက် ဖောင်တခါဖွဲ့လိုက်၊ မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရား ဖောင်ဖွဲ့နေတာ၊ နိဗ္ဗာန်ကိုသွားလဲသွား နေတာပါပဲ၊ တော်တော်ကြာတော့ ဝိရိယခန်းကျတော့ ဝိရိယက လက်နဲ့ခြေနဲ့ ယက်ပြီးတော့ ကူးနေတာနဲ့တူတယ်၊ အဲဒါ မှတ်တိုင်း မှတ်တိုင်း နိဗ္ဗာန်မဂ်ဖိုလ်နီးတာ၊ နိဗ္ဗာန်ဘက်ဆီကူးနေတာ။

> ကုလ္လန္တိ ခေါ ဘိက္ခဝေ အရိယသေတံ အဋ္ဌင်္ဂိကသ မဂ္ဂသ အဓိဝစနံ၊ သေယ္ယထိဒံ၊ သမ္မာဒိဋ္ဌိယာ သမ္မာသင်္ကပ္ပသ သမ္မာဝါစာယ သမ္မာကမ္မန္တသ သမ္မာအာဇီဝသ သမ္မာဝါယာမသ သမ္မာသတိသ သမ္မာသမာဓိသ။ (နှာ– ၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ ကုလ္လန္တိခေါဇတံ၊ ဖောင်ဟူသော ဤအမည်သည်၊ အဋ္ဌင်္ဂိကသ၊ အင်္ဂါရှစ်ပါးရှိသော။ အရိယမဂ္ဂသ၊ အရိယမဂ်၏။ အဓိဝစနံ၊ အမည်တည်း။ ကွဒံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်။ သေယ္ယထိဒံ၊ အဘယ်နည်းဟူမူကား။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ သမ္မာသင်္ကပ္ပသ၊ သမ္မာသင်္ကပ္ပ၏။ သမ္မာဝါစာယ၊ သမ္မာဝါစာ၏။ သမ္မာကမ္မန္တသ၊ သမ္မာကမ္မန္တ

၏။ သမ္မာအာဇီဝသ၊ သမ္မာအာဇီဝ၏။ သမ္မာဝါယာမသ၊ သမ္မာဝါယာမ၏။ သမ္မာသတိသ၊ သမ္မာသတိ၏။ သမ္မာသမာဓိသ၊ သမ္မာသမာဓိ၏။ အဓိဝစနံ၊ အမည်ပေတည်း။

အဲဒီ မဂ္ဂင်ရှစ်ပါးတရားဟာ ဖောင်ပဲတဲ့၊ ရှုတိုင်း ရှုတိုင်းဟာ မဂ္ဂင်ရှစ်ပါးတရား ဖောင်ဖွဲ့နေတာ၊ ဒီဖောင်ဖွဲ့နေတာ ခုနကပြောခဲ့တဲ့အတိုင်း သဒ္ဓါတရားတည်းဟူသော လက်ရှိလို့လဲဖွဲ့နိုင်ကြတယ်၊ သဒ္ဓါတရားကောင်းတဲ့ ပုဂ္ဂိုလ်တွေမှလဲ ရှုနိုင်မှတ်နိုင်တာပဲ၊ သဒ္ဓါတရားကောင်းတော့ သီလကလဲ စင်ကြယ်တယ်၊ သီလစင်ကြယ်တော့ သီလတည်းဟူသော ခြေလဲရှိတဲ့ ပုဂ္ဂိုလ်တွေ၊ စိတ်ဆန္ဒကလဲရှိ၊ လုံ့လဝီရိယတည်းဟူသော ခွန်အားလဲရှိကြတယ်၊ အဲဒီခွန်အားနဲ့လဲ ပြည့်စုံနေလို့တဲ့၊ မဂ္ဂင်ရှစ်ပါးတရားတွေကို ရှုမှတ်ပြီးတော့ ဖွဲ့နေကြတယ်၊ ဝီရိယနဲ့ ပြောမယ်ဆိုယင်လဲ နိဗ္ဗာန်ဘက်ဆီ ကူးနေကြတာပဲ၊ တဖြည်းဖြည်း တဖြည်းဖြည်း နိဗ္ဗာန်ဘက်နီးနေတယ်၊ ကိုယ်ကဘယ်လောက် နီးတယ်သာမသိတာ နီးတော့နီးနေတာပဲ၊ ရှုတိုင်းရှုတိုင်း မှတ်တိုင်း မှတ်တိုင်းဟာ နိဗ္ဗာန်ဘက်ကို နီးနေတယ်၊ အင်မတန်အားတက်စရာ ကောင်းပါတယ်။

အမှန်အတိုင်းမြင်

အဲဒီတော့ သမ္မာဒိဋ္ဌိဆိုတာ အခုအမှန်အတိုင်း မြင်ပုံ၊ ဒုက္ခသစ္စာတရားတွေ မှတ်တိုင်းမှတ်တိုင်း အနိစ္စ အမှန်အတိုင်း မြင်သည်၊ အနိစ္စမြင်ယင် ဒုက္ခလဲပဲမြင်ပါတယ်၊ ဖြစ်ပြီးပျက်သွားလို့ မမြဲဘူးသိယင် ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းထဲပဲ၊ ဘာမှနှစ်သက်စရာ သာယာစရာမဟုတ်ဘူး၊ ပကတိကတော့ မြဲတယ်, တည်နေတယ်အောက်မေ့လို့ အကောင်းမှတ်နေတာကိုး၊ အခုဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဘာမှတည်တံ့စရာ အားကိုးစရာမဟုတ်ဘူး၊ သေဖို့ရာပဲ၊ တဖြည်းဖြည်းပျက်သွား၊ ပျက်သွားပြီးတော့ နောက်ထပ် မဖြစ်လာလို့ရှိယင် သေသွားတာပဲ၊ အဲဒီတော့ သေဖို့ရာ အချိန်ချည်းထဲပဲ၊ ဒါကြောင့် သတ္တဝါတွေဟာ ဘယ်အချိန်မဆို သေနိုင်တယ်လို့ ဒေသနာတွေမှာလဲ ဟောထားပါတယ်၊ ဘယ်အချိန်မဆို သေလဲသေနိုင်ပါတယ်၊ အကြောင်းမညီညွတ်ယင်သေတာပဲ၊ အဲဒီတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေတွေ့ရတော့ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲဆိုတာ သိရောပေါ့။

ပြီးတော့ သူ့ဟာသူဖြစ် သူ့ဟာသူပျက်နေတော့ ဘယ်သူကမှ ဖြစ်အောင်လုပ်လို့ မဖြစ်၊ မပျက်အောင်လုပ်လို့လဲပဲ တားလို့မရ၊ အဖြစ်အပျက်တွေကို တွေ့နေတာပဲ၊ သူ့ဟာသူဖြစ် သူ့ဟာသူ ပျက်သွားတာပဲ၊ မဖြစ်ပါစေနဲ့လို့ တောင့်တလို့မရဘူး၊ မပျက်ပါစေနဲ့လို့လဲ တောင့်တလို့မရဘူး၊ ဘယ်ဟာမှ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ အဲဒီတော့ သူ့သဘောအတိုင်း သူ့ဟာသူဖြစ်နေတဲ့တရားတွေ အနတ္တတရားတွေပဲဆိုတာ ဒီလိုလဲ ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ရှုတိုင်း ရှုတိုင်းသိတယ်။

တခါရှုမှတ်ယင် လက္ခဏာ ၃–ပါး တခုချင်းသိ

သို့သော်လဲ တခါမှတ်တဲ့အချိန်မှာ အနိစ္စတခုယင်လဲသိမယ်၊ ဒုက္ခ တခုယင်လဲ သိမယ်၊ အနတ္တတခုယင်လဲ သိမယ်၊ အဲဒီလိုတခုချင်းပဲ သိမယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ တပြိုးလုံးစုပြီးတော့ သိတာ တော့မဟုတ်ဘူး၊ ဒီလိုသိလို့မဖြစ်ဘူး၊ သာမည ပြောတဲ့အခါတော့ လုံးရိုက်ကြီးပဲ နှလုံးသွင်းလို့ ပြုလို့ရပါတယ်၊ ဒါပေမယ်လို့ တကယ်တရားအားထုတ်တဲ့အခါ သိတာကတော့ တခုချင်းပဲသိတယ်၊ အနိစ္စဆိုယင် အနိစ္စပဲသိတာပဲ၊ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားလို့ မမြဲတာကိုတွေ့ပြီးတော့ မမြဲဘူးလို့ သဘောကျသွားယင် ဒါတခုပဲသိတယ်၊ ဖြစ်ပြီးပျောက်သွားတယ် သိယင် အနိစ္စပါပဲ၊ ဖြစ်ပြီးပျောက်သွားတာသိလို့ ဆင်းရဲတာမကောင်းဘူးလို့ စိတ်ထဲမှာထင်တာ ဒုက္ခသဘောအတိုင်း သူ့ဟာ သူဖြစ်နေတဲ့ တရားတွေပဲလို့ ရှုယင်း ရှုယင်း သဘောကျယင် အနတ္တကိုသိတာ။

အဲဒီအနိစ္စ, ဒုက္ခ, အနတ္တတွေ ရှုယင်း ရှုယင်း မြင်နေတာဟာ ဒါအမှားလား အမှန်လားဆိုယင် အမှန်တွေတဲ့၊ မရှုလို့ မသိတာ ရှုယင်သိမယ်၊ အနိစ္စ မမြဲတာလဲဟုတ်တယ်၊ ဒုက္ခ–ဆင်းရဲဆိုတာလဲဟုတ်တယ်၊ အနတ္တ–ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတရားဆိုတာလဲဟုတ်တယ်၊ အဲဒီ အမှန်တွေကိုမြင်လို့ သမ္မာဒိဋ္ဌိ မှန်စွာမြင်ခြင်း၊ ဒါက ဝိပဿနာက မြင်တာနော်။

အဲဒီ ဝိပဿနာမြင်တာတွေဟာ အစဉ်အတိုင်းမြင်သွားလို့ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ အစအဆုံးမြင်တာ သမ္မသနဉာဏ်ပဲရှိသေးတယ်၊ သမ္မသနဉာဏ်ထက် အားကောင်းတဲ့ ဥဒယဗ္ဗယအဖြစ်အပျက်ကိုမြင်တယ်၊ အရောင်အလင်း ပီတိပဿဒ္ဓိတွေမြင်တယ်၊ အဲဒါတွေဟာ တယ်လဲဝမ်းသာစရာ ကောင်းပါတယ်၊ ယောဂီတွေ ခဏခဏလဲတွေ့ပါတယ်၊ ဒီနေရာရောက်သွားလို့ရှိယင်လဲ ဟန်ကျပြီ၊ အဲဒီယောဂီပုဂ္ဂိုလ်ဟာ သဒ္ဓါတရားတွေလဲ အထူးတိုးတက်လာတယ်၊ တခါတည်း ကိုယ်တိုင်တွေ့ကလေးက ရှိလာတာကိုး၊ အလုပ်တခုဆိုတာ အကျိုးကျေးဇူးကလေး ပေါ်လာမှလဲ စိတ်အားတက်တယ်၊ အကျိုးကျေးဇူးက မပေါ်သေးယင် တယ်ပြီးတော့ စိတ်အားမတက်ဘူး၊ တရားအားထုတ်နေရာမှာ ဟောဒီ ဥဒယဗ္ဗယဉာဏ်ရောက်ယင် အကျိုးကျေးဇူးကလေးဟာ ပေါ်လာတယ်၊ တော်တော်လဲ သဘောကျတယ်။

ဘင်္ဂဉာဏ်ရောက်ယင် ပုံသဏ္ဌာန်မရှိ

အဲဒီ ဥဒယဗ္ဗယဉာဏ်ပြီးယင် ဘင်္ဂဉာဏ်ဆိုတာ အင်မတန်ကောင်းပါတယ်၊ မှတ်တိုင်းမှတ်တိုင်း အာရုံကလေးတွေဟာ ပျောက်တာပဲတွေ့ရတယ်၊ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘူး၊ တချို့ ပုဂ္ဂိုလ်တွေကတော့ ဖောင်းတယ် ပိန်တယ်၊ ကွေးတယ် ဆန့်တယ်၊ ကြွတယ် လှမ်းတယ် ချတယ်၊ မှတ်နေတယ်လို့ ကြားတော့ တချို့ ပုဂ္ဂိုလ်တွေက သူတို့က ရယ်စရာ အောက်မေ့နေတယ်၊ ဖောင်းတယ် ပိန်တယ်ဆိုတာဟာ တရားမှမဟုတ်ပဲ၊ တရားထဲမပါဘူး၊ ပညတ်တွေပဲ၊ ကွေးတယ် ဆန့်တယ် ဆိုတာတွေလဲ ပညတ်တွေပဲ၊ ကြွတယ်လှမ်းတယ်ဆိုတာလဲ ပညတ်တွေပဲ၊ ဒါတွေ ရှုလို့ရှိယင် ကိုးရိုးကားရားနဲ့ လက်တွေ ကိုးရိုးကားရား ခြေတွေကိုးရိုးကားရား ရောက်နေမှာပေါ့၊ ဒီဥစ္စာ ဘာမှသဘာဝ မကျဘူးဆိုပြီးတော့ တချို့က ပြက်ရယ်ပြုပြီး ပြောကြတာတွေရှိတယ်၊ ပြက်ရယ်ပြီး ပြောကြတယ်၊ သူတို့က အားမှမထုတ်ဖူးပဲ၊ အခု ဒါဘုရားက ဟောတာ–

သမိဥ္ဇိတေ၊ ကွေးသည်ရှိသော်။ ပသာရိတေ၊ ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ အသိဉာဏ်ဖြင့် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏–လို့ မြတ်စွာဘုရားက ဟောထားတယ်၊ ဘုရားက ဒီလိုရှုသင့်လို့ ဒီလိုဟောတာပေါ့၊ မရှုသင့်ယင် ကွေးတာ ဆန့်တာကို သိတယ်လို့ မဟောပါဘူး၊ ဘယ်လိုဟောမလဲ ဆိုယင် ကွေးတဲ့ ဆန့်တဲ့အခါကာလ ရုပ်နာမ်မျှဟုသိသည်၊ ဒီလိုဟောမှာပေါ့၊ ရုပ်နာမ်မျှတွေ ဘာတွေ မပါဘူး၊ သမ္ပဇာနကာရီ၊ အသိဖြင့် ပြုလေ့ရှိသည်တဲ့။ သိယင်ပြီးပါပြီ။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။

ဂစ္ဆန္တောဝါ၊ သွားသည်ရှိသော်လဲ။ ဂစ္ဆာမီတိ၊ သွားသည်ဟူ၍။ ပဇာနာတိ၊ သွားသည်ဟူ၍သိ၏။

သွားတဲ့အခါလဲ သွားတာလေးသိဖို့ပဲ၊ သွားတာကလေး သိနေလို့ ရှိယင် သွားတဲ့အခိုက်အတန့်မှာ ဖြစ်ပေါ်တဲ့ သွားစိတ်တွေ၊ သွားတဲ့ရုပ်တွေ၊ အဆင့်ဆင့်ဖြစ်ပြီးတော့ ပျက်သွားတာတွေ ကိုယ်တိုင်တွေ့ရတာပဲ၊ အဲဒါတွေကို မြတ်စွာဘုရားဟောထားတယ်၊ ဟောထားတာ ဟောထားတဲ့အတိုင်း ရှုပါ၊ ရှုလို့ရှိယင် ဒါလေးတွေ တွေ့နေပါတယ်၊ ကိုယ်တိုင်တွေ့နိုင်တဲ့ တရားလို့ ဘုရားကဟောထားတာ၊ ဘုရားဟောတဲ့အတိုင်းပဲ ကိုယ်တိုင်တွေ့ပါတယ်၊ ရုပ်နာမ်တရားတွေ အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေတွေ့တယ်၊ ဒါကြောင့် ဘင်္ဂဉာဏ် ရောက်လာတဲ့ အခါကျတော့ ပုံသဏ္ဌာန်မရှိဘူးတဲ့။

ရုပ်နာမ်တရားကလေးတွေ ဖောင်းတယ်၊ ပိန်တယ်လို့ ဒီကပြောသာပြောနေရတာပဲ၊ ဖောင်းတာ ပိန်တာကလေးမှာလဲ တောင့်တဲ့သဘော၊ တင်းတဲ့သဘော လှုပ်ရှားတဲ့သဘော၊ တရွေ့ရွေ့နဲ့ ရွေ့လိုက် ပျောက်လိုက်သဘောပဲ ရှိတယ်၊ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘူး၊ ကွေးတယ် ဆန့်တယ် မှတ်ယင်လဲ ဒီအတိုင်းပဲ၊ လက်တွေ ခြေတွေ ပေါ်နေတာမဟုတ်ပါဘူး၊ လက်ထဲကနေပြီး တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့ သဘော၊ ရွေ့တဲ့သဘောတွေ ရွေ့လိုက်ပျောက်လိုက်, ရွေ့လိုက်ပျောက်လိုက်, တရွေ့က တရွေ့ နေရာကို မရောက်ဘူး၊ ပျောက်လိုက်နေတယ်၊ ဒါကတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက သူတို့ကိုယ်တိုင်ပဲ ပြောတယ်၊ ဒါက စာတတ်ပေတတ်ပုဂ္ဂိုလ်တွေ ပြောတာမဟုတ်ဘူး၊ စာမတတ်တဲ့ပုဂ္ဂိုလ်တွေကကိုပြောတယ်၊ ကလေးတွေ ငယ်ငယ်ကလေးတွေကလဲ ပြောတာပဲ။

သူတို့က ရွေ့တိုင်းရွေ့တိုင်း ပျောက်နေတယ်၊ တနေရာကတနေရာမရောက်ဘူး၊ ရွေ့လိုက်ပျောက်လိုက်၊ ဒါလေးတွေ တွေ့ရတယ်၊ သွားတဲ့ အခါကာလမှာလဲ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုယင် ရွေ့တိုင်း ရွေ့တိုင်းဟာ ပျောက်လိုက်နေတယ်၊ တရွေ့ကတရွေ့ နေရာမရောက်ဘူး၊ ရွေ့လိုက်, ပျောက်လိုက်, ရွေ့လိုက်ပျောက်လိုက်၊ ရှုမှတ်တဲ့ စိတ်တွေကလဲရှုမှတ်၊ သိပြီးယင်း ပျောက်ယင်း သိပြီးယင်း ပျောက်ယင်း၊ အဲဒါလေးတွေတွေ့ရတယ်၊ ဟိုမှာ ပုံသဏ္ဌာန်အထည်ဒြပ်တွေ မပါဘူး၊ လက်သဏ္ဌာန်, ခြေသဏ္ဌာန်, ခေါင်းသဏ္ဌာန်, ကိုယ်သဏ္ဌာန် အထည်ဝတ္ထုတွေဘာမှမပါဘူး၊ သဘောတရားလေးတွေချည်းထဲပဲ၊ ရိပ်ကနဲ ပျောက်လိုက် ရိပ်ကနဲ ပျောက်လိုက်နဲ့ ပျောက်နေတာချည်းထဲပဲ တွေ့ရတယ်၊ မှတ်ရတဲ့အာရုံရော၊ မှတ်သိနေတဲ့ စိတ်တွေရော ပျောက်နေတာချည်းထဲပဲ တွေ့ရတယ်၊ အင်မတန်ကောင်းပါတယ်၊ ဒီကျတော့ အနိစ္စ, ဒုက္ခ, အနတ္တက မထင်စရာမရှိဘူး၊ သူ့ဟာတွေ အင်မတန်ရှင်းတယ်၊ ဒုက္ခဆိုတဲ့ ဆင်းရဲသဘောတွေ အင်မတန်ရှင်းတယ်၊ အနတ္တဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတွေလဲ သိပ်ပြီးတော့ ရှင်းတယ်။

အဲဒီကနေပြီးတော့ ဘင်္ဂဉာဏ်တွေဖြစ်၊ အာဒီနဝ အပြစ်မြင်၊ နိဗ္ဗိန္ဒဋ္ဌီးငွေ့၊ မုဥ္စိတုကမျတာကျတော့ လွတ်ထွက်ချင်တဲ့သဘောတွေဖြစ်၊ ပဋိသင်္ခါကျတော့ လွတ်မြောက်အောင်လို့ တဖန် ကြိုးစားပြီးတော့ရှု၊ တဖန် ကြိုးစားပြီးတော့ရှု၊ သင်္ခါရပေက္ခာသင်္ခါရတွေ လျစ်လျူရှုတဲ့နေရာတွေ အစဉ်အတိုင်းတက်သွားတယ်၊ ကြောင့်ကြမစိုက်ရဘူး၊ အဲဒီလိုအသိဉာဏ်တွေ ဖြစ်တယ်။

နိရောဓသစ္စာသိခြင်း

အဲဒီကနေပြီး ဉာဏ်ရင့်ကျက်တဲ့အခါကျတော့ ရှုယင်းမှတ်ယင်းနဲ့ နိဗ္ဗာန်တရားကို ရောက်သွားတယ်၊ ခုနကပြောတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့ ကာမာဝစရဇောတွေ တက်ပြီးတော့၊ ဂေါတြဘူဇော ဖြစ်ပြီးတော့ နိဗ္ဗာန်အာရုံတွေ ကျတယ်၊ နိဗ္ဗာန်အာရုံဆီကို အရိယမဂ်ဉာဏ်ကလေးဖြစ်တယ်၊ မဂ်ဉာဏ်ပြီးတော့ ဖိုလ်ဉာဏ်ကလေးဖြစ်တယ်၊ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေ လုံးဝဆိတ်သုဉ်းတဲ့ နိဗ္ဗာန်အာရုံထဲကို ကျရောက်ပြီးတော့ သစ္စာလေးပါးလုံးသိတဲ့ဉာဏ်ဟာ ပြည့်ပြည့်စုံစုံဖြစ်တယ်၊ ဒီမှာ သောတာပတ္တိမဂ်ဉာဏ်ကိုရောက်တယ်၊ အဲဒီတော့ ဘယ့်နှယ်သိတုံး ဆိုတော့ နိရောဓသစ္စာကို ဆိုတယ်။

ဒုက္ခနိရောဓ ဉာဏံ။

ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ အမှန်အတိုင်းသိသောဉာဏ်။

အဲဒီဉာဏ်ကလေးဖြစ်တယ်၊ အဲဒီဉာဏ်ဖြစ်တော့ သစ္စာလေးပါးလုံးလဲ သိတယ်တဲ့၊ သစ္စာလေးပါးလုံး တပြိုင်နက် သိတယ်ဆိုပေမယ်လို့ ၄–ခုလုံးစုပြီး သိတာတော့ မဟုတ်ဘူး၊ တခုပဲသိတာပါပဲ၊ နိရောဓသစ္စာပဲသိတယ်။

နိရောဓေ အာရမ္မဏတော။

နိရောဓေ၊ နိရောဓသစ္စာ၌။ အာရမ္မဏတော၊ အာရုံပြုသော အားဖြင့်သိသည်။

နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် ထိုးထွင်းပြီးသိသွားတယ်၊ ကိံသု၊ နိရောဓသစ္စာမှ တပါးသော ဒုက္ခသစ္စာ, သမုဒယသစ္စာ, အရိယမဂ္ဂသစ္စာတို့၌၊ ကိစ္စတော၊ သိမှုကိစ္စပြီးသောအားဖြင့်။ ပဋိဝိဇ္ဇတိ၊ ထိုးထွင်း၍ သိ၏။

သိမှုကိစ္စပြီး

ကျန်တဲ့ကိစ္စ ၃–ပါးကတော့ သိမှုကိစ္စပြီးတာတဲ့၊ နိရောဓနိဗ္ဗာန်ဆိုတဲ့ တရား အမှန်ကလေးသိလိုက်တာနဲ့ ဒုက္ခ သမုဒယ၊ မဂ္ဂတွေလဲသိပြီးသားဖြစ်သွားပါတယ်တဲ့၊ ဘယ်လိုသိတာတုံးဆိုတော့ မဂ္ဂသစ္စာဆိုတာ ပွားရတာကိုး၊ (ဘာဝနာဘိ သမယ) ခေါ်တယ်၊ မိမိသန္တာန်မှာ ဖြစ်စေရတယ်၊ နိဗ္ဗာန်သိတဲ့အခါကာလမှာ ဘယ်သူနဲ့သိတုံးဆိုယင် အဲဒီမဂ္ဂသစ္စာနဲ့ပဲဖြစ်ပြီး တော့သိရတယ်၊ သမ္မာဒိဋ္ဌိအမှူးရှိတဲ့ မဂ္ဂင်ရှစ်ပါးတရား ဖြစ်ပြီးတော့သိတယ်၊ အဲဒီတော့ အဲဒီ မဂ္ဂင်ရှစ်ပါးတရား မိမိသန္တာန်မှာ တကယ်ကို ဖြစ်သွားတာပဲ၊ ဖြစ်သွားတော့ ဒါဘာဝနာဘိသမယခေါ်တယ်၊ မိမိသန္တာန်မှာ ဖြစ်စေသောအားဖြင့် သိသည်တဲ့၊ ကိုယ့်သန္တာန်မှာဖြစ်ယင် သိရောပေါ့၊ ကိုယ့်သန္တာန်မှာ ဖြစ်လို့ရှိယင် ပြန်စဉ်းစားသိတော့တာပေါ့။

ကိုယ့်သန္တာန်မှာ မဖြစ်ဖူးတဲ့တရားဆိုယင်တော့ မသိဘူး၊ လောကုတ္တရာတရားမပြောနဲ့ ရောဂါဝေဒနာတောင် ကိုယ် မဖြစ်ဖူးယင်မသိဘူး၊ ခေါင်းမကိုက်ဖူးတဲ့ပုဂ္ဂိုလ်ဟာ ခေါင်းကိုက်တဲ့ဥစ္စာ သူများပြောပေမယ်လို့မသိဘူး၊ သွားမနာဖူးတဲ့ပုဂ္ဂိုလ် ဟာ သွားနာတာ သူများပြောပေမယ်လို့ မသိဘူး၊ မဖျားဖူးတဲ့ ပုဂ္ဂိုလ်ဟာ ဖျားတယ်ဆိုတာ ဘယ့်နှယ်နေတယ်ဆိုတာမသိဘူး၊ ကိုယ့်ကိုယ်တိုင်ဖြစ်မှသိတာ၊ အဲဒါက လောကီတရား အကြမ်းချည်းရှိသေးတယ်။

လောကုတ္တရာအရိယမမဂ်တရားဆိုတာလဲ ဒီအတိုင်းပဲ၊ ကိုယ့်သန္တာန် မဖြစ်ပဲနဲ့တော့ မသိဘူး၊ ကိုယ့်သန္တာန်မှာဖြစ်မှ သိတယ်၊ ကိုယ့်သန္တာန်ဖြစ်တဲ့အခါ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့ သဘောကို သိရတာကိုး၊ ကိုယ်တိုင် တွေ့ရတော့ အဲဒီဟာ မိမိသန္တာန်မှာဖြစ်သွားပြီတဲ့၊ ကိုယ်တိုင်လဲသိသွားပြီတဲ့၊ ဘာဝနာဘိသမယအားဖြင့်သိတာတဲ့၊ပြန်စဉ်းစား မယ်ဆိုယင် ကိုယ့်သန္တာန်မှာ ဖြစ်သွားတဲ့တရားကို ပြန်စဉ်းစားယင် ပေါ်နေတာပဲ သိနေတာပဲ။

နောက်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းအေးတဲ့တရား တွေ့ရလို့ ဖြစ်ပျက်နေတဲ့ မငြိမ်းအေးတဲ့ ဒုက္ခသစ္စာတွေလဲပဲ သူသိ သွားတယ်တဲ့၊ အယင်က ဝိပဿနာရှုတုန်းက ဖြစ်ပျက်နေတဲ့တရားတွေ အကုန်လုံးဟာ နှစ်သက်သာယာစရာမရှိလို့ ဆင်းရဲ ချည်းထဲပဲ၊ ဖြစ်ပျက်နေတဲ့တရားတွေ ဘာမှ အားမကိုးလောက်ဘူး၊ ငြိမ်းနေတဲ့တရားတွေ ကောင်းတယ်ဆိုတာ သဘောကျပြီး တော့ သိတယ်၊ အဲဒီ နိရောဓ ငြိမ်းတဲ့ နိဗ္ဗာန်ကို သိသောအားဖြင့် ဒုက္ခသစ္စာကိုလဲပဲ ပိုင်းခြားပြီးတော့ သိတယ်။

အဲဒီ ဒုက္ခသစ္စာဆင်းရဲတွေပဲလို့ သိနိုင်တော့ အကောင်းတွေထင်ပြီး သာယာမယ့် သမုဒယသစ္စာလဲ မဖြစ်နိုင်တော့ဘူး၊ သူ့လဲ ပယ်ပြီးသားဖြစ်သွားတယ်၊ (ပဟာနာဘိသမယတဲ့) ပယ်သောအားဖြင့် ကင်းငြိမ်းသောအားဖြင့် သိခြင်းကိစ္စပြီးတယ်တဲ့၊ အဲဒီတော့ ဝိပဿနာရှုလို့ အဖြစ်အပျက်တွေ သိယင်းသိယင်းနဲ့ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်ကလေးကို နိဗ္ဗာန်အာရုံထဲကို

ပြေးဝင်ပြီး သိသွားလိုက်တဲ့အချိန်မှာ နိဗ္ဗာန်တခုကို သိလိုက်တာနဲ့ မဂ္ဂသစ္စာ မိမိသန္တာန်ဖြစ်သောအားဖြင့် သိခြင်းကိစ္စ ပြီးသွားပြီတဲ့၊ ဒုက္ခသစ္စာတွေလဲ သိခြင်းကိစ္စ ပြီးသွားပြီတဲ့၊ ဒုက္ခကို သာယာပြီး ဖြစ်မယ့် တဏှာလဲ ပယ်ခြင်းကိစ္စ ပြီးသွားပြီတဲ့။

ပယ်တယ်ဆိုလဲပဲ သူ့အင်အားရှိသလောက် ပယ်တာပေါ့လေ၊ သောတာပတ္တိမဂ်က ဘယ်လောက်ထိအောင် ပယ်သလဲ ဆိုယင် သက္ကာယဒိဋ္ဌိတဲ့၊ ဝိစိကိစ္ဆာတဲ့၊ အပါယ် ၄–ပါးကျနိုင်တဲ့ အကုသိုလ်ကံတွေတဲ့၊ ဒါတွေပယ်တယ်၊ အဲဒါလောက် တဏှာပဲ ပယ်တယ်၊ ဒီပြင် လူ့ဘဝ နတ်ဘဝတွေ သာယာတဲ့ကာမရာဂတွေ ဒီတဏှာတွေတော့ မပယ်နိုင်သေးပါဘူး၊ အပါယ် လေးပါးကျလောက်တဲ့ တဏှာတွေကို ပယ်တယ်၊ ရူပဘဝ, အရူပဘဝ ဖြစ်မယ့် တဏှာတွေဆိုတော့ ဝေးပါသေးတယ်၊ မပယ်နိုင်သေးပါဘူး၊ ဒါကြောင့် သူပယ်နိုင်သလောက်ကလေးကို ပယ်သွားပါတယ်၊ ပယ်သွားတဲ့ဥစ္စာဟာ ပဟာနာဘိသမယ ဖြင့် သမုဒယသစ္စာကို ပယ်ပြီး သိသွားပါတယ်တဲ့။ ဒီတော့–

ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ။

ဆိုတဲ့ သစ္စာလေးပါးသိတဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိတဲ့၊ အဲဒီ သမ္မာဒိဋ္ဌိဟာ ဝိပဿနာဉာဏ်ကနေ အစဉ်အတိုင်းရှုလို့ အရိယမဂ်ဉာဏ် ရောက်တဲ့အခါမှာ ပြည့်စုံပါတယ်၊ အရိယမဂ်မှာလဲ သောတာပတ္တိမဂ်ဆိုယင်တော့ တစိတ်တပိုင်း ရှိသေးတာ ပေါ့လေ၊ နောက် သကဒါဂါမိမဂ်ရောက်အောင်လဲ အားထုတ်ရအုံးမယ်၊ အနာဂါမိမဂ် ရောက်အောင်လဲ အားထုတ်ရအုံးမယ်၊ အရဟတ္တမဂ်ရောက်အောင်လဲ အားထုတ်ရအုံးမယ်၊ အရဟတ္တမဂ်ရောက်တဲ့အခါကျမှ အကုန်လုံး၊ သစ္စာလေးပါးတရား သိခြင်း ကိစ္စ ပြည့်စုံပါတယ်၊ အဲဒီရောက်မှ သူ့ဟာသမ္မာဒိဋ္ဌိမဂ္ဂင်အကြောင်းကို ဒီတွင်ပဲ ရပ်ထားကြအုံးစို့။

သမ္မာသင်္ကပ္ပ

သမ္မာသင်္ကပ္ပပြောရမယ်၊ မဂ္ဂင်ရှစ်ပါးတရား မဂ္ဂင်ဖောင်ဖွဲ့ပုံ၊ ဖောင်ဖွဲ့ဆိုပေမယ့် တခြားဖွဲ့တာတော့ မဟုတ်ဘူး၊ ရှုမှတ်နေတာဟာ မဂ္ဂင်ဖောင်တွေ ဖွဲ့နေတာပဲ၊ အဲဒါ သမ္မာဒိဋ္ဌိက၊ ဒါလောက်ဆိုယင် နားလည်လောက်ပါပြီ၊ နောက်က ဟာတွေက ကျဉ်းကျဉ်းပြောလို့ ရပါတယ်၊ အရေးကြီးတာကို အရေးကြီးသလို ခပ်ကျယ်ကျယ်ပြောနေရတယ်၊ သမ္မာသင်္ကပ္ပ။

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပော။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသင်္ကပ္ပော၊ သမ္မာသင်္ကပ္ပမဂ္ဂင်သည်။ ကတမော စ၊ အဘယ်ပါနည်း။

သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာ ဘာလဲ။

ယော ခေါ ဘိက္ခဝေ နေက္ခမ္မသင်္ကပ္ပော၊ အဗျာပါဒသင်္ကပ္ပော အဝိဟိံသ သင်္ကပ္ပော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပော။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ခေါ နေက္ခမ္မသင်္ကပ္ပော၊ အကြင်ကာမမှ ထွက်မြောက်သော အကြံအစည်လည်းကောင်း။ ယော ခေါ အဗျာပါဒသင်္ကပ္ပော၊ အကြင်မပျက်စီးစေလိုသော အဗျာပါဒသင်္ကပ္ပလည်းကောင်း။ ယော ခေါ အဝိဟိံ သသင်္ကပ္ပော၊ အကြင် မညှဉ်းဆဲလိုသော အဝိဟိံ သသင်္ကပ္ပလည်းကောင်း။ အယံ၊ ဤ ၃–ပါးသော သင်္ကပ္ပကို။ သမ္မာသင်္ကပ္ပော၊ မှန်ကန်သော အကြံအစည် သမ္မာသင်္ကပ္ပဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

သင်္ကပ္ပ ၃–မျိုး

သမ္မာသင်္ကပ္ပဆိုတာ ၃–ပါး ရှိတယ်တဲ့၊ နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိံ သသင်္ကပ္ပ ၃–ပါးပဲတဲ့၊ ပယ်ရမယ့် သင်္ကပ္ပက ၃–ပါး ရှိတယ်၊ သူက ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ဆိုတဲ့ ဝိတက် ၃–ပါးနဲ့ ပြောင်းပြန်ပဲ။

နေကွမ္မသက်ပ

နေကွမ္မသက်ပဆိုတာ ကာမဝိတက်နဲ့ ပြောင်းပြန်ပဲ၊ နေကွမ္မထွက်မြောက်တယ်ဆိုတာ ဘယ်ကထွက် မြောက်သလဲ၊ ကာမနှစ်သက်သာယာမှုတွေမှ ထွက်မြောက်တာတဲ့ နှစ်သက်သာယာစရာ နှစ်သက်သာယာမှုက ထွက်မြောက်တယ်တဲ့။

အဲဒါဟာ အမျိုးမျိုးရှိပါတယ်၊ ဒါနကုသိုလ်နဲ့စပ်ပြီးတော့လဲပဲ နေကွမ္မသက်ပရှိပါတယ်၊ ဒါနကုသိုလ်နဲ့စပ်ပြီးတော့ စွန့်ကြဲပေးကမ်း လှူဒါန်းဖို့ရာ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါကာလမှာ မိမိပိုင်ဆိုင်တဲ့ နှစ်သက်ဖွယ် သာယာဖွယ်တွေကို စွန့်လွှတ်တဲ့သဘောနဲ့ သူကဖြစ်တယ်၊ စွန့်လိုတဲ့သဘောနဲ့ ဖြစ်တယ်၊ အဲဒီ စွန့်လိုတဲ့ နေကွမ္မသက်ပဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေဟာ ဒါနကုသိုလ် အောင်မြင်နေတာပဲ၊ နေကွမ္မသက်ပမဖြစ်ပဲနဲ့ ကာမဝိတက်တွေ အားကြီးနေတဲ့ ပုဂ္ဂိုလ်က ကိုယ်ပိုင်ဆိုင်တာ ကလေးဟာ မစွန့်နိုင်ဘူး၊ သာယာနေတာနဲ့ ဒါနကုသိုလ်မဖြစ်ဘူး၊ ဒါနကုသိုလ်ပြုချင်ပေမယ်လို့ မဖြစ်နိုင်ဘူး၊ နှစ်သက်သာယာမှုတွေ ရှိနေယင် အဲဒီ နှစ်သက်သာယာမှုကလေးကို ကျော်လွန်ပြီးတော့ စွန့်လွှတ်နိုင်တဲ့သဘော ဖြစ်လာတဲ့ဥစ္စာ ဒါနေကွမ္မသက်ပက ရှေ့ဆောင်ပြီးတော့ ဖြစ်တာ၊ အဲဒီတော့မှ ဒါနကုသိုလ်ဖြစ်တယ်။

သီလကုသိုလ်တွေလဲ ဒီလိုပဲ၊ သီလ မစောင့်ထိန်းလို့ ရှိယင် ရရှိမယ့် နှစ်သက်သာယာစရာ အာရုံဝတ္ထုတွေ ရှိတယ်၊ အဲဒါတွေကို ခင်မင်တွယ်တာနေလို့ ရှိယင် သီလကုသိုလ် မစောင့်ထိန်းနိုင်သေးဘူး၊ အခု ငယ်ပါသေးတယ်၊ နောက်မှပဲ စောင့်ရမှာပါပဲ၊ အခုတော့ဖြင့်ယင် ဒေါင်ကျကျ ပြားကျကျ ဒီလိုလုပ်ရအုံးမှာပဲဆိုပြီး ဒီလိုလုပ်နေတာတွေ ရှိတာကိုး၊ အဲဒါ ကာမသက်ပ နောက်လိုက်နေတာ၊ နေကွမ္မသက်ပက အားကောင်းလာတဲ့ အအခါကာလကျတော့ ကာမအာရုံတွေ မလိုက်ဘူး၊ သီလတွေ စောင့်အုံးမှပဲ၊ သီလစင်ကြယ်အောင်လို့ စောင့်ထိန်းတယ်။

ဘာဝနာပွားများရာလဲ ဒီအတိုင်းပဲ၊ ဘာဝနာတရား အားထုတ်ဖို့ဟာ ကာမသက်ပတွေ အားကြီးတဲ့ ပုဂ္ဂိုလ်က စိတ်ကူးစဉ်းစားနေတာကိုး၊ တရားအားထုတ်လိုက်ယင် အလုပ်တွေ ပျက်ကုန်တော့မယ်၊ တချို့ ဒီလိုကို ပြောတတ်တယ်၊ တရားဘက် မလိုက်သေးပါဘူးတဲ့၊ လိုက်လို့ရှိယင်ဖြင့် ဒီမှာ လုပ်ငန်းတွေပျက်ကုန်မှာ စိုးလို့တဲ့၊ ဒီလို ပြောတယ်၊ တချို့ ၆နီး ခင်ပွန်း ၂-ဦးဟာ ယောကျ်ားဖြစ်တဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ တရားတွေ အားထုတ်မယ်လို့ဆိုယင် အိမ်သူဖြစ်တဲ့ပုဂ္ဂိုလ်က သိပ်သဘောမကျဘူး၊ တရားထဲ စိတ်ဝင်သွားယင် နောက်အိမ်ပြန်မလာမှာစိုးတယ်၊ စီးပွားရေးလုပ်ငန်းတွေပျက်ကုန်မှာ စိုးရိမ်တယ်၊ အဲဒီလိုဟာတွေရှိပါတယ်၊ ဒါက ဘုန်းကြီးကအတွေးနဲ့ ပြောတာမဟုတ်ဘူး၊ ဘုန်းကြီးရှေ့တွင်ပဲ တချို့ပြောတာတွေရှိတယ်၊ တရားအားထုတ်ဖို့ရာ ပြောတော့မဖြစ်ဘူး ဘုရားတဲ့၊ တော်တော်ကြာလို့ရှိယင် အိမ်ပြန်လာမှာမဟုတ်ဘူး၊ ဒီလိုကိုး၊ အဲဒါနဲ့ တရားအားထုတ်လိုက်လို့ရှိယင် တရားထဲစိတ်ဝင်သွားပြီး အိမ်မပြန်နိုင်ပဲနေမှာစိုးလို့ တရားအားမထုတ်ဘူး၊ ဒီလိုနေနေတာတွေရှိတယ်၊ အဲဒါ ကာမသက်ပ၊ ကာမဝိတက်ကဦးစီးပြီးတော့ လွှမ်းမိုးနေတာ၊ တရားအားထုတ်ဖို့ရာ စိတ်မကူးနိုင်ဘူး၊ တရားအားထုတ်ဖို့ကိုမပြောနဲ့ တရားနာဖို့ရာတောင် စိတ်မကူးနိုင်ဘူး၊ ကာမဝိတက်တွေအားကြီးပြီး ကာမဘက်ကနေ အားကြီးနေတဲ့ ပုဂ္ဂိုလ်တွေက တရားနာဖို့ရာတွေ မလာနိုင်ဘူး၊ ဒီလာလို့ရှိယင်ဖြင့် အလုပ်တွေက ပျက်ကုန်မှာကိုး၊ ရမယ့်ဥစ္စာတွေ မရပဲဖြစ်ကုန်မှာ၊ အဲဒါကြောင့် တရားမနာနိုင်ဘူး၊ တရားအားထုတ်ဖို့ရာ စိတ်မကူးနိုင်ဘူး၊ ဒီလိုဟာတွေရှိတယ်။

နေကွမ္မသက်ပဥဦးစီးလာတဲ့ ပုဂ္ဂိုလ်တွေကတော့ တရားနာဖို့ရာ စိတ်ကူးတယ်၊ တရားနာဖို့ရာ တရားနှလုံးသွင်းဖို့ရာ တရားအားထုတ်ဖို့ရာ စိတ်ကူးတယ်၊ စိတ်ကူးတဲ့အတိုင်း အားလဲထုတ်တယ်၊ အားထုတ်တဲ့အခါကာလမှာတော့ အထူးပြောနေစရာမရှိဘူး၊ အားထုတ်တော့ အားထုတ်တိုင်း အားထုတ်တိုင်းဟာ နှစ်သက် သာယာမှုတွေ ပယ်နေတာပဲ၊ မြင်ရာကဖြစ်မယ့် နှစ်သက်သာယာမှုတွေ၊ မြင်တယ်မှတ်ပြီးတော့ ပယ်သွားရော၊ မြင်ပြီးဖြစ်ပျက်သွားတဲ့ သဘောသိယင် ရှုလို့ ဝိပဿနာဉာဏ်ရင့်လေလေ နှစ်သက်သာယာမှုတွေကို ပယ်ခြင်းကိစ္စတွေဟာ ပြီးစီးလေလေပါပဲ၊ အင်မတန်ကောင်းပါတယ်၊ သူက နေကွမ္မသက်ပဖြစ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တတွေသိလေလေ နှစ်သက်သာယာမှုတွေ ပယ်ခြင်းကိစ္စ ဖြစ်လေလေပဲ။

မြင်ရာကလိုပဲ၊ ကြားရာက, နံရာက, စားရာက၊ တွေ့ထိရာက, စိတ်ကူးစဉ်းစားကြံစည်ရာက နှစ်သက်သာယာမှုတွေ ဖြစ်ခွင့်မရအောင်လို့ အနိစ္စ, ဒုက္ခ, အနတ္တတွေလိုက်ပြီးတော့ သိနေတာ၊ ဒါ နေကွမ္မသက်ပတွေ ဖြစ်နေတယ်။

အဗျာပါဒသင်္ကပ္ပ

အဗျာပါဒသင်္ကပ္ပတဲ့၊ ဗျာပါဒ၏ဆန့်ကျင်ဘက်ဗျာပါဒဝိတက်၊ ဒါကတော့ အခါခပ်သိမ်းဖြစ်တာတော့ မဟုတ်ပါဘူး၊ ဗျာပါဒဆိုတာကတော့ သူတပါးသေပါစေ၊ ပျက်ပါစေဖြစ်အောင် ဖြစ်တဲ့ဥစ္စာမျိုး၊ ဗျာပါဒဆိုတာ ပျက်စီးစေချင်တဲ့ သဘောအကြံအစည်၊ ဒါကတော့ ဆန့်ကျင်ဘက်တွေ အရေးတကြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ တွေ့တတ်တယ်၊ အခုအဗျာပါဒသင်္ကပ္ပက အဲဒါရဲ့ ပြောင်းပြန်ဆန့်ကျင်ဘက်ပဲ၊ အဗျာပါဒမေတ္တာတွေ ပွားနေတဲ့အခါဆိုယင် ထင်ရှားပါတယ်၊ အခုတရားအားထုတ်တဲ့အခါလဲ ဒီအတိုင်းပါပဲ၊ တရားအားထုတ်တဲ့ အခါမှာတော့ အဲဒီ မေတ္တာသဘောမျိုးနဲ့ ချမ်းသာပါစေလို့ နှလုံးသွင်းနေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ်လို့ မြင်ရာ ကြားရာကနေပြီးတော့ မြင်တိုင်း ကြားတိုင်းတွေ အမှန်အတိုင်း ရှုပြီးတော့ သိပြီး တော့နေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီမြင်မှု ကြားမှုနဲ့စပ်ပြီး ဗျာပါဒမဖြစ်ဘူး၊ သေပါစေ၊ ပျက်ပါစေမဖြစ်ဘူး၊ မြင်ရာ ကြားရာကနေပြီးတော့ ရှုတိုင်းရှုတိုင်းဟာ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ နောင်ပြန်စဉ်းစားယင်လဲပဲ အဲဒီဝတ္ထုတွေနဲ့ စပ်ပြီးတော့ သေပါစေ၊ ပျက်ပါစေဆိုတဲ့ စိတ်ကူးတွေ ပြန်မဖြစ်လာဘူး၊ ငြိမ်းနေတယ်၊ အဲဒါကြောင့် မှတ်တိုင်း မှတ်တိုင်း အဗျာပါဒ သင်္ကပ္ပလဲ ဖြစ်ပါတယ်တဲ့။

အဝိဟိံသ သင်္ကပ္ပ

အဝိဟိံသ သင်္ကပ္ပတဲ့၊ အဝိဟိံသ သင်္ကပ္ပဆိုတာ ကရုဏာနဲ့စပ်တယ်၊ ဝိဟိံသာက ညှဉ်းဆဲတာကိုး၊ သူများကို ညှဉ်းဆဲတယ်၊ နှိပ်စက်တယ်၊ ကိုယ်နဲ့ညှဉ်းဆဲတယ်၊ နှုတ်နဲ့ညှဉ်းဆဲတယ်၊ ကိုယ်နဲ့နှုတ်နဲ့ သူတပါး ဒုက္ခရောက်အောင်လို့ ညှဉ်းဆဲလိုတဲ့ အကြံအစည်တွေဟာ ဝိဟိံသသင်္ကပ္ပခေါ်တယ်၊ ဝိဟိံသသင်္ကပ္ပ အားကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ သူများဒုက္ခရောက်အောင် ညှဉ်းဆဲဖို့ရာ ကြံနေတာပဲ၊ သူများတွေကို ညှဉ်းဆဲတယ်၊ သနားရမှန်း ဘာမှန်းမသိဘူး၊ ညှဉ်းဆဲတယ်၊ အခုအဝိဟိံသသင်္ကပ္ပအားကြီးတဲ့ ပုဂ္ဂိုလ်တွေကတော့ ကရုဏာဖြစ်တယ်၊ သနားတယ်၊ သူများတွေညှဉ်းဆဲဖို့ မပြောနဲ့ သူများညှဉ်းဆဲတာတွေ မြင်ရ၊ ကြားရ၊ တွေ့ရလို့ရှိယင် သူက သနားတယ်၊ ဆင်းရဲကလွတ်ပါစေလို့ ဆင်းရဲလွတ်စေချင်တဲ့ စိတ်ကူးတွေ ဖြစ်နေတယ်၊ အဲဒါ အဝိဟိံသ သင်္ကပ္ပခေါ်တယ်။

အခု တရားအားထုတ်တဲ့အခါကာလမှာလဲ မြင်တိုင်း, ကြားတိုင်း, ဒွါရ ၆–ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေ ရှုနေတော့ အဲဒီ ပေါ်သမျှအာရုံတွေနဲ့ စပ်ပြီး ညှဉ်းဆဲလိုတဲ့ စိတ်တွေမဖြစ်ရဘူး၊ ဖြစ်ခွင့်ကိုမရှိဘူး၊ လုံးလုံးငြိမ်းနေတယ်၊ ဒါကြောင့် မှတ်တိုင်းမှတ်တိုင်း အဝိဟိံသ သင်္ကပ္ပဖြစ်သည်၊ ရှုလို့မှတ်လို့ ရုပ်နာမ်မျှသိခဲ့လို့ ရှိယင် အဖြစ်အပျက်မျှ သိခဲ့လို့ရှိယင် အနိစ္စ, ဒုက္ခ, အနတ္တတွေကိုသိခဲ့လို့ရှိယင် ဒါတွေကို သိတိုင်းသိတိုင်းဟာ ဒီအာရုံနဲ့စပ်ပြီးတော့ ညှဉ်းဆဲလိုမှုတွေ ဖြစ်ခွင့်ကိုမရှိဘူးတဲ့၊ ငြိမ်းနေတယ်၊ ဒါကြောင့် အဝိဟိံသ သင်္ကပ္ပဖြစ်သည်၊ မှတ်တိုင်း မှတ်တိုင်း နေကွမ္မသင်္ကပ္ပလဲဖြစ်သည်၊ အဗျာပါဒသင်္ကပ္ပလဲ ဖြစ်သည်၊ အဝိဟိံသ သင်္ကပ္ပလဲ ဖြစ်သည်၊ ဝိပဿနာမှာတော့ ၃–မျိုးစလုံးရတယ်။

ဝိပဿနာမဟုတ်တဲ့ ဒိပြင်စိတ်တွေမှာတော့ နှစ်သက်စရာ, သာယာစရာ အာရုံတွေကို စွန့်လွှတ်တဲ့ အခါကာလတွေမှာ နေကွမ္မသင်္ကပ္ပ ဖြစ်တယ်၊ သူတပါးတွေ ချမ်းသာပါစေလို့ မေတ္တာပွားတဲ့အခါမှာ အဗျာပါဒသင်္ကပ္ပဖြစ်တယ်၊ သူတပါးတွေ ဆင်းရဲမှု လွတ်ပါစေလို့ ကရုဏာပွားတဲ့အခါကာလမှာ အဝိဟိံသ သင်္ကပ္ပဖြစ်တယ်။

ဝိပဿနာရှုတဲ့အခါမှာတော့ အဲဒီရှုတိုင်းရှုတိုင်း အဲဒီ ၃–မျိုးလုံးကို တခါတည်းဖြစ်ပြီး နေတယ်၊ ရှုမိတဲ့အာရုံနဲ့စပ်ပြီးတော့ ကာမဆိုတဲ့ နှစ်သက်သာယာမှု လောဘမဖြစ်နိုင်ဘူး၊ ဖြစ်ခွင့်မရှိဘူး၊ ဗျာပါဒ ဆိုတဲ့ ပျက်စီးပါစေဆိုတဲ့ ဒေါသမဖြစ်ဘူး၊ ဝိဟိံသဆိုတဲ့ ညှဉ်းဆဲလိုမှုဒေါသတွေမဖြစ်၊ သူတို့ ၂–ခုဟာ ဒေါသချည်းထဲပဲ၊ ဗျာပါဒနဲ့ ဝိဟိံသက ကွာတာက ဗျာပါဒက မေတ္တာ၏ဆန့်ကျင်ဘက်၊ အဗျာပါဒဆိုတာက ဗျာပါဒ၏ဆန့်ကျင်ဘက်ပဲ၊ အဗျာပါဒဆိုတာ မေတ္တာပဲ၊ ဝိဟိံသဆိုတာက ညှဉ်းဆဲလိုမှုကိုး၊ ကရုဏာ၏ဆန့်ကျင်ဘက် အခုအဝိဟိ သဆိုတာက ကရုဏာ၊ အဲဒီ ဝိပဿနာရှုတဲ့အခါကာလ အဲဒီ ၃–ခုလုံး တခါတည်း ဒီသင်္ကပ္ပ ၃–ခုလုံးတခါတည်း ပြီးတယ်တဲ့၊ အဲဒါဟာ တခါမှတ်လိုက်ယင် နေကွမ္မသင်္ကပ္ပလဲ ဖြစ်တယ်၊ အဗျာပါဒသင်္ကပ္ပလဲ ဖြစ်တယ်၊ အဝိဟိံသသင်္ကပ္ပလဲ ဖြစ်တယ်၊ အဲဒါ ၃–ခုလုံးဟာပွားနေတာပဲ၊ ဒါလဲ ဖောင်ဖွဲ့နေတာပဲ။

သမ္မာဝါစာ

ဒီတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒီသီလမဂ္ဂင် ၃–ပါးရှိတယ်၊ အဲဒီ သီလမဂ္ဂင် ၃–ပါးက သမ္မာဝါစာဆိုတာ ဝစီကံကနေပြီး ဝစီဒုစရိုက်တွေကို ပယ်တဲ့သဘော၊ သမ္မာဝါစာက ဝစီဒုစရိုက်တွေပယ်တာတဲ့။

> ကတမာစ ဘိက္ခဝေ သမ္မာဝါစာ၊ ယာ ခေါ ဘိက္ခဝေ မုသာဝါဒါ ဝိရတီ၊ ပိသုဏာ ဝါစာဝိရတီ၊ ဖရုသာယဝါစာယ ဝိရတီ၊ သမ္ဖပ္ပလာပါ ဝိရတီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါ စာ။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစာ၊ သမ္မာဝါစာမဂ္ဂင်ဟူသည်။ ကတမာ၊ အဘယ်နည်း။ သမ္မာဝါစာ၊ မှန်သောပြောဆိုခြင်း၊ အမှန်ပြောခြင်း၊ အမှန်ပြောခြင်းဆိုပေမယ့် တကယ်ပြောမှ မဟုတ်ဘူး၊ မပြောပဲနဲ့လဲ ဖြစ်ပါတယ်၊ ဝိရတီ၊ ကြဉ်တဲ့သဘောပဲ။ မင်္ဂလသုတ်မှာပါတဲ့ အာရတီဝိရတီတွေပဲ၊ မုသာဝါဒါ၊ မမှန်သောစကားကို ပြောဆိုခြင်းမှ။ ယာဝိရတီ၊ အကြင်ကြဉ်ရှောင်ခြင်းလည်းကောင်း။ ပိသုဏာယဝါစာယ၊ ကုန်းတိုက်ခြင်းမှ။ ယာဝိရတီ၊ အကြင်ကြဉ်ရှောင်ခြင်းလည်းကောင်း။ ဖရုသာယဝါစာယ၊ ကြမ်းတမ်းသော ဆဲဆိုစကားမှ။ ယာဝိရတီ၊ အကြင်ကြဉ်ရှောင်ခြင်းလည်းကောင်း။ သမ္ဖပ္ပလာဝါ၊ အပြိန်အဖျင်းစကားမှ။ ယာဝိရတီ၊ အကြင်ကြဉ်ရှောင်ခြင်းလည်းကောင်း။ အယံ၊ ဤကြဉ်ရှောင်ခြင်းကို။ သမ္မာဝါစာ၊ သမ္မာဝါစာမဂ္ဂင်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

သမ္မာဝါစာဆိုတာ မိစ္ဆာဝါစာ ၃–ခုမှ ကြဉ်ရှောင်တာပါပဲတဲ့၊ အခုသီလဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ သီတင်းသုံးကျင့်နေတဲ့ပုဂ္ဂိုလ်တွေမှာ ဆောက်တည်တဲ့အခါမှာလဲ ဒီဝိရတီတွေ သာမည အကြမ်းဖျင်းဖြစ်တယ်လို့ ဆိုရမှာပေါ့၊ အထူးအားဖြင့်တော့ အရေးအကြောင်းရှိလို့ ရှောင်ကြဉ်တဲ့အခါကာလမှာ ဒါရှောင်ကြဉ်တာဖြစ်တယ်၊ လိမ်ပြောစရာအကြောင်းက ပေါ်လာပြီတဲ့၊ ဒီဥစ္စာလိမ်ပြောမှပဲ နေရာကျမယ်လို့ အကြောင်းကလေးပေါ်လာပြီတဲ့၊ ဒီဥစ္စာလိမ်ပြောမှ နေရာကျမယ်လို့ အကြောင်းကလေးပေါ်လာတယ်၊ မလိမ့်လို့ရှိယင်ဖြင့် ကိုယ်ကျိုးပျက်စီးစရာ အကြောင်းရှိတယ်၊ လိမ်လိုက်မှပဲ မိမိတို့မှာ လွတ်ကင်းချမ်းသာသွားမယ်လို့ အဲဒီအကြောင်းကလေးတွေ ရှိတတ်ပါတယ်၊ ကိုယ့်အမှုတွေ ကိုယ့်အပြစ်တွေ မပေါ်အောင်လို့ပေါ့လေ၊ သူများကမေးလို့ရှိယင် အဲဒီ လိမ်ရမယ့်ဥစ္စာတွေ ရှိတတ်ပါတယ်၊ သူများ အကျိုးမဲ့ဖြစ်အောင်လို့ လိမ်ရတာလဲ ရှိပါတယ်၊ အဲဒီလိုအကြောင်းလေးတွေ ပေါ်လာတဲ့အခါမှာ လိမ်မပြောပဲနဲ့ လိမ်ပြောခြင်းမှ ကြဉ်ရှောင်တာတဲ့၊ မုသာဝါဒါဝိရတီ၊မုသာဝါဒါ–လိမ်လည်ပြောဆိုခြင်းမှ၊ ဝိရတီ–ကြဉ်ရှောင်ခြင်းတဲ့။

"မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဆိုပြီး ဆောက်တည်တဲ့ အခါကာလမှာ နောက်တကယ်ကြိုတဲ့အခါကာလလဲပဲ မဆောက်တည်ပဲဖြစ်ဖြစ် ဆောက်တည်ထားလို့ပဲဖြစ်ဖြစ်ပေါ့လေ၊ တကယ်ကြိုတဲ့အခါမှာ လိမ်လည်စရာအကြောင်းရှိတဲ့အခါမှာ မလိမ်ပဲနဲ့ ရှောင်လိုက်လို့ရှိယင် အဲဒါ သမ္မာဝါစာမဂ္ဂင် ဖြစ်တယ်၊ ဒါကတော့ သီလကို ရိုရိုသေသေ လေးလေးစားစား ဆောက်တည်နေတဲ့ပုဂ္ဂိုလ်တွေမှာ ဒီလိုဖြစ်နေတာပါပဲ၊ အမှန်အတိုင်း ပြောဆိုပြီးတော့ လိမ်စရာအကြောင်းကလေးတွေ မလိမ်ပဲနဲ့ အမှန်အတိုင်း ပြောဆိုပြီးတော့ ကျင့်သုံးနေယင် ဒါသမ္မာဝါစာဖြစ်တယ်။

ပိသုဏာဝါစာ–ကုန်းတိုက်စကားမှတဲ့၊ လူနှစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တဦးနဲ့တဦး တဖွဲ့နဲ့တဖွဲ့ မုန်းတီးအောင်လို့ ပြောဆိုတဲ့စကားဟာ ပိသုဏာဝါစာခေါ်တယ်၊ ကုန်းတိုက်တာ ခေါ်တယ်၊ အဲဒီလို ပြောစရာအကြောင်း ရှိတဲ့အခါ မပြောပဲနဲ့ ကြဉ်ရှောင်လိုက်ယင် ဒါ ပိသုဏာဝါစာဝိရတီဆိုတဲ့ သမ္မာဝါစာမဂ္ဂင်ဖြစ်တယ်။

ဖရုသဝါစာ–ကြမ်းတမ်းသော စကားတွေကို ပြောဆိုတာ၊ ဆဲရေးကျိန်ဆိုခြင်း, ဆဲဆိုခြင်း, နားမချမ်းသာတဲ့ စကားတွေကို စိတ်ဆိုးတဲ့အခါကျယင် အဲဒါတွေကို ပြောတတ်တယ်၊ လူဆိုတာ စိတ်ဆိုပြီးမှဖြင့် ပြောတတ်တာပဲ၊ အများအားဖြင့်တော့ ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်တွေ ပြောရတာများပါတယ်၊ ဒါက တခြားက ကိုယ်နဲ့မသိတဲ့ပုဂ္ဂိုလ်တွေသွားပြီး ဆိုဆဲနေတာကတော့ ဒီလိုကတော့ ရှိမယ်မဟုတ်ဘူး၊ ဒီလိုဆို ဆဲယင်ခံမှာ မဟုတ်ဘူး၊ မဆိုင်တဲ့ပုဂ္ဂိုလ်တွေဆိုဆဲယင် သူကလဲ ခံမှာမဟုတ်ဘူး၊ အဲဒီတော့ ကိုယ်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဆိုဆဲမှု, ကြိမ်းမောင်းမှုတွေ ဖြစ်တတ်တယ်၊ အထက်လူကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေက အောက်လူတွေကို ဆိုဆဲကြိမ်းမောင်းမှုတွေ၊ ဒီလိုဟာတွေ ရှိတတ်တယ်၊ အဲဒါတွေ နားမခံသာအောင်လို့ ဆိုဆဲခြင်းတဲ့၊ တချို့က ငယ်ငယ်ကတည်းက အလေ့အကျင့်ရနေတယ်၊ အဲဒါတွေ ဆိုတတ် ဆဲတတ်တယ်၊ စိတ်က သိပ်မပါပေမယ်လို့ နှုတ်က ဒီလိုကြမ်းနေတာတွေ ရှိတတ်တယ်၊ အဲဒီမှာ တကယ်စိတ်ဆိုးပြီးတော့ စိတ်လိုက်မာန်ပါနဲ့ သူတပါးတွေ နားမချမ်းသာအောင်လို့ ဆိုလိုက်ဆဲလိုက် ကြိမ်းလိုက်မောင်းလိုက်လုပ်နေတာတွေ အဲဒါတွေဟာ ဖရုသဝါစာခေါ်တယ်၊ အဲဒါကြဉ်ရှောင်ရတယ်၊ အဲဒီ ပြောစရာဆိုစရာတွေ မကျေနပ်မှုတွေ ပေါ်လာတဲ့အခါ စိတ်ထဲက ပြောချင်ပြီဆိုယင် မပြောတော့ဘူးလေ၊ ငါ့မှာ သီလဆောက်တည်ထားတာ၊ သီလစင်ကြယ်အောင်လို့ မပြောပါဘူး၊ သူတော်ကောင်းတရားတွေ ငါကျင့်နေတာပဲ၊ ငါမပြောပါဘူးဆိုပြီး ကြဉ်ရှောင်လိုက်လို့ရှိယင် အဲဒါဟာ သမ္မာဝါစာမဂ္ဂင်၊ ဒါလဲ အရေးကြီးတယ်၊ အင်မတန်လဲ ကောင်းတယ်၊ ဒါလေးတော့ အထူးကျင့်စရာကောင်းတယ်။

ဒိပြင်ဟာတွေ ထားပါတော့၊ ဒါကတော့ အထူးပေါ်တယ်၊ ဒိပြင်ဟာတွေက ဒါလောက် ကိစ္စမရှိဘူး၊ ဒါက အထူးပေါ်တယ်၊ မုသာဝါဒါ လိမ်ပြောတယ် ဆိုတာကမှ အလိမ်ခံရတဲ့ပုဂ္ဂိုလ်က သူတယောက်တည်း သိချင်လဲ သိမယ်၊ ဒိပြင်ပုဂ္ဂိုလ်တွေ သိမှာ မဟုတ်ဘူး၊ တချို့လဲ အလိမ်ခံရတာတွေကို မသိတာတွေလဲ ရှိတာပါပဲ၊ လိမ်တဲ့ပုဂ္ဂိုလ်က ပိပိရိရိ လိမ်တာတွေဆိုတာ ရှိတယ်၊ အဲဒါတွေ အလိမ်ခံရတဲ့ပုဂ္ဂိုလ်တွေ တချို့မသိဘူး၊ ဒီလိုဟာတွေ ရှိတယ်၊ ဒါကတော့ သိပ်ကိစ္စမရှိဘူး၊ သူနည်းနည်းတော့ တော်သေးတယ်လို့ ဆိုရမှာပေါ့၊ သူ့ဟာ အပြစ်ကတော့ ရှိတာပေါ့လေ၊ ဒါပေမယ်လို့ လောကအနေအားဖြင့်တော့ လူသိ သူသိ သိပ်ပြီးတော့ မရှိဘူး။

ဖရှသဝါစာရှောင်ဖို့ အရေးကြီး

ဟောဒီ ဖရှသဝါစာဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတာက လူသိပ်သိတယ်၊ ဆိုင်ရာပုဂ္ဂိုလ်တွေတင် မဟုတ်ဘူး၊ ဘေးကပုဂ္ဂိုလ်တွေကပါ အကုန်လုံးသိကုန်တယ်၊ တယ်နေရာမကျဘူး၊ နှုတ်ကြမ်းတယ်၊ မစောင့်စည်းဘူး၊ သူတော်ကောင်းတရား ဒီပုဂ္ဂိုလ် သိပ်မကပ်သေးဘူး၊ ဘေးကပုဂ္ဂိုလ်တွေက ချိန်ထိုးတယ်၊ ကြမ်းကြမ်းတမ်းတမ်းတွေ ပြောပြီဆိုလို့ရှိယင် တချို့က သူတရားသာ အားထုတ်ထားတာပါ၊ သူက ကြမ်းတာပဲ၊ ဆဲလိုက်တာ, ဆိုလိုက်တာ မပြောပါနဲ့တော့ နေရာမကျသေးဘူးဆိုပြီးတော့ ဘေးကပုဂ္ဂိုလ်တွေက ချိန်ထိုးခံရတယ်၊ အထင်အမြင် သေးခံရတယ်၊ သိပ်နေရာမကျဘူး၊ ပြီးတော့ကို အဲဒီလို ကြိုးကြိုးစားစား ကြမ်းကြမ်းတမ်းတမ်း ပြောတတ်တဲ့ ပုဂ္ဂိုလ်အနားကို လူတွေက တယ်လဲ မကပ်ချင်ကြဘူး၊ မလွှဲသာလို့သာပဲ ချဉ်းကပ်ယင် ချဉ်းကပ်ရမယ်၊ တယ်မကပ်ချင်ဘူး၊ အပေါင်းအဖော် တယ်မလုပ်ချင်ဘူး၊ ဘာပြုလို့လဲ ဆိုတော့ သူက ကြမ်းကြမ်းတမ်းတမ်းတွေ ပြောတတ်လို့ အဲဒါ အရေးကြီးတယ်၊ လူမုန်းများတယ်၊ နှုတ်က ချိုချိုသာသာ ပြောတတ်တဲ့ ပုဂ္ဂိုလ်များ လူချစ်လူခင် များတယ်၊ အဲဒါဟာ တချို့ကတော့ ငယ်ငယ်ကတည်းက အကျင့်ပါလာတာ မဖြစ်နိုင်ပါဘူးလို့လဲ ပြောတတ်တယ်၊ ပြင်ပါအုံးမှပေါ့၊ ငယ်ငယ်ကတည်းက အကျင့်ပါတိုင်း ဒီလိုလုပ်နေလို့ ဘယ်ဖြစ်လိမ့်မတုံး၊ ငယ်ငယ်တုန်းက အဝတ်မဝတ်ပဲနဲ့ ကိုယ်တုံးလုံးနေလာတာတွေလို အဝတ်မဝတ်လို့ ဘယ်ဖြစ်လိမ့်မှာတုံး၊ ပြင်ပါအုံးမှပေါ့၊ ပြင်ရသေးတယ်၊ သိတတ်တဲ့အရွယ် သိတတ်တဲ့အရွယ်အလိုက် ပြင်ရသေးတယ်၊ သူတော်ကောင်းတရားတွေ လေ့လာနေတဲ့ အချိန်မှာ အသက်အရွယ်တွေ ကြည့်ပြီးတော့ ပြင်ရတယ်၊ ပြင်မှ ဟောဒီတရားအားထုတ်ထားလို့ တကယ်ကို တရားတွေ အချိုးကျနေပြီဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလို သိပ်လဲ မဖြစ်ပါဘူး၊ ဆဲလောက်အောင် ဆိုလောက်အောင် စိတ်တွေဆိုတာ မဖြစ်ပါဘူး၊ သက်သာရာရတယ်၊ အဲဒါ အရေးကြီးပါတယ်။

သမ္ဘပလာပါတဲ့ အပြိန်အဖျင်းတွေတဲ့၊ မဟုတ်က ဟုတ်ကတွေ အခုအခါ ကာလ ဒဏ္ဍာရီဝတ္ထုမျိုးတွေပေါ့လေ၊ သူများတွေကို တကယ်အဟုတ်ထင်ပြီးတော့ နားထောင်တယ်၊ အချိန်ကုန်လူပမ်း အလကား အကျိုးမဲ့ဖြစ်အောင်လို့ အဲဒီလိုဟာတွေ ပြောဆိုခြင်းဟာလဲပဲ ဒါလဲ ကြဉ်ရှောင်ရမယ်၊ ပြောချင်တဲ့အခါကာလ မပြောတော့ဘူး၊ ကြဉ်ရှောင်နေလိုက်ယင် သမ္မာဝါစာ မဂ္ဂင်ဖြစ်ပြီတဲ့။

အခု တရားအားထုတ်တဲ့ အခါကာလကျတော့ ရှုမှတ်ရုံနဲ့ ပြီးပါတယ်၊ ရှုမှတ်တိုင်းရှုမှတ်တိုင်း လိမ်စရာအကြောင်းလဲ ဒီအထဲပါမှာပဲ၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုစရာအကြောင်းလဲ ပါမှာပဲ၊ ကုန်းတိုက်စရာ အကြောင်းလဲပါမှာပဲ၊ အပြိန်အဖျင်း ပြောစရာအကြောင်းလဲရှိမှာပဲ၊ မြင်ရာ, ကြားရာကနေပြီးတော့၊ ဒါပေမယ်လို့ ဒီဝိပဿနာရှုနေတာနဲ့ လိမ်ပြောဖို့ရာ စိတ်ကူးလဲ မပေါ်ဘူး၊ ကြမ်းကြမ်းတမ်းတမ်း ပြောဖို့ရာလဲ မဖြစ်ဘူး၊ ကုန်းတိုက်ပြောဖို့ရာလဲ မဖြစ်ဘူး၊ အပြိန်အဖျင်းပြောဖို့ရာ စကားလဲ မဖြစ်ဘူး၊ အကုန်လုံးငြိမ်းနေတယ်၊ မှတ်တိုင်း မှတ်တိုင်း ငြိမ်းနေတယ်၊ အဲဒါကြောင့် သမ္မာဝါစာမဂ္ဂင်လဲပဲ ရှယင်း မှတ်ယင်း အလိုလိုပြီးပြီတဲ့။

မရှုတဲ့အခါမှာဆိုယင်တော့ ခုနကပြောခဲ့တဲ့အတိုင်း မုသာဝါဒါ ပြောစရာရှိတဲ့အခါမှာ မပြောပဲနဲ့ ကြဉ်ရှောင်လိုက်ရုံပဲ၊ ဖရှသဝါစာ အကြမ်းပြောစရာ ရှိတဲ့အခါမှာလဲ မပြောပဲနဲ့၊ ပိသုဏာဝါစာ ကုန်းတိုက်ပြောစရာ ရှိတဲ့အခါ ကုန်းတိုက် မပြောပဲနဲ့၊ သမ္ဘပလာပါ အပြိန်အဖျင်းပြောစရာရှိတဲ့အခါ မပြောပဲနဲ့ကြဉ်ရှောင်ယင် သမ္မာဝါစာမဂ္ဂင်ဖြစ်ပြီတဲ့၊ ဒီအတိုင်းဖြစ်ရမှာ၊ ဒါကတော့ လူတိုင်းလူတိုင်း ကျင့်နိုင်ပါတယ်၊ ကျင့်လဲ ကျင့်ရမယ့်ဥစ္စာတွေ၊ ဒါက တရားအားမထုတ်ပဲလဲ ကျင့်နိုင်တာပဲ၊ သီလ မဂ္ဂင်ခေါ်တယ်။

သမ္မာကမ္မန္တ

သမ္မာကမ္မန္တတဲ့၊ အလွယ်တကူပဲ ပြောတော့မယ်၊ သမ္မာကမ္မန္တဆိုတာ ကာယဒုစရိုက် ၃–ပါးမှ ကြဉ်ရှောင်တာ၊ ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း၊ အဒိန္နာဒါနမှ ကြဉ်ရှောင်ခြင်း၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ခြင်း၊ ဒီလိုပြောယင် မြန်မြန်ပြီးပါတယ်၊ ပါဠိတွေကတော့ ကြည်ညိုဖွယ်ဖြစ်အောင်လို့ ဘုန်းကြီးကပြောနေတာ၊ သူတပါးအသက်ကို သတ်စရာအကြောင်းရှိတဲ့အခါ မသတ်ပဲနဲ့ ကြဉ်ရှောင်တယ်တဲ့၊ သီလဆောက်တည်ထားလို့ဖြစ်စေ၊ မဆောက်တည်ပဲနဲ့ဖြစ်စေ၊ ဥပမာဆိုပါတော့ လူကို ခြင်ကကိုက်နေတယ်၊ ရိုက်သတ်လိုက်ဖို့ အကြောင်းတော့ ရှိတာပေါ့လေ၊ ငါ့ကိုလာကိုက်တာ နင်သေရောဟဲ့ဆိုပြီးတော့ ရိုက်သတ်စရာအကြောင်းတော့ ရှိတာပဲ၊ ဒါပေမယ်လို့ သူတပါးအသက်ကို မသတ်ဘူး၊ ငါ့သီလ ပျက်သွားတော့မယ်ဆိုပြီး သီလကိုရှိသေသောအားဖြင့် ကျင့်ရမယ်၊ အသာလေး ချောက်ပစ်လိုက်တယ်၊ ပရွက်ဆိတ်က လာကိုက်နေတယ်၊ ဒီလိုပဲ အသာကလေးခါပြီးတော့ ချလိုက်တယ်၊ ပါဏာတိပါတာ ဝေရမဏိတဲ့၊ ဒါသမ္မာကမ္မန္တမဂ္ဂင်ဖြစ်သွားတယ်။

သူတပါးဥစ္စာတွေ ခိုးစရာရှိလာတယ်တဲ့၊ သူတပါးဥစ္စာတွေခိုးတယ်ဆိုတာ အဒိန္နဒါန်ဆိုတာ သူတပါးသိမ်းဆည်းထားတဲ့ ဥစ္စာတွေယင်လဲ ဖြစ်ရမယ်၊ သူတပါးသိမ်းဆည်းတဲ့ ဥစ္စာရယ်လို့လဲ အမှတ်ရှိရမယ်၊ ခိုးလိုသော စိတ်လဲဖြစ်ရမယ်၊ ကြောင့်ကြဗျာပါရစိုက်ပြီး ခိုးယူတဲ့အဖြစ်လဲ ဖြစ်ရမယ်၊ တနည်းနည်းနဲ့ သူ့ဥစ္စာကို နေရာမှရွှေ့ခြင်းစသည်ဖြင့်လဲ ခိုးတာဖြစ်မယ်၊ ပြောင်းရွှေ့ခြင်းလဲ ဖြစ်ရမယ်၊ အဲဒီအင်္ဂါငါးပါးစုံလို့ ရှိယင်ဖြင့် အဒိန္နဒါန်ကံထိုက်တယ်၊ အဲဒီတော့ သူတပါးဥစ္စာတွေ အလွယ်တကူရလို့ဖြစ်စေ၊ တနည်းနည်းနဲ့ဖြစ်စေ ခိုးစရာအကြောင်းရှိလာတယ်၊ ခိုးစရာလုစရာအကြောင်း ရှိလာတယ်၊ အဲဒီလို အခါကျယင် မခိုးပဲနဲ့ ကြဉ်ရှောင်နေတယ်တဲ့၊ ဒါက အခုလိုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါကဒေသနာအစဉ်မို့သာ ပြောရတာပါ၊ ခိုးစရာအကြောင်းမရှိပါဘူး၊ ဒါကတော့ ကြဉ်ရှောင်နေကြမှာပဲ၊ သူတော်ကောင်း တရားတွေ လေ့လာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါတွေအင်မတန်ဝေးကွာနေကြပါတယ်၊ အာရတီ ဝိရတီလို့ဆိုတယ်၊ မဂ်လသုတ်မှာ ဟောထားတဲ့အတိုင်း–

အာရတီ ဝိရတီ ပါပါ၊ မဒ္ဒပါဏာ စ သံယမော။

ပါပါ၊ မကောင်းမှုမှ။ အာရတီ၊ ဝေးစွာကြဉ်ရှောင်ခြင်း။ ဝိရတီ၊ အထူးသဖြင့် ကြဉ်ရှောင်ခြင်း။ ဝေးစွာကြဉ်ရှောင်ခြင်း၊ စိတ်ထဲက ကြဉ်ရှောင်ရမယ်။ ဝိရတီကတော့ ကာယကံ ဝစီကံမြောက်မကျူးလွန်ပဲနဲ့ ကြဉ်ရှောင်ရမယ်၊ စိတ်ထဲကပြင်လိုက်မယ်ဆိုယင်တော့ သာပြီးတော့ ဝေးတာပေါ့လေ၊ စိတ်ထဲကကို မကောင်းမှုပြုလိုတဲ့စိတ်တွေ မရှိဘူးဆိုယင် ပိုပြီးတော့ ဝေးတာပေါ့အာရတီ၊ ဝေးစွာကြဉ်ရှောင်ခြင်း။ အဲဒီတော့သူတော်ကောင်းတရားတွေ ပွားများနေတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဒုစရိုက်အကြမ်းတွေက ဝေးစွာကြဉ်ရှောင်ခြင်း ဖြစ်နေရမှာပဲ၊ စောစောကပဲ အခုတော့ ဒေသနာမို့ ဒေသနာထဲမှာ ဒီလိုပဲပြောရမယ်၊ ဒီလိုပြောမှ လဲနားလည်တယ်၊ သူတပါးဥစ္စာတွေ ခိုးစရာ, လုစရာ, ယက်စရာ အကြောင်းရှိတဲ့ အခါကာလကျလို့ရှိယင် အဲဒါ ကြဉ်ရှောင်လိုက်ပြီတဲ့၊ စိတ်ထဲကိုက မတရားသဖြင့်ယူလိုစိတ်၊ ရလိုစိတ်မရှိပဲနဲ့ ကြဉ်ရှောင်လိုက်ယင် အာရတီ၊ ဝေးစွာကြဉ်ရှောင်ခြင်းပေါ့၊ ကိုယ်နဲ့ကျူးလွန်မှု၊ စိတ်ကဖြစ်ယင် ဖြစ်ငြားသော်လဲ ကိုယ်နဲ့ကျူးလွန်မိအောင် မရောက်ဘူးဆိုလို့ရှိယင်ဖြင့် ဒါက ဝိရတီကိုး၊ ဝိရတီဖြစ်သွားတယ်။ အဲဒါ သမ္မာကမ္မန္တမဂ္ဂင်ပဲ။

ကာမေသုမိစ္ဆာစာရာဝိရတီ၊ ကာမေသုမိစ္ဆာစာရာ၊ မပိုင်မဆိုင်သော ကာမဂုဏ်။ ကာမေသု၊ ကိုယ်နဲ့မပိုင်မဆိုင်တဲ့ ကာမဂုဏ်တို့၌ မကျူးလွန်သင့်တဲ့ ကာမဂုဏ်တို့၌ ကျူးလွန်ခြင်းမှ ကြဉ်ရှောင်သည်တဲ့၊ ဒါကလဲ သူတော်ကောင်းတွေအဖို့မှာ ကြဉ်ရှောင်နေရမှာပါပဲ၊ ဝေးစွာကြဉ်ရှောင်ဆိုတာ စိတ်ကိုကမရောက်အောင် ဝေးစွာကြဉ်ရှောင်နေရမယ်၊ စိတ်က ဖြစ်လာတောင်မှ ကိုယ်ကမရောက်ပဲနဲ့ ကြဉ်ရှောင်ရမယ်၊ အဲဒါ သမ္မာကမ္မန္တမဂ္ဂင်တဲ့။

တရားအားထုတ်နေတဲ့အခါမှာတော့ မြင်တိုင်းကြားတိုင်း ဒွါရ ၆–ပါးက ပေါ်တိုင်းပေါ်တိုင်းမှတ်နေတော့ ပါဏာတိပါတဆိုတာ ဖြစ်ဖို့ရာ၊ ပါဏာသတ္တဝါပဲဆိုတဲ့ အဲဒီထိအောင်မရောက်ရဘူး၊ မြင်ယင် မြင်ရုံမျှ၊ ကြားယင် ကြားရုံမျှကလေးကို သတ်ချင်တဲ့စိတ်ဆိုတာ အဝေးကြီး၊ မဖြစ်ရဘူး၊ ခိုးစရာဆိုတဲ့ ဥစ္စာလဲပဲ ဘာရယ်ညာရယ်လို့ မရှိဘူး၊ မြင်ပြီးပျောက်၊ ကြားပြီးပျောက်ဖြစ်နေတော့ ခိုးစရာရယ်လို့လဲမရှိဘူး၊ မတရားသဖြင့် ကျူးလွန်ဖို့ကာမဂုဏ် အာရုံဆိုတာ၊ ယောက်ျားမိန်းမ အာရုံတွေပဲ၊ အဲဒါတွေလဲပဲ ဒီထိအောင် မရောက်ရတော့ဘူး၊ မြင်ယင် မြင်ရုံမျှနဲ့ မြင်ပြီးပျောက်၊ ကြားပြီးပျောက်၊ ဒီတင်ရပ်ရမှာ၊ ကာမဂုဏ်အာရုံတွေ လွန်ကျူးဖို့ဆိုတာ အဝေးကြီးပဲ၊ အဲဒါကြောင့် ရှုတိုင်း မှတ်တိုင်းသမ္မာကမ္မန္တမဂ္ဂင်လဲပဲ ပြီးတယ်တဲ့။

သမ္မာအာဇီဝ

သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာအာဇီဝဆိုတာကတော့–

ဣဓ ဘိက္ခဝေ အာရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သောပုဂ္ဂိုလ်သည်။ မိစ္ဆာအာဇီဝံ၊ မတရားသဖြင့် အသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ မှန်စွာ တရားသော အသက်မွေးမှုဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။

မတရားသဖြင့် အသက်မွေးခြင်း ကြဉ်ရှောင်ပြီးတော့တဲ့၊ တရားသဖြင့် ပစ္စည်းရှာတာပါပဲ၊ မတရားသဖြင့်ပစ္စည်းရှာမှုကို မပြုဘူးပေါ့လေ၊ အသက်မွေးတယ်ဆိုတာ ရှာရတာပဲ၊ ကိုယ့်အသက်ကလေး အသက်ရှင်ရအောင် စားရေး, သောက်ရေး, နေရေး, ထိုင်ရေး ပြည့်စုံရအောင်လို့ ပစ္စည်းရှာရတာပဲ၊ အသက်မွေးတယ်ဆိုတာ ရှာတာပဲ၊ တနည်းနည်းနဲ့ရှာတာပဲ။

အဲဒီတော့ ဘယ်နည်းနဲ့ရှာတုံးဆိုတော့ မတရားသဖြင့် ရှာတာတွေ ခုနက ဝစီကံ ၄–ပါးနဲ့ရှာတာရှိတယ်၊ ကာယကံ ၃–ပါးနဲ့ ဒုစရိုက် ၃–ပါးနဲ့ ရှာတာရှိတယ်၊ သူတပါးအသက်ကို သတ်ဖြတ်ပြီးတော့ အသက်မွေးတယ်၊ သူတပါးတွေ သတ်ဖြတ်ပြီးတော့ ရောင်းချတာတွေလဲ ရှိတာပေါ့လေ၊ သတ်ဖြတ်တဲ့ လုပ်ငန်းတွေလုပ်တာလဲ ရှိတာပေါ့လေ၊ ဒီဥစ္စာတွေဟာ အဲဒါတွေနဲ့ ရလာတဲ့ ပစ္စည်းတွေနဲ့ ကိုယ်တိုင်သုံး၊ သားမယားတွေကျွေး၊ အသက်မွေးဝမ်းကျောင်းတွေ လုပ်နေတာကိုး၊ ဒါဟာ မိစ္ဆာအာဇီဝပဲတဲ့၊ အဲဒီလိုဟာတွေကို ကြဉ်ရှောင်ရမယ်တဲ့၊ သူတပါးဥစ္စာတွေခိုးယူလုယက် မတရားသဖြင့် တနည်းနည်းနဲ့ မတရားသဖြင့်ရအောင်လုပ်ပြီး သကာလ လုပ်တဲ့ဥစ္စာတွေဟာ မိစ္ဆာအာဇီဝပဲတဲ့၊ ဒါတွေ ကြဉ်ရှောင်ရတယ်၊ လိမ်လည်ပြီးတော့ သူတပါးဥစ္စာတွေ မရသင့်ပဲနဲ့ ရအောင်လိမ်လည်ပြီးတော့ ရတာယူ အဲဒါ မိစ္ဆာအာဇီဝတဲ့၊ ဖရုသဝါစာနဲ့ အကြမ်းပြောပြီး ရတဲ့နည်းနဲ့လဲပြောပြီး ခြိမ်းခြောက်ပြီးလုပ်တာတွေလဲ ရှိမှာပေါ့လေ၊ ပိသုဏာဝါစာနဲ့ ကုန်းတိုက်ပြီးတော့ ကိုယ်ကြီးပွားရေး စီးပွားရေးလုပ်တာတွေ၊ ဒါတွေလဲရှိတာပဲ၊ ဒါတွေကတော့ အများကြီးပါပဲ၊ အဖွဲ့အသင်းအပင်းတွေ ဘာတွေနဲ့ဆိုယင် တဦးနဲ့ တဦး အကွဲကွဲအပြားပြား ဖြစ်အောင်လုပ်ပြီးတော့ ကိုယ်ကျိုးကိုယ့်စီးပွားရှာရတာတွေလဲ ရှိပါတယ်။

အဲဒီလိုဟာတွေ ကြဉ်ရှောင်တယ်တဲ့၊ လိုရင်းတော့ မတရားသဖြင့် ပစ္စည်းရှာမှုတွေ မလုပ်ဖူးပေါ့လေ၊ မတရားသဖြင့် မရသင့်မရထိုက်တဲ့ပစ္စည်းတွေကို မတရားသဖြင့် ရှာကြံမှုမပြုဘူးတဲ့၊ တရားသဖြင့် ရသင့်ရထိုက်တဲ့ ပစ္စည်းလောက်ပဲရှာတယ်၊ ကောင်းသော အလုပ်အကိုင်ဖြင့် တရားသဖြင့်ရတဲ့ ပစ္စည်းကလေးလောက်ပဲ မျှတပြီးတော့နေတယ်တဲ့၊ ဒီဥစ္စာဟာ သမ္မာအာဇီဝ မဂ္ဂင်၊ ရဟန်းများမှာဆိုယင်ဖြင့် မိစ္ဆာအာဇီဝတွေ အများကြီးရှိပါတယ်၊ ရဟန်းများမှာ ရိုးရိုးဘုရားခွင့်ပြုထားတဲ့အတိုင်း ပစ္စည်း ၄–ပါးရှာမှီးရတဲ့နည်းတွေ ရှိပါတယ်၊ ပစ္စည်း ၄–ပါးမှာ ဆွမ်းဆိုလို့ရှိယင်ဖြင့် အချိန်တန်ယင် ဆွမ်းခံဖို့၊ သင်္ကန်းဆိုလို့ရှိယင်လဲ ပုံသကူစသည်ရှာဖို့၊ အကယ်၍ ပုံသကူရှာလို့ မရလို့ရှိယင်လဲပဲ ဒကာ–ဒကာမတွေ ရှေ့မှာ ကာယဝိညတ်နဲ့ရပ်မေး၊ မေးမှပဲပြောရမယ်၊ သွားပြီးတော့ အလှူမခံရဘူးတဲ့၊ အဲဒီလိုနည်းတွေရှိပါတယ်၊ ကာယဝိညတ်နဲ့လောက်ပဲ အလှူခံဖို့ရာနည်းတွေရှိပါတယ်၊ ဒီလိုမဟုတ်ပါပဲနဲ့၊ မိမိကိုယ်ကို အထင်ကြီးအောင်လုပ်ပြီးသကာလ မဟုတ်တဲ့ဂုဏ်တွေနဲ့ ကြည်ညိုအောင် အထင်ကြီးအောင်လုပ်ပြီးတော့ ပစ္စည်းရှာတာ၊ ဒီလိုဟာတွေလဲရှိတယ်၊ ဒါတွေကလဲပဲ အများကြီးရှိတယ်၊ ပြီးတော့ မတရားသဖြင့် အလှူခံတာတွေ အရမ်းတောင်းခံနေတာတွေ ရှိတာပေါ့လေ၊ ဒီလိုပုဂ္ဂိုလ်တွေဆိုလို့ရှိယင် ပြောလို့လဲ သိပ်မကောင်းပါဘူး၊ ဒီလိုပုဂ္ဂိုလ်တွေ ရှိပါတယ်၊ အဲဒီလိုဟာတွေက ကာယဝိညတ် မဟုတ်ပါဘူး၊ ဝစီဝိညတ်ရော ဘာရော၊ တောင်းခံနေတာတွေ ရှိပါတယ်၊ တချို့မသက်ဆိုင်တဲ့ ဥစ္စာတွေ ငွေအလှူခံ ဘာအလှူခံ ဒါတွေလဲရှိပါတယ်၊ အဲဒါတွေကတော့ သူတို့က စောင့်စည်းမှုတွေက လုံးလုံးပျက်ကွက်နေတဲ့ သဘောရှိနေတာပါပဲ၊ ဒီဥစ္စာတွေကတော့ အထူးပြောနေစရာ မလိုပါဘူး၊ အဲဒီလို မတရားသဖြင့် ရှာမှီးမှုတွေတဲ့၊ ရဟန်းတွေမှာ အများကြီးရှိပါတယ်၊ ကုဟနလပန စသည်ဖြင့် အဲဒါတွေလဲ ကင်းရမယ်တဲ့။

အဲဒီလို မတရားသော အသက်မွေးမှုတွေ အကုန်လုံးကြဉ်ရှောင်ပြီးတော့ ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ် တရားသဖြင့် တရားနဲ့အညီ ရှာမှီးပြီးတော့နေတာက သမ္မာအာဇီဝမဂ္ဂင်တဲ့။

နောက် သမ္မာဝါယာမ၊ သမ္မာကမ္မန္တ၊ တရားအားထုတ်တဲ့အခါမှာတော့ ရှုတိုင်းမှတ်တိုင်း ဒီသမ္မာအာဇီဝကပြီးပါတယ်၊ မြင်ရာကြားရာကနေပြီးတော့ မတရားသဖြင့် ဖြစ်ခွင့်တွေမရဘူး၊ ရှုယင်းမှတ်ယင်းနဲ့ အနိစ္စ, ဒုက္ခ, အနတ္တတွေသိနေတော့ အဲဒီ တရားအားထုတ်တုန်းက မြင်ခဲ့ကြားခဲ့တဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ မတရားရှာမှီးမှုတွေဟာ စိတ်ကူးထဲမှာကို မပေါ်လာဘူး၊ ငြိမ်းနေတယ်၊ သမ္မာအာဇီဝမဂ္ဂင်လဲပြီးပြီတဲ့။

ဒီတော့ ကျန်တာက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မဂ္ဂင် ၃–ပါးကျန်တယ်၊ အဲဒီမဂ္ဂင် ၃–ပါးပြီးတော့မှ မဂ္ဂင်ဖောင်ဖွဲ့ပြီး ဟိုဘက်ကူးပုံ ပြောရမယ်၊ နောက်သီတင်းများ ပြီးမှပြီးပါ့မလားမသိဘူး၊ ပြီးတော့ပြီးချင်လှပြီ၊ ကိုင်း ဒါလေး ဆိုရမယ်။

မှန်စွာမြင်သိ၊ ကြံ့မိမှန်ကန်။
မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်။
မှန်စွာကြောင့်ကြ၊ မှတ်ရမှန်ကန်။
စူးစိုက်ကပ်၊ ရှစ်ရပ်မဂ်လမ်းမှန်။

'မှန်စွာမြင်သိ' ဆိုတာ သမ္မာဒိဋ္ဌိကိုး၊ သမ္မာဒိဋ္ဌိ–မှန်စွာမြင်ခြင်း 'ကြံ့မိမှန်ကန်' သမ္မာသင်္ကပ္ပ၊ မှန်စွာကြံစည်ခြင်း၊ ဒါ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပမဂ္ဂင် ၂–ခု၊ 'မှန်စွာမြင်သိ၊ ကြံ့မိမှန်ကန်' မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်' မှန်စွာပြောတယ်၊ မှန်စွာပြု တယ်၊ လမ်းမှန်အတိုင်းရှာတယ်၊ သမ္မာဝါစာ၊ မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တ၊ မှန်စွာပြုခြင်း၊ မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်၊ သမ္မာ အာဇီဝပစ္စည်းရှာမှု အသက်မွေးဖို့ရာ စားသုံးဖို့ရာပစ္စည်းရှာမှုဟာ ပါဏာတိပါတအစရှိတဲ့ ဒုစရိုက်တွေနဲ့ မရှာဘူးတဲ့၊ တရား သဖြင့် လမ်းမှန်အတိုင်း ရှာတယ်တဲ့၊ ဒါသမ္မာအာဇီဝကိုး၊ ဒါက သဘာဝကလေးကို ရေးထားတယ်၊ တိုတိုနဲ့လဲပြီးအောင်လို့ 'မှန်စွာမြင်သိ၊ ကြံ့မိမှန်ကန်၊ မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်။"

နောက် သမ္မာဝါယာမကတော့ မှန်စွာကြောင့်ကြစိုက်သည်တဲ့၊ 'မှန်စွာကြောင့်ကြ၊ မှန်ရမှန်ကန်'တဲ့၊ အမှန်အတိုင်း မှတ်သည်တဲ့၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ 'စူးစိုက်ကပ်၊ မှန်စွာအာရုံကို' စူးစိုက်ကပ်ပြီးတော့ တည်နေတာ၊ သမ္မာသမာဓိတဲ့၊ 'စူးစိုက်ကပ် ရှစ်ရပ်မဂ်လမ်းမှန်၊' အဲဒီ ၈–ခုဟာ မဂ်လမ်းမှန် မဂ္ဂင်ရှစ်ပါး တရားပဲတဲ့၊ ဒီလိုဆိုပါတယ်၊ ဒါလေးကလဲ အလွယ် လေးပဲ။

၁။ သမ္မာဒိဋ္ဌိ မှန်စွာမြင်ခြင်း။
၂။ သမ္မာသင်္ကပ္ပ မှန်စွာကြံခြင်း။
၃။ သမ္မာဝါစာ မှန်စွာပြောခြင်း။
၄။ သမ္မာကမ္မန္တ မှန်စွာပြုခြင်း။
၅။ သမ္မာအာဇီဝ မှန်စွာအသက်မွေးခြင်း။
၆။ သမ္မာဝါယာမ မှန်စွာအားထုတ်ခြင်း။
၇။ သမ္မာသတိ မှန်စွာသတိရခြင်း။
၈။ သမ္မာသမာဓိ မှန်စွာစူးစိုက်တည်ကြည်ခြင်း။

ဤတရား ၈–ပါးကို မဂ္ဂင် ၈–ပါးဟုခေါ်သည်။

မှန်စွာမြင်သိ ကြံ့မိမှန်ကန်။

(လ)

စူးစိုက်ကပ် ရှစ်ရပ်မဂ်လမ်းမှန်။

အခုမဂ္ဂင်ရှစ်ပါး တရားတွေအသီးသီးလဲပဲ အိပ်နေယင်း၊ သွားယင်း လာယင်းလဲပဲ မဂ္ဂင်ရှစ်ပါးတရားတွေ ဒီထဲမှာ ပွားပုံတွေ ပါသွားပြီ၊ ဒါနနဲ့ရော၊ သီလနဲ့ရော၊ ဘာဝနာနဲ့ရော၊ အကုန်လုံးပါသွားပါပြီ၊ နောက်က သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိကတော့ နောက်သီတင်းကျမှ ပြောရမယ်။

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရိုသေစွာနာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ၏ အစွမ်းအာနုဘော် ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ကြ ဝေးကွာကြ၍၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤသုတ်ဌာလာသော မဂ္ဂင်ရှစ်ပါး တရားတည်း ဟူသော ဖောင်ကိုဖွဲ့ကြ၍၊ ထိုမဂ္ဂင်ရှစ်ပါး တရားတည်းဟူသော ဖောင်ဖြင့် ဟိုဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်ရောက်အောင် ကြိုးစားအားထုတ်၍ ကူးနိုင်ကြပါစေ၊ ကူးတဲ့အတိုင်းလဲ အောင်မြင်၍၊ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ တော်သလင်းလဆန်း ၈–ရက်နေ့ ဟောကြားတော်မူသည်။

သုံးတန်သမာဓိမဂ္ဂင် ဖောင်ဖွဲ့ဆင်

အာသီဝိသောပမသုတ်တရားတော်ကြီး ဟောလာတာ သီတင်းပေါင်း တော်တော်များလာပြီ၊ အဆုံးပိုင်းရောက်လာပြီ။

မဂ္ဂင်ဖောင်

"မြွေလေးကောင်ကား (လ) အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"

အဲဒီအပိုင်း ရောက်နေပါပြီ၊ မြွေထိန်းယောကျ်ား ထွက်ပြေးရာမှာ မြွေကြီး ၄–ကောင်ကလဲ နောက်ကလိုက်နေတယ်၊ ရန်သူကြီးငါးဦးကလဲ နောက်ကလိုက်နေတယ်၊ ငယ်ငယ်က အင်မတန်ရင်းနှီးခင်မင်တဲ့ မိတ်ဆွေ သူငယ်ချင်းကလဲပဲတွေ့ရာ သတ်ဖို့ရာလက်နက်စွဲကိုင်ပြီးတော့ လိုက်နေတယ်တဲ့၊ လိုက်နေလို့ ပြေးနေယင်း ရွာပျက်ကုန်းရောက်တယ်၊ လူမရှိတဲ့ရွာပျက်၊ အဲဒီမှာ ရာဖွေလိုက်တော့ ဘာမှမတွေ့တာနဲ့ ခေတ္တခဏနားမယ်လို့ လုပ်နေတုန်း၊ ရွာပြင်ကနေပြီး ဒမြကြီး ၆–ယောက် ဝင်လာကြပြန်ပြီဆိုတာ ကြားရတော့ မနားနိုင်ပဲနဲ့ ထွက်ပြီးတော့ ပြေးရတာ၊ ရေပြင်ကျယ် ပင်လယ်ကမ်းစပ် ရောက်ပြီးတော့ သွားတယ်၊ ဒီဘက်ကမ်းမှာနေလို့ရှိယင် နောက်ကမြွေကြီး ၄–ကောင်ကလဲ မီလာမယ်၊ ရန်သူကြီး ၅–ဦးကလဲမီလာမယ်၊ ငယ်သူငယ်ချင်း ရန်သူကလဲမီလာမယ်၊ ဒမြ ၆–ယောက်ကလဲ သူတို့နောက်ကလိုက်လာလို့ မီလာမယ်၊ ဘေးရန်အန္တရာယ်တွေနဲ့မလွတ်နိုင်ဘူး၊ ဟိုဘက်ကမ်း ရောက်သွားလို့ရှိယင်တော့ ဘေးရန်အန္တရာယ်တွေကင်းမယ်၊ ဒီဘက်က မလိုက်နိုင်ဘူး၊ ကူးစရာလှေလဲမရှိ၊ သင်္ဘောလဲမရှိ၊ ဖောင်လဲမရှိ၊ တံတားလဲမရှိဆိုတော့၊ ကိုယ့်ဟာကိုယ် ဖြစ်သလိုနဲ့ ဖောင်ဖွဲ့ရမယ်၊ တိဏာကဋ္ဌပဋ္ဌာပ်၊ မြက်တို့သစ်ခက်တို့ သစ်ကိုင်းတို့ သစ်သားခြောက်တို့ သစ်ရွက် အမှိုက်၊ အဲဒီလိုဟာတွေ စုပြီးတော့ လူတကိုယ်ခိုင်ရုံ ဖောင်ကလေးလုပ်ပြီးတော့ ဟိုဘက်ကူးရမယ်တဲ့၊ ဖောင်ကလေးဆိုတာ ဘာတုံးဆိုတော့–

ကုလ္လန္တိ ခေါ ဘိက္ခဝေ အရိယသ္သေတံ၊ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ၊ သေယ္ယထိဒံ၊ သမ္မာဒိट्ठि(လ) သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုလ္လန္တိ ခေါ ဇတံ၊ ဖောင်ဟူသော ဤအမည်သည်။ အရိယဿ၊ မြင့်မြတ်စင်ကြယ်သော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂဿ၊ အရိယမဂ်၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဣဒံ၊ ဤအရိယမဂ်သည်။ သေယ္ယထာကတမော၊ အဘယ်နည်းဟူမူကား။ သမ္မာဒိट्ठि၊ မှန်စွာမြင်ခြင်း။ သမ္မာသင်္ကပ္ပော၊ မှန်စွာကြံခြင်း။ သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ မှန်စွာပြုလုပ်ခြင်း။ သမ္မာအာဇီဝေါ၊ မှန်စွာ အသက်မွေးခြင်း။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်း။ သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်း။ သမ္မာသမာဓိ၊ မှန်စွာ စူးစိုက်တည်ကြည်ခြင်း။

နည်းကောင်း လမ်းကောင်း

မဂ္ဂင်ရှစ်ပါးတရားတွေ၊ အဲဒါဟာ ဟိုဘက်ကမ်းရောက်ဖို့ရာ ဖောင်ပဲတဲ့၊ ဖောင်ဆိုတာ မဂ္ဂင် ရှစ်ပါးတရားပဲတဲ့၊ မြတ်စွာဘုရားသာသနာတော်မှာ မဂ္ဂင်ရှစ်ပါးတရားတော်ဟာ အရေးအကြီးဆုံး အချုပ်အခြာ ကိုယ်ကျင့်တရားပါပဲ၊ အင်မတန်ကောင်းတဲ့တရား၊ ဒီကိုယ်ကျင့်ရမယ့်တရားကလေး မသိကြတဲ့အတွက်ကြောင့် သံသရာထဲက မထွက်မြောက်နိုင်ပဲဖြစ်နေတယ်၊ အင်မတန်ကောင်းတဲ့ နည်းကောင်းလမ်းကောင်းကလေးပဲ၊ ဘေးရန်အန္တရာယ်တွေ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဘေးရန်၊ အန္တရာယ်တွေက လွတ်မြောက်တဲ့ နည်းကောင်း လမ်းကောင်းကလေးများ ရလာလို့ဆိုယင် အင်မတန် ဝမ်းသာကြတယ်။

အဲဒီ နည်းကောင်းလမ်းကောင်းကလေးကို လိုက်နာပြီးတော့ ဘေးရန်အန္တရာယ်က လွတ်မြောက်အောင် အားထုတ်ရမယ်၊ ရောဂါဝေဒနာတခု စွဲကပ်နေတယ် ဆိုပါတော့၊ ရောဂါဝေဒနာဟာ ဆေးကုလို့ဖြင့်တော့ မပျောက်နိုင်ဘူး၊ တယ်ပျောက်ခဲတယ်၊ ဒီရောဂါဟာ ဘယ်ဆေးနဲ့မှ မပျောက်နိုင်ဘူးဆိုလို့ရှိယင် အဲဒီမှာ ဒီရောဂါဝေဒနာကို ဒိဋ္ဌပျောက်စေတတ်တဲ့ နည်းကောင်းလေးများ တစုံတယောက်သောသူက ပြောမယ်ဆိုယင် အင်မတန် ဝမ်းသာကြတယ်၊ ဒါသေသေချာချာ ကိန်းသေ ပျောက်ပါတယ်၊ ပျောက်တဲ့လူတွေ များလှပြီ၊ အလွယ်တကူနဲ့ ဒီလို ပျောက်သွားတယ်ဆိုယင် အင်မတန် ဝမ်းသာကြတယ်၊ အဲဒီ နည်းကောင်းကလေးရပြီးတော့ ပြုကျင့်ရတယ်၊ ဆေးကုရတယ်၊ ရောဂါဝေဒနာပျောက်သွားယင် ဝမ်းသာစရာပဲ။

အဲဒါလိုပဲ၊ သံသရာထဲမှာ ဘဝအသစ်ဖြစ်ရတယ်၊ အိုရတယ်, နာရတယ်, သေရတယ်၊ သံသရာဆင်းရဲတွေပဲ၊ ကံမကောင်း အကြောင်းမသင့်တဲ့ အခါကာလကျတော့ အပါယ် ၄-ပါး ကျရတယ်၊ ငရဲကျရောက်ပြီး ငရဲမှာဒုက္ခတွေ ခံနေရတယ်၊ ဘယ်မှမပြေးနိုင်ဘူး၊ လူ့ပြည်လောကမှာတော့ အခွင့်အရေးရှိသည်အားလျော်စွာ လူတွေခပ်စွာစွာ ခပ်ထောင်ထောင်တွေလဲ ပြည့်နေတာပေါ့လေ၊ သူ့ဟာနဲ့သူ သူ့အစွမ်းရှိသလောက်တော့ သူအစွမ်းသတ္တိပြချင်တယ်။

အပါယ်ဒုက္ခ

အဲဒီပုဂ္ဂိုလ်တွေဟာ တနေ့ကျတော့ ငရဲရောက်သွားယင် ဘယ့်နှယ်မှမတတ်နိုင်ဘူး၊ အစွမ်းမပြနိုင်တော့ဘူး၊ ဟိုကျတော့ ဘာမှအစွမ်းသတ္တိမရှိတော့ဘူး၊ ဘယ်မှလဲပြေးလို့ မလွတ်ဘူး၊ ဒီထဲမှာ ဒုက္ခရောက်နေတယ်။

လောကမှာ ရာဇဝတ်အပြစ်ဒဏ်သင့်တဲ့ ပုဂ္ဂိုလ်များလိုပဲ၊ တချိန်က နေပြီးတော့ သူများတွေ အကျိုးမဲ့ဖြစ်အောင်လို့ ပြုလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ တနေ့ကျတော့ ကံမကောင်း အကြောင်းမသင့်တော့ သူတို့ကို အပြစ်ဒဏ်ပေး ထောင်ထဲရောက် ဘယ်မှ မပြေးနိုင်ဘူး၊ ဒုက္ခရောက်နေတယ်၊ ဒါက ဒါလောက် မညှဉ်းဆဲသေးဘူး၊ ဟိုမှာတော့ ငရဲဆိုတာအမြဲတမ်းပဲ ငရဲမီးတွေ တဟုန်းဟုန်းနဲ့ လောင်နေတဲ့အထဲမှာ ဒီအတိုင်းနေနေရတာ၊ ခံနေရတာ၊ ဘယ်မှလဲ ပြေးလို့မလွတ်ဘူး၊ မီးမလောင်တဲ့နေရာလဲမရှိဘူး၊ အကုန်လုံး လောင်နေတယ်၊ ငရဲထိန်းတွေက နှိပ်စက်နေတယ်ဆိုပြန်ယင်လဲပဲ ဒီမှာလဲပဲ ခုတ်လိုက်၊ ဖြတ်လိုက်၊ ထစ်လိုက်ခံနေရတာ ဘယ့်နှယ်မှမတတ်နိုင်ဘူး၊ ဘယ်သူမှကယ်မယ့်သူလဲမရှိဘူး၊ အဲဒီမှာ ဒုက္ခတွေရောက်နေတယ်၊ ဒါက ငရဲဒုက္ခမမြင်ရဘူး။

ပြိတ္တာတွေဆိုတာကလဲ ငတ်မွတ်ခေါင်းပါးပြီးတော့ ပြိတ္တာဖြစ်တဲ့နေ့က စပြီးတော့ တခါမှမစားရပဲနဲ့ ရေတခါမှ မသောက်ရပဲနဲ့ ဒုက္ခရောက်နေတာတွေပြည့်လို့၊ ပြိတ္တာတွေလဲပဲ ဒါတွေလဲပဲ ဒုက္ခရောက်နေတာပဲ။

တိရစ္ဆာန်တွေတဲ့၊ ငရဲတို့ ပြိတ္တာတို့ကတော့ မမြင်ရဘူး၊ တိရစ္ဆာန်တွေကတော့ဖြင့် မြင်နေတွေ့နေရတာပဲ၊ အကောင်းကြီးတွေ ကျွဲတို့, နွားတို့, ဆင်တို့, မြင်းတို့, အကောင်ကြီးတွေ တွေ့နေရတယ်၊ အကောင်ငယ်တွေကတော့ အများကြီးပါပဲ၊ ကြက်တို့, ဝက်တို့, ဘဲတို့, ဆိတ်တို့ စတဲ့အကောင်တွေ၊ အဲဒါတွေကို လူတွေကသတ်ဖြတ်ပြီးတော့ စားသောက်နေကြတဲ့အကောင်တွေ၊ တယ်သနားစရာကောင်းတယ်၊ ဒီအကောင်တွေလဲပဲ သတ္တဝါတွေ၊ လူတွေက သတ်ဖြတ်စား ညှဉ်းဆဲဒုက္ခတွေရောက်နေကြတယ်၊ အဲဒါလောက်မကြီးမားတဲ့ အင်မတန်သေးမွှားတဲ့ သတ္တဝါအကောင်ကလေးတွေဆိုတာ ရှိတယ်၊ဒီအကောင်တွေကတော့ ချမ်းသာရယ်လို့ တယ်ရှိကြမယ် မထင်ပါဘူး၊ ပိုးကောင်ငယ်ကလေးတွေ အများကြီး၊ အဲဒီလိုအပါယ် ၄-ဘုံတွေလဲ ကျရောက်ပြီးတော့ ဒုက္ခရောက်တယ်တဲ့။

အဲဒီလို ဒုက္ခရောက်ပြီးတော့နေတဲ့ သံသရာထဲမှာ မနေချင်လို့လဲ မတတ်နိုင်ဘူးတဲ့၊ ဘယ်မှ မပြေးနိုင်ဘူး၊ အဲဒီသံသရာထဲက လွတ်မြောက်အောင်လို့ လုပ်နိုင်တဲ့လုပ်ငန်းကို ရှာဖွေကြတယ်၊ သံသရာဝဋ္ဌဆင်းရဲထဲက လွတ်မြောက်အောင်လို့ ရှာဖွေကြတယ်၊ သာသနာပ အခါကာလမှာ ဘုရားအလောင်းပညာရှိကြီးတွေ၊ ဘုရားအလောင်းနဲ့ ဘုရားအလောင်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးတွေ ရှိကြပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ဝဋ္ဌဆင်းရဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတွေကို တောထွက်ရသေ့ ရဟန်းပြုပြီးတော့ ရှာဖွေကြတယ်။

ဒါပေမယ်လို့ နည်းလမ်းက မတွေ့ဘူး။

အခုလို မြတ်စွာဘုရားသာသနာတော် ထွန်းကားနေတဲ့အခါ ဖြစ်ပေမယ်လို့ ဗုဒ္ဓသာသနာတော်ကို မသက်ဝင် မယုံကြည်နိုင်တဲ့ အလွတ်ကပုဂ္ဂိုလ်တွေက အများကြီးရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေမှာလဲပဲ သူတို့လဲပဲ သူတို့ရဲ့ ဆရာ့ဆရာတွေကနေပြီး သံသရာဝဋ္ဌဆင်းရဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဆိုပြီးတော့ ဟောပြောထားခဲ့တဲ့ ဘာသာတရားတွေအရ သူတို့လဲ ကျင့်နေကြတယ်၊ ဒါ မဇ္ဈိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးတရား မပါဘူး၊ ဟိုဘက်ကမ်းကူးတဲ့ဖောင် မဟုတ်ဘူး၊ သူတို့ဥစ္စာ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို မရောက်နိုင်ဘူး။

မြတ်စွာဘုရားပွင့်လာတော့မှ ဒီမဂ္ဂင်ရှစ်ပါးတရားတွေကို မြတ်စွာဘုရားက ဟောရတယ်၊ မြတ်စွာဘုရားဟောသော်လဲ ကိုယ်တိုင်ကျင့်ပြီး ကိုယ်တိုင်လက်တွေ့ ဖြစ်ပြီးမှ ဟောတာ၊ မြတ်စွာဘုရားက စိတ်ကူးစဉ်းစားပြီး ဒီလိုဖြင့် ဖြစ်တန်ရဲ့၊ ဟိုလိုဖြင့်ဖြစ်တန်ရဲ့လို့ ဒီလိုတွေးဆပြီးတော့ ဟောထားတာတော့ မဟုတ်ဘူး၊ ကိုယ်တိုင်တွေ့ပြီးမှ ဟောထားတဲ့တရား၊ အဲဒီမဂ္ဂင်ရှစ်ပါးတရားဟာ သံသရာဝဋ္ဌဆင်းရဲတွေက လွတ်မြောက်တဲ့ ဟိုဘက်ကမ်းကူးဖို့ရာ ဖောင်ပဲတဲ့၊ ဒီဥစ္စာ အရေးကြီးပါတယ်၊ မဂ္ဂင်ရှစ်ပါးတရား။

နိဗ္ဗာန်ရဖို့ ဝိပဿနာအားထုတ်တာ

ဒါန ကုသိုလ်ဆိုလဲ မဂ္ဂင်ရှစ်ပါးတရား ပါဝင်တာပဲ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးတော့ ဒါနကုသိုလ်တွေပြု၊ သူလဲ မဂ္ဂင်ရှစ်ပါးတရားပါဝင်နေတာပဲ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးသကာလ သီလကို ဆောက်တည်ကျင့်သုံးယင်လဲပဲ မဂ္ဂင်ရှစ်ပါး တရား ပါဝင်တာပဲ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးတော့ ဘာဝနာတွေ ပွားများအားထုတ်၊ သမထဘာဝနာတွေ အားထုတ်လဲ မဂ္ဂင်ရှစ်ပါးပါနေတာပဲ၊ ဝိပဿနာဘာဝနာဆိုတာကတော့ အထူးပြောစရာမလိုဘူး၊ သူကတော့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်စူးပြီး တော့ အားထုတ်ရတယ်၊ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာရဖို့ အားထုတ်ရတာ မဟုတ်ဘူး၊ ဝိပဿနာရှုတာဟာ နိဗ္ဗာန်မဂ်ဖိုလ်ရဖို့ပဲ၊ နိဗ္ဗာန်မဂ်ဖိုလ်တောင်မှ နောင်အခါကာလမှာ ရဖို့ မဟုတ်ဘူး၊ လက်ငင်း ရဖို့ရာ အားထုတ်ရတာ၊ ဝိပဿနာအားထုတ်လို့ ဝိပဿနာဉာဏ် ပြည့်စုံလို့ရှိယင် ယခုလက်ငင်း တထိုင်အတွင်းလဲပဲ ရနိုင်တယ်၊ ၇-ရက်အတွင်းလဲပဲ ရနိုင်တယ်၊ ၁၅-ရက်အတွင်းလဲ ရနိုင်တယ်၊ တလအတွင်းလဲ ရနိုင်တယ်၊ မြတ်စွာဘုရားက ၇-နှစ်ထိအောင် ဟောထားတယ်၊ ဒါမှမရလို့ရှိယင်လဲ သေခါနီးရနိုင်တယ်တဲ့၊ သေခါနီးမှ မရလို့ရှိယင်လဲ ဘဝသစ်ရောက်တဲ့ အခါကျတော့ နတ်ပြည်ကို ရောက်လို့ရှိယင် ရောက်ပြီး မကြာခင်အတွင်းပဲ တရားထူးတွေ ရနိုင်တယ်တဲ့၊ အဲဒီလို အဆင့်ဆင့် တရားထူးတွေ ရနိုင်သွားပါတယ်။

အဲဒီတော့ ဒီမဂ္ဂင်ရှစ်ပါးတရားဟာ သံသရာက ထွက်မြောက်ရာ သံသရာရေအယဉ်ကြီးကနေပြီးတော့ ဟိုဘက်ကို ကူးပြီးတော့ လွန်မြောက်သွားဖို့ရာ ဖောင်ပဲတဲ့၊ မဂ္ဂင်ရှစ်ပါး တရားတွေဟာ ဖောင်ပဲ၊ အဲဒီဖောင်အကြောင်း တနေ့က ၂-သီတင်းရှိသွားပြီ၊ သမ္မာဒိဋ္ဌိ-မှန်စွာ မြင်သည်၊ သမ္မာသင်္ကပ္ပ-ပြောပြီးပြီ။ ပညာမဂ္ဂင် ၂-ပါးပြီးသွားပြီ၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတာ သီလမဂ္ဂင် ၃-ပါး၊ အဲဒါ တနေ့က ပြောပြီးသွားပြီ။

သမ္မာဝါယာမ

ဒီကနေ့ သမာဓိမဂ္ဂင် ၃-ပါးထဲမှာ သမ္မာဝါယာမ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ အဲဒီ သမာဓိမဂ္ဂင် ၃-ပါး။

ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါယာမော၊ သမ္မာဝါယာမ မဂ္ဂင်ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်တယ်။

အကုသိုလ်မဖြစ်အောင် အားထုတ်

ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ အနုပ္ပါဒါယ၊ မဖြစ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်မှု ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်အောင် အားထုတ်တယ်တဲ့၊ အတိုချုပ်ကတော့ ဒါပါပဲ၊ သမ္မာဝါယာမပဲ၊ ကိုယ့်မှာ မဖြစ်ဖူးသေးဘူး၊ သူများတွေ ဖြစ်တာကိုမြင်ရတယ်၊ ကြားရတယ်၊ အဲဒီကုသိုလ်မျိုးတွေပေါ့၊ ကိုယ်မဖြစ်သေးဘူး၊ သူများတွေ ဖြစ်နေတယ်ဆိုယင် အဲဒီအကုသိုလ်တွေ မဖြစ်အောင်ကြိုးစားရမယ်၊ အဲဒီလိုကြိုးစားတာ သမ္မာဝါယာမပဲ။

ဥပမာဆိုပါတော့ ပုဂ္ဂိုလ်တယောက်က ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေပြောဆိုနေတယ်၊ သူစိတ်ဆိုးလို့ ဒေါသ အလျောက်ကို ပြောနေတယ်၊ ဆဲရေးတိုင်းထွာခြင်း စသည်တွေပြောနေတယ်၊ စိတ်မဆိုးတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ကြည့်ယင် တော်တော် အရပ်ဆိုးတာပဲ၊ ပြောနေတဲ့စကားတွေဟာ ဘာမှကောင်းတဲ့ စကားတွေမဟုတ်ဘူး၊ ကိုယ်နဲ့မစပ်တဲ့ ပုဂ္ဂိုလ်ပြော ယင်တော့ မထူးဘူး၊ အဲဒါကတော့ စဉ်းစားစရာမလိုပါဘူး၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်၊ ကိုယ်ချစ်ခင်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်ကပြော တောင်မှ ကြမ်းကြမ်းတမ်းတမ်း ပြောတာတော့ မကြိုက်ဘူး၊ ကြမ်းကြမ်း တမ်းတမ်း ဆဲဆိုနေတာတွေ၊ ကြိုးတို့ ကြမ်းတမ်းတွေ ပြောနေတာမကြိုက်ဘူး၊ အဲဒီတော့ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်က ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ အပြုအမူတွေမြင်ရတဲ့အခါ ဒါတွေမကောင်း ဘူးဆိုတာသိရတယ်၊ ဒါတရားမလိုက်စားတဲ့ ပုဂ္ဂိုလ်တောင်မှ သိတတ်ပါတယ်၊ တရားထဲမှာ စိတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဆိုယင် တော့ အင်မတန်ထင်ရှားတာပဲ၊ အဖြူထဲအမဲကွက်ကျတာလိုပဲ၊ ပဝါဖြူဖြူကလေးကို အမဲကလေးစွန်းသွားလို့ရှိယင် အင်မတန် ထင်ရှားတယ်၊ အဲဒါလိုပဲ၊ သူတော်ကောင်းတရား နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်တွေအဖို့မှာ ကြမ်းကြမ်းတမ်းတမ်းတွေ ပြောတယ်ဆို ယင် အဲဒါတွေကြားယင် သူ့ခမျာ မထိန်းသိမ်းနိုင်လို့ ကြမ်းကြမ်းတမ်းတမ်းတွေပြောတယ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေ

ပြောတယ်၊ ဖရုသဝါစာတွေ ခေါ်တာပေါ့လေ၊ ဒီတော့ အဲဒီလို ကြားရတဲ့ပုဂ္ဂိုလ်က ငါ့မှာတော့ ဒီတရားတွေ မနှိပ်စက်သေးဘူး၊ ငါအနှိပ်စက်မခံရအောင် ကြိုးစားမယ်လို့ ဒီလိုနှလုံးသွင်းရမှာကိုး၊ သူ့လို မထိန်းမသိမ်းနိုင်လို့ ပြောမှားဆိုမှားတွေ မဖြစ်စေဘူး၊ ငါစောင့်ရှောက်မယ်ဆိုပြီးတော့ နှလုံးသွင်းပြီးတော့ စောင့်ရှောက်လိုက်ရမယ်၊ အဲဒီလို စောင့်ရှောက်နေတာကို ဒါက သမ္မာဝါယာမ မဂ္ဂင်ပဲတဲ့၊ ပြောစရာ တကယ်ကြိုလာပြီဆိုတောင်မှ ငါဒီစကားမျိုးကို မပြောဘူး၊ သူများတွေဖြစ်ပေမယ့် ငါမဖြစ်စေဘူးလို့ နှလုံးသွင်းရမှာပေါ့လေ၊ အဲဒီလို အားထုတ်တာ သမ္မာဝါယာမ မဂ္ဂင်၊ ဒါက ပုံစံထုတ်ပြတာ။

အကုသိုလ်ဟူသမျှတွေ အကုန်လုံးပဲ၊ ပါဏာတိပါတ–သူ့အသက်ကိုသတ်ခြင်း၊ သတ်တာမဟုတ်တောင်မှ ညှဉ်းဆဲခြင်း၊ သူများတွေ ဒုက္ခရောက်အောင်လို့ ပြုလုပ်ပြောဆိုခြင်း၊ အဒိန္နာဒါန၊ သူတပါးဥစ္စာကို ခိုးယူခြင်း။ ခိုးယူတယ်၊ လိမ်ယူတယ်၊ လှည့်စားပြီးတော့ယူတယ်၊ အနိုင်အထက် နှိပ်စက်ပြီးတော့ ယူတယ်၊ ဘယ်နည်းနဲ့ပဲယူယူပေါ့လေ၊ အဲဒါ အဒိန္နာဒါန် ခေါ်တယ်၊ အင်အားရှိ, ရှိတဲ့အလိုက် နှိပ်စက်ပြီးတော့ ယူလို့ရှိယင်လဲ ဒါလဲ အဒိန္နာဒါန်ပဲ၊ ခိုးယူတယ်လို့ပဲ ခေါ်တယ်၊ အဲဒီလို သူတကာတွေ ခိုးယူတာတွေကို မိမိက ဟာ, ငါတော့ ဒါမျိုးမဖြစ်စေရဘူးလို့ နှလုံးသွင်းပြီးတော့ အားထုတ်ရတာကိုး၊ အားထုတ်လို့မဖြစ်ရအောင် သူများတွေလိုမဖြစ်အောင် ဘာနဲ့တူတုံးဆိုတော့ လူတယောက် ရောဂါဝေဒနာ ဖြစ်နေတာတွေ့ရလို့ရှိယင် ကိုယ့်ရောဂါဝေဒနာ မဖြစ်ရအောင်လို့ စောင့်ရှောက်ရတာကိုပဲ၊ ရာသီဥတုတွေ ပြောင်းတဲ့အခါမှာ ဖျားတတ်နာတတ်တယ်၊ သူများတွေရေချိုးမှားလို့၊ အစားမှားလို့၊ ဟိုလူဖြင့် ဖျားပြီ၊ ငါတော့ ရေချိုးမမှားအောင်နေမှပဲ၊ အစားမမှားအောင်လို့ ရှောင်မှပဲလို့ သတိပြုရမယ်၊ အကုန်လုံး အသွားအလာ အနေအထိုင်တွေ သတိပြုရတယ်၊ အဲဒီလို သတိပြုပြီးတော့ သွားလာလို့ ရှိယင်၊ ဒါဖျားနာမှုတွေ ကင်းတတ်တယ်၊ ပြီးတော့ ကိုယ်မှာ အသွေးအသားတွေ ညီညွတ်အောင် ပြုပြင်ဖို့ရာ ဆေးလေးရှိယင်လဲ ဒါပြုပြင်ပေးရတယ်၊ ဝမ်းတွေချုပ်နေယင် မချုပ်အောင် ဆေးနဲ့ပြုပြင်ပေး၊ အဲဒီလိုလုပ်လို့ရှိယင် ရောဂါဝေဒနာတွေ သူများသာဖြစ်တယ်၊ ကိုယ့်မဖြစ်ဘူး၊ အထူးအားဖြင့်တော့ ဝမ်းရောဂါတို့ဆိုတာ ကြောက်စရာကောင်းတာပေါ့၊ ဝမ်းရောဂါတို့၊ ကျောက်ရောဂါတို့ဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်၊ အဲဒါတွေဖြစ်တဲ့အခါကျတော့ မဖြစ်အောင်လို့ စောစောက ကာကွယ်ထားရတယ်၊ ကျန်းမာရေးဌာနတွေက အကာအကွယ်တွေ လုပ်ရတယ်။

အဲဒါလိုပဲ မကောင်းမှု အကုသိုလ်တရားတွေ သူများဖြစ်တာ တွေ့ရတယ်ဆိုယင်၊ အဲဒီ ကုသိုလ်တွေမဖြစ်အောင် အားထုတ်တယ်တဲ့၊ ဒါဟာသမ္မာဝါယာမမဂ္ဂင်ပဲ၊ သူတပါးအသက်ကိုသတ်ခြင်း၊ သူတပါးဥစ္စာခိုးခြင်း၊ မပိုင်မဆိုင်တဲ့ကာမဂုဏ်တွေကို မှားယွင်းကျူးလွန်ခြင်းတဲ့၊ ကာယကံ ဒုစရိုက် ၃–ပါး၊ အဲဒါနဲ့စပ်ပြီးတော့လဲ အဆွယ်အပွားတွေ ရှိတာပေါ့လေ၊ ပါဏာတိပါတာ၊ သူ့အသက်သတ်တယ်ဆိုပေမယ်လို့ သေအောင် သတ်မှမဟုတ်ဘူး၊ ညှဉ်းဆဲနှိပ်စက်တာတွေလဲ ပါသွားတာပေါ့၊ သူများဥစ္စာခိုးတယ်ဆိုယင်လဲ ခိုးမှမဟုတ်ဘူး၊ သူများဥစ္စာတွေ ပျက်စီးရာ ပျက်စီးကြောင်းလုပ်တာတွေလဲ အကုန်ပါသွားတာပါပဲ၊ ပြီးတော့ မုသာဝါဒ၊ လိမ်လည်ပြောဆိုခြင်း။ ပိသုဏာဝါစာ၊ ကုန်းတိုက်ခြင်း။ ဖရုသဝါစာ၊ ကြမ်းတမ်းသောစကားဆဲရေးသီဆိုခြင်း။ သမ္ဖပ္ပလာပ၊ အပြိန်အဖျင်းစကားတွေ ပြောခြင်းတဲ့။ ဝစီကံတွေ၊ အဲဒါတွေလဲ သူများ အကျိုးမဲ့ဖြစ်အောင် ပြောတာအကုန်ပဲ၊ အဲဒါတွေ သူများပြောသံ ကြားယင် သူများပြောတာကို ကြားရ တွေ့ရ သိရလို့ရှိယင် ငါတော့ ဒီစကားမျိုး မပြောဖြစ်အောင် အားထုတ်မယ်လို့ နှလုံးသွင်းပြီး အားထုတ်ရတယ်၊ သမ္မာဝါယာမ မဂ္ဂင်ပဲကောင်းတယ်၊ ဒီဟာ ဒီသမ္မာဝါယာမ မဂ္ဂင်ဟာ အရေးကြီးတယ်၊ သူပါအားထုတ်မှ ကုသိုလ်ဖြစ်တာ၊ သူပါအားမထုတ်လို့ရှိယင် ကုသိုလ်မဖြစ်ဘူး၊ သူက ပျင်းတဲ့လူ၊ ပျင်းတာနဲ့ အလုပ်မလုပ်ပဲနဲ့ အိပ်နေယင် ဘာမှမဖြစ်သလိုပဲ၊ သမ္မာဝါယာမက အလုပ်မလုပ်ဘူးဆိုယင်, သမ္မာဝါယာမ မရှိဘူးဆိုယင်, ဒီပုဂ္ဂိုလ်ကုသိုလ် မဖြစ်ဘူးဆိုယင်, အကုသိုလ်တွေ ဖြစ်တတ်တယ်၊ မိစ္ဆာအာဇီဝ၊ မတရားသဖြင့် စီးပွားရှာမှုလဲ၊ သူများတွေရှာနေတာ ငါတော့ ဒါမျိုးမလုပ်ဘူးလို့ ကြဉ်ရှောင်ရတာကိုး၊ အဲဒါလဲပဲ သမ္မာဝါယာမ မဂ္ဂင်ပဲ။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ အနုပ္ပာဒါယ၊ မဖြစ်ရန်အလို့ငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

အကုန်လုံး အားထုတ်တာတွေပါပဲ၊ အဲဒါက သူများအကုသိုလ်တွေဖြစ်နေတာ မြင်ရ ကြားရလို့ ကိုယ့်မှာတော့ ဒါမျိုး မဖြစ်စေရဘူးလို့ အားထုတ်တာ။

ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ၊ ပဟာနာယ ဆန္ဒံဇနေတိ၊ ဝါယမတိ
ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။

ဥပ္ပန္နာနံ၊ ဖြစ်ဖူးကုန်သော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ ကြိုးစားအားထုတ်၏။

အကုန်လုံး အားထုတ်တာချည်းထဲပါပဲ၊ ဗမာက ကြိုးစားအားထုတ်တဲ့ ဥစ္စာကို ကြိုးစားတယ်၊ အားထုတ်တယ်၊ လုံ့လ ပြုတယ်၊ ကြောင့်ကြစိုက်တယ်၊ ဟိုမှာ ၄–ပုဒ်လောက်ရှိတယ်၊ ပါဠိကလဲ ဒီလိုပဲ ၄–ပုဒ်လောက်ပဲ၊ ပရိယာယ်တွေနှင့် လုပ်ထားတာ၊ အတူတူပါပဲ၊ မိမိမှာဖြစ်ဖူးတဲ့ အကုသိုလ်တွေတဲ့၊ ပယ်နိုင်အောင် အားထုတ်ရတယ်တဲ့၊ အယောနိသောမနသိကာရကြောင့် မသင့်မတင့်နှလုံးသွင်းမိလို့ အကုသိုလ် တစုံတရာဖြစ်ပေါ်လာယင် အဲဒီအကုသိုလ်တွေ ပယ်ရတယ်၊ စိတ်ထဲတွင်ဖြစ်ယင် စိတ်ထဲတွင် ပျောက်သွားအောင် ပယ်လိုက်ရတာကိုး၊ စိတ်ထဲက မတော်တာသွားပြီး စဉ်းစားမိပြီ၊ သူများကို ညှဉ်းဆဲလိုတဲ့သဘော ပေါ်လာပြီဆိုယင် အဲဒါတွေဖျောက်လိုက်တယ်၊ ဒါမတော်တဲ့လမ်းလွဲသွားပြီ၊ ခြေလှမ်းလွဲသွားပြီ၊ ဒါမျိုးနောက်ထပ် မဖြစ်စေရဘူး၊ နောက်ဆက်ပြီးတော့ အားမထုတ်ဘူး၊ မကောင်းမှန်းသိရက်သားနဲ့ အားထုတ်လို့ရှိယင် ဘယ်နေရာကျမလဲ၊ လမ်းသွားတဲ့ အခါ ခလုတ်တိုက်ယင် ခလုတ်တိုက်တာဟာ ကိုယ်ကနေရာမကျလို့ တိုက်တာပဲ၊ အဲဒီလိုခလုတ်တိုက်လို့ရှိယင် ဒီလမ်းက ခလုတ်ရှိတယ်၊ ခြေထောက်ကို ခပ်မြင့်မြင့်ကလေး ကြွသွားမှ၊ သတိနဲ့သွားမှဖြစ်မယ်၊ အမှတ်တမဲ့သွားလို့ မဖြစ်ဘူး၊ အမှတ်တမဲ့သွားလို့ တကြိမ်တိုက်မိပြီ၊ နောက်ထပ် မတိုက်ရအောင် ခြေထောက်ကို ဂရုစိုက်ပြီးတော့ ကြွပြီးသွားရတယ် အဲဒါ ငါဒီခလုတ်တိုက်ရမလားဆိုပြီး ထပ်တိုက်လို့ရှိယင် ကိုယ်နာရုံရှိတာပဲ၊ ခလုတ်ကတော့ ဘာမှကိစ္စမရှိဘူး၊ လမ်းသွားယင်း ဆူးစူးပြီတဲ့၊ ဒီလမ်းကဆူးရှိတယ်၊ ဆူးရှိတော့ ငါဆူးမစူးအောင်ကြည့်ပြီးတော့ နင်းမှပဲဆိုပြီး ဂရုစိုက်ပြီးတော့ သွားရတယ်၊ ဒီဆူးဟာ စူးရမလားဆိုပြီး စူးဟ စူးဟဆိုပြီး ထပ်နင်းလို့ရှိယင် ကိုယ်နာရုံရှိမှာပဲ၊ ဘာမှအကျိုးမများဘူး။

ဖြစ်ပြီးအကုသိုလ် ပယ်နိုင်အောင်အားထုတ်

အဲဒါလိုပဲ၊ အကုသိုလ်တရား ပြစ်မှားမိလို့ရှိယင် ရှောင်ကြဉ်ရတယ်တဲ့၊ ဒီအကုသိုလ်ဟာ ငါဖြစ်လာပြီ၊ ရောဂါဝေဒနာ ဖြစ်လာယင် ရောဂါဝေဒနာ မကောင်းမှန်းသိရတော့ ရောဂါဝေဒနာတွေဆက်လက် ပြီးတော့ မဖြစ်အောင်ဆေးကုရမယ်၊ ရောဂါပျောက်သွားအောင် အားထုတ်ရတယ်၊ ဒီရောဂါဖြစ်ချင်ဖြစ်ပါစေဆိုပြီး မွေးမထားရဘူး၊ ပယ်နိုင်အောင် အားထုတ်ရတယ်၊ အဲဒါလိုပဲ။

ဥပ္ပန္နာနံ၊ ဖြစ်ပေါ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဧနေတိ၊ ဖြစ်စေရမယ်။

အကုသိုလ်တရားတွေ၊ ပါဏာတိပါတ၊ အဒိန္နာဒါန်နဲ့စပ်တဲ့ သူများပစ္စည်းတွေ သွားပြီးတော့ လိုချင်တဲ့စိတ်တွေ ပေါ်လာယင် အဲဒီကတည်းက စိတ်ထဲတွင် ပယ်ရမယ်၊ ကိုယ်ထိအောင် မရောက်စေရဘူး၊ ကာယကံ ဝစီကံတွေ မရောက်စေရဘူး၊ ကာမေသုမိစ္ဆာစာရနဲ့ စပ်ပြီးတော့လဲ ကိုယ်နဲ့မသက်ဆိုင်တဲ့ ကာမဂုဏ်အာရုံတွေဆီ စိတ်ထဲကရောက်သွားလို့ရှိယင် ဒါလေးကို ပြန်ပြီးတော့ ပယ်ထားရမယ်၊ တယ်ပြီးတော့မလွယ်ပါဘူး၊ တရားအားထုတ်နေမှဖြစ်တယ်၊ တရားအားထုတ်ယင်းတောင် စိတ်ဆိုတာ တယ်ခက်တာကိုး၊ သွားချင်တိုင်း သွားနေတယ်၊ ကြိုးနဲ့ချည်ထားလို့လဲမရဘူး၊ ဒီစိတ်ဟာ။

ဒါပေမယ်လို့ စိတ်ဟာမတော်ရာဘက်လှည့်သွားပြီး မတော်တဲ့စိတ်ကူးတွေ ကြံပြီဆိုယင် ဒီစိတ်ကလေးကို ဖမ်းပြီးတော့ ပြန်ဆွဲထားလိုက်၊ တရားအားမထုတ်နဲ့အုံးတော့၊ မတော်တာ ငါပြုပါပကော၊ ရဟန်းများမှာ ကျင့်ဿဝံရသီလဆိုတာ ရှိတယ်၊ ကျင့်ဿဝံရသီလဆိုတာကတော့ ကျင့်ဿ ၆–ပါး၊ ဒွါရ ၆–ပါးပါပဲ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒီ ၆–ဌာနကနေပြီးတော့ အကုသိုလ်မဖြစ်အောင် စောင့်စည်းရမယ်၊ မြင်တဲ့အခါမှာလဲ မြင်ရုံမျှတွင် ဂရုမစိုက်နဲ့တဲ့၊ နှစ်သက်စရာ သာယာစရာတွေ သွားမစဉ်းစားနဲ့တဲ့၊ မုန်းစရာတွေလဲမစဉ်းစားနဲ့တဲ့၊ မြင်ခါမျှတွင်ဖြစ်ပါစေတဲ့၊ ဒါယောဂျားပဲ၊ မိန်းမပဲ၊ ဒါကလှတာပဲ၊ ဒါကတော့ မုန်းစရာကောင်းတာပဲ၊ ရွံစရာကောင်း တာပဲလို့ ဒါတွေကို သွားပြီးတော့ မစဉ်းစားနဲ့တဲ့၊ မြင်ယင် မြင်ရုံမျှတွင် နေပေစေတဲ့၊ ဂရုမစိုက်နဲ့တဲ့၊ အကယ်၍ စိတ်က မထိန်းသိမ်းမိလို့ ရောက်သွားပြီ၊ နှစ်သက်စရာ သာယာစရာပဲလို့ စဉ်းစားလိုက်မိပြီဆိုယင် ဘယ့်နယ်လုပ်ရမတုံးဆိုယင် ဒါကလေးက ဆောက်တည်လိုက်ရမယ်တဲ့။

န ပုနေဝံ ကရိဿာမိ။

အဟံ၊ ငါသည်။ ဧဝံ၊ ဤသို့သော နည်းဖြင့်။ ပုန၊ တဖန်။ န ကရိဿာမိ၊ မပြုတော့အုံ့။

ဒီလိုစိတ်ကူးမျိုး နောက်တခါ ငါမဖြစ်စေရဘူးလို့ နှလုံးသွင်းပြီးတော့ ပယ်ရတယ်တဲ့၊ ဒါကတပါးတည်း ဒေသနာကြားတယ်လို့ ဆိုတယ်၊ အာပတ်သင့်တာတော့ မဟုတ်ပါဘူး၊ ကျင့်ဿဝံရသီလ ပျက်သွားတယ်တဲ့၊ မြင်ရာကနေပြီးတော့ နှစ်သက်သာယာမှုတွေ ဖြစ်သွားယင်၊ သို့မဟုတ် စိတ်ဆိုးမှုဒေါသတွေ ဖြစ်သွားယင် ကျင့်ဿဝံရသီလ ပျက်သွားတယ်၊ ကြားရာကနေပြီးတော့ နှစ်သက်သာယာမှု ဖြစ်သွားလို့ရှိယင်၊ စိတ်ဆိုးမှုဖြစ်သွားလို့ရှိယင်၊ ဒါက ကျင့်ဿဝံရသီလ ပျက်တယ်တဲ့၊ နံရာက စားရာက ထို့အတူ နှစ်သက်သာယာမှု ဖြစ်သွားယင်၊ စိတ်ဆိုးမှုဖြစ်သွားယင်၊ ဒါကျင့်ဿဝံရ သီလပျက်တယ်၊ ကိုယ်ကတွေ့ထိရာက နှစ်သက်သာယာမှု၊ စိတ်ဆိုးမှု ဖြစ်ခဲ့လို့ရှိယင် ကျင့်ဿဝံရသီလ ပျက်တယ်၊ စိတ်ကူးစဉ်းစား

ကြံ့စည်တဲ့နေရာက နေပြီးတော့ စိတ်ကူးပြီးတော့ နှစ်သက်သာယာမှုဖြစ်မယ်၊ စိတ်ဆိုးစရာတွေ စိတ်ကူးပြီးသကာလ စိတ်ဆိုးခဲ့တယ်၊ ပြစ်မှားခဲ့မယ်ဆိုယင် ဒါကျွန်ဇီယသံဝရသီလပျက်တယ်တဲ့။

မမြင်ရယင် ကိလေသာငြိမ်းတယ်

ခဲယဉ်းပါတယ်၊ ဒီကျွန်ဇီယသံဝရသီလ လုံဖို့ရာကတော့ တရားအားမထုတ်ပဲနဲ့ အလိုလို ဒါပြင်နည်းနဲ့ စင်ကြယ်အောင် အားထုတ်ဖို့ရာကတော့ ခက်ပါတယ်၊ ဒါကြောင့်မို့ ရဟန်းတော်များ တောကျောင်းတွေမှာနေကြတာ၊ တောထဲသွားနေတော့ နည်းနည်းတော့တော်တာပေါ့လေ၊ မြို့ထဲရွာထဲဆိုတော့ များသောအားဖြင့် လောဘနဲ့ ဒေါသဟာ လောဘပဲ အဖြစ်များပါတယ်၊ ဒေါသကတော့ တခါတရံမှ ခလုပ်တိုက်မှုဖြစ်တာ၊ ခလုတ်မတိုက်ယင် ဒေါသမဖြစ်သေးဘူး၊ လောဘကတော့ အလကားအားအားရှိယင် စိတ်ကူးနေတာပဲ၊ ရာဂဆိုတာ ကာမရာဂဆိုတာဆိုးတယ်၊ ကာမဘုံသားတွေဟာ ကာမအာရုံတွေသဘောကျပြီး ကာမအာရုံတွေ စိတ်ကူးပြီး သာယာနေကြတာ၊ စိတ်ကူးသာယာရုံကတော့ တော်သေးတာပေါ့လေ၊ မြင်နေ ကြားနေ တွေ့နေယင် သာဆိုးတာပေါ့၊ မမြင်မကြားရလို့ရှိယင်တော့ နည်းနည်းတော့တော်တယ်၊ မြင်မှုဖြစ်မယ့်ဟာ ကြားမှုဖြစ်မယ့်ဟာတွေ မဖြစ်ဘူး၊ တော်တော်သက်သာပါတယ်၊ ဒါကြောင့် ဘုန်းကြီးက မာလုက္ကျပုတ္တသုတ်မှာ ဆောင်ပုဒ်ပေးထားတယ်၊ "မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်"တဲ့၊ ဒါတရားအားထုတ်တာ မဟုတ်ဘူး၊ မြင်ရတာနဲ့ သူ့ဟာသူငြိမ်းတယ်တဲ့၊ မမြင်ရာသွားနေယင် ငြိမ်းတာပဲ၊ မမြင်ရတဲ့ဆီ နှစ်သက်သာယာစရာ ဘယ်လောက်ကောင်းနေနေ ကိုယ်ကမမြင်ရဘူး မတွေ့ရဘူးဆိုယင် ဘယ်ကိလေသာ ဖြစ်လိမ့်မှာတုံး၊ သိမှ မသိပဲ၊ အာရုံရှိမှန်းမသိဘူး။

ကိုယ်မမြင်ဖူးတဲ့ လူတွေရှိတယ်၊ ယောကျ်ားမိန်းမတွေပါပဲ၊ အဲဒါ ကိုယ်မမြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ ဟိုရွာဒီရွာ၊ ဟိုမြို့ ဒီမြို့၊ ဟိုနိုင်ငံ ဒီနိုင်ငံ အများကြီးရှိတယ်၊ လူ့ပြည်က အပြင် နတ်ပြည်ကနတ်တွေဆိုယင်တော့ နှစ်သက်သာယာစရာ ရှုပါရုံတွေ အကောင်းတွေဆိုတာပဲ၊ သူများမြင်ယင် ရူးတောင်ရူတတ်တယ်ဆိုတာပဲ၊ ရှေးကရာဇဝင်ထဲမှာ မင်းတယောက်ဟာ အဲဒီနတ်သမီးနဲ့တွေ့ပြီး စိတ်ဖောက်ပြန်ပြီး သေတယ်၊ သူ့ကံကကိုလဲ ဖြစ်နေတယ်ထင်ပါရဲ့၊ တချို့လဲ နတ်တွေနဲ့တွေ့ပြီး ရူးပြီး စိတ်ဖောက်ပြန်တာတွေလဲ ရှိတာပဲ၊ ဥစ္စာစောင့်တွေနဲ့ တချို့ဖောက်ပြန်တယ်၊ နတ်ရုပ်တွေမြင်လို့ရှိယင် ဖောက်ပြန်တတ်တယ်၊ အဲဒီတော့ အဲဒီနတ်တွေလဲ ရှိတယ်၊ လူတွေလဲ ရှိတယ်၊ မမြင်ရတော့ အဲဒီ မမြင်ဖူးတဲ့အာရုံနဲ့ စပ်ပြီးတော့ နှစ်သက်သာယာမှုတွေမဖြစ်ပါဘူး၊ ဘယ့်နှယ်လုပ် နှစ်သက်လို့ မဖြစ်ဘူး၊ ကိုယ်မှ မမြင်ဖူးပဲနဲ့၊ ရှိမှန်းမှ မသိပဲနဲ့၊ အဲဒီလူကို အကြောင်းပြုပြီးတော့ နှစ်သက်မှု သာယာမှု ဘယ့်နှယ်ဖြစ်နိုင်မှာတုံး၊ မဖြစ်နိုင်ဘူး၊ အဲဒီမုန်းစရာတွေ၊ ကိုယ်မမြင်ဖူးတဲ့လူတွေ၊ မုန်းစရာတွေ ရွံစရာတွေရှိပါတယ်၊ မမြင်ရလို့ရှိယင်ဖြင့် အဲဒီအာရုံနဲ့စပ်ပြီးတော့ မုန်းမှု, မြင်မှု, စိတ်ဆိုးမှု, မဖြစ်ဘူး၊ လောဘ ဒေါသတွေ ငြိမ်းနေတယ်၊ အဲဒါကို ရည်ရွယ်ပြီးတော့ "မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်" လို့ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။

တချို့က တရားအားထုတ်တာမှတ်နေတယ်၊ တရားအားထုတ်တာ မဟုတ်သေးပါဘူး၊ ဒါက အားမထုတ်ပဲနဲ့ သူ့ဟာသူ ငြိမ်းတယ်လို့ ပြောတာ၊ ဒါလေးဆိုကြအုံးစို့။

"မမြင်ရရာ ကိလေသာ သူ့ဟာသူငြိမ်းသည်။"

မမြင်ရယင် မြင်လို့ဖြစ်မယ့် ဥစ္စာ မမြင်တာနဲ့မဖြစ်ဘူး၊ မမြင်ရ၊ မကြားရယင် မဖြစ်ဘူးတဲ့၊ "မကြားရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်" အတူတူပဲ "မနံ့ရရာ ကိလေသာ သူ့ဟာသူငြိမ်းသည်၊ မစားရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်၊ မတွေ့ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်၊ မကြံ့မိရာ ကိလေသာသူ့ဟာသူ ငြိမ်းသည်" အကုန်လုံးပဲ၊ မတွေ့ရမထိရလို့ ရှိယင် ကိလေသာ သူ့ဟာသူ ငြိမ်းနေတယ်တဲ့။

မြင်ယင်ကိလေသာဖြစ်

မြင်ယင်ကြားယင်ဖြင့် ကိလေသာက ဖြစ်တတ်တယ်တဲ့၊ မြင်လာမှတော့ ကိလေသာ ဖြစ်လိမ့်မယ်တဲ့၊ "မြင်ရရာမှာ ကိလေသာ ကိန်းကာဖြစ်တတ်သည်"၊ မြင်ရရာမှာ ကိလေသာ ကိန်းပြီးတော့ဖြစ်တာကို၊ ကိလေသာကိန်းတယ်လို့ ခေါ်တာပေါ့လေ၊ မြင်ပြီးမှတော့ အဲဒီအာရုံစဉ်းစားပြီးတော့ ကိလေသာတွေ ဖြစ်နိုင်ပါတယ်၊ "မြင်ရရာမှာ ကိလေသာကိန်းခါဖြစ်နိုင်သည်၊" မြင်ရရာမှာတော့ ကိလေသာတွေ ကိန်းသွားတယ်၊ အာရမ္မဏာနုသယအားဖြင့် ကိန်းသွားတယ်တဲ့၊ ကိလေသာ ဖြစ်နိုင်တယ်တဲ့၊ ကြားရရာ, နံရရာ, စားရရာ, တွေ့ထိရရာ, အဲဒါတွေမှာဖြစ်နိုင်တယ်၊ အဲဒီတော့ မြင်ရရာမှာ ကိလေသာမဖြစ်အောင်လို့ အားထုတ်ရမှာကိုး၊ ဒါကို သဘောပေါက်အောင် မြင်ရတဲ့ အာရုံတွေမှာ ကိလေသာ ဖြစ်တတ်တယ်၊ ဖြစ်တတ်တဲ့ ကိလေသာတွေ မဖြစ်အောင်လို့ပဲ မြင်ပေမယ့်လဲ ကိလေသာ မဖြစ်အောင်လို့ အားထုတ်ရမယ်၊ ဒါကို ရည်ရွယ်ပြီးတော့ ဆောင်ပုဒ်ပေးထားတယ်။

မြင်ရရာမှာ ကိလေသာ ကိန်းကာဖြစ်နိုင်သည်။

မြင်ရရာမှာ ကိလေသာကိန်းပြီးတော့ ဖြစ်တတ်သည်တဲ့၊ ကြားရာမှာ, နံရရာမှာ, စားရာမှာ, တွေ့ထိရာမှာ,ကိလေသာ ကိန်းပြီးတော့ ဖြစ်နိုင်သည်တဲ့၊ စိတ်ကူးစဉ်းစားကြံစည်မိရာတွေလဲ ကိလေသာ ကိန်းပြီးတော့ ဖြစ်နိုင်သည်တဲ့၊ အဲဒီဖြစ်နိုင်တဲ့ အာရုံတွေမဖြစ်အောင်လို့ ဝိပဿနာ ရှုရတယ်၊ ဝိပဿနာက မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, အဲဒီ အာရုံတွေမှာ ဝိပဿနာရှုပြီးတော့ ပယ်ရမယ်တဲ့၊ အဲဒီလိုဆိုပါတယ်၊ မာလုက္ကျပုတ္တသုတ်က။

အခုပြောလိုတာကတော့ အခုဟာကတော့ တောကျောင်းတွေ သွားသွားနေတဲ့အကြောင်းတွေ ပြောနေတာ၊ မမြင်ရတဲ့ နေရာ၊ မြင်ရခဲတဲ့နေရာ၊ တောကျောင်းတွေ သွားနေတာ၊ ဒေါသ ဖြစ်စရာ ဆိုတာ ကတော့ကို သူက တွေ့ခဲပါတယ်။

ရာဂဖြစ်စရာတွေက အမြဲတမ်းတွေ့ရတယ်၊ မြို့တွေရွာတွေမှာဆိုယင် ရာဂဖြစ်စရာတွေကများတယ်၊ ရဟန်းတော်များ ဆိုတော့ ယောဂျားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝိသဘာဂအာရုံတွေက မာတုဂါမတွေဆိုတာ ရှိတာကိုး၊ ဒါတွေက ကာမတွေ၊ ဒါတွေ မတွေ့ရအောင်လို့ အတွေ့အကြုံနည်းအောင်လို့ တောကျောင်း, တောင်ကျောင်းတွေမှာ သွားပြီးတော့နေကြတယ်၊ အဲဒီတော့ မမြင်ရတဲ့အတွက် နည်းနည်းတော့ တော်တာပေါ့လေ၊ မြင်ရလို့ရှိယင်ဖြင့် စိတ်ကူးပြီးတော့ ရောက်နိုင်တယ်၊ မမြင်ရတော့ နည်းနည်းတော့ တော်နေတယ်၊ သက်သာခွင့်ရတယ်၊ လုံးလုံးကင်းသလားလို့ ဆိုတော့ လုံးလုံးတော့ မကင်းသေးပါဘူး၊ စိတ်ကူးတွေရှိနေတယ်၊ အဲဒီတော့ ဘာဝနာကမ္မဋ္ဌာန်းတခုခုကို အားမထုတ်ပဲနဲ့ ကိလေသာတွေ ဒွါရ ၆–ပါးက ဝိညာဉ် ၆–ပါး က ကိလေသာနိုင်နင်းအောင် စောင့်စည်းထိန်းသိမ်းနိုင်အောင်ဟာ မလွယ်ဘူး၊ ဒါပေမယ်လို့ တတ်နိုင်သမျှတော့ စောင့်စည်းရ တာပေါ့လေ၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ မတော်တဲ့ စိတ်ကူးဖြစ်လို့ရှိယင် ဒီစိတ်ကူးမျိုး မဖြစ်စေဘူး။

နေ ပုနေဝံ ကရိဿာမိ။

ပုန၊ တဖန်။ ဧဝံ၊ ဤသို့။ နေ ကရိဿာမိ၊ မပြုတော့အုံ့။

နောက်တခါ ဒီစိတ်ကူးမျိုး မဖြစ်စေဘူး၊ ဒီလို လုပ်ရတာကိုး၊ နေ ပုနေဝံကရိဿာမိ–တဲ့၊ ကောင်းတယ်၊ နေရာတကာ အသုံးကျပါတယ်၊ ရှုတ်ယွင်း လွဲမှားသွားတိုင်း မတော်တဲ့ဟာတွေ နောက်ထပ် ဒါမျိုးတွေ မပြုတော့ဘူးလို့ နှလုံးသွင်းပြီး ရှောင်ရတယ်၊ ဒါအင်မတန်ကောင်းတဲ့ ဥစ္စာပါပဲ၊ အာယတိ သံဝရခေါ်တယ်၊ အဲဒီလို ရှောင်သွားလို့ရှိယင်ဖြင့် အပြစ်ကင်းပါ တယ်၊ ရှုတ်ယွင်းသွားလို့ရှိယင် နောင်ဒါမျိုး မဖြစ်စေဘူးလို့ နှလုံးသွင်းပြီးတော့ ကြဉ်ရှောင်ပါတဲ့၊ ဒါဘာတုံး။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ လိုလားအားထုတ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ဝါယမတိ၊ ကြိုးစားအားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

ကိုယ်သန္တာန်မှာ အကုသိုလ်တခုခု ဖြစ်လာလို့ရှိယင်တဲ့၊ အဲဒီအကုသိုလ် နောင်ဒါမျိုးမဖြစ်တော့ဘူးလို့ ကြဉ်ရှောင် တယ်တဲ့၊ အဲဒီလို ကြဉ်ရှောင်ဖို့ရာ အားထုတ်တိုင်း အားထုတ်တိုင်းဟာ ဒါဘာတုံးဆိုတော့ သမ္မာဝါယာမမဂ္ဂင် ဖြစ်တာ၊ ဒါက သူတော်ကောင်းစိတ်တွေဝင်မှ၊ တယ်မလွယ်လှဘူး၊ သူတော်ကောင်းစိတ်တွေ ဝင်နေယင်ဖြင့် ဒီဟာက ကြဉ်ရှောင်ဖို့ရာ ဖြစ်နိုင် တယ်၊ ဒီလိုမဟုတ်လို့ ရှိယင်တော့ အဲဒီမကောင်းမှု အကုသိုလ်တွေထဲမှာပဲ ပျော်ပိုက်နေတာပဲ၊ နောင် ကြဉ်ရှောင်မယ်ဆိုတဲ့ စိတ်မရှိဘူး၊ အခုလဲ ပြုမှာပဲ၊ နောင်လဲ ပြုအုံးမှာပဲ၊ ထပ်ခါထပ်ခါပြုဖို့ရာပဲ စိတ်ကူးနေတယ်။

အဲဒါတွေမှာ အရိယာပုဂ္ဂိုလ်နဲ့ ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ ဒီဥစ္စာကွာတယ်တဲ့၊ အရိယာပုဂ္ဂိုလ်များ၊ သောတာပန်, သကဒါဂါမ်, ကာမဂုဏ်အာရုံတွေနဲ့ မကင်းသေးပေမယ်လို့ မကောင်းယင်တော့ မကောင်းမှန်း သူကသိတယ်၊ မကောင်းယင် မကောင်းဘူး ဆိုတာသိတယ်၊ မလွဲသာလို့သာလျှင် သူကာမဂုဏ်အာရုံတွေ သုံးဆောင်ခံစားနေရတာ၊ ဒီဥစ္စာတွေ တနေ့ကျတော့ ပယ်ရမှာပဲ လို့ ပယ်ဖို့ရာသိတယ်၊ ပုထုဇဉ်တွေရဲ့စိတ်က ဒီလိုပယ်ဖို့ရာ မဟုတ်ဘူး၊ နောက်တိုးဖို့ရာ ချဲ့ဖို့ရာ ဒီမှာရှိနေတာကိုး၊ တိုးဖို့, ချဲ့ဖို့, များဖို့, ထပ်ပြီးတော့ပွားဖို့, ဒီဘက်က သူဖြစ်နေတယ်၊ ဟိုဘက်ကမနည်းဖို့, လျော့ဖို့ရာဖြစ်တယ်၊ အရိယာပုဂ္ဂိုလ်က အကုသိုလ် အမှုတွေလျော့ဖို့ရာဘက်က ပုထုဇဉ်တွေက တိုးဖို့ရာဘက်က၊ အဲဒီမှာ ကွာနေတယ်၊ အဲဒါဖြစ်ပြီးသော အကုသိုလ် များပယ်ဖို့ရာ အားထုတ်ခြင်း။

ကုသိုလ်ဖြစ်အောင် အားထုတ်

မဖြစ်သေးတဲ့ ကုသိုလ်တွေ ထို့အတူပါပဲ။

> အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ။

မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်လို့ အားထုတ်ခြင်း၊ သူများတွေတော့ ဖြစ်ကြပြီ၊ ငါမဖြစ်သေးဘူး၊ သူများတွေ ဒါနကုသိုလ်တွေ ပြုကြတယ်၊ ငါမပြုရသေးဘူး၊ ပြုနိုင်လျက်သားနဲ့ဆိုယင် ပြုရမှာပေါ့၊ မပြုနိုင်တော့လဲ မတတ်နိုင်ဘူး၊ ကိုယ် တတ်နိုင်တဲ့ ဒါနကုသိုလ်တွေပြုရမှာပေါ့၊ သူများတွေ ငါးပါးသီလ စင်စင်ကြယ်ကြယ် ဆောက်တည်ကြတယ်၊ ငါ့မှာ စင်ကြယ် အောင်, ပြည့်စုံအောင် မဆောက်တည်ရသေးဘူးဆိုပြီး စင်ကြယ်အောင်ဆောက်တည်ရမယ်၊ သူများတွေ ရှစ်ပါးသီလ ဥပုသ် သီတင်း သီလဆောက်တည်ကြတယ်၊ ငါ့မှာ မဆောက်တည်ရသေးဘူးဆိုယင် ဆောက်တည်ရမယ်၊ ကျင့်သုံးရမယ်၊ သူများ တွေ ဘာဝနာတရားတွေ အားထုတ်ကြတယ်၊ ငါ့မှာ အားမထုတ်ရသေးဘူး၊ ငါအားထုတ်ရမယ်၊ အားထုတ်ဖို့ရာ ကြိုးစားရမယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင်တဲ့၊ အကျင်းချုပ်ကတော့ သုံးခုပေါ့လေ၊ ဒီဥစ္စာတွေဖြစ်အောင် အားထုတ်ရတယ်၊အဲဒီလို အားထုတ်တိုင်း အားထုတ်တိုင်းဟာ သမ္မာဝါယာမ မဂ္ဂင်တဲ့။

ဖြစ်ပြီး ကုသိုလ်တိုးပွားအောင်လုပ်

> ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဋ္ဌိတိယာ အသမ္မောသာယ ဘိယျော ဘာဝါယ ဘာဝနာယ ပါရိပူရိယာ၊ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။

ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေတဲ့၊ ဒီကုသိုလ်တရားတွေ ဋ္ဌိတိယာ အသမ္မောသာယ၊ တည်နေဖို့, ပျက်စီးမသွားဖို့, ဆုတ်ယုတ်မသွားဖို့, တိုးတက်လာဖို့တဲ့၊ ဘယ်ထိအောင် တိုးတက်ရမလဲ၊ ဘာဝနာယ ပါရိပူရိယာ၊ ပွါးများမှု ပြည့်စုံသွား အောင် မိမိတို့အလိုရှိကြတဲ့ အရိယမဂ်ရောက်သွားအောင် အားထုတ်တယ်တဲ့၊ ဒါကုသိုလ် တခါပြုဖူးပြီ၊ နောက်ထပ်လဲ ပြုနိုင် အောင် ကြိုးစားရမယ်၊ သီလတွေ စင်ကြယ်အောင် စောင့်ရှောက်ဖူးပြီ၊ နောက်ထပ်လဲ စင်ကြယ်အောင် စောင့်ရှောက်ရမယ်၊ ငါးပါးသီလဆိုတာ အမြဲတမ်း စောင့်ရှောက်ရတယ်၊ ရှစ်ပါးသီလတွေလဲပဲ ထပ်ခါထပ်ခါ ဆောက်တည်နိုင်အောင် ကြိုးစားရ တယ်၊ ဒါလောက်ကျင့်ပြီး တော်လောက်ပါပြီလို့ ဒီလို အားရကျေနပ်ရတာ မဟုတ်ဘူး၊ ငါးပါးသီလတွေလဲ ထပ်ခါထပ်ခါ အားထုတ်ရတယ်၊ ဘာဝနာကုသိုလ်တွေ ပွါးများအားထုတ်ဖူးပြီဆိုယင် ထပ်ပြီးတော့ ပွါးများအားထုတ်ရတယ်၊ ဘာဝနာပွါး များတယ် ဆိုတာက ဘယ်ကျမှ ပြီးတုံးဆိုတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကျမှ ပြီးတာ။

သီလပြည့်စုံရုံမျှ စိတ်ချပြီး မနေနဲ့

အဲဒီ မရောက်သေးခင်တော့ ပြီးပြီလို့ စိတ် မချရသေးဘူးတဲ့၊ လမ်းဆုံးတိုင်အောင် တတ်နိုင်လို့ရှိယင် တတ်နိုင်သလို အားထုတ်ရမယ်လို့ မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားတယ်။

န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မံ သုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခုဝိဿာသမာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

ဓမ္မပဒမှာ ဟောထားတယ်၊ တချို့သော ရဟန်းတော်တွေက ငါ သီလစင်ကြယ်နေတာပဲ၊ ဘယ်အချိန်မဆို တရားအားထုတ်လိုက်ယင် မဂ်ဖိုလ်ရဖို့ရာ မဝေးဘူးဆိုပြီးတော့ သီလစင်ကြယ်တာ အားကိုးပြီးတော့ တရားအားမထုတ်ကြဘူး၊ သီလလောက်နဲ့ အားရနေကြတယ်၊ အဲဒီ ရဟန်းတွေလဲ ရှိတယ်တဲ့၊ မြတ်စွာဘုရား ဒီဂါထာတရား ဟောတဲ့အခါမှာ ဒီပရိသတ်တွေကလဲရှိတယ်၊ တချို့ကလဲ ဓုတင်အကျင့်တွေနဲ့ ပြည့်စုံပြီးနေတာနဲ့ မဂ်ဖိုလ်ဆိုတာ မခက်ပါဘူး၊ အားထုတ်လိုက်ယင် ရောက်တော့မှာပါပဲ၊ အဲဒီလို အောက်မေ့ပြီးတော့ သူက တရား အားမထုတ်ဘူး၊ ဓုတင်အကျင့်ကလေးနဲ့ အားရနေတယ်၊ တချို့ကလဲ စာပေဗဟုသုတတွေ ပြည့်စုံနေလို့တဲ့၊ စာပေကျမ်းဂန်တွေ တတ်သိနားလည်နေတယ်၊ အားထုတ်နည်းတွေ သိနေတယ်ပေါ့လေ၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဣန္ဒြေတွေ, သဘောတွေ ကွဲနေတယ်၊ ငါအားထုတ်လိုက်ယင် မခက်ပါဘူး၊ အရဟတ္တမဂ် အရဟတ္တဖိုလ် မကြာခင်ရမှာပဲဆိုပြီးတော့ အေးအေးဆေးဆေးနေတယ်၊ ဒါကတော့ အခုနေအခါတော့ ဒီလိုပုဂ္ဂိုလ်တွေ ဖြစ်နေတယ်။

ဗဟုသုတပြည့်စုံရုံမျှ စိတ်ချမနေနဲ့

တချို့က အဲဒီလိုပဲ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် သရုပ်သဘောတွေကို နားလည်သဘောပေါက် ကွဲပြားနေတာနဲ့ နိဗ္ဗာန်ဟာ သိပ်မဝေးလှဘူးလို့လဲ ပြောကြတယ်၊ ဝိပဿနာဆိုတာ မခက်ပါဘူးတဲ့၊ ဝိပဿနာဆိုတာ လွယ်လွယ်ကလေးပါတဲ့၊ အားထုတ်လိုက်ယင် ဖြစ်တာပါပဲလို့ ပြောကြတယ်၊ ဒါကတော့ သူကိုယ်တိုင် အားထုတ်မကြည့်လို့ စိတ်ကူးနဲ့သာ လွယ်နေတာ၊ တကယ်ကျတော့ မလွယ်ဘူး၊ လွယ်တဲ့ဥစ္စာ မဟုတ်ဘူး၊ ဘယ်လွယ်လိမ့်မှာတုံး၊ ဗဟုသုတရှိတာက ဗဟုသုတကတခြားပဲ၊ သမာဓိပညာက အားထုတ်မှဖြစ်တာ၊ ဗဟုသုတပညာတွေက သူ့နေရာနဲ့သူ အသုံးကျတာ၊ သမာဓိပညာက တခြားပဲ၊ အခု လောကဘက်ကနေပြီး ခေတ်ပညာတွေများ တချို့ သိပ္ပံပညာတွေများထူးချွန်ပြီး တတ်နေတာတွေ ရှိတယ်၊ ဓာတ်တွေ အမျိုးမျိုးခွဲ၊ စဉ်းစားလို့တောင် သူတို့ တွက်ချက်ပုံတွေ စဉ်းစားလို့ မမီနိုင်လောက်အောင် ထူးချွန်နေတယ်၊ ဒါပေမယ်လို့ ဒါတွေက သူ့လမ်းနဲ့သူ သွားနေတာ၊ မဂ်ဖိုလ်ရဖို့ရာကတော့ မဖြစ်နိုင်ဘူး၊ စာပေ ဗဟုသုတတွေကလဲ ဒီအတိုင်းပဲ၊ စာပေဗဟုသုတတွေဟာ မှတ်သားထားလို့ မှတ်မိနေတာပဲ၊ နှလုံးမသွင်းပဲနေယင် ဒါတွေကမေ့သွားမှာ၊ အဲဒါတွေနဲ့လဲ မဂ်ဖိုလ်နဲ့နီးနေတယ်လို့ စိတ်က မအောက်မေ့ရဘူး။

ဘုရားလက်ထက်တုန်းက ရဟန်းတွေက အဲဒီလိုပဲ၊ ဗဟုသုတ များတာနဲ့ သူတို့က ဘုရားဟောတဲ့တရားတွေ အနက်အဖွင့် အဋ္ဌကထာတွေ ဒါတွေ သူတို့ သဘောပေါက်နားလည်နေတော့ တို့–တရားအားထုတ်လိုက်ယင် မဝေးပါဘူး၊ မဂ်ဖိုလ်နိဗ္ဗာန် မကြာခင် ရမှာပဲဆိုပြီးတော့ သူတို့က ဗဟုသုတလောက်နဲ့ ကျေနပ်နေတာ၊ ဒါကတော့ အခုခေတ်မှာ အတော်များတယ်၊ ဒီလိုပဲ များနေကြတာပဲ၊ တရားကို အားမထုတ်ကြဘူး။

အမှန်ကတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေဟာ အားထုတ်ဖို့ ကျင့်ဖို့ရာချည်းထဲပဲ၊ ကျက်မှတ်ရွတ်ဖတ်နေဖို့ရာတွေ မဟုတ်ဘူး၊ လူတွေ ကျက်ရအောင် ဖတ်ရအောင်လို့ မြတ်စွာဘုရားက တမင်တကာ တီထွင်ပေးထားခဲ့တာမဟုတ်ဘူး၊ တချို့ ဒီလို ကျက်မှတ်ရွတ်ဖတ်နေရုံနဲ့ ပြီးရောဆိုပြီး နေကြတာ ဘယ်ဟုတ်မလဲ၊ ကိုယ်တိုင်သိဖို့ရာ ကိုယ်တိုင်ကျင့်ဖို့ရာ ဘုရားဟောထားတာ၊ ကိုယ်တိုင်ကျင့်ဖို့, ကိုယ်တိုင်သိဖို့ရာ မြတ်စွာဘုရားက နည်းလမ်းပေးထားတဲ့တရား၊ ဆေးစာတွေနဲ့ တူတယ်၊ ဆေးစာတွေဟာ လူရှေ့ သူရှေ့ အသံကောင်းကောင်းနဲ့ ရွတ်ဖတ်ဖို့ရာ ဆရာကြီးက တီထွင်ခဲ့တာ မဟုတ်ဘူး၊ အဲဒီ ဆေးစာအတိုင်း ဆေးဖော်ပြီးတော့ ရောဂါဝေဒနာဖြစ်တဲ့ ပုဂ္ဂိုလ်၊ ဆေးစားဖို့ရာ, ရောဂါဝေဒနာဆေးကုဖို့ရာ တီထွင်ထားခဲ့တာ၊ ဆေးစာတွေ ရွတ်နေရုံနဲ့ ရောဂါပျောက်မှာ မဟုတ်ဘူး၊ မပျောက်နိုင်ပါဘူး၊ ရောဂါကတော့ ရွတ်နေရုံနဲ့။

အဲဒါလိုပဲ၊ ဘုရားဟောတဲ့တရားတော်တွေ ရွတ်ဖတ်နေလို့ ဒီလို လုပ်နေရုံနဲ့ ပြီးမှာမဟုတ်ဘူး၊ တရားကို အားထုတ်မှ ဒေသနာအစဉ်ကတော့ မပြီးဘူး၊ မြတ်စွာဘုရားလက်ထက်က အချို့သော ရဟန်းတွေဟာ ဒီလိုပဲ ဗဟုသုတလောက်နဲ့ ကျေနပ်

ပြီးတော့ အားရဝမ်းသာနေတာ ရှိတယ်တဲ့၊ တချို့ကလဲ တောကျောင်း တောင်ကျောင်းတွေနေတော့ တို့ဟာ လူသူမနီးတဲ့ တောကျောင်း တောင်ကျောင်းတောင် နေနိုင်တာပဲ၊ တရားအားထုတ်လိုက်ယင် မခက်ပါဘူးဆိုပြီး တောကျောင်းနေနိုင်တာနဲ့ ဂုဏ်ယူပြီးတော့ အေးအေးဆေးဆေးနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်တဲ့၊ ဒီအထဲမှာ အနာဂါမိမဂ်ဖိုလ်ရနေတဲ့ ပုဂ္ဂိုလ်တွေကလဲ ပါသေးတယ်ဆိုတာကိုး၊ အနာဂါမ်တွေက အနာဂါမ်ဆိုတော့ ရဟန္တာဖြစ်တော့မှာ၊ နီးနီးကလေး ရှိတော့တယ်လို့ ထင်ရတာပါပဲ၊ အဲဒီပုဂ္ဂိုလ်တွေကလဲ တို့အနာဂါမိမဂ်ဖိုလ်တောင်မှ ရနေမှပဲ၊ အရဟတ္တမဂ်ဖိုလ်ဆိုယင် မဝေးတော့ပါဘူးဆိုပြီး ခပ်အေးအေးနေတယ်၊ အဲဒါကြောင့်မို့ မြတ်စွာဘုရားက ဒီဂါထာကို ဟောတာ။

နေ သီလဗ္ဗတမတ္တေန (လ) အပ္ပတ္တော အာသဝက္ခယံ။

ဘိက္ခု၊ ရဟန်း။ သီလဗ္ဗတမတ္တေန၊ သီလခုတင် အကျင့်မျှဖြင့်။ ဝိသာသံ၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။

သီလပြည့်စုံရုံမျှ၊ ခုတင်အကျင့်နဲ့ ပြည့်စုံရုံမျှနဲ့၊ စိတ်ချအားရပြီး မနေနဲ့အုံး၊ ဘယ်ရောက်အောင် အားထုတ်ရမလဲဆိုယင်–

အပ္ပတ္တော အာသဝက္ခယံ၊ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ မရောက်သေးပါပဲ။ ဝိသာသံ၊ စိတ်ချလက်ချ အားရ၍ နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။

သီလလောက် ပြည့်စုံရုံမျှနဲ့ စိတ်ချအားရမနေနဲ့အုံး၊ ခုတင်အကျင့်နဲ့ ပြည့်စုံရုံမျှနဲ့လဲ အားရမနေပါနဲ့တဲ့။

ဗဟုသစ္စေန ဝါ ပန၊ အကြားအမြင် များရုံမျှဖြင့်လည်း။ ဝိသာသံ၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။ အကြား အမြင်များရုံမျှနဲ့လဲ စိတ်ချမနေနဲ့တဲ့။ ဘုရားဟောတော်မူတဲ့ ပါဠိအဋ္ဌကထာဋီကာတွေ ကောင်းကောင်းတတ်သိရုံနဲ့ ဗဟုသုတရှိနေတာနဲ့လဲ စိတ်မချနဲ့တဲ့။ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့နည်းတွေသိနေရုံနဲ့ ခန္ဓာ,အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တွေ သရုပ်ကွဲနေရုံနဲ့ ဟောတတ်ပြောတတ်ရုံနဲ့လဲ စိတ်ချမနေနဲ့အုံး၊ ဘယ်ထိအောင် အားထုတ်ရမလဲဆိုတော့ အရဟတ္တမဂ်ဖိုလ် ရောက်အောင် အားထုတ်ပါတဲ့။

အပ္ပတ္တော အာသဝက္ခယံ။

အာသဝက္ခယံ၊ အာသဝေါတရား၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ်ကို။ အပ္ပတ္တော၊ မရောက်သေးပါပဲ။ ဝိသာသံ၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။

ဈာန်ရရုံမျှနဲ့ စိတ်ချပြီးမနေနဲ့

အထဝါ သမာဓိလာဘေန။

အထဝါ၊ တနည်းအားဖြင့်သော်ကား။ သမာဓိလာဘေန၊ ဈာန်သမာဓိကို ရရုံမျှဖြင့်။ ဝိသာသံ၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။

တချို့က အဲဒီ ဈာန်သမာဓိရတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ရူပဈာန် ၄–ပါး အရူပဈာန် ၄–ပါး၊ သမာဓိတွေရနေတာ၊ တို့ တရားအားထုတ်လိုက်ယင် မခက်ပါဘူးဆိုပြီးတော့ ဈာန်ရနေတဲ့ပုဂ္ဂိုလ်တွေကို ဈာန်သမာဓိ ရနေရုံနဲ့လဲ စိတ်ချမနေနဲ့တဲ့။

ဆိတ်ငြိမ်ရာ နေနိုင်ရုံမျှ စိတ်ချပြီး မနေနဲ့

ဝိဝိတ္တသယနေန ဝါ၊ ဆိတ်ငြိမ်သော တောကျောင်းတောင်ကျောင်း၌ နေရုံမျှဖြင့်လည်း။ ဝိသာသံ၊ စိတ်ချလက်ချ အားရ၍နေခြင်းသို့။ နအာပါဒိ၊ မရောက်လေလင့်။

တောကျောင်းတွေ, ကမ္မဋ္ဌာန်းကျောင်းတွေ နေနိုင်ရုံနဲ့လဲ စိတ်ချပြီးတော့ မနေနဲ့အုံးတဲ့။

အနာဂါမ်ဖြစ်ရုံမျှ စိတ်ချပြီးမနေနဲ့

အပုထုဇနသေဝိတံ၊ များစွာသောပုဂ္ဂိုလ်တို့ မမှီဝဲမရောက်နိုင်သော။ နေကျွမ်းသုခံ၊ ကာမမှလွတ်မြောက်သော အနာဂါမိမဂ် အနာဂါမိဖိုလ် ချမ်းသာကို။ ဖုသာမိ၊ ရောက်ရတွေ့ရပေပြီဟူ၍ နှလုံးသွင်း၍လဲ။ ဝိဿာသံ၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ နှ အာပါဒိ၊ မရောက်လေလင့်။

အများပုဂ္ဂိုလ်တွေ မရောက်နိုင်တဲ့ တို့အနာဂါမိမဂ်ဖိုလ်တောင် ရောက်နေပြီ၊ ကာမရာဂ, ဗျာပါဒတွေကင်းနေပြီ၊ ဒါလောက်တော့ အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့နီးပါပြီ၊ မဝေးတော့ပါဘူးဆိုပြီးတော့ စိတ်ချအားရပြီးမနေနဲ့တဲ့၊ ဘယ်ထိအောင် အားထုတ်ရမလဲဆိုတော့–

အာသဝက္ခယံ၊ အာသဝေါတရား ၄–ပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့။ အပ္ပတ္တော၊ မရောက်သေးပါပဲ။ ဝိဿာသံ၊ စိတ်ချလက်ချ အားရ၍နေခြင်းသို့။ နှ အာပါဒိ၊ မရောက်လေလင့်။

အဲဒီရောက်အောင် အားထုတ်ပါတဲ့၊ မြတ်စွာဘုရားက အဆုံးရောက်မှ ကြိုက်တယ်။ တော်တော်လေးအားထုတ်ပြီးလို့ နားနေယင်မကြိုက်ဘူး၊ သီလပြည့်စုံရုံနဲ့လဲ ဒါလဲပဲစိတ်မချနဲ့အုံးတဲ့၊ ဓုတင်ပြည့်စုံရုံနဲ့လဲ စိတ်မချနဲ့အုံးတဲ့၊ တောကျောင်းတောင်ကျောင်း နေနိုင်ရုံနဲ့ စိတ်မချနဲ့အုံးတဲ့၊ ဈာန်ရရုံနဲ့တောင် စိတ်မချနဲ့အုံးတဲ့၊ အရိယမဂ်ရတာတောင်မှ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်ကို ထားလိုက်အုံး၊ အနာဂါမိမဂ်ဖိုလ်ရောက်တာတောင် စိတ်မချနဲ့အုံး၊ အရဟတ္တမဂ်ရောက်အောင် အားထုတ်ပါ၊ ဒီလို တိုက်တွန်းထားပါတယ်။

အဲဒီတော့ ဖြစ်ပြီးသားပုဂ္ဂိုလ်တွေဟာ ဘာဝနာကုသိုလ်တွေ တကြိမ်လောက်အားထုတ်ပြီးယင်၊ တို့တရားအားထုတ်ပြီးပြီ၊ ၇–ရက်တောင် အားထုတ်ပြီးပြီ၊ ဒါလောက်တောင် အားထုတ်ပြီးပြီဆိုပြီးတော့ အားရမနေနဲ့တဲ့၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်အောင် တတ်နိုင်လို့ရှိယင်အားထုတ်ရမယ်၊ မရောက်တာကတော့ မတတ်နိုင်ဘူးပေါ့လေ၊ မရောက်တာကတော့ သူ့ပါရမီ အကြောင်းအားလျော်စွာ၊ ဣန္ဒြေမရင့်ကျက်သေးယင်လဲ မရောက်ပဲနေမှာပဲ၊ သို့သော်လဲပဲ စိတ်ချလက်ချ မနေပါနဲ့တဲ့။

ဒါကြောင့် ဖြစ်ပြီးသောကုသိုလ်တရားတွေကို တည်တံ့နေအောင်၊ တိုးပွားအောင်၊ ပြည့်စုံသွားအောင်၊ တည်တံ့တိုးပွားပြည့်စုံသွားအောင် အားထုတ်ပါတဲ့၊ အဲဒီလို အားထုတ်တိုင်း အားထုတ်တိုင်းဟာ ဒါသမ္မပ္ပဓာန် ဝီရိယတွေဖြစ်တယ်၊ အဲဒါ သမ္မပ္ပဓာန်ဝီရိယ ၄–ခုရှိသွားပြီနော်၊ မှတ်လို့တော့ လွယ်ပါတယ်။

မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်အောင်အားထုတ်ခြင်း တခု ၁–နံပါတ်။

ဖြစ်ပြီးသော အကုသိုလ်တရားတွေ မဖြစ်အောင်အားထုတ်ခြင်း၊ မဖြစ်နိုင်အောင် ပယ်နိုင်အောင် အားထုတ်ခြင်း၊ ၂–နံပါတ်။

မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်အောင်အားထုတ်ခြင်း။

ဖြစ်ပြီးသော ကုသိုလ်တရားတွေ တည်တံ့ပွားများပြည့်စုံသွားအောင် အားထုတ်ခြင်း။

တည်တံ့ရုံနဲ့လဲ မဟုတ်သေးဘူး၊ ပွားလဲပွားရမယ်၊ ပွားရုံနဲ့လဲ မဟုတ်သေးဘူး၊ ပြည့်စုံသွားအောင်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်သွားအောင် အားထုတ်ရမယ်၊ အဲဒါ သမ္မပ္ပဓာန် ၄–ပါးခေါ်တယ်၊ အဲဒါ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဝါယာမ မဂ္ဂင်ပဲတဲ့။ ဆိုရမယ်–

မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်အောင်အားထုတ်ခြင်း။
ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင်အားထုတ်ခြင်း။
မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်အားထုတ်ခြင်း။
ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးတက်ပွားများ
ပြည့်စုံသွားအောင် အားထုတ်ခြင်း။

ဤအားထုတ်ခြင်း ၄–ပါးကို သမ္မပ္ပဓာန် ၄–ပါး၊ သမ္မာဝါယာမ မဂ္ဂင်ဟုခေါ်သည်၊ သမ္မာဝါယာမ မဂ္ဂင်ဆိုတာ ဒါပဲ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

အယံ၊ ဤအားထုတ်ခြင်း ၄–ပါးကို။ သမ္မာဝါယာမော၊ သမ္မာဝါယာမ မဂ္ဂင်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

သမ္မာဝါယာမ မဂ္ဂင်ဆိုတာ ဒီဟာ ၄–ပါးပဲတဲ့၊ ဒါက ရှေးအဖို့ကအားထုတ်ခြင်း၊ ဝိပဿနာရှုတဲ့အခါမှာတော့ ရှုတိုင်း ရှုတိုင်း သမ္မပ္ပဓာန် ၄–ပါးတော့ပါနေတယ်၊ ရှုတိုင်းရှုတိုင်းဟာ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင် အားထုတ်နေတာပဲ၊ မြင်တိုင်းကြားတိုင်း ဒွါရ ၆–ပါးက အာရုံ ၆–ပါးကျလာတဲ့အခါ၊ မသင့်တင့်တဲ့နှလုံးသွင်းယင် အကုသိုလ်ဖြစ်မယ်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေ၊ မြင်ရတဲ့အာရုံကို အကြောင်းပြုပြီးတော့ လောဘဖြစ်နိုင်တယ်၊ ကြားရ, နံရ, စားရ, တွေ့ထိရတဲ့အာရုံ၊ စိတ်ကူးစဉ်းစား ကြံစည်မိတဲ့အာရုံတွေနဲ့ စပ်ပြီး လောဘ, ဒေါသ, မောဟဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်မယ့် လောဘ, ဒေါသ, မောဟတွေမဖြစ်သေးဘူး၊ အဲဒီ မဖြစ်သေးတာတွေကို မဖြစ်အောင်လို့ အားထုတ်ရတယ်တဲ့၊ မြင်တိုင်း, ကြားတိုင်း, ရှုနေတာဟာ မဖြစ်သေးတာကို မဖြစ်အောင် အားထုတ်တာလဲ မည်တာပဲ၊ ဖြစ်ပြီးတာတွေလဲ မဖြစ်အောင် အားထုတ်တာမည်တယ်၊ ရှေးကမြင်ဖူး၊ ကြားဖူးလို့ ဒီလိုဟာတွေ ဖြစ်ဖူးတာပဲ၊ လောဘ, ဒေါသ, မောဟတွေ၊ အဲဒါတွေကို မဖြစ်အောင်လို့တဲ့၊ အဲဒါကို အားထုတ်တယ်၊ ဖြစ်ပြီးတဲ့အကုသိုလ်တွေမဖြစ်အောင်အားထုတ်တာမည်တယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပယ်နိုင်အောင် ပေါ့လေ၊ ပယ်တယ်ဆိုတာ မဖြစ်အောင်အားထုတ်တာပါပဲ၊ ပယ်နိုင်အောင် အားထုတ်သည်မည်တယ်။

ပြီးတော့ မဖြစ်သေးတဲ့ကုသိုလ်တွေလဲ ဖြစ်အောင်အားထုတ်တာ၊ ရှေးကဝိပဿနာ မရှုဖူးသေးဘူးဆိုယင် အဲဒီ ဝိပဿနာဉာဏ်ဟာ မဖြစ်သေးတာ၊ တွေပေါ့၊ နာမရူပ ပရိစ္ဆေဒဉာဏ်မဖြစ်ဖူးသေးဘူး၊ ဖြစ်အောင်အားထုတ်ရမယ်၊ ဒါမဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်တာပဲ၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ အကြောင်းအကျိုးကိုသိတဲ့ဉာဏ် မဖြစ်သေးတာ၊ ဖြစ်အောင်အားထုတ်ရမယ်၊ သမ္မသနဉာဏ်၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်ပိုင်ဉာဏ်နဲ့သိအောင် အခု စာပေကျမ်းဂန်အရတွေနဲ့ကျက်မှတ်ပြီး နှလုံးသွင်းနေတာတွေ၊ ဒါမျိုးတော့မဟုတ်ဘူး၊ အဲဒါကျက်မှတ်ပြီး နှလုံးသွင်းနေတာကတော့ ကျက်မှတ်ထားတာကိုး၊ ကျက်မှတ်ထားတဲ့အတိုင်း ရုပ်အနိစ္စ, နာမ်အနိစ္စ, စသည်ဖြင့် ဒါကတော့ အလွယ်သားပဲ၊ ဉာဏ်ထဲမထင်ပဲနဲ့ ပါးစပ်ကဆိုနေတာ၊ ရွတ်ဖတ်နေတာပေါ့၊ ရွတ်ဖတ်နေတာကို ဝိပဿနာဖြစ်နေတယ်လို့ ထင်နေတာ။

မြင်တိုင်း, ကြားတိုင်း, ဒွါရ ၆–ပါးက ပေါ်တိုင်း, ပေါ်တိုင်းတွေ ရှုနေလို့၊ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွားတဲ့ တရားတွေတွေ့လို့ အနိစ္စ–မမြဲတဲ့တရားပဲ၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတဲ့တရားချည်းထဲပဲ၊ သူ့သဘောအတိုင်း သူဖြစ်ချင်သလိုဖြစ်နေလို့ သဘောတရားမျှပဲလို့ တွေ့တဲ့အခါမှာ အနိစ္စ, ဒုက္ခ, အနတ္တပဲလို့ သုံးသပ်ဆင်ခြင်တယ်၊ အဲဒါတွေဟာ မဖြစ်သေးတာတွေဖြစ်အောင်လို့ ဒီလိုရှုမှတ်နေရတာ၊ ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်တွေ ပိုင်ပိုင်နိုင်နိုင်သိအောင် ရှုမှတ်အားထုတ်နေရတယ်၊ ဘင်, ဘယ, အာဒီနဝ, စသည် အကုန်လုံးပေါ့လေ၊ အရိယမဂ်ဉာဏ်တိုင်အောင် မဖြစ်သေးတာတွေ ဖြစ်အောင်လို့ လုပ်နေတာပဲ၊ ဝိပဿနာ ရှုတိုင်းရှုတိုင်းဟာ မဖြစ်သေးတဲ့ အထက်အထက် ကုသိုလ်ဉာဏ်တွေဖြစ်အောင်လို့ပဲ အားထုတ်နေရတာ၊ မဖြစ်သေးသောကုသိုလ် တရားကို ဖြစ်အောင်အားထုတ်ခြင်းဆိုတာ မှတ်တိုင်း မှတ်တိုင်းမှာ ပါနေတယ်။

ဖြစ်ပြီးသော ကုသိုလ်တရားတွေကို တည်တံ့အောင်လို့ အားထုတ်တယ်တဲ့၊ ဖြစ်အောင် အားထုတ်တယ်၊ ပြည့်စုံပွားများအောင် အားထုတ်တယ်တဲ့၊ ဒါလဲပဲ သူ့ဟာ ရှုတိုင်း ရှုတိုင်းဖြစ်ပြီးတဲ့ ဝိပဿနာဉာဏ်တွေ ဆင့်ဆင့်ပြီးတော့ ပွားနေတာ၊ ဘာဝနာဆိုတာပွားတာတဲ့၊ ကိုယ့်ကိုယ်မှာပွားတာ၊ တခါရှုလိုက် တခါဖြစ်၊ နောက်တခါရှုလိုက် နောက်တခါဖြစ်၊ ရှုတိုင်း ရှုတိုင်း အသစ်အသစ်တွေ ဖြစ်နေတာဟာ ပွားနေတာပဲတဲ့၊ ၁၀–ခါရှုယင် နောက်ထပ် ၉–ခုဟာ ပွားလာတာပဲ၊ အခါတရား ရှုယင် ၉၉–ခုက နောက်ထပ်ပွားစလာတာ၊ အဲဒီလို ရှုတိုင်း ရှုတိုင်း အသစ်အသစ်တွေပွားနေတယ်၊ အဲဒါပွားတာ၊ ဖြစ်ပြီးသော ကုသိုလ်တရားတွေပွားများအောင် အားထုတ်ထားတာပဲတဲ့၊ ပွားများရုံမကဘူး၊ ပွားများမှပြည့်စုံသွားအောင်လို့ မိမိတို့အလိုရှိအပ်တဲ့ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေရောက်အောင် သောတာပတ္တိမဂ်ဖိုလ်ဆိုယင် သောတာပတ္တိ မဂ်ဖိုလ်ရောက်အောင် ပွားများနေတာပဲ၊ ဒီတင်လဲမပြီးသေးဘူး၊ မြတ်စွာဘုရားက အရဟတ္တမဂ်, အရဟတ္တဖိုလ်ရောက်အောင် အဲဒီရောက်အောင် အခု ပွားများနေကြတာပဲ၊ ဒီတော့ ဝိပဿနာ တခါ ရှုလိုက်ယင် သမ္မပ္ပဓာန် ၄–ချက်၊ တခါတည်းပြီးတယ်တဲ့။

မြင်တာကလေး တခါရှုလိုက်၊ မြင်တယ်မှတ်လိုက်၊ အဲဒီမှာမြင်တယ် မှတ်မိအောင် အားထုတ်တဲ့ ဝီရိယကလေးပါတယ်၊ ဒါသမ္မာဝါယာမမဂ္ဂင်၊ ဝီရိယလေးနဲ့ ကြောင့်ကြဗျာပါရစိုက်ပြီး မှတ်လို့မြင်တယ်၊ ကြောင့်ကြ ဗျာပါရစိုက်ပြီးပေးလို့ မြင်တယ်လို့ ရှုမှတ်မှုဖြစ်တယ်၊ အဲဒီ ဝီရိယကလေးက မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ မဖြစ်ရအောင် အားထုတ်လိုက်တာပဲ၊ ဖြစ်ပြီးသားအကုသိုလ်တွေလဲ ပယ်နိုင်တာပဲ၊ သူက အားထုတ်လိုက်လို့ မဖြစ်သေးတဲ့ကုသိုလ်တွေလဲ အခု ရှုမှတ်မှုကလေးဖြစ်သွားပြီ၊ ဖြစ်ပြီးသားကုသိုလ်လေးတွေလဲ ထပ်ခါထပ်ခါဖြစ်နေတာပဲ၊ သမ္မပ္ပဓာန် ၄–ချက်လုံးပြီးတယ်၊ ဖောင်းတယ်, ပိန်တယ် စသည်ဖြင့် မှတ်ရတယ်၊ မမှတ်ပဲနေယင်ဖြင့် အကုသိုလ်ဆိုတာ ဖြစ်နိုင်တယ်၊ မှတ်လိုက်တော့မဖြစ်ဘူး၊ ဖြစ်ပြီးသား ကုသိုလ်တွေလဲ ထပ်ပြီးတော့ ဖြစ်နိုင်တယ်၊ ဒါကြောင့် မဖြစ်သေးတာလဲမဖြစ်ဘူး၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ထပ်ပြီးတော့မဖြစ်ရဘူး၊ မဖြစ်သေးတဲ့အကုသိုလ်တွေလဲ မှတ်တိုင်းမှတ်တိုင်း ဖောင်းတာမှတ် အသစ်ဖြစ်တာပဲ၊ ပိန်တာမှတ်လဲ အသစ်ဖြစ်တာပဲ၊ မှတ်တိုင်းမှတ်တိုင်း အသစ်ချည်းထဲပဲ၊ ပိန်တာ မှတ်လဲ အသစ်ဖြစ်တာပဲ၊ မှတ်တိုင်း မှတ်တိုင်းအသစ်ချည်းထဲပဲ၊ မဖြစ်သေးတဲ့ကုသိုလ်တွေထပ်ပြီးတော့ ဖြစ်တယ်။

ဒါတွင်မကဘူး၊ ခုနကပြောတဲ့အတိုင်း ဝိပဿနာဉာဏ်စဉ်အတိုင်း နာမ်ရုပ်ကွဲပြားပြီးသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်နိုင်တယ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်နိုင်တယ်၊ သမ္မသနဉာဏ်ဖြစ်နိုင်တယ်၊ ဥဒယဗ္ဗယဉာဏ်တိုင်အောင် အကုန်လုံးလျှောက်ပြီးတော့ဖြစ်နိုင်တယ်၊ အဲဒီလိုမဖြစ်သေးတဲ့ ကုသိုလ်တရားတွေဖြစ်အောင် အားထုတ်သည်မည်တယ်၊ ဖြစ်ပြီးသား ကုသိုလ်တရားတွေလဲ ရှုတိုင်းရှုတိုင်း ပွားနေတာပဲ၊ ဒါကြောင့် မှတ်တိုင်းမှတ်တိုင်း မှတ်မိအောင် ကြောင့်ကြစိုက်ပေးတာက သမ္မပ္ပဓာန်ဝီရိယ၊ သမ္မာဝါယာမ မဂ္ဂင်ဟု ခေါ်သည်တဲ့၊ ဆိုရမယ်။

> မှတ်တိုင်းမှတ်တိုင်း မှတ်မိအောင် ကြောင့်ကြစိုက်ပေးတာက၊ သမ္မပ္ပဓာန်ဝီရိယ
> သမ္မာဝါယာမ မဂ္ဂင်ခေါ်သည်။

မှတ်တိုင်းမှတ်တိုင်းဟာ ကြောင့်ကြစိုက်ပေးမှုပါတယ်၊ ကြောင့်ကြမစိုက်ယင် ဘယ်မှတ်မိလိမ့်မှာတုံး၊ လမ်းလျှောက်နေတယ်ဆိုပါတော့၊ ကြွတယ်, လှမ်းတယ်, ချတယ်မှတ်ရမယ်၊ ကြောင့်ကြမစိုက်လို့ရှိယင် ကြွတာလဲမှတ်မိမှာ မဟုတ်ဘူး၊ လှမ်းတာလဲမှတ်မိမှာ မဟုတ်ဘူး၊ မှတ်နေယင်းတောင်မှ ဝီရိယကြောင့်ကြစိုက်မှုက လျော့နေတဲ့အခါ မမှတ်မိပဲနဲ့ လွတ်သွားတာတွေ တော်တော်များတယ်၊ ဝီရိယကကြောင့်ကြစိုက်ပေးမနေလို့ ရှိယင် သူကလျော့သွားတယ်။

ဘာနဲ့တူသလဲဆိုတော့ ကလေးတွေ စာအံတာနဲ့တူတယ်၊ ဘုန်းကြီးကျောင်းများမှာ ကလေးတွေ စာအံတယ်၊ဘုန်းကြီးအမြဲတမ်းသတိပေးနေရတယ်၊ သတိမပေးပဲနဲ့ဒီလိုနေယင် ကလေးတွေက ကောင်းကောင်းမအံ့သြဘူး၊ ဘုန်းကြီးက ဂျိုးကျောင်းနဲ့ တုတ်နဲ့ရိုက်ပြီး သတိပေးရတယ်၊ အဲဒီလို သတိပေးလိုက်ယင် အော်ပြီးအံကြရှာတယ်၊ တော်တော်လေးကြာတော့ လျော့သွားတယ်၊ ဒုန်းကနဲ ဘုန်းကြီးရိုက်လိုက်ပြန်၊ အဲဒီတော့မှ အော်အော်ပြီး စာအံကြတာကိုး။

အဲဒါလိုပဲ၊ ကိုယ့်တကိုယ်တည်းပေမယ်လို့ ဒီလိုကြောင့်ကြစိုက်မှု သမ္မာဝါယာမကလေးက အမြဲတမ်းပေးနေမှ အမှတ်ကလေးတွေက ဖြစ်တယ်၊ အားလေးလျော့သွားလို့ရှိယင် နေရာမကျဘူး၊ အမှတ်တွေမေ့သွားပြီ၊ တခြားရောက်သွား၊ လွင့်သွားကုန်ပြီ၊ ပျက်ကုန်တာ၊ အဲဒါသမ္မပ္ပဓာန် ဝီရိယတဲ့၊ မှတ်တိုင်းမှတ်တိုင်း မှတ်မိအောင် ကြောင့်ကြစိုက်ပေးတာတဲ့၊ ကြောင့်ကြစိုက်ပေးတာ လေးပါတယ်တဲ့၊ ဒါလေးဟာ သမ္မပ္ပဓာန်ဝီရိယ ခေါ်တယ်တဲ့၊ မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်အောင် အားထုတ်တာလဲမည်တယ်၊ ဖြစ်ပြီးသားအကုသိုလ်တွေ ပယ်နိုင်အောင် အားထုတ်တာလဲ မည်တယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်တာလဲ မည်တယ်၊ ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တိုးတက်ပွားများ ပြည့်စုံသွားအောင် အားထုတ်တာလဲ မည်တယ်တဲ့၊ သမ္မပ္ပဓာန်ဝီရိယ၊ သမ္မာဝါယာမ မဂ္ဂင်လို့ ခေါ်တယ်တဲ့၊ ဒါကတော့ နားလည်ပါပြီ။

သမ္မာသတိမဂ္ဂင်

> ကတမာစ ဘိက္ခဝေ သမ္မာသတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်းသည်။ ကတမာ စ၊ အဘယ်ပါနည်း။ သမ္မာသတိ မှန်စွာ အမှတ်ရတယ်ဆိုတာ ဘာလဲဆိုတော့–

> ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီဝိဟရတိ၊ အာတာပီ သမ္ပဇာနော
> သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

သတိပဋ္ဌာန် ဥဒ္ဒေသကအတိုင်းပါပဲ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ (လ) ဝိဟရတိ၊ နေ၏။

ရူပ်သဘောတရား မိအောင်ရှု

ရုပ်အပေါင်းကို၊ ရုပ်အပေါင်းဟု ရှုနေသည်၊ ဒါကို လွယ်လွယ်အောက်မေ့ရတယ်၊ ရုပ်သဘောတရား အမှန်ကလေးသိအောင် ရှုရမှာ၊ ဒါလွယ်လွယ်ကလေး မဟုတ်ဘူး၊ အမှန်ကလေးကို ရှုရမှာ၊ ဘယ်လိုအမှန်လဲ ဆိုတော့ ရုပ်တရားဟာ အနိစ္စသဘောရှိသည်၊ ဒုက္ခသဘောရှိသည်၊ အနတ္တသဘောရှိသည်၊ အသုဘသဘောရှိသည်၊ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သဘောညီအောင်လို့ ရှုရမယ်တဲ့။

အဋ္ဌကထာတွေကတော့ သီးသန့်ခွဲလိုက်မယ် ဆိုလို့ရှိယင် ကာယာနုပဿနာက အသုဘနဲ့ဆိုင်တယ် ဆိုပြီးတော့ အသုဘကို အလေးပေးပြီးတော့ ဖွင့်ထားပါတယ်၊ ဒါပေမယ်လို့ အကုန်လုံးပါပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတွေ ထင်မြင်အောင်လို့ ရှုရမယ်။

ရုပ်ဆိုတာ မမြဲတဲ့သဘော၊ ရုပ်ဆိုတာ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတဲ့သဘော ရှိတယ်၊ ဆင်းရဲဆို နှစ်သက်သာယာမှု မရှိတာပေါ့လေ၊ အခံခက်နေတာတွေ၊ ဒီလိုတော့မဟုတ်ပါဘူး၊ အဲဒီနှစ်သက်သယာဖွယ်မရှိတဲ့ ဆင်းရဲတဲ့သဘောရှိတဲ့ ဆင်းရဲသဘောကိုမြင်အောင် ရှုရမယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားပဲ၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားပဲ၊ အနတ္တ သဘောရှိတယ်၊ အဲဒီအနတ္တကို မြင်အောင်ရှုရမယ်၊ ပြီးတော့ အသုဘသဘော ရှိတယ်တဲ့၊ အသုဘဆိုတာ တင့်တယ်တဲ့ သဘောမဟုတ်ဘူးတဲ့။

လောကမှာ ရုပ်က တင့်တယ်တဲ့သဘော ဖြစ်နေတာပေါ့လေ၊ သူ့ဟာနဲ့သူ တင့်တယ်တဲ့သဘောဖြစ်နေတာ၊ မတင့်တယ်လို့လဲပဲ မဖြစ်ပေဘူး၊ တင့်တယ်လဲ တင့်တယ်အုံးမှပဲ၊ လူတွေပျော်ကြမှာ၊ သတ္တဝါတွေဟာ ကိုယ့်ရုပ်နဲ့ကိုယ်လဲ တင့်တယ်တယ် ထင်တာပဲ၊ သူများရုပ်တွေလဲ တင့်တယ်တယ် ထင်တာပဲ၊ ကြည့်လို့ရှုလို့ သုံးစွဲလို့ဖြစ်မှာ၊ နို့မို့လို့ရှိယင် ဘာမှ မတင့်တယ်ဘူး၊ ရွံစရာတွေချည်းထဲပဲဆိုယင် ဘာမှနေလို့ ဖြစ်မှာမဟုတ်ဘူး၊ ဒါကြောင့် လောကအလိုက်တော့ သူ့ဟာ တင့်တယ်တယ်ဆိုတာလဲ အသုံးတော့ကျနေတာပဲ။

ဒါပေမယ်လို့ အမှန်အားဖြင့် ရုပ်ဆိုတာ မတင့်တယ်တဲ့သဘောပဲတဲ့၊ မတင့်တယ်တဲ့သဘောလဲ မြင်ရမယ်၊ အထင်အရှား မတင့်တယ်တာကတော့ ကောင်္ဘာသအဖို့ အစုတွေနဲ့ရှုလိုက်ယင် ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေစသည်ဖြင့်ပေါ့လေ၊ ကိုယ်ကြီးတကိုယ်လုံးမှာ ရွံစရာ အကောင်းဆုံးကတော့ ကျင်ကြီးကျင်ငယ်တို့၊ ချွဲသလိပ်၊ တံတွေးစတဲ့ ဒီဥစ္စာတွေပေါ့လေ၊ အဲဒါတွေဟာ ရွံစရာအကောင်းဆုံးတွေပါပဲ၊ စဉ်းစားကြည့်လို့ ရှိယင်တော့ စက်ဆုပ်ရွံရှာဖွယ်တွေပဲ၊ ဒီရုပ်ကိုယ်ကြီးဟာ၊ ဒါပေမယ်လို့ ဝိပဿနာအရာမှာ လိုရင်းကတော့ ဖြစ်ပျက်နေတဲ့ သဘောသိဖို့လိုတယ်၊ ဖြစ်ပျက်နေတဲ့ အတွက်ပဲ မတင့်တယ်ဘူး၊ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် မတင့်တယ်တဲ့သဘော ဖြစ်နေတယ်။ အဲဒါကြောင့်–

ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယေ၊ မမြဲ ဆင်းရဲ အစိုးလဲမရ၊ မလှပ မတင့်တယ်သော ရုပ်အပေါင်းကိုယ်၌။ ကာယနုပဿီ၊ မမြဲဆင်းရဲအစိုးလဲမရ မလှပမတင့်တယ်သော ရုပ်အပေါင်းမျှဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေ၏။

အနိစ္စသဘောရှုမြင်ပြီးတော့ နေရမယ်၊ ဒုက္ခသဘောရှုမြင်ပြီးတော့ နေရမယ်၊ အနတ္တသဘောရှုမြင်နေရမယ်၊ အသုဘသဘော ရှုမြင်နေရမယ်၊ ဒီ ၄–ပါးထဲက တခုခုတော့မြင်ရမှာပေါ့၊ ကေသာ, လောမာစသည်ဖြင့် ရှုမြင်လို့ရှိယင်တော့ အသုဘက အမြင်များမှာပါပဲ၊ နောက်သီဝထိပဗ္ဗနဲ့ ရှုတဲ့အခါလဲပဲ အသုဘမြင်တာပဲ၊ ဒါပြင်အပိုင်းနဲ့ ရှုယင်တော့ အနိစ္စ, ဒုက္ခ, အနတ္တ၊ ဒီ ၃–ပါးထဲက တခုခုတွေ့မှာပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဒီ ၄–ပါးထဲက တခုခုမြင်ယင် ပြီးတာပါပဲ။

အဲဒါမြင်အောင်ရှုဖို့ရာ အခုသွားယင် သွားတာကို မှတ်ရတယ်၊ ကြွတယ်၊ လှမ်းတယ်, ချတယ်, ကြွတာကလေးကလဲ ကြွပြီးပျောက်၊ လှမ်းတာကလေးကလဲ လှမ်းပြီးပျောက်၊ ချတာကလေးကလဲ ချပြီးပျောက်၊ ဒီအထဲမှာ မြဲတဲ့သဘောမရှိဘူး၊ တနေရာက တနေရာရွှေ့ပြီး ပျောက်သွားတာပဲ၊ မြဲတဲ့သဘောမရှိဘူး၊ ကွေးတယ်ဆန့်တယ် ဆိုပါတော့၊ ကွေးတယ် ကွေးတယ် မှတ်ယင်း ရွှေ့တိုင်း ရွှေ့တိုင်းဟာ ကွေးချင်တဲ့စိတ်နဲ့ ကွေးတဲ့ရုပ်တွေဟာ ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက်ပျောက်လိုက်နဲ့ ရှုတဲ့ စိတ်ကလေးလဲ ပါသေးတယ်၊ ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်၊ ကွေးတယ်ဆိုယင် ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ မမြဲတဲ့သဘောတွေ၊ မမြဲပဲဖြစ်ပြီးပျောက်သွားလို့ ဆင်းရဲလို့လဲ ခေါ်ရတယ်၊ နှစ်သက်သာယာစရာ အားကိုးစရာမရှိဘူး၊ ဒီအထဲမှာ ပကတိပုဂ္ဂိုလ်တွေက ကိုယ့်ရုပ် ကိုယ့်ကိုယ် အားကိုးနေကြတာ၊ မြဲတည်နေတယ်လို့ အောက်မေ့လို့ ခဏမစဲဖြစ်ပျက်နေတယ်ဆိုတော့ ဘာအားကိုးစရာရှိမလဲ၊ နှစ်သက်သာယာစရာ အားကိုးစရာမရှိဘူး၊ ဒုက္ခပဲ၊ ဒုက္ခဆင်းရဲပဲတဲ့၊ မကောင်းဘူးလို့ ဆိုတာပေါ့လေ၊ အနတ္တ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးတဲ့၊ အသက်ရှင်နေတဲ့ အစဉ်ထာဝရတခါတည်း တည်နေတဲ့ အကောင်ကလေးမဟုတ်ဘူးတဲ့၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတာ၊ ကိုယ့်အလိုရှိတဲ့အတိုင်း ဘာမှမဖြစ်ဘူး၊ အစိုးမရတဲ့ သဘောပဲတဲ့၊ ကွေးလိုက် ရွှေ့လိုက်ပျောက်လိုက်၊ ရွှေ့လိုက်ပျောက်လိုက်နဲ့ ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်း အဲဒီ ကိုယ်အမှုအရာတွေ ရှုတိုင်း ရှုတိုင်းဟာ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူး၊ ဖြစ်ချည်ပျောက်ချည်နဲ့နေလို့ ဆင်းရဲပဲ၊ သူ့ဟာသူ ဖြစ်ပျက်နေတယ် ကိုယ့်အလိုအတိုင်း မဟုတ်ဘူး၊ ကိုယ့်အလိုအတိုင်း အစိုးမရဘူး၊ သူ့ဟာသူဖြစ်ပျက်နေတဲ့ သဘောတရား အနတ္တတရားပဲတဲ့၊ အစိုးရတဲ့ အသက်ရှင်နေတဲ့ ငါကောင် သတ္တဝါကောင် အကောင်အထည် ဒီအထဲမှာ ဘာမှမရှိဘူး၊ သဘောတရားမျှပဲဆိုတာ ရှုယင်း ရှုယင်း သိတယ်၊ ရုပ်အပေါင်းကို အဲဒီလိုရှုပြီးတော့ သိရမယ်တဲ့။

အဲဒီလိုရှုနိုင်အောင်က ပြောတော့လွယ်လွယ်ရတယ်၊ ပြောတော့ အနိစ္စ, ဒုက္ခ, အနတ္တရှုတယ်ဆိုတော့ လွယ်လွယ်ရယ်၊ တကယ်ကျတော့ နိစ္စပဲထင်နေတာ၊ ရုပ်ကိုယ်ကြီးဟာ အနိစ္စဆိုယင် နိစ္စမြဲတယ်၊ သူက ငြင်းချက် ထုတ်နေတယ်၊ ဘာဖြစ်လို့ တုံးဆိုတော့ ကိုသူကအမေမွေးလာကတည်းက မြဲတည်ဖြစ်လာခဲ့တာ၊ အခုမှ မမြဲဘူးလို့ငြင်းလို့ သူကလက်မခံဘူး၊ ပကတိ စိတ်တရားတွေ အစကတည်းက ငယ်ငယ်ကတည်းက, မွေးကတည်းက ဒီရုပ်ကြီး ဒီကိုယ်ကြီးဟာ ဒီအတိုင်းတည်နေတယ်လို့ အထင်အရှား တွေ့နေပါလျက်နဲ့ အခုမှ စာပေကျမ်းဂန်တွေအရနဲ့ မမြဲဘူး၊ သွားလုပ်တော့ ပကတိအသိတွေက လက်မခံဘူး၊ မြဲတယ် မြဲတယ်ဆိုပြီး မီးနဲ့ထိုးထိုးနေတယ်၊ မမြဲဘူးလို့ ဒီက နှလုံးသွင်းလိုက်၊ မြဲတယ်၊ ဟိုတုန်းကရုပ်လဲ ဒီရုပ်ပဲ အတူတူပဲ ဒီလိုဖြစ်နေတာ၊ ဆင်းရဲပဲ နှစ်သက်သာယာစရာ မရှိဘူးလို့ နှလုံးသွင်းပြန်ယင်လဲ နှစ်သက်သာယာစရာတွေ ဒီမှာ ရှိနေတာပဲ၊

မလုပ မတင့်တယ်ဘူးလို့ ဆိုယင်လဲ လုပတင့်တယ်တယ်လို့ ထင်နေတာပဲ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတရားပဲဆိုယင် ဟိုင်ယင်ယင်ကတည်းက ဒီကိုယ်ကြီး တကိုယ်ထဲ ငါတယောက်ထဲ ဖြစ်နေတာ၊ အသက်ရှင်နေတဲ့ ငါကောင် သတ္တဝါကောင် ဟုတ်နေတာလို့ ဆိုပြီး ပကတိ စိတ်တွေက မီးနဲ့ရှို့နေတယ်၊ မလွယ်ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တလို့ ဒီရုပ်ကိုယ်ကြီးကို ရှုဖို့ရာ မလွယ်ပါဘူး၊ လွယ်တဲ့ဥစ္စာမဟုတ်ဘူး၊ အမျိုးမျိုးနဲ့ ဆင်ခြင်ပြီးတော့ ရှုယင် အတော်အတန်တော့ ထင်ချင်ထင်တတ်တာပေါ့ လေ၊ ဉာဏ်များတဲ့ပုဂ္ဂိုလ် အမှန့်ကြိမ်ခြေကြည့် ဘာလုပ်ကြည့်၊ ဒါပေမယ်လို့ သူက ကြိတ်ခြေကြည့်လို့ မသာယာတာကိုး၊ မကြိတ်ခြေပဲနဲ့ဆိုယင် ဒီရုပ်ကြီးကရှိနေတာ။

ရုပ်ကြမ်း ရုပ်နှဝါဒ

ပြီးတော့လဲ ရုပ်ဆိုတာဟာ ရုပ်ကြမ်းလဲရှိတယ်၊ ရုပ်နုလဲရှိတယ်တဲ့၊ တချို့က ဒီလိုဝါဒစွဲလမ်းတာရှိတယ်၊ ရုပ်ကြမ်းကြီးက သေတဲ့အခါ ပျက်သွားပေမယ့် ရုပ်အနုကအတွင်းက ကိုယ်ကတော့ မပျောက်ဘူးတဲ့၊ ဟိုဘဝရွှေ့သွားတယ်၊ အတ္တကောင်ကလေး အသက်ကထွက်သွားတယ်ဆိုတာက ရှိသေးတာကိုး၊ အိန္ဒိယမှာ ကျမ်းတွေက သေသေချာချာ ရေးထားတယ်၊ ကိုယ် ၂–ကိုယ်ရှိတာတဲ့၊ သြဠာရိက ရုပ်ကိုယ်နဲ့ သုခုမရုပ်ကိုယ် ၂–ခုရှိတယ်၊ ရုပ်ကြမ်းနဲ့ ရုပ်နုနှစ်ခုရှိတာတဲ့၊ အကြမ်းကိုယ်တခု၊ အနုကိုယ်တခု၊ ၂–ခုရှိတာတဲ့၊ အသေအချာရေးထားတယ်၊ သေတဲ့အခါကာလကျတော့ ရုပ်ကြမ်းကြီးက ပျက်သွားတာတဲ့၊ ရုပ်နုကိုယ်က မပျက်ဘူးတဲ့၊ သူက ထွက်သွားတယ်တဲ့၊ ဘာနဲ့တူသလဲဆိုယင် သစ်ပင်တပင်က လဲသွားယင် ဒီသစ်ပင်မှာ နားနေတဲ့ငှက်က ဟိုသစ်ပင်ရွှေ့နားသွားတာပဲတဲ့၊ သစ်ပင်ကသာ ပျက်သွားတာ၊ ငှက်ကတော့ မပျက်ပဲရွှေ့သွားတာကိုး၊ ဒီလိုယူတာကိုး၊ ဥပမာနဲ့ အဲဒီလိုစွဲလမ်းနေတာ ရှိပါတယ်။

ပြီးတော့ ဒီရုပ်ကိုယ်ကြီး မမြဲဘူးလို့ နှလုံးသွင်းဖို့ရာဟာ ကိုယ်ပိုင်ကိုယ်တိုင်တွေ့နဲ့ ကိုယ့်ဟာကိုယ် နှစ်ခြိုက်ပြီး သဘောကျဖို့ရာမလွယ်ပါဘူး၊ မြတ်စွာဘုရားပေးတဲ့ နည်းအတိုင်းကျကျနန အားထုတ်မှဖြစ်တာ၊ စိတ်ကူးစဉ်းစား ကြံစည်ရုံနဲ့ တချို့က လွယ်လွယ်ဖြစ်တယ်လို့ ပြောဟောနေကြတာ၊ အဲဒါက သူတို့စိတ်ကူးနဲ့ ပြောနေတာ၊ တကယ်ဖြစ်တာမဟုတ်ဘူး၊ ကိုယ်လဲမဖြစ်ဘူး၊ သူများသာပြောနေတာ၊ ဖြစ်တိုင်း ဖြစ်တိုင်းကို လိုက်ရှုနေမှ၊ မြင်တိုင်းကြားတိုင်း ဒွါရ ၆–ပါးက ပေါ်တိုင်း ပေါ်တိုင်း အခိုက်အတန့်လေး ဖြစ်လိုက်ရှုလိုက်၊ ဖြစ်လိုက်ရှုလိုက် ဒီလိုရှုနေမှ၊ ဖြစ်ပြီးပျောက်သွားတာကလေးကို တွေ့ရတာကိုး၊ ပေါ်လာတဲ့အတိုင်းကလေး ရိပ်ကနဲ ပျောက်မှတ်တဲ့စိတ်ကလေးလဲ ပေါ်ပြီးပျောက်သွား၊ အဲဒီလိုတွေ့တော့မှ မမြဲတဲ့ သဘောတွေ တွေ့ရတယ်။

သတိပဋ္ဌာန်နည်းနဲ့ကြည့်

အဲဒီတော့ အဲဒီ မမြဲတဲ့သဘောတွေ သိရအောင်ဟာ ဘယ့်နယ်လုပ်ရမတုံးလို့ မြတ်စွာဘုရားက လက်နက်ကောင်းတွေ ပေးထားတယ်၊ ပကတိ မျက်စိနဲ့မမြင်နိုင်တဲ့ အရာဝတ္ထုတို့ကြည့်ရအောင် မှန်ဘီလူးနဲ့ မှန်ပြောင်းနဲ့ ကြည့်လိုက်လို့ရှိယင် မြင်ရသလိုပဲ၊ ပကတိအသိဉာဏ်နဲ့ မသိနိုင်တာတွေကို ဝိပဿနာဉာဏ်နဲ့သိအောင် မြတ်စွာဘုရားက ပေးထားတယ်၊ သတိပဋ္ဌာန်နည်းနဲ့။

ဝိရိယ လက်နက်ဆောင်

အာတာပီ သမ္မဇာနော သတိမာ။

အာတာပီ၊ သမ္မပ္ပဓာန်လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍။ အာတာပီ၊ ကိလသာတွေကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍။

အဲဒီသမ္မပ္ပဓာန်ဝီရိယ လက်နက်ကလေးလဲ ဆောင်ထားပါတဲ့၊ ကိလေသာတွေကို ပူလောင်သွေ့ခြောက်တယ်၊ ပူစေတတ်တယ်တဲ့၊ ကိလေသာတွေကို အပူတိုက်တတ်တယ်၊ ကိလေသာတွေက အစိုသဘောနှလုံးသွင်း၊ ပြီးတော့ ဒီဒေသနာက ဟောထားတယ်၊ နေပူလိုက်လို့ရှိယင် အပူဓာတ်တွေက ခြောက်သွားတာလို မီးကင်လိုက်လို့ရှိယင် အစိုဓာတ်တွေ ခြောက်သွားသလိုပဲ၊ အခုအဝတ်တွေများ လျှော်ထားလို့နေပူလှမ်းလိုက်ယင် ခြောက်သွားတာလို၊ ဒါမှမဟုတ်ယင်လဲ မီးပူနဲ့တိုက်လိုက်ယင် ခြောက်သွားတာလို အဲဒီလို အပူဓာတ်နဲ့ တိုက်လိုက်တဲ့အခါမှာ အစိုဓာတ်တွေ ခြောက်သွေ့သွားသလိုပဲ၊ ကိလေသာဓာတ် အစိုဓာတ်တွေကို သမ္မပ္ပဓာန် လုံ့လဝီရိယက ပူလောင် ခြောက်သွေ့စေတတ်တယ်တဲ့။

သမ္မပ္ပဓာန်လုံ့လက အခုနကပြောသလို ဖြစ်တိုင်းဖြစ်တိုင်းတွေကိုသာ ရှုနိုင်အောင် ကြောင့်ကြစိုက်ပြီးတော့ ပေးနေပါတဲ့၊ ကြောင့်ကြစိုက်ပြီးတော့ ရှုနေလို့ရှိယင် မဖြစ်သေးတဲ့အကုသိုလ်တွေလဲ ဖြစ်ခွင့်မရဘူး၊ ရှေးကဖြစ်ဖူးတဲ့ အကုသိုလ်တွေလဲ

ဖြစ်ခွင့်မရတော့ ခြောက်သွေ့ကုန်တာပေါ့၊ မြင်ရာကလဲ ဖြစ်ခွင့်မရ၊ ကြားရာကလဲဖြစ်ခွင့်မရ၊ နံရာ, စားရာ, တွေ့ထိရာ, ဘယ်ကမှ ဖြစ်ခွင့်မရဘူး၊ "မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်" မမြင်တာက သူ့ဟာသူငြိမ်းတာ၊ အားထုတ်လို့ မဟုတ်ဘူး၊ "မြင်ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်" မြင်လို့ ရှိယင် ကိလေသာ ဖြစ်မယ်၊ ဒီတော့ ရှုလိုက်ပါတဲ့၊ ကြားရာမှာလဲ ကိလေသာဖြစ်နိုင်တယ်တဲ့၊ ရှုလိုက်ပါတဲ့၊ နံရာ, စားရာ, တွေ့ထိရာတွေမှာ မရှယင် ကိလေသာဖြစ်နိုင်တယ်တဲ့၊ ရှုလိုက်ပါတဲ့၊ စိတ်ကူး စဉ်းစား ကြံစည်ရာမှာလဲ ကိလေသာဖြစ်နိုင်တယ်၊ ရှုလိုက်ပါတဲ့၊ ဒွါရ ၆-ပါးက အာရုံ ၆-ပါးရလာပြီ ဆိုတော့ အဲဒီအတိုင်း နောက်ကလိုက်ပြီးတော့ ရှုပါတဲ့။

သတိနှင့်ဉာဏ်

အမှတ်သတိကလေး, ဉာဏ်ကလေးထည့်ပေးပါတဲ့၊ ဘာနဲ့တူသလဲဆိုယင် အခုအစာကြေဆေးလေးများ စားတာနဲ့တူတယ်၊ နေမကောင်းလို့ နာလန်ထခါစပုဂ္ဂိုလ်တွေ၊ သိပ်မကျန်းမာသေးဘူး၊ အစားကောင်းကလဲ စားချင်တယ်၊ အစားကောင်းကောင်း မစားရတော့ အစာအိမ်က အစာတောင်းတယ်၊ တောင်းတယ်ဆိုတာ စားချင်တာ၊ တောင်းတာတွေကလဲ လူမမာနဲ့ မတည့်တာတွေ၊ အဲဒါကို စားချင်လွန်းမကစားချင်တော့ ဆရာကတော့ စားတော့ဆိုပြီး ကျွေးလိုက်တယ်၊ ကျွေးပြီးတော့ ဆေးကလေးကျွေးတယ်၊ အစာကြေတဲ့ ဆေးကလေး ကျွေးတယ်၊ အစာကြေတဲ့ ဆေးကလေး ကျွေးလိုက်တော့သူ့မှာ ဘာမှမဖြစ်ဘူး၊ အစာကြေတဲ့ဆေးသာမကျွေးယင် အဲဒီအစာတွေကမကြေပဲ ဖြစ်ပြီးတော့တော်တော်ကြာယင် ရောဂါဝေဒနာတွေ ပြန်တက်လာမှာ၊ ရောဂါမတတ်ရအောင်ဟာ အစာကြေဆေးလေးစားလိုက်တယ်၊ ဟန်ကျသားပဲ၊ ဗမာဆေးတွေ၊ နန်းတွင်းလျှာပွတ်ဆေးတို့ဆိုတာ ရှိတယ်။

အဲဒါလိုပဲ အခု မြင်တိုင်းကြားတိုင်း နောက်ကလိုက်ပြီး သတိ, သမာဓိ, ဉာဏ်ကလေးထည့်ပေးပါတဲ့၊ အရေးကြီးတာကတော့ သတိနဲ့ဉာဏ်ကလေးထည့်ပေးပါတဲ့၊ အစာကြေးဆေးတွေ ခြေလိုက်တာကိုး၊ အစာတွေကို ခြေချလိုက်တယ်၊ တခါတည်း ရောဂါတွေမဝင်ရအောင်လို့၊ အဲဒီလိုထည့်ပေးဖို့ရာက သမ္မပ္ပဓာန် လုံ့လကလေးက ကြောင့်ကြစိုက်မှ၊ ကြောင့်ကြမစိုက်ပဲနဲ့ သူကအိပ်နေလို့ရှိယင် အလုပ်မလုပ်ပဲနေယင် မှတ်မိမှာမဟုတ်ဘူး၊ အသိမဖြစ်ဘူး၊ သမ္မပ္ပဓာန်လုံ့လကလေးက ကြောင့်ကြစိုက်ပြီးတော့ အလုပ်လုပ်နေမှ၊ လုပ်ရတယ်၊ မြင်တာမှတ်မိအောင် အားထုတ်ပေး၊ ကြောင့်ကြစိုက်ပေး၊ ကြားတာမှတ်မိအောင်၊ နံတာ, စားတာ, တွေ့ထိတာ, သူ့ဟာ တကြိမ်တခါ မဟုတ်တော့ တော်တော်တော့ တာဝန်လေးတာ၊ မြင်တိုင်း, ကြားတိုင်း, တနေ့လုံးလျှောက်ပြီးတော့ ရှုနေရတာကိုး၊ နားရတယ်မှမရှိပဲ၊ အဲဒီသမ္မပ္ပဓာန် ဝီရိယက မပျင်းမရိမတွန့်မဆုတ်ပဲနဲ့ ကြောင့်ကြစိုက်ပြီးတော့ ပေးနေမှဖြစ်တယ်၊ အဲဒီလို ကြောင့်ကြစိုက်ပေးနေယင် မြင်တိုင်း, ကြားတိုင်း, ဒွါရ ၆-ပါးက ရှုမှတ်မိပြီးတော့ ကိလေသာတွေမဖြစ်ရဘူး၊ အဲဒါဘာတုံးဆိုတော့–

အာတာပီ၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက် စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍။ ကိလေသာတွေကို ပူလောင်ခြောက်သွေ့စေတတ်၊ ကင်းပျောက်စေတတ်တဲ့ သမ္မပ္ပဓာန်လုံ့လနဲ့ပြည့်စုံရမယ်တဲ့၊ အင်မတန်ကောင်းတယ်၊ ဒီနည်းကလေး ပေးထားတာ၊ အဲဒါလိုလုပ်တဲ့ လုံ့လဝီရိယနဲ့ မှတ်မိအောင် ကြောင့်ကြစိုက်ပေးနေရမယ်တဲ့၊ တမှတ်ပြီးတာနဲ့ အေးမနေနဲ့တဲ့၊ တော်လောက်ပါပြီဆိုပြီး ရပ်မနေနဲ့တဲ့၊ တမှတ်ပြီးတမှတ် တမှတ်ပြီးတမှတ် မြင်တိုင်း, ကြားတိုင်းတွေ အကုန်လုံး ရှုမှတ်နေရမယ်၊ ဖောင်းတာ, ပိန်တာတွေ၊ ဘာမှမှတ်စရာမရှိယင် ဖောင်းတာပိန်တာတွေ တခုပြီး တခုသာမှတ်နေ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်နေပါတဲ့၊ မှတ်နေယင် ကိလေသာတွေဝင်ခွင့်မရပဲ ဖြစ်နေပါလိမ့်မယ်တဲ့၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊ ကင်းသွားလို့ရှိယင် ဘာဖြစ်မလဲဆိုတော့၊ သတိမာ၊ အမှတ်ရသည်ဖြစ်၍၊ သတိရတော့မှာပေါ့၊ ကြောင့်ကြစိုက်ပေးနေယင် အမှတ်ရတယ်၊ ကြောင့်ကြမစိုက်ယင် အမှတ်မရဘူး၊ သတိက အမှတ်ရပြီဆိုယင် မှတ်မိတဲ့အတိုင်း ဘာဖြစ်မလဲဆိုယင်–

"သမ္မဇာနော၊ မှန်စွာသိသည်ဖြစ်၍" သမ္မဇာနောဆိုတာ မှန်စွာကောင်းစွာ မှန်စွာအပြားအားဖြင့် သိတယ်၊ မှန်စွာသိပြီတဲ့၊ ရုပ်တရား, ရုပ်တရား သဘောအတိုင်း၊ နာမ်တရား, နာမ်တရား သဘောအတိုင်း၊ ဖြစ်ယင်ဖြစ်တဲ့အတိုင်း၊ ပျက်ယင်ပျက်တဲ့အတိုင်း၊ မမြဲယင်မမြဲတဲ့အတိုင်း၊ အမှန်အတိုင်း သိပါလိမ့်မယ်၊ ရုပ်အမူအရာတွေ၊ ကွေးယင်ကွေးတယ်၊ ကွေးတယ်ဆိုတော့ ကွေးတဲ့ရုပ်ကလေးတွေ၊ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့ သဘောလေးတွေကို ကွေးတယ်လို့ မှတ်ယင်း မှတ်ယင်း သူက ထင်ရှားသိတယ်၊ တရွေ့ကတရွေ့မရောက်ပဲနဲ့ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွားတာတွေကို ထင်ရှားသိရတယ်၊ ရှုမှတ်တဲ့စိတ်ကလေးတွေလဲ သိပြီးပျောက် သိပြီးပျောက်နဲ့ပဲ သိရတယ်။

အဲဒါ သမ္မဇာနော မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍တဲ့၊ ကိုယ်တိုင်မှန်စွာ အပြားအားဖြင့် သိတယ်တဲ့၊ အဲဒီ လက်နက်ကလေးတွေ ထည့်ပေးထားပါတယ်။

ကာယာနုပဿနာ

ဒါနဲ့လုပ်လို့ရှိယင်–

ကာယေ၊ ရူပ်အပေါင်းကိုယ်၌။ ကာယေ၊ မမြ, ဆင်းရဲ, အစိုးလဲမရ, မလုပ မတင့်တယ်သော ရူပ်အပေါင်းကိုယ်၌။ ကာယာနုပဿီ၊ မမြ, ဆင်းရဲ, အစိုးလဲမရ, မလုပ မတင့်တယ်သော ရူပ်အပေါင်းဟု ရှုမြင်လျက်။ ဝိဟရတိ၊ နေနိုင်ပါလိမ့်မည်။

ရူပ်၌ ရှုရကျိုး

အဲဒီလိုရှုနေတော့ ဘာအကျိုးရမလဲဆိုတော့–

ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿ။

လောကေ၊ မရှုမိတဲ့ရုပ်နာမ်အပေါင်း လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ မရှုမိလျှင်ဖြစ်နိုင်သော အဘိဇ္ဈာနှင့်ဒေါမနဿကို။ ဝါ၊ လောဘနှင့် ဒေါသကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေနိုင်၏။

မရှုမိယင် မရှုမိတဲ့အာရုံမှာ လောဘ, ဒေါသဖြစ်ပါလိမ့်မယ်၊ မြင်ရတဲ့အာရုံကို မရှုမိယင် အဲဒီအာရုံဟာ နှစ်သက်သာယာစရာကောင်းယင် လောဘဖြစ်လိမ့်မယ်၊ မုန်းစရာကောင်းယင် ဒေါသဖြစ်လိမ့်မယ်၊ ကြားရတဲ့အာရုံလဲ ထို့အတူပဲ၊ နံရတဲ့အာရုံ, စားရတဲ့အာရုံ, တွေ့ထိရတဲ့ အာရုံတွေလဲ အတူတူပဲ၊ နှစ်သက်စရာ ကောင်းတဲ့အာရုံတွေဆိုယင် လောဘဖြစ်တယ်၊ မုန်းစရာကောင်းတဲ့အာရုံနဲ့တွေ့ယင် ဒေါသဖြစ်လိမ့်မယ်၊ အဲဒီလိုမဖြစ်ရအောင် ဒီက သမ္မပ္ပဓာန်ဝီရိယနဲ့ ကြောင့်ကြစိုက်ပေးလို့ အမှတ်ရသွားတာကိုး။

မြင်ယင် မြင်တယ်၊ ကြားယင် ကြားတယ်၊ ဖောင်းယင် ဖောင်းတယ်၊ ပိန်ယင် ပိန်တယ်, ကွေးတယ်, ဆန့်တယ်, ထိုင်တယ်, ထတယ်, အကုန်လုံးမှတ်ရနေတယ်၊ အမှတ်ရတော့ အဲဒီအာရုံကို အမှန်အတိုင်း သိသွားတယ်တဲ့၊ ရုပ်သဘောလေးတွေ အမှန်အတိုင်းသိတယ်၊ အမှန်အတိုင်းသိတော့ နှစ်သက်စရာ အာရုံရယ်လို့လဲ သူ့စိတ်ထဲမှာ စွဲမထားဘူး၊ မုန်းစရာရယ်လို့လဲ စွဲမထားဘူး၊ ကိလေသာမဖြစ်ဘူး၊ အဘိဇ္ဈာ, ဒေါမနဿ, လောဘ, ဒေါသတွေ ငြိမ်းတယ်တဲ့၊ အဲဒီလိုအားထုတ်ပါတဲ့၊ ပေါ်လာသမျှ ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်။ ဆိုရမယ်–

> ဖြစ်ပေါ်လာသော ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာ ငြိမ်းလေတော့သည်၊ ကိလေသာငြိမ်းအောင် ဒီလို မှတ်သိနေတာကို ကာယာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်သည်၊ အဲဒါ သမ္မာသတိ မဂ္ဂင်ပဲ။

ဝေဒနာနုပဿနာ

ထို့အတူ ဝေဒနာနုပဿနာလဲပဲ ဒီအတိုင်းပဲ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဝေဒနာသု၊ ဝေဒနာဟူသမျှတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟုရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဝေဒနာကလဲ ဘယ်လိုသဘောရှိတုံး၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောပဲ၊ ခံစားမှု ဝေဒနာတွေ အနိစ္စ၊ မမြဲတာပဲ။ ဒုက္ခ၊ ဆင်းရဲချည်းထဲပဲ။ အခံခက်တဲ့ ဆင်းရဲလဲပါတယ်၊ ဒီကတော့ အခံခက်တဲ့ ဆင်းရဲမဟုတ်ပဲနဲ့ ကောင်းတာလဲပါတယ်၊ ကောင်းတာတွေကလဲ ဝိပရိဏာမဒုက္ခတွေ၊ ဖောက်ပြန်ပြောင်းလဲပြီးသွားယင် သူမရှိတော့ဒုက္ခရောက်တယ်၊ အလယ်အလတ် ဥပေက္ခာ ဆိုတာလဲ ပါတယ်၊ အဲဒါကလဲ သူဖြစ်ပျက်နေလို့ သူလဲသခ်ါရပါပဲတဲ့။

ဒုက္ခ ၃–မျိုး

ဒုက္ခ ၃–မျိုးရှိတယ်၊ အခံခက်တဲ့ ဒုက္ခဝေဒနာက ဒုက္ခဒုက္ခတဲ့၊ သူက အခံခက်တဲ့သဘောရှိလို့၊ သူ့ကို ဒုက္ခလို့ ဆိုတယ်၊ သူ့နာမည်ကလဲဒုက္ခပဲ၊ ဒုက္ခဆိုတဲ့ နာမည်လဲသူဝေါဟာရရှိတယ်၊ သူက အခံလဲခက်တယ်၊ ၂–မျိုးရှိတယ်၊ ၂–မျိုးလုံး ဒုက္ခပဲ၊ ဒုက္ခအစစ်လို့ ဆိုလိုပါတယ်၊ အခံခက်တဲ့ဝေဒနာက ဒုက္ခ ဒုက္ခ အခံခက်တဲ့ဆင်းရဲက ဒုက္ခ ဒုက္ခ၊ ဒီလိုမှုဖြစ်မယ်။

ကောင်းတဲ့ချမ်းသာက ဝိပရိဏာမဒုက္ခ၊ ကောင်းတယ်လို့ ဆိုရတဲ့ မြင်လို့ကောင်း, ကြားလို့ကောင်း, နံလို့ကောင်း, စားလို့ကောင်း, တွေ့လို့ကောင်း, ကောင်းတယ်ဆိုတာတွေက သုခဝေဒနာတွေခေါ်တယ်၊ ချမ်းသာတယ်၊ ကောင်းတဲ့ချမ်းသာက ဝိပရိဏာမဒုက္ခတဲ့၊ သူပြောင်းလွဲသွားတဲ့အခါ သူမရှိတဲ့အခါ မနေတတ်မထိုင်တတ် ဖြစ်တယ်။

အလယ်အလတ် ဥပေက္ခာက အလယ်အလတ် မဆိုးမကောင်းပေါ့လေ၊ အလယ်အလတ်ဥပေက္ခာက သခ်ၤါရဒုက္ခ၊ အဲဒါကတော့ မထင်ရှားဘူး၊ အလယ်အလတ် ဥပေက္ခာကတော့ မထင်ရှားဘူး၊ ဒီပြင်ဟာတွေကတော့ ထင်ရှားတယ်၊ သူက တော့ မြင်တာကြားတာ သာမည‌ပဲ ထင်ရှားတယ်၊ အဲဒါလေးတွေဟာ မမြဲဘူးတဲ့၊ ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတယ်တဲ့၊ ဒါကြောင့် သခ်ၤါရဒုက္ခတဲ့၊ အဲဒီဒုက္ခကတော့ မလွယ်ဘူးတဲ့၊ ဘယ်ဝေဒနာပဲဖြစ်ဖြစ်၊ မခံသာတဲ့ ဒုက္ခဝေဒနာဆင်းရဲဆိုလို့ ရှိယင် ဒုက္ခဒုက္ခပဲတဲ့၊ ဒါကတော့ ဒုက္ခအစစ်ပဲ၊ မြင်လို့ ကြားလို့ ကောင်းတဲ့ သုခဝေဒနာဆိုတာကလဲပဲ သူက ဝိပရိဏာမဒုက္ခတဲ့၊ ပြောင်းလွဲဖောက်ပြန်ပြီး ဆင်းရဲဖြစ်တယ်၊ ပြီးတော့ မဆိုးမကောင်း အလယ်အလတ် ဥပေက္ခာဝေဒနာဆိုတာ ရှိတယ်၊ အဲဒါက လဲပဲ ဖြစ်ပြီးပျောက်သွားလို့ သခ်ၤါရဒုက္ခပဲတဲ့၊ မမြဲဘူးတဲ့၊ ဖြစ်ပြီးပျောက်လို့ သခ်ၤါရဒုက္ခ၊ အဲဒီဒုက္ခ ၃–မျိုး တခုခုနဲ့ ထင်မြင်နေ ရမယ်လို့ ဆိုလိုပါတယ်။ ဆိုရမယ်–

အခံခက်တဲ့ ဆင်းရဲက၊ ဒုက္ခ ဒုက္ခ။
ကောင်းတဲ့ ချမ်းသာက၊ ဝိပရိဏာမဒုက္ခ။
မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာက သခ်ၤါရဒုက္ခ။

ဒီတော့ ဒီဒုက္ခ ၃–မျိုး တခုခုတော့ ထင်ရမှာပေါ့လေ၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆–ပါးက ရှုပြီးတော့နေတဲ့အခါ မကောင်းတာတွေ မြင်ရ ကြားရ တွေ့ရတဲ့အခါမှာ ကိုယ်ထဲ စိတ်ထဲမခံသာတာဖြစ်လာတယ်၊ ဒါကတော့ ထင်ရှားတယ်၊ လူတိုင်းပဲသိတယ်၊ မကောင်းဘူးလို့ ဆင်းရဲကထင်ရှားတယ်။

မြင်လို့ကြားလို့ ကောင်းတာလေးတွေကျတော့လဲပဲ သူတို့ဖြစ်နေတုန်းတော့ အတော်သားပဲ၊ သူတို့မရှိတဲ့အခါကျယင် မနေတတ်၊ မထိုင်တတ် ဖြစ်တတ်တယ်၊ ဒါကြောင့် ဝိပရိဏာမဒုက္ခလို့ခေါ်တယ်၊ ပြောင်းလဲဖောက်ပြန်တဲ့အခါမှာ ဆင်းရဲတယ်တဲ့၊ ပြုစားသွားသလိုပဲ၊ ချမ်းချမ်းသာသာနေရတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းချမ်းသာသာမနေရတဲ့အခါကျတော့ သူကမနေတတ် မထိုင်တတ်ဖြစ်တယ်၊ ဥပမာအားဖြင့်ဆိုပါတော့ ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်နဲ့ အတူတကွနေနေရတယ်၊ ၂–ယောက်ဖြစ်စေ၊ ၃–ယောက်ဖြစ်စေ၊ ၄–ယောက်ဖြစ်စေ၊ အများဖြစ်စေပေါ့၊ အဲဒီအပေါင်းအဖော်တွေနဲ့ ပျော်လို့ကောင်းသားပဲ၊ အချင်းချင်း တွေ့ဆုံစကား ပြော အကုန်လုံးညီညွတ်ပြီးတော့နေတော့ ချမ်းသာလို့ကောင်းသား၊ နောက် အကြောင်းမသင့်လို့ တဦးနဲ့တဦး ခွဲရတော့မယ်ဆိုယင် ဒုက္ခရောက်တယ်၊ များများကြီးပျော်ခဲ့လေ များများကြီးမခွဲချင်လေလေပဲ၊ ခွဲရယင် သိပ်ဒုက္ခရောက်တယ်၊ အဲဒီမှာ ပုံမတော်လို့ရှိယင်ဖြင့် ရူးချင်ရူးတတ်တယ်၊ သေလဲသေတတ်တယ်၊ မခွဲချင်တာတွေနဲ့ ခွဲရတဲ့အတွက် ဒုက္ခဖြစ်တတ်တယ်၊ ပစ္စည်းဥစ္စာတွေနဲ့ ပေါများချမ်းသာပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဆိုယင်လဲ ချမ်းချမ်းသာသာနဲ့ နေခဲ့ရတော့ ပစ္စည်းဥစ္စာတွေဟာ ရုတ်တရက် မီးလောင်လို့ဖြစ်စေ၊ သူခိုး ခိုးလို့ဖြစ်စေ၊ ဒမြတိုက်လို့ဖြစ်စေ၊ ရန်သူမျိုး ငါးပါးတနည်းနည်းနဲ့ ပျက်စီးသွားပြီ ဆိုယင် အဲဒါလဲ တရားအခံမရှိယင် ဒုက္ခရောက်တတ်တယ်၊ ပုံမတော်ယင်သေတောင် သေတတ်တယ်၊ ရူးတတ်တယ်၊ ဒုက္ခတွေ ဖြစ်တတ်တယ်၊ ဒါကြောင့် ကောင်းတဲ့ချမ်းသာက ဝိပရိဏာမဒုက္ခတဲ့၊ သူမရှိတဲ့ အခါကျတော့ ဒုက္ခပေးသွားတယ်တဲ့။

အလယ်အလတ် မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာဆိုတာ ရှိတယ်၊ သူကတော့ မထင်ရှားပါဘူး၊ ဒါပေမယ်လို့ သူလဲမမြဲဘူးတဲ့၊ ဖြစ်ပြီးပျောက်နေတာပဲတဲ့၊ မြင်ပြီး ပျောက်၊ ကြားပြီး ပျောက်၊ ခဏမစဲ ပျောက်နေတာပဲတဲ့၊ သခ်ၤါရဒုက္ခ၊ အဲဒီ ၃–မျိုး တခုခု ထင်ရမယ်လို့ ဆိုတယ်။

ဝေဒနာသု၊ ဝေဒနာတို့၌။ ဝါ–ဝေဒနာသု၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောရှိသော ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ မမြဲ ဆင်းရဲ အစိုးလဲမရ အနတ္တသဘောရှိသော ဝေဒနာဟု ရှုမြင်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အနိစ္စ, ဒုက္ခ, အနတ္တရှုပြီးတော့ သိရမယ်တဲ့၊ ဝေဒနာကလေးတွေ ဖြစ်တဲ့အခါ ရှုပြီးတော့ သိရမယ်၊ ခုနက အာတာပီ သမ္မာနောသတိမာ–ဆိုတာတွေ ကတော့ တူနေပါပြီ။

စိတ္တာနုပဿနာ

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တေ၊ စိတ်၌။ ဝါ–စိတ္တေ၊ မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောရှိသော စိတ်တရား၌။ စိတ္တာနုပဿီ၊ မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောမျှဟု ရှုမြင်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

စိတ်လဲပဲ အနိစ္စ, ဒုက္ခ, အနတ္တမြင်အောင် ရှုပါတဲ့၊ စိတ်ကူးကလေးတွေများ ဖောင်းတယ် ပိန်တယ်မှတ်နေတဲ့အခါ စိတ်ကူးလေး တချက်ထွက်သွားလိုက်၊ နှစ်သက်သာယာပြီး ထွက်သွားတာရှိတယ်၊ စိတ်ဆိုးစိတ်ညစ်ပြီး ထွက်သွားတာရှိတယ်၊ ဘယ်လိုထွက်ထွက်ပေါ့လေ၊ ဖြစ်တဲ့စိတ်ကလေး လိုက်မှတ်လိုက်၊ ပျောက်သွားပြီမရှိဘူး၊ ထို့အတူ မြင်တဲ့, ကြားတဲ့စိတ်တွေလဲ ရှိတာပဲ၊ ဒါတွေလဲ ဖြစ်ပြီးပျောက်သွားတာပဲ၊ အဲဒီစိတ်ကလေးတွေ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ရှုနေယင် ဖြစ်ပြီးပျောက်သွားတာ၊ ဒါကတော့ အင်မတန်ထင်ရှားပါတယ်၊ မရှုယင်တော့ မထင်ရှားဘူး၊ စိတ်ကူးက ဒီတိုင်းဆင်ခြင်လို့တော့ ခက်ပါတယ်၊ ဒီစိတ်ကို မမြဘူးလို့ သိဖို့ရာတော်တော်ခက်တယ်၊ အကောင်အထည်လဲ ရှာလို့မရဘူး၊ ဒါပေမယ်လို့ အကောင်အထည်ရှိတယ်လို့ပဲ ထင်တယ်၊ စိတ်ကလေးကို ငယ်ငယ်ကတည်းက စပြီး တယောက်တည်း တစိတ်တည်း တကိုယ်တည်း ဖြစ်နေတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းတွေ ရှုလိုက်တော့ သူ့ဟာသူ အရှင်းသားပဲ၊ စိတ်ကလေး ဖြစ်ပြီးပျောက်လိုက်၊ ဖြစ်ပြီးပျောက်လိုက်၊ မမြတဲ့တရားပဲဆိုတာ ထင်ရှားတယ်၊ မမြဘူး ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲပဲ၊ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်တဲ့ သဘောတရားမျှပဲဆိုတာ ထင်ရှားနေပါတယ်။

ဓမ္မာနုပဿနာ

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟု ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

မြင်မှု, ကြားမှု, အစရှိတဲ့ သာမည သဘောတရားဖြစ်တိုင်း ဖြစ်တိုင်း ရှုပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ထင်ပြီးတော့ နေပါတဲ့၊ အဲဒီလို ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊ သမ္မပ္ပဓာန်ဝီရိယနဲ့ ကြောင့်ကြစိုက်ရမယ်၊ ကြောင့်ကြစိုက်ပြီးတော့ မပြတ်မှတ်လျက် အမှန်အတိုင်းသိမြင်ရမည်၊ မပြတ် မှတ်နေယင်တော့ အမှန်အတိုင်း သိတော့တာပါပဲ၊ မသိလို့ကို မဖြစ်ပါဘူး၊ အဲဒီလိုသိလို့ရှိယင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်၊ မဖြစ်သေးတဲ့ကိလေသာတွေလဲ မဖြစ်ရဘူး၊ ဖြစ်ပြီးသားတွေလဲ ပယ်ပြီးသားဖြစ်ပြီးတော့ ငြိမ်းသွားတယ်၊ အဲဒီလိုရှုရာမှာ အမှတ်ရတဲ့ သတိကလေးပါတယ်၊ ဒါကို ပဓာနပြုပြီးဟောထားတယ်၊ ဒီအထဲမှာ တရားကိုယ်ကောက်ထုတ်မယ်ဆိုလို့ရှိယင် သမ္မပ္ပဓာန်ဝီရိယလဲ ဒီထဲမှာပါနေတယ်၊ ဒါပေမယ့် သူက ဒီမှာလိုရင်းမဟုတ်ဘူး၊ နောက်ပြီးတော့ အမှန်အတိုင်းသိတဲ့ ဉာဏ်လဲ ဒီအထဲမှာပါနေတယ်၊ သူက ဒီမှာလိုရင်းမဟုတ်ဘူး။

သတိမာ၊ အမှတ်ရသည်ဖြစ်၍။ ဒါလေးလိုရင်းပဲ၊ အဲဒီ သတိကလေးပဲ၊ အဲဒီရုပ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့အသိ၊ ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့ သတိ၊ စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ သဘောတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ သတိပဋ္ဌာန် ၄–ပါး၊ အဲဒါဟာ သမ္မာသတိပဲတဲ့။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ရုပ် ဝေဒနာ စိတ်သဘောတရားတို့၌ အမှတ်ရသောသတိကို။ သမ္မာသတိ၊ သမ္မာသတိဟူ၍။ ဝါ၊ အမှတ်အတိုင်း အမှတ်ရသော သတိဟူ၍။ ဝုစ္စတိ၊ ခေါ်ဆို၏။

ရုပ်အမူအရာတွေဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့ သတိ၊ သဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့ သတိ၊ အဲဒါဟာ သမ္မာသတိမဂ္ဂင်တဲ့။

အခုတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဒီသမ္မာသတိမဂ္ဂင်တွေ အမြဟွားနေတယ်၊ ဖောင်းတယ်ပိန်တယ်လို့ ကိုယ်အမူအရာတွေ မှတ်တိုင်း မှတ်တိုင်း ကာယာနုပဿနာသတိပေါ့၊ ဒါသမ္မာသတိပဲ၊ ကွေးတိုင်း, ဆန့်တိုင်း, ကြံ့တိုင်း, လှမ်းတိုင်း, ချတိုင်း, ကိုယ်အမူအရာတွေ ပြုပြင်တိုင်း, အမှတ်ရနေတာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ သမ္မာသတိမဂ္ဂင်ပဲ။

ဝေဒနာ ညောင်းတာ, ပူတာ, နာကျင် ကိုက်ခဲတာတွေ, ဝေဒနာတွေ, ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတယ်လို့ မှတ်တာက ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဒါလဲ သမ္မာသတိမဂ္ဂင်ပဲ၊ အဲဒါ ကိုယ်ထဲကအခံခက်တဲ့ ဒုက္ခဝေဒနာတွေပဲ၊ စိတ်ထဲကနေပြီး စိတ်ညစ်, စိတ်ပျက်, စိတ်နှလုံးမသာတွေ မှတ်နေတာလဲပဲ ဒုက္ခဝေဒနာမှတ်လို့ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ သမ္မာသတိမဂ္ဂင်ပဲ၊ ပြီးတော့ကိုယ်ထဲကနေပြီး ကောင်းတာကလေးတွေ, တွေ့ထိတာကလေးတွေ ရှိတယ်၊ ကောင်းတယ်လို့လဲပဲ ပြောရတယ်၊ ကောင်းတယ်လို့ ဒါတခုပဲရှိတယ်၊ တွေ့ထိကောင်းယင် ကောင်းတယ်လို့ပဲ ပြောရတယ်၊ စာအရ ကျမ်းဂန်ဝေါဟာရကတော့ ချမ်းသာတယ်၊ သုခပဲတဲ့၊ ဒါပေမယ်လို့ အရပ်သုံးကတော့ သုခ၊ ချမ်းသာတယ်လို့ မသုံးဘူး၊ ကောင်းတယ်လို့ပြောတယ်၊ စိတ်ထဲမှာလဲပဲ အာရုံကောင်းကလေးတွေနဲ့ တွေ့တဲ့အခါမှာ စိတ်ကူးပြီးတော့ စိတ်ချမ်းသာနေတာ ရှိတယ်၊ ဒါကတော့ ချမ်းသာတယ်လို့လဲ ပြောပါတယ်၊ စိတ်ထဲမှာ ချမ်းသာနေတယ်၊ ပျော်နေတယ်၊ ဝမ်းသာနေတယ်၊ ဒီလိုပြောကြတယ်၊ အဲဒါတွေကိုလဲ ဖြစ်တိုင်းဖြစ်တိုင်းမှတ်ယင် ဒါ ဝေဒနာနုပဿနာသတိပဋ္ဌာန်ပဲ၊ ရိုးရိုးတန်းတန်း မကောင်းမဆိုး ရိုးရိုးတန်းတန်းဝေဒနာကလေးတွေ အမှတ်ရနေတာ၊ ဒါလဲ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ သူလဲ သမ္မာသတိမဂ္ဂင်ပဲ၊ အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဒီသတိပဋ္ဌာန်တွေဖြစ်နေတာပဲ။

နောက် စိတ်ကူးတွေဖြစ်ပြန်ပြီ၊ ရာဂနှင့်တကွဖြစ်သောစိတ်၊ ရာဂကင်းသောစိတ်၊ ဒေါသနှင့်တကွသောစိတ်၊ ဒေါသကင်းသောစိတ်၊ စိတ်တွေလဲ ဖြစ်တိုင်းဖြစ်တိုင်း မှတ်နေတာကိုး၊ ယောဂီပုဂ္ဂိုလ်က မှတ်နေတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်တွေဖြစ်နေတယ်၊ သူကလဲပဲ သမ္မာသတိမဂ္ဂင်ပဲ။

မြင်တိုင်းကြားတိုင်း ဒွါရ ၆–ပါးက ဖြစ်တိုင်းဖြစ်တိုင်း သဘောတရား သာမညတွေရှယင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ကာမစ္ဆန္ဒခေါ်တဲ့ နှစ်သက်သာယာမှုဖြစ်ယင် မှတ်လိုက်၊ ဗျာပါဒခေါ်တဲ့ ဒေါသဖြစ်ယင်မှတ်လိုက်၊ ဒါက ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ သူလဲ သမ္မာသတိပဲ၊ အဲဒါသမ္မာသတိမဂ္ဂင်။

အဲဒါ မှတ်တိုင်းမှတ်တိုင်းဟာ ဒီသတိသမာဓိမဂ္ဂင် တရားတွေ ထူထောင်ပွားများနေတာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီး၊ အင်္ဂါ အစိတ် အပိုင်း ရှစ်ခုထဲက သူတခုပဲ၊ သူတခုပါတယ်၊ သူတခုဆိုယင်လဲ အကုန်လုံးပါတယ်၊ တရားက တခုချင်းတခုချင်း ထုတ်ပြောနေရတာ၊ နားလည်အောင်လို့ ရှုလိုက်တဲ့အခါ သတိဖြစ်တယ်ဆိုယင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပအစ ရှိတဲ့ တရားတွေ အကုန်လုံးပါတာပါပဲ၊ နောက်မှ ပေါင်းပြောရမယ်၊ အခုတော့ ပြောနေတယ်၊ သမ္မာသတိတဲ့။

သမ္မာသမာဓိ

ကတမောစ ဘိက္ခဝေ သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသမာဓိ၊ သမ္မာသမာဓိမဂ္ဂင်သည်။ ကတမောစ၊ အဘယ်ပါနည်း။

သမ္မာသမာဓိမဂ္ဂင်ဆိုတာ ဘာလဲဆိုတော့ စျာန် ၄–ပါးနဲ့ ဝေဖန်ပြတယ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပထမံစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ဒီကစပြီး စျာန် ၄–ပါးကို ဝေဖန်တယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ၊ ဝတ္ထုကာမကိလေသကာမတို့မှ။ ဝိဝိစ္စေဝ+ဝိဝိစ္စဧဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝစ္စဧဝ၊ ကင်းဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ကြံစည်မှု ဝိတက်လဲ ရှိသော။ သဝိစာရံ၊ စဉ်းစားမှု ဆင်ခြင်မှုဝိစာရလဲဖြစ်သော။ ဝိဝေကဇံ ပီတိသုခံ နိဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ပီတိသုခလဲ ရှိသော။ ပထမံစျာန်၊ ရှေးဦးစွာသော စျာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝါ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

ပထမစျာန် သမာဓိပေါ့၊ ဒီလို ဟောတယ်၊ အရှည်ကြီး၊ ဒါလဲ စိတ်စေတသိက်တွေ ပြောမယ်ဆိုယင် အများကြီးပဲ၊ စျာန်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ် ကသိုဏ်းတွေနဲ့ အားထုတ်ရတယ်၊ ဒါကတော့ ပထဝီကသိုဏ်းခေါ်တဲ့ မြေပုံလုပ်ပြီးတော့ ပထဝီ ပထဝီ၊ မြေ မြေ။ ဒီလိုနှလုံးသွင်း နေရတာကိုး၊ အဆင်းကသိုဏ်းရှလို့ရှိယင် နီလ, ပီတ, လောဟိတတွေ၊ အညိုတွေ့ယင် ညိုတယ်၊ ညိုတယ်–ညိုတယ်ဒါပါပဲ၊ နီလံ–နီလံ–အဝါကသိုဏ်းဆိုယင် ဝါတယ်–ဝါတယ်–ဝါတယ်၊ ရွှေတယ်–ရွှေတယ်–ရွှေတယ်၊ ပီတံ–ပီတံ–ပီတံ လို့ ဒီလို နှလုံးသွင်းနေရတယ်၊ လောဟိတ၊ အနီကသိုဏ်း၊ သြဒါတ၊ အဖြူလဲရှိတယ်၊ အဖြူဆို

လဲ စိတ်နဲ့စိုက်ပြီးတော့ ဖြူတယ်–ဖြူတယ်–ဖြူတယ်၊ အဖြူကသိုဏ်းပဲ၊ ကမ္မဋ္ဌာန်းဆိုတာ သိပ်ထူးထူးဆန်းဆန်းတွေ မဟုတ်ဘူး၊ သမာဓိ ကမ္မဋ္ဌာန်းတွေဟာ စိတ်ငြိမ်းရုံမျှပဲတဲ့၊ တခုတည်းသော အာရုံတည်နေအောင် အားထုတ်တာ။

အဲဒါ အရောင်အဆင်းရှိတဲ့ဟာတွေဟူသမျှ အဲဒီအရောင်အဆင်းကို စိတ်နဲ့ စိုက်ရှုလို့ ရှိယင် အကုန်လုံး ကသိုဏ်းဖြစ်နိုင်တယ်၊ ကိုယ်မှာရှိတဲ့ ဆံပင်ဆိုပါတော့၊ ဆံပင်ကိုမည်းတဲ့အရောင်ကို ကြည့်ပြီးတော့ ညိုတယ်, မည်းတယ်, ညိုတယ်–ညိုတယ်–ညိုတယ်၊ ဒီလိုနှလုံးသွင်းနေယင် နီလကသိုဏ်း ဖြစ်တာပဲ၊ ဒါက သူကလဲရနိုင်တယ်၊ ဖြူတာကို တွေ့လို့ရှိယင်လဲပဲ ဥပမာ လက်သည်းခွံတို့ ဖြူနေတာတွေ့ခဲ့လို့ရှိယင် သူ့ကိုလဲ နှလုံးသွင်းပြီးရှုနိုင်တယ်၊ သွားဆိုယင်တော့ အင်မတန် ထင်ရှားတာပေါ့၊ အဲဒါလဲ ရှုနိုင်တယ်၊ သီဟိုဠ်မှာ မဟာတိသမထေရ်ဆိုတာ ဆွမ်းခံကြွယင်း လမ်းမှာ ဒကာမတယောက်နဲ့ တွေ့တယ်၊ အာမတယောက်က သူက ရဟန်းတွေ့တော့ ရယ်တာကိုး၊ ရယ်လိုက်တော့ သွားမြင်တယ်၊ သွားမြင်တော့ အဲဒီကနေပြီး သမာဓိရသွားတယ်၊ အဲဒါ ၃၂– ကောဋ္ဌာသကမ္မဋ္ဌာန်းလဲ ဖြစ်နိုင်ပါတယ်၊ အရောင်အဆင်းနဲ့ ဆိုယင်လဲ သြဒါတကမ္မဋ္ဌာန်းဖြစ်နိုင်တယ်၊ ဟိုမှာတော့ ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်းနဲ့ ပြောပါတယ်၊ အရိုးစုကမ္မဋ္ဌာန်းလို့ ပြောပါတယ်၊ အဲဒါ အရိုးစုကမ္မဋ္ဌာန်းပဲ၊ အရောင်အဆင်းနဲ့ ဆိုလို့ရှိယင်လဲ ဒါသြဒါတဖြစ်နိုင်ပါတယ်၊ အဲဒါကို စျာန်ရတယ်၊ စျာန်ရပြီးတော့ ချက်ချင်းဝိပဿနာတက်ရှုလိုက်တော့ ရဟန္တာဖြစ်သွားတယ်။

ဒီတော့ သမထသမာဓိကမ္မဋ္ဌာန်းဆိုတာ တခုခုတည်းသောအာရုံကလေး စိတ်စွဲပြီးတော့နေယင် ဒိပြင်အာရုံကို ဘယ်မှ မရောက်ဘူး၊ ငြိမ်းနေတယ်၊ အဲဒါ သူက သမာဓိဖြစ်နေတာပဲ၊ အဲဒီလို နှလုံးသွင်းတော့ ထွက်သက် ဝင်သက်လဲ ရှုနိုင်ပါတယ်၊ ဒါလဲ ပြောအုံးမှဖြစ်မယ်၊ သူ့အတိုင်းတိုင်း ရှိနေတာကိုး၊ ထွက်တိုင်း ဝင်တိုင်း၊ ဝင်တိုင်း ထွက်တိုင်း၊ ကျမ်းဂန် စကားအရဆိုယင်တော့ ထွက်တယ် ဝင်တယ် ဒီလိုပြောရတယ်၊ တရားအားထုတ်တဲ့ အချိန်ကျတော့ ဝင်တာထွက်တာဒီလိုလာတယ်။

အာနာပါန အားထုတ်ပုံ

ဒါကြောင့်မို့ ပဋ္ဌိသမ္ဘိဒါမဂ် အာနာပါနအားထုတ်ပုံ ပြောတော့ ဝင်တာထွက်တာ ပြောတယ်၊ သူကတော့ အဿသဆိုတော့ ဝင်သက်တဲ့၊ ပဿာသထွက်သက်တဲ့၊ ဝင်သက်ထွက်သက်၊ သူ့ဟာပြောင်းပြန်ဖြစ်နေတယ်၊ လောကီကျမ်းတွေမှာ၊ အားလုံး အဿာသဆိုယင် ထွက်သက်ချည်းထဲပဲ၊ ဒါပေမယ်လို့ ပဋ္ဌိသမ္ဘိဒါမဂ်ကတော့ ဝင်သက်တဲ့ အဿာသကို၊ ပဿာသက ထွက်သက်တဲ့၊ ပြောင်းပြန်ဖြစ်နေတယ်၊ ဒါက လုပ်ငန်းစဉ်မှာတော့ အဲဒီအတိုင်းပဲ ထင်ရှားတယ်၊ တရားအားထုတ်တော့မယ်ဆိုယင် ဝင်သက်ကစပြီး နှလုံးသွင်းရတယ်၊ ထွက်သက်ကစ နှလုံးသွင်းလို့တော့ မဖြစ်ပါဘူး၊ တမင်တကာ လုပ်ချင်ပါမှပဲ မဖြစ်ဘူး၊ အသက်ရှူသွင်းတဲ့အခါကစပြီး သတိရတာပဲ၊ ရှူထုတ်လိုက် ရှူသွင်းလိုက် ဒါမျိုးကိုး၊ နှာသီးဖျားကနေ ပြီး ဗိုက်ထိပြီးတော့ ဝင်လိုက်ထွက်လိုက်၊ ဝင်လိုက် ထွက်လိုက် ဒါနှလုံးသွင်းရတာကိုး၊ ဒါသမထကမ္မဋ္ဌာန်း၊ အဲဒီမှာ ဝင်တဲ့ ထွက်တဲ့ အာရုံပေါ်မှာ စိတ်ကလေးတည်နေတယ်၊ ဘယ်မှမသွားတော့ဘူးဆိုယင် သမာဓိဖြစ်နေတာပဲ။

"ကာမေဟိ၊ ဝတ္ထုကာမ ကိလေသကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍ သာလျှင်"

အဲဒီလို နှလုံးသွင်းနေတဲ့အချိန်မှာ ကာမဂုဏ်အာရုံတွေဆီ ရောက်သေးသလား၊ ဝတ္ထုကာမအာရုံတွေဘက် ရောက်တော့ ကိလေသကာမခေါ်တဲ့ နှစ်သက်သာယာမှု လိုချင်မှု ကာမကိလေသာလဲ မဖြစ်ဘူးတဲ့၊ ကာမရာဂတွေလဲ မဖြစ်ဘူးတဲ့၊ ငြိမ်းနေတယ်တဲ့၊ ငြိမ်းရမှာပေါ့၊ ဒီကအာရုံက တရှုထဲ ရှုနေတာကိုး၊ ခုနက ကသိုဏ်းဖြစ်ယင်လဲ ကသိုဏ်းအာရုံ၊ ဝင်သက်ထွက်သက်ဆိုယင်လဲ ဝင်သက်ထွက်သက်အာရုံ၊ ဒီမှာပဲ စိတ်ကတည်နေတာ။

ကာမေဟိ၊ ဝတ္ထုကာမ ကိလေသကာမတို့မှ၊ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍ သာလျှင်။ အကုသလေဟိဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ကာမကိလေသာအပြင် အကုသိုလ်တွေက ရှိသေးတာကိုး၊ ဗျာပါဒတို့ဆိုတဲ့ နီဝရဏတွေ ရှိသေးတယ်၊ ဝိဝိစ္စေဝ၊ ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ ကျန်သော အကုသိုလ်နီဝရဏတို့မှ ကင်း၍သာလျှင်။

ဒီအချိန်မှာ ကသိုဏ်းကို နှလုံးသွင်းနေတဲ့အခါ ပထဝီ ပထဝီ စသည်ဖြင့် နှလုံးသွင်း၊ ဝင်သက်ထွက်သက် နှလုံးသွင်းနေတဲ့အချိန်မှာ ဗျာပါဒ ဒေါသရှိသေးသလားဆိုယင် မရှိဘူး၊ ထိနမိဒ္ဓကော ရှိသေးသလားဆိုယင် မရှိဘူး၊ ရှိလို့ရှိယင်တော့ ပျင်းနေလို့ မရှုနိုင်ဘူး၊ ဥဒ္ဓစ္စကောပျံ့လွင့်နေသလား၊ ကုက္ကုစ္စကော ပူပန်နေသေးသလားတဲ့၊ မရှိဘူးတဲ့၊ အဲဒါတွေဖြစ်နေယင်လဲ ဒီကရှုမှု မဖြစ်ပါဘူး၊ ပြောင်းပြန်ပဲ၊ အပူနဲ့အအေးလိုပဲ၊ အပူရှိယင် အအေးမရှိဘူး၊ အအေးရှိယင်လဲ အပူမရှိဘူး၊ အလင်းနဲ့ အမှောင်လို အလင်းရှိယင် အမှောင်မရှိဘူး၊ အမှောင်ရှိယင်လဲ အလင်းမရှိဘူး ပြောင်းပြန်တရားတွေလိုပဲ၊ နောက်ပြီးတော့ ဝိစိကိစ္ဆာယုံမှားမှုကော ရှိသေးသလားဆိုတော့ မရှိဘူး၊ ယုံမှားမှု ရှိနေယင်လဲပဲ ရှုမှုမဖြစ်ပါဘူး၊ ဒီလိုရှုမှုကုသိုလ်ဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ မယုံလို့ရှိယင်မဖြစ်ဘူး၊ သမာဓိဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး မယုံယင် ဘယ်အားထုတ်လိမ့်မှာတုံး၊ ယုံလို့ အားထုတ်နေတာ၊ အဲဒီတော့ ဝိစိကိစ္ဆာလဲမဖြစ်ဘူး၊ နီဝရဏကိလေသာတွေမှ ကင်း၍သာလျှင်။

သဝိတက္ကံ၊ ကြံစည်မှု ဝိတက်လဲရှိတယ်။

အဲဒီအာရုံကလေး ထင်အောင်လို့ ကြံစည်တဲ့ ဝိတက်ကလေးလဲပါမှ ဖြစ်တယ်တဲ့၊ ပထမစျာန်ကတော့ နောက် သူ့ထက်မြင့်မြတ်တဲ့ စျာန်တွေကျတော့ ဝိတက်မကြံပဲနဲ့ကို အာရုံတွေပေါ်နေမှာ၊ အခုတော့ ကြံပေးမှဖြစ်တယ်။

သဝိစာရံ၊ စဉ်းစားဆင်ခြင်မှု ဝိစာရလဲရှိသော။ ဒီမှာဆင်ခြင်မှုလဲ ပါတယ်။

ဝိဝေကဇံ ပီတိသုခံ၊ နိဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော။

အဲဒီလို ရှုပါများတော့ ကာမစ္ဆန္ဒဗျာပါဒအစရှိတဲ့ ကိလေသာတွေ ငြိမ်းသွားတယ်၊ အစကတော့ မငြိမ်းဘူး၊ အစကတော့ ပထဝီ–ပထဝီ နှလုံးသွင်းယင်း စိတ်က ဟိုထွက်သွားလိုက်ယင်း၊ လောဘဖြစ်လိုက်ယင်း၊ ဒေါသဖြစ်လိုက်ယင်း၊ အခုတရားအားထုတ်တာနဲ့ အတူတူပဲ၊ သမထအားထုတ်တာနဲ့ အတူတူပဲ၊ စိတ်တွေက ထွက်ထွက်သွားတယ်၊ သမာဓိ အားကောင်းလာတဲ့အခါကျတော့ အဲဒီနိဝရဏကာမစ္ဆန္ဒအစရှိတဲ့ နိဝရဏတွေ မဖြစ်တော့ဘူး၊ ငြိမ်းသွားပြီ။

အဲဒီငြိမ်းခြင်းကြောင့် ဘာဖြစ်လာတာလဲ၊ [ဝိဝေကဇံ၊ ငြိမ်းခြင်းကြောင့် ဖြစ်တယ်] နိဝရဏတွေ ငြိမ်းခြင်းကြောင့် ပီတိသုခတွေဖြစ်တယ်တဲ့၊ ပီတိသုခကိုယ်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်နဲ့ နေလို့ ထိုင်လို့ကောင်းပြီးတော့ ပီတိတွေဖြစ်တယ်၊ ကိုယ်ထဲမှာ ချမ်းသာပြီးတော့နေတဲ့ သုခတွေလဲဖြစ်တယ်တဲ့၊ ကိုယ်ထဲရော စိတ်ထဲရောချမ်းသာပြီးတော့ ရွှင်လန်းပြီးတော့ဖြစ်တယ်၊ စိတ်အာရုံက ဘယ်ရောက်နေတုံးဆိုတော့ စျာန်၊ စျာန်ဆိုတာ ရှုတာလေးပဲ၊ ကသိဏ်းအာရုံကလေးကို စိတ်ထဲစွဲပြီးတော့ ရှုနေတယ်၊ ထွက်သက်ဝင်သက် အာရုံကလေးကို စိတ်ထဲစွဲပြီးတော့ ရှုနေတယ်၊ စျာနံ၊ စျာန်ဖြစ်လာတယ်တဲ့၊ စျာန်ဖြစ်တော့ ဒီစျာန်က ဘာစျာန်တုံးဆိုတော့ ပထမစျာန်ဆိုတာ ရှေးဦးစွာ အစဆုံးပဲတဲ့၊ ဒီစျာန်က အောက်ထစ်ဆုံးစျာန်ပဲတဲ့။

ပဌမစျာနံ၊ ရှေးဦးစွာသော ရှုမှုစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝါ–ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဒါကဝိတက် ဝိစာရပါတယ်။

နောက် ဒုတိယစျာန်ကျတော့ ဝိတက်ဝိစာရမပါဘူး၊ မစဉ်းစားမဆင်ခြင်ပဲနဲ့ မကြံစည်မစဉ်းစားပဲနဲ့ကို အာရုံကလေးတင်ပြီး စိတ်ကလေးစွဲပြီးတော့ ထင်နေတယ်၊ ဒုတိယစျာန်တဲ့၊ အဲဒီမှာတော့ သမာဓိကြောင့်ဖြစ်တဲ့ ပီတိသုခတွေပါတယ်တဲ့၊ ပဌမစျာန်ကတော့ နိဝရဏကင်းသွားလို့ နိဝရဏတွေနိုင်သွားလို့ဖြစ်တဲ့ ပီတိသုခတွေဖြစ်တယ်၊ သမာဓိတွေကောင်းလို့ ပီတိသုခတွေ ဖြစ်တယ်တဲ့၊ ဒါထူးလာတယ်၊ နောက်တတိယစျာန်ကျတော့ ပီတိမပါတော့ ဘူးတဲ့၊ သုခချမ်းသာရုံကလေးသက်သက်ပဲတဲ့၊ စတုတ္ထစျာန်ကျတော့ သုခတောင်မပါတော့ဘူး၊ ဥပေက္ခာကလေးနဲ့တဲ့၊ ဒါပါပဲ၊ စျာန် ၄–ခုတဆင့် တဆင့်တက်ပြီးတော့ သိမ်မွေ့သွားတာ၊ အဲဒီသမာဓိလေးပါးဟာ–

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံသမာဓိ၊ ဤလေးပါးသော သမာဓိကို။ သမ္မာသမာဓိ၊ မှန်စွာစူးစိုက် တည်ကြည်ခြင်း သမာဓိဟူ၍၊ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

စျာန်မပါပဲ ဝိပဿနာရှုလို့မဖြစ်

ဒါသမ္မာသမာဓိပါပဲ၊ အဲဒီတော့ ရှေးကတော့ တရားတွေလဲသိပ်ပြီးတော့ မစိစစ်ကြပါဘူး၊ မကြာမီက သီဟိုဠ်က အချို့ပုဂ္ဂိုလ်များက စိစစ်တယ်၊ သူတို့က မဂ္ဂင်ရှစ်ပါး မြတ်စွာဘုရားဟောတဲ့အခါမှာ စျာန်နဲ့ပဲဟောတယ်တဲ့၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ စျာန်လေးပါးနဲ့ပဲ ဟောတယ်တဲ့၊ ဒီတော့တရားအားထုတ်ယင် စျာန်ပါရမယ်၊ စျာန်မပါပဲနဲ့ တရားအားထုတ်ယင် မဖြစ်ဘူးလို့ ဒီလိုဆုံးဖြတ်တယ်၊ စျာန်ပါရမယ်၊ ပထမစျာန်ရရမယ်၊ သို့မဟုတ် ဒုတိယစျာန်ရရမယ်၊ သို့မဟုတ် တတိယစျာန်၊ သို့မဟုတ် စတုတ္ထစျာန်၊ စျာန် ၄–ခု တခုခုရရမယ်၊ မဂ္ဂင်ရှစ်ပါး ဟောတိုင်း ဟောတိုင်း သမာဓိဟောလို့ရှိယင် မြတ်စွာဘုရားက စျာန် ၄–ပါးနဲ့ဟောတယ်တဲ့၊ ဒီတော့ စျာန်ကင်းလို့ သမာဓိမဖြစ်နိုင်ဘူးတဲ့၊ သမ္မာသမာဓိ မဖြစ်နိုင်ဘူးဆိုပြီးတော့ သူတို့ကအဆုံးအဖြတ်လုပ်တယ်။

ဒါကတော့ ရှေးကသူတို့ထက် တတ်သိနားလည်တဲ့ အဋ္ဌကထာဆရာတွေ ဋီကာဆရာတွေက စျာန်မပါပဲနဲ့ ဝိပဿနာရှုလို့ ဖြစ်တယ်ဆိုတာ ကျမ်းဂန်တွေ အထင်အရှားရှိနေတာ၊ သူတို့ သူများထက်ထူးပြီးတော့ ဆုံးဖြတ်တာပါပဲ၊ နေရာမကျတာပါပဲ။

အယင်က မြန်မာရာဇဝင်မှာ ဘိုးတော်ဦးဝိုင်းပေါ့လေ၊ ဘိုးတော်ဦးဝိုင်းက ထူးထူးဆန်းဆန်း ဆန့်ကျင်ဘက်တွေ ကြုံပြီးတော့မေးလို့ ဦးပေါ်ဦးက အဖြေပေးတာလိုပဲ၊ အရှင်ဘုရား ဒီလိုအကြံဉာဏ်မျိုးတွေ ရှေးရှေး ခမည်းတော်တွေ ဘိုးတော်တွေအစဉ်အဆက်က ဘယ်သူမှ မကြုံဖူးခဲ့ဘူးတဲ့၊ ဒီအကြံအစည်မျိုးဟာ အရှင်ဘုရားအကြံဉာဏ်တွေဟာ အင်မတန်ကို စူးရောက်ပါတယ်ဘုရား၊ တယ်စူးရောက်တဲ့ဉာဏ်ပဲဆိုပြီး ချီးမွမ်းတာကိုး၊ ဒီတော့ မင်းက ပေါ်ဦးငါ့ကို စောက်ရူးဆိုတာပဲဆိုပြီး တော့ အဲဒီတော့မှ သဘောပေါက်သွားတာကိုး၊ မဟုတ်တာတွေ လျှောက်ကြံတာ၊ အဲဒါလိုပဲ၊ မဟုတ်တာတွေ မကြံသင့်တာတွေ လျှောက်ကြံတာကိုး။

သည်အထဲမှာ ပထမစျာန်ဆိုတာက ကာမာဝစရစျာန်တွေလဲ ပါပါတယ်၊ ဥပစာရစျာန်တွေလဲ ပါပါတယ်၊ ဥပစာရစျာန်ကလဲပဲ သဝိတက္ကံ သဝိစာရံပါပဲ၊ သူလဲ ဝိတက်ဝိစာရရှိတာပဲ၊ ဝိတက် ဝိစာရပါတယ်၊ နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်တဲ့ ပီတိသုခတွေ သူကလဲပါပါတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီအတိုင်းတွေ့နေတာပဲ၊ ပထမသမာဓိ အားကောင်းလာစဆိုလို့ ရှိယင် ရှုမှတ်ရတဲ့အာရုံကလေးတွေ ကြံစည်မှုဝိတက်ပါရတယ်၊ မှတ်တိုင်း မှတ်တိုင်း ကြံစည်မှုဝိတက်ပါရတယ်၊ ကြံစည်မှုဝိတက်မပါလို့ ရှိယင် မဖြစ်နိုင်ဘူး၊ အာရုံကိုကြံကြံယူနေရတယ်၊ ဆင်ခြင်မှုလဲပါရတယ်၊ မပါလို့ မဖြစ်ဘူး။

ဒါပေမယ်လို့ စအားထုတ်ခါစမှာ နိဝရဏ မကင်းသေးဘူးဆိုယင် သမာဓိကောင်းကောင်းမရဘူး၊ ဝိဝိစ္စဝကာမေဟိ၊ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ၊ အဲဒါတွေ ဝတ္ထုကာမကိလေသကာမ အာရုံတွေ၊ ကိလေသာတွေက မကင်းသေးလို့ရှိယင် သမာဓိမကောင်းဘူး၊ ပြီးတော့ ဝိဝစ္စအကုသလေဟိဓမ္မေဟိ ကျန်တဲ့ဗျာပါဒအစရှိသော နီဝရဏတွေ မကင်းသေးလို့ရှိယင် အမှတ်သတိနဲ့ အာရုံနဲ့ဟာ ကောင်းကောင်းမကပ်ဘူး၊ သမာဓိကောင်းကောင်း မဖြစ်သေးဘူး၊ အဲဒီနီဝရဏတွေ ကင်းပြီးသွားတဲ့ အခါကာလကျမှ သမာဓိကောင်းကောင်းဖြစ်တာ၊ သမာဓိကောင်းကောင်းဖြစ်ယင် ဘယ့်နှယ်နေတုံးဆိုတော့ မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ်ကလေးကိုက်သွားတယ်။

ပထမက သမာဓိမကောင်းခင်ကတော့ ဒီဖောင်းတယ်ပိန်တယ် မှတ်ယင် စိတ်တွေက ထွက်ထွက်သွားတာကိုး၊ နှစ်သက်စရာအာရုံတွေ လျှောက်ကြံနေတယ်၊ စိတ်ဆိုးစရာအာရုံတွေ လျှောက်ကြံနေတာ၊ ဒါတွေလိုက်ပြီးတော့ ဖမ်းပြီးတော့ ပယ်နေရတယ်၊ သူတို့ ငြိမ်းသွားပြီဆိုတဲ့ အခါကျတော့ စိတ်က တခြားကို မသွားဘူး၊ မှတ်ရာမှတ်ရာ အာရုံကလေးမှာ ကပ်ကပ်နေတယ်၊ ဖောင်းတာနဲ့ မှတ်သိတာနဲ့၊ ပိန်တာနဲ့ မှတ်သိတာနဲ့၊ ကွေးတာနဲ့ မှတ်သိတာနဲ့၊ ဆန့်တာနဲ့ မှတ်သိတာနဲ့၊ ကြွတာနဲ့ မှတ်သိတာ၊ လှမ်းတာနဲ့ မှတ်သိတာ၊ အကုန်လုံး မှတ်စရာအာရုံနဲ့ မှတ်သိနေတဲ့စိတ်နဲ့ ကိုက်ပြီးတော့ ကျနေတယ်၊ ဥပမာချိန်းထားသလိုပဲ၊ ဟိုက အာရုံပေါ်လိုက်၊ ဒီကသိလိုက်၊ ဟိုကအာရုံပေါ်လိုက်၊ ဒီက သိလိုက်၊ အာရုံနဲ့မှတ်စိတ်နဲ့ကလိုက်ကိုက်ပြီးတော့ ကျနေတယ်၊ အဲဒီလို ကိုက်ပြီးတော့ ကျနေတဲ့အခါ ကာမအာရုံတွေ ဆီသွားတဲ့၊ ကာမအာရုံတွေလဲ မဖြစ်ဘူး၊ ဝတ္ထုကာမ ကိလေသာကာမတွေ ကင်းနေတယ်၊ ဗျာပါဒ ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၏ ယုံမှားမှုတွေ မဖြစ်ဘူး၊ စောစောပိုင်းကတော့ ဟုတ်မှဟုတ်ပါ့မလားလို့ သူဖြစ်ချင်ဖြစ်နေတယ်၊ အခု မရှိတော့ဘူး၊ ဝိစိကိစ္ဆာတွေ ဘာမှမဖြစ်ဘူး၊ မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့ စိတ်ကလေးဟာ ကိုက်ပြီးတော့ ကျနေတာ၊ ခဏိကသမာဓိခေါ်တယ်။

အဲဒီ အချိန်မှာ ဝိဝေကဇ၊ နိဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ပီတိသုခ၊ ပီတိသုခလဲရှိသော။

နိဝရဏကင်းတဲ့အခါမှာ ပီတိသုခတွေဖြစ်တယ်တဲ့၊ ကိုယ်ထဲမှာနေလို့ ထိုင်လို့ကောင်းပြီး တစိမ့်စိမ့်တငြိမ့်ငြိမ့်နဲ့ ကိုယ်တွေပေါ့ပါးပြီးတော့ နေလို့အင်မတန်ကောင်းနေတဲ့ ပီတိတွေဖြစ်ပါတယ်၊ ဖြိုးဖြိုးဖျင်းဖျင်းတွေလဲ ဖြစ်တတ်တယ်၊ အင်မတန် ထူးထူးခြားခြားတွေလဲ ဖြစ်လာတယ်၊ ကိုယ်ထဲမှာ သုခဆိုတဲ့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာတွေလဲပဲ ဒီထဲမှာပါပြီး အကြီးအကျယ်ဖြစ်တာပဲ၊ ကိုယ်ထဲမှာ နေလို့ထိုင်လို့ကောင်း၊ ချမ်းသာပြီးတော့နေတာ၊ ပီတိသုခလဲ ပါတယ်တဲ့။

ဥပစာရသမာဓိဖြင့် ဝိပဿနာရှုယင်ဖြစ်ပုံ

ပြီးတော့ စျာနံ–စူးစိုက်တည်ကြည်မှု စျာန်တွေတဲ့၊ မှတ်ရတဲ့ အာရုံကလေးမှာ စူးစိုက်တည်ကြည်မှု ကလေးဟာ ဒီထဲမှာပါရှိတယ်၊ ဥပစာရသမာဓိပဲ၊ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ နိဝရဏတွေ ကင်းဆိတ်နေတယ်၊ အဲဒါပထမစျာန်ထဲမှာ ပါဝင်ပြီးတော့နေပါတယ်၊ ဒါကြောင့်ရှေးက အဋ္ဌကထာ ဋီကာဆရာတွေက ရူပါဝစရစျာန်တွေ၊ အရူပါဝစရစျာန်တွေ၊ မဟဂ္ဂုလ်စျာန်တွေ မရောက်ပဲနဲ့ ဥပစာရသမာဓိဖြင့်၊ ဥပစာရသမာဓိအရင်းခံပြီးတော့ ဝိပဿနာရှုယင်ဖြစ်တယ်၊ သုဒ္ဓဝိပဿနာယာနိကတွေ ဟောထားတာရှိပါတယ်၊ အဲဒါတွေနဲ့ ရှေးက ဆုံးဖြတ်ထားတာအရှင်းကြီးပါပဲ။

ဒါပေမယ်လို့ မကြာခင်က မကြာခင်ကဆို ၄–၅–၁၀ နှစ်လောက်ကပါ၊ ဒီပုဂ္ဂိုလ်တွေက စာတတ်ပေတတ်တွေလဲ မဟုတ်ပါဘူး၊ လူ့လောကထဲကြီးမှ သာသနာဘောင်ဝင်ပြီးတော့ ခုခေတ်ကာလလို မရှိမသေပြောမယ်ဆိုယင် ကြီးမှ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့၊ ဝုမ္ဘ ပဗ္ဗဇိတ–ကြီးမှ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့လေ၊ ဘုရားလက်ထက်က ဝုမ္ဘပဗ္ဗဇိတတွေဟာ

တွေ့ကရာတွေ လျောက်ပြီးတော့ လုပ်တတ်တယ်၊ ကြီးမှ ရဟန်းဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒါတွေ သူတို့ အဆုံးအဖြတ်တွေပေးတယ်။

အဲဒီတော့ ဒီမှာစျာန်ရအောင် အားမထုတ်ပေမယ်လို့ ရှေးဦးစွာရောက်တဲ့၊ စျာန်မျိုးနဲ့ အားထုတ်ယင်ဖြစ်တယ်၊ ဥပစာရသမာဓိဆိုတာ ဒီမှာယောဂီ ပုဂ္ဂိုလ်တွေမှာတွေ့ပါတယ်၊ ရှုမှတ်လို့ သမာဓိဉာဏ်အား ကောင်းလာတဲ့အခါကျတော့ နိဝရဏတွေကင်းပြီးတော့ ပီတိသုခတွေလဲ ဖြစ်လို့၊ ဒါတွေပီတိသုခတွေ ထင်ရှားတာပဲ၊ မှတ်ရတဲ့အာရုံကလေးမှာ စိတ်ကလေးတည်ပြီးတော့ ကပ်ပြီးတော့နေတယ်၊ ဥပစာရသမာဓိ၊ ခဏိကသမာဓိ၊ စျာန်ဖြစ်သည်တဲ့၊ အဲဒီဟာ သမ္မာသမာဓိမဂ္ဂင်ကိုး၊ ခဏိကသမာဓိလို့ အဋ္ဌကထာတွေမှာ တိုက်ရိုက်ပြထားပါတယ်။

နောက်ပြီးတော့ ဒုတိယစျာန်နဲ့ တူတဲ့ဟာလဲ ပါသေးတာပဲ၊ ဒီထဲမှာ နောက်မကြံ့ရ မစည်ရပဲနဲ့ ဝိတက် ဝိစာရမပါပဲနဲ့ ကို အမှတ်သတိကလေး ဖြစ်နေတာရှိတယ်၊ အဲဒီအခါကျတော့ ဒုတိယစျာန်နဲ့တောင် တူနေတယ်၊ ဒါလဲခဏိက သမာဓိပဲ၊ ဝိတက်ဝိစာရပါတော့ ပါမှာပေါ့လေ၊ မထင်ရှားလို့ ဆိုရမှာပေါ့၊ ကျမ်းဂန်အရ ပါတယ်လို့ပဲဆိုရမယ်၊ သို့သော်လဲ ယောဂီ ပုဂ္ဂိုလ်တွေမှာတော့ ကြံ့မယူရဘူး၊ သူ့ဟာသူအာရုံကလေးက ပေါ်နေသိနေတာကိုး။

နောက်ပြီးတော့ ပီတိကင်းပြီးတော့ နေတာရှိတယ်၊ ဒါကတော့ ခုနကပြောသလို ပီတိမပါဘူး၊ ပီတိမပါပဲနဲ့ သုခချည်း ချမ်းသာပြီးတော့ အမှတ်ကောင်းနေတာလေးက ဉာဏ်နောက်ပိုင်းမှာ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်း၊ ဘင်္ဂဉာဏ်နောက်ပိုင်း၊ ပီတိမပါပဲနဲ့ ချမ်းသာလေးတွေဖြစ်နေတယ်။

နောက်သုခမပါပဲနဲ့ ဥပေက္ခာချည်းထဲ ဖြစ်နေတာရှိသေးတယ်၊ ဘင်္ဂဉာဏ်ရဲ့ နောက်ပိုင်းတွေ ဘယ, အာဒီနဝ စသည် အထူးအားဖြင့်တော့ သခ်ါရုပေက္ခာ ဉာဏ်တွေမှာဖြစ်တတ်ပါတယ်၊ အဲဒီမှာ ပီတိသုခတွေမပါပဲနဲ့ စတုတ္ထစျာန်နဲ့ကိုတူနေတယ်၊ အဲဒီလိုဖြစ်ပါတယ်၊ အဲဒီလိုပေါ့လေ၊ ရှုတိုင်း မှတ်တိုင်း ခဏိက သမာဓိတွေဖြစ်တာရှိတယ်တဲ့၊ အဲဒီခဏိကသမာဓိ ဝိပဿနာ သမာဓိတွေဟာ သမ္မာသမာဓိပဲတဲ့။

ဒီတော့ မဂ္ဂင်ရှစ်ပါး အဲဒီမှာစုံသွားပြီ၊ မဂ္ဂင်ရှစ်ပါး ဖောင်ကစုံသွားပြီ၊ မဂ္ဂင်ရှစ်ပါး ဖောင်နဲ့ကူးပုံကလေး နောက်သီတင်း ပြောရအုံးမယ်၊ နောက်ကျန်တာက ဘာတုံးဆိုတော့–

တသ ဟတ္ထေဟိစ ပါဒေဟိ စ ဝါယာမော တိ ခေါ ဘိက္ခဝေ ဝီရိယာရမ္ဘသေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ တသ၊ ထိုမြွေထိန်း ယောကျ်ား၏။ ဟတ္ထေဟိစ၊ လက်တို့ဖြင့်လည်းကောင်း။ ပါဒေဟိစ၊ ခြေတို့ဖြင့်လည်းကောင်း။ ဝါယာမောတိ ခေါ ဧတံ၊ အားထုတ်ခြင်းဟူသော ဤအမည်သည်။ ဝီရိယာရမ္ဘသ၊ လုံ့လကိုအားထုတ်ခြင်း လုံ့လဝီရိယကိုဖြစ်စေခြင်း၏။ အဓိဝစနံ၊ အမည်ပေတည်း။

သမ္မာဝါယာမ မဂ္ဂင်နဲ့ ဟိုဘက်ကမ်း ကူးပုံကလေး၊ ဒါ ပြောရအုံးမယ်၊ ဟိုဘက်ကမ်းကူးတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်လို့ ပထမမဂ်ဖိုလ်ရောက်လို့ ဟိုဘက်ကမ်းရောက်သွားပုံ၊ ဒုတိယမဂ်ဖိုလ်ရောက်လို့ ဟိုဘက်ကမ်းရောက်သွားပုံ၊ တတိယမဂ္ဂဖိုလ်ရောက်လို့ ၃–စခန်း၊ စတုတ္ထမဂ်ဖိုလ် ၄–စခန်း ရောက်သွားလို့ အဲဒီမှာ တရားဆုံးသွားပြီး ဟိုဘက်ကမ်း ရောက်သွားတာလဲ ပါသေးတယ်၊ ရဟန္တာဖြစ်သွားပုံ၊ အဲဒါတွေက နောက်သီတင်းကျမှ ပြောရမယ်၊ ဒီနေ့အချိန်စေ့သွားပြီ။

မြွေလေးကောင်ကား (လ) ဘုရားမြတ်ပေတည်း။

ဤအာသီဝိသောပမ သုတ္တန်တရားတော်မြတ်ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော် တို့ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤသုတ်၌လာသည့် အတိုင်း မဂ္ဂင်ရှစ်ပါးတရားဟူသော ဖောင်ကိုဖွဲ့ဆင်၍ ဟိုဘက်ကမ်းသို့ရောက်အောင် ကူးနိုင်ကြသဖြင့် ဝိပဿနာဉာဏ်အစဉ်, အရိယာမဂ်ဉာဏ်အစဉ်တို့ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ပါစေကုန်သတည်း။

အာသီဝိသောပမသုတ် တရားတော်

၁၃၂၈–ခု၊ တော်သလင်းလဆုတ် ၈–ရက်နေ့ ဟောကြားတော်မူသည်။

မဂ္ဂင်ဖောင်ကြီးစီးလို့ကူး

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ် (လ) ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်စွာတည်း၊" ဆောင်ပုဒ်က ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ ရှစ်တန်မဂ္ဂင်ဖောင်ဖွဲ့ပုံ မဂ္ဂင်ရှစ်ပါးတရားတွေတော့ စုံတော့သွားပါပြီ၊ မဂ္ဂင်ရှစ်ပါး တရားတွေ။

ကုလ္လန္တိ ခေါ ဘိက္ခဝေ အရိယသေတံ၊ အဋ္ဌင်္ဂိကသ မဂ္ဂသ အဓိဝစနံ သေယျထိဒံ၊
သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုလ္လန္တိ ခေါ ဧတံ၊ ဖောင်ဟူသော ဤအမည်သည်။ အဋ္ဌင်္ဂိကသ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အရိယမဂ္ဂသ၊ အရိယမဂ်၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဟိုဘက်ကမ်းရောက်ဖို့ရန် ဖောင်ဆိုတာ မဂ္ဂင်ရှစ်ပါးတရားတွေတဲ့၊ မဂ္ဂင်ရှစ်ပါးဆိုတာဘာလဲဆိုတာ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ အများအားဖြင့် နှုတ်တက်ရနေမှာပါပဲ။

ဧတံ၊ ရှစ်ပါးသောမဂ္ဂင်တရားသည်။ သေယျထိဒံ၊ အဘယ်သည်တို့နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ မှန်စွာမြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်စွာကြံခြင်း။ သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ မှန်စွာပြုလုပ်ခြင်း။ သမ္မာအာဇီဝေါ၊ မှန်စွာအသက်မွေးခြင်း။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်း။ သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်း။ သမ္မာသမာဓိ၊ မှန်စွာစူးစိုက်ခြင်း တည်ကြည်ခြင်း။

သီလမဂ္ဂင်

မဂ္ဂင်ရှစ်ပါး အကျဉ်းချုပ်လိုက်လို့ရှိယင်၊ သီလ, သမာဓိ, ပညာ, ၃–ပါးပါပဲ၊ သမ္မာဝါစာ၊ မှန်ကန်စွာပြောခြင်း။ သမ္မာကမ္မန္တ၊ မှန်စွာပြုခြင်း။ သမ္မာအာဇီဝ၊ မှန်စွာအသက်မွေးခြင်းဆိုတာဟာ သီလပါပဲ၊ သီလစင်ကြယ်တဲ့ပုဂ္ဂိုလ် ဒီသီလမဂ္ဂင်နဲ့ ပြည့်စုံနေတာပဲ၊ အောက်ထစ်ဆုံး ၅–ပါး သီလစောင့်ထိန်းသိမ်းနေယင် ပြည့်စုံနေတာပဲ။

ပါဏာတိပါတာဝေရမဏိ၊ အာဒိန္နာဒါနာဝေရမဏိ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ၊ ဒီ ၃–ပါးကိုတော့ သမ္မာကမ္မန္တနှင့် ဆိုင်တယ်၊ ဒီ ၃–ပါး ပြည့်စုံနေယင် သမ္မာကမ္မန္တပြည့်စုံနေတာပဲ။

မုသာဝါဒါဝေရမဏိ ဆိုတာကတော့ သူကတော့ ဝစီကံမှတ်ခြင်းကြောင့် သမ္မာဝါစာနှင့်ဆိုင်တယ်၊ သူက သမ္မာဝါစာ ဆိုတာ ကောင်းစွာ ပြောခြင်း၊ မိစ္ဆာဝါစာ၏ကြဉ်ရှောင်ခြင်းကို ဆိုလိုတယ်၊ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသ ဝါစာ၊ သမ္ဖပ္ပလာပ၊ မိစ္ဆာဝါစာ ၄–ပါးရှိတယ်၊ အဲဒီ လေးပါးထဲမှာ မုသာဝါဒကို ပဓာနပြု၍၊ ဒါတခုကို ငါးပါးသီလထဲမှာ ထည့်ထားတယ်၊ မုသာဝါဒ ကြဉ်ရှောင်တယ်ဆိုယင် ဒီပြင်ဟာတွေလဲ အကျိုးမဲ့စကားတွေကို ကြဉ်ရှောင်ရမှာပါပဲ၊ အရေးကြီးတဲ့စကားတွေဆိုယင် ကြဉ်ရှောင်ရမှာပဲ၊ ပိသုဏာဝါစာ၊ ကုန်းတိုက်သော စကားကို ကြဉ်ရှောင်ရမည်၊ ဖရုသဝါစာ၊ ကြမ်းတမ်းသော စကားတွေကို ကြဉ်ရှောင်ရမည်၊ သမ္ဖပ္ပလာပ၊ အကျိုးမဲ့အနှစ်မဲ့ မဟုတ်က ဟုတ်က ပုံတိုဝတ္ထုစသည်တွေကို ဒါတွေဟာ အချိန်ဖြုန်းနေတဲ့ အချိန်ဖြုန်းဖြစ်တဲ့ စကားမျိုးတွေကို ကြဉ်ရှောင်ရမယ်တဲ့။

သမ္မာအာဇီဝဆိုတာကတော့ မိစ္ဆာအာဇီဝ၊ မတရားသဖြင့် အသက်မွေးမှုမှ ကြဉ်ရှောင်လို့ရှိယင် သမ္မာအာဇီဝဖြစ်တယ်၊ သမ္မာအာဇီဝဆိုလဲပဲ သိက္ခာပုဒ် သီးခြားတော့မရှိပါဘူး၊ သို့သော်လဲ ပါဏာတိပါတအစရှိတဲ့ ကာယကံ, ဝစီကံတွေပါပဲ၊ အသက်မွေးဝမ်းကျောင်းအတွက် စားရေး, သောက်ရေး, နေရေး, ထိုင်ရေးအတွက် ပစ္စည်းရှာဖွေတယ်ဆိုတာ ကိုယ်နှင့်ယင်လဲ ရှာရတယ်၊ နှုတ်နှင့်ယင်လဲ ရှာရတယ်၊ ဒီနှစ်ခုပါပဲ၊ စိတ်သက်သက် ရှာဖွေလို့တော့ မဖြစ်ပါဘူး၊ ကိုယ်နှုတ်နဲ့ ရှာဖွေလို့ရှိယင် ဘယ်လိုလုပ်ကြံ ရှာဖွေရမည်လဲဆိုတော့ သူတပါးအသက်ကို သတ်ဖြတ်ပြီးတော့ အသက်မွေးဝမ်းကျောင်းဖြစ်အောင်လို့ အားထုတ်ရတယ်၊ အလုပ်လဲရှိတာပေါ့၊ သူတပါးဥစ္စာတွေကို ခိုးယူလိမ်လည်ပြီးတော့ ခိုးယူလုယက်ပြီးတော့ ဒီလိုလဲပဲ စီးပွားရေး အလုပ်မှာ ရှိတယ်။

ကာမေသုမိစ္ဆာစာရသက်သက်က မိစ္ဆာအာဇီဝ၊ သူကတော့ နည်းပါတယ်၊ နည်းနည်းပါးပါးတော့ ရှိပါတယ်၊ အဲဒီလို ဟာတွေပြုတာ သူကမည္ဟာဘူး၊ ဝစီကံ လေးပါးနှင့်စပ်ပြီးတော့လဲ အသက်မွေးမှုတွေ၊ သူတပါး အကျိုးမဲ့ဖြစ်အောင် လိမ်လည်ပြောပြီးတော့ ကိုယ်စီးပွား ကိုယ်ကျိုးရှိအောင်လို့လဲ လုပ်ရတာကိုး၊ မတရားသက်သေတို့ပေါ့လေ၊ ရှိတယ်၊ အဲဒီမှာ စီးပွားရေးက ဒီလိုမှုဖြစ်တယ်၊ သိပ်အရေးမကြီးတာကို လိမ်လို့ကတော့ အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်ဘူး၊ လမ်းမသိတဲ့လူက လမ်းမေးလို့ရှိယင် လမ်းဘယ်ကနေ ဘယ်လိုသွားရမလဲလို့မေးယင် အဲဒါ သက်သက်ခရီးသွားတဲ့ပုဂ္ဂိုလ် ဒုက္ခရောက်အောင်လို့ မဟုတ်ကဟုတ်က လမ်းလွဲပြောလိုက်လို့ရှိယင် ဒါဟာ လိမ်လည်၍တော့ ပြောတော့ပြောတာပါပဲ၊ ဒါပေမယ့် ဒါဟာ အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်ပါဘူး၊ ဘာမျှ ပိုက်ဆံတပြားမှမရပါဘူး၊ အဲဒီလို ကြဉ်ရှောင်မှုကတော့ သမ္မာအာဇီဝ မဖြစ်ဘူး၊ မုသာဝါဒမှ ကြဉ်ရှောင်တဲ့ သမ္မာဝါစာပဲ ဖြစ်တယ်၊ အသက်မွေးဝမ်း ကျောင်းနှင့်မဆိုင်တဲ့ ဝစီဒုစရိုက်မှ ကြဉ်ရှောင်လို့ရှိယင် သမ္မာဝါစာ ရိုးရိုးပဲဖြစ်တယ်၊ အသက်မွေးဝမ်းကျောင်းနှင့်သက်ဆိုင်တဲ့ ဝစီဒုစရိုက်မှ ကြဉ်ရှောင်လို့ရှိယင် သမ္မာအာဇီဝဖြစ်တယ်၊ စျေးအရောင်းအဝယ်လုပ်တဲ့ စျေးသည်တွေကို လိမ်လည်လှည့်ဖျား၍ ရောင်းလို့ရှိယင် ဒါက မုသာဝါဒ အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်ပြီးတော့ မိစ္ဆာအာဇီဝဖြစ်တယ်။

အဲဒီဟာ ကြဉ်ရှောင်ပြီးတော့ အမှန်အတိုင်း စျေးမှန်အတိုင်း ပြောဆိုပြီး သကာလ စျေးရောင်းလို့ရှိယင် သမ္မာအာဇီဝဖြစ်တယ်၊ အဲဒီလိုပါပဲ၊ အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်တဲ့အမှုတွေ မကျူးလွန်ပဲနဲ့ ကြဉ်ရှောင်နေလို့ရှိယင် သမ္မာအာဇီဝဖြစ်တယ်၊ အဲဒီတော့ ငါးပါးသီလ လုံလုံခြုံခြုံ ရှိရှိသေသေ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ဒါဟာ သမ္မာကမ္မန္တ, သမ္မာဝါစာ, သမ္မာအာဇီဝမဂ္ဂင် တရားတွေ ပြည့်စုံနေတယ်လို့ ဆိုရပါတယ်၊ အဲဒါက သီလမဂ္ဂင်၊ ရဟန်းမှာလဲ သီလများရှိပါတယ်၊ ရဟန်းသီလများပြည့်စုံနေလို့ ရှိယင် အဲဒါမဂ္ဂင်တရားတွေ ပြည့်စုံနေတာပဲ၊ သီလပြီးတော့ သမာဓိမဂ္ဂင်။

သမာဓိမဂ္ဂင်

သမာဓိမဂ္ဂင်ဆိုတာက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ၃–ခုက သမ္မာသမာဓိမဂ္ဂင်ခေါ်တယ်၊ ဒီအတိုင်းပါပဲ၊ သမာဓိအစစ်ကတော့ သမ္မာသမာဓိဆိုတဲ့ နောက်ဆုံးက တခုပါပဲ၊ ရှေးက သမ္မာဝါယာမ၊ သမ္မာသတိဆိုတာတွေကတော့ သမ္မာသမာဓိ၏ အခြေအရံတွေ၊ သူတို့က အကူအညီတွေပါပဲ၊ သမာဓိဖြစ်ဖို့ရာ သမ္မာဝါယာမကလဲ အားထုတ်ပေးမှုပါပဲတဲ့၊ သတိကလဲအမှတ်ရမှုဖြစ်မယ်တဲ့၊ သမာဓိကမ္မဋ္ဌာန်းတွေ အားထုတ်တဲ့အခါကာလ ပထဝီကသိုဏ်းအစရှိသည် နှလုံးသွင်းတယ်ဆိုပါတော့၊ ကသိုဏ်းအာရုံကို အာရုံပြုပြီးတော့ ပထဝီ–ပထဝီ၊ မြေ, မြေ, နှလုံးသွင်းပြီးတော့ လုံ့လဝီရိယနှင့် မပျင်းမရိပဲ နဲ့လုံ့လစိုက်ပြီးတော့ နှလုံးသွင်းမှုဖြစ်တယ်၊ သမ္မာဝါယာမပါရမယ်၊ အမှတ်သတိကလေးပဲ၊ ကမ္မဋ္ဌာန်းအာရုံအပေါ်မှာ သတိကလေးက အမှတ်ရနေမှုဖြစ်မယ်၊ တခြားတပါးတွေကို စိတ်ရောက်သွားလို့ရှိယင် မဖြစ်ဘူး၊ ဒါကြောင့် သမ္မာဝါယာမနှင့် သမ္မာသတိက ပြည့်စုံလို့ရှိယင်တော့ သမ္မာသမာဓိ အထူးအားဖြင့် စိတ်တည်ကြည်မှုဖြစ်တယ်၊ ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်ကလေးတည်ပြီးတော့ နေနေတယ်။

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တယ်ဆိုပါတော့၊ ထွက်သက်ဝင်သက် ဝင်တိုင်းထွက်တိုင်း၊ ဝင်တယ် ထွက်တယ်၊ နှာသီးဖျား တိုက်ပြီးတော့ ဝင်သွားလိုက်၊ ထွက်သွားလိုက်၊ ဒါကိုပဲ အမြဲတမ်းနှလုံးသွင်း၊ အဲဒီလို နှလုံးသွင်းတဲ့အခါကာလမှာ ကြောင့်ကြဗျာပါရစိုက်ပြီးတော့ ဝီရိယပါရတယ်၊ ပျင်းနေလို့ ဝီရိယလျော့သွားလို့ ရှိယင် မမှတ်နိုင်ဘူး၊ ပြီးတော့ နှာသီးဖျားမှာ တိုက်ပြီးတော့ ဝင်တိုင်းထွက်တိုင်း အဲဒီဥစ္စာတွေကို မှတ်လို့ရနေလို့ သတိကလဲ ဒီမှာနေနေမှာ၊ ဒါမှ ဒီအာရုံမှာ စူးစိုက်တည်ကြည်မှု သမာဓိ ဖြစ်တယ်၊ ဒါကြောင့် သမာဓိမဂ္ဂင်ဖြစ်ဖို့ရာ ဝီရိယနှင့်သတိက ကူညီပေးရတယ်။

ပန်းခူးသူပမာ

ဥပမာအားဖြင့် ဘာနှင့်တူသလဲဆိုလို့ ရှိယင် ဥယျာဉ်ထဲသွားပြီးတော့ အပျော်အပါး သွားပြီးတော့ ကြည့်ကြတယ်၊ ဥယျာဉ်ထဲရောက်တော့ ပန်းပင်တပင်ကိုတော့ ပန်းခူးချင်လာပြီ၊ လက်လှမ်းကမမှီဘူး၊ လူ ၃–ယောက်ဟာ ဘယ်သူကမှ လက်လှမ်းမမှီဘူး၊ လက်လှမ်းမမှီတော့ အားကောင်းကောင်းလူက အောက်အနေပြီးတော့ ကုန်ပြီးတော့ ထားရမယ်၊ ကျောပေါ်ကနေပြီးတော့ မြင်းခုန်လိုပေါ့လေ၊ လက်လေးဘက်ထောက်ပြီးတော့ အောက်ကနေပြီးတော့ ကုန်းထားတယ်၊ အဲဒီလို ကုန်းနေတဲ့ လူပေါ်မှာ အဲဒီအပေါ်မှာတက်ပြီးတော့ ရပ်ရဲတဲ့ပုဂ္ဂိုလ်ဟာ အချို့က အမြင့်ဆိုတာမတက်ရဲကြဘူး၊ လှုပ်လှုပ်နေယင် သာမတက်ရဲဘူး၊ အဲဒီတော့ သတ္တိကောင်းတဲ့လူဟာ ကျောပေါ်ကနေပြီးတော့ မတ်တတ်ရပ်ရမယ်၊ ဒီလိုမတ်တတ်ရပ်လိုက်တော့ အောက်ကကုန်းနေတာကလဲ ခုံလိုမဟုတ်တော့ သူကလဲလှုပ်မှာပဲ၊ ပန်းဆီကို ရုတ်တရက်မလှမ်းဝံ့ဘူး၊ မလှမ်းဝံ့တော့ ဘယ်လိုလုပ်ရမလဲဆိုတော့ တယောက်ကအောက်က ကျောနဲ့ကုန်း၊ အဲဒီတယောက်က အောက်နားကနေပြီးတော့ မလှုပ်အောင်လို့ သူကတောင်ဝှေးတို့ တိုင်တို့ သဘောလိုပေါ့လေ၊ အနားကနေပြီးတော့ မတ်တတ်ရပ်ထားပေါ့လေ၊ တိုင်လိုပေါ့လေ၊ သူ့ကို မှီပြီးတော့၊ ဒီမှ အပေါ်ကလူက ငြိမ်ငြိမ်လေးရပ်လို့ ရမယ်၊ ဒါမှမဟုတ်လို့ရှိယင် အောက်ကခုံကလေး လူခုံဆိုတော့ လှုပ်လှုပ်နေတယ်၊ သူကလဲ တက်နေကျမဟုတ်တော့ လိမ့်ကျမယ် ကြောက်ပြီးတော့ တုန်နေတာကိုး၊ ဘေးကလူတယောက်က မတ်တတ်ရပ်ပြီးတော့ မှေးပေးလိုက်မှ အဲဒီလိုမှီပြီးမှ ပန်းခူးလို့ ရတယ်၊ ဥပမာပေးတယ်။

အဲဒီမှာ အပေါ်က ပန်းခူးတဲ့လူက ဘာနဲ့တူသလဲဆိုတော့ သမာဓိနှင့် တူတယ်တဲ့၊ အောက်ကခုံလုပ်ပေးတဲ့လူက ဘာနဲ့တူသလဲဆိုလို့ ရှိယင် သူကတော့ ဝိရိယနှင့်တူတယ်၊ ဘေးကရပ်ပေးတဲ့ လူက ဘာနဲ့တူသလဲဆိုလို့ရှိယင် သူက သတိနဲ့ တူတယ်၊ အဲဒါလိုပဲတဲ့၊ ဝိရိယကလဲ အားထုတ်မှ၊ သတိကလဲ အမှတ်ရလို့ သမာဓိက စူးစိုက်တည်ကြည်နိုင်တယ်၊ ဒါကြောင့် ဒီ ၃–ပါးဟာ သမာဓိမဂ္ဂင်လို့ ခေါ်တယ်၊ သမာဓိခန္ဓာလို့လဲ ခေါ်တယ်။

ပညာမဂ္ဂင်

သီလခန္ဓာ၊ သမာဓိခန္ဓာ၊ ပညာခန္ဓာ၊ ပညာမဂ္ဂင်၊ ပညာမဂ္ဂင်ဆိုတာကလဲပဲ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပနှစ်ခုကို ခေါ်တယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ပါပဲ၊ ဒါပေမယ့် သမ္မာသင်္ကပ္ပကလဲ အကြံပေးမှပဲ၊ လောကရေးရာတွေဆိုလို့ရှိယင် စိတ်ကူးနဲ့ ကြံမှပဲ အသိဉာဏ်ကလေးတွေ ပေါ်လာတယ်၊ အရေးကြီးတဲ့ ကိစ္စဆိုလို့ရှိယင် စဉ်းစားရတယ်၊ ထပ်ကာထပ်ကာ စဉ်းစားရတယ်၊ စဉ်းစားဖန်များတော့ ပေါ်လာတယ်၊ အဲဒါနဲ့ နှိုင်းဆကြည့်ရမှာပေါ့။

အသိဉာဏ်နှင့် ပညာအစစ်

ဒါပေမယ်လို့ လောကရေး စဉ်းစားတဲ့နေရာမှာ အမှန်အတိုင်း သိသွားတယ်ဆိုတာ ပညာအစစ်တော့မဟုတ်ဘူး၊ ဒါကတော့ စိတ္တုပ္ပါဒ်ထဲက တရားတခုခုဖြစ်မှာပါပဲ၊ စိတ်ပဲဖြစ်မှာပါပဲ၊ ပညာဆိုတာက ကုသိုလ်ရေးရာနှင့်စပ်ပြီးတော့ဖြစ်မှာပဲ၊ လောကရေးရာတွေနှင့် စားရေး, နေရေး, ထိုင်ရေး, စီးပွားရေး စသည် ဒီဥစ္စာတွေနှင့်စဉ်းစားပြီး လျှောက်ပြီးတော့ အသိဉာဏ် ဖြစ်လာတယ်ဆိုတာ ဒါကတော့ ပညာအစစ်မဟုတ်ဘူး၊ ဘာဖြစ်လို့ သိရသလဲဆိုတော့ သူက ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် လုပ်တာများတယ်။

ပြီးတော့ သူများတွေကိုလဲ ဘေးအန္တရာယ်ဖြစ်အောင်လို့ လုပ်တတ်တယ်၊ လောကသိပ္ပံပညာတွေ တိုးတက်နေတဲ့ နိုင်ငံ တွေ, ဌာနတွေက လူတွေဟာ လက်နက်တွေ အမျိုးမျိုးတွေလုပ်ကြတယ်၊ လက်နက်တွေ အင်မတန်ကောင်းတဲ့ လက်နက်တွေလုပ်ကြတယ်၊ အရေးအရာပေါ်လို့ရှိယင်ဖြင့် ကိုယ့်တိုင်းနိုင်ငံအတွက် ခုခံကာကွယ်ဖို့၊ သူများနိုင်ငံကိုလဲ သိမ်းပိုက်ပြီးတော့ ယူတန်လျှင် ယူပေါ့၊ ဒီလိုဟာတွေလုပ်ကြတယ်၊ လက်နက်တွေ၊ အဲဒီလို လက်နက်တွေ လုပ်ကြတဲ့နေရာမှာ လက်နက်တွေ အထူးအဆန်းတွေ၊ တီထွင်ကြတယ်၊ ဒါက ပညာမဟုတ်ဘူး၊ အသိဉာဏ်လို့တော့ ခေါ်ရတာပါပဲ၊ သာမန်လူတွေတော့ မလုပ်တတ်ဘူး၊ ဒီလိုလုပ်ယင် ဒီလိုဖြစ်မယ်ဆိုတာတွေ ကြံကြံဖန်ဖန် သူတို့သိတာလောက် အသိဉာဏ်တွေလို့ လောကမှာ ခေါ်ရတယ်။

အဲဒီအသိဉာဏ်တွေဟာ ပညာအစစ်လို့ မခေါ်ရဘူး၊ ပညာအစစ် ဆိုလို့ ရှိယင်တော့ သူတပါး သေရာသေကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်း အလုပ်တွေ တီထွင်တာဆိုတာ ပညာအစစ်မဟုတ်ဘူး၊ ဒါတွေကတော့ကို မောဟသော်လဲဖြစ်မယ်၊ မောဟအဝိဇ္ဇာကလဲပဲ လောကရေးရာကျယင်လဲ ဉာဏ်လိုပဲ သူက သစ္စာလေးပါးကို အမှန်အတိုင်းမသိတာ၊ မဟုတ်တာတွေကျ တော့သူမှသိတာ၊ မဟုတ်တာတွေကျယင် သူကအသိဆုံးပဲ၊ မောဟအားကြီးလေလေ အသိများလေလေပဲ၊ ဒိဋ္ဌိကလဲရှိသေးတယ်၊ မဟုတ်တာတွေ လျှောက်သိတာ၊ ဝိတက်ကလဲ သူကလဲပဲ လောကရေးရာကျတော့ သူကလဲဉာဏ်လိုပဲဖြစ်နေတယ်၊

ဝိစာရကလဲ စူးစမ်းဆင်ခြင်လို့ သူကလဲ ဉာဏ်လိုဖြစ်နေတယ်၊ အဲဒီတရားတွေ၊ အဲဒါကြောင့် လောကရေးရာတွေကတော့ ပညာအစစ်မဟုတ်ပါဘူး။

တရားရေးရာနဲ့စပ်ပြီးတော့ စူးစမ်းတဲ့အခါ၊ ဆင်ခြင်တဲ့အခါ၊ တရား နှလုံးသွင်းတဲ့အခါကာလ အမှန်အတိုင်းသိတယ်၊ အမှန်အတိုင်းသိတာတွေက ပညာတဲ့၊ ဒီတရားအားထုတ်တဲ့အခါမှာတော့ အရေးကြီးတယ်၊ တရားအား ထုတ်တဲ့အခါကာလမှာ ရှုတိုင်းရှုတိုင်း အာရုံကလေးတွေမှာ အမှန်အတိုင်းပေါ်တဲ့အတိုင်း သိသိသွားတာကလေးတွေကို ပညာအစစ်တွေ၊ တရားအားထုတ်မှု မရောက်သေးမီဆိုလို့ရှိယင်တော့ ကမ္မသကတသမ္မာဒိဋ္ဌိတဲ့၊ အဲဒါပညာပဲ။

သမ္မာဒိဋ္ဌိ ၅–ပါး

သမ္မာဒိဋ္ဌိ ၅–ပါးရှိတယ်။

(၁) ကမ္မသကတသမ္မာဒိဋ္ဌိ၊
(၂) စျာနသမ္မာဒိဋ္ဌိ၊
(၃) ဝိပဿနာသမ္မာဒိဋ္ဌိ၊
(၄) မဂ္ဂသမ္မာဒိဋ္ဌိ၊
(၅) ဖလသမ္မာဒိဋ္ဌိ၊

ပစ္စဝေက္ခဏာမထည့်ယင် (၅) ခု၊ သူတပါးထည့်ယင် (၆)ခု။

စျာနသမ္မာဒိဋ္ဌိ

အဲဒီသမ္မာဒိဋ္ဌိ (၅)ခုရှိတယ်၊ အဲဒီ (၅)ခုထဲမှာ စျာနသမ္မာ ဒိဋ္ဌိဆိုတာကတော့ စျာန်စိတ်ထဲပါတဲ့ အသိဉာဏ်ကလေးပါပဲ၊ သူကတော့ စျာန်သာမည်ဆိုလို့ရှိယင် သမ္မာဒိဋ္ဌိက မထင်ရှားပါဘူး၊ စျာန်ရတဲ့ ပုဂ္ဂိုလ်တွေ၊ စျာန်တွေနိုင်နင်းတဲ့ အခါကျတော့ ထင်ရှားတယ်၊ စျာန်ရတဲ့ပုဂ္ဂိုလ်တွေ၊ စျာန်တွေနိုင်နင်းတဲ့အခါကျတော့ စိတ်က ညွှတ်ကြည့်လိုက်လို့ရှိယင် သူက မြင်တယ်၊ အကြားအမြင်တွေ ပေါက်တယ်ဆိုတာ ဒီဥစ္စာတွေပါပဲ၊ သူကမြင်တယ်၊ တော်တော်နေရာကျသွားတယ်။

ယခု တရားအားထုတ်တဲ့ ယောဂီတွေလဲ သူတို့လဲ မြင်တာလေးတွေ တချို့ရှိတယ်၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းတော့လဲ မမြင်ပါဘူး၊ ပါရမီအထူးရှိတဲ့ ပုဂ္ဂိုလ်တွေမှာ မြင်တတ်တယ်၊ တရားအားထုတ်ယင် စိတ်နဲ့မှန်းကြည့်လိုက်လို့ရှိယင် မြင်တယ်၊ မြင်တဲ့အတိုင်းမှန်တယ်၊ ဥပမာတွေက ကမ္မဋ္ဌာန်းကျောင်းမှ နေပြီးသကာလ အိမ်သွားစဉ်းစားကြည့်တော့ အိမ်မှာ ဘယ်သူ ဘာလုပ်နေတယ်ဆိုတာ သူသိတယ်၊ ဘယ်သွားဘယ်လာမယ်လို့ ဒီလိုဟာတွေကို သိတယ်၊ ဒါဟာ သူက သမာဓိကိုမှီပြီးတော့ ဖြစ်တဲ့အသိဉာဏ်တမျိုးလို့ ဆိုရမှာပေါ့၊ အဘိညာဉ်နဲ့ ခပ်တူတူပါပဲ၊ တချို့က ရှေးဘဝဟောင်းတွေ ပြန်ပေါ်နေတာတွေလဲရှိတယ်၊ အဲဒီဟာလဲ အဘိညာဉ်မျိုးတွေပါပဲ။

အဲဒီလို အဘိညာဉ်ကိစ္စတတ်တဲ့အခါကျတော့ စျာန်နှင့်ယှဉ်တဲ့ ဉာဏ်က သမ္မာဒိဋ္ဌိက ထင်ရှား လာတယ်၊ အမြင်တွေ အမျိုးမျိုး မြင်နိုင်တယ်၊ တကယ် အဘိညာဉ်အစစ်ကတော့ မြင်နိုင်ပါတယ်၊ သူကတော့ လူပြည်တွေများ အကုန်လုံး၊ နတ်ပြည်လောကတွေရော, ဗြဟ္မာပြည်လောကတွေရော, ငရဲတို့, ပြိတ္တာတို့, အဲဒီလိုဟာတွေ အကုန်လုံးလျှောက်ပြီးတော့ မြင်နိုင်တာပဲ၊ လောကရှိတဲ့သတ္တဝါတွေ ဆန်းဆန်းကြယ်ကြယ်တွေ မြင်ရတယ်၊ ဒါက ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်ကလဲ လောကအကြောင်းအရာတွေကို ပြောဆိုနေရတဲ့ အကုန်လုံးကြားတာပဲ၊ နားထောင်ချင်လို့ရှိယင် သူကလဲပဲ ရေဒီယိုမပါပဲနဲ့ တယ်လီဖုန်းဓာတ်ခွက်တွေ မပါပဲနဲ့ အလိုလို ကြားချင်တဲ့ဟာတွေ ကြားလို့ ရတယ်။

စေတောပရိယာယအဘိညာဉ်ဆိုတာ သူတပါးစိတ်တွေကို အကုန်လုံးသိနိုင်တယ်၊ ပုဗ္ဗေနိဝါသဆိုတာ ရှေ့ဘဝကဖြစ်ခဲ့တာတွေ အဟောင်းတွေ ပြန်စဉ်းစားလို့ရှိယင် သိတယ်။

အနာဂတံသဆိုလို့ရှိယင် နောင်ဖြစ်မယ့်အရေးတွေ နောင်ကာလအကြောင်းတွေကို သူကသိတယ်၊ အဲဒီလိုသိတာတွေဟာ စျာနသမ္မာဒိဋ္ဌိလို့ခေါ်တယ်၊ ဒါကတော့ တရားအားထုတ်တဲ့အခါ အလိုလိုဖြစ်ယင်လဲဖြစ်၊ မဖြစ်ယင်လဲနေ၊ ကြောင့်ကြစိုက်ဖို့မလိုပါဘူး၊ စျာနသမ္မာဒိဋ္ဌိ။

ဝိပဿနာသမ္မာဒိဋ္ဌိ

ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုတာကတော့ ဝိပဿနာရှုနေတဲ့အခါကာလ ရှုတိုင်းရှုတိုင်း သိနေတာ၊ ဖောင်းတာ မှတ်ဖောင်းတာသိတယ်၊ ပိန်တာမှတ် ပိန်တာသိတယ်၊ ထိုင်တာမှတ် ထိုင်တာသိတယ်၊ မြင်တာမှတ် မြင်တာသိတယ်၊ ကြားတာသိတယ်၊ နာတာ ကျင်တာ၊ ကိုက်ခဲတာသိတယ် ဖြစ်တိုင်း ဖြစ်တိုင်း တရားကလေးတွေ ဖြစ်တဲ့အတိုင်းပဲ ဖြစ်တဲ့အတိုင်း အစကသိတာ၊ သိပ်ပြီးထူးထူးခြားခြား မဟုတ်သေးဘူး၊ အဲဒါကလဲ အသိဉာဏ်ပဲလို့ဆိုရတယ်၊ အစကလဲ သူ့အထိုက် အလျောက်တော့ သိတာပဲ၊ ကျောင်းစာသင်ရတာလိုပဲ၊ စာသင်လို့ရှိယင် ဘာစာသင်သလဲဆိုယင် ကကြီး, ခကွေးက စပြီးတော့ တလုံးချင်း သင်ရတယ်၊ တလုံးသိတာလဲ သိတာပဲ၊ နှစ်လုံးသိတာလဲ သိတာပဲ၊ အစက တလုံးမှ မသိသေးတာပဲ၊ နည်းနည်းသိယင်လဲ သိတာပါပဲ၊ တချို့ ကောင်းကောင်းမဖတ်တတ်သေးဘူး၊ တလုံးချင်း တလုံးချင်း သိသေးတယ်၊ ဒါလဲပဲ တလုံးချင်း တလုံးချင်းသိနေလို့ရှိယင် သူလဲပဲ အဲဒါလိုပေါ့၊ အားထုတ်ခါစတော့ သူ့အခြေအနေရှိသလောက်ပဲ သူသိမယ်၊ အများကြီးတော့ မသိသေးဘူး၊ အဲဒါသိတာလေးတွေဟာ ဉာဏ်ပဲတဲ့။

မှတ်တိုင်းမှတ်တိုင်း အာရုံကလေးတွေသိ၊ နောက်တော့ သဘောကလေးသိလာတယ်၊ ဖောင်းတယ်ဆိုယင် တောင့်တင်းတဲ့သဘော၊ လှုပ်တဲ့သဘော ကလေးတွေပါပဲ၊ သိလာတယ်၊ ပိန်တယ်ဆိုယင်လဲ ဒီလိုပဲ လှုပ်ရှားတဲ့သဘောကလေးတွေ၊ ကွေးတယ်ဆန့်တယ်ဆိုယင် တောင့်တင်းတဲ့ သဘောလေးတွေ၊ စိတ်ကူးကြံစည်တယ်ဆိုယင် အာရုံဆီသို့ ရောက်သွားတဲ့ သဘောကလေးတွေ၊ ကိုယ်ထဲက ကိုက်ခဲတာ နာတာကျင်တာတွေ၊ ဝေဒနာမှတ်လို့ရှိယင်ဖြင့် အခံရခက်တဲ့သဘောကလေးတွေ၊ သဘောတရားကလေးတွေ အနေအားဖြင့်သိတာ၊ ဒါအဆင့်အတန်းတက်လာတယ်၊ နောက်တနေ့ ဒီထက်အားကောင်းလာတဲ့အခါရှိယင် အစပြုပြီးတော့ ပေါ်လာလိုက် ပျက်သွားလိုက်၊ ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်၊ အစဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ အစနှင့်အလယ်၊ အစနှင့်အဆုံးကို ပိုင်းခြားပြီးတော့ အဖြစ်အပျက်သိတာဟာ ဥဒယဗ္ဗယဉာဏ်၊ အနိစ္စ–မမြဲဘူးလို့ ဆိုသိလာတယ်၊ ဖြစ်ပြီးတော့ ပျောက်သွားမှာပဲ၊ ဘယ်မြဲတော့မှာလဲ၊ မမြဲဘူးမှတ်တိုင်း မှတ်တိုင်း အာရုံကလေးတွေ ချက်ချင်းပျောက်သွားတယ်၊ မမြဲဘူးသိတယ်၊ မှတ်သိတဲ့ စိတ်ကလေးတွေ ဖြစ်ပြီးတော့ ပျောက်သွားတယ်၊ မမြဲဘူးလို့သိတယ်၊ အဲဒါ အနိစ္စဉာဏ်တွေ ဖြစ်လာတယ်၊ အဲဒါဖြင့် ဒုက္ခ, အနတ္တ, ဉာဏ်လဲဖြစ်တာပါပဲ၊ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်အသိကလေးတွေဖြစ်လာတာ အဲဒါဟာ သမ္မာဒိဋ္ဌိတဲ့၊ နောက်အဲဒါ သမ္မာဒိဋ္ဌိ မြင်တဲ့အခါကျတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်တော့ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိပေါ့လေ၊ သူ့အရေးကြီးတာကတော့ ဝိပဿနာသမ္မာဒိဋ္ဌိပဲ၊ အားထုတ်ရမယ်။

သမ္မာသင်္ကပ္ပ

အဲဒီ သမ္မာဒိဋ္ဌိဖြစ်အောင် ဘယ်သူက ကူညီပေးသလဲ၊ ဝိတက်က အကူအညီပေးနေတယ်၊ ဝိတက်က ကြံဆပေးနေတယ်၊ အထူးတော့ တွေးကြံနေရတာမဟုတ်ဘူး၊ ရှုမှတ်ရမယ့် အာရုံဆီကို ရှေးရှုဦးတန်းပြီးတော့ သွားတာ၊ ဖောင်းတာဆီသို့ ဦးတန်းသွား၊ ပိန်တာဆီသို့ ဦးတန်း၊ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘောဆီသို့ ဦးတန်းသွား၊ အခြားပြင်နေရာ ဆီသို့မလှည့်ဘူး၊ သဘောအမှန်ကလေးတွေဆီကို လှည့်နေသလို တက်ပေးနေသလိုပါပဲ၊ အာရုံနဲ့အသိစိတ်နှင့် တခါတည်း ကိုက်ပေးနေသလိုပါပဲ၊ အာရုံဆီသို့ ဦးတန်းပေးနေတဲ့ သဘော၊ သမ္မာသင်္ကပ္ပခေါ်တယ်။

ရှုမှတ်တိုင်း သီလ, သမာဓိ, ပညာဖြစ်

အဲဒီသမ္မာသင်္ကပ္ပက အကူအညီပဲ၊ သမ္မာဒိဋ္ဌိက သူက ပညာကွန်ရှာအစစ်ပဲ၊ သီလ, သမာဓိ, ပညာ, ၃–ပါးမှာ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဆိုယင် ဒီ ၃–ပါးလုံး ပြည့်စုံနေတာပဲ၊ စောစောကတည်းက တရားအား မထုတ်မီကဖြစ်စေ၊ အားထုတ်တုန်းက ဖြစ်စေ၊ အားထုတ်ခါနီးမှဖြစ်စေ၊ သီလမပျက်ဘူး၊ ဆောက်တည်လိုက်တော့ အဲဒီက စပြီးတော့ သီလ ပြည့်စုံတာ၊ ရှုတိုင်းရှုတိုင်း သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ၊ ရှုတာတွေကလဲ ဖြစ်နေတာကိုး၊ မှတ်တိုင်း မှတ်တိုင်း ကြောင့်ကြမှုပါတယ်၊ အမှတ်ရမှုသတိပါတယ်၊ မှတ်တဲ့အာရုံကလေးမှာ စိတ်တည်ကြည်တာ ပါတယ်၊ ဘယ်ကိုမှမသွားဘူး။

ဖောင်းတာလေးမှတ်ယင် စိတ်ကလေးဖောင်းတာပေါ်မှာ၊ ခဲကလေးပစ်ချလိုက်သလို အဲဒီဟာပေါ်မှာ တန့်ရပ်သွားသလိုပါပဲ၊ ခဲလေးကမှ လိမ့်သွားသေးတယ်၊ ဥပမာအားဖြင့် ဆန်အိတ်ကြီးနှင့် ပြောမှသာနေရာကျမယ်၊ ဆန်အိတ်ကြီးကို ပခုံးပေါ်မှ ချလိုက်ယင် ချတဲ့နေရာမှာပဲ ကျနေတယ်၊ လိမ့်မသွားဘူး၊ သူက လေးနေတာကိုး၊ အဲဒါလိုပါပဲ၊ မှတ်ရာမှတ်ရာ အာရုံကလေးအပေါ်မှာ စိတ်ကလေးဖြစ်လိုက်၊ ကပ်ကနဲကပ်ကနဲ တည်နေတာ သမ္မာဒိဋ္ဌိ၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်နေတာဟာ သမ္မာဒိဋ္ဌိဖြစ်တယ်၊ သီလ, သမာဓိနဲ့ ပြည့်စုံတယ်၊ သမာဓိတင်မကဘူး၊ မှတ်တိုင်းမှတ်တိုင်း အမှန်ကလေးတွေသိနေတာက ပညာတွေပဲ၊ ရုပ်နာမ်သဘောကလေးတွေကို အမှန်အတိုင်းသိနေတာပညာပဲ၊ ဖြစ်ပျက်နေတာ ကလေးတွေကို အတော်ကြာတော့သိလာတယ်၊ ပိုကောင်းလာတာပေါ့လေ၊ ပျက်ပြီး မမြဲတဲ့ဆိုတာကလေးတွေ မှတ်ယင်းမှတ်ယင်း သဘောကျပြီးတော့

သိလာတယ်၊ အဲဒါပညာတွေပေါ့၊ ဒါတွေ ပညာအစစ်တွေ သင်ကြားယူလို့ ဖြစ်တာမဟုတ်ဘူး၊ ကိုယ်တိုင် တွေ့ပြီးတော့သိနေတယ်၊ ကိုယ်တွေ့ပညာတွေ ကိုယ်တိုင် သိတဲ့ပညာတွေ မျက်မှောက်ပညာတွေ၊ အဲဒီပညာတွေ ဖြစ်တယ်၊ ဒါကြောင့်–

မှတ်တိုင်းမှတ်တိုင်း သီလလဲဖြစ်တယ်၊ သမာဓိလဲဖြစ်တယ်၊ ပညာလဲဖြစ်တယ်၊ သီလ, သမာဓိ, ပညာဖြစ်တော့ မဂ္ဂင်ရှစ်ပါးလုံး ဒီအထဲမှာပါတယ်၊ အဲဒါဟာ မဂ္ဂင်ဖောင်ဖွဲ့တာပဲ၊ မဂ္ဂင်ဖောင်ဖွဲ့တယ်။

မဂ္ဂင်ဖောင်နှင့်ကူးရာ ဝိရိယအရေးကြီး

မဂ္ဂင်ဖောင် ဖွဲ့ပြီးတော့ ကူးရလိမ့်မယ်၊ ဒီဘက်ကမ်းက နေပြီးတော့ ဟိုဘက်ကမ်းကို ကူးရတယ်။

> တသ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယာမော တိ ခေါ ဘိက္ခဝေ ဝိရိယာရမ္ဘသ္မေတံ အဓိဝစနံ။ (သဠာယတန ဝဂ္ဂသံယုတ်၊ နာ–၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ တသ၊ ထိုယောဂျားဏ်။ ဝါ–တသ၊ ထိုမြွေထိန်းယောဂျားဏ်။ ဟတ္ထေဟိစ၊ လက်တို့ဖြင့် လည်းကောင်း။ ပါဒေဟိစ၊ ခြေတို့ဖြင့် လည်းကောင်း။ ဝါယာမောတိ ခေါဇတံ၊ အားထုတ်ခြင်းဟူသော ဤအမည်သည်။ ဝိရိယာရမ္ဘသ၊ လုံ့လဝီရိယကိုအားထုတ်ခြင်း၊ လုံ့လဝီရိယကို ဖြစ်စေခြင်းဏ်။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဒီဘက်ကမ်းက ဟိုဘက်ကမ်းရောက်အောင် ဖောင်ပေါ်မှာ၊ ဖောင်ပေါ်မှာဆိုယင်လဲ ကောင်းကောင်းမွန်မွန်တော့ မဟုတ်ဘူး၊ မြက်တို့, သစ်ခက်တို့, သစ်ရွက်တို့, နွယ်တို့, အနီးအပါးကမ်းစမှာရှိတာကလေးတွေ စုပေါင်းပြီးတော့ နွယ်နှင့် ဘာနှင့်ချည်ပြီးတော့ အဲဒီမှာ လူတကိုယ်ခိုင်အောင် ဝမ်းလျားမှောက် ပြီးတော့ ကူးရမှာကိုး၊ ဝမ်းလျားမှောက်ပြီးတော့ တက်တို့ ဘာတို့ မရှိတော့ လက်နဲ့ခြေနဲ့ပဲ၊ လက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကူးရမယ်ကိုး။

ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယာမော၊ လက်နဲ့ခြေနဲ့ တခါတည်း ယက်ကန်ပြီးတော့ ပြေးရမယ်၊ ရန်သူတွေက ဟိုကလိုက်လာတယ်၊ မြွေကြီးလေးကောင်းက တရှူးရှူးနဲ့ ကိုက်မယ်လို့ လိုက်လာတယ်၊ ရန်သူကြီး ၅–ယောက်က ဓားမိုးပြီးတော့ လိုက်လာတယ်၊ ကိုယ့်မိတ်ဆွေ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ မိတ်ဆွေကလဲပဲ လက်နက်ကိုင်စွဲပြီးတော့ လိုက်လာတယ်၊ ငယ်သူငယ်ချင်းမိတ်ဆွေ၊ ရွာပျက်ထဲဝင်ရာကနေပြီး ဒမြတွေက ရွာပျက်ထဲကထွက်သွားလို့ သူတို့ကလဲ ခြောက်ယောက်လိုက်လာတယ်၊ အဲဒီတော့ ရန်သူတွေက မြွေကလေးကောင်၊ ရန်သူကြီးက ၅–ဦး၊ လေးနဲ့ငါးယောက်တော့ ၉–ဦး၊ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ရန်သူက ၁–ဦး၊ ပေါင်းတော့ ၁၀–ဦး၊ ရွာပျက်ဒမြ ၆–ဦး၊ ထည့်လိုက်တော့ တဆယ့်ခြောက် (၁၆) ယောက်ရှိသွားပြီ၊ ရန်သူတဆယ့်ခြောက်ခုက လာနေတယ်၊ မလှမ်းမကမ်းက မြင်နေတယ်ဆိုယင် သာ၍ကြောက်ရမယ်ပေါ့၊ နီးလာလို့ရှိယင် ကြောက်ရမယ်၊ မြန်မြန်ကူးရမယ်၊ အဲဒီမှာ လက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကူးရတယ်၊ လက်နဲ့ယက်၊ ခြေနဲ့ကန်တယ်ဆိုလို့ ရှိယင်–

ဝိရိယာရမ္ဘသ၊ ဝိရိယကိုအားထုတ်ခြင်းဏ်၊ ဝိရိယလုံ့လကို ဖြစ်စေခြင်းဏ်၊ အဓိဝစနံ၊ အမည်ပါပဲ၊ ဝိရိယလုံ့လကို ဖြစ်စေတာပါပဲ၊ တရားအားထုတ်တဲ့အခါမှာ ဒီဝိရိယကအရေးကြီးတာကိုး၊ ဒါလေးနဲ့ အားထုတ်ရတယ်၊ ဝိရိယလုံ့လ ဝိရိယနဲ့ ကြောင့်ကြစိုက်ပြီးတော့ မှတ်နေရတာ၊ ဖောင်းတိုင်း ပိန်တိုင်း မှတ်မိအောင် ဝိရိယလုံ့လမရှိပဲနဲ့ ပျင်းနေယင် ဘယ်မှတ်လို့ ဖြစ်မှာတုန်း၊ မမှတ်မိဘူး၊ တချို့တရားနာရတာ ပျင်းတာနဲ့ တရားနာတောင် မလာနိုင်ဘူး၊ ပျင်းနေတာနဲ့ တရားနာတောင် မလာနိုင်ဘူး၊ ကုသိုလ်မဖြစ်ရဘူး၊ တရားနာတဲ့ ကုသိုလ်တောင် မဖြစ်ရဘူး၊ ဘုရားရှိခိုးရမှာ ပျင်းတာနဲ့ ဘုရားရှိခိုးရတဲ့ ကုသိုလ်တောင်မရဘူး၊ ဘုရားရှိမခိုးပဲနေတော့ ကုသိုလ်မဖြစ်ဘူး၊ ဒါနကုသိုလ်တွေ ဒီလိုပဲ၊ လှူဒါန်းပေးကမ်းတဲ့နေရာမှာ ချက်တာပြုတ်တာပျင်းတာနဲ့ ဒီလိုဟာလဲ ရှိတာပဲ၊ ပျင်းလို့ ကိုယ်တိုင်မလုပ်ဘူး၊ သူများကို ခိုင်းကြတယ်၊ ကိုယ်စားလှယ်နဲ့၊ အဲဒါ ဒီလိုလုပ်တာလဲ ကုသိုလ်အရ နည်းသွားတာပေါ့၊ အဲဒီလို လုံ့လဝီရိယက လျော့ရဲပြီးတော့ နေလို့ရှိယင် ကုသိုလ်တွေဟာ အဖြစ်နည်းတယ်၊ လုံ့လဝီရိယ တင်းတင်းရင်းရင်း ရှိနေမှ ကုသိုလ်တွေဟာ ဖြစ်တာကိုး။

လုံ့လဝီရိယအားကောင်းနေတဲ့ ပုဂ္ဂိုလ်တွေက လောက ရေးရာတွေမှာလဲ သူကတော့ အနားမနေရဘူး၊ လုပ်နေတာပဲ၊ အားနေလို့ကိုမဖြစ်ဘူး၊ သူ့မှာအလုပ်လုပ်နေတာပဲ၊ အင်မတန်တွင်ကျယ်ပါတယ်၊ တရားရေးရာဘက်မှာလဲ လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်က တွင်ကျယ်တယ်၊ စာပေကျမ်းဂန်တွေ သင်ကြားတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဒီလိုပါပဲ၊ ဝိရိယရှိတဲ့ ပုဂ္ဂိုလ်က ကွာတာပဲ၊ ဝိရိယရှိတဲ့ ပုဂ္ဂိုလ်က စာကို အမြဲတမ်းမှတ်တယ်, ရေးတယ်, ရွတ်ဆိုတယ်, နှလုံးသွင်းတယ်၊ ဒီဟာလုပ်နေတာပဲ၊ မအားဘူး၊ သူကဒီတော့ သူ့မှာ အသိဉာဏ်တွေတိုးနေတယ်၊ ရင်ပြီးသားတွေလဲ မပျောက်ဘူး၊ ရင်ပြီးသားတွေလဲ အထူးမှတ်မိတယ်၊ လုံ့လဝီရိယမရှိတဲ့ပုဂ္ဂိုလ်က ဒီလိုမဟုတ်ဘူး၊ ဆရာသမားဆီ စာတက်လို့ရှိယင် စာလိုက်ပြီးလျှင် စာအုပ်ကိုထိုးထားလိုက်တာပဲ၊ သူကစဉ်းစားလဲ မစဉ်းစားဘူး၊ သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်၊ အိပ်ချင်ရာလဲအိပ်နေတယ်၊ ဘယ်မှာတိုးတက်လိမ့်မှာတုန်း၊ မတိုးတက်နိုင်ဘူး။

အခု လောကရေးရာ၌ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ကြားရတယ်၊ ကျောင်းတွေမှာ စာသင်တဲ့ကလေးသူငယ်တွေမှာလဲ ဒီလိုပဲ၊ လုံ့လဝီရိယကောင်းတဲ့ ပုဂ္ဂိုလ်တွေမှာက အမြဲတမ်း ကျက်မှတ်လေ့ လာနေတော့ စာမေးပွဲတွေအောင်တယ်၊ တချို့လုံ့လဝီရိယက မကောင်းဘူး၊ ပျင်းနေတာနဲ့ စာမေးပွဲကကျတယ်၊ တချို့ကလဲ ကံမကောင်းတော့ ကျတာတွေလဲရှိကောင်းရှိမယ်၊ ဒီလိုချည်းပဲတော့ မဟုတ်ဘူး၊ များသောအားဖြင့်တော့လဲ အဲဒီလိုဖြစ်တာချည်းပဲ၊ ပျင်းနေတဲ့ပုဂ္ဂိုလ်တွေက မအောင်မြင်ပဲ ဖြစ်တတ်တယ်၊ အဲဒါ လောကရေးဘက်က။

တရားရေးဘက်မှာလဲ တရားအားထုတ်တဲ့အခါမှာ လုံ့လဝီရိယကောင်းတဲ့ ပုဂ္ဂိုလ်တွေက ကြိုးကြိုးစားစား အားထုတ်တာ၊ ကမ္မဋ္ဌာန်းကျောင်းသို့ ရောက်လာကတည်းက ကြိုးကြိုးစားစား မှတ်တော့တာပဲ၊ မှတ်တော့ တနေ့တခြား သမာဓိတွေက တိုးတက်လာတယ်၊ နေ့စဉ်နေ့စဉ် ကမ္မဋ္ဌာန်းဆရာကို ပြောစရာရှိတယ်၊ ပြောစရာတွေမှာ များလို့တောင်နေသေးတယ်၊တိုးတက်နေတယ်၊ အချို့ လုံ့လဝီရိယမရှိတဲ့ ပုဂ္ဂိုလ်က ကောင်းကောင်းမမှတ်ဘူး၊ မတိုးတက်ဘူး၊ မတိုးတက်တော့ ပြောစရာမရှိဘူး၊ ဒါလဲပဲ လုံ့လဝီရိယလျော့တဲ့ ပုဂ္ဂိုလ်လဲရှိတယ်။

တချို့လဲ လုံ့လဝီရိယနဲ့ အားထုတ်ပေမယ့် ပါရမီဉာဏ်ကနည်းလို့ ဉာဏ်ကတိုးကို မတိုးတက်ဘူး၊ ရှိတော့ရှိမယ်၊ ဒါပေမယ်လို့ ကြိုးတော့ ကြိုးစားရာပေတယ်၊ ဒါပေမယ်လို့ ပါရမီဉာဏ်ကိုက အဆင်မပြေလို့ ရှေးဘဝက အလေ့အလာကနည်းခဲ့လို့ ဆိုရမှာပေါ့လေ၊ ဖြည်းဖြည်းချင်းတက်တဲ့ ပုဂ္ဂိုလ်ကလဲရှိပါတယ်၊ ဖြည်းဖြည်းတက်တယ်ကိုဆိုပြီးတော့ အားတော့ မငယ်ရဘူး၊ ဒီလိုပဲ အချိန်ကျယင်ရောက်မှာပဲဆိုပြီးတော့ လုံ့လဝီရိယမလျော့ပဲနဲ့ ကိုယ့်လုံ့လကတော့ လုံ့လအားထုတ်ဖို့ပဲ၊ တရားမတက်တာတက်တာ ကိုယ့်တာဝန် မဟုတ်ဘူးဆိုပြီးတော့ စိတ်ချလက်ချနဲ့ ဒီလိုပဲအားထုတ်ရတယ်၊ အားထုတ်လို့ရှိယင် ဒီလိုပဲ နောက်ဆုံးတနေ့ကျယင် ဖြစ်တာပဲ၊ အားမထုတ်လို့ရှိယင် ဉာဏ်ကောင်းသော်လဲ မဖြစ်ဘူး၊ အဲဒီတော့ လုံ့လဝီရိယနဲ့ ကြိုးစားရတယ်၊ နေရာတကာမှာပဲ အသုံးကျတာပဲ ဒီလုံ့လဝီရိယဟာ၊ လုံ့လဝီရိယဟာ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်အသုံးကျတယ်။

အသက်မွေးမှုလေးခု

ဥဒ္ဒာန ဖလူပဇီဝိ၊
ကမ္မဖလူပဇီဝိ၊
ဥဒ္ဒာန ကမ္မဖလူပဇီဝိ၊
နေဝဥဒ္ဒာန နကမ္မဖလူပဇီဝိ။

လောက အသက်မွေးမှုမှာလဲ လေးခုခွဲထားတယ်၊ မြတ်စွာဘုရားက–

လုံ့လအကျိုး ခံစားရသူ

ဥဒ္ဒာန ဖလူပဇီဝိ–ဆိုတာကလောကမှာ စားရေး သောက်ရေးကို အမြဲတမ်း ကြောင့်ကြစိုက်နေမှ စားမှုသောက်မှု ပြည့်စုံတယ်၊ ရှေးကကံအကျိုးပေး မကောင်းဘူးပေါ့လေ၊ သူကတော့ လက်နဲ့မပြတ်လုပ်နေမှ စားရုံ သောက်ရုံ နေရုံထိုင်ရုံ ရတယ်၊ ဒီလိုပုဂ္ဂိုလ်က လုံ့လဝီရိယနဲ့ အမြဲအားထုတ်နေရတာပဲ၊ ပျင်းနေလို့မရဘူး၊ စားစရာက နေ့စဉ်လုပ်မှ နေ့စဉ်ရတယ်၊ လုံ့လဝီရိယနဲ့ ကြိုးစားပြီး လုပ်နေမှရတယ်၊ အဲဒီတော့ လုံ့လဝီရိယက အကျိုးရှိတာပါပဲ။

ကံအကျိုး ခံစားရသူ

သူက ကမ္မဖလူပဇီဝိ–တဲ့၊ ကုသိုလ်ကံက အကျိုးပေးတယ်၊ ကုသိုလ်ကံက အကျိုးပေးနေတော့ လုံ့လဝီရိယနဲ့ ပင်ပင်ပန်းပန်းရယ်လို့ အားမထုတ်ရဘူး၊ သူဘာမှ အားမထုတ်ရပဲနဲ့လဲ ချမ်းသာကြွယ်ဝနေတာရှိတာပေါ့လေ၊ ရှေ့ခေတ်တုန်းက ဆိုယင် သာပြီးတော့ ပိုများတာပေါ့လေ၊ ဒီလိုဟာတွေ အခုခေတ်မှာတော့ နည်းနည်းတော့နည်းကုန်ပြီ၊ အဲဒါ ကံက အကျိုးပေးတော့၊ ပဋ္ဌိသန္ဓေကတည်းက ပြည့်စုံကြွယ်ဝတဲ့ မိဘတွေမှီပြီးတော့ သားသမီးဖြစ်လာတယ်၊ ငယ်ငယ်ကလေးက ချမ်းသာလာတယ်၊ အဲဒါတွေက ကြီးတဲ့အခါလဲ ချမ်းချမ်းသာသာနဲ့ သိပ်ပြီးတော့ အားမထုတ်ရပဲနဲ့ ချမ်းချမ်းသာသာဖြစ်တယ်၊ ဒါဟာ ကမ္မဖလူပဇီဝိ ကံသက်သက်နဲ့ အကျိုးပေးတယ်။

လုံ့လနှင့်ကံအကျိုးခံစားရသူ

အချို့ကလဲ လုံ့လဝီရိယရော ကံရော နှစ်ခုလုံးပဲ၊ ကံကလဲ အကျိုးပေးပါတယ်၊ ဒါပေမယ်လို့ လုံ့လလဲ အားထုတ်ရတယ်၊ နှစ်ခုလုံးမှ တော်ရုံပဲရှိတယ်၊ ဒါက ဥဒ္ဒာနကမ္မဖလူပဇီဝိ။

လုံ့လနှင့်ကံအကျိုး မခံစားရသူ

တချို့က လုံ့လဝီရိယနဲ့ လုပ်လို့ကလဲပဲ အကျိုးမခံစားရဘူး၊ ကံကလဲ အကျိုးမပေးဘူးတဲ့၊ ဒါကတော့ လူ့ဘုံမှာတော့ ဒီလိုဟာမျိုးရှားပါတယ်၊ လူ့ဘုံမှာရှိပုံမရဘူး၊ အပါယ်ဘုံမှာရှိတယ်၊ ငရဲဘုံတို့မှာ လုံ့လဝီရိယနဲ့ ချမ်းသာအောင် လုပ်လို့လဲ မဖြစ်ဘူး၊ ကံကလဲသွားရ၊ အကျိုးမပေးဘူး၊ ဒုက္ခရောက်နေတယ်၊ ပြိတ္တာတွေလဲရှိတယ်၊ လုံ့လဝီရိယနဲ့ ဘာမှမလုပ်နိုင်ဘူး၊ ဒုက္ခရောက်တယ်။

လုံ့လအရေးကြီး

အဲဒီအထဲမှာ ကံအကျိုးမပေးနဲ့အုံးတော့ လုံ့လဝီရိယနဲ့ အားထုတ်လို့ရှိယင် လုံ့လဝီရိယတော့ အထိုက်အလျောက်တော့ ဖြစ်တယ်၊ ဥဒ္ဒာနဖလူပဇီဝိတဲ့၊ တော်သေးသားတဲ့၊ လုံ့လဝီရိယက လောကရေးရာနဲ့ ကြည့်မယ်ဆိုလို့ရှိယင် သူက အသုံးကျပါတယ်။

တရားရေးရာနဲ့ ကြည့်လို့ရှိယင်လဲ တရားအားထုတ်တာကတော့ ပိုပြီးတော့ အရေးကြီးတာပေါ့လေ၊ အဲဒီ လုံ့လဝီရိယကတော့ ကြောင့်ကြ ဗျာပါရစိုက်ပြီးတော့ အားထုတ်မှ၊ တရားအားထုတ်တဲ့ဥစ္စာ မှတ်ရမယ်ဆိုယင် မှတ်နေမှ၊ ဒိပြင်ဟာမလုပ်နဲ့ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်၊ အထဲကနေပြီးတော့ မြင်တာကြားတာဆိုယင်လဲ လိုက်မှတ်၊ ကွေးတာဆန့်တာ လှုပ်ရှားတာ ပေါ်ယင်လဲမှတ်၊ စိတ်ကူးတာ ပေါ်ယင်လဲမှတ်၊ ဝေဒနာ ပေါ်ယင်လဲမှတ်၊ အကုန်လုံး ကိုယ်အမူအရာ စိတ်အမူအရာတွေ အကုန်လုံးဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အကုန်လုံး တခါတည်းမှတ် မပျင်းမရိ တခါတည်းမှတ်၊ ဒီလိုမှတ်တဲ့ ပုဂ္ဂိုလ်ဟာ ဝီရိယရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ပျော်တယ်၊ အဲဒီလိုမှတ်ယင်၊ တခုပြီးတခု တခါတည်း ရှုမှတ်နေတာ၊ စိတ်ထဲမှာ စိတ်ဝင်စားပြီးတော့ ပျော်နေတယ်။

အဲဒီလို စိတ်ပါလက်ပါနဲ့အားထုတ်နေတော့ ဒါဟာ ဖောင်ပေါ်မှာ ဝမ်းလျားမှောက်ပြီးတော့ ကူးနေတာ၊ နောက်ကလဲ ရန်သူတွေ တဆယ့်ခြောက်ယောက်၊ အဲဒီရန်သူတွေ တဆယ့်ခြောက်ယောက်က ဝေးအောင်လို့ လက်နဲ့တခါယက်လိုက်ယင်ဖြင့် တပေလောက်သွားလို့ရှိယင်၊ တပေလောက်တော့ ဝေးသွားတာပေါ့၊ ခြေထောက်နဲ့ တခါကန်လိုက်လို့ရှိယင် တပေလောက်သွားယင် တပေလောက် ဝေးသွားတာပေါ့၊ ယက်တိုင်း ကန်တိုင်းဟာ တပေနှစ်ပေ၊ နှစ်ပေကသုံးပေ၊ ပေတရာ၊ ပေတထောင်စသည်ဖြင့် ရှေ့ဝေးသွားမှာကိုး၊ ရန်သူတွေနဲ့ ဝေးဝေးပြီးတော့ သွားတယ်၊ ကမ်းစကို ရန်သူတွေက ရန်သူကြီးတွေ အနားရောက်လာပေမယ်လို့ သူတို့နယ်ပယ်က ဆုံးနေ၍ သူတို့ကမလိုက်နိုင်ဘူးတဲ့၊ တကယ်မလိုက်နိုင်လို့ ဒီမှာပဲနေရတယ်၊ ဒီကောင်ဟာ ပြန်လာအုံးမယ်၊ လာစောင့်တော့ စောင့်နေအုံးမယ်ပေါ့။

ဒီမှာကူးနေရတယ်၊ အဲဒါ ခြေထောက်နဲ့ကန် လက်နဲ့ယက်ပြီးတော့ ကူးနေတယ်ဆိုတာ ဘာလဲဆိုတော့ သမ္မာဝါယာမ ဝီရိယာရမ္ဘ ကြိုးစားအားထုတ်ခြင်းပဲ၊ အခုနေက မဂ္ဂင်ရှစ်ပါးတရားထဲမှာ သမ္မာဝါယာမမဂ္ဂင်၊ အမှတ်သတိဖြစ်အောင် ရှုမှတ်မှုလေးဖြစ်ရမယ်၊ အမြဲကြောင့်ကြစိုက်ပေးနေတဲ့ သမ္မာဝါယာမမဂ္ဂင်ဟာ ကူးတာပါပဲတဲ့၊ ယောဂီပုဂ္ဂိုလ်တွေဟာ တရားအားထုတ်လို့ ရှုတိုင်းမှတ်တိုင်း ကြောင့်ကြစိုက်မှုကလေးတွေ ရှိတယ်ဆိုတာဟာ ဒါကူးနေတာပါပဲ၊ ကြောင့်ကြစိုက်မှုကလေး လျော့သွားပြီဆိုလို့ရှိယင် ကူးတာသိပ်နေရာမကျဘူး၊ ပုံမတော်နစ်လိမ့်မယ်၊ အဲဒီတော့ အသာကလေး ကြောင့်ကြစိုက်ပြီးတော့ အမြဲမှတ်နေရမယ်။

အဲဒီလိုကူးပြီးတော့သွားတော့ ပင်လယ်ကွေ့၊ သို့မဟုတ် ရေပြင်ကျယ်ကြီး၊ ရေလက်ကြား၊ အဲဒါက ဘယ်လောက်ကျယ်သလဲဆိုလို့ရှိယင်၊ တယူဇနာ, တယူဇနာဆိုတော့ ယူဇနာနဲ့ တွက်လို့ရှိယင် တယူဇနာမှာ လေးဂါဝုတ်ရှိတယ်၊ အိန္ဒိယထဲမှာ တယူဇနာခရီးတွေကို ရှစ်မိုင်လောက်ရှိတယ်လို့ ဆိုပါတယ်၊ ၇–မိုင် ၈–မိုင်ဆိုတာ ဟိုတုန်းကလဲ တိတိကျကျတိုင်းထားတာမှ မဟုတ်တာကိုး၊ ဟိုတုန်းက တော်ရုံပဲ၊ ဟိုတုန်းကတော့ ခန့်မှန်းခြေနဲ့ပဲ အရပ်သုံးစကား ဖြစ်နေတယ်၊ အဲဒါတွေကို သေချာစွာတိုင်းလိုက်တဲ့ အခါကာလကျတော့ ၇–မိုင် ၈–မိုင်၊ ၉–မိုင် လောက်တော့ရှိတာပေါ့၊ ပြီးတော့လမ်းကတော့ အဖြောင့်အကွေ့ အကောက်တွေပါပါလိမ့်အုံးမယ်၊ ရေးကသွားတာက ဖြောင့်ချင်လျှင်လဲ ဖြောင့်မယ်၊ အခုဟာက ကောက်ချင်ယင်လဲ ကောက်နေအုံးမယ်၊ ရေးကဟာတွေက ကောက်ပြီးတော့ များသောအားဖြင့် ရေးကဟာတွေက ကောက်လိမ့်မယ်၊ ရေးကလမ်းတွေက လှည်းတို့ ဘာတို့ သွားတဲ့လမ်း၊ ပုံတော်သလို စမ်းပြီးတော့ ဖြောင့်ဖြောင့်ဖောက်ပြီးတော့ ဖောက်ထားတဲ့လမ်းတွေ။

အဲဒီတော့ ပြောလို့ဆိုလို့ ကောင်းအောင် ရှစ်မိုင်ပဲထားပါတော့၊ စာပေကျမ်းဂန်ထဲမှာပေါ့တဲ့ ယူဇနာကတော့ ၁၃–မိုင် လောက် နီးနီးရှိပါတယ်၊ များပါတယ်၊ သူကတော့ ရှစ်မိုင်လောက် ထားပါတော့၊ ဒီထက်တိုးတဲ့ ယူဇနာကလေးတွေလဲ ရှိပါ တယ်၊ အခုတော့ ရှစ်မိုင်လောက်ပဲ ထားပါတော့၊ နှစ်မိုင်ဆိုလျှင် တဂါဝုတ်၊ လေးမိုင်ဆိုလျှင် နှစ်ဂါဝုတ်၊ ၆–မိုင်ဆိုလျှင် ၃–ဂါဝုတ်၊ ၈–မိုင် ဆိုတော့ တယူဇနာရှိပြီးတော့ ဟိုဘက်ကမ်းရောက်မယ်ကိုး။

ဒီက မြွေထိန်းယောကျ်ားဟာ မြွေကြီးလေးကောင်ကြောက်လို့၊ ရန်သူကြီးငါးယောက်ကိုလဲ ကြောက်လို့၊ မိတ်ဆွေ ရန်သူလဲ ကြောက်လို့၊ ဒမြကြီးတွေလဲ ကြောက်လို့၊ ကြောက်အားလန့်အားနှင့် အတင်းကူးရတယ်၊ အတင်းကူးရတယ်။

အခုတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒီဟာပဲ၊ အဲဒီဟာတွေကြောက်လို့ပဲ မြွေကြီးလေးကောင်နဲ့တူတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး၊ ဓာတ်ကြီးလေးပါး အကြောင်းပြုပြီးတော့ အဲဒီဒုက္ခတွေရောက်ရတယ်၊ ခန္ဓာငါးပါးတည်းဟူသော ရန်သူငါးယောက်အကြောင်းပြုပြီးတော့ ဘဝသစ်တွေ ဖြစ်ရတယ်၊ ဘဝသစ်တွေဖြစ်၊ ဖြစ်ရာဘဝ အိုရ, နာရ, သေရ, ဒုက္ခသောကတွေ ရောက်ရတယ်။

မိတ်ဆွေရန်သူနဲ့တူတဲ့ နန္ဒီရာဂထက် ဘဝသံသရာမှာ သာယာနေတယ်၊ ကိုယ့်ဟာကလေးနဲ့ ကိုယ်သာယာ၊ ကိုယ့် အတွေ့အကြုံကလေးတွေနဲ့ တွေ့ကြုံခံစားပြီးတော့ သာယာ၊ ရှေ့က တွေ့ဖူးကြုံဖူးတဲ့ ဟာတွေ ပြန်ပြီးသာယာ၊ နောင်လဲအသစ် အသစ်ဖြစ်ဖို့ ဘဝတွေမှာသာယာ၊ ဘဝအသစ်ဖြစ်ဖို့ဟာတွေမှာ သာယာနေတယ်၊ နန္ဒီရာဂရှိတဲ့ အဲဒီသာယာမှုရှိနေသမျှ ကာလ ပတ်လုံး ဘဝသစ်က ထပ်ကာထပ်ကာဖြစ်ပြီးတော့ အိုရ, နာရ, သေရ, ဒုက္ခတွေရောက်၊ အပါယ်လေးဘုံကျရောက်၊ ဒုက္ခတွေ ရောက်၊ နန္ဒီရာဂတည်းဟူသော ရန်သူ။

ဒမြကြီး ခြောက်ယောက်ရန်သူ၊ ဒမြကြီး ခြောက်ယောက်ရန်သူကတော့ အာရုံခြောက်ပါးပဲ၊ အာရုံခြောက်ပါး အကြောင်းပြုပြီးတော့ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက်၊ ဒီအာရုံခြောက်ပါး လိုက်ပြီးတွေးနေရနဲ့၊ အကုသိုလ်တွေဖြစ်၊ အကုသိုလ်တွေကအကျိုးပေး၊ အပါယ်လေးဘုံတွေ ကျပြုပြီးတော့၊ ကုသိုလ်ကောင်းမှုတွေ ပြုပြန်ယင် လူ့ ဘဝ, နတ်ဘဝ, ကောင်းတဲ့ဘဝတွေ ဖြစ်ပါရဲ့၊ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရ, ဒုက္ခတွေရောက်ရ၊ အဲဒီတော့ ဒါတွေကို ကြောက်ရတာကိုး၊ ဒါတွေဟာ ကြောက်စရာတွေပဲ၊ အခြားမဟုတ်ဘူး၊ ကိုယ့်ကိုယ်ထဲမှာ ရှိနေတာပဲ၊ များသောအားဖြင့် ကိုယ့် ကိုယ်ထဲမှာ ရှိတယ်။

တရားအားထုတ်ကြ

အဲဒီရန်သူကြီးတွေက လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်တဲ့၊ ရှေးရှေးသော ဘဝတွေကလဲ ဘဝအသစ် ဖြစ်ပြီးတော့ အိုခဲ့ရ, နာခဲ့ရ, သေခဲ့ရတာ များလှပြီတဲ့၊ စိုးရိမ်ပူဆွေးရတာတွေ များခဲ့ရလေပြီ၊ ကိုယ့်အလိုအတိုင်း မပြည့်ဝလို့ ဒုက္ခရောက်တာတွေ များခဲ့ရလေပြီ၊ နိုင်တဲ့ပုဂ္ဂိုလ်တွေက ညှဉ်းဆဲသတ်ဖြတ်လို့ သေခဲ့ရတာတွေလဲ များလှပြီ၊ နိုင်တဲ့ပုဂ္ဂိုလ် တွေက တိရစ္ဆာန်ပုဂ္ဂိုလ်တွေကို စောင့်ကြည့်နေမယ်ဆိုယင် တကောင်တကောင် စားနေကြတာပဲ၊ သူတို့မှာတော့ တကောင် တကောင် စားစရာတွေပဲ ဖြစ်နေတယ်၊ နိုင်တဲ့ပုဂ္ဂိုလ်က သူတို့စားစရာ ဟင်းသီးဟင်းရွက်လိုဖြစ်နေတယ်၊ ဖြစ်နေတော့ သူတို့ စားနေတာပဲ၊ အဲဒီလိုပဲ သူတို့ကို နိုင်တဲ့ပုဂ္ဂိုလ်က လာစား၊ သူတို့လဲခံရတာပဲ၊ တကောင် တကောင်နိုင်ရာကနေ စားနေတာ ကိုး၊ အဲဒီလိုဘဝတွေလဲ ဘယ်လောက်ဖြစ်နေမှန်းမသိဘူး၊ သူတပါးက ကိုယ့်နိုင်လို့ စားသွားတဲ့ဘဝတွေ၊ ကိုယ်လဲ စားတဲ့ အခါရှိမှာပဲ၊ သူ့ကိုလဲ သူများကစား၊ ကိုယ့်ကိုသူတပါးကစား၊ ဒီလိုသေခဲ့ရတဲ့ဘဝတွေလဲ များခဲ့လှပြီ၊ အဲဒီလို စဉ်းစား ကြည့်ရမှာကိုး။

အဲဒီဟာတွေ မြွေကြီးလေးကောင်တို့ ရန်သူကြီးငါးယောက်တို့ အဲဒါတွေကြောင့် ဒုက္ခတွေရောက်ရတယ်၊ အဲဒီဒုက္ခ တွေက လွတ်မြောက်အောင် ယခုဘဝတွေလဲပဲ ပဋ္ဌိသန္ဓေနေရလို့ အချို့ပုဂ္ဂိုလ်တွေ အရွယ်ကြီးလို့ အိုကုန်ကြပြီ၊ အိုခြင်း, နာခြင်း, ဒုက္ခတွေနဲ့ တွေ့နေတယ်၊ ကိုယ်၏ဆင်းရဲ၊ စိတ်၏ဆင်းရဲတွေနဲ့ များများတွေ့နေရ၊ သောကပရိဒေဝတွေတွေ့လို့၊ အများကြီး ဒုက္ခရောက်ရ၊ အဲဒါတွေရှိကြ၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးတွေနဲ့စပ်ပြီးတော့ ဒုက္ခတွေဆိုတာ ရောက် ကြတာပဲ၊ ရှိနေတာပဲ၊ အဲဒါတွေရောက်ပြီးတော့ ဆင်းရဲတွေက၊ နောက်မဖြစ်ပါစေနဲ့ ဒီဘဝတွင် ငြိမ်းပါစေ၊ မငြိမ်းလို့ ရှိယင် လဲပဲ ဘဝပေါင်းအနည်းငယ်အတွင်းမှာပဲ အဲဒီဆင်းရဲတွေငြိမ်းပါစေ၊ ဒီဆင်းရဲတွေမှ လွတ်မြောက်ပါစေလို့ အာရုံပြုပြီးတော့ တရားကို အားထုတ်ရတာကိုး။

အဲဒီတော့ လုံ့လဝီရိယဟာ ကူးနေတာပဲ၊ ကူးနေလို့ နှစ်မိုင်လောက် ရောက်တယ်ဆိုယင် တစခန်းရောက်တာပါပဲ၊ ပထမဆုံး ဘယ်ကနေပြီးတော့ ဆိုတော့ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့ သိပြီး ခပ်ကြမ်းကြမ်း ပြောရမယ်၊ ရှုတိုင်းမှတ်တိုင်း ရှုရတဲ့ရုပ်ကတမျိုး၊ သိတဲ့နာမ်ကတမျိုး၊ မှတ်တိုင်းမှတ်တိုင်းဟာ ဖောင်းတာမှတ်ယင် ဖောင်းတာကလေးကတခြား၊ မှတ်သိတာ ကလေးကတခြား၊ ဒါကလေးနှစ်ခုရှိတာပါပဲ ကွေးတာမှတ်ယင် ကွေးတဲ့ရုပ်ကတခြား၊ သိတဲ့စိတ်က တခြား၊ ဒါပဲ၊ မှတ်တိုင်း

မှတ်တိုင်းဟာ မှတ်ရာအစမှာ ရုပ်မှတ်နေရတယ်၊ ရုပ်ကိုယ်ကြီးကတခြား၊ သိနေတာကတခြား၊ တခြားစီပဲ၊ ရုပ်နဲ့နာမ် ဒါနှစ်ခုပဲ ရှိတာပဲ၊ နာမ်ရုပ်ပိုင်းခြားသိတာကို နာမရူပပရိစ္ဆေဒဉာဏ်၊ အဲဒါလဲ တခန်းဖြစ်တာပဲ။

နာမ်ရုပ်ပိုင်းလေးသိတော့ အကြောင်းအကျိုး ဆက်စပ်နေတာကလေးသိသွားယင် စခန်းတခုတိုးသွားတယ်၊အကြောင်းအကျိုးကလေးတွေ မြင်စရာရှိလို့မြင်တယ်၊ ကြားစရာရှိလို့ ကြားတယ်၊ အဆင်းရှိလို့ မြင်တယ်၊ နားရှိလို့ ကြားတယ်စသည်ပေါ့လေ၊ အာရုံကလေးတွေသိနေလို့ အသိစိတ်ကပေါ်လာရတယ်၊ မှတ်စရာသိစရာတွေရှိလို့ မှတ်သိစရာတွေဖြစ်ရတယ်၊ စိတ်ကူးကြံစည်မှုတွေရှိလို့ စိတ်ကူးကြံစည်မှုတွေ နောက်သို့လိုက်ပြီးတော့ ကိုယ်အမှုအရာတွေ ဖြစ်ရတယ်၊ ကွေးချင်လို့ ကွေးရ၊ ဆန့်ချင်လို့ ဆန့်ရ၊ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး၊ ကိုယ်ထဲမှာ သူ့သဘောအတိုင်းသူ ဖြစ်ပျက်နေတာ၊ သူ့အကြောင်းတရားနဲ့ သူ့အကျိုးတရားတွေ ရှိနေတာပဲ၊ အကြောင်းကြောင့် အကျိုးကလေးတွေ ဖြစ်နေတယ်၊ ကောင်းမှုတွေကြောင့် ကောင်းကျိုးတွေရတယ်၊ မကောင်းမှုတွေကြောင့် မကောင်းမှုတွေ ဖြစ်ရတယ်၊ ရှေးရှေးသောဘဝတွေက ကိုယ့်ဘဝနဲ့ ကိုယ်ခင်မင်တွယ်တာမှုတွေရှိလို့၊ အခုဘဝဖြစ်ရတယ်၊ အခုဘဝသာယာနေတာကြောင့် နောက်နောက်သောဘဝတွေလဲ ဖြစ်ရအုံးမယ်၊ အဲဒါကြောင့် ခင်မင်တွယ်တာမှုတွေက အကြောင်း၊ ဖြစ်ရတဲ့ ဘဝတွေကအကျိုး၊ ခင်မင်တွယ်တာ ရာမှာလဲပဲ ကောင်းတယ်လို့ထင်တဲ့ အဝိဇ္ဇာကပါတယ်၊ အဝိဇ္ဇာရှိလို့ ခင်မင်တွယ်တာတယ်၊ ခင်မင်တွယ်တာလို့ ကောင်းစားရာ ကောင်းစားကြောင်းအားထုတ်ပြီးတော့ ဘဝတွေဖြစ်နေတယ်၊ ဆင်းရဲတွေဖြစ်နေရတယ်၊ အကြောင်းအကျိုးတွေ ဆက်စပ်ပြီးတော့ ဖြစ်နေရတယ်၊ အဲဒါတွေ သိတာက အကြောင်းအကျိုးသိတဲ့ အဆင့်။

ဒါသိပြီးတော့ ရှုတိုင်းမှတ်တိုင်း သူ့အခိုက်အတန့်နဲ့ဖြစ်၊ ဖြစ်ပျက်နေတာ ကလေးတွေတွေ့ရတော့၊ မမြဲဘူး၊ မမြဲတဲ့ တရားတွေ၊ ဖြစ်ပြီးပျောက်သွားတာပဲ၊ မှတ်ယင်းမှတ်ယင်းတွေ့ရတယ်၊ ဖောင်းတာကဖောင်းတုန်းတွင်ရှိတယ်၊ ပိန်ပြီးတော့မရှိဘူး၊ ပိန်တာက ပိန်တုန်းတွင်ရှိတယ်၊ ပြီးတော့မရှိဘူး၊ အစမှာသိတယ်၊ ကွေးတာမှာလဲ ကွေးတုန်းလှုပ်ရှားတုန်းရှိတယ်၊ ပြီးတော့မရှိဘူး၊ အစမှာ သိတယ်၊ ကွေးတာမှာလဲ ကွေးတုန်းလှုပ်ရှားတုန်း ရှိတယ်၊ ပြီးတော့ မရှိဘူး၊ ကြွတယ်, လှမ်းတယ်, ချတယ်, သူ့အဆင့်အတန်းနဲ့သူ၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျောက်သွားတာပဲ၊ အဲဒီလိုတွေ့ရတယ်။

နောက် သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ မှတ်တိုင်းမှတ်တိုင်းဟာ သူ့အခိုက်အတန့်ကလေးနဲ့ သူဖောင်းတာမှာလဲ အဆင့်ဆင့်၊ ပိန်တာမှာလဲ အဆင့်ဆင့်၊ ဝေဒနာကလေး၊ နာတာ, ကျင်တာကလေးတွေ အဆင့်ဆင့်ပဲ၊ နာလိုက်ပျောက်လိုက်, ကျင်လိုက်ပျောက်လိုက်, အဲဒီလို သူ့အခိုက်အတန့်နဲ့ ဖြစ်ပျက်နေတာတွေ့ရတယ်၊ စိတ်ကူး စဉ်းစားကြံစည်မှုတွေလဲ စိတ်ကူးယင်းပျောက်ယင်း၊ သူ့အခိုက်အတန့်နဲ့သူ ပျောက်သွားတာ တွေ့ရတယ်၊ အဲဒါဖြစ်ပျက်သွားလို့ မမြဲတဲ့တရားတွေပဲလို့ ရှုယင်းရှုယင်း သဘောကျတယ်၊ အနိစ္စာနုပဿနာဉာဏ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲလို့ သဘောကျတယ်၊ ဒုက္ခာနုပဿနာဉာဏ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေလို့ အနတ္တတရားတွေပဲလို့ ရှုယင်းရှုယင်း သဘောကျတာ အနတ္တာနုပဿနာဉာဏ်၊ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တသိတဲ့ ဉာဏ်ကလေးတွေ ရောက်လာတာဟာ တဆင့်တိုးတက်လာတာပဲ၊ ကူးယင်းယက်ယင်းနဲ့ ကမ်းနဲ့တော်တော် ဝေးလာတယ်။

နောက် ဥဒယဗ္ဗယဉာဏ်တဲ့၊ အဖြစ်အပျက်ကလေး လျင်လျင် မြန်မြန် ပိုင်းပိုင်းခြားခြား သိလာတယ်၊ နောက် ဘင်ဉာဏ်တို့, ဘယဉာဏ်တို့, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်တို့, မုဉ္စိတုကမျတာဉာဏ်၊ နာမည်ပဲလျှောက်ပြီးတော့ ပြောသွားတော့မယ်၊ ပဋ္ဌိသခ်ါဉာဏ်၊ သခ်ါရပေက္ခာဉာဏ်ရောက်ပြီတဲ့၊ သခ်ါရတွေ ကြောင့်ကြမစိုက်ရပဲနဲ့ မှတ်ပြီးတော့သိနေတာ၊ လစ်လျူရှုနေတဲ့သဘော အင်မတန်ကောင်းပါတယ်၊ ဒါကတော့ ကြောင့်ကြမစိုက်ရပဲနဲ့ အမှတ်အသိကလေးတွေ သူ့ဟာသူသွားနေတယ်။

နိဗ္ဗာန်မြင်

အဲဒီ သခ်ါရပေက္ခာဉာဏ် အားကောင်းလာတဲ့အခါ ရှုယင်းမှတ်ယင်းနဲ့ အထူးလျင်မြန်တဲ့ အသိဉာဏ်တွေဖြစ်ပြီးတော့ အဖြစ်အပျက်ကလေးတွေ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို တွေ့သွားတယ်၊ အဲဒါ ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်တာ၊ အဖြစ်အပျက်မှတ်ယင်းမှတ်ယင်း, သိယင်း သိယင်းနဲ့ ဖြစ်ပြီး ပျောက်သွားတာ သိယင်းသိယင်းနဲ့ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကိုတွေ့မြင်သွားတယ်၊ အဲဒါဟာ နိဗ္ဗာန်ကိုပထမဆုံးမြင်လို့ သူ့ကို ဒဿနခေါ်တယ်၊ သောတာပတ္တိမဂ်၊ နိဗ္ဗာန်ကို ရှေးဦးစွာမြင်သည်၊ နိဗ္ဗာန်ဆို တခါမှ မမြင်ဖူး အခုမှမြင်တာပဲ။

စာပေကျမ်းဂန်ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်အကြောင်းတွေကို ပြောဟောနေကြတာပဲ၊ အဆုံးအဖြတ်တွေပေးလို့၊ နိဗ္ဗာန်တွေက တယောက်နဲ့တယောက်လဲ တယ်မတူဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မမြင်ဖူးတာတွေကို ဆုံးဖြတ်နေတာကိုး၊ ဘယ်တူလိမ့်မှာတုန်း၊ မတွေ့ဖူးတာတွေကို ဆုံးဖြတ်တော့ ဒီလိုပဲ လွဲကုန်မှာပေါ့။

နိဗ္ဗာန်အစစ်ဆိုတာ ရုပ်နာမ်သခ်ါရချုပ်ငြိမ်းတာပဲ၊ ဆင်းရဲခပ်သိမ်း ငြိမ်းတာဟာ–

သန္တိ လက္ခဏံ နိဗ္ဗာနံ။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်းခြင်းလက္ခဏာ ရှိ၏။

ငြိမ်းတာပဲ၊ ဖြစ်ပျက်တဲ့ရုပ်နာမ်တွေ ဖြစ်ပျက်ပြီးနေတဲ့ တရားတွေ အခု လောကလူတွေကတော့ ဖြစ်ပျက်နေတာ ဆင်းရဲတယ်လို့ မထင်ဘူး၊ ပျက်တယ်လို့လဲ မထင်ပါဘူး၊ မြင်တာလဲ တယောက်တည်း၊ ကြားနေတာလဲ တယောက်တည်း၊ ငါက သူများကိုမြင်တယ်၊ သူများက ငါ့ကိုမြင်တယ်၊ ဒါတွေဟာ တယောက်တယောက်တွေ့ပြီး၊ ပုဂ္ဂိုလ်သတ္တဝါတွေ အနေအားဖြင့် အလုံးလိုက်အခဲလိုက် ထင်နေတယ်၊ ဖြစ်တယ် ပျက်တယ်လို့လဲ မထင်ပါဘူး၊ အမှန်ကတော့ ဒီဟာဖြစ်တိုင်း ပျက်တိုင်း, မြင်တိုင်း, ကြားတိုင်းတွေဟာဖြစ်ပြီး ပျက်နေတာချည်းပဲ၊ ဖြစ်ပြီးပျောက်သွားလို့ ဆင်းရဲတရားတွေချည်းပဲ၊ အဲဒီ ဆင်းရဲတရားတွေကို ဒီဆင်းရဲတရားတွေ ငြိမ်းသွားတာဟာ နိဗ္ဗာန်ပဲ၊ ဖြစ်ပျက်တဲ့ တရားတွေရှုယင်း မှတ်ယင်းနဲ့ ရှုမှတ်ရတဲ့ အာရုံတွေရော ရှုမှတ်သိနေတဲ့ စိတ်တွေရော သခ်ါရတရားတွေ ချုပ်ငြိမ်းသွားတာဟာ သန္တိလက္ခဏံ နိဗ္ဗာနံ။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်းအေးခြင်း လက္ခဏာရှိ၏၊ အဲဒီ ငြိမ်းတဲ့ နိဗ္ဗာန်ရှေးဦးစွာမြင်တယ်။

ရှေ့ဦးစွာမြင်ပြီးတော့ ဆင်ခြင်တဲ့လမ်းကလေးကို ရှေ့ကလာခဲ့တဲ့လမ်းကလေး၊ ဘေးရန်ရှိလို့ ပြေးလာတော့ တော်တော်လွတ်လောက်တဲ့အခါ ပြန်လှည့်ကြည့်သလို၊ အဲဒါလာခဲ့တဲ့လမ်းကလေး၊ ရှေ့ကရှုမှတ်လာခဲ့ပုံကလေး၊ ရုပ်နာမ်သခ်ါရ ငြိမ်းသွားပုံလေးတွေကို မြင်ရ၊ တွေ့ရတယ်၊ မဂ်ကိုဆင်ခြင်တယ်၊ အဲဒီ ငြိမ်းပြီးတော့ ရောက်နေတဲ့ ဖိုလ်အကျိုးတရားကို ဆင်ခြင်တယ်၊ ပြီးတော့ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ သဘောကလေးလဲ ဆင်ခြင်တယ်၊ သခ်ါရငြိမ်းနေတာကလေးကို ဆင်ခြင်တယ်။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ၊ ပဏ္ဍိတော။

မဂ်နဲ့ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်သည်၊ ပယ်ပြီးသော ကိလေသာကိုလဲ ဆင်ခြင်တယ်၊ မဖြစ်သေးတဲ့ ကိလေသာကိုလဲ ဆင်ခြင်တယ်၊ ဒါကတော့ ဗဟုသုတရှိမှ ဆင်ခြင်နိုင်မှာ၊ ဗဟုသုတမရှိယင်တော့ ကိလေသာမှန်း ဘာမှန်းမသိဘူး၊ အကုသိုလ်တရားတွေလို့တော့ သာမည၊လောက်တော့သိတယ်၊ အကုသိုလ်တွေဆိုတာ ဘာတွေတုံးဆိုယင်မသိဘူး၊ ကိလေသာတွေဆိုတာ ဘာတွေလဲဆိုတော့ မသိတော့၊ ဆင်ခြင်ဖို့ဆိုတာခက်တာပေါ့၊ ဗဟုသုတအတော်အတန်ရှိတဲ့ ပုဂ္ဂိုလ်တွေကသာ ဆင်ခြင်နိုင်တယ်။

သောတာပန်၏ ဂုဏ်များ

သောတာပတ္တိမဂ်ပယ်တဲ့ သံယောဇဉ် ၃–ပါး

သံယောဇဉ်တွေ ဆယ်ပါးရှိတယ်၊ သောတာပတ္တိမဂ်ဉာဏ်နဲ့ပယ်တာက သံယောဇဉ် ၃–ပါးရှိတယ်။

တီဏိ သံယောဇနာနိ ပဟီယန္တိ။

တီဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။

သဟာဝသ ဒဿန သမ္မဒါယ၊ တယသု ဓမ္မာ ဇဟိတာ ဘဝန္တိ။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ။ စတူဟာပါ ယေဟိစ ဝိပ္ပမုတ္တော၊ ဆစ္စာဘိဋ္ဌာနာနိ အဘာဗ္ဗကာတုံ။

ရတနာသုတ်ပရိတ် ဒါကတော့ရတာများပါတယ်။

အသ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ ဒဿနသမ္မဒါယ၊ နိဗ္ဗာန်ကိုမြင်သော သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပြည့်စုံသည်နှင့်။ သဟာ၀–သဟဇ၀၊ တပြိုင်နက်သာလျှင်။ နိဗ္ဗာန်ကိုမြင်တဲ့ သောတာမတ္တိမဂ် ပေါ်လာလို့ရှိယင်၊ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် နိဗ္ဗာန်ကိုဘွားကနဲ မြင်လိုက်သည်နှင့် တပြိုင်တည်း၊ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်လိုက်သည်နှင့် တပြိုင်နက်။

တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဇဟိတာ၊ ပယ်စွန့်အပ်ကုန်ပြီးသည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

သုံးပါးသော တရားတွေကိုပယ်ပြီး ဖြစ်သွားတယ်၊ ရုပ်နာမ်သစ်ါရင်ြမ်းတဲ့ သဘော တွေ့လိုက်တာနဲ့ အဲဒီသံယောဇဉ် သုံးပါးပယ်ပြီးသား ဖြစ်သွားတယ်၊ ကင်းသွားတာ၊ သံယောဇဉ်သုံးပါး ကင်းသွားပြီ၊ ဘာတွေတုံး ဆိုလို့ရှိယင်–

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါပि ယဒတ္ထိ ကိဉ္စိ။

သက္ကာယဒိဋ္ဌိစ၊ သက္ကာယဒိဋ္ဌိသည်လည်းကောင်း။ ဝိစိကိစ္ဆိတဉ္စ၊ ယုံမှားကင်းသည်လည်းကောင်း။ သီလဗ္ဗတံဝါပိ၊ အလေ့အကျင့်မှုဖြင့် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်သည်ဟု ယူဆသောအယူကိုလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဧဟိတာ၊ ပယ်စွန့်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ် သုံးပါးပယ်ပြီးသား ဖြစ်သွားပါတယ်၊ သံယောဇဉ် သုံးပါးကင်းသွားသည်။

သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိဆိုတာ ဘာတုံးဆိုတော့ ရုပ်နာမ်အစုငါကောင်ဟု ထင်နေတဲ့ဥစ္စာဟာ သက္ကာယဒိဋ္ဌိပဲ၊ မြင်တိုင်းမှာ ရုပ်နာမ်မျှသာရှိသည်၊ မြင်တိုင်းမှာ မျက်စိကရုပ်၊ မြင်ရတဲ့အဆင်းကရုပ်၊ မြင်သိတာက နာမ်၊ ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ ဒါပြင် ဘာမှမရှိဘူး၊ မြင်စိတ်မှာ မြင်ခိုက်အခါ မျက်စိက ထင်ရှားတယ်၊ မြင်ရတာလဲ ထင်ရှားတယ်၊ မြင်သိတာလဲ ထင်ရှားတယ်၊ မျက်စိက စာပေကျမ်းဂန်ထဲမှာ စက္ခုပသာဒလို့ ခေါ်တယ်၊ စိတ်၏ မှီရာ, တည်ရာ, မြင်ရတာက အဆင်းရုပ်ကလေး၊ မြင်ရတဲ့ သဘောကလေးပဲ။

အခုပကတိလူတွေ ထင်နေတာကတော့ မြင်တဲ့အခါ အကောင်အထည်ကြီး အောက်မေ့ရတာကိုး၊ ယောက်ျားမြင်တယ်၊ မိန်းမမြင်တယ်၊ လူမြင်တယ်စသည်ဖြင့် အကောင်အထည်ကြီး လိုက်မြင်တာကိုး၊ အကောင်အထည်ကြီး မဟုတ်ဘူး၊ မြင်နိုင်တဲ့ အဆင်းရုပ်ကလေး ဘယ်ဟုတ်လိမ့်မှာတုံး၊ အပေါ်ယံတွင်ပဲ လူက၊ အကျီတွေ လုံလုံခြုံခြုံ ဝတ်ထားလို့ရှိယင် အသားကို မြင်ရတာ မဟုတ်ဘူး၊ အပြင်ဘက်က အဝတ်လောက်မြင်ရတယ်၊ စောင်ခြုံထားလို့ ရှိယင်ဖြင့် စောင်ပေါ်က မြင်ရတာပါပဲ၊ လူမြင်ရတာမဟုတ်ပါဘူး၊ အပေါ်က မြင်ရတယ်၊ အဲဒီအပေါ်ယံက အဆင်းကလေးတွေ မြင်သွားတယ်၊ မြင်ကောင်းတဲ့ တရား ကလေးတွေ မြင်သွားတယ်၊ ရှေ့ကမြင်သိတဲ့သဘော မြင်သိတာကလေး မြင်သိတာအစစ်ပဲ၊ ဒါကလေးရှိတဲ့ မြင်ခိုက်မှာ မြင်ရ တဲ့အဆင်းကရုပ်၊ မြင်သိတာကနာမ်၊ ရုပ်နဲ့နာမ်မျှသာရှိသည်။

ပကတိလူတွေ ဘယ်လိုထင်သလဲ ဆိုတော့ မြင်တာက ငါပဲ ထင်တာကိုး၊ ကိုယ့်ကိုယ် ဆိုလို့ရှိယင်လဲ ကိုယ့်ကိုယ်ကို ငါမြင်တယ်၊ သူများမြင်တာလဲ ရှိတယ်၊ လူမြင်တယ်၊ ယောက်ျားမြင်တယ်၊ မိန်းမမြင်တယ်စသည်ဖြင့် အဲဒီလိုပဲထင်တယ်၊ ပုဂ္ဂိုလ်သတ္တဝါအကောင်အထည်ကလေးပဲ ဖြစ်နေတယ်၊ အဲဒါ တကယ်စွဲလမ်းနေလို့ရှိယင် သက္ကာယဒိဋ္ဌိခေါ်တယ်၊ တကယ်မစွဲ လမ်းပဲနဲ့ သာမည်ဆိုတော့ ဒိဋ္ဌိလို့မဆိုရပါဘူး၊ တကယ့်ကို အသက်ရှင်နေတဲ့ အကောင်ပဲဟုတ်တယ်လို့ စိတ်ထဲမှာ စွဲမှတ်ထား လို့ရှိယင် အဲဒါ သက္ကာယဒိဋ္ဌိခေါ်တယ်။

အဲဒီ သက္ကာယဒိဋ္ဌိကင်းတယ်လို့ မြင်ခိုက်၌ ရုပ်နဲ့နာမ်အစုပဲ၊ မျက်စိရုပ်၊ အဆင်းရုပ်၊ မြင်သိတာကနာမ်၊ ရုပ်နဲ့နာမ်၊ ထို့အတူ ကြားခိုက်မှာလဲပဲ နားရုပ်၊ အသံရုပ်၊ ကြားတာကနာမ်၊ ရုပ်နဲ့နာမ်၊ အနံ့နံ့ခိုက်မှာလဲ ထို့အတူပဲ အရသာစားသိတာက လဲ ထို့အတူ၊ တွေ့ထိခိုက်မှာလဲပဲ ကိုယ်ရုပ်နဲ့လဲ တွေ့ထိရတာက ရုပ်၊ တွေ့ထိတာကနာမ်၊ စိတ်ကူးကြံစည်ခိုက်မှာလဲ စိတ်ကူး ကြံစည်မှုတွေက နာမ်၊ စိတ်ကူးကြံစည်မှုတွေ၏ တည်ရာဖြစ်တဲ့ကိုယ်က ရုပ်၊ တည်ရာကရုပ်၊ ကြံသိတာကနာမ်၊ အာရုံတွေက တော့ မသေချာဘူး၊ အာရုံကတော့ ရုပ်လဲရှိတယ်၊ နာမ်လဲရှိတယ်၊ ပညတ်တရားတွေလဲရှိတယ်၊ သူကတော့ စုံလို့ပဲ၊ အဲဒီတော့ အခုမြင်တိုင်း, ကြားတိုင်း, ထင်ရှားပေါ်နေတာတွေ ရုပ်နဲ့နာမ်ပဲရှိတယ်။

အဲဒါတွေကို ပကတိလူတွေက အသက်ရှင်နေတဲ့ အကောင်တွေလို ထင်နေတာပါပဲ၊ သူပဲ၊ အသက်ရှင်နေတဲ့အကောင် ပဲလို့ ထင်နေတာကိုး၊ အဲဒီအသက်ရှင်နေတဲ့ အကောင်ရှိတယ်ဆိုတာကလေး အစွဲအလမ်းကလေး ပျောက်သွားတယ်၊ဒါပျောက် သလား မပျောက်သလားလို့ စဉ်းစားဖွယ်ရာပဲ၊ ဘုန်းကြီးက ဉာဏ်စဉ်ဟောတော့ ဒီဟာကလေးထည့်ဟောတယ်၊ ဉာဏ်စဉ် ဟောတော့၊ တရားပြည့်စုံတယ်ဆိုယင် အောက်ထစ်ဆုံးပေါ့၊ သောတာပတ္တိမဂ်ရောက်ယင် ဒီဟာကင်းရမှာပဲ၊ ဒီအစွဲအလမ်း ပျောက်ရမယ်၊ အဲဒီအစွဲအလမ်း မပျောက်သေးဘူးဆိုယင် မဟုတ်ဘူးလို့ပဲ မှတ်ရမယ်၊ အခု အစွဲအလမ်းပျောက်ရမယ်။

ဝိပဿနာရှုစဉ်ကတည်းက ပျောက်သလောက်တော့ ရှိနေပါပြီ၊ မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ မြင်တိုင်းကြားတိုင်း တွေ တရိပ်ရိပ် ပေါ်ပျောက်နေတာချည်း တွေ့ရတယ်၊ သိတဲ့စိတ်ကလဲ သိယင်းသိယင်း ပျောက်နေတာချည်း တွေ့ရတော့ မြင်တွေ့ကြားသိ နေရတာကလဲ ပေါ်ပြီးပျောက်နေလို့ မမြဲတဲ့ တရားတွေချည်းပဲ၊ သဘောတရားချည်းပဲ၊ မြင်လိုက် ကြားလိုက်

နဲ့သိနေတာကလဲ ဖြစ်ပြီးပျောက်လို့ မမြဲတဲ့တရားတွေချည်းပဲ၊ ဒီအထဲပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်လို့မရှိဘူး၊ အသက်ရှင်နေတဲ့အကောင် သတ္တဝါမရှိဘူး၊ ဝိပဿနာ ရှုစဉ်ကတည်းက ကင်းနေသလောက်ဖြစ်နေပါတယ်၊ ဝိပဿနာသန့်ရှင်းလေလေ ဒါကင်းလေလေပါပဲ၊ ဒါပေမယ်လို့ လုံးဝ ပျောက်သလားဆိုယင် လုံးဝတော့ မပျောက်ပါဘူးတဲ့၊ တရားအားမထုတ်ပဲနဲ့ ရပ်နေ၊ နားနေလို့ရှိယင် ပြန်ပြီးတော့ ဒီအစွဲအလမ်းတွေ ပေါ်လာနိုင်တယ်။

အခု နိဗ္ဗာန်ကိုမြင်ပြီးယင်တော့ ပြန်မပေါ်လာနိုင်တော့ဘူး၊ ဒါကတော့ အစသတ်ငြိမ်းသွားတယ်၊ လက်စသတ်တခါတည်း ငြိမ်းသွားတယ်၊ ဒါကြောင့်မို့၊ (ဆို)

ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။
ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။
ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။

ရုပ်နာမ်အစု၊ ငါကောင် သတ္တဝါကောင် အသက်ရှင်နေတဲ့အကောင် ရုပ်နာမ်အစုဆိုတာလဲ အခြားမှာမရှိဘူး၊မြင်တိုင်းကြားတိုင်း ထင်ရှားနေတာတွေကို ရုပ်နာမ်အစုပဲ၊ ရုပ်နာမ်အစုတွေကို တနေရာရာမှာ မြေကြီးတွေများ စုပုံထားသလို၊ ဒီလိုမဟုတ်ဘူး၊ မြင်တိုင်းကြားတိုင်း ကိုယ့်သန္တာန်က ထင်ရှားနေတဲ့တရားတွေကို ပြောတာ၊ အဲဒါတွေကို ပကတိကငါပဲ၊ အသက်ရှင်နေတဲ့ အကောင်တွေပဲလို့ ထင်ခဲ့တယ်။

အခု တရားအားထုတ်ပြီးလို့ရှိယင် နိဗ္ဗာန်ကို တကယ်မြင်ယင် အဲဒီလို အထင်အမြင် အစွဲအလမ်းမရှိဘူး၊ ရှေ့ကဒီမှာ တရားအားထုတ်ဖူးတဲ့ ဒါယကာကြီး တယောက်ပြောဖူးတယ်၊ သူက ရှေ့တုန်းကတော့ တရားအားမထုတ်ခင်ကတော့ကို အသက်ရှင်နေတဲ့ အကောင်ကလေးတကယ်ရှိနေတယ်လို့ စိတ်ထဲကတကယ်ထင်နေတာ၊ စဉ်းစားလိုက်တော့ အကောင်ကလေးနဲ့ပဲ၊ တရားအားထုတ်ပြီးတဲ့အခါကျတော့ ဒီအကောင်ကလေးမရှိဘူးလို့ ပြောတယ်၊ သူ့ဉစ္စာနေရာကျတယ်၊ အဲဒီလိုပဲ ဖြစ်ရမှာ၊ အသက်ရှင်နေတဲ့ အကောင်ရယ်လို့ မရှိဘူး၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲလို့ ပြန်ပြီးတော့ ရှင်းနေတယ်၊ ဒါကြောင့် "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ" ဒါဟာ သက္ကာယဒိဋ္ဌကင်းတယ်တဲ့။

ဝိစိကိစ္ဆာ

ဝိစိကိစ္ဆာက ယုံမှားမှုတဲ့၊ ယုံမှားတယ်ဆိုတာကလေး ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားတာတွေ၊ ဒါက လောကရေးရာတွေနဲ့ ယုံမှားတာတွေလဲရှိတယ်၊ အဲဒါကတော့ ဝိစိကိစ္ဆာ မခေါ်ရပါဘူး၊ ဒါတွေကတော့ ကင်းလို့လဲမဖြစ်ပါဘူး၊ လောကရေးရာနဲ့ ယုံမှားတယ်ဆိုတာဟာ လူတယောက်ရောက်လာလို့ရှိယင် ဒီလူဟာ လူကောင်းပဲ ဟုတ်ရဲ့လား၊ လူဆိုးပဲ ဟုတ်ရဲ့လားဆိုတာ စဉ်းစားရအုံးမယ်၊ လူအခြေအနေကြည့်ပြီးတော့ ကြည့်ရအုံးမယ်၊ တချို့က ကောင်းကောင်းနဲ့လာတာလဲရှိတယ်၊ အဲဒီတော့ မယုံသင်္ကာရှိရတယ်ဆိုတာ ဖြစ်တာရှိရတယ်၊ ဒါကတော့ ဝိစိကိစ္ဆာလို့မခေါ်ရဘူး၊ ဒါက လောကရေးရာတွေ၊ ခရီးလမ်းသွားလို့ရှိယင် ဒီလမ်းကခရီးသွားလို့ရှိယင် ဒီအရပ် ရောက်ရဲ့လား၊ မဟုတ်ဘူးလားဆိုတာ ယုံမှားတွေက ရှိတယ်၊ အဲဒါလဲ ဝိစိကိစ္ဆာလို့ မဆိုရဘူး၊ လောကရေးရာတွေ ပစ္စည်းတခုဟာ ဒီတန်ဖိုးနဲ့ပစ္စည်းဟာ ထိုက်တန်သလား မထိုက်တန်ဘူးလားလို့ ဒီလိုယုံမှားရှိတာလဲ ဖြစ်နိုင်တယ်၊ ဒါလဲပဲ လောကရေးကိုး၊ ယုံမှားတယ်လို့ မဆိုရဘူး။

ဘုရားဌ်ယုံမှား

စင်စစ်ကတော့ ယုံမှားတယ်ဆိုတာ တရားရေးရာနဲ့စပ်ပြီးတော့ ယုံမှားရတယ်၊ ဘုရားနဲ့စပ်ပြီးတော့ ယုံမှားတယ်၊ ဘုရားအစစ်ဟုတ်ရဲ့လား မဟုတ်လေလား၊ တရားအစစ် ဟုတ်မှန်လေသလား မဟုတ်မှန်လေသလား၊ သံဃာစစ် သံဃာမှန် ဟုတ်လေသလား မဟုတ်လေသလားလို့ ဒီလိုယုံမှားတာတွေ။

အလုံးစုံသော တရားတွေကို သိတော်မူတယ်၊ အရဟံ–အစရှိသော ကိုးပါးသော ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားရှိတယ်၊ ထိုမြတ်စွာဘုရား တရားတွေကို ဟောခဲ့တယ်၊ သေခြင်းကင်းတဲ့ တရားတွေကို ဟောခဲ့တယ်၊ ဒီလိုဘုရားဟော ဟုတ်မှဟုတ်ပါ့မလားဆိုတာ ယုံမှားလို့ရှိယင် ဝိစိကိစ္ဆာ၊ တရားအားမထုတ်ရသေးလို့ တရားမပြည့်သေးယင် ဒီလိုယုံမှားတာ ဖြစ်နိုင်တယ်၊ ဒီလိုလဲ ဘေးကပုဂ္ဂိုလ်ကခေါ်ပြီး စပ်ပေးလို့ရှိယင် တဖြည်းဖြည်းနဲ့ ယုံမှားဆိုတာ ဖြစ်လာတတ်တယ်၊ အဲဒါ ဗုဒ္ဓဘာသာဝင်တွေ ငယ်ငယ်ကတည်းက မိဘတွေက ဆရာသမားတွေထံက ကြားထားလို့၊ ဘုရားဆိုတာ ယုံကြည်လို့တော့ နေတာပဲ၊ တော်တော် စဉ်းစားဉာဏ်ရှိလာတဲ့အခါကျတော့ စဉ်းစားယင်း ဟုတ်မှဟုတ်ပါ့မလားဆိုတာ ယုံမှားဖြစ်တတ်တယ်။

တရားခ္ဍ ယုံမှား

တရားနဲ့စပ်ပြီးတော့ ယုံမှားချင်တယ်တဲ့၊ တရားကလဲပဲ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဆိုတာရှိတယ်၊ ကိလေသာ ကင်းငြိမ်းစေတတ်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဆိုတာ ရှိတယ်၊ အဲဒါဟာ ကိုယ်က မတွေ့သေးတော့ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားစရာရှိတယ်၊ လောဘ, ဒေါသ, မောဟတွေ ကင်းစေနိုင်တယ်၊ ကင်းစေနိုင်တဲ့တရားတွေဆိုတာ ရှိတယ်၊ တရားတွေရယင် လောဘ, ဒေါသ, မောဟတွေ ကင်းတယ်ဆိုတော့၊ ကိုယ့်သန္တာန် မကင်းသေးတော့၊ ဒီတရား ဟုတ်မှဟုတ်ပါ့မလားလို့ စဉ်းစားစရာပေါ့၊ ဘာနဲ့တူသလဲဆိုယင် ရောဂါရှိတဲ့ပုဂ္ဂိုလ် ဒီဆေးစားလို့ရှိယင် ရောဂါပျောက်ပါလိမ့်မယ်လို့ သူများက ဆေးပေးပေမယ်လို့ မစားခင်တော့ မသေချာသေးဘူး၊ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားရှိရအုံးမယ်၊ ဒီဆေးထိုးယင် ရောဂါပျောက်ပါလိမ့်မယ်ဆိုပေမယ်လို့ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားရှိရမှာပဲ။

အဲဒါလိုပဲ၊ အဲဒီတရားဟာ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတွေ ရှိတယ်၊ ကိလေသာတွေ ကင်းငြိမ်းစေနိုင်တဲ့ မဂ်တရား နိဗ္ဗာန်တရားတွေဆိုတာ ကိုယ်တိုင် မတွေ့သေးယင် ယုံမှားဆိုတာ ဖြစ်နိုင်တယ်၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတာ ယုံမှားဆိုတာ ဖြစ်နိုင်တယ်၊ အခု ယုံမှား မရှိရဘူး၊ ဘာပြုလို့လဲဆိုတော့ ကိုယ်တိုင်တွေ့နေတာကိုး။

ရုပ်နာမ်တရားတွေကို ကိုယ်တိုင်တွေ့ရတယ်၊ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်တွေ့ရတယ်၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတွေကို ကိုယ်တိုင်တွေ့ရတယ်၊ ရုပ်နာမ်သင်္ခါရငြိမ်းတယ်ဆိုတဲ့ နိဗ္ဗာန်၊ အဲဒါက အရေးကြီးတယ်၊ ရှုယင်းနဲ့ ရုပ်နာမ်သင်္ခါရ ငြိမ်းတာကို တွေ့ရတယ်၊ ရုပ်နာမ်သင်္ခါရ ငြိမ်းတာကို ရောက်သွားတာနဲ့ မဂ်တရား ဖိုလ်တရား၊ ဒါကလက်တွေ့ကိုး၊ မဂ်တရား ဖိုလ်တရား ကိုယ်တိုင်တွေ့တယ်၊ ဘယ်ယုံမှားစရာ ရှိအုံးမှာလဲ။

နောက် ထပ်ခါထပ်ခါ နှလုံးသွင်းလို့ရှိယင် ဖလသမာပတ်ဖြင့် နိဗ္ဗာန်ကို ပြန်တွေ့နေတာ၊ ဖိုလ်ဝင်စားနေတယ်လို့ ဆိုရတယ်၊ အဲဒီမှာလဲ နိဗ္ဗာန်နဲ့ ဖိုလ်နဲ့ဟာ နှလုံးသွင်းတိုင်း သွင်းတိုင်းလို တွေ့နေတယ်၊ သင်္ခါရငြိမ်းရာ ပြန်ရောက်နေတယ်၊ ဒီတော့ ယုံမှားစရာမရှိဘူး၊ ကိလေသာတွေကလဲ ငြိမ်းတန်သမျှ ငြိမ်းတယ်၊ အခုပြောနေတဲ့ ကိလေသာမျိုးတွေပြီးတော့ လောဘ, ဒေါသ, မောဟတွေ၊ ဒါကလဲ အလုံးစုံငြိမ်းသော်လဲ နည်းနည်းတော့ လျော့သွားတယ်၊ စိတ်ဓာတ်တွေ အယင်ကလို တော့မဟုတ်ဘူး၊ စိတ်ဓာတ်တွေ အယင်ကလို တင်းတင်းမာမာတွေ ဆိုးဆိုးသွမ်းသွမ်းတွေ မဟုတ်တော့ဘူး၊ လျော့သွားတယ်၊ နူးညံ့သွားတယ်၊ အဲဒါတွေလဲ တွေ့ရတယ်၊ ဒီတော့ တရားနဲ့စပ်ပြီးတော့ ယုံမှားမှု မရှိတော့ဘူး။

သံဃာခ္ဍ ယုံမှား

သံဃာနဲ့စပ်ပြီးတော့ ယုံမှားတဲ့၊ သံဃာဆိုတာ သုပ္ပဋိပန္နအစရှိသော ဂုဏ်နဲ့ပြည့်စုံတယ်တဲ့၊ မဂ်ရောက်နေတဲ့ပုဂ္ဂိုလ် ဖိုလ်ရောက်နေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်လို့၊ အချို့ ကိလေသာအကုန်လုံး ငြိမ်းတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ရှိတယ်လို့၊ အချို့ကိလေသာ အကုန်လုံးငြိမ်းတဲ့ ရဟန္တာပုဂ္ဂိုလ်တွေရှိတယ်၊ ကိလေသာ တစိတ်တဒေသငြိမ်းတဲ့ သောတာပန်ရှိတယ်၊ သကဒါဂါမ်, အနာဂါမ် ရှိတယ်။

အဲဒါကိုယ်တိုင်က ကိလေသာငြိမ်းတဲ့ ပုဂ္ဂိုလ် မဖြစ်သေးလို့ရှိယင် ဟုတ်မှ ဟုတ်ပါ့မလား ဆိုတာ စဉ်းစားစရာပေါ့၊ စဉ်းစားစရာပဲ၊ ဒါပေမယ်လို့ ကိုယ်တိုင်ကိုက တရားအားထုတ်လို့ ကိလေသာတွေ တစိတ် တဒေသငြိမ်းသွားမယ်ဆိုယင်တော့ ယုံမှားမရှိတော့ဘူး၊ ဆေးကုသလိုက်လို့ ရောဂါတစိတ်တပိုင်း ပျောက်သွားလို့ရှိယင် ယုံမှား မရှိတာလို့ ခေါ်တယ်၊ နောက်ဆက်ပြီးတော့ ဒီဆေးလိမ်းလို့ရှိယင် ဆေးစားလို့ရှိယင် ဆေးထိုးလို့ရှိယင် ဒီရောဂါပျောက်တော့မှာပဲလို့ ဆိုတာ လမ်းစကလေး ပေါ်လာသလိုပဲ၊ အဲဒါကြောင့် ဘုရားတရား သံဃာနဲ့စပ်ပြီးတော့ ယုံမှားမဖြစ်ဘူးတဲ့။

အကျင့်သိက္ခာ၌ ယုံမှား

မိမိအကျင့်သိက္ခာ၊ မိမိအကျင့်သိက္ခာလဲပဲ မကောင်းမှုဒုစရိုက်တွေ ကြဉ်ရှောင်ရတယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုကျင့်ရတယ်၊ အထူးအားဖြင့်တော့ သီလအကျင့်တွေပေါ့လေ၊ ပါဏာတိပါတအစရှိတဲ့ ဒုစရိုက်တွေမှ ကြဉ်ရှောင်ပြီး ကျင့်ရတယ်၊ ဒီအကျင့်တွေဟာ ကောင်းတယ်၊ ဒီတော့ သမာဓိအကျင့် ကျင့်ရတယ်၊ ပညာအကျင့်တွေ ကျင့်ရတယ်၊ ပညာအကျင့်တွေ ကျင့်သဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်တယ်ဆိုတဲ့ ကိုယ်ကျင့်တရားတွေ၊ သီလ, သမာဓိ, ပညာ အကျင့်တွေ၊ အဲဒီအကျင့်တွေနဲ့စပ်ပြီးတော့ ဒီအကျင့်တွေကျင့်လို့ တကယ်ရောက်မှရောက်ပါ့မလား၊ တကယ်ဖြစ်တဲ့တရားမှ ဟုတ်ပါ့မလား၊ သီလစောင့်ရှောက်နေတဲ့အတွက် အကျိုးရမယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ သမာဓိ, သမထ ဘာဝနာ အားထုတ်တဲ့အတွက် သမာဓိဈာန်တွေ ရတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ သမာဓိဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ အရေးကြီးတာကတော့ မဂ်ဖိုလ်တရား အရေးကြီးတယ်၊ ဈာန်က ဒီလောက်အရေးမကြီးဘူး၊ တရားအားထုတ်လို့ရှိယင် ရုပ်နာမ်သစ်ါရ အဖြစ်အပျက်တွေကို အမှန်အတိုင်းသိလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်တိုင်သိလို့ နိဗ္ဗာန်ကို တွေ့ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ ယုံမှားဆိုတာ ဖြစ်နိုင်တယ်။

ကိုယ်တိုင်ကတွေ့နေယင် ဘယ်ယုံမှားဖြစ်တော့မှာတုံး၊ ဖြစ်ပျက်နေတာကိုလဲ ကိုယ်တိုင်တွေ့နေပြီ၊ ဒီအကျင့်ကောင်းတယ်၊ ဒီလမ်း သိပ်နေရာကျတာပဲ၊ ဖြစ်ခိုက်ရုပ်နာမ်ကလေး ရှုနေလို့ရှိယင် ရုပ်နဲ့နာမ်နဲ့ ကွဲတယ်ဆိုတာ ဟုတ်တယ်၊ ကိုယ်တိုင် ကွဲလာတယ်၊ ကိုယ်တိုင် ဒီလိုသိတယ်၊ ဖြစ်ခိုက် ရုပ်နာမ်ကလေး ရှုနေလို့ ရှိယင် ဖြစ်ပြီး ပျက်သွားတာ မမြဲတဲ့ တရားပဲ၊ ကိုယ်တိုင် တွေ့တယ်၊ ဆင်းရဲတဲ့တရားတွေပဲ၊ ကိုယ်တိုင် တွေ့တယ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ တရားတွေပဲ ကိုယ်တိုင်တွေ့တယ်၊ အာရုံနဲ့မှတ်စရာရှိတော့တယ်၊ ဝိပဿနာနဲ့စပ်ပြီးတော့ ဘာမှယုံမှားစရာမရှိဘူး၊ ကိုယ်ကျင့်တွေမို့ ယုံမှားကင်းနေတယ်၊ နောက်ဆုံး ရုပ်နာမ်သစ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့ရတယ်၊ ရုပ်နာမ်ငြိမ်းတာ ကိုယ်တိုင်ကလဲ တွေ့တာကိုး၊ မတွေ့ယင်တော့လဲ ယုံမှားဖြစ်လိမ့်မယ်၊ ဒါကတော့ တွေ့ထားလို့ ယုံမှားမဖြစ်ဘူး၊ ထပ်ခါထပ်ခါ နှလုံးသွင်းလို့ရှိယင် ဆင်းရဲငြိမ်းတဲ့ ရုပ်နာမ်သစ်ါရငြိမ်းတဲ့နိဗ္ဗာန်လဲ ထပ်ခါထပ်ခါ ရောက်နေတော့ ကိုယ်တိုင်တွေ့နေတာပဲ၊ ဒီအကျင့် ကျင့်လို့ရှိယင်ဖြင့် ဒီအကျိုးလိုရတယ်၊ အဲဒါ သီလ, သမာဓိ, ပညာတွေနဲ့ စပ်ပြီးတော့ ယုံမှားမှု ကင်းတယ်တဲ့။

ဗုဒ္ဓေ ကခ်ံတိ၊ ဓမ္မေ ကခ်ံတိ၊ သံဃေ ကခ်ံတိ၊ သိက္ခာယ ကခ်ံတိ။ ယုံမှား လေးခု။

ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ကခ်ံတိ၊ ယုံမှား၏။ အဲဒါ ကင်းရမယ်။ ဘုရား၌ ဟုတ်လေသလား၊ မဟုတ်ဘူးလားလို့ ယုံမှား မရှိရဘူး၊ ဘုရားအစစ်ပဲ၊ ဒီတရားတွေကို ဟောခဲ့တဲ့ မြတ်စွာဘုရား အလုံးစုံသော တရားတွေကိုသိတဲ့ ဘုရားအစစ်ပဲ၊ ကိလေသာကင်းတဲ့ ဘုရားအစစ်ပဲ၊ ဒီလို ယုံကြည်ရမယ်ကိုး။

ဓမ္မေ၊ တရားတော်၌။ ကခ်ံတိ၊ ယုံမှား၏။ တရားတော်၌ ယုံမှားကင်းရမယ်၊ ဓမ္မေန ကခ်ံတိ၊ တရား၌ မယုံမှားရဘူး၊ ဒီတရား ဒီလိုအားထုတ်လို့ရှိယင် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်တယ်ဆိုတာ ဟုတ်တယ်၊ မဂ်တရားဖိုလ်တရား နိဗ္ဗာန်တရား ရှိတယ်ဆိုတာ ဟုတ်တယ်၊ ဒီလို ယုံကြည်ရမယ်။

သံဃေ ကခ်ံတိ၊ သံဃာတော်၌ ယုံမှား၏။ အားထုတ်လို့ သောတာပန်, သကဒါဂါမ်၊ အနာဂါမ်တွေ 'ရဟန္တာတွေရှိတယ်ဆိုတာဟာ ကိုယ်တိုင်က သောတာပန်ဖြစ်တော့ ဘယ်ယုံမှားစရာရှိအုံးမှာလဲ၊ သောတာပန်ဆိုတာဟာ ငါလို ပုဂ္ဂိုလ်တွေပဲ၊ ဒီလိုသဘောကျတာပေါ့၊ ရောဂါရှိတဲ့ပုဂ္ဂိုလ် ဆေးကုသလို့ ရောဂါပျောက်သွားတော့ ဒီဆေးစားလို့ အယင်ကကြားဖူးတယ်၊ အယင်က ဘယ်သူဘယ်သူဆိုတာ ရောဂါပျောက်ဖူးတာ၊ ဒီလိုပဲ, ငါလိုပဲ, ရောဂါပျောက်တယ်ဆိုတာ အဲဒီလိုကင်းပြီးတော့မှ သိတယ်၊ ယုံမှားမရှိဘူး။

သိက္ခာယ ကခ်ံတိ၊ မိမိကျင့်သော သိက္ခာ၌။ မိမိကျင့်သော သီလ, သမာဓိ, ပညာ, အကျင့်သိက္ခာ၌။ ကခ်ံတိ၊ ယုံမှား၏။ ပကတိလူတွေက ယုံမှား၏။ အစုယုံမှားတယ်။ နကခ်ံတိ၊ မယုံမှားတော့ဘူး။ မိမိကျင့်တဲ့ သီလအကျင့်, သမာဓိအကျင့်, ပညာအကျင့်, အထူးအားဖြင့်တော့ တရားအားထုတ်နေတဲ့ အကျင့်, ဒီအကျင့်ကျင့်သောအားဖြင့် ဒီအကျိုးရတယ်တဲ့၊ ရုပ်နာမ်သစ်ါရငြိမ်းတဲ့ နိဗ္ဗာန်တိုင်အောင်သော အကျိုးတွေကို တွေ့ရသိရတယ်၊ ယုံမှားစရာမရှိဘူး၊ ဒါကြောင့် ဝိစိကိစ္ဆာဆိုတဲ့ သံယောဇဉ်လဲ ကင်းသွားပြီ၊ ပယ်ပြီးသား ဖြစ်သွားပြီ ဆိုရမယ်။

ဘုရား, တရား, သံဃာအား ယုံမှားမရှိပါ၊
ဘုရား, တရား, သံဃာအား ယုံမှားမရှိပါ၊
ဘုရား, တရား, သံဃာအား ယုံမှားမရှိပါ၊

ဘုရား, တရား, သံဃာအား၊ မိမိအကျင့်သီလသိက္ခာ၌ ယုံမှားမရှိဘူး၊ ဘုရား, တရား, သံဃာအပေါ်၌လဲ ယုံမှားမရှိဘူး၊ တခါတည်း အဝေစ္ဆပသာဒေန သမန္နာဂတော၊ မတုန်မလှုပ် သက်ဝင်ပြီးတော့ ယုံကြည်တဲ့တရား၊ သဒ္ဓါတရားမြဲသွားပြီ၊ ဒီသဒ္ဓါတရားမပျက်တော့ဘူး၊ ကိုယ်ကျင့်တရားတွေလဲ ဒီလိုကျင့်ယင် ဒီလိုဖြစ်တယ်လို့ ဆိုတာဟာ ဒီအကျင့်သိက္ခာနဲ့ စပ်ပြီးတော့ ယုံမှားမရှိဘူးတဲ့၊ ဒီဟာမြဲသွားပြီ၊ အရေးကြီးပါတယ်၊ ကိုယ်ကျင့်ထားတဲ့ ကိုယ့်အကျင့်ကို မယုံတယုံ ဟုတ်မှဟုတ်ပါ့ မလားဖြစ်နေယင် နေရာမကျသေးဘူး၊ ဟုတ်တယ်ဆိုယင် ထထစ်ချကို ဆုံးဖြတ်ပြီးတော့ ဒီလိုကို သဘောကျနေမှဖြစ်မှာ၊ ဆရာသမားပြောလို့ အားနာပါးနာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ဖြစ်မှ ဖြစ်မယ်၊ ကိုယ့်ဟာကို ယုံမှားသံသယကင်းနေရမယ်၊ ဒါမှ ဝိစိကိစ္ဆာကကင်းမယ်၊ သူများပြောတာနဲ့ ကင်းနေရတယ်ဆိုတာဟာ ဒါကတော့ သဘာဝ မဟုတ်ဘူး သိနေတာ။

သီလဗ္ဗတပရာမာသ

သီလဗ္ဗတံဝါပိ၊ အလေ့အကျင့်ကိုယူဆတဲ့ မိစ္ဆာဒိဋ္ဌိတမျိုးပါပဲ၊ အလေ့အကျင့်မျှနဲ့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်တာ၊ အလေ့အကျင့်ဆိုတာ အမျိုးမျိုးရှိတယ်၊ ဘုရားလက်ထက်တော် အခါတုန်းကဆိုလို့ရှိယင် နွားလိုကျင့်တယ်၊ ခွေးလိုကျင့်တဲ့ အကျင့်တွေလဲ ဒီလိုရှိတာကိုး၊ နွားအကျင့် ခွေးအကျင့်တွေ, နွားလိုစား နွားလိုအိပ်, နွားလို သွား, ခွေးလိုစား, ခွေးလိုအိပ်, ခွေးလိုသွား, ခွေးအကျင့် အဲဒီလိုစသည်ပေါ့လေ၊ တခုခု ဆရာအစဉ်အဆက်က သင်ကြားပေးထားတာနဲ့ ဒီလိုလုပ်ယင်ကောင်းတယ်လို့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ပြီးတော့ ယူဆတဲ့အယူအဆမျိုးတွေ၊ သီလဗ္ဗတပရာမာသလို့ ခေါ်တယ်၊ လိုရင်းကတော့ သံသရာဝဋ္ဋဆင်းရဲတွေ ထွက်မြောက်ရေး အကျင့်တွေပေါ့လေ၊ အကျင့် နည်းမမှန်လို့ရှိယင် အဲဒါ သီလဗ္ဗတပရာမာသလို့ ခေါ်တယ်။

မြတ်စွာဘုရားဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးမဟုတ်ဘူးဆိုယင် သီလဗ္ဗတပရာမာသပဲ၊ နေ, ကြည့်နေတာနဲ့ပဲ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်တယ်၊ တရားထူးပေါက်ရောက်တယ်လို့ ပြောတယ်၊ ဒီလိုဟာတွေလဲရှိတယ်၊ သီလဗ္ဗတပရာမာသ၊ လ, ကြည့်နေတာနဲ့ ဒီလိုဖြစ်တယ်၊ ဘာဖြစ်လို့ ဘာဖြစ်တယ်၊ ဘာလုပ်လို့ ဘာဖြစ်တယ်၊ ဒီလိုဟာတွေပေါ့လေ၊ မဂ္ဂင်ရှစ်ပါးတရားမပါပဲနဲ့ဆိုယင်ဖြင့် အဲဒီလိုနည်းနိသျတွေဟာ သီလဗ္ဗတပရာမာသတွေချည်းပဲ၊ မဂ္ဂင်ရှစ်ပါးတရားပါရတယ်။

ခုနကပြောတဲ့ မဂ္ဂင်ရှစ်ပါးတရား–

သမ္မာဒိဋ္ဌိ၊ အမှန်မြင်ရတယ်။
သမ္မာသင်္ကပ္ပ၊ အမှန်ကြံ့သိတာ။
သမ္မာဝါယာမ၊ အမှန်အတိုင်း အားထုတ်နေတာ။
သမ္မာသတိ၊ အမှန်အမှတ်ရတာ။
သမ္မာသမာဓိ၊ အမှန်စူးစိုက်တည်ကြည်တယ်။

အဲဒီအထဲမှာ သီလမဂ္ဂင်က ၃–ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃–ပါးနဲ့ဆိုယင် ရှစ်ပါး၊ အခုဒီမှာ တရားအားထုတ်တယ်ဆိုတော့ ရှုတိုင်းမှတ်တိုင်း သမ္မာဝါယာမ အားထုတ်မှုပါပါတယ်၊ သတိရတာကလဲပါပါတယ်၊ စူးစိုက်တာကလဲပါတယ်၊ ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိတာလဲပါတယ်၊ အဖြစ်အပျက် အမှန်အတိုင်း သိတာလဲပါတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်းသိတာလဲပါတယ်၊ သမ္မာဒိဋ္ဌိတွေပဲ၊ သမ္မာဒိဋ္ဌိဖြစ်အောင်လို့ အကူအညီပေးတဲ့ သမ္မာသင်္ကပ္ပကလဲ ပါတော့တာပဲ၊ အဲဒီတော့ မဂ္ဂင်ငါးပါးပါလို့ရှိယင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ပါလို့ရှိယင် စင်ကြယ်နေတော့တာပဲ၊ ပေါင်းလိုက်ယင် မဂ္ဂင်ရှစ်ပါးရှိတယ်။

အဲဒီ မဂ္ဂင်တရားအကျင့်မှ လွတ်ပြီးတော့ မဂ္ဂင်ရှစ်ပါးတရားအကျင့် မကျင့်ရပဲနဲ့ တစုံတခုသော အလေ့အကျင့်မျှဖြင့် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်သွားတယ်၊ ချမ်းသာသွားတယ်လို့ ယုံကြည်ယူဆသွားလို့ရှိယင် အဲဒီအယူအဆ အယုံအကြည်ဟာ သီလဗ္ဗတပရာမသဒိဋ္ဌိလို့ ခေါ်တယ်၊ သူလဲဒိဋ္ဌိတခု၊ အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်တာ၊ အဲဒါ (သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်) ဆောင်ပုဒ်က ခပ်ရှည်ရှည်ပဲပေးထားတယ်၊ သစ္စာလေးပါးကို မြင်ရတာလဲမဟုတ်ဘူး။

ဝိပဿနာရှုတာ၊ ဒုက္ခသစ္စာ အမြဲတမ်းရှုနေတယ်၊ ဒီအထဲက သမုဒယ သစ္စာကိုလဲ တွေ့ရတာပဲ၊ သာယာမှုတဏှာလဲ တွေ့ပြီးတော့ ရှုတိုင်းရှုတိုင်း ကိလေသာငြိမ်း၊ ကိလေသာငြိမ်းပြီးတော့ ကံတွေ ငြိမ်းဖြစ်ရတယ်၊ ဘဝဆင်းရဲတွေလဲ ငြိမ်းတော့၊ နိရောဓသစ္စာလဲ တဒင်္ဂနိရောဓခေါ်တယ်၊ အဲဒီလို ရှုတိုင်းရှုတိုင်း ဒီမှာပါတယ်၊ ပြီးတော့ မဂ္ဂသစ္စာလဲ လောကီမဂ္ဂသစ္စာခေါ်တယ်၊ အမှန်အတိုင်း သိတဲ့သမ္မာဒိဋ္ဌိအမှားရှိတဲ့ မဂ္ဂင်တရားတွေ ဖြစ်နေတော့ လောကီ မဂ္ဂသစ္စာလဲ ဒီမှာပြည့်စုံနေတယ်၊ အဲဒါ သစ္စာမြင်နေတာ။

မှတ်တိုင်းမှတ်တိုင်း သစ္စာလေးပါးတရားကို မြင်နေတာ၊ အရိယမဂ်ခဏာကျတော့ နိဗ္ဗာန်ကိုမြင်တဲ့ သောတာပတ္တိမဂ် ဖြစ်တော့ နိရောဓသစ္စာကို တိုက်ရိုက်မြင်ရတယ်၊ နိဗ္ဗာန်နိရောဓသစ္စာမြင်တဲ့ သဘောက မဂ္ဂင်ရှစ်ပါးတရား၊ သောတာပတ္တိမဂ် တရားပဲ၊ မဂ္ဂသစ္စာဖြစ်နေတယ်၊ အဲဒီနိဗ္ဗာန် အငြိမ်းဓာတ်မြင်တော့ မငြိမ်းတဲ့ သင်္ခါရတရားတွေ၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာသိရတယ်၊ ဒုက္ခသစ္စာကိုလဲပဲ သိဖို့ရာ ကိစ္စပြီးနေပြီ၊ အဲဒီဒုက္ခတွေကို ဆင်းရဲမှန်းသိတော့ အဲဒီဆင်းရဲတွေကို တောင့်တမယ့် တဏှာကလဲ ကင်းတန်သမျှကင်းနေပြီ၊ မဂ္ဂသစ္စာ၊ တဏှာပယ်ခြင်းကိစ္စလဲပြီးနေပြီ၊ ဒါကြောင့် သစ္စာလေးပါးကိုလဲ မြင်ရတယ်တဲ့၊ ဒါတွေမဟုတ်ဘူး။

မဂ္ဂင်ရှစ်ပါးလဲ အခုနကပြောခဲ့တဲ့အတိုင်း ပွားတယ်၊ အဲဒီလိုသစ္စာလေးပါး တရားတွေမြင်အောင် အားထုတ်ရတာ မဟုတ်ပဲ၊ မဂ္ဂင်ရှစ်ပါးတရားကိုလဲ ပွားများရတာမဟုတ်ပဲနဲ့ တစုံတခုသော အလေ့အကျင့်မျှ ခွေးလိုကျင့်၊ နွားလိုကျင့် စသည်ကျင့်ရုံနဲ့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပြီး ယဇ်ကြီး နတ်ကြီး ကိုးကွယ်ယုံနဲ့ ကောင်းစားချမ်းသာသည်၊ သံသရာကထွက်မြောက်ပြီလို့ စသည်ဖြင့် အဲဒီလိုယုံကြည်တာတွေ ဘယ်သူကယ်တင်တယ်၊ ရှင်ကြီးက ကယ်တင်တယ် စသည်ဖြင့် အဲဒီလိုယုံကြည်တာတွေပေါ့လေ၊ ဘာမှလဲမဂ္ဂင်ရှစ်ပါးတရားပါတာမဟုတ်ဘူး၊ သစ္စာလေးပါးလဲပါတာမဟုတ်ဘူး၊ သူများကို ချည်း အားကိုးနေတယ်၊ အဲဒီလို။

သစ္စာမပါ, မဂ္ဂင်မမြင်, လေ့ကျင့်ကာမျှနဲ့ အလေ့အကျင့် တစုံတခုမျှနဲ့ ချမ်းသာတာတွေဟာ မြဲသွားမယ်၊ နောင် သံသရာ ဆင်းရဲက လွတ်ပြီးတော့ ချမ်းသာသွားမယ်လို့ ယုံကြည်မှုဟာ သီလဗွတပရာမာသ၊ ဒါဟာဒိဋ္ဌိတမျိုးပဲ၊ အဲဒီဒိဋ္ဌိကင်းရမယ်။

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ မယုံကြည်၊ ကင်းပြီ
သီလဗွတာ။

သစ္စာမမြင်ပါပဲနဲ့၊ မဂ္ဂင်ရှစ်ပါး တရားကိုလဲမပွားရပါပဲနဲ့၊ သစ္စာမပါ၊ မဂ္ဂင်မမြင်၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာ မြဲမည်လို့ မယုံကြည်တော့ဘူး၊ အဲဒီ ပုဂ္ဂိုလ်က ဘယ်သူကပြောပြော မယုံကြည်ဘူးတဲ့၊ အရေးကြီးတယ် သူက။

ဆရာများတဲ့ ပုထုဇဉ်

တချို့က ဒီဟာပြော ဟုတ်နိုးနိုး၊ ဟိုဟာပြော ဟုတ်နိုးနိုး၊ ပုထုဇဉ်တွေများ–

"နာနာသတ္ထာရံ ဥလ္လောကေတိ ပုထုဇ္ဇနာ၊" ဝစနတ္ထလုပ်ထားတယ်၊ နိဒ္ဒေသပါဠိမှာ။

ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ နာနာသတ္ထာရံ၊ အထူးထူးသော ဆရာကို။ ဥလ္လောကေတိ၊ မော်ရှာကြည့်တတ်ကုန်၏။ သူတော့ သိကောင်းသိပါလိမ့်မယ်၊ သူကတော့ အောင်မြင်တာ၊ ထမြောက်ပြီလို့၊ ဟိုဆရာဒီဆရာတွေ မော်ပြီးတော့ကြည့်တယ်၊ အောက်ချပြီးတော့၊ ငါမသိဘူး၊ သူတော့သိတယ်။

နာနာသတ္ထာရံ၊ အထူးထူးသောဆရာကို။ ဥလ္လောကေတိ၊ မော်ရှာကြည့်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်မည်ကုန်၏။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ဆိုတာ ဆရာတွေများတယ်။ ဆရာများသားသေဆိုသလို ဆရာတွေက များတယ်။ ဟိုလူလဲဟုတ်နိုးနိုး ဒီလူလဲဟုတ်နိုးနိုး ယုံကြည်နေတယ်၊ ဒါဟာ ပုထုဇဉ်ခေါ်တယ်။

နာနာသတ္ထာရံနဲ့ ပုထုဇ္ဇနာဆိုတာဟာ ဘာနဲ့ဆိုင်သလဲလို့ ဒီလိုလဲမသိယင်တော့ မေးစရာရှိတာပေါ့လေ၊ ဒါက အဓိပ္ပာယ်ဖွင့်၊ ပုထုဇ္ဇနာ၊ ပုထု–ကများတယ်၊ ဇနာ–က လူဟောတယ်၊ လူတွေများတယ်၊ လူဆိုပေမယ်လို့ တခြားလူတွေ မဟုတ်ဘူး၊ ဆရားတွေ၊ ပုထ–ကများတယ်၊ ဇနာ–ကလူ၊ ဆရာပုဂ္ဂိုလ်တွေပေါ့လေ၊ များသောဆရာရှိတယ်လို့ ဒီလိုအဓိပ္ပါယ်ယူပြီးတော့ ဖွင့်တာကိုး။

ပုထုဇနာ ဇကဿသန္တိတိ ပုထုဇနော။

ဇကဿ၊ ဤပုဂ္ဂိုလ်အား။ ပုထု၊ များစွာကုန်သော။ ဇနာ၊ ဆရာပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပုထုဇနော၊ ပုထုဇဉ်မည်၏။

ဆရာတွေကများတယ်တဲ့၊ ဘယ်လိုဆရာတွေတုံးဆိုတော့ ဒီလူဖြင့်ယင် နားလည်တာပဲ၊ ဒီလူဖြင့်ယင် နည်းမှန်လမ်းမှန်သိတာတဲ့၊ သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာနည်းတွေကို သူသိတယ်တဲ့၊ သူ့ဆီကို ဆည်းကပ်လို့ရှိယင်

သူ့ဆီကို နည်းခံလို့ရှိယင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျိုးတွေ ရလိမ့်မယ်တဲ့၊ ဒီလိုယုံကြည်တာကိုး၊ အဲဒါကို ဆရာများတာ၊ ဟိုလူဖြင့်ဟုတ်နိုးနိုး၊ ဘယ်ဟာတည့်တည့်မတ်မတ်မရှိဘူး၊ ကိုယ်က တရားသိမထားလို့ရှိယင် သံသရာခရီးသွားယင်လဲ ဟိုလူနိုးနိုး၊ ဒီလူဟုတ်နိုးနိုး၊ ဒီလိုပဲသူများတွေကို အားကိုးနေရတာပဲ၊ အဲဒါဟာ ပုထုဇဉ်ခေါ်တယ်။

နည်းမှန်ကျင့်မှန်

ဒါဟာ အခုတော့ အဲဒီလိုမဟုတ်ဘူး၊ ကိုယ်ကနည်းမှန်ကလေးရထားတော့ ဖြစ်ခိုက်ရုပ်နာမ် ရှုလို့ရှိယင် မဂ္ဂင်ရှစ်ပါးတရားဖြစ်ပြီး သစ္စာလေးပါးတရားကိုသိပြီး ရုပ်နာမ်အနိစ္စ, ဒုက္ခ, အနတ္တတရားတွေသိပြီး၊ သူများပြောလို့မဟုတ်၊ ကိုယ်တိုင်တွေ့ရတာပဲ၊ အဲဒီလိုတွေ့နေတော့ ဒီထက်မှန်တဲ့နည်း ဘယ်ရှိလိမ့်မှာတုန်း၊ ဒါပဲရှိတယ်၊ မြင်ခိုက်မှာ ရုပ်နာမ်တွေ ပျက်နေတာသိရတယ်၊ နံခိုက်, စားခိုက်, တွေ့ထိခိုက်, ကွေးခိုက်, လှုပ်ရှားခိုက်, ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်တွေရှု၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တွေ၏ သဘောအမှန်သိမှာပဲ၊ ဖြစ်ပျက်တာသိမယ်၊ ဖြစ်ပျက်တာသိတော့ အနိစ္စသိ၊ အနိစ္စသိလို့ရှိယင် ကိလေသာတွေ ကွာတန်သမျှကွာတာပဲ၊ ဒုက္ခတွေလဲ သိလာမယ်၊ အနတ္တတွေလဲ တွေ့လာမယ်၊ ရှုတိုင်း ရှုတိုင်း ကိလေသာတွေငြိမ်း၊ အဲဒီကိလေသာတွေ ကောင်းကောင်းငြိမ်းတဲ့ အခါကာလကျတော့ ရုပ်နာမ်သစ်ါရ ငြိမ်းတဲ့နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့ရတယ်။

အဲဒီလိုတွေ့သွားလို့ရှိယင် အခု ဟိုဆရာကဟုတ်နိုးနိုး၊ ဒီဆရာကဟုတ်နိုးနိုး၊ ဟိုနည်းကဟုတ်နိုးနိုး၊ ဒီနည်းကဟုတ်နိုးနိုး၊ အဲဒီလိုဝေ့လယ်လယ် မဖြစ်တော့ဘူး၊ ဒီနည်းပဲ၊ ဒီဥစ္စာမှန်တာပဲ၊ ဒီတရားပဲ၊ ဒီတရားကလေးနဲ့ တည်တံ့နေတယ်၊ အရေးကြီးတယ်၊ (ဆိုကြစို့)။

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲသည်၊ မယုံကြည်၊ ကင်းပြီ
သီလဗ္ဗတာ။

သီလဗ္ဗတပရာမာသသံယောဇဉ်ကင်းတယ်။

အသ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ ဒဿနေန၊ နိဗ္ဗာန်ကိုမြင်သော သောတာပတ္တိမဂ်နှင့်။ သဟသေယ၊ တပြိုင်နက်သာလျှင်။ သက္ကာယဒိဋ္ဌိစ၊ ရုပ်နာမ်အစုကို ပုဂ္ဂိုလ်သတ္တဝါ ငါကောင်ဟု ထင်မှတ်သော သက္ကာယဒိဋ္ဌိသည်လည်းကောင်း။ ဝိစိကိစ္ဆာ၊ ဘုရား, တရား, သံဃာ, မိမိကျင့်သောသီလ, သမာဓိ, ပညာအကျင့်တို့၌ ဟုတ်မှဟုတ်ပါ့မလားဟု ယုံမှားသော ဝိစိကိစ္ဆာသည်လည်းကောင်း။ သီလဗ္ဗတံဝါပိ၊ တစုံတခုသော အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည်ဟု ယုံကြည်သော သီလဗ္ဗတပရာမာသ အယူသည်လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဓမ္မာစ၊ အကုသိုလ်တရားသံယောဇဉ်တရားတို့သည်။ ဝါ၊ သံယောဇဉ် တရားတို့ကို။ ဧဟိတာ၊ ပယ်စွန့်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သံယောဇဉ် ၃–ပါး ကင်းရကျိုး

အဲဒီ သံယောဇဉ်တရား ၃–ပါးကင်းသွားတယ်တဲ့၊ သံယောဇဉ်တရားသုံးပါး ကင်းသွားတော့ ဘာအကျိုးရတုံး၊ စတူဟာပါယေဟိစ ဝိပွမုတ္တော၊ စတူဟိ၊ လေးပါးကုန်သော။ အပါယေတိစ၊ အပါယ်လေးဘုံတို့မှလဲ။ ဝိပွမုတ္တော၊ ကင်းလွတ်လေပြီ။ အဲဒီပုဂ္ဂိုလ်ဟာ အပါယ်လေးပါးသို့ မကျရောက်နိုင်ပါဘူး၊ အပါယ်လေးပါးမကျတော့ဘူး၊ ဘာပြုလို့တုံး၊ အပါယ်လေးပါးသို့ ကျရောက်ကြောင်း ဖြစ်တဲ့ ကိလေသာတွေမရှိလို့ပဲ။

သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိစိကိစ္ဆာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ သီလဗ္ဗတပရာမာသ မကြဉ်သေးတဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးကျနိုင်တယ်၊ သူတို့က မပြုနိုင်တဲ့အကုသိုလ်တွေ မရှိဘူး၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ အစရှိသည် အကုန်လုံးပြုနိုင်တယ်၊ အလွန်ဆုံးအားဖြင့်ဆိုယင် ဘယ်ထိအောင်ဆိုတော့ အမိအဖကို သတ်နိုင်သည့်တိုင်အောင် ဒီထိအောင်ပြုနိုင်တာကိုး။

သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီလိုကြမ်းတမ်းတဲ့ ကိလေသာတွေမရှိဘူးတဲ့၊ သူတပါးအသက်ကို သတ်နိုင်လောက်အောင်, သူတပါးဥစ္စာ ခိုးနိုင်လောက်အောင်, မတရားပြုကျင့်လောက်အောင်, သူတပါးအကျိုးမဲ့အောင် လိမ်လည်ပြီးတော့ ပြောနိုင်လောက်အောင် အကုသိုလ်အကြမ်းတွေ သူ့မှာမရှိနိုင်တော့ဘူး၊ ဒါကြောင့် သူ့သန္တာန်မှာ စိတ်ကစင်ကြယ်နေပြီ၊ မြင့်မြတ်နေပြီ။

ဘာနဲ့တူသလဲဆိုလို့ရှိယင် လေးတဲ့ ဝတ္ထုပစ္စည်းများ၊ ရေထဲကျမြုပ်သွားသလို၊ ကိလေသာတွေ တင်းကြမ်းပြည့်နေတဲ့ ပုဂ္ဂိုလ်ဆိုတာက အပါယ်လေးဘုံကျသွားနိုင်တယ်၊ စိတ်ဓာတ်တွေက မစင်ကြယ်ပဲဖြစ်နေတော့ သေခါနီးမှာ မသင့်တဲ့အာရုံဆီ

သို့လဲ ရောက်သွားတာကိုး၊ အမြဲတမ်းရောက်တယ်လို့တော့ မဟုတ်ပါဘူး၊ တရားမပြည့်စုံလို့ အကုန်လုံးအပါယ်သို့ ကျတယ်လို့ ဒီလိုတော့မဟုတ်သေးဘူး။

တချို့ဆရာတွေက ဟောကြတာကိုး၊ ဒီလိုဟောကြတာ၊ တရားအားမထုတ်လို့ရှိယင် တရားမသိယင် အပါယ်လေးပါးကျလိမ့်မယ်ဆိုပြီးတော့ နက်ဖြန်သဘက်ကျတော့မလိုလို၊ တချို့ တရားဟောတတ်တယ်၊ ဘုန်းကြီးများတော့ ဒီလောက်တော့ မဟောပါဘူး၊ ဒီလိုတော့ မဟောပြောရဘူးလို့ မြတ်စွာဘုရားက ပြောတယ်၊ မဟုတ်ဘူးတဲ့၊ ဒီဥစ္စာ သိပ်လဲမချောက်ရဘူးတဲ့၊ သိပ်လဲ မမြှောက်နဲ့တဲ့၊ ဝတ္ထုရားအတိုင်း မှန်မှန်ဟောရမယ်၊ ဘုန်းကြီးများက လမ်းမှန်တော့ ဟောပါတယ်၊ ကျနိုင်တယ်၊ ကျသွားတတ်တယ်၊ ဒါပါပဲ၊ ဧကန်ကျလိမ့်မယ်လို့တော့ မဟုတ်ဘူး။

သူ့မှာ ကုသိုလ်တရားတွေကရှိတော့ သေခါနီးမှာ ကုသိုလ်တရားတွေနဲ့ အာရုံပြုပြီးတော့ လူ့ပြည်တွေရောက်၊ နတ်ပြည်တွေရောက်၊ ဒီလိုလဲရှိသေးတာပေါ့၊ ဒီလိုမရောက်လို့ရှိယင် လူ့ပြည် လူတော့ ရှိတော့မယ် မဟုတ်ဘူး၊ ဒီလိုလဲရှိသေးလို့ လူ့ပြည်လူတွေရှိသေးတာ၊ ဒါပေမယ်လို့ အကြောင်း ပတ်သက်လို့ရှိယင် သေခါနီးကျတော့ မတော်တာစွဲလမ်းပြီးတော့ အပါယ်လေးပါးကျတတ်တယ်တဲ့၊ ဘာကြောင့် သူ့သန္တာန်မှာ ကိလေသာတွေ တင်းကြမ်းပြည့်နေလို့။

အခု သောတာပတ္တိမဂ်ဉာဏ်ရောက်လို့ ဒီသံယောဇဉ်သုံးပါး ကင်းသွားလို့ရှိယင် လောဘ, ဒေါသ, မောဟတွေက တော့ လုံးလုံးတော့ မကင်းသေးဘူး၊ ဒါပေမယ်လို့ အားနည်းသွားပြီ၊ သူ့အသက်ကို သတ်နိုင်လောက်အောင်၊ သူတပါးဥစ္စာခိုးနိုင်လောက်အောင်၊ မတော်မတရား ပြုကျင့်နိုင်လောက်အောင်၊ ကြမ်းတမ်းတဲ့ လောဘ, ဒေါသ, မောဟအကြမ်းတွေ မရှိတော့ဘူး။

ဒါကြောင့် အလေးချိန် ပေါ့သွားသလိုပေါ့လေ၊ ရေထဲချလိုက်သော်လဲ မမြုပ်ဘူး၊ ရေထဲချလိုက်လို့ရှိယင် သစ်သားတို့ ဘာတို့မမြုပ်သလိုပဲ၊ အောက်သံသရာမမြုပ်ဘူးတဲ့၊ သေခါနီးမှာ မတော်တဲ့အစွဲအလမ်းတွေ မစွဲလမ်းဘူး၊ ဘာပြုလို့တုန်းဆိုတော့ သူသိထားတဲ့တရားကလေး ရှိနေလို့ပါပဲ၊ သူသိထားတဲ့ တရားကလေးတွေက အမြဲတမ်းလိုပဲ၊ အထူးနှလုံးမသွင်းပေမယ်လို့လဲ အမြဲတမ်း ရှုယင်း, မှတ်ယင်း, ဖြစ်နေတာ၊ အရေးကြီးတဲ့အခါကျတော့ ကိုယ့်တရားလေးနဲ့ကိုယ် နှလုံးသွင်းနေတာကိုး၊ စင်စင်ကြယ်ကြယ်နဲ့ သေတာကိုး၊ အဲဒီတော့ အပါယ်လေးပါးမကျနိုင်ဘူးတဲ့။

စတူဟပါယေဟိစ၊ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိစ၊ အပါယ်ဘုံတို့မှလဲ။ သော၊ ထိုနိဗ္ဗာန်ကို မြင်ပြီးသောသောတာပန်ပုဂ္ဂိုလ်သည်။ ဣတိ၊ ဤသို့။ ဝိပ္ပမုတ္တော၊ ကင်းလွတ်လေပြီ။ ကင်းလွတ်သွားပြီတဲ့။

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံပမတ္တာ၊
နၖ တေ ဘဝံ အဋ္ဌမမာဒိယန္တိ။

အဲဒီပုဂ္ဂိုလ်ဟာ သစ္စာလေးပါးတရားကိုသိလို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတောင်မှ ရနိုင်တဲ့ဘဝပဲတဲ့၊ လူ့ဘဝ, နတ်ဘဝ, ကာမဘုံမှာ ၇–ဘဝပဲနေနိုင်မယ်၊ ကာမဘုံမှာ ၇–ဘဝပြည့်လို့ရှိယင် ဣန္ဒြေ ရင့်ကျက်ပြီးတော့ အရဟတ္တဖိုလ်ရောက်၊ ပရိနိဗ္ဗာန် စံတယ်ဆိုတာဟာ ဒီဘဝနောက်ဆုံး ဘဝပါပဲ၊ အဲဒီတော့ အများဆုံးပါပဲ၊ ကာမဘဝ ၇–ဘဝ၊ အခုနက သီလဗွတနဲ့စပ်ပြီးတော့–

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စပဿတိ။

တံခါးတိုင်ပုံဟန်သောတာပန်

ယထိန္ဒခီလော၊ တံခါးတိုင်သည်။ စတုဟိ ဝါတေဟိ၊ အရပ်လေးမျက်နှာမှလာသော လေတို့သည်။ ဝါ၊ လေတို့ကြောင့်။ အသမ္ပကမ္ပိယော၊ မတုန်လှုပ်စေနိုင်သည်။ ဝါ၊ မတုန်လှုပ်သည်။ သိယာယထာ၊ ဖြစ်သကဲ့သို့။

မြို့များမှာ ရှေးကမင်းတွေက မြို့များ၊ ရှင်ဘုရင်တွေ နန်းတော်မြို့ပေါ့လေ၊ အတွင်းမြို့လို့ ခေါ်ရမယ်ပေါ့၊ ရှေးကမြို့ရိုးတွေ တခမ်းတနားလုပ်ပြီးတော့ ရန်သူမဝင်နိုင်အောင်လို့၊ ရှေးတုန်းကတော့ ရန်သူက ရေကြောက်တာကိုး၊ မြေကြီးကလာရတာ၊ တုတ်နဲ့ဓားနဲ့ဆိုတော့ အကာအကွယ်တွေလုပ်တယ်၊ တတိုင်းတွေခတ်၊ ဝင်ပေါက်နည်းနည်းပဲ၊ ဝင်ပေါက်မှာလဲ အစောင့်အရှောက် အဲဒီမှာ လုံခြုံမှုရှိအောင် လှပတင့်တယ်အောင် တံခါးတိုင်ဆိုတာ စိုက်ထားတယ်၊ တိုင်ပါပဲ၊ လှလှပပစိုက်ထားတယ်၊ အဲဒါ မြေပေါ်မှာ ရှစ်တောင်လောက်မြင့်လို့ရှိယင် မြေကြီးထဲမှာ ရှစ်တောင်လောက်မြှုပ်ရတယ်၊ သူက အလားတူပဲမြှုပ်ရတယ်၊ မြေပေါ်မှာ လေးတောင်လောက် ဖော်ထားလို့ရှိယင် မြေကြီးထဲ လေးတောင်လောက်မြှုပ်ထားရတယ်၊ ရှစ်တောင်ဖော်ယင် ရှစ်တောင် မြှုပ်ရတယ်၊ မြေဝင်ခိုင်ခိုင်လုပ်ရတယ်၊ ဒါဟာ သူရဲ့ မင်္ဂလာအထိမ်းအမှတ်လဲ ဖြစ်ပါလိမ့်မယ်၊ မလဲပဲနေအောင် အဲဒီလိုတိုင် တံခါးတိုင်ပဲ၊ အခုတော့ မန္တလေးမှာ ရှိတယ်လို့ ပြောတယ်၊ ဘုန်းကြီးတော့ သတိမထားမိဘူး၊ မန္တလေးမြို့ပေါက်ဝမှာ အဲဒီတံခါးတိုင်ဟာ အရပ်လေးမျက်နှာမှလာတဲ့ လေတို့ကြောင့် လှုပ်ရှားခြင်းမရှိဘူး၊ ဘယ်လှုပ်ရှားလိမ့်မှာတုန်း၊ အောက်မြေဝင်က အများကြီး သွင်းထားတာကိုး၊ လေတိုက်လို့ ဘယ်လိုလှုပ်နိုင်မှာတုန်း၊ မလှုပ်နိုင်ဘူး၊ အဲဒါလိုပါပဲ။

တထူပမံ သပ္ပုရိသံ ဝဒါမိ။

သပ္ပုရိသံ၊ သူတော်ကောင်းကို။ တထူပမံ၊ ထိုမြို့ပေါက်ဝ၌ စိုက်ထားသော တံခါးတိုင်ကြီးနဲ့ အလားတူသည်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သောတာပန်ပုဂ္ဂိုလ်ဟာ အဲဒီတံခါးတိုင်ကြီးနဲ့တူတယ်၊ တံခါးတိုင် အရပ်လေးမျက်နှာမှ လေတွေတိုက်လို့ မလှုပ်သလိုပဲ၊ သူလဲပဲ အမျိုးမျိုး အယူဝါဒတွေကြောင့် မလှုပ်ရှားတော့ဘူး၊ ကျုပ်တို့တရားက သိပ်ကောင်းပါတယ်၊ ကျုပ်တို့ဆရာက သိပ်ကောင်းတယ်စသည်ဖြင့် ပေါ့လေ၊ ဝါဒဖြန့်တာတွေရှိတယ်၊ ဟုတ်ကောင်းဟုတ်လိမ့်မယ်ဆိုယင် အခုနက ဥစ္စာတွေဆိုယင် နာနာသတ္တဥလ္လော–ကေတိ၊ ပုထုဇ္ဇနာဖြစ်နေမှာပေါ့၊ ဟုတ်ကောင်း ဟုတ်လိမ့်မယ်လို့ ဆိုယင် နာနာသတ္တာရံ ဥလ္လောကေတိ ဘယ်ဖြစ်မှာတုံး၊ အခုဟာက အရပ်လေးမျက်နှာကလာတဲ့ အယူဝါဒတွေလာခဲ့၊ ဘာမျှကိစ္စမရှိဘူးတဲ့၊ မတုန်လှုပ်ဘူး၊ ကိုယ့်တရားကလေးနဲ့ကိုယ် တည်တံ့နေတယ်။

တထူပမံ သပ္ပုရိသံ ဝါဒမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ အရိယာ တို့သည် သိအပ်သော သစ္စာလေးပါး အမှန်တရားတို့ကို။ အဝေစ္စ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ပဿတိ၊ မြင်၏။ တံသပ္ပုရိသံ၊ ထိုသူတော်ကောင်းကို။ (ဝါ) ထိုသစ္စာလေးပါးတရားကို သိမြင်သော သူတော်ကောင်းကို။ တထူပမံ၊ ထိုမြို့တံခါးပေါက်၌ စိုက်၍ ထားသောတံခါး တိုင်ကြီးနှင့်အလားတူသည်။ ဝါ၊ ထိုမြို့တံခါးပေါက်၌ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည်၊ အရပ်လေးမျက်နှာမှလာသော လေတို့ကြောင့် မတုန်မလှုပ်သကဲ့သို့ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာမှလာသော အယူဝါဒအမျိုးမျိုးတို့ကြောင့် မတုန်မလှုပ်ပဲ ခိုင်ခံ့သောသဘောရှိသည်ဟူ၍။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ကိုယ်ရထားတဲ့ ကိုယ်သိထားတဲ့ တရားကလေးနဲ့ တည်တံ့ ခိုင်မြဲနေတယ်တဲ့၊ အဲဒါ သောတာပန်တွေရဲ့ ဂုဏ်တွေပေါ့၊ ရတနသုတ် ပရိတ်ထဲမှာပါတယ်၊ အင်မတန်ကောင်းတဲ့တရားတွေ၊ အဲဒီဂုဏ်တွေအတိုင်း ဖောင်ဖွဲ့ပြီးကူးတဲ့ပုဂ္ဂိုလ်ဟာ နှစ်မိုင်ရောက်သွားပြီတဲ့၊ နှစ်မိုင်ရောက်သွားတော့ ဘာတွေ့တုံးဆိုတော့ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်တွေ့တယ်၊ နိဗ္ဗာန်တွေ့လို့ရှိယင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်တရား ၃–ပါး ကင်းသွားပြီ။

အဲဒီတော့ ကိုယ့်ဟာကိုယ် ဆင်ခြင်တော့ ဆင်ခြင်တတ်တာပေါ့၊ မဆင်ခြင်တတ်သေးတော့ အခုလို တရားဟောတဲ့အခါ ကြားရတော့ ငါ ကင်းသလား မကင်းဘူးလား စဉ်းစားလိုက်လို့ရှိယင် ဘုန်းကြီးက ဒီမှာ ဉာဏ်စဉ်တရား အမြဲတမ်းဟောနေတယ်၊ ဉာဏ်စဉ်တရားဟောတော့ အဲဒီမှာ စောစောက မသိတောင်မှ ဒီအထဲမှာ ပါတဲ့အတိုင်း ငါကင်းတယ် ဆိုယင်လဲ ကင်းတယ်ဆိုတာသိတယ်၊ မကင်းသေးယင်လဲ မကင်းသေးဘူးဆိုတာ သိတာပေါ့၊ သတ္တဝါအကောင်လိုက် အထည်လိုက် ဧကန်ရှိသေးတယ်လို့ထင်ယင်၊ အဲဒါသက္ကာယဒိဋ္ဌိ မကင်းသေးဘူးဆိုတာ၊ လောက ဝေါဟာရအားဖြင့်တော့ သတ္တဝါလို့ခေါ်ရတာပဲ၊ အဲဒီလိုပဲ ကိုယ့်သားရေး သမီးရေး စသည်ဖြင့် ဒီလိုပဲ လောကအတိုင်းတော့ အသိအမှတ်တော့ ပြုရတယ်၊ ဒါပေမယ်လို့

တကြိမ်တည်း အသက်ရှင်နေတဲ့ အကောင်ကလေးရယ်လို့ ဒီအထဲမရှိဘူး၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေပဲဆိုတာ သဘောပေါက်ရမှာကိုး။

ဝိပဿနာရှုစဉ်က ရှုတိုင်းရှုတိုင်း ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေ တွေ့ရတယ်၊ အတွင်းကရော အပြင်ကရော၊ ပေါ်လာတဲ့ အာရုံတွေလဲ ဖြစ်ပျက်သွားတာပဲ၊ ရှုမှတ်သိနေတဲ့ စိတ်ကလေးလဲ ဖြစ်ပျက်သွားတာပဲ၊ ဘယ်မှာ တည်တံ့ခိုင်မြဲနေတဲ့ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ရယ်လို့ မရှိဘူး၊ ကိုယ်ထဲမှာ သူများသန္တာန်မှာလဲ ဒီလိုပဲ၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာ အဲဒီလို ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဖြစ်နေရမယ်၊ အဲဒါဖြစ်ယင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်းတာပဲ၊ အဲဒါကင်းလို့ရှိယင် ဘုရား, တရား, သံဃာနဲ့စပ်ပြီးတော့ ယုံမှားမရှိ၊ ကိုယ်ကျင့်တရားနဲ့စပ်ပြီး ယုံမှားမရှိ၊ ပြီးတော့ သစ္စာလေးပါးကို မြင်အောင်ကျင့်တဲ့ တရားတွေလဲမဟုတ်ဘူး၊ မဂ္ဂင်ရှစ်ပါး ပွားရတဲ့အကျင့်လဲ မဟုတ်ပဲနဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သွားပါတယ်ဆိုတဲ့ နည်းလမ်းတွေလဲပဲ စိတ်မဝင်စားတော့ဘူး၊ မယုံကြည်တော့ဘူး၊ ဒါဟာ သံယောဇဉ်တရား ၃–ပါးကင်းတာ။

သံယောဇဉ် ၅–ပါးကျန်သေး

ဒီတော့ ဒိပြင်သံယောဇဉ်တွေလဲ ရှိတယ်လို့ ဆိုရမှာပေါ့၊ ကာမရာဂ ဗျာပါဒ၊ ကာမအာရုံ တွေကို သာယာနှစ်သက်မှု၊ ဒါကတော့ ရှိသေးတာကိုး၊ အမြင်ကောင်းကလေးကတွေ မြင်ချင်တယ်၊ အကြားကောင်းကလဲ ကြားချင်တယ်၊ အနံ့ကောင်းကလေးတွေကလဲ နံချင်တယ်၊ အစားကောင်းကလဲ စားချင်သေးတယ်၊ အတွေ့အထိကောင်းကလေး တွေ့ထိချင်တယ်၊ အရသာကောင်းစားချင်တယ်၊ ချမ်းသာချင်သေးတယ်၊ ဒါလေးကတော့ ရှိနေသေးတယ်၊ ကာမရာဂ ဖြစ်တယ်၊ ယောဂျားမိန်းမတွေနဲ့စပ်ပြီးတော့ သာယာမှုတွေရှိတယ်၊ ဝိသဘာဂဖြစ်တဲ့အာရုံတွေ သာယာမှုကလေး မကင်းသေးဘူးဆိုတာ ထင်ရှားရှိသေးတယ်၊ မကင်းယင် မကင်းဘူးဆိုတာ အထင်အရှားကြီး၊ ကာမရာဂတို့ မကင်းသေးဘူး။

ဗျာပါဒဒေါသစိတ်ကလေးက စဉ်းစားကြည့်ယင် စိတ်ဆိုးအုံးမှာကို၊ စိတ်မဆိုးပဲနဲ့မနေဘူး၊ စိတ်ဆိုးစရာရှိသေးတယ်ဆိုတာကို သိရမယ်။

ဒီထက် သိမ်မွေ့တဲ့သံယောဇဉ်တွေ ရှိတယ်၊ ရူပရောဂ, အရူပရောဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဆိုတာဟာ အဲဒါတွေကတော့ သိမ်မွေ့တယ်၊ ရူပရာဂ, ရူပဘဝတွေသာယာတယ်၊ အရူပရာဂ, အရူပဘဝ ဗြဟ္မာဘဝတွေ သာယာတယ်၊ စျာန်မရတဲ့ ပုဂ္ဂိုလ်တွေနဲ့တော့ ဝေးကိုဝေးပါသေးတယ်၊ သာယာဖို့ဟာကတော့ အတော်ကိုဝေးပါသေးတယ်၊ ကာမရာဂတွင် ဒီမှာခံနေတယ်။

ပြီးတော့ မာန၊ မာနဆိုတာ ငါသာသိတယ်, ငါသာတတ်တယ်, ငါသာသူများထက်တော်တယ်၊ ဘယ်သူနဲ့အတူတူပဲ၊ တန်းတူစသဖြင့် ဒီလိုစဉ်းစားတယ်၊ နှိုင်းယှဉ်တဲ့မာန၊ ကိုယ်ကအသာယူချင်တဲ့ မာနကလေး၊ ဒါကလေးရှိရအုံးမှာ၊ ဒါကရဟန္တာကျမှာကင်းတာ။

ဥဒ္ဓစ္စ–ဆိုတာက စိတ်ပျံ့လွင့်တာ၊ နောက်ကအဝိဇ္ဇာတဲ့၊ အဝိဇ္ဇာဆိုတာကတော့ မမြင်တာကိုမြင်တယ်လို့ ထင်တယ်တဲ့၊ ဆင်းရဲကို ချမ်းသာလို့ ထင်တယ်၊ ချမ်းသာထင်တာက ရှိသေးတာကိုး။ ဒီလိုပဲ သောတာပန်တွေ၊ သကဒါဂါမ်၊ အနာဂါမ်တွေ၊ သံသရာထဲပျော်နိုင်သေးတာ၊ သုဘသညာရှိနေတယ်၊ သုဘသညာ၊ တင့်တယ်တယ်လို့ ကောင်းတယ်လို့ ထင်တာကလေးတွေက ရှိနေသေးတယ်၊ ဒါပျောက်သွားလို့ရှိယင် ကိလေသာတွေ အကုန်ကုန်မယ်။

အဲဒါကြောင့် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဆိုတဲ့ သံယောဇဉ် ၅–ပါး၊ အခုနက ကာမရာဂ၊ ဗျာပါဒ အကြမ်းစား သံယောဇဉ်က ၂–ပါးပေါင်း ၇–ပါးတော့ကျန်သေးတယ်၊ သံယောဇဉ်တရား ဆယ်ပါး၊ ဒါကိုသိရမယ်၊ ဒီ ၇–ပါးကင်းအောင် လေ့ကျင့်ရမယ်၊ ဒါတွေ မကောင်းတဲ့ တရားတွေမှန်းတော့ သိတယ်၊ အဲဒါပုထုဇဉ်နဲ့ သိရတယ်၊ ပုထုဇဉ်ကတော့ အဲဒါတွေ ကောင်းနေတာကိုး၊ ကာမရာဂတွေဖြစ်နေတာလဲ ကောင်းနေတာပဲ။

အရိယပုဂ္ဂိုလ်အနေအားဖြင့်တော့ မခံစားဘူးမဟုတ်ဘူး၊ မသာယာဘူး မဟုတ်ဘူး၊ လက်ခံတော့ လက်ခံပါတယ်၊ ကာမအာရုံတွေ၊ ဒါပေမယ့် ဒါတွေ မကောင်းမှန်းတော့သိတယ်၊ မလွှဲသာလို့ပဲ၊ ထမင်းစားတဲ့ အခါကာလမှာ မြိန်မြိန်ယှက်ယှက်နဲ့ အရသာခံပြီးတော့ စားတာကရှိတယ်၊ မလွှဲမကင်းသာလို့ စားတာကတမျိုးရှိတယ်၊ နှစ်မျိုးရှိတယ်၊ အဲဒါ အခုမလွှဲမကင်းသာလို့ အနေမျိုးနဲ့သာ၊ ကောင်းတော့မကောင်းဘူး၊ ဒါပေမယ်လို့ သာယာမှုကလေးက ရှိနေတဲ့အတွက် ဒီဥစ္စာကသုံးဆောင်ရသေးတာကိုး၊ ဒီလိုသဘောမျိုးတွေ၊ ပယ်တော့ပယ်ရမယ့် တရားတွေပဲလို့၊ မကောင်းတဲ့တရားတွေဆိုတာ ဒီလိုသိရတယ်၊ မပယ်နိုင်သေးတာတခုပဲ၊ ပယ်တော့ပယ်ရမယ်ဆိုတာ ဒီလိုတော့ သိရတယ်။

သကဒါဂါမိမဂ်ရောက်

အဲဒါကို အရှင်ခေမက–က ဥပမာပေးတယ်၊ နက်နေတဲ့ ရေတွင်းထဲမှာ ရေတော့မြင်ရတယ်၊ လက်လှမ်းတော့မမီဘူး၊ မြင်တော့မြင်နေရတယ်၊ အဲဒီလိုပါပဲ၊ ပယ်ရမယ့်တရားတွေလို့တော့ သိတော့သိတယ်၊ ဒါပေမယ်လို့ မကင်းသေးဘူး၊အဲဒီတော့ သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမသ, ဝိစိကိစ္ဆာဆိုတဲ့ သံယောဇဉ်တရား ၃–ပါးကတော့ ကင်းသွားပြီ၊ ကာမရာဂ, ဗျာပါဒဆိုတဲ့ သံယောဇဉ် အကုသိုလ်တရားတွေကတော့ ရှိသေးတယ်၊ ဒါတွေကင်းအောင်လို့ ငါကျင့်ရအုံးမယ်၊ ဒီလိုဆင်ခြင်ပြီး သကာလ ကျင့်ရတာကိုး၊ ဆက်ပြီးတော့၊ မရသေးတဲ့ တရားရအောင်၊ မသိသေးတဲ့တရား သိအောင်လို့၊ မပယ်သေးတဲ့ ကိလေသာတွေကို ပယ်နိုင်အောင်လို့ ကျင့်အုံးမှပဲ၊ တရားတွေ အားထုတ်လိုက်အုံးမယ် ဆိုပြီးတော့ ဆက်အားထုတ်တယ်၊ ဒါက ရှေ့တစခန်း ကူးတာနဲ့ တူတယ်။

လက်နဲ့ခြေနဲ့ယက်ပြီးတော့ အခုနက ရေထဲကူးနေတဲ့ပုဂ္ဂိုလ်၊ အဲဒီလိုကူးသွားလို့ နောက်တခါ နှစ်မိုင်ရောက်သွားတော့ တစခန်း၊ ကျောက်ဆောင်ကလေးတို့ ဘာတို့ တွေ့လိုရှိယင် နားရအုံးမယ်ပေါ့လေ၊ ဒီမှာ အဲဒီလို တစခန်းရောက်သွား၊ ဒါကသကဒါဂါမိမဂ်ကို ရောက်တယ်တဲ့၊ ရောက်တော့လဲ ဒီအတိုင်းပါပဲ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ သိယင်း သိယင်းနဲ့ ရုပ်နာမ်သစ်ရှင်မိုးတဲ့တရား၊ ဒီလိုပဲတွေ့တာပါပဲ၊ တွေ့တော့ အဲဒီမှာ ကိလေသာတွေ တစခန်းကွာသွားတယ်၊ ဘာတွေကွာသလဲ၊ အခုနက ကာမရာဂ, ဗျာပါဒတွေ၊ သောတာပန်မှာ ကာမရာဂ၊ ဗျာပါဒတွေ ပုထုဇဉ်နဲ့တော့ မတူဘူးပေါ့လေ၊ ဒါပေမယ်လို့ တော်တော်တော့ ကျန်သေးတာပဲ၊ ဒီမှာအဲဒါတွေ အကြမ်းစားတွေ ကင်းသွားတယ်၊ သောတာပန်ကျတော့ နူးညံ့သိမ်မွေ့တယ်တဲ့၊ ဖြစ်ယင်လဲ တခါတရံမှဖြစ်တယ်၊ ဖြစ်တော့လဲ မကြမ်းတော့ဘူးတဲ့၊ သိမ်မွေ့တယ်၊ ဘယ်လောက်ထိအောင် သိမ်မွေ့သလဲ ဆိုတော့ ဝါဒကတော့ ကွဲနေတယ်။

ဝါဒအမျိုးမျိုး

အချို့ ဆရာတွေက ကာမဂုဏ်အာရုံတွေ, လောကကာမအာရုံတွေ သုံးဆောင်ခံစားတဲ့ အဖြစ်မျိုးဖြစ်အောင် မရောက်ဘူးတဲ့၊ ကာမရာဂ၊ ယောဂျားမိန်းတွေ၊ အဲဒီအတွေ့တွေနဲ့ ခံစားဘူးတဲ့ ဟာမျိုးတွေဖြစ်အောင် မရောက်တဲ့၊ သာယာမှုတော့ ရှိသေးတာပဲ၊ အဲဒီလို သာယာမှုဟာ မေထုနပဋိသေဝနလို့ ခေါ်တယ်၊ အဲဒီထိအောင် မရောက်တော့ဘူးတဲ့၊ တချို့ ဆရာတွေက ဆိုတယ်၊ တချို့ဆရာတွေကတော့ ဒီလောက်တော့ မဟုတ်ပါဘူးတဲ့၊ အဖြစ်တော့နည်းတယ်၊ ဖြစ်တဲ့အခါကျတော့ ဒီလိုပါပဲ၊ ဖြစ်သေးတာပဲ၊ လောကရေးရာတွေနဲ့ ဆက်ဆံမှု ရှိသေးတာပဲ၊ ဘာပြုလို့လဲဆိုတော့ ဒီသကဒါဂါမ်တွေမှာ သားတွေ သမီးတွေ ရှိတယ်၊ သားတွေ သမီးတွေ ရှိကတည်းက မကင်းသေးလို့ နေမှာပေါ့၊ အဲဒါ အချို့ဆရာတွေက ပြောတယ်။

အဲဒီတော့ အဌကထာဆရာတွေက ဖြေတယ်၊ သားတွေသမီးတွေကလဲ ဒါပြင်နည်းနဲ့လဲရတာပါပဲ၊ ဒါဟာမသေချာဘူး ဆိုပြီးတော့ အဲဒါကို ပယ်လိုက်တယ်၊ ဒါပေမယ်လို့ စဉ်းစားကြည့်တော့ ဒီပြင်နည်းနဲ့ ရတာတော့ တယ်မပေါ်ဘူး၊ ဒီပြင်နည်းနဲ့ အဆင်းမြင်ရုံမျှနဲ့ အသံကြားရုံမျှနဲ့ စသည်ဖြင့် ဒီလိုဟာကလေးတွေ စာထဲ ပေထဲက ရှိပါတယ်၊ ဒါပေမယ်လို့ အဲဒါကတော့ ရှားပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လောကမှာ အိမ်ထောင်မပြုသေးတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပဲ၊ အဆင်းမြင်တာ အသံကြားတာနဲ့ ဒီလိုတော့ သားတွေသမီးတွေ မဖြစ်ပါဘူး၊ ဒါဟုတ်ပုံတော့ တယ်ရပုံမပေါ်ပါဘူး၊ အဲဒီတော့ အခု လောကဆရာဝန်တို့အနေနဲ့ဆိုတော့ သာ၍ မယုံကြည်တော့မှာပဲ၊ ပဋိသန္ဓေတည်တာက အကြောင်းရှိတယ်၊ အဲဒီတော့ ကာမရာဂကင်းသည်ဆိုတယ် ဆိုတာဟာ ရံခါရံခါမှ ဖြစ်တာမပါပဲတဲ့၊ သက်သာသွားတယ်။

ဝါဒတခုရှိတယ်၊ ဖြစ်တဲ့အခါကာလမှာလဲပဲ ကြမ်းကြမ်းတမ်းတမ်း မဖြစ်တော့ဘူး၊ သိမ်သိမ်မွေ့မွေ့ပဲ ဖြစ်တော့တယ်၊ ကြမ်းတမ်းတဲ့ ကာမရာဂ သုံးဆောင်မှုတွေ မရှိတော့ဘူးတဲ့၊ ဒီလို ယူဆတဲ့ အယူဝါဒက တခုရှိတယ်၊ အဲဒါက ကိုယ်ကြိုက်တာ ယူရမှာပေါ့လေ၊ ကိုယ်တိုင်လဲ တရားထူးတွေ့တဲ့အခါကျတော့ ကိုယ်ဖြစ်ပုံနဲ့ပဲ ဆုံးဖြတ်မှနေရာကျမယ်၊ သူများတော့ ဆုံးဖြတ်လို့နေရာ မကျဘူး၊ ဒါက ဟုတ်ချင်မှ ဟုတ်မယ်။

အနာဂါမိမဂ်ရောက်

အဲဒီလို တစခန်းကုန်သွားတော့ ရှေ့ဆက်ပြီးတော့ ကူးလိုက်တဲ့အခါကျတော့ ခြေနဲ့လက်နဲ့ ယက်ပြီးတော့ကူးတော့ တစခန်းရောက်သွားတယ်၊ နှစ်မိုင်တိုးတော့ ခြောက်မိုင်ရောက်သွားပြီ၊ နှစ်မိုင်လောက် လိုတော့တယ်၊ ဟိုဘက်မှာ၊ အဲဒီမှာ ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေ သိယင်းသိယင်းနဲ့ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့သွားတယ်၊ အနာဂါမိမဂ်ကို ရောက်တယ်၊ ရောက်တော့ ဘာကင်းသွားသလဲဆိုတော့ ကာမရာဂ၊ ဗျာပါဒတွေ အကုန်ကင်းတယ်၊ ကာမရာဂ၊ ကာမနှင့်စပ်ပြီးတော့ သာယာမှုတွေ အကုန်လုံးကင်းပြီ၊ တနေ့က ဒါယကာတယောက်က ပြောတယ်၊ တချို့ တရားအားထုတ်တဲ့ ဌာနနေပြီးတော့ ရဟန္တာဖြစ်လိုဖြစ်၊ အဲဒီ ဌာနက အဆုံးအဖြတ်ပေးတာကို အနာဂါမ်ကာမရာဂ ကင်းတယ်ဆိုပေမယ်လို့ ဒီအတွေ့အထိ ကာမရာဂသာ ကင်းတာ၊ ဒီပြင် ကာမရာဂတော့ မကင်းဘူး၊ ဒါကတော့ မဟုတ်ဘူး၊ ကာမရာဂ ကင်းယင် အကုန် ကင်းရမှာ၊ အတွေ့အထိသာ ကင်းရမယ်လို့ မဟုတ်ဘူး၊ အမြင်နဲ့စပ်ပြီးလဲပဲ ကာမရာဂနဲ့စပ်ပြီးတော့ သာယာတဲ့အနေ မရှိတော့ဘူး၊ ကာမရာဂအနေနဲ့ မဟုတ်ပဲနဲ့ သပ်သပ်ရပ်ရပ် ရှင်းရှင်းကလေး သဘောကျတာမျိုးကတော့ ဒါကာမရာဂအနေမျိုး မဟုတ်ဘူး၊ ယောကျ်ား မိန်းမအနေနဲ့ သာယာမှုမျိုးကတော့ မဖြစ်ဘူး၊ ကာမရာဂတော့ အစစ်ကင်းရမယ်၊ အသံကြားတဲ့အာရုံလဲ ဒီလိုကင်းရမယ်၊ အနံ့လဲကင်းရမယ်၊ အရသာ အစားအသောက်တွေမှာလဲ မလွှဲမကင်းသာလို့ ကိုယ်ကာယကြီးကို ထောက်ပံ့နိုင်သော အားဖြင့်သာ စားမှု သောက်မှု ရှိရမှာ၊ ဒါကျလေးက ကောင်းတယ်၊ ဟိုဟာကလေးက ကောင်းတယ်၊ ဟိုဟာကလေး စားချင်၊ ဒီလိုဟာကလေး စားချင်၊ ဒီလိုသာယာမှုတွေ, တောင့်တမှုတွေဆိုတာ မရှိရဘူး၊ အဲဒီလို ကင်းရမယ်၊ အကုန်လုံးပါပဲ၊ အာရုံငါးပါးနဲ့ စပ်ပြီးတော့ ကာမရာဂ ကင်းသည်၊ ဒါကတော့ ထူးခြားပါတယ်။

ဗျာပါဒ၊ ဒေါသစိတ်ဆိုရာတွေလဲ ကင်းတယ်၊ စိတ်မဆိုးတတ်ဘူးတဲ့၊ စိတ်က မဆိုးတတ်ပဲ ဖြစ်နေတယ်၊ စိတ်မဆိုးတာထက် ရွံလဲ မရွံတတ်ဘူး၊ အဲဒါက တချို့က စိတ်မဆိုးတတ်သော်လဲ ရွံတတ်တာက ရှိသေးတယ်၊ ရွံတတ်လို့ရှိယင်လဲ အတွေ့ထူးပါပဲ၊ တချို့က ကြောက်တတ်တာက ရှိသေးတယ်၊ ကြောက်တတ်တာ ရှိယင် အတူတူပါပဲ၊ ဒီဟာ ဒေါသ, ဒေါသ စိတ်ဆိုးတာတဲ့၊ ရွံတာကြောက်တာတဲ့၊ နှလုံးမသာတာ စိတ်ဆင်းရဲတာ စိတ်ညစ်တာ၊ ဒါတွေဟာ အကုန်လုံး အခုနက ဗျာပါဒ ဒေါသနဲ့ ဆိုင်တဲ့ဟာတွေ၊ အဲဒါတွေ အကုန်လုံး ကင်းနေတယ်၊ တော်တော် နေရာကျတယ်။

ဒီပုဂ္ဂိုလ် အကုန်ချမ်းသာပြီး အနာဂါမ်ဖြစ်သွားလို့ရှိယင် ကာမရာဂအာရုံတွေနဲ့ စပ်ပြီးတော့လဲ သာယာနှစ်သက်မှုတွေ မရှိတော့ဘူးဆိုတော့ သူက အတော်အေးတာပဲ၊ ဒီကာမရာဂတွေက ဒုက္ခဖြစ်နေတယ်၊ ဗျာပါဒ ဒေါသတွေနဲ့ စပ်ပြီးတော့ စိတ်လဲ မဆိုးတော့ဘူး၊ စိတ်မညစ်တော့ဘူး၊ စိတ်ဆင်းရဲတွေ မရှိတော့ဘူး၊ စိတ်မပူတော့ဘူး၊ အင်မတန် ဟန်ကျတာပဲ၊ ဘာပဲ ဖြစ်နေနေ ဘာမျှ မဖြစ်တော့ဘူး၊ စိတ်မပူဘူး၊ စိတ်မဆင်းရဲဘူး၊ အတော်နေရာကျတယ်။

ကိုယ်ထဲမှာ နာကျင်ကိုက်ခဲ ဘယ်လိုပဲဖြစ်နေနေ စိတ်ကတော့ ကြည်လျက်ပဲ၊ ကိုယ်ဆင်းရဲကတော့ မကင်းဘူး၊ ရဟန္တာကိုယ်လဲ ဆင်းရဲတော့ ရှိတာပါပဲ၊ ရဟန္တာလဲ ဆူးတက်နင်းယင် နာတာပဲ၊ မနာပဲနေလို့ ဘာဖြစ်မလဲ၊ မီးကိုင်မိယင် ပူတာပဲ၊ မပူပဲနေလို့ မဖြစ်ဘူး၊ အနာရောဂါပေါက်လို့ရှိယင်လဲ နာတော့ နာတာပါပဲ၊ သည်းခံနိုင်တဲ့ သဘောတော့ ရှိတယ်၊ ရဟန္တာက သိပ်မတုန်လှုပ်ဘူး၊ သည်းခံနိုင်တယ်၊ ဒါပေါ့လေ၊ အဲဒါက ထူးတယ်။

အဲဒီတော့ အနာဂါမိမဂ် တတိယအဆင့်ကို ရောက်သွားလို့ရှိယင် ကာမအာရုံတွေနဲ့ စပ်ပြီးတော့ သာယာမှုကင်းသည်၊ ကာမဂုဏ်အာရုံ ၅-ပါးနဲ့ စပ်ပြီးတော့ နှစ်သက်မှု, သာယာတောင့်တမှုတွေ ကင်းသွားသည်၊ ဗျာပါဒ ဒေါသစိတ်ဆိုးမှု, စိတ်ညစ်မှု, စိတ်ပျက်မှု, နှလုံးမသာယာမှု, ကြောက်မှု, ရွံ့မှုတွေကင်းသည်၊ ဒါတွေ ကင်းသလား မကင်းဘူးလားဆိုတာ ကိုယ့်ဟာ ကိုယ် အားထုတ်လို့ရှိယင် စဉ်းစားရမယ်ပေါ့၊ မကင်း မရှင်းယင် ဒါအားထုတ်ရမယ်။

အကယ်၍ ဤဟာ ကင်းသွားပြန်ပြီဆိုယင် အခုနက ကျန်တဲ့ သိမ်မွေ့တဲ့ သံယောဇဉ်ငါးပါး ကျန်သေးတယ်၊ ဥဒ္ဓံ ဘာဂီယ သံယောဇဉ် ခေါ်တယ်၊ ဒါသံယောဇဉ်ငါးပါး။

ဩရမ္ဘာဂိယ သံယောဇဉ်

အခု ပြောခဲ့တဲ့သံယောဇဉ်က သက္ကာယ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ ဒီ ၅–ခုက ဩရမ္ဘာဂိယသံယောဇဉ်ခေါ်တယ်၊ အောက်သံသရာ လောက ကျင်လည်နေတတ်တယ်၊ ဒီသံယောဇဉ် ငါးပါးရှိနေတဲ့ပုဂ္ဂိုလ်က ဗြဟ္မာပြည်တက်ဖြစ်လဲ နောက်တနေ့ကျယင် လူ့ဘုံတွေပြန်ရောက်၊ အပါယ်လေးပါးပဲ ကျနိုင်သေး တာပဲ၊ အောက်ကိုဆွဲချတဲ့ သံယောဇဉ်တွေ၊ ဒီသံယောဇဉ်တွေ ငါးပါးကင်းသွားလို့ရှိယင် အောက်ကို ပြန်မလာတော့ဘူး၊ အနာဂါမ်ပုဂ္ဂိုလ်က စုတိသည်၏ အခြားမဲ့မှာ သုဒ္ဓါဝါသဗြဟ္မာဘုံသို့ ရောက်တာ၊ ပြန်မလာတော့ဘူး၊ အောက်မဆင်းတော့ဘူး၊ အထက်သာ တက်တက်ပြီးတော့ နောက်ဆုံး ပရိနိဗ္ဗာန်သို့ စံတော့တာပဲ၊ အောက်မလာတော့ဘူး။ ဒါကြောင့်–

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ ဒီသံယောဇဉ်တရား ငါးပါးက ဩရမ္ဘာဂိယ သံယောဇဉ်၊ အောက် သံသရာလောကကို ကျင်လည်စေတတ်တယ်၊ ဩရမ္ဘာဂိယသံယောဇဉ်လို့ ခေါ်သည်။ ဒါလေးဆိုပါအုံး။

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒ၊ ဤငါးပါးကို
အောက်သံသရာ၌ လည်စေတတ်သော ဩရမ္ဘာဂိယ သံယောဇဉ်လို့ ခေါ်သည်။

ဩရမ်–ဆိုတာ အောက်သံသရာကို လည်စေတတ်တယ်၊ အောက်ဆိုတာ ကာမဘုံတွေကို အောက်လို့ခေါ်သည်၊ အောက်ပိုင်း သံသရာကိုလည်စေတတ်သည်၊ ဒီသံယောဇဉ်ငါးပါးမကင်းသေးယင် စျာန်သမာပတ်ရလို့ ရူပဗြဟ္မာ အရူပဗြဟ္မာ တွေ တက်ဖြစ်နေပေမယ်လို့၊ နေဝသညာ၊ နာသညာတကတက် ဖြစ်တောင်မှ နောက်တနေ့ကျယင် လူ့ပြည်လောကတွေ၊ နတ်ပြည်လောကတွေ ပြန်လာရတယ်၊ အဲဒီကပြီးတော့ အဆင်မသင့်ယင် ငရဲတို့, တိရစ္ဆာန်တို့, ပြိတ္တာတို့ ကျနိုင်သေးတယ်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိं ဂတာ။
ဘဝဂ္ဂန္တ္မိ သမ္ဘတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိं။

ပုညတေဇေန၊ ကောင်းမှု၏အဟုန်သည်။ ဥက္ခိတ္တာ၊ မြှင့်တင်ပေးအပ်သည် ဖြစ်၍။

အောက်က အမြင့်ဓာတ်နဲ့ တွန်းကန်တဲ့ဓာတ်နဲ့ တင်ပေးလို့ တက်သွားတာလဲ ရှိတယ်၊ လေယာဉ်ပျံတို့ရှိတယ်၊ အခုကာလ ဗုံးတွေလဲ တက်တာရှိသေးတယ်၊ အဲဒါလိုပဲ၊ ကောင်းမှု၏အဟုန်ဖြင့် ကာမာဝစရကုသိုလ်တွေက အကျိုးပေးလို့ နတ်ဗြဟ္မာတွေ အဆင့်ဆင့်တက်၊ ရူပါဝစရကုသိုလ်တွေ၊ စျာန်တွေရလို့၊ ရူပဘုံတွေတက်ဖြစ်၊ အရူပကုသိုလ်က အကျိုးပေးတော့ အရူပဘုံတွေတက်ဖြစ်၏။

ပုညတေဇေန၊ ကုသိုလ်၏အဟုန်သည်။ ဥက္ခိတ္တာ၊ မြှင့်တင်ပေးအပ်သည် ဖြစ်၍။ ကာပရူပဂတိं၊ ကာမဂတိ, ရူပဂတိ သို့။ ဂတာပိ၊ ရောက်သည့်ပုဂ္ဂိုလ်တို့သည်ကား။ ဘဝဂ္ဂန္တ္မိ၊ ဘဝ၏အဆုံးဖြစ်သော နေဝသညာဘုံသို့လဲ။ သမ္ဘတ္တာပိ၊ ရောက်ကြကုန်သော်လည်း။ ပုန၊ တဖန်။ ဒုဂ္ဂတိं၊ ဒုဂ္ဂတိဘဝသို့။ အာယန္တိ၊ ရောက်ကြကုန်သေး၏။

ကုသိုလ်ကောင်းမှုအဟုန်တွေ ကုန်သွားတဲ့အခါကျတော့ ပြန်ပြီးတော့ရောက်ကြတယ်တဲ့၊ ဒါဘာကြောင့်တုံးဆိုလို့ရှိယင် ဒီဩရမ္ဘာဂိယ သံယောဇဉ်တွေရှိနေလို့၊ အဲဒီ ဩရမ္ဘာဂိယ သံယောဇဉ်တွေကုန်အောင်လို့ ကျင့်ရတာ၊ အနာဂါမ်ကျမှကုန်တယ်၊ လွယ်တော့မဟုတ်ဘူး၊ တစခန်းရောက်သွားပြီ၊ ကူးသွားတဲ့ပုဂ္ဂိုလ်က မြေကြီးတွေနဲ့ တော်တော်တော့ ဝေးသွားပါပြီ၊ ရန်သူတွေနဲ့ ဝေးသွားပြီ၊ ဟိုဘက်ကမ်း ရောက်လုနီးပြီ၊ အဲဒီကနေပြီး တခါ ကာမရာဂ၊ ဗျာပါဒ၊ ဒါတွေလဲ ငါ ကင်းသွားပြန်ပြီ၊ ဒါတွေမရှိတော့ဘူး။

ရဟန္တာဖြစ်၊ ဟိုဘက်ကမ်းရောက်

ဘာတွေက ကျန်နေသလဲ၊ ကိုယ့်ဘဝနဲ့ ကိုယ့်သာယာမှုကလေးက ကျန်နေတာကိုး၊ ဘဝရာဂခေါ်တယ်၊ အဲဒီဘဝရာဂကို ရူပဘဝဖြစ်နေတဲ့အခါမှာ ရူပဘဝသာယာလို့ ရူပရာဂခေါ်တယ်၊ အရူပဘုံရောက်နေတဲ့ အခါကျတော့ အဲဒီဟာကို သာယာတာ အရူပရာဂခေါ်တယ်၊ ဘဝရာဂပါပဲ၊ အကျဉ်းချုံးလိုက်ယင် ဘဝရာဂပါပဲ၊ ရူပဘဝ၊ ရူပစျာန်တရားတွေ သာယာတယ်၊ အရူပဘဝ အရူပစျာန်တရားတွေ သာယာတယ်၊ ဒါပေါင်းလိုက်ယင် ဘဝရာဂလို့ခေါ်တယ်၊ ကိုယ့်ဘဝကလေးနဲ့ ကိုယ်၊ ကိုယ့်ဘဝကလေးကိုတော့ မလွှတ်ချင်သေးဘူး၊ ဘဝလေးတော့ ရှိနေချင်သေးတယ်။

တချို့ကပြောကြတယ်၊ လောကအကြောင်းတွေ ဘာတွေ မြင်သွားချင်သေးတယ်၊ မသေခင် ဘာလေးမြင်သွားချင်တယ်၊ မြင်သွားတော့ ဘာတွေယူသွားအုံးမယ်မသိဘူး၊ ဒီလိုဟာရှိတာကိုး၊ လောကအကြောင်းတွေကို တယ်သိချင်တာကိုး၊ အဲဒီဟာမတိုင်သေးခင်တော့ ငါကတော့ မသေချင်သေးပါဘူး၊ ငါက ဒါလေးသိချင်သေးတယ်လို့၊ ဒါကလေးကို ပြောကြတယ်၊ အဲဒါလိုပဲ၊ ကိုယ့်ဘဝကလေးနဲ့ ကိုယ်တော့ မလွှတ်ချင်တဲ့ သဘောရှိတယ်၊ အဲဒါ ဘဝရာဂလို့ ခေါ်တယ်၊ ရူပဘဝနဲ့စပ်ပြီးတော့ သာယာယင် ရူပဘဝလို့ခေါ်တယ်၊ အရူပဘဝနဲ့စပ်ပြီးတော့ သာယာယင် အရူပဘဝလို့ခေါ်တယ်။

အဲဒါဟာ မကင်းသေးဘူးတဲ့၊ အနာဂါမ်၊ စဉ်းစားကြည့်လိုက်တော့ကို ဘဝကိုခင်မင်တွယ်တာတဲ့ သဘောကလေးကရှိနေသေးတာပဲ၊ ဒါကလေး ကျန်နေတယ်၊ မာနကလဲ ကျန်တယ်၊ မာနကလေးက ကိုယ်မှာရှိတဲ့ အခြေအနေကလေးတွေနဲ့ စပ်ပြီးတော့ ထောင်လွှားတဲ့ သဘောကလေးတွေက ရှိနေသေးတာပဲ၊ မာနလုံးလုံးမကင်းသေးဘူး၊ ဥဒ္ဓစ္စ၊ စိတ်ပျံ့လွင့်မှုလဲ လုံးလုံးမကင်းသေးဘူး၊ ဥဒ္ဓစ္စကတော့ သိပ်မရှိပါဘူး၊ အဝိဇ္ဇာကလဲပဲ သစ္စာလေးပါး အကုန်လုံးမသိသေးဘူးပေါ့လေ၊ ကျန်နေသေးတာကိုး၊ ဘာတွေကျန်နေသေးတုံးဆိုတော့၊ အနိစ္စတရားတွေ၊ အနိစ္စမှန်းတော့သိတယ်၊ အနတ္တတရားတွေ အနတ္တမှန်းတော့သိတယ်၊ ကျန်တာက ဘာကျန်နေသလဲဆိုတော့ ဒုက္ခကို သုခထင်က မကုန်သေးပဲဖြစ်နေတယ်၊ အသုဘကို သုဘလို့ ထင်နေတဲ့ ဥစ္စာကလေးတွေကလဲ ကုန်သင့်သလောက် မကုန်သေးပဲဖြစ်နေတယ်၊ အဲဒီတော့ ဒုက္ခ, သုခထင်တာကလေးတွေက ကျန်နေသေးတယ်၊ ကျန်နေသေးတယ် ဆိုတာကတော့ ဒုက္ခဝေဒနာတော့ မဟုတ်ပါဘူး၊ ရုပ်နာမ်တရားတွေပါပဲ၊ ဖြစ်ပျက်နေတာတွေကိုပဲ၊ အဲဒါကလေးကောင်းတယ် ထင်ပြီးတော့ ရူပဘဝ အရူပဘဝမှာ မြင်နေရ, ကြားနေရ, တွေ့နေရ,စဉ်းစားနေရ, စျာန်သမာပတ်တွေ ဝင်စားနေရ, နှလုံးသွင်းနေရ, ဒီလိုဟာကလေးတွေ ကောင်းတယ်လို့ ထင်နေတာရှိနေသေးတာကိုး၊သာယာမှုကလေးတွေ၊ အဲဒါကို သာယာမှု ကလေးရှိနေတာ၊ ဒါအဝိဇ္ဇာပဲ၊ အဲဒါ ဝိဇ္ဇာပဲ၊ အဲဒါကောင်းနေတယ်လို့ ထင်နေတာကိုး၊ အဝိဇ္ဇာတဏှာ၊ အဲဒါက တေးတွေကရှိနေသေးတယ်၊ သာယာမှု ကတော့ အခုနကပြောတဲ့ ရူပရာဂ အရူပရာဂ၊ တဏှာ၊ အဲဒါကလေးက မကင်းသေးဘူး။

အဲဒါလေးကင်းအောင်လို့ အားထုတ်ရအုံးမှပဲ ဆိုပြီးတော့ ရှေ့ဆက်ပြီးတော့ တခါအားထုတ်တော့ အခုနကဥပမာက မြက်ဖောင်ကလေးနဲ့ မြက်တွေ၊ အမှိုက်တွေ၊ သစ်ခက်တွေ၊ သစ်ရွက်တွေ စုပေါင်းပြီးတော့ထားတဲ့ ဖောင်ကလေးနဲ့ ကူးတာကိုး၊ လက်နဲ့ယက် ခြေနဲ့ကန်ကူးရတယ်၊ နောက်ဆုံး ဟိုဘက်ကမ်းရောက်သွားတယ်၊ ဟိုဘက်ကမ်း ရောက်တဲ့အခါကျတော့ ဒီဖောင်က တယ်အသုံးမကျတော့ဘူး၊ ပြီးလျှင်ပစ်ထားခဲ့ရုံပဲ၊ ဟိုဘက်ကမ်း ရောက်သွားတော့ ဟိုဘက်မှာ ဥယျာဉ်ကြီးတခုရှိပြန်ပြီတဲ့၊ အင်မတန်ကောင်းတဲ့ ဥယျာဉ်ကြီးထဲမှာ အင်မတန်ကောင်းတဲ့ ဘုံဗိမာန်ကြီးပေါ့လေ၊ အင်မတန်ကောင်းတဲ့ အိမ်ကြီးရှိရာ၏။ အဲဒီအပေါ်မှာ အင်မတန်အေးချမ်းတဲ့ လေကလေးနဲ့ စားဖွယ်သောက်ဖွယ် သုံးဆောင်ဖွယ်တွေနဲ့ ပြည့်စုံပြီးတော့နေတယ်၊ အဲဒီရောက်သွားပြီးတော့၊ ရေချိုးလို့၊ ကောင်းကောင်းမွန်မွန်အိပ်လို့၊ စားချင်တာတွေ စားလို့၊ အိပ်ချင်သလိုအိပ်လို့၊ ချမ်းချမ်းသာသာ ဘာမှမကြောက်ရတော့ ဘူးလို့၊ ဟိုဘက်ကမ်းက မြွေတွေလဲ မလာနိုင်တော့ဘူး၊ ရန်သူကြီး ငါးဦးလဲ မလာနိုင်တော့ဘူး၊ ကိုယ့်မိတ်ဆွေ ရန်သူလဲ မလာနိုင်တော့ဘူး၊ ဒဗြကြီး ဖ-ယောက်လဲ မလာနိုင်တော့ဘူး၊ ငြိမ်းပြီဆိုပြီးတဲ့ကာလ၊ အဲဒီမှာ အေးချမ်းနေပါတယ်တဲ့၊ သက်သက်သာသာ လူတွေစိတ်ဝင်စားအောင်လို့။

အဌကထာဆရာကြီးက ဘုံနန်းပြာသာဒ်ကြီး ပေါက်ပေးလိုက်ရတာကိုး။ အမှန်ကတော့ နိဗ္ဗာန်ရောက်တော့ ဘုံနန်းပြာသာဒ်ကတော့ မရှိဘူး၊ အဲဒီလို အဌကထာပြောထားတာနဲ့ အဟုတ်ဘုံနန်းကြီးမှတ်နေတယ်၊ ဘုံနန်းကြီးမြင်ပြီလို့တော့ စိတ်ကူးနေတယ်၊ ဘုံနန်းကြီးတော့ ကိုယ်တယောက်တည်းတော့ မဟုတ်ဘူး၊ သားတွေ သမီးတွေ အကုန်လုံးသွားနေမယ်လို့တောင်ကြံ့နေတယ်၊ အဲဒီလိုဟာတွေရှိတယ်၊ အဌကထာဆရာကလဲ လူတွေ အလိုလို စိတ်ဝင်စားအောင်လို့၊ ဥပမာပေးထားတယ်၊ အဲဒီတော့–

တိဏ္ဏော ပါရဂံတော၊ ထလေ တိဋ္ဌတိ ဗြဟ္မဏော။ (နှာ– ၃၈၃။)

တိဏ္ဏော၊ ကူးမြောက်ပြီးသည်ဖြစ်၍။ ပါရဂံတော၊ တဘက်ကမ်းသို့ ရောက်သည်ဖြစ်၍။ ဗြာဟ္မဏော၊ မကောင်းမှုကို အပယ်ပြုပြီးသည်ဖြစ်၍။ ဝါ–အပြစ်ဒဏ်ကင်းပြီးသည်ဖြစ်၍။ ထလေ၊ တဘက်ကမ်း ကုန်းပြင်ထက်၌။ တိဋ္ဌတိ၊ တည်လေတော့ ၏။

ဥပမာအားဖြင့်ပြောတယ်၊ မြွေထိန်းယောကျ်ား အပြစ်ရှိနေတာကို မင်းပြစ်မင်းဒဏ်တွေ ရှိနေတယ်၊မြွေထိန်းယောကျ်ား ခန့်ထားပြီးတော့ မြွေကြီးတွေ စွန့်လွှတ်ပြီးတော့ တာဝန်ဝတ္တရား ချို့ယွင်းတယ်၊ အာဏာဖီဆန်မှုဖြစ်တယ်၊ အပြစ်ရှိတယ်၊ အဲဒါတွေက ဒီဘက်ကမ်းရောက်လာတော့ ဒီဘက်ကမ်းကမြွေထိန်းဖို့ ရာထူးပေးထားတဲ့ မင်းရဲ့အာဏာမရှိဘူး၊ ဒီဘက်ကမ်းက တနယ်ဖြစ်နေတယ်၊ ဟိုဘက်ကအပြစ်တွေ၊ အကုန်လုံးကင်းသွားပြီတဲ့။

ဗြာဟ္မဏော၊ မကောင်းမှုအပယ်ပြုပြီး၊ မကောင်းမှုကင်းသွားပြီဖြစ်၍၊ အပြစ်ဒဏ်တွေ အကုန်လုံးကင်းသွားတဲ့ ဟိုဘက်ကမ်းမှာ တည်နေတယ်၊ အဲဒါဘာလဲဆိုယင်–

> တိဏ္ဏော ပါရဂံတော ထလေ တိဋ္ဌတိ ဗြာဟ္မဏောတိ ခေါ ဘိက္ခဝေ အရဟတော တိ ဧတံ အဓိဝစနန္တိ။ (နှာ–၃၈၃။)

ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ္ဏော၊ ကူးမြောက်ပြီးသည်ဖြစ်၍။ ပါရဂံတော၊ တဘက်ကမ်းတို့ ရောက်သည်ဖြစ်၍။ ဗြာဟ္မဏော၊ မကောင်းမှုအပြစ်ဒဏ်ဟူသမျှကို အပယ်ပြုပြီးသည်ဖြစ်၍၊ (ဝါ) မကောင်းမှု အပြစ်ဒဏ်ဟူသမျှမှ ကင်းရှင်းသည်ဖြစ်၍။ ထလေ၊ တဘက်ကမ်း ကုန်းပြင်ထက်၌။ တိဋ္ဌတိ၊ တည်၏။ ဧတံ၊ ဤတည်သည်ဟူသော ဤအမည်သည်။ အရဟတော၊ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတို့မှ ဝေးကွာစင်ကြယ်တော်မူပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ အဓိဝစနံ၊ အမည်တည်း။

ကိလေသာအကုန်လုံးကင်းနေတဲ့ ရဟန္တာ၏အမည်ပါ၊ တင်စားပြီးတော့ မြွေထိန်းယောကျ်ားဆိုတာလဲ တခြားမဟုတ်၊ အခုယောဂီပုဂ္ဂိုလ်တွေမှာ ယောဂီပုဂ္ဂိုလ်တွေ ကိုယ့်သန္တာန်ရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီးလေးပါး မြွေကြီးတွေကြောက်လို့ တရားအားထုတ်နေတယ်၊ ပြေးနေတယ်၊ ခန္ဓာငါးပါးတည်းဟူသော ရန်သူကြီးတွေကြောက်လို့ တရားအားထုတ်နေရတယ်၊ ပြေးနေရတာကိုး၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေက မကြောက်လို့ အားမထုတ်သေးဘူး၊ မြွေတွေနဲ့ သဘောကျတုန်းရှိသေးတယ်၊ မြွေတွေနဲ့ ရန်သူတွေနဲ့ ရောနှောနေတုန်း ရှိသေးတယ်၊ မပြေးသေးဘူး၊ အခုတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက ပြေးနေပြီ။

ကိုယ့်မိတ်ဆွေ ရန်သူဖြစ်တဲ့ နန္ဒီရာဂကိုလဲကြောက်လို့ ပြေးနေတာ၊ တရားတွေကို အားထုတ်ပြီးတော့နေတာ၊ ဒီအထဲမှာ အားထုတ်ယင်းအားထုတ်ယင်း လျော့နေတဲ့ပုဂ္ဂိုလ်က အကြောက်တဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့၊ လာချင်လာပါစေ တယ် မကြောက်တဲ့ ပုဂ္ဂိုလ်၊ များများကြောက်တဲ့ ပုဂ္ဂိုလ်တွေက များများအားထုတ်တယ်၊ ကြိုးစားပြီးတော့ အားထုတ်တယ်။

နောက်ပြီးတော့ ဒမြကြီးခြောက်ယောက်၊ အာရုံခြောက်ပါးတွေ ကြောက်လို့ပေါ့တဲ့၊ ဒီဟာတွေလဲ မြင်တိုင်း ကြားတိုင်း အကုန်လုံးရှုမှတ်၊ လုံ့လဝီရိယနဲ့ မှတ်မှုဖြစ်အောင်လို့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက မှတ်မှုဖြစ်အောင်လို့ ကြိုးစားအားထုတ်နေတာ၊ ဒါကဘာလဲဆိုတော့ ခြေနဲ့လက်နဲ့ ကူးနေတာပဲ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ပေါ်မှာတည်ပြီးတော့ ခြေနဲ့ လက်နဲ့တခါတည်း အချက်တိုင်း အချက်တိုင်း ယက်နေတယ်၊ ယက်တိုင်း ယက်တိုင်းဟာ ဟိုဘက်ရောက်သွားတယ်၊ တခါယက်လိုက်ယင် ၁–ပေလောက် ရောက်တယ်ဆိုလို့ရှိယင် တမှတ် တမှတ်မှာ ၁–ပေလောက်ဆိုတော့ နီးသွားတယ်၊ အဲဒီလိုပဲ၊ မှတ်တိုင်း မှတ်တိုင်းဟာ နိဗ္ဗာန်ဘက်နီးသွားတယ်၊ ပထမစခန်းရောက် သောတာပန်ဖြစ်၊ ဒုတိယစခန်းရောက်၊ သကဒါဂါမ်ဖြစ်၊ တတိယစခန်းရောက် အနာဂါမ်ဖြစ်၊ စတုတ္ထစခန်းရောက်တဲ့အခါ ကိလေသာအကုန်ကင်းသွားပြီလို့၊ ဟိုဘက်ကမ်းမှာ အဋ္ဌကထာဆိုတဲ့အတိုင်း ဘုံနန်းပြဿဒဲတွေအပေါ်မှာ လေညှင်း, လေအေးတွေခံပြီးတော့ ရေလဲချိုးပြီးလို့,စားသောက်ပြီးလို့, လေညှင်းခံလို့ သာသာယာယာနေရသလိုပေါ့လေ၊ ဒါကဥပမာကိုး။

အမှန်စင်စစ်ကတော့ ဒီလိုဟာမျိုးတော့ မဟုတ်ဘူး၊ ရုပ်နာမ်သစ်ါရင်ငြိမ်းတာပဲ၊ ရဟန္တာ၊ ငြိမ်းပြီးတဲ့အခါကာလ ကိလေသာတွေ အကုန်ကင်းတယ်တဲ့၊ ဩရမ္ဘာဂီယ သံယောဇဉ်တွေ ငါးပါး၊ အနာဂါမ်ကင်းတယ်။

ဥဒ္ဓံဘာဂီယ သံယောဇဉ်

ဥဒ္ဓံဘာဂီယ သံယောဇဉ်ငါးပါးတဲ့၊ နောက်ထပ် ဥဒ္ဓံဘာဂီယသံယောဇဉ် ငါးပါးဆိုတာ ဘာတွေလဲဆို၊ ရူပဘဝကို သာယာတဲ့ ရူပရာဂသံယောဇဉ်၊ အရူပဘဝကို သာယာတဲ့ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ မာနကြီးတာတွေ မာနကလဲရှိတယ်၊ မာနကလဲခက်တာပဲ၊ ဥဒ္ဓစ္စသံယောဇဉ်တဲ့ စိတ်ပျံ့လွင့်မှု၊ အဝိဇ္ဇာသံယောဇဉ်၊ မမြဲတာကို မြဲတယ်ထင်တာက အဝိဇ္ဇာ၊ ဆင်းရဲကို ချမ်းသာတယ်ထင်တာက အဝိဇ္ဇာ၊ မတင့်တယ်တာကို တင့်တယ်တယ်လို့ ထင်တာက အဝိဇ္ဇာ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ ရုပ်နာမ်အစုတွေကို ပုဂ္ဂိုလ်သတ္တဝါအတ္တကောင် အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်တာကလဲ အဝိဇ္ဇာ။

အဲဒီအဝိဇ္ဇာတွေက သောကကင်းခဲ့ပါပြီ၊ သောတာပန်ဘဝကတည်းက တချို့ ကင်းလာတယ်၊ အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါ နောက်ဆုံးဆင်းရဲကို ချမ်းသာတယ်ထင်တယ်ဆိုတဲ့ အဝိဇ္ဇာလဲ တခါတည်းအကုန်လုံး ကင်းတော့တာပဲ၊ ဘာမှ ချမ်းသာစရာ မရှိတော့ဘူး၊ အစတုန်းကတော့ သောတာပန်ကလဲ ချမ်းသာကလေးတွေ ရှိနေသေးတာကိုး၊ သကဒါဂါမ်ကလဲ ရှိတာပဲ၊ အနာဂါမ်လဲ အတော်အသင့်တော့ ရှိနေသေးတာပဲ၊ သူ့ဘဝ သူသာယာနေသေးတာပဲ၊ ကမ္ဘာပေါင်းများစွာ ဗြဟ္မာဘုံမှာ တည်နေသေးတာပဲ၊ သူ ဒါကလေးကို သာယာနေတယ်၊ မသာယာလို့ရှိယင် ကမ္ဘာပေါင်း များစွာမတည်နိုင်တော့ဘူး။

အဲဒီတော့ အဲဒီ သာယာမှုကလေး၊ သာယာမှုဖြစ်တာ ဘာကြောင့်တုံးဆိုတော့ အဝိဇ္ဇာကြောင့် ဖြစ်နေတာပဲ၊ အဲဒီ ဥဒ္ဓံဘာဂီယ အထက်ဆွဲဆောင်တဲ့ အထက်သံသရာမှာ ကျင်လည်စေတတ်တဲ့ အထက်သံသရာမှာ ကြည်ရှည်စွာ တည်နေနိုင်တဲ့ သံယောဇဉ်တွေ၊ အဆွဲဓာတ်တွေ၊ အထက်ပိုင်းက ဆွဲထားတယ်၊ ကြိုးတွေ၊ ကြိုးဆယ်ချောင်းထဲမှာ ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆိုယင် ဆယ်ချောင်းလုံး ဆွဲထားတယ်၊ အထက်ရောအောက်ရော ဆွဲထားတယ်၊ မလှုပ်နိုင်ဘူး၊ များသောအားဖြင့် အောက်ကြိုးတွေကများလို့ အောက်ကို လည်နေတာ၊ ကာမဘုံတွင် လည်နေတာ များပါတယ်၊ အထက်ကို မတက်ရပါဘူး၊ တခါတရံမှ စျာန်သမာပတ်ရလို့ ရူပ အရူပဘုံသို့ ခဏလောက်တက်ရတယ်၊ ပြန်ဆင်း၊ ဒီလိုဖြစ်နေတယ်၊ သောတာပန်မှာလဲပဲ ဒီလိုပဲ၊ သံယောဇဉ် အောက်လည်နေတယ်၊ အနာဂါမ်ကျတော့ကို အောက်သံယောဇဉ် မရှိလို့ အထက်မှာ ကြာကြာကြီးတည်နေတယ်။

အဲဒီက ရဟန္တာဖြစ်သွားတဲ့အခါကျတော့ အဲဒီဘဝတွင်း ပရိနိဗ္ဗာန်စံတော့တာပဲ၊ သုဒ္ဓါဝါသငါးဘုံထဲမှာ အဝိဟာဘုံမှာ ရဟန္တာဖြစ်၊ အဲဒီဘုံတွင် ပရိနိဗ္ဗာန်စံတယ်၊ မသွားတော့ဘူး၊ အတပ္ပါဘုံတွင် ရဟန္တာ ဖြစ်တယ်၊ သုဒဿာဘုံ၊ သုဒဿီဘုံမှာ ဖြစ်တာရှိတယ်၊ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတယ်၊ မဖြစ်သေးယင်တော့ တဘုံပြီး တဘုံ တက်နေတယ်၊ အနာဂါမ်က၊ အဝိဟာက အတပ္ပါဘုံတက်၊ အတပ္ပါက သုဒဿာဘုံတက်၊ သုဒဿာက သုဒဿီဘုံတက်ဖြစ်၊ ဒီလိုဖြစ်ပြီးတော့ကျင့်နေတယ်၊ နောက်ဆုံး သုဒဿီက ရဟန္တာမဖြစ်သေးယင် အကနိဋ္ဌဘုံတက်နေတယ်၊ နောက်ဆုံးဘုံပေါ့လေ၊ အဲဒီ အကနိဋ္ဌဘုံ ရောက်တဲ့အခါကျတော့ ရဟန္တာဖြစ်တော့တာပဲ၊ ဒီကတော့ နောက်ဘဝ မသွားတော့ဘူး၊ အဲဒီ ဘဝတွင် ရဟန္တာဖြစ်၊ အဲဒီမှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော့တာပဲ၊ ဆင်းရဲခပ်သိမ်း ငြိမ်းသွားတယ်။

အဲဒီ ဥဒ္ဓံဘာဂီယသံယောဇဉ်ငါးပါး ကင်းသည်တိုင်အောင် အားထုတ်ရမှာကိုး၊ ဥဒ္ဓံဘာဂီယသံယောဇဉ်ကလေးတွေ ဆိုကြရအောင်–

ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊
မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊

အဝိဇ္ဇာသံယောဇဉ်၊ ဤငါးပါးကို ဥဒ္ဓံဘာဂီယသံယောဇဉ်ဟု ခေါ်သည်။

အဲဒီ သံယောဇဉ်ဆယ်ပါး အကုန်လုံး ကင်းအောင် ကျင့်ရမယ်၊ အဲဒီ သံယောဇဉ်တရားဆယ်ပါး ကင်းလို့ရှိယင် ရဟန္တာဖြစ်တော့သည်၊ ဒီထိအောင် ကျင့်ရမည်၊ မြတ်စွာဘုရားသာသနာတော်မှာ ဒီရောက်လို့ရှိယင်တော့ ကိစ္စပြီးတော့တာပဲ၊ ဒီရောက်အောင် ကျင့်ရမယ်၊ ရဟန္တာဖြစ်အောင် ကျင့်ရမယ်၊ အဲဒါ အာသီဝိသောပမသုတ် ဆုံးပါပြီ၊ ကုန်သွားပြီ၊ ရှေ့လျှောက်လို့တော့ ဟောစရာ မရှိဘူး၊ ကုန်သွားပြီ။ ဆိုရအောင်–

မြွေလေးကောင်ကား၊ (လ) ကယ်သူကား ဘုရားမြတ်ပေတည်း။

မြွေလေးကောင်က မိမိတို့ကိုယ်၊ မိမိတို့ကိုယ်မှာ အသီးသီးရှိကြတဲ့ ဓာတ်ကြီးလေးပါး၊ ဤဓာတ်လေးပါး ဖောက်ပြန်ပြီးတော့လဲ သေကြ, ရှင်ကြ, ပျက်စီးကြ, နိပ်စက်နေတယ်။

သူသတ်ငါးဖြာ၊ ငါးခန္ဓာ၊ ခန္ဓာငါးပါး၊ သူသတ်သမားကြီး ငါးယောက်၊ ခန္ဓာငါးပါးရှိလို့ ဘဝတွေ အသစ်အသစ်ဖြစ်ပြီးတော့သေရတယ်၊ ဘဝတိုင်းဘဝတိုင်း ဘယ်နည်းနဲ့မဆို သေရတာပဲ၊ မသေချင်လို့ကို မဖြစ်ဘူး၊ နောက်ဆုံးတနေ့ကျယင်

သေရတာပဲ၊ အသက်ရှည်အောင်, ကျန်းမာအောင် ဘယ်လိုလုပ်လုပ်၊ တနေ့ကျတော့ သေရတာပဲ၊ ခန္ဓာငါးပါးက သတ်လို့ သေရတယ်။

မိတ်ဆွေအရင်းအချာ ရန်သူနဲ့တူတဲ့ နန္ဒီရာဂ၊ နှစ်သက်သာယာမှု၊ ဒါကလေးကလဲ သဘောကျတယ်၊ သူ့ကြောင့် ဘဝသစ်ဖြစ်ပြီးတော့ သေရတယ်။

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ (လ) ခြောက်ဒွါရနှင့်"၊ ရွာပျက်ကုန်းဆိုတာ ဒွါရခြောက်ခု၊ မြင်တိုင်းကြားတိုင်း ဘာမျှ နှစ်သက်သာယာစရာ မရှိဘူးတဲ့၊ မြင်ရာကလဲ နှစ်သက်သာယာမရှိ၊ ဖြစ်ပြီး ပျောက်သွားတာပဲ၊ တရား အားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီဟာကလေးကို သာယာစရာကောင်းတယ်၊ မျက်စိကလဲ သာယာစရာကောင်း၊ မြင်ရတာကလဲ သာယာစရာကောင်း၊ အကောင်းတွေချည်းပဲ၊ ဒီဥစ္စာတွေ၊ တရားအားထုတ်ရှုလို့ ဝိပဿနာဉာဏ်ပိုင်ပိုင်နိုင်နိုင် ရောက်နေတော့ ဒါကလေးတွေ တရိပ်ရိပ်နဲ့ဖြစ်နေတာ၊ ဘာမှ ကောင်းစရာမရှိဘူး၊ ဒါပေမယ်လို့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်မှ သာပြီးတော့ထင်မယ်၊ အဲဒီကျမှ လုံးလုံးကို သာယာစရာ မရှိဘူး ထင်မယ်။

"ရွာပျက်သုည၊ ခြောက်ဒွါရနှင့်၊ ခြောက်ဝအာရုံ၊ သုံးစုံဒမြ၊ ဝင်လာကြ၍"၊ အာရုံခြောက်ပါး၊ ဒမြကြီးခြောက်ယောက်နဲ့တူတယ်၊ ဒီအာရုံတွေ နောက်လိုက်ပြီးတော့ လောဘ, ဒေါသ, မောဟ, ကိလေသာတွေ ဖြစ်နေတာပဲ၊ သူတို့က ဒုက္ခပေးနေတယ်၊ လောကအနေအားဖြင့်တော့ ဒီအာရုံတွေ မျှော်နေရတာ၊ လာပါစေ, လာပါစေ မျှော်နေရတယ်၊ တရားသဘောနဲ့ ကြည့်ယင် ဒါဟာဒမြကြီးတွေ၊ သူတို့လာလို့ရှိယင် လောဘယင်လဲ ဖြစ်မယ်၊ ဒေါသယင်လဲ ဖြစ်မယ်၊ မောဟယင်လဲ ဖြစ်မယ်၊ လောဘ, ဒေါသ, မဖြစ်ယင်လဲ မောဟဖြစ်၊ အဲဒီတော့ ကိလေသာတွေဖြစ်ပြီးတော့ ဒုက္ခတွေရောက်မယ်၊ ဒါကြောင့် အာရုံခြောက်ပါး တရားတွေ ရွာပျက်ဒမြကြီးတွေ၊ သေးသေးကွေးကွေး ဒမြတွေ မဟုတ်ဘူး၊ ဒမြကြီးတွေ၊ အဲဒါတွေကြောက်လို့ ထွက်ပြေးရတယ်။

"ရွာပျက်သုည၊ ခြောက်ဒွါရနှင့်၊ ခြောက်ဝအာရုံ၊ သုံးစုံဒမြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏"၊ အဲဒီကပြေးတော့ ရေပြင်ကျယ်ကြီးရောက်တယ် ဆိုတာဟာ သြဃလေးပါးနဲ့ တူတယ်။

ကာမရေယဉ် ကာမောဃ၊ ဘဝရေယဉ်–ဘဝေါဃ၊ ဘဝသာယာမှု။ ဒိဋ္ဌောဃ–ဒိဋ္ဌိရေယဉ်၊ အဝိဇ္ဇောဃ–အဝိဇ္ဇာရေယဉ်၊ အဲဒါတွေ အထဲမှာ သတ္တဝါတွေ မျောနေကြတာ၊ များသောအားဖြင့် ကာမရေယဉ်ထဲမှာ မျောနေတယ်၊ ဒိဋ္ဌိရေယဉ်ထဲ မျောတာတွေလဲပဲ အမျိုးမျိုးသော အယူဝါဒတွေ အစွဲတွေနဲ့ ရောနေတယ်၊ ကြောက်စရာကောင်းတယ်၊ အဝိဇ္ဇာကတော့ အမြတမ်းပဲ၊ သစ္စာလေးပါး အမှန်အတိုင်း မသိတာ၊ အမြတမ်းပဲ မျောနေတာပဲ၊ ကာမောဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတွေက ရေစီးကြောင်းကြီးတွေထဲမှာ မျောနေတယ်၊ ဒီအထဲမှာ နစ်မြုပ်ပြီးတော့ သေကြတာပေါ့လေ၊ အပါယ်လေးဘုံရောက်ပြီးတော့လဲ နစ်မြုပ်ပြီးတော့ ဒုက္ခတွေရောက်ရ၊ လူ့ဘဝတွေ ရောက်ပြီးတော့ သေရ၊ နတ်ဘဝတွေ ရောက်ပြီးတော့ သေရ၊ ဗြဟ္မာပြည်သို့ ရောက်ပြီးတော့ သေရ၊ ဒုက္ခတွေ ဖြစ်နေတယ်။

"သြဃလေးသွယ်၊ မြင်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ" ဒီဘက်ကမ်းက သက္ကာယပဲ၊ အခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါးတွေ တွေ့နေတယ်၊ ဒီဘက်ကမ်းပဲ၊ ရှုတိုင်း ရှုတိုင်း အဖြစ်အပျက်တွေ တွေ့နေတယ်၊ ဖြစ်ပျက်နေတဲ့ တရားတွေပဲ တွေ့နေတယ်၊ ဒီဘက်ကမ်းပဲ ရှိသေးတယ်၊ ဟိုဘက်ကမ်းမရောက်သေးဘူး၊ ဒီအတိုင်း ခုန်သွားလို့တော့မဖြစ်ဘူး၊ ဒါပေမယ်လို့ ဒီလို ဒီဘက်ကမ်းတရားတွေရှုလို့ ဒီဘက်ကမ်းတရား ပိုင်နိုင်တဲ့အခါကျတော့မှ ဟိုဘက်ကမ်းရောက်မယ်၊ အခုဟိုဘက်ကမ်း ငါသွားပါတော့မည်ဆိုလို့ သွားလို့တော့ မဖြစ်သေးဘူး၊ ရှုနေမှဖြစ်မှာ။

"ခေမ နိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့" ဟိုဘက်ကမ်းက နိဗ္ဗာန်ပါပဲ။ ဒီဘက်က ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေက၊ ဒီဘက်ကမ်း၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ ငြိမ်းတာကနိဗ္ဗာန်၊ ဟိုဘက်ကမ်း ဟိုဘက်ကမ်း ရောက်အောင် ကူးရလိမ့်မယ်။

ဘာနဲ့ကူးရမလဲ၊ ဘာနဲ့ကူးရမလဲဆိုတော့ "ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍" မဂ္ဂင်ရှစ်ပါးတရားတွေကို၊ ရှုတိုင်း ရှုတိုင်း ဖြစ်နေတဲ့ မဂ္ဂင်ရှစ်ပါးတရား၊ အခုနက ပြောခဲ့တဲ့တရား၊ တမှတ်ဆို မဂ္ဂင်ရှစ်ပါးတရား၊ မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ၊ အဲဒါတွေက ဖောင်ဖွဲ့ဆင်တယ်၊ ကူးတာကလဲ အတူတူပါပဲ၊ အားထုတ်မှုကလေး ပေါ်အောင်လို့ထည့်ပြီးတော့ဟောတယ်။

လက်နဲ့ခြေနဲ့ယက်ကန်ပြီးတော့ ကူးသွားတယ်ဆိုတာဟာ ဝီရိယနဲ့အားထုတ်တာပဲတဲ့၊ ဒီမဂ္ဂင်ရှစ်ပါးတရား ပါပြီးသားပါပဲ၊ မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါးနဲ့ ဖောင်နဲ့ ကူးပြီးသားဖြစ်နေတာ၊ တမှတ်တခါကူး၊ တမှတ်တခါကူး၊ တရွေ့ရွေ့သွားတယ်၊ တရွေ့တရွေ့ချင်း "ရှစ်တန်မဂ္ဂင်(လ) ကူးမြောက်သူမှာ" ဆိုတာ တဖြည်းဖြည်းရောက်သွားတယ်၊ လေးပုံတပုံ နှစ်မိုင်လောက် ရောက်သွားတယ်၊ သောတာပန်ဖြစ်၊ လေးမိုင်လောက် ရောက်သွားတယ်ဆိုတာ သကဒါဂါမ်ဖြစ်၊ ခြောက်မိုင်လောက်

ရောက်သွားတယ်ဆိုတာက အနာဂါမ်ဖြစ်တယ်၊ နောက်ဆုံး ရှစ်မိုင်ဆိုတာက ဟိုဘက်ကမ်းရောက်သွားပြီ၊ ရဟန္တာဖြစ် ရဟန္တာ ဖြစ်တော့ ဟိုရောက်၊ "ကူးမြောက်သူမှာ၊ ရဟန္တာတည်း"။

ထန်းဥတ်ပမာ ရဟန္တာကိုယ်ခန္ဓာ

ရဟန္တာဆိုတော့ လောဘ, ဒေါသ, မောဟ ကိလေသာဟူသမျှကင်းပြီး၊ လောဘ, ဒေါသ, မောဟ ကင်းသွားပြီ၊ တော်တော် ချမ်းသာသွားတယ်၊ ဒီပုဂ္ဂိုလ်၊ ဒါပေမယ်လို့ ဒီဘဝ လက်ရှိခန္ဓာကြီးကတော့ ဒီလိုပဲ ရှိနေတာပဲ၊ ဘာနဲ့တူသလဲ ဆိုလို့ရှိယင် ထန်းဥတ်ကြီးများနဲ့တူတယ်၊ ထန်းပင်များ လည်ဆစ်ဖြတ်ခါ၊ လည်ကဖြစ်ဖြစ်ပေါ့လေ၊ အထက်အမြင့်ကပဲ ဖြစ်ဖြစ်၊ အဲဒါဖြတ်လိုက်လို့ရှိယင်၊ အရွက်လောက်ခုတ်လို့ကတော့ ထန်းပင်ကထပ်ပေါက်တယ်၊ အရွက်လောက် အခက် လောက်တော့ ခုတ်လို့တော့၊ အကုန်လုံးခုတ်လိုက်၊ အဖူးကလေးကျန်နေ၊ အဲဒီအဖူးက တော်တော်ကြာ အလက်တွေ ဖြစ်လာ တယ်၊ အဖူးကတောင် ခုတ်လိုက်အုံး၊ အောက်ကနေတက်လာသေးတာပဲ၊ အဲဒီလိုတော့ မရဘူး၊ ထန်းပင်သေချင်လို့ရှိယင်တော့ ခါးလည်ကဖြစ်ဖြစ် လည်ဆစ်နားက ဖြစ်ဖြစ် ဖြတ်လိုက်ယင် ထန်းပင်ကတော့ မပေါက်ဘူး၊ ဒါပြင် သစ်ပင်တွေဆိုလို့ရှိယင် ပေါက်တယ်၊ ထန်းပင်ကမပေါက်ဘူး၊ အလယ်ကဖြတ်လိုက်လို့ရှိယင် မပေါက်တော့ဘူး၊ အဲဒီ ထန်းဥတ်ကြီးကတော့ ရှိသေးတာပဲ၊ ဒါပေမယ်လို့ နောက်ဆုံးတနေ့ကျယင် တဖြည်းဖြည်းနဲ့ဆွေးပြီးတော့ ဒီထန်းပင်ဥတ်ကြီးဟာ ဆွေးပြီးတော့ ပျက်သွားရတာ၊ နောက်ထပ် အတိုးအပွားတော့ မရှိဘူး၊ အဲဒါပဲ၊ ရဟန္တာသန္တာန်မှာလဲ လောဘ, ဒေါသ, မောဟတွေ အကုန်လုံး ကင်းသွားပြီ။

ရဟန္တာမှာ ဝါသနာရှိသေး

အရဟံ–လောဘ, ဒေါသ, မောဟ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူသည်၊ ဒီထိ အောင်ကျင့်ရမှာကိုး၊ ဘုရားနဲ့သိပ်မကွာဘူး၊ ကိလေသာ ကင်းပုံတော့ အတူတူပါပဲ၊ ထူးတာက ဘာလိုတုံးဆိုတော့၊ ဘုရားရှင်က ဝါသနာနှင့် ကင်းတယ်၊ ဘဝအဆက်ဆက်ကပါလာတဲ့ အလေ့အကျင့်ဝါသနာကလေးက ဘုရားမှာမရှိဘူး၊ ရဟန္တာတွေကတော့ အလေ့ အကျင့်က မပျောက်ဘူးတဲ့။

မိလိန္ဒဝဋ္ဌမထေရ်ကြီးဟာ ဘဝတိုင်းဘဝတိုင်းက ပုဏ္ဏား ဖြစ်တယ်၊ ဗြာဟ္မဏပုဏ္ဏားဆိုတာကတော့ ဗြာဟ္မဏတွေက သူတို့မာနကြီးတဲ့ ပုဂ္ဂိုလ်တွေပဲ၊ အခုထက်ထိ အိန္ဒိယမှာ ဗြာဟ္မဏတွေက သူများကို သိပ်ပြီးတော့ အထင်ကြီးတာမဟုတ်ဘူး၊ သိပ်ပြီးတော့ အထင်သေးတယ်၊ ဒီပြင်လူတွေနဲ့ တမျိုးဖြစ်နေတော့ သူတို့ကမပေါင်းချင်ဘူး၊ မစပ်နိုင်ဘူး၊ သူများအိမ်ကရေ တောင် မသောက်နိုင်ဘူး၊ သူတို့ကတော့ ဒီလိုလူတွေ၊ တော်တော်တော့ကြပ်တဲ့ လူတွေပါ၊ သူတို့ဆီရေတောင်းလို့ရှိယင် ရေတောင်းလို့မရဘူး၊ ပေးပြန်ယင်လဲပဲ ခွက်နှင့်ဘာနဲ့ခံပြီးတော့ သူ့ခွက်နှင့် ထိလိုက်လို့ ရှိယင် သူတို့မှာ ဇာတ်တွေဘာတွေ ပျက်သွားမယ်၊ အဲဒီလို အစွဲအလမ်းတွေ သိပ်ကြီးတာ၊ အဲဒီတော့ သူများတွေ အထင်သေးတော့ မရှိမသေတွေပြောတာပေါ့၊ ဝသလ ဝသလလို့ပြောနေတာ၊ နှုတ်ဆက်နေတယ်၊ ရဟန္တာဖြစ်ပြီးတော့လဲ ဝသလလို့ ပြောနေတယ်၊ ဟိုဃူဒီလူတွေလဲ ဝသလ လို့ပဲ ပြောနေတယ်၊ ဝသလဆိုတာ လူယုတ်ကြီးပေါ့လေ၊ ဒီလိုလုပ်နေတာကိုး၊ အဲဒါရဟန္တာတဲ့။

ဘေးကပုဂ္ဂိုလ်တွေအနေနဲ့တော့ ဒီကိုယ်တော်ကြီးဟာ နေရာမကျဘူးလို့ ပြောတယ်၊ ဒါပေမယ့် လောဘ, ဒေါသ, မောဟ ကိလေသာတွေမရှိဘူး၊ ဒါပေမယ့် ဝါသနာကလေးကျန်တယ်၊ မြတ်စွာဘုရားမှာတော့ အဲဒီလို ဝါသနာမရှိဘူး၊ ဘာ ဝါသနာမှမကျန်ဘူး၊ ကိလေသာကင်းပုံတော့ အတူတူပါပဲ၊ ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက် တဲ့ ဘုရားနိဗ္ဗာန်လဲ ရဟန္တာနိဗ္ဗာန် ဘာထူးတုံး၊ အတူတူပဲ၊ ဘာမှမထူးဘူး၊ ဘုရားနိဗ္ဗာန်လဲ သီးသန့်တခုလုပ်ထားတာမရှိဘူး၊ ဆင်းရဲခပ်သိမ်းငြိမ်းတာပဲ၊ ဘဝသစ် မဖြစ်တာပဲ၊ ရဟန္တာနိဗ္ဗာန်လဲ အတူတူပါပဲ၊ ထေရဝါဒမှာ ဒီအတိုင်းပဲ။

မဟာယာနဝါဒ

မဟာယာနကတော့ သူတို့မှာတော့ ဘယ်က ဝါဒတွေမှန်းလဲမသိပါဘူး၊ ရဟန္တာလဲ မပြီးသေးဘူးတဲ့၊ ဘုရားလုပ်ရအုံးမယ်၊ ဘုရားဆုတောင်းပြီးတော့ နောက်ဆုံး ဘုရားဖြစ်ပြီးမှ နိဗ္ဗာန်ဝင်ရမယ်ဆိုတာကိုး၊ သူ့ဝါဒကလဲ နိဗ္ဗာန် ဝင်တော့ တောင်မှ ကိုယ်တယောက်တည်း ဝင်လို့မရသေးဘူးလို့ ပြောပြန်တယ်၊ အားလုံးသတ္တဝါတွေ တပြိုင်နက်ဝင်ရပါတယ်၊ တော်တော်ကြပ်တာပဲ၊ အားလုံးသတ္တဝါတွေ နိဗ္ဗာန်မဝင်မီ စောစောဘုရားဖြစ်နေတဲ့ ကိုယ်တော်၊ တံခါးဝနေပြီးတော့ ဘယ်က စောင့်နေမှန်း မသိဘူး၊ စဉ်းစားလို့ မရဘူး။

အဲဒီတော့ ဘုရားနှင့်ရဟန္တာ ကိလေသာ ကင်းပုံ အတူတူပါပဲ၊ ဝါသနာကင်းတာနဲ့ မကင်းတာ ဒီလောက်ပဲကွာတယ်၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာလဲ ဝါသနာတွေ သိပ်စွဲမှုမရှိပါဘူး၊ မိလိန္ဒဝဋ္ဌတို့လို နည်းနည်းပါပဲ၊ ဒါပြင်ပုဂ္ဂိုလ်တွေတော့လဲ ငြိမ်ငြိမ်သက်သက်ပါပဲ၊ လှုပ်လှုပ်ရှားရှား သိပ်မရှိပါဘူး။

ရဟန္တာ၏ဂုဏ်များ

အဲဒီလို လောဘ, ဒေါသ, မောဟ, ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော်မူသည်၊ ရဟန္တာဖြစ်သွား၊ ယောဂျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ အကုန်လုံး ဒီလိုပါပဲ၊ အဲဒီအဆင့် ရောက်အောင် အားထုတ်ရမယ်။ ဆိုပါအုံး။

> အရဟံ– လောဘ, ဒေါသ, မောဟ, အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော ရဟန္တာပုဂ္ဂိုလ် ပါတကား။

ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန် အစရှိတဲ့ မြတ်စွာဘုရားလက်ထက်က ရဟန္တာပုဂ္ဂိုလ်တွေ အများကြီးရှိကြတယ်၊ အမျိုးသမီးတွေ ကလဲ ဥပ္ပလဝဏ် အစရှိတာပါပဲ၊ လူဝတ်ကြောင်တွေကလဲ နည်းနည်းပါးပါးတော့ ရှိသေးတာပဲ၊ လူဝတ်ကြောင် ဥပါသကာထဲကလဲရှိတယ်၊ ဥပါသိကီထဲကလဲ ရဟန္တာရှိတာပဲ၊ နည်းနည်းတော့ရှိတယ်၊ များများတော့မဟုတ်ဘူး၊ လောဘ, ဒေါသ, မောဟ, ကိလေသာ အညစ်အကြေးတွေ၊ "အာရကတ္တာအရဟံ" အာရကတ္တာ၊ ကိလေသာတို့မှ ဝေးကွာသည်၏အဖြစ်ကြောင့်၊ အရဟံ၊ အရဟံ မည်တော် မူပါပေ၏၊ ကိလေသာကင်းသွားတယ်၊ လောဘ, ဒေါသ, မောဟ, ကိလေသာတွေ အကုန်လုံးကင်းတော့ ဘဝမှာသာယာမှု၊ တွယ်တာမှုမရှိဘူး၊ ရှိပြီးသားဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်ပြီးတော့ နောက်ဆုံးတနေ့ ရုပ်နာမ်ခန္ဓာတွေ ငြိမ်းတာကိုး၊ အခုနက ထန်းငုတ်ကြီး ဆွေးပြီးတော့, အမှုန့်မှုန့်ဖြစ်ပြီးတော့ ပျောက်သွားသလိုပဲ၊ နောက်ထပ်တဖန် ထန်းပင်က အညှောက်တွေ မပေါက်ဘူး။

အဲဒါလိုပဲ၊ ဘဝသစ် ရုပ်နာမ်တွေမဖြစ်တော့ဘူး။

> ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ
> (လ) ယထာယံ ပဒီပေါ

ဥပမာပေးထားတယ်၊ ရှေးဟောင်းကံတွေလဲကုန်ပြီ၊ ကံအသစ်လဲ သူထပ်၍ မဖြစ်ဘူးတဲ့၊ "ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ" ဘဝသစ်ဖြစ်ဖို့ရာကံတွေလဲ ထပ်မဖြစ်ဘူး၊ ရဟန္တာဖြစ်တော့ ကုသိုလ်ကံ, အကုသိုလ်ကံတွေ၊ အကုသိုလ်ကံဆိုတာကတော့ လုံးလုံးမရှိပါဘူး၊ ကုသိုလ်မှုတွေ ဘာမှမလုပ်ဘူးလားလို့ မေးစရာရှိတယ်၊ ဒီလိုတော့လုပ်ပါတယ်၊ ဘုရားယုံကြည်မှုတော့ရှိတယ်၊ ဆရာသမား၊ သံဃာမထေရ်တွေကို အရိုအသေပြုတာရှိတယ်၊ ဝတ်ကြီးဝတ်ငယ် ပြုတာတွေရှိတယ်၊ တရားစာပေကျမ်းဂန်တွေ ပို့ချပေးတာရှိတယ်၊ တရားဟောတာရှိတယ်၊ ဒီလိုဟာတွေရှိတယ်၊ ကုသိုလ်အလုပ်တွေတော့ လုပ်ပါတယ်။

တချို့က ရဟန္တာပုဂ္ဂိုလ်ဆိုတော့၊ ကုသိုလ်အကုသိုလ်တွေ အကုန်လုံး ပယ်တယ်ဆိုပြီးတော့ စောစောကတည်းက ရဟန္တာမဖြစ်သေးခင်က ကုသိုလ်အကုသိုလ် ပယ်နေတာတွေ ရှိတယ်၊ ဒါက ကုသိုလ်တော့ ပယ်မယ်၊ အကုသိုလ်ကိုတော့ သူက ပယ်မယ်မဟုတ်ဘူး၊ ကုသိုလ်ကတော့ မလုပ်ပဲနဲ့ဖြစ်တာကိုး၊ ဘုရားရှိမခိုးတော့ဘူးဆိုနေယင်လဲ ဖြစ်တာပေါ့၊ လွယ်လွယ်ပဲ၊ ဒါနမလှူတော့ဘူး ဆိုယင် ဖြစ်တာပါပဲ၊ သီလလဲ မစောင့်တော့ဘူးဆို ဖြစ်တာပါပဲ၊ ဒါပေမယ်လို့ လောဘ, ဒေါသ, မောဟတွေကတော့ သူရှိနေသေးတယ်၊ အကုသိုလ်တော့ ပယ်နိုင်မယ်မဟုတ်ဘူး၊ အချို့က အဲဒီလိုဟာ အကောင်းမှတ်ပြီးတော့ ဟောထားလို့ ဘာမသိ ညာမသိ လူတွေက ဒီလိုပါပဲ၊ အကုသိုလ်တွေ၊ ကုသိုလ်တွေလဲ ပယ်ရတယ်မှတ်မှတ်ပြီး စိတ်ထဲမှာ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးတယ်၊ ကြောက်စရာတော်တော်ကောင်းတယ်၊ ဆရာတွေများတယ်ဆိုတာ ဆရာတွေက ဒီဟာ ကောင်းနိုးနိုး၊ ဟိုဟာကောင်းနိုးနိုးနဲ့ ဒီလို လုပ်ကြတာကိုး၊ အလိုလိုက်နေကြတာ၊ ပုထုဇဉ်တွေက အင်မတန်ကြောက်စရာ ကောင်းတယ်၊ အခုဟာက ရဟန္တာပုဂ္ဂိုလ်တောင် အလုပ်တွေတော့ လုပ်သင့်လုပ်ထိုက်တာတွေ အကုန်လုံး

လုပ်ပါတယ်၊ ဒါပေမယ်လို့ အကျိုးပေးတတ်တဲ့ ကုသိုလ်ကံမဖြစ်ဘူး၊ ကောင်းတဲ့အမှုတော့ လုပ်တော့လုပ်ပါတယ်၊ ဒါပေမယ့် အကျိုးပေး တတ်တဲ့ သဘောမရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ကိလေသာမရှိလို့ ကိလေသာရှိမှ အကျိုးက ပေးတာကိုး။

"ခီဏံ ပုရာဏံ" အဟောင်းလဲကုန်သွားပြီတဲ့၊ "နဝနတ္ထိသမ္ဘဝံ" အသစ်လဲ မရှိတော့ဘူး၊ "ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိ" နောင်လာလတ္တံသောဘဝနှင့် စပ်ပြီးတော့လဲပဲ တပ်မက်သာယာခြင်း၊ မျှော်လင့်တောင့်တခြင်း မရှိဘူးတဲ့၊ ဘာလဲတွေ့ချင်သေးရဲ့၊ ဘာလဲဖြစ်ချင်သေးရဲ့၊ ဒါလေးတွေ မရှိတော့ဘူးတဲ့၊ "ခီဏဗီဇာ" ကုန်ပြီးသော မျိုးစေ့ရှိတယ်၊ ကိလေသာ မျိုးစေ့, ကံမျိုးစေ့တွေ ဘာမှမရှိတော့ဘူး၊ "အဝိရုဠှိဆန္ဒာ" စည်ပင်ပေါက်ဖွားခြင်း မရှိတော့ဘူးတဲ့၊ ခုနက သစ်ငုတ်ကြီးများ, ထန်းငုတ်ကြီးများမှာ အညွှန့်အညှောက် မပေါက်နိုင်သလို။

"နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ" မီးတောက်များ ငြိမ်းသွားသလိုပဲ၊ မီးတောက်ကလေးဟာ မီးခွက်ကလေးထွန်းထား၊ ဆီကလဲကုန်ပြီး မီးစာကလဲ ကုန်ပြီဆိုတဲ့အခါမှာ ဟုတ်ကနဲဆို တခါတည်း ငြိမ်းသွားတယ်၊ အဲဒါလိုပါပဲ၊ အကြောင်းကံ ကိလေသာတွေ ကံတွေကုန်တဲ့အတွက်ကြောင့် နောက်ဆုံး ရုပ်နာမ်သင်္ခါရငြိမ်း၊ ပရိနိဗ္ဗာန်ပြုတဲ့ အခါကာလကျယင် ဘဝအသစ် မဖြစ်ပဲနဲ့ အကုန်လုံးငြိမ်းသွားတယ်တဲ့၊ ပရိနိဗ္ဗာန်ပြုသွားတာ, ဆင်းရဲခပ်သိမ်း ငြိမ်းသွားတာ၊ အခုနက ရဟန္တာပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေပဲ၊ အဲဒီရဟန္တာဖြစ်သွားတာဟာ နောက်ဆုံးပဲ၊ ဒါဟာ ဟိုဘက်ကမ်းရောက်သွားတာပဲ။

အဲဒီလို ဟိုဘက်ကမ်းရောက်သည့်တိုင်အောင် လိုက်ပြီးတော့ ညွှန်ကြားနေတယ်ဆိုတာ ဘာလဲဆိုတော့ ဘုရားဟော ပါဠိတော်မှာမရှိဘူး၊ အဌကထာ ဆရာကပြောတယ်၊ မြတ်စွာဘုရားပဲတဲ့၊ မြတ်စွာဘုရားက ဓာတ်ကြီးလေးပါး လွတ်မြောက်အောင်အားထုတ်ကြ၊ ခန္ဓာငါးပါးလွတ်မြောက်အောင် အားထုတ်ကြ၊ နန္ဒီရာဂပယ်နိုင်အောင် အားထုတ်ကြ၊ ဒွါရခြောက်ပါးကိုလဲ ရွာပျက်ကုနးကဲ့သို့ နှလုံးသွင်းကြ၊ ထင်အောင်လို့ရှုကြ၊ အာရုံခြောက်ပါးကိုလဲပဲ ဒမြကြီးလိုပဲ ကြောက်စရာ ကောင်းတယ်ဆိုတာ သိပြီးတော့ လွတ်မြောက်အောင် အားထုတ်ကြ၊ မြတ်စွာဘုရားက ညွှန်ကြားနေတာ၊ ကယ်နေတာပါပဲတဲ့၊ ဒါကြောင့် "ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်စွာတည်း"။ (စုံပါပြီ)

ဤအာသီဝိသောပမသုတ္တန် တရားတော်ကို ရိုသေစွာ နာခံမှတ်သား ကြရသော ဓမ္မသဝနစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်းကင်းငြိမ်းကြ၊ ဝေးကွာကြ၍ ဤဒေသနာ၌ လာသောဓာတ်ကြီးလေးပါးကိုလဲ လွန်မြောက်အောင်၊ ခန္ဓာငါးပါးတည်း ဟူသော ရန်သူကြီးတွေကိုလဲ လွတ်မြောက်အောင်၊ နန္ဒီရာဂတည်းဟူသော အတွင်းရန်သူကလဲ လွန်မြောက်အောင် ရွာပျက်ကုန်းနဲ့ အလားတူသော ဒွါရခြောက်ပါး၌လဲ သာယာမှုကင်းအောင် ရွာကိုဖျက်တတ်တဲ့ ဒမြကြီးတို့နှင့် အလားတူသော အာရုံ ၆-ပါး တရားတွေကိုလဲလွတ်အောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကိုတည်ဆောက်၍ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် မဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ။

အာသီဝိသောပမသုတ် တရားတော် ပြီးပြီ